[illegible]

၄၀၃၇

အမရပူရ ပဌမမြို့တည် နန်းတည်
ဘိုးတော် မဒိုမင်းတရား မေးလျှောက်၍
ပဌမ မောင်းထောင်
သာသနာပိုင် ဆရာတော်ဘုရားကြီး
ဖြေဆိုတော်မူအပ်သော

# အမေးတော်ဖြေ

ပဌမ ပုံနှိပ်ခြင်း

ဦးချစ်ကြွယ်နှင့် သားသမီးများ
ဇမ္ဗူမိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်ကြီး
ဆိုင်နံပါတ် ၃၇–၃၈–၃၉ စီရုံ၊ ဈေးချိုတော်
မန္တလေးမြို့၊
သာသနာ–၂၅၀၅ ခု ကောဇာ–၁၃၂၃ ခု
ဂျပ်ဖုံး–၁၅ ကျပ်၊ သားရေဖုံး–၂၀

**အထွေထွေ တည်းဖြတ်အုပ်ချုပ်သူ**

အသျှင် ဝါသဝ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
အနောက်ခင်မကန် ပါဠိတက္ကသိုလ်၊မန္တလေး

**ပါဠိပုဒ်ပါဌ်ကို တည်းဖြတ်သူ**

အသျှင် ကေလာသ
သက္ယသီဟ ဓမ္မာစရိယ နှင့် အစိုးရဓမ္မာစရိယ
မအူပင်အုတ်ကျောင်း၊ငွေးချိုတိုက် မန္တလေး

**မူကွဲ ရှာဖွေစုဆောင်းသူ**

အသျှင် ကေဝလ
သွတ်မိုးကျောင်း၊ အနောက်ခင်မကန် မန္တလေး

**သက္ကဋကို ပါဠိပြန်ဆိုသူ**

ဆရာ ဦးဆန်းထွန်း
မြန်မာစာပေဌာန
မန်းတက္ကသိုလ်

**စာတည်း စာမ တာဝန်ခံ**

ဦးကျော်မြင့်-ပါဠိဆရာ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
မန္တလေး

**ထုတ်ဝေ ဖြန့်ချိသူ**

ဦးချစ်ကြွယ်
ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်
နံပါတ် ၃၇-၃၈-၃၉ စီရုံ၊ ဈေးချို
မန္တလေး

**ပုံနှိပ်ရာဌာန**

ပဒေသာ ပိဋကတ်ပုံနှိပ်တိုက်
၉၂-လမ်း၊ ပိန်းတန်း-မန္တလေး

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဋိညာဉ်စကားရပ် | ၁ |
| ဆင်မျိုး(၁၀)ပါး | ၃ |
| ဆင်၏ အတိုင်းအတာ | ၁၀ |
| ရွှေဆင်ရုပ်လှူသင့်မလှူသင့် | ၁၂ |
| မကိုဋ်သင်းကျစ်တော် | ၁၃ |
| ဆရာတော် သီတင်းသုံးရန်ကျောင်း | ၁၅ |
| တံဆိပ်နာမံတော် | ၁၅ |
| သဥ္စာလီနေရာတော် | ၂၃ |
| နက္ခတ်နှင့်စန်း | ၂၄ |
| တံခါးတော်(၁၂)ရပ် | ၂၇ |
| အဘိသေကမင်္ဂလာ | ၂၈ |
| ထီးဖြူတော် | ၃၀ |
| အဘိသိက်ခံပလ္လင်တော် | ၃၃ |
| အင်းပျဉ်တော် | ၃၆ |
| သာသနာပြုစေလွှတ်ခြင်း | ၃၇ |
| တုရိုဏ်တိုင် | ၃၉ |
| တုရိုဏ်တိုင်ပမာဏ | ၄၀ |
| မြို့ထောင့်စေတီလေးဆူ | ၄၃ |
| အဘိသိက်ခံရေသဖန်းပျဉ် | ၄၈ |
| ဘဒ္ဒပီဌပလ္လင်တော် | ၄၉ |
| အဘိသိက်ခံမဏ္ဍပ် | ၅၀ |
| ဌာပနာတိုက်ကမ္ပည်း | ၅၂ |
| ရာဇာဘိသေကအစီအရင် | ၅၄ |
| ကဿပဗောဇ္ဈင်သုတ် | ၅၉ |
| မိဖုရားကြီး အဘိသိက်ခံသင့်မခံသင့် | ၆၂ |
| သာသနာတော်ချီးမြှင့်ခြင်း | ၆၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သာသနာပိုင်ဆရာတော်မေတ္တာစာ | ၁၉၁ |
| ကြေးဆင်းတုတွင်းမှ ပေစာ | ၁၉၂ |
| တရုပ်ပြည်နှင့် မဟာမိတ် | ၁၉၃ |
| ကျောင်းဘုရား ဝတ်မိုး ဝတ်မြေ | ၁၉၄ |
| မရိမ္မရွှေဂူမြေကို လှူထိုက် မလှူထိုက် | ၁၉၆ |
| တရုပ်ပြည်မှ ရွှေပေရာဇသံနှင့် ဖြဟ္မာရုပ် | ၁၉၇ |
| အောင်မြေဘုံကျော်ကျောင်းတော် | ၁၉၈ |
| တရုပ်ပြည်မှ ရာဇသံ | ၂၀၀ |
| တရုပ်ပြည်သို့ ပေးမှာသည့် ရာဇသံ | ၂၀၁ |
| ရာဇသံနှစ်ရပ်၏ အကြောင်း | ၂၀၃ |
| ဆင်တော် | ၂၀၄ |
| ရွှေကျောင်းတော်ကို သံဃာ ပုဂ္ဂိုလ် အပ် မအပ် | ၂၀၅ |
| ဆင်ဖြူတော်တန်းဆာ | ၂၀၇ |
| ဆဒ္ဒန္တဇာတ် | ၂၁၀ |
| မဟာပနာဒမင်း ပြာသာဒ်တော် အနံ | ၂၁၂ |
| လထပ် ရက်ငင် | ၂၁၃ |
| တရုပ်ပြည်မှ လက်ဆောင်လာသူတို့ ထွက်ဆိုချက် | ၂၁၆ |
| တရုပ်သံတို့ကို လွှတ်တော်တွင် အတွေ့ခံသင့် မခံသင့် | ၂၁၇ |
| အလေး တောင်း တင်း | ၂၁၈ |
| စကုမြို့က ပင့်ဆောင်ခဲ့သည့် ဆင်းတုတော် | ၂၂၀ |
| သာသနာတော်ရေးနှင့် စပ်သည့် မေတ္တာစာ | ၂၂၂ |
| ကျောင်းဘုရား ဝတ္ထုကံ မိုးမြေ | ၂၂၆ |
| အသက်ရှည်ရန်နှင့် စပ်သည့် မေတ္တာစာ | ၂၂၈ |
| သုဓမ္မရာဇာတွင် သွင်းသည့် မေတ္တာစာ | ၂၃၀ |
| မေတ္တာစာ | ၂၄၀ |
| သင်္ကရိဋ္ဌအဘိဓာန်လာ ဆင်မျိုးအပြား | ၂၅၄ |
| အာဇာနည်အင်္ဂါငါးပါး | ၂၆၇ |
| ဆီမီးမြင့်မိုရ်ပူဇော်ပုံ | ၂၇၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကထိန်သင်္ကန်း မသိုးသင်္ကန်း | ၂၇၃ |
| မဟာပိန္နဲနတ် | ၂၇၄ |
| မဟာပိန္နဲနတ် ပူဇော်နည်း | ၂၇၆ |
| ပူဇော်ရမည့် လ-နေ့-ရက် | ၂၇၈ |
| စက်ထိုး စက်ပစ် မြင်းခင်းသဘင် | ၂၇၉ |
| ဝေဿဝဏ်နတ်မင်း | ၂၈၁ |
| အိမ်ရှေ့မင်းနှင့် ပြည်တဲရေး | ၂၈၁ |
| ဖုသျှနက္ခတ်နှင့် သင်္ကြန်တော် | ၂၈၄ |
| စနိုးနှင့်နက္ခတ် အယှဉ် အပူး | ၂၈၄ |
| ပုဏ္ဏာတိထိနှင့် နန္ဒာတိထိ | ၂၈၆ |
| အတတ်ပညာ အယုတ်အမြတ် | ၂၈၇ |
| နာမဇာစက် ရှစ်ပါး | ၂၈၈ |
| ဗောင်းတော်ဆင်ယင်ခြင်း | ၂၉၀ |
| ထူးဆန်းသောခြေရာ | ၂၉၂ |
| သံတမန်တို့၏ သံတော်ဦးတင်ချက် | ၂၉၃ |
| ဘုရားအနေကဇာတင် | ၂၉၄ |
| ဥဒည်ဘွားက ဆက်သသည့် ရှိကြာမုနိဘုရား | ၂၉၆ |
| တရုပ်ပြည်နှင့် သာသနာ | ၂၉၇ |
| ရခိုင်ရှစ်ပါးပုဏ္ဏား | ၂၉၉ |
| ပုရောဟိတ် မြောက်ထိုက်သူ | ၃၀၀ |
| အောင်ပင်လယ်နန္ဒာကန် ရွှေလောင်းမြောင်း | ၃၀၁ |
| အလေး တောင်း တင်း တောင် တာ | ၃၀၃ |
| ဆင်ကျိုးရွှေကူဘုရားနှင့် သိမ် | ၃၀၆ |
| ဆီမီးမြင့်မိုရ်နှင့် မဟာပိန္နဲပွဲ | ၃၀၇ |
| ဝရကာလန္တေသာမဏေ | ၃၀၈ |
| အသောကာရာမ ကျောင်းတော် | ၃၁၀ |
| မြို့သစ်စား | ၃၁၁ |
| ကျောင်းတော်ကမ္ပည်း | ၃၁၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁၂ လ ၁၃ လပြု၍ ဝါကပ်သင့် မကပ်သင့် | ၅၀၂ |
| ရက်ပေါင်း (၃၆၀) | ၅၀၈ |
| အရှက်နှင့် ကာလိက | ၅၁၂ |
| သီရိပါဒခြေတော်ရာ | ၅၁၇ |
| သီရိပါဒစက်တော်ရာနှင့် မန်းစက်တော်ရာ | ၅၁၈ |
| မေတ္တာစာ | ၅၂၀ |
| ဆေးကျမ်းစု | ၅၂၁ |
| ဗေဒင်ကျမ်းစု | ၅၂၂ |
| သဒ္ဒါ ဆန်း အလင်္ကာကျမ်းစု | ၅၂၂ |
| ဆေးကျမ်း | ၅၂၃ |
| ဗေဒင်ကျမ်း | ၅၂၃ |
| သဒ္ဒါကျမ်းစု | ၅၂၃ |
| ပုဏ္ဏားတို့ အမူအရာကို ဆိုသည့်စာ | ၅၂၄ |
| သစ္စာပြုပုံ | ၅၂၅ |
| မေတ္တာစာ | ၅၃၁ |
| မေတ္တာစာ | ၅၃၂ |
| စက်တော်ရာပမာဏ | ၅၃၄ |
| စက်တော်ရာ တောင် တာ ဖွဲ့ပုံ | ၅၃၅ |
| လောကီကျမ်း လောကုတ္တရာကျမ်း ညီ မညီ | ၅၃၆ |
| ညဥ့်သုံးယာမ် | ၅၄၀ |
| မဟာဗောဓိကျောင်းတော် | ၅၄၁ |
| မဟာဗောဓိနှင့် တိုင်းကြီးတို့၏ အကွာအဝေး | ၅၄၄ |
| ဗြိဟတ် ဇောတိတတ္တကျမ်း ပါဌ်အနက် | ၅၄၆ |
| မဟာမိတ်လက္ခဏာ | ၅၄၇ |
| ပုံတော်ပက္ခဒိန် | ၅၄၉ |
| လ ကြုပ် မကြုပ် | ၅၇၁ |
| မိတ္ထိလာကန်တော်သမိုင်း | ၅၇၃ |
| မေတ္တာစာ | ၅၇၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မင်းရှင်စော၏ ကန်ချောင်း ဆည်မြောင်း | ၅၇၇ |
| ကိုင်မားမြို့ သံဃာတော်တို့ ပေးစာ | ၅၇၉ |
| ကိုင်မားမြို့ သံဃာတော်သို့ ဆရာတော်၏ ပေးစာ | ၅၈၀ |
| မြေစိမ်းခေါင်းမှ ပုလဲ | ၅၈၂ |
| သတ္တဋ္ဌာနနှင့် ဗောဓိမဏ္ဍိုင် | ၅၈၄ |
| ကြေးအုတ်မှ အက္ခရာ | ၅၈၆ |
| ယခုအခါ သမုတိသံဃာ ရှိ မရှိ | ၅၈၈ |
| ဥပုသ်ပဝါရဏာ ဝါဆို ဝါကပ် | ၅၉၀ |
| အာပတ် ဖြေ မဖြေ | ၆၀၁ |
| ရဟန်းတော်များ သုသာန်သို့ လိုက် မလိုက် | ၆၀၃ |
| ပဌမ မဇ္ဈိမ ပစ္ဆိမ ဗုဒ္ဓဝစန | ၆၀၅ |
| အောင်စည်းခုံဘုရားမှ ကြေးနီပြား | ၆၁၀ |
| ကေတုမတီသို့ လှည့်လည်လိုခြင်း | ၆၁၃ |
| ဆည်ကျိုးကို ပေါင်ခတ်ရာ သိကြား သိ မသိ | ၆၁၅ |
| မေတ္တာစာ | ၆၁၇ |
| မေတ္တာစာ | ၆၁၉ |
| လေးအတတ် | ၆၂၂ |
| ဓမ္မက္ခန္ဓာ ၈၄၀၀၀ | ၆၃၂ |
| မကိုဋ္ဌသင်းကျစ်တော် | ၆၃၆ |
| ရဟန်းတော်များ ကူးတို့ခွန် လွတ်သင့် မလွတ်သင့် | ၆၃၉ |
| မင်းကွန်းဘုရားအုတ်ရိုးမှ ရေကြည်ထွက်ခြင်း | ၆၄၁ |
| စာတော်ပြန် | ၆၄၃ |
| ရှင်သူငယ်အိပ်မက် | ၆၄၅ |
| မေတ္တာစာ | ၆၄၆ |
| ဒက္ခိဏသာခါ ဗောဓိသား | ၆၄၈ |
| မိုးနဲစော်ဘွား ဆက်သသည့် ကျောက် | ၆၅၀ |
| ရွှေဘုံသာဘုရားမှ ကြေးနီစာ | ၆၅၃ |
| စစ်ကိုင်း တောရ | ၆၅၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နေခေါ် လခေါ် နက္ခတ် နေ လ | ၆၆၄ |
| ဆင်ဖြူတော်သိမ်း မင်္ဂလာ | ၆၆၆ |
| စာကြည့် စာတည်း လဝတ် ဆွမ်းဆန်တော် | ၆၇၂ |
| သီဟိုဠ်မှ မဟာဗောဓိ | ၆၇၄ |
| ဗောဓိပင် စိုက်ပျိုးနည်း | ၆၇၆ |
| ပိဋကတ်ကို အကျအပေါက်မရှိ ရေးသားရန် | ၆၇၈ |
| သုရင်္ဂိက မြေ | ၆၈၁ |
| ကာသိအရပ် | ၆၈၃ |
| ယုဒ္ဓယောဂကျမ်း | ၆၈၄ |
| ဗေဒင်ကျမ်း ဆေးကျမ်း | ၆၈၆ |
| အမျိုး လေးပါး | ၆၈၇ |
| မင်းလှကျော်စွာပေး မေတ္တာစာ | ၆၉၂ |


**မာတိကာ ပြီး၏။**

# နိဒါန်း

## (၁)

အမေးတော်ဖြေ ကျမ်းကြီးကား ပုဂံခေတ်၏ သဒ္ဒနီတိကျမ်းကဲ့သို့၎င်း, ပင်းယ ခေတ်၏ အဘိဓာန်ဋီကာကျမ်းကဲ့သို့၎င်း, အင်းဝခေတ်၏ ယသဝဍ္ဎနဝတ္ထု, မဏိကုဏ္ဍလဝတ္ထုတို့ကဲ့သို့၎င်း, ကုန်းဘောင်ခေတ်၏ မော်ကွန်းတန်းဆောင် ထွန်းပြောင်သော မီးရှူးတိုင်ကြီး ဖြစ်သည်ဟု ဆိုရသော် သင့်အံ့ ထင်သည်။

သာသနိကကျမ်းများတွင် မိလိန္ဒပဉှာ ပါဠိတော်ဟု ထင်ရှားသော '**အမေးတော်ဖြေ**' ကျမ်းတခု ရှိသည်၊ ယင်းကျမ်းသည် မိလိန္ဒ (မာလိန္ဒ)မင်းကြီး၏ အမေးတော်များနှင့် ရှင်နာဂသိန်၏ အဖြေများကို စုပေါင်းထားရာ ကျမ်းဖြစ်သည်။

ဤ အမေးတော်ဖြေ ကျမ်းကြီးသည်လည်း အမရပူရ ပဋမမြို့တည် နန်းတည် ဘိုးတော် မင်းတရားကြီး၏ အမေးတော်များနှင့် မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အဖြေများကို စုပေါင်းထားရာ ကျမ်းကြီးဖြစ်သည်။

မြန်မာဘာသာ မိလိန္ဒပဉှာ ခေါ်သင့်သော 'အမေးတော်ဖြေ' ကျမ်းကြီးကို ဖြေဆိုတော်မူနိုင်စွမ်းသော သာသနာပြု မောင်းထောင် ဆရာတော်ဘုရားကြီးကား သာသနိက ရဟန်းတော်တပါးပင် ဖြစ်သော်လည်း သာသနာတော်မှ အပ 'ဗာဟိ' ဖြစ်သော လောကီယကျမ်းအမျိုးမျိုးကို နားလည် တတ်မြောက်တော်မူသည်။

အမေးတော်ဖြေ ကျမ်းကြီးတွင် ဗေဒင်နှင့်စပ်သော ပြဿနာအရပ်ရပ်ကို ဖြေကြားရာ၌ လောကီဗေဒင် သင်္ကရိုဋ်ကျမ်းများကို အောက်ထက် ပြောင်းပြန် မှောက်လှန် မွှေနှောက်၍ ဖြေကြားတော်မူခဲ့သည်။

ဘိုးတော်ဘုရား လက်ထက်တွင် မဇ္ဈိမဒေသမှ ဗေဒင်ကျမ်း ၄၅ ကျမ်း ဒုအမရပူရ ရွှေမြို့တော်သို့ ရောက်ရှိလာခြင်းမှာလည်း စကြဝတ္တေးမင်းအတွက် စကြာရတနာ များ ပေါ်လှာသကဲ့သို့ ဘိုးတော်ဘုရားနှင့် သာသနာပြု မောင်းထောင်ဆရာတော် ဘုရား အမှူးရှိသော တိုင်းသားပြည်သူ ရှင် လူ ရဟန်းတို့၏ ကြီးစွာသော ပညာ ဗဟုဿုတ အကျိုးစီးပွားအလို့ငှါ ဖြစ်သည် ဆိုထိုက်ပေသတည်း။

ကုန်းဘောင် ခေတ်ဦးသည် ပါဠိဘာသာနှင့် မြန်မာဘာသာ, ပျို့ လင်္ကာ, ဓမ္မသတ်, ဗေဒင် ထွန်းကားသော်လည်း မူရင်း သက္ကဋဘာသာ, ဗင်္ဂါလီ, ဟိန္ဒီ ထွန်း ကားသောခေတ်မဟုတ်။ ပါဠိတတ်ပုဂ္ဂိုလ်ကြီးများ ထွန်းကားသည် မှန်သော်လည်း ထိုခေတ်တွင် ယေဘုယျအားဖြင့် ပါဠိဘာသာအရေးအသား, အထူးသဖြင့် ဂါထာ ဗန္ဓ အစီအကုံး သိသိနှံ့သွားသော အခြင်းအရာများကို တွေ့ရသည်။

## (ခ) နိဒါန်း

နန်းတွင်း ယဉ်ကျေးမှုများမှာလည်း 'လက်ထက်ပွား' ဟူ၍ မရှိလှ၊ ညောင်ရမ်းခေတ် ယဉ်ကျေးမှု၏ 'သန်မိုးကြွင်း' မျှလောက်ဖြင့်သာ နုပျိုစိမ်းရှင်နေကြရသည်။

ဗေဒင် နယ်ပယ်တွင်—

သုရိယ သိဒ္ဓန္တ၏ အရှိန်အဝါ
ရာဇမတ္တဏ်၏ အရှိန်အဝါ
သရောဒယ၏ အရှိန်အဝါ
ဇောတိတတွ၏ အရှိန်အဝါ
ဗြိဟတ်၏ အရှိန် အဝါ....စသည်ဖြင့် အရှိန် အဝါ

အမျိုးမျိုး ရှိသည့်အနက် သုရိယသိဒ္ဓန္တ၏ အရှိန်အဝါ အထွက်နည်း၍ ကျန်အရှိန်အဝါများသာ အထွက်သန်နေသည်။ ဆိုလိုသည်မှာ အဓိမာသ် ပြိုကိန်းကို ၁၉-ဂဏန်းနှင့်စားသော အကြမ်းနည်းမျိုးသာ ထွန်းကား နေသည်။

> တတ္ထ ကလိယုဂ(သကရာဇ)ဂဏနေ ကေူနဝီသတိ ဂဏနေန ဘာဇိတေ ဒွေ, ပဉ္စ, အဋ္ဌ, ဒသ, တေရသ, သောဠသ, အဋ္ဌာရသ ဝသေန သတ္တခေ သေသော ဟောတိ၊ တေသံ ဝသေန စမ္မာဓိမာသ, ပဉ္စာဓိမာသ, ပဋ္ဌာဓိမာသ, ဒသာဓိမာသ, တေရသာဓိမာသ, သောဠသာဓိမာသ, အဋ္ဌာရသာဓိမာသ ဣတိ ဝေါဟရန္တိ။

ဝိနယာလင်္ကာရဋီကာ၊ ၂၆—ဝဿူပနာယိက ဝိနိစ္ဆယကထာ။

ဂတေ ဝဿဒွယေ ပဉ္စ,
သဒ္ဓေ ပက္ခေ ဒိနဒွယေ၊
ဒိဝသဿာဋ္ဌမေ ဘာဂေ,
ပတတျေကော ဓိမာသကော။

(ရာဇမတ္တဏ်ပါဌ်၊ စာမျက်နှာ—၁၀၁)

ဇောတိတတွ စသော အကြမ်းနည်း ညွှန်းပြသော ကျမ်းများပင်လျှင် ကုန်းဘောင် ခေတ်ဦးတွင် မူရင်းကျကျ မထွန်းကားခဲ့ပေ၊ ကုန်းဘောင် ခေတ်ဦးတွင် ဆောင်ပုဒ်, အတိုကောက်, သီတံ, သင်္ကေတ, မှတ်စု (စစ်—ကိုင်း—အ—နောက်—အုတ်—ကျောက်—စု—ရာ—မ—သာ—ပေ—လော) စသည်များဖြင့်သာ ကိစ္စပြီးကြရသည်။

ပဉ္စဒ္ဒိ ရာမ ယုဂေ က,
သုညောကံ ယုဂ ဝဟ္နယော၊
စတု ပဉ္စတ္ထရော မာဃာ,
ဆာယာ ပါဒါ ဒိနဒ္ဓကေ။

(ဇောတိတတ္တ) စသည့်ဂါထာ ပါဌ်သားနှင့် အခိုင်အမာ မထုတ်ဆောင်နိုင်ကြ။

(၂)

ကုန်းဘောင်ခေတ် အလယ်ပိုင်းတွင် မောင်းထောင် သာသနာပိုင် ဆရာတော် ပေါ်လာခဲ့သည်၊ ထိုပုဂ္ဂိုလ်ကျော်ကား ပါဠိဘာသာ အရေးအသား ကောင်းလှသည်၊ ဂါထာဗန္ဓ အစီအကုံး ချောမွေ့သည်၊ ကျမ်းဂန် ကျနသည်၊ ကျမ်းနှံ့သည်၊ မြန်မာမှုလည်း တမ်းစေ့သည်၊ လောကကြောင်း ရာဇကြောင်း နားလည်သည်၊ သက္ကဋ, ဟိန္ဒီ, ဗင်္ဂါလီ, ယွန်း, ယိုးဒယား စသော ဘာသာ အထူးထူး(ဘာသန္တရ) တတ်ကျွမ်းသည်။

("ဆရာသည်—အတိုင်းတိုင်း အပြည်ပြည်များက ဘာသာထူး ဘာသာခြား စာ,စကား အလုံးစုံမျိုးကို ကြည့်ရှုလေ့လာ ကျွမ်းကျင်သည်"၊ အမေးပုစ္ဆာ ဝိသဇ္ဇနာကျမ်း၊စာမျက်နှာ ၇၀—၇၁)။

ပိဋကတ်ကို ဗေဒင်နှင့်စပ်မိအောင်, ဗေဒင်ကို စင်ကြယ်သန့်ရှင်းအောင် တိုက်ဆိုင်နိုင်စွမ်းရှိသည်၊ စိစစ်နိုင်စွမ်းရှိသည်။

ပိဋကတ်ကို လောကကြောင်း ရာဇကြောင်းတွင် ဝင်အောင်ချပြနိုင်သည်၊ဆင် မြင်း မြေ ရတနာ စသော ထိုထို သျှတ္တရသဘောများကိုလည်း ပိဋကတ်တော်နှင့် လောကီ နှောနှောက်၍ လိုရာသို့ရောက်အောင် ပြဆိုနိုင်သည်။

သာသနာတော်ထမ်း ရဟန်းတပါးဖြစ်သော်လည်း နန်းတော် အိမ်တော်ဆိုင်ရာ နန်းတွင်း ယဉ်ကျေးမှုများကို ဟောင်းနွမ်းနေလျှင် သ,ပေးခြင်း အသစ်ရှာဖွေ ထုတ်ဖော်ပေးခြင်းအားဖြင့် စည်ပင်ဖွံ့ဖြိုးစေခဲ့သည်။

ဤနေရာ၌ သီလက္ခန္ဓဋီကာဟောင်း(၈၆ P.)လာ'အဟောအစ္ဆရိယော ဇိနော' သုံးဂါထာကို အမှတ်ရမိသည်။

၁ ဘုရားရှင်သည် ဥပေက္ခာသမားကြီး ဖြစ်ပါလျက် မဟာကရုဏာရှင် ဖြစ်တော်မူပြန်ခြင်းကား အလွန်အမင်း အံ့ဩဘွယ်ကြီးပါတကား,

၂ တရားအလုံးစုံ၌ အကုန်အစင် အဘွယ်အတာကင်းပြီး ဖြစ်ပါလျက် သတ္တဝါအကျိုး အစဉ် သယ်ပိုးတော်မူပြန်ခြင်းကား အလွန်အမင်း အံ့ဩဘွယ်ကြီးပါတကား,

၃ သတ္တဝါအများ၏ စီးပွားချမ်းသာအတွက် ထက်ထက်သန်သန် အားထုတ် ကြိုးပမ်းပါလျက် နွမ်းနယ်ပန်းရိ မဖြစ်ခြင်းကား အလွန်အမင်း အံ့ဩဘွယ်ကြီးပါတကား,

ကုန်းဘောင်ခေတ် နိဂုံး ချုပ်သည်တိုင်အောင် မြန်မာ့ဦးစွန်း ထွန်းရာ မင်းနေပြည်တော်တို့၌ ရာဇကြောင်း ဆိုင်ရာ အခမ်းအနား 'တော်တော် များများ'ပင် မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး၏ ထုတ်ဖေါ် ဖွင့်ပြချက်အရ ဘိုးတော်ဘုရားလက်ထက်တော်မှ စတင်ခဲ့သော 'နန်းစဉ်တန္တိ'များသာ ဖြစ်နေသည်ကို တွေ့ရသည်။

အဘယ်သို့သော နန်းစဉ်တန္တိများပါနည်းဟု မေးဘွယ်ရှိ၏။ ထိုအမေး၏ အဖြေကို "အမေးတော်ဖြေ"က ဖြေပေလိမ့်သတည်း။

(၃)

အမေး အဖြေ နှစ်ရပ်ရှိသည်အနက် အမေးလည်း ခက်ခဲသောအမှုပင်ဖြစ်သည်၊ အဖြေလည်း ခက်ခဲသော အမှုပင် ဖြစ်သည်။ မိလိန္ဒမေးခွန်းမျိုးကို မိလိန္ဒမင်းကြီးကဲ့သို့သော ပုဂ္ဂိုလ်မှ မေးနိုင်ရာသည်၊မိလိန္ဒမင်းကြီးကဲ့သို့သောပုဂ္ဂိုလ်မျိုး သာသနာတော်တွင် အဘယ်မျှလောက် ပေါ်ပေါက်ထွန်းကားဘူးပါသနည်း၊—ရှင်နာဂသိန် အဖြေမျိုးကို ရှင်နာဂသိန်ကဲ့သို့သော ပုဂ္ဂိုလ်မှ ဖြေနိုင်ရာသည်၊ ရှင်နာဂသိန်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး သာသနာတော်တွင် အဘယ်မျှလောက် ပေါ်ပေါက် ထွန်းကားဘူးပါသနည်း—

ဘိုးတော်မင်းတရားကြီးနှင့် မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးကဲ့သို့သော "ပုဂ္ဂလ ယုဂ"(ပုဂ္ဂိုလ်စုံတွဲ)သည် သာသနာတော်တွင် အကြိမ်အနည်းငယ်မျှသာ ပေါ်ပေါက်ခဲ့ဘူးလေသည်။

၁ ဝိသာခသေဋ္ဌေးကြီးနှင့် ရှင်မ ဓမ္မဒိန္နာ
၂ ပါယာသိရာဇညနှင့် ရှင်ကုမာရကဿပ
၃ မိလိန္ဒမင်းနှင့် ရှင်နာဂသိန်
၄ စတုရင်္ဂဗလအမတ်နှင့် ပုဂံဆရာတော်

၅ သာလွန်မင်းတရားနှင့် တောင်ဘီလာဆရာတော်
၆ ဖားလောင်းဘုရားနှင့် အတုလယသဆရာတော်

ဤသို့သော တကာဆရာ စုံတွဲမျိုးကို လက်ချိုးရေတွက်၍ အနိုင်နိုင် ကောက်ယူရသဖြင့် ဒုလ္လဘ ဖြစ်သည် ဆိုရပေမည်။

ဘိုးတော်ဘုရားကား ငယ်စဉ်ကပင် ဗာဟုဿစ္စ မင်္ဂလာဂုဏ်နှင့် ပြည့်စုံသည်၊ အကြီးတော်, ဆရာတော်များထံတွင် ပုဂ္ဂိုလ်တဆူ ဟူစလောက်အောင် "သင် အံကြံ ကြည့်" ပညာဖြည့်ခဲ့သည်၊ ပြည့်မာသော ပညာအနှစ်ကြောင့် 'တစ်' ခေါ်လောက်သော ဘုရင်တဆူ ဖြစ်သည်။ ဘိုးတော်မင်းတရားကို မြန်မာမိလိန္ဒမင်းဟု ခေါ်သော် တော်လျော်အံ့ ထင်သည်။

မောင်းထောင်သာသနာပိုင် ဆရာတော် သွင်းသော "ရာဇာဓိရာဇဝိလာသနီပါဠိ"(က—ဂဲ။ ၂ အင်္ဂါ၊ ဂ-ချပ်၊ မျဉ်းနီ၊ ဂ-ကြောင်းရေးပေ)၌ ဘိုးတော်ဘုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးဆိုခဲ့၏—

(က) ပိဋကေသုစ ဝေဒေသု,
ဝေဇ္ဇာသတ္ထေသု ဆေကကော၊
နိပုဏော ဟတ္ထိသိပ္ပါဒိ,
နေကဝိဇ္ဇာသု သဗ္ဗထာ။

(ခ) စန္ဒောဝိယ နုဂ္ဂဟဏော,
သူရိယော ဝိယ ဋ္ဌဒ္ဓိယာ၊
ဆမာ ဝိယ ကမ္မာကမ္မေ,
ဂုဏေဟိ သာဂရောဝိယ။

(က) ပိဋကတ် ဗေဒင် ဆေးကျမ်းတို့၌ ကျွမ်းကျင် လိမ္မာ၏၊ ဆင်စီး စသော အမျိုးမျိုးသော သိပ္ပဝိဇ္ဇာတို့၌လည်း လိုလေသေးမရှိ ကျွမ်းကျင် လိမ္မာ၏။

(ခ) ချီးမြှောက်မှု၌ လမင်းအလား, တန်းခိုး စွမ်းပကား အားဖြင့် နေမင်းအလား, လုပ်ငန်းဆောင်တာ အရာရာ၌ မဟာပထဝီ မြေကြီးအလား, ဂုဏ်ကျေးဇူး အားဖြင့် ပင်လယ်သမုဒ္ဒရာအလား ဖြစ်သတည်း။

ဘိုးတော်ဘုရားကား သီဟိုဠ်ကျွန်း မဟာဝိဟာရကမ္မဗာဟုမင်းဖားလား သာသနာသောဓက, သာသနပါလ စိတ်ထားရှိသည်၊ လောက, ဓမ္မ,ရာဇခေါ်ရိုး ဝတ်သုံးမျိုး၌ ယိုးယံမပျက် လေ့ကျက်တတ်ပွန် အလွန် လိမ္မာတော်မူပေသည်။

ဘုရားလောင်း ဇနသန္ဓမင်းကြီး ၁၅ ရက်တကြိမ် တိုင်းသားပြည်သူတို့အား 'နေ့ခင်းတဆယ်ကြိမ်'တရား အစဉ်ဟောသကဲ့သို့ရင်း, ပုဂံပြည် ကျစွာမင်းကြီးသည် "အမိန့်တော်ပြန်တမ်း" ကျောက်အက္ခရာ ထိုးစိုက်လျက် တိုင်းသား ပြည်သူတို့အား လူ့နတ် နိဗ္ဗာန် သုံးတန်လမ်းကြောင်း မစောင်းမတိမ်းစေရ မှ,စ ဟောညွှန်သကဲ့သို့ ရင်း, ဘိုးတော်ဘုရားသည် "ရာဇသတ်ခေါ် အမိန့်တော်တမ်းကြီး"ဖြင့် တိုင်းသား ပြည်သူတို့အား အစဉ်စောင့်ရှောက် ထိန်းသိမ်းတော်မူသည်။

(၄)

ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု—ဆရာတော်အကြောင်း ကား....သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ဖွားမြင်သည်၊ နံ အင်္ဂါ။ ဇာတိ အလုံမြို့ကျေး မောင်းထောင်ရွာ (မောင်းထောင်ရွာအနောက် လယ်တီရွာဇာတိ—ဟု နန်းမတော် ဝန် ဦးယံ၏ ပြည်ဘွဲ့ မြို့ဘွဲ့ အမှတ်အသားတွင် ဆိုသေးသည်)။ အဖ နတ်ရှင် ယက္ခ ဦးစံဦး, အမိ ရှင်ခွေး။ ငယ်စဉ်က ဆရာမိဘတို့ ခေါ်တွင်သည်မှာ မောင်မြတ်နေ ဟု တွင်သည်၊ အသက် ၁၀ ကျော်က ကျောင်းသား၊ ၁၃ နှစ်တွင် ရှင်သာမဏေ ပြုသည်။ (အသက် ဆယ်နှစ်ရွယ်က သာမဏေပြုပြီးလျှင် သာမဏေ ဆယ်ဝါတိုင် ထိုမှ ဤမှ ဆရာတို့ထံ စာပေကျမ်းဂန် သင်ကြား၍ အသက် နှစ်ဆယ်မြောက်တွင် ပဉ္စင်းခံသည်—ဟု အရှံအတင် သာသနာပြုစေလွှတ် စာတမ်းတွင် ဆိုသေးသည်)။ သာမဏေအမည် ရှင်ဉာဏ၊ ရဟန်းမည် ရှင်ဉာဏာဘိဝံသ။ အသီးသီးသော ဆရာ တော်များထံ ဥပဒေနည်းနာခံ၍ မိုဝဲဆည်းကပ်ပြီးလျှင် ပါဠိ, အဋ္ဌကထာ, ဋီကာ စာပေကျမ်းဂန် သင်ကြားလေ့ကျက် ဆောင်ရွက် ပို့သသည်။ (ပဉ္စင်း ၃—ဝါ မြောက်အောင် ကျမ်းဂန်အစေ့အငု သင်ကြား ကြည့်ရှုလေ့လာ၍ ၃—ဝါမြောက် လျှင် စာသင်သားတို့ကို လက်ခံ၍ ဇာတိဖြစ်သော ဗဒုံ မြို့အနီးအစပ် မောင်းဆောင် မည်သော အရပ်တွင် ရွာရှေ့ မင်္ဂလာအရံ၌ စာပေပို့သသည်—ဟု အရှံအတင် သာ သနာပြုစေလွှတ်စာတမ်းက ဆိုသေးသည်)။

(၆—ဝါမြောက်တွင် ၎င်းရွာမြောက် တောရကျောင်း၌ သီတင်းသုံး၍ နေတွင်း ဋီကာသစ်ကို စီရင်ပြုစုသည် ဟု ၎င်းစာတမ်းက ဆက်လက် ဆိုသေးသည်၊ နေတွင်း ဋီကာသစ် နိဂုံးတွင်လည်း ဆိုသည်)။

(ပဉ္စင်းတဝါကသည် ငါးဝါတိုင်အောင် ယခုရှိသမျှ ပိဋကတ်စာပေကျမ်းဂန်ကို အကုန်အစင် ကြည့်ရှုလေ့လာမည်ရည်မှတ်၍ နေတွင်းကျမ်းတွင်ပါသော ဥဒါဟရဏ် ပါဠိကို အခြေအစွဲပြုလျက် မှတ်သားကြည့်ရှု၏၊ ၆—ဝါ ရလျှင် ပေဋကာလင်္ကာရ

မည်သော နေတ္တိဋ္ဌီကာသစ်ကို ပြု၍၊ ဋ္ဌီကာဟောင်း ၅–အင်္ဂါခန့်သာရှိ၍ ကျဉ်းလွန်းသည်၊ ထိုဋ္ဌီကာဟောင်းထက် ကျယ်သောကြောင့် မဟာဋ္ဌီကာဟု ကမ္ပည်း တပ်မှတ်ခေါ်ဝေါ်ကြသည်–ဟု သာသနာလင်္ကာရစာတမ်းတွင် ဆိုသေးသည်)။

သက္ကရာဇ် ၁၁၅၁ ခုနှစ် ဆင်ကြိုးရှေဂူဘုရား မဟာရံတံတိုင်းအတွင်း သုဓမ္မာစရပ်တော်တွင် ဆရာတော် သံဃာတော် မင်းညီ မင်းသား မှူးတော် မတ်တော် သေဋ္ဌေး သူကြွယ် ပုဏ္ဏားပညာရှိ, လူပညာရှိ, ရဟန်းပညာရှိ, ရဟန်း လူ ပရိသတ်အစုံ့အညီတွင် ဓမ္မသေနာပတိ အဖြစ်ဖြင့် ခြီးမြှင့်တော်မူ၍ သာသနာတော်ကို အပ်တော်မူသည်။

(သက္ကရာဇ် ၁၁၄၃ ခု တပို့တွဲလပြည့်ကျော် ၁၅ ရက် ရှေနန်းတက်တော်မူ၍ တန်ခူးလဆန်း ၂ ရက်နေ့တွင် လူဆရာ ဦးညို,ဦးပြစ်တို့ ပြောစားလှာသော စာပေကျမ်းဂန် ရမိလှသည်ဟု ကျော်စောထင်ရှားသော မောင်းထောင် ပဉ္စင်းငယ်သည် အဘယ်မှာ ယခု ရှိလေသနည်း မှူးတော် မတ်တော်တို့အား မေးတော်မူသည်၊ မောင်းထောင်မှာပင် ရှိနေကြောင်း တင်လျှောက်ကြသည်တွင် ယခုပင် အလျင်အမြန် ရောက်အောင် ပင့်ခေါ်စေ....အမိန့်တော် ပြန်၍ တောင်ဘက်တိုက်ဝန်မင်းကျော်ရှေတောင်ကို ပင့်စေတော်မူ၏၊ ရောက်ခဲသည် ဟူ၍လည်း အတွင်းတော်လွှတ်တော်က အကြိမ်ကြိမ်ဆင့်ရ၏။ ထိုသက္ကရာဇ် တန်ခူးလပြည့်ကျော် ဂ ရက်စာသင်ရဟန်း ရှစ်ဆယ့်ငါး (၈၅)ပါးနှင့် ရတနာပုရ ရှေဝမြို့သို့ ရောက်၍ မိုးထိကျောင်း အနောက်မြောက်တွင် စာသင်တိုက် ယာယီကျောင်းတွင် တည်းခိုနေထိုင်ရသည်၊ ယင်းသောအခါ ရဟန်းပဉ္စင်းဝါ ခြောက်နှစ်ကျော် ခုနစ်နှစ် အဝင်ရှိပြီ၊ ထိုနှစ်ဝါဆိုလဆန်း ဂ–ရက်နေ့တွင် စာသင်ကျောင်းကို မှူးတော်မတ်တော်များနှင့်တကွ အိမ်ရှေမင်းထွက်၍ ရှေကရားနှင့် ရေစက်သွန်းချ တင်လှူတော်မူသည်၊ ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇ်ဂုရု–တံဆိပ်နာမံလည်း ပေးအပ်တော်မူသည်။ပိဋကတ်ကိုလည်း စောင်မရသည်၊ ရာဇာဘိသေကကျမ်းကိုလည်း ပုဏ္ဏားများနှင့် ပြန်ဆိုရသည်၊ ဘိသိက် ခံတော်မမူမီ ဖြစ်၍ ပိဋကတ်တော်ကို မရေးစေသေး ဟု သာသနာလင်္ကာရစာတမ်းတွင် ဆိုသည်)။

ရှေမြို့တော်ကြီး မြောက်မျက်နှာ မဟာမုနိဘုရားရှင် တောင် စမြင်ပါ အမိုးဘုံလေးထပ်ကျောင်းတော်ကြီး ယွန်းဆက်, ကွန်းစဉ်, သစ်ရပ် ၆၁ တောင်၊ ကွန်းစဉ်ထုပ် ၉–တောင်၊ ကျောင်းမ မာရဘင်ဆီး၊ ဥကင်ရာဇပလ္လင်တည်၊ ဝဲ,ယာ ထီးဖြူ ၄ စင်းစိုက် ကျောင်းဦး အရှေတောင်ယွန်း မဟာရံတံတိုင်း အတွင်းထပ်အတွင်း အမိုးဘုံ ၇–ဆင့်ရှိသော ပြာသာဒ်ကျောင်းတော် ထက်အောက် အတွင်းပြင် ရှေစင်အတိ ရဲရဲညီသော မဟာကုသိုလ်တော်ကြီး လုပ်ဆောင်ပြီးသည်ကို မင်းကျေးရာဇ်တို့

ဘုန်းတန်းခိုးဖြင့် မဟာအသဒိသ ကုသိုလ်တော်ကြီး ဖြစ်စေတော်မူ၍ ထွက်တော်မူပြီးလျှင် သကရာဇ် ၁၁၅၁ ခု တပေါင်းလဆန်း ၁၄ ရက် စနေနေ့ **မဟာဝိဟာရ ရွှေကျောင်းတော်ကြီးကို ရတနာဘုံကျော်။ တိုက်တော်ကို အသောကာရာမတိုက်** ကမ္ပည်း မော်ကွန်း ထိုးမှတ် သမိုက်တော်မူ၍ ကျောင်းဦး ပြာသာဒ်တော်အတွင်း မင်းကေရာဇ် ကိုယ်တိုင်တော် ရွှေကရားဖြင့် ရေစက်သွန်းလောင်းတော်မူ၍ သာသနာပိုင်ဆရာတော်ဘုရားကြီးအား ထီးဖြူအုပ်ပြီးလျှင် ရတနာဘုံကျော်ရွှေကျောင်းတော်ကြီးကို တင်လှူတော်မူသည်၊ ဆရာတော်ဘုရားကြီးကို "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" အမည်တံဆိပ်ကို အပ်လှူတော်မူသည်။

(၅၀၀ မကသော အရံစောင့် လူတို့ကိုလည်း ကျောက်စာကမ္ပည်းနှင့် လှူတော်မူသည်ဟု အရှုံအတင်စာတမ်းတွင် ဆိုသည်)။

သကရာဇ် ၁၁၅၂ ခုနှစ် နတ်တော်လဆန်း(၁၅)ရက် တနင်္ဂနွေနေ့တွင် ထွက်တော်မူ၍ **ကျောင်းတော်ကို စံကျောင်း** ကမ္ပည်းထိုးမှတ် သမိုက်တော်မူပြီးလျှင် ဆရာတော်ဘုရားကြီးအား မင်းကေရာဇ် ကိုယ်တိုင်တော်ရွှေကရားဖြင့် ရေစက်သွန်းလောင်းတော်မူ၍ တင်လှူတော်မူသည်။

(ဆင်ကြီးရွှေဂူ သုဓမ္မာစရပ်၊ ပိဋကတ်တိုက်အနီးတွင် ဆောက်လုပ်သော စံကျောင်းတော်ကို တင်လှူတော်မူ၏၊ ယခင်တံဆိပ်နာမံကိုပင် ထပ်၍ ပေးအပ်တော်မူပြန်သည်—ဟု သာသနာလင်္ကာရစာတမ်းတွင်ဆိုသည်)။

(ရွှေမြို့တော်ကြီးအတွင်း အနောက်မြောက်ထောင့် ရွှေဂူကြီး အနီး၌ သုဓမ္မာစရပ်၊ ပဋ္ဌာန်းစရပ်၊ သိမ်စရပ်၊ ပိဋကတ်တိုက်၊ ပြာသာဒ်တို့ဖြင့် တန်းဆာဆင်အပ်သော အတုမရှိ ဆန်းကြယ်စွာ လုပ်ဆောင်စီရင်အပ်သော ဘုံသုံးဆင့်ရှိသော စံကျောင်းတော်ကို တင်လှူတော်မူသည်—ဟု အရှုံအတင် စာတမ်းတွင် ဆိုသည်)။

(၁၁၅၃ ခုနှစ်တွင် မီးတားပွတ်ရုံ မဟာရုံ နှစ်ထပ်တို့ဖြင့် ခြံရုံအပ်သော ဘောဇနသာလာ၊ အဂ္ဂိသာလာ၊ ဂိလာနသာလာ၊ ဘဏ္ဍာဂါရ၊ ဓမ္မပါသာဒ တို့ဖြင့် တန်းဆာဆင်အပ်သော ရွှေမြို့တော်မှ အရှေ့မြောက်ထောင့်အရပ်၌ ဘုံလေးဆင့်ရှိသော အောင်မြေဘုံကျော် ကျောင်းတော်ကြီးကို တင်လှူတော်မူသည်၊ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု—ဟူသော တံဆိပ်တော်ကိုလည်း သုံးကြိမ် ထပ်လှူတော်မူသည်ဟု အရှုံအတင် စာတမ်းတွင် ဆိုသည်)။

(ထိုနောက်လည်း အောင်မြေဘုံကျော် ကျောင်းတော်, မင်္ဂလာဝေယန် ကျောင်းတော် နှစ်ရပ်ကို ထပ်၍ တင်လှူတော်မူပြန်သည်၊ ဝန်ရှင်တော် အသည်ဝန်မင်းကြီးက ဆောက်လုပ်သော အောင်ပင်လယ် ဝေဘာရကျောင်း တော်နှင့်သော် ကျောင်းတော် ငါးရပ်၌ အလဲအလှယ် နေထိုင်၍ သာသနာ ရေး သာသနာမှုကို ပြုစုစီရင်၏၊ နေ့ဝါ ညဝါ စာပေကျမ်းဂန် မလပ်ရ အောင် မပြတ်ပို့ချ၏၊ ဥဘတောဝိဘင်းကို လေ့ကျက်ဆောင်ရွက်၏၊ ကော သနိက်ဗုတင် အစဉ်ပင် ဆောက်တည်သတည်း– ဟု သာသနာလင်္ကာရ စာတမ်း၌ ဆိုသည်)။

ဤသို့သော အကြောင်းအရာတို့ကို ပါဝင်စေလျက် မောင်းထောင်ဆရာတော် ဘုရားကြီးကိုယ်တိုင် သီလက္ခန္ဓဋီကာသစ်နိဂုံး၌ အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ လေသည်—

(က) တေနေဝ ကာရိတေ ရမ္မေ,
ဆာယူဒက သမပ္ပိတေ၊
ဒွိပါကာရ ပရိက္ခိတ္တေ,
ဘာဝနာဘိရတာရဟေ။

(ခ) မဟာမုနိ သမညာ ယာ,
သမ္ဗုဒ္ဓ သမ္ဗုခါ ကတာ၊
ပဋိမာ တံ ပါသာဒမှာ,
ဥဇု အာသန္န ဒက္ခိဏေ။

(ဂ) အသောကာရာမ အာရာမေ,
ပဉ္စဘူမိ မဟာလယေ၊
ရတနဘူမိ ကိတ္တိ ဝှယေ,
ဓမ္မပ္ပါသာဒ လင်္ကတေ။

(ဃ) တထာ ဒက္ခိဏဒေဝိယာ,
နဂရသမီပေ ကတေ၊
ပုဗ္ဗုတ္တရေ ဇယဘူမိ,
ကိဘျာဘိဓာနကေဝိစ။

(င) တထေဝုတ္တရ ဒေဝိယာ,
နဂရဇ္ဈန္တရေ ကတော၊
သောဏ္ဏ ဂုဟ ထူပန္တိကေ,
ပရိမာဏက နာမကေ။

(စ) ဇလတိ သောဏ္ဏ ဝိဟာရေသု,
ဝသံ နေကေသု ဝါရတော၊
သက္ကတော သဗ္ဗရာဇူနံ,
တိက္ခတ္တုံ လဒ္ဓလဥ္ဆနော။

(ဆ) ဉာဏာဘိဝံသဓမ္မသေ—
နာပတီတိ သုဝိချာတော၊
ဒွေ ဝိဘင်္ဂါဒိ ခာရဏာ,
ဉပဇ္ဈာစရိယ တံ ပတ္တော။

မောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သာသနာပိုင်ဖြစ်တော်မမူမီ ရတနာပုရအဝမြို့ မိုးထိကျောင်း အနောက်မြောက်တွင် စာသင်တိုက် ယာယီကျောင်း တင်လှူခြင်း ခံရသောအချိန်က—

(၁) ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု၊

၁၁၅၀ ခုနှစ် (တတိယအကြိမ်) မောင်းထောင်ဆရာတော်တပါးတည်း သာသနာပိုင် ဖြစ်တော်မူပြီးနောက် ၁၁၅၁ ခုနှစ် အသောကာရာမ, ရတနာဘုံကျော်၊တိုက်, ကျောင်းတော်တင်လှူခြင်း ခံရသောအချိန်က—

(၂) ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

၁၁၅၂ ခုနှစ် စံကျောင်းတော် (မြောက်နန်းတော်ကောင်းမှု) တင်လှူခြင်းခံရသော အချိန်က—

(၃) ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

၁၁၅၃ ခုနှစ် အောင်မြေဘုံကျော် (တောင်နန်းတော်ကောင်းမှု) တင်လှူခြင်း ခံရသောအချိန်က—

(၄) ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်ငယ်တကြိမ်, တံဆိပ်တော်ကြီး သုံးကြိမ်, စုစုပေါင်း လေးကြိမ် ရရှိခဲ့လေသည်။

သီလက္ခန်ဋီကာသစ် နိဂုံး၌ "တိကဝ္တတ္တုံ လဒ္ဓလဥ္ဆနော" ဆိုသည်ကား 'သေနာပတိ' ပါသော သာသနာပြု သာသနာပိုင် တံဆိပ်တော်ကြီး သုံးကြိမ်ရသည်ကို ရည်ရွယ်သောကြောင့်ဟုသာ ပုံသေမှတ်လေ။

ဘိုးတော်ဘုရားလက်ထက် ပဌမ သာသနာပိုင် ဆရာတော်ကြီး လေးပါး သာသနာပြု အုပ်ချုပ်သည်မှာ ၁၁၄၆ ခုနှစ်အထိဖြစ်သည်။

ပဌမ သာသနာပိုင် ဆရာတော်ကြီး ၄ ပါးကား—

၁ **မင်းအိုဆရာတော်ကြီး**—ဂုဏာဘိလင်္ကာရ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု။
၂ **ဆုံတားဆရာတော်ကြီး**—တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု။
၃ **မန်လည်ဆရာတော်ကြီး**—ဂုဏမုနိန္ဒာဓိပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု။
၄ **မင်းရွာဆရာတော်ကြီး**—ဉာဏဇမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။

၁၁၄၆ ခု တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့ ဆုံတားဆရာတော် ဘဝသစ်သို့ ပြောင်းတော်မူသဖြင့် ဆရာတော်ကြီး သုံးပါးသာ ကျန်တော့သည်။

ဆုံတားဆရာတော် ဘဝသစ်သို့ မပြောင်းမီကလေးမှာပင်—

၁ မင်းအိုဆရာတော်ကြီး
၂ မန်လည်ဆရာတော်ကြီး
၃ ဆုံတားဆရာတော်ကြီး
၄ မင်းရွာဆရာတော်ကြီး
၅ ရွှေဟောင်ဆရာတော်—ကဝိန္ဒာဘိသဒ္ဓမ္မ ပဝရ မဟာဓမ္မရာဇဂုရု။
၆ ဗားကရာဆရာတော်—တိပိဋကာလင်္ကာရ သိရိဓဇ မဟာဓမ္မရာဇဂုရု။
၇ ကတိုးဆရာတော်—*စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇဂုရု။
၈ မဲထီးဆရာတော်—ပရမသိရိဝံသဓဇ မဟာဓမ္မရာဇဂုရု။
၉ မုံတော ဆရာတော်—*ဇနိန္ဒာဘိပဝရ မဟာဓမ္မရာဇဂုရု။
၁၀ စလင်း ဆရာတော်—*မဟာဉာဏာဘိဓဇ မဟာဓမ္မရာဇဂုရု။
၁၁ ဆင်တဲဆရာတော်—ဉာဏာဘိလင်္ကာရာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု။
၁၂ မောင်းထောင်ဆရာတော်....ဟု တကျိပ်နှစ်ပါး သာသနာပြု ခန့်တော်မူသည်။

သာသနဝံသပ္ပဒီပိကာ—၁၄၈—၁၄၉။

(၄) နိဒါန်း

ပဌမအကြိမ် သာသနာပြု ဆရာတော်ကြီး လေးပါးကို ကင်းဝန်မင်းကြီးက—

"ပ—အို့, ထား, လည်, ရွာ"ဟု သင်္ကေတ ပြုသည်။

ဒုတိယအကြိမ် သာသနာပြုတကျိပ်နှစ်ပါးနှင့် တတိယ မောင်းထောင်သာသနာပြုကို ကင်းဝန်မင်းကြီးက—

"ဒု—လည်,အို့,တောင်,ရာ, တွဲ၊ ထား, တော, ရွာ, လင်း, ထောင်, ထီး၊ တိုး, ပြီး,တ—မှာ၊ ထောင် ဟုသာ မှတ်ပါကြအမြဲ"ဟု သင်္ကေတပြုသည်။

မောင်းထောင်ဆရာတော် သာသနာပိုင်ဖြစ်သောအခါ သိက္ခာတော် ၁၅—၁၆ မျှသာ ရှိသေးသည်။ သီလက္ခန္ဓဋ္ဌကထာသစ်ရေးပြီးချိန်မှာ သိက္ခာတော် ၂၀ မျှ ရှိသေးသည်။ (၁၁၆၃—သကရာဇ်။ ၂၃၄၅—သာသနာနှစ်)။

(၅)

မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး စီရင်သောကျမ်း ဘာသာပြန်ဆိုသော ကျမ်းများမှာ—

၁ အရိယဝံသာလင်္ကာရကျမ်း
၂ သီလက္ခန္ဓဋ္ဌကထာသစ်
၃ ပကိဏ္ဏကနိပါတ် ဇာတ် နိဿရည်း
၄ တေသကုဏဇာတ် နိဿရည်း
၅ စတုသာမဏေရဝတ္ထု (သာမဏေကျော် ၄—ပါး)
၆ ရာဇောဝါဒဝတ္ထု
၇ တိကမ္ဘစေတိယထောမနာစာတမ်း
၈ ဆဒ္ဒန္တနာဂရာဇုပ္ပတ္တိကထာပါဌ်
၉ ရာဇာဓိရာဇဝိလာသနီပါဌ်
၁၀ မဟာသကျသီဟသမိုင်းပါဌ် အနက်
၁၁ သရဩတီဗျာကရဏ်း နိဿရည်း
၁၂ ဗာလပ္ပဗောဓန နိဿရည်း
၁၃ အဘိဓာန် နိဿရည်း(အမရကောသ)
၁၄ ဧကက္ခရကောသ နိဿရည်း
၁၅ နာနတ္ထဓ္ဓနိ နိဿရည်း
၁၆ ရာဇမတ္တဏ် နိဿရည်း

၁၇ မြို့ဟတ် နိဿရည်း
၁၈ သရောဒယ(သရဒွေ) နိဿရည်း
၁၉ ဇောတိသုဇာတက နိဿရည်း
၂၀ လဃုသင်္ဂဟ နိဿရည်း
၂၁ သုပိနာဓျာယ နိဿရည်း
၂၂ လက္ခဏာကျမ်း နိဿရည်း
၂၃ သုရိယသိဒ္ဓန္တ နိဿရည်း
၂၄ ဘာသုတိ နိဿရည်း
၂၅ ဘာသုတိ စကားပြေ
၂၆ ဘာသုတိ ကိန်း
၂၇ ရာဇာဘိသေက နိဿရည်း(အစစ္စာသော ဘာသာပြန်လုပ်ငန်း)
၂၈ ဒဗ္ဗဂုဏ်း နိဿရည်း
၂၉ သာရကောမုဒီ နိဿရည်း
၃၀ ဩသဓ ရတနာကရ နိဿရည်း
၃၁ သရ ရတုကထန နိဿရည်း
၃၂ ဓာတု ပြသံသ နိဿရည်း
၃၃ ကာမရတန နိဿရည်း
၃၄ ဝုတ္တောဒယ နိဿရည်း
၃၅ သာသနာဝံသစာတမ်း
၃၆ မောင်းထောင် နိယံ
၃၇ ရာဇိန္ဒရာဇသုဓမ္မာစာရဒီပနီ
၃၈ မာတိကာဂဏ္ဌိ
၃၉ ဓာတုကထာဂဏ္ဌိ
၄၀ ပိဋကတ် ဆင်ကြန်တော် (ပိဋကတ်မြင်းကြန်တော်)
၄၁ မနုဗ္ဗေဒ စာတမ်း
၄၂ ဆေးသစ်ပင် ၇၀၀ ကျော် စာတမ်း
၄၃ ပရမတ္ထ ရတနာဝလိကျမ်း
၄၄ တေသကုဏဇာတ်ဝတ္ထု
၄၅ အမေးပုစ္ဆာ ဝိသဇ္ဇနာကျမ်း
၄၆ ဓမ္မောပဒေသဝတ္ထု
၄၇ ရာဇာဘိသေကစာတမ်း (ဘကြီးတော်)
၄၈ လောကသင်္ကေတဒီပနီ (နေမိတ္တကဝိဇ္ဇာ)

၄၉ သာသနာလင်္ကာရစာတမ်း
၅၀ သရဏဒီဝိနိစ္ဆယ (သာသနာပိုင်)
၅၁ သရဏဒီဝိနိစ္ဆယ (မဟာဓမ္မသင်္ကြံ) ပေါင်း ၅၁ ကျမ်းတည်း။

ဤကျမ်းစုကား စာရေးသူ လက်လှမ်းမီသမျှ ကောက်ယူ ရေးသားအပ်သော စာရင်း အမှတ်အသား အရသာ ဖြစ်သည်၊ ဤမှတပါး များစွာ ကျန်ကြွင်းလေရာ သတည်း။ ဤကျမ်းစာရင်းတွင် မောင်းထောင် သာသနာပိုင် ဘဝက ရေးသားအပ်သော ကျမ်းများကား ၁—၄၁, ၅၀ ဖြစ်၍ "၁၁၇၃—ခု လူပြုသည်နောက်" (အဘိဓာနတ္ထဝိသောဓနီ—ပုဒ်မ—၃၀) "၁၁၇၄—ခု လူဖြစ်ပြန်၍" မဟာဇေယ သင်္ကြံဘွဲ့—နောက် မဟာဓမ္မသင်္ကြံဘွဲ့နှင့် စီရင်သော ကျမ်းများကား ၄၂—၄၉,၅၁ ဖြစ်သည်။

မဟာဓမ္မသင်္ကြံ(မောင်းထောင် သာသနာပိုင် လူထွက်ကြီး)၏ ဂုဏ်ကျေးဇူးကို မျက်မှောက်ခေတ် ပုဂ္ဂိုလ်ကြီးတဦး၏ "ရတ်ပြုစကား" ကို ထောက်ထားက အဘယ်မျှ ကြီးကျယ်ကြောင်း ခန့်မှန်းနိုင်ရာသည်။

သကရာဇ် ၁၁၉၁—ခု တန်ဆောင်မုန်းလဆန်း (၂)ရက်နေ့စွဲနှင့် အတွင်းဝန် ဆော်မှူးစား မင်းကြီး သီရိမဟာနန္ဒသင်္ကြံက အဆောင်တော်မြဲ သီရိနရာကို စာနှာ စေ၍ မြတ်စွာဘုရား သွားတော် စွယ်တော် အကြောင်းအရာများကို မေးမြန်းလှင့် သည်တွင် စကားလုပ်ဦးသဖြင့် ရေးလိုက်သည်ကား အောက်ပါအတိုင်း ဖြစ်သ တည်း—

> "ဆရာသည် အမရပုရမြို့တည် ဘိုးတော်ဘုရားလက်ထက်တော် သာမဏေ အဖြစ် ငယ်ရွယ်စဉ်ကပင် ကျမ်းဂန်တတ်မြောက်၍ ရဟန်းခံလျှင် ရဟန်း သံဃာတို့ အကြီးအအုပ် သာသနာပိုင် ဖြစ်တော်မူ၍ ကိုးကွယ်တော်မူသည် နှစ်ပေါင်း သုံးဆယ်ကျော် ရှိသည်။
>
> လူဖြစ်ပြန်လျှင်လည်း ကျမ်းဂန်တတ်မြောက်သူဖြစ်၍ မင်းတိုင်ပင်အမတ် ခန့်တော်မူသည်၊ အတိုင်းတိုင်း အပြည်ပြည်များက ဘာသာထူး ဘာသာ ခြား စာစကား အလုံးစုံမျိုးကို ကြည့်ရှုလေ့လာ ကျွမ်းကျင်သည်၊ သည်မှ တပါးပြင်း နေတ္တဋ္ဌိကာသစ်, သီလက္ခန်ဋ္ဌိကာသစ်, သာသနာကျမ်း, သင်္ကရိုဋ္ဌကျမ်း, ဆေးကျမ်း, ဗေဒင်ကျမ်း, ဓမ္မဝတ်, လောကဝတ်ကျမ်း များကို ပြုစု စီရင်သောသူ—အသက်အရွယ်မှာလည်း ခုနစ်ဆယ့် ခုနစ်နှစ် (၇၇)ရှိသည်...."(အမေးပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ၇၀,၇၁ စာမျက်နှာ)။

မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ပိဋကတ်ဘက်,ပါဠိဘာသာဘက်က အရည်အချင်းကို နေတ္တိမဟာဋီကာ (သာသနာနှစ် ၂၃၂၄။ မြန်မာသက္ကရာဇ် ၁၁၄၂ ခုနှစ်။က–ဖု။ ၂၁ အင်္ဂါနှင့် ၅ ချပ်၊ ၁၁ ကြောင်းပေ)။သီလက္ခန်ဋီကာသစ် ကျမ်းနှစ်စောင်က ဖေါ်ပြနေပေသည်။

မောင်းထောင်သာသနာပိုင် လူထွက် **မဟာဓမ္မသ**င်္ကြံကိုယ်တိုင်ကလည်း နေတ္တိဋီကာနှင့် သီလက္ခန်ဋီကာ နှစ်ကျမ်း ရေးသားခဲ့ခြင်းကို "ဂုဏ်ယူ"ဟန် ရှိသည်။ မဟာဓမ္မသင်္ကြံ ရေးသားအပ်သော မုဒ္ဓါဘိသေကဒီပနီ နိဂုမ်းဥ္ဒရင်း၊ လောကသင်္ကေတဒီပနီနိဂုမ်းဥ္ဒရင်း–

နေတ္တိဋီကာ ကတာ ယေန,
သီလက္ခန္ဓဋီကာ သုဘာ၊
တေနေဝါယံ ကတာ တန္တိ,
မုဒ္ဓါဘိသေက ဒီပနီ။

နေတ္တိဋီကာ ကတာ ယေန,
သီလက္ခန္ဓဋီကာ သုဘာ၊
သံသကြိဋ္ဌ နေက ဂန္ထ–
နိဃဏ္ဍုယာပိစ ဒုလ္လဘာ။

မဟာဓမ္မသင်္ကြံ ဣတိ,
နာမေန တေန မန္တိနာ၊
ကတာယံ ပုရိမာ တန္တိ,
လောကသင်္ကေတဒီပနီ–ဟု မိန့်ဆိုအပ်လေပြီ။

ပါဠိဘာသာရေးသားနည်း နှစ်မျိုး ရှိသည်၊ တမျိုးကား ရှင်ဗုဒ္ဓဒတ်ရေးနည်း၊ တမျိုးကား ရှင်ဗုဒ္ဓဃောသရေးနည်း၊ ဆိုလိုသည်မှာ သမာသ်များသော ဩဇဂုဏ်မြောက်ရေးနည်း, သမာသ်မများသော ပသာဒဂုဏ်မြောက်ရေးနည်း–ထိုနှစ်မျိုးလုံးကိုပင် မောင်းထောင် သာသနာပိုင်ဆရာတော် ရေးနိုင်စွမ်းသည်ဟု ဆိုရပေမည်။

နေတ္တိမဟာဋီကာနှင့် သီလက္ခန္ဓဋီကာသစ်တို့၌ ရေးသောပါဠိဟန်မှာ ပသာဒဂုဏ်မြောက်ရေးနည်း ရေးဟန်ဖြစ်သည်၊ ဆဒ္ဒန္တနာဂရာဇုပ္ပတ္တိကထာနှင့် ရာဇာဓိရာဇဝိလာသနီတို့၌ရေးသော ပါဠိဟန်မှာ ဩဇဂုဏ်မြောက် ရေးနည်း ရေးဟန်ဖြစ်သည်။

ဂါထာဗန္ဓစီကုံးနှုန်းဖွဲ့မှုနှင့်ပတ်သက်၍ ပြောင်မြောက်သော လက်ရာကို တိကမ္ဗာ စေတိယ ထောမနာစာတမ်းနှင့် မဟာသကျသီဟသမိုင်းတို့၌ တွေ့နိုင်သည်။

မြန်မာစကားပြေ (စုဏ္ဏိယ)အရေးအသား ပြေချော ရှင်းလင်းမှုကို သာမဏေ ကျော် ၄ ပါးဝတ္ထု၊ တေသကုဏဇာတ်ဝတ္ထု၊ ဓမ္မောပဒေသ၊ သာသနာလင်္ကာရ၊ ပရမတ္ထရတနာဝလိ၊ အမေးပုစ္ဆာဝိသဇ္ဇနာ၊ အထူးအားဖြင့် **"အမေးတော်ဖြေ ကျမ်းကြီး"**တို့၌ တွေ့မြင် ဖတ်ရှုရသည်။

ကဗျာလင်္ကာကို အထင်မကြီးသော မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ ကဗျာလင်္ကာ ပျို့ရတု အရေးအသားကိုမတွေ့ရသလောက်ရှိသည့်အထဲက "အဲမောင်း လုံကစားရေး" ၃၇ ချင်းကို ရှားရှားပါးပါး တွေ့ခေါင့်တွေ့ခဲ တွေ့ရသည်။ ယင်း ကဗျာလင်္ကာ အရေးအသားလည်း တမ်းစေ့သည်ဟု ဆိုနိုင်ပေသည်။

မျက်မှောက်ခေတ်တွင် မင်းရေး ရာဇဝတ်၊ လူရေး လောကဝတ်၊ ကျမ်းဆို ဓမ္မဝတ် တည်းဟူသော ဝတ်သုံးပါး၌ မောင်းထောင်သာသနာပိုင် (မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ)သည် တဦးတည်းသော–အပြိုင် ကင်းသော–တစ် ခေါ်လောက် သော–စွယ်စုံ သုတမိုရ်ပုဂ္ဂိုလ်ကြီးတဦး ဖြစ်သည် ဆိုရသော် စကားလွန် စကား ကျူး အပြစ်သင့်ရောက်ဘွယ် ရှိမည် မထင်ပေ။

ဤသို့သော သုတမိုရ်ပုဂ္ဂိုလ်ကြီးတဦးဖြစ်ကြောင်း မြင်ကွင်းကျယ် ကြေးမုံသဖွယ် အရိပ်ထင်နေသည်ကား ဤ '**အမေးတော်ဖြေကျမ်း**'ပင် ဖြစ်သည်။

အမေးတော်ဖြေကျမ်းကြီး၌ မောင်းထောင်သာသနာပိုင်ဆရာတော်၏ရာဇဝတ်၊ လောကဝတ်၊ ဓမ္မဝတ်–ဝတ်သုံးပါး၌ ကျွမ်းကျင်နှံစပ်ပုံ၊ အံ့ဘွယ်သောလုံ့လဝီရိယ၊ ကြီးမားသော သည်းခံမှု၊ ထူးခြားသော ဖုန်းသမ္ဘာ၊ အမြတ်ဆုံး လာဘ်တည်းဟူ သော အာရောဂျဂုဏ် စသော "မြီးဆိုမကုန်"ဂုဏ်ပေါင်းများစွာကို တွေ့ရပေသည်။

## (၆)

"အမေးတော်ဖြေကျမ်း"ဟူသော အမည်မှာ ကျမ်းပြုဆရာ၏ အခေါ်အတိုင်း ခေါ်ဝေါ်ခြင်းဖြစ်သည်၊ (မင်းတရားကြီး မေးတော်မူ၍ ဖြေသော စာအင်္ဂါ ၂၀ ကျော်လည်း "အမေးတော်ဖြေ"ဟူ၍ ရှိ၏။ သာသနာလင်္ကာရစာတမ်း။ ၂၀၇ စာမျက်နှာ။ ဟံ။ ၁၉၂၀)။

အချို့က ယင်းကျမ်းကို အမရပုရပဥ္စက္ကမ ဟု ခေါ်ကြ၏၊ (အမရပုရပဥ္စက္ကမ။ ပုံနှိပ်ဖူးသော်လည်း အကုန်မပါ၊ တပိုင်းတစသာ ပုံနှိပ်ဖူးသည်။ လက်ရေးစာအုပ် နှင့် ရှိသည်၊ အ၀ ပဥ္စက္ကမနည်းပင်၊ ရှင်ဘုရင်နှင့် မှူးမတ်တို့ လောကီ လောကုတ္တရာ

နှစ်ဖြာသော အမေးများကို ပဌမမောင်းထောင်ဆရာတော်နှင့် ဗားကရာအကျော် ဆရာတော်စသော ဆရာတော် သံဃာတော်တို့ ဖြေချက်များပါသည်၊ ကျောက်စာ အကြောင်း, ဝတ္ထုကံမြေ အကြောင်းပါရုံမက ၁၁၄၇ ခုနှစ် ဘိုးတော်က ထပ်မံ လှူဒါန်းသော ဆင့်ထိုး စပ်ထိုး ကျောက်စာများ အချီးလည်းပါသည်။ ။ကဗျာဗန္ဓ သာရ နောက်ဆက်တွဲ၊ ၂၉၅ စာမျက်နှာ၊ တိုးစာပုံနှိပ်တိုက်)။

အမေးတော်ဖြေကျမ်း တဝက်တပျက်ကို ကဝိန္ဒာသီရိစာပုံနှိပ်တိုက်(၁၂၆၂)ခုနှစ် က ပုံရိုက်ဘူးသော်လည်း ယခုအခါ လွယ်လွယ်ကူကူလည်း ရှာဖွေမရ၊ရပြန်ပါလည်း အပြည့်အစုံမဟုတ်၍ အာသာမပြေကြ။

ပြည့်စုံ သပ်ရပ်သော အမေးတော်ဖြေကျမ်းကြီး ပေါ်သင့်ပြီဟု ဤစာရေးသူ ကိုယ်တိုင် တွေးကြံခဲ့ဘူး၏၊ (ဤစာရေးသူသည် အမေးတော်ဖြေကျမ်း မူ—၃ မူ ရဘူး၏၊ ယခု ၂—မူ ရှိသေးသည်။ တမူကား က—အစ၊ ရီ—အဆုံး ၂၆ အင်္ဂါ ၄ချပ်၊ ၁၀ ကြောင်းရေး၊ ကြံဆစ်။ ၁၁၄၅—ခု ဝါခေါင်လပြည့်ကျော် ၂ ရက်အစ ၁၁၆ဂ ခု တော်သလင်းလပြည့်ကျော် (၇)ရက်ဆုံး။ အခြားတမူကား က-အစ၊ ရှူ—အဆုံး၊ ၂၆ အင်္ဂါ ၆ ချပ်၊ ၉ ကြောင်းရေး၊ ကြံဆစ်။ ၁၁၄၅—၁၁၆ဂ ပဌမမူနှင့်အတူတူပင်။ တတိယ မူကား ဤစာရေးသူထံတွင် ယခု မရှိတော့၊ ဆရာတော်တပါးထံ ရောက် နေသည်)။ သို့ တွေးကြံမိသော်လည်း တစုံတရာ အကောင်အထည် ပေါ်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။

တနေ့သ၌ ဆရာတော် ဦးဝါသဝ(ကျောက်ဆောက်ကျောင်း)နှင့် **ဇမ္ဗူ့မိတ်ဆွေ စာအုပ်ဆိုင်** ဦးချစ်ကြွယ်တို့ ဤစာရေးသူထံ ရောက်လာ၍ အမေးတော်ဖြေကျမ်း ကော်ပီမူများကို ပြကြသည်၊ ပြင်ဆင် တည်းဖြတ်ရန်လည်း တိုက်တွန်းကြသည်၊ သို့သော် အားလပ်ချိန်မရ၊ ကိုယ့်အလုပ်နှင့်ကိုယ် လက်မလည်နိုင်အောင် ရှိနေသော ကြောင့် ပြင်ဆင်တည်းဖြတ်မှုတာဝန် ကို အားနာစွာ ငြင်းဆိုလိုက်ရပေသည်။

ထိုအခါ ဆရာတော် ဦးဝါသဝက သူ—ကြီးမှူး၍ ဖြစ်အောင် ကြိုးစားတည်းဖြတ် မည်။ ('ဖြစ်အောင်'ဆိုသည်မှာ သူ—မအားလပ်လျှင် သူ့မိတ်ဆွေ၊ သို့မဟုတ် သူ့ တပည့်များအား တည်းဖြတ်စေမည် ဆိုလိုဟန် တူသည်)။ "ဆရာဆန်းထွန်းက တာဝန်တခု ယူပါ"ဟု တာဝန်တခုကို မလွှဲမရှောင်သာအောင် ဆရာတော်က ပေး အပ်လေသည်၊ ဆရာတော် ပေးအပ်သော တာဝန်မှာ—အမေးတော်ဖြေကျမ်းလာ သက္ကရာဇ် အရေး အသားဆိုင်ရာများကို တည်းဖြတ် သုတ်သင်ပေးရန် ဖြစ်သည်။ ထို တာဝန်ကို ဤစာရေးသူက ယူလိုက်ရသည်။

# နိဒါန်း

ဆရာတော် ဦးဝါသဝ ဟူသည်မှာ အခြားမဟုတ်၊ တနိုင်ငံလုံး ပြန့်ကြဲနေသော စာဟောင်း ပေဟောင်း, စာကောင်း ပေကောင်းများကို ကြီးစွာသော ဇွဲလုံ့လဖြင့် မရ ရအောင် ရှာဖွေ စုဆောင်း၍ မြန်မာနိုင်ငံတော်၏ တက္ကသိုလ် ၂–ခု ဖြစ်သော ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်အား စာဟောင်း ပေဟောင်း ကြွယ်ဝ ပြည့်တင်းစေရန် ကျေးဇူးအထူးပြုပေသော ဓမ္မာစရိယ–မန္တလေး ခင်မကန် အရှင်ဝါသဝပေတည်း။

ဆရာတော်သည် ဤစာရေးသူ၏ ကျေးဇူးရှင်ဖြစ်သည်၊ အကြောင်းသော်ကား ဆရာတော်၏ အရိပ်အာဝါသကို ဤစာရေးသူ ခိုလှုံခဲ့ရဘူးသည်။

ဇမ္ဗူမိတ်ဆွေ ဦးချစ်ကြွယ်လည်း ဤစာရေးသူ၏ ကျေးဇူးရှင် ဖြစ်သည်၊ အကြောင်းသော်ကား ယနေ့ ဣန္ဒိယနိုင်ငံမှာပင် ရှာဖွေဝယ်ယူ၍ လွယ်ကူစွာ ရတော့မည်မဟုတ်သော သက္ကဋစာပေ သိုက်ဟောင်းတခု တူးဖေါ်ရန် သိုက်စာ ချပေးသူတည်း၊ (သိုက်တံခါးကို လွယ်ကူစွာ ဖွင့်ပေးသော ဆိုင်ရာ ဆရာတော်အားလည်း ကျေးဇူးတင်၍ မဆုံးတော့ပါ)။

ထိုကဲ့သို့ ကျေးဇူး အထူးပြုပေဘူးသော ဆရာတော် ဦးဝါသဝနှင့် ဦးချစ်ကြွယ်တို့၏ တိုက်တွန်း,တောင်းပန်မှုအရ အမေးတော်ဖြေကျမ်းကြီးတွင် ပါသော သက္ကဋ အရေးအသားများကို ပါဠိအရေးအသား,ပါဠိဘာသာသို့ ပြန်ဆိုပေးရသည်။

မောင်းထောင်သာသနာပိုင်လူထွက်(မဟာဓမ္မသင်္ကြံ)ရေးသော ‘ပုစ္ဆာဝိသဇ္ဇနာ (ဒံ–ံ။ ၄ အင်္ဂါ။ ၁၁ ကြောင်း။ပိန်း။)တွင် သင်္ကရိဋ္ဌကျမ်း အဆိုအမိန့်များကို ကလာပ်ရေးနှင့်ပင် ထားရှိသည်။ သို့သော် ထိုပုစ္ဆာဝိသဇ္ဇနာကျမ်းကိုပင် ၁၂၄၅ ခု တပိုတွဲလအတွင်း မန္တလေး မြဝတီမောင်ကလေးပုံနှိပ်တိုက်က ပုံရိုက်သောအခါ ကလာပ်ရေးနှင့် မထားတော့ဘဲ သက္ကဋများကို ပါဠိမာဂဓ ဘာသာ ပြန်ဆိုခဲ့လေသည်။ပြန်ဆိုသော ပုဂ္ဂိုလ်များမှာ သဃ်ဇာဆရာတော်ဘုရားနှင့် ပုဏ္ဏား တမာလသျှံ တို့ဖြစ်ကြသည်။(အမေးပုစ္ဆာ ဝိသဇ္ဇနာကျမ်း စာမျက်နှာ ၁၁၆)။

ကျမ်းလာ ဂန်လာ ပိဋကတ်ကြောင်းဆိုင်ရာ ပါဠိ အဋ္ဌကထာ စာမူများနှင့် မြန်မာအရေးအသား ပင့် ရစ် သတ်ပုံ, အထား အသို စသည့် အရပ်ရပ်ကျမ်းကြီး၏ ကောင်းခြင်းအင်္ဂါ ပြည့်ဝစေရန် ဆရာတော် **ဦးဝါသဝ**, မန္တလေး အနောက်ပြင် ဝေ့ချိုတိုက်၊ မအူပင်အုတ်ကျောင်း **ဦးကေလာသ** (ဓမ္မာစရိယ), ပါဠိဆရာ **ဦးကျော်မြင့်** (ဓမ္မာစရိယ)တို့က ဆိုင်ရာဆိုင်ရာ အသီးအသီး တာဝန်ယူကြသည်။ ကြီးမားသော တာဝန်များကို ခံယူကြသည်။

ဤ အမေးတော်ဖြေကျမ်းကြီးကဲ့သို့သော ကျမ်းကြီးတခုကို ထုတ်ဝေရခြင်းနှင့် ပုံနှိပ် တာဝန်ယူရခြင်းအတွက် ထုတ်ဝေသူ **ဦးချစ်ကြွယ်နှင့်** တာဝန်ခံ ပုံနှိပ်သူ **ပဒေသာ ပိဋကတ်ပုံနှိပ်တိုက် ဦးခင်မောင်တို့ နှစ်ဦးသားကိုလည်း** "လူစွမ်းကောင်း" ၂—ယောက်ဟု ဆိုထိုက်သည်။

(၇)

မောင်းထောင်သာသနာပိုင်ဆရာတော်သည် ရဟန်း ၆၀ါ အလွန် ၇၀ါအရ ၁၁၄၃—ခုနှစ်တွင် ရတနာပုရ အဝသို့ ပဋ္ဌမရောက်ရှိလာပြီးနောက် ပဋ္ဌမဦးစွာ တာဝန်တခုကို ဆန်းသစ်ထူးခြားစွာ ထမ်းရွက်ရသည်၊ ထိုတာဝန်မှာ အခြားမဟုတ် ဗင်္ဂါလီအရေးနှင့်ရှိနေသော "ရာဇာဘိသေက" ကျမ်း(၁၁၄၄ ခု နယုန်လဆန်း(၁၂) ရက် ၃—ချက်တီးအချိန်ပြီး။က—ခဲ။ ၁—အင်္ဂါ။ဂ—ချပ်၊ ၁၀ ကြောင်းရေး။ ပိန်း) ကို ရာမကရိသျှဏ, သာမသုန္ဒရ,ဇယနာရာမ, ပုံသျှီရာမ အစရှိသော ကဿပဂေါတ္တ ပုဏ္ဏားတော်တို့နှင့် (ရာဇာဘိသေကကျမ်းကိုလည်း ပုဏ္ဏားများနှင့် ပြန်ဆိုရသည်၊ သာသနာလင်္ကာရစာတမ်း)ပြန်ဆိုရသည်။

၁၁၄၆—ခုတွင် ရာဇဝင်ကြေး အပြစ်တင်ရှိလှာခဲ့သော အရံ—အတင် ပြဿနာ ဟောင်းကြီးကို အခြားဆရာတော်ကြီးများနှင့် အတူ အပြီးသတ် သုတ်သင်ဖြေရှင်းခဲ့ရသည်။

၁၁၄၇—ခုနှစ် ဝင်္ဂတိုင်း နဝဒီပ (ဗင်္ဂါမြောက်ပိုင်းတွင် မဟာနဂရ, ဗင်္ဂါ အနောက်ပိုင်းတွင် နဝနဂရ—နဝဒီပ အချက်အချာ ဖြစ်၏)သီဟိုဠ်ကျွန်း သီဟဠဒီပ များမှာ သာသနာရေး, လောကရေး စာပေကျမ်းဂန် အများရှိသည်ကို ဆောင်ယူ စေသင့်ကြောင်း ဘိုးတော်ဘုရားသို့ မောင်းထောင်ဆရာတော်က စာဆက်သွင်း၍ ရာပြတ် သီရိစန္ဒရတ်, ဇယနာရာမ်, ပုသျှီရာမ် စသော ဗြာဟ္မဏမျိုး ပုဏ္ဏားတို့ကို သင်္ဘောနှင့် စေ၍ ၁၁၄၈—ခုနှစ် ဆောင်ယူ ဆက်သသည်။ (ထိုနောက် နဝဒီပ, သီဟဠဒီပ အစရှိသော အရပ်များက ခုနစ်ကြိမ်တိုင်အောင် ဆောင်ယူ ဆက်သ သည်)။

၁၁၅၀ပြည့် သာသနာပိုင်ဆရာတော်အဖြစ် တပါးတည်း တာဝန်ယူ၍ ဆောင်ရွက်သည်။ (ပဋ္ဌမ ၄ ပါး။ ဒုတိယ ၁၂ ပါး။တတိယ တပါးတည်း)။

၁၁၆၂ ခုနှစ် သီဟိုဠ်သာသနာပြုလုပ်ငန်းနှင့်တကွ သီဟိုဠ်တွင် အမရပုရနိကာယ ကို စတင်ခဲ့သည်။

နှစ်ပေါင်း ၃၀ ကျော်(၁၁၄၃ ခုနှစ်က စသည်)ကြီးလေးသော သာသနာ့တာဝန်, လောကတာဝန်များကို ထမ်းဆောင်ပြီးနောက် ၁၁၇၃—၄ ခုနှစ်တွင် လူပြုသည်။

# နိဒါန်း

၁၁၇၁ ခု ဖလ်နန်းရှင် ဘကြီးတော်မင်းတရား မုဒ္ဒါဘိသိက်သွန်းခံသောအခါ သမန္တပါသာဒိကအဋ္ဌကထာ, သီဟနာဒသုတ်အဋ္ဌကထာ, သုမင်္ဂလဝိလာသနီ အဋ္ဌကထာ, ပပဉ္စသူဒနီအဋ္ဌကထာ,သာရတ္ထဒီပနီဋီကာ,မဟာဝံသဋီကာ,သီလက္ခန်ဋီကာ, ပါထေယဝဂ်ဋီကာစသော သာသနာကျမ်း။ သကလာဘိသေက, ရာဇာဘိသေက, သရောဒယစသော လောကီကျမ်း, ပုဏ္ဏားတို့ဆက်သသော သသ်ကရိဋ္ဌ်အဘိသေက စာတမ်း, ရာမညတိုင်း မင်းတို့ အဘိသိက်ခံသော မွန်အဘိသေကစာတမ်း, ဟရိဘုဥ္ဇ တိုင်း မင်းတို့ အဘိသိက်ခံသော ယွန်းအဘိသေကစာတမ်း, သုဓမ္မပုရမြို့ မင်းတို့ အဘိသိက်ခံသော သထုံအဘိသေကစာတမ်း, မြန်မာတိုင်းပြည် မင်းအဆက်ဆက် အဘိသိက်ခံသော မြန်မာအဘိသေကစာတမ်း, ဒိသာဇေယစာတမ်း, ရာဇမင်္ဂလာ စာတမ်း—ဤတဆဲ့ရှစ်စောင်—အဘိသေကကျမ်း စာတမ်းအစောင်စောင်ကို သုံးနှစ် ကျော်ပတ်လုံး နှိုင်းညှိတိုက်ဆိုင်စေ၍ ယုတ္တာယုတ္တိ သဘောသကန် ညီညွတ်သင့်မြတ် ရာ ရွေးချယ်စိစစ်လျက် မယိုမယွင်း မယုတ်မလွန် သင့်မြတ် မှန်ကန်စွာသော အစီ အရင်ဖြစ်အောင် **မဟာဓမ္မသင်္ကြံ** ဦးဆောင်ခဲ့သည်။

၁၁၈၁ ခု နယုန်လဆန်း(၁)ရက်မှစ၍ ဖျည်မြင့်စွာကာလပတ်လုံး မှန်နန်းတော် ဆောင်တော်ဦး နန်းမ စနုဉ္ဇ သုတ်သင်ပြုစုအပ်သော မှန်နန်းရာဇဝင်တော်ကြီးကို ပြုစုကြသူ ပုဂ္ဂိုလ်ကြီး ၁၂ ဦး၊ သို့မဟုတ် ၁၃ ဦးတွင် **မဟာဓမ္မသင်္ကြံ** ပါဝင် ဦးဆောင်ခဲ့သည်။

၁၁၈၂ ခုနှစ်တွင် သွားတော် ၄၀, စွယ်တော် ၄ ချောင်း ဆိုသောစကားသည် အခြားပင်ဖြစ်မည်၊ စွယ်တော် ၄ ချောင်းသည် သွားတော် ၄၀ အပါအဝင်ဖြစ်မည်၊ ဘကြီးတော် ဖလ်နန်းရှင်မင်းတရားကြီးက ဆရာတော်များကို မေးမြန်းတော်မူသည်၊ အချို့ဆရာတော်တို့က အခြားပင် ဖြစ်သည်—ဆိုကုန်သည်၊ အချို့ဆရာတော်တို့က လည်း စွယ်တော်သည် သွားတော်အဝင်အပါဖြစ်သည်—ဆိုကုန်သည်။ ဆရာတော် များ စကားမညီမညွတ်ရှိသည်တွင် ရဟန်းလူထွက် အသက် ၇၈ နှစ်ရှယ် မင်းတိုင်ပင် အမတ် **မဟာဓမ္မသင်္ကြံ** ကို မေးတော်မူ၍ အခြားဖြစ်သည် ဆိုသောစကားသည် ကျမ်းဂန်အထောက်အထား မရှိ၊ သဘောသကန် မမိပေ။ အဝင်အပါ ဖြစ်သည် ဆို သောစကားသာ ကျမ်းဂန်အထောက်အထား ရှိသည်၊ သဘောသကန် မိပေသည် ဟူ၍ မဟာဝါအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်များကို ဆောင်၍ တင် လျှောက်သည်။

၁၁၈၂ ခုနှစ်တွင် **မဟာဓမ္မသင်္ကြံ**၏ သူတော်ကောင်းပညာရှိ ပီသသော ဝန်ခံ ချက် တခုကို တွေ့ရသည်၊ ဇာတ်ကြောင်းကို ပြန်ရသော်....ဉာဏာဘိဝံသ ဓမ္မ သေနာပတိ—သာသနာပိုင်ဘဝ ၁၁၆၁ ခုနှစ်က ရေးခဲ့သော "သရဏာဒိ ဝိနိစ္ဆယ

ကျမ်း” (ဗော–ယ။ ၂–အင်္ဂါ၊ ၅–ချုပ်။ ၁၂ ကြောင်းပေ။ ကြံဆစ်။ ၁၁၆၁ ခု ဒုတိယ ဝါဆိုလပြည့်ကျော် ၈–ရက် ဗုဒ္ဓဟူးနေ့ စီရင်ပြီး) သရဏဂုံအခန်း ဗော်ချုပ်၌ အောက်ပါအတိုင်း တင်းတင်းမာမာ ဆုံးဖြတ်ခဲ့ဘူးသည်—

> “သော အတ္တတော အဋ္ဌအရိယ ပုဂ္ဂလသမူဟော။ ။သော၊ ထိုသံဃာသည်။အတ္တတော၊အနက်အရအားဖြင့်။ အဋ္ဌအရိယပုဂ္ဂလသမူဟော၊ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်းတည်း။ဤသို့ သီလက္ခန်အဋ္ဌကထာ, ပါရာဇိကဏ်အဋ္ဌကထာ အစရှိသော သံဂါယနာဝင်ကျမ်းကြီးကျမ်းခိုင်တို့၌ ဆိုသောကြောင့် **အရိယသံဃာ ရှစ်ပါးသာ သရဏဂုံထိုက်သည်**။ ကင်္ခါဝိတရဏီဋီကာတွင် ပဏ္ဏာမ အရာ၌ ပုထုဇဉ်သံဃာကိုလည်း သွင်းလေရကား ပုထုဇဉ်သံဃာလည်း သရဏဂုံထိုက်၏ ဆိုကြကုန်သည်။ သရဏဂုံအရာ၌ မသွင်းလေရကား မသင့်၊ အရာနှင့်လည်း မတန်၊ ဆတ္တဝိမာနပါဠိတော်နှင့် မညီ။သရဏဂုံဆောက်တည်ကာမျှဖြင့် လက်ဦးမဆွက ရဟန်းသာမဏေအဖြစ်ကို ခွင့်ပြုတော်မူရကား မိမိလည်း သရဏဂုံဆောက်တည်၍ပင် ရဟန်းအဖြစ်ကို ရသည်၊သူတပါးအားလည်း သရဏဂုံထိုက်ပြန်သည့်အရာသည် သဘောယုတ္တိမရှိ။ ။ဥပါသကာလင်္ကာရ၌လည်း ကင်္ခါဝိတရဏီဋီကာကို မှီ၍ ပုထုဇဉ်သံဃာကို သရဏဂုံအရာ၌ သွင်းလေသည်”။

၁၁၈၄ ခု စီရင်ပြီးသော ပင်းဆရာတော်ကလေး၏ ဥပေါသထပ္ပကာသနီကျမ်း (တူ–ခော်။၃ အင်္ဂါ ၅ ချုပ်။ ၁၂ ကြောင်းပေ။ပိန်း။ ၁၁၈၄ ခု ဝါခေါင်လဆန်း ၅ ရက် တနင်္လာနေ့ စီရင်ပြီး)သရဏဂုံအခန်း တံ့တား ချုပ်တို့၌ မောင်းထောင်ဆရာတော်၏ အဆုံးအဖြတ်ကို ဆန့်ကျင်၍ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့၏—

> “ပုထုဇဉ် သံဃာသည်လည်း ဒက္ခိဏေယျ ပါဏိပါတ(ပဏိပါတ) သရဏဂုံထိုက်သော သံဃာမည်၏၊ ထိုကြောင့် ပုထုဇ္ဇနိက သံဃဿာပိ ပုဗ္ဗဘာဂပ္ပဋိပဒါယ ဌိတတ္တာ ပုရိမစေတနာ ဝိယ ဒါနေ စေတ္တဝ သင်္ဂဟော ဒဋ္ဌဗ္ဗော။ သောပိ ဟိ ကိစ္စာပိ အရိယေန ဒိဋ္ဌိသီလ သာမညေန အသံဟတော၊ နိယျာနိက ပက္ခိယေန ပုထုဇ္ဇနိကေန သံဟတတ္တာ ဒက္ခိဏေယျ ပါဏိပါတာရဟော သံဃော ယေဝ။ ။ဟူ၍ ကင်္ခါဝိတရဏီဋီကာ၌ မိန့်အပ်ပြီ။ ။ထိုကင်္ခါဝိတရဏီဋီကာကို ကြိုက်နှစ်သက်တော်မူ၍ မဏိသာရမဉ္ဇူသာဋီကာ မဏိဒီပဋီကာ စသည်တို့ကို ပြုတော်မူသော အရှင်အရိယာဝံသ

ဆရာသည် မဏိသာရမဉ္ဇူသာဋီကာ၌—ကင်္ခါဝိတရဏီဋီကာယမ္ပန သမ္မုတိသံဃောပိ ဂဟိတော၊ တံ ယုတ္တံ။ ကလျာဏပုထုဇ္ဇနဿာပိ သေက္ခသင်္ဂဟတော—ဟူ၍ မိန့်တော်မူ၏။ ။အနက်ကား။ ကင်္ခါဝိတရဏီဋီကာယမ္ပန၊ ကင်္ခါဝိတရဏီဋီကာ၌ကား။ သမ္မုတိသံဃောပိ၊ကလျာဏပုထုဇဉ် သမ္မုတိသံဃာကိုလည်း။ ဂဟိတော၊ ယူအပ်၏။ ။တံ၊ထိုသို့ယူခြင်းသည်။ ယုတ္တံ၊ သင့်ပေ၏။ ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ကလျာဏပုထုဇ္ဇနဿာပိ၊ ကလျာဏပုထုဇဉ်ကိုလည်း။သေက္ခသင်္ဂဟတော၊သေက္ခ၌ ရေတွက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ။ဤသို့ ကင်္ခါဝိတရဏီဋီကာဆရာစကားကို မဏိသာရမဉ္ဇူသာဋီကာ ဆရာသည်—ကတမော စ ပုဂ္ဂလော သေက္ခော၊ ကလျာဏပုထုဇ္ဇနေန သဒ္ဓိံ သတ္တပုဂ္ဂလာ သေက္ခာနာမ ဟူသော ပါဠိတော်အရကို ဆောင်၍ ဆိုတော်မူ၏။ ။ဝိနယာလင်္ကာရဋီကာ၌လည်း—သံဃံ သရဏံ ဂစ္ဆာမီတိဧတ္ထ အဋ္ဌအရိယ ပုဂ္ဂလော ဂဟေတဗ္ဗော၊ သေသ ပုထုဇ္ဇန သံဃဿ ပန ပုဗ္ဗဘာဂေ၀္ဍပဒါယဋ္ဌိတတ္တာ ဒါနေ ပုရိမစေတနာဝိယ သင်္ဂဟော ဒဋ္ဌဗ္ဗော။ ။ဟူ၍ ပုထုဇဉ်သံဃာကို သံဃံ သရဏံ ဂစ္ဆာမိ၌ ယူသင့်ကြောင်းကို တိုက်ရိုက် ဆိုတော်မူ၏”။

၁၁၉၂ ခုနှစ်၌ မဟာဓမ္မသင်္ကြံဘဝနှင့် ဒုတိယအကြိမ် စီရင်အပ်သော “သရဏာဒိဝိနိစ္ဆယကျမ်း”(ခံ—ဖေါ့။ ၂—အင်္ဂါ၊ ၁၀ ချပ်။ ၁၂ ကြောင်းရေးပေ။ ပိန်း) သရဏာဂုံအခန်း န၁ ချပ်၌ကား ´အောက်ပါအတိုင်း မျှမျှတတ ဆုံးဖြတ်ပြန်သည်—

“ပုထုဇဉ်သံဃာကိုလည်း ကင်္ခါဝိတရဏီဋီကာတွင် ပဏာမအရာ၌ သွင်းသည်။ ဥပါသကာလင်္ကာရတွင် သရဏာဂုံအရာ၌သွင်းသည်။ ရဟန်းအသွင်ဖြင့်(နှင့်)မပြည့်မစုံ သင်္ကန်း လည် ရောက်ကာမျှ ဖြစ်သော ဂေါတြဘူ ရဟန်းများကိုလည်း သံဃာတော်ကို ရည်မှတ်၍ လှူသော် အသင်္ချေယျပင် အကျိုးကြီးကြောင်းကို ဟောတော်မူသော—ဘဝိဿန္တိခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာ၀ကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ—အစရှိသော ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော် စသည်ကို ထောက်ထားရန် ရှိသည်။ ဂေါတြဘူတည်ကိုပင်သံဃာ၌ သွင်းတော်မူရကား သမ္မုတိရဟန်း အစစ်ကိုလည်း အရိယာသံဃာ၌ သွင်းသင့်ကောင်း၏ဟု ထောက်ထားရမည်—ဆိုလိုသည်”။

ထိုနှစ်(၁၁၉၂ ခုနှစ်)မှာပင် ရှေးမင်းတို့ လက်ထက် လှူဒါန်းခဲ့သော ကျောင်း ဘုရား ဝတ်မိုးဝတ်မြေသည် မပျက်မစီး အစဉ်ပင် တည်မည် မတည်မည်ကို စတုတ္ထ ရတနာပုရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူမျှားအရှင် မင်းတရားကြီး က သာသနာပိုင်ဆရာတော်မှစ၍ ဆရာတော်တို့အား အမေးတော် ၅–ချက်ဖြင့် မေးတော်မူသည်။

အမိန့်တော်အရ မပျက်မစီး အစဉ်ပင် တည်သင့်ကြောင်းကို အညီအညွတ် စာ ဆက်သွင်းကြ၏၊ ရဟန်းလူထွက် အသက် ၇၈ နှစ်ရှိယ် မင်းတိုင်ပင်အမတ် **မဟာ ဓမ္မသင်္ကြံ** ကိုလည်း မေးတော်မူ၍ အမေးတော် ၅–ချက်ကို အစဉ်အတိုင်း ဖြေ လျှောက်ရ၏။

(အမေးအဖြေ စကားစဉ်–သာသနာလင်္ကာရစာဝယ်တွင် ထင်ရှားပြီ)။

သကရာဇ် ၁၁၉၄–ခု ပြာသိုလပြည့်ကျော် ၄ ရက်နေ့ ရတနာပုရရွှေမြို့တော် သေဋ္ဌေးတန်းရပ်ဝင်းတွင် မင်းတိုင်ပင်အမတ် **မဟာဓမ္မသင်္ကြံ** ကွယ်လွန်သည်။ မှူးကြီး မတ်ကြီးတို့ သင်္ဂြိုဟ်မြဲ ရှိသည်အတိုင်း ထီးဖြူ သံလျင်းများနှင့် ခမ်းကြီး နားကြီး သင်္ဂြိုဟ်တော်မူသည်။ (သုသောဓိတ ပဥ္စမတွဲ။ စာမျက်နှာ ၄၂၃။ မင်းလှ သီရိသီဟသူရေး ဆရာတော် ၁၀၅ ပါး စာရင်း။ဦးရေ ၄၇)။

ဤသို့သော သီလ, သမာဓိ, ပညာ ဂုဏ်ကျေးဇူး, လောက, ဓမ္မ, ရာဇဓလေ့ရိုး ဝတ်သုံးမျိုးတို့၌ "မိုး" သို့မြေ၊ ထုံးသို့ ချော၊ ရေသို့နှောက်၍ 'တစ်' ခေါ် လောက်သော ပညာရှိကြီးပင်သော်လည်း သူ၏ ဂုဏ်သတင်း ကျော်စောခြင်းမျှလောက်သာ ကြွင်း ကျန်၍ ခဏချင်း မွမွပျက်ကြေတတ်သော သူ၏ ကိုယ်ခန္ဓာသည်ကား အတိတ်၏ သိမ်းမြုပ်နှံရာ ဌာန၊ ယမ, မရဏ, မစ္စု ခေါ်သော သေမင်း၏ ပလုတ်ခံတွင်း၌ မြုပ်ဆင်း ပျောက်ကွယ်ခဲ့လေပြီတကား။

**ဦးဆန်းထွန်း**
မြန်မာစာဌာန
**မန္တလေး တက္ကသိုလ်**
**မန္တလေး**

**ဆန်းထွန်း**
**၂၈–၁–၆၂**



# အမေးတော်ဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပဌမ္ပညာခဉ် စကားချပ်

အထူးထူး အပြားပြားသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများ သခင် ရွှေကွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း စသည်ဖြစ်ရာဌာနနှင့်တကွ ရတနာများအသျှင်လည်း ဖြစ်တော်မူသော ကောင်းစွာ ဆည်းပူးအပ်သည့် သာသနာတော်ကျမ်းဂန်၊ လောကီကျမ်းဂန် ထုံးစံဥပဒေ ပဝေဏီ အကြားအမြင်ပညာ၏ လျင်လျားထက်မြန် စွမ်းသန် နက်နဲခြင်းနှင့်လည်း ပြည့်စုံတော်မူသော ရခိုင်ဓညဝတီ၊ ယိုးဒယား၊ ဒွါရာဝတီ စသောပြည်ကြီး တိုင်းကြီးတို့ကို နိုင်ငံတော်အဖြစ်သို့ ရောက်စေနိုင်၍ ကြံ့ခိုင်ကြီးမြတ် လုစွာ ကေလာသဂိရိသဖွယ် လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော ဆင်ဖြူရတနာများကို ခြေတော်တင်ရန် ခံရောက်လာစေနိုင်သည့် ပုညသမ္ဘာရဟူသော ရွှေဘုန်းဖော် ဖြင့်လည်း ကျော်စောထင်ရှားတော်မူသော ဘုရားရှင် ရွှေမှောက်တော် သွန်းလုပ်ခဲ့သည့် ရခိုင် မဟာမုနိဘုရားရှင်ကို နေပြည်တော်ကြီးသို့ ရောက်စေတော်မူခြင်း၊ တရား ငါးဆယ်မကသော ရွှေစည်းခုံ၊ ရွှေဂူ တည်တော်မူခြင်း၊ ငါးဆယ်ကျော်သော ပဒေသရာဇ်တို့ နေရာ မြို့၊ ရွာ၊ အရပ်သို့ ပိဋကတ်တော်အစုံနှင့်တကွ တံဆိပ်

**ပဒေသာ — ၊**

တော်ရ ဆရာတော်တို့ကို ဂိုဏ်းသံဃာနှင့် သာသနာပြုစေတော်မူခြင်း, ဘေးလောင်းတော်အဆက်ဆက် လှူဒါန်းခဲ့သည့် ကျောင်း,ဘုရား,ရွာ,မြေ, စေတိယသန္တက, သံဃသန္တကတို့ကို အသစ်ဆင့်ထပ်၍ ကျောက်တိုင် ကျောက်မှတ် နယ်ပယ်သတ်လျက် ရေစက်သွန်း လှူတော်မူခြင်း, ရွှေမော်ဓော, ထူပါရုံ,ရွှေစည်းခုံ စသော နိုင်ငံတော်အတွင်း၌ ရှိသမျှသော ဘုရား, စကား, ရတနာဗိမာန်စသော နိုင်ငံတော်အတွင်း၌ ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် တည်ထား ဆောက်လုပ်ဘူးသမျှသော ကျောင်းကန်တို့ကို ကြပတွေ့ရှိအောင် ပြင်ဆင်တော်မူခြင်း စသည်များဖြင့် သာသနာတော်စီးပွားကို များစေနိုင်သော ပညာ,ဗာရာဏသီကျေးမှ အရာမကသော ကလာပ်, ဗျာကရိုဏ်းစသော သဒ္ဒါကျမ်း, ဆန္ဒောမဉ္ဇရီစသော ဆန်းကျမ်း, နာမလိင်္ဂါနုသာသနစသော အဘိဓာန်ကျမ်း, မဟာကဗျ စသော အလင်္ကာကျမ်း, တက္ကိကသိရေမဏိစသော တက်ကျမ်း, ဇောတိဟတ္ထ ဇောတိရတနစသော ဗေဒင်ကျမ်း, သိပပုရာဏ်စသော ဣတိဟာသကျမ်း, ဒဗျဂုဏ်စသော ဆေးကျမ်းတို့ကို ရောက်ပေါက်စေနိုင်သော ပညာ၊ တိုင်ဘက်ချင်းမျိုးနွယ် အနိမ့်, အမြင့်, အထူး, အပြားကို ခြားနားခြင်း မြို့ရွာသူကြီး, စမြင်, မြေတိုင်တို့ကို အနွယ်အဆက်နှင့် သင့်အောင် ခန့်ထားတော်မူခြင်း စသည့် အစီအရင်တို့ဖြင့် တိုင်းကား ပြည်ရွာကို သာယာ စည်ပင်စေနိုင်သော ပညာအမြင်တို့၏ အကြောင်းဉာဏသမ္ဘာရ ဟူသော ရွှေဘုန်းတော်ဖြင့်လည်း မမြော်ရည်ခြင်း တုဘက်ကင်းတော်မူသော မအံ့အဲနိုင်သော ဒါန, သီလ စသည်ကျေးဇူးအပေါင်းနှင့် ပြည့်စုံစွာ၍ မင်းဘကာတို့ ဝံ့နိုင်ခဲလျက် ရဲတင်းတော်မူသဖြင့် နှစ်ကြိမ်တိုင်အောင် ခံဆောင်အပ်သော ကျမ်းဂန်လာသည်နှင့် အညီ စီရင်အပ်သည့် မုဒ္ဓါဘိသေက မဟာမင်္ဂလာအခါတော်နှိုက် ဘုန်းပါရမီတော်ကြောင့်ဖြစ်သော **သိရိပဝရ ဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ** ဟူသည် တံဆိပ်မည်ဖြင့်လည်း သာကြည်တင့်ရွှန်း ထွန်းလင်း တိုးပွားသော ကျက်သရေနှင့်ပြည့်စုံတော်မူသော အမရပူရ ရွှေမြို့ကြီးတည် ရွှေနန်းသခင် ဆင်ဖြူများရှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် အမြင်တထောင်ဆောင်သော သိကြားမင်း၏ ပညာအမြင်နှင့်တူသော ရွှေဉာဏ်တော်ဖြင့် သာသနာတော်ရေး တိုင်းရေး ပြည်ရေး မင်းရေး မင်းခမ်းများ၌ ထောက်ထားဆင်ခြင်တော်မူပြီးလျှင် "**ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု**"ဟူသော နာမံတံဆိပ်တော်ရှိသည့် "**သာသနာတော်ပိုင် မောင်းထောင် ဆရာတော်ဘုရား**"အား လျှောက်ထားဖြေသွင်းချက် စကားရပ်များသည် နောက်နောက်သော အမျိုးသားတို့အား ဉာဏ်ပွားရသော အကြောင်းဖြစ်၍ ၎င်းစကားချက်များကို မှတ်သားနာယူစိမ့်သောငှါ လျှောက်ထားလာသည်ကာလ, လျှောက်ထားလာသည်သူ, ဖြေသွင်းသည်ကာလများနှင့် အသေအချာ မှတ်ထား ရေးစီပေအံ့သတည်း။

## ဆင်မျိုး-၁၀-ပါး

ကာဠာဝက စသော ဆင်မျိုးတို့၏ အဆင်းသဏ္ဍာန် ကြန်လက္ခဏာကိုသိသာခြားနားအောင်စေ့ငုသေချာစွာကျမ်းဂန်လာသည့်အတိုင်း မေတ္တာစာ ဆက်သွင်းစေ။

၁၁၄၅ ခု ဝါခေါင်လပြည့်ကျော် (၂) ရက် ဗုဒ္ဓဟူးနေ့ တောင်ဘက်တိုက်ဝန် တလုပ်မြို့စား မင်းကျော်ရွှေတောင်ကို စေတော်မူ၍ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—

အဒ္ဒသံသု ဟတ္ထိံ တတော တေ အဘင်္ဂံသု ဣမိနာ ဘော အဂ္ဂယာနေန ဂန္တုမ္ပိ ဘဝိဿတိ၊ ဿဟတ္ထာ ဝတိမေ သတ္တာတိ ဟတ္ထိတွေဝ အကုခံ နိဗ္ဗတ္တံ။

ဟူ၍ လောကပညတ္တိကျမ်းရှိသည်နှင့်အညီ "ကမ္ဘာဦးသူတို့သည် ဆင်ကိုမြင်ကုန်၍ အချင်းတို့ ဤမြတ်သောယာဉ်ဖြင့် သွားလာအပ်သည် ဖြစ်လတံ့၊ ဤသတ္တဝါတို့ကား လက်ရှိကုန်စွတကား"ဆိုသောစကားကိုစွဲ၍ ရှေးဦးစွာ ဟတ္ထိဟူသော သညာ၊ ထိုထိုနိမိတ်ကို အကြောင်းပြု၍ ဂဇ, သင္ဂဟာယန, နာဂ, ဒွိရဒ စသော နောက်ဖြစ်သညာတို့ဖြင့် ခေါ်ဝေါ်အပ်သော ဆင်တို့၏အမျိုးသည်—

ကာဠာဝကဥ္စ ဂင်္ဂေယျံ၊ပဏ္ဍရံ တမ္ဗ ပိင်္ဂလံ။
ဂန္ဓ မင်္ဂလ ဟေမဥ္စ၊ဥပေါသထ ဆဒ္ဒန္တိမေ။

ဟူသော ဂါထာနှင့်အညီ—

| | | | |
|---|---|---|---|
| ၁။ | ကာဠာဝကဆင် | ၆။ | ဂန္ဓဆင် |
| ၂။ | ဂင်္ဂေယျဆင် | ၇။ | မင်္ဂလဆင် |
| ၃။ | ပဏ္ဍရဆင် | ၈။ | ဟေမဆင် |
| ၄။ | တမ္ဗဆင် | ၉။ | ဥပေါသထဆင် |
| ၅။ | ပိင်္ဂလဆင် | ၁၀။ | ဆဒ္ဒန္တဆင် |

ဟူ၍ ဆယ်ပါး အပြားရှိ၏၊ ထို ဆယ်ပါးတို့၏ သရုပ်ကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ,ရင်းဋီကာ၊ သုတ်မဟာဝါအဋ္ဌကထာ, ရင်းဋီကာ၊ အင်္ဂုတ္တိုရ်ဒသနိပါတ်

အဋ္ဌကထာ, ၎င်းဋီကာ၊ အဘိဓာန်စာကိုယ်,ဋီကာ၊ သာရတ္ထသင်္ဂဟ၊ လောကဒီပက၊ လောကပညတ္တိအစရှိသောများစွာသောကျမ်းဂန်တို့၌တွေ့မြင်သည်၊အဆင်းသဏ္ဌာန် ကြွန်လက္ခဏာစသည် အခြင်းအရာကို အစုံအလင် မတွေ့မမြင် မလာမရှိသည်သာ၊ ဘေးလောင်းတော် ရာဇစူဠာမဏိဒါယကာ လက်ထက် အမေးတော် ရှိသည်တွင် ကျမ်းဂန်မတွေ့၊ မတွေ့မမြင် မလာမရှိကြောင်းကို တောင်ဘီလာ ဆရာတော်လည်း မိန့်တော်မူဘူးလေသည်၊ယင်းသို့သော်လည်း မှတ်သိတော်မူလိုသော ဆန္ဒတော်သည် မချွတ် ပြည့်စုံပေရာသည်နှင့်အညီ လောကီကျမ်းစကား လောင်းစွက်၍ ဆိုသည်ရှိ သော်ကား ဆယ်ပါးသော ဆင်တို့တွင်—

**ကာဠာဝကဆင်**

ကလမမ္ဘတေ သဒ္ဒါယတေတိ ကာဠာဝကော—ဟူသော အဘိဓာန်ဋီကာပြ ဝစနတ္ထနှင့်အညီ သာယာစွာသော အသံဖြင့် ဟီဟံဖန် များသောကြောင့် ကာဠာဝကမည်၏၊ ယင်းသည် ကာဠာဝကဆင်ကား....“တတ္ထ ကာဠာဝကန္တိ ပကတိဟတ္ထိကုလံ ဒဋ္ဌဗ္ဗံ”.ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ။ “ပကတိဟတ္ထိကုလန္တိ ဂီရိစရ ဝနစရာဒိပ္ပဘေဒေါ ဂေါစရိနာမ သဗ္ဗာပ် ဗလေန ပါကတိကာ ဟတ္ထိဇာတိ” ဟူသော အင်္ဂုတ္တိုရ်ဋီကာနှင့်အညီ အားဖြင့် ပကတိရှိသည်ဖြစ်ရကား အဆင်းအားဖြင့် နက်သည်သာလျှင်တည်း၊ “ယံ ဒသန္နံ ပုရိသာနံ ကာယဗလံ၊ တံ ဧကဿ ကာဠာဝကဿ ဟတ္ထိနော” ဟူသော အဋ္ဌကထာ၊ “ဒသန္နံ ပုရိသာနန္တိ ထာမမဇ္ဈိမာနံ ဒသန္နံ ပုရိသာနံ” ဟူသောဋီကာနှင့်အညီ လျစ်လျူအားရှိသော ယောကျ်ားတကျိပ်အားကို ဆောင်၏၊မည်းသော မှုန်၊အိမ်စာဓမွှေးအဆင်းနှင့်တူသော မျက်စိလည်းရှိ၏။

**ဂင်္ဂေယျဆင်**

ဂင်္ဂါယံ ဇာတောတိ ဂင်္ဂေယျော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့် အညီ ဂင်္ဂါနား၌ ဖြစ်တတ်သောကြောင့် ဂင်္ဂေယျ မည်၏၊ အဖွင့်ကျမ်း၌ သာမညကိုသာ ဟောသောသဒ္ဒါနှင့် မလုစ်၊နာဒေယျ အစရှိသောသာမညသဒ္ဒါနှင့်လည်း သညာမဖြစ်သောကြောင့် မြစ်စ ကမ်းနား၌ ပေါက်ဖွား ကျက်စားတတ်သည့် ဆင်ဟူသမျှကို ဂင်္ဂေယျမဆိုလို၊ ယင်း သည် ဂင်္ဂေယျဆင်ကား အဖြူ, အညို,အရွှေ, အနီ, အနက်အားဖြင့် အဆင်းငါးပါး ပြား၏၊အချို့ လောကီစာ၌ မဟာလေ့ကားပန်း အဆင်းရှိသည် ဆိုလေသည်၊ ခွန်အား စွမ်းပကားသော်ကား....“ယံ ဒသန္နံ ကာဠာဝကာနံ ဗလံ၊ တံ ဧကဿ ဂင်္ဂေယျဿ” အစရှိသော အဋ္ဌကထာတို့နှင့် အညီ ကာဠာဝက ဆင် ဆယ်စီး, ယောကျ်ားတရာတို့၏ အားကို ဆောင်နိုင်၏၊ ကြာညိုပွင့်ချပ်နှင့် တူသော မှုန်၊ပိတုန်း တောင်နှင့်တူသောမျက်စိလည်းရှိ၏။

**ပဏ္ဍရဆင်**

ပဏ္ဍရံ ဝဏ္ဏံ ယဿာတိ ပဏ္ဍရော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ဖြူသောအဆင်း ရှိခြင်းကြောင့် ပဏ္ဍရမည်၏၊ ယင်းသည်ဆင်ကား အဆင်းအားဖြင့် ဖြူ၏၊ လောကီကျမ်းတို့၌သော်ကား သစ်ရွက်ယော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသည် ဆိုလေသည်၊ ခွန်အားစွမ်းပကားမှု "ယံ ဒသန္နံ ဂင်္ဂေယျာနံ၊ တံ ဧကဿ ပဏ္ဍရဿ" အစရှိသော အဋ္ဌကထာတို့နှင့်အညီ ဂင်္ဂေယျဆင် ဆယ်စီး, ကာဠာဝကဆင်တရာ, ယောကျ်ား တထောင်တို့၏ အားကို ဆောင်နိုင်၏၊ မှုန်ညင်းဖြူဆီနှင့်တူသော မှုန်၊ ငွေကျောက်နှင့်တူသော မျက်စိလည်းရှိ၏။

**တမ္ဗဆင်**

တမ္ဗဿ ဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ တမ္ဗော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ကြေးနီသဏ္ဌာန် နီကြန်သော အဆင်းရှိခြင်းကြောင့် တမ္ဗမည်၏၊ ယင်းသည်ဆင်ကား အဆင်းအားဖြင့် ကြေးနီသဖွယ်ရှိ၏၊ ခွန်အားစွမ်းပကားသည်ကား...."ယံ ဒသန္နံ ပဏ္ဍရာနံ၊ တံ ဧကဿ တမ္ဗဿ"အစရှိသောအဋ္ဌကထာတို့နှင့်အညီ ပဏ္ဍရဆင် ဆယ်စီး, ဂင်္ဂေယျဆင်တရာ, ကာဠာဝကဆင်တထောင်, ယောကျ်ားတသောင်းတို့၏ အားကို ဆောင်နိုင်၏၊ ပေါက်စေ့နှင့်တူသော မှုန်၊ကြေးနီနှင့်တူသော မျက်စိလည်းရှိ၏။

**ပိင်္ဂလဆင်**

ပိင်္ဂလံ ဝဏ္ဏံ ယဿာတိ ပိင်္ဂလော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ကြောင်သော အဆင်း ရှိသောကြောင့် ပိင်္ဂလ မည်၏၊ ယင်းသည်ဆင်ကား ပြောက်ကျားသော အဆင်းရှိ၏၊ ခွန်အားစွမ်းပကားသော်ကား-'ယံ ဒသန္နံ တမ္ဗာနံ၊တံ ဧကဿ ပိင်္ဂလဿ' အစရှိသော အဋ္ဌကထာတို့နှင့်အညီ တမ္ဗဆင်ဆယ်စီး,ပဏ္ဍရဆင်တရာ,ဂင်္ဂေယျဆင် တထောင်,ကာဠာဝကဆင် တသောင်း, ယောကျ်ားတသိန်းတို့၏ အားကိုဆောင်နိုင်၏၊ပျားရည်နှင့် တူသော မှုန်၊ ငရုတ်ပျားရည်နှင့်တူသော မျက်စိလည်းရှိ၏။

**ဂန္ဓဆင်**

ဂန္ဓေန သံယုတ္တောတိ ဂန္ဓော — ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ကောင်းသောအနံ့နှင့် ယှဉ်ခြင်းကြောင့် ဂန္ဓ မည်၏၊ ယင်းဆင်၏ ဝမ်းသိုင်းသမျှ အစာ အာဟာရသည် နံ့သာမျိုးလေးပါးသာလျှင် ဖြစ်၏၊ ထို့ကြောင့် ဇိနာလင်္ကာရဋီကာ၌—

ဂေါမဟိံ သာဒိနမဿ ဓာရဏာမှိ တိဏာပဏ္ဏာပလာသာဒိဂေါစရံ ဂန္ဓ ဟတ္ထိကုစ္ဆိမှိ ပဝိဋ္ဌံ စတုဇာတိဂန္ဓမေဝ ဟောတိ-ဟူ၍မိန့်သည်။

ဂန္ဓဆင်တို့တွင်ကား သီလဝမည်သော ဂန္ဓဆင်မင်းသည် အကြီးအကဲတည်း၊ အလုံးစုံသော ဂန္ဓဆင်,ပကတိဆင်တို့ကို အစိုးရသတည်း၊ထို့ကြောင့် လောကပညတ္တိကျမ်း၌—

> သီလဝါနာမ ဂန္ဓဟတ္ထိရာဇာ၊ သဗ္ဗေသံ ဂန္ဓဟတ္ထီနံ အညေသဉ္စ ပကတိဟတ္ထိဇာတီနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေတိ-ဟူသည်။

အဆင်းအားဖြင့်ကား အချို့အဖြူ, အချို့ဒီညို,အရွှေ,အနီ,အနက်ရှိသည်ဖြစ်၍ ဂင်္ဂေယျဆင်မျိုးကဲ့သို့ ငါးပါးအပြားရှိ၏၊အားအန်သော်ကား...."ယံ ဒသန္နံ ပိင်္ဂလာနံ၊ တံ ဧကဿ ဂန္ဓဿ"အစရှိသော အဋ္ဌကထာတို့နှင့်အညီ ပိင်္ဂလဆင်ဆယ်စီး, တမ္ဗဆင်တရာ, ပဏ္ဍရဆင်တထောင်, ဂင်္ဂေယျဆင် တသောင်း, ကာဠာဝကဆင် တသိန်း, ယောကျ်ားတသန်းတို့၏ အားကို ဆောင်နိုင်၏၊ ယသေးထမင်းရည်နှင့်တူသော မုန်၊ ဥဿဖရားနှင့်တူသော မျက်စိလည်းရှိ၏။

**မင်္ဂလဆင်** မင်္ဂတိ သောဘဏံ ဂစ္ဆတီတိ မင်္ဂလော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ တင့်တယ်သော သွားလာခြင်း ရှိခြင်းကြောင့် မင်္ဂလမည်၏၊အဆင်းအားဖြင့်ကား အဖြူ,အညို အစရှိသောအားဖြင့် ငါးပါးအပြားရှိ၏၊ အချို့သော လောကီစာ၌ လျှပ်စစ်နွယ်နှင့် တူသောအဆင်းရှိသည်ဟူ၏၊ အားအန်သော်မူ...."ယံ ဒသန္နံ ဂန္ဓဟတ္ထီနံ၊ တံ ဧကဿ မင်္ဂလဿ"အစရှိသော အဋ္ဌကထာတို့နှင့်အညီ ဂန္ဓဆင် ဆယ်စီး,ပိင်္ဂလဆင်တရာ, တမ္ဗဆင် တထောင်,ပဏ္ဍရဆင် တသောင်း, ဂင်္ဂေယျဆင် တသိန်း, ကာဠာဝကဆင် တသန်း,ယောကျ်ားတကုဋေတို့၏ အားကို ဆောင်နိုင်၏၊ သစ်မည်စည်ဆီနှင့်တူသော မုန်၊ နီလဂန္ဓိနှင့်တူသော မျက်စိလည်းရှိ၏။

**ဟေမဆင်** ဟေမဿ ဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ ဟေမော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ရွှေအဆင်းနှင့်တူသောအဆင်း ရှိခြင်းကြောင့် ဟေမမည်၏၊ အဆင်းအားဖြင့်ကား ရွှေကဲ့သို့ ဝါဝါရှိ၏၊ ခွန်အားစွမ်းပကားသော်မူ...."ယံ ဒသန္နံ မင်္ဂလာနံ၊တံ ဧကဿ ဟေမဿ" အစရှိသော အဋ္ဌကထာတို့နှင့်အညီ မင်္ဂလဆင်ဆယ်စီး, ဂန္ဓဆင် တရာ, ပိင်္ဂလဆင် တထောင်, တမ္ဗဆင်တသောင်း, ပဏ္ဍရဆင် တသိန်း, ဂင်္ဂေယျဆင် တသန်း, ကာဠာဝကဆင် တကုဋေ, ယောကျ်ားကုဋေတဆယ်တို့၏ အားကို ဆောင်နိုင်၏၊စကားပွင့်အဆင်းနှင့်တူသောမုန်၊ ဂေါမိဒ်နှင့်တူသော မျက်စိလည်းရှိ၏။

**ဥပေါသထဆင်** ဥပေါသထသဒ္ဒါသည် ဆင်မျိုးအထူးကို ဟောသော အနိပ္ဖန္န ပါဋိပဒိကပုဒ် ဖြစ်ရကား....ဥပေါသထေ ဇာတောတိ ဥပေါ သထော—ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ဥပေါ သထဆင်မျိုးဖြစ်ခြင်းကြောင့်လည်းကောင်း၊ဥပဂန္တွာ အရဟော ဥသတိဒါဟေတီတိ ဥပေါသထော–ဟူသော ၎င်းဝစနတ္ထနှင့်အညီ ရန်သူတို့ကို ကပ်၍ ပူပန်စေတတ်သော ကြောင့်လည်းကောင်း၊ ဥပဂန္တွာ ဝသိတဗ္ဗောတိ ဥပေါသထော—ဟူသော ဝစနတ္ထ နှင့်အညီ ကပ်၍ စီးနင်းအပ်သောကြောင့်လည်းကောင်း ဥပေါသထမည်၏၊ ယင်း သည်ဆင်ကား တံ့တံ့ကြပ်ကြပ်နေစဉ် အစွယ်, အမြီး, နှာမောင်း, ခြေလေးဘက် ဟုဆိုအပ်သော ခုနစ်ပါးသော အစိတ်တို့ဖြင့် မြေသို့ထိလျက် တည်သောကြောင့် သတ္တပတိဋ္ဌလက္ခဏာနှင့် ပြည့်စုံ၏၊ထို့ကြောင့် သုတ်မဟာဝါဋီကာ၌—

> သတ္တပတိဋ္ဌောတိ ဘူမိ ဖုသနကေဟိ ဒန္တာ ဝါလဓိ ဟတ္ထောတိ ဣမေဟိစ တီဟိ၊ စတူဟိ ပါဒေဟိစာတိ သတ္တဟိ အဝယဝေဟိ ပတိဋ္ဌိတတ္တာ သတ္တ ပတိဋ္ဌော—ဟူ၍ မိန့်တော်မူအပ်သည်။

ဟိမဝန္တာတောဝယ် ရွှေဖြင့်ပြီးသော သုဝဏ္ဏပဗ္ဗတတောင်၏နံပါး မဟာလှေကား တော၌ နေ၍ ရွှေသောအဆင်းရှိကုန်သော ဆင်တို့၏ အကြီးအကဲ မူသတည်း၊ စကြာမင်းတို့သည်သာ စီးနင်းခြင်းငှါ ထိုက်၏၊ အဆင်းအားဖြင့်ကား ရွှေအဆင်း ကဲ့သို့ ရှိ၏၊ ထို့ကြောင့် လောကပညတ္တိကျမ်း,ဆဂတိဒီပနီကျမ်းတို့၌—

> အပရံ သုဝဏ္ဏပဗ္ဗတပဿေ ကဏ္ဏိကာရဝနေ သုဝဏ္ဏဝဏ္ဏော ဥပေါ သထောနာမ နာဂရာဇာ စက္ကဝတ္တိဝါဟနယောဂ္ဂေါ ဗဟူနံ ဟရိတဝဏ္ဏာနံ ဟတ္ထီနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေတိ။

ဟူ၍ မိန့်တော်မူသည်။

သုတ်မဟာဝါ မဟာသုဒဿနသုတ်အဋ္ဌကထာအစရှိသည်တို့၌ကား—

> ဆဒ္ဒန္တကုလာ ဝါ ဥပေါသထကုလာ ဝါ တံ သက္ကာရဝိသေသံ အနုဘဝိတု ကာမော တရုဏရဝိမဏ္ဍလာဘိရတ္တစရဏဂီဝါမုခပဋိမဏ္ဍိတဝိသုဒ္ဓသေတ သရီရော။

ဟူ၍ ခြေလေးဘက်, လည်, မျက်နှာနီသော ကြွင်းသောကိုယ် စင်ကြယ်စွာ ဖြူ သော အဆင်းရှိကြောင်းကို လာသည်၊ ဤအဋ္ဌကထာစကားကိုသာ ပမာဏ မှတ် တော်မူရမည်၊ ခွန်အားစွမ်းပကားသော်ကား....“ယံ ဒသန္နံ ဟေမာနံ၊ တံ ကောဿ

ဥပေါသထသ''အစရှိသော အဋ္ဌကထာတို့နှင့်အညီ ဟေမဆင် ဆယ်စီး, မင်္ဂလဆင် တရာ, ဂန္ဓဆင် တထောင်,ပိင်္ဂလဆင် တသောင်း,တမ္ဗဆင်တသိန်း,ပဏ္ဍရဆင်တသန်း, ဂင်္ဂေယျဆင် တကုဋေ, ကာဠာဝကဆင် ကုဋေတဆယ်, ယောကျ်ား ကုဋေတရာ တို့၏ အားကို ဆောင်နိုင်၏၊နို့သစ်အဆင်းနှင့်တူသော မုန်၊ ပုလဲအဆင်းနှင့် တူသော မျက်စိလည်း ရှိ၏။

**ဆဒ္ဒန္တဆင်** ဆဗ္ဗဏ္ဏာ ဒန္တာ ယဿာတိ ဆဒ္ဒန္တော—ဟူသောအဘိဓာန်ဋီကာ ဝစနတ္ထနှင့်အညီ ညိုသောအရောင်, ရွှေသောအရောင်, နီသော အရောင်,ဖြူသောအရောင်, မောင်းသောအရောင်, ပြိုးပြိုးပြက်သောအရောင် အားဖြင့် ခြောက်ပါးသော အရောင်ထွက်သော အစွယ်ရှိခြင်းကြောင့် ဆဒ္ဒန္တမည်၏၊ လောကီကျမ်းတို့၌ကား သန္တာ, ပုလဲ,ပျားရည်, ဆီ,ဆီကြည်ဦးနှင့်တူသော အရောင်, ပြိုးပြိုးပြက်သောအရောင်အားဖြင့် ခြောက်ပါးသောအရောင် ဟူ၏၊ ဥပေါသထဆင် ကဲ့သို့ ထိခြင်း ခုနစ်ပါးနှင့် ပြည့်စုံ၏၊ မဟာသုဒဿနသုတ် အဋ္ဌကထာ အစရှိသည်တို့နှင့်အညီ ငွေတောင်သဖွယ် တင့်တယ်လှစွာ ဖြူသောအရောင်ရှိ၏၊ ဟိမဝန္တာတောဝယ် ရွှေဖြင့်ပြီးသော သုဝဏ္ဏပဗ္ဗတတောင်၏အနီး သုပ္ပတိဋ္ဌိတမည်သော ပညောင်ပင်ရင်း၌လည်းကောင်း၊ မန္ဒာကိနီမည်သော အိုင်၏ အနောက်အဘို့ သုဒဿနမည်သော အင်ကြင်းပင်ရင်း၌လည်းကောင်း၊ ၎င်းအိုင်၏ အရှေ့တောင်ထောင့် နန္ဒာမည်သော ဂူ၌လည်းကောင်း နေလျက် ဆင်ဖြူ,ဆင်နီ,ဆင်ရွှေ,ဆင်ညို,ဆင်နက်အားဖြင့် ငါးပါးသောဆင်တို့၏ အကြီးအကဲဖြစ်၏ ဟူ၍ လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့၌ဆိုသည်၊ဆဒ္ဒန္တဇာတ် အဋ္ဌကထာစသော ကျမ်းကြီးတို့၌ကား ဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့် ပညောင်ပင်ရင်း၌လည်းကောင်း၊ ထိုအိုင်၏ အနောက်စူးစူး ရွှေတောင်ဝယ်ရှိသော ရွှေဂူ၌လည်းကောင်း နေကြောင်းကို ဆိုသည်၊ ထိုဆဒ္ဒန်ဆင်မင်းသည်ကား ဆင်ရှစ်ထောင် အခြံအရံရှိ၏၊ အလိုရှိတိုင်းသော အသွင်အပြင်ကို ဖန်ဆင်းနိုင်၏၊ ထို့ကြောင့်ရကား—

> တရံရောအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာ လေနာထတော်မူသဖြင့် ကြာစွယ်ကြာရင်း အလိုတော်ရှိ၍ ထိုအရပ်သို့ကပ်ပြီးလျှင် ရစာဂီရိမည်သော ဆဒ္ဒန်ဆင်မင်း၏ မာန်ကို နှိပ်နင်းတော်မူလိုသောကြောင့် ကိုယ်အခြံအရံတို့ကို နှစ်ဆတက် ဖန်ဆင်းတော်မူပြီးလျှင် ရှေ့၌ရပ်ပြတော်မူ၍ ဆင်မင်း ထိတ်လန့်သည်ကို သိမှ ပကတိနေတော်မူ၏၊ ဆင်မင်းလည်း အရှင်မဟာမောဂ္ဂလ္လာန်မှန်း သိသဖြင့် ဝတ်စားတန်းဆာ ဆင်ယင်၍ လုံလင်အယောင် ဖန်ဆင်းလျက် လက်အုပ်ချီပြီးသော် အလိုတော်ကိုသိ၍ ကြာစွယ်ကြာရင်း ကပ်လှူလိုက်လေသည်ဖြစ်၍ အလိုရှိတိုင်း အသွင်အပြင်ကို ဖန်ဆင်းနိုင်သတည်းဟု လောကပညတ္တိကျမ်း၌ ဆိုသည်။

ယင်းသည် ဆဒ္ဒန္တဆင်မျိုးတို့ကား စကြာမင်းတို့သာ စီးနင်းထိုက်၏၊ ခွန်အား စွမ်းပကားသော်ကား...."ယံ ဒသန္နံ ဥပေါသထာနံ၊ တံ ဧကဿ ဆဒ္ဒန္တဿ" အစရှိသော အဋ္ဌကထာတို့နှင့်အညီ ဥပေါသထဆင် ဆယ်စီး,ဟေမဆင် တရာ, မင်္ဂလဆင် တထောင်, ဂန္ဓဆင် တသောင်း, ပိင်္ဂလဆင် တသိန်း, တမ္ဗဆင် တသန်း, ပဏ္ဍရဆင် တကုဋေ,ဂင်္ဂေယျဆင် ကုဋေတဆယ်, ကာဠာဝကဆင် ကုဋေတရာ, ယောကျ်ား ကုဋေတထောင်တို့၏ အားကို ဆောင်နိုင်၏၊နံ့ သာရည်နှင့်တူသော မုန်၊ပတ္တမြားနှင့် တူသောမျက်စိလည်း ရှိ၏၊ သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌ကား—

ဂေါစရိ ကလာပေါ ဂင်္ဂေယျော၊ပိင်္ဂလော ပဗ္ဗတေယျကော။
ဟေမဝတော စ တမ္ဗောစ၊မန္ဒာကိနိ ဥပေါသထော။
ဆဒ္ဒန္တောယေဝ ဒသမော၊ ဧတေ နာဂါနမုတ္တမာ။

ဟူသောဂါထာဖြင့် ဥပေါသထ,ဆဒ္ဒန္တမှတပါး ဆင်ရှစ်ပါးတို့၏ အမည်အထူးကို ဆိုလေသည်၊ ယင်းသို့ ဆိုခြင်းသည်လည်း နေမိဇာတ်မှာဆိုသော တောင်စဉ်နှင့် ပါရာဇိကဏ်အဋ္ဌကထာ စသည်တို့၌ လာသောကြောင့် စဉ်သည် သရုပ်မပြား၊ ကာလလျှား၍ အမည်မျှသာ ပြန်လေသကဲ့သို့ အစဉ်အတိုင်း အမည်ပြန်ကာမျှသာ ဖြစ်သည်၊ ထို့ကြောင့် သုတ်မဟာဝါဋီကာ၌—

မဇ္ဈိမအဋ္ဌကထာယံ ပန ဧကစ် ဟတ္ထိနော ဣတော အညထာ အာဂတာ၊
သော ပန နေသံ နာမမတ္တတော ဘေဒေါ ဒဋ္ဌဗ္ဗော-ဟူ၍မိန့်တော်မူသည်။

ထိုဆယ်ပါးသောဆင်တို့တွင် ဥပေါသထဆင်, ဆဒ္ဒန္တဆင်နှစ်စီးကို စကြာမင်းတို့သာ စီးနင်းထိုက်သည်ဆိုရာမှာ ယေဘုယျမျှသာ ဖြစ်သည်၊ဝေဿန္တရာမင်း,ဒုဋ္ဌဂါမဏိမင်းတို့ ဖွားသည့်နေ့၌ ဆဒ္ဒန္တအိုင်မှ ဆင်မလာ၍ ထားလာသဖြင့် ဆဒ္ဒန္တဆင်ရတနာကိုပင် ထိုမင်းတို့စီးနင်း သုံးဆောင်ရဘူးသည်ကို ကျမ်းဂန်ထင်ရှား ရှိသည်၊ဆိုပြီးသည်မှ တပါးသော သာသနာတော် တရားကျမ်းဂန်တို့၌ ဆင်မျိုးဆယ်ပါးတို့၏ သရုပ် သဘောသကန်ကို သိရန်မရှိပြီ၊သည်မျှစကားဖြင့်လည်း အဆင်း, ခွန်အား, စွမ်းပကား အစရှိသည်ကိုထောက်၍ သိတော်မူနိုင်မည်ဖြစ်သည်၊ ဤသို့ ဆိုပြီးသော အခြင်းအရာမှာ အမျိုး ယုတ်, မြတ် ရှိသည်ကို သိဖွယ်အကြောင်း ဖြစ်သတည်း။ သရဒ္ဒေ စသော ကျမ်းဂန်၌လာသော စီးနင်းခြင်းငှါ ထိုက်,မထိုက်ကို သိဖွယ် အကြောင်းလည်း ရှိသည်၊ လောကဖွယ်ရာသည် အရာမက များပြားလှသည်ဖြစ်၍ လောကဝိဒူ ဟူသော ဂုဏ်တော်နှင့် ပြည့်စုံသော ဘုရားသခင် ဉာဏ်တော်ဖြင့်သာ အကြွင်းအကျန်မရှိ ထင်မြင်နိုင်ဘိမည်တရားမင်းမြတ်။

## ဆင်၏ အတိုင်းအတာ

ဘုရားတပည့်တော် မင်းကျော်ရွှေတောင် လျှောက်ပါသည် အရှင်ဘုရား—

သာသနဒါယကာတော် ရေမြေရှင် မင်းမြတ်က ဆယ်မျိုး ဆင်၏ အရည်အချင်း အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ နေရာအရပ် အမျိုးအမည် အထည်အကောင်း အတောင်အထွာများကို သိသိသာသာ ရှင်းရှင်းလင်းလင်းရှိအောင် ဆင်တို့၏ အတောင်မှာလည်း မင္ဂိုမပုရိသတို့ အတောင် ဖြစ်သင့်သည်၊ ဆင်တောင်ရိုး တောင်ရှည် ထွာရှည် ဖြစ်သင့်သည်ကိုလည်း အတပ်အကြပ် သိတော်မူသာအောင် ထပ်၍ လျှောက်ရမည်၊ သရဒွေကျမ်းထွက် ဆင်၏ သဏ္ဌာန်မှာလည်း အမြင်အားဖြင့် သိသာရုံမျှသာ ဖြစ်သည်၊ ၎င်းကျမ်းထွက်နှင့် စုံလင်အောင် အကောင်အထည် အရည်အချင်း အဆင်းအရပ်နှင့်တကွ သေချာစွာလျှောက်ထားရမည်၊ဆရာတော်က ဆင်မျိုးဆင်ကောင်း ဆင်တောင်များကို ကျမ်းဂန်ထွက်ဆိုချက်နှင့်ပါသည့် မေတ္တာစာအရကို ပုရပိုက်ဖြူတွင် အစဉ်ထာဝရဖြစ်စေခြင်းငှါ ရေးသားသည့်ပုံကိုလည်း ပြသ၍ လျှောက်ထားရမည်၊ အထက်ရှိနှင့်ရင်း ပိဋကတ်ထွက် ဗေဒင်ထွက် ဆင်ပုံပုရပိုက်ကိုလည်း လျှောက်ထားရမည်၊ အမိန့်တော်ကို ဦးထိပ်ရွက်၍ လျှောက်လာရပါသည် သိသာ ခြားနားအောင် ရှင်းရှင်း လင်းလင်း မိန့်တော်မူပါ ဆရာတော်ဘုရား။

၁၁၄၅ ခု တော်သလင်းလဆန်း(၁)ရက် ဗုဒ္ဓဟူးနေ့ တောင်ဘက်တိုက်ဝန် တလုပ်မြို့စား မင်းကျော်ရွှေတောင်ကို စေတော်မူ၍ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—

မဇ္ဈိမပုရိသဿ ကေရတနံ ပကတိပုရိသဿ ဒိယဍ္ဍရတနံ ဟောတိ။

အစရှိသည်ဖြင့် ကျမ်းဂန်များစွာလာသောကြောင့် ကျမ်းဂန်ဝေါဟာရအားဖြင့် မဇ္ဈိမပုရိသအတောင်, ပကတိပုရိသအတောင်ဟူ၍ ရတနပရိမာဏဟူ၍ နှစ်ပါးသာ ရှိသည်၊ ဆင်တောင် ဆင်တာဟူ၍ အသီးအခြားမရှိ ဖြစ်သည်။

ဆဒ္ဒန္တော သော နာဂရာဇာ၊ ဥစ္စတော အဋ္ဌာသီတိကော။
ဝီသုတ္တရသတာ ယာမော၊ ဒန္တာ တု တိံသ ဟတ္ထကာ။
ပန္နရသ ရတနာ ဝဋ္ဋာ၊ ဆဟိ ရံသီဟိ သောဘိတာ။

ဟူ၍ ဆဒ္ဒန္တဆင်မင်းသည် အရပ်ရှစ်ဆဲ့ရှစ်တောင်၊ အလျားတရာ့နှစ်ဆယ်၊ အစွယ် အရှည် အတောင်သုံးဆယ်၊ လုံးပတ် တဆဲ့ငါးတောင် ရှိသည်ဆိုရာမှာလည်း ဝိသေသ မလာသောကြောင့် ပကတိပုရိသ အတောင်ဖြင့်ပင် ချင့်တွက်နှိုင်းယှဉ်သည်ဖြစ်မည်၊ မဇ္ဈိမပုရိသအတောင်ကိုကား ဝိနည်းအဋ္ဌကထာတို့၌ လက်သွားတောင်ဟူ၍ဆိုသည်၊ ပကတိပုရိသအတောင်ဖြင့် တတောင်ထွာ ရှိသည်၊ ထိုသို့သော အတောင်ဖြင့် လေး တောင်အရပ်ရှိသော အသက်ရှည်သောကာလ ယောကျ်ားကို မဇ္ဈိမပုရိသ၊ ယခု ကာလ မကြီးမငယ် မနိမ့်မမြင့်သောယောကျ်ားကို ပကတိပုရိသဆိုသည်၊ ဆင်ခြင် ထောက်ထားသော် ဉာဏ်သက်သည်မှုကား ဆင်တောင်ဟူ၍ စွဲလမ်းရန် ထုံးစံဥပဒေ မကျသောကြောင့် ဆဒ္ဒန္တဆင်မင်းကို တောင်၊ ထွာ နှိုင်းယှဉ်သည်နှင့်အတူ ပကတိ ပုရိသအတောင်ဖြင့် တောင်၊ ထွာ နှိုင်းယှဉ်ခြင်းသည်သာ သင့်မြတ်မည် ထင်သည်၊ ယင်းသို့ နှိုင်းယှဉ်သဖြင့်လည်း အပြစ်မဆိုသင့်သော အရာဖြစ်သည်၊ "ဂဇာကာရံ လိခေစ္စကြံ"အစရှိသော ယခင်မေတ္တာစာ ဆက်သွင်းအပ်သော သရဒ္ဒေကျမ်း၌ လာ သော ဂဇစကြ ငါးဂါထာအဓိပ္ပါယ်ကား....

အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော ဆင်ရုပ်သဏ္ဍာန် အရေးအသား စက်ကို ပြုပြီးလျှင် အဘိဇိနှင့်တကွ နက္ခတ်အဋ္ဌဝီသကို ဆင်ရုပ်အစဉ်ဖြင့် နှုတ်သီးမှ စ၍ ရေးသွတ်ရာ၏၊ ယင်းသို့ ရေးသွတ်ရာ၌လည်း အင်းစောက်ချ၍ ပြသည့်အတိုင်း နက္ခတ်တလုံးတလုံး၌ လေးပါဒ်လေးပါဒ် အားလျော်စွာ အက္ခရာလေးလုံးလေးလုံးစီ ယှဉ်သည်တွင် ဆင်၏ ဘွဲ့အမည် အစအက္ခရာဖြင့် မူအပ်သော နက္ခတ် တလုံးကို နှုတ်သီး၌ ရေးသွတ်ရာ၏၊ ၎င်းနက္ခတ်မှ နောက်ဖြစ်သောနက္ခတ်ကို အစမူ၍ နှစ်ဆဲ့ ရှစ်လုံးကုန်အောင် ဦးထိပ်, ဦးကင်း, မျက်စိ, ဦးခေါင်း, ခြေလေးဘက်, အမြီးတို့၌ နှစ်လုံးနှစ်လုံးစီ၊ ကျောက်, ဝမ်းတို့၌ လေးလုံးလေးလုံးစီ ရေးသွတ်ရာ၏၊ ယင်းသို့ ရေးသွတ်သည့်နက္ခတ်တို့တွင် အကြင်ဆင်၏ နှုတ်သီး, ဦးထိပ်, ဦးကင်း, ဦးခေါင်း, မျက်စိ,ဝမ်းတို့၌ ရေးသွတ်အပ်သော နက္ခတ်တို့ကို စနေစသော ပါပဂြိုဟ်တို့ စီးနင်း ခိုက် ကြိုက်လမူကား ယင်းသည်ဆင်ကို စီးနင်းဆောင်ရွက်ရာ၏၊ အကြင် ဆင်၏ အခြေလေးဘက်, ကျောက်,အမြီး,နားတို့၌ ရေးသွတ်အပ်သော နက္ခတ်တို့ကို စနေ စသော ပါပဂြိုဟ်တို့ စီးနင်းခိုက် ကြိုက်လမူကား ယင်းသည်ဆင်ကို မစီးနင်းမဆောင်

ရွက်ရာ ဆိုလိုသည်၊ (ဂါထာတို့ကိုကား အနက်နှင့်တကွ ရွှေလက်တော်ရောက် ဆက်သွင်းပြီး ဖြစ်သည်)။

အဘိဇိသည် မုချဆတ်ဆတ် နက္ခတ်အရေအတွက်သို့ မဝင်သော် နက္ခတ်သွင်းပုံ လည်း အဟောအပြောသင်စ နှိုင်း၍ သွင်းသင့်သောအရာ၌ နက္ခတ်သို့သွင်း၍ ဗေဒင်ကျမ်းတို့မှာ ရေတွက်သည်၊ ၎င်းနက္ခတ်ကို စနေစသော ဂြိုဟ်တို့ စီးနင်းသည်, မစီးနင်းသည်တို့မှာ ဥတ္တရာသဠ်နက္ခတ်၏ နောက်တပါဒ် သရဝဏ်နက္ခတ်၏ အစလေးဃဋီကို ရှုသဖြင့် သိရာသည်၊ စတုရပါဒ် နက္ခတ်အလျှောက် ရာသီစက်၌ နက္ခတ်ပြည့်ပြီးဖြစ်၍ထိုအဘိဇိနက္ခတ်၏ အသီးအခြား ယှဉ်ရန် ရာသီစက်မလပ်ပြီ ဖြစ်သည်၊ အပြစ်မရှိသော လောကီအရာသည် ဓမ္မဒေသနာသို့ သွင်းသည်။

ရှေးအလောင်းအလျာတို့ ပညာပါရမီကို ဖြည့်ထုံးလည်း ဖြစ်သည်ကို ကျမ်းဂန်ရှိသည်နှင့် အဆင့်ဆင့် ပါရမီတော်ပွားစေလို၍ အနက်သမ္ဗန် ပုံစံနှင့်တကွ သရဒွေ စသော လောကီကျမ်းတို့ကို ရွှေလက်တော်သို့ အစေ့အစုံ ဆက်သွင်းလိုပါသော်လည်း ခဲခက်သည်၊ ဂါထာဗန္ဓ ကျစ်လစ်သချာသည်ဖြစ်၍ မယိုမယွင်း မှန်ကန်အောင် မှီရန် အဖွင့် ဒီပနီ,ဋီကာ မစုံလင်သေးသောကြောင့် မဆက်မသွင်းဖြစ် ရှိပါသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## ရွှေဆင်ရှေ့ပ လျှူသင့် မလျှူသင့်

တကာတော် ရေမြေရှင် လျှောက်ပါသည် ဆရာတော်ဘုရား၊ ဝင်းတော်လေးမျက်နှာ ရွှေဆင် လုပ်ဆောင်၍ ရာဇမဏိစူဠာဘုရားရှင် လေးမျက်နှာမှာ ရှေးမင်းတို့ လက်ထက် လှူဒါန်းသည့်အရာသည် သတိုးမင်းဖျား,မင်းကြီးစွာစော်ကဲတို့ လက်ထက်များက မူလအစမဟုတ်၊ညောင်ရမ်းဆယ်ဆက်တွင် သာလွန်မင်းလက်ထက် ရာဇမဏိစူဠာကို တည်သည်နှင့် ၎င်းမင်းလက်ထက်တွင်စ၍ ဝါကျွတ် ရွှေဆင်လေးစီးကို ရာဇမဏိစူဠာဘုရားရှင် လေးမျက်နှာမှာ လှူဒါန်းရသည်၊၎င်းရွှေဆင်ကို လှည့်ပတ်ပြသ ရေစက်ချသည့်ကာလ က လူ ခုန်လူ တီးမှုတ်သူ သီချင်းသည်တို့ကိုလည်း ဆိုင်ရာဝင်းသားတို့တွင် အစဉ်ဖြစ်ရစ်စေ-သမုတ်ခဲ့၍ သားစဉ် မြေးဆက် အရိုးစွဲလမ်း ထမ်းရွက်ရ

သည်ကို စာတမ်း ပေတမ်းလည်းရှိသည်၊ အစဉ်သူဟောင်းတို့ စကားလည်း ရှိသည်အတိုင်း အရိုးစွဲလမ်းထမ်းရွက်ကြရသည်၊ ယခု ရွှေကွန်အုပ် ဘုရားရှင်မှာ ဖြစ်စေ, အောင်မြေလောက ဘုရားရှင်မှာဖြစ်စေ ရွှေဆင်လေးစီးကို လှူဒါန်းရလျှင် လောက ဝတ်ကြောင်း ဓမ္မဝတ်ကြောင်း သင့်မည် မသင့်မည်ကို ဆင်ခြင်တော်မူ၍ မေတ္တာစာ သွင်းတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅-ခု သီတင်းကျွတ်လဆန်း(၉)ရက် စနေနေ့ အမိန့်တော်နှင့် မဟာဒါန်ဝန် လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား —**

ရွှေဆင်အလှူတော်ကို အမိန့်တော်ရှိသည်မှာ.... "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" ဟူသည်နှင့်အညီ မိမိပိုင်ထိုက်သည့်ပစ္စည်းဝတ္ထုကို လှူဒါန်းရာ၌ စိတ်သာပဓာနဖြစ်၍ တပါးကို ရည်မှတ်ပြီးလျက် အခြားကို လှူဒါန်းသည်မှာ အဓမ္မိကဒါန (၉)ပါးသို့ သက်ဝင်မည်ဖြစ်သည်၊ မရည်မမှတ်သေးသော ပစ္စည်းဝတ္ထုကိုမူကား "ဝိစေယျ ဒါနံ ဒါတဗ္ဗံ"ဟူသည်နှင့်အညီ စိတ်ကြည်လင်ရာ ဆင်ခြင်ရွေးချယ်၍ လှူဒါန်းသော်လည်း အပြစ်မရှိဖြစ်သည်၊ ရှေးမင်းတို့ အစဉ်ဖြစ်စေ ထားခဲ့သည်မှာလည်း မိမိတို့ပိုင်ထိုက်သည့် ပစ္စည်းဝတ္ထုကို လှူဒါန်းခဲ့သည့်အရာမှာသာ မပျက် တည်သင့်မည်ဖြစ်သည်၊ ကုလပဝေဏီအားဖြင့် နောက်သားတို့၏ အလေ့အကျက်မျှသာ ဖြစ်၍ ရှေးထုံးစံ၌ တည်၍ ပင် လှူငြားသော်လည်း အလှူခံပုဂ္ဂိုလ် မြဲစွဲသင့်သည်သာ မဟုတ်၊ အပရိဟာနိယ တရား ခုနစ်ပါးဆိုရာ၌ ပဿမြနတ်တို့နှင့် ရတနာသုံးပါးအရာဖြစ်၍လည်း အလားတူလည်း မဆိုသင့်၊ သို့သောကြောင့် စိတ်တော်ရှိရာ ရွှေဆင်တော်များကို လှူဒါန်းတော်မူသော် သင့်သည်သာ ဖြစ်သည် သာသနဒါယကာ တရားမင်းမြတ်။

## မကိုဋ်သင်းကျစ်တော်

ယမန်နေ့ အထဲတော်မှာပြသည့် မကိုဋ်ပါသင်းကျစ်တော် သည် ကျမ်းဂန်နှင့် ညီညွတ် မှန်ကန်တော့မည်လော ဆရာ တော်ကို လျှောက်မေးစေ။

**၁၁၄၅-ခု တန်ဆောင်မုန်းလပြည့်ကျော်(၄)ရက်နေ့ အမိန့်တော်၊ ၎င်းအမိန့်တော်နှင့် ၎င်းလပြည့်ကျော်(၅)ရက်နေ့ မဟာဒါန်ဝန် ဘယနန္ဒသူကို စေ၍ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ယမန်နေ့ အထဲတော်မှာပြသည့် မကိုဋ်ပါသင်းကျစ်သည် ကျမ်းဂန်နှင့် ညီညွတ်မည်,မညီညွတ်မည် မေးတော်မူသည်မှာ ယုတ္တိ,အာဂုံ အကြောင်းနှစ်ပါးကို ထောက်သော် ညီညွတ်လှတော့သည်၊အဘယ်သို့ ယုတ္တိကို ထောက်ရာသနည်း ဟူမူကား.... မင်းအဆက်ဆက် သင်းကျစ်ဖြစ်သည်ကား—

မဟာပုရိသဿဟိ ဣမံ လက္ခဏံ ဒိသွာ ရာဇူနံ ဥဏှိဿပဋ္ဋံ အကံသု။

ဟူသည်နှင့်အညီ ဘုရားလောင်းစကြာမင်းတို့၏ လကျ်ာနားပန်မှ လက်ဝဲနားပန်တိုင် နဖူးပြင်ကို ပြည့်စေလျက် တက်သောအသားလွှာရှိခြင်း တည်းဟူသော ဥဏှိဿလက္ခဏာကိုစွဲ၍ မင်းတို့မှာ သင်းကျစ်ပုံ၍ ဆောင်ကုန်သည်၊ ယင်းသို့ ဆောင်ကုန်သော်လည်း ဥဏှိဿလက္ခဏာစစ် သင်းကျစ်နှင့် မယှဉ်းမကွဲအောင် အသားလွှာကို အတုပုံ၍ ဆောင်ကြသည် မဟုတ်၊ ရွှေပြား,ကျောက်, သံ ကိုသာ အတုသင်းကျစ်အဖြစ်ဖြင့် ဆောင်ကြသည်၊ ထိုကဲ့သို့ မကိုဋ်ရွှေပန်းနှင့် တကွ ဆောင်သော်လည်း သင်းကျစ်အတု ဆောင်သည်ပင် မည်သည်၊ နဖူးပြင်ကို လွှမ်းသော ရွှေပြားပါသည်, မပါသည်မှာသာ အကြောင်းဖြစ်သည်၊ တကြောင်းလည်း ဘုရားလောင်းစကြာမင်းတို့မှာ ပကတိသင်းကျစ်တွင် ရွှေပန်းမကိုဋ် ဆင်သည်နှင့် မကိုဋ်ပါ သင်းကျစ် ဆင်ခြင်းသည် အတူဖြစ်၍ တော်လျော်လှတော့သည်။

အဘယ်သို့ အာဂုံထောက်ရသနည်းဟူမူကား....အယောဃရဇာတ်၌ ခမည်းတော်ဗြဟ္မဒတ်မင်းသည် အယောဃရမင်းသားကို မင်းမြှောက်ဘိစေသည့်စကားတွင်—

ကဥ္စနမာလဥ္စ ခရေတွာ သေတစ္ဆတ္တံ ဥဿာပေထ။

ဟူ၍ မကိုဋ်ရွှေပန်းနှင့်တကွ သင်းကျစ်ကိုရည်၍'ကဥ္စနမာလံ'ဆိုသည်၊ဗာရာဏသီပြည်၌ သံယမမည်သောမင်းသည် ဘုရားလောင်း ဟသ်ာမင်းအား တရားစကား၌ကြည်ညို၍ ပြည်ဖြင့် ပူဇော်သည်ကို ဆိုရာဖြစ်သော မဟာဟံသဇာတ်၌လည်း—

ကဥ္စနမာလေန သေတစ္ဆတ္တေန စ သဒ္ဓိံ ဒွါဒသယောဇနိကေ ဗာရာဏသိ နဂရေ ရဇ္ဇံ။

ဟူ၍ မကိုဋ်ပါ သင်းကျစ်ကိုရည်၍ ကဥ္စနမာလသဒ္ဒါဖြင့် ဆိုလေသည်၊မကိုဋ်သည်လည်း သကြည်အသေးအဖွဲ့နှင့် တကွဖြစ်၍ မာလသဒ္ဒါ၏ အရ ပန်းအဝင်ပင် ဖြစ်သည်။

ဤသို့ ယုတ္တိ,အာဂုံ အကြောင်းနှစ်ပါးကိုထောက်သော် မကိုဋ်ပါ သင်းကျစ်တော် ကျမ်းဂန်နှင့် ညီညွတ်လှတော့သည် တရားမင်းမြတ်။

## ဆရာတော်သီတင်းသုံးရန်ကျောင်း

ဆရာတော်မှာ ပိဋကတ်တိုက်၌ စောင့်မ၍ သီတင်းသုံးနေတော်မူရန်, ထာဝရတိုက်ကြီး တာကြီးတည်၍ သီတင်းသုံးနေရန် နှစ်ရပ်ရှိမှ သင့်မည်၊ ပိဋကတ်တိုက်မှာ တိုက်ကြီးတာကြီး မတည်လောက် ဖြစ်သည်၊ မည်သည့်အရပ်မှာ သီတင်းသုံးနေလိုသော နှလုံးတော်ရှိမည် လျှောက်မေးစေ။

၁၁၄၅-ခု တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်နေ့ မင်းကျော်ရွှေတောင်ကို စေတော်မူ၍ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—

ဘုရားမြတ်စွာ သာသနာတော်ကို ပြုစုတော်မူထိုက်သော တရားမင်းမြတ်၏ သာသနာတော်ကို ပြုစုတော်မူခြင်း၌ အပင်းအသင်း ဖြစ်ထိုက်သော ရှေးကရှိသည်နှင့် ပိဋကတ်ကိစ္စကို စောင့်မ၍ ရွှေမြို့တော်တွင် သီတင်းသုံးနေရသည်မှာ "ယာတာနုယာယီစ ဘဝါဟိ"အစရှိသည်ဖြင့် ဝိဓုရဇာတ်လာ သာဓုနရဓမ္မလေးပါးကို နှလုံးထား၍ တရားမင်းမြတ်၏ သာသနာတော်အား များသောကျေးဇူးတော်ကို ထောက်သဖြင့် အထူးမေတ္တာစာ မသွင်းဖြစ် ရှိပါသည်။

ယခုမှာ အမိန့်တော်ရှိတိုင်း ရွှေမြို့တော်မှာ နေရသည်ဖြစ်လျှင် အရွန့်ရှည်စွာ သာသနာတော်တည်ရာ ရာဇဓာနီဖြစ်လမည်၊ ရွှေပြည်တော်ဖြစ်၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်းတိုက် ကန်တိုက်ဖြစ်လျှင် နောက်နောက်သံဃာတို့ အရှည်သီတင်းသုံးရာဖြစ်မည်ကို အကြောင်းပြု၍ ရွှေမြို့တော်မှ ကုပ်လုပ်လေး အတာငါးရာခန့် ကွာသော အရပ်ကို စီစစ်၍ နေရသော် သင့်ပါမည် သာသနဒါယကာ တရားမင်းမြတ်။

---

## ဘံဆိပ် နာမံတော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သက္ကရာဇ် ၁၁၄၆-ခု နယုန်လဆန်း(၁၅)ရက်နေ့ ခတ္တိယာဘိသေကဖြစ်သော မုဒ္ဓါဘိသေက ခံတော်မူမည်မှာ ၁၁၄၅-ခု

ခံတော်မူသော တံဆိပ်နာမံတော်သည် သီရိပဝရ တိလောက ပဏ္ဍိတ မဟာဓမ္မရာဇာ ဟူ၍ တဆဲ့ခုနစ်လုံးသော အက္ခရာတို့ဖြင့် ခံတော်မူသည်၊ ရှေးမင်းတို့လက်ထက်လည်း တံဆိပ်နာမံတော် ထပ်၍ခံတော်မူလျှင် ခံရင်းနာမံတော်တွင် ပုဒ်နေ ပါဠိထား ဂိုဏ်းတော်သင့်အောင် အက္ခရာတိုးပွား၍ ခံတော်မူကြသော ထုံးစံ,တံဆိပ်နာမံတော် အသစ်လဲပြောင်း၍ ခံတော်မူကြသောထုံးစံရှိရာတွင် ယခု တံဆိပ်နာမံတော် ခံတော်မူမည်မှာ တံဆိပ်နာမံတော်ရင်းတွင်အက္ခရာတိုးပွား၍ခံတော်မူသင့်မည်၊ တံဆိပ်နာမံတော်အသီးအခြား တော်သင့်အောင် တွက်ချက်ရွေးချယ်၍ ခံတော်မူသင့်မည်၊ တံဆိပ်နာမံတော်ရင်းတွင် အက္ခရာတိုးပွား၍ ခံတော်မူသင့်လျှင်လည်း တိုးပွားသင့်သည် အလျောက် တံဆိပ်နာမံတော် အသီးအခြား ခံတော်မူသင့်လျှင်လည်း ခံတော်မူသင့်သည်အလျောက် တွက်ချက်ရွေးချယ် တော်မူမည့် အကြောင်းနှင့် အတွင်းဝန်တို့က ဆရာတော်ကို လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ရွက်ရသည့် အတိုင်း မင်းဧကရာဇ် တံဆိပ်နာမံတော်, နန်းမတော်ဖုရားမှစ၍ မင်းမိဖုရားကြီး, သမီးတော်ဖုရားတို့ တံဆိပ်နာမံတော်များနှင့် မဟာဒါန်ဝန်ကို စေ၍ လျှောက်ပါသည် သိတော်မူသာအောင် ရွေးချယ်၍ မိန့်တော်မူပါ ဆရာတော်ဘုရား။

၁၁၄၅–ခု နတ္တော်လပြည့်ကျော် (၁၃)ရက်နေ့ မဟာဒါန်ဝန် လျှောက်လာသည်တွင် အမိန့်တော်ရှိလိုက်သည်ကား—

အသခ္ချေယျာနိ နာမာနိ၊သဂုဏေန မဟေသိနော။
ဂုဏေန နာမံ ဥဒ္ဓေယျ၊အပိနာမ သဟဿတော။

ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့်အညီ မရေတွက်နိုင်သော ပါရမီတော်ကြောင့် ရအပ်သော မနိုင်းယှဉ်နိုင်သောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ နာမံတံဆိပ်တော်ကို ကျေးဇူးတော်, ဂုဏ်တော်အလျောက် ဆိုသည် ရှိသော် အထောင်ကျော်သဖြင့်ပင်လည်း မရေတွက်နိုင် ဆိုရာသကဲ့သို့လည်းကောင်း။

သက္ကော မဟာလိဒေဝါနုမိန္ဒော ပုဗ္ဗေ မနုဿဘူတော သမာနော မာ ဃောနာမ မာဏဝေါ အဟောသိ၊ တသ္မာ မာဃဝါတိ ဝုစ္စတိ။

အစရှိသော သံယုတ်ဒေသနာတော်နှင့်အညီ မစလရွာ၌ မာဃ မည်သောသူ ဖြစ်ဘူး၍ **မာဃဝ**မည်သည်၊ အလှူရှေးဦး ပေးဘူး၍ **ပုရိန္ဒ**မည်သည်၊ ရိုသေလေး မြတ်စွာ ဒါနပြုခဲ့ဘူး၍ **သက္က**မည်သည်၊ ကျောင်း, အိပ်ရာ, နေရာ ပေးလှူခဲ့ဘူး၍ **ဝါသဝ**မည်သည်၊ တမုဟုတ်ကာလဖြင့်လည်း တထောင်မျှလောက်သော အနက်ကို ကြံနိုင်သည်ဖြစ်၍ **သဟဿနေတ္တ** မည်သည်၊ ဤသို့ စသည်ဖြင့် သိကြားအမည်ကို အထူးထူးဆိုရာသကဲ့သို့လည်းကောင်း, ရှေးပါရမီတော်အလျောက် တိုင်းကြီး နိုင်ငံ ကြီးကို စောင့်ရှောက် သိမ်းပကား၍ ဆယ်ပါးသောရာဇဓမ်နှင့် ပြည့်စုံပေသော တရား မင်းမြတ်၏ တံဆိပ်နာမံတော်ကို ဂုဏ်တော်နှင့်ညီအောင် ဖွဲ့ဆိုသည်ရှိသော် ဆိုတိုင်း ပင် သင့်ပေသည်သာ၊ ဆိုစွမ်းသော ပညာရှိ၏ အစွမ်းမှာသာ အကြောင်းဖြစ်သည်၊ ကျေးဇူးဂုဏ် မရှိသည့် သူတို့မှာသာ ဆိုပါသော်လည်း ဆိုရာမရောက် ဖြစ်သည်၊ ထို့ကြောင့်—

ဘုရားမြတ်စွာသည် သာဝတ္ထိမြို့သို့ ဝင်တော်မူသည်ရှိသော် အရိယ မည် သော ငါးမျှားချိတ်သည်ကို တွေ့၍ အမည်ကို မေးတော်မူသဖြင့် အရိယမည် ကြောင်းကို လျှောက်ရာတွင် သင်နှင့် သည်အမည်နှင့် မတန်ဟု မိန့်တော် မူဘူးလေသည်။

ယင်းသို့ ဂုဏ်ကျေးဇူး ထူးသော ကေရာဇ်မင်းမြတ်၏ တံဆိပ်နာမံတော် ဆိုတိုင်း သင့်သော်လည်း သုတမင်္ဂလာမြောက်အောင် ဆန်းနည်း, အလင်္ကာနည်း, သဒ္ဒါနည်း,အတ္ထနည်း,ဗေဒင်နည်း ငါးပါးနှင့် ညီညွတ်စွာ ဆိုနိုင်မှ ကေရာဇ်မင်းမြတ် နှင့် ထိုက်တန်သည်, ပညာရှိတို့ ချီးမွမ်းအပ်သည် ဖြစ်သည်၊ ယင်းသို့ နည်းငါးပါးနှင့် ညီညွတ်စွာ ဖွဲ့ဆိုရာတွင်လည်း အသစ်နာမံ ခံတော်မူသော် ရှေးရှေးသော ဘေး လောင်းတော်တို့မှာ တံဆိပ်တော်ရင်းတွင် ဆင့်ကာသာ ခံတော်မူသည် များသည် ဖြစ်၍ တံဆိပ်နာမံတော်ရင်းကိုလည်း အလျှင်း မပယ်သင့် ဖြစ်သည်၊ ယင်းသို့ မပယ်၍ နာမံတော် မပြုတ်သည်ကိုလည်း လောကအရာမှာ မင်္ဂလာတပါးပင် ဆိုရမည်ဖြစ် သည်၊ ဓမ္မာသောကမင်းကို ဆိုရာမှာလည်း—

အနာဂတေ ပိယဒါသောနာမ ကုမာရော ဆတ္တံ ဥဿာပေတွာ အသော ကောနာမ ဓမ္မရာဇာ ဘဝိဿတိ။

ဟူ၍ ငယ်မည်ဖြင့် ပိယဒါသ တွင်သည်၊ မင်းပြုသောခါ 'အသောက' ဟူသော နာမံတံဆိပ်ကို ခံသည် ဟု သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာတွင် ဆိုသည်။

စဏ္ဍာသောကောတိ ဉာယိတ္ထ၊ ပုဗ္ဗေ ပါပေန ကမ္မုနာ။
ဓမ္မာသောကောတိ ဉာယိတ္ထ၊ ပစ္ဆာ ပုညေန ကမ္မုနာ။

ဟူ၍ငင်း အသောကဟူသော နာမံရင်းတွင် ကြမ်းထမ်း ရန့်ရင်းသည်ကာလ 'စဏ္ဍာသောက'တွင်သည်၊ ကောင်းမှုကုသိုလ်၌ လေ့လာသိမ်မွေ့သည်ကာလ ဓမ္မာသောကဟု တွင်သည်ကို မဟာဝင်၌ ဆိုသည်၊ယင်းသို့ဖြစ်၍ ရှေ့, နောက် နာမံတံဆိပ်ကို သင့်ရာစပ်၍ ရွေးချယ်စီဖွဲ့ သွင်းအပ်သော **သိရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ** ဟူသော ဘွဲ့တံဆိပ်နာမံတော်၌—

**ဆန်းနည်းနှင့် သင့်တင့်စွာ ယှဉ်ဟန်ကား....**'သဗ္ဗဂလာမနာ'စသော် သာသနာတော် ဆန်းကျမ်း, ဆန္ဒောမဉ္စရီလောကီဆန်းကျမ်းနှင့်အညီ မ, န, ဘ, ယ, ဇ, သ, ရ, တ ဟူ၍ ဂိုဏ်းရှစ်ပါး၊ "ကေမတ္တဂဏော ကသညော" စသော ဆန္ဒောဝိစိတိ ဆန္ဒောနုသာသနကျမ်းနှင့်အညီ က, ဒ, တ, စ, ပ, ဆ ဟူသော ဂိုဏ်းနှင့် တကွ ဂိုဏ်းတဆဲ့လေးပါးတို့တွင် မတြာဝုတ္တ် အရာမဟုတ်သောကြောင့် ဝဏ္ဏဝုတ္တ်နည်းဖြင့်စစ်သော် ပဌမ ဘဂိုဏ်း, ဒုတိယနဂိုဏ်း, တတိယ ယဂိုဏ်း, စတုတ္ထနဂိုဏ်း, ပဉ္စမ နဂိုဏ်း, ဆဋ္ဌမ မဂိုဏ်း, သတ္တမ နဂိုဏ်း, အဋ္ဌမ ဘဂိုဏ်း, နဝမ ယဂိုဏ်း, ဒသမ ယဂိုဏ်း, ဧကာဒသမ ယဂိုဏ်းဖြစ်၍ မဂိုဏ်း ၁, ဘဂိုဏ်း ၂, နဂိုဏ်း ၄, ယဂိုဏ်း ၄ အားဖြင့် ဣဋ္ဌဖလလေးဂိုဏ်းသာ ယှဉ်သည်၊ တစုံတခု အနိဋ္ဌဖလဂိုဏ်း မပါ၊ ဂိုဏ်းစောင့်နတ်ကို ထောက်သော်လည်း နေ့ နံတော် အလျောက် စဉ်နတ်သားဂိုဏ်းကို အစတည်၍ ဘုမ္မိဂဏ, သက္ကဂဏ, စန္ဒဂဏ, အဗ္ဗဂဏ အားဖြင့် ဂိုဏ်းလေးပါး ကောင်းစွာ ယှဉ်သည်၊ဂိုဏ်းယှဉ်နက္ခတ်ကို ထောက်သော်လည်း လာဘစုတ်ရသော မိဂသီနက္ခတ်, အမြိတ္တစုတ်ရသော ဘရဏီနက္ခတ်, ဝရစုတ်ရသော သတ္တဗိသျှ ဇေဋ္ဌနက္ခတ်တို့နှင့် ကောင်းစွာ ယှဉ်သည်၊ ဂိုဏ်းအာနိသင်ကို ထောက်သော်လည်း ဘုမ္မိဂိုဏ်းဖြင့် ချမ်းသာ အထူး ပွားများမည်၊ သက္ကဂိုဏ်းဖြင့် အရပ်ဌာနနှင့် မကွေမကွာ ရှိမည်၊ စန္ဒဂိုဏ်းဖြင့် အကျိုးအသစ်ရောက်မည်၊ အဗ္ဗဂိုဏ်းဖြင့် မီးဘေး လွတ်ငြိမ်းမည် ဖြစ်သည်၊ ဆန်း ငှိုကာတို့၌ လာသောကြောင့် ကောင်းမွန် သင့်တင့်သည်၊ ဌာနမှာလည်း အစစွာ ခတ္တိယဝံသဌာနနှင့် ယှဉ်သည်၊ အဝတ္ထာန်မှာလည်း အစစွာ ကုမာရအဝတ္ထာန်နှင့် ယှဉ်သည်ဖြစ်၍ သင့်မြတ်သည်။

**အလင်္ကာနည်းဖြင့် တင့်တယ်စွာယှဉ်ဟန်ကား....**"ပသာဒေါဇော မဓုရတာ" စသော သုဗောဓာလင်္ကာရကျမ်း, ဒဏ္ဍီကျမ်းနှင့် အညီ ပသာဒါလင်္ကာရ, ဩဇာ လင်္ကာရ စသော သဒ္ဒါလင်္ကာရဆယ်ပါး "အတ္ထာတိသယ ဥပမာ၊ ရူပကာ ဝုတ္တိ ဒီပကံ" စသော ၎င်းကျမ်းနှင့်အညီ အတိသယာလင်္ကာရ, ဥပမာ လင်္ကာရ စသော အတ္ထာလင်္ကာရ သုံးဆဲ့ငါးပါး ရှိသည်တွင် မဝေးသော အစပ်ရှိသည့်, ထင်သောအနက် ရှိသည်ဖြစ်၍ ပသာဒါလင်္ကာရနှင့် လည်း ကောင်း, သမာသ်ပုဒ် တခဲနက်သာ စုဝေးရာဖြစ်၍ ဩဇာလင်္ကာရနှင့်လည်း ကောင်း ဤသို့ စသောသဒ္ဒါလင်္ကာရနှင့်လည်း ယှဉ်သည်၊ တရားမင်းမြတ်၏ အလွန်သော ဂုဏ်အထူးကို ပြရာဖြစ်၍ အတိသယာလင်္ကာရနှင့် လည်း ကောင်း, အဒိတျာဓိပတိသဒ္ဒါဖြင့် ယှုအပ်သော ဥပမာအနက်ရှိသည်ဖြစ်၍ ဥပမာလင်္ကာရဖြင့်လည်းကောင်း ဤသို့ စသော အတ္ထာလင်္ကာရနှင့်လည်း ယှဉ်သည်။

**သဒ္ဒါနည်းနှင့် သင့်တင့်စွာယှဉ်ဟန်ကား....**တစုံတခု ဓာတ်, ပစ္စည်း, သမာသ်, ပုဒ်, နက် အဖောက်အပြန်မရှိ၊ သိရီ ဟူသောပုဒ်၌ နာမအက္ခရာဖြစ်၍ ဝါစာသိလိဋ္ဌ အလိုင်္ဂါ သိရီဟု ယှုအပ်လျက် သိရီဟု ပုဒ်ပြီးစေသဖြင့် ပြေပြစ်သိမ်မွေ့သည်၊ တြိသဒ္ဒါ, အာဒိတျာသဒ္ဒါတို့နှင့်ယှဉ်၍ မာဂဓ, သက္ကတနှစ်ပါး စုံလင်စွာ ရှေး မင်းမြတ်တို့ တံဆိပ်နာမံတော်ကဲ့သို့ ဖွဲ့စီသည်၊ "ပရေပါဒါဒိ သံယောဂေ" စသော ဂါထာနှင့်အညီ "ဝိမှယ ဇနနီသညတကြိယာ" ဟူသော ပြယုဂ်မှာ ကဲ့သို့ တြိသဒ္ဒါနှောင်းရာ၌ ယသဒ္ဒါကို ဂရုမဖြစ်စေဘဲ ခဲခက်စွာ ဖွဲ့စီသည်။

**အတ္ထနယနှင့် သင့်တင့်စွာ ယှဉ်ဟန်ကား....**'သိရီတိ ပညာပုညာနံ အဓိဝစနန္တိ ဝဒန္တိ' စသော မူလဋီကာနှင့် အညီ သိရီသဒ္ဒါဖြင့် အဋ္ဌာရသ သိပ္ပ၌ ကျွမ်းကျင် မြော်မြင်သောပညာ, ရှေးကာလ ဆည်းပူးတော်မူခဲ့သော ပါရမီပုည, တင့် တယ်လှသော အဆင်းအဝါစသည်နှင့် ပြည့်စုံတော်မူခြင်းအနက်ကို ပြသည်၊ ပဝရသဒ္ဒါဖြင့် ရာဇဓမ္မဆယ်ပါး, စက္ကဝတ္တိဓမ္မဆယ်ပါး စသော တရားအကျင့် ဖြင့် မြတ်သောအနက်ကို ပြသည်၊ ဝိဇယသဒ္ဒါဖြင့် တရားနှင့်လျော်စွာ ရန် မာန်တကာတို့ကို နှိပ်နင်းအောင်မြင်ခြင်းအနက်ကို ပြသည်၊ အနန္တယသ သဒ္ဒါဖြင့် တမ္ဗဒီပတိုင်းမအချာ မဟာနဂရ ရာဇဓာနီ အမရပုရနေပြည်တော် အမှူးအကဲရှိသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများအရှင် အထူးထူး သော သဝိညာဏက, အဝိညာဏက ရတနာအပေါင်းတို့၏ သခင်ဖြစ်၍ ရေ တွက်မဆုံးသော အခြံအရံ အကျော်အစောရှိခြင်း ပရိဝါရသိလောကသမ္ပတ္တိ

အနက်ကို ပြသည်၊ တြိဘဝနာဒိတျာဓိပတိသဒ္ဒါဖြင့် "ရတြပါဏေန သုဒ္ဓေါ ဒနော သုဒ္ဓေါဒနေ ဗုဒ္ဓါဒိတျော၀ံ သူရိယ၀ံသော နိဗ္ဗတ္တတေ"ဟူသော နရ သီဟပုရာဏ်ကျမ်း, ဗောဓိဝင်ဋီကာကျမ်းတို့နှင့်အညီ အာဒိစ္စဝံသ, စန္ဒြဝံသ အားဖြင့် နှစ်ပါးသောမင်းနွယ်တို့တွင် နေမျိုးမြတ်စွာ အာဒိစ္စဝံသဖြစ်သော သာကီဝင်မင်းမျိုး တကောင်းရိုးမှ လာသော မင်းမြတ်တကာတို့ စံရာဌာန, ဒေသစသည့် ပြည်ကြီးများသခင်ဖြစ်၍ ရာဇဝင်စစ်စွာ အာဒိစ္စနေမျိုး နေမင်း ရိုးဖြစ်တော်မူသောအနက်ကို ပြသည်၊ ပဏ္ဍိတသဒ္ဒါဖြင့်—

ဒိဋ္ဌေဓမ္မေ စ ယော အတ္ထော၊ ယောစတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓိရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

ဟု လာသော ဒေသနာတော်နှင့်အညီ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ကိုယ်တော်စီးပွား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်ပြန့်အံ့သော စီးပွား, သာသနာ တော်စီးပွားကို များစေနိုင်သောပညာ, သမ္ပာသမ္ဘော်အဆုံးရှိသော တမလွန်အစီး အပွားကို များစေနိုင်သောပညာနှင့် ပြည့်စုံတော်မူခြင်းအနက်ကို ပြသည်၊ မဟာ ဓမ္မရာဇသဒ္ဒါဖြင့်—

ဝိနိစ္ဆယ ပဝေဏိ သုစရိတဓမ္မေ ရောစေတီတိ ဓမ္မရုစိ—ဟူ၍ ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတ်အဋ္ဌကထာတွင် ဓမ္မရုစိသဒ္ဒါ၏ အနက်ကို ဖွင့်ရာ၌ကဲ့သို့ ဘေးလောင်း တော် အဆက်ဆက်မှ လာသည့် ဓမ္မသတ်, ရာဇသတ်ဖြစ်သော ထုံးပဝေဏီကို မပျောက်ပစေမူ၍ အပရိဟာနိယဓမ္မကို ဖြည့်သော မင်းဟူသောအနက်ကို ပြသည်၊ အဓိရာဇသဒ္ဒါဖြင့် ယခုအခါ ကျွန်းတကာတို့၏ အချုပ်အချာ ဇမ္ဗူဒီပါကျွန်းအပြင်၌ သာသနာတော်စီးပွား တိုင်းကားနိုင်ငံသူတို့၏ စီးပွားကို ဆောင်ရွက်တော်မူခြင်း ဖြင့် မင်းတကာတို့ထက် လွန်ကျူးထူးမြတ်သော မင်းဟူသောအနက်ကို ပြသည်။

သဒ္ဒနယ, အတ္ထနယကို အကျယ်ဆိုသော်ကား....အင်္ဂါနှစ်ဆယ်, သုံးဆယ်ခန့် လောက် ရောက်သော်လည်း ကုန်နိုင်မည်မထင်၊ ဆိုသောသူ၏ ဉာဏ်မှာသာ အ ကြောင်းဖြစ်သည်။

ဗေဒင်နည်းနှင့် သင့်တင့်စွာ ယှဉ်ဟန်ကား—

ကတ္တိကာဒိနိ ဘာနျတြ၊ ပါဒဝဏ္ဏက္ကမေန တု။
သာဘိဇိ ဝိညသေ သဗ္ဗေ၊ အဋ္ဌဝီသတိ သခ်ျယာ။

ဟူသော သရဒွေကျမ်းလာ ဂါထာနှင့်အညီ အဘိဓါန်နှင့်တကွ နက္ခတ်အဋ္ဌဗီသတွင် လေးပါဒ၌ အက္ခရာလေးလုံးစီယှဉ်၍ အက္ခရာဖြင့် နက္ခတ်ကိုယူ၍ တံဆိပ်နာမံ ဖွဲ့ရာ သည်ဖြစ်၍ နာမံတော်အစ၌ သအက္ခရာဖြင့် မူလနက္ခတ်ကို ရသည်၊ ၎င်းမူလနက္ခတ် သည် တဆဲ့ကိုးလုံးမြောက်ဖြစ်၍ လာဘစုတ်အယှဉ်ဖြစ်ရကား ကောင်းမြတ် သင့် တင့်သည်၊ ဂြိုဟ်နံအက္ခရာ ပေါင်း စားသော် နံရင်းရံသည် စန္ဒြာ, သောရီ ချ၍ ရှုသော် အထက်သို့ တက်သည်။

တတော အာသနေ့ာပရိ ဉပမိဿ သုဝဏ္ဏံ ပတြေနာမံ လိက္ခိတွာ။

စသည်ဖြင့် ရာဇာဘိသေကကျမ်း၌ လာသည်နှင့်အညီ အဘိသိက်ခံသော မင်းမြတ် တို့မှာ သုတမင်္ဂလာဖြစ်အောင် တံဆိပ်နာမံတော် ခံမြဲဖြစ်၍ လောကီအရာနှင့် လျော် စွာ သုတမင်္ဂလာဖြစ်စေခြင်းငှါ သဒ္ဒါနည်း, ဆန်းနည်းစသော နည်းငါးပါးတို့ဖြင့် သင့်တင့်၍ တစိုးတစိမျှ အပြစ်မရှိစေပဲ သုံးဆဲ့သုံးလုံးသော အက္ခရာတို့ဖြင့် နာမံ တံဆိပ်တော်ကို ရွေးချယ်သည်၊ အချို့ဇာတ်နိပါတ်မှာ အမည်သည်ာပဓာနမဟုတ် ဟောတော်မူသည်မှာလည်း သာသနာတော်ရေးသာ ဖြစ်သည်၊ လောကီအရာသို့ လိုက်၍လည်း ဝေဿန္တရာဇာတ် စသည်မှာ —

ဝေဿန္တရော တံ ပါလေတူတိ အာဒိနိ မင်္ဂလာနိ ဝဒိံသု။

ဟူ၍ လောကမင်္ဂလာကို လာသောကြောင့် ရွေးချယ်စီစစ်သင့်သည်ဖြစ်၍ သင့် တင့် တော်လျော်အောင် ရွေးချယ်စီစစ် ဖွဲ့စီ ဆက်သွင်းသည် သာသနဒါယကာ တရားမင်းမြတ်။

# ဆန်းနည်းရွေးပုံ ဇယား

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| သီရိပ | ဝရဇိ | ဇယာန | ဋ္ဌယသ | တြိဘဝ | နာဒိတျာ | ဓိပတိ | ပဏ္ဍိတ | မဟာဓ | မ္မရာဇာ | ဓိရာဇာ |
| လနတ် | သိကြား | တိမ်နတ် | သိကြား | သိကြား | ဘုမ္မစိုး | သိကြား | လနတ် | တိမ်နတ် | တိမ်နတ် | တိမ်နတ် |
| မိဂသီ | ဘရဏီ | သတ္တဘိသျှ | ဘရဏီ | ဘရဏီ | ဇေဋ္ဌ | ဘရဏီ | မိဂသီ | သတ္တဘိသျှ | သတ္တဘိသျှ | သတ္တဘိသျှ |
| လာဘစုတ် | အမြိတ္တစုတ် | ဝရစုတ် | အမြိတ္တစုတ် | အမြိတ္တစုတ် | ဝရစုတ် | အမြိတ္တစုတ် | လာဘစုတ် | ဝရစုတ် | ဝရစုတ် | ဝရစုတ် |

သုတမင်္ဂလာ အရာဖြစ်၍ ဆန်း,အလင်္ကာ,သဒ္ဒါ,အနက်,ဗေဒင်ထွက်သည်နှင့် သင့်တင့်အောင် ဖွဲ့စီနိုင်သည်ဖြစ်လျှင် အရှည်အလံပင် သင့်မည်ဖြစ်၍ ရှည်လ်စွာ ရွေးချယ်စီဖွဲ့သည်။

**"သီရိပ၊ဝရတြိ၊ဘဝန၊အတုလ၊ဝိဇယ၊ပဏ္ဍိတ၊မဟာဓမ္မရာဇာ"** ဟံဆိပ်နာမံတော် နှစ်ရပ်ဤမှာ မတိုမရှည် ဖွဲ့စီသည့် နာမံတော်။

# သဥ္ဇာလီ နေရာတော်

## သဥ္ဇာလီနေရာတော် အကြောင်းအရာကို လျှောက်ချေ။

**၁၁၄၅-ခု တပို့တွဲလဆန်း(၅)ရက်နေ့တွင် တောင်ဘက်တိုက်ဝန် တလုပ်မြို့စား မင်းကျော်ရွှေတောင်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သဥ္ဇာလီနေရာတော်မှာ မြို့ဆိုသည်-မင်္ဂလာဆိုသည်၊ သဉ်ဆိုသည်မှာ ထင်ရှားသည်ကို ဆိုသည်၊ ရှေးစကားဟောင်းဖြစ်သည်၊ ဇာလီမှာ မဂဓရာဇ်တိုင်းသားတို့စကားဖြစ်သည်၊ မြန်မာပြန်လျှင် ထွန်းပသည် ဆိုသည်၊ ဇာလကို ပွတ်တိုင်လည်း ဆိုသည်၊ မြန်မာ ရှေးသူဟောင်းစကားနှင့် မဂဓရာဇ်တိုင်းသားတို့စကား ဘက်တွဲခေါ်ဝေါ်သည် ယူရန်ရှိသည်၊ ထင်ရှား ထွန်းပသည့်နေရာ, ထင်ရှားသည့်ပွတ်တိုင်နေရာ ဆိုလိုသည်၊ ပညာရှိတို့ စပ်ဆိုသည်မှာလည်း—

“ ချမ်းသာဆော်စဉ်၊ စိတ်တိုင်းရှဉ်သည်၊ မြို့သဉ်မည်သာ ”ဟူ၍ စပ်ဆိုလေသည်။

ပညာရှိတို့ ဝိဂ္ဂြိုဟ်ဝစနတ္ထ ကြံသည်မှာ....သုဋ္ဌု ဇလတီတိ သဥ္ဇာလီ—ယံ၊ အကြင်နေရာသည်။သုဋ္ဌု၊ကောင်းစွာ။ဇလတိ၊ထွန်းပတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကောင်းစွာ ထွန်းပတတ်သော သတ္တိကြောင့်။ တံ၊ ထိုနေရာသည်။ သဥ္ဇာလီနာမ၊ သဥ္ဇာလီမည်၏။

**တနည်းကား**....သမ္မာ ဇာလော တေဿာတိ သဥ္ဇာလီ—တေဿ၊ထိုနေရာအား။ သမ္မာ၊ကောင်းစွာ။ဇာလော၊ရွှေကွန်ရက်စသည်ဖြင့် ရစ်ယှက်ကာရံခြင်းသည်။အတ္ထိ၊ ရှိ၏။ဣတိတသ္မာ၊ထိုသို့ ကောင်းစွာရွှေကွန်ရက်စသည်ဖြင့် ရစ်ယှက်ကာရံခြင်းရှိသည်၏ သတ္တိကြောင့်။သော၊ထိုနေရာသည်။သဥ္ဇာလီ၊သဥ္ဇာလီမည်၏။

**အဓိပ္ပါယ်ကား**....ထိုသို့ ဝိဂ္ဂြိုဟ်ဝစနတ္ထကြံသည်နှင့်အညီ သဥ္ဇာလီသည် ကောင်းစွာ ထွန်းပတတ်သော နေရာ,ကောင်းစွာရွှေကွန်ရက်စသည်ဖြင့် ရစ်ယှက်ကာရံသည့်နေရာကို ဆိုလိုသည်။

**သဥ္ဇာလီလက်တင် အုံးမှီလက်ရန်းပေါက်ကိုလည်း** ရွှေကွန်ရက်ထည့်ရန် ရှိသည်၊ **လုပ်ခွင့်လည်း** တင့်တယ်လျှောက်ပတ်တော်လျော်သည်ပင်ဖြစ်သည် ဆိုကြကုန်သည်၊

**တနည်းမှာလည်း**....သုမေဓကထာ၌ ဝိရဠမဠ္ဌသဒ္ဒါကို သဋ္ဌာလီညောင်စောင်း ဟူ၍ ရှေးဆရာတို့ မြန်မာပြန်ကုန်သည်၊ ကြိမ်မျက်ကွက်နေရာ၌ ခက်သော ညောင်စောင်း ဟူ၍လည်း သရုပ်ကို ဆိုကုန်သည်ဖြစ်သောကြောင့် သဒ္ဒါရေးကို ထောက်သော် သံသုဋ္ဌ၊ စလတီတိ သဋ္ဌာလီ—ဟူ၍ ဝိဂ္ဂိုဟ်ဆိုသင့်သည်။

ယော မဋ္ဌဝိသေသော၊ အကြင် ညောင်စောင်း အထူးသည်။

**အနက်ကား** သံသုဋ္ဌ၊မထန်မပြင်း ညင်းညင်း ကောင်းစွာ။စလတိ၊ လှုပ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ မထန်မပြင်း ညင်းညင်းညွှတ်ညွှတ် လှုပ်တတ်သည်၏ သတ္တာ်ကြောင့်။သော မဋ္ဌဝိသေသော၊ ထို ညောင်စောင်းအထူးသည်။ သဋ္ဌာလီ၊သဋ္ဌာလီမည်၏။

ဤသို့ ဝစနတ်လှစ်မှ ဝိရဠမဠ္ဌသဒ္ဒါ၏ အနက်ဖြစ်သော ကြိမ်မျက်ကွက်ဖြင့် ပြီးသော တက်နေသည့်ကာလ မထန်မပြင်း ညင်းညင်းညွှတ်ညွှတ် လှုပ်တတ်သော ညောင်စောင်းအထူးကို ရမည် ဖြစ်သည်၊ သည် နောက်နည်းကိုသာ သဒ္ဒါရေးကို ထောက်သော် သင့်လျော်လှသည်ဟူ၍ ဆိုကြကုန်သည်။

---

## နက္ခတ်နှင့် စန်း

အတွင်းဝန်မင်း သက်တော်ရှည်, မင်းမဟာသီဟသူရတို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> စာဟောင်းတွင် အမျိုးလေးပါးတို့၏ နက္ခတ်ခြောက်ပါးနှင့် စန်းအပြားကို ဆိုသည်မှာ ဖွားနေ့ ပက္ခဒိန်နက္ခတ်သည် ဇနမစန်း၊ ၎င်းဇနမစန်းတွင် တဆယ်ရောသော် ကမ္မစန်း၊ ၎င်း ဖွားနေ့ ဇနမစန်းတွင် တဆဲ့ခြောက်လုံးရောသော် သဟာဒိကစန်း၊ ၎င်း ဇနမစန်းတွင် တဆဲ့တခု ရောသော် သမုဒါယစန်း၊ ၎င်းဇနမစန်းတွင် နှစ်ဆဲ့သုံးလုံး ရောသော် ဝေနာသိကစန်း၊ ၎င်း ဇနမစန်းတွင် နှစ်ဆဲ့ငါးလုံး ရောသော် မာနစန်း ဤ စန်းခြောက်ပါးတို့သည် အမျိုးလေးပါးတို့၌ရှိ၏၊ဒေသစန်း ဇာတိစန်း, အဘိသေကစန်း တို့သည် ဘုန်းကြီးသောမင်းတို့၌သာ ရှိသည်၊ဆင်းရဲသားတို့၌ မရှိ၊ ဒေသစန်းသည် မြို့တည် နက္ခတ်၊ဇာတိစန်းသည် မင်းဖြစ်နက္ခတ်၊အဘိသေကစန်းသည်

အဘိသိက်သွန်းသောနက္ခတ် ဟူ၍ ဆိုသည်၊ သည့်စန်းနက္ခတ်များကို မင်းအဆက်ဆက် ပညာရှိအဆက်ဆက် သုံးဆောင်သည်, မသုံးဆောင်သည်, မည်သည့်ကျမ်းက လာသည်ကို ဆရာတော်မှာလျှောက်၊အမိန့်တော်ကို ဦးထိပ်ရွက်၍လျှောက်ထားရပါသည်၊ အက္ခရာဝလိနှင့်တကွ သိသာ သေချာအောင် မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅–ခု တပို့တွဲလပြည့်နေ့ မဟာဒါန်ဝန်စာရေး လက်ျာစည်သူကို စေ၍ လျှောက်လာသည်တွင် အမိန့်တော်ရှိလိုက်သည်ကား—**

အမျိုးလေးပါးနှင့်စပ်သော နက္ခတ်ကိုးပါးတို့ သရဒွေကျမ်း၌—

ဇာတိဘံ ကမ္မဥ္စာဓာနံ၊ ဝိနာသံ သမုဒါယကံ။
သဃာ္ဘငှက မိဒံ မ်ငွံ—ဟူ၍လည်းကောင်း,
ဇာတိ ဒေသာဘိသေကာသျ၊ နဝဒိပျာနိ ဘူပတော၊
ဟူ၍လည်းကောင်း လာသည်။

**အနက်ကား** ဇာတိဘဥ္စ၊ဇနမနက္ခတ်သည်လည်းကောင်း။ ကမ္မံစာဓာနဥ္စ၊ကမ္မနက္ခတ်,အာဓာနနက္ခတ်သည်လည်းကောင်း။ ဝိနာသဥ္စ၊ဝေနာသိကနက္ခတ်သည်လည်းကောင်း။ သမုဒါယကဥ္စ၊ သမုဒါယကနက္ခတ်သည်လည်းကောင်း။ သဃာ္ဘငှကံ၊ သဃာ္ဘငှကနက္ခတ် ဟုဆိုအပ်သော။ ဣဒံ အင်္ဂေဥ္စ၊ဤနက္ခတ်သည်လည်းကောင်း။

ဇာတိဒေသာဘိသေကာစ၊ ဇာတိနက္ခတ်, ဒေသနက္ခတ်, အဘိသေကနက္ခတ်သည်လည်းကောင်း။ အဿ၊ဖြစ်၏။ ဘူပတော၊ ရေမြေသနင်း မင်းအားကား။ နဝဒိပျာနိ၊နက္ခတ်ကိုးပါးတို့သည်။သိယုံ၊ဖြစ်ကုန်၏။

**အဓိပ္ပါယ်ကား**....ဖွားနေ့ အမြင်နက္ခတ်ကို ဇနမနက္ခတ်ဆိုသည်၊ အမှုပြုခါ နက္ခတ်ကို ကမ္မန်နက္ခတ်ဆိုသည်၊နေရာအရပ်နက္ခတ်ကို အာဓာနနက္ခတ်ဆိုသည်၊သေကျေပျက်စီးစေတတ်သောနက္ခတ်ကို ဝေနာသိကနက္ခတ်ဆိုသည်၊ စီးပွား များစေတတ်သောနက္ခတ်ကို သမုဒါယကနက္ခတ် ဆိုသည်၊ ယုတ်နွမ်းစေတတ်သော နက္ခတ်ကို သဃာ္ဘငှကနက္ခတ်ဆိုသည်၊အမျိုးနက္ခတ်ကို ဇာတိနက္ခတ်ဆိုသည်၊

မြို့ရွာတည်သည် ၎င်းတို့အမည်နှင့်ယှဉ်သည့်နက္ခတ်ကို ဒေသနက္ခတ်ဆိုသည်၊ အဘိသိက်သွန်းခါနက္ခတ်ကို အဘိသေကနက္ခတ်ဆိုသည်၊ စန်းနှင့်ယှဉ်သော အမြင်နက္ခတ်လျှင် မူလရှိသောကြောင့် ထိုနက္ခတ်တို့ကိုပင် စန်းဟူ၍ ဆိုကုန်သည်၊ သင်္ဃာဋကနက္ခတ်, အာဓာနနက္ခတ်ဟူ၍ ရေးသားလိုသည်၊ ကာလမြင့်၍ သဟာဒိကနက္ခတ်,မာနနက္ခတ်ဟု အရေးပျက်သည် ဖြစ်မည်၊ ဇာတိနက္ခတ်, ဒေသနက္ခတ်သည် မင်းဇေရာဇ်တို့၌သာ ရှိသည် ဆင်းရဲသားတို့၌ မရှိ ဟူသောစကားသည်လည်း အရကိုဆိုလတ္တံ့သော သရဒွေကျမ်းနှင့်မညီသဘောသကန်လည်း မလျော်၊ မင်းဖြစ်စဟူသည်နှင့် အဘိသိက်သွန်းသောဟူသည် အရတူပင် ဖြစ်သည်၊ သူတပါးတို့လည်း ရွာ, နိဂုံ စသော ဒေသကိုလည်း ကောင်းတော့သည်ဖြစ်၍ ဇာတိနက္ခတ်, ဒေသနက္ခတ်မှာ အမျိုးလေးပါး၌ပင် ရှိသင့်သည်၊ အဘိသေကနက္ခတ် တပါးသာ ရေမြေရှင်တို့မှာ အသီးနက္ခတ်ဖြစ်သည်၊ထို့ကြောင့် ရေမြေရှင်တို့မှာ နက္ခတ်ကိုးပါး,သူတပါးတို့မှာ နက္ခတ်ရှစ်ပါးဟူ၍ အဝ်ပွါယ်ဆိုလိုသည်၊ ထိုနက္ခတ်တို့အရကို ယူဟန်ကိုလည်း ၎င်းကျမ်း၌—

၁။ ဇာတိဘံ ဇာတိနက္ခတ္တံ၊ဒသမံ ကမ္မသညကံ။
ဧကဝီသတိ မာဓာနံ၊တတောဝီသတိ နာသကံ။
၂။ အဋ္ဌာရသံ စ နက္ခတ္တံ၊သမုဒါယက သညကံ။
သင်္ဃာဋိကဥ္စဝီညေယျံ၊ဣက္ခံ သောဠသမေဝစ။
၃။ ဝိပ္ပါဒိ ဇာတိနက္ခတ္တံ၊ ဇာတိက္ခ မဘိဓီယတေ။
ဒေသဘံ ဒေသနာမိက္ခံ၊ရဇ္ဇဘံ သာဘိသေကဘံ။

ဟူ၍လာသည်။

**အနက်ကား** ဇာတိနက္ခတ္တံ၊ ဖွါးကာပက္ခဒိန် အမြင်နက္ခတ်သည်။ ဇာတိဘံ၊ ဇာတိနက္ခတ်မည်၏။ဒသမံ၊၎င်းနက္ခတ်မှ ဆယ်လုံးမြောက်သောနက္ခတ်သည်။ ကမ္မသညကံ၊ ကမ္မနက္ခတ်မည်၏။ ဧကဝီသတိမံ၊ ၎င်းနက္ခတ်မှ နှစ်ဆဲ့တလုံးမြောက်ကား။ အာဓာနံ၊ အာဓာနနက္ခတ်မည်၏။ တတောဝီသတိ၊ ၎င်းမှ နှစ်ဆယ်မြောက်ကား။နာသကံ၊ဝေနာသိကနက္ခတ်မည်၏။

အဋ္ဌာရသံ စ နက္ခတ္တံ၊ ၎င်းမှ တဆဲ့ရှစ်လုံးမြောက် နက္ခတ်ကား။ သမုဒါယကသညကံ၊ သမုဒါယကနက္ခတ်မည်၏။ ဣက္ခံသောဠသမေဝစ၊ ၎င်းမှ တဆဲ့ခြောက်လုံးမြောက်နက္ခတ်ကိုကား။ သင်္ဃာဋိကဥ္စ၊ သင်္ဃာဋိကနက္ခတ်ဟူ၍သာလျှင်။ ဝိညေယျံ၊ သိအပ်၏။

ဝိပ္ပါဒိဇာတိနက္ခတ္တံ၊ပုဏ္ဏားမျိုး,မင်းမျိုး စသည်နှင့်ယှဉ်သောနက္ခတ်ကို။ဇာတိကွံ၊ဇာတိနက္ခတ်ဟူ၍။အဘိဓိယတော၊ဆိုအပ်၏။ ဒေသနာမိကွံ၊မြို့ရွာစသောဒေသ တည်သောနက္ခတ်,ထိုမြို့ရွာ စသော ဒေသ၏ အမည်နှင့်ယှဉ်သောနက္ခတ်သည်။ ဒေသတံ၊ ဒေသ နက္ခတ်မည်၏။ရဇ္ဇဘံ၊မင်းမြောက်အဘိသိက်ခံ နက္ခတ်သည်ကား။အဘိသေက ဘံ၊အဘိသေကနက္ခတ်မည်၏။

ဇနမနက္ခတ်တွင် လောင်း၍ ရှေငါးလုံးမှာ ယူရမည်၊ ရှေးစာဟောင်းရှိတိုင်း အမျိုးနှင့်ယှဉ်သောနက္ခတ်ကို ဇာတိနက္ခတ်, မြို့ရွာ စသောဒေသ တည်သောနက္ခတ်, ၎င်းဒေသတို့၏ အမည်အက္ခရာနှင့် ယှဉ်သောနက္ခတ်ကို ဒေသနက္ခတ်, အဘိသိက်ခံ ခါကြိုက်သောနက္ခတ်ကို အဘိသေကနက္ခတ် ယူရမည်၊ အာဓာနနက္ခတ်၌ နှစ်ဆဲ့ငါး လုံးမြောက်ဟူ၍ ရှေးစာဟောင်းရှိသည်မှာ အရေးချွတ်သည်သာ ဖြစ်သည်၊ သည် စန်းနက္ခတ်များကို မင်းအဆက်ဆက် ပညာရှိအဆက်ဆက် သုံးဆောင်သည်, မသုံး ဆောင်သည် ဆိုရာမှာ သရဒ္ဓေကျမ်း၌ အမည်, သရုပ်, အပြစ်, အကျိုး, အဟော, အမှာနှင့် တကွလာသည်၊ ၎င်းသရဒ္ဓေကျမ်းလည်း ဗေဒင်အရာ၌ ဂါထာဗန္ဓ အနေ အသွား စကား အဆိုအမိန့် အနက်အဓိပ္ပါယ်ကို ထောက်လျှင် အဘိညာဉ်ရသော ရသေ့တို့ ဗေဒင်ကျမ်းကို စီရင်ခဲ့သည်၊ သာရတ္ထဒီပနိဋီကာနှိုက်လာသည်နှင့်အညီ ပဥ္စာ ဘိညမဟိဒ္ဓိက ရှင်ရသေ့တို့ လက်ဖြစ်ပင် ဆိုသင့်မည်ဖြစ်၍ တွေ့မြင်သိကျွမ်းက နိသမ္မ ကာရီဖြစ်သော မင်းပညာရှိတို့ အသုံးအဆောင်မပြုပဲ မနေပေရာ ထင်သည်။

---

## တံခါးတော်-၁၂-ရပ်

### ရွှေမြို့တော်ကြီး တံခါးတော်တဆဲ့နှစ်ရပ်မှာ ခြယ်လယ် ရမည့်အရာကို ဆရာတော်မှာ လျှောက်ချေ စေတော်မူ၍-

**၁၁၄၅-ခု တပိုတွဲလပြည့်ကျော်(၃)ရက်နေ့ သမဖြူ,သမညို ပညာရှိတစု လျှောက် လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မဟာနဂရ အမရရွှေမြို့တော် တံခါးတဆဲ့နှစ်ရပ် တံခါးရှက်တွင် ခြယ်လယ် ရေး သားရမည်မှာ ရတနာပုရမြို့တွင် ရေးသားခြယ်လယ်လျက်ရှိသည့် အရုပ်သဏ္ဌာန် များကို ညောင်ရမ်းမင်းတရားလက်ထက် နတ်စစ်ချ၍ သောတာပန်နတ်ကြီးကို မေးမြန်းသည်တွင် ပြောဆိုသည်ကို ပမာဏပြု၍ စာဟောင်း~~စာ~~တမ်း အစဉ်ပြော ဆိုရိုး ထုံးစံရှိသည်၊ သဘောသကန် ဗေဒင်နည်း ထုံးပဝေဏီ အမှီရှာမှီး ကြံဆသော်

လည်း မမိမရနိုင်၊ အရိမဒ္ဒနာ့ သရေခေတ္တရာ စသော မြို့ကြီး ပြည်ကြီးများမှာ ရေးသား ခြယ်လယ်သည့် အရုပ်သဏ္ဌာန်ကိုလည်း စာဟောင်းစာတမ်းကို မတွေ့ပြောရိုးအစဉ်လည်း မရှိ၊ ရတနာပုရမြို့တွင် ရေးသားခြယ်လယ်သည့် ထုံးစံကို နည်းယူရေးသားရမည်လည်း ဗေဒင်နည်း ပဝေဏီထုံးစံ မထိခိုက်သောကြောင့် မနှစ်မြို့က်လွန်းဖြစ်သည်၊ ၎င်းထုံးစံကို နည်းယူရေးသားသော်လည်း ရွှေမြို့တော်မှာ တံခါးတော် တဆဲ့နှစ်ရပ်ဖြစ်၍ မစေ့ငု အလစ်အဟင်းရှိ၍ လောင်းစွက်ရေးသားရသော ထုံးလည်းမဖြစ် အသစ်လည်းမဟုတ် ရှိမည်ဖြစ်သည်၊ သို့ဖြစ်၍ တံခါးတော် တဆဲ့နှစ်ရပ်ကို တဆဲ့နှစ်ရာသီ အစဉ်အတိုင်း ရည်မှတ်၍ ပြို့ဟတ်၊ ရာဇမတ္တဏ် ဗေဒင်ကျမ်းကြီးတို့၌လာသည့် ဗေဒင်နည်းအားဖြင့် ရာသီရုပ်အထက် ရာသီစောင့်နတ်ကို သင့်ရာလက်နက်စွဲကိုင်စေလျက် အထွက် လက်ဝဲတံခါးရွက်မှာ ရေးသား ခြယ်လယ်ရမည်၊ ပဝေဏီအားဖြင့် မြတ်သောသူတို့၏ ရှေးထုံးသည်သာ အစဉ်ပဝေဏီဖြစ်သင့်သည်ဖြစ်၍ မြေ၌တည်သော မြို့တို့၏ အချက်အချာ တာဝတိံသာ သုဒဿနနတ်ပြည်တွင် သိကြားရုပ် အစောင့်အနေ ထားသည့် ပဝေဏီကို မှီ၍လည်းကောင်း၊ ရာသီရုပ်အထက် ဝဇိရစိန်လက်နက်စွဲလျက် သိကြားရုပ်ကို အထွက်လက်ျာတံခါးရွက်တွင် ရေးသားရမည်။

ယင်းသို့ ရေးသားသည့်အကြောင်းမှာ လောကီအရာ ဗေဒင်ယတြာနည်းအားဖြင့် တဆဲ့နှစ်ရာသီနှင့် သဝိညာဏက၊ အဝိညာဏက အပေါင်းတို့၏ မကောင်းကောင်းမကောင်းနိုင်ဖြစ်၍ ဇမ္ဗူကျွန်း၏ အချက်အချာ မဟာနဂရ အမရပုရရွှေမြို့တော်ကို ရာသီနှင့်စပ်သမျှ သဝိညာဏက၊ အဝိညာဏက အပေါင်းတို့ စောင့်ရှောက် ခြံရံရသည်ဆိုသင့်သည်၊ တာဝတိံသာနတ်ပြည်မှာ သိကြားရုပ်ကို မြင်က အသုရာတို့ ကြောက်ရွံ့သည် ဆိုသကဲ့သို့ ရွှေမြို့တော်၏ အန္တရာယ်ကိုပြုတတ်သော နတ်မိစ္ဆာ၊ နတ်ဘီလူး အစရှိသည်တို့ ကြောက်ရွံ့ခြင်း၏ အကြောင်းဖြစ်သည် ဆိုသင့်သည်အကြောင်းကို မေတ္တာစာ ဆက်သွင်းသည် တရားမင်းမြတ်။

## အဘိသေက မင်္ဂလာ

အဘိသိက်ခံတော်မူမည့် အခမ်းအနား အခင်းအကျင်းကို ဆရာတော်တို့ ခန့်ထားစီရင်သင့်မည်၊ မသင့်မည်၊ အဘိသိက်ခံမှ မင်းမည်သင့်သည်၊ မခံပဲပင် မင်းမည်သင့်သည်၊ အဘိသိက်ခံလျှင် ဘွဲ့ခံမြဲဖြစ်သည်၊ မဖြစ်သည်၊ မင်းမြောက် တန်းဆာ

ငါးပါးကို ဘယ်သို့ သုံးဆောင်ရမည့်အကြောင်းများကို ဆရာတော်ကို လျှောက်ချေ။

**၁၁၄၅–ခု တပို့တွဲလပြည့်ကျော်(၈)ရက်နေ့ ကျီဝန်,ဒိုင်းဝန်တို့ကိုစေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

အဘိသေက အစီအရင် အခင်းအကျင်းကို ဆရာတော်တို့ စီရင်သင့်မည်, မစီရင်သင့်မည်ဆိုရာ၌ လူတို့အမှုကို ရွက်ဆောင်ခြင်း ဂိဟိကမ္မကို ဆရာတော်ဘုရား ပယ်တော်မူသည်မှာ လူသာမန်၌သာ ဖြစ်သင့်သည်၊ ဆွမ်းဦးပေးခြင်းကို လူသာမန်တို့အား ပယ်တော်မူလျှင် ရေမြေရှင်ကို ပေးကမ်းခြင်းငှါ အပ်သည်၊ ဝိနည်းအဋ္ဌကထာတို့၌ ဆိုသည်၊ သီဟိုဠ်မင်းအား သဒ္ဓါပွားအောင် ဆရာကစေ၍ အဿတိုရ်မြင်းမှန်း မသိသည်ကို ရဟန်းပြောရဘိသည်၊မူလပဏ္ဏာသ အဋ္ဌကထာများတွင် ဆိုသည်များကို ထောက်လျှင် သင့်တင့်သည်၊ ရေမြေရှင်တို့ အမှုကို ဆောင်ရာ၌ ဂိဟိကမ္မ မဖြစ်သင့် ဖြစ်သည်၊သို့ကိုမူကား အမှု၌ မွေလျော်ခြင်း ကမ္မာရာမ ရှိချေက အနာဂါမ်ပင် သော်လည်း ရဟန္တာမဖြစ်နိုင် ဟောတော်မူသော တရားတော်ရှိချေသည်၊ သာသနဒါယကာတော် တရားမင်းမြတ်သည် မင်းမည်ကာ မဟုတ် ပညာတော်နှင့် အလွန်ပြည့်စုံသည်၊ မှူးတော်,မတ်တော်,သေနာပတိ, ပညာရှိအများနှင့်လည်း ပြည့်စုံတော်မူသည်ဖြစ်၍ ဆရာတော်တို့ အရာမဟုတ်ပြီ၊ ရေးကြီးခွင့်ကျယ် ဖြစ်သောကြောင့်မူကား လျှောက်ထားရန် ရှိလျှင် မှူးတော်, မတ်တော်တို့က ဆရာတော်များကို လျှောက်ထားရမည်သာ ဖြစ်သည်။

အဘိသိက်ခံမှ မင်းမည်ရသည်,မခံပဲပင် မည်ရသည် ဆိုရာမှာ—

စတူဟိ သင်္ဂဟဝတ္ထူဟိ ဇနေ ရဉ္ဇေတီတိ ရာဇာ။

ဟူသော ဝစနတ္ထနှင့်အညီ ဒါန,ပ်ယဝါစာ စသော သင်္ဂဟတရားလေးပါး, သဿမေဓ, ပုရိသမေဓ စသော သင်္ဂဟတရားလေးပါးတို့ဖြင့် ပြည်သူ တိုင်းသားတို့ကို တပ်နှစ်သက်စေတတ်သည့် အနက်ကြောင့် ခေါ်ဝေါ်အပ်သော ‘ရာဇာ’ ဟူသော သညာသည် အဘိသိက်မခံသော မင်းတို့မှာ သဒိသူပစာရမျှသာ ဖြစ်သည်၊ အဘိသိက်ခံသည့် မင်းတို့မှာသာ မုချဆတ်ဆတ် ဖြစ်သည်၊ ထို့ကြောင့် သီဟိုဠ်ကျွန်းဝယ် အဘယမင်းနှင့် ပဏ္ဍုကာဘယမင်း၏ အကြား၌ တိဿမင်းသည် အဘိသိက် မခံပဲ မင်းပြုသည်ကို သီဟိုဠ်၌ တဆဲ့ခုနစ်နှစ်တိုင်တိုင် မင်းသုဉ်းသည်ဟူ၍ ဒီပဝင်မှာ ဆိုသည်။ ပါဠိကား—

ပဏ္ဍုကာဘယရညော စ၊အဘယဿ စ အန္တရေ။
ရာဇသုညာနိ ပဿာနိ၊အဟေသုံ ဒသသတ္တစ-ဟူသည်တည်း။

ပဏ္ဍုကာဘယရညော စ၊ ပဏ္ဍုကာဘယမင်း၏ လည်းကောင်း။
**အနက်ကား** အဘယဿစ၊အဘယမင်း၏လည်းကောင်း။အန္တရေ၊အကြား၌။
ရာဇသုညာနိ၊ မင်းဆိတ်ကုန်သော။ ဒသသတ္တစဝဿာနိ၊ တဆဲ့ခုနစ်နှစ်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ထို့ကြောင့် ရေမြေသနင်း မင်းဟူက မချွတ် အဘိသိက်ခံရသည်၊ အဘိသိက်ခံကလည်း နာမံတော် ဘွဲ့တံဆိပ် ခံမြဲဖြစ်သည်၊ ထို့ကြောင့် မဟာသုတသောမဇာတ်၌ ပေါရိသာဒက ဆုပေးသည်ကို ဘုရားလောင်း မဟာသုတသောမမင်း ယူသည်တွင် အဘိသိက် ခံသည်ဖြစ်၍ ဘွဲ့တံဆိပ်နာမံတပ်အပ်သော မင်းတို့ကို မစား၊ စွန့်ခွါခြင်း ဆုကို ယူသည်ဟူ၍ ဆိုသည်။ ပါဠ်ကား—

ယေ ခတ္တိယာ ဣဓဘူမိပါလာ၊ မုဒ္ဓါဘိသိတ္တာ ကတနာမဓေယျာ၊
န တာဒိသေ ဘူမိပတိ အဒေသိ၊တေ ဝရာနံ ဒုတိယံ ဝရာမိ-ဟူသည်တည်း။

ဣဓ၊ဤအရပ်၌။မုဒ္ဓါဘိသိတ္တာ၊ဦးထိပ်၌ အဘိသိက်ခံကုန်သော။
**အနက်ကား** ကတနာမဓေယျာ၊ ခံအပ်သော ဟံဆိပ်နာမံတော်ရှိကုန်သော။
ဘူမိပါလာ၊မြေကြီးအရှင်ဖြစ်ကုန်သော။ ယေ ခတ္တိယာ၊အကြင်ရေမြေသနင်း မင်းတို့သည်။သန္တိ၊ရှိကုန်၏။ တာဒိသေ၊ ထိုသို့သော မင်းတို့ကို။ ဘူမိပတိ၊ရှင်မင်းမြတ်သည်။န အဒေသိ၊ စားတော်မမူလင့်။ ဝရာနံ၊ဆုတို့တွင်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ တေ၊ဤဆုကို။ဝရာမိ၊အလိုရှိ၏။

ထို့ကြောင့် အဘိသိက်ခံက မင်္ဂလာနာမံတံဆိပ် ခံမြဲဖြစ်သည်ဟု သိရာသည်။

မင်းမြောက်တန်းဆာငါးပါးကို အခါခပ်သိမ်း ဆောင်သွားသင့်သည်, မဆောင်သွားသင့်သည် ဆိုရမှာ—

ရညော ဂမနကာလေ သဒါ အာဒါတဗ္ဗတော ကကုဓာနိစ တာနိ ရာဇ
ခနတ္တာ ဘဏ္ဍာနိစေတိ ကကုဓဘဏ္ဍာနိ။

ဟူသော အဘိဓာန်ဋီကာနှင့်အညီ ရေမြေရှင်တို့မှာ ထွက်တော်မူရာ အခါမပြတ် ဆောင်အပ်သောကြောင့်ပင် 'ကကုဓ'မည်သည် ဆိုသောကြောင့် ထွက်တော်မူရာ

အခါ မပြတ် အစေ့အစုံ ဆောင်ရမည်၊ ရွှေနန်း ရွှေဘုံထက် စံပယ်လျက်ပင်လည်း ယပ်,ခြေနင်း,သင်းကျစ်တို့ကို သုံးဆောင်တော်မူရမည် ဖြစ်သည်။

**အကြောင်းမှာ**....များစွာသော ဇာတ်နိပါတ်လာသည် အထင်အရှားပင် ဖြစ်သည်၊ အဘိသိက် ခံတော်မူခါ၌ကား နည်းစွာအဆုံး မင်းမြောက်တန်းဆာ ငါးပါးဟုဆိုအပ်သော အဆောက်အဦ, ဘုန်းကံအလျောက် ရတိုင်းသော များစွာသော အဆောက်အဦတို့ဖြင့် တင့်တယ်စွာ ခင်းကျင်း ခြံရံရမည် ဖြစ်သည်၊ ထို့ကြောင့် တေမိဇာတ်၌ သားတော်ကို အဘိသိက်သွန်းမည် မင်းမြောက်တန်းဆာ ငါးပါးကို ဆောင်၍ ဗာရာဏသီမင်းကြီး သွားကြောင်း,အဋ္ဌကထာ၌ ဓမ္မာသောကမင်းတရားက ဒေဝါနံပိယတိဿမင်းအား များစွာသော အဆောက်အဦ ပို့စေကြောင်းကို ဆိုသည်၊ မင်းမြောက်တန်းဆာငါးပါးဟူသည်မှာလည်း အင်္ဂုတ္တိုရ်ဋီကာ၌—

ဍ္ဍမ ပန သေတစ္ဆတ္တံ ဝိသံ ဂဟိတန္တိ သိဟာသနံ ပဥ္စမံ ကတွာ ဝဒန္တိ။

ဟူ၍ ထီးဖြူကိုချ၍ ခြသေ့ခံသော နေရာကို သွင်းသဖြင့် ငါးပါးအရေအတွက်ကို ဆိုသည်လည်း ရှိသည်၊ ကျမ်းဂန် အမြင်များသည်ကို ထောက်၍ ထီးဖြူနှင့်တကွ ငါးပါးသော အရေအတွက်ကိုသာ ယူရမည်ဖြစ်သည်။

---

## ထီးဖြူတော်

အတွင်းဝန် မင်းကြီးသက်တော်ရှည် လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇပလ္လင်တော် လက်ဝဲ, လက်ျာကို ခင်းကျင်း စိုက်ထူသည့် ထီးဖြူရှစ်စင်းကို အချို့ စာတမ်းများတွင် ကနကဒဏ်, တမွတ်,ယာဉ်ထီးများကို ဆိုသည်၊ ယခုမှာ ပျူမင်းထီးမှ အစဉ် ဆိုသည့် စာတမ်းနည်း လုပ်ထားပါသည်၊ ၎င်းထီးတွင်လည်း အမည်, အရည်, ရှေ့,နောက်အစဉ်ကို အချက်အခြာ မသိသာသည်ကို ဆရာတော်မှာ လျှောက်၊အမိန့်တော်ကို ဦးထိပ်ရွက်၍ လျှောက်ထားပါသည် သိသာခြားနားအောင် အမိန့် ရှိတော်မူပါ ဆရာတော်ဘုရား။

၁၁၄၅-ခု တပို့တွဲလပြည့်ကျော်(၁၀)ရက်နေ့ အဆောင်မြဲ စည်သူ နန္ဒမိတ်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—

ရာဇပလ္လင်တော် လက်ဝဲ လက်ျာ ခင်းကျင်း ဆောက်ထူသည့် ထီးဖြူရှစ်စင်းကို....

ကနကဒဏ်၊ ထီးမွန်နှစ်စင်း၊ ဝင်းဝင်းလျှံပတ်၊ တမွတ်နှစ်ဆူ၊ ရောင်ဖြူ ညီးညီး၊ ယာဉ်ထီးလေးပါး။

ဟူ၍ ပဒေသရာဇာ စီရင်သည့် မင်းခမ်းတွင် လက်ျာတော်က ကနကဒဏ် တမွတ် ယာဉ်ထီး ၂, ပေါင်း လေးစင်း၊ လက်ဝဲတော်ကလည်း ၎င်းနည်း လေးစင်းဆိုသည်၊ ပျူစောထီးမှစ၍ ဖြစ်သည်၊ အမည်အသီးသီးနှင့် လက်ဝဲ လက်ျာ ထီးဖြူရှစ်စင်းကို လည်း စာဟောင်းစာတမ်းများတွင် ဆိုသည်၊ ယင်းသည့် စကားနှစ်ရပ်တွင်ကား ပျူမင်းတရားမှ လာသည်၊ အစဉ်ကို ဆိုသော စာတမ်းစကားသည် အခြေအမြစ်နှင့် ဖြစ်၍ နှစ်သက်လောက်ပေသည်၊၎င်းစာတွင်လည်း လက်ျာတော်က ထီးလေးစင်းမှာ ကြင့်နန်းထီးကို ထည့်သော် လေးစင်း၊ ကမ္ဗုထီးကို ထည့်သော် လေးစင်းဟူ၍ နှစ်ချက် ကွဲပြားလျက် အရေးအသား ရှိကြသည်၊ ကမ္ဗုထီးကို ထွက်တော်မူရာ ဆောင်းသည်၊ သုံးခွင့် အခြားဆိုပြီးဖြစ်၍ ကြင့်နန်းထီးကိုသာ ထည့်၍ လက်ျာတော်က ထီးလေးစင်း ဆိုသင့်မည် ထင်သည်၊ လက်ဝဲ လက်ျာ ရှေ့ နောက် အစီအစဉ် စိုက်ဆောက်အပ် သည်ကိုလည်း အသေအချာ စာတမ်းများမှာ မရှိ။

အကြီး အငယ် သဘော ယုတ္တိကို ထောက်သော်ကား—လက်ျာတော်က ပဒုမထီး စန္ဒထီး သမုဒ္ဒဇာထီး ကြင့်နန်းထီး၊လက်ဝဲတော်က ကနကဒဏ်ထီး သမုက္ခထီး ဝိသုကြုံ ထီး သူရိယထီး ဟူ၍ အကြီး အငယ် အစီအစဉ်စိုက်ဆောက် ခင်းကျင်းသင့်မည် ထင် သည်၊ ကြင့်နန်းထီးမှတပါး ထီးခုနစ်စင်းမှာ ထီးဖြူစောင့်နတ်ကို စွဲ၍ ဌာနီအားဖြင့် အမည်တွင်သည်၊ သိရီမည်သောနတ်သမီး စောင့်နေသောကြောင့် ကျက်သရေရှိ သော နေရာသည် သိရီသယနတွင်သည် ဆိုသကဲ့သို့ မှတ်ရမည်၊ ကြင့်နန်းထီးမှာမူကား ကုဝေရနတ်မင်း စောင့်လျက်ပင် ၎င်းအမည်ဖြင့် မတွင်ပဲ မြန်မာဘာသာဖြင့် အထူး တွင်လေသည်၊ ကြင့်နန်းတိုင်အထွတ်တွင် စိုက်ဆောက်အပ်သောကြောင့် ကြင့်နန်း တွင်သည် ဆိုရမည်လည်း ၎င်းတွင် ဆောက်ရမည့်စာတမ်းစာဟောင်း မရှိခဲ့ဖြစ်သည်၊ ကျမ်းဂန်မှာကား ယင်းသည့် ထီးများကို သရုပ်သကန်နှင့် မဆို၊ သေတစ္ဆတ္တသဒ္ဒါဖြင့် သာမန်သာဆိုသောကြောင့် ကျမ်းဂန်အထောက်အထားမရ ဖြစ်သည်၊အခြေအမြစ် နှင့် ဖြစ်၍ ခိုင်ခံ့သည့် ထုံးစံကိုသာ အသင့်ပြုရမည် ဖြစ်သည်။

## အဘိသိက်ခံ ပလ္လင်တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇာဘိသေက ခံတော်မူမည်မှာ ရှေးမင်းတို့ လက်ထက် မြေနန်းတော်တွင် မခံ၊ တရာ့ရှစ်တောင်ရှိသောမြေတွင် ဥဒုမ္ဗရ သာခဖြင့် ဆောက်အပ်သော အဘိသိက် နန်းတော်တွင်သာ ခံသည်ကို အစွဲ အမှီပြု၍ သာလွန်မင်းတရားကသည် ဘုရား နောင်တော်ဆင်ဖြူရှင်ဘုရားတိုင် မြေတွင် အဘိသိက်နန်းတော် ဆောက်၍ ရာဇာဘိသေက ခံတော်မူကြသည်၊ ယခု ရာဇာဘိ သေက ခံတော်မူမည်မှာ မြေနန်းပြာသာဒ်တော်တွင်ပင် ရာဇာ ဘိသေက ခံတော်မူသင့်မည်၊ နမန္တာဘက်, ခတ်ဘက်, ဆင်, မြင်း,သိကြားရေစင်, နန်းတော်,ဝတ်လဲတော်, ဆင်နန်းတော်, သစ်ပင်မျိုး, တမ်းခွန်ကြီး, ငြုပ်ရုပ်, နတ်ရုပ် ခင်းကျင်းသာ အောင် တရာ့ရှစ်တောင်မြေတွင် အဘိသိက်နန်းတော် အသစ် ဆောက်လုပ်၍ ခံတော်မူသင့်မည်, ရှေးလုပ်နှင့်သော မြေနန်း ဥကင် ပလ္လင်တော်မှာလည်း ပလ္လင်အလယ်ကို မာရဘင်သန်း ပြီးလျှင် မာရဘင်တွင် ဥကင်တံခါးရွက်နှင့် အထက်က လုပ် ကြသော ရာဇပလ္လင်တော်သည် အလုံးလေးတောင် မမြင့်၊ အရှေ့တခြမ်းကိုသာ ပလ္လင်တခြမ်းလုပ်၍ မာရဘင်အနောက် တခြမ်းကို ကွေ့ကာနှင့် ဘဏ္ဍိုင်တော်ကပ်၍ တည်သည်၊ ထို ပလ္လင်သည် ကျမ်းဂန်ဆိုသော ပလ္လင်ကဲ့သို့ ပလ္လင်ဆိုရပါမည် လော၊မြေနန်းတော်မှာဖြစ်စေ,အဘိသိက်နန်းတော်မှာဖြစ်စေ မာရဘင်အရှေ့ကို လေးတောင်,နှစ်တောင် ပလ္လင်အလုံးပိပိထု လုပ်၍ ရာဇာဘိသေက ခံတော်မူသင့်မည်လော၊ အတွင်းဝန် တို့က ဆရာတော်မှာ လျှောက်ချေ၊အမိန့်တော်ရှိ၍ လျှောက်ပါ သည်၊ ကျမ်းဂန်ယုတ္တိ ဆင်ခြင်တော်မူ၍ မိန့်တော်မူပါ ဆရာ တော်ဘုရား။

**၁၁၄၅-ခု တပေါင်းလဆန်း(၁)ရက်နေ့ မဟာဒါန်ဝန် လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရေသဖန်းနန်းတော်အသစ် ဆောက်လုပ်၍ အဘိသိက်ခံသင့်မည်, မြေနန်းတော် တွင်ပင် ခံသင့်မည် ဟူသည်မှာ—

အဘိသေကမင်္ဂလတ္ထံ အလင်္ကတ ပဋိယတ္တဿ မဏ္ဍပဿ အန္တောကတဿ ဥဒုမ္ဗရသာခမဏ္ဍပဿ မဇ္ဈေ သုပ္ပတိဋ္ဌိတေ ဥဒုမ္ဗရဘဒ္ဒပီဌမှိ။

ဟူ၍ စူဠသီဟနာဒသုတ် အဋ္ဌကထာလာသည့် နည်းအလျောက် အဘိသိက် မင်္ဂလာအလို့ငှါ တန်းဆာဆင်အပ်သော မဏ္ဍပ်ကြီးကို ဆောက်၍ ၎င်းမဏ္ဍပ်အတွင်း တွင်မှ ရေသဖန်းမဏ္ဍပ်ငယ်ကိုဆောက်၍ ၎င်းမဏ္ဍပ်အောက် ရေသဖန်းသား အခြေ, အပေါင်, အမှီတံကဲရှိသော ကြိမ်အင်းပျဉ်ကို စီရင်ရမည်၊ သာရတ္ထဒီပနီဋီကာ၌ ဆို ခြင်းကြောင့် ၎င်းဆိုချက်အတိုင်း အသစ် သင့်တင့်သည့်အရပ်တွင် ဆောက်လုပ် စီမံ၍သာ အဘိသိက် ခံတော်မူရမည်၊ သို့မှ ကျမ်းဂန်နှင့် ညီညွတ်မည် ဖြစ်သည်၊ မြေနန်းဥကင်တော်မှာလည်း ရာဇပလ္လင်ကို မာရဘင်အလယ်တွင် သန်း၍ ဥကင် တံခါးရွက်နှင့် လုပ်ကြသည်၊ မာရဘင် နောက်တခြမ်းကို ကွေ့ကာ၍ ဘဏ္ဍိုင်တော် ကပ်၍ တည်သည်၊ ၎င်းရာဇပလ္လင်သည် ကျမ်းဂန်မှာလာသည့်ပလ္လင် ဆိုရမည်,မဆို ရမည် ရှေ့,နောက်စပ်၍ ပလ္လင်အလုံးပင် လုပ်ဆောင်ရမည်, ရှေးလုပ်ရင်းတိုင်းသာ လုပ်ဆောင်ရမည် ဆိုသည်မှာလည်း—

ပလ္လင်္ကောတိ ပါဒေသု ဝါဠရူပါနိ ဌပေတွာ ကတော။

ဟူ၍ ဝိနည်းအဋ္ဌကထာတို့၌ အခြေတွင် သားရဲရုပ်ထား၍ လုပ်သည့်နေရာအထူး သည် ပလ္လင်မည်၏ ဟူ၍သာ ဆိုသည်၊ သည်ကဲ့သို့ ထက်ဝက်သာ လုပ်ဆောင်ရမည် မဆို။

ရညန္တု ပောမမာသနံ သီဟာသန မထော-ဟူ၍ လည်းကောင်း,

ပောမံ သုဝဏ္ဏာခစိတံ ရညံ ရာဇူနမာသနံ သီဟာသနာချံ၊ သီဟာကတိပ္ပ မာနတ္တာ သီဟာကတိပ္ပမာနံ အာသနန္တိ ဝိဂ္ဂဟော။

ဟူ၍ အဘိဓာန်ဋီကာ၌လည်းကောင်း ရွှေဖြင့်ခြယ်လယ်မွမ်းမံ စီဆင်အပ်သော မင်းတို့ နေရာသည် ခြင်္သေ့ရုပ်သာ ပမာနရှိသောကြောင့် တပါးအရုပ်များ ရှိငြား သော်လည်း သီဟာသန မည်၏ ဟူ၍သာ ဆိုသည်၊ ထက်ဝက်သာ မာရဘင်၌ ကပ်၍ ဥကင်တံခါးတပ်လျက် ဘဏ္ဍိုင်တော်နှင့်စပ်၍ လုပ်ရမည် မဆို၊ ယင်းသည့် ဝိနည်း

အဋ္ဌကထာ, အဘိဓာန်ဋီကာကျမ်းများ၌ အလုံးအလျောင်းပေါ် အောင် လုပ်ဆောင်ရမည်၊ သဒ္ဒါတိုက်ရိုက် မပါသော်လည်း—

သမ္ဘဝေ ဗျဘိစာရေ စ၊ ဝိသေသနံ သတ္ထကံ သိယာ။

ဟူသော ပရိဘာသာနှင့်အညီ သည်ကဲ့သို့ အထူးလုပ်စေလိုလျှင် လျှဉ်းပါးခြင်း သာမည်ရှိသင့်သော အရာဖြစ်၍ အထူးဆိုသင့်လျက် နေရာအလုံးကို ဟောသော အာသနသဒ္ဒါနှင့်သာ လာသောကြောင့် အလုံးအလျောင်း ထင်စွာ လေးမျက်နှာ, ရှစ်မျက်နှာ အလိုရှိရာ လုပ်ဆောင်ရမည် အနက် အဓိပ္ပါယ်လာသည်၊ ရာဇာဘိသေက ကျမ်းမှာကား—

သောဠသ ဟတ္ထ,အဋ္ဌ ဟတ္ထ,စတု ဟတ္ထ ပမာဏော၊
ဥတ္တမ မဇ္ဈိမ ကနိဋ္ဌော၊ ပုထုပုထု ဝိဓီယတေ။

ဟူ၍ အကြီး တဆဲ့ခြောက်တောင်, အလတ် ရှစ်တောင်, အငယ် လေးတောင် လေးမျက်နှာ လာသောကြောင့် အလုံးအလျောင်းထင်စွာ လုပ်ဆောင်ရမည် သိသာသည်၊ ၎င်းကျမ်းတွင် သီဟာသနအရာ၌လည်း—

စတုဒ္ဒိသာ စတုသီဟာ၊
ဌပနံ သ တတောပရံ။

ဟူ၍ လေးမျက်နှာ ခြသေ့်လေးစီး စောင့်နေစေရမည် ဆိုသောကြောင့် အလုံးအလျောင်းထင်စွာ ရာဇပလ္လင်ကို လုပ်ဆောင်ရမည် သိရတော့သည်။

ပထဝိယာ အလံ ဘူသနံ ကရောတီတိ ပလ္လင်္ကော—ယော အာသနဝိသေသော၊ အကြင် နေရာအထူးသည်။ ပထဝိယာ၊မြေအပြင်၌။ အလံဘူသနံ၊တင့်တယ်ခြင်းကို။ ကရောတိ၊ပြုတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ပြုတတ်သော သတ္တိကြောင့်။ သော အာသနဝိသေသော၊ထိုနေရာအထူးသည်။ပလ္လင်္ကော၊ပလ္လင်မည်၏။ ဤသို့သော ဝစနတ္ထဖြင့် ပလ္လင် သာမည်ကို ရသော်လည်း "ရညန္တု ဟေမမာသနံ သီဟာသန မထော" ဟူသော အဘိဓာန်ကျမ်းနှင့်အညီ ဤအရာ၌ ကေရာဇ် နေရာတော် သီဟာသန ဟု ဆိုအပ်သော ရာဇပလ္လင်မြတ်ကိုသာ လိုသောကြောင့် အရာသို့လိုက်၍လည်း အထူး လုပ်ဆောင်စီမံသင့်သည်၊ သို့မှလည်း စေ့စုံပီပြင်စွာဖြစ်၍ ကေရာဇ်မင်းမြတ်နှင့် ထိုက်တန်လှမည် ဖြစ်သောကြောင့် ရာဇာဘိသေက မင်္ဂလာအခါတော်တွင် သည်နည်း စီရင်၍ အဘိသိက် ခံတော်မူသော် သင့်မည်ဖြစ်သည်။

## အင်းပျဉ်တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တပေါင်းလဆန်း(၁)ရက်နေ့ သွင်းတော်မူသည့် မေတ္တာစာတွင် မဏ္ဍပ်ကြီးကိုဆောက်၍ ၎င်းမဏ္ဍပ်အတွင်းတွင်မှ ရေသဖန်းမဏ္ဍပ်ငယ်ကို ဆောက်၍ ၎င်းမဏ္ဍပ်အောက် ရေသဖန်းသား အခြေအပေါင် အမှီတံကဲရှိသော ကြိမ်အင်းပျဉ်ကို စီရင်ရမည်၊ သာရတ္ထဒီပနီဋီကာ ဆိုခြင်းကြောင့် ဟူ၍ ပါသည့်အချက်သည် ကြိမ်အင်းပျဉ်ကို မည်သို့လုပ်ရမည်, မည်သို့ကျမ်းလာသည်၊ထိုကြိမ်အင်းပျဉ်သည် ရာဇာဘိသေကခံမည့် ဥဒုမ္ဗရသာခ ကြာရေး ရေသဖန်းပျဉ်ပင်လော, အခြားဘဏ္ဍိုင်လော သိတော်မူသာအောင် သွင်းစေ၊ ရာဇာဘိသေက ပလ္လင်စကားတွင် မင်းတောင်နှင့် သုံးတောင့်တမိုက် ဆိုသည်မှာလည်း အရပ်ကို ဆိုသည်ဖြစ်မည်၊ မည်သည်ကို ယူရမည်လည်း သွင်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရ၍ လျှောက်လာပါစေသည် မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅–ခု တပေါင်းလဆန်း(၂)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ကြိမ်အင်းပျဉ်ကို မည်သို့လုပ်ဆောင်ရမည်ဆိုသည်မှာ သွင်းသည့်မေတ္တာစာတွင်ပင် ရေသဖန်းသား အခြေ,အပေါင် အမှီတံကဲရှိသော ကြိမ်အင်းပျဉ်ကို စီရင်ရမည် သိသာအောင် ပါပြီးဖြစ်သည်၊ သဥ္စာလီနေရာတော်မှာကဲ့သို့ ကြိမ်မျက်ကွက် ခက်၍ လုပ်ဆောင်ရမည်၊ သည်စကားကိုလည်း ဆိုလိုသမျှ ဆိုသည်မဟုတ် 'ဥဒုမ္ဗရဘဒ္ဒပီဌမှိ' ဟူ၍ သာရတ္ထဒီပနီပါဠိရှိသည်၊ ဘဒ္ဒပီဌအရကိုလည်း "ဝေတ္တမယပီဌ" ဟူ၍ ဝိနည်းဋီကာစသည့် ကျမ်းအစောင်စောင် ဖွင့်လှစ်သည်ကို ထောက်ရှု၍ ဆိုသည်သာ ဖြစ်သည်၊ ၎င်းကြိမ်အင်းပျဉ်သည် အဘိသိက်ခံရန် ကြာရေးအင်းပျဉ် ဖြစ်မည်, အခြားဘဏ္ဍိုင်ဖြစ်မည် ဆိုရာမှာ သာရတ္ထဒီပနီဋီကာ၌ အဘိသိက်ခံရန် အစီအရင်တွင် လာသောကြောင့် အဘိသိက်ခံရန် အင်းပျဉ်တော်ပင် ဖြစ်သည်၊ ကြာရေးရမည်ဟူ၍ ၎င်းဋီကာ၌ မဆို၊ ကျေးဇူးအထူးရှိ၍ ရေးလိုလျှင် အခန့်သင့်အောင်သာ ရေးရမည် ဖြစ်သည်၊ ရာဇာဘိသေက ပလ္လင်စကားတွင် သုံးတောင်တမိုက် ဆိုသည်မှာလည်း အရပ်ကို ဆိုသည်ဖြစ်မည်၊ မည်သည်ကို ဆိုသည် ယူရမည် ဟူသည်မှာလည်း

ကျမ်းလာစကားမဟုတ် စာတမ်းတွင်ဆိုသည့်စကားသာ ဖြစ်သည်၊ ၎င်းစာတမ်းတွင်လည်း မြေကို သုံးတောင့်တမိုက် မြှင့်ရမည်သာ ဆိုသည်၊ ရာဇပလ္လင်ကို မဆို၊ ရာဇပလ္လင်ကို ဆိုသည်မှာကား အရပ်မပါ၊ အထူးအခြား အမှတ်အသား မပါကလည်း သင့်အောင် အလိုရှိတိုင်း စီမံရမည် ဆိုသည့်စကား ရောက်သောကြောင့် သင့်အောင် စီရင်ရမည်သာ ဖြစ်သည်။

## သာသနာပြု စေလွှတ်ခြင်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဘုရားသခင် လက်ထက်တော်၌ အရပ်ရပ် တိုင်း,ခရိုင်,မြို့,ကျေးရွာများသို့ ရဟန္တာတို့ကို စေတော်မူ၍ သာသနာပြုစေကြောင်း၊ သောဏထေရ်, ဥတ္တရထေရ်တို့ကို သုဝဏ္ဏဘုမ္မိသို့ သာသနာပြု စေလွှတ်ကြောင်းများနှင့် ကျမ်းဂန် ရှိသည့် အတိုင်း အဝေးအလံ အကျေ, အညာ, ရှမ်းပြည်, ယွန်းပြည်, စော်ဘွား, မြို့စားတို့ စီရင်နက် နိုင်ငံတော် အစွန်အနား သာသနာတော် မထွန်းမလင်းရှိသည့် မြို့,ရွာများသို့ သာသနာတော် အပြုအစု သတ္တိဗျတ္တိနှင့် ပြည့်စုံသည့် ရဟန်းသံဃာတော်တို့ကို ပိဋကတ်စာပေနှင့် သာသနာတော်ပြု စေလွှတ်ရလျှင် သင့်မည်, မသင့်မည်ကို အတွင်းဝန်တို့က ဆရာတော်ကို လျှောက်၍ ဆရာတော်တို့က သင့်မည်, မသင့်မည်ကို စာသွင်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အတိုင်း မဟာဒါန်ဝန်ကို ခန့်ထား၍ လျှောက်ပါစေသည်၊ တကာတော် ရေမြေရှင် အမိန့်တော်အရကို ထောက်၍ စာသွင်းတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅—ခု တပေါင်းလဆန်း(၃)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

**အဝေးအလံ အကျေ,အညာ,ရှမ်းပြည်, ယွန်းပြည်, စော်ဘွား, မြို့စား စီရင်နက်နိုင်ငံတော် အစွန်အနား သာသနာတော် မထွန်းမလင်းရှိသည့် မြို့, ရွာများသို့ သာသနာပြု စေလွှတ်တော်မူလိုက်သည်မှာ—**

စတဿော ဣမာ ဘိက္ခဝေ သာသနသောဘိဏိယော၊ကတမာ စတဿော ဘိက္ခု,ဘိက္ခုနီ,ဥပါသကော, ဥပါသိကာ၊ဣမာ ဘိက္ခဝေ စတဿော သာသန သောဘိဏိယော။

**အနက်ကား** ဘိက္ခဝေ၊ရဟန်းတို့။ သာသနသောဘိဏိယော၊ သာသနာတော်ကို စည်ပင်စေတတ်သော သူတို့ကား။ ဣမာစတဿော၊ ဤလေးပါးတို့တည်း။ ကတမာ စတဿော၊ အဘယ်လေးပါးတို့နည်း ဟူမူကား။ ဘိက္ခု၊ ရဟန်းယောကျ်ား။ ဘိက္ခုနီ၊ရဟန်းမိန်းမ။ ဥပါသကော၊ ရတနာသုံးပါးသို့ ကိုးကွယ် ဆည်းကပ်တတ်သော လူယောကျ်ား။ ဥပါသိကာ၊ ရတနာသုံးပါးသို့ ကိုးကွယ်ဆည်းကပ်တတ်သော လူမိန်းမ။ဘိက္ခဝေ၊ ရဟန်းတို့။ သာသနသောဘိဏိယော၊ သာသနာတော်မြတ်ကို စည်ပင်စေတတ်ကုန်သော သူတို့ကား။ဣမာ စတဿော၊ဤလေးပါးတို့တည်း။

ဤသို့ သာသနာတော်ကို အဓွန့်ရှည်စွာ တည်အောင် ပြုစုနိုင်သည့် သူတော်ကောင်းတို့အား ပြုစုစေခြင်းငှါ သာသနာတော်ကို ကြည်ညိုကုန်သော လူတို့လည်း သာသနာတော်ကို ပြုစုစည်ပင်စေရာသည်၊ ပြုတော်မူလို၍ ဟောကြားတော်မူသည် ဖြစ်သောကြောင့် သာသနဒါယကာ တရားမင်းမြတ် ကြံတော်မူမိသည်ကား ဘုရားသခင်အလိုတော်နှင့် ညီလှဘိသည်၊ မချွတ် သာသနာတော်စောင့် နတ်သိကြားတို့ မနေသာ၍ ပါရမီတော်ကြောင့် တိုက်တွန်းရသည်ဖြစ်မည်၊ ဆရာတော်တို့ ဝမ်းမြောက်လှပါသည်၊ ဘုရားရှင် ကိုယ်တော် ထင်ရှား ရှိတော်မူစဉ်ကလည်း ဘုရားဖြစ်စ ပဌမဝါကျွတ်လျှင်ပင် သာသနာပြု တပည့်တော်များကို အသီးအခြား တပါးစီသာ ကြွသွားရသည်၊ ပရိနိဗ္ဗာန် ပြုတော်မူသည့် နောက်လည်း သီရိဓမ္မာသောကမင်း လက်ထက် သာသနာတော် မတည်သေးသည့် အရပ်ရပ်မှာ သာသနာတည်စေခြင်းငှါ အပြုအစု ရဟန္တာငါးပါးစီ ကြွသွားရသည်၊ ထိုကဲ့သို့ ယခုလည်း နိုင်ငံတော်အတွင်း သာသနာတော် မထွန်းလင်းသေးသော အရပ်သို့ သတ္တိ,ဗျတ္တိရှိသော ဆရာတော်တို့ကို အခန့်သင့် ဘာသာတူ ဘာသာတတ်ရွေးချယ်၍ သာသနာပြု စေလွှတ်တော်မူလျှင်—

ဟိမဝန္တံ ဘိက္ခဝေ ပဗ္ဗတရာဇာနံ ဥပနိဿာယ မဟာသာလာ တီဟိ ဝဍ္ဍီဟိ ဝဍ္ဎန္တိ။

အစရှိသော ဒေသနာတော်ဖြင့် “ဟိမဝန်တောင်မင်းကို မှီ၍ အင်ကြင်းပင်ကြီးတို့သည် အခက်,အရွက်,အခွံ,အနှစ် တိုးပွား များကုန်သကဲ့သို့ သာသနာ၌ သဒ္ဓါပြင်း

သော သူတော်ကောင်းကို မှီ၍ စပ်လျဉ်းလိုက်လျောသည့်သူကို သဒ္ဓါ,သီလ,ပညာဖြင့် ပွားများကုန်ရာ၏”ဟု ဟောတော်မူသည်နှင့်အညီ တရားမင်းမြတ်ကိုမှီ၍ သူခပ်သိမ်းတို့ သဒ္ဓါ,သီလစသော တရားတို့သည် ပွားများတော့မည် ဖြစ်သည်၊ အခါတပါး များစွာရှိခဲ့လျက် သာသနာပြုထိုက်သော တရားမင်းမြတ် ဘုန်းတော်ကြောင့် စာသိ,ပေမြင် အရှင်မြတ်တို့သည်လည်း ယခု များစွာရှိသည်၊ ဆရာတော်တို့လည်း ဘုရားသခင့် သာသနာတော်ကို စောင့်ရှောက်ရမည်ဖြစ်၍ ကေရာဇ်တရားမင်းမြတ် အလိုတော်ရှိတိုင်း သာသနာရေးဟု ရွက်ဆောင်မည် ရည်မှတ်လျက်ပင် ဖြစ်သည်။

## တုရိုဏ်တိုင်

အတွင်းဝန် မဟာသီဟသူရ လျှောက်ပါသည် ဆရာတော်ဘုရား—

မြို့အင်္ဂါကိုဆိုသော စကားစုတွင် အတွင်း၌ တုရိုဏ်တိုင်, အပြင်၌ တုရိုဏ်တိုင် စိုက်ရမည်၊ တုရိုဏ်တိုင်မှာ သစ်ကိုလည်းကောင်း, ကျောက်ကိုလည်းကောင်း မြေထဲသို့ အမြစ် ဆယ်တောင်ဝင်လျှင် မြေပေါ်ကိုလည်း ဆယ်တောင်, မြေထဲသို့ ရှစ်တောင်ဝင်လျှင် မြေပေါ်ကိုလည်း ရှစ်တောင်ရှိစေရမည် ဆိုသည်၊ထိုတုရိုဏ်တိုင်သည် တံခါးပြင်က ရက်ဘောက်လျှိုသော တိုင် ဖြစ်မည်လော,မော်ကွန်းတိုင် ဖြစ်မည်လော, တုရိုဏ်တိုင်ဟူ၍ အခြားရှိသေးသည်လော, မည်သည့်အရပ်တွင် မည်သို့ စိုက်လုပ်ရမည်ကို အတွင်းဝန်တို့က ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရ၍ လျှောက်ပါသည် မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅-ခု တပေါင်းလဆန်း(၁၂)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

တုရိုဏ်တိုင်သည် ရက်ဘောက်လျှိုသော တိုင်ဖြစ်မည်, မော်ကွန်းတိုင်ဖြစ်မည်, အခြားပင်ရှိသည်ဖြစ်မည်ဆိုသည်မှာ အင်္ဂုတ္တိုရ်သတ္တနိပါတ် အဋ္ဌကထာ၌—

တံ ပနေတံ သေိကတ္ထမ္ဘံ ဣဋ္ဌကာဟိဝါ ကရောန္တိသိလာဟိ ဝါ ခဒိရာဒီဟိ ဝါ သာရရုက္ခေဟိ၊ တံ နဂရံ ဂုတ္တတ္ထာယ ကရောန္တော ဗဟိနဂရေ ကရောန္တိ

အလက်ာရတ္တာယ ကရောန္တော အန္တောနဂရေ၊ တံ ဣင္ဃကာမယံ ကရောန္တော မဟန္တံ အာဝါဋံ ကတွာ စယံ စိနိတွာ ဥပရိ အင်္ဂသံ ကတွာ သုခါယ လိမ္ပန္တိ၊ ယဒါ ဟတ္ထိနာ ဒန္တေဟိ အဘိဟတော န စလတိ၊ တဒါ သုလိတ္တောနာမ ဟောတိ၊ သိလာထမ္ဘာဒယောပိ အင်္ဂသာဝေ ဟောန္တိ၊ တေသံ စေ အင်္ဂ ရတနာ ဟောန္တိ၊ စတုရတနမတ္တံ အာဝါဋေ ပဝိသတိ စတုရတနမတ္တံ ဥပရိ ဟောတိ၊ သောဠသရတန ဝီသတိရတနေသုပိ ဧသေဝနယော။ သဗ္ဗေသဉ္စ ဥပစုံ ဟေဋ္ဌာ ဟောတိ ဥပစုံ ဥပရိ၊ တေ ဂေါမုတ္တဝင်္ကာ ဟောန္တိ၊ တေန တေသံ အန္တရေသု ပရိစယံ ကတွာ ကမ္မံ ကာတုံ သက္ကာ ဟောန္တိ၊ တေ ပန ကတစိတ္တကမ္မပဂ္ဂဟိတဓဇာ ဟောန္တိ။

ဟူ၍ အချင်းခပ်သိမ်း သိသာလှစွာ အကျိုး အခြင်းအရာ ပမာဏ အစီအရင်နှင့် လာသည်။

**အနက်ကား** တံပနေတံ သေိကတ္တာမှံ၊ ထိုတုရိုဏ်တိုင်ကိုကား။ ဣင္ဃကာဟိဝါ၊ အုတ်တို့ဖြင့်လည်းကောင်း။ သိလာဟိဝါ၊ကျောက်တို့ဖြင့်လည်း ကောင်း။ ခဒိရာဒီဟိဝါ သာရရုက္ခေဟိ၊ ရှားစသော သစ်နှစ်တို့ ဖြင့်လည်းကောင်း။ ကရောန္တိ၊ပြုကုန်၏။ တံ၊ထိုတုရိုဏ်တိုင်ကို။နဂရဂုတ္တတ္ထာယ၊မြို့ကို လုံစေခြင်းငှါ။ ကရောန္တော၊ ပြုလိုကုန်သည်ရှိသော်။ ဗဟိနဂရေ၊မြို့ပ၌။ ကရောန္တိ၊ ပြုကုန်၏။ အလက်ာရတ္တာယ၊ မြို့ကိုတန်းဆာဆင်ခြင်းငှါ။ ကရောန္တော၊ ပြုလိုကုန် သည်ရှိသော်။အန္တောနဂရေ၊မြို့တွင်း၌။ ကရောန္တိ၊ ပြုကုန်၏။ တံ၊ ထိုတုရိုဏ်တိုင်ကို။ ဣင္ဃကာမယံ၊အုတ်ဖြင့်ပြီးသည်ကို။ကရောန္တာ၊ပြုလိုကုန်သည်ရှိသော်။မဟန္တံ အာဝါဋံ ကတွာ၊ တွင်းကြီးပြု၍။ စယံစိနိတွာ၊ အကျည်ခံ၍။ ဥပရိအင်္ဂသံကတွာ၊ အထက်၌ ရှစ်မြှောင့်ပြု၍။ သုခါယလိမ္ပန္တိ၊ အင်္ဂတေလိမ်းကျံကုန်၏။ ယဒါ၊ အကြင်အခါ၌။ ဒန္တေဟိ၊ အစွယ်တို့ဖြင့်။ ဟတ္ထိနာအဘိဟတော၊ ဆင် ထိုးသည်ရှိသော်။ နစလတိ၊ မလှုပ်။ တဒါ၊ထိုအခါ၌။သုလိတ္တောနာမ၊ခိုင်ခံ့စွာလိမ်းကျံသောမည်သည်။ဟောတိ၊ ဖြစ်၏။ သိလာထမ္ဘာဒယောပိ၊ ကျောက်တုရိုဏ်တိုင်, သစ်နှစ်တုရိုဏ်တိုင်တို့သည် လည်း။အင်္ဂသာဝေ၊ ရှစ်မြှောင့်နှင့်နှင့်တို့သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။ တေသံ၊ ထို တုရိုဏ်တိုင်တို့အား။ အင်္ဂရတနာ စေ ဟောန္တိ၊ ရှစ်တောင် အကယ်၍ ဖြစ်ကုန်အံ့။ စတုရတနမတ္တံ၊လေးတောင်မျှ။ အာဝါဋေ၊ တွင်း၌။ ပဝိသတိ၊ဝင်၏။ စတုရတနမတ္တံ၊ လေးတောင်မျှ။ ဥပရိ၊အထက်၌။ ဟောတိ၊ ဖြစ်၏။ သောဠသရတန ဝီသတိရတနေ သုပိ၊တဆဲ့ခြောက်တောင်, အတောင်နှစ်ဆယ်တို့၌လည်း။ ဧသေဝနယော၊ ဤနည်း သည်သာလျှင်တည်း။ဟိ၊သင့်စွ။ သဗ္ဗေသံ၊ခပ်သိမ်းကုန်သော တုရိုဏ်တိုင်တို့အား။ ဥပစုံ၊ထက်ဝက်ကား။ ဟေဋ္ဌာ၊ အောက်မြေဝင်၌။ ဟောတိ၊ဖြစ်၏။ ဥပစုံ၊ ထက်ဝက်

ကား။ဥပရိ၊အထက်မြေပေါ်၌။ဟောတိ၊ဖြစ်၏။ တေ၊ ထိုတုရိုဏ်တိုင်တို့သည်။ ဂေါမုတ္တဝင်္ကာ၊နွားကျင်ငယ်ကဲ့သို့ ကောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေန၊ ထိုကြောင့်။တေသံ၊ ထိုတုရိုဏ်တိုင်တို့၏။ အန္တရေသု၊ အကြားအကြားတို့၌။ ပရိစယံ၊ လေ့လာသည်ကို။ကတွာ၊ပြု၍။ကမ္မံ၊ရန်သူ ဆီးကာခြင်းအမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ တတ်နိုင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေပန၊ ထိုတုရိုဏ်တိုင်တို့သော်ကား။ ကတစိတ္တကမ္မာ၊ ပြုအပ်သော ပန်းချီ, ပန်းပုရှိကုန်သည်။ ပဂ္ဂဟိတဓဇာစ၊ အထွတ်၌ စိုက်အပ်ကုန်သော တမ်းခွန်လျှာ, တမ်းခွန်ကုက္ကား ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အဓိပ္ပါယ်ကား**....ထိုတုရိုဏ်တိုင်ကို အုတ်, ကျောက်, သစ်နှစ် သုံးပါးတွင် တပါးပါးဖြင့် မြို့ပ,မြို့တွင်း နှစ်ပါးတွင် တပါးပါး၌ဖြစ်စေ,နှစ်ပါးလုံး၌ဖြစ်စေ ပြုလုပ်ရာ၏၊မြို့ပ၌ ပြုသည်ကား လုံခြုံစေအံ့သောငှါ, မြို့တွင်း၌ ပြုသည်ကား တန်းဆာဆင်အံ့သောငှါတည်း၊ အုတ်ဖြင့်ပြုသော်ကား တွင်းတူး၍ အကျည်ခံ စီပြီးလျှင် အထက်၌ ရှစ်မြှောင့်ပြု၍ အင်္ဂတေ လိမ်းကျံရာ၏၊ ဆင်ထိုး၍ မလှုပ်သည်ဖြစ်မှသာလျှင် ခိုင်ခံ့သည်မည်၏၊ ကျောက်, သစ်နှစ်တုရိုဏ်တိုင်တို့၌လည်း ရှစ်မြှောင့်စီ နှင်နှင်တည်း၊ ပမာဏသော်ကား ရှစ်တောင်, တဆဲ့ခြောက်တောင်, အတောင်နှစ်ဆယ်အားဖြင့် သုံးပါးတွင် အလိုရှိရာ လုပ်ရာ၏၊ ထိုတွင် ရှစ်တောင်သော် လေးတောင် မြေဝင်၊ လေးတောင် မြေပေါ်တည်း၊ ကြွင်းသည့်နှစ်ပါး၌လည်း နည်းတူ၊ ထိုတုရိုဏ်တိုင်ကိုကား နွားကျင်ငယ်ကောက်ကဲ့သို့ ကောက်လိမ်မှသာ အလိမ်အကောက်၊ အကြား၌ လွှားကာ ပျဉ်ဆို့၍ လုပ်ကြံစ သာမည်ဖြစ်၍ သင့်သည်၊ ၎င်းတုရိုဏ်တိုင်တို့ကိုလည်း ပန်းချီ,ပန်းပုတို့ဖြင့် ဆန်းကြယ်စွာ တမ်းခွန်လျှာ, တမ်းခွန်ကုက္ကား စိုက်သဖြင့် တင့်တယ်အောင် ပြုရာ၏ ဟူလိုသည်။

ဤသို့လာသော အင်္ဂုတ္တိုရ် သတ္တနိပါတ်,အဋ္ဌကထာစကားကို ထောက်၍ တုရိုဏ်တိုင် သရုပ်,ပမာဏ, အခြင်းအရာ,အစီအရင်ကို မှတ်သိရမည်၊ ရက်ဘောက်လျှိုသော တိုင်,မော်ကွန်းတိုင်များကို တုရိုဏ်တိုင် မဆိုသင့် ဖြစ်သည်။

---

## ဘုရိုဏ်တိုင် ပမာဏ

အတွင်းဝန် မဟာသီဟသူရ လျှောက်ပါသည် ဆရာတော်ဘုရား—

မဟာဒါန်ဝန်တွင် အမိန့်တော်ရှိသည့် တုရိုဏ်တိုင်စကား မှာ ဟံသာဝတီ,သရေခေတ္တရာ, ပုဂံ,တောင်ငူ,အဝ စသည့် မြို့

ပြတ္တိုင်၌ လုပ်ရိုးထုံးစံကို မတွေ့မမြင်ဘူးပါ၊ ယခု လုပ်ဆောင်သော် မည်သည်တွင် လုပ်ဆောင်ရမည်၊ အတောင်, အထွာနှင့် ရွှေလက်တော်ရောက် အလျင်သွားရသောကြောင့် မရလိုက်ပါ၊ ၎င်းလက္ခံကိုလည်း ဂေါမုတ္တဝက်စကားအရများကို သိသာအောင် ထပ်၍ လျှောက်ဦး၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်၍ လျှောက်ပါသည်၊ သိသာရှင်းလင်းအောင် အမိန့် ရှိတော်မူပါ၊ အထက် တံဆိပ်နာမံတော် စီဆက်သွင်းသည့် လက္ခံကိုလည်း သနားတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅—ခု တပေါင်းလဆန်း (၁၄)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်တော် ရှိလိုက်သည်ကား—**

တုရိုဏ်တိုင်ကို လုပ်ရမည့်ဌာနကို မည်သည်တွင် လုပ်ရမည် ဟူသည်မှာ—

ဥပရိ မာလာဒိယုတ္တံ သောဘဏတ္ထမ္ဘဒွယမုဘယတော နိခဏိတွာ ယံ ဗဟိဒွါရံ ကပ္ပိယတောတံ တောရဏံ။

**အနက်ကား** ဥပရိ၊အထက်၌။ မာလာဒိယုတ္တံ၊ ပန်းခိုင်, ပန်းပုနှင့်ယှဉ်သော။ ယံသောဘဏတ္ထမ္ဘဒွယံ၊ အကြင်တင့်တယ်သော တိုင်နှစ်ခုတို့၏ အပေါင်းကို။ ဥဘယတော၊ လက်ဝဲ, လက်ျာနှစ်ဘက်မှ။ နိခဏိတွာ၊စိုက်၍။ဗဟိဒွါရံ၊ တံခါးအပ၌။ ကပ္ပိယတော၊စီရင်အပ်၏။ တံသောဘဏတ္ထမ္ဘဒွယံ၊ထိုတင့်တယ်သောတိုင်နှစ်ခုသည်။တောရဏံ၊တုရိုဏ်တိုင်မည်၏။

ဤသို့ အဘိဓာန်ဋီကာ၌ လာခြင်းကြောင့် ဇံခါး အတွင်း,အပ,လက်ဝဲ,လက်ျာ ဌာန၌ တုရိုဏ်တိုင်ကို စိုက်ဆောက် စီရင်ရမည်၊ အဘိဓာန်ဋီကာတွင် ဗဟိဒွါရံ ဟူ၍ တံခါးအပ၌ စိုက်ဆောက်ရမည် ဆိုသည်မှာလည်း ဥပလက္ခဏနည်းသာ ဖြစ်သည်၊ အထက် အမိန့်ရှိသည့် အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် လျော်စွာ တံခါးတွင်း, တံခါးပ နှစ်ဌာန၌ပင် လုပ်ဆောင်သင့်သည်၊ တုရိုဏ်တိုင်တို့ အတိုင်း,အထွာ,ပမာဏ စသည် သုံးပါး အခြင်းအရာကို ၎င်း အဋ္ဌကထာလာသည့်အတိုင်း အထက် အမိန့်တော် ရှိလိုက်ပြီး ဖြစ်သည်။

ဂေါမုတ္တဝက်စကားမှာလည်း ရာဇဝင်ကျော်စသည့် မြန်မာစကားဟောင်း ပုံစံတို့၌ သိသာအောင် မဆိုခဲ့သာ၊ အဋ္ဌကထာပါဠိရှိတိုင်းကို ထောက်သော်ကား"ဂေါ

မုတ္တဝက်, စန္ဒလေခါဝက်, နဂ်လကောဋ္ဌိဝက်”ဟူ၍ ကျမ်းလာကြောင်း၊ နွားကျင်ငယ် ကောက်, လရေးကောက်, ထွန်ကိုင်းကောက်အားဖြင့် သုံးပါးသော အကောက်တို့ တွင် အစ, အလယ်, အဆုံး သုံးပါးကောက်သည်ကို ဂေါမုတ္တဝက်ဟူ၍ ကျမ်းလာသော ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လည်း ဂေါမုတ္တဝက်အားဖြင့် တုရိုဏ်တိုင်တို့သဏ္ဌာန် ကို ဆိုသည်ဖြစ်၍ မြေပေါ်တလျှောက်လုံးရှစ်မြှောင့် လှိုင်းတွန့်လုပ်လိုမည်ဖြစ်သည်၊ ယင်းသို့ လုပ်သည်မှာလည်း အတွန့် အကောက် အကြား လွှား, ကာ စသည်ဖြင့် ဆို့ပိတ်၍ ခိုမှီသာအောင် အလိုရှိသည်ဖြစ်လျှင် လက်နက်သွင်း၍ပစ်ခတ်သာအောင် လုပ်ရမည် ဖြစ်သည်၊ ယခင် အင်္ဂုတ္တိုရ်အဋ္ဌကထာပါဋ္ဌ်အနက်ကိုထောက်၍ စေ့စေ့ငုငု ကြံစည်ဆင်ခြင်၍ တော်သင့်အောင် စီရင်ရမည်၊ အကြားသာရှိ၍ အမြင်မရှိသော ကြောင့် နည်းယူရန် မရသည်နှင့် သင့်အောင် လုပ်ဆောင်နိုင်ခဲမည့်အရာ ဖြစ်သည်၊ ဟံသာဝတီ, သရေခေတ္တရာ, အဝ, တောင်ငူမြို့များမှာ တုရိုဏ်တိုင် လုပ်သည်ကို မတွေ့ မမြင်ပါ ဟူသည်မှာလည်း ၎င်းမြို့တို့၌ မတွေ့မမြင်ရဟူ၍ မလုပ်မဆောင် မနေသင့် ချေ၊ မြို့အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ရာဇဓာနီ မင်းနေပြည်ကြီး ဖြစ်ချေသည်၊ ၎င်းမြို့တို့၌ လုပ်ဆောင်သည့်ထုံးစံကို မတွေ့မမြင်ဘူးချေသော်လည်း ကျမ်းဂန်ထုံးစံ ရလျှင် ၎င်းထုံးစံကို အခိုင်အမာပြု၍ လုပ်သင့်သည်သာ ဖြစ်သည်။

တံဆိပ်နာမံတော် စာလက္ခံ မရပါ ဆိုသည်မှာလည်း မဟာဒါန်ဝန်တွင် ဖြည်း ဖြည်းမှ ရေး၍ ပေးလိုက်ရမည် ဖြစ်သည်။

## မြို့ထောင့်စေတီလေးဆူ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရွှေမြို့တော်လေးထောင့်တွင် တည်တော်မူမည့် ကောင်းမှု တော်ဘုရား လေးဆူတွင် ဌာပနာတော်မူမည်မှာ ဘုရားမွေ တော်, ဓာတ်တော်, ရုပ်တုတော်, ဆင်းတုတော် ဌာပနာများ ကို မည်သို့ စီရင်သွန်းလုပ်၍ မည်သို့ဌာပနာရမည်၊ မြေဆင်းတု လည်း ပုံနှိပ်အရေအတွက် ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ သွန်းလုပ်၍ရှိပါသည်၊ ၎င်းဆင်းတုတော်များ ကိုလည်း မည်သို့ ဌာပနာသင့်မည်၊ အတွင်းဝန်တို့က ဆရာ တော်မှာလျှောက်၍ စာသွင်းစေ၊ဘုရားအမိန့်တော်မြတ်ကို ဦး

ထိပ်ထက် ဆင်ရွက်ရသောကြောင့် မဟာဒါန်ဝန်ကို လျှောက်ပါစေသည်၊ ကျမ်းဂန်ထုံးစံရှိသည်အတိုင်း မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅ ခု တပေါင်းလပြည့်ကျော်(၃)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

စေတီတော်နိုက် ဌာပနာမည့် အခင်းအကျင်း အစီအမံ ထုံးစံအများရှိသည်တွင် သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိအဘယမင်းကောင်းမှု မဟာစေတီ စီရင် ခင်းကျင်းသည့်နည်းသည် သင့်မြတ်ဆန်းကြယ်လှသည်ဖြစ်၍ ဘုန်းတန်းခိုးအာနုဘော် ကြီးတော်မူသော ရေကို ကြည်စေတတ်သော ပတ္တမြားရတနာနှင့်တူသော သာသနာတော်မြတ်၌ သဒ္ဓါတရားဖြင့် မပြတ်ကြည်သော တရားမင်းမြတ်နှင့် ထိုက်တန် သင့်မြတ်လှသည်။

**ၐင်းမဟာစေတီ၌ စီရင်ခင်းကျင်းဟန်ကား**—ဌာပနာတိုက်၏အလယ်၌ ငွေဖြင့်ပြီးသော တဆဲ့မှစ်တောင်သော ခက်မငါးဖြာရှိသော အချင်းချင်း ယှက်တင်သော ငွေဖြင့်ပြီးသော ခက်သေး ခက်ငယ်နှင့် ပြည့်စုံသော ကမ္ဗလာစိန်ကို ဖြန့်ဘိသော အရောင်, မြယပ်ဝန်းကို ခပ်ဘိသောအသွင်, ဥဒေါင်းမြီးစည်းကို ဖြန့်ဘိသောပမာ, မြဖြင့်ပြီးသော ရွက်ရင့်တို့ဖြင့် တင့်တယ်စွာသော ရွှေဖြင့်ပြီးသော ရွက်ဖော့, သန္တာဖြင့်ပြီးသော ရွက်ဖူးအညွန့်, ရွှေဖြင့်ပြီးသော သီးနုသီးရင့်, သန္တာဖြင့်ပြီးသော မြစ်မမြစ်သေးတို့ဖြင့် ခိုင်ခံ့စွာတည်သော ပင်စည်၌ ခြူးပန်းခြူးနွယ်, အဋ္ဌမင်္ဂလာဟသာစသော အခြေနှစ်ချောင်း, အခြေလေးချောင်းရှိသော အရေးအသားတို့ဖြင့် ဆန်းကြယ်စွာသော မဟာဗောဓိပင်ကို ဖန်စီရင်ပြီးသော် ၎င်းမဟာဗောဓိ၌ တထောင့်ရှစ်ထည်သော ပုဆိုးကောင်းတို့ဖြင့် ပူဇော်သော ပုလဲဖြင့်ပြီးသော ခြူး, ပုလဲ သန္တာ ရွှေ ငွေ မြတို့ဖြင့်ပြီးသော ကွန်ရက်ဖြင့်ပြီးသော ကွန်ရက်ဖြင့်ဆွဲအပ်သော ရွှေ ငွေ ပတ္တမြား ပုလဲ သန္တာဖြင့် ဆန်းကြယ်သော ရတနာခုနစ်ပါးတို့ဖြင့် ပူဇော်သော ပန်းပွားတို့ဖြင့် တင့်တယ်သော ရွှေလ, ရွှေနေ, ရွှေကြယ်, ငွေလ, ငွေနေ, ငွေကြယ် စသော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော လ, နေ, ကြယ်တို့ဖြင့် ဆန်းကြယ်သော လေးထောင့်၌ ဆွဲအပ်သော အသပြာကိုးသိန်းထိုက်သော ပုလဲသွယ်ရှိသော ပတ်လည်ဆွဲအပ်သော ရတနာတို့ဖြင့်ပြီးသော ကြာသွတ်အိုးငယ်ရှိသော ဗိတာန်ကြက်ပြီးလျှင် ဗောဓိပင်ထက်ဝန်းကျင်မှ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ပွတ်တိုင်စိုက်ရံ၍ ၎င်းအကြားအကြား၌ သျှိသျှားသီးလုံး ပမာဏရှိသော မြတ်သော ရတနာတို့ကို

ကြဲ၍ နံ့သာရည်ဖြင့်ပြည့်သော ရွှေအိုး၌ သန္တာပန်း, သန္တာအိုး၌ ရွှေပန်း, ပတ္တမြား အိုး၌ ငွေပန်း, ငွေအိုး၌ ပတ္တမြားပန်း အစရှိသည်ဖြင့် တင့်တယ်စွာ စီရင်အပ်သော ကြာသွတ်အိုးတို့ကို ထား၍ မဟာဗောဓိမှ အရှေ့မျက်နှာ၌ ရတနာခုနစ်ပါးဖြင့်ပြီး သော တကုဋေထိုက်သော ပလ္လင်,တခဲနက်သော ရွှေစိုင်ကိုထုလုပ်အပ်သော ဘုရား ဆင်းတုတော်ကို သီတင်းသုံးစေ၍ သဟံပတိဗြဟ္မာမင်း ငွေထီးကာဟန်, နတ်ပြည် နှစ်ထပ်၌ နတ်များနှင့်တကွ ဝိဇယုတ္တရမည်သော ခရုသင်းနှင့် သိကြားမင်း အဘိ သိက်ပေးဟန်, ဗေဠုဝပဏ္ဍုမည်သော စောင်းတီးလျက် ပဥ္စသီခနတ်မင်း ခစားဟန်, နဂါးအပေါင်း ခြံရံလျက် အထူးထူးသော ကျေးဇူးဖြင့် ချီးမွမ်းဟန်ကို ပြုပြီးမှ အထူးထူးသော လက်နက်စွဲလျက် လက်ရုံးတထောင်ဆောင်သော ဂီရိမေခလာဆင် ထက် စီးလျက်တည်သော မာရ်မင်းသည် စစ်သည်နှင့်တကွ ကပ်လာသည်ကို အောင် မြင်တော်မူဟန် ဤအလုံးစုံသော အရုပ်တို့ကို အခန့်သင့်သော ရတနာတို့ဖြင့် ပီပြင် လှစွာချည်း ပြုသည်ဖြစ်၍ ဘုရားရှင်ရုပ်တုတော်၌ လက်သည်တော်နှစ်ဆယ်, မျက်စိ တော်၌ ဖြူသောအရာတို့ကို ဖလ်စစ်ဖြင့်,လက်ဘဝါးတော် ခြေဘဝါးတော် နှုတ်ခမ်း တော် မျက်စိတော်၌ နီသောအရာတို့ကို သန္တာစစ်ဖြင့်, ဆံမုတ်ဆိတ်တော် မျက် မှောင်တော် မျက်စိတော်၌ ညိုသောအရာတို့ကို ဣန္ဒနီလာဖြင့်, သွားတော်လေးဆယ် တို့ကို ဝဇိရစိန်ဖြင့်, ဥဏ္ဏာလုံတော်ကို နံရံ၌ ထားအပ်သော ငွေပြွက်သဖွယ် တင့်တယ် အောင် ငွေကျောက်ဖြင့်ပြီးစေလျက် အတိုင်းအရှည်နှင့်တကွ ပြုသည်၊အရှေ့မျက်နှာ က နည်းတူ၊ ခုနစ်မျက်နှာတို့၌လည်း တကုဋေချည်းထိုက်သော ပလ္လင်တို့ကို ခင်းပြီး လျှင် သန္တာဖြင့်ပြီးသော သပိတ်ခြေနှင့်, ဆင်စွယ်ဖြင့်ပြီးသော သပိတ်, တထောင် ထိုက်သော ရွှေယပ်တို့ကို ထားသည်၊ မဟာဗောဓိသို့ချည်း ဦးခေါင်းပြု၍ ခင်းအပ် သော ရတနာဖြင့် ခြယ်လှယ်အပ်သော ကုဋေတရာထိုက်သော ငွေအိပ်ရာ၌ သတ္တ ဌာနနှင့်တကွ လောကပါလ နတ်မင်းလေးယောက် လှူသော သပိတ်ကို ခံတော် မူဟန်, တဖုဿ, ဘလ္လိကတို့ လှူသော ပျားဆုပ်မုန့်ကို ခံတော်မူဟန်, တရားဟောစိမ့် သောငှါ သဟံပတိဗြဟ္မာမင်း တောင်းပန်ဟန်, ဓမ္မစကြာတရား ဟောတော်မူဟန်, ရှင်ယသနှင့် ဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့ကို ရဟန်းပြုတော်မူဟန်, ဥရုဝေဠကဿပ စသည် ညီနောင်သုံးယောက်တို့ကို ဆုံးမတော်မူဟန်, လဋ္ဌိပနုဉယျာဉ်၌ ဗိမ္ဗိသာရမင်းကြီး ဖူးမြော်လာခြင်း,ရာဇဂြိုဟ်မြို့သို့ ဝင်တော်မူခြင်း, ဝေဠုဝန်ကျောင်းတော်ကို ခံတော် မူခြင်းနှင့်တကွ အသီတိမဟာသာဝက သဏ္ဌာန်တော်ကို ပြု၍ ထားသည်။

ထိုမှတပါးလည်း ကပ္ပိလဝတ်သို့ ကြွတော်မူဟန်, ၎င်း၌ ဆွေတော် မျိုးတော်တို့ စည်းဝေးဟန်, ရဟနာစင်္ကြံ၌ တည်၍ ပြာဋိဟာ ပြတော်မူဟန်, အရှင်ရာဟုလာ အရှင်နန္ဒတို့ကို ရဟန်းပြုတော်မူဟန်, ဇေတဝန်ကျောင်းတော်ကို ခံတော်မူဟန်,

ကဏ္ဍမှသရက်ဖြူပင်၌ ယမိုက်ပြာဋိဟာ ပြတော်မူဟန်, တာဝတိံသာ၌ အဘိဓမ္မာ တရား ဟောတော်မူဟန်, မြင့်မိုရ်တောင်ထိပ်မှ လောကဝိဝရဏ ပြာဋိဟာ ပြ၍ သင်္ကာသနဂိုရ်သို့ သက်တော်မူဟန်, ၎င်း၌ ရှင်သာရိပုတ္တရာအား ပြဿနာမေးသည် တွင် အစည်းအဝေးဖြစ်ဟန်, မဟာသမယသုတ် ရာဟုလောဝါဒသုတ် မင်္ဂလသုတ် ပါယနသုတ်တို့ကို ဟောတော်မူသည်တွင် အစည်းအဝေးဖြစ်ဟန်, ဓနပါလ အင်္ဂုလိ မာလ ရဋ္ဌပါလ အာဠဝကတို့ကို ဆုံးမတော်မူဟန်, အာယုသင်္ခါရ လွှတ်တော်မူ ဟန်, စုန္ဒလှူသော ဝက်သားပြွမ်း ဆွမ်းကို ခံတော်မူဟန်, ကုသိနာရုံသို့ ကြွသွားတော် မူသည်တွင် ကြည်သောရေကို ဘုဉ်းပေးတော်မူဟန်, ၎င်း၌ ပရိနိဗ္ဗာန်ပြုတော်မူ သောအခါ နတ်,လူတို့ ငိုကြွေးဟန်, နောက်မှလာ၍ အရှင်မဟာကဿပ ခြေတော် ကို ရှိခိုးလျက် တလားမှ ခြေတော်စုံထွက်ဟန်, တေဇောဓာတ်လောင်သည်ကို ငြိမ်း စေဟန်, သင်္ဂြိုဟ်ရာကို ပူဇော်ကြဟန်, ဒေါနပုဏ္ဏား ဓာတ်တော်ကို ဝေဘန်ဟန်တို့ ကိုလည်း ပြု၍ ထားသည်။

ထိုမှ တပါးလည်း ငါးရာ့ငါးဆယ်သော ဇာတ်တို့တွင် များသောအားဖြင့် ပသာဒကို ဖြစ်စေတတ်သော ဇာတ်တို့ကို ရွေးချယ်ပြုလုပ်ထားသည်။ ဝေဿန္တရာ ဇာတ်ကို ပြုသည်မှာ မယ်တော် ခမည်းတော် ဝေဿန္တရာမင်းကြီး, မဒ္ဒီမိဖုရား, သား တော်, သမီးတော်တို့ သဏ္ဌာန်နှင့်တကွ သတ္တသတက မဟာဒါန ပစ္စယဆင်ရတနာကို လှူဟန်စသော အလုံးစုံသော ဝေဿန္တရာဇာတ်ကို မကျန်မကြွင်း ပြုလုပ်ထားသည်၊ ၎င်းမှ အသက်ထက်ဆုံးတည်၍ တုသိတာနတ်ပြည်သို့ လားဟန်,၎င်းနတ်အပေါင်းတို့ ဘုရားဖြစ်စိမ့်သောငှါ တောင်းပန်ဟန်, ပဥ္စမဟာဝိလောကနကို ပြုဟန်, မယ်တော် ဝမ်းသို့ သက်ဟန်,မာယာမိဖုရား သုဒ္ဓေါဒနမင်းကြီးသဏ္ဌာန်,ကောင်းကင်မှ ရေယဉ် သက်ခြင်း စသည်နှင့်တကွ လုမ္ဗိနီမည်သော အင်ကြင်းတော၌ မယ်တော်ဖွားဟန်, မြောက်သို့ ခုနစ်ဘဝါးသွားဟန်စသော နိမိတ်ကြီးလေးပါး ထင်သည်တိုင်အောင် သော လူစည်းစိမ်ကို ခံစားသောအခြင်းအရာ ဆန္ဒနှင့်တကွ ကဏ္ဍကမြင်းစီး၍ တော ထွက်ဟန်, ၎င်းအခါ နတ်တကာတို့ ပူဇော်ဟန်, ကဏ္ဍကမြင်းပျံလည်း သည်တွင် ဝမ်းကွဲဟန်, အနော်မာမြစ်နား၌ ရဟန်းပြုဟန်, ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ဟန်, ပဏ္ဍဝ တောင်ရိပ်၌ ဗိမ္ဗိသာရမင်း တောင်းပန်ဟန်, သုဇာတာလှူသည့် ဃဏာဆွမ်းကို ခံတော်မူဟန်, အင်ကြင်းတော၌ နေ့သန့်ဟန်, သောတ္ထိယလှူသော မြက်ကို ခံဟန်, ပလ္လင်၌ နေတော်မူဟန်တို့ကိုလည်း ပြု၍ထားသည်၊ သိဟိုဠ်ကျွန်း၌ သာသနာပြု ရှင်မဟိန္ဒ အစရှိသော ခြောက်ပါးသော ရဟန္တာ သုမဏာသာမဏေတို့ သဏ္ဌာန်, ၎င်းအရှင်မြတ်တို့ သိဟိုဠ်ကျွန်းသို့ ကြွတော်မူလာဟန်ကိုလည်း ပြု၍ထားသည်။

ထိုမှတပါးလည်း ဌာပနာတိုက် လေးမျက်နှာ၌ သန့်လျက်စွဲလျက် စတုမဟာရာဇ် နတ်မင်းလေးယောက်, ၎င်းနောက်၌ နတ်သားသုံးဆဲ့သုံးယောက်, ၎င်းမှနောက်၌

ရွှေဆီမီးတိုင်ကိုင်သော နတ်သား နတ်သမီး သုံးကျိပ်သုံးယောက်, ၎င်းမှနောက်၌ ယက္ခသေနာပတိ နှစ်ဆယ့်ရှစ်ယောက်, ထိုနောက်မှ လက်အုပ်ချီသော နတ်သား နတ်သမီး, ထိုနောက်မှ ရဘနာခုနစ်ပါးဖြင့်ပြီးသော ကြာစည်းကိုင်သော နတ်သား နတ်သမီး, ထိုနောက်မှ မိုးစွေပန်းကိုင်သော နတ်သား နတ်သမီး, ထိုနောက်မှ ကြာသွတ်အိုးကိုင်သော နတ်သား နတ်သမီး, ထိုနောက်မှ ကခြင်း သီခြင်းကိုပြုသော နတ်သား နတ်သမီး, ထိုနောက်မှ တီးမှုတ်ခြင်းကိုပြုသော နတ်သား နတ်သမီးတို့ သဏ္ဍာန်ကို ပြုလုပ်ထားသည်။ ထိုနောင်မှ တသိန်းစီချည်းထိုက်သော ဆယ်တောင်ပမာဏရှိသော ကြေးမုံကိုင်သော နတ်သား နတ်သမီး, ထိုနောင်မှ ၎င်းနည်းထိုက်သော ပန်းခက်ကိုင်သော နတ်သားနတ်သမီး,ထိုနောင်မှ လဝန်းကိုင်သောနတ်သား နတ်သမီး,ထိုနောင် နေဝန်းကိုင်သော နတ်သား နတ်သမီး, ထိုနောင် ပဒုမာကိုင်သော နတ်သား နတ်သမီး, ထိုနောင် ထီးကိုင်သော နတ်သား နတ်သမီး, ထိုနောင် ဆန်းကြယ်သော အသွင်ကိုဆောင်သော ပန်းပန်သော နတ်သား နတ်သမီး, ထိုနောင် ပုဆိုးပေါင်းသော နတ်သားနတ်သမီး, ထိုနောင် ရတနာစေတီကိုင်သော နတ်သားနတ်သမီး, ထိုနောင် စက် လက်စွဲသောနတ်သား, ထိုနောင် သံလျက်စွဲသော နတ်သား, ထိုနောင် ငါးတောင်ပမာဏရှိသော နံ့သာဆီဖြင့်ပြည့်သောဘုံဖြူဆီမီးစာဖြင့် ထွန်းအပ်သော ရွှေဆီမီးခွက်ရွက်သော နတ်သား နတ်သမီးတို့ သဏ္ဍာန်ကိုလည်း ပြုထားသည်။

ထိုမှတပါးလည်း လေးထောင့်တွင် စေတီငယ်၏ အထက်၌ ခလေးလုံးသော ပတ္တမြားရတနာတို့ကို တင်ထားသည်၊ ၎င်းလေးထောင့်၌ ရွှေ, ပတ္တမြား, ပုလဲ, ဝဇီရစိန်, ကြောင်မျက်ရွဲ, သန္တာတို့ကို စုထားသည်၊ တံမြက်ခြေးစွန်ရန် ရွှေဖျဉ်းရတနာဖြင့် ဆန်းကြယ်သော ရွှေကျင်တို့ကိုလည်း စီထားသည်၊ ဓာတ်တော်တိုက်နံရံ၌လည်း ခြူးပန်း, ခြူးနွယ်, သားမြီးယပ်, ကြာညိုပန်းကိုင်သော နဂါးသမီးသဏ္ဍာန်တို့ကို ရေးသားထားသည်။

ဤသို့ ဆန်းကြယ်စွာ ဌာပနာသည့် အခင်းအကျင်းကို ပြုပြီးမှ ဓာတ်တော်တို့ကို မြတ်သော နေရာထက် ကိန်းဝပ်စေ၍ ဌာပနာတိုက် ပိတ်သည်၊ ဌာပနာတိုက်ကား အစောက် ဒအကျယ် စတုရမ်း အတောင် ရှစ်ဆယ်သာဘည်း၊ ထိုသို့လျက် ရာဇဒ္ဓိ, ဒေဝိဒ္ဓိ,အရိယိဒ္ဓိဟူသော တန်းခိုးသုံးပါးအားဖြင့် များစွာသောအဆောက်အဦတို့ကို သိုမှီးလောက်လေသည်၊ (ဤကား သီဟိုဠ်ကျွန်း မဟာစေတီ၌ ဌာပနာသည့် အစီအရင်တည်း)။

ယင်းသည် အစီအရင်၌ သီဟိုဠ်ကျွန်းဝယ် သာသနာပြုဦး အရှင်မဟိန္ဒ စသော ရဟန္တာတို့ သဏ္ဍာန်နှင့်တကွ ကြွတော်မူလာသည့် အခြင်းအရာများကို ထူးခြား၍

ဒေသအလျောက် စီမံလေသည်၊ ငါတို့ ဒေသမှာလည်း အထိုက်အလျောက် အရှင်ပုဏ္ဏထေရ်၊ အရှင်ဗလသိဒ္ဓိထေရ်တို့ သဏ္ဍာန်နှင့်တကွ ပြာသာဒ်ငါးရာ စီလျက် တမ္ဗဒီပတိုင်းမှ စပ်ကာ သုနာပရန္တတိုင်းဒေသသို့ ကြွတော်မူလာဟန်၊ ရောက်လျှင် စန္ဒကူးကျောင်းကို အလှူခံတော်မူဟန်၊ ခုနစ်ရက်ကြာ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူဟန်များကို အစေ့အစုံ ကျမ်းဂန်မှီ၍ စီရင်ရမည် ဖြစ်သည်၊ မဟာစေတီဌာပနာသည်မှာ ဓာတ်တော်ကြုတ်စီရင်နည်း မပါ၊ အဇာတသတ်မင်း စီရင်၍ တည်သော ပါသာဏစေတီတော် ဌာပနာရာ၌ကား ရှေးဦးစွာ ဓာတ်တော်တို့ကို စန္ဒကူးရွှေကြုတ်၌ ထည့်သည်၊ ၎င်းရွှေကြုတ်ကို ခုနစ်ထပ်တိုင်အောင် စန္ဒကူးရွှေကြုတ်၌ ထည့်ပြန်သည်၊ ၎င်းကြုတ်ကို ရှစ်ထပ်တိုင်အောင် စန္ဒကူးရွှေစေတီ၌ ထည့်ပြန်သည်၊ ၎င်းရွှေစေတီကိုလည်း ရှစ်ထပ်စီနှင်နှင် စန္ဒကူးနီကြုတ်၌ ထည့်ပြန်သည်၊ ၎င်းနည်းနှင်နှင် စန္ဒကူးနီစေတီရှစ်, ဆင်စွယ်ကြုတ် ရှစ်, ဆင်စွယ်စေတီ ရှစ်, ရတနာခုနစ်ပါးဖြင့်ပြီးသော ကြုတ်ရှစ်, ရတနာခုနစ်ပါးဖြင့်ပြီးသော စေတီ ရှစ်, ရွှေကြုတ်ရှစ်, ရွှေစေတီရှစ်, ငွေကြုတ်ရှစ်, ငွေစေတီရှစ်, မြကြုတ်ရှစ်, မြစေတီရှစ်, ပတ္တမြားနီကြုတ်ရှစ်, ပတ္တမြားနီစေတီရှစ်, မသာရကလ်ကြုတ်ရှစ်, မသာရကလ်စေတီရှစ်, ဖလ်ကြုတ်ရှစ်, ဖလ်စေတီရှစ် အစဉ်အတိုင်း သွတ်သွင်းပြီးမှ အလုံးစုံသော ရတနာဖြင့်ပြီးသော ကျောင်းဆောင်, ရွှေကျောင်းဆောင်, ငွေကျောင်းဆောင်, ကြေးနီကျောင်းဆောင်တို့ဖြင့် အဆင့်ဆင့် အုပ်လွှမ်းလျက် ဌာပနာသည်။

ဤသို့ ဓာတ်တော်ဌာပနာသည်မှာ စီမံလုပ်ဆောင်ရမည် ဖြစ်သည်၊ အလုံးစုံ လုပ်ဆောင်ရန် အခြင်းအရာကိုလည်း ကျမ်းဂန်အမြင်နှင့် ထောက်ထား၍ နှိုင်းယှဉ် စီမံရမည် ဖြစ်သည်၊ မဟာစေတီဌာပနာ အစီအရင်ကိုလည်း အရှင် ဗုဒ္ဓဃောသထေရ် စီရင်ထုံးဖွဲ့သည် ဟူ၍ မဟာဝင်, ထူပဝင်ဟောင်း, ထူပဝင်သစ်တို့ ဆိုသည်၊ ယခုမှာ အကြင် ရှိတိုင်းသော ပါဠိစဉ်လျှောက်၍ ဆိုသည်မျှသာ ဖြစ်သည်၊ မြေဆင်းတုတော် အများ လုပ်ပြီးရှိသည်ဆိုရာမှာလည်း အဆောက်အဦ စေ့ငုမှ အခန့်သင့် စီမံခင်း ကျင်းရမည် ဖြစ်သည်၊သည်မှတပါးလည်း သာသနဒါယကာ မင်းတရား, မိဖုရားကြီးတို့ ပူဇော်ဟန်စသော ရှေးထုံးစံရှိသည်များကို မှီ၍ သွတ်သွင်းစီမံရမည်ဖြစ်သည်။

## အဘိဿေကခံ ရေသဖန်းပျဉ်

အတွင်းဝန် မဟာသီဟသူရ လျှောက်ပါသည် ဆရာတော်ဘုရား —

ရာဇာဘိသေက ခံတော်မူမည့် ဥဒုမ္ဗရသာခ ရေသဖန်းပျဉ်မှာ ပဌမာဘိသေက ခံတော်မူသသည့် ရေသဖန်းပျဉ်သည်

ပျဉ်ကိုယ်တွင် သတပတ္တပွင့်ချပ်တရာ,ကြာရေးသောရေသဖန်း ပျဉ်ဖြစ်သည်၊ မုဒ္ဓါဘိသေက ခံတော်မူသည့် ဉဒုမ္ဗရသာခပီဌကို ယမန်လျှောက်ရာတွင် ဘဒ္ဒပီဌကို ဝတ္ထမယပီဌဖွင့်သည့်အတိုင်း ရေသဖန်းသား အမှီအပေါင်တွင် ကြိမ်ခက်၍ လုပ်သင့်ကြောင်း နှင့် မိန့်တော်မူသည်၊ရေသဖန်း အပေါင် အမှီတွင် ကြိမ်ခက်၍ လုပ်ဆောင်လျှင် သတပတ်ရွှေကြာ မရေးမလုပ်သာ ရှိခဲ့သည်၊ မည်သို့ လုပ်ဆောင်သင့်မည်ကို ဆရာတော်မှာ လျှောက်၊အမိန့် တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်၍ လျှောက်ထားပါသည် သိသာအောင် မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅-ခု တပေါင်းလပြည့်ကျော်(၄)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက် လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မုဒ္ဒါဘိသေက ခံတော်မူမည့် ဉဒုမ္ဗရပီဌကို အပေါင်အမှီတွင် ကြိမ်ခက်၍ လုပ် ဆောင်လျှင် သတပတ်ရွှေကြာ မရေးမခြယ်သာ ရှိခဲ့သည်၊ မည်သို့ လုပ်ဆောင် ရေး ခြယ်ရမည် ဆိုသည်မှာ ရေသဖန်းသားတွင် ရေးခြယ်မှသာ ရေးခြယ်ရာ မြောက်မည် မဟုတ် ဖြစ်၍ ဖျင်ဖြူ, ပိတ်နုစသည် အခန့်သင့် အထည်အလိပ်တွင် ရေးသားခြယ် လယ်ပြီးလျှင် ရေသဖန်း အင်းပျဉ်တွင် ကပ်လွှမ်းသော်လည်း သင့်မည် ဖြစ်သည်၊ ထည်ကောင်း,လိပ်ကောင်းကို မရေးမခြယ်မိ မဆွက ကပ်လွှမ်းပြီးမှ ရေးသားခြယ် လယ်သော်လည်း သင့်မည် ဖြစ်သည်၊ ကပ်လွှမ်းသည်မှုကား ကြိမ်အခက် အောက်, အထက် အလိုရှိရာ ကပ်လွှမ်းရမည်၊ ယင်းသို့ ကပ်လွှမ်း၍ ထည်ကောင်း,လိပ်ကောင်း တွင် ရေးသားခြယ်လယ်သည်ကိုလည်း အဘိသိက်ခံတော်မူပြီးသော် ကုသိုလ်တော် ပွားအောင် အခန့်သင့်သုံးလိုလျှင် သုံးရမည် ဖြစ်သည်၊"စတုရဿံ စတုဒ္ဒါရံ"စသည် ဖြင့် သင်္ကရိုက်ကျမ်းလာ ဘဒ္ဒပီဌ ရေးနည်း အခြားလည်း ရှိသည်၊ အရေးအသား အရာမျှသာ ဖြစ်သည်နှင့် အကျိုး,အကြောင်း အထူးမရှိကောင်းပြီဖြစ်၍ မဆိုလိုက် ဖြစ်သည်။

## ဘဒ္ဒပီဌပလ္လင်တော်

အတွင်းဝန် မဟာသီဟသူရ လျှောက်ပါသည် ဆရာတော်ဘုရား—

ဉဒုမ္ဗရပီဌကို လျှောက်ရာတွင် ဘဒ္ဒပီဌကို ဝတ္ထမယပီဌ ဖွင့်ကြောင်းနှင့် မိန့်တော်မူသည်၊ နောက်ကြိမ်ခက် လုပ်ဆောင်

လျှင် သတပတ်ရှေ့ကြာ ရေးခြယ်ရမည့် ကပ်ခဲသည့် လျှောက်ပြန်ရာတွင်''စတုရဿံ စတုဒ္ဒွါရံ''စသည်ဖြင့် သင်္ကရိုက်ကျမ်းလာ ဘဒ္ဒပီဌနေရာ ကြာ ရေးနည်း အခြားလည်း ရှိသေးသည့် မိန့်တော်မူချက် ပါကြောင်းနှင့် လျှောက်ရာတွင် ဘဒ္ဒပီဌပလ္လင်ကို ဆရာတော်ဘုရား စီရင်တော်မူရာ ရေးသားလုပ်ဆောင်ရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ရပါသည်၊ သင်္ကရိုက်ကျမ်းလာ ဘဒ္ဒပီဌနေရာ ကြာရေးနည်း အခြားလည်း ရှိသည့် မိန့်တော်မူချက်ကို ပုံစံရေးသားနည်းနှင့် သိသာအောင် မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅–ခု တပေါင်းလပြည့်ကျော်(၆)ရက်နေ့ မဟာဒါန်ဝန် စာရေး လကျာ်စည်သူကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သင်္ကရိုက်ကျမ်းလာ ဘဒ္ဒပီဌနေရာ ကြာရေးနည်း အထူးမှာ....

စတုရဿံ စတုဒ္ဒွါရံ၊ တိရေခံ ပဒ္မ ဂဗ္ဘိကံ။
ဟတ္ထတ္တယပ္ပမာဏဉ္စ၊ တဏ္ဍုလ မဏ္ဍလံ လိခေ။

ပဒ္မ ပတ္တံ လိခေ ဇဝံ၊ စတုသဋ္ဌိ ပ္ပမာဏတော။
ဧကေက ပဒ္မ ပုပ္ဖဿ၊ ဝသု သင်္ချာ ဒလေဒလေ။

**အနက်ကား** စတုရဿံ၊ လေးထောင့်ရှိသော။ စတုဒ္ဒွါရံ၊တံခါး လေးမျက်နှာလည်း ရှိသော။တိရေခံ၊အနားရေး သုံးကြောင်းလည်းရှိသော။ ပဒ္မဂဗ္ဘိကံ၊ အတွင်း၌ ကြာပဒုမာ အရေးလည်း ရှိထသော။ ဟတ္ထတ္တယပ္ပမာဏဉ္စ၊ လေးမျက်နှာ သုံးထောင့် အတိုင်းအရှည်ရှိသော။ တဏ္ဍုလ မဏ္ဍလံ၊ဆန်မှုံ့ညက်ဖြင့် စီရင်ခြင်းငှါ ထိုက်သော ဘဒ္ဒပီဌမည်သော နေရာအထူးကို။ လိခေ၊ရေးသားရာ၏။

ဇဝံ၊ဤသို့ ရေးသားသည် ရှိသော်လည်း။စတုသဋ္ဌိပ္ပမာဏတော၊ ခြောက်ဆဲ့လေးချပ် အတိုင်းအရှည်အားဖြင့်။ ပဒ္မပတ္တံ၊ ကြာပဒုမာချပ်ကို။ လိခေ၊ ရေးသားရာ၏၊ ဧကေကပဒ္မပုပ္ဖဿ၊ တခုတခုသော ကြာပဒုမာပန်းထပ်၏။ ဒလေဒလေ၊ အချပ်အချပ်ကို ရေးသော်ကား။ ဝသုသင်္ချာ၊ရှစ်ခုအရေအတွက်ရှိ၏။

**အစိပ္ပါယ်ကား** .... အနားရေး သုံးကြောင်းနှင့် လေးထောင့် တံခါးလေးမျက်နှာ သုံးထောင့်ပမာဏကို ဆန်မှုံညက်ဖြင့် ရေးသားစီရင်ပြီးလျှင် အလယ်တွင် ကြာပဒုမာ ရေးရာ၏။

**ရေးဟန်ကား**....အချက်ကိုရုံ၍ ပွင့်ချပ်ရှစ်ခုရှိသော ပဌမပန်းထပ်၊ ၎င်းနည်း ဆင့်ကာ ရံသော ပွင့်ချပ်ရှစ်ခု ဒုတိယပန်းထပ်၊ ၎င်းကို ဆင့်ကာရံသော ပွင့်ချပ်ရှစ်ခု ရှိသော တတိယပန်းထပ် ဤသို့နည်း ပန်းထပ်ရှစ်ကြိမ်တိုင် ပွင့်ချပ်ရှစ်ခုစီနှင့် ခြောက်ဆဲ့လေးချပ် အရေအတွက်ရှိအောင် ရာဇပလ္လင်တွင် ရေး၍ ဧကရာဇ် မင်းမြတ်စံပယ်တော်မူလျက် အဘိသိက် ခံရမည် ဆိုလိုသည်။

ဤ ကြာရေးရာ အရေးအသားကိုလည်း ဘဒ္ဒပိဌမည်သော ရာဇပလ္လင်၌ ရေးတင် အပ်သည်ဖြစ်၍ "မဉ္စာ ဃောသန္တိ"ဆိုသကဲ့သို့ ဌာနူပစာရအားဖြင့် ဘဒ္ဒပိဌဆိုသည် ဖြစ်သည်၊ ယင်းသည် အရေးအသား၌ ပွင့်ချပ် ခြောက်ဆဲ့လေးချပ်သာ ရှိကြသော် လည်း ကျမ်းဂန်၌—

သတပတ္တံ ပဒုမံ ဦနကသတပတ္တံ ပုဏ္ဍရိကံ ပတ္တနိယမံ ဝါ ဝိနာပိ သေတံ ပဒုမံ ရတ္တံ ပုဏ္ဍရိကံ။

ဟူ၍ အချပ်တရာ မပြည့်သည်မူလည်းဖြစ်စေ, 'ဖြူလျှင် ပဒုမာ မည်၏' ဆိုသော ကြောင့် ဆန်မှုံညက်ဖြင့် ယခင်နည်း လုပ်ဆောင် ရေးသားသည့် ကြာကိုလည်း ပဒုမာပင် ဟူ၍ မှတ်ရမည်၊ အရိုး,အရွက်မှာသာ အခန့်သင့်အောင် တပါးအဆင်း ရှိသောဆေးဖြင့် ခြယ်လယ်ရမည် ဖြစ်သည်။

## အဘိသိက်ခံ မဏ္ဍပ်

အတွင်းဝန် မဟာသီဟသူရ လျှောက်ပါသည် ဆရာတော်ဘုရား—

သယ်ကရိုက်ကျမ်းလာ ဘဒ္ဒပိဌ ကြာရေးနည်းကို အရေး သုံးခု,တံခါးလေးမျက်နှာနှင့် ကြာချပ်မှာ အလယ်အချက်က သည် ပဌမ, ဒုတိယ, တတိယ တထပ် ကြာရှစ်ချပ်၊ အဋ္ဌမတိုင် အောင် အစဉ်အတိုင်း ခြောက်ဆဲ့လေးချပ် ရေးပေးသည်၊ အ ချပ်တရာ မပြည့်ပါ၊ တရာပင် မပြည့်သော်လည်း တော်သင့် မည်, မသင့်မည်၊ ယခုပြသည့်ပုံသည် အရေးအသား မှန်ပါ

တော့မည်,မမှန်မည်ကို သိလို၍ အဆောင်တော်မြဲ စည်သူနန္ဒမိတ်ကို လျှောက်ပြလာပါစေသည် မိန့်တော်မူပါ၊ ရာဇာဘိသေက ခံတော်မူမည့်မဏ္ဍပ်မှာလည်း မင်းခမ်းမင်းနား ကျင်းပသာအောင် ပဥ္စမာဘိသေကမဏ္ဍပ်ထက် ကြီးကြီးကျယ်ကျယ် ဆရာတော်မှာ လျှောက်ထား စီရင်ရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ရပါသည်၊ မဏ္ဍပ်ဆောက်လုပ်နည်း ၎င်းကျမ်းများတွင် အထူးသဖြင့် ရှိလျှင်လည်း မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅-ခု တပေါင်းလပြည့်ကျော်(၇)ရက်နေ့ အဆောင်မြဲ စည်သူနန္ဒမိတ်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သင်္ကရိုက်ကျမ်းလာ ဘဒ္ဒပီဌနေရာ ကြာရေးနည်းကို အမိန့် ရှိသည့်အတိုင်း ရေးသား၍ ပုံစံပြလာသည်မှာ ပညာရှိ သေနာပတိတို့ စီရင်ခန့်ထားသည့်အရာ ညီညွတ် သင့်မြတ်လှပြီ။မဏ္ဍပ်တော် ဆောက်လုပ်စီရင်ရန် ထုံးစံမှာလည်း သာရတ္ထဒီပနီဋီကာ လာချက်အတိုင်း လုပ်ဆောင်ရမည်၊ ၎င်းထက် သာလွန်သော ထုံးစံ မရှိပြီ၊ သီဟိုဠ်ကျွန်းမှစ၍ ဇမ္ဗူဒိပ်နေပြည်တော်ရောက် ယခုတိုင် အခိုင်အမာပြု၍ ပညာရှိတကာ သုံးဆောင်သော ဋီကာကြီး ဖြစ်ပလေသည်၊ ၎င်းဋီကာလာသည့် နည်းကိုလည်း ရှေးဦးစွာ တန်းဆာဆင်ယင်အပ်သော မဏ္ဍပ်ကြီးကို တင့်တယ်စွာ လုပ်ဆောင်ပြီးမှ ၎င်းအတွင်း၌ ရေသဖန်းမဏ္ဍပ်ကို တင့်တယ်စွာ လုပ်ဆောင်ရမည်၊ယမန် အမိန့်ရှိဘူးပြီ ဖြစ်သည်၊ ကြာရေးသားသည့် ပိတ်ပုဆိုး ခင်းထားရမည်ကိုလည်း ကြိမ်အခက် အောက်, အထက် အလိုရှိရာ လွှမ်းအုပ်ရမည်၊ ယမန် အမိန့်ရှိဘူးပြီ၊ သို့ရာတွင် ကြိမ်အခက် အထက်က လွှမ်းအုပ်သည်ရှိသော် သာ၍ တင့်တယ် လျှောက်ပတ်မည် ဖြစ်သည်။

---

## ဌာပနာတိုက်ကမ္ပည်း

စေတီတော်လေးရပ် ဌာပနာတိုက် အကာ,အဖုံး ကျောက်ဖျာများမှာ အထက် စေတီတော် ဌာပနာတိုက် ကျောက်ဖျာများတွင် ရေးသားသည့်နည်း ရေးသား သင့်သည်၊ ထူး၍ ရေးသားသည်ကို ဆရာတော်မှာ လျှောက်ထား၍ ဆရာတော် မိန့်ဆိုရာ ရေးသားစေ။

**၁၁၄၅-ခု တန်းခူးလဆန်း(၉)ရက်နေ့ စမြောင်မှူးပြန် အမိန့်တော်—**

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ဆင်ရသည့်အတိုင်း ခမည်းတော်မင်းတရား, နောင်တော် မင်းဟရားလက်ထက် မြို့ထောင့်စေတီတော်ကြီး, ကန်တွင်းစေတီတော်, နိဗ္ဗာန်ဆိပ်ဦး စေတီတော်များမှာ သတ္တဋ္ဌာန, အဋ္ဌဝိသ, သောဋ္ဌသများကို ရေးသားပါသည်၊ယခုစေတီတော်များမှာ ဆရာတော်ဘုရားအမိန့်တော်ကို ခံ၍ ရေးသားရမည့် အမိန့်တော် ထွက်ရှိပါသည်၊ရေးသားရမည့်နေ့ရက်မှာလည်း ၁၁၄၅-ခုတန်းခူးလဆန်း(၁၂)ရက်နေ့ကစ၍ ရေးသားပါမည် အမိန့်တော်ရှိရာဦးထိပ်ရွက်၍ ရေးသားပါရမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၅-ခု တန်းခူးလဆန်း(၉)ရက်နေ့တွင် ဝန့်ရှင်တော်မင်းကြီးတို့က မဟာဒါန်ဝန်စာရေး လက်ဝဲသိခ်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

စေတီတော်လေးရပ် ဥာပနာတိုက် အကာ့အဖုံးကျောက်ဖျာများတွင် ရေးသားခြယ်လယ်ရမည်မှာ အထက်က ရေးသားသည့် နည်းအတိုင်း ခြယ်လယ် ရေးသားသော်လည်း ရတနာသုံးပါး အရာဖြစ်သဖြင့် သင့်မြတ်သည်ချည်းပင် ဖြစ်လေသည်၊ အထူး ရေးသားလိုသည်ဖြစ်မူကား အဋ္ဌာဝီသ ဘုရားသခင်တို့ ဗောဓိပင်အောက် အပရာဇိတ ရတနာပလ္လင်၌ မာရ်နတ်သားကို အောင်တော်မူ၍ လူသုံးပါးတွင် ဘုရားဖြစ်တော်မူဟန်ကို—

သိကြား,ဗြဟ္မာ,နတ်များလာ၍ ပူဇော်ဟန်နှင့်တကွ နှစ်ဆဲ့ရှစ်ဌာနလှည့်၍ရေးသားရမည်၊ တနည်းမှာလည်း....၎င်းနှစ်ဆဲ့ရှစ်ဆူသော မြတ်စွာဘုရားတို့သည် ပရိသတ်လေးပါး,ပရိသတ်ရှစ်ပါးတို့အား တရားအမြိုက် တိုက်ကျွေးတော်မူဟန်ကို လက်ဝဲ,လကျ်ာ အရံသ်ဃာတော်နှင့်တကွ နယဂ္ဂါဟအားဖြင့် ရတနာသုံးပါးကိုရည်၍ နှစ်ဆဲ့ရှစ်ရပ် ပတ်လည် ရေးသားရမည်။ တနည်း....ငါတို့ဘုရားသခင် ပရိနိဗ္ဗာန်ဝင်သည်တိုင်အောင် ထိုထိုအရပ်၌ ဝါကပ်တော်မူ၍ နတ်,လူအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးတော်မူဟန်ကို ဝါဆိုစဉ်အတိုင်း ရေးသားရမည်၊ သည်မှ တပါးလည်း အသီတိမဟာသာဝကတို့ သဏ္ဍာန် သင်္ဂါယနာသုံးတန် တင်ဟန်များကို ရေးသားရမည် ဖြစ်သည်။

ရေးမည့်ကျောက်ဖျာပမာဏ အကြီး,အငယ်ကို မသိသာသေးသည်နှင့် သည်မျှကိုသာ အကာကျောက်ဖျာ၌ ရေးရန် ဆိုလိုက်သည်၊ အဖုံး ကျောက်ဖျာ၌ကား မျက်နှာကြက်ဗိတာန်လွှားသည့်ပမာ ထီးဝန်း ဖြန့်မိုးကာသည့်အယောင် ရှိအောင် အတင့်အတယ် ခြူးနွယ်, ခြူးပန်းတို့ဖြင့် တန်းဆာဆင်အပ်သော ဗိတာန်သဏ္ဍာန်တို့ကို ရေးသားခြယ်လယ်ရမည် ဖြစ်သည်။

## ရာဇာဘိသေက အစီအရင်

မြောက်ဘက်တိုက်ဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇာဘိသေက ခံတော်မူမည့် အစီအရင် အလုံးစုံတို့ကို မြောက်ဘက်တိုက်ဝန်က ဆရာတော်မှာ လျှောက်ထား၍စီရင်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည်နှင့် အမှုရှိ၍ အစဉ်သဖြင့် မလျှောက်မထား ရှိပါသည်၊ ရာဇာဘိသေကခံမည့်စာတမ်းများတွင်နမက္ကာဘက်,ဆင်,မြင်းမှာ အဖို,အမဖက်လျက် အခင်းအကျင်းများတွင် ပါပါသည်၊ ခတ်မှာ ခတ်ဖို, ခတ်မဟူ၍ လောကဝတ္တရာ လျှောက်ထုံးများတွင် ရှိသည်နှင့် အဖို,အမ မပါရှိပါသည်၊ ခတ်မှာ အဖို,အမ မရှိ၍ပင် မပါသည်ဖြစ်မည်, ရှိလျက် မပါသည်ဖြစ်မည်၊ နမက္ကာဘက်ကဲ့သို့ အဖိုမရှိလျှင်လည်း ထည့်သင့်မည် ထင်ပါသည်၊ အဘိသိက်ခံစဉ်,သွန်းစဉ် မင်းသမီး,ပုဏ္ဏား,သေဌေးရွတ်ဆို၍သွန်းရမည့် ပါဠိ,အနက်ကိုလည်း သနားတော်မူလိုက်ပါ။

မင်းမြောက်တန်းဆာ ငါးပါးကို အသီးအသီး ဂါထာမန္တန်နှင့် ဆက်ရမည်မှာလည်း ပုဏ္ဏားဆက်ရမည်, မင်းသမီးဆက်ရမည် အကြောင်းနှင့် ဆက်ရန်ဂါထာကိုလည်း သနားတော်မူလိုက်ပါ။

နန်းမြို့တော်မော်ကွန်း ရွှေနန်းတော်ကမ္ပည်းများကိုလည်း အချို့ပညာရှိက တံဆိပ်နာမံတော် လဲလှယ်ပြီးသည်ကို လဲရမည်၊ အချို့ပညာရှိတို့ကလည်း မြို့တော်ကြီး ကမ္ပည်းရွက်ကိုသာ လဲသင့်သည် ဆိုကြပါသည်၊ နန်းမြို့တော် ရွှေနန်းတော်

မော်ကွန်းကမ္ပည်းများကို လဲသင့်,မလဲသင့်ကိုလည်း အမိန့် ရှိတော်မူလိုက်ပါ။

ဗဟိုခေတ်စည်မှစ၍ အတီး,အမှုတ်တို့ကိုလည်း တပြိုင်နက် အဘိသိက်ခံသည်ကာလ တီးသင့်ကြောင်းကိုလည်း စာတမ်းအချို့က ထွက်သည်၊ အချို့စာတမ်းကလည်း အဘိသိက်ခံသည့်နေ့ ဗဟိုရ်ကို စ၍တီးသင့်သည်၊ နောက်တနေ့ ရှေ့ခေတ်စည် တီးသင့်သည်၊ ၎င်းနောက်တနေ့ တောင်ခေတ်စည်, ၎င်းနောက်တနေ့ အနောက်ခေတ်စည်, ၎င်းနောက်တနေ့ မြောက်ခေတ်စည်ကို တနေ့စီ တီး၍ အစဉ်သဖြင့် တီးသင့်သည်၊ ပညာရှိအချို့ကလည်း စာတမ်းတွေ့ရာဆိုကြသည်၊စာတမ်းများတွင်လည်း အသီးအသီးပင် ရှိသည်၊အဘိသိက်ခံ ရေသဖန်းပျဉ်မှာ အချို့စာတမ်းထွက်အတိုင်း ပညာရှိတို့က ရွေကြာပွင့်ချပ်တရာ ရေးသင့်ကြောင်း သယ်ကရိုက်ဘာသာ စာများတွင်လည်း ဖြူသော မုံ့ညက်, နီသောမုံ့ညက်တို့ဖြင့်ရေး၍ ဖြူသောပိတ်ပုဆိုးခင်းပြီးမှ ထိုအပေါ်၌ အဘိသိက်ခံသင့်ကြောင်းကို ဆိုသည်၊ သည်အချက်များကို ဥပဒေသဘောရောက် ကျမ်းရေး ဂန်ရေးသင့်စွာ အမိန့် ရှိတော်မူလိုက်ပါ ဆရာတော်ဘုရား။

**၁၁၄၅-ခု တန်းခူးလဆန်း(၁၀)ရက်နေ့ အဆောင်မြဲ စည်သူနန္ဒမိတ်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရာဇာဘိသေက ခံသည့်စာတမ်းများတွင် နမန္တာဘက်,ဆင်,မြင်းမှာ အဖို့,အမ ဖက်လျက် အခင်းအကျင်းပါပါသည်၊ ခေတ်မှာ ခေတ်ဖို့,ခေတ်မဟူ၍ လောကုတ္တရာ လျှောက်ထုံးများ ရှိသည်နှင့် အဖို့,အမ မပါရှိပါသည်၊ ခေတ်မှာ အဖို့,အမ မရှိ၍ မပါသည် ဖြစ်မည်, ရှိလျက် မပါသည်ဖြစ်မည်, နမန္တာဘက်ကဲ့သို့ အဖို့,အမရှိလျှင်လည်း ထည့်သင့်မည် ထင်ပါသည် ဆိုရာမှာ ခေတ်လည်း တနင်္ဂနွေ,စနေစသော ခေတ်ဖက်တွင် ရှေဦးအဖို့,နောက်ကို အမဟူ၍ ခေတ်စကားရှိသည်နှင့်အညီ အဖို့, အမ ရှိသင့်သည်ပင် ဖြစ်သည်၊ ရှိသင့်သော်လည်း ထုံးနှုံးတွင်၍ အဖို့,အမ မဖက်ပဲ အဖိုသက်သက်သာ ဖက်တွဲ၍ စာဟောင်းစာတမ်း ရှိလေသည်။

အဘိသိက်ခံစဉ် သွန်းစဉ် မင်းသမီး, ပုဏ္ဏား, သေဋ္ဌေးရွတ်ဆို၍ သွန်းရမည့် ဂါထာ ပါဠိ,အနက်ကိုလည်း သနားတော်မူပါ လျှောက်သည်မှာ အဘိသိက်သွန်းစဉ် ဆိုရွတ် ရမည်ကို ကျမ်းဂန်လာသည်အတိုင်း ပါဠိ,အနက် နှစ်ချက်ပြွမ်း၍ ဆိုရွတ်စေသည်ဖြစ် လျှင် သာ၍သေချာကောင်းမွန်မည် ထင်သည်။

> တဝ မုဒ္ဓါ သတ္တဓာ ဖလတု—ဟူ၍ ကျိန်သည့်စကားရပ်နှင့် ဆိုရိုးမှတ်စာ ရှိကြသည်မှာ ကျမ်းဂန်မလာ ဖြစ်သည်၊ အဘိသပဣိ ဝိယာတိ ဒဋ္ဌဗ္ဗံ—ဟူ၍ ကျိန်သည့်သဖွယ်ဖြစ်သည်ဟူ၍သာ ကျမ်းဂန်မှာ ဆိုသည်၊ မုချဆတ်ဆတ် ကျိန်ရွတ်ရမည် မဆို။

**မင်းသမီးရွတ်ဆိုရမည်ကား**....ဒေဝ၊ အရှင်မင်းမြတ်။ တံ၊ အရှင်မင်းမြတ်တို့။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ခတ္တိယဂဏာ၊ မင်းမျိုးအပေါင်းတို့သည်။ အတ္တာနံ၊မိမိကိုယ်ကို။အာရက္ခဏတ္ထံ၊စောင့်ရှောက်စေခြင်းငှါ။ဣမိနာအဘိသေကေန၊ ဤအဘိသိက်သွန်းခြင်းဖြင့်။ အဘိသေကိကံ၊ အဘိသိက်ခံသော။ မဟာရာဇာနံ၊ မင်းမြတ်ကို။ ကရောန္တိ၊ပြုကုန်၏။ တွံ၊ အရှင်မင်းမြတ်သည်။ ရာဇဓမ္မေသု၊ မင်းကျင့် တရား ဆယ်ပါးတို့၌။ ဌိတော၊ တည်တော်မူလျက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ကာရေဟိ၊ပြုတော်မူလော့။ ဧတေသု ခတ္တိယဂဏေသု၊ ထိုမင်းမျိုးအပေါင်းတို့၌။ တွံ၊အရှင်မင်းမြတ်သည်။ပုတ္တသိနေဟာနုကမ္ပာယ၊ရင်ဝယ် သားကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့်။ သဟိတစိတ္တော စ၊ အစီးအပွားကို လိုသော စိတ် ရှိတော်မူသည်လည်း။ဘဝ၊ ဖြစ်တော်မူလော။ ဟိတသမမေတ္တစိတ္တော စ၊ အစီး အပွားဖြင့် မျှသောမေတ္တာစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော။ ရက္ခာဝရဏဂုတ္တိယာ၊ စောင့်ရှောက် မ,စ လုံခြုံစေခြင်းဖြင့်။ တေသံ၊ ထိုမင်းမျိုးတို့ သည်။ ရက္ခိတော စ၊ စောင့်ရှောက်အပ်သည်လည်း။ ဘဝါဟိ၊ ဖြစ်စေတော်မူလော။ (ဤသို့ပါဠိ,အနက် နှစ်ချက်ရော၍ မာဂဓဘာသာ, မြန်မာဘာသာဖြင့် မင်းသမီး ဆိုရွတ်ရမည်)။

**ပုရောဟိတ်ရွတ်ဆိုရမည်ကား**....ဒေဝ၊အရှင်မင်းမြတ်။တံ၊အရှင်မင်းကို။သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ဗြာဟ္မဏဂဏာ၊ပုဏ္ဏားမျိုး အပေါင်းတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အာရက္ခဏတ္ထံ၊ စောင့်ရှောက်စေခြင်းငှါ။ ဣမိနာ အဘိသေကေန၊ ဤ အဘိသိက်သွန်းခြင်းဖြင့်။အဘိသေကိကံ၊အဘိသိက်ခံသော။မဟာရာဇာနံ၊ မင်းမြတ် ကို။ ကရောန္တိ၊ပြုကုန်၏။ တွံ၊ အရှင်မင်းမြတ်သည်။ ရာဇဓမ္မေသု၊ မင်းကျင့်တရား ဆယ်ပါးတို့၌။ဌိတော၊ တည်တော်မူလျက်။ ဓမ္မေန၊တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ၊မင်းအဖြစ်ကို။ကာရေဟိ၊ပြုတော်မူလော။ဧတေသု ဗြာဟ္မဏဂဏေသု၊ ဤပုဏ္ဏား မျိုး အပေါင်းတို့၌။တွံ၊ အရှင်မင်းမြတ်သည်။ ပုတ္တသိနေဟာနုကမ္ပာယ၊ရင်ဝယ်သား

ကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့်။ သဟိတစိတ္တောစ၊အစီးအပွားကို လိုသောစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ဖြစ်တော်မူလော။ဟိတသမမေတ္တစိတ္တောစ၊ အစီးအပွား ဖြင့်မျှသော မေတ္တာစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ဖြစ်တော်မူလော။ ရက္ခာဝရဏ ဂုတ္တိံယာ၊ စောင့်ရှောက်မှုစ လုံခြုံစေခြင်းဖြင့်။ တေသံ၊ ထိုပုဏ္ဏားမျိုးတို့သည်။ ရက္ခိ တောစ၊စောင့်ရှောက်အပ်သည်လည်း။ ဘဝါဟိ၊ဖြစ်တော်မူလော။ (ဤသို့ ပါဠိ၊အ နက် နှစ်ချက်ပြွမ်း၍ မာဂဓဘာသာ,မြန်မာဘာသာဖြင့် ပုရောဟိတ်ရွတ်ဆိုရမည်)။

**သေဋ္ဌေးကြီး ရွတ်ဆိုရမည်ကား**....ဒေဝ၊အရှင်မင်းမြတ်။ တံ၊အရှင်မင်းမြတ်ကို။ သဗ္ဗေပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ ဂဟပတိဂဏာ၊ သူကြွယ်အပေါင်းတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အာရက္ခဏတ္ထံ၊ စောင့်ရှောက်စေခြင်းငှါ။ ဣမိနာအဘိ သေကေန၊ဤအဘိသိက်သွန်းခြင်းဖြင့်။ အဘိသေကိကံ၊ အဘိသိက်ခံသော။ မဟာ ရာဇာနံ၊မင်းမြတ်ကို။ ကရောန္တိ၊ပြုကုန်၏။ တွံ၊ အရှင်မင်းမြတ်သည်။ ရာဇဓမ္မေသု၊ မင်းကျင့်တရား ဆယ်ပါးတို့၌။ ဌိတော၊ တည်တော်မူလျက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ညီသဖြင့်။ရဇ္ဇံ၊မင်းအဖြစ်ကို။ကာရေဟိ၊ ပြုတော်မူလော။ ဧတေသု ဂဟပတိ ဂဏေသု၊ ထိုသူကြွယ်မျိုး အပေါင်းတို့၌။ တွံ၊ အရှင်မင်းမြတ်သည်။ ပုတ္တသိနေဟာနု ကမ္ပာယ၊ ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့်။ သဟိတစိတ္တောစ၊ အစီး အပွားကို လိုသောစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော။ ဟိတသမ မေတ္တစိတ္တောစ၊အစီးအပွားဖြင့် မျှသော မေတ္တာစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော။ရက္ခာဝရဏဂုတ္တိံယာ၊စောင့်ရှောက်မှုစ လုံခြုံစေခြင်းဖြင့်။ တေသံ၊ ထိုသူကြွယ်မျိုးတို့သည်။ ရက္ခိတောစ၊ စောင့်ရှောက်အပ်သည်လည်း။ ဘဝါဟိ၊ ဖြစ် တော်မူလော။ (ဤသို့ ပါဠိ,အနက် နှစ်ချက်ပြွမ်း၍ မာဂဓဘာသာ, မြန်မာဘာသာ ဖြင့် သေဋ္ဌေးကြီး ရွတ်ဆိုရမည်)။

ရွတ်ဆိုသောစကားဖြင့် အဘိသိက်ရေ သွန်းခြင်းသာ ပဓာနဖြစ်သည်၊ ရွတ်ဆို သောစကား မှန်ကန်သင့်တင့်မှ ကျမ်းဂန်ထုံးစံနှင့်လည်း ညီညွတ်မှ ကောင်းမြတ်မည် ဖြစ်သည်။

မင်းမြှောက်တန်းဆာ ငါးပါးတို့ကို အသီးအသီး ဂါထာမန္တန်နှင့် ဆက်ရမည်မှာ လည်း ပုဏ္ဏားဆက်ရမည်, မင်းသမီးဆက်ရမည် အကြောင်းနှင့် ဆက်ရန်ဂါထာကို လည်း သနားတော်မူပါ လျှောက်သည်မှာ စာဟောင်းစာတမ်းများတွင် ပုဏ္ဏား, မင်းသမီး ဆက်ရမည် အသိအမှတ်နှင့် မဆို၊ စွဲကိုင်လိုက်ရမည့်သူကိုသာ ဆိုသည်၊ သို့သော်လည်း—

ခတ္တိယော သေဋ္ဌော ဇနေ တသ္မိံ ယေ ဂေါတ္တပဋိသာရိနော။

ဟူ၍ ဝါသေဋ္ဌသုတ်၌ အမျိုးကို ထောက်ချင့်မှု လူတွင် မင်းသာမြတ်သည် ဟော တော်မူသောကြောင့် ဘွဲ့တံဆိပ်တော်ကို မင်းသာ ဆက်ရသကဲ့သို့ မင်းသားကိုပင် ဆက်စေရသော် သင့်မည် ဖြစ်သည်။ ဆက်ရန်ဂါထာမှာကား ကျမ်းလာမဟုတ် အတွေ့အမြင် ထုံးစံအရာသာ ဖြစ်သည်၊ အောင်ခြင်းရှစ်ပါးအချုပ် ဇယမင်္ဂလဂါထာ များကို ရွတ်ဆိုစေသော်လည်း သင့်မည် ဖြစ်သည်။

နန်းမြို့တော်မော်ကွန်း ရွှေနန်းတော်ကမ္ပည်းများကို လဲလှယ်သင့်မည်, မလဲလှယ် သင့်မည် လျှောက်သည်မှာလည်း ကျမ်းလာစကား မရှိသည်ကို ထောက်သော် မလဲမလှယ်သင့်ပြီ ထင်သည်။

အဘိသိက်ခံ၍ နာမံတော်အသစ် ယူသည်မှာကား မဟာဓမ္မရာဇ်ကိုယ်တော်နှင့် စပ်သည်ဖြစ်၍ ကိုယ်တော်အသစ် ထပ်ဆင့် အကျင့်မိဋ္ဌာန် ဘိသိက်ခံသည်ဖြစ်လျှင် နာမံတော်အသစ် ထိုက်သည်ဖြစ်သောကြောင့်သာ အသစ် ယူသင့်သည်။

နန်းမြို့တော်မော်ကွန်း ရွှေနန်းတော်ကမ္ပည်းများမှာ ထာဝရရွှေပြည်တော်နဂိုရ် နှင့် စပ်သည်ဖြစ်၍ အသစ်မဆိုသင့်သည် ဖြစ်သည်။

ဗဟိုရ်ခေတ်စည်မှစ၍ အတီး,အမှုတ်တို့ကို တပြိုင်နက် အဘိသိက်ခံသည်ကာလ တီး,မှုတ်သင့်မည်၊ ဗဟိုရ်စည်တနေ့၊ ၎င်းနောက် အရှေ့ခေတ်စည် တနေ့ စသည်ဖြင့် အစဉ်အသင့် အခြားစီ တီး,မှုတ်သင့်မည် လျှောက်သည်မှာလည်း အခြားစီ တီး, မှုတ်သဖြင့် ရောက်သင့်သောအကျိုး အထူးမထင်၊ တပြိုင်နက် တီး,မှုတ်လျှင်မူကား လေးမျက်နှာ သာယာ ညီညွတ်အံ့သော အကြောင်းနိမိတ်ဖြစ်သည်၊ မဟာဇနက ဇာတ်မှာလည်း ဥယျာဉ်သို့ ရောက်၍ အဘိသိက်မြှောက်မည့်အခါ သမုဒ္ဒရာလှိုင်း ထ သကဲ့သို့ တပြိုင်နက် စည်, စောင်းညှင်း, ပတ်သာ တူရိယာမျိုးတို့ကို တပြိုင်နက် အဘိသိက်ခံသည်ကာလ တီး, မှုတ်စေသည် ဆိုသည်။

ရေသဖန်းအင်းပျဉ်တော် ကြာရေးရန်မှာ စာတမ်းတွင် လာသည့်အတိုင်း အချုပ် တရာ ရေးလိုကြသည်၊ အချို့ပညာရှိတို့က သင်္ကရိုက်ကျမ်းလာသည့် နည်းလည်း ရှိသည်၊ ၎င်းနည်းအတိုင်း ရေးသော် သင့်မည်,မသင့်မည် လျှောက်ရာမှာ ဂါထာဗန္ဓ နှင့်ဖြစ်၍ သင်္ကရိုက်ကျမ်းလာ ကြာရေးနည်းသည် ထုံးစံဥပဒေ ခိုင်ပေမည် ထင် သည်၊ ၎င်းရေးနည်း ကြာ၌ အချုပ်တရာ မစေ့သော်လည်း "သေတံ ပဒုမံ" ဟူ၍ ကျမ်းလာသည်နှင့်အညီ အဆင်း ဖြူရကား ပဒုမာပင် ဖြစ်၍ သင့်မြတ်တော့သည်။ အချုပ်တရာစေ့မှသာ အကျိုးရှိသည်, မစေ့သော် အပြစ်ရှိသည်ဟူ၍ စာဟောင်း စာတမ်း မလာမရှိ ဖြစ်သည်။

# ကဿပဗောဇ္ဈင်သုတ်

**၁၁၄၅-ခု တန်းခူးလဆန်း(၁၅)ရက်နေ့**

မင်္ဂလာသင်္ကြန်တော်တွင် ဆရာတော် ဗောဇ္ဈင်္ဂသုတ်ကို ဟောတော်မူ၍ နာခံရပေသည်၊ ၎င်းသုတ်ကို ပါဠိ, အနက် ကျက်မှတ်တော်မူလိုသည် ကျက်မှတ်တော်မူရန် တောင်ဘက် တိုက်ဝန်လျှောက်၍ သွင်းစေ။

**အမိန့်တော်နှင့် ၎င်းလပြည့်ကျော်(၂)ရက်နေ့ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ—

၁။ **သတိသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ **ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၃။ **ဝီရိယသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၄။ **ပီတိသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၅။ **ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ **သမာဓိသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ **ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ** ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ်၌ ဟောတော်မူသည်။

**အနက်ကား** ကဿပ၊ ချစ်သား မဟာကဿပ။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ဤဗောဇ္ဈင်တရားတို့ကို။ မယာ၊ ငါသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။တေ၊ ထိုဗောဇ္ဈင်တရား ခုနစ်ပါးတို့သည်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။သမ္ဗောဓာယ၊သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တန္တိ၊ဖြစ်စေတတ်ကုန်၏။

ကတမေသတ္တ၊အဘယ်ခုနစ်ပါးတို့နည်း ဟူမူကား....

၁။ ကဿပ၊ချစ်သားမဟာကဿပ။ မယာ၊ ငါသည်။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်ကို။ခေါ၊စင်စစ်။ သမ္မဒက္ခာတော၊ကောင်းစွာ ဟောအပ်၏။ သော၊ ထိုသတိသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။သမ္ဗောဓာယ၊သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။ သံဝတ္တတိ၊ဖြစ်စေတတ်၏။

၂။ ကဿပ၊ချစ်သား မဟာကဿပ။မယာ၊ငါသည်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ထိုဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။အဘိညာယ၊ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။သမ္ဗောဓာယ၊သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တတိ၊ဖြစ်စေတတ်၏။

၃။ ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ငါသည်။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ခေါ၊စင်စစ်။သမ္မဒက္ခာတော၊ကောင်းစွာ ဟောအပ်၏။ သော၊ ထိုဝီရိယသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။သမ္ဗောဓာယ၊ သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တတိ၊ဖြစ်စေတတ်၏။

၄။ ကဿပ၊ချစ်သား မဟာကဿပ။ မယာ၊ ငါသည်။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်ကို။ခေါ၊စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုပီတိသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။သမ္ဗောဓာယ၊ သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တတိ၊ဖြစ်စေတတ်၏။

၅။ ကဿပ၊ချစ်သား မဟာကဿပ။ မယာ၊ငါသည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ခေါ၊စင်စစ်။သမ္မဒက္ခာတော၊ကောင်းစွာ ဟောအပ်၏။သော၊ ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။သမ္ဗောဓာယ၊ငှါ။နိဗ္ဗာနာယ၊သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တတိ၊၏။

၆။ ကဿပ၊ချစ်သား မဟာကဿပ။ မယာ၊ငါသည်။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ထိုသမာဓိသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တတိ၊ဖြစ်စေတတ်၏။

၇။ ကဿပ၊ချစ်သား မဟာကဿပ။မယာ၊ငါသည်။ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ကောင်းစွာ ဟောအပ်၏။ သော၊ထိုဥပေက္ခာသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။သံဝတ္တတိ၊ဖြစ်စေတတ်၏။

ကဿပ၊ချစ်သား မဟာကဿပ။ မယာ၊ ငါသည်။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တရားတို့ကို။ခေါ၊စင်စစ်လျှင်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ တေ၊ ထိုဗောဇ္ဈင်တရား ခုနစ်ပါးတို့သည်။အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါး

တရားတို့ကို သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်စေတတ်ကုန်၏။

ရာဇဂြိုဟ်မြို့၏အနီး ညောင်ကြပ်ပင်ရောက်သော လိုဏ်၌ အရှင်မဟာကဿပကိုယ်တော် မကျန်းမာသည်တွင် ဤဗောဇ္ဈင်သုတ္တန် ဒေသနာတော်ကို ဟောတော်မူ၍ ကြားနာရာတွင်မှ ကျန်းမာတော်မူလေသည်။ ဂိဇ္ဈကုဋ်တောင်၌ အရှင်မောဂ္ဂလ္လာန်ကိုယ်တော် မကျန်းမာသည်တွင်လည်း ၎င်းဗောဇ္ဈင်သုတ်ကို ဟောတော်မူ၍ ကြားနာရသည်ဖြစ်မှ အနာမှ ထမြောက်လေသည်။ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘုရားသခင်ကျန်းမာတော် မမူသည်တွင်လည်း အရှင်မဟာ စုန္ဒထေရ်ကို ရွတ်စေ၍ နာကြားတော်မူရသည်တွင်မှ ကျန်းမာတော်မူလေသည်များကို ထုံးနှိုင်း၍ ယခုထက်တိုင် ဤသုတ်ကို ကြားနာရ၍ အန္တရာယ်မှ ထမြောက်ကြသည့်သူတို့ကိုကား ပိုင်းခြားခြင်းငှါ မတတ်နိုင်ရာ ဖြစ်သောကြောင့် ကြည်စွာသောစိတ်ဖြင့် ကြားနာရသည်, ရွတ်ဘတ်သရဇ္ဈာယ်ရသည်ရှိသော် မချွတ်လျှင်အန္တရာယ်ရောဂါအပေါင်း ကင်းမည်ကို ယုံကြည်သဖြင့် လေ့ကျက် ဆောင်ရွက်ရာသည်၊(ပရိတ်ကြီး၌မူကား သည်သုတ်၏အဓိပ္ပါယ်မျှကိုယူ၍ ဂါထာဖွဲ့စီထားလေသည်သာ၊ မြတ်စွာဘုရားနှုတ်ခပတ်ရင်း မဟုတ် ဖြစ်သည်)။

## မိဖုရားကြီး အဘိသိက်ခံသင့်, မခံသင့်

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

အဘိသိက် ခံတော်မူသည်မှာ မင်းကရောဇ်ကိုသာ အဘိသိက်ခံစေရမည်, မင်း,မိဖုရားနှစ်ပါးစုံ အဘိသိက်ခံစေရမည်, မင်း,မိဖုရားကို အဘိသိက် သွန်းသော် မင်းကရောဇ်မှာကဲ့သို့ မင်းသမီး,ပုဏ္ဏား,သဌေးကြီး သုံးယောက်ပင် သွန်းသင့်မည်, အဘိသိက်သွန်းရာဌာနမှာလည်း မင်းမိဖုရားမှာ မင်းကရောဇ်နှင့်အတူ ရေသဖန်းအင်းပျဉ် ဖြစ်သင့်မည့် အကြောင်းများကို သိသာခြားနားအောင် ဆရာတော်မှာ လျှောက်ထားရမည်၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်၍ လျှောက်လာပါသည်၊ ၎င်း အကြောင်းအရာများကို သိသာခြားနားအောင် ဂျမ်းဂန် အမြင်ဆောင်၍ မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၅–ခု တန်းခူးလပြည့်ကျော်(၇)ရက်နေ့ စည်သူနန္ဒမိတ်ကို စေ၍ လျှောက်လာသည်တွင် အမိန့်တော် ရှိလိုက်သည်ကား—**

မင်းမိဖုရားကို အဘိသိက်သွန်းရမည့် အခြင်းအရာ၌—

မဟေသီ သာဘိသေကာညာ၊ဘောဂိနီ ရာဇနာရိယော။

ဟူ၍ အဘိဓာန်၌ အဘိသိက်ခံသော မင်းမိဖုရားသည်သာ မဟေသီ မည်သည်၊ ကြွင်းသော မင်းမိန်းမတို့ကား ဘောဂိနီသာ မည်သည်၊ မဟေသီ မမည်ဆိုသည်။

**စကားကျ အဓိပ္ပါယ်ကား**....အဘိသိက်ခံမှ မိဖုရားဆိုရမည်၊ မခံက မိဖုရားမဆိုရ၊ မင်းစည်းစိမ်ရ မောင်းမသာ ဆိုရမည် ဟူလိုသည်၊ ထို့ကြောင့် မင်းမိဖုရားကိုလည်း အဘိသိက်သွန်းသင့်သည် ဖြစ်သည်၊ ယင်းသို့ သွန်းရာ၌ကား မင်း့မိဖုရား အစုံအညီ သွန်းသည်လည်း ရှိသည်၊ သည်အကြောင်းကိုလည်း—

မဟန္တေန ပရိဝါရေန တံ အာနေတွာ ကုမာရကဿ အဂ္ဂမဟေသိံ ကတွာ ကေတောဝ အဘိသဥ္စိံသု။

ဟူ၍ သုမေဓာမိဖုရားနှင့် သုရုစ်မင်းသား အစုံအညီ အဘိသိက်ခံကြောင်းကို သုရုစိဇာတ်၌ ဆိုသည်။

ၡင်းနည်း ဥဒယဘဒ္ဒမိဖုရားနှင့် ဥဒယမင်းသား အစုံအညီ အဘိသိက် ခံကြောင်းကိုလည်း ဥဒယဘဒ္ဒဇာတ်၌ ဆိုသည်။

သမ္ဗုလမိဖုရားနှင့် သောတ္ထိသေနမင်းသား အစုံအညီ အဘိသိက်ခံကြောင်းကိုလည်း သမ္ဗုလဇာတ်၌ ဆိုကြောင်းများကို ထောက်၍ သိရာသည်။

မင်းနှင့်မိဖုရား အခြားစီ အဘိသိက်ခံသည်လည်း ရှိသည်၊ သည်အကြောင်းကိုလည်း ပသေနဒီကောသလမင်းကြီး အဘိသိက်ခံပြီးနောက်မှ မလ္လိကာမိဖုရားကို အဘိသိက်သွန်း၍ မိဖုရားမြှောက်သည်။

ၡင်းနောက်လည်း သာကီဝင်မင်းမျိုးမှ ရသော ဝါသဘခတ္တိယ မင်းသမီးကို အဘိသိက်သွန်း၍ မိဖုရားမြှောက်သည်၊ ဓမ္မပဒအဋ္ဌကထာ စသည်တို့၌ ဆိုသည်များကို ထောက်၍ သိရာသည်။

**ယင်းသို့ မင်း့မိဖုရားတို့ကို အဘိသိက်သွန်းသည်မှာလည်း တပါးတည်းကိုသာ အဘိသိက် သွန်းသင့်သည်မဟုတ်၊ အလိုရှိတိုင်း ဌာနန္တရ အဂ္ဂမဟေသီ အရာအထူး ထိုက်သည်ကို သွန်းခံစေသင့်မည်ဖြစ်သည်၊ သည်အကြောင်းကိုလည်း—**

ဣမာ ဥတ္တမရူပဓရာ ရာဇဓီတရော အဂ္ဂမဟေသိယော ကရောထာတိ တာသံ အဘိသေကံ ဒါပေတွာ။

စသည်ဖြင့် ဇူဠကာလိင်္ဂဇာတ်၌ ကလိင်္ဂရာဇ်မင်း၏ သမီးတော်လေးယောက်ကို အဘိသိက်သွန်း၍ အဃကမင်း မိဖုရားမြှောက်လေသည် ဆိုသောစကားကိုထောက်၍ သိရာသည်။

ယင်းသို့ မင်း မိဖုရားကို အဘိသိက်သွန်းသည်၌ မင်းသမီးသွန်းရသည်, ပုဏ္ဏား, သူကြွယ် သွန်းရသည် သိသိသာသာ မရှိပါ ဟူသည်မှာကား ဝေဿန္တရာဇာတ်၌—

တတော မဒ္ဒိံ စ နှာပေသုံ၊ သိဝိကညာ သမာ ဂတာ၊
ဝေဿန္တရော တံ ပါလေတု၊ ဇာလီ ကဏှာဇိနာ စုဘော။
အထောပိ တံ မဟာရာဇာ၊ သဉ္ဇယော အဘိရက္ခတု။

အနက်ကား — တတော၊ ထိုနောက်မှ။ မဒ္ဒိံစ၊ မဒ္ဒီမိဖုရားကိုလည်း။ တံ၊ အရှင်မိဖုရားကို။ ဝေဿန္တရော၊ ဝေဿန္တရာမင်းကြီးသည်။ ပါလေတု၊ စောင့်ရှောက်ပါစေသတည်း။ ဥဘော ဇာလီ ကဏှာဇိနာ စ၊ သားတော် ဇာလီ, သမီးတော်ကဏှာဇိန် နှစ်ပါးတို့သည်လည်း။ တံ၊ အရှင်မိဖုရားကို။ ပါလေန္တု၊ စောင့်ရှောက်စေကုန်သတည်း။ အထောပိ၊ ထိုမှတပါးလည်း။ သဉ္ဇယော မဟာရာဇာ၊ သိဉ္စည်းမင်းကြီးသည်။ တံ၊ အရှင်မိဖုရားကို။ ရက္ခတု၊ စောင့်ရှောက်စေသတည်း။ ဣတိ၊ ဤသို့။ ဝဒန္တိယော၊ မင်္ဂလာဆိုကုန်လျက်။ သမာဂတာ၊ အညီအညွတ်စည်းဝေးကုန်သော။ သိဝိကညာ၊ သိဝိရာဇ်မင်းသမီးတို့သည်။ နှာပေသုံ၊ အဘိသိက်သွန်းကုန်၏။

ဤသို့ ဆိုသည်ကိုထောက်၍ မင်းသမီးကို အဘိသိက်သွန်းစေသော် သင့်မည်ဖြစ်သည်၊ အဘိသိက်သွန်းစဉ်လည်း ယခင်စကားကို မှီး၍ လောင်းစွက်တန်သည်ကိုလည်း လောင်းစွက်၍ မင်္ဂလာစကားကို ဆိုရွတ်ရမည် ဖြစ်သည်၊ အဘိသိက်သွန်းခါနေရာကိုမူကား မင်းကေရာဇ်မှာကဲ့သို့ ရေသဖန်းအင်းပျဉ်ဟူ၍ မဆို၊ ဇာတ်နိပါတ်အရပ်ရပ်တို့၌ "ရတနရာသိမှိ အဘိသေကံ ဒတွာ" ဟူ၍ ရတနာအစုထက် တင်ထားလျက် အဘိသိက်သွန်းကြောင်းကိုသာ ဆိုသည်။ ဘုရားသခင် တကာတော် ပသေနဒီကောသလမင်းကြီးလက်ထက်လည်း မလ္လိကာမိဖုရား, ဝါသဘခတ္တိယမိဖုရားတို့ကိုလည်း ရတနာအစုထက် တင်၍ အဘိသိက်သွန်းသည် ဆိုသည်။ တစ္ဆကသုကရဇာတ်, ဝဇ္ဇကီသုကရဇာတ်တို့၌လည်း ရေသဖန်းအင်းပျဉ်ထက် မင်းတို့ အဘိသိက်သွန်းစဉ် ထုံးစံဖြစ်သည်ကိုသာ ဆိုသည့်အတိုင်း ယူမှတ်ရမည်ဖြစ်သည်။

## သာသနာတော်ချီးမြှင့်ခြင်း

သာသနာတော်မြတ်ကို အဓမ္မဝါဒီနိဂ္ဂဟ, ဓမ္မဝါဒီပဂ္ဂဟ အားဖြင့် ချီးမြှင့်ပြုစုတော်မူသည်၊ ယခု သုတ်သင်သန့်ရှင်းသည့် အရာ သင့်,မသင့်ကို လျှောက်ချေ။

**၁၁၄၆–ခု တန်းဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့ တလုပ်မြို့စားကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သာသနာတော်မြတ်ကို သုတ်သင်ပြုစု၍ ဗောဓိသမ္ဘာရ ပုညဝိသေသ လောကတ္ထစရိယပါရမီကို ဖြည့်ဆောင်တော်မူသည်မှာ—

န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမ ဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ဓမ္မော ပါပေတိ သုဂတိံ။

ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဓမ္မ, အဓမ္မ နှစ်ပါးတွင် အဓမ္မသည် အပါယ်ဆင်းရဲသို့၊ ဓမ္မသည် သုဂတိနိဗ္ဗာန်သို့ ဆောင်ယူတတ်သည်ဖြစ်၍ အဓမ္မကို ပယ်သဖြင့် ဓမ္မကိုပြု၍ လောကတ္ထစရိယကို ကျင့်ခြင်းသည် ဘုရားအလောင်း သူတော်ကောင်းတို့ ကျင့်ထုံး ဖြစ်သည်။

ထို့ကြောင့် ဆက္ကနိပါတ် သေတကေတုဇာတ်၌—

ဗာရာဏသီဝယ် မင်း၏ ဥယျာဉ်တွင် ငါးရာသော ရသေ့အခြံအရံနှင့် နေသော သေတကေတု မည်သော ရသေ့သည် ဗာရာဏသီမင်း ကပ်လာသောခါ သဒ္ဓါတရား ပွားစေလို၍ မိမိတပည့်တို့ကို ဆူး၌အိပ်စေခြင်း, အပူငါးပါးဖြင့် ပူစေလျက် ကျင့်ခြင်းစသော တိတ္ထိတို့ အကျင့်ကို ဆောက်တည်စေသည်ကို ဘုရားလောင်း ပုရောဟိတ်မြင်၍ ဗေဒင်ဝါဒဖြင့် နှိပ်နင်းပြီးသော် အခြံအရံ ငါးရာနှင့်တကွ သေတကေတုရသေ့ကို လူထွက်စေ၍ ကာ,လွှား, လက်နက် စွဲစေလျက် အမှုထမ်း ထည့်၍ သူတကာတို့ မိစ္ဆာအယူမှ ကင်းစေခြင်းငှါ မိစ္ဆာဝါဒကိုဖျက်၍ လောကတ္ထစရိယ ကျင့်ကြောင်းကို လာသည်။

ပကိဏ္ဏကနိပါတ် ဥဒ္ဒါလကဇာတ်၌လည်း—

ရသေ့ငါးရာနှင့်တကွ ဥဒ္ဒါလကမည်သော ရသေ့သည် ဗာရာဏသီသို့ရောက်၍ မင်း၏ ဥယျာဉ်မှာ မင်းဖူးမြော်လာသည်တွင် ယခင်နည်း အထူးထူးသော

မိစ္ဆာအကျင့်တို့ကို တပည့်များကို ကျင့်စေသောအားဖြင့် ပလွားလေသည်ကို ဘုရားလောင်း ပုရောဟိတ်က အထူးထူးသောဝါဒဖြင့် နှိပ်နင်း၍ မဟုတ်သော မိစ္ဆာတပဖြင့် ဇမ္ဗူဒိပ်ကျွန်းကို ဥဒ္ဒါလက ဖျက်ဆီးလေတော့မည်ဟု အရှင်ါးရာနှင့်တကွ ဥဒ္ဒါလကရသေ့ကို လူပြု၍ အဓမ္မကိုပယ်လျက် ဓမ္မကို ချီးမြှင့်သဖြင့် လောကတ္ထစရိယ ကျင့်ဘူးသည်ကို လာသည်။

ၚင်းပကိဏ္ဏကနိပါတ် မဟာကဏှဇာတ်၌လည်း—

ကဿပမြတ်စွာဘုရား သာသနာရှိခါ ဗာရာဏသီပြည် ဥသီနကမင်းလက်ထက် ရဟန်းယောကျ်ား, ရဟန်းမိန်းမ စသည်သူတို့ အမှု အကျင့်မလျော်၍ သာသနာတော် ဆုတ်နစ်သည်ရှိလျှင် သေလွန်ကုန်တိုင်းသောသူတို့ အပါယ်လားကြသည်ဖြစ်၍ အသစ်သောနတ်သားတို့ကို မမြင်သဖြင့် ဘုရားလောင်းသိကြားမင်း ဆင်ခြင်သော် ထိုအခြင်းအရာကို သိ၍ မာတလိနတ်သားကို အာဇာနည်မြင်းခန့် ရှိသော ခွေးနက်ကြီးယောင် ဆောင်စေလျက် မိမိလည်း လေးစွဲသော မုဆိုးအသွင်ကို ယူ၍ လူအပေါင်းတို့အားထိတ်လန့်စေခြင်းငှါ ထိုအကြောင်းကို ဇမ္ဗူဒိပါကျွန်းလုံး နှံ့အောင် အသံကြီးကို ပြုစေသဖြင့် အသင့်မကျင့်မှု၍ လူတို့ပျက်စီးအံ့သောအခါ မဟာကဏှခွေးကြီးကို လွှတ်အံ့ဟု ခြိမ်းခြောက်၍ အဓမ္မကို ကွယ်ပစေလျက် ဓမ္မကို ပြသ တည်ထွန်းစေသဖြင့် လောကတ္ထစရိယ ကျင့်ဘူးသည်ကို လာသည်။

ငါတို့ဆရာ မြတ်စွာဘုရား သာသနာတော်တွင်း၌လည်း ပရိနိဗ္ဗာန်ပြုတော်မူသည်နောက် အနှစ် နှစ်ရာကျော် ရှိသောအခါ သာသနာတော်ညစ်နွမ်းလေသည်တွင် မိစ္ဆာဝါဒရှိသူတို့ကို လူဝတ်လဲစေ၍ သီရိဓမ္မာသောကမင်းတရား သုတ်သင်ပြုစုဘူးလေသည်ကို တရားကျမ်းဂန် ထင်ရှားရှိသည်။

ဤသို့ စသည်ဖြင့် ရှေးသူတော်ကောင်းတို့ ထုံးစံရှိသည်နှင့်လျော်စွာ ယခုကာလဖြည့်ဘူးသော ပုညသမ္ဘာရမရှိသည့်သူတို့ အိပ်မက်တွင်မျှ မြင်ဘူးမည် ခဲလျက် အံ့အဲဘွယ် သာသနာတော်ကို တရားမင်းမြတ် ပြုစု ချီးမြှင့်တော်မူပေသည်မှာ မချွတ်သမ္မာသမ္ဗောဓိဆုကို ရအံ့သောအကြောင်း ဖြစ်သည်ဟု နှလုံးတော် ပိုက်၍ ဝမ်းမြောက်တော်မူသင့်သည်။

မင်းဖြစ်လိုသည်,

တိုင်းနိုင်ငံသို့ သဗ္ဗညုဘုရားမြတ်စွာ ကြွလာစေလိုသည်

ဆည်းကပ်လိုသည်,
တရားတော်ကို ကြားနာလိုသည်,
တရားတော်ကို သိလိုသည်၊

အာသာငါးပါးဖြင့် ဗိမ္ဗိသာရမင်းကြီးအား ပြည့်စုံဘိသကဲ့သို့ သည်မင်းစည်းစိမ်သည် 'ရေပေါ်စွက်သည့် ရေပွက်ပမာ တသက်လျှာသာ' ငါကား မင်းစည်းစိမ်ကို မလို၊ သို့ကိုမူကား ဘုရားပညပ်သည့်အတိုင်း သာသနာတော်မြတ်ကို မပြတ်တည်အောင် အာဏာစက်,ဓမ္မစက် နှစ်ချက်ဖြင့် ချီးမြှင့် ပြုစုတော်မူလိုသည်ဟူ၍ ရည်မှတ်တော်မူသည်၊ အလိုအာသာ ဆင့်ကာပြည့်စုံ၍ ဗောဓိသမ္ဘာရ ပုညဝိသေသ ပွားမည့်အကြောင်း ဖြစ်သည်။

ယင်းသို့ ပြည့်စုံသော အာသာ သမ္မာဆန္ဒ ရှိသည်ဖြစ်၍ သာသနာတော်မြတ်ကို ပြုစုသုတ်သင်တော်မူသည်မှာ သာသနပစ္စတ္ထိက ဖြစ်ဘူးလျက်ပင် ရေမြေရှင် တရားမင်းမြတ် ဘုန်းတော်ကို မှီ၍ သူတော်ကောင်း သမ္မာဝါဒ,သမ္မာဆန္ဒ ရှိပြန်ချေသော် သာသနာနုဂ္ဂဟပုဂ္ဂိုလ်ပင် မည်ပြန်သည် ဖြစ်သည်၊ အမျိုးကောင်းသားတပါးကို မှီ၍ သူများစွာ သဒ္ဓါ,သီလ စသည်ဖြင့် ပွားများရာသည်ဟူ၍—

ဟိမဝန္တံ ဘိက္ခဝေ ပဗ္ဗတရာဇာနံ နိဿာယ မဟာသာလာ တီဟိ ဝဍ္ဎီဟိ ဝဍ္ဎန္တိ။

စသည်ဖြင့် သံယုတ်ဒေသနာ လာရှိသည်များကိုလည်း ရွှေနှလုံးတော်ပိုက်၍ သာသနသောဓန, လောကတ္ထစရိယ ပါရမီတော်ကို ဖြည့်ဆောင်တော်မူသင့်သည် သာသနဒါယကာ တရားမင်းမြတ်။

## အိမ်ရှေ့မင်းဘွဲ့တံဆိပ်တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇာဘိသေက ထီးဆောင်းမင်္ဂလာ ဥကင်တော်ဖွင့် ပွဲတော်တွင် အိမ်ရှေ့မင်းကို ဘွဲ့နာမံတော် သနားတော်မူမည် ဖြစ်၍ ရွေးချယ်ရာတွင် မည်သည့်မင်းလက်ထက်, မည်သည့် အိမ်ရှေ့မင်းကို မည်သည့်ဘွဲ့ အလုပ်အဆောင် မည်သို့ဖြစ်သည် ဆရာတော်မှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည်အတိုင်း လျှောက်ပါစေသည်၊ ၁၁၄၅-ခုနှစ် မင်း

ကေရာဇ်နာမံတော်မှာ ဇာတာ ပတ္တမြားကိုးရစ်, သင်ပုန်းခေါင်း ပတ္တမြားခုနစ်ရစ်,မိဖုရားကြီးဘွဲ့တော် ဇာတာ ပတ္တမြားသုံးရစ်, သင်ပုန်းခေါင်း ပတ္တမြားနှစ်ရစ်, လက်နားပတ္တမြားတရစ်၊ ရင်းဖျားနဝရတ်နှစ်စုံ ထည့်လုပ်၍ ခံတော်မူပါသည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၆-ခု ကဆုန်လဆန်း(၉)ရက်နေ့ အဆောင်မြဲ စည်သူနန္ဒမိတ်ကို စေ၍လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မည်သည့်မင်းလက်ထက်, မည်သည့်အိမ်ရှေ့မင်းကို မည်သို့ဘွဲ့နာမံ ပေးသနားသည်ဆိုသည်မှာ....အဝမင်း ငါးထပ်ဒါယကာလက်ထက် ညီတော်ကို‘မင်းရဲသီဟသူ’ ဟူသော ဘွဲ့နာမံနှင့် အိမ်ရှေ့အရာ ပေးတော်မူသည်၊ ပြည်မင်း မဟာဓမ္မရာဇာ လောကာဓိပတိ လက်ထက်လည်း သားတော်ကို ‘‘နရဇေယျ’’ ဟူသော ဘွဲ့နာမံနှင့် အိမ်ရှေ့ နှင်းသည်၊ ဝမ်းဘဲအင်းစံ မင်းတရားလက်ထက်လည်း သားတော်ကို ‘‘သီရိမဟာသူရ’’ဟူသော ဘွဲ့နာမံနှင့် အိမ်ရှေ့အရာ ပေးတော်မူသည်။ ဤသို့ စသည်ဖြင့် ရာဇဝင်လာသည့်စကား ထင်ရှားစွာ ဖြစ်သည်။ ကျမ်းဂန်မှာကား အိမ်ရှေ့အရာ ဌာနန္တရ ထားသည်ကို ခေါ်ဝေါ်လွယ်သည့် အမည်ဖြင့်သာ ဆိုသည်, ဘွဲ့မည်ဖြင့်မဆို၊ မဆိုသည်မှာလည်း ဘွဲ့မတပ်သောကြောင့် မဟုတ် တပ်သည်ပင်၊ဇာဏုသောဏိသုတ် အဋ္ဌကထာ၌ ဇာဏုသောဏိ ဟူသော ဗိမ္ဗိသာရမင်း၏ အမတ်ပုဏ္ဏား အမည်သည် ၎င်းဗိမ္ဗိသာရမင်း ပေးသော အမည်ဖြစ်သည် လာသည်များကို ထောက်၍ ဘွဲ့နာမံထိုက်တန်သည့် အိမ်ရှေ့မင်းသား စသည် မင်းသား, မင်းမြေး, မှူးတော်, မတ်တော်, အမှုထမ်း, အရာထမ်းတို့အား ဘွဲ့နာမံတပ်မှတ် ပေးအပ် ချီးမြှင့်သည်ကိုလည်း သိရာသည်။

မင်းကေရာဇ်တံဆိပ်နာမံတော်, မင်းမိဖုရားကြီး တံဆိပ်နာမံ ဇာတာ ပတ္တမြားအခြယ် အလယ် အလုပ်အဆောင်များကို လျှောက်ထားသည်မှာလည်း ရှေးထုံးစံရှိရာ သင့်တင့်စွာ စီရင်လုပ်ဆောင်ခြင်းသည် သင့်ပြီ ဖြစ်သည်။

---

## ပြာသာဒ်မ အချွ အင်းပျဉ်

အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

ပြာသာဒ်မမှာ ခြသေ့်သင့်သည်, အချွမှာ ခွေးသင့်သည် မိန့်တော်မူလိုက်သည့်အတိုင်း ခွေးသင့်သည့်အရာကို ပြင်ဆင်

ပါပြီ၊ ရေသဖန်းပျဉ်၌ ကြိမ်ဖြင့် ဖွဲ့ရမည်မှာ ကျမ်းဂန်တို့က မည်သို့ ထွက်ဆိုသည်, မည်သည့်မင်းတို့ ကြိမ်ခက်အင်းပျဉ်၌ အဘိသိက်ခံသည် ဖြစ်မည်၊ မုံ့ညက်မှုံ့ဖြင့် ပဒုမာကြာမှာ ရေးသား လိမ်းကျံသည်ကိုလည်း မည်သည့်ကျမ်းက မည်သို့ လာသည်,ထုံးစံသက်သေ မည်သို့ရှိသည်ဖြစ်၍ ရှေးရှေးမင်းတို့ စီရင်ဘူးသည့် ထုံးစံများကိုလည်း ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်၍ လျှောက်ရခြင်း ဖြစ်ပါသည်၊ တကာတော်မှာ လောကဝတ်မှု စာစု, ဗေဒင်မှုစာစုများလည်း ရှိပါသည်၊ အလိုရှိလျှင် ထုတ်၍ ကြည့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၆-ခု ကဆုန်လဆန်း(၁၀)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရေသဖန်းအင်းပျဉ်၌ ကြိမ်ဖြင့် ဖွဲ့ရမည်မှာ မည်ကဲ့သို့ ဖွဲ့ရမည်ဟူ၍ ကျမ်းဂန်အထူး မလာပြီ၊ အပေါင်, အခြေစပ်ယှက် ခိုင်ခံ့ မြဲမြံအောင် ယခုကာလ ကြိမ်အတိုင်း သဋ္ဌာလီနေရာများကဲ့သို့ ဖွဲ့ရမည် ဖြစ်သည်၊ ကျမ်းဂန်မှာကား သိသာကောင်း၍ မဆိုလေသည်၊ မည်သည့်မင်းတို့ ကြိမ်ခက်အင်းပျဉ်နှင့် အဘိသိက်ခံသည် ဖြစ်မည်ဆိုသည်မှာလည်း ရေသဖန်းဖြင့် ပြီးသော ဘဒ္ဒပီဌအင်းပျဉ်နှင့် အဘိသိက်ခံထုံးရှိသည်မှစ၍ အဓွန့်ရှည်စွာ လာသည့်ထုံးစံဖြစ်၍ မည်သည့်မင်း လက်ထက်သာ ခံသည်ဟူ၍ အထူးမဆိုသင့်ပြီ၊ထုံးဥပဒေမကျ ယိုယွင်းသည့်မင်းတို့လက်ထက်သည် အင်းပျဉ်မခံမိပဲရှိရာသည်မှာလည်း ပမာဏမဟုတ် ဖြစ်သည်၊ မုံ့ညက်ဖြင့် ကြာပဒုမာရေးသားရာသည်ကိုလည်း အထက်ကဂါထာဗန္ဓ အနက်အဓိပ္ပါယ်နှင့် သွင်းဘူးပြီ ဖြစ်သည်။ ၎င်းနည်းအတိုင်း ရေး၍ ရှေးရှေးမင်းတို့ စီရင်ဘူးသည်များကို လျှောက်ထားသည်မှာလည်း သေချာစွာ ကျမ်းဂန်လာသည့် ထုံးစံဖြစ်၍ ရှေးမင်းတို့လက်ထက်လည်း သည်နည်း စီရင်ဘူးလေမည်သာ ယူရတော့သည်။

သင်္ကရိုက်,ရာဇာဘိသေကကျမ်းမှာလည်း မည်သည့်မင်းလက်ထက် ရေးသားဘူးသည်ဟူ၍ မဆို၊ ထုံးစံအများရှိသည်တွင် သေချာမည့်နှယ် ထင်၍သာ အထက်က သွင်းလိုက်သည်၊ ၎င်းနည်းကိုပယ်၍ စာတမ်းရှိသည့်အတိုင်း လုပ်ဆောင်သော်လည်း သင့်မည်ပင် ဖြစ်သည်၊ လောကီစာစုများမှာလည်း ယမန် စည်သူနန္ဒမိတ်တွင် ထုတ်လိုက်သည့်စာများကို အလိုရှိသည်။

## အိမ်ရှေ့မင်းဘွဲ့ ဆန်းကိုဏ်း

လျှောက်ပါသည် ဆရာတော်ဘုရား အမိန့်တော်ရှိလိုက်သည်မှာ မှတ်ရပါတော့မည် ယမန်နေ့ လျှောက်ချက်တွင် အိမ်ရှေ့မင်းဘွဲ့ကို ဆရာတော်က နေ့နံနှင့် ဆန်းကိုဏ်းတော် သင့်အောင် ရွေးစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည်အတိုင်း အိမ်ရှေ့မင်းဘွဲ့ကို ဆန်းကိုဏ်းတော်သင့်အောင် ရွေး၍ သွင်းပါမည်အကြောင်းကို လျှောက်ထားပါသည် ဆရာဘုရား။

**၁၁၄၆–ခု ကဆုန်လဆန်း(၁၀)ရက်နေ့ အဆောင်မြဲ နန္ဒမိတ်စည်သူကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လျှောက်ချက်အတိုင်း အိမ်ရှေ့မင်းဘွဲ့နာမံကို နေ့နံသင့်အောင် စဉ်းနတ်သားစောင့်သည်ကို အစ အဆုံး တည်စေလျက် လာဘစုတ်၊ ဝရစုတ်၊ အမြိတ္တစုတ် ထွက်သောနက္ခတ် မြတ်သောဂိုဏ်းစောင့်နတ်သား ရသည့် ဂိုဏ်းတို့ကိုထား၍ သဒ္ဒနယ၊ အတ္ထနယ၊ ဆန္ဒနယ၊ ဗေဒနယ၊ အလင်္ကာရနယ ငါးပါး သင့်မြတ်အောင် ဖွဲ့စီသည့် "ဓမ္မာ ခေတြဿ သမ္ပတ်"ဟူသည့် ရာဇမတ္တဏ်ကျမ်းနှင့်အညီ မင်းမျိုးကို ဓမ္မသဒ္ဒါ ပါရသောကြောင့် ဓမ္မသဒ္ဒါလည်း ပါစေသည်၊ "နာတိဒီဃံ နာတိရဿံ"ဟူသည့် ဋ္ဌင်းကျမ်းနှင့်အညီ တိုလည်း မတိုလွန်း ဂိုဏ်းနှင့်ထောက်၍ ရှည်လည်း မရှည်လွန်း စေပဲ တဆဲ့သုံးလုံးသော အက္ခရာနှင့် ဖွဲ့လိုက်သည်။

အနက်၊ အဓိပ္ပါယ်အကျဉ်းမှာ... ဘုန်းကျက်သရေရှိသော မြတ်သောရာဇဓမ္မဖြင့် ရန်မာန်အပေါင်းကို အလွန်အောင်မြင်နိုင်သော ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော မဟာဓမ္မရာဇ် သားတော် ဟူလိုသည်၊ ယမန်နေ့ကမှာ လျှောက်စာမပါ၍ လျှောက်စာနှင့် လျော်စွာ အမိန့်ရှိလိုက်သည်။

| | | | | |
|---|---|---|---|---|
| သီရိမ | ဟာ၀မ္မာ | ဘိဇယ | သီဟာသူ | ရ |
| ဘ | မ | န | ဘ | |
| လနတ် | ဘုမ္မစိုးနတ် | သိကြား | လနတ် | |
| မိဂသီ | ဇေဋ္ဌ | ဘရဏီ | မိဂသီ | |
| လာဘစုတ် | ၀ရစုတ် | အမြိတ္တစုတ် | လာဘစုတ် | |

## စလွယ်တော်

တကာတော် ရေမြေရှင်မှစ၍ မင်းညီမင်းသား မှူးတော် မတ်တော်တို့မှာ ဆင်ယင်ဆောင်ရွက်ရိုး ပေးကမ်းသနားရိုး ထုံးစံရှိသည့် စလွယ်၏ အကြောင်း,အကျိုးကို ကျမ်းဂန်လာတိုင်း သေချာစွာ သိတော်မူသာအောင် လျှောက်ချေ။

**၁၁၄၆–ခု နယုန်လပြည့်ကျော်(၁)ရက်နေ့ အတွင်း၀န် တလုပ်မြို့စားကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လူတို့အဓိပတိဖြစ်သော ရေမြေသခင် ဘ၀ရှင် အသျှင်မင်းကြေရာဇ်မှစ၍ မင်းညီမင်းသား မှူးတော် မတ်တော်တို့ ဆင်ယင်ဆောင်ရွက်သည့် မင်းခမ်းမင်းနား အများရှိသည်တွင် စလွယ် ဆင်ယင်ခြင်း၏ အကြောင်းမူလ,အကျိုးအာနိသင်ကို သာသနာတော်ကျမ်းမှာ လာသည်ကား—

၀ါဠဗီဇနိ ဉဏှီသံ၊ ဆတ္တံ ခဂ္ဂဥ္စ ပါဒုကံ။
ဝေဌနံ သာရပါမင်္ဂံ၊ ဘိင်္ဂါရံ နန္ဒိ၀ဍ္ဎကံ။

**အနက်ကား** ၀ါဠဗီဇနိ' စ၊သားမြီးယပ်ကိုလည်းကောင်း။ဉဏှီသဥ္စ၊သင်းကျစ်ကိုလည်းကောင်း။ ဆတ္တဥ္စ၊ ထီးကိုလည်းကောင်း။ ခဂ္ဂဥ္စ၊ သန်လျက်ကိုလည်းကောင်း။ ပါဒုကဥ္စ၊ခြေနင်းကိုလည်းကောင်း။ ဝေဌနဥ္စ၊ ဦးပေါင်းကိုလည်းကောင်း။သာရပါမင်္ဂဥ္စ၊မြတ်သော ရတနာဖြင့်ပြီးသော စလွယ်ကို

လည်းကောင်း။ ဘိဂ်္ဂါရဋ္ဌ၊ ကရားကိုလည်းကောင်း။ နန္ဒိဝဋ္ဋကဋ္ဌ၊ ရွှေဖြင့်ပြီးသော ကြီးခြေသဏ္ဌာန်ကိုလည်းကောင်း။ အသောကဝုယော၊ အသောကမည်သော မင်းတရားသည်။ ပါဟေသိ၊သနားတော်မူလိုက်၏။

ဤသို့ ဒီပဝင်အဋ္ဌကထာ, ပါရာဇိကဏ်အဋ္ဌကထာတို့၌ သီရိဓမ္မာသောကမင်းတရားက သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းသို့ မင်းခမ်းမင်းနား ပေးလိုက်သည့် စကားတွင် စလွယ်ပါသည်။

ဟေမယညော ပဝိတင်္ဂန္တိ သုဝဏ္ဏပါမင်္ဂ လင်္ဂိတဂတ္တန္တိ အတ္ထော။

**အနက်ကား** ဟေမယညောပဝိတင်္ဂန္တိ၊ဟူသည်ကား။သုဝဏ္ဏပါမင်္ဂလင်္ဂိတဂတ္တံ၊ ရွှေစလွယ်ဆဲ့တင်လျက်သော ကိုယ်ရှိသည်တည်း။ဣတိအတ္ထော၊ ဤသို့သောအနက်ကို၊ဝေဒိတဗ္ဗော၊သိအပ်၏။

ဤသို့ ဝက္ကလိထေရ အပဒါန်အဋ္ဌကထာ၌ ရှေးအခါ ဝက္ကလိထေရ်အလောင်း လုလင်မှာ စလွယ်ဆင်ကြောင်းကို လာသည်၊ ၎င်း အပဒါန် ပါဠိတော်, အဋ္ဌကထာကို ထောက်၍ ပါမင်္ဂသဒ္ဒါသည် စလွယ်ဟူသောအနက်ကို ဟောသည်ကို ယုံမှားမရှိ သိအပ်သည်၊ သရောဒယ စသော လောကီသင်္ကရိုက်ကျမ်းတို့၌လည်း "ယညော ပဝီတမာလျ ဓရာယ" ဟူ၍ ယညောပဝီတဟူသော မာဂဓသဒ္ဒါနှင့်တူသော "ယညော ပဝီတ" ဟူသော သက္ကတသဒ္ဒါကို စလွယ်ဟော ဟူ၍ ဆိုသည်များကို ထောက်၍ စလွယ်ဆင်ယင်ခြင်းသည် အမွန့်ရှည်စွာ ကာလက ဖြစ်သည့်ထုံးစံဟူ၍ သိအပ်သည်၊ ယင်းသို့ စလွယ်ဆင်ယင်ခြင်း၏ အကြောင်းကိုလည်း "ကုလာစာရ ပြာဟ္မဏာဘာဝ ဝသေန ဒ္ဓိက္ခတ္တာံ ဇာတတ္တ ဒ္ဓိဇော" ဟူ၍ အမျိုး,အကျင့်ကိုဆောက်တည်လို၍ စလွယ်တင်သည်ကို အဘိဓာန်ဋီကာလာသည့်နည်းနှင့်အညီ အကျင့်ကို အမ်ဋ္ဌာန်ဆောက်တည်လိုသောကြောင့် မင်းဧကရာဇ်မှစ၍ မင်းညီ မင်းသား မှူးတော် မတ်တော်တို့မှာလည်း စလွယ်ဆင်ယင်ထုံးစံဖြစ်သည်၊ အတင့်အတယ် ဆင်ယင်ခြင်းမျှသာ မဟုတ်ယူရမည်။

**ဥပမာသော်ကား**....သစ်သတ္တဝါတို့မည်သည် သားငှက်တို့ကို ခုတ်သတ်သည်ရှိသော် လကျာ်ဘက်သို့ ကျသည်ဖြစ်မှသာ စားသည်၊ လက်ဝဲဘက်သို့ ကျသည်ဖြစ်မူကား မစား၊ ဤသို့ ဂတိမြဲသည်ဖြစ်၍ သစ်သတ္တဝါတို့၏ ထုံး သုံးပြီးသော အကျင့်ကို မပျက်စေပဲ အကုသိုလ်ကို ကြဉ်ပေအပ်သည်ဟူ၍ ရသေ့တို့မှာ သစ်နက်ရေ ဆောင်လေသည်ကို ဆိုသကဲ့သို့ ဖြစ်သည်။

ယင်းသည့် စလွယ်ကို ရွှေ့ငွေစသော ရတနာဆောက်လုပ်မ်းထိုးခြင်း စသော အခြင်းအရာတို့ဖြင့် ပြုလုပ်အပ်သည်ကိုလည်း—

သာရပါမဂ်န္တိ ဥတ္တမံ ရတနပါမဂ်သုတ္တံ။

ဟူ၍ ဋီကာ သာရတ္ထဒီပနီတွင် ဆိုသည်ကိုထောက်၍ သိအပ်သည်။

**အနက်ကား** သာရပါမဂ်န္တိ၊ သာရပါမဂ်ံ ဟူသည်ကား။ ဥတ္တမံ၊ မြတ်သော။ ရတနပါမဂ်သုတ္တံ၊ရတနာတို့ဖြင့်ပြီးသော ဆောက်လုပ်မ်း စလွယ်တည်း။၂

ဒသကမ္မစသော လောကီကျမ်းဝယ်လာသည်ကား—

ဇာတျာ ဇာယတေ သုဒ္ဒိ၊
သခ်ါရာ ဒွိဇ မုစ္စတေ။

**အနက်ကား** ဇာတျာ၊အမိဝမ်းမှ ဖွားကာမျှလျှင်။ သုဒ္ဒိ၊သုဒ္ဒမည်သည်။ ဇာယတေ၊ ဖြစ်၏။ သခ်ါရာ၊အမျိုး၊ အကျင့်ကို ဆောက်တည်လို၍ စလွယ်တင်သည် ဖြစ်လျှင်။ ဒွိဇံ၊ ဒွိဇမည်၏ ဟူ၍။ ဥစ္စတေ၊ဆိုအပ်၏။

ဤသို့ ပုဏ္ဏားတို့မှာ ဖွားကာမျှသာ စလွယ်မတင်လျှင် ဒွိဇမမည် သုဒြသာ မည်သည်၊ အမျိုး၊အကျင့်ကို ဆောက်တည်လို၍ စလွယ်တင်မှ ဒွိဇမည်သည် ဆိုခြင်း ကြောင့် ရေမြေသခင်မှ စ၍ မင်းညီ မင်းသား မှူးတော် မတ်တော်တို့မှာလည်း အကျင့်ကို ဆောက်တည်လို၍ စလွယ်တင် ဆင်ယင်သည်ကို သိအပ်သည်။

ဗြာဟ္မဏော နဝဂုဏော ဿ၊ခေတ္တော ဆဂ္ဂုဏမေဝ စ။
ဝေဿော စ တိဂုဏံ တထာ၊ သုဒ္ဒဿ နိဂ္ဂုဏံ ဘဝေ။

**အနက်ကား** ဗြာဟ္မဏော၊ဗြာဟ္မဏမျိုးပုဏ္ဏားအား။နဝဂုဏော၊ကိုးသွယ်သည်။ အဿ၊ဖြစ်၏။ ခေတ္တော၊ ခေတြမျိုးပုဏ္ဏားအား။ ဆဂ္ဂုဏမေဝစ၊ ခြောက်သွယ်သည်သာလျှင်။အဿ၊ဖြစ်၏။ ဝေဿောစ၊ ဗိဿျမျိုးပုဏ္ဏားအား။ တိဂုဏံ၊သုံးသွယ်သည်။ အဿ၊ ဖြစ်၏။ တထာ၊ထိုမှတပါး။ သုဒ္ဒဿ၊ သုဒြမျိုးပုဏ္ဏားအား။ နိဂ္ဂုဏံ၊ စလွယ်မရှိသည်။ဘဝေ၊ဖြစ်၏။

ဤသို့ ပုဏ္ဏားမျိုးလေးပါးတို့တွင် ဗြာဟ္မဏမျိုးမှာ ကိုးသွယ်, ခေတြမျိုးမှာ ခြောက်သွယ်,ဗိဿျမျိုးမှာ သုံးသွယ် ဆောင်အပ်သည်၊သုဒြမျိုးမှာ စလွယ်မဆောင်

အပ်ဟူ၍ သုံးသွယ်တိုးစီ လာသည်၊ မူးတော် မတ်တော် အငယ် အလတ်တို့မှာလည်း ပုဏ္ဏားသုံးပါးနည်း သုံးသွယ်တန်သည့်ခြောက်သွယ် တန်သည့်ကိုးသွယ် တန်သည် အထိုက်အလိုက် ဆင်ယင်ဆောင်ရွက်ရမည်၊ မှူးကြီး မတ်ကြီး အဂ္ဂသေနာပတိတို့မှာ အမြတ်ပုဏ္ဏားဆောင် စလွယ်တွင် သုံးသွယ်လောင်းသော် တဆဲ့နှစ်သွယ်၊ မင်းဆွေ မင်းမျိုးတို့မှာ မှူးတော် မတ်တော်ဆောင် စလွယ်တွင် သုံးသွယ်လောင်းသော် တဆဲ့ ငါးသွယ်၊ မင်းသားတို့မှာ ၎င်းတွင် သုံးသွယ်လောင်းသော် တဆဲ့ရှစ်သွယ်၊ အိမ်ရှေ့ မင်းမှာ ၎င်းတွင် သုံးသွယ်လောင်းသော် နှစ်ဆဲ့တသွယ်၊ ရေမြေရှင် တရားမင်းမြတ် မှာ ၎င်းတွင် သုံးသွယ်လောင်းတိုး၍ နှစ်ဆဲ့လေးသွယ် ဆောင်ရွက် ဆင်ယင်သင့် ကြောင်းကိုလည်း သင်္ကရိုက်ကျမ်း အတိုးအစွက်နည်းနှင့်အညီ မှတ်သိအပ်သည်။

သမော ဒမော တပံ သောစံ၊ သန္တောသံ ခန္တိ အဇ္ဇဝံ။
မံ ဘတ္တိစ ဒယာ သစ္စံ၊ဗြဟ္မော ပကတိယတ္တိမံ။

**အနက်ကား** သမောစ၊ ကိုယ်နှုတ် ငြိမ်သက်ခြင်းလည်းကောင်း။ ဒမောစ၊ ကိုယ်နှုတ်ကို ဆုံးမခြင်းလည်းကောင်း။ တပံစ၊ ကိလေသာကို ဖျောက်စေခြင်းလည်းကောင်း။ သောစဥ္စ၊စင်ကြယ်ခြင်းလည်း ကောင်း။ သန္တောသဥ္စ၊ ရောင့်ရဲခြင်းလည်းကောင်း။ ခန္တိစ၊ သည်းခံခြင်းလည်း ကောင်း။ အဇ္ဇဝံစ၊သဘော ဖြောင့်မတ်ခြင်းလည်းကောင်း။ မံဘတ္တိစ၊ရတနာသုံးပါး ကို ဆည်းကပ်ခြင်းလည်းကောင်း။ ဒယာစ၊သူ့ကို သနားခြင်းလည်းကောင်း။ သစ္စဥ္စ၊ သစ္စာမှန်ခြင်းလည်းကောင်း။ ဣမံ၊ ဤဆယ်ပါးသော အကျင့်ကို။ ဗြဟ္မော၊ စလွယ် တင်ပုဏ္ဏားမျိုးသည်။ ပကတိယတ္တ၊ ကျင့်ရာသတည်း။

ဤသို့ စလွယ်တင်သော ပုဏ္ဏားမျိုးတို့အား ဆယ်ပါးသောအကျင့်ကို ကျင့်ရာ သည် ဟူ၍ လာသည်နှင့်အညီ မင်းဧကရာဇ်စသည် စလွယ်ဆင်ယင်သည့် သူတို့မှာ လည်း မိမိတို့နှင့် ထိုက်လိုက်သည့် ပဝေဏီမမှုကို ထုံးစံအလျောက် ကျင့်ရာသည် ဟူ၍ မှတ်အပ်သည်။

ယညော ပဝိတံ ပရမံ ပဝိတ္တံ၊ ဗြဟာပတိရိယ သဟဇံ ပုရတ္တာ။
အာယုစ ဝိဂ္ဂံ ပတိမဥ္စ သုဘံ၊ ယညောပဝီတံ ဗလ မတ္ထု တေဇော။

**အနက်ကား** ယညောပဝိတံ၊စလွယ်ဆင်ယင်ခြင်း အခိဋ္ဌာန်ခြင်းသည်။ ပရမံ၊ မြတ်၏ အကြောင်းဖြစ်၏။ ပဝိတ္တံ၊စင်ကြယ်ခြင်း၏ အကြောင်း လည်း ဖြစ်၏။ ပုရတ္တာ၊ ရှေးအခါ၌။ ဗြဟာပတိရိယ သဟဇံ၊ နတ်မင်းတို့၏ဆရာ ဘုရားရှင် အကျင့်နှင့် တကွဖြစ်ကြောင်းလည်း ဖြစ်၏။ အာယုစ၊ အသက်ရှည်ကြောင်းလည်း ဖြစ်၏။ ဝိဂ္ဂဥ္စ၊ရန်သူတို့ မဖျက်ဆီးနိုင်ခြင်းအကြောင်း

လည်း ဖြစ်၏။ ပတိမဠ္ဌ၊ ပညာပွားကြောင်းလည်း ဖြစ်၏။ သုဘံ၊ တင့်တယ်ခြင်း၏ အကြောင်းလည်း ဖြစ်၏။ယညောပဝီတံ၊စလွယ်ဆင်ယင်ခြင်းသည်။ ဗလံ၊ ခွန်အား ကြီးခြင်း၏ အကြောင်းလည်း ဖြစ်၏။ တေဇော၊ တန်းခိုးကြီးခြင်း၏ အကြောင်း လည်း၊၊အတ္ထု၊ဖြစ်၏။

ဤသို့ ပုဏ္ဏားတို့မှာ စလွယ်တင်ခြင်း မြတ်ခြင်း စင်ကြယ်ခြင်း စသော အကျိုး တို့ကို ဖြစ်စေတတ်သည် ဆိုသည်နှင့်အညီ ဘုရားသခင် အဆုံးအမတော်မှ အပဖြစ် လျက် အကျင့်ကို ဆောက်တည်ခြင်း၏ အကျိုးရှိသည်ကို ထောက်၍ ဘုရားအဆုံး အမတော်နှင့် လျော်စွာ သာသနာတော်ကို ယုံကြည်၍ ရာဇဓမ္မ စသော အကျင့်တို့ ကို သူခပ်သိမ်းတို့၏ စီးပွားချမ်းသာအလို့ငှါ ဆောက်တည်ကျင့်ဆောင်ခြင်းမှာကား အဘယ် ဆိုဘွယ်ရှိအံ့နည်း၊ များစွာ အကျိုးရှိမည် မချွတ်ဟူ၍ သိအပ်သည်။

ယင်းသို့ ဆိုပြီးသော သာသနာတော်ကျမ်း, လောကီကျမ်း စကားနှစ်ရပ်တွင် သာသနာတော်ကျမ်းသာ ပဓာနဖြစ်သည်၊ ပညာ ပွားစေလို၍သာ လောကီကျမ်း စကားကို ဆိုလိုက်သည်။

ကြပတေ့ဆောင်ရွက် ဆင်ယင်သည်ထက် အကျင့်နှင့်တကွ မိဋ္ဌာန်ဆောင်ရွက်မှ ရေမြေရှင်တို့မှာ ရာဇဓမ္မ မြဲမြံတည်ကြည်မည်၊ မင်းညီ မင်းသား မှူးတော် မတ်တော် တို့မှာလည်း ကုသိုလ်တရား ပွားများမည်၊ သို့မှလည်း တိုင်းကား နိုင်ငံ သာယာ စည်ပင်၍ ဘုရားရှင် သာသနာတော် ထွန်းပမည်ကို ရည်၍ စလွယ်ဆင်ယာင်ခြင်းသည် တန်းဆာ သာမန်သာ မဟုတ် အကျင့်, အဓိဋ္ဌာန်နှင့်တကွ ဖြစ်သင့်သည် ဆိုလိုက် သည်။

## စုဒ္ဒသဘတ်

တကာတော် အတွင်းဝန် မင်းကြီး နန္ဒကျော်ထင် လျှောက်ပါသည် ဆရာတော် ဘုရား—

> သံဃဘတ်, ဥဒ္ဒေသဘတ် အစရှိသည့် စုဒ္ဒသဘတ် သရုပ် သင်္ချာ သဘောအရ အဓိပ္ပါယ်နှင့်တကွ မည်သည့်ဘတ်အရ မည်သို့ဖြစ်သည်, မည်သည့်ဘတ်ကို မည်သည့်ကာလ မည်သို့ လှူဒါန်းရသည်များကို သိသာ ခြားနား မှတ်သားလောက် အောင် အင်းစောက်ဇယားမှန် ပြတန်သည့်အရာများနှင့် အစု အစည်း စာစောင်ဖြစ်အောင် စီကုံးရေးသား၍ ဆက်သွင်းစေ

ရမည့် အကြောင်းနှင့် ဆရာတော်ကို လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း လျှောက်ပါစေသည်၊ သံဃာဘတ်အစရှိသည့် စုဒ္ဒသဘတ် တဆဲ့လေးပါးကို အနက်, အဓိပ္ပါယ်, သရုပ်သဏ္ဍာန်နှင့်တကွ သိသာခြားနားအောင် စာစောင်ပြု၍ ရေးသားစီကုံး ဆက်သွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၆-ခု ဝါဆိုလပြည့်ကျော်(၁၀)ရက်နေ့ အဆောင်မြဲသီဟနန္ဒကျော်ထင်ကို စေ၍ လျှောက်လာသည်တွင် အမိန့်တော် ရှိလိုက်သည်ကား—**

> သံဃဘတ္တံ,ဥဒ္ဒေသဘတ္တံ,နိမန္တနံ,သလာကဘတ္တံ,ပက္ခိကံ,ဥပေါသထိကံ,ပါဋိပဒိကံ,အာဂန္တုကဘတ္တံ,ဂမိကဘတ္တံ, ဂိလာနဘတ္တံ, ဂိလာနုပဋ္ဌာကဘတ္တံ, ဝိဟာရဘတ္တံ,ဓုရဘတ္တံ,ဝါရကဘတ္တန္တိ တောနိ စုဒ္ဒသဘတ္တာနိ။

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့်အညီ ဝိနည်းဒေသနာတော်အားဖြင့် လေးပါးသော ဒေယျဓမ္မတို့တွင် လှူဒါန်းစီရင်အပ်သော ဆွမ်းခဲဘွယ် ဒေယျဓမ္မသည် သံဃဘတ်, ဥဒ္ဒေသဘတ်,နိမန္တနဘတ်,သလာကဘတ်, ပက္ခိကဘတ်, ဥပေါသထိကဘတ်, ပါဋိပဒိကဘတ်, အာဂန္တုကဘတ်, ဂမိကဘတ်, ဂိလာနဘတ်, ဂိလာနုပဋ္ဌာကဘတ်, ဝိဟာရဘတ်,ဓုရဘတ်,ဝါရကဘတ် ဟူ၍ တဆဲ့လေးပါး အပြားရှိ၏။

ထို တဆဲ့လေးပါးတို့တွင်—

> သံဃဘတ်, ဥဒ္ဒေသဘတ်, နိမန္တနဘတ်, သလာကဘတ်, ပက္ခိကဘတ်, ဥပေါသထိကဘတ်, ပါဋိပဒိကဘတ် အားဖြင့် ခုနစ်ပါးသော ဘတ်တို့ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝယ် စံပယ်တော်မူစဉ် ဒုဗ္ဘိက္ခကာလ ဖြစ်၍ သံဃဘတ်သာ လှူတို့ မလှူနိုင်ကြ၊ ဥဒ္ဒေသဘတ်စသည်ကိုလည်း လှူဒါန်းလိုသည်ကို သိတော်မူ၍ ခွင့်ပြုကြောင်းကို စူဠဝါ ပါဠိတော်၌လာသည်။
>
> အာဂန္တုကဘတ်, ဂမိကဘတ်, ဂိလာနဘတ်, ဂိလာနုပဋ္ဌာကဘတ်အားဖြင့် လေးပါးတို့ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝယ် စံပယ်တော်မူစဉ် ဝိသာခါ ဒါယိကာမ တောင်းပန်သည်တွင် ခွင့်ပြုတော်မူကြောင်းကို ဝိနည်း မဟာဝါ ပါဠိတော်၌ လာသည်။

ဝိဟာရဘတ်, ခုရဘတ်,ဝါရကဘတ်အားဖြင့် သုံးပါးတို့မှာကား ပါဠိတော်၌ မလာ၊ အဋ္ဌကထာနည်းဖြင့် သွင်းယူကြောင်းကို ပါစိတျာဒိ အဋ္ဌကထာတို့၌ လာသည်။

ထို တဆဲ့လေးပါးသော ဘတ်တို့တွင်—

**သံဃဘတ်**—"သံဃဘတ္တံနာမ သကလဿ သံဃဿ ဒါတဗ္ဗဘတ္တံ" ဟူသော ဝိနည်းအဋ္ဌကထာနှင့်အညီ တိုက်လုံးသံဃာအား ရည်၍ လှူအပ်သော ဆွမ်းသည် သံဃဘတ်မည်၏။

**ဥဒ္ဒေသဘတ်**—"ကတိပယေ ဘိက္ခူ ဥဒ္ဒိသိတွာ ဒါတဗ္ဗံ ဥဒ္ဒေသဘတ္တံ" ဟူသော သာရတ္ထဒီပနီ ဋီကာနှင့်အညီ တိုက်နေသံဃာမှ အလိုရှိသမျှ တပါး, နှစ်ပါး, တကျိပ်, နှစ်ကျိပ် စသည်ကို ဆွမ်းညွှန်းရဟန်းအား ညွှန်းစေ၍ လှူအပ်သောဆွမ်းသည် ဥဒ္ဒေသဘတ် မည်၏။ အဂတိလေးပါးသို့ မလားခြင်း,ညွှန်းအပ် မညွှန်းအပ်သည်ကို သိခြင်း, အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းကို ဆွမ်းညွှန်းသမုတ်အပ်သည်၊ ပညတ်တော်နှင့် လျော်စွာ ရှေးကာလ၌ ဆွမ်းညွှန်းရဟန်း ရှိသည်။

**နိမန္တနဘတ်**—"နိမန္တေတွာ ဒါတဗ္ဗံ ဘတ္တံ နိမန္တနဘတ္တံ"ဟူသော ဝိနည်းဋီကာနှင့်အညီ အလိုရှိတိုင်း ပင့်ဘိတ်၍ လှူအပ်သော ဆွမ်းသည် နိမန္တနဘတ်မည်၏။

ယင်းသည်ဘတ်ကား—

နိမန္တနံ ပုဂ္ဂလိကံ စေ၊ သယမေဝ ဣဿရော။ သံဃိကံ ပန ဥဒ္ဒေသဘတ္တေ ဝုတ္တနယေန ဂဟေတဗ္ဗံ။

ဟူသော ပါစိတျာဒိအဋ္ဌကထာနှင့်အညီ ပုဂ္ဂလိက,သံဃိက နှစ်ပါးတည်း၊ ထိုတွင် သံဃိကကား ဥဒ္ဒေသဘတ်နှင့် အလားတူ၏။

**သလာကဘတ်**—"သလာကံ ပါတေတွာ ဂဟေတဗ္ဗံ ဘတ္တံ သလာကဘတ္တံ" ဟူသော ဝိနည်းဋီကာနှင့်အညီ သစ်နှစ်,ဝါးခြမ်း,ထန်းရွက် စသည်၌ ဤမည်သောသူ၏ စာရေးတံဆွမ်းတည်းဟု အက္ခရာရေးထိုး၍ ချင်း,တောင်း, သက်နှီးစွန်း၌ ထည့်ပြီးသော် အထက်,အောက် လှုပ်ခြောက်၍ အင်္ဂါငါးပါးစုံသော ဆွမ်းညွှန်းရဟန်းသည် ရှေးက ပင့်သည့် ထေရ်စဉ်ရှိလျှင် ထေရ်စဉ်၊မရှိလျှင် ထေရ်ကြီးမှစ၍ ချသဖြင့် ယူစေအပ်သော ဆွမ်းသည် သလာကဘတ်မည်၏။

**ယင်းသည်ဘတ်ကိုကား**—

ဣဒံ ဟိ သလာကဘတ္တံနာမ ဥဒ္ဒေသဘတ္တသဒိသံ န ဟောတိ၊ ဝိဟာရမေဝ သန္ဓာယ ဒီယတိ၊ တသ္မာ ဗဟိ ဥပစာရေ ဂဟေတုံ န ဝဋ္ဋတိ။

ဟူ၍ ပါစိတျာဒိ အဋ္ဌကထာ လာသောကြောင့် မည်သည့်ကျောင်း, မည်သည့် တိုက်ကို မည်မျှဟု ကျောင်းကိုရည်၍သာ လှူရာသည်၊ ဥဒ္ဒေသဘတ်ကဲ့သို့ သံဃာကို သာ မရည်အပ်၊ ထို့ကြောင့် ကျောင်းတိုက်ထဲတွင် ဖြစ်မှုလည်း စာရေးတံ ခံရ သတည်း၊ ယခုကာလ လှူဒါန်းကြသည့် စာရေးတံဆွမ်းကား တရားနှင့်မလျော်။

**ပက္ခိကဘတ်**—"ကေယ့် ပက္ခေ ကေံ ဒိဝသံ ဒါတဗ္ဗံ ဘတ္တံ ပက္ခိကံ" ဟူသောဝိနည်း ဋီကာနှင့်အညီ လဆန်း,လဆုတ် ပက္ခတခုတခု၌ တရက် တရက်စီ ပေးလှူအပ်သော ဆွမ်းသည် ပက္ခိကဘတ်မည်၏။ ထိုသို့ ပေးလှူအပ်သော်လည်း ဓမ္မသဝန, ဥပေါသထ သမာဒါန စသည် ပြုခြင်းငှါ ထင်ရှားစွာသော လဆန်း, လဆုတ် တဆဲ့လေးရက်, တဆဲ့ငါးရက်,ငါးရက်,ရှစ်ရက်အားဖြင့် တပါးပါးတွင်သာ ပေးလှူရာသည်။

ထိုကြောင့် ပါစိတျာဒိအဋ္ဌကထာ စသည်၌—

> ယံ အဘိလက္ခိတေသု စာတုဒ္ဒသီ,ပဉ္စဒသီ,ပဉ္စမီ,အဋ္ဌမီတိ ဣမေသုံ ပက္ခေ သု ကမ္မပသုတေဟိ ဥပေါသထံ ကာတုံ သတိကရဏတ္ထာယ ဒီယတိ၊ တံ ပက္ခိကံ နာမ—ဟူ၍မိန့်သည်။

> အဘိလက္ခိတေသု စတူသု ပက္ခိက ဒိဝသေသု ဒါတဗ္ဗံ ဘတ္တံ ပက္ခိကံ။

ဟူ၍လည်း ဋီကာ တေရသကဏ္ဍ၌ ဆိုလေသည်။ ယင်းသည် ပက္ခိကဘတ်ကား သလာကဘတ်ကဲ့သို့ ကျောင်းကိုရည်၍ လှူသော သံဃိကသာတည်း။

**ဥပေါသထိကဘတ်**—"ဥပေါသထေ ဒါတဗ္ဗံ ဘတ္တံ ဥပေါသထိကံ" ဟူသော ရင်းဋီကာနှင့်အညီ ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းသည် ဥပေါသထိကဘတ်မည်၏၊ ယင်းသည်ဘတ်ကိုကား လခွဲတကြိမ် ဥပုသ်နေ့၌ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ပြီးမှ မိမိစားသမျှသာ ပေးလှူရာသည်။

ထို့ကြောင့် ပါစိတျာဒိအဋ္ဌကထာ၌—

> ဥပေါသထိကံနာမ အန္ဝဍ္ဎမာသေ ဥပေါသထ ဒိဝသေ ဥပေါသထင်္ဂါနိ သမာဒိယိတွာ ယံ အတ္တနာ ဘုဉ္ဇတိ၊ တဝေဝ ဒိယျတိ—ဟူ၍ မိန့်သည်။

ထိုစကားကို ထောက်၍လည်း ပက္ခိကဘတ်နှင့် ဥပေါသထိကဘတ် နှစ်ပါး၏ အထူးကို သိရာသည်ဟူ၍ ဝိနယာလင်္ကာရဋီကာ၌ ဆိုသည်၊ ဤသည်ဘတ်လည်း သံဃိကသာတည်း။

**ပါဋိပဒိကဘတ်**—"ပါဋိပဒ ဒိဝသေ ဒါတဗ္ဗံ ဘတ္တံ ပါဋိပဒိကံ" ဟူသော ၎င်း ဋီကာနှင့်အညီ ဥပုသ်နေ့၌ သဒ္ဓါသည့်သူတို့ ပူဇော်သက္ကာရ ပြုကြသဖြင့် ပေါဖျင်၏၊ အထွက် တရက်နေ့၌ကား ဆွမ်းပါးသောကြောင့် ဒုဗ္ဘိက္ခကာလဒါနကဲ့သို့ ဖြစ်၍ လည်းကောင်း, ဥပုသ်ဆောက်တည်သဖြင့် စင်ကြယ်သော အကျင့်ရှိသည် ဖြစ်၍ လည်းကောင်း မဟပ္ဖလ မဟာနိသံသ ဖြစ်၏ ဟု နှလုံးပြု၍ လဆန်း, လဆုတ် အထွက် တရက်နေ့၌ လှူအပ်သောဆွမ်းသည် ပါဋိပဒိကဘတ်မည်၏၊ ယင်းသည်ဘတ်လည်း သံဃိကသာတည်း။

**အာဂန္တုကစသည်လေးပါး**—"အာဂန္တုကာနံ ဒိန္နံ ဘတ္တံ အာဂန္တုကဘတ္တံ၊သေဝ နယော သေသေသုပိ" ဟူသော ပါစိတျာဒိ အဋ္ဌကထာနှင့်အညီ ဧည့်သည်ရဟန်းတို့ အား လှူအပ်သော ဆွမ်းသည် အာဂန္တုကဘတ်, ခရီးသွားလိုသော ရဟန်းတို့အား လှူအပ်သောဆွမ်းသည် ဂမိကဘတ်, နာသောရဟန်းတို့အား လှူအပ်သောဆွမ်းသည် ဂိလာနဘတ်, သူနာလုပ်ကျွေးသောရဟန်းတို့အား လှူအပ်သောဆွမ်းသည် ဂိလာနုပဋ္ဌာကဘတ် မည်၏၊ ထိုဘတ်တို့ကိုကား သူနာစသောရဟန်းတို့သာ သုံးဆောင်အပ် သည်၊ အမြွက်ပြု၍ တပါးသောရဟန်းတို့ မသုံးဆောင်အပ်။

**ဝိဟာရဘတ်**—"ဝိဟာရံ ဥဒ္ဒိဿ ဒါတဗ္ဗံ ဘတ္တံ ဝိဟာရဘတ္တံ" ဟူသော ဝိနည်း ဋီကာနှင့်အညီ သံဃိက, ပုဂ္ဂလိက နှစ်ပါးတွင် တပါးပါးအားဖြင့် ကျောင်း ဆောက် လုပ် လှူဒါန်းပြီးလျှင် ကျောင်းတွင် နေသောအရှင်သည် ဤဆွမ်းကို ခံစေသတည်း ဟု လှူအပ်သော ဆွမ်းသည် ဝိဟာရဘတ်မည်၏၊ ထိုဘတ်ကား သံဃိက, ပုဂ္ဂလိက နှစ်ပါးတည်း။

**ဓုရဘတ်**—"ဓုရဘတ္တန္တိ နိစ္စဘတ္တံ ဝုစ္စတိ၊တံ ဒုဝိဓံ သံဃိကဉ္စ ပုဂ္ဂလိကဉ္စ"ဟူသော ပါစိတျာဒိအဋ္ဌကထာနှင့်အညီ သံဃာ,ပုဂ္ဂိုလ် နှစ်ပါးတွင် တပါးပါးကို ရည်မှတ်၍ အမြဲမပြတ် လှူသောဆွမ်းသည် ဓုရဘတ်မည်၏။

**ဝါရကဘတ်**—"ဝါရက ဘတ္တံ နာမ ဒုဗ္ဘိက္ခသမယေ ဝါရေန ဘိက္ခူ ဇဂ္ဂိဿာ မာတိ ဓုရဂေဟတော ပဋ္ဌာယ ဒိန္နံ" ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ ဒုဗ္ဘိက္ခကာလ၌ အလှည့်သင့်အားဖြင့် ရဟန်းတို့အား လုပ်ကျွေးလို၍ အကြီး အဦးသောအိမ်မှစ၍ အလှည့်အလှည့် လှူအပ်သောဆွမ်းသည် ဝါရကဘတ်မည်၏၊ ယင်းသည်ဘတ်လည်း သလာကဘတ်ကဲ့သို့ သံဃိကသာတည်း။

**မဟာအဋ္ဌကထာ၌** ကျောင်းအာရာမ်, ဥယျာဉ်, ပန်းမာလ်မှ ဖြစ်သော ဝိဟာရ ဘတ်, ရှစ်ယောက်သော ရဟန်းတို့အား လှူအံ့ဟူ၍ လှူအပ် သော အဋ္ဌကဘတ်, လေးယောက် လေးယောက်သော ရဟန်းတို့အား လှူအံ့ ဟူ၍ လှူသော စတုက္ကဘတ်,အလွန်ပြုပြင်စီရင်အပ်သော မြိန်မြတ်သောနံ့ဖြင့် သပိတ်

ကို ဖုံး၍လည်းကောင်း, အလုံးစုံသော သံဃာအား လှူဒါန်းခြင်းငှါ မတတ်နိုင်ဟု သံဃာအပိုင်းအခြားကို သိစေခြင်းငှါ တင်လဲခဲ့ဖြင့် ဖိတ်၍လည်းကောင်း လှူအပ်သော ဂုဠကဘတ်အားဖြင့် လေးပါးသောဘတ်တို့ကို ဆိုတုံသေး၏၊ ထိုသို့ ဆိုငြားသော်လည်း ထိုဘတ်တို့တွင် ဝိဟာရဘတ်သည် သံဃဘတ်၌ အကြွင်းသုံးပါးသည် သလာကဘတ်၌ ဝင်လေသည်ဖြစ်၍ ထိုဘတ်တို့ဖြင့် အရေအတွက်မပွားစေပဲ တဆဲ့လေးပါးသောဘတ် ဟူ၍သာ ဆိုအပ်၏။

ထိုတဆဲ့လေးပါးသောဘတ်တို့တွင် အကြင်အမျိုးတို့အား တကြိမ်သော သလာကဘတ်, တကြိမ်သော ပက္ခိကဘတ်ပေးလှူခြင်း, သရဏဂုံပဥ္စသီ ဆောက်တည်ခြင်း,တကြိမ်သော ဝါဆိုသင်္ကန်းလှူဒါန်းခြင်း, တခုသောရေကန်, တဆောင်သော ကျောင်း လှူဒါန်းခြင်း ဤမျှသော ဂတိမြဲကြောင်း ကောင်းမှု ရှိကုန်၏၊ ထိုအမျိုးတို့ကား သုဂတိသာ မြဲသည်ဖြစ်၍ သောတာပန်နှင့် တူကုန်သည်ကို—

> ယေသံ ပန ကုလာနံ တီဏိ သရဏာနိ,ပဉ္စသီလာနိ,ဧကံ သလာကဘတ္တံ, ဧကံ ပက္ခိကဘတ္တံ, ဧကံ ဝဿာဝါသိကံ, ဧကာ ပေါက္ခရဏီ, ဧကော အာဝါသောတိ ဝေရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံ ဂတိနိဗဒ္ဓါ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။

ဟူ၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်။

**အနက်ကား** ယေသံ ပန ကုလာနံ၊ အကြင် အမျိုးတို့အားကား။ တီဏိ သရဏာနိ၊သရဏဂုံသုံးပါးတို့လည်းကောင်း။ ပဥ္စသီလာနိ၊ပဥ္စသီလတို့လည်းကောင်း။ဧကံသလာကဘတ္တံ၊တကြိမ်စသော စာရေးတံဆွမ်း လှူခြင်းလည်းကောင်း။ ဧကံပက္ခိကဘတ္တံ၊တကြိမ်သော ပက္ခိကဘတ်ဆွမ်း လှူခြင်းလည်းကောင်း။ ဧကံဝဿာဝါသိကံ၊ တကြိမ်သော ဝါဆိုသင်္ကန်း လှူခြင်းလည်းကောင်း။ ဧကာ ပေါက္ခရဏီ၊ တခုသော ရေကန်လည်းကောင်း။ ဧကောအာဝါသော၊ တဆောင်သော ကျောင်းလည်းကောင်း။ ဣတိဝေရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ဂတိမြဲကြောင်း ကောင်းမှုတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တေသံကုလာနံ၊ ထိုအမျိုးတို့အား။ဂတိ၊သုဂတိဘဝသည်။ နိဗဒ္ဓါ၊မြဲ၏။ တာနိကုလာနိ၊ ထိုအမျိုးတို့သည်။သောတာပန္နသဒိသာနေဝ၊ သောတာပန်နှင့် တူကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုစကား၌ ဝါဆိုသင်္ကန်းမည်သည်ကား "ဝဿံ ဝုဋ္ဌ သံဃဿ ဒေတိ" ဟူ၍ သင်္ကန်းဖြစ်ကြောင်း မာတိကာရှစ်ပါးကို ဆိုရာ၌ ဝိနည်းပါဠိတော်နှင့်အညီ ဝါဆို

ပြီးသော သံဃာတို့အား ရည်၍ ပေးလှူအပ်သော သက်နီးတည်း၊ ဤသို့ ဆိုပြီးသော တဆဲ့လေးပါးသောဘတ်တို့၏ အဆုံးအဖြတ်တို့ကား အလှူခံရဟန်းတို့အား ခံယူဝေဘန်သင့်သောအခြင်းအရာဖြင့် ဝိနည်းအဋ္ဌကထာ၊ ဋီကာတို့၌ အကျယ်ဆိုသော်လည်း ပေးလှူအပ်သော အခြင်းအရာကို သိသဖြင့်သာ ဝရားမင်းမြတ်အား အဆင့်ဆင့်ကုသိုလ်တော်ပွားများရသောကြောင့် ပေးလှူအပ်သောအခြင်းအရာ အဆုံးအဖြတ်မျှကိုသာ မိန့်ဆိုသည်၊အန္နဒါန၊ ပါနဒါန၊ ဝတ္ထဒါန၊ ဃာနဒါန၊ မာလာဒါန၊ ဂန္ဓဒါန၊ ဝိလေပနဒါန၊ သေယျဒါန၊ အာဝသထဒါန၊ ပဒီပဒါန ဟူ၍ အလှူဝတ္ထုဆယ်ပါး အပြားရှိသည်တွင် တပါးပါးကို လှူဒါန်းလိုလျှင် အင်္ဂါအရံနှင့်တကွ သပရိဝါရဒါန ဖြစ်အောင်လှူဒါန်းရာသည့် အခြင်းအရာကို ပါထေယျဝါ အဋ္ဌကထာ လက္ခဏသုတ်အဖွင့်တွင် လာသည်ကား—

သပရိဝါရဥ္စ ဒါနံ အဒါသီတိ၊ အန္နပါနန္တိ ဒသဝိဓံ ဒါနဝတ္ထု၊ တတ္ထ အန္နန္တိ ယာဂုဘတ္တံ၊ တံ ဒေန္တော ပိ ဒွါရေ န ဌပေတွာ အဒါသိ၊ အထခေါ အန္တောနိဝေသနေ ဟရိတုပလိတ္တဋ္ဌာနေ လာဇာစေဝ ပုပ္ဖါနိစ ဝိကိရိတွာ အာသနံ ပညပေတွာ ဝိတာနံ ဗန္ဓိတွာ ဂန္ဓဓူမာဒီဟိ သက္ကာရံ ကတွာ ဘိက္ခုသံဃံ နိသီဒါပေတွာ ယာဂုံ အဒါသိ၊ယာဂုံ ဒေန္တော စ သဗျဥ္ဇနံ အဒါသိ၊ ယာဂုပါနာဝသာနေ ပါဒေ ဓောဝိတွာ တေလေန မက္ခေတွာ နာနပ္ပကာရကံ အနန္တံ ခဇ္ဇကံ ဒတွာ ပရိယောသာနေ အနေကသူပံ အနေကဗျဥ္ဇနံ ပဏီတဘောဇနံ အဒါသိ၊ ပါနံ ဒေန္တော အမ္ဗပါနာဒိ အဋ္ဌဝိဓံ ပါနံ အဒါသိ၊ တံပိ ယာဂုဘတ္တံ ဒတွာ သပရိဝါရံ အကာသိ၊ ဝတ္ထံ ဒေန္တော န သုဒ္ဓဝတ္ထမေဝ အဒါသိ၊ကောပဠ္ဌ ဒုပဠ္ဌာဒိ ပဟောနကံ ပန ဒတွာ သုစိမ္ပိ သတ္ထမ္ပိ အဒါသိ၊ သုတ္တံ ဝဋ္ဋေသိ၊သုစိကမ္မကရဏဋ္ဌာနေ ဘိက္ခူနံ အာသနာနိ ယာဂုဘတ္တံ ပါဒမက္ခနံ ပိဋ္ဌိမက္ခနံ ရဇနံ ပဏ္ဍုပလာသံ ရဇနဒေါဏိကံ အန္တမသော စီဝရ ရဇနကံ ကပ္ပိယကာရကမ္ပိ အဒါသိ။ ယာနန္တိ ဥပါဟနံ၊ တံ ဒေန္တောပိ ဥပါဟနတ္ထဝိကံ ဥပါဟနဒဏ္ဍကံ မက္ခနတေလံ ပေဟဋ္ဌာ ဝုတ္တာနိစ အန္နာဒီနိ တယော ပရိဝါရံ ကတွာ အဒါသိ။ မာလံ ဒေန္တော န သုဒ္ဓမာလမေဝ အဒါသိ။ အထ ခေါ နံ ဂန္ဓေဟိ မိဿေတွာ ဟေဋ္ဌိမာနိ စတ္တာရိ တယော ဝ ပရိဝါရံ ကတွာ အဒါသိ၊ ဗောဓိ စေတိယ အာသန ပေါတ္ထကာဒိ ပူဇနတ္ထာယစေဝ ဃရဒ္ဓုပနတ္ထာယ စ ဂန္ဓံ ဒေန္တောပိ န သုဒ္ဓဂန္ဓမေဝ အဒါသိ၊ ဂန္ဓပိသနက နိသဒါယ စေဝ ပက္ခိပနကဘာဇနေန စ သဒ္ဓိံ ဟေဋ္ဌိမာနိ ပဥ္စ တဿ ပရိဝါရံ ကတွာ အဒါသိ။ စေတိယပူဇာဒီနံ အတ္ထာယ ဟရိတာလ မနောသိလာစိနပိဋ္ဌာဒိ ဝိလေပနံ ဒေန္တောပိ န သုဒ္ဓဝိလေပနမေဝ အဒါသိ၊

ဝိလေပနဘာဇနေန သဒ္ဓိံ ဟေဋ္ဌိမာနိ ဆ၊ တဿ ပရိဝါရံ ကတွာ အဒါသိ။ သေယျာတိ မဉ္စပီဌံ၊ တံ ဒေန္တော ပိ န သုဒ္ဓကမေဝ အဒါသိ၊ကောဇဝ ကမ္ဗလ ပစ္စတ္ထရဏ မဉ္စပဋိပါဒကေဟိ သဒ္ဓိံ အန္တမသော မင်္ကုဏသောဓနဒဏ္ဍကာ ဟေဋ္ဌိမာနိစ သတ္တ၊ တဿ ပရိဝါရံ ကတွာ အဒါသိ။အာဝသထံ ဒေန္တောပိ န ဂေဟမတ္တမေဝ အဒါသိ၊အထ ခေါ နံ မာလာကမ္မ လတာကမ္မ ပဋိမဏ္ဍိတံ သုပညတ္တ မဉ္စပီဌံ ကာရေတွာ ဟေဋ္ဌိမာနိ အဋ္ဌ၊ တဿ ပရိဝါရံ ကတွာ အဒါသိ။ပဒီပေယျန္တိ ပဒီပတေလံ၊ တံ ဒဒေန္တော ပိ စေတိယင်္ဂဏေ ဗောဓိယင်္ဂဏေ ဓမ္မသဝနဂ္ဂေ ဝသနဂ္ဂေဟေ ပေါတ္ထကဝါစနဋ္ဌာနေ ဣမိနာ ဒီပံ ဇာလာပေထာတိ၊န သုဒ္ဓတေလမေဝ အဒါသိ၊ဝဋ္ဋိကပါလက တေလဘာဇနာဒီဟိ သဒ္ဓိံ ဟေဋ္ဌိမာနိ နဝ၊တဿ ပရိဝါရံ ကတွာ အဒါသိ။

**အနက်ကား** သပရိဝါရံ၊အခြံအရံနှင့်တကွ။ ဒါနဉ္စ၊အလှူကိုလည်း။ အဒါသိ၊ ပေးတော်မူပြီ။ဣတိဣမသ္မိံ ဝစနေ၊ ဤသို့သောစကား၌။ဝိတ္ထာရဝိနိစ္ဆယော၊ အကျယ်ဖြစ်သော အဆုံးအဖြတ်ကို။ ဧဝံ၊ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။ အန္နပါနန္တိ၊ အန္နပါနအစရှိသည်ကား။ ဒသဝိဓံ၊ ဆယ်ပါး အပြားရှိသောဒါနဝတ္ထုတည်း။ တတ္ထ၊ထိုဆယ်ပါးတို့တွင်။အန္နန္တိ၊အန္နဟူသည်ကား။ ယာဂုဘတ္တံ၊ဆွမ်းယာဂုတည်း။တံ၊ထိုဆွမ်းယာဂုကို။ဒေန္တော၊လှူသည်ရှိသော်။ ဒွါရေ၊ တံခါး၌။ဌပေတွာ၊ထား၍။နအဒါသိ၊မလှူ။ အထခေါ၊ စင်စစ်သော်ကား။ အန္တော နိဝေသနေ၊ အိမ်အတွင်း၌။ ဟရိတုပလိတ္တဋ္ဌာနေ၊ နွားချေးစိုဖြင့် လိမ်းကျံအပ်သော အရပ်၌။လာဇာစေဝ၊ ပေါက်ပေါက်တို့ကိုလည်းကောင်း။ ပုပ္ဖါနိစ၊ ပန်းတို့ကိုလည်း ကောင်း။ဝိကိရိတွာ၊ကြဲ၍။အာသနံ၊နေရာကို။ပညပေတွာ၊ခင်း၍။ ဝိတာနံ၊ ဗိတာန် ကို။ဗန္ဓိတွာ၊ဖွဲ့၍။ဂန္ဓမုမာဒီဟိ၊နံ့သာအခိုးအထုံစသည်တို့ဖြင့်။သက္ကာရံကတွာ၊ပူဇော် သကာပြု၍။ဘိက္ခုသံဃံ၊ရဟန်းသံဃာကို။နိသီဒါပေတွာ၊နေစေ၍။ယာဂုံ၊ယာဂုကို။ အဒါသိ၊လှူ၏။ယာဂုံ၊ယာဂုကို။ ဒေန္တောစ၊လှူသည်ရှိသော်လည်း၊ သဗျဉ္ဇနံ၊အခြံအရံ ဖြစ်သော လျော်သော ဟင်းလျာနှင့်တကွ။ အဒါသိ၊ လှူ၏။ ယာဂုပါနာဝသာနေ၊ ယာဂုသောက်ပြီးသောအဆုံး၌။ ပါဒေ၊ခြေတို့ကို။ ဓောဝိတွာ၊ဆေး၍။ တေလေန၊ ဆီဖြင့်၊မက္ခေတွာ၊လိမ်းကျံ၍။နာနပ္ပကာရကံ' အထူးထူးအပြားပြားရှိသော။အနန္တံ၊ အဆုံးမရှိသော။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ ဒတွာ၊လှူ၍။ ပရိယောသာနေ၊ လှူပြီးသည်၌။ အနေကသူပံ၊များသောဟင်းရှိသော။ အနေကဗျဉ္ဇနံ၊ များသောဟင်းလျာရှိသော။ ပဏီတဘောဇနံ၊ မြိန်ဘွယ်သောဘောဇဉ်ကို။ အဒါသိ၊ လှူ၏။(ဤကား အန္နဒါနဉ္စ သပရိဝါရဖြစ်အောင် လှူဟန် အခြင်းအရာတည်း)။

ပါနံ၊အဖျော်ကို။ ဒေန္တော၊လှူသည်ရှိသော်ကား။ အမ္ဗပါနာဒိ၊ သရက်အဖျော် အစရှိသော။ အဋ္ဌဝိဓံပါနံ၊ ရှစ်ပါးအပြားရှိသော အဖျော်ကို။ အဒါသိ၊လှူ၏။တံပိ၊

ထိုဒ၊ဖျော်ကိုလည်း။ယာဂုဘတ္တံ၊ဆွမ်းယာဂုကို။ဒတွာ၊လှူ၍။သပရိဝါရံ၊ အခြံအရံနှင့် တကွ။အကာသိ၊ပြု၏။ (ဤကား ပါနဒါန၌ သပရိဝါရဖြစ်အောင်လှူဟန် အခြင်း အရာတည်း)။

ဝတ္ထံ၊ပုဆိုးကို။ဒေန္တော၊လှူသည်ရှိသော်ကား။ သုဒ္ဓဝတ္ထမေဝ၊ ပုဆိုးသက်သက်ကို သာလျှင်။နအဒါသိ၊မလှူ။ကောပဋ္ဌဒုပဋ္ဌာဒိပဟောနကံပန၊ တလွှာ,နှစ်လွှာ အစရှိသည် လောက်အောင်ကိုကား။ ဒတွာ၊ လှူပြီး၍။ သုစိံပိ၊ အပ်ကိုလည်း။ အဒါသိ၊လှူ၏။ သတ္ထံပိ၊ထားကိုလည်း။အဒါသိ၊လှူ၏။ သုတ္တံပိ၊ ခြည်ကိုလည်း။ဝဋ္ဋေသိ၊ကျစ်၏။ သုစိ ကမ္မကရဏဋ္ဌာနေ၊ သင်္ကန်းချုပ်ရာ၌။ဘိက္ခူနံ၊ ရဟန်းတို့၏။ အာသနာနိပိ၊ နေရာတို့ ကိုလည်းကောင်း။ယာဂုဘတ္တံပိ၊ ဆွမ်းယာဂုကိုလည်းကောင်း။ ပါဒမက္ခနံပိ၊ ခြေနယ် ဆီကိုလည်းကောင်း။ပိဋ္ဌိမက္ခနံပိ၊ကျောက်နယ်ဆီကိုလည်းကောင်း။ ရဇနံပိ၊ ဆိုးနှစ်, ဆိုးခေါက်ရည်ကိုလည်းကောင်း။ ပဏ္ဍုပလာသံပိ၊ ဆိုးရွက်ကိုလည်းကောင်း။ ရဇန ဒေါဏိကံပိ၊ ဆိုးကျင်းကိုလည်းကောင်း။ အန္တမသော၊အယုတ်သဖြင့်။စီဝရရဇနကံ၊ သင်္ကန်းဆိုးတတ်သော။ကပ္ပိယကာရကမ္ပိ၊ကပ္ပိယကာရကကိုလည်းကောင်း။ အဒါသိ၊ လှူ၏။ (ဤကား ဝတ္ထဒါန၌ သပရိဝါရဖြစ်အောင် လှူဟန် အခြင်းအရာတည်း)။

ယာနန္တိ၊ယာဉ်ဟူသည်ကား။ ဥပါဟနံ၊ဘိနပ်သည်။ တံ၊ထိုဘိနပ်ကို။ ဒေန္တောပိ၊ လှူသည်ရှိသော်လည်း။ ဥပါဟနတ္ထဝိကံ၊ ဘိနပ်အိတ်ကိုလည်းကောင်း။ ဥပါဟန ဒဏ္ဍကံ၊ ဘိနပ်ဆွဲ လှံတံကိုလည်းကောင်း။ မက္ခနတေလံ၊ နယ်ဆီကိုလည်းကောင်း။ ဟေဋ္ဌာ၊အောက်၌။ဝုတ္တာနိ၊ဆိုအပ်ကုန်ပြီးသော။ အန္နာဒီနိစ၊ဆွမ်း,ယာဂုအစရှိသည် တို့ကိုလည်းကောင်း။ တဿေဝ၊ထိုယာနဒါန၏သာလျှင်။ ပရိဝါရံကတွာ၊အခြံအရံ ပြု၍။အဒါသိ၊လှူ၏။ (ဤကား ဥပါဟန၌ သပရိဝါရဖြစ်အောင် လှူဟန် အခြင်း အရာတည်း)။

မာလံ၊ပန်းကို။ဒေန္တော၊လှူသည်ရှိသော်ကား။ သုဒ္ဓမာလမေဝ၊ ပန်းသက်သက်ကို သာလျှင်။နအဒါသိ၊မလှူ။အထခေါ၊စင်စစ်သော်ကား။နံ၊ထိုပန်းကို။ဂန္ဓေဟိ၊နံ့သာ တို့ဖြင့်။မိဿေတွာ၊ ရော၍။ ဟေဋ္ဌာမာနိ၊ အောက်၌ဖြစ်ကုန်သော။ စတ္တာရိ၊လေးပါး ကုန်သော ဆွမ်းယာဂု, ဒ၊ဖျော်, ပုဆိုး, ဘိနပ်တို့ကို။ တဿေဝ၊ ထိုပန်း၏သာလျှင်။ ပရိဝါရံကတွာ၊ အခြံအရံပြု၍။အဒါသိ၊လှူ၏။ (ဤကား မာလာဒါန၌ သပရိဝါရ ဖြစ်အောင် လှူဟန် အခြင်းအရာတည်း)။

ဗောဓိစေတိယအာသနပေါတ္ထကာဒိပူဇနတ္ထာယစေဝ၊ ဗောဓိပင်, စေတီ, တရား ဟောနေရာ,စာပေအစရှိသည်တို့ကို ပူဇော်ခြင်းငှါလည်းကောင်း။ ဃရမ္ဗပနတ္ထာယ၊ ကျောင်းကို ထုံခြင်းငှါလည်း။ ဂန္ဓံ၊နံ့သာကို။ ဒေန္တောပိ၊ လှူသည်ရှိသော်ကား။ သုဒ္ဓ

ဂန္ဓမေဝါနံ့ သာသက်သက်ကိုသာလျှင်။နအဒ ါသိ၊မလှူ။ ဂန္ဓပိသနကနိသဒ ါယစေဝ၊ နံ့သာကြိတ်ရန် ကျောက်ပျဉ် ကျောက်သားနှင့်လည်းကောင်း။ ပက္ခိပနကဘာဇ နေစ၊ ထည့်ရန် ခွက် အိုး အုပ် ကြုတ်နှင့်လည်းကောင်း။ သဗ္ဗံ၊တကွ။ ဟေဋ္ဌိမာနိ၊ အောက်၌ဖြစ်ကုန်သော။ပဉ္စ၊ ငါးပါးကုန်သော ဆွမ်းယာဂု၊အဖျော်၊အဝတ်ပုဆိုး၊ ဘိနပ်၊ပန်းတို့ကို။တဿ၊ထိုနံ့သာ၏။ ပရိဝါရံ၊ အခြံအရံကို။ကတွာ၊ပြု၍။ အဒ ါသိ၊ လှူ၏။ (ဤကား ဂန္ဓဒါန၌ သပရိဝါရဖြစ်အောင် လှူဟန် အခြင်းအရာတည်း)။

စေတိယပူဇာဒီနံ၊ စေတီအား ပူဇော်ခြင်းစသည်တို့၏။ အတ္ထာယ၊အကျိုးငှါ။ ဟရိတာလမနောသိလာစိနပိဋ္ဌာဒိဝိလေပနံ၊ ဆေးဒ ါန်း၊ မြင်းသီလာ၊ စိန်၊ မုန့်ညက် အစရှိသည်နှင့်ရောသော နံ့သာပျောင်းကို။ ဒေန္တောပိ၊ လှူသည်ရှိသော်ကား။ သုဒ္ဓ ဝိလေပနမေဝ၊နံ့သာပျောင်းသက်သက်ကိုသာလျှင်။ နအဒ ါသိ၊မလှူ။ ဝိလေပနဘာ ဇနေန၊နံ့သာပျောင်းထည့်ရန် ခွက် အိုး အုပ် ကြုတ်နှင့်။ သဗ္ဗံ၊ တကွ။ ဟေဋ္ဌိမာနိ၊ အောက်၌ ဖြစ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော ဆွမ်းယာဂု၊ အဖျော်၊ အဝတ် ပုဆိုး၊ဘိနပ်၊ပန်း၊နံ့သာတို့ကို။ တဿ၊ ထိုနံ့သာပျောင်း၏။ ပရိဝါရံ၊အခြံအရံကို။ ကတွာ၊ပြု၍။အဒ ါသိ၊လှူ၏။(ဤကား ဝိလေပနဒါန၌ သပရိဝါရဖြစ်အောင်လှူဟန် အခြင်းအရာတည်း)။

သေယျာတိ၊အိပ်ရာနေရာဟူသည်ကား။မဉ္စပီဌံ၊ ညောင်စောင်း အင်းပျဉ်တည်း။ တံ၊ထိုညောင်စောင်း အင်းပျဉ်ကို။ ဒေန္တောပိ၊ လှူသည်ရှိသော်ကား။ သုဒ္ဓကမေဝ၊ သက်သက်ကိုသာလျှင်။ န အဒ ါသိ၊ မလှူ။ ကောဇဝကမ္ဗလပစ္စတ္ထရဏမဉ္စပဋိပါဒ ကေဟိ၊ကော်ဇော၊ ကမ္ဗလာ၊ အိပ်ရာခင်း၊ ညောင်စောင်းခြေတို့နှင့်။ သဗ္ဗံ၊တကွ။ အနဂ္ဃမသော'အယုတ်သဖြင့်။မကိုဏသောမနေဒဏ္ဍကဉ္စ'ကြမ်းပိုးချခါရန် လှံတံငယ်ကို လည်းကောင်း။ ဟေဋ္ဌိမာနိ၊အောက်၌ ဖြစ်ကုန်သော။ သတ္တစ၊ ခုနစ်ပါးကုန်သော ဆွမ်းယာဂု၊ အဖျော်၊ အဝတ်ပုဆိုး၊ ဘိနပ်၊ ပန်း၊နံ့သာ၊ နံ့သာပျောင်းတို့ကိုလည်း ကောင်း။ တဿ၊ ထိုညောင်စောင်းအင်းပျဉ်၏။ ပရိဝါရံ၊အခြံအရံကို။ ကတွာ၊ပြု၍။ အဒ ါသိ၊လှူ၏။ (ဤကား သေယျဒါန၌ သပရိဝါရဖြစ်အောင် လှူဟန်အခြင်းအရာ တည်း)။

အာဝသထံ၊ ကျောင်းကို။ ဒေန္တောပိ၊ လှူသည်ရှိသော်ကား။ ဂေဟမတ္တမေဝ၊ ကျောင်း မျှကိုသာ။နအဒ ါသိ၊မလှူ။အထခေါ၊ စင်စစ်သော်ကား။ နံ၊ထိုကျောင်းကို။ မာလာကမ္မလတာကမ္မပဋိမဏ္ဍိတံ၊ခြူးပန်း ခြူးနွယ်တို့ဖြင့် တန်းဆာဆင်အပ်သည်ကို လည်းကောင်း။ သုပညတ္တမဉ္စပီဌံ၊ကောင်းစွာ ခင်းအပ်သော ညောင်စောင်းအင်းပျဉ် ရှိသည်ကိုလည်းကောင်း။ကာရေတွာ၊ပြုစေ၍။ဟေဋ္ဌိမာနိ၊ အောက်၌ဖြစ်ကုန်သော။ အဋ္ဌ၊ရှစ်ပါးကုန်သော ဆွမ်းယာဂု၊အဖျော်၊ပုဆိုး၊ဘိနပ်၊ပန်း၊နံ့သာ၊နံ့သာပျောင်း၊

ညောင်စောင်းအင်းပျဉ်တို့ကိုလည်းကောင်း။ တဿ၊ထိုကျောင်း၏။ ပရိဝါရံ၊ အခြံအရံကို။ကတွာ၊ပြု၍။ အဒါသိ၊ လှူ၏။ (ဤကား အာဝသထဒါနၞ သပရိဝါရဖြစ်အောင် လှူဟန်အခြင်းအရာတည်း)။

ပဒီပေယျန္တိ၊ ပဒီပဒါနဝတ္ထုဟူသည်ကား။ ပဒီပတေလံ၊ဆီမီးဆီတည်း။ တံ၊ထို ဆီမီးကို။ဒေန္တော၊လှူသည်ရှိသော်ကား။ စေတိယင်္ဂဏေ၊ စေတီပြင်၌လည်းကောင်း။ ဗောဓိယင်္ဂဏေ၊ဗောဓိပြင်၌လည်းကောင်း။ ဓမ္မသဝနဂ္ဂေ၊တရားနာရာအိမ်တင်းကုပ်၌လည်းကောင်း။ ဝသနဂ္ဂေဟော၊နေရာကျောင်း၌လည်းကောင်း။ ပေါတ္ထကဝါစနဋ္ဌာနေ၊ စာပေရွတ်ဘတ်သရဇ္ဈာယ်ရာ၌လည်းကောင်း။ ဣမိနာ၊ ဤဆီဖြင့်။ ဒီပံ၊ဆီမီးကို။ဇာလာပေထ၊ ထွန်းပါကုန်လော့။ ဣတိ၊သို့။ သုဒ္ဓတေလမေဝ၊ ဆီသက်သက်ကိုသာလျှင်။ နအဒါသိ၊မလှူ။ဝဋ္ဋိကပါလကတေလဘာဇနာဒီဟိ၊ ဆီမီးစာ, ဆီမီးခွက်, ဆီမီးအိုးအစရှိသည်တို့နှင့်။သဒ္ဓိံ၊တကွ။ဟောဋ္ဌိမာနိ၊အောက်၌ဖြစ်ကုန်သော။နဝ၊ကိုးပါးကုန်သော ဆွမ်းယာဂု,အဖျော်,အဝတ်ပုဆိုး,ဘိနပ်,ပန်း,နံ့သာ,နံ့သာပျောင်း, ညောင်စောင်းအင်းပျဉ်,ကျောင်းတို့ကို။ တဿ၊ထိုဆီမီး၏။ ပရိဝါရံ၊ အခြံအရံကို။ ကတွာ၊ပြု၍။အဒါသိ၊လှူ၏။ (ဤကား ပဒီပဒါနၞ သပရိဝါရဖြစ်အောင် လှူဟန် အခြင်းအရာတည်း)။

ဤသို့ မြတ်စွာဘုရား၌ တရာ့ရှစ်ကွက် စက်လက္ခဏာတော်ကို ရခြင်းသည်ကား ဘုရားလောင်းဖြစ်သောအခါ သပရိဝါရဒါနကိုပြုတော်မူခဲ့ဘူးသောကြောင့်တည်း ဟု ဟောတော်မူသော လက္ခဏသုတ်ကိုဖွင့်ရာ ပါထေယျဝါ အဋ္ဌကထာတွင် လာသည်၊ ရင်းအဋ္ဌကထာ၌လည်း ဥပလက္ခဏနည်းအားဖြင့်သာ နောက်နောက်သောဒါနဝတ္ထုကို အခြံအရံအဖြစ်ဖြင့် ဆိုလေသည်ဖြစ်၍ ဖြောင့်ဖြောင့်အဓိပ္ပါယ်ဆိုသော်ကား ဆယ်ပါးသောဒါနဝတ္ထုတို့တွင် တပါးပါးကို ပဓာနပြု၍ လှူဒါန်းလိုလျှင် ကြွင်းသောကိုးပါးသည် အခြံအရံဖြစ်၍ သပရိဝါရဒါနမည်၏ ဟူလိုသည်၊ထိုကြောင့် ပါထေယျဋ္ဌကာ လက္ခဏသုတ် အဋ္ဌကထာအဖွင့်၌—

တတ္ထ ကိဉ္စိ ဒေယျဓမ္မံ ဒေန္တော ယဒါ တဿ ပရိဝါရဘာဝေန အညံပိ ဒေယျဓမ္မံ ဒေတိ။ဧဝံ တဿ တံ ဒါနမယံ ပုညံ သပရိဝါရံ နာမ ဟောတိ။

ဟူ၍မိန့်သည်။

**အနက်ကား** ဟတ္ထ၊ထိုသပရိဝါရဒါနအရာ၌။ ကိဉ္စိဒေယျဓမ္မံ၊ တစုံတခုသော ဒါနဝတ္ထုကို။ဒေန္တော၊လှူသည်ရှိသော်။ယဒါ၊ အကြင်အခါ၌။ တဿ၊ ထိုတပါးပါးသော ဒါနဝတ္ထု၏။ ပရိဝါရဘာဝေန၊ အခြံအရံ၏အဖြစ်အားဖြင့်။ အညံပိဒေယျဓမ္မံ၊ အကြွင်းဒါနဝတ္ထု ကိုးပါးကိုလည်း။ ဒေတိ၊လှူ၏။ဧဝံ၊ ဤသို့ လှူသောအခါ၌။ တဿ၊ထိုသူ၏။ တံဒါနမယံပုညံ၊ ထိုဒါန

မယကောင်းမှုသည်။ သပရိဝါရေနာမ၊ အခြံအရံရှိသော မည်သည်။ ဟောတိ၊ ဖြစ်၏။

စရိယာပိဋကအဋ္ဌကထာ၌လည်း—

အန္နဒါနံ ဟိ ဒေန္တော တံ သပရိဝါရံ ကတွာ ဒဿာမီတိ ဝတ္ထာဒီဟိ သဒ္ဓိံ ဒေတိ၊တထာ ဝတ္ထဒါနံ ဒေန္တော တံ သပရိဝါရံ ကတွာ ဒဿာမီတိ အန္နာဒီဟိ သဒ္ဓိံ ဒေတိ၊ယာနဒါနာဒီသုပိ ဧသေဝနယော—ဟူ၍မိန့်သည်။

**အနက်ကား** အန္နဒါနံ၊ဆွမ်းယာဂုအလှူကို။ဒေန္တော၊ လှူလိုသည်ရှိသော်။ တံ၊ ထိုအလှူကို။သပရိဝါရံ၊ အခြံအရံရှိသည်ကို။ကတွာ၊ပြု၍။ဒဿာမိ၊လှူအံ့။ ဣတိ၊ဤသို့။ ဝတ္ထာဒီဟိ၊ ပုဆိုးအစရှိသော အကြွင်းကိုးပါးတို့နှင့်။သဒ္ဓိံ၊တကွ။ဒေတိ၊လှူ၏။တထာ၊ထို့အတူ။ ဝတ္ထဒါနံ၊ပုဆိုးအလှူကို။ ဒေန္တော၊လှူလိုသည်ရှိသော်။တံ၊ထိုအလှူကို။သပရိဝါရံ၊ အခြံအရံရှိသည်ကို။ကတွာ ပြု၍။ဒဿာမိ၊လှူအံ့။ဣတိ၊ဤသို့။အန္နာဒီဟိ၊ဆွမ်းယာဂုအစရှိသော အကြွင်းကိုးပါး တို့နှင့်။သဒ္ဓိံ၊တကွ။ ဒေတိ၊ လှူ၏။ ယာနဒါနာဒီသုပိ၊ ဘိနပ်အလှူ အစရှိသည်တို့၌ လည်း။ဧသေဝနယော၊ဤနည်းလျှင် နည်းရှိ၏။

ဤသို့ဆိုပြီးသည်ကား သုတ္တန်နည်း ဒါနဝတ္ထုဆယ်ပါး၌ အခြံအရံနှင့်တကွ သပရိဝါရဒါနဖြစ်အောင် လှူဒါန်းရာသော အခြင်းအရာတည်း။

အဘိဓမ္မာနည်းဖြစ်သော ရူပဒါန, သဒ္ဒဒါန, ဂန္ဓဒါန, ရသဒါန, ဖောဋ္ဌဗ္ဗဒါန, ဓမ္မဒါနအားဖြင့် ခြောက်ပါး၌ကား အဆင်းကိုအရံပြု၍ ရူပဒါနကို လှူဒါန်းလို သည်ရှိသော် သဒ္ဒဒါနစသော အကြွင်း ငါးပါးကို အခြံအရံပြု၍ လှူဒါန်းရာ၏၊ သဒ္ဒဒါနစသည်ကိုလှူဒါန်းလိုသည်ရှိသော်လည်း ရူပဒါနစသော အကြွင်းငါးပါးကို အခြံအရံပြု၍ လှူဒါန်းရာ၏၊ ထိုသို့ လှူဒါန်းခြင်းသည် သပရိဝါရဒါနမည်သည်ကို စရိယာပိဋက အဋ္ဌကထာ၌—

တထာ ရူပဒါနံ ဒဒေန္တော ဣတရာရမ္မဏာနိပိ တဿ ပရိဝါရံ ကတွာ ဒေတိ။ဧဝံ သေသေသုပိ—ဟူ၍မိန့်သည်။

**အနက်ကား** တထာ၊ထိုအတူ။ ရူပဒါနံ၊ ရူပဒါနကို။ ဒဒေန္တော၊ လှူလိုသည် ရှိသော်။ ဣတရာရမ္မဏာနိပိ၊ ဤမှတပါးသော သဒ္ဒါရုံစသော ဒါနငါးပါးတို့ကိုလည်း။ တဿ၊ထိုရူပဒါန၏။သပရိဝါရံ၊အခြံ အရံကို။ကတွာ၊ပြု၍။ဒေတိ၊လှူရာ၏။သေသေသုပိ၊သဒ္ဒဒါနစသော အကြွင်းငါးပါး တို့၌လည်း။ဧဝံ၊ဤအတူလျှင်တည်း။

ဤနည်းကိုမှီး၍ ဆွမ်း,သင်္ကန်း, ကျောင်း, ဆေးဟူသော လေးပါးသော ပစ္စယဒါနတို့၌လည်း သပရိဝါရဒါနဖြစ်အောင် ပေးလှူအပ်သော အခြင်းအရာကို သိရာသည်၊ထိုသို့ သပရိဝါရဒါနပေးလှူခြင်းမည်သည်ကား အခြင်းအရာကိုသိ၍ ဤအလှူကား ပဓာန, ဤအလှူကား အခြံအရံဟု စိတ် ယူမှတ်ခြင်းရှိမှ ဖြစ်သည်၊ငှင်းအလှူ၏ အကျိုးထူးကိုလည်း အခြံအရံများခြင်း, တရာ့ရှစ်ကွက် စက်လက္ခဏာဖြင့် မှတ်အပ်သော ခြေဘဝါးအပြင်ရှိခြင်း ဖြစ်သည်ဟူ၍ လက္ခဏာသုတ်တွင် ဟောတော်မူသည်။

---

## သက်တော်ရှည်ရန်

သက်တော်ရှည်အံ့သော အကြောင်းတရားများကို ဆရာတော်မှာ လျှောက်ထားချေ၊အတွင်းဝန် မင်းကြီးနန္ဒကျော်ထင်ကို စေတော်မူ၍၊

**၁၁၄၆—ခု ဝါခေါင်လဆန်း(၁၂)ရက်နေ့ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သီဟိုဠ်ကျွန်းကို အစိုးရသော ဝသဘမည်သောမင်းအား ဟူးရားတတ်တို့က တဆဲ့နှစ်နှစ်မျှသာ အသက်ရှည်မည်ဆိုလျှင် အသက်ရှည်ကြောင်း ကောင်းမှုအထူးကို ရဟန္တာအရှင်မြတ်တို့အား လျှောက်ထား၍ ရဟန္တာအရှင်မြတ်တို့ ဟောကြားတိုင်းကျင့်ဆောင်သောကြောင့် လေးဆဲ့ လေးနှစ်တိုင်တိုင် အသက် ရှည်ဘူးကြောင်းကို မဟာဝင်တွင် လာသည်။

ရဟန္တာတို့ ဟောသောဒေသနာတော်ကား—

ပရိဿာဝနဒါနဉ္စ အာဝါသဒါနမေဝစ၊
ဂိလာနဝတ္တုဒါနဉ္စ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ ပဋိသင်္ခရဏံ တထာ၊
ပဉ္စသီလ သမာဒါနံ ကတွာ တံ သာဓု ရက္ခိတံ။
ဥပေါသထော ပဝါသော စ ကာတဗ္ဗော ပေါသထေ ဋ္ဌတိ။

မနုဇာဓိပ၊လူတို့ကိုအစိုးရသောမင်းမြတ်။တယာ၊သည်။ပရိဿာ
**အနက်ကား** ဝနဒါနဉ္စ၊ ဓမ္မကရိုဏ်ရေစစ်အလှူကိုလည်း။ ဒါတဗ္ဗံ၊လှူအပ်၏။
အာဝါသဒါနမေဝစ၊ကျောင်းအလှူကိုလည်း။ ဒါတဗ္ဗံ၊လှူအပ်
**၏။ဂိလာန**ဝတ္ထုဒါနဉ္စ၊သူနာတို့ သုံးဆောင်အပ်သောဆေးအလှူကိုလည်း။ ဒါတဗ္ဗံ၊

လူအပ်၏။ဇိဏ္ဏကာ၁ဝါသပဋိသင်္ခရဏံ၊ပျက်စီးဆွေးမြေ့သော ကျောင်းကန်တို့၌ ပြုပြင်ခြင်းကိုလည်းကောင်း။ကာတဗ္ဗံ၊ပြုအပ်၏။တထာ၊ထို့မှို။ ပဉ္စသီလသမာဒါနံ၊ ပဉ္စသီသီတင်းဆောက်တည်ခြင်းကို။ကတွာ၊ပြု၍။တံ၊ထိုပဉ္စသီ သီတင်းကို။ သာဓုံကောင်းစွာ။ရက္ခိတံ၊ စောင့်ရှောက်အပ်၏။ ဥပေါသထေ၊ ဥပုသ်နေ့၌။ ဥပေါသထောပဝါသောစ၊အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီတင်းသုံးခြင်းကိုလည်း။ကာတဗ္ဗော၊ပြုအပ်၏။ ဣတိ၊ဤသို့။အာစိက္ခိ၊ဟောကြားတော်၏။

ထို့ကြောင့် အသက်ရှည်ကြောင်း ကောင်းမှုအထူးကို များစွာလေ့လာ ကျင့်ဆောင်ရာသည်၊သုံးလူ့ထွတ်ထား ဘုရားသခင်သည် ဒီဃလင်္ဂိကမည်သော မြို့ကိုမှီ၍ အရညကုဋိ၌ သီတင်းသုံးတော်မူစဉ် ပုဏ္ဏားတယောက်အား သားငယ်ကို ခုနစ်ရက်သာ အသက်ရှည်မည် ရသေ့တပါးဆိုလျှင် ဘုရားရှင်အထံတော်သို့ ကပ်၍ အသက်ရှည်ကြောင်းကို လျှောက်ရာတွင် ဟောတော်မူတိုင်း ပရိတ်တော်နာ၍ အန္တရာယ်ပျောက်သဖြင့် အသက်တရာ့နှစ်ဆယ်ကြွယ်၍ **အာယုဝဍ္ဎနကုမာရ**ဟု ထင်ရှားစွာဖြစ်ဘူးကြောင်းကို ဓမ္မပဒတွင် လာသည်။

ဟောတော်မူသော ဒေသနာတော်ကား—

> အဋ္ဌဝါသောဋ္ဌသဝါ အာသနာနိ ပညပေတွာ တေသု မမသာ၁ဝကေ နိသီဒါပေတွာ သတ္တာဟံ နိရန္တရံ ပရိတ္တံ ကာတုံ သက္ကုဏေယျာသိ၊ ဧဝမဿ အန္တရာယော နဿေယျ။

**အနက်ကား** အဋ္ဌဝါ အာသနာနိ၊နေရာရှစ်ခုတို့ကိုလည်းကောင်း။ သောဋ္ဌသဝါ အာသနာနိ၊ နေရာတဆဲ့ခြောက်ခုတို့ကိုလည်းကောင်း။ ပညပေတွာ၊ခင်းထား၍။ တေသု၊ထိုနေရာတို့၌။ မမသာ၁ဝကေ၊ ငါ့တပည့်သား ရဟန်းတို့ကို။ နိသီဒါပေတွာ၊နေစေ၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိရန္တရံ၊မပြတ်။ပရိတ္တံ၊ ပရိတ်တော်ကို။ ကာတုံ၊ ပြုစိမ့်သောငှါ။ သက္ကုဏေယျာသိ၊ တတ်နိုင်ငြားအံ့။ဧဝံ၊ဤသို့ တတ်နိုင်သည်ရှိသော်။အဿ၊ထိုသူငယ်၏။ အန္တရာယော၊ အသက်အန္တရာယ်သည်။နဿေယျ၊ပျောက်ရာ၏။

ထို့ကြောင့် ပရိတ်တော်နာခံရခြင်းသည် အန္တရာယ်ကင်းပယ်၍ အသက်ရှည်ခြင်း၏ အကြောင်းဟု နှလုံးပြုသဖြင့် နာခံရွတ်သရဇ္ဈာယ်ရာသည်၊ ထိုသို့ နာခံရွတ်သရဇ္ဈာယ်ရသောပရိတ်တော်သည်လည်း အကြောင်းသုံးပါးဖြင့် အန္တရာယ်ကင်းပယ်စိမ့်သောငှါ မစောင့်ရှောက်တတ်၊ ဖအကြောင်းသုံးပါးဖြင့်ကား အန္တရာယ်ကင်းပယ်စိမ့်သောငှါ စောင့်ရှောက်တတ်၏။

ထို့ကြောင့်—မိလိန္ဒပဉှာ၌ အရှင်နာဂသိန်ထေရ်သည်....

တီဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ နရက္ခတိ၊ကမ္မာဝရဏေန ကိလေသာဝရဏေန အသဒ္ဒဟနတာယ—ဟူ၍ဟောတော်မူသည်။

**အနက်ကား** မဟာရာဇ၊မင်းမြတ်။ကမ္မာဝရဏေန၊ ပဉ္စာနန္တရိယကံ, ဘိက္ခုနီဒူသကကံ ဟုဆိုအပ်သော တားမြစ်တတ်သောကံ ရှိသဖြင့်လည်းကောင်း။ ကိလေသာဝရဏေန၊မိစ္ဆာဒိဋ္ဌိ ဟုဆိုအပ်သော တားမြစ်တတ်သောကံ ရှိသဖြင့်လည်းကောင်း။ အသဒ္ဒဟနတာယ၊ မယုံကြည်သဖြင့်လည်းကောင်း။ဣတိ၊ဤသို့။ တီဟိကာရဏေဟိ၊အကြောင်းသုံးပါးတို့ဖြင့်။ ပရိတ္တံ၊ ပရိတ်တော်သည်။နရက္ခတိ၊အန္တရာယ်မြဲစိမ့်သောငှါ မစောင့်ရှောက်တတ်။

**အဓိပ္ပါယ်ကား**....ပဉ္စာနန္တရိတ်ကံ,ဘိက္ခုနီဒူသကကံ ဟုဆိုအပ်သော ကမ္မာဝရဏမရှိခြင်း, မိစ္ဆာဒိဋ္ဌိကံ ဟုဆိုအပ်သော ကိလေသာဝရဏမရှိခြင်း, ယုံကြည်ခြင်း အကြောင်းသုံးပါးရှိမှသာ စောင့်ရှောက်တတ်သည် ဟူလိုသည်။

ထိုမှတပါးလည်း ရတနာသုံးပါးအား ရှိခိုးပူဇော်ခြင်း, ရိုသေခြင်းကြောင့် ပစ္စုပ္ပန်ဘဝတွင်ပင် အကျိုးလေးပါး ပွားရာသည်ကို ဓမ္မပဒ၌—

အဘိဝါဒန သီလိဿ၊နိစ္စံ ဝုဍ္ဍာ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊အာယု ဝဏ္ဏော သုခံ ဗလံ။
ဟူ၍ ဟောတော်မူသည်။

**အနက်ကား** နိစ္စံ၊အမြဲ။အဘိဝါဒနသီလိဿ၊ ရတနာသုံးပါးအား ရှိခိုးလေ့ရှိသော။ဝုဍ္ဍာပစာယိနော၊ ဂုဏဝုဍ္ဍိဖြစ်သောသူတို့ကို ရိုသေလေ့ရှိသောသူအား။အာယု၊အသက်ရှည်ခြင်း။ ဝဏ္ဏော၊အဆင်းလှခြင်း။ သုခံ၊ ချမ်းသာခြင်း။ဗလံ၊ကာယဗလ, ပညာဗလစသည် ပွားများခြင်း။ ဣတိ၊ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ဓမ္မာ၊အကျိုးတရားတို့သည်။ ဝဍ္ဎန္တိ၊ပွားများကုန်၏။

ဤသို့ ဟောတော်မူခြင်းကြောင့်လည်းကောင်း ကျမ်းပြုဆရာတို့ ပဏာမပြုခြင်းသည် ကြည်ညိုခြင်း ပသာဒသမ္ပတ္တိ,ရတနာသုံးပါး၏ဂုဏ်နှင့်ပြည့်စုံခြင်း ခေတ္တသမ္ပတ္တိ **အင်္ဂါ**နှစ်ပါးကြောင့် အန္တရာယ်ကင်းခြင်းအကျိုးကို ပစ္စုပ္ပန်မျက်မှောက်ပင် **ခံစားရ၏** ဟူ၍ ဋီကာကျမ်းဂန်မှာ လာသောကြောင့်လည်းကောင်း၊ အန္တရာယ်ပျောက်**ပြယ်၍** အသက်ရှည်ခြင်းအကျိုးတရားကို ပွားများစေခြင်းငှါ တနေ့သုံးခါ ရတနာ

သုံးပါးအား လက်အုပ်ချီ၍ ရှိခိုးခြင်း,ဂုဏ်ကျေးဇူးကို အောက်မေ့ချီးမွမ်း၍ ပူဇော်ခြင်း,အရိုအသေပြုခြင်းကိုလည်း မပြတ်နှလုံးထားရာသည် တရားမင်းမြတ်။

## ဘာသာပြန်

အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား —

> ၁၁၄၆-ခု ကသည်းမိဖုရားဆက်လာသည့်ကာလ ဇော်ဂီတို့တွင်ပါသည့် မဟာရာပတီးသွတ်၍ ဗိတ်ဆို့လျက် ကမ်းနီကျေးတောအရပ်တွင် မြှုပ်ထား၍ ရသည်၊ ဇော်ဂီတို့ အိုးတွင် ဘာသာစာရေးလျက်ရှိသည်ကို ဆရာတော်မှာ လျှောက်ထား၍ ပြန်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ရွက်ရသောကြောင့် လျှောက်ပို့လာပါစေသည်၊ အိုးတွင်းစာကို ပြန်ဆိုတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၆—ခု ဝါခေါင်လဆန်း(၁၃)ရက်နေ့ မင်းကြီး နန္ဒကျော်ထင် လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သက္ကရာဇ် ၁၁၄၆-ခု ရှေးက ကမ်းနီမြို့မှာ ဇော်ဂီတို့ မြှုပ်ထားခဲ့သည့် အိုးတွင်ပါသည့်အက္ခရာသည် ယခု နေပြည်တော်မြို့ရှိပုဏ္ဏားတို့လေ့လာသည့် ဘင်္ဂလားရေးနည်း, နာဂရီရေးနည်း, တာဂရီရေးနည်း,ကုဋကက္ခရရေးနည်း၊ကုလားတို့လေ့လာသည့် ဒက္ခိဏရေးနည်း, အာရဗီရေးနည်း,အာရမနီရေးနည်း,ပါရသျှီရေးနည်း,တေလင်္ဂီ ရေးနည်း,ပသီရေးနည်း,ကသည်းရေးနည်း,ယိုးဒယား,တရုတ်, ရှမ်း, ယွန်း, မွန်ရေးနည်းများတွင် သီးသီးသန့်သန့် ခြားနား၍ မသိသာ ဖြစ်သည်။ နောင်တော် ဆင်ဖြူရှင် လက်ထက် ဖတ်ပြန်စေသည်မှာလည်း သိသိသာသာ မရှိကြ၊ ရေဝ်ရမ်း တွေးဆယူကြောင်းကို ပြောဆိုသည်။ယခုမှ ရွှေဘုန်းတော်ကြောင့် ဘင်္ဂလားရေးနည်း,နာဂရီရေးနည်း, တာဂရီရေးနည်း, ကုဋကက္ခရရေးနည်း ရောနှောလျက် ပါရှိသည်ကို သိ၍ ကောက်ယူဖတ်ပြန်သည်ကား အိုးတွင်ပါသည့်အက္ခရာမှာ—

> ဣဟမ္ဗနိမေ အဒ္ဒပက္ခေ အပ္ပပစေ, လိဋ္ဌာဃံ၊
> ဣမံ့ ပရဟေဋ္ဌဌေစလိ ဒုဇုံဒ္ဒဟြံ ရဂဏ္ဌ။

ဟူ၍ မြန်မာအရေးအဖတ်အားဖြင့် ရေးသားဖတ်ရွတ်လိုသည်။

ဣလဟ၊ ဤအရပ်၌။ မနိမေ၊ ငါးဆဲ့ငါးခု ဟုဆိုအပ်သော။ အဒ္ဓ

**အနက်ကား** ပဏ္ဍ။နှစ်သက္ကရာဇ်အဖို့၌။ ဒုအာပ္ပစေ၊အိုးငယ်၌။ဣရိုအဆီ၊ဤ

အက္ခရာအပေါင်းကို။လိဏ္ဍ၊ရေးသား၍။ပရဟော၌ဌ္ဌေစ၊သူတပါး တို့ ထုတ်သုံးဆောင်ခြင်းငှါလည်း။လိဒ္ဓရုံ၊လျှို့ဝှက်သဖြင့် သိနိုင်ခဲသောအရာသို့။ရူဂစ္ဆ၊ ရောက်စေ၍။ဒပြာ၊သိမှီးအပ်၏—ဟူ၍ ယောဇနာသင့်မည်ထင်သည်။ဤသို့ယောဇနာ ခြင်းသည်လည်း ကြံစည်၍ဆိုသည် မည်ကာမျှဖြစ်စေ ယောဇနာသည်မဟုတ်“အတ္ထာ ပကရဏာ လိင်္ဂါ”စသော ဂါထာ၊ “သမ္ဗယောဂ ဝိပ္ပယောဂ သဟာစရဏာ ဝိရောဓ တော”စသောဂါထာတို့ဖြင့် ဆိုအပ်သော အနက်သမ္ဘန်နည်းနှင့်အညီ နှစ်သက္ကရာဇ် ဟော အဒ္ဓသဒ္ဒါ ပဏ္ဍသဒ္ဒါ လိဏ္ဍဟူသော ကြိယာအရာအထူး စသည်ကို ထောက်၍ ယောဇနာသည်သာ ဖြစ်သည်။

သက္ကရာဇ် ငါးဆဲ့ငါးခု ဆိုရာမှာလည်း အသင့်ကိုထောက်၍ ၁၅၅—ခု ယူရမည် ထင်သည်၊ သိလောက် မှတ်နိုင်လောက်သည်ကို ချင်းချန်၍ ဆိုသည့်အရာလည်း ရှိသည်။

အဖုံး၌ ပါသည့်အက္ခရာမှာ—

> တုနိငြေဘြုပေရှူပူရေ ဒူရေ ပုတြုတြုဣဟျ ပူရေစနု ပုရ ရေပန္ဒငြ္ဌေစ လဘျံ ရှူပျ ဣဟာဓ။

ဟူ၍ မြန်မာအရေး အဖတ်ဖြင့် ရွတ်ဖတ်ရေးသားလိုသည်၊ ၎င်းအဖုံး၌ပါသည့် အက္ခရာ၏ အနက်ဖွင့်ပွါယ်ကို ယူဆထောက်ထားရန် မရှိသည်နှင့် တစုံတခု မန္တန် မန္တရား ဖြစ်ဘိမည် ထင်သည်၊ **သဒ္ဒါတချက် အနက်ဆယ်ပါး** ဆိုသည်ဖြစ်သော ကြောင့်ကား ကြံစည်၍ အနက်ဆိုသော် မဆိုနိုင်ပဲ ရှိတော့မည်မဟုတ် ဆိုနိုင်သည်၊ အနက်သဘောမိသည်သာ ခဲခက်သည်၊စာကြောင်းအောက်က ရေးမှတ်သည့်ဂဏန်း အကြောင်းများလည်း သိခက်လှသည့်အရာဖြစ်သည်၊၎င်းအက္ခရာတို့ကို ၁၁၀၆—ခု ဆီက ဇော်ဂီတို့ ထားခဲ့သည်ဆိုသည်မှာ တွေးတောရသည်သာ၊ ကေန်ကျကျ မဟုတ် ဖြစ်သည်။

## မင်းကြောင်း၏ စလွယ်ဘောင်

လျှောက်ပါသည် ဆရာတော်ဘုရား—

> အထက်က မင်းကြောင်းမှာ စလွယ်တော် နှစ်ဆယ့်လေး သွယ် ဆင်ယင်အပ်သည်ကို သင်္ကရိုက်ကျမ်းလာ ဂါထာဗန္ဓ နှင့် သွင်းတော်မူသည်၊နေမိပျို့မှာ တဆယ့်ကိုးသွယ်သာ လာ

သည်၊ စကားဟောင်းနှင့် ကွဲလွဲ ထူးခြားပြန်သည်၊ အတွင်း တော်မှာ စကားဖြစ်၍ သံသယ မရှင်းမကင်း ရှိပါသည်၊ အ ထက်စကားမှာ မည်သို့၊နေမိပျို့မှာ မည်သို့လျှောက်ဦး၊ အမိန့် တော်ကို ဦးထိပ်ထက် ဆင်ရွက်ရ၍ လျှောက်ပါသည်၊ခြားနား ထူးပြားအောင် မိန့်တော်မူပါဘုရား။

**၁၁၄၆–ခု ဝါခေါင်လပြည့်ကျော်(ဂ)ရက်နေ့ အတွင်းဝန် မင်းကြီးနန္ဒကျော်ထင် လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

နေမိဟုံခန်းမှာ သောဏဒိန္နနတ်သား၏ အသွင်အပြင် အဆင်အယင်ကို "မျက် ကောင်းပည်းထူ၊ သရဖူတန်းဆာ၊ လည်မှာဆန်းကြယ်၊ ဆယ့်ကိုးသွယ်သား၊ စလွယ် ရောင်ချက်၊ပြွံအမျက်ထက်" ဟူ၍ စပ်သည်နှင့် အထက်သင်္ကရိုက်နည်းလာ စလွယ် စာတမ်းတွင် မင်းကေရာဇ်မှာ နှစ်ဆယ့်လေးသွယ် ဆိုသည့်စကား မညီမညွတ် ရှိသည် ဆိုသည်မှာ ဇာတ်တော်ရင်းဝယ် "တတ္ထ ယက္ခော မဟိဒ္ဓိကော၊ သဗ္ဗာဘရဏ ဘူသိ တော" ဟူ၍ တန်းဆာအလုံးစုံဖြင့် တင့်တယ်သည်သာ ဆိုသည်ကို စကားအရာ အလင်္ကာဖြင့် ပျို့ဆရာ တင်လွှား၍ ဆယ့်ကိုးသွယ်–ဟူ၍ စပ်လေသည်၊ဇာတ်တော် လာ မုချဆတ်ဆတ် အနက်အဓိပ္ပါယ်ကိုယူ၍ စပ်သည်မဟုတ်၊ ဇာတ်တော်မလာက လည်း သောဏဒိန္နနတ်သားမှာ စလွယ်တဆယ့်ကိုးသွယ်ဟူ၍ ပျို့ဆရာ သိနိုင်မည် မဟုတ်ဖြစ်၍ သန္နိဋ္ဌာန်ဆတ်ဆတ်မယူအပ်၊ အတပ်အကြပ် မသိသည့်အရာကို ရှောင် ရမ်း၍ နှစ်ခု, သုံးခု, လေးခု, ငါးခု ဆိုရိုးထုံးစံကဲ့သို့ ဆယ်သွယ်, ကိုးသွယ်ဟူ၍ ဒွန် သမာသ်အဓိပ္ပါယ်ကိုသာ ယူအပ်သည်။

တကြောင်းလည်း သောဏဒိန္နနတ်သားသည် နတ်ဘုရင်မဟုတ်၊ နတ်ကြီးနတ် ထင်သာဖြစ်၍ ၎င်းမှာ တဆယ့်ကိုးသွယ် ဆိုသော်လည်း လူတို့အထွတ် သမုတိနတ် ဖြစ်သော မင်းကေရာဇ်မှာ နှစ်ဆယ့်လေးသွယ်သာ အတက်အတိုးနှင့် လျော်အောင် ဖြစ်သင့်သည်ဖြစ်၍ အထက် စာသွင်းချက်အတိုင်းကို သန္နိဋ္ဌာန်ကျကျ မှတ်ယူသင့် သည် ဖြစ်သည်။

## သဒ္ဒိယပုဏ္ဏားနှင့် ပုဏ္ဏားအခြား

လျှောက်ပါသည် ဆရာတော်ဘုရား—

သုဒ္ဒိယပုဏ္ဏားမျိုးတို့ကို ဆင်ကံကျွေးထည့်သည် အတွက် ကြောင့် မေတ္တာစာ ဆက်သွင်းသည်တွင် မဇ္ဈိမဒေသတိုက်

ပုဏ္ဏားတို့မှာလည်း စာရိတ္တကို မဖျက်ပဲ ဆင်, မြင်း, ကျွဲ, နွား မွေးကျွေးသုံးဆောင်ကြသည်ပင် ဖြစ်သည်၊ သင်တို့ကို ဇာတ်ဘာဝ ဘောက်ပြားစေတော့သည် မဟုတ်၊ ကျင့်မြဲကိုပင် ကျင့်စေသည်ဖြစ်သည်အကြောင်းနှင့် ဆရာတော်ကို ပြန်လျှောက်ရမည်။

**၁၁၄၆-ခု တော်သလင်း လပြည့်ကျော်( ၂ )ရက်နေ့ နန်းမ စနုဆောင်တွင် အမိန့်တော်ရှိကြောင်းနှင့် ၎င်းနေ့ အတွင်းဝန်တို့က လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ပုဏ္ဏားတို့အမှုကို မေတ္တာစာ ဆက်သွင်းသည်တွင် မဇ္ဈိမဒေသတိုက် ပုဏ္ဏားတို့မှာလည်း စာရိတ္တကိုမဖျက်ပဲ ဆင်,မြင်း,ကျွဲ,နွား မွေးကျွေးသုံးဆောင်ကြသည်ပင် ဖြစ်သည်၊ သင်တို့ကို ဇာတ်ဘာဝကို ဘောက်ပြားစေတော့သည် မဟုတ်၊ ကျင့်မြဲကိုပင် ကျင့်စေသည်အကြောင်းနှင့် ဆရာတော်ကို ပြန်လျှောက်ရမည် အမိန့်တော်နှင့် ပြန်လျှောက်လာသည်မှာ ပကိဏ္ဏကနိပါတ် ဒသဗြာဟ္မဏဇာတ်၌ ပုဏ္ဏား တကျိပ်ပြားသည်ကို ဟောကြားတော်မူသည်နှင့် သင့်တင့်ညီညွတ်လှပေသည်။

ပုဏ္ဏားအပြား ဆယ်ပါးဟူသော်ကား—

၁ ဆေးသမားကဲ့သို့ ဆေးကုသော တိကိစ္ဆကသမပုဏ္ဏားမျိုး၊
၂ ကျေးကျွန်ကဲ့သို့အစေအပါးခံသွားသော ပရိစာရိကသမပုဏ္ဏားမျိုး၊
၃ နှိပ်စက်သကဲ့သို့ မပေးပဲကို မထဟူ၍ အလှူခံဟတ်သော နိဂ္ဂါဟကသမပုဏ္ဏားမျိုး၊
၄ မီးလောင်ငုတ် နုတ်တူးသောသူကဲ့သို့ ညစ်နွမ်းသော ကိုယ်ရှိသော ခါဏုဃာတသမပုဏ္ဏားမျိုး၊
၅ ကုန်သည်ကဲ့သို့ ကုန်သွယ်သော ဝါဏိဇ္ဇကသမပုဏ္ဏားမျိုး၊
၆ သေဌေး သူကြွယ်ကဲ့သို့ နွား, ကျွဲ, ဆိတ်, ဝက်, ကြက်, ငှက်, ဆင်,မြင်း မွေး၍ လယ်ယာလုပ်သော အမ္ဗဋ္ဌသမပုဏ္ဏားမျိုး၊
၇ နွားသတ်မျိုးကဲ့သို့ နွား,ကျွဲ,ဆိတ်,ဝက်သတ်သော ဂေါဃာတကသမပုဏ္ဏားမျိုး၊
၈ ခိုးသူကဲ့သို့ လုယက်တတ်သော ဂေါပနိသာဒိသမပုဏ္ဏားမျိုး၊
၉ မုဆိုးကဲ့သို့ သားငါးရှာမှီး၍ အသက်မွေးတတ်သော လုဒ္ဒကသမပုဏ္ဏားမျိုး၊

၁၀ ချေးတွန်းဆတ္တာသည်ကဲ့သို့ မင်းတို့အား ရေချိုးတတ်သော မလမဇ္ဈ သမပုဏ္ဏားမျိုး ဟူ၍ ဆယ်ပါးတည်း။

ထိုဆယ်ပါးသောပုဏ္ဏားတို့ကား နောက်ကာလမှ ဘောက်ပြန်၍ ဖြစ်လာကြ သည်၊အဋ္ဌက ဝါမကစသော အဘိညာဏ်ရ ဗေဒင်ပြု ရှင်ရသေ့တို့ သမုတ်ပညတ်ခဲ့ကြ သည့် မူလပုဏ္ဏားအပြားကား ငါးပါးရှိသည်ဟူ၍ ပဌနိပါတ် အင်္ဂုတ္တိုရ် ဒေါဏသုတ် ၌ ဟောတော်မူသည်။

ငါးပါးဟူသော်ကား—

၁ မိမျိုး ဘမျိုးပုဏ္ဏားစစ်လျက် လေးဆယ့်ရှစ်နှစ် လုလင်၏ အဖြစ်ဖြင့် မြတ်သော အကျင့်ကို ကျင့်၍ ဗေဒင်သင်ပြီးမှ ဆွမ်းခံဝတ်ဖြင့်သာ ရသောဥစ္စာဖြင့် ဆရာ့ကျေးဇူးကိုဆပ်၍ ရသေ့ပြုပြီးလျှင် ဗြဟ္မစိုရ်ရ တရားလေးပါးကို ပွားစေသဖြင့် ဈာန်ရ၍ ဗြဟ္မာ့ပြည်၌ ဖြစ်သော ဗြဟ္မသမပုဏ္ဏားမျိုး၊

၂ ရှေးနည်း ဗေဒင်သင်၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးလျှင် ပုဏ္ဏေးမစစ်ကို အလှူရှာခံ၍ သားတယောက်မြင်ပြီးမှ ရသေ့ပြု၍ ဈာန်ကိုရစေသဖြင့် ဗြဟ္မာ့ပြည်၌ဖြစ်သော ဒေဝသမပုဏ္ဏားမျိုး၊

၃ ရှေးနည်း ဗေဒင်သင်၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးလျှင် ပုဏ္ဏေးမစစ်ကို သာ အလှူရှာခံ၍ သားတယောက်မြင်ပြီးလျှင် ရသေ့ မပြုပဲနေသော မရိယာဒပုဏ္ဏားမျိုး၊

၄ ရှေးနည်းတူ ဗေဒင်သင်၍ ဆရာ့ကျေးဇူးကိုဆပ်ပြီးလျှင် ဝယ်သဖြင့်ပင် လည်း မည်သည့်အမျိုးမဆိုသာ ခင်ပွန်းရှာ၍ ရသေ့ မပြုပဲနေသော သမ္ဘိန္နမရိယာဒပုဏ္ဏားမျိုး၊

၅ ရှေးနည်းတူ ဗေဒင်သင်ပြီးလျှင် ဆွမ်းခံဝတ်ဖြင့်သာ ဥစ္စာမရှာ ဓမ္မ, အဓမ္မ နှစ်ပါးဖြင့်ပင်ရှာ၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးမှ ဝယ်သဖြင့်ပင် လည်း မည်သည့်အမျိုးမဆိုသာ ခင်ပွန်းရှာ၍ ရသေ့ မပြုပဲနေသော ဗြဟ္မဏစဏ္ဍာလပုဏ္ဏားမျိုး—ဟူ၍ ငါးပါးတည်း။

အမျိုးအကျင့် အာစာရနှင့် ပြည့်စုံသော ထိုငါးပါးသောပုဏ္ဏားမှ ယခင်တကျိပ် သောပုဏ္ဏားတို့ အကျင့်ဘောက်ပြားသကဲ့သို့၊ယနေ့အခါ သင်္ကရိုက်ကျမ်းတွင် လာ သော စလွယ်ကိုးသွယ်တင်မျိုး၌ဖြစ်သော ဗြာဟ္မဏပုဏ္ဏား၊ ခြောက်သွယ်တင်မျိုး၌ ဖြစ်သော ခေတြပုဏ္ဏား၊သုံးသွယ်တင်မျိုး၌ဖြစ်သော ဗိသျှပုဏ္ဏား၊ စလွယ်မတင်သည့်

အမျိုး၌ ဖြစ်သော သုဒ္ဒိယပုဏ္ဏားလေးပါးတို့လည်း မူလပုဏ္ဏားငါးပါးနှင့် မတူ ဘောက်ပြားသည်ပင် ဖြစ်သည်၊ မူလပုဏ္ဏားငါးပါးတို့ကဲ့သို့ပုဏ္ဏားမှာ မရှိသည်၊ ကာလ မြင့်ပြီဖြစ်သည်၊ ထို့ကြောင့် ဒေါနပုဏ္ဏားကိုပုဏ္ဏားမျိုးငါးပါးတွင် "သင်ကား အဘယ် နည်း" ဟူ၍ ဘုရားသခင် မေးတော်မူသည်တွင် "အကျွန်ုပ်ကား ဗြာဟ္မဏစဏ္ဍာလ မည်သော ပစ္ဆိမပုဏ္ဏားမျှမဟုတ်ဒေ" ဟု ဘုရားသခင်လက်ထက်တော်ကပင် လျှောက် ရဘူးချေသည်ကို အင်္ဂုတ္တိုရ် ပဉ္စနိပါတ်၌လာသည်၊ "အာစာရော ဝိနယော ဝိဇ္ဇာ" စသည်ဖြင့် သင်္ကရိုက်ကျမ်း၌လာသော ပုဏ္ဏားတို့ အမျိုးအကျင့်ကိုပါ၊ "သတံျ သောစံ ဒယာမောနံ" စသည်ဖြင့်သာ လာသောပုဏ္ဏားတို့လက္ခဏာ တဆဲ့နှစ်ပါးကိုမျှ ယခုကာလပုဏ္ဏားတို့မှာ ဖြည့်ဆောင်နိုင်ခဲသည်ကို သိတော်မူ၍ အမူအကျင့်မဘောက် မပြန်စိမ့်သောငှါ တရားနှင့်လျော်စွာ ခြိမ်းခြောက်တော်မူလို၍ ဆင်တော်ကံကျေး ဖြည့်ဖွဲ့တော်မူသည် ရည်မှတ်၍သာ ယခင်မေတ္တာစာကို ဆက်သွင်းသည်၊ ဆင်တော် ကံကျေးဖြည့်ဖွဲ့ကာမျှဖြင့် ပုဏ္ဏားတို့မှာ ယခင်ကိုးပါး ၊ဝ ဆယ့်နှစ်ပါးသော အာစာရ ချို့တဲ့မည်မဟုတ်၊ သို့ရာတွင်ကား ဘုန်းတော်ကြီးသော တရားမင်းမြတ်သည် အပရိ ဟာနိယဓမ္မ မယွင်းဖြည့်သော မင်းတရားကြီး ဖြစ်သည်နှင့် ရာဇဂြိုဟ်ပြည်ကြီးရှင် အဇာတသတ်မင်းမှာ ထွက်တော်မူခါ ငါးရာအဘိုးထိုက်သောပုဆိုးတို့ကို ဝတ်လျက် လက်ကန်တော့စံပယ် တင့်တယ်စွာ ဆင်ယင်၍ တသောင်းခန့်မျှသောပုဏ္ဏားတော်တို့ သည် လက်ျာလက်ကို ချီ၍ ဇယတု ဇယတု စသော ဇယမင်္ဂလာကို ဆိုကုန်လျက် ခြံရံရသည်ကို သီလက္ခန်အဋ္ဌကထာ၌လာသော ထုံးစံကဲ့သို့ နေပြည်တော်မှာလည်း ရာဇာဘိသေကခံ သကြံန်တော်ခေါ် စသည့်မင်္ဂလာ၌ အခြံအရံဖြစ်ခြင်း ဂြိုဟ်နတ် ပူဇော်ရခြင်း ဆိုင်ရာဝန်တို့ထံ စီမံခန့်ခွဲရခြင်း ထုံးစံပဝေဏီဓမ္မကိုသာ အမြဲတည်စေ သင့်မည်ထင်သည်၊ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ရှေးနန်း ရှေးမြို့တည် သာသနာပြု မူလဘူတ အာဒိကမ္မိက မင်းတရားဖြစ်၍ နောင်လာ မင်း တို့၏ သက်သေမဏ္ဍိုင်ဖြစ်သဖြင့် ကမ္ဘာကြေလည်း ဥဒါန်းမကြေ ဖြစ်မည်ကို နှလုံး ထားသင့်သည်။ ထို့ကြောင့် မဟာဝင်၌—

သရီရဿ ဂုဏာနဉ္စ၊ ဒူရမစ္စန္တမန္တရံ။
သရီရ ခဏဝိဓံသိ၊ ကပ္ပန္တဋ္ဌာယိနော ဂုဏာ—ဟူ၍ဆိုသည်။

**အနက်ကား** သရီရဿစ၊ ကိုယ်ခန္ဓာ၏လည်းကောင်း။ ဂုဏာနဉ္စ၊ ဂုဏ်ကျေးဇူး တို့၏လည်းကောင်း။ အန္တရံ၊ အထူးအပြားကား။ အစ္စန္တံ၊ စင်စစ်။ ဒူရံ၊ ဝေးစွာ၏။ သရီရံ၊ ခန္ဓာကိုယ်မူကား။ ခဏဝိဓံသိ၊ တခဏမျှ ပျက်စီးရာ၏။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့မူကား။ ကပ္ပန္တဋ္ဌာယိနော၊ ကမ္ဘာကြေလည်း မကြေမပျောက် တည်ကုန်ရာ၏။

ထိုကြောင့်ရကား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာ အပရိယာနိယတရား ပွားများလျက် ထုံးနှုန်းမပျက် တည်မည့်အကြောင်းကို သတိပညာတော်ရှိတိုင်း နှလုံးတော်မပြတ် ဖြစ်စေသင့်သည် တရားမင်းမြတ်။

မင်းအဆက်ဆက် အဘိသေကမင်္ဂလာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ကသည်းမြို့မှာ သုဒ္ဒိယပုဏ္ဏားမျိုးတို့ကို ဆင်စားရိတ်တိုင်ပေး ကျွေးရသည့်အမှုကြောင့် မေတ္တာစာသွင်းသည်တွင် ပုဏ္ဏားမျိုး ကွဲပြား၍ အသီးအသီး သုံးဆောင်ကြောင်းကို သိရပြီ၊ မင်းအဆက်ဆက် သုံးဆောင်ရိုးမှာ ရှစ်ပါး,ကိုးပါးပုဏ္ဏားတို့ကိုသာ အဘိသိက်ပေးစေကြောင်း, ပြုဟ်နတ်ပူဇော်ကြောင်းများကို ရေးထုံးစံရှိချေသည် ကျည်းပုဏ္ဏားတို့မှာ ဟံသာဝတီပါ မင်းလက်ထက် နောင်ကျားပုဏ္ဏား, ဆိပ္ပန်ပုဏ္ဏားတို့ သတ္တိ, ဗျတ္တိ ရှိသည်နှင့် သုံးစွဲ၍ ယခုတိုင် အသုံးအစွဲဖြစ်သည်၊ ကသည်းပုဏ္ဏားတို့မှာ ယခုမှ ရောက်လာသည် ဖြစ်၍ မေတ္တာစာတွင် ပါသည်ကို ရွှေနားတော်ကြား ဆက်သွင်းရာတွင် ထပ်၍ လျှောက်ဦး၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ရွက်ဆင်ပါရသောကြောင့် လျှောက်ပါစေသည် ဆရာတော်ဘုရား။

**၁၁၄၆–ခု တော်သလင်းလပြည့်ကျော်(၄)ရက်နေ့ အတွင်းဝန်တို့က လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပုဏ္ဏားတို့မှာမြန်အစမှာ မကောင်းမှုကို အပပြုခြင်း, ဈာန်ဝင်စားခြင်း, ဗေဒင်သရဏ္ဍာယ်ခြင်းကိုစွဲ၍ ပုဏ္ဏားဟု သမုတ်သည်တွင်မှ ကမ္ဘာဦးက ပုဏ္ဏားမျိုး ဖြစ်သည်ကို အဂ္ဂညသုတ်၌ ဟောတော်မူသည်ကို နောက် ကာလကြာမြင့်မှ ယခင်မေတ္တာစာတွင်ပါသော ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်၌လာသည့် ပုဏ္ဏားမျိုးငါးပါး ကွဲပြားသည်၊ ၎င်းနောက် ချင်းတို့ အမူအကျင့် ဘောက်ပြန် ယိုယွင်းပြန်၍ ဒသဗြာဟ္မဏဇာတ်လာ ယခင် မေတ္တာစာတွင်ဆိုသော ပုဏ္ဏားမျိုးဆယ်ပါး ကွဲပြားပြန်သည်၊ ၎င်းနောက် စလွယ်တင်,မတင် မိရိုးဖလာ အနွယ်ကိုစွဲ၍ ဗြာဟ္မဏ, ခေတ္တ, ဗိဿ, သုဒ္ဒိယဟူ၍ ပုဏ္ဏားမျိုးလေးပါးကို ဆိုသည်၊ ၎င်းပုဏ္ဏားမျိုး လေးပါးတို့ ကွဲပြားဟန်ကိုလည်း

သဗ္ဗညုတညာဏ်နှင့် ပြည့်စုံတော်မူသော ဘုရားသခင် ဟောကြားတော်မူတိုင်း မသိကြ၍ ကမ္ဘာဦးကပင် ကဲပြားသည် မှတ်ထင်ခြင်းကြောင့် ဗြဟ္မာကြီးအား အဖြူ၊ အနီ၊ အရွှေ၊ အညို၊ ခံတွင်းလေးသွယ်ရှိသည်တွင် ဗြာဟ္မဏမျိုးကား ဖြူသောခံတွင်းမှ၊ ခတ္တိယမျိုးကား နီသောခံတွင်းမှ၊ ဗိဿမျိုးကား ရွှေသောခံတွင်းမှ၊ သုဒ္ဒိယမျိုးကား ညိုသောခံတွင်းမှ ဖြစ်သည့်အဟန် ဂါထာဗန္ဓဖွဲ့စီ၍—

ဗြဟ္မာ စတုမ္မုခံ စေဝ၊သုက္ကရတ္တ ပီတနီလံ။
တေမ္မုခါ နိဗ္ဗုဟတိ၊စတုဗ္ဗဏ္ဏာသ မေဝစ။

ဟု သင်္ကရိုက်ကျမ်း၌ နောက်မှ ပုဏ္ဏားတို့ ထားလေသည်၊ ထိုပုဏ္ဏားလေးမျိုးတို့မှာလည်း အန္တယ်သာ ကွဲပြားသည်၊ အကျင့်စာရိတ္တမှာ ယခုအခါ သင်္ကရိုက်ကျမ်းရှိ မိရိုး ဖလာအကျင့် ထုံးစံနှုန်း အတူတူပင်ဖြစ်သည်၊ အမှုထမ်း အစေ အသုံးထုံးနှုန်းရှိရာ ထမ်းရွက်စေခြင်းမှာလည်း ၎င်းလေးမျိုးတို့သည် ပုဏ္ဏားမျိုးချည်းပင်ဖြစ်၍ သတ္တံအရည်အချင်းမှာသာ အကြောင်းဖြစ်သည်၊ သုဒ္ဓေါဒနမင်းကြီး လက်ထက် ယာမ, ဓဇ, လက္ခဏ, ဇောတိမန္တီ, ယည, သုဘောဇ, သုယာမ, ကောဏ္ဍည ဟူသော ပုဏ္ဏားရှစ်ယောက်တို့နှင့် တရာမျှသော ပုဏ္ဏားတို့ကို သိဒ္ဓတ်မင်းသား၏ လက္ခဏာကို ဖတ်ရှုစေသည် ဆိုသကဲ့သို့ လျော်သောအခါ၌ လက္ခဏာဖတ်ရခြင်း, ဟူးရားဗေဒင် တွက်ချက် ဟောပြောရခြင်း သည်လည်းကောင်း, အဇာတသတ်မင်း လက်ထက် ပါဋ္ဌလိရွာ၌ ပါဋ္ဌလိပုတ်မြို့ကို သုနိဓဝဿကာရပုဏ္ဏားတို့ စောင်မတည်ထောင်ရသည်၊ ဘုရားမြတ်စွာ ထွက်တော်မူရာ တံခါးကို ဂေါတမတံခါး တွင်စေ၊ ကူးတော်မူရာ ဂင်္ဂါဆိပ်ကို ဂေါတမဆိပ်တွင်စေ စသည်ဖြင့် စီမံရသည် ဆိုသကဲ့သို့ သင့်သောအမှုရှိခါ စောင်မစီရင်ရခြင်းသည်လည်းကောင်း, လဋ္ဌိဝနဉယျာဉ်သို့ ဗိမ္ဗိသာရမင်းကြီး ထွက်ခါ တသိန်း နှစ်သောင်းသောပုဏ္ဏားတို့ အခြံအရံပါသည်၊ ဇီဝကမ္ဗဝနဉယျာဉ်သို့ အဇာတသတ်မင်းထွက်ခါ တသောင်းသောပုဏ္ဏားတို့ အခြံအရံ ပါသည် ဆိုသကဲ့သို့ ထွက်တော်မူခြင်း မင်းပွဲ စိုးပွဲရှိခါ အခြံအရံဖြစ်ရခြင်းသည်လည်းကောင်း။

ဘဂဝံ ဇလ ပုပ္ဖါနိ၊ဂန္ဓစန္ဒနံ သဒါစ္စယေ။
သေဝနံ ကရောတိ ယောနိစ္စံ၊သ သုဒ္ဒ ပရမော မတော။

ဟူ၍ လာသော သင်္ကရိုက်ကျမ်းနည်းနှင့် လျော်စွာ ဂြိုဟ်နတ်ပူဇော်ရခြင်း သည်လည်းကောင်း ပုဏ္ဏားတို့ ရွက်ဆောင်ရသော ရေမြေရှင်တို့ အမှုဖြစ်သည်၊ နေပြည်တော်တွင်လည်း အတွင်းဂြိုဟ်, ပြင်ဂြိုဟ် ပသပူဇော်ခြင်းစသည် ထုံးစံအစဉ်

ရှိသည်ပင် ဖြစ်သည်၊ ရှစ်ပါး,ကိုးပါးသာ ထုံးစံရှိသည် ဆိုရာမှာလည်း ဘုန်းပါရမီတော်ကြောင့် သတ္တ် ဗျတ္တ် အရည်အချင်းရှိသည့် ပုဏ္ဏားတော် များပြားလာသည်ကိုသည်မှာသာ ထုံးစံဟူ၍ အမှုထမ်းသူကို ပဓာန မပြုသင့်ပြီ အမှုသာ ပဓာနဖြစ်သည်၊ ပုဏ္ဏားလေးမျိုး အနွယ်အဆက်မှန်လျှင်လည်း ပုဏ္ဏားချည်းပင်ဖြစ်သည်၊နောင်ကျွားပုဏ္ဏား,ဆီပွန်ပုဏ္ဏားတို့နှင့် ကသည်းရောက်ပုဏ္ဏားတို့လည်း သုဒ္ဒိယအနွယ်တူမှန်သည်၊ သို့ရာတွင်မူကား စကြာမင်း၏ သားကြီးရတနာသည် အတွင်းနှင့်တန်သည့် ပရိသတ်, ပြင်နှင့်တန်သည့်ပရိသတ်ကိုဆင်ခြင်၍ အတွင်း,ပြင်လျော်အောင် ခယမ်း ထမ်းရွက်စေသည် ဆိုသကဲ့သို့ လျော်အောင် ထမ်းရွက်စေသင့်မည် ဖြစ်သည်။

## ရာဇာဘိသေကသဘင်၌ ဝတ်ဆင်ရန်

လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇာဘိသေကခံ မင်္ဂလာသဘင်တော်တွင် ဝတ်ဆင်ရန်များကို ကျမ်းဂန် ထုံးစံရှိသည့်အတိုင်း မိန့်တော်မူပါ လျှောက်ချေ၊

**၁၁၄၆—ခု တော်သလင်းလပြည့်ကျော်(၇)ရက်နေ့ တလုပ်မြို့စား အတွင်းဝန်မင်းကြီး နန္ဒကျော်ထင်ကို စေတော်မူ၍ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ရာဇာဘိသေက မင်္ဂလာသဘင်တော်တွင် ဆင်ယင်ရန် ဝတ်စား တန်းဆာကို ရာဇာဘိသေကကျမ်း၌ "ဇမ္ဗုနဒ နိမ္မိတ ကိရိဋ္ဌ ရာဇံ"စသည်ဖြင့် လာသည်ကို ရွှေလက်တော်ရောက် အနက် အဓိပ္ပါယ်နှင့်တကွ ဆက်သွင်းဘူးပြီ၊ ၎င်းကျမ်း၌ ဆိုသည်မှာလည်း ဇမ္ဗူရစ်ရွှေစင်ဖြင့်ပြီးသော ပတ္တမြားကြယ်ဖြင့် စီအပ်သော မကိုဋ်, လရေးသဖွယ် တင့်တယ်စွာ နဖူးပြင်၌ ရစ်ပတ်အပ်သော သင်းကျစ်,ကြယ်ကိုးလုံးဖြင့် တင့်တယ်စွာသော လက်ကောက်, နှစ်သွယ်သော ပတ္တမြားနားဒောင်း, အထူးထူးသော ရတနာတို့ဖြင့် စီခြယ်အပ်သော ဖြူသောကိုယ်ဝတ်,အဆင်းခုနစ်ပါးရှိသော မပေါက်ပြသော ဒုကူ်ဂိုတို့ဖြင့် ဆင်ယင်၍—

အဋ္ဌ ဒ္ဒိသာလ သေသိတံ စန္ဒဝံ သောဏ္ဏံ၊
အတြ ဂေါတ္တံ သူရပတိဒေဝံ။
ပုဏ္ဏေဃရိယ သဗ္ဗလောက၊
ဝန္ဒိတံ နမာမိ သဟာဃနယနံ။

ဟူသောဂါထာကိုရွတ်၍ အထူးထူး ပူဇော်ရန်ဖြင့် ရတနာသုံးပါးနှင့်တကွ နတ်တို့ကို ပူဇော်အပ်၏—ဟူ၍ ဆိုသည်။

ဇာတ်နိပါတ် ကျမ်းဂန်တို့မှာ သရုပ်သချာ်နှင့်စိတ်ဖြာ၍မဆို၊ ဝေဿန္တရာဇာတ်မှာလည်း—

အထ သဗ္ဗာဘရဏံ ဝိဘူသိတံ ဒေဝရာဇံ ဣဝ ဝိရောစမာနံ ဗောဓိသတ္တံ ရဇ္ဇေ အဘိသိဉ္စိံသု။

ဟူ၍ အလုံးစုံသောမင်းတို့၏ တန်းဆာဆင်ယင်ခြင်းဖြင့် သိကြားမင်းသဖွယ် တင့်တယ်သော ဝေဿန္တရာဘုရားလောင်းကို ဘိသိက်သွန်းကုန်သည်ဟူ၍ လာသည်ဖြစ်၍ ယခင် ရာဇာဘိသေကကျမ်းလာ အခြင်းအရာထက် လွန်စွာပင်သော်လည်း ဆင်ယင်ခြင်းငှာ သင့်သည်ပင်၊ အဘိသိက်ခံသော ရေမြေရှင်၏ ဘုန်းတန်းခိုးမှာသာ အကြောင်းရင်းဖြစ်သည်၊ ၎င်းဆိုပြီးသော ကျမ်းဂန် ပုဒ် ပါဠိနှင့် ရှိသည်၊ ထုံးစံသာလည်း မြဲမြဲ ခိုင်ခံ့သောထုံးစံဖြစ်သည်၊ မကိုဋ်ကို ကိရိဋသဒ္ဒါ၊ မကုဋသဒ္ဒါပရိယာယ် နှစ်ပါးဖြင့် အဘိဓာန်မှာ ဆိုသည်၊သရဖူဟူ၍ အတူပရိယာယ်မရှိ၊ အထွတ်တပ်သည် မတပ်သည်ကိုသာ အကြောင်းပြု၍ မကိုဋ်သရဖူ အကွဲအပြား ခေါ်ဝေါ်ကြသည်ဖြစ်သည်။

## မဟာပိန္နဲနတ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မဟာပိန္နဲနတ်ကြီးကို ဗြိစ္ဆာရာသီသို့ တနင်္ဂနွေရောက်စဉ် ပုဏ္ဏတိထိပြည့်သည်နေ့ ကတ္တိကာနက္ခတ်နှင့် ယှဉ်လျှင် ရထားထက်တင်၍ နတ်ပွဲသဘင်ပြုအပ်ကြောင်းကို ဟိတကာရီဗေဒင်ကျမ်း၌ ဆိုသည်၊ ပါရာဇိကဏ်ဋီကာ သုဒိန္နကဏ္ဍသုတ်တွင် ကတ္တိကာဇုဏှပက္ခ၌ မဟာပိန္နဲနတ်ပူဇော်သည်၊ ရာဇမတ္တဏ်တွင် ကုံရာသီ၌ တနင်္ဂနွေရပ်စဉ် ဖရဂုဏ်နက္ခတ်နှင့် ယှဉ်သည့်နေ့ ပုဏ္ဏတိထိ၌ မဟာပိန္နဲနတ်ကို ရထားတင်၍ ပွဲသဘင်ခံပြီးလျှင် ပူဇော်သင့်ကြောင်းကို ဆိုကြောင်းများနှင့် ပညာရှိတို့က သံတော်ဦးတင်ရာတွင် ဆရာတော်ကို လျှောက်မေး၍ တော်သင့်ရာ ဖြစ်စေရမည်၊အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရပါသည်ဖြစ်၍ သံတော်ဆင့် ဂျော်ထင်စည်သူနှင့် ညောင်အုပ်စားတို့ကို လျှောက်လာပါစေသည် ဆရာတော်ဘုရား။

**၁၁၄၆-ခု သီတင်းကျွတ်လပြည့်ကျော်(၅)ရက်နေ့ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မဟာပိန္နဲနတ် ပွဲသဘင်ခံသင့်သည်ကို နှစ်ထွေနှစ်ပြာ လာရှိသည့်စကားရပ်တွင် ရာဇမတ္တဏ်မှာ ကုံရာသီဝယ် တနင်္ဂနွေရပ်စဉ် ဖရဂုဏ္ဏီနက္ခတ်နှင့်ယှဉ်သည်၊ပုဏ္ဏတိထိ၌ သဘင်ခံသင့်ကြောင်းကို ဆိုသည့်စကားသည် အပြစ်ထူး ရောက်ရှိ၍ မပျောက်စေလို သည်ဖြစ်လျှင် သဘင်ခံသင့်သည်ကိုသာ ရည်၍ဆိုသည်၊ အစဉ်ထုံးစံကို ရည်၍ဆိုသည် မဟုတ်၊ ထိုအကြောင်းကိုလည်း "မုစျတေ ဗြဟ္မဟတျယာ"—ဗြဟ္မဟတျယာ၊ မြတ် သောသူကို သတ်မိသောအပြစ်မှ။ မုစျတေ၊ လွတ်၏—ဟူ၍ မြတ်သောသူကိုသတ်မိ သည်၊ အပြစ်လွတ်သည်သာ ဆိုသည်ကိုထောက်၍ သိအပ်၏။ပါရာဇိကဏ်အဋ္ဌကထာ သုဖိန္နကဏ္ဍသုတ်အဖွင့်တွင် ဆိုသည်ဟူသည်မှာလည်း ဝေသာလီပြည်၌ ကတ္တိကာ သဘင်ခံသည်သာ ဆိုသည်၊ မဟာပိန္နဲနတ်ပွဲသဘင်ခံသည် မဆို။ ဟိတကာရီကျမ်းမှာ ဗြိစ္ဆာရာသီဝယ် တနင်္ဂနွေရပ်စဉ် ကတ္တိကာနက္ခတ်နှင့် ယှဉ်သည် ပုဏ္ဏတိထိ၌ သဘင် ခံသင့်ကြောင်းကို ဆိုရာမှာကား နန်းစဉ် လစဉ်သဘင်ကို ဆိုသည်ဖြစ်သောကြောင့် ထုံးစံဖြစ်ချေသည်၊ အပြစ်မရှိသော ထုံးစံဟူကလည်း အပရိဟာနိယခမ္မဟူ၍ လူသုံး ပါးတို့အထွတ် လောကဓာတ်ကို အကြွင်းမရှိ သိတော်မူသော တရားမင်းဘုရား ဟောတော်မူပေသည်ဖြစ်၍ မပယ်မဖျက်သင့်ချေ၊ သို့ရာတွင်မူကား တပါးကာလ၌ လည်းမကောင်း နတ်ပွဲသဘင် ခံယင်ခြင်းကို မပြုမူ၍ ဗြိစ္ဆာရာသီသို့ တနင်္ဂနွေရောက် စဉ် ကတ္တိကာနက္ခတ်နှင့်ယှဉ်သည် ပုဏ္ဏတိထိ၌သာ ပြုရာသည်ဆိုကြောင်းကို ဆင်ခြင် သင့်သည်။

**ဆင်ခြင်သည် မူကား**........ဆင်ကြွန်မျှားတွင် မဟာပိန္နဲကို တန်ဆောင်မုန်း လတွင် ဖွားသည်ဟူ၍ဆိုသည်၊ လဝဆင်ကြွန်မှာ နတ်သားတယောက် သေသည်တွင် ဆင်ခေါင်းကိုတပ်၍ဖြစ်သောနတ် ဟူ၍ဆိုသည်၊ အချို့သော ဗေဒင်ဆင် ကြွန်စာမျှားမှာကား ကုလမိုင်းနှင့် ဗြဟ္မာပြဿနာ လောင်းတမ်း ပြုသည် တွင် ကုလမိုင်းက ဗြဟ္မာခေါင်းကို ဖြတ်ရလျှင် ဆင်ခေါင်းကို တပ်ပြန်၍ မဟာပိန္နဲဖြစ်သည် ဆိုသည်၊ သည်စကားသုံးရပ်တွင်လည်း တန်ဆောင်မုန်း လတွင် ဖွားသည် ဟူ၍ဆိုသော မြန်မာဆင်ကြွန်စကားသာ ကျမ်းတပါး စကားနှင့် ညီသည်၊ ဆင်ကြွန်မည်သည်လည်း ဖြစ်ဆန်းသာမဟုတ်၊ အစဉ် ပဝေဏီလာသော ကျမ်းပင်ဖြစ်သည်၊ ထိုကြောင့် ဗာရာဏသီ သုသီမမင်း လက်ထက် ဘုရားလောင်း ပုရောဟိတ်သားသည် တက္ကသိုလ်ပြည်သို့သွား၍ အတတ်သင်သည်ဆိုသော ဒုကနိပါတ်ဇာတ်၌ "တယော ဗေဒေ ဟတ္ထိ

သုတ္တန္တ ဥဂ္ဂဏှိတွာ”ဟု ဆင်ကြန်နှင့်တကွ ပေဒင်သုံးပုံ သင်ခဲ့ကြောင်းကို ဆိုသည်၊အမရကောသကျမ်း၌လည်း “ကတ္တိကေယျော မဟာသေနော၊ သာရဒဇော ဆဍ္ဍာနနော”ဟူ၍ တန်ဆောင်မုန်းလတွင် ဖွားကြောင်းကို ဆိုသည်၊ ထို့ကြောင့် တန်ဆောင်မုန်းလတွင် မဟာပိန္နဲ နတ်ပွဲသဘင် ခံခြင်းသည် ၎င်းနတ်၏ ဖွားစကာလကိုရည်၍ ထုံးစံဖြစ်သည် ယူရမည်၊၎င်းလတွင်လည်း ကတ္တိကာနှင့်ယှဉ်သော ပုဏ္ဏတိထိကိုသာ ခံသည်မှာ တန်ဆောင်မုန်းလသည် ကတ္တိကာပုဏ္ဏမိဖြစ်၍ အလွန်သင့်တင့်လှသည်ကိုရည်၍ ခံကြသည် ဖြစ်သည်။

ဝေဿန္တရာဇာတ်တော်၌လည်း—

နက္ခတ္တေ ဥတုပုပ္ဖေသူတိ နက္ခတ္တယောဂဝသေန ဝါ ဆန္နံ ဥတူနံ တဿ တဿ ပုပ္ဖဝသေန ဝါ ပဝတ္တေသု ဆဏေသု။

ဟူ၍ နက္ခတ်နှင့်ယှဉ်သည်ကာလ, ထိုကိုဥတုပန်းပွင့်သည်ကာလ သဘင်ခံကြောင်းကိုဆိုသောကြောင့် ထိုထိုလ၏ ပုဏ္ဏမိနက္ခတ်နှင့်ယှဉ်သော ပုဏ္ဏတိထိသည်သာ နက္ခတ်သဘင် ထုံးစံဖြစ်သည်၊ ပါဋ္ဌာတိပါတစသည်နှင့် မယှဉ်ရကား အပြစ်မရှိသည်၊ ထုံးစံမှာ အပရိဟာနိယဓမ္မ ခုနစ်ပါးတွင် တပါးအဝင်ဖြစ်သည် နှလုံးထား၍ တရားမင်းမြတ် သိတော်မူလိုသော ဆန္ဒတော်နှင့်လျော်စွာသာ ဤစကားများကို ဆိုလိုက်သည်၊ ဆရာတော်တို့နှလုံးမှာကား သာသနာတော်စီးပွားကို အားထုတ်တော်မူသည် ဖြစ်ပါစေ မပြတ် ရည်မှတ်လျက် ရှိသည်။

---

## ရွှေဘောင်ဝေ့တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မင်းမြောက်တန်းဆာ ငါးပါး မင်းဆောင်တော်များတွင် ရွှေဒဏ္ဍာရှိကြောင်းနှင့် အဆောင်တော်စာရင်းများတွင် ရှိသည်ကို မည်သို့ ဆောင်ရွက်ရိုးဖြစ်သည်၊ လုပ်ရိုးဖြစ်သည် သိသာအောင် ဆရာတော်ကို လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း လျှောက်လာပါစေသည် ရွှေဒဏ္ဍာအဆောင်တော်သည် မည်သည့် အဆောင် မည်သို့ လုပ်ရိုးဖြစ်ကြောင်းကို မိန့်တော်မူပါ ဆရာတော်ဘုရား။

၁၁၄၆-ခု နတ်တော်လပြည့်ကျော်(၉)ရက်နေ့ လျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—

မင်းဆောင် မင်းခမ်းတော်တွင် ပါသည့် ရွှေဒဏ္ဍာအရမှာ လက်ျာတဆယ့်သုံး, လက်ဝဲတဆယ့်သုံး ခင်းကျင်းဆောင်ရွက်သည်၊ မင်းဆောင် မင်းခမ်းတော်အဝင် တောင်ဝှေးတော်ပင် ဖြစ်သင့်သည်။

လက်ျာတော်က၊ ရွှေလှော်လျှံဝါ၊ မျက်စိမြွာသား၊ ရတနာဘိနပ်၊ သပ်
သပ်တောင်ဝှေး၊ရောင်ပြေးဝိုးဝါ၊လက်တင်ကြာနှင့်။

စသည်ဖြင့် ရှေးပညာရှိတို့ စပ်ဆိုချက်လည်း ရှိသည်၊ ရွှေမှုမ်းမံ ခြယ်လှယ်သည့် ရွှေပကတိကိုပင် လုပ်ဆောင်သော်လည်း လုပ်ဆောင်သင့်သည်ကိုရည်၍သာ မာဂဓ နှင့်ယှဉ်လျက် ရွှေဒဏ္ဍာဟူ၍ ၎င်းတောင်ဝှေးကိုပင် ခေါ်ဝေါ်ခြင်းဖြစ်သည်၊ အာဒိစ္စ ဝံသ မြန်မာ့ဦးစွန်း ဘဝရှင်မင်းတရားတို့တွင်သာ ၎င်းရွှေဒဏ္ဍာကို ဆောင်ရွက် ခင်းကျင်းသည်မဟုတ်၊ ရေမြေစိုးရ ဘဝသခင် ဖြစ်ကုန်သော ရှေးရှေးသော မဇ္ဈိမဒေသ မင်းတို့မှာလည်း ဆောင်ရွက်ခင်းကျင်းသည်ပင် ဖြစ်သည်၊ ထို့ကြောင့်—

တိသောဇ ယဋ္ဌိယော တာစ မုတ္တာ အညဋ္ဌ ဗဟုရတနံ အသောကဿ
ဓမ္မရညော ပဏ္ဏာကာရတ္ထာယ ပေသေသိ။

ဟူ၍ ငွေအဆင်းတွင် ရွှေနွယ်ခြယ်လျက် ဖြစ်လာသော လတာယဋ္ဌိမည်သော တောင်ဝှေး,ပန်းမျိုးကို အစီအစဉ် အသင့်အတင့် ငုံးသီဘိသကဲ့သို့ ခြယ်လှယ်လျက် ဖြစ်လာသော ပုပ္ဖယဋ္ဌိမည်သောတောင်ဝှေး,အထူးထူးသော သားငှက်တကာ မြူး တူးသကဲ့သို့ တင့်စေလျက် ဖြစ်လာသော သကုဏယဋ္ဌိ မည်သောတောင်ဝှေး ဤ တောင်ဝှေး သုံးစင်းကို သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းက သီရိဓမ္မာသောက မင်းတရားထံသို့ ဆက်လာရကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ မဟာဝင်အဋ္ဌကထာ တို့၌ ဆိုသည်။

ဘူရိဒတ်ဇာတ်တော်၌လည်း ဘူရိဒတ်နဂါးမင်းသည် လူမင်းဘို့အဆောင်အခွက် အခင်းအကျင်းကို ဖန်၍ ဘိုးတော်ရသေ့ထံ လာသည်ကာလ ဆောင်ရွက် ခင်းကျင်း ဟန်ကို—

သုဝဏ္ဏမဏိဒဏ္ဍာနိ၊ စရန္တိ ဥဘတော မုခံ။

သုဝဏ္ဏမဏိဒဏ္ဍာနိ၊ရွှေ, မြ, ငွေတွင်မြားစီခြယ် မှုမ်းမံသော တောင်ဝှေးတို့ကို။ ဥဘ တောမုခံ၊မျက်နှာနံပါးနှစ်ဘက်၌။စရန္တိ၊ခင်းကျင်းဆောင်ရွက်ရကုန်၏—ဟူ၍ ဟော တော်မူသည်။

ထိုသို့ ဆိုခဲ့ပြီးသော ထုံးစံဥပဒေကို ထောက်သဖြင့်လည်းကောင်း ဒဏ္ဍသဒ္ဒါသည် တောင်ဝှေးဟူသောအနက်, ဒဏ္ဍမည်သော ဥပါယ်ဟူသောအနက်, ဆုံးမခြင်း ကြေးဒဏ် အပြစ်ဒဏ် ဟူသောအနက်မှတပါး မင်းခမ်း မင်းဆောင်နှင့် သင့်တင့်သော အနက်ကို မဟောသည်ကို ထောက်သဖြင့်လည်းကောင်း ရွှေဒဏ္ဍအရကို ဆိုပြီးသော မင်းခမ်းတောင်ဝှေးတော်ပင် ဖြစ်သည်ကို မှတ်အပ်သည်၊ ယင်းသည် တောင်ဝှေး လုပ်ရိုးကိုလည်း ရာဇမတ္တဏ်တွင်—

ဥဇုရနုပ္ပဟတော ဒီနှာ၊သိလိဋ္ဌော ဖြာဟ္မဏာသာ ပလာသော။
ရညော သော ဒုမ္မရော၊ဒဏ္ဍော ဝေဿသာ ဗိလ္လသမ္ဘဝေါ။

**အနက်ကား** ဥဇု၊ ဖြောင့်သော။ ရနုပ္ပဟတော၊ ပိုးမခဲသော။ ဒီနှာ၊ အနှ အမျက်ကင်းသော။ သိလိဋ္ဌော၊ အလွန်ပြေပြစ်သော။ ပလာသော၊ပေါက်သားသည်။ ဖြာဟ္မဏာသာ၊ ပုဏ္ဏားအား။ ဒဏ္ဍော၊ တောင်ဝှေးသည်။အဿ၊ဖြစ်သင့်၏။ ဥဒုမ္မရော၊ ရေသဖန်းသားသည်။ ရညော၊မင်းအား။ဒဏ္ဍော၊တောင်ဝှေးသည်။အဿ၊ဖြစ်သင့်၏။ဗိလ္လသမ္ဘဝေါ၊ဥသျှစ်သားသည်။ ဝေဿသာ၊သူကြွယ်သေဋ္ဌေးအား။ဒဏ္ဍော၊တောင်ဝှေးသည်။အဿ၊ဖြစ်သင့်၏။

ဤသို့ဆိုသောကြောင့် ပိုးခဲခြင်း, အနှအမျက်ရှိခြင်း ကင်းသော ဖြောင့်မတ် ပြေပြစ်သောရေသဖန်းသားကို လုပ်ဆောင်ရာသည်၊ ပမာဏကိုလည်း ဌင်းကျမ်း၌—

ကေသ နလာဋ္ဌ ဃာနပ္ပမာဏ၊ တုလျာ နျာဘိဋ္ဌ ဖလဒါနိ။
ကမသော ဝိပ္ပ ခတ္တိယ၊ ဝေဿာနံ ဒဏ္ဍကဋ္ဌာနိ။

**အနက်ကား** ကမသော၊အစဉ်အတိုင်း။ ဝိပ္ပခတ္တိယဝေဿာနံ၊ ပုဏ္ဏား, မင်း, သူကြွယ်တို့၏။ဒဏ္ဍကဋ္ဌာနိ၊တောင်ဝှေးတို့သည်။ ကေသနလာဋ္ဌ ဃာနပ္ပမာဏတုလျာနိ၊ ဆောင်သည့်သူ၏ ဆံအတိုင်းအရှည်, နဖူးအတိုင်းအရှည်, နှာခေါင်းအတိုင်းအရှည်သည် ရှိကုန်သည်ဖြစ်မူကား။ အဘိဋ္ဌ ဖလဒါနိ၊ကောင်းမြတ်သောအကျိုးကို ပေးတတ်ကုန်၏။

ဤသို့ဆိုသောကြောင့် ဆောင်သော ရေမြေရှင်၏ နဖူးနှင့်အမျှ ပမာဏကိုသာ လုပ်ဆောင်ရာသည်။

## ပဋ္ဌာန်းပြုမှု

တကာတော် အတွင်းဝန် မင်းကြီးနန္ဒကျော်ထင် လျှောက်ပါသည် ဆရာတော်ဘုရား—

၁၁၄၆-ခု တပို့တွဲလ စစ်ကိုင်းအောင်မြေလောကစည်းခံတော် ရေစက်တော်သွန်းခံခြင်းနှင့်တကွ ရွှေးတော်ယူတံခါး, ဓာတ်တံခါးလေးမျက်နှာများမှာ လက်ျာရစ်လှည့်၍ အလှူခံ ပုဏ္ဏား သူဆင်းရဲတို့အား စွန့်ကြဲပေးကမ်းမည်မှာ ပဋ္ဌာန်းပြုရန် ရှေးရှေးဘုရားလောင်း သူတော်ကောင်းတို့ စွန့်ခြင်းကြီးငါးပါး စသည်ကို ဖြည့်ကျင့်သည်ကာလ ပဋ္ဌာန်းပြုသည့် ထုံးစံများကို ဆရာတော်ထံ လျှောက်ရမည်၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း ရှေးရှေးဘုရားလောင်း သူတော်ကောင်းတို့ ပဋ္ဌာန်းပြုသည်များကို ရှိခိုး နားတော် လျှောက်ပါသည်၊ အစောင်စောင်သော ကျမ်းဂန်တို့မှထုတ်၍ သေချာစွာ အမိန့်ရှိပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၄၆-ခု ပြာသိုလဆန်း( ၁၅ )ရက်နေ့ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

အောင်မြေလောကစေတီတော် ရေစက်တော် ချသွန်းတော်မူသည်နှင့်တကွ ရတနာသုံးပါး, ပုဏ္ဏား, လူဆင်းရဲတို့အား လှူဒါန်းပေးကမ်း စွန့်ကြဲတော်မူမည်မှာ အထူးသဖြင့် ချီးမြှင့်လှူဒါန်းပေးကမ်းခြင်းသည် စွန့်ခြင်းကြီးမည်၏ ဟူ၍ စရိယာပိဋကအဋ္ဌကထာစသည်တို့၌ လာသည်နှင့်အညီ အံ့သြချီးမွမ်းဖွယ် များပြားစွာ လှူဒါန်းပေးကမ်း စွန့်ကြဲတော်မူသည့်အရာဖြစ်၍ ဒါနပါရမီ သာမန်သာမဟုတ်၊ စွန့်ခြင်းကြီးငါးပါးအဝင် ဓနပရိစ္စာဂ ဖြစ်ပေသည်။

သဗ္ဗေပိ ဗောဓိသတ္တာ ဓနပရိစ္စာဂံ အင်္ဂပရိစ္စာဂံ ပုတ္တပရိစ္စာဂံ ဘရိယပရိစ္စာဂံ ဇီဝိတပရိစ္စာဂန္တိ ဣမေ ပဉ္စပရိစ္စာဂေ အပရိစ္စဇိတွာ ဗုဒ္ဓဘူတ ပုဗ္ဗာနာမ နတ္ထိ။

ဟူ၍ ဝေဿန္တရာဇာတ်အဋ္ဌကထာ၌ စွန့်ခြင်းကြီးငါးပါးကို မဖြည့်ပဲ ဘုရားဖြစ်သည် မရှိရာ၊ ဖြည့်ဘူးမှသာ ဖြစ်ရာသည် လာသောကြောင့် ဘုရားဖြစ်ကြောင်း သမ္မာသမ္ဗောဓိ ဥပကာရ ပုညအထူး ဖြစ်ပေသည်၊ ယင်းသို့သော ပုညဝိသေသကို ပြုခါ ဘုရားအလျှာ သူတော်ကောင်းတို့သည် ဘုရားဆုကို ပန်ယူကုန်မြဲ ဖြစ်သည်၊ ထို့ကြောင့် ထိုဘုရားလောင်းသည် ကုရုရာဇ်တိုင်း ဣန္ဒပတ္တမြို့တွင် ဓနဉ္စယမည်သောမင်းဖြစ်တော်မူခါ ပုဏ္ဏား,သူဆင်းရဲစသည်တို့အား များစွာစွန့်ကြဲပေးကမ်းတော်မူပြီးလျှင် ဘုရားဆုကို ပန်ကြောင်း၊ သိဝိရာဇ်တိုင်း အရိဋ္ဌမြို့တွင် သိဝိမည်သောမင်း ဖြစ်တော်မူခါလည်း အလှူခံတို့အား များစွာစွန့်ကြဲပေးကမ်း လှူဒါန်းပြီးလျှင် ဘုရားဆုကို ပန်ကြောင်း၊သိဝိရာဇ်တိုင်း စေတုတ္တရာမြို့တွင် ဝေဿန္တရာမည်သောမင်း ဖြစ်တော်မူခါလည်း အဖိုး အတိုင်းမသိထိုက်သော ပစ္စည်းဥစ္စာဘဏ္ဍာတို့ကို စွန့်ကြဲပေးကမ်းတော်မူပြီးလျှင် ဘုရားဆုကို ပန်ယူတော်မူကြောင်းများကို ကုရုဓမ္မဇာတ်, သိဝိရာဇဇာတ်,ဝေဿန္တရာဇာတ်,စရိယာပိဋကပါဠိတော်များတွင် လာသည်၊ထို့ကြောင့် သမ္မာသမ္ဗောဓိဆု တည်းဟူသော အတုမဲ့သောဆုကို ပန်ယူတော်မူသည်နှင့် အညီ စွန့်ကြဲပေးကမ်း လှူဒါန်းတော်မူခါ ဘုရားဆုကို ရည်မှတ် ပန်ဆိုတော်မူသင့်သည်၊ ပန်ဆိုတော်မူရန်ဂါထာကို ဗုဒ္ဓဝင်မှာ လာသည်ကား—

ကိံ မေ ဧကေန တိဏ္ဏေန၊ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊သန္တာရေဿံ သဒေဝကံ။

**အနက်ကား** မေ၊ငါ့အား။ ထာမဒဿိနာ၊ အစွမ်းကိုမြင်မြော်နိုင်သော။ ပုရိသေန၊ ယောကျ်ားကောင်းဖြစ်လျက်။ ဧကေနတိဏ္ဏေန၊ တပါးတည်းသာ သံသရာမှ ကူးမြောက်သဖြင့်။ ကိံ၊ အဘယ်မှုစအံ့နည်း။သဗ္ဗညုတံ၊ဘုရားအဖြစ်သို့။ ပါပုဏိတွာ၊ ရောက်လတ်၍။ သဒေဝကံ၊ နတ်နှင့်တကွသော ဝေနေယျအပေါင်းကို။ သန္တာရေဿံ၊ ကယ်ဆယ်ရလိုသော်။ "ဤသို့ပန်ဆိုသော ထုံးစံရှိသည်"။

ဣဒံ မေ ဒါနံ သဗ္ဗညုတညာဏပ္ပစ္စယော ဟောတု။

**အနက်ကား** မေ၊ငါ၏။ဣဒံဒါနံ၊ ဤသို့လှူဒါန်းစွန့်ကြဲ ပေးကမ်းခြင်းသည်။ သဗ္ဗညုတညာဏပ္ပစ္စယော၊ သဗ္ဗညုတညာဏ်ကို ရခြင်း၏။ ပစ္စယော၊အကြောင်းသည်။ ဟောတု၊ ဖြစ်စေသော်။ "ဤသို့ အကျဉ်းအားဖြင့် ပန်ဆိုသော ထုံးစံလည်း ရှိသည်"။

ဘုရားဆုကို ပန်ဆိုရာသည် ဆိုသည်မှာလည်း သူတပါးတို့နှင့် မဆက်ဆံသော ဆုအထူးကိုသာ ရည်၍ဆိုသည်၊ သည်မှတပါး အလိုရှိသည့် ပဋ္ဌာနဝိသေသကို ပန်ဆို

ဂေါ်မှုလိုလျှင် ပန်ဆိုတော်မူသင့်လှသည်ပင် ဖြစ်သည်၊ ဘုရားလောင်း သူဆင်းရဲ ယောကျ်ားဖြစ်ခါ ဗာရာဏသီမင်း စည်းစိမ်ကို လို၍ ဥပုသ်ဆောက်တည်ခြင်း၏ အကျိုးကြောင့် "ဗာရာဏသီမင်း ဖြစ်ရလို၏" ဟူ၍ ဆုပန်ကြောင်း၊ နဂါးမင်း စည်းစိမ်ကိုမြင်ရာတွင် "နဂါးဖြစ်ရလို၏" ဟူ၍ ဆုပန်ကြောင်းများကို ကျမ်းဂန်ဆို သည်ပင် ဖြစ်သည်၊ ပန်ဆိုသည်ကာလလည်း—

သုဝဏ္ဏာဘိဂ်ါရေန ပုပ္ဖဝါသိတံ ဥဒကံ ပါတေတွာ အဒါသိ။

ဟူ၍ ကုရုဓမ္မဇာတ်စသည်တို့မှာ လာသည်နှင့်အညီ ရွှေကရားနှင့် မွှေးကြိုင်လှိုင် ပျံ့သော ရေကြည်ဖြင့် ရေစက်တော်ချလှူ ပေးကမ်းစွန့်ကြဲ၍ ပန်ဆိုတော်မူသင့်သည်၊ လှူဒါန်းစွန့်ကြဲတော်မူသည်ကာလလည်း—

ပါဏီနဒ္ဓါရေန ဒါနသာလံ ဂန္တွာ ဒက္ခိဏဒ္ဓါရံ အဂမာသိ။

အစရှိသဖြင့် ဓနဥ္စယမင်းစသည့် ဘုရားလောင်းတို့ အလှူပေးခါ လက်ျာရစ်လှည့် ၍ ခုနစ်ဦး, ရှစ်ဦးသောသူတို့အား ကိုယ်တိုင် လက်ကိုင်စွန့်ကြဲပေးကမ်းပြီးမှ သည် နည်း ပေးကမ်းရစ်ကြ မှာခဲ့လျက်လည်း လှူသည်ဆိုသကဲ့သို့၊ လက်ျာရစ်လှည့်၍ ကိုယ်တော်လက်ကိုင် ခုနစ်ဦး,ရှစ်ဦးသောသူတို့အား ပေးကမ်းလှူဒါန်း စွန့်ကြဲတော် မူရမည်။

---

## မဟာမုနိဘုရားကြီး

လျှောက်ပါသည် ဆရာတော်ဘုရား—

> ရခိုင်မည ဝတီက အမောင်အိမ်ရှေ့မင်းကို ပင့်ဆောင်ခဲ့စေ သည့် မဟာမုနိ ရုပ်ပွားတော်မှာ ယိုယွင်းသည့်အရာများ ရှိ သည်ဆိုသည်၊ မည်သည့်ကာလကစ၍ ယိုယွင်းသည်ဖြစ်မည်၊ အတောင်, အထွာများ ကျမ်းဂန်လာသည်နှင့် ညီညွတ်မည် မညီညွတ်မည်အကြောင်းများကို ဆရာတော်မှာ လျှောက်။

**၁၁၄၆—ခု တပေါင်းလဆန်း(၁၄)ရက်နေ့ အတွင်းဝန် မင်းကြီး နန္ဒကျော်ထင် ကိုစေ၍ ဖယောင်းပုံစံများနှင့် ပြလျှောက်လာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သာသနာတော်ကျမ်းဂန်များတွင် ကာမာဝစရနတ်တို့ ကြွေးကြော်နှင့်သဖြင့် အနှစ်တရာကပင် စကြာမင်းဖြစ်လတံ့သည်ကို ကျော်စောခြင်း ရှိသကဲ့သို့လည်း

ကောင်း၊ သုဒ္ဓါဝါသဗြဟ္မာကြီးတို့ ကြွေးကြော်နှင့်သဖြင့် အနှစ်တထောင်ကပင် ဘုရားဖြစ်လတံ့သည်ကို ကျော်စောခြင်းရှိသကဲ့သို့လည်းကောင်း၊ နောင်သောအခါ သိရိဓမ္မာသောကမင်း ယူ၍ ဖြန့်လအံ့ဟု ဓာတ်တော်စုရုံးသည်ကာလ အရှင်မဟာကဿပထေရ် မိန့်တော်မူသဖြင့် အနှစ် မြင့်စွာကပင် သိရိဓမ္မာသောကမင်းတရားဖြစ်လတံ့သည်ကို ကျော်စောခြင်း ရှိသကဲ့သို့လည်းကောင်း၊ သီဟိုဠ်ကျွန်းတွင် ဝသဘမည်သောမင်းတရား ဖြစ်လတံ့သည်ကို အနှစ် မြင့်စွာကပင် ကျော်စောခြင်းရှိသကဲ့သို့လည်းကောင်း၊ဘုန်းကံပါရမီတော်ကြောင့် နတ်တို့ နှိုးဆော်ချီးမြှင့်ကြသဖြင့် အနှစ်မြင့်စွာကပင် ကျားမင်းသားကား လျင်လျားမကြာ ရတနာပုရ အဝထုတ်ချောက်မြောက်လတံ့ အစရှိသောအားဖြင့် လူများ အထွတ် သမုတိနတ် ဖြစ်တော်မူမည်ကို ကျော်စော ထင်ရှားခြင်းနှင့်ညီစွာ မဟာဓမ္မရာဇ် ဖြစ်တော်မူပြီးလျှင် လူတို့အသက် ရှစ်သောင်းနေသောအခါ ကေတုမတီမည်သော ရာဇဓာနီပြည်ကြီး ဖြစ်လတံ့ဟူ၍ ကေတုမတီမြို့ကို ဗျာဒိတ်ထားတော်မူသည်ကို စက္ကဝတ္တိသုတ်၌ လာသကဲ့သို့လည်းကောင်း၊အရိယာတို့၏တည်ရာ ရတနာထုပ်ကိုဖြေရာ ကုန်သည်တကာတို့၏ စုဝေးရာ ပါဋ္ဌလိပုတ်မည်သောမြို့ကြီး ဖြစ်လတံ့ဟူ၍ ပါဋ္ဌလိပုတ်ပြည်ကို ဗျာဒိတ်ထားတော်မူသည်ကို မဟာပရိနိဗ္ဗာနသုတ်၌ လာသကဲ့သို့လည်းကောင်း၊ ဗျာဒိတ်ရပြီး ကျားမင်းကြီးကား ပြောင်း၍ မြို့ကြီးတည်လတံ့ အစရှိသောအားဖြင့် ထားတော်မူသည်၊ဗျာဒိတ် သိုက်နိမိတ်တိတ်နှင့်ညီစွာ သာသနာတော်မြတ် အလွန်စည်ထွန်းရာ ရတနာအပေါင်းတို့၏တည်ရာ အမရပုရ ရာဇဓာနီ ရွှေမြို့တော်ကြီးကို တည်ထောင် သိမ်းမြန်း စံပယ်တော်မူ၍ မဟာသုဒဿန စသော မင်းတရားတို့မှာ လက္ခဏာအထင်အမြင်နှင့်အညီ ဆင်ဖြူစကြာစသော ရတနာရောက်၍ လေးကျွန်းလုံးကို အုပ်စိုးနိုင်လေမည်ကို ကာလအရှည်ကပင် ကျော်စောခြင်းရှိသကဲ့သို့ **ဆင်ဖြူလည်းရောက် ကျော်ချောက် တရုပ်ပြည်** စသည် သိုက်နိမိတ် တိတ်ဖြင့် ကျော်စောသည်နှင့်ညီစွာ ဆင်ဖြူရတနာရောက်ခြင်း အထူးထူးသော တိုင်းနိုင်ငံသူ လူခပင်းတို့အား တရားသဖြင့် အုပ်ချုပ်သိမ်းပကားတော်မူနိုင်ခြင်းစသော ဘုန်းတန်းခိုးအာနုဘော် ရှိတော်မူသဖြင့် သီဟိုဠ်ကျွန်း၌ ဒက္ခိဏသာခါ မဟာဗောဓိ တည်လတံ့သည်၊ စွယ်တော်, ညှပ်ရိုးတော်ရောက်လတံ့သည် စသော ဗျာဒိတ်တော်ဖြင့် ကျော်စောခြင်းကဲ့သို့ ရခိုင်ပြည်လည်းအရှေ့ ပြည်ကြီးကျွန်းဖြစ်မည်၊ ဘုရားကြီးစွာ မဟာမုနိရောက်လမည် စသည် သိုက်နိမိတ်တိတ်ဖြင့် ကျော်စောသည်နှင့်ညီစွာ သက်တော်ထင်ရှား ဘုရားသဗ္ဗညုကဲ့သို့ သာသနာတော်ထွန်းလင်းရာ ဌာနီဒေသတိုင်း၌ ပျံ့နှံ့ကျော်စောခြင်းရှိသော မဟာမုနိဘုရားရှင် ရောက်တော်မူမည်မှာ ဗိမ္ဗိသာရမင်းကိုရည်၍ ရာဇဂြိုဟ်ပြည်သို့ ဘုရားမြတ်စွာ ကြွလာသောအခါ သူတကာတို့အား စီးပွားများဘူးသကဲ့သို့ ကြွေးမပိုင် **ရခိုင်ဆပ်ပလေကုန်၊မင်းကြက်ဖကျီးတောင်ညို ပြည်ထဲသာစလို ရှင်အိုရောက်ပြီ သာ**

လှ၏ စသည် သိုက်နိမိတ်တိတ်နှင့်ညီစွာ သာသနဒါယကာ မဟာဓမ္မရာဇ်၏ဘုန်းကံ ပါရမီတော်ကို အမှီပြု၍ သံသရာဝဋ်ကြွေး ကင်းလွတ်ကြောင်း ကောင်းမှုကုသိုလ် များကြသဖြင့် အမရပုရရာဇဓာနီ နေပြည်တော်ကြီးစသော အရပ်ရပ်သူ လူဖျားပေါင်း တို့ စီးပွားချမ်းသာ တက်ပွားကာသာဖြစ်၍ သာယာစည်ပင်တော့မည်ဟူ၍ ပညာရှိ အပေါင်းတို့ အံ့ဩမနိုင် ရှိကုန်သည်။

ယင်းသည့် မဟာမုနိဘုရား ဆင်းတုတော်ကို စီရင်သွန်းလုပ်သည်မှာကား ဘုရား သခင် ထင်ရှားရှိတော်မူစဉ်ကပင် ဒေသစာရီ ကြွတော်မူခါ ရခိုင်မြို့ရွာသို့ သူရိယ စန္ဒမင်း လက်ထက် ရောက်တော်မူလျှင် ထိုမင်း တောင်းပန်ခြင်းကြောင့် **"ခုနစ် လက်ခုပ်ခန့်သော ရတနာကို ငါ၏ သဏ္ဌာန်နှင့် ဆံခြည်မျှမယွင်း တူအောင် သွန်း လုပ်ဘိ"** ဟူ၍ သိကြားမင်းအား မိန့်တော်မူ၍ သိရိဂုတ်တောင်ထိပ်တွင် ဝိသုကြို နတ်သားနှင့် သိကြားမင်း သွန်းလုပ်သည်ဟူ၍ ရာဇဝင်၌ ဆိုသည်၊ ထိုစကားလည်း ကောသလမင်းကြီး တောင်းပန်၍ ရွှေလက်ထက်တော်ကပင် စန္ဒနသာရရုပ်တုတော် ကို ထုလုပ်ကြောင်းကို ဝဋ္ဋဂုံလိဇာတ်မှာ ဆိုသည့်စကားများနှင့် ညီညွတ်သည်ပင် ဖြစ်သည်၊ ယင်းသို့ ရာဇဝင်မှာ နဝရတ်ရတနာကို သွန်းလုပ်သည်ဆိုသည်နှင့် မညီ၊ ပဉ္စလောဟာကို သွန်းလုပ်သည်ဟူ၍ ရခိုင်ဧချင်းတွင်—

> "မဟာမုနိ၊ရှိသည်ယခု၊ ဆင်းရုပ်တုကို၊ ဝိသုကမ္မ၊သိကြားမ၍၊ ပဉ္စလော ဟာ၊ ရတနာဖြင့်၊ သွန်းခါမဖြစ်၊ ခုနစ်လက်ခွေ့၊ ကိုယ်ငွေ့တော်ယူ၊ တည် တော်မူမှု၊ ဘုန်းတူဘုန်းစည်၊ ညီနည်ဘုရား၊ ကိုယ်တော်စား—" ဟု စပ်ဆို လေသည်။

ယင်းသည် မဟာမုနိဘုရားရှင်ကို ရွှေလက်ထက်တော် စီရင်သွန်းလုပ်ရင်းကမှာ အင်္ဂါကြီးငယ် ညီညွတ်တင့်တယ်စွာပင် ဖြစ်သည်၊ရှေးဇာတ်တော်က "မာရ်အောင် ကျွန်းတွင် မင်းဖြစ်၍ တောင်သူကြီး ခြေ လက် ပေါင်တို့ကို ဖဲ့ခဲ့ဘူးသောဝိပါက်၊ မင်းသားငါးယောက်တို့ကို နောက်ကျောနုတ်ခဲ့ဘူးသောဝိပါက် သည်ဝိပါက်နှစ်ပါး ကို ငါ့ကိုယ်စား ခံရစ်ပေ" ဟု ဗျာဒိတ် ထားတော်မူသည်နှင့် အညီ ရခိုင်မင်းရိုး မင်းဘီလူးကို အမတ်သင်ယာပုန်စားလျှင် မြန်မာရပ်ခွင်သို့ သားတော် အိမ်ရှေ့မင်း ရဲဘယ ပြေးလာ၍ အလောင်းစည်သူမင်းဝယ် ခစားသည်တွင် မြင်သော လကျာ မင်းနန်ကို ရခိုင်မှာ နန်းတင်သောခါ ပါသော ပျူ့တလိုင်းတို့သည် သိရိဂုတ်တောင် ဝယ် မဟာမုနိဘုရားရှင်ကို ဖိုကျင်တထောင်ထိုး၍ နောက်ကျောသားတော်ပေါင် လက်တော်တို့ကို ယူဆောင်လေသည်၊ ထိုတွင်မှ အထက်ကိုယ်တော်ပမာဏသာ ယခု အမြင်အတိုင်း ရှိလေသည်ကို ရာဇဝင်တွင် ဆိုသည်။

နေချင်းတွင်လည်း—

"တလိုင်းနှင့်ပျူ၊နှစ်ပြည်သူတို့၊သုံးလူ့ထွတ်ချာ၊မဟာမုနိ၊တရိနာထော်၊ ရုပ်ရှင်ကျော်ကို၊ပေါင်တော် ကျောသား၊ ယူသောအားဖြင့်—"ဟူ၍ စပ်ဆို လေသည်။

သို့ဖြစ်ရကား ကြီးမားစွာသောပါရမီတော်ကြောင့် ကိုးကွယ်ပူပြင်တော်မူထိုက် လှ၍ ဗျာဒိတ်တော်အတိုင်းမျှသာ နေပြည်တော်သို့ မဟာမုနိဘုရားရှင် ကြွတော်မူ လှာသည်မှာ သမ္မာသမ္ဗောဓိဆု ရမူလွယ်စွာ ကုသိုလ်ပါရမီတော် ပွားမျှားအပ်သော အကြောင်းဖြစ်၍ သွန်းလုပ်ရင်း မူလမဆွကအတိုင်း ကောင်းမြတ်တင့်တယ်အောင် လုပ်ဆောင်တော်မူ၍ ကိုးကွယ်တော်မူသင့်လှသည်၊ ယင်းသည် စကားသည်လည်း ထိုဆရာဘုရားအလောင်းတော်သည် လက်ညှိုးတော် ယွင်းယိုသော ဘုရားရုပ်တုကို ပြုပြင်ခဲ့ဘူး၍ ဝဋ္ဋင်္ဂုလိမည်သောမင်း ဖြစ်ခြင်း စသော လောကီချမ်းသာနှင့်တကွ သမ္မာသမ္ဗောဓိဆုနှင့် ပြည့်စုံ၍ လောကုတ္တရာချမ်းသာ ရတော်မူသည်ကို ဆိုသော ဝဋ္ဋင်္ဂုလိဇာတ်စကားမျှားနှင့် အညီအညွတ်ဖြစ်သည်၊ ဗျာဒိတ်တော်နှင့်အညီ ယိုယွင်း လေသည်အရာဖြစ်၍လည်း တစုံတခု သက်ာ ရှိသာမည်မဟုတ်၊ သည်ကဲ့သို့ ယိုယွင်း ခြင်းရှိလျက်ပင်လည်း ထင်ရှားစွာ တန်းခိုးအာနုဘော်နှင့် ပြည့်စုံတော်မူကြောင်းကို နှိုပ်ချသော ကျော်စောခြင်းရှိသည်၊ယင်းသည် မဟာမုနိဘုရားရှင်၏ ထက်ဝယ်အတိုင်း တော် "ခုနစ်တောင် တမိုက် နှစ်မတ်"ရှိသည် ဆိုသည်မှာလည်း နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ပညောင်ပင်ကဲ့သို့ ဝန်းသောကိုယ်တော် ရှိရကား သုံးလူ့ထွတ်ထား ဘုရားသခင်အရပ်တော် ကိုယ်တော်တလံသာ ဖြစ်သည် ကို သုတ်မဟာဝါစသည်၌ ဟောတော်မူခြင်းကြောင့် အတောင်တော်နှင့် လေး တောင်ရှိသည်။ မဇ္ဈိမပုရိသအတောင်နှင့်ကား သုံးဆတက်ဖြစ်၍ တဆယ့်နှစ်တောင်၊ ပကတိပုရိသ အတောင်နှင့်ကား အခဲ့တက်ဖြစ်၍ တဆယ့်ရှစ်တောင် ရှိသည်၊ အရပ် တော်တဆယ့်ရှစ်တောင်ဖြစ်၍လည်း ထက်ဝယ်အတိုင်းတော်သည် ထက်ဝက်မျှ ကိုး တောင်သာ ရှိသည်ဖြစ်၍ သံတောင် ရှစ်တောင် တမိုက်နှင့် နှစ်လက်သစ် ဖြစ်လျှင် ပကတိအတောင် ရှစ်တောင် နှစ်မိုက်ခန့် ရှိသဖြင့် ကိုယ်တော်အောက် စိုးစဉ်း ပိုမြင့် သည့်အရာမျှားနှင့်သော် ပမာဏတော် သင့်တင့်ပေမည်ဖြစ်သည်။ ယင်းသည် ထက် ဝယ်အတိုင်းတော်တို့မှာ ကျမ်းဂန်ဆတ်ဆတ် မလာဖြစ်၍ အနာဂတဝင်ကျမ်း၌ အရိမေတ္တေယျဘုရား အတိုင်းအရှည်ကို ဆိုသည်မျှားနှင့် နှိုင်းချင့် ထောက်ထားရ သည်သာ ဖြစ်သည်။

**သီဟိုဠ်ကျွန်း** မဟာစေတီတွင် ဒုဋ္ဌဂါမဏိအဘယမင်း ဌာပနာသွင်းသည့် ရုပ်တု **တော်ကိုယ်မှာ** မဟာဝင်ဋီကာ၌ တဆယ့်နှစ်တောင်ဟူ၍ ဆိုလေသည်၊ ယင်းသို့ ဆို

ခြင်းသည်လည်း သက်တော်ထင်ရှား ဘုရားသခင် အတိုင်းတော်ပမာဏကို ရည်၍ ဆိုသည်မဟုတ်၊ ၎င်းစေတီမှာ ဌပနာသွင်းသည့် ရုပ်တုတော်ပမာဏကိုသာ ဆိုသည့် စကားဖြစ်သည်၊ ထက်ဝယ်တော်အချင်း ခြောက်တောင်တမိုက် ဆိုသည့်စကားမှာ လည်း ဆံလျှော်တော်ထိရုံသော် ခြောက်တောင် တမိုက်ခန့်သာ ရှိမည်ဖြစ်၍ ထက်ဝယ် တော်နှင့် ဆံလျှော်တော် အမျှဟူ၍ ပိသုကာကျမ်း၌ ဆိုသည့်စကားနှင့် ညီညွတ်မည် ဖြစ်သည်၊ ခြေဖဝါးတော်, ကိုယ်လုံးတော် စသည်များမှာလည်း ကျမ်းဂန်မလာမရှိ သည်ဖြစ်၍ ယခု အမြင် ပမာဏအတိုင်းသာ သမ္မာသမ္ဗောဓိဆုအကြောင်း ကောင်းမှု တော် တိုးပွားခြင်း, ပြည်သူ လူတကာတို့ ကုသိုလ်များခြင်းအကျိုးငှါ အံ့အဲစရာ ပါရမီတော်ကြောင့် ကြွရောက်လှာသော မဟာမုနိဘုရားရှင်ကို ရွှေပြည်တော်ကြီး နှင့် မနီးမဝေး အလားအလာနှင့် သင့်သည်အရပ်တွင် ကိုးကွယ်တော်မူသင့်ကြောင်း ကို မေတ္တာစာ ဆက်သွင်းပါသည် သာသနဒါယကာ ဘဝရှင် မဟာဓမ္မရာဇ် တရား မင်းမြတ်။

---

## တိုင်းခမ်းလှည့်လည်ခြင်း

၁၁၄၇-ခု တန်ဆောင်မုန်းလတွင် အယုဒ္ဓယတိုင်း ဒွါရာ ဝတီပြည်တိုင်အောင် များလှစွာသော စစ်အင်္ဂါလေးပါးနှင့် တိုင်းနိုင်ငံ လှည့်လည်တော်မူမည်တွင် သွင်းသည့် မေတ္တာစာ ကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ ဘဝရှင်မဟာ ဓမ္မရာဇ် တရားမင်းမြတ်။

ဘုန်းတော်ကြီးသော တရားမင်းမြတ်သည် အမရပုရ ရွှေပြည်တော်ကြီးထက် စံလျက်သာ အရပ်လေးမျက်နှာ, ရှစ်မျက်နှာ သာသနာတော်ရေးနှင့်တကွ တိုင်း ပြည်ရေး ရှိသမျှကို စီရင်ခန့်ခွဲတော်မူနိုင်သော လုံ့လ,ပညာ,အဓိဋ္ဌာန,ဟိတစရိယာ တည်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားလောင်းတကာတို့ သည် ဤအင်္ဂါလေးပါးနှင့် ပြည့်စုံမြဲဖြစ်ကြောင်းကို—

> ယာစိမာ ဥဿာဟောစ ဥမ္မင်္ဂေါစ အဝတ္ထာနဉ္စ ဟိတစရိယာစာတိ
> စတဿော ဗုဒ္ဓဘုမ္မိယော ဟောန္တိ တာဟိ သမနာဂဟော။

ဟူ၍ ကျမ်းဂန်လာသည်နှင့်အညီ ပါရမီရင့်မာသော တရားမင်းမြတ် ဖြစ်တော် မူသည်ကို အခိုးအလျှံကြောင့် မီးကိုသိအပ်သည် ဆိုသကဲ့သို့၊အင်္ဂါလေးပါးနှင့် ပြည့်စုံ

ခြင်း ဉာပကဟိတ်ကြောင့် သိအပ်ရကား ပညာရှိတို့အား ထင်ရှားစွာဖြစ်သည်၊ ထိုသို့ ပါရမီရင့်မာသော မဟာဓမ္မရာဇ်ဖြစ်တော်မူ၍လည်း ဘုရားလောင်းတကာတို့ အကြံအစည် အလိုဆန္ဒ ဟူသမျှသည် ပြည့်စုံပြီးစီးသည်သာ ဖြစ်သည်ကို "ဗောဓိသတ္တာနံ အဓိပ္ပါယောနာမ သမိဇ္ဈတိ" ကျမ်းဂန်ရှိသည်နှင့်အညီ အမရပုရရာဇဓာနီ နေပြည်တော်ကြီး တည်ထောင်ပြုစုခြင်း၊ သာသနာတော်ရေးကို တရားနှင့်အညီ သန့်ရှင်းစေတော်မူခြင်း၊ တိုင်းရေးပြည်ရေးကို ထုံးစံပဝေဏီဓမ္မနှင့် မယိုမယွင်းရအောင် အကြိမ်ကြိမ်အမိန့်တော်ပြန်၍ ခန့်ရန်ပြုပြင်ခြင်းစသော အကြံအစည် အလိုဆန္ဒတော်ဟူသမျှသည် ပြည့်စုံ ပြီးစီးသည်သာ ဖြစ်သည်၊ ထိုသို့ သာသနာတော်ရေး တိုင်းရေးပြည်ရေး အကြံအစည် အလိုဆန္ဒတော်ဟူသမျှ ပြည့်စုံပြီးစီးသည်သာဖြစ်၍လည်း ပါရမီတော်အာနုဘော်ကြောင့် ပါရမီဖြည့် ဘုရားအလောင်းတော်တို့ နေရာမြို့ရွာ တိုင်းကားနိုင်ငံသည် ဘေးရန်အန္တရာယ်မရှိ၊ ငြိမ်ဝပ်စည်ပင် သာယာဝပြောသည်သာ ဖြစ်သည်ကို—

> ယသ္မိံ ဂါမခေတ္တေ ပဋိဝသတိ၊တတ္ထ သတ္တာနံ ဘယာဒယော ဥပဒ္ဒဝါ
> ယေဘုယျေန အနုပ္ပန္နာ နုပ္ပဇ္ဇန္တိ၊ဥပ္ပန္နာ ဝူပသမေန္တိ။

ကျမ်းဂန်ရှိသည်နှင့်အညီ အမရပုရ ရာဇဓာနီ နေပြည်တော်ကြီးလျှင် အချက်အချာရှိသော မြို့ရွာ နိဂုံ တိုင်းကားနိုင်ငံတော်သည် ခိုးသူ ဓားပြစသော ဘေးရန်အန္တရာယ်မျှမရှိ ငြိမ်ဝပ်စည်ပင် သာယာ ဝပြောစွာသာ ဖြစ်သည်၊ ထိုသို့ အင်္ဂါလေးပါးနှင့် ညီညွတ်စွာ ပါရမီဖြည့် မင်းတရားကြီး ဖြစ်တော်မူသည်နှင့် အကြံအစည် အလိုဆန္ဒတော်ဟူသမျှ ပြီးစီးပြည့်စုံသဖြင့် အဆင့်ဆင့်သော မြို့ ရွာ တိုင်းကားနိုင်ငံ ငြိမ်ဝပ် သာယာ စည်ပင် ဝပြောစွာ ဖြစ်ပြီးရကား ခမည်းတော် မင်းဘုရားကြီး, နောင်တော် မင်းတရားကြီးတို့ အရိုက်အရာ ကုလသန္တက ရွှေထီးရွှေနန်း သိမ်းမြန်းတော်မူဦးကပင် ဘုရားအလျာ မဟာသီဝမင်းကဲ့သို့ မင်းအဖြစ်ကိုမလိုပဲလျက် ဆင်းရဲခြင်းရှိသော တိုင်းနိုင်ငံသူ ရှင်လူတို့အား သနားငဲ့ကွက်တော်မူသဖြင့်သာ ပါရမီမှ ဖြည့်ပါရစေ ရည်မှတ်၍ မင်းအဖြစ်ကို ယူတော်မူကြောင်း ကျေးဇူးစကား ထင်ရှားကျော်စောခြင်း ရှိသည်နှင့်အညီ ယခုမှာ အာလကမန္တာမည်သော ဝေဿဝဏ်နတ်မင်းပြည်, သုဒဿနမည်သော သိကြားမင်းပြည်ကဲ့သို့ စည်ပင်သာယာစွာသော အမရပုရရာဇဓာနီ နေပြည်တော်ကြီးတွင်သာ ချမ်းသာစွာ စံပယ်တော်မူလျက် သာသနာရေး တိုင်းရေးပြည်ရေးတို့ကို ကြည့်ရှုပဲ့ပြင်တော်မူသဖြင့် အတိုင်းထက်အလွန် သမ္ဗောဓိဆု ရမှုလွယ်စွာ ပါရမီဖြည့်ဆောင်ရေးသာ ရှိတော့သည်၊ သောတာပန်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးမှလည်း မင်း၏စည်းစိမ် အမှုအခင်းနှင့် ယှဉ်သည်

ကာလ မေ့လျော့၍ အရှင်သုဘူတိမထေရ်အား ကျောင်းကန် လှူဒါန်းလိုကြောင်းကို လျှောက်ထားပြီးလျက် နေ့ရက်ရှည်စွာ သတိမရရှိသည်၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်အား အာရာမ်စောင့် လှူမည် လျှောက်ထားပြီးလျက် အရက်ငါးရာတိုင်မှ သတိရသည်၊ ဗာရာဏသီပြည်၌ အရိန္ဒမမင်းကြီးသည် ဘုရားအလျာ ပါရမီရင့်မာစွာသူဖြစ်လျက် မင်းဖြစ်သည်နေ့တွင်မှသာ ကွဲသောသူငယ် ကစားဖက် သောဏကုမာရကို အနှစ်လေးဆယ်ကျော်မှ သတိရသည်များကို ကျမ်းဂန်ဆိုလျက် တရားမင်းမြတ်မှာ သာသနာတော်ရေး တိုင်းရေး ပြည်ရေးတို့ကို မေ့လျော့တော်မမူပေသည်နှင့် အဆင့်ဆင့် အပ္ပမာဒဖြစ်စိမ့်သောငှါ မဇ္ဈိမသဏ္ဌာကပြည်၌ စိတ္တမည်သော သူကြွယ်သည် မဂ်ဖိုလ်ရသော လူအရိယာဖြစ်၍ စုတေခါနီး တော, တောင်အာရာမ်စောင့်နတ်, ရုက္ခစိုး, ဘုမ္မစိုးနတ်တို့ ကပ်လှာ၍ စကြာမင်းဖြစ်အောင် စိတ်ကို ရည်စူးပါဆိုလှာကြသည်ကို "စကြာမင်းစည်းစိမ်လည်း အနိစ္စသာ အဓုဝသာ ပယ်ဘူးလေသည်" ဟူ၍ သံယုတ္တနိကာယ် ဒေသနာတော်မှာ လာသည်ကိုလည်းကောင်း၊ မဟာသုဒဿနစကြာမင်းအား အလုံးစုံသော စကြာမင်းစည်းစိမ်ကို ငဲ့ကွက်ပါ ဟုသုဘဒ္ဒါမိဖုရား လျှောက်ထားသည်ကို "ဤစည်းစိမ်အပေါင်းကား အနိစ္စသာ အဓုဝသာ မိန့်ဘူးလေသည်" ဟူ၍ မဟာသုဒဿနသုတ်မှာ လာသည်ကိုလည်းကောင်း၊ သီဟိုဠ်ကျွန်းတွင် သီရိသင်္ဃဗောဓိမင်းသည် ရန်သူ ပုန်စားလှာသည်ကာလ "ငါ့ကြောင့် အများ မဆင်းရဲကောင်းလေ" ဟု စစ်ခြေမသိမ်း ရေစစ်စွဲကာ ဟာကိုယ်တည်း သွားခွါလေသည်ကို ကိုယ်ခန္ဓာမှာ တသက်လျာသာ ကျေးဇူးဂုဏ်သာ ကမ္ဘာကြေလည်းမကြေ ဥဒါန်းစဉ်ဆက် ထွန်းသည်ဟူ၍ ကျမ်းဆရာမြတ်တို့ ချီးမွမ်းတော်မူသည်ကိုလည်းကောင်း၊ ဗာရာဏသီပြည်၌ အလောင်းတော် မဟာသီလဝမင်းကြီးသည် ကာသိကရာဇ်မင်း ပုန်စားလှာသည်ကို ဇမ္ဗူတကျွန်းလုံးကို သိမ်းကြုံးနိုင်လောက်သည့် အရည်ရှိသောအမတ်တထောင် ဆီးတားပါလိုကြောင်းကို ဆိုသော်လည်း မဆီးမတားရ သည်းခံခြင်းဖြင့်သာ အောင်မြင်တော်မူသည်ကို သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ပါရမီသမ္ဘာရ ပုညဝိသေသ ဖြစ်လေသည်ဟူ၍ ဇာတ်နိပါတ်တို့၌ ဟောကြားတော်မူသည်ကိုလည်းကောင်း၊ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ကို အဇာတသတ်မင်းကြီး သိမ်းယူလိုသည်ကို မြတ်စွာဘုရား တားမြစ်တော်မူသည်ဟူ၍ မဟာပရိနိဗ္ဗာနသုတ်မှာ လာသည်ကိုလည်းကောင်း၊ ပသေနဒီကောသလမင်းကြီး ပစ္စန္တရစ်ကို ငြိမ်ဝပ်စေမည် ထွက်သည်ကို မြတ်စွာဘုရား တားမြစ်တော်မူသည်ဟူ၍ ဇာတ်နိပါတ်မှာ လာသည်ကိုလည်းကောင်း ဤသို့ စသောဒဿကြောင်းအရာများကို နှလုံးထားလေ့ ရှိတော်မူရင်းတိုင်း ပါရမီဖြည့်ရာဌာန ဖြစ်သင့်လှသော အမရပုရရာဇဓာနီ နေပြည်တော်ကြီး၌သာ စံပယ်တော်မူလျက် အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ သာသနာရေးနှင့်တကွ တိုင်းရေး ပြည်ရေး နိုင်ငံရေးတို့ကို ကြည့်ရှု

စောင်မတော်မူ၍ အတိုင်းထက်အလွန် သမ္မာသမ္ဗောဓိ အဆောက်အဦ ပါရမီပုညသမ္ဘာရတို့ကို ဖြည့်ကျင့်တော်မူမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ ဘဝရှင် မဟာဓမ္မရာဇ် တရားမင်းမြတ်။

## သာသနာတော်ရေး

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရှေး ဘေးလောင်းတော် ဘိုးလောင်းတော် သာသနာပြုမင်းကောရာဇ်တို့လက်ထက် ထုံးစံနှင့်အညီ နိုင်ငံတော် အစွန်အနား သာသနာတော် မစည်မထွန်းသေးသည့် မြို့ရွာများသို့ ရွှေပြည်တော်နှင့် သာသနာတော်ရေး ညီညွတ်အောင် ရေမြေရှင်ကိုယ်တော် ချီသွားသိမ်းယူတော်မူမည် ကြားသိတော်မူလျှင် ဆရာဝတ် တကာဝတ် ရှိသည်အတိုင်း စာသွင်းတော်မူ၍ ဖတ်လျှောက်ရာတွင် ဆရာတော်သွင်းစာမှာ သာသနာတော်ရေးနှင့် စပ်သည်ကို ပြုစုချီးမြှင့် ဆုံးမအပ်ကြောင်းကို ပါလေပြီးသည်၊ ဆရာတော်မေတ္တာစာတွင် ပါသည်အတိုင်း သာသနာတော်ရေးနှင့် စပ်သည်ကို ပြုစုချီးမြှင့်တော်မူမည်၊ ရာဇာဘိသေကခံ၍ ရှိချေသည်၊သာသနာတော်ရေး ညီညွတ်အောင် ရွက်ဆောင်ပါမည် ဆရာတော်ကိုလျှောက်၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည် ဆရာတော်ဘုရား။

၁၁၄၇-ခု ပဌမဝါဆိုလပြည့်ကျော်(၁၃)ရက်နေ့ ဆင့်၍ မဟာဒါန်ဝန် ဘယနန္ဒသူ အမိန့်တော်ပြန်လှာသည်။

## မြေတုန်လှုပ်ခြင်း

တကာတော် အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

သရဖွေကျမ်းကို မာဂဓဘာသာ ပြန်တော်မူသည်တွင် မြေလှုပ်သော အခြင်းအရာပါကြောင်းကို ကြားသိရပါသည့်အတိုင်း ကြည့်ရှုမှတ်သားလိုကြောင်းနှင့် ဆရာတော်မှာလျှောက်၊

အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်ရ၍ လျှောက်လာပါစေသည်၊ သိတော်မူသည့်အတိုင်း ထုတ်နုတ်၍ ဆက်သွင်းတော်မူပါ ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၄၇-ခု ဒုတိယဝါဆိုလဆန်း( ၁၂ )ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရေကိုခံသော လေ လှုပ်ရှားသဖြင့် ရေ၌တည်သော မြေလှုပ်ခြင်းသည် ဆင်ကဲ့သို့ လှုပ်ခြင်း,ဝက်ကဲ့သို့လှုပ်ခြင်း,မြွေကဲ့သို့လှုပ်ခြင်း,လိပ်ကဲ့သို့ လှုပ်ခြင်းဟူ၍ အလားတူအားဖြင့် အကျိုး အပြစ်ကို ဟောဆိုခြင်းငှါ ဗေဒင်ဆရာတို့ လေးပါးပြားသည် ဟူကုန်သတည်း။ ထိုလေးပါးတို့တွင်—

**လှုပ်ပုံအခြင်းအရာ**....အရပ်မျက်နှာအားဖြင့် အနောက်မြောက်ထောင့်,အရှေ့တောင်ထောင့် လှုပ်ခြင်းသည် ဆင်ကဲ့သို့ လှုပ်ခြင်းမည်၏၊ အနောက်တောင်ထောင့်,အရှေ့မြောက်ထောင့် လှုပ်ခြင်းသည် ဝက်ကဲ့သို့ လှုပ်ခြင်းမည်၏၊ အရှေ့,အနောက် လှုပ်ခြင်းသည် မြွေကဲ့သို့လှုပ်ခြင်းမည်၏၊ တောင်, မြောက် လှုပ်ခြင်းသည် လိပ်ကဲ့သို့ လှုပ်ခြင်းမည်၏။

ရာသီအားဖြင့်သော်ကား မိဿ,ပြိဿ,ဗြိစ္ဆာ သည်သုံးရာသီတွင် တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် ဆင်ကဲ့သို့လှုပ်ခြင်းမည်၏၊ သိဟ်,ကန်,ဓနု သည်သုံးရာသီတွင် တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် ဝက်ကဲ့သို့လှုပ်ခြင်းမည်၏၊ မေထုန်,တူ,ကုံ သည်သုံးရာသီတွင် တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် မြွေကဲ့သို့လှုပ်ခြင်းမည်၏၊ ကရကဋ်,မကာရ,မိန် သည်သုံးရာသီတွင် တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် လိပ်ကဲ့သို့ လှုပ်ခြင်းမည်၏။


**အဟောသာမည**....ဆင်ကဲ့သို့လှုပ်မူ မိုးကောင်း ချောင်းစီးရှိ၍ ဝပြောသာယာအံ့၊ ဝက်ကဲ့သို့ လှုပ်မူလည်း ၎င်းနည်း ဝပြောသာယာအံ့၊ မြွေကဲ့သို့ လှုပ်မူကား တော်မှတ်ခေါင်းပါး နည်းပါး နည်းရှား ဆွံ့အ ညှုံ့သောအစာအရေ အစားအသောက်ရှိအံ့၊လိပ်ကဲ့သို့ လှုပ်မူကား ရောဂန္တရကပ် ထူထပ်ဖျားနာ ပြင်းစွာရောက်အံ့ မချွတ်တည်း။ ထို့ကြောင့် ဇောတိတတ္တ စသောဗေဒင်ကျမ်းတို့၌—

ကစ္ဆပေ မရဏံ ဃောရံ၊ ဒုဗ္ဘိက္ခဥ္စာပိ ပန္နဂေ။
သဗ္ဗတလေ သုခံ စေဝ၊ ပုထဗျ မထဝါ ဂဇေ။

ဟူသော ဂါထာကို ဆိုသတည်း။


**အနက်ကား** ကစ္ဆပေ၊လိပ်ကဲ့သို့ လှုပ်ခြင်း၌။ ဃောရံ၊ပြင်းစွာ။ မရဏံ၊အနာ အဖျား အသေအပျောက် များအံ့။ အပိစ၊ တနည်းလည်း။ ပန္နဂေ၊မြွေကဲ့သို့ လှုပ်ခြင်း၌။ဒုဗ္ဘိက္ခံ၊ငတ်မွတ်အံ့။ ပုထဗျံ ၀ါ၊ ဝက်ကဲ့သို့ လှုပ်ခြင်း၌ လည်းကောင်း။အထ၊ ထို့မြို့။ ဂဇေ ၀ါ၊ ဆင်ကဲ့သို့ လှုပ်ခြင်း၌လည်းကောင်း။ သဗ္ဗ တလေ သုခံစေဝ၊အရပ် ထက်ဝန်းကျင် ဝပြောသာယာစွာရှိအံ့။

**အဟောဝိသေသ—ဆင်ကဲ့သို့လှုပ်ခြင်း၌** နှာမောင်းကလှုပ်သော် ပြည်သူပြည်သား ခိုက်ရန်များအံ့၊ အစွယ်ကလှုပ်သော် ပြည်သူပြည်သား ဥပဒ်များလျက် တပါးတိုင်း မှ စစ်ရောက်အံ့၊လကျ်ာလက်,လကျ်ာခြေက လှုပ်သော် အစာစပါး ပေါများ သာ ယာအံ့၊ လက်ဝဲလက်, လက်ဝဲခြေက လှုပ်သော် ရေမိုးကြီးအံ့၊ အမြီးက လှုပ်သော် ပိုးမွှားရောက်၍ ကောက်ပဲ အသီးအနှံ ပျက်စီးအံ့၊လကျ်ာမျက်စိကလှုပ်သော် သခင် ကို ကျွန် ပြစ်မှားအံ့၊လက်ဝဲမျက်စိကလှုပ်သော် ပြည်ရွာ ဝပြောသာယာအံ့၊ကျောက် ကုန်းက လှုပ်သော် ပြည်ကြီးသေဌ်နှင်း မင်းလျှင် မချွတ်ဥပဒ်တည်း၊ “နှာမောင်း စသည်က လှုပ်ကြောင်းကို ပုံမှာ နက္ခတ်ကို ပက္ခဒိန်အမြင်အတိုင်းရှု၍ သိလေ”။





နှာမောင်းတွင် တလုံးကစ၍ ခုနစ်လုံး၊ အစွယ်တွင် ရှစ်လုံး, ကိုးလုံး, ဆယ်လုံး၊ လကျ်ာလက်တွင် တဆယ့်တလုံးကစ၍ တဆယ့်လေးလုံး၊ လက်ဝဲလက်တွင် တဆယ့် ငါးလုံးကစ၍ တဆယ့်ရှစ်လုံး၊ လကျ်ာခြေတွင် တဆယ့်ကိုးလုံး, နှစ်ဆယ်လုံး, နှစ်ဆယ့်တလုံး၊ လက်ဝဲခြေတွင် နှစ်ဆယ့်နှစ်လုံး, နှစ်ဆယ့်သုံးလုံး၊ အမြီးတွင် နှစ်ဆယ့်လေးလုံး၊ လကျ်ာမျက်စိတွင် နှစ်ဆယ့်ငါးလုံး၊လက်ဝဲမျက်စိတွင် နှစ်ဆယ့် ခြောက်လုံး၊ ကျောက်ကုန်းတွင် နှစ်ဆယ့်ခုနစ်လုံး အဘိဇိနှင့်တကွတည်း။

ဝက်ကဲ့သို့လှူပ်ခြင်း၌....ခေါင်းက လှူပ်မူ ပြည်သူပြည်သား အနာများအံ့၊နှုတ်သီးက လှူပ်မူ ပြည်ကြီးသေဌ်နင်းမင်းသို့ ရွှေ့ငွေ့စေသော ရတနာရောက်အံ့၊ မျက်စိနှစ်ဖက်က လှူပ်မူ လူတို့ အသေအပျောက်များအံ့၊ ခြေလေးဘက်က လှူပ်မူ ပြည်ကြီးတိုင်းကြီး လှူပ်ရှားချောက်ချားအံ့၊ကျောက်ကုန်းက လှူပ်မူ တိုင်းတပါးမှ မသာယာသောစကားကို ကြားအံ့, ပြည်ကြီးသေဌ်နင်း မင်းလျှင် နှလုံးမသာအံ့သော အကြောင်းတည်း။ "ပုံမှာ နက္ခတ်ကိုရှု၍ သိလေ"။




ခေါင်းမှာ တလုံးကစ၍ ငါးလုံး၊နှုတ်သီးမှာ ခြောက်လုံးကစ၍ တဆယ့်နှစ်လုံး၊ မျက်စိမှာ တဆယ့်သုံးလုံး,တဆယ့်လေးလုံး၊ လက်နှစ်ဖက်မှာ တဆယ့်ငါးလုံးကစ၍ အလုံးနှစ်ဆယ်၊ ခြေနှစ်ဖက်မှာ နှစ်ဆယ့် တလုံးကစ၍ နှစ်ဆယ့်ခြောက်လုံး၊ ကျောက်ကုန်းမှာ နှစ်ဆယ့်ခုနစ်လုံး,နှစ်ဆယ့်ရှစ်လုံး အဘိဇိနှင့်တကွတည်း။


**မြွေကဲ့သို့လှုပ်ခြင်း၌**....ခေါင်းက လှုပ်လျှင် ပြည်ရွာ ဥပဒ်ရောက်အံ့၊ နှုတ်သီးက လှုပ်လျှင်လည်း ထို့အတူတည်း၊ ကျောက်ကုန်းက လှုပ်လျှင် အစာစပါး ဆန်ရေ များ၍ ဝပြောအံ့၊ အမြီးက လှုပ်လျှင် အစာစပါး ဆန်ရေရှား၍ ငတ်မွတ်အံ့သော အကြောင်းတည်း။ "ပုံမှာရှု၍ သိလေ"။




ခေါင်းမှာ တလုံးကစ၍ ရှစ်လုံး၊နှုတ်သီးမှာ ကိုးလုံး၊ ကျောက်ကုန်းမှာ ဆယ်လုံး ကစ၍ နှစ်ဆယ့်တလုံး၊ အမြီးမှာ နှစ်ဆယ့်နှစ်လုံးကစ၍ နှစ်ဆယ့်ခုနစ်လုံးတည်း။ အဘိဇီမပါ။

---

**လိပ်ကဲ့သို့လှုပ်ခြင်း၌**....လကျာ်မျက်စိက လှုပ်မူ လူတို့ အနာအဖျား များအံ့၊ လက်ဝဲမျက်စိက လှုပ်မူ မိန်းမတို့ ပျက်စီးအံ့၊ လက်ဝဲလက်၊လက်ဝဲခြေ၊အမြီးက လှုပ်မူ တိရစ္ဆာန်တို့ ဥပဒ်တည်း၊လကျာ်လက်၊လကျာ်ခြေ၊ကျောက်၊ရင်က လှုပ်မူ ပြည်ကြီး သေဌ်နှင်းမင်းလျှင် နှလုံးမသာရှိ၍ ပြည်ရွာဥပဒ်ဖြစ်အံ့သောအလားတည်း။ "ပုံမှာ ရှုလေ"။




လကျ်ာမျက်စိမှာ တလုံးကစ၍ ခုနစ်လုံး၊လက်ဝဲမျက်စိမှာ ရှစ်လုံးကစ၍ တဆယ့်သုံးလုံး၊ ကျောက်ကုန်းမှာ တဆယ့်လေးလုံး၊ တဆယ့်ငါးလုံး၊ အမြီးမှာ တဆယ့်ခြောက်လုံး၊ တဆယ့်ခုနစ်လုံး၊ ရင်မှာ တဆယ့်ရှစ်လုံး၊ တဆယ့်ကိုးလုံး၊ လကျ်ာလက်မှာ နှစ်ဆယ်နှစ်ဆယ့်တလုံး၊ လက်ဝဲလက်မှာ နှစ်ဆယ့်နှစ်လုံး၊ နှစ်ဆယ့်သုံးလုံး၊ လကျ်ာခြေမှာ နှစ်ဆယ့်လေးလုံး၊နှစ်ဆယ့်ငါးလုံး၊ လက်ဝဲခြေမှာ နှစ်ဆယ့်ခြောက်လုံး၊နှစ်ဆယ့်ခုနစ်လုံးတည်း၊အဘိဇီမပါ။

**နေ့စွဲအလိုကား**....တနင်္ဂနွေနေ့လှုပ်မူကား—ရဟန်း, ပုဏ္ဏား ဥပဒ်များအံ့၊ ဆင့်, မြင်း အန္တရာယ်ဖြစ်အံ့။တနင်္လာနေ့လှုပ်မူကား—ပြည်ရွာ ဝပြောသာယာအံ့၊ အမျိုးယုတ်တို့ ဥပဒ်တည်း။အင်္ဂါနေ့ လှုပ်မူကား—ငတ်မွတ်အံ့၊ ချင်း, ကရင် အရိုင်းတို့ သေကျေပျက်စီးအံ့။ ဗုဒ္ဓဟူးနေ့လှုပ်မူကား—ပြည်ရွာ ဝပြောသာယာသည်၊ ပြည်တပါးမှ သမီးကညာ ရောက်သည်ဖြစ်အံ့။ကြာသပတေးနေ့ လှုပ်မူကား—ပြည်သူပြည်သားတို့ နှလုံးမကြည် ရှိအံ့။ သောကြာနေ့ လှုပ်မူကား—ဝပြောသာယာသည်၊အနာအဖျား များသည်ဖြစ်အံ့။ စနေနေ့ လှုပ်မူကား—ပြည်ကြီးသေဌ်နင်း မင်းလျှင် နှလုံးမသာ ရှိအံ့။

**အခါအလိုကား**....နေ့တချက်တီးတွင် လှုပ်မူကား—မှူးမတ်တို့ ဥပဒ်များအံ့။ နှစ်ချက်တီးတွင် လှုပ်မူကား—ပြည်ရွာ ဝပြောသာယာအံ့။ သုံးချက်တီးတွင် လှုပ်မူကား—လူတို့ အနာအဖျား များအံ့။ လေးချက်တီးတွင် လှုပ်မူကား—စစ်ထွက်အံ့။ ညဉ့်တချက်တီးတွင် လှုပ်မူကား—ပြည်သူ ပြည်သား ပင်ပန်းအံ့။ နှစ်ချက်တီးတွင် လှုပ်မူကား—ကောင်းစွာ၏၊ ပြည်ရွာချမ်းသာအံ့သော အကြောင်းတည်း။ သုံးချက်တီးတွင် လှုပ်မူကား—အဆွေခင်ပွန်း မင်းတပါးတို့ ဥပဒ်ဖြစ်အံ့။ လေးချက်တီးတွင် လှုပ်မူကား—ကောင်းစွာ၏၊ပြည်ရွာ ချမ်းသာအံ့သော အလားတည်း။

**ပက္ခဒိန်အမြင်နက္ခတ်အလိုကား**....နက္ခတ်ခြောက်လုံး၊ ကိုးလုံး၊ တဆယ့်ကိုးလုံး၊ အလုံးနှစ်ဆယ်၊နှစ်ဆယ့်လေးလုံး၊နှစ်ဆယ့်ခြောက်လုံး၊နှစ်ဆယ့်ခုနစ်လုံးတွင် လှုပ်မူ—အဂ္ဂိမဏ္ဍလတည်း၊ မီးကြောင့် စိုးရိမ်ခြင်းရှိရအံ့၊ ထိုနက္ခတ်အမြင်တွင် လှုပ်သည်ကား အချင်းယူဇနာ တရာတိုင်တိုင် လှုပ်၏၊တလတိုင်အောင် အခါမဆောင်ရာ။လေးလုံး၊ ရှစ်လုံး၊တဆယ့်ခုနစ်လုံး၊ တဆယ့်ရှစ်လုံး၊ နှစ်ဆယ့်တလုံး၊ နှစ်ဆယ့်နှစ်လုံး၊ နှစ်ဆယ့်သုံးလုံးတွင် လှုပ်မူကား မာဟေန္ဒြမဏ္ဍလတည်း၊ပြည်ထဲ သာယာဝပြောအံ့၊ထိုနက္ခတ်အမြင်တွင် လှုပ်သည်ကား အချင်းယူဇနာ ခြောက်ဆယ်တိုင်တိုင် လှုပ်၏၊ ခုနစ်ရက်တိုင်အောင် အခါမဆောင်ရာ။ တလုံး၊ သုံးလုံး၊ ငါးလုံး၊ ခုနစ်လုံး၊ ဟဆယ့်နှစ်လုံး၊ တဆယ့်လေးလုံး၊ တဆယ့်ငါးလုံးတွင် လှုပ်မူကား ဝါယုမဏ္ဍလတည်း၊ လေပြင်းထန်အံ့၊ထိုနက္ခတ်အမြင်တွင် လှုပ်သည်ကား အချင်းယူဇနာ ရှစ်ဆယ်တိုင်တိုင် လှုပ်၏၊ တဆယ့်ငါးရက်တိုင်အောင် အခါမဆောင်ရာ။ နှစ်လုံး၊ ဆယ်လုံး၊ တဆယ့်တလုံး၊ တဆယ့်သုံးလုံး၊ တဆယ့်ခြောက်လုံး၊ နှစ်ဆယ့်ငါးလုံး၊ နှစ်ဆယ့်ရှစ်လုံးတွင် လှုပ်သည်ကား ဝရုဏမဏ္ဍလတည်း၊ ရေမိုးကောင်းအံ့၊ ထိုနက္ခတ်အမြင်တွင် လှုပ်သည်ကား ယူဇနာလေးဆယ်တိုင်တိုင် လှုပ်၏၊နှစ်ရက်တိုင်အောင် အခါမဆောင်ရာ။

ဤသို့ ဆိုပြီးသော ဘုမ္မကြတ် အဟောကား ဇောတိတတ္တကျမ်း လာသည်နှင့် အညီတည်း။ ထိုသို့ ဟောရာ၌လည်း အပြစ် ပျောက်စေလိုသော်လည်းကောင်း၊

ကောင်းကျိုးရောက်စေလိုသော်လည်းကောင်း ထီး, တမ်းခွန်, ဆွမ်း, ရေချမ်း, ပန်း, ပေါက်ပေါက်တို့ဖြင့် ရတနာသုံးပါးတို့အား အန္တရာယ် တိတ် နိမိတ် မကောင်းသမျှ ပပျောက်စေသော ကောင်းကျိုးလျင်စွာ ရောက်စေသောဟု ပဋ္ဌနာပြုလျက် ပူဇော်ရာ၏၊ သမ္မာနတ်တို့အား ပသရာ၏၊ ခုနစ်ရက်တိုင်တိုင် ပရိတ်တော်နာရာ သရဏ္ဍာယ်ရာ၏။ အထူးအားဖြင့်ကား ပြည်ကြီးသေဌ်နင်း မင်းတို့သည် ဤသို့သောအမှုတို့၌ မမေ့မလျော့ရာ၊ လောကီကျမ်း လာရှိသည်။

~~~~~~~~~~

## နန္ဒိယာဝဋ္ဋ ကျိုးခြေသဏ္ဍာန် မင်းခမ်းတော်

တကာတော် အတွင်းဝန် မင်းကြီးသက်တော်ရှည် လျှောက်ပါသည် ဆရာတော်ဘုရား—

> မြေလှုပ်သောအရာကို ဆက်သွင်းလျှင် ဥပဒေသနှင့်တကွ ကျမ်းဂန်ထွက်ရာ သွင်းပေသည်၊ ယုံကြည်ရာသောသဘော ရှိပေ၏၊ဆရာဝတ် တကာဝတ်နှင့်လည်း ပြည့်စုံသည့် ဆရာတော်ဖြစ်ပေသည်၊ယခု တို့မှာရှိသည့် မြေလှုပ်စာများမှာ အမြွက်မျှသာ ဆိုချေသည်၊ အတပ်မယူသာ၊ အမိန့်တော်လည်း ရှိပါသည်၊ အသောကမင်းက ဒေဝါနံပိယတိဿမင်းကို အဘိသိက်အလို့ငှါ ဆက်သည့် လက်ဆောင်တွင် နန္ဒိယာဝဋ္ဋ ကျိုးခြေသဏ္ဍာန် ရွှေဖြင့်ပြုသော ဝဋ္ဋုံဟူ၍ ဆိုသည်ကို အတပ်အကြပ်သိသာအောင် လျှောက်၊အမိန့်တော်ကို ဦးထိပ်ရွက်ရပါသည်၊ ပုံနှင့်တကွ သိသာအောင် မိန့်တော်မူပါ၊ မင်းခမ်းသို့ ဝင်သည့် အရာဖြစ်မည်ကိုလည်း မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၇-ခု ဒုတိယဝါဆိုလပြည့်ကျော်(၄)ရက်နေ့ လျှောက်လာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သီရိမေဃသောကမင်းကြီးက ဒေဝါနံပိယတိဿမင်းကြီးသို့ စေသည့် လက်ဆောင်တွင် "နန္ဒိယာဝဋ္ဋ"ဟူ၍ ပါရာဇိကကဏ်အဋ္ဌကထာ ဒီပဝင်အဋ္ဌကထာတို့၌ ဆိုသည်၊ ၎င်း'နန္ဒိယာဝဋ္ဋ'သဒ္ဒါကို ကျိုးခြေသဏ္ဍာန် မင်္ဂလာအလို့ငှါ ရွှေဖြင့် ဆန်းကြယ်စွာ ပြုအပ်သော မင်းခမ်းအထူးဟူ၍ မြန်မာ ပြန်ဆိုသင့်သည်ကိုလည်း—
~~~~~~~~~~

နန္ဒိယာဝဋ္ဋန္တိ ကာကပဒသဏ္ဌာနာ မင်္ဂလတ္ထံ ကတာ သုဝဏ္ဏဝိကတိ။
ဟူ၍ ဋီကာသာရတ္ထဒီပနီ၌ ဖွင့်ဆိုသောကြောင့် သိရသည်။

**အနက်ကား** နန္ဒိယာဝဋ္ဋန္တိ၊ နန္ဒိယာဝဋ္ဋဟူသည်ကား။ ကာကပဒသဏ္ဌာနာ၊ ကျီးခြေသဏ္ဌာန်ရှိသော။မင်္ဂလတ္ထံ၊ မင်္ဂလာအကျိုးငှါ။ ကတာ၊ ပြုအပ်သော။သုဝဏ္ဏဝိကတိ၊ရွှေဖြင့် ဆန်းကြယ်သော မင်းခမ်းအထူးတည်း—ဟူ၍ ယခင်ဋီကာပါဌ်ကိုလည်း အနက်ပြန်ဆိုသင့်သည်။

ကျီးခြေသဏ္ဌာန်ဟူ၍ ဋီကာဆရာ ဖွင့်သည်မှာလည်း ယင်းသည့် မင်းခမ်းအထူး၏ ပုံလုပ်ပုံသဏ္ဌာန်ကို သိစေလို၍ ထင်ရှားသော ပုံသဏ္ဌာန် ပြသဖြင့် ဖွင့်ခြင်းသာ ဖြစ်သည်၊ ထက်ဝန်းကျင် အခက်အတံ ထွက်သောကြောင့် ဇလပ်ပန်းသဏ္ဌာန်စသည် ကိုလည်း ဆိုသင့်သည်ပင် ဖြစ်သည်၊ထိုကြောင့် ဋီကာဝိမတိဝိနောဒနီ၌—

နန္ဒိယာဝဋ္ဋန္တိ နန္ဒိယာဝဋ္ဋပုပ္ဖါကာရေန မင်္ဂလတ္ထံ ကတံ—ဟူ၍ ဖွင့်ဆို
သည်။

**အနက်ကား** နန္ဒိယာဝဋ္ဋန္တိ၊ နန္ဒိယာဝဋ္ဋဟူသည်ကား။ နန္ဒိယာဝဋ္ဋပုပ္ဖါကာရေန၊ဇလပ်ပန်းသဏ္ဌာန်ဖြင့်။မင်္ဂလတ္ထံ၊ မင်္ဂလာအလို့ငှါ။ ကတံ၊ ပြုအပ်သော မင်းခမ်းအထူးတည်း—ဟူ၍ ဋီကာပါဌ်ကိုလည်း အနက်ဆိုသင့်သည်။

ယင်းသည့် ဋီကာများ၌လည်း ကျီးခြေသဏ္ဌာန်, ဇလပ်ပန်းသဏ္ဌာန် ဆိုခြင်း သည် ပုံပမာ ပြားကာမျှသာ ဖြစ်သည်၊ အရသဘော ကွဲပြားတော့သည် မဟုတ်၊ ယင်းသို့ကျီးခြေ,ဇလပ်ပန်းပုံပမာနှင့် ဋီကာများမှာ ဆိုသောကြောင့်လည်း အောက်မှ အမြင့်နှင့်တကွ ကလပ်ခြေမြင့်ကဲ့သို့ခံ၍ ကလပ်ရွက် တည်သည်းအဆီသင့်တွင်သာ ကျီးခြေ,ဇလပ်ပန်းချပ်သဏ္ဌာန် ငါးခုတန်သည်၊ ခြောက်ခု,ခုနစ်ခု,ရှစ်ခု, ကိုးခုတန် သည် အခက်အတံ အသက် ပုံ့ပုံ့ညွတ်စေလျက် ထပ်၍ သင်ချောဖြစ်စေ, ခြူးပန်း ခြူးနွယ် အပြောက်အခြယ်နှင့်ဖြစ်စေ လုပ်ဆောင်ရမည်ကို သိသာတော့သည်။ ၎င်း မင်းခမ်းကိုလည်း ကွမ်းခွက်, သောက်ရေတော် စသည်တင်၍ အခန့်သင့်ရာ သုံး ဆောင် ခင်းကျင်းသင့်သည်၊မင်္ဂလာအကျိုးငှါဟု ဋီကာများမှာ ဆိုခြင်းသည်လည်း ကျီးခြေ,ဇလပ်ပန်းပုံပမာနှင့် လုပ်ဆောင်ခြင်း သဏ္ဌာန်အထူးကိုသာ ရည်၍ဆိုသည်၊ သက်သက်လုပ်၍ထားကာ ကျင်းပမာမျှကိုသာ ရည်၍ဆိုသည်မဟုတ်၊ယင်းသို့ ထား ကာ ကျင်းပမာမျှနှင့်သာလည်း အတိုင်းထက်အလွန် မင်္ဂလာ မဖြစ်၊ ယခုကာလ မင်းခမ်းတော်များတွင်လည်း ကလပ်ခြေမြင့်ကဲ့သို့ လုပ်သော ဘာတင်တော်ဟူ၍ ရှိ သည်၊ ၎င်းအဘင်တော်သည် ယခင်ကျမ်းလာ နန္ဒိယာဝဋ္ဋ မင်းခမ်းတော်ကို ရည်၍

လုပ်ဆောင်သည့် မင်းခမ်းပင် ဖြစ်မည်၊ ကာလလျှား၍သာ ကျီးခြေ, ဇလပ်ပန်းချပ် သဏ္ဍာန် မလုပ်မဆောင်မိ ရှိသည်ထင်သည်။

## ကျောင်း ဘုရား ဝတ်မိုး ဝတ်မြေ

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ကျောင်း,ဘုရား,ဝတ်မိုး,ဝတ်မြေနှင့် စပ်သည့်အရာများကို မေးလျှောက်စေ၍ ဆရာတော်တို့ ဆက်သွင်းသည့် စာအရ မရှင်းမလင်း သက်ကြောင်းလောက်အောင် မရှိသေး ဖြစ်သည်၊ သိသာရှင်းလင်း သက်ကြောင်းလောက်အောင် စာမေးဆရာ တော်တို့မှစ၍ ကျမ်းဂန်သိမြင်သည့် တံဆိပ်တော်ရဆရာတော် တို့ကို အသီးသီး လျှောက်ထားစေ၍ တရားကျမ်းဂန်နှင့်အညီ အသီး စာဆက်သွင်းစေဦး၊ သက္ကရာဇ် ၁၁၄၇-ခု ဒုတိယ ဝါဆိုလပြည့်ကျော် ( ၆ )ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း သက်ပန်းစား, ညောင် အုပ်စား,အဆောင်မြ ကြွင်း ငမွေးတို့ကို လျှောက်ထားလှာ ပါစေသည်။

၁ မင်းတို့ ရေ,မြေကို အစိုးရသည်နှင့် ဆင်းရဲသားတို့ လယ် ယာ မိုးမြေကို အစိုးရသည့်အရာသည် မည်သို့ အထူးရှိသည် ဖြစ်မည်။

၂ ဆင်းရဲသားတို့ အသီးအသီး လယ်ယာမိုးမြေကို အစိုးမရ မင်းတို့သာ အစိုးရမည် ဖြစ်သည်။

၃ ကန်သင်းပြောင်းခြင်းစသည်များမှာ မြေ မည်သည့် အဖိုး အနဋ္ဌဖြစ်၍ တဆံဖျားမျှ သာလွန်လျှင်ပင် အဒိန္နဒါန် ပါရာ ဇိက ရောက်သည်ဆိုသည်၊မင်းဥစ္စာအားဖြင့် ရောက်သည်ဖြစ် မည်၊ဆင်းရဲသားတို့ ဥစ္စာအားဖြင့် ရောက်သည် ဖြစ်မည်။

၄ ဝတ်မိုး ဝတ်မြေကို မင်းတို့သာ လှူထိုက်သည် ဖြစ်မည်၊ ဆင်းရဲသားတို့လည်း လှူထိုက်သည်ဖြစ်မည်၊ နှစ်ဦးပင် လှူထိုက်သော် မင်းလှူသည်နှင့် ဆင်းရဲသားတို့ လှူသည့်အရာသည် မည်သို့ အထူးရှိသည် ဖြစ်မည်။

၅ မင်းတို့ပယ်နယ် ပိုင်းခြားသတ်မှတ်၍ လှူသည့်မြေအတွက် ဆင်းရဲသားတို့ လုပ်စားသည့် လယ်, ယာ, ဥယျာဉ်များသည် ကျောင်း ဘုရားဥစ္စာ ဖြစ်သင့်သည် ဖြစ်မည်၊ ဆင်းရဲသားတို့ ဥစ္စာပင် ဖြစ်သင့်သည် ဖြစ်မည်။

၆ ကျောင်း,ဘုရား ဝတ်မိုး, ဝတ်မြေများမှာ သိမ်းခံသူ မရှိလျှင် ကျောင်း,ဘုရားနှင့်ဆိုင်သင့်သည်၊အဖွဲ့အစုကိုလုပ်စားသူတို့မည်သို့ ပြုရသည် ဖြစ်မည်၊ သိမ်းခံသူ မရှိသောကြောင့် လုပ်ဆောင်သူတို့ အစုအဆမပေး၊ သုံးစားမိသော် သုံးစားထိုက်သည် ဖြစ်မည်၊ မသုံးစားထိုက်သည် ဖြစ်မည်။

၇ ဝတ်မိုး ဝတ်မြေများတွင် ထိန်းသိမ်းစောင့်ရှောက်သူ မရှိ၍ သစ်သီး, သစ်ပွင့်, သစ်ရွက်များကို ဆွတ်ယူသုံးစားမိသော် သုံးစားထိုက်သည် ဖြစ်မည်၊မသုံးစားထိုက်သည် ဖြစ်မည်။

၈ ဆီမီးဝတ် မည်မျှ သင်းပုတ်ဝတ် မည်မျှဖြစ်စေ စသည်ဖြင့် ပိုင်းခြား၍ အနည်းမျှသာ လှူသည့်အရာများမှာ ကြွင်းကျန်သာလွန်သည့် အခွန်အတုတ်များကို မည်သူ ဆိုင်ပိုင်ထိုက်သည် ဖြစ်မည်။

၉ လှူရင်း သံဃာ,ကျောင်း,ဘုရား မရှိသည့် ဝတ်မိုး,ဝတ်မြေ အခွန်အတုတ်များသည် သံဃာ,ကျောင်း,ဘုရား ဥစ္စာပင် ဖြစ်မည်၊မင်းဥစ္စာ ဖြစ်သင့်သည် ဖြစ်မည်။

၁၀ မင်းတို့ လှူသည့်အရာများမှာ လှူရင်း မင်း မရှိသော် အလှူပျက်ထိုက်သည် ဖြစ်မည်၊အလှူမပျက်ထိုက်သည် ဖြစ်မည်။

၁၁ ရှေးမင်းတို့ ကျောက်စာထိုးမှတ်၍ လှူသည့်အရာများမှာ တရားကျမ်းဂန်နှင့် ညီသည့်အရာလည်း ရှိသည်၊ တရားကျမ်း ဂန်နှင့် မညီသည့်အရာလည်းရှိသည်၊ တရားကျမ်းဂန်နှင့်အညီ ကျောက်စာထိုးမှတ် လှူဒါန်းသည့်အရာများမှာ အလှူမြောက် ထိုက်သည်၊မမြောက်ထိုက်သည်၊ အလှူခံထိုက်သည်၊ မခံထိုက် သည် ဖြစ်မည်—အရာများနှင့် သိသာရှင်းလင်း သက်ာကင်း လောက်အောင် တရားကျမ်းဂန်နှင့် အညီ အသီးအသီး စ်ာ ဆက်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ထားပါ သည် ဆရာတော်ဘုရား။

၁၁၄၇-ခု ဒုတိယဝါဆိုလပြည့်ကျော်(၆)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

အမေးတော်တဆယ့်တချက်တွင် မင်းတို့ ရေမြေကို အစိုးရသည်နှင့် ဆင်းရဲသား တို့ လယ်ယာမိုးမြေကို အစိုးရသည့်အရာ မည်သို့ အထူးရှိသည်ဖြစ်မည် ပဌမ အမေး တော်မှာ—

ခေတ္တာနံ အဓိပတီတိ ခေါ ဝါသေဋ္ဌ ခတ္တိယောတွေဝ ဒုတိယံ အက္ခရံ ဥပနိပတ္တံ။

ဟူ၍ လယ်ယာမိုးမြေတို့၏အရှင် ဖြစ်သောကြောင့် ရေမြေသေဌ်နင်းမင်းတို့သည် ခတ္တိယမည်ကြောင်းကို ဒီဃနိကာယ် သုတ်ပါထေယျဝါ ကျမ်းမှာ လာသည်နှင့် အညီ မင်းတို့သာ ရေ့မြေကိုအစိုးရသည်၊ ဆင်းရဲသားတို့မှာ လုပ်ဆောင် သိမ်းပိုက် ကာသာ ဖြစ်သည်၊လုပ်ဆောင် သိမ်းပိုက်သည်မှာလည်း မင်း၏ဥစ္စာကို လက်စွဲလုပ် စားရိုးဖြစ်၍လည်းကောင်း၊လုပ်စားရိုးဖြစ်သည့်သူတို့မှ ကာလ,ဒေသထုံးစံရှိရာ ပေး ၍လည်းကောင်း လက်စွဲပြု၍ လုပ်ဆောင် သိမ်းပိုက်ခြင်းသာ ဖြစ်သည်၊ မင်းကဲ့သို့ အစိုးရ၍ လုပ်ဆောင်ခြင်းမဟုတ်၊ ထိုအကြောင်းကိုလည်း ရေမြေရှင်ဖြစ်၍ ရေမြေ သေဌ်နင်း မင်းအား အခွန်အတုတ် ဆက်သွင်းမြဲ ဖြစ်သည်ကိုလည်းကောင်း၊ ရေမြေ ရှင်အား ဆယ်ဖို့တဖို့ အခွန်အတုတ် ပေးရသည်ဟူ၍—

ဒသကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော။

ဟု ဝိနည်းအဋ္ဌကထာ လာရှိသည်ကိုလည်းကောင်း ထောက်၍ သိရာသည်၊ ထို ကြောင့် မင်းတို့ ရေမြေကိုအစိုးရသည်နှင့် ဆင်းရဲသားတို့ လယ်ယာမိုးမြေကို အစိုး ရသည့်အရာသည် မင်းမှာ အရှင်သခင်အဖြစ်ဖြင့် ဆင်းရဲသားတို့မှာ လက်စွဲလုပ် ဆောင်သိမ်းပိုက်ခြင်းဖြင့် အစိုးရသည်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်ဟူ၍ အထူး သိ အပ်သည်။

ဆင်းရဲသားတို့ အသီးအသီး လယ်ယာမိုးမြေကို အစိုးမရ၊ မင်းတို့သာ အစိုးရ သည် ဖြစ်မည်ဟူသော ဒုတိယ အမေးတော်မှာ....''ခေတ္တာနံ အဓိပတီတိ ခေါ'' အစရှိသော ရှေး ဆိုခဲ့ပြီးသော သုတ်ပါထေယျဝါပါဠိတော်နှင့်အညီ ရေမြေသေဌ် နင်း မင်းတို့သာ လယ်ယာမိုးမြေကို ပိုင်သည်ဖြစ်၍ မင်းတို့သာ အစိုးရသည်၊ ဆင်းရဲ သားတို့ အစိုးမရထိုက်။

ကန်သင်းပြောင်းခြင်း စသည်များမှာ မြေ မည်သည့် အဖိုးအနဂ္ဃဖြစ်၍ တဆံ ဖျားမျှ သာလွန်လျှင်ပင် အဒိန္နဒါန် ပါရာဇိကရောက်သည်ဆိုသည်၊ မင်းဥစ္စာအား ဖြင့် ရောက်သည်ဖြစ်မည်၊ဆင်းရဲသားတို့ ဥစ္စာအားဖြင့် ရောက်သည်ဖြစ်မည်ဟူသော တတိယ အမေးတော်မှာ—ယခင် ဆိုခဲ့ပြီးသောနည်းဖြင့် ရေမြေသေဌ်နင်း မင်းတို့သာ ရေမြေကို အစိုးပိုင်သည်၊ အစိုးပိုင်သော အရှင်စိုးမင်းက မူလဆဇ္ဇအားဖြင့် ပိုင်လေ တော့ဟု ပေးကမ်းမှ ဆင်းရဲသားတို့မှာလည်း ပိုင်မည်ဖြစ်၍ အစိုးပိုင်သော မင်း၏ ဥစ္စာအားဖြင့်လည်း ရောက်သင့်၏၊ မင်းက မူလဆဇ္ဇအားဖြင့် ပေး၍ ပိုင်သော ဆင်းရဲသားတို့ ဥစ္စာအားဖြင့်လည်း ရောက်သင့်၏၊ ကျမ်းဂန်မှာ မည်သူ့ဥစ္စာသာ ပါရာဇိကဝတ္ထုဟူ၍ မဆိုပိုင်ထိုက်၍ ဥစ္စာရှင်ဖြစ်သော သူခပ်သိမ်းတို့၏ ဥစ္စာကိုပင် ပါရာဇိကဝတ္ထုဟူ၍ ဆိုခြင်းဖြစ်သည်။

ဝတ်မိုးဝတ်မြေကို မင်းတို့သာ လှူထိုက်သည်ဖြစ်မည်၊ ဆင်းရဲသားတို့လည်း လှူ ထိုက်သည်ဖြစ်မည်၊နှစ်ဦးပင် လှူထိုက်သော် မင်းနှင့် ဆင်းရဲသားတို့ လှူသည့်အရာ မည်သို့ ဖြာထူးရှိသည်ဖြစ်မည်ဟူသော စတုတ္ထအမေးတော်မှာ—မြေကြီးကို ဆိုခဲ့ပြီး သော ကျမ်းဂန်နှင့်အညီ မင်းတို့သာ ပိုင်ထိုက်သည်ဖြစ်၍ ဆင်းရဲသားတို့ မပိုင်ထိုက် သောကြောင့် ဝတ်မိုး ဝတ်မြေကို ဆင်းရဲသားတို့ မလှူထိုက်၊ မိမိတို့ လုပ်ဆောင်၍ ရသည့် ပိုင်ထိုက်သည့် အပေါ်ယံပစ္စည်းကိုသာ လှူဒါန်းထိုက်မည်။

မင်းတို့ပယ်နယ် ပိုင်းခြားမှတ်သား၍ လှူသည့်မြေအတွင်း ဆင်းရဲသားတို့ လုပ် စားသည့် လယ်ယာဥယျာဉ်များသည် ကျောင်း ဘုရားတို့ ဥစ္စာ ဖြစ်သင့်သည် ဖြစ် မည်၊ ဆင်းရဲသားတို့ ဥစ္စာပင် ဖြစ်သင့်သည်ဖြစ်မည်ဟူသော ပဥ္စမအမေးတော်မှာ— ကျောင်း ဘုရားတို့အား ရည်၍ မှတ်သား ပိုင်းခြား လှူထားခဲ့သည့် မြေအတွင်း လယ်ယာဥယျာဉ်များသည် မြေဖြစ်၍ လှူရင်းတိုင်းပင် ကျောင်း ဘုရားတို့ဥစ္စာသာ

ဖြစ်သင့်သည်၊ ဆင်းရဲသားတို့ဥစ္စာ မဖြစ်သင့်၊အသီးအနှံကိုမူကား ဆယ်ဖို့တဖို့ အခွန်အတုတ်မှတပါး ဆင်းရဲသားတို့ ဥစ္စာသာ ဖြစ်သင့်သည်။

ကျောင်း,ဘုရား,ဝတ်မိုး,ဝတ်မြေမှာ ခံသူမရှိလျှင် ကျောင်း, ဘုရားတို့နှင့် ဆိုင်သင့်သည်၊ အဖို့အစုကို လုပ်စားသူတို့ မည်သို့ပြုရမည်ဖြစ်မည်၊ သိမ်းခံသူ မရှိသောကြောင့် လုပ်ဆောင်သူတို့ အစုမပေး သုံးစားမိသော် သုံးစားထိုက်သည် ဖြစ်မည်၊ မသုံးစားထိုက်သည်ဖြစ်မည် ဟူသော ဆဌမအမေးတော်မှာ—သိမ်းခံသူပင် ရှိသော်လည်း ကျောင်း,ဘုရားတို့နှင့် ဆိုင်သင့်သည်၊ဒသမဘာဂကို ကျောင်း, ဘုရားတို့မှာသာ ပေးသွင်းသင့်သည်၊ သိမ်းခံသူ မရှိသည်ဟူ၍ အဖို့အစု မပေးမသွင်း မသုံးစားထိုက်၊ထိုအကြောင်းကိုလည်း "သံဃိကာနိ ဘိက္ခဝေ ဗီဇာနိ"စသော ဝိနည်းပါဠိတော်။ ဒသကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော၊"ဟူသော ဝိနည်းအဋ္ဌကထာတို့၌ မြေရှင်တို့အား ဒသမဘာဂ အဖို့အစု ပေးသွင်းရာသည်ကို ဆိုသောကြောင့် သိအပ်သည်။

ဝတ်မိုး ဝတ်မြေများတွင် ထိန်းသိမ်းစောင့်ရှောက်သူ မရှိ၍ သစ်သီး, သစ်ပွင့်, သစ်ရွက်များကို ဆွတ်ယူသုံးစားမိသော် သုံးစားထိုက်သည် ဖြစ်မည်၊မသုံးစားထိုက်သည် ဖြစ်မည်ဟူသော သတ္တမအမေးတော်မှာ—ထိန်းသိမ်းစောင့်ရှောက်သူ မရှိသည့် အရက္ခိတ အဂေါပိတ သစ်သီး,သစ်ရွက်,သစ်ပွင့် ပစ္စည်းဝတ္ထုများကို ရဟန်းတို့ပင် သုံးဆောင်ထိုက်သည်ဟု သုဗိန္ဒကထာအဖွင့်တွင် ဝိနည်းအဋ္ဌကထာလာသောကြောင့်လည်းကောင်း၊အစောင့်အရှောက် မရှိသည့် သစ်သီး, သစ်ရွက်, သစ်ပွင့် ပစ္စည်းများသည် သံဃိကအာရာမ်မှာပင် ဖြစ်သော်လည်းကောင်း၊ သံဃာဥစ္စာ ဂရုဘဏ် မဖြစ်ဟု ဝိနည်းအဋ္ဌကထာ လာသောကြောင့်လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်သူ မရှိလျှင် မည်သူ့ဥစ္စာမျှ မဟုတ်ဖြစ်၍ သုံးစားထိုက်တော့သည်၊ထိုစကား၌ ကျောင်း သံဃာတို့ ဥစ္စာမှာ သင့်တန်စေ၊ ဘုရားစေတီတို့ ဥစ္စာမှာ ဘုရားစေတီကို မစောင့်မရှောက်တတ်သည်ဖြစ်၍ 'ယနေ့လှူလျှင် နက်ဖြန်ပင် ယူစားထိုက်၏' ဆိုသကဲ့သို့ စကားမကျပြီလော ဆိုဖွယ်ရှိ၏၊ထိုသို့ကား မဆိုသင့်၊အဘယ့်ကြောင့်နည်းဟူမူကား စေတီဘုရားတို့ ကပ္ပိယကာရကဝတ္ထုကံ သိမ်အာရာမ်စောင့် အရာ၌တည်၍ လှူသူပင် သိမ်းဆည်းသည် ဖြစ်စေ၊ သူတပါးတို့ သိမ်းဆည်းသည် ဖြစ်စေ သိမ်းသည်း စောင့်ရှောက်သင့်သည်ပင် မည်ချေသောကြောင့်တည်း။

ဆီမီးဝတ်မည်မျှ သင်းပုတ်ဝတ်မည်မျှ ဖြစ်စေ စသည်ဖြင့်ပိုင်းခြား၍ အနည်းမျှသာ လှူသည့်အရာများမှာ ကြွင်းကျန်သာလွန်သည့် အခွန်အတုတ်များကို မည်သူဆိုင်ပိုင်ထိုက်သည် ဖြစ်မည် ဟူသော အဋ္ဌမအမေးတော်မှာ—"ဘူမိသာမိကာနံ ဒါတဗ္ဗော" ဟူသော ဝိနည်းအဋ္ဌကထာပါဠိနှင့်အညီ မြေရှင်တို့သာ ပိုင်ဆိုင်ထိုက်သည်

ဖြစ်၍ မြေရှင် ဟုဆိုအပ်သော ကျောင်း,ဘုရား, သံဃာတို့သာ ပိုင်ဆိုင်ထိုက်သည့် အခွန်များကိုသာ မလှူ၊ ဝတ်မိုး,ဝတ်မြေနှင့်တကွ လှူချေ၍ လှူရင်းသူတို့ စကားကို ပမာဏ မပြုသင့်။

လှူရင်းသံဃာ,ကျောင်း,ဘုရား မရှိသည့် ဝတ်မိုး, ဝတ်မြေ အခွန်အတုတ်များ သည် သံဃာ,ကျောင်း,ဘုရား ဥစ္စာပင် ဖြစ်သင့်သည် ဖြစ်မည်၊ မင်းဥစ္စာပင် ဖြစ်သင့် သည် ဖြစ်မည်ဟူသော နဝမအမေးတော်မှာ—

> ပဋိဂ္ဂါဟကေသု မတေသု တဒညော စာတုဒ္ဒိသသံဃောစ အနာဂတ သံဃော စ ဣဿရော တဿ သန္တကော၊ တေန ဝိစာရေတဗ္ဗော။

ဟု ဝိနည်းဋီကာနှင့်အညီ သံဃာ,ကျောင်း ဥစ္စာမှာ လှူရင်းသံဃာ,ကျောင်း မရှိ သော်လည်း ရောက်ပြီး မရောက်သေးဖြစ်သော သံဃာ့ဥစ္စာသာ ဖြစ်ထိုက်သည်၊မင်း ဥစ္စာ မဖြစ်ထိုက်။ စေတီဥစ္စာမှာလည်း လှူမည်ညွှတ်ဆဲ ပစ္စည်းဝတ္ထုကိုသာ တဆူ သောစေတီသို့ မညွှတ်စေသင့်၊ လှူပြီးသည်တို့မှာ တဆူသောစေတီမှာ ပူဇော်ထား တင်သင့်ကြောင်းကို—

> သစေ ပန ကေသ္မိံ စေတိယေ ပူဇိတံ ပုဗ္ဗံ ဂဟေတွာ အညသ္မိံ စေတိယေ ပူဇေတိ ဝဋ္ဋတိ။

ဟူ၍ ဝိနည်းဋီကာ လာရှိသည်နှင့်အညီ လှူရင်းစေတီပင် မရှိသော်လည်း ဘုရား မြတ်စွာ ကိုယ်တော်စားချင်း အတူတူဖြစ်၍ တပါးစေတီများ ဥစ္စာသာ ဖြစ်ထိုက် သည်၊ မင်းဥစ္စာ မဖြစ်ထိုက်။

မင်းတို့ လှူသည့်အရာများမှာ လှူရင်း မင်း မရှိသော် အလှူပျက်ထိုက်သည်၊မပျက် ထိုက်သည် ဖြစ်မည်ဟူသော ဒသမအမေးတော်မှာ—လာဘသိမ်အဖြစ်ဖြင့် မြေဆီ, မြေခွန်ကိုသာ လှူဒါန်းသည့်အရာဖြစ်လျှင် ဝတ်မိုး, ဝတ်မြေကို မူလကို မလှူခြင်း ကြောင့်လည်းကောင်း၊အခွန်ကိုပင် လှူရင်း မင်း မရှိလျှင် ပျက်ထိုက်၏၊ ဝတ်မိုး,ဝတ် မြေနှင့်တကွ လှူသည်များမှာ လှူရင်း မင်း မရှိသော်လည်း မပျက်ထိုက်။

ရှေးမင်းတို့ ကျောက်စာထိုးမှတ်၍ လှူသည့်အရာများမှာ တရားကျမ်းဂန်နှင့် ညီသည့်အရာလည်း ရှိသည်၊ မညီသည့်အရာလည်း ရှိသည်၊ တရားကျမ်းဂန်နှင့် မညီ ကျောက်စာထိုးမှတ်၍ လှူဒါန်းသည့်အရာများမှာ အလှူမြောက်ထိုက်သည်၊မမြောက် ထိုက်သည်၊ အလှူ ခံထိုက်သည်၊မခံထိုက်သည်ဟူသော ဧကာဒသမအမေးတော်မှာ— တရားကျမ်းဂန်နှင့်အညီ မလှူနိုင်သော်လည်း ပိုင်ထိုက်သည့် ပစ္စည်းကို ပိုင်သူလှူ၍ အလှူခံသူ ခံချေက ဒေယျဓမ္မဟူသော အလှူဝတ္ထု,ပဋိဂ္ဂါဟကဟူသော အလှူခံပုဂ္ဂိုလ်, ဒါနဟူသော လှူခြင်းစေတနာ ဤအကြောင်းသုံးပါး ပြည့်စုံခြင်းကြောင့် အလှူ

မြောက်ထိုက်၏၊ ထိုသို့ တရားနှင့်မညီ လူသည်တို့မှာ အလှူခံပုဂ္ဂိုလ်တို့က အလှူမခံသင့် ဖြစ်သည်အကြောင်းကို မကျဉ်းမကျယ် မှတ်နာလွယ်အောင် မေတ္တာစာ ဆက်သွင်းပါသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ကမ္ပည်းကျောက်စာတော်

ရေမြေရှင် လျှောက်ပါသည် ဆရာတော်ဘုရား—

ရှေး မင်းဧကရာဇ်တို့ ကမ္ပည်းကျောက်စာ စိုက်ထောင်၍ လှူဒါန်းသည့် ဝတ်မိုး,ဝတ်မြေတို့မှာ မသိသာ မခြားနား ရှိသည့်အရာများကို သိသာခြားနားအောင် မြေတိုင် စချီတို့ကို စစ်ကြော မေးမြန်း၍ အသစ်ကျောက်စာ တင်လိုပါသည်၊ ကမ္ပည်းကျောက်စာ တိမ်မြုပ်၍ မိဘပဝေဏီနှင့် သားအစဉ် ထိန်းသိမ်းသည့်အရာလည်း ရှိသည်၊ ပုထိုး,ကျောင်းကန် တိမ်းယိမ်းပြိုပျက်၍ အံရပ်ဌာနကိုမျှ မသိ၊ မည်သည့် ကျောင်းမြေ၊ မည်သည့် ဘုရားမြေ ဖြစ်သည်ဆို၍ အမှတ်သညာနှင့်သာ စွဲလမ်း၍ သိမ်းခံကြသည့်အရာလည်း ရှိသည်၊ ကမ္ပည်းကျောက်စာမရှိ သမိုင်းလက်စွဲနှင့်သာ ဝတ်မိုး, ဝတ်မြေအဟန် ယိုးကိုး၍ ရေစစ်သိမ်းခံကြသည့်အရာလည်း ရှိသည်၊ သည်အရာများကို သိမ်းဆည်းသော် သင့်မည် မသင့်မည်ကို မိန့်ဆိုတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၇-ခု ဒုတိယဝါဆိုလပြည့်ကျော်(၁၃)ရက်နေ့ ကျီဝန် မင်းမဟာသခ်ယာကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရှေး မင်းကေရာဇ်တို့ ကမ္ပည်းကျောက်စာ စိုက်ထောင်၍ လှူဒါန်းသည့် ဝတ်မိုး, ဝတ်မြေတို့မှာ မသိသာ မခြားနား ရှိသည့်အရာများကို သိသာ ခြားနားအောင် အသစ်ကျောက်စာကမ္ပည်း တင်မှတ်ထပ်လှူလိုသည် အမိန့်တော်ရှိသည်မှာ...."ကာတဗ္ဗံ ဇိဏ္ဏကာဝါသ ပဋိသင်္ခရဏံ"ဟူသည့် ကျမ်းဂန်နှင့်အညီ ကျောင်းကန် ဘုရား ပုထိုး ပြုပြင် စောင့်ရှောက်ရန် အဆောက် အဦ၏ အကြောင်းဝတ္ထုကာ မိုးမြေကို မြဲမြံစေတော်မူသည်ဖြစ်၍ သက်တော်ရှည်ခြင်းအကျိုးကို လောလောပေးတတ်သော ဒီဃာယုက သံဝတ္တနိကကုသိုလ်တော် ပွားများရသောကြောင့် သင့်မြတ်လှသည်

သာ ဖြစ်သည်၊ "ပရိဿာဝန ဒါနဥ္စ"အစရှိသော ဂါထာပုဒ်ပါဌ်တို့နှင့်တကွ မင်းကြီး နန္ဒကျော်ထင်တွင် ယမန် ဆက်သွင်းသည့် မျက်မှောက်လောလော အသက်ရှည်ခြင်း အကျိုးကို ပေးတတ်သော ကုသိုလ်ကောင်းမှု အပြားများကို နှလုံးထားတော်မူ၍ လည်း အကြံတော်အတိုင်း ရှောင်တခင် ပြီးမြောက်မည့်အကြောင်းနှင့် ခန့်ရန့်တော် မူ၍ သားတော်အစဉ်,မြေးတော်အဆက်,မြစ်တော်အညွန့် အဓွန့်ရှည်စွာ သာသနာ တော် ထွန်းလင်းသမျှ ကာလပတ်လုံး မဆုံးမကွယ်နိုင်အောင် ကြပ်တည်းသေချာစွာ ဂါထာဗန္ဓ မြန်မာ အနက် အဓိပ္ပါယ်တို့ဖြင့် အသစ်ကျောက်စာ ကမ္ပည်းတင်မှတ် တပ်လူတော်မူသင့်သည်။သည်ကဲ့သို့ သာသနာတော် မြဲမြံခိုင်ခံ့အံ့သောအကြောင်း အခွင့်ကိုလည်း ရခဲသည် ကြံလည်း ကြံမိခဲသည်၊ တရားမင်းမြတ်မူကား သာသနာ တော်စီးပွား များခြင်းကို လိုတော်မူသည်နှင့် အခွင့်လျော်စွာ ကြံတော်မူမိပေသည့် အရာဖြစ်သည်၊ ကမ္ပည်းကျောက်စာ တိမ်မြုပ်၍ မိ,ဘ ပဝေဏီနှင့်သာ အစဉ်ထိန်း သိမ်းသည့်အရာလည်း ရှိသည်။အမိန့်တော်မှာ ကျောင်း ဘုရား ပုထိုး ဝတ္ထုကံ မိုးမြေ မှန်ကန်လျက် တိမ်မြုပ်သည် ဖြစ်မည်၊မမှန်မကန် ယိုယိမ်းကာမျှကိုလည်း တိမ်မြုပ် သည် ဆိုသည် ဖြစ်မည်ကို သိနိုင်ခဲသည်၊ရှေးအစဉ်က ကျောက်စာကမ္ပည်း မည်မှာရှိ သည်၊ မည်မှာ ထားသည်ဟူ၍ ကြားစဘူးသည် မကြားဘူးသည်ကို မေးဆေး၍ မည်မှာထားသည် ရှိသည်ဟူ၍ ကြားစဘူးသည် ထွက်ဆိုသူရှိလျှင်လည်း မှန်ကောင်း ပေသည်၊ ရှိသည်ကိုပင် ကြားစဘူးသူ မရှိလျှင် မှန်ကန်သည် မဆိုသာ၊ ကျောင်း ဘုရားပုထိုး ဝတ္ထုကံ မိုးမြေဟူ၍ ယိုယွင်းကာမျှသာဟု သိသင့်တော့သည်၊ မမှန် မကန် ယိုယွင်းကာမျှကိုလည်း သံဃသန္တက, စေတိယသန္တကမဆိုသင့်၊ ရာဇသန္တက သာ ဖြစ်သင့်သည်၊ ပုထိုး,ကျောင်းကန် တိမ်းယိမ်းပြိုပျက်၍ အရပ်ဌာနကိုမျှ မသိ၊ မည်သည့် ကျောင်းမြေ, မည်သည့်ဘုရားမြေ ဖြစ်သည်ဆို၍ အမည်သညာနှင့်သာ စွဲလမ်း၍ သိမ်းခံကြသည့်အရာလည်း ရှိသည်။ အမိန့်တော်မှာ—ကျောင်း, ဘုရားတို့ ကို လှူရင်းဝတ္ထုကံ မှန်ကန်သည်ဖြစ်လျှင် ကျောင်း,ဘုရားပင် မရှိသော်လည်း သံဃ သန္တက,စေတိယသန္တကသာ ဖြစ်သင့်သည် ရာဇသန္တက မဖြစ်သင့်၊ သံဃာ့အမွေကို သံဃာသာ ခံကောင်းသည်၊ တဆူသောစေတီပစ္စည်းကို တဆူသောစေတီမှာ ပူဇော် ပြုပြင်သင့်သည်ကိုလည်း ဝိနည်းကျမ်းဂန် ထင်ရှားစွာရှိသည်၊ အဓမ္မိကဒါန အရာ၌ လည်း မလှူမိ ရည်ကာမျှကိုသာ တပါးသံဃာ,စေတီတို့မှာ မလှူဒါန်းသင့် ဟူ၍ ဆို ခြင်းဖြစ်သည်၊ ထိုကြောင့် ကျောင်း,ဘုရား တိမ်ယိမ်းပြိုပျက်သည်မှာ သာသနာ တော်စီးပွား များအောင် တရားမင်းမြတ်က သိမ်းခံ၍ သင့်ရာ လှူဒါန်းပူဇော်သင့် သည်။

ကမ္ပည်းကျောက်စာမရှိ သမိုင်းလက်စွဲနှင့်သာ ဝတ်မိုး,ဝတ်မြေအဟန် ယိုးကိုး၍ ရေးစစ်သိမ်းခံကြသည့်အရာလည်း ရှိသည်၊ အမိန့်တော်မှာ—ကမ္ပည်းကျောက်စာပင်

မရှိသော်လည်း နှစ်သက္ကရာဇ် ဒေသဌာန အနေအသွား တော်လျော်၍ သဘော အရ ခိုင်ခံ့သည့် သမိုင်းလက်စွဲဖြစ်ချေက ယိုးကိုးသည် မဆိုသာပြီ၊သမိုင်းလက်စွဲစာ အရကို ထောက်ရှုဆင်ခြင်၍ ယိုးကိုးသည် မယိုးကိုးသည်ကို သိတော်မူပြီ၊ မယိုးကိုး သည် မှန်လျှင် ရာဇသန္တကဖြစ်၍ တရားမင်းမြတ်သာ ပိုင်ထိုက်သောကြောင့် အသစ် ကျောက်စာကမ္ပည်း တင်မှတ်ထပ်လှူခြင်းငှါ မသင့်ပြီ၊ယင်းသို့ရကား—ဘုရားလောင်း တို့သဘောကိုပြရာ ပါစိတျာဒိအဋ္ဌကထာ၌'ဗောဓိသတ္တာနံ သီထိလကရဏံနာမ နတ္ထိ' ဗောဓိသတ္တာနံ၊ဘုရားလောင်းတို့အား။ သိထိလကရဏံနာမ၊လုံ့လကို လျော့လျော့ ပြုခြင်းသည်။ နတ္ထိ၊ မရှိ—ဟူ၍ ဆိုသည်နှင့် လျော်စွာ အလုံးစုံသောအရာ၌ မမေ့ မလျော့ ကြပ်ကြပ်တည်းတည်း ရွက်ဆောင်လေ့ ရှိတော်မူသည့်အတိုင်း အကြောင်း အရာများကို ထောက်ထားနိုင်းယှဉ်တော်မူ၍ မြဲမြံခိုင်ခံ့စွာ သာသနာတော်စီးပွား များအံ့သည်ကို နှလုံးထားစေခြင်းအကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## ကျောက်စာသော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရှေးမင်းတို့ လှူခဲ့သည့် အရပ်ရပ် ကျောင်း ဘုရား ဝတ္ထုကံ မိုးမြေများကို အသစ် ထပ်မံ၍ ကျောက်စာကမ္ပည်း စိုက် ဆောက်လှူဒါန်းတော်မူမည်၊ အသစ်ရေးရန် ကျောက်စာကို ဂါထာဗန္ဓနှင့် ဖွဲ့စီ ဆက်သွင်းမည့်အကြောင်းနှင့် ဆရာတော် မှာလျှောက်၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ရပါ သည်၊ အသစ်ရေးရန် ကျောက်စာကို ဂါထာဗန္ဓနှင့် ဖွဲ့စီ ဆက် သွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာ တော်ဘုရား။

၁၁၄၇-ခု ဝါခေါင်လပြည့်ကျော်( ၂ )ရက်နေ့ လျှောက်လှာသည်တွင် သွင်း သည့် မေတ္တာစာကား—

၁ ယထာ နေရု ရဝိ သသီ၊ ပါကဋ္ဌော ဋ္ဌိတိယာ သဒါ။
တထာ စာယန္တိ ဉဿာဟ၊မိဒံ ရာဇာဓိရာဇိနော။
၂ သော ဟိ နေကရဋ္ဌိန္ဒာနံ၊ ရာဇူနံ ဝရဝံသဇော။
အတီတေ နိမိရာဇာဝ၊ ကာတုံ သဒ္ဓမ္မဇောတနံ။

၃ အနန္တပုညတေဇဿ၊ရတနာသိခ် သာမိနော။
သုတော အာဒိ ခတ္တိယောဝ၊ရာဇဝံသာဘိဝစ္စိနော။
၄ ဇေယျပုရ သာမိကဿ၊ သစက္ကရဋ္ဌဝစ္စိနော။
မိဂသဏ္ဍေ ယထာ သီဟော၊အရိန္ဒမဿ ဘာတိကော။
၅ ရတနပ္ပုရပတိနော၊သေတိ ဘိန္ဒဿ ဘာတိကော။
ဝိန္ဒော သက္ကုဏာ မဇ္ဈေဝ၊ဒုဋ္ဌေဒ ဝေရဘေဒိနော။
၆ ဣတိ အာဒိစ္စဝံသောဝ၊အင်္ဂသမနာဂတော။
ဝိဇိတာဝီ ယထာ ရာဇာ၊အနန္တဗလဝါဟနော။
၇ အနေကာဝုမရတနာ၊ပုရရဋ္ဌာဒိ သာမိကော။
အနေကသေတိ ဘိန္ဒောစ၊ အနန္တပုညဣဒ္ဓိမာ။
၈ အနေကစေတိယာဝါသ၊ကာရကော သိရိလဉ္ဆနော။
သော တမ္ဗဒီပရဋ္ဌမှိ၊သပုညကမ္မနိမ္မိတေ။
၉ ဖီတေ အမရသင်္ကာသေ၊အမရပ္ပုရနာမကေ။
အဇေယျေ အဘိသေကောဝ၊ဒွိက္ခတ္တုံ ဂန္ဓဉာယတော။
၁၀ စက္ကဝတ္တိယ ထူပေတော၊ပဉ္စင်္ဂ ဇေဋ္ဌကာဒိနာ။
ယသပ္ပတ္တော ဝိသောမေသိ၊ရဋ္ဌကမ္မမှိ သာသနံ။
၁၁ တဒါ ပေါရာဏရာဇူဟိ၊ဒိန္နံပိ စေတိယာဒိနံ။
သာသနတ္ထံ တထာယေဝ၊ပဿိတွာန အဘူတကံ။
၁၂ နေဒံ ယုတ္တံတိ စိန္တေန္တော၊ဓမ္မရာဇာ ဟိတက်ရော။
သမာနေတွာ တတ္ထတတ္ထ၊ သဗ္ဗသေလက္ခရာဒိပိ။
၁၃ ယုတ္တာယုတ္တံ ဝိစာရေတွာ၊ဌိတိယာ သာသနဿစ။
ပတ္တိယာစေဝ ဗုဒ္ဓတ္တံ၊ပဋ္ဌိဒေသိ ယထာတထံ။

နေရူ၊မြင်းမိုရ်တောင်မင်းသည်။ သဒါ၊ ကမ္ဘာ့အချင်းပတ်လုံး။
**အနက်ကား** ၁။ ဌိတိယာ၊မြဲမြံတည်ကြည်ခြင်းဖြင့်။ ပါကဋော၊ယထာ၊ ထင်ရှား
စွာ ဖြစ်သကဲ့သို့။အယဥ္စသဒ္ဓမ္မော၊ ဤသာသနာတော်မြတ်သည်
သည်း။သဒါ၊အနှစ်ငါးထောင်အချင့်ပတ်လုံး။ ဌိတိယာ၊ မြဲမြံတည်ကြည်ခြင်းဖြင့်။
ပါကဋော၊ထင်ရှားတည်ထွန်းသည်။ ဘဝတု၊ ဖြစ်စေသတည်း။ ရဝိ၊ နေမင်းသည်။
သဒါ၊ နေ့ညဉ့်မကွာ အခါလေးမြင့်။ ဌိတိယာ၊တည်ကြည်ထွန်းလင်းသဖြင့်။ ပါက
ဋော၊ယထာ၊ထင်ရှားစွာ ဖြစ်သကဲ့သို့။အယဥ္စသဒ္ဓမ္မော၊ ဤသာသနာတော်မြတ်သည်
သည်း။သဒါ၊နေ့ညဉ့်မကွာ အခါလေးမြင့်။ ဌိတိယာ၊တည်ကြည်ထွန်းလင်းသဖြင့်။
ပါကဋော၊ပျံ့နှံ့ထင်ရှားသည်။ ဘဝတု၊ဖြစ်စေသတည်း။ သသီ၊ လမင်းသည်။ သဒါ၊

နှစ်လမချ ဖခါခါပ်သိမ်း။ ငှတိယာ၊ မယိုမယွင်း တည်ကြည်ခြင်းဖြင့်။ ပါကဋ္ဌော ယထာ၊ ထင်ပေါ်စွာ ဖြစ်သကဲ့သို့။ အယဥ္စသဒ္ဓမ္မော၊ ဤသာသနာတော်မြတ်သည် လည်း။သဒါ၊နှစ်လမချ အခါခါပ်သိမ်း။ ငှတိယာ၊ မယိုမယွင်း တည်ကြည်ခြင်း ကြောင့်။ ပါကဋ္ဌော၊စည်ပင် ထင်ပေါ်သည်။ ဘာတု၊ ဖြစ်စေသတည်း။ဣတိမနသိ နိ၀ာယ၊ဤသို့ နှလုံးထားတော်မူ၍။ ရာဇာဓိရာဇ်နော၊မင်းများသေ၌နင်း မင်းတရား ၏။ဣဒံဥဿာဟံ၊ ဤဆိုလတံ့သော သာသနာတော်မြဲမြံခိုင်ခံ့စွာ တည်ကြောင်း ကောင်းစွာအားထုတ်တော်မူခြင်း ဖြစ်သတည်း။

၂။ ဟိဝိတ္ထာရ၀စနံ၊ထိုသို့ အားထုတ်တော်မူခြင်း အကြောင်းအရာကို ဖွင့်ရှယ် ဆိုသည်ကား။သောရာဇာမိရာဇ်နော ထိုမင်းများသေ၌နင်း မင်းတရားသည်။ အတီ တော၊ရှေးလွန်လေပြီးသောအခါ၌။ နိမိရာဇာ၀၊ နေမိမင်းဟာရားကဲ့သို့။ သဒ္ဓမ္မဇော တနံ၊ သူတော်ကောင်းတရား ထွန်းလင်း စည်ပင်ခြင်းကို။ ကာတုံ၊ ပြုအံ့သောငှါ။ အနေကရဋ္ဌေန္ဒနံ၊များစွာသော တိုင်းကားနိုင်ငံကို အစိုးရကုန်သော။ ရာဇူနံ၊ မင်း တရားတို့၏။၀ရဝံသဇော၊မြတ်သော မင်းနွယ်၌ ဖြစ်တော်မူ၏။

၃။ အနန္တပုညတေဇဿ၊ အတိုင်းမသိသော ဘုန်းတန်းခိုး ရှိတော်မူသော။ ရတနာသိခ်သာမိနော၊ ရတနာသိခ်မည်သော ကုန်းဘောင်ပြည်ကြီးရှင် ဖြစ်တော်မူ သော။အာဒိခတ္တိယော၀၊ ကမ္ဘာတည်ဦးမဆ္ဆ မဟာသမ္မတမင်းဘရားကဲ့သို့။ ရာဇာ ဝံသာဘိ၀စိုနော၊ရာဇ၀င်မင်းနွယ်ကို အထူးသဖြင့် ပွာစေတော်မူတတ်သော။မဟာ ဓမ္မရာဇဿ၊ အလောင်းမင်းတရားကြီး၏။ သုတော၊ သားတော်ရင်နှစ်လည်း ဖြစ် တော်မူ၏။

၄။ ဇေယျပုရသာမိကဿ၊ မဟာဇေယျပုရမည်သော စစ်ကိုင်းပြည်ကြီးရှင် ဖြစ်တော်မူသော။ သစက္ကရဋ္ဌ၀ဍ္ဎိနော၊ သာသနာတော်နှင့်တကွ တိုင်းကားနိုင်ငံကို စည်ပင် ပြန့်ပွားစေတော်မူတတ်သော။ မိဂသဿေ၊ သားများဘောင်၌။ သီဟော ယထာ၊ကေသရာဇာခြင်္သေ့မင်းကဲ့သို့။အရိန္ဒမဿ၊ရန်သူများကို ပယ်ရှားဆုံးမတော် မူနိုင်သော။မဟာဓမ္မရာဇဿ၊နောင်တော်မင်းတရားကြီး၏။ ဘာတိကော၊ ညီတော် ရင်းစစ်လည်း ဖြစ်တော်မူ၏။

၅။ ရတနပ္ပုရပတိနော၊ ရတနာပုရ အ၀ရွှေပြည်ကြီးရှင် ဖြစ်တော်မူသော။ သေတိဘိန္ဒဿ၊ ဆင်ဖြူတစီးရှင်လည်း ဖြစ်တော်မူသော။ သကုဏာနံ၊ ငှက်များ ဘောင်၌။ ၀ိဒန္တာ၀၊ကလုန်မင်းကဲ့သို့။ ဒုဇ္ဇေဒ၀ေရဘေဒိနော အောင်မြင် ဖျက်ဆီး နိုင်ခဲသော ရန်သူတို့ကို နှိမ်နင်း ဖျက်ဆီးတော်မူနိုင်သော။ မဟာဓမ္မရာဇဿ၊ နောင် တော်မင်းတရားကြီး၏။ဘာတိကော၊ညီတော်ရင်းစစ်လည်း ဖြစ်တော်မူ၏။

၆။ ဣတိ၊ ဤသို့။ အာဒိစ္စဝံသော၀၊ အာဒိစ္စဝင်စင်စစ် နွယ်ရိုးဖြစ်တော်မူ၍လျှင်။ ဝိဇိတာဝီ ရာဇာယထာ၊ မဟာဝိဇိတာဝီမည်သော မင်းတရားကဲ့သို့။ အင္ဂသမနာဂတော၊ဥဘတော သုဇာတ စသည်အပြား အင်ရှစ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ အနန္တဗလဝါဟနော၊ အဆုံးမရှိသော စစ်သည် ဗိုလ်ပါနှင့်လည်း ပြည့်စုံတော်မူ၏။

၇။ အနေကာပုဗ္ဗရတနပုရဋ္ဌာဗိသာမိကော၊ များစွာသော လက်နက်ကိုရိယာ ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်းစသော ဖြစ်ရာဌာနနှင့်တကွသော ရတနာမြို့ကြီး ပြည်ကြီး တိုင်းကြီး နိုင်ငံကြီး ထီးဆောင်းမင်းများ သခင်လည်း ဖြစ်တော်မူ၏။ အနေကသေတိဘ်န္ဒောစ'ဆင်ဖြူများအရှင်လည်း ဖြစ်တော်မူ၏။ အနန္တပုညတ္ဇဒ္ဓိမာ၊ အဆုံးမရှိသော ဘုန်းတန်းခိုးနှင့်လည်း ပြည့်စုံတော်မူ၏။

၈။ အနေကစေတိယာဝါသကာရကော၊အောင်မြေလောကစေတီ, မြို့ထောင့်, ရွှေကူလေးဆူ တရာ့ငါးဆယ်သော ရွှေကူ ရခိုင်မဟာမုနိဘုရားစသည် များလှစွာသော စေတီ, များလှစွာသော ကျောင်းတော်ဒါယကာလည်း ဖြစ်တော်မူ၏။သိရိလဍ္ဍနော၊ကြက်သရေပြရာ သီရိသဒ္ဒါလျှင် အစရှိတည်သော "သီရိပဝရ ဝိဇယာနန္တ ယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ" ဟူသော ကျေးဇူးဘုန်းကံကြောင့်ဖြစ်သော တံဆိပ်နာမံတော်ဖြင့်လည်း ကျော်စောထင်ရှားတော်မူ၏။သော မဟာရာဇာ၊ထိုတရားမင်းမြတ်သည်။တမ္ဗဒီပရဋ္ဌမှိ၊တမ္ဗဒီပမည်သော တိုင်းကြီး၌။သပုညကမ္မနိမ္မိတော၊ဘုန်းကံပါရမီတော်ဖြင့် ဖန်ဆင်းအပ်သော။

၉။ အမရသက်ာသေ၊ နတ်ပြည်သဖွယ်ဖြစ်သော။ ဗီတော၊ ဝေ့ပြောစည်ပင်စွာသော။အဇေယျော၊ရန်သူတို့ မအောင်နိုင်ရာဖြစ်သော။ အမရပုရနာမကော၊ အမရပုရမည်သော ရွှေပြည်တော်ကြီး၌။ ဒွိက္ခတ္တုံ၊နှစ်ကြိမ်တိုင်တိုင်။ ဂန္ဒာဉာယတော၊ကျမ်းဂန်ထုံးစံနည်း အသင့်အားဖြင့်။အဘိသေကော၀၊ဘိသိက်ခံတော်မူပြီး၍လျှင်။

၁၀။ ပဉ္စင်္ဂဇေဋ္ဌကာဗိနာ၊ သုဇာတ, အဘိရူပ စသည်ငါးမည်နှင့် ယှဉ်သော သားတော်ကြီးစသော ရတနာနှင့်။ဥပေတော၊ ပြည့်စုံတော်မူသည်ဖြစ်၍။ စက္ကဝတ္တိယထာ၊စကြာမင်းကဲ့သို့။ ယသပ္ပတ္တော၊ စည်းစိမ်ချမ်းသာသို့ ရောက်တော်မူသည်ရှိသော်။ ရဋ္ဌကမ္မမှိ၊ တိုင်းရေး ပြည်ရေးကိုလည်း။ ပဝေဏိဂတဝိဓိနာ၊ တိုင်းဖက်ခြင်းစသော ထုံးနှုန်း အစီအရင်ဖြင့်။ဝိသောဓေသိ၊ သုတ်သင်ပြုစုတော်မူ၏။ သာသနမှိ၊ သာသနာအရေးကိုလည်း။ အဓမ္မနိသေဝနာဒိနာ၊လက်ကန်တော့တင်စသော အဓမ္မဝါဒကို မြစ်ခြင်း, ငါးဆယ်မကသော တိုင်းကား မြို့ရွာသို့ သာသနာပြု စေလွှတ်တော်မူခြင်းစသော အစီအရင်ဖြင့်။ဝိသောဓေသိ၊ပြုစုသုတ်သင်တော်မူ၏။

၁၁။ တဒါ၊ထိုအခါ၌။သာသနတ္ထံ၊သာသနာတော်ကို ချီးမြှင့်ခြင်းအကျိုးငှါ။ စေတိယာဒီနံ၊ စေတီပုထိုး, ကျောင်းကန်, သံဃာတို့အား။ ပေါရာဏရာဇူဟိ၊ ရှေးဘေးလောင်းတော် မင်းတရားတို့သည်။ ဒိန္နမ္ပိ၊ ပေးလှူခဲ့သော ဝတ္ထုကံ မိုး မြေကိုလည်း။တထာယေဝ၊ ထိုသို့ ပေးလှူခဲ့တိုင်းလျှင်။ အဘူတက်၊ သမိုင်း ကျောက်စာယိုယွင်းသည် အနှောက်ဖျက်ရှိသည်စသော အကြောင်းအားဖြင့် မမြဲမတည်သည်ကို။ပဿိတွာန၊ရှေ့ညာဏ်တော်ဖြင့် ရှုတော်မူ၍။

၁၂။ ဣဒံ၊ ဤသာသနာတော်နှင့်စပ်သော ဝတ္ထုကံ မိုးမြေ၏ မမြဲမတည်ခြင်းသည်။နယုတ္တံ၊ မသင့်လေ။ဣတိ၊ဤသို့လျှင်။ စိန္တေတွာ၊ ကြံဆင်ခြင်တော်မူလျက်။ ဟိတက်ရော၊တိုင်းကားနိုင်ငံနှင့်တကွ ဘုရားသာသနာတော်မြတ် စီးပွားများခြင်းကို ပြုတော်မူတတ်သော။ ဓမ္မရာဇာ၊ တရားမင်းကြီးသည်။ တတ္ထတတ္ထ၊ ထိုထိုအရပ်၌။ သဗ္ဗသေလက္ခရာနိပိ၊အလုံးစုံသော ကျောက်စာတို့ကိုလည်း။ သမာနေတွာ၊ကောင်းစွာစုရုံးစေ၍။

၁၃။ ယုတ္တာယုတ္တံ၊သိုသင့် သိုမသင့်။ဝိစာရေတွာ၊စီစစ်ဆင်ခြင်တော်မူ၍။ သာသနဿ၊သာသနာတော်မြတ်၏။ဋ္ဌိတိယာစ၊ တည်ကြည်မြဲမြံစေခြင်းငှါငှင်း။ ဗုဒ္ဓတ္တံ၊ သဗ္ဗညုတဆုသို့။ပတ္တိယာစေဝ၊ ရောက်စေခြင်းငှါလည်းကောင်း။ ယထာတထံ၊ရှေးလှူရင်းတိုင်း မှန်ကန်သင့်တင့်စွာ။ပဋ္ဌိဒေသိ၊မော်ကွန်းစိုက်ထူ ကြည်ဖြူ လှူဒါန်းတော်မူပြန်သတည်း။

ဤသို့ ရှေးဦးစွာ ဂါထာဗန္ဓ ပါဠ်,အနက်ကို ရေးတင်ပြီးမှ ရှေးကျောက်စာရင်းရှိတိုင်း နယ်ပယ် အမှတ်အသားနှင့် အသေအချာ ရေးတင်ရမည်။

## ထီးဆောင်းတော်မင်္ဂလာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မင်းဧကရာဇ် အဆက်ဆက် ထီးဆောင်းမင်္ဂလာ ဥကင်တော် ဖွင့်လျှင် မြို့ပြင်သင့်ရာမှာ မဟာသင်္ကြန်တော် ခေါ်ရသည်၊တစုံတခု တိတ်နိမိတ် ဥပဒ်အန္တရာယ် အစီးအနင်းကြုံ၍သော်လည်းကောင်း၊ဖုဿနက္ခတ်နှင့်ကြုံ၍သော်လည်းကောင်း သင်္ကြန်ခေါ်လျှင် အတွင်းတော်မှာ ခေါ်ရသည်၊ သည်အရာများကို ပညာရှိတို့ ထုံးတမ်းဖြစ်၍ စီရင်ကြသည်၊ ဇာတ်နိပါတ်

ကျမ်းဂန်ထွက်နှင့် မညီမညွှတ်ရှိသည်၊ ပြင်မှာသာ ခေါ်သင့်သည်၊ အတွင်းမှာပင် ခေါ်သင့်သည်များကို သိတော်မူသာအောင် ဆရာတော်ကို လျှောက်၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ပါရသည်ဖြစ်၍ မဟာဒါန်ဝန်ကို လျှောက်ထားလှာပါစေသည်၊ မေးတော်မူချက်အရကို ထောက်၍ သိတော်မူသာအောင် စာသွင်းတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၇-ခု တော်သလင်းလပြည့်ကျော်(၆)ရက်နေ့ မဟာဒါန်ဝန် ဘယနန္ဒသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သင်္ကြန်တော် ခေါ်ခြင်းသည် မြို့ပြင် သင့်ရာမှာ ခေါ်ခြင်း, အတွင်းတော်မှာ ခေါ်ခြင်း ထုံးစံနှစ်ရပ်ရှိသည်၊ ထိုနှစ်ရပ်တွင် မြို့ပြင် သင့်ရာမှာ သင်္ကြန်တော်ခေါ်ခြင်းထုံးစံရှိကြောင်းကို မဟာသုတသောမမင်းကြီးသည် ထက်ဝန်းကျင် သုံးယူဇနာပမာဏရှိသော အစောင့်အရှောက်နှင့်တကွ အချင်းချင်း စပ်ရှက် ထိခိုက်အောင်မျှ ခြံရံအပ်သော ဆင်သည်, မြင်းသည်, ရထားသည်, လေးသည်, သူရဲဓားလှံ စသည် လက်နက် စွဲသော ခြေသည် သူရဲတို့နှင့် ဣန္ဒပတ္တနဂိုရ်ပြည်မှ မိဂါဇိန် မည်သော ဥယျာဉ် ရေကန်သို့ထွက်၍ ဖုဿနက္ခတ်နှင့် တနလ်ာဂြိုဟ်ယှဉ်ကြိုက် သင်္ကြန် ခေါ်ကြောင်းကို—

အဇ္ဇ ဖုဿနက္ခတ္တယောဂေန သီသံ နှာယိတုံ အာဂတောမှိ။

ဟူ၍ အသီတိနိပါတ် မဟာသုတသောမဇာတ်၌ လာခြင်းကြောင့် သိအပ်သည်။

**အနက်ကား** အဇ္ဇ၊ယနေ့။ ဖုဿနက္ခတ္တယောဂေန၊ ဖုဿနက္ခတ်နှင့် ဟနလ်ာယှဉ်ခြင်းကြောင့်။သီသံနှာယိတုံ၊သင်္ကြန်ခေါ်ခြင်းငှါ။ဥယျာနံ၊ မိဂါဇိန်ဥယျာဉ်သို့။အာဂတော၊ထွက်သည်။အမှိ၊ဖြစ်၏။

အတွင်းတော်မှာ သင်္ကြန်တော်ခေါ်ခြင်း ထုံးစံရှိကြောင်းကိုလည်း မဟာသုဒဿနစကြာမင်းသည် ပန္နရသီဥပုသ်နေ့၌ တသိန်းခန့်သော ဥစ္စာကို စွန့်ကြဲသပြင့် အလှူကြီး ပေးပြီးလျှင် တဆယ့်ခြောက်လုံးသော နံ့သာရေတို့ဖြင့် သင်္ကြန်ခေါ်၍ ဒါန,သီလစသော ကုသိုလ်ကို ဆင်ခြင်လျက် မြတ်သောပြာသာဒ်ထက် နေစဉ်စကြာရတနာ ရောက်ကြောင်းကို မဟာသုဒဿနသုတ်၌—

ဣမဓာနန္ဒရညော မဟာသုဒဿနဿ တဒဟုပေါသထေ ပန္နရသေ သီသံ့နှာတဿ ဥပေါသထိကဿ ဥပရိပါသာဒဝရဂတဿ ဗိဗ္ဗံ စက္ကရတနံ ပါတုရဟောသိ၊သဟဿာရံ သနေမိကံ သနာဘိကံ သဗ္ဗာကာရ ပရိပူရံ။

ဟူ၍ လာခြင်းကြောင့် သိအပ်သည်။

**အနက်ကား** အာနန္ဒ၊ချစ်သားအာနန္ဒာ။ ဣမေ၊ဤကုသာဝတီပြည်၌။ မဟာသုဒဿနဿ၊ မဟာသုဒဿန မည်သော။ ရညော၊ မင်းတရားအား။ပန္နရသေ ပန္နရသီဖြစ်သော။တဒဟုပေါသထေ၊ ထိုဥပုသ်နေ့၌။သီသံနှာတဿ၊ သကြံန်ခေါ်ပြီးသည်ဖြစ်၍။ ဥပေါသထိကဿ၊ ဥပုသ်သုံးပြီးသည်ဖြစ်၍။ဥပရိပါသာဒဝရဂတဿ၊မြတ်သောပြာသာဒ်ထက်နေစဉ်။သဟဿာရံ၊ အကန့်တထောင်ရှိသော။သနေမိကံ၊အကွပ်ရှိသော။ သနာဘိကံ၊ ပုံတောင်းရှိသော။ သဗ္ဗာကာရပရိပူရံ၊အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံသော။ ဗိဗ္ဗံစက္ကရတနံ၊နတ်စကြာရတနာသည်။ပါတုရဟောသိ၊ထင်ရှားဖြစ်၏။

သိဝိတိုင်း အရိဋ္ဌပြည်၌ သိဝိရာဇ်မင်းကြီးသည် တဆယ့်ခြောက်လုံးကုန်သောနံ့သာရေတို့ဖြင့် သကြံန်ခေါ်ပြီးလျှင် တန်းဆာဆင်သော ဆင်ထက် တက်စီး၍ အလှူကြီးပေးကြောင်းကို ဝိသတိနိပါတ် သိဝိရာဇဇာတ်၌ ဆိုခြင်းကြောင့်လည်း အတွင်းတော်မှာ သကြံန်ပော်ခေါ်ခြင်း ထုံးစံရှိသည်ကို သိအပ်သည်၊ ယင်းသို့ သကြံန်တော်ခေါ်ခြင်း ထုံးစံနှစ်ရပ်ရှိသည်တွင်ကား အခမ်းအနား အကြီးအကျယ်နှင့် သကြံန်တော်ခေါ်လိုသည်ဖြစ်လျှင် မြို့ပြင်သင့်ရာမှာ ခေါ်တော်မူသော် သင့်မည်၊ အခမ်းအနားအကြီးအကျယ်နှင့် ခေါ်တော်မူလိုသည် ဖြစ်မူကား ရွှေမြို့တော်အတွင်းမှာပင် ခေါ်တော်မူသော် သင့်မည်၊ သကြံန်ခေါ်တော်မူသည်နေ့၌လည်း မဟာသုဒဿနမင်း သိဝိရာဇ်မင်းစသော ရှေးမင်းတရားတို့ကဲ့သို့ ဒါန သီလစသော ကုသိုလ်ကောင်းမှုတို့ကို အတိုင်းထက်အလွန် အားထုတ်တော်မူသင့်သည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## မဲခေါင်း ဥက္ကာမ်း ရေတော်ပွဲ

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရွှေနန်းတော် ပြာသာဒ်တော်တွင် မာရဘင် ဥကင် ရာဇပလ္လင် တည်ထားသည့်အရာမှာ အထက် ၁၀ဂ၆-ခု တနင်္ဂနွေမင်း လက်ထက် နန်းဥကင်များနှင့် နောင်တော် ဆင်ဖြူရှင်

လက်ထက် အ၀မြို့မှာ တည်သည့် နန်းပြာသာဒ် မတူ ကွဲလွဲသည်ဖြစ်၍ လောကီစာဟောင်းများမှာ ရှာလျှင် ၁၀၀၆-ခု နန်းပုံများနှင့် ညီသည်၊ ယခု တည်လုပ်သည့်နန်းမှာ မာရဘင် ဥကင် ရာဇပလ္လင်များ မညီသည်ဖြစ်၍ ပညာရှိများကို မေးလျှင် အထက်စာဟောင်းစာတမ်းအတိုင်း အတွင်းသို့ ပြောင်းသင့်သည်ကို အသီးအသီး လျှောက်ကြသည်၊ နောင်တော်ဆင်ဖြူရှင်လက်ထက်ကသည် ယခု နန်းတော်တိုင် တည်လုပ်ရှိသည့်ထုံးစံနှင့်အညီ အထက် စာတမ်းဟောင်းရှိသည့်အတိုင်း အတွင်းသို့ ပြောင်းသင့် မပြောင်းသင့်ကို အတွင်းဝန်တို့က ဆရာတော်ကိုလျှောက်ရမည်အမိန့်တော်ကို ဦးထိပ်ထက် ရွက်ရပါသည်၊ ပညာရှိအရပ်ရပ် လျှောက်ချက် စာနှင့်တကွ မေးလျှောက်ပါသည်၊လျှောက်ချက်အရများကို ထောက်၍ အမိန့်တော်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ရှင်ပင်ဘုရား။

**၁၁၄၈-ခု ဝါခေါင်လဆန်း(၂)ရက်နေ့ ရှင်မိဖုရားကြီးဝန်နှင့် စည်သူနန္ဒမိတ်တို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရွှေနန်းပြာသာဒ်တော်တွင် ရာဇပလ္လင် ဥကင်တော်သည် စာဟောင်းစာတမ်း ထုံးစံနှင့် မညီမညွတ် ရှိသည်ကို ထုံးစံနှင့်ညီညွတ်အောင် ပြောင်းသင့်မည်။ နောင်တော်ဆင်ဖြူရှင်လက်ထက် တည်ထားခဲ့သည့်နေရာဘွင် မပြောင်းပဲ တည်စေသင့်မည်ဟူသည်မှာ စာဟောင်းစာတမ်း ထုံးစံဥပဒေ လာရှိသည်နှင့် သင့်ခြင်းသည်သာ အခမ်းအနား အသုံးအဆောင် စီရင်ခန့်ထားမှုမှာ ပဓာနဖြစ်၍ ထုံးစံဥပဒေ မပျက်မယွင်း သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် ဆင်းသက်လျက် အပရိဟာနိယမမှု ပြည့်ပွားရာသောအကြောင်းများနှင့်အညီ ပြောင်း ပြင်သင့်သည်ပင် ဖြစ်သည်၊ ထုံးစံဥပဒေ ဆိုသည်မှာလည်း ဒသမဘာဂ အခွန်အတုတ် ခံယူခြင်းများကဲ့သို့ ကမ္ဘာဦးက မဟာသမ္မတမင်းမှစ၍ ဆင်းသက်သော ထုံးစံလည်းရှိသည်၊ ဒဏ်ထိုက်သောသူကို အလျှောက်ဒဏ်စသည် ထားခြင်း ထုံးစံများကဲ့သို့ ကမ္ဘာအလတ် အလျားတွင် ဖြစ်ထွန်းသော ထုံးစံလည်းရှိသည်၊သီဟိုဠ်ကျွန်း လောရမည်သော ကျေးမင်းလက်ထက် တရားစည် ခေါင်းလောင်းထား၍ ပြည်သူပြည်သားတို့ ခတ်တီးရသည့် ထုံးစံများကဲ့သို့ ယခုကာလမှ ပေါ်ရှိသည့် ထုံးစံလည်းရှိသည်၊ ယင်းသို့

ရှိသည့် ထုံးစံများသည် နောက်ကာလ မင်းတရားတို့မှီရန် ထုံးစံဥပဒေပင် ဖြစ်၍ အကျိုးစီးပွား များမည်ဖြစ်လျှင် မပယ်မဖျက်သင့်သော ထုံးစံချည်းပင် ဖြစ်သည်တွင် ရာဇပလ္လင် ဥကင် အတည်အထား ထုံးစံဥပဒေမှာ မဟာဇနကဇာတ်, ကုမာသဇာတ် စသည်များမှာ ပြာသာဒ်တော်အတွင်း အလယ်ခန်းမတွင် ခင်းကျင်းတည်ထားသည် လာသည်ကို ထောက်သော် ကမ္ဘာဦးမဆွ ကာလ အမြင့်အရှည်က ဆင်းသက်သော ထုံးစံလည်း ဖြစ်သည်၊ မဟာမာယာဝတ္ထု, သီရိမမွာသောကဝတ္ထု စသည်များမှာ ပြာသာဒ်တော်အတွင်း အလယ်ခန်းမတွင် ရာဇပလ္လင် ဥကင်ရှိသည် ဆိုသည်များကို ထောက်သော် ကမ္ဘာအလတ်အလျားက ဆင်းသက်သောထုံးစံလည်း ဖြစ်သည်၊ ရှင်သီလဝံသဆို ရွှေနန်းကျော့ရှင် နန်းဖွင့်၊ ရှင်အဂ္ဂသမာဓိဆို ဘုံခန်းပျိုလင်္ကာ၊ ၁၀၈၆—ခု စာတမ်းအဆိုအရ စက္ကမွေရေး ပုံအနေအထားများကို ထောက်သော် ယခု နောက်ကာလ ဘေးလောင်းတော်, ဘိုးလောင်းတော်တို့ လက်ထက်တိုင် ဆင်းသက်သော ထုံးစံလည်း ဖြစ်သည်၊ ယင်းသို့ ပြာသာဒ်တော်အတွင်း အလယ်ခန်းမမှာ ရာဇပလ္လင် ဥကင်တည်ထားခြင်းသည် ထုံးစံဥပဒေ သုံးပါးပြားသည်နှင့် ညီညွတ်သင့်တင့်သည်ဖြစ်၍ ထုံးစံဥပဒေသုံးပါးပင် မည်ခြင်းကြောင့် ခိုင်ခံ့စွာ ထာဝရဥပဒေ ထုံးစံလာရှိတိုင်း ပြောင်းပြင်သင့်သည်၊ ပြောင်းပြင်ခြင်းသည်လည်း ဟောင်းနွမ်းသည့်အရာကို ပြောင်းပြင်ခြင်း, ထုံးစံဥပဒေ ပဝေဏီ ဆင်းသက်သည်နှင့် မညီမညွတ်သည့်အရာကို ပြောင်းပြင်ခြင်း, မဟောင်းမနွမ်း ထုံးစံဥပဒေ မယိုမယွင်းသည့်အရာကို အတိုင်းထက်အလွန် ကောင်းမွန်တင့်တယ်စိမ့်သောငှါ ဘုန်းပါရမီနှင့်လျော်စွာ ပြောင်းပြင်ခြင်းဟူ၍ ယုတ္တိသဘော အသင့်အားဖြင့် သုံးပါးအပြား ရှိသည်တွင် ယခု ဥကင် ရာဇပလ္လင်တော်ကို ပြောင်းပြင်မည်မှာ ထာဝရထုံးစံနှင့် မညီမညွတ်၍ ညီညွတ်စေလိုသောကြောင့်တကြောင်း၊ ဘုန်းပါရမီ ကြီးမြတ်တော်မူသည်နှင့် လျော်စွာ အတိုင်းထက်အလွန် လျောက်ပတ် တင့်တယ်စေလို၍တကြောင်း ပြောင်းတော်မူခြင်းဖြစ်၍ မသင့်မဟုသာ။ "အပညတ္တံ န ပညပေသိ" ဟူ၍ ဘေးလောင်းတော် ဘိုးတောင်းတော်တို့ ပဋ္ဌမပညတ်သည့်အရာ ထုံးစံဥပဒေ မလာမရှိသည်ကို မထား မပညတ်သည့်အရာ ထုံးစံဥပဒေ မလာမရှိသည်ကို မထား မပညတ်သင့် ဆိုခြင်းကြောင့် ဘေးလောင်းတော်, ဘိုးလောင်းတော် မင်းတရားတို့လက်ထက် ဆင်းသက်သည့် ထုံးစံ မဟုတ်သည့် အနေအထားကို သိမ်း၍ ၎င်းမင်းတရားတို့မှ ဆင်းသက်သည့် ထုံးစံ အနေအထားနှင့် လျော်အောင် ပြောင်းပြင်ခြင်းသာ သင့်မြတ်သည်။

မြေနန်းပြာသာဒ်တော်တွင် သီဟာသန၊ ရွှေဇေတဝန်ဆောင်တော်တွင် ဟံသာသန၊ နောက် ဇေတဝန်ဆောင်တော်တွင် ပဒုမာသန ရာဇပလ္လင်ကို လုပ်ဆောင်ရမည် အမိန့်တော်ရှိသည်မှာလည်း ရာဇပလ္လင်လုပ်သည့် စာတမ်းထုံးစံ အခြယ်အလှယ်

ရှိရင်းတိုင်းတွင် သီဟာသနရာဇပလ္လင်တော်မှာ ကျူနှင့် ခြသေ့ခံစေ၍၊ ဟံသာသန ရာဇပလ္လင်တော်မှာ ကျူနှင့် ဟသ်ာခံစေ၍၊ ပဒုမာသန ရာဇပလ္လင်တော်မှာ ကူမပါ ကြာပဒုမာပွင့် အရိုးအရွက် အပြည့်အစုံနှင့် ခံစေ၍၊ သစ်ကိုးပါးတွင် အစားအကြွင်း သင့်သည့် သစ်နှင့် လုပ်ဆောင်သင့်သည်၊စာတမ်းထုံးစံ ရှိသည်အတိုင်း လောကနတ် စသည် အခြယ်အလှယ် အရန်းအတားများကိုလည်း ပါစေသင့်သည်၊ ရာဇပလ္လင် လုပ်ရိုးထုံးစံ စာတမ်းပါရှိသည့် အရာများလည်း သင့်မြတ်သည်ပင် ဖြစ်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် ကရားမင်းမြတ်။

~~~~~~~~~~

## ဗြာဟ္မဏစာရိတ္တ

လျှောက်ထားပါသည် ဆရာတော်ဘုရား—

နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်းရှိသည့် ပုဏ္ဏားများ သည် အကျင့်စာရိတ္တ ပျက်ပြားသည်၊ မပျက်မပြား မှန်ကန် အောင် ကျင့်ဆောင်မည်ကို နှိုင်းခိုင်း၍ ဆုံးမတော်မူရမှ ကုသိုလ်ပါရမီတော် ပွားများမည် ဖြစ်သည်၊မည်သို့ သာသနာ ကျမ်း,လောကီကျမ်းများမှာ ပုဏ္ဏားတို့ ကျင့်ဆောင်နည်း လာ သည်ကို ဆရာတော်မှာ လျှောက်ချေ စေတော်မူ၍။

**၁၁၄၈-ခု ဝါခေါင်လဆန်း(၄)ရက်နေ့ မင်းကြီး နန္ဒကျော်ထင် လျှောက်လှာ သည်တွင် အမိန့် ရှိလိုက်သည်ကား—**

ကမ္ဘာဦးကာလ မဆွက ဗြဟ္မာ့ပြည်မှ ဗြဟ္မာတို့ စုတေ၍ ဥပပတ်ဖြစ်လှာကုန် လျှင် မိမိတို့ ကိုယ်ရောင်ကိုယ်ဝါဖြင့် အလင်းကို ရလျက် ပီတိဟူသောတရား အာ ဟာရကိစ္စကို ပြီးစေသဖြင့် တည်နိုင်ကုန်သည်၊ ထိုနောင် ရသပထဝီကို စားကုန် သည်တွင်မှ ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပ၍ နေ,လ ပေါ်သည်၊ ရသပထဝီ ကွယ်ပြန် လျှင်လည်း မြေဆီမြေလွှာ ပဒါလတာ သလေးစပါးတို့ကို အစဉ်အတိုင်း တပါးကွယ် တပါးရ စားကုန်ကြ၍ သိုမှီး သိမ်းထားကြသဖြင့် အဒိန္နဒါန်စသော ဖေါက်ပြန် သော အကျင့်ဖြစ်ကြသည်တွင် စီရင်ဆုံးမစိမ့်သောငှါ မဟာသမ္မတမင်းဟု ဘိသိက် သွန်းမြှောက်သည်ကာလမှ မင်းမျိုး စ၍ဖြစ်သည်။ယင်းသည့် ကမ္ဘာဦးသူအပေါင်း တွင် မကောင်းမှုကိုရှုံရှာ၍ အပပြုတတ်ကုန်သော သူတို့ကို ဗြာဟ္မဏဟု သမုတ်သည့် ကာလမှ ပုဏ္ဏားမျိုး စ၍ဖြစ်သည်။ လယ်လုပ်ခြင်း,ကုန်သွယ်ခြင်းစသော အိမ်ထောင်
~~~~~~~~~~

မှု ပြုကုန်သောသူတို့ကို ဝေဿဟု သမုတ်အပ်သည့်ကာလမှ ကုန်သည်မျိုး စ၍ဖြစ်သည်။ သူတပါးတို့အမှုကို ဆောင်ရွက်ခြင်း စသည်ဖြင့် ဆင်းရဲကြမ်းကြုတ်သော အကျင့်ရှိသည့်သူတို့ကို သုဒ္ဒ ဟု သမုတ်သည့်ကာလမှ သူဆင်းရဲမျိုး စ၍ဖြစ်သည်ဟူ၍ ကမ္ဘာဦးက အမျိုးလေးပါး ဖြစ်ဟန်ကို သုတ်ပါထေယျဝါ အဂ္ဂညသုတ်။ ဂါ၊ ဂါ—အင်္ဂါ၌ လာသည်။

ယင်းသို့ အမျိုးလေးပါး ဇာစဖြစ်ဟန် မူလကို မသိနိုင်ကြ၍ ကြံဆသဖြင့် ဗြဟ္မာကြီးအား အဖွဲ့၊ အနီ၊ အရွေ့၊ အညို ခံတွင်းလေးဝရှိသည်တွင် ပုဏ္ဏားမျိုးကား—အဖွဲ့မှ၊ မင်းမျိုးကား—အနီမှ၊ ကုန်သည်မျိုးကား—အရွေ့မှ၊ သူဆင်းရဲမျိုးကား—အညိုမှ ဖြစ်သည်ဟု "ဗြဟ္မာ စတုမ္မုခံစေဝ" အစရှိသည့် ဂါထာနှင့်တကွ သဒ်ကရိုက်ကျမ်းမှာ ရှေးပုဏ္ဏားများ ထားခဲ့ကြသည်ကို ယခု နောက်ကာလ ပုဏ္ဏားများလည်း အဟုတ် ယူမှတ်လေသည်၊ ကမ္ဘာဦးက ဖြစ်ပွားသော ပုဏ္ဏားတို့ အကျင့်ကိုလည်း တောမှာနေ၍ ဆွမ်းခံစားသဖြင့်သာ အသက်မွေးလျက် ဈာန်ကို ဖြစ်စေနိုင်ကုန်သည်၊ ယင်းသို့ မဖြစ်စေနိုင်လျှင် မြို့ရွာအနီး၌ နေ၍ ဗေဒင် လေ့လာသင်ကြားကုန်သည်ဟူ၍ ယခင် အဂ္ဂညသုတ်၌ ဟောတော်မူသည်။

နောက်ကာလကျွားလသော်ကမ္ဘာဦး ပုဏ္ဏားတို့မှ ဇာတ်ပျက်ပြားသဖြင့် ပုဏ္ဏားမျိုးငါးပါး ရှိကြောင်းကိုလည်း အင်္ဂုတ္တိုရ် ဒေါနသုတ် (၄)အင်္ဂါ စသည်၌ ဟောကြားတော်မူသည်။

ငါးပါးဟူသော်ကား—

၁ မိမျိုး ဘမျိုး ပုဏ္ဏားစစ်လျက် လေးဆယ့်ရှစ်နှစ် လုလင်၏ အဖြစ်ဖြင့် မြတ်သောအကျင့်ကို ကျင့်၍ ဗေဒင်သင်ပြီးမှ ဆွမ်းခံဝတ်ဖြင့်သာ ရသောဥစ္စာဖြင့် ဆရာ့ကျေးဇူးကိုဆပ်၍ ရသေ့ပြုပြီးလျှင် ဗြဟ္မဝိဟာရတရား လေးပါးကို ပွားစေသဖြင့် ဈာန်ရ၍ ဗြဟ္မာပြည်၌ဖြစ်သော ဗြဟ္မသမပုဏ္ဏားမျိုး၊

၂ ရှေးနည်း ဗေဒင်သင်၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးလျှင် ပုဏ္ဏေးမစစ်ကို အလှူရှာခံ၍ သားတယောက်မြင်ပြီးမှ ရသေ့ပြု၍ ဈာန်ကို ရစေသဖြင့် ဗြဟ္မာပြည်၌ဖြစ်သော ဒေဝသမပုဏ္ဏားမျိုး၊

၃ ရှေးနည်း ဗေဒင်သင်၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးလျှင် ပုဏ္ဏေးမစစ်ကိုသာ အလှူရှာခံ၍ သားတယောက်မြင်ပြီးမှ ရသေ့မပြုပဲ နေသော မရိယာဒ ပုဏ္ဏားမျိုး၊

၄ ရှေးနည်းတူ ဗေဒင်သင်၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးလျှင် ဝယ်သဖြင့်ပင် လည်း မည်သည့်အမျိုးမဆို သား ခင်ပွန်းရှာ၍ ရသေ့မပြုပဲ နေသော သမ္ဘိန္နမရိယာဒပုဏ္ဏားမျိုး၊

၅ ရှေးနည်း ဗေဒင်သင်ပြီးလျှင် ဆွမ်းခံဝတ်ဖြင့်သာ ဥစ္စာမရှာ ဓမ္မ,အဓမ္မ နှစ်ပါးဖြင့်ပင် ရှာ၍ ဆရာ့ကျေးဇူးကို ဆပ်ပြီးမှ ဝယ်သဖြင့်ပင်လည်း မည်သည့်အမျိုးမဆို သားခင်ပွန်း ရှာ၍ ရသေ့မပြုပဲနေသော ဗြာဟ္မဏ စဏ္ဍာလပုဏ္ဏားမျိုး—ဟူ၍ ငါးပါးတည်း။

ယင်းသည့် ပုဏ္ဏားမျိုးငါးပါးတို့မှ ဇာတ်ပျက်ပြားပြန်၍ ပုဏ္ဏားမျိုး ဆယ်ပါး ရှိပြန်ကြောင်းကိုလည်း ဒသဗြာဟ္မဏဇာတ် (တိ)အင်္ဂါစသည်၌ ဟောတော်မူသည်။

ဆယ်ပါး ဟူသော်ကား—

၁ ဆေးသမားကဲ့သို့ ဆေးကုသော တိကိစ္ဆကသမပုဏ္ဏားမျိုး၊
၂ ကျေးကျွန်ကဲ့သို့ အစေအပါးခံသွားသော ပရိစာရိကသမပုဏ္ဏားမျိုး၊
၃ နှိပ်စက်သကဲ့သို့ မပေးပဲကို မထဟူ၍ အလှူခံတတ်သော နိဂ္ဂါဟကသမ ပုဏ္ဏားမျိုး၊
၄ မီးလောင်ငုတ် နုတ်တူးသောသူကဲ့သို့ ငြစ်နွမ်းသော ကိုယ်ရှိသော ခါဏုဃာတသမပုဏ္ဏားမျိုး၊
၅ ကုန်သည်ကဲ့သို့ ကုန်သွယ်သော ဝါဏိဇ္ဇကသမပုဏ္ဏားမျိုး၊
၆ သေဋ္ဌေးသူကြွယ်ကဲ့သို့ နွား, ကျွဲ, ဆိတ်, ဝက်, ကြက်, ငှက်, ဆင်,မြင်း မွေး၍ လယ်ယာလုပ်သော အမ္ဗဋ္ဌသမပုဏ္ဏားမျိုး၊
၇ နွားသတ်မျိုးကဲ့သို့ နွား, ကျွဲ, ဆိတ်, ဝက်သတ်သော ဂေါဃာတက သမပုဏ္ဏားမျိုး၊
၈ ခိုးသူကဲ့သို့ လုယက်တတ်သော ဂေါပနိသာဒိသမပုဏ္ဏားမျိုး၊
၉ မုဆိုးကဲ့သို့ သား ငါး ရှာမှီး၍ အသက်မွေးတတ်သော လုဒ္ဒကသမ ပုဏ္ဏားမျိုး၊
၁၀ ချေးတွန်း ဆတ္တာသည်ကဲ့သို့ မင်းတို့အား ရေချိုးတတ်သော မလမဇ္ဇ သမပုဏ္ဏားမျိုး—ဟူ၍ ဆယ်ပါးတည်း။

ယင်းသို့ များပြားသော ပုဏ္ဏားမျိုးတို့ကို မသိနိုင်ကြ၍ နောက်ကာလ အထင် အားဖြင့်သာ လောကီကျမ်းများ၌ မင်းစေ မင်းခမပြု၊ကုန်မသွယ်၊ အစေအပါးမခံ၊ အလှူခံခြင်း ဟောခြင်းဖြင့်သာ အသက်မွေးသော ဗြာဟ္မဏပုဏ္ဏားမျိုး, သူရဲသူခက်

မင်းမှုထမ်းပြု၍ အသက်မွေးသော ခေတြပုဏ္ဏားမျိုး, ကုန်သွယ်သော ဗိသျှပုဏ္ဏားမျိုး, အစေအပါးခံ၍ အသက်မွေးသော သုဒြပုဏ္ဏားမျိုး—ဟူ၍ လေးပါးပြားကြောင်းကို လာရှိသည်နှင့်အညီ ယခုကာလ ပုဏ္ဏားမျိုးလေးပါးသာ ထင်ရှားရှိသည်၊ ယင်းသည့် အလုံးစုံသော ပုဏ္ဏားမျိုးတို့၏ အကျင့်ငါးပါး ရှိကြောင်းကိုလည်း အင်္ဂုတ္တိုရ် (၅) အင်္ဂါစသည်၌ ဟောကြားတော်မူသည်။

ငါးပါးဟူသော်ကား—

၁ ပုဏ္ဏေးမနှင့်သာ စပ်ရှက်ခြင်း၊
၂ ဥတုလာသောကာလတွင်သာ သံဝါသမူခြင်း၊
၃ မရောင်းမဝယ်မူ၍ ချစ်ခင်သဖြင့်သာ သားခင်ပွန်းမူခြင်း၊
၄ ရွှေ,ငွေဥစ္စာတို့ကို မသိုမှီးခြင်း၊
၅ အလှူခံသဖြင့်သာ ညစာ နံနက်စာ ရှာမှီးခြင်း—ဤငါးပါးတည်း။

ယင်း ငါးပါးလည်း ချီးခြံသော အကျင့်ဖြစ်၍ တရားနှင့်လျော်သည်၊ထိုမှတပါး ရှေးပုဏ္ဏားတို့၏ အကျင့် ရှစ်ပါးရှိကြောင်းကို သုတ္တနိပါတ် ဗြာဟ္မဏဓမ္မိကသုတ်(ကား)အင်္ဂါ၌ ဟောကြားတော်မူသည်။

ရှစ်ပါးဟူသော်ကား—

၁ ဥပုသ်သုံးခြင်း၊
၂ ပဉ္စသီဆောက်တည်ခြင်း၊
၃ ဖြောင့်မတ်ခြင်း၊
၄ မာန်အမျက်မရှိ နူးညံ့ခြင်း၊
၅ ဣန္ဒြေစောင့်စည်းခြင်း၊
၆ မပျက်သော အမျိုးအကျင့်ရှိခြင်း၊
၇ သူ့ကို မညှဉ်းဆဲခြင်း၊
၈ သူ့အပြစ်ကို သည်းခံခြင်း—ဤရှစ်ပါးတည်း။

ယင်း ရှစ်ပါးလည်း တရားနှင့်လျော်သည်၊ ဤသည် အကျင့်နှစ်ရပ်ကား သာသနာ့ပ ကာလ ပုဏ္ဏားမြတ်တို့ အကျင့်တည်း။

ဗိမ္ဗိသာရမင်း၏ ပုရောဟိတ် စမ္ပာမြို့စား သောဏဒဏ္ဍပုဏ္ဏား၊ ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ် ဣစ္ဆာနင်္ဂလရွာစား ပေါက္ခရသာတိပုဏ္ဏား စသည်တို့၏ အ

ကြောင်းကိုဆိုရာ သောဏဒဏ္ဍသုတ် (ဆီ)အင်္ဂါစသည်၌ လာသော သာသနာတွင်း သမ္မာဒိဋ္ဌိ ပုဏ္ဏားကောင်းတို့၏ အကျင့်ငါးပါးတည်း။

ငါးပါးဟူသော်ကား—

၁ မိမျိုး ဘမျိုး သန့်စင်၍ အမျိုးခုနစ်ဆက်တိုင်အောင် ဇာတ်ကိုစောင့်ရှောက်ခြင်း၊

၂ နိဃဏ္ဍုဟူသော အဘိဓာန်ကျမ်း, ကေဋ္ဌုဘဟူသော အလင်္ကာကျမ်း, အက္ခရာပဘေဒဟူသော သဒ္ဒါကျမ်း, ဣတိဟာသဟူသော ပုရာဏ်ကျမ်းများနှင့်တကွ ဗေဒင်သုံးပုံကို သင်ကြား လေ့ကျက် ဆောင်ရွက်ခြင်း၊

၃ သရဏဂုံသုံးပါး ဆောက်တည်သည်ဖြစ်၍ ရတနာသုံးပါးသာ သံသရာမှ ထွက်မြောက်ကြောင်းဟူသော အယူသန့်စင်စွာရှိခြင်း၊

၄ ပါဠိ,အနက်, အင်္ဂါ, လက္ခဏာများနှင့် သေချာစွာ လေ့လာ၍ အခါခပ်သိမ်း ပဥ္စသီ သီတင်း ဆောက်တည်ခြင်း၊

၅ ဂုဏ်နည်း ဥပုသ်သီတင်း လေ့လာခြင်း—ဤငါးပါးတည်း။

ဤသည် သာသနာတွင်း ပုဏ္ဏားမြတ်တို့၏ အကျင့်နှင့် ယခင် သာသနာပ အကျင့်နှစ်ရပ် ဤသုံးရပ်ကား အပြစ်မရှိသောအရာဖြစ်၍ ပုဏ္ဏားတို့ မယိုမယွင်း ဆောက်တည်အပ်သော အကျင့်တည်း။

အာမဂန္ဓမည်သော ပုဏ္ဏားသည် ဇေတဝန်ကျောင်းတော်၌ ဘုရားသခင်အထံတော်သို့ လာ၍ ပုဏ္ဏားတို့မှာ ငါးဟင်းမျိုးကို အာမဂန္ဓ—ဟု မစားအပ်ကြောင်းကို လျှောက်ထားသည်ဟူ၍ အာမဂန္ဓသုတ် အဋ္ဌကထာ (တော)အင်္ဂါ၌ လာသည်ကို ထောက်သော် ငါးဟင်းမျိုး မစားခြင်းသည်လည်း ပုဏ္ဏားတို့၏ ရှေးထုံး စာရိတ္တဖြစ်သည်ကို သိအပ်သည်၊ ခြိုးခြံစေလို၍ မစားသည်မှာ အပြစ်မရှိ၊ ယခုကာလ နွားသားကိုသာ မစားအပ်ကြောင်းကို သုတိသမ္မုတိကျမ်းတွင် ဆိုသည်မှာလည်း ကာလလျှား၍ မှားယွင်းခြင်းသာ ဖြစ်သည်၊ ဥပုသ်နေ့၌ ဥက္ကောင်းဆေးပြီးသော် နွားချေးစိုဖြင့် မြေကိုကျံ၍ သမန်းမြက်စိမ်းဖြင့် ခင်းပြီးမှ မြစ်ကမ်းနား မီးတင်းကုပ်တွင် အိပ်လျက် တည၌ သုံးကြိမ်ထ၍ မီးကို ရှိခိုးခြင်းသည် ဝဋ်ဆင်းရဲကင်းကြောင်းဟု ပုဏ္ဏားတို့ အယူရှိကြောင်းကို ဒသနိပါတ် အင်္ဂုတ္တိုရ်(နံ)အင်္ဂါ၌ လာသည်၊ယင်းသည် အကျင့်ကား အပြစ်ရှိသော အကျင့် ဖြစ်သည်၊ ရေကရားလွယ်လျက် မှော်ပန်းပန်၍ ရေသို့သက်ခြင်း, မီးပူဇော်ခြင်း, နံနက်ထ၌ ရေကိုသုံးသပ်ခြင်း, နွားချေးစိုကို သုံးသပ်ခြင်း,

မြက်စိမ်းကို သုံးသပ်ခြင်း, နေကို ရှိခိုးခြင်းသည် ဆင်းရဲမှ စင်ကြယ်ကြောင်း—ဟု ပစ္စာဘူမကပုဏ္ဏားတို့ ယူသည်ကိုလည်း အင်္ဂုတ္တိုရ် ဒသနိပါတ်(ခု)အင်္ဂါ၌ လာသည်၊ ယင်းသည် အကျင့်လည်း အပြစ်ရှိသော အကျင့်ဖြစ်သည်၊ ဤကား ကျမ်းဂန်၌ လာသော အပြစ်ရှိသည့် အကျင့်နှစ်ရပ်တည်း။ယခုကာလ ရှိသည့်သုတိသမ္မုတိမည်သော လောကီကျမ်း၌ကား—

ဗြဟ္မဟတျာ သုရာပါဏံ၊သုဝဏ္ဏာဟရဏန္တထာ။
ဂုရုဒါရာဘိဂမနံ၊မာတင္ဂုပါတကံ မဟန္တံ။

အနက်ကား ဗြဟ္မဟဘျာ၊ ပုဏ္ဏားကို သတ်ခြင်း။ သုရာပါဏံ၊ သေသောက်ခြင်း။သုဝဏ္ဏာဟရဏံ၊ရွှေခိုးခြင်း။ တထာ၊ထိုမှတပါး။ ဂုရုဒါရာဘိဂမနံ၊ဆရာ့မယားကို သွားလာခြင်း။မာတင္ဂု၊အမိကိုပြစ်မှားခြင်း။မဟန္တံပါတကံ၊ဤငါးပါးကား မဟာပါတကမည်သော ပါရာဇိတ် ပါယစိတ်ကြီးတည်း။ "ဤသို့ ကုမရှု မဖြစ်ကောင်းသော ပါရာဇိတ်ကြီး ငါးပါးလာသည်"။

ဂေါဝဓ၊ နွားသတ်ခြင်း။ ဣတ္ထိဝဓ၊ မိန်းမသတ်ခြင်း။ မွေစ္ဆပတိတာန္နဘက္ခဏ၊ ယုတ်သောသူတို့မှ ရသော ထမင်းအစာကို စားခြင်း။ အဘောဇ္ဇာန္နဘက္ခဏ၊ စားဘော် သောက်ဘက် မဟုတ်သောသူတို့၏ ထမင်းအစာကို စားခြင်း။ ဗာလဃာတိ၊ သူငယ်ကိုသတ်ခြင်း။ဘြုနဟဘျာ၊သန္ဓေကို ဖျက်ခြင်း။ပရဒါရ၊သူ့သား မယားကို ပြစ်မှားခြင်း။ ပရဒြဗျဟရဏ၊ ရွှေမှတပါး သူ့ဥစ္စာကိုယူခြင်း။ ဂေါမံသဘက္ခဏ၊ နွားသားကို စားခြင်း။ဣဒံ၊ဤကိုးပါးသည်။ပြာယစိတ္တံ၊ယယ်သောပါရာဇိတ်တည်း။

ဤသို့ဥပုသ်ဆောက်တည်လျှင် ပျောက်ကောင်းသော ပါရာဇိတ် ကိုးပါးလည်း သုတိသမ္မုတိကျမ်း၌ပင် လာသည်၊ ပါရာဇိတ်ယယ်သို့ မပျောက်ပတ်သော အမှုဟူသမျှသည် သက်ဝင်လေသည် ဖြစ်၍ ပါရာဇိတ်ယယ်ချည်းပင် မည်သည်လည်း ဆိုသည်။

ယင်းသို့ ဆိုပြီးသော သာသနာတော်ကျမ်း, လောကီကျမ်းများမှာ လာရှိသည့် ပုဏ္ဏားတို့ ကျင့်နည်းဘုံးစံကို နှိုင်းရှည့်ဆင်ခြင်တော်မူသဖြင့် တရားနှင့် လျော်သည့် ထုံးစံကို မပျက်တည်အောင် စီစစ်တော်မူ၍ လောကဏ္ဍစရိယ ကုသိုလ်ပါရမီတော် ပွားများစေတော်မူသင့်သည်။

ကဿပဘုရားသခင် သာသနာတော်တွင်း၌ ထိုဘုရားလောင်း သိကြားမင်းလာ၍ ဗာရာဏသီပြည်ဝယ် ပုဏ္ဏားတို့ကို တရားနှင့်ညီအောင် ထိတ်လန့်စေလျက် ဆုံးမဘူးကြောင်း ထုံးစံလည်း မဟာကဏှဇာတ်တွင် လာရှိသည်၊ ယခင် ကျင့်နည်း အပေါင်းတွင်လည်း ဗိမ္ဗိသာရမင်း၏ ပုရောဟိတ် သောဏဒဏ္ဍပုဏ္ဏား, ပသေနဒီ

ကောသလမင်း၏ ပုရောဟိတ် ပေါက္ခရသာတိပုဏ္ဏားတို့ ထုံးစံများနှင့် ဆိုခဲ့သော သာသနာတော်တွင်း ကျင့်နည်း၌ ကြွင်းသော ကျင့်နည်းတို့သည် သက်ဝင်သည်သာ ဖြစ်၍ သာသနာတော်တွင်း ကျင့်နည်းကိုသာ ပဓာန ပြုတော်မူသင့်သည် တရားမင်းမြတ်။

## ကောသရဗိဇနီ

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မောရပိဋ္ဌ၊ဟတ္ထကနှင့်၊ ဝါဠဗိဇနိ၊ အမည်ရှိသား၊ လျှံညီ ဝင်းဝင်း၊ ယပ်နှစ်စင်းလည်း၊ရှေးမင်းပျူဟာ၊ ရတနာဖြင့်၊ ကောင်းစွာဆန်းကြယ်၊ အရိုးဝယ်ကား၊ စီခြယ်ပတ္တမြား၊ ရွှေရည်ကြားလျက်၊ ပျို့ထွား ရွယ်သစ်၊ လုလင်စစ်တို့၊ ခါးထစ်တင်လွှား၊ လက်မနားတည်း၊ နံပါး နှစ်ဖက်၊ သွားစည်းလျက်လျှင်၊ ထိပ်ထက် ညင်ညင်၊ လေပြည်သွင်၍၊ကိုယ်တွင်းမြ၊ငြိမ်းစေရ၏။

ဟူ၍ ရှေးပညာရှိတို့ ဆိုတော်မူသည့် သားမြီးယပ်မှာ ဝါဠဗိဇနီ စာမရီမြီးကို လုပ်ကြောင်းနှင့် စပ်ဆိုပါသည်၊ ယခုမှာ တကာတော် ဆင်ဖြူရှင် ဧကရာဇ်မင်းမြတ် ရွှေဘုန်းတော်ကြောင့် စာမရီထက် ထူးခြားသော ကောသရရာဇာခြင်္သေ့မြီးကို ဆက်ရောက်ရာတွင် အရိုးကို လုပ်ဆောင်ရမည်မှာ ပညာရှိတို့ကို လျှောက်ထားစီရင်မှ အပြစ်မရှိ ကောင်းကျိုးပေးတတ်သည့် တရားနှင့်အညီ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ဆင်၍ ကောသရဗိဇနီ အရိုး အတိုင်းအထွာ လုပ်ရိုးများကို ရာဇနန္ဒမိတ်ကို လျှောက်လှာပါစေသည်၊ ကောသရဗိဇနီ ခြင်္သေ့မြီး ယပ်ရိုး အတိုင်းအထွာလုပ်ရိုးနှင့် လောကီကျမ်းလာ ယပ်မားလုပ်နည်း အတိုင်းအထွာများကို မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၈—ခု ဝါခေါင်လပြည့်ကျော်(၃)ရက်နေ့ ရာဇနန္ဒမိတ်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ကေသရရာဇာခြင်္သေ့မြီးကို သားမြီးယပ် လုပ်ဆောင်တော်မူမည်မှာ ကမ္ဘာဦးကာလကပင် လူတွင် မဟာသမ္မတ၊ သားတွင် ကေသရရာဇာ၊ ငါးတွင် အာနန္ဒာ၊ ငှက်တွင် ဥဒေါင်းမင်း မင်းပြုသည်ကို ဇာတ်နိပါတ် လာသည်နှင့်အညီ မိဂရာဇာ သားတကာတို့ မင်းမြတ် အတုမရှိသော သားရဲသားမြတ်ဖြစ်သည်၊ သီဟာသန ရာဇပလ္လင်စသည့် မင်းခမ်း မင်းဆောင်တွင်လည်း မင်္ဂလာအဖြစ်ဖြင့် အရေးသဏ္ဍာန်ကို မင်အဆက်ဆက် ဆောင်ရွက်ကြသည်များကို ထောက်သော် ဆောင်ရွက်တော်မူသင့်လှသည်၊ အလှူနှင့် ရခဲစွာလျက် ဘုန်းပါရမီ ထူးမြတ်တော်မူလှ၍သာ ရတော်မူခြင်းဖြစ်သည်၊ ထူးမြတ်သော ဘုန်းပါရမီကြောင့် ရသည့် အသုံးအဆောင် အခမ်းအနားကို ဆောင်ရွက်တော်မူသင့်ကြောင်းကိုလည်း နဂါးပြည်မှရသော အရုဏဝတီမြေ,ဘီလူးတို့မှရသော အနဝတတ်ရေများကို သီရိဓမ္မာသောကမင်းကြီး သုံးဆောင်တော်မူသည်၊ ဒေဝါနံပိယတိဿမင်းအား ပေး၍လည်း သုံးဆောင်စေသည် ကျမ်းဂန်လာသည်နှင့်အညီ သိအပ်သော ယင်းသို့ ထူးမြတ်သော ကေသရရာဇာမြီးစသည်ကို လုပ်ဆောင်သင့်သောကြောင့်လည်း သာမညဟူသည့်အနက်ကိုဟောသော ဝါဠသဒ္ဒါ၊ ယပ်ဟူသည့် အနက်ကိုဟောသော ဗီဇနိသဒ္ဒါနှင့် "ဝါဠဗီဇနိ ဥဏှိသံ၊ ခဂ္ဂံ ဆတ္တဉ္စ ပါဟနံ"စသည်ဖြင့် သံကိစ္စဇာတ်, တေမိဇာတ်, အဘိဓာန်ကျမ်းများ၌လာသည်၊ယင်းသို့ ကျမ်းဂန်လာသည်ကိုထောက်၍ ကေသရရာဇာ သားမြီးယပ်ကိုလည်း "မောရပိဉ္ဆ၊ ဟတ္ထကနှင့်၊ ဝါဠဗီဇနိ၊ အမည်ရှိသား၊ လှုံ့ညိဝင်းဝင်း၊ ယပ်နှစ်စင်း" ဟူသည်တွင် ဝါဠဗီဇနိအမည်ဖြင့်သာဆိုသင့်သည်ကို လျှောက်စာတွင် ကေသရဗီဇနိ အရိုး အတိုင်းအထွာ လုပ်ရိုးကို သိချင်ပါကြောင်းနှင့် ပါသည်မှာ ကျမ်းဂန်လာသည့် သညာမှတပါး အခြား မဆိုသင့်ပြီ၊ မာဂဓသညာဖြင့် ဝါဠဗီဇနိ၊ မြန်မာသညာဖြင့် ရတနာသားမြီးယပ် ဟူ၍ ခေါ်ဝေါ်ခြင်းသာ အသင့်ဖြစ်သည်၊ သို့မှလည်း မင်းမြှောက်တန်းဆာ ငါးပါး အဝင်ဟု ထင်ရှားခြင်း ရှိမည်၊ ယင်းသည့် ရတနာ သားမြီးယပ်၏ အရိုးပမာဏကိုမူကား လောကီ စာတမ်းများတွင်သာ နှစ်ဆယ့်ရှစ်သစ်ဟူ၍ ယာသည်၊ သာသနာတော်ကျမ်းဂန်တွင် မည်မျှ မည်ရွေ့ သင်္ချာတိုက်ရိုက်မရှိ။စကားအရ အကျကိုမူကား—

ဥတ္တမံ ဝါဠဗီဇနိံ၊မြတ်သော သားမြီးယပ်ကို။အင်္ဂေပရိဂ္ဂယှ၊ ခါးထက်တင်၍။ကာသ၊အဘယ်အနည်းရှိသော။ ဝရပုညဿ၊ မြတ်သောဘုန်းကံရှင်၏။ မုဒ္ဓနိ ဥပရူပရိ၊ ထိပ်ထက်ညင်ညင်။ပူရှိသော၊ လေသာဖြည့်သွင်းရှိသနည်း။ "ဤသို့ သားမြီးယပ်ကိုဆိုသည်"။

သုဝဏ္ဏမဏိဒဏ္ဍာနိ၊ရွှေ,ပတ္တမြား စီခြယ်မွမ်းမံသောအရိုးရှိကုန်သော။ မုဒုကာနိ၊ နူးနူးညွတ်ညွတ်လည်း ရှိကုန်သော။စိတြာနိ၊ရတနာဖြင့် ဆန်းကြယ်ကုန်သော။ပေက္ခနဟတ္ထာနိ၊ဥဒေါင်းမြီးယပ်တို့ကို။ ကဿ၊အဘယ်မည်သော ဘုန်းကံရှင်၏။ ဥဘတော မုခံ၊ မျက်နှာ,လက်ဝဲ,လက်ျာ။စရန္တိ၊ညင်းညင်းခတ်ရကုန်သနည်း။ "ဤသို့ ဥဒေါင်းမြီးယပ်ကို ဆိုသည်"။

ယင်းသို့ ဘူရိဒတ်ဇာတ်, သံကိစ္စဇာတ်, မနောဇဇာတ်များ၌ သွားလာစံပယ်ခါ မင်းချင်းတို့ ခါးထက် တင်ထောက်လျက် မျက်နှာ,နံပါးနှစ်ဖက် ထိပ်ထက်ညင်ညင် ယပ်ခံရသည် ဆိုသည်ကိုထောက်သော် တင့်တယ်လျောက်ပတ်ရာက နေလျက် ခါးထက် အရိုးစိုက်တင်၍ ယပ်ခံလျှင် ရေမြေရှင် တရားမင်းမြတ် မျက်နှာတော် ဦးထိပ်တော်သို့ လေသွင်းမိလောက်အောင် အရိုးအရှည်အလံနှင့် လုပ်ဆောင်သင့်သည် ဟူသော စကားအရအကျကို သိအပ်သည်ဖြစ်၍ ရွှေဖြင့် မွမ်းမံခြယ်လှယ်သော ရွှေ အတိမူလည်းဖြစ်သော ပတ္တမြားရတနာဖြင့် ဆန်းကြယ်သော တိုစွာအဆုံး ကုပ်လုပ်လေးဘတာခန့် လေးတောင်ခန့် လုပ်ဆောင်သင့်သည်၊ဇာတ်နိပါတ်များမှာ တင့်အပ်ရာက နေ၍ ယပ်ခံလောက်အောင် လုပ်ဆောင်သင့်သည်သာ စကားအရအကျရှိလျက် တိုစွာအဆုံး ကုပ်လုပ်လေးတတာ လုပ်သင့်သည်ဆိုသည်မှာလည်း အပြစ်ခြောက်ပါး ကင်းသောအရပ်ကိုဆိုရာ သာရတ္ထဒီပနီဋီကာ၌ နှစ်ဦးသော သူတို့၏ လက်ဆန့်လျှင် မထိခိုက်လောက်သော အရပ်သည် နီးစွာအဆုံး တင့်အပ်သော အရပ်မည်၏ လာသည်နှင့်အညီ ဆိုခြင်းဖြစ်သည်။ယပ်မားဟူသည်မှာလည်း ယပ်ဝန်းယပ်ရှည်ကို ဆိုလိုသည်။၎င်းယပ်ကိုလည်း အထူးအဆန်း ရတနာတင်ထား ကြည့်ရှုရန်ရှိလျှင် ကြည့်ရှုတင်ထားသည် ဆိုသည်ကို ထောက်သော် ဆဒ္ဒန္တဇာတ်များတွင် လာသည်၊ တာလဝဏ္ဍအရ ယပ်ထူး,ယပ်ဆန်းပင်ဖြစ်၍ သာသနာကျမ်းလာပင် ဖြစ်သည်ကို လောကီကျမ်းလာ ယပ်မားဟူ၍ လျှောက်စာတွင် ပါသည်၊ လောကီကျမ်းလာသာ မဟုတ်၊ သာသနာကျမ်းလာအစဉ် အဆောင်အရွက်ပင် ဖြစ်သည်။

၎င်းယပ်မားကိုယ်မှာ—

မင်းခမ်းမည်သား၊ထီးလေးပါးနှင့်၊အကြားအကြား၊ယပ်မားချပ်လျက်၊
စဉ်ဆက်စုံညီ၊ဆဲ့သုံးလီ။

ဟူသည်နှင့်အညီ လက်ဝဲ,လက်ျာ ထီးဖြူတော်လေးစင်း အကြား ဆောက်ထားအပ်သည်ဖြစ်၍ ထီးဖြူတော်ရိုးနှင့် သင့်အောင်လုပ်ဆောင်မှ အစီအစဉ် ညီညွတ်မည် ဖြစ်သည်။

## ရာဇပလ္လင်ဘော်

တကာတော်အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

သရဒွေကျမ်းလာသည့်အတိုင်း ရာဇပလ္လင်ကို လုပ်ရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည်နှင့် သရဒွေကျမ်းကို ကြည့်ရှု ဆင်ခြင်သော် ၎င်းကျမ်းတွင် ရာဇပလ္လင်လုပ်ရာသော သစ်ကိုးပါးမှာရာဇကိကလဝက္ခ သစ်သက်န်း၊ကရဝဲ ဟူ၍ ပါသည်၊ကရဝဲကို မြန်မာဘာသာခေါ်ဝေါ်ရိုးမရှိ၍ ဖြစ်မည် ကရဝေးကိုပင် ကရဝဲဆိုသင့်မည်၊ သရဒွေကျမ်းထွက်ကို ဆင်ခြင်၍ အမိန့်တော်ရှိပါ၊ အထက် သွင်းသည့် အမိန့်တော်မှာ ရာဇပလ္လင်လုပ်ရာသော သစ်ကိုးပါးတွင် အကြွင်း သင့်ရာသစ်မပါပါ၊ကျွန်းသစ်ကို ရောနှော၍ လုပ်သင့်မည် မလုပ်သင့်မည်ကိုလည်း အမိန့်တော် ရှိတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၈-ခု ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့ ရာဇနန္ဒမိတ်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရာဇပလ္လင်လုပ်ရာသည့် သစ်ကိုးပါးတွင် ရာဇကိကလဝက္ခသဒ္ဒါသာ ပါ၍ရှိသည်ကို ရာဇသဒ္ဒါနှင့် ဝက္ခသဒ္ဒါကိုယှဉ်၍ သစ်သက်န်းဟူသောအနက်ကို သမ္ဘန်သင့်သည်၊ ကိကလသဒ္ဒါနှင့် ဝက္ခသဒ္ဒါကိုယှဉ်၍လည်း ကရဝဲဟူသောအနက်ကို သမ္ဘန်သင့်သည်ဖြစ်၍ ရာဇကိကလဝက္ခ သစ်သက်န်းကရဝဲဟု အနက်ကိုဆိုရာ ပါလေသည်၊ ရာဇဝက္ခသဒ္ဒါသည် သစ်သက်န်းကို ဟောသည်၊ ကိကလဝက္ခသဒ္ဒါသည် ကရဝဲကို ဟောသည်ဖြစ်၍လည်း သည်ကဲ့သို့ ဖက်ယှဉ်၍ သမ္ဘန်သင့်သည်၊ ကရဝဲဟူသည် သစ်အထူးမှာကား မြန်မာအရပ်မှာ မရှိ၊ အနောက်ပြည်များမှာ ရှိသည်ဟူ၍ အနောက်ပြည်ပုဏ္ဏားတို့ ပြောဆိုကြပါသည်၊ အမည်မတွင် မထင်မရှားရကား နိုင်ငံတော်တွင်းပင်ရှိသော်လည်း မည်သည့်သစ်အထူးကို ကရဝဲဆိုသည် တွေ့ခေါ်ခက်သောကြောင့် အနောက်ပြည် ဘာသာဖြင့် ကရဝဲဟူ၍သာ ဆိုခြင်းဖြစ်သည်၊ သစ်ဝါးဟူသည်လည်း ဒေသအလျောက် ပေါက်ရောက်သည်ဖြစ်၍ ရှား,ပေါရှိသောကြောင့် ရလွယ်ကောင်းမြတ်သည်မှာသာ အသင့်ဖြစ်၍ ကျန်သစ်ရှစ်ပါးတွင်သာ ရွေးခြယ် လုပ်ဆောင်သင့်သည်၊ကျွန်းသစ်ကို ဖက်သင့် မဖက်သင့် ဟူသည်မှာလည်း ၎င်းသစ်သည်

ထာဝရခိုင်ခံ့သောသစ်လည်း ဖြစ်သည်၊ သုံးဆောင်မြဲသော သစ်လည်းဖြစ်သည်၊ အကြွင်းသင့်လည်း ဖြစ်သည်ကို ထောက်သော် ဖက်သင့်တော့သည်။

## ခုရေးငန်းရေး ခန့်သင့်မခန့်သင့်

လျှောက်ပါသည် ဆရာတော်ဘုရား—

> နေပြည်တော်နိုင်ငံရှိ မြန်မာ,ရှမ်း,ယွန်း,ယိုးဒယား,တလိုင်း, သီတင်းသုံးများမှာ စုရေးငန်းရေး အခြားခန့်ထားရမည့် အကြောင်းနှင့် ဝန်တို့က စာဆက်သွင်းသည့်အတိုင်း ခန့်သင့် မခန့်သင့်ကို ဆရာတော်မှာ လျှောက်၍ စာသွင်းစေ။

**၁၁၄၈–ခု တော်သလင်းလဆန်း(၃)ရက်နေ့ လမိုင်းဝန်မင်းကြီး နန္ဒကျော်ထင်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဘုရား,ပစ္စေကဗုဒ္ဓါ စသော သူမြတ်တို့၏ ဖြစ်ရာ အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသအရပ်သည် ပတိရူပဒေသ မည်၏၊ **တနည်းလည်း**....သာသနာတော် တောက်ထွန်းရာ အရပ်ဟူသမျှသည် ပတိရူပဒေသအရပ်မည်၏ ဟူ၍ ကျမ်းဂန်လာသည်နှင့်အညီ နေပြည်တော် နိုင်ငံတော်သည်လည်း သာသနာတော် ထွန်းလင်းရာ ပတိရူပဒေသ စင်စစ်ဖြစ်၍ တရားမင်းမြတ် ဓမ္မိကာရက္ခ တရားနှင့်ညီသော စောင့်ရှောက်ခြင်းကို ရကြ၍ စတုပါရိသုဒ္ဓိသီလကို ကျင့်စွမ်းနိုင်သည့်သူတို့သည် ရဟန်း, သာမဏေ ပြုကြကုန်သည်၊ ဆယ်ပါးသီလကိုသာ ကျင့်စွမ်းနိုင်သည့် သူတို့လည်း အဝတ်ဖြူနှင့် သီတင်းသုံးနေကြကုန်သည်၊ ရှစ်ပါး,ငါးပါးသီလကိုသာ ကျင့်စွမ်းနိုင်သည့် သူတို့လည်း ပကတိအသွင်ဖြင့် ဥပါသကာ,ဥပါသိကာ အဖြစ်ကို ယူကြကုန်သည်တွင် သီတင်းသုံးနေသည့်သူတို့မှာ ငါးပါး,ရှစ်ပါးသီလတို့ကို ပကတိအသွင်ဖြင့်ပင် ဆောက်တည်ကောင်းလျက် အသွင်ထူးနှင့် နေသည်ဖြစ်၍ ဆယ်ပါးသီလကို ဆောက်တည်သင့်သည်၊ ရှင်မဟာကစ္စည်းထံ ကောဋိကဏ္ဏ ဥပါသကာ သီတင်းသုံးနေခြင်း၊ အရှင်မဟိန္ဒထံ ဗဏ္ဍုကဥပါသကာ သီတင်းသုံးနေခြင်း ထုံးစံများကို အကြောင်းမူ၍ ရှေးသူတော်ကောင်းတို့ သီတင်းသုံးနေခြင်းပင် ဖြစ်သည်၊ သို့ရာတွင် မင်းမှုကို ကြောက်၍ ရသေ့ယောင်မူသော ကေနိယမည်သောသူသည် နေ့အခါ ရသေ့အသွင်ဖြင့်နေ၍ ညဥ့်အခါ စည်းစိမ်ခံစားသည် ဆိုသကဲ့သို့ ဆယ်ပါးသီလကို မစောင့်ရှောက်ပဲ သူတော်အသွင်ဖြင့် နေသူလည်း ရှိရာသည်ဖြစ်၍ ဆယ်ပါးသီလကို ဆောက်တည်လျက် သူတော်အသွင်ဖြင့် နေသူတို့မှာ ဆရာသမားတို့ထံ နေထိုင် ကျင့်ဆောင်

စေသော် ဆယ်ပါးသီလကို မဆောက်တည်နိုင်သည့်သူတို့မှာ သီတင်းသည် အသွင်ဖြင့် နေထိုင်စေသော် ခြားနား သန့်ရှင်းပါမည်ဖြစ်၍ စုရေးငန်းရေး အခြားခန့်ထားရန် မရှိသင့်ပြီ ဖြစ်သည့်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## သင်္ကန်းခေါက်ဆိုးနှင့်ဝတ်ပြုံ

ဘကာတော် အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

> တောင်လေးလုံးဆရာတော် နှမပေါက်ဖေါ် ဆွေသား မျိုးသား သီတင်းသုံးသူတို့မှာ အပတ်နီ သစ်ခေါက်ဆိုးဝတ်သည်၊ အခြားသီတင်းသုံးများမှာ အဖြူသက်သက် ဝတ်သည်များသည် အဝတ်နီ သစ်ခေါက်ဆိုးပင် သင့်သည်၊ ဝတ်ဖြူပင် သင့်သည်များကို ပါဠိ,အဋ္ဌကထာ ကျမ်းဂန်မည်သို့ ရှိသည်၊ သိသာအောင် ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ပါရသည့်အတိုင်း မဟာဒါန်ဝန်ကို လျှောက်ထားလှာပါစေသည်၊ မည်သို့ ကျမ်းဂန်ရှိသည်ကို သိတော်မူသာအောင် စာသွင်းတော်မူပါ ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၄၈-ခု တော်သလင်းလဆန်း(၄)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား —**

သီတင်းသုံးလူတို့ ဝတ်နီသစ်ခေါက်ဆိုးနှင့် ဝတ်နေသည်၊ဝတ်ဖြူနှင့် ဝတ်နေသည် နှစ်ထွေနှစ်ရပ် ရှိသည်တွင် ဝတ်နီသစ်ခေါက်ဆိုးနှင့် ဝတ်နေသည့်အရာသည် ၅၂ ကမ္ဘာမှ ၉၂ ကမ္ဘာထက် ဖုဿဘုရား ပွင့်တော်မူသည့်အခါ ဥရုဝေလကဿပ,ဂယာကဿပ,နဒီကဿပ မထေရ်သုံးပါးတို့ အလောင်းမင်းသား ညီနောင်သုံးဦးတို့သည် ဖန်ရည်စွန်းသော အဝတ်ပုဆိုးနှင့် ဒသသီဆောက်တည်၍ သုံးလပတ်လုံး ဘုရားကျောင်းတော်တွင်ပင် သီတင်းသုံး နေကြကုန်သည်ဟူ၍ ဓမ္မပဒအဋ္ဌကထာ ဆယ်ကြောင်းပေ (၈၁)အင်္ဂါတွင် လာရှိသည်နှင့် ညီညွတ်သည်ဖြစ်၍ သင့်တင့်သည်ပင်ဖြစ်သည်၊ ဝတ်ဖြူနှင့် ဝတ်နေသည့်အရာသည်လည်း ကဿပဘုရားသခင် သာသနာ

တော်မူစ၍ ရှိသည်ဟူ၍ သာရတ္ထသင်္ဂဟ ရှစ်ကြောင်းပေ(ခေ)အင်္ဂါတွင် လာရှိသည်နှင့် ညီညွတ်သင့်တင့်သည်ပင် ဖြစ်သည်။

---

## ဂုဏ္ဏရထ္တ စန္ဒဂုဏ္ဏကျော်သူတို့စလွယ်

လျှောက်ပါသည် ဆရာတော်ဘုရား—

ကုလား ဂုဏ္ဏရထ္တ, စန္ဒဂုဏ္ဏကျော်သူတို့ အမျိုးအနွယ်များမှာ စလွယ် နှစ်ဆယ့်နှစ်သွယ် တင်ဆောင်ကြသည်၊ တင်သင့် မတင်သင့်ကို ဆရာတော်မှာ လျှောက်၍ စာသွင်းစေ။

**၁၁၄၈-ခု တော်သလင်းလဆန်း(၅)ရက်နေ့ သံတော်ဆင့်နန္ဒဝေသာကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ဂုဏ္ဏရထ္တ, စန္ဒဂုဏ္ဏကျော်သူတို့ စလွယ် တဆယ့်နှစ်သွယ်တင်သည်ကို ဆေးမေးသည်တွင် လောကပညတ် သမုတိကျမ်းဂန် လာရှိသည်ကို မကြားမသိ မတွေ့မမြင်ဘူးပေ၊မိဘတို့ ထုံးစံရှိသည်နှင့်သာ တင်ဆောင်ပေသည်၊တင်သူလည်း ပုဏ္ဏားဆရာတို့ ဖြစ်ပါသည် ထွက်ဆိုသည်နှင့် တင်သူ သီရိဒေဝ ဗြဟ္မာအစု နေရာ ဗြဟ္မစာရီကို မေးဆေးလျှင် ပုဏ္ဏားတော်လည်း လောကသမုတိကျမ်းဂန် ထုံးစံကို မကြားမသိ မတွေ့မမြင်ဘူးပေ၊ ၎င်းတို့က တဆယ့်နှစ်သွယ်တင် ထုံးစံရှိသည်ဆိုလျှင် ဟုံးနတ်ကြီးငါးပါးများကို ပူဇော်၍ တင်ဆောင်ပေသည်၊ ၎င်းတို့အမျိုးလည်း အမျိုးလေးပါးမှတပါး ဝိသုကမ္မအမျိုး ဖြစ်ပါသည် ထွက်ဆိုသည်ကို ထောက်သော် ဂုဏ္ဏရထ္တ, စန္ဒဂုဏ္ဏကျော်သူ တို့မှာ စလွယ် တင်သည့်အရာသည် ယခုရှိသော သုတိသမ္မုတိကျမ်းလာ ဗြာဟ္မဏ,ခတ္တိ,ဗိသျှတို့မှာ တင်သည့်စလွယ်ထုံးစံ မညီမညွတ်ဖြစ်သည်၊ ၎င်းတို့လည်း စလွယ်တင်မျိုး မဟုတ်ဖြစ်သည်၊ မိဘတို့ ထုံးစံ တင်ရိုးပင် ရှိသော်လည်း တင်မြဲထုံးစံနှင့်အညီ တင်ဆောင်နိုင်မည်မဟုတ် ဖြစ်သည်၊မည်သို့ ဟင်ဆောင်နိုင်ရမည်ဆိုသည့် ထုံးစံအစဉ် စာပေလည်း တို့လက်မှာမရှိ ဖြစ်သည်၊ တကြောင်းလည်း မင်းညီ မင်းသား မှူးတော် မတ်တော်တို့မှာ အရှင်မင်းကြောင်က အထိုက်အလိုက် ပေးကမ်းချီးမြှင့်တော်မူလျှင် မင်းခမ်းမင်းနားလည်း ဖြစ်သည်၊ အကျင့်ကို စောင့်ရှောက်ရန် အကြောင်းလည်း ဖြစ်သည်နှင့် ဆောင်ထိုက် ဆောင်သင့်သည်၊ အခြားသူတို့မှာ ဗြာဟ္မဏ,ခတ္တိ,ဗိသျှပုဏ္ဏားသုံးမျိုးကဲ့သို့ ကျမ်းလာထုံးစံ ထင်ရှားရှိမှ ဆောင်ရွက်သင့်သည်၊ ကျမ်းလာထုံးစံ မရှိပဲနှင့် ဆောင်ရွက်သည်မှာ သာသနာ

တော်မူအပ ပုဏ္ဏားတို့ အယူဝါဒကို လိုက်နာကျင့်ဆောင်လို၍ မှီခိုကြသည်ဟု ယူရန် ရှိသည်၊ ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူစ ကာလက နောင်ရေးကို ရှုတော်မူ သည်တွင် "နောင်အခါ သူတော်ကောင်းတို့တရား မထွန်းလင်းသည် ဖြစ်လတံ့၊ သူမတော်တို့တရားသာ ထွန်းလင်းလေလေ ဖြစ်လတံ့"ဟူ၍ အရှင်မဟာကဿပ မထေရ်အား မိန့်တော်မူကြောင်းကို ကျမ်းကြီးကမ္ဘတို့၌ လာရှိသည့်အကြောင်းများ ကို နှလုံးသွင်းတော်မူ၍ သူတကာတို့ အမူအကျင့်ကို ထောက်ထားတော်မူလျက် သာသနာတော် ထွန်းလင်းအံ့သော အကြောင်းကို ဖြစ်စေသင့်သည်ကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## ရေတွင်း ရေကန် ဆေးတော်ခြင်း

တကာတော် လမိုင်းဝန် လျှောက်ပါသည်ဆရာတော်ဘုရား—

ယခု ရေတွင်း,ရေကန် ဆေးဝါးခတ်ခြင်း၊မြစ်ညာက စာပေ ရေးသားလျက် ထန်းရွက်မျှောခြင်း အခြင်းအရာများသည် တခုခု နိမိတ်အကြောင်း ဖြစ်ရာသည်၊ ၎င်း အခြင်းအရာများ ကဲ့သို့ ရှေးရှေးကာလ မဇ္ဈိမဒေသအဝင် သောဠသ တဆယ့် ခြောက်ပြည် မဇ္ဈိမဒေသ ပြင်တိုင်းပြည်တို့၌ ထင်မြင်ဘူးသည့် ထုံးဟောင်း ရှိသည်၊ ၎င်း ထင်မြင်သည့် အကြောင်းနိမိတ်နှင့် လျော်စွာ အကျိုးထူး မည်သို့ ဖြစ်သည်များကို ဘုရားဟော သံဂါယနာကျမ်း, လောကီကျမ်း, ဗေဒင်ကျမ်း ထုံးဟောင်း ရာဇဝင်တို့၌ မည်သို့ ဆိုသည်များကို ဆင်ခြင်သင့်သည်နှင့် အညီ ဆင်ခြင်အောင် လျှောက်၍ ဆင်ခြင်ပြီးလျှင် တွေ့မြင် ထင်သည်ကို မေတ္တာစာ ဆက်သွင်းစေ၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း လျှောက်ချက်တွင် ပါ သည့်စကားရပ်များကို ဆင်ခြင်တော်မူ၍ တွေ့မြင် ထင်သည့် အတိုင်း မေတ္တာစာ ဆက်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၃၈-ခု တော်သလင်းလဆန်း(၅)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

၁၁၄၈–ခု ဝါခေါင်လတွင် သောထွန်းအောင်တို့ မြစ်ငယ်ဝ၌ စချသည်၊ ရွှေမြို့တော်ပြင် ရေတွင်းများ၌ ဆေးဝါး ပြသည့်အမှုမှာ သောထွန်းအောင်တို့ ပကတိစိတ် မရှိသည်ဖြစ်၍ အကြောင်း, အကျိုး မထောက်မမြော်နိုင်သော်လည်း သာသနာတော် ရွှေမြို့ ရွှေနန်းတော် စောင့်နေသည့်နတ်မြတ်တို့က သက်တော်ရှည် လင့်မနား ဘုန်းတော်ကြီးလင့်မနား ဖြစ်၍ ဘုရားသခင့် သာသနာတော်ကို ဇမ္ဗူဒိပ် အပြင်၌ ထင်ရှားထွန်းလင်းအောင် ပြုစုတော်မူနိုင်မည့်အကြောင်း တိတ် နိမိတ်ကို စောင်မ ပြစေသည် မှတ်ယူတော်မူသင့်သည်၊ မှတ်ယူသင့်ကြောင်းကိုလည်း ဂန္ဓ တိတ္ထကဇာတ်၌ ပုရောဟိတ်စသည့်သူတို့ကို တည်ပင်စောင့်နတ် စောင်မ၍ ဥတ္တရ ပဉ္စာလမင်းအား တိတ်နိမိတ် ထင်ရှားစေသည် ဆိုသည်ကိုထောက်၍ သိအပ်သည်၊ ယင်းသို့ ပြသည်တွင်လည်း သိဒ္ဓတ်မင်းသား တောထွက်သောခါ အနော်မာမြစ်နား သို့ ရောက်သည်တွင် အနော်မာ ဟူသောအမည်ကို နိမိတ်ပြု၍ "ငါကား ဘုရား မချွတ်ဖြစ်မည်" ဖတ်ယူလေသည်၊ သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်း မဟာစေတီ တည် မည် တိုင်းတာသည်တွင် သုပတိဋ္ဌိတ ဗြဟ္မာဟူသော တာစဲ့အမတ်၏ အမည်ကို နိမိတ် ပြု၍ စေတီ ပြီးမြောက်မည် ဖတ်ယူလေသည် ကျမ်းဂန်ဆိုသည်နှင့်အညီ သာထွန်း အောင် ဟူသော ချင်းတို့ နှစ်ယောက်အမည်ကို ထောက်သော် အတိုင်းထက် သာ လွန်၍ ဘုန်းတော် တောက်ထွန်းသဖြင့် အတ္တပဋိပက္ခ,သာသနပဋိပက္ခ ရန်မာန်တို့ကို မချွတ် အောင်မြင်တော်မူမည့် နိမိတ်ဖြစ်သည် ဖတ်ယူအပ်သည်။

ပရိတ်တော်, ဂုဏ်တော်တို့ကို ရေမှာချသည့် အကြောင်းမှာလည်း ဝေသာလီ ပြည်ဝယ် အန္တရာယ်ကင်းစိမ့်သောငှါ "ရှင်အာနန္ဒာ ပရိတ်ရေ ဖြန်းပက်တော်မူသည်" ဆိုသည်နှင့်အညီ နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အန္တရာယ်ခပ်သိမ်း ကင်း လျက် ထွန်းလင်းစည်ပင်အံ့သော နိမိတ်ဖြစ်သည်။

ဆေးထုပ်ပြသည့်အရာမှာလည်း ကပိလဝတ်ပြည်ကဲ့သို့ ရန်မာန်တို့ကို အောင် မြင်ရာ ဘူမိနက်သန် ကြန်လက္ခဏာနှင့် ပြည့်စုံစွာ၍ အမရပုရ ရာဇဓာနီ နေပြည် တော်၌ ဘေးရန်မျိုးအား တပ္ပနဆေးအဆိပ်မျိုးတို့ ကင်းပယ် ပျောက်ရှားအံ့သော နိမိတ်ဖြစ်သည် ဖြစ်၍ တစုံတခုမျှ အပြစ်မရှိ၊ ခုနစ်ခုနှစ်၌ အင်္ဂါဂြိုဟ်သည် ပြိဿမ မိဿသို့ ဗျူကြစရိယာ မူသကဲ့သို့ ရှစ်ခု၌လည်း ကြာသပတေးဂြိုဟ်သည် တန်ဆောင် မုန်း,နတ်တော်မှစ၍ ပြိဿမ မိဿသို့ ဗျူကြစရိယာမူသည်၊ဗျူကြစရိယာမူသည့် ဂြိုဟ် ကိုလည်း အားနှစ်ဆရှိသည့် ကောင်းကျိုးကို အလွန်ပေးတတ်သည်ဟူ၍ သရဒ္ဓေ ကျမ်း၌ ဆိုသည်များကို ထောက်သော် တိုင်းနိုင်ငံတော် စည်ပင်သာယာ၍ သာသနာ တော် ထွန်းလင်းစွာ ဖြစ်မည်အကြောင်းကို ပသေနဒီကောသလမင်းအား အိပ်မက်

ကြီး ဆယ်ပါးကို ဘုရားသခင် ဖတ်ယူတော်မူသည်နှင့်အညီ နှလုံးတော် မတွန့်မတို ကုသိုလ်တော် ပွားများစေသင့်ကြောင်းကို ဆက်သွင်းအပ်သည် တရားမင်းမြတ်။ သွင်းသည့် မေတ္တာစာအရကို ရွေနားတော် ကြားနာတော်မူပြီးလျှင် သောထွန်း အောင်တို့ နှစ်ယောက်နှင့် လူအများကို ရာဇဝတ်တော်မပေး ချမ်းသာစေတော် မူသည်။

## ရာဇပလ္လင်ထီးဖြူတော်လုပ်နည်း

အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

လောကီကျမ်းလာ ရာဇပလ္လင်လုပ်ရိုး, ထီးဖြူတော်လုပ်ရိုး စာကို ဆရာတော်ဘုရားမှာ လျှောက်၍ ဝါကျွတ်ပွဲတော်မီ အောင် စီရင် လုပ်ဆောင်ရမည်၊ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသောကြောင့် အဆောင်မြဲ ရာဇနန္ဒမိတ်ကို စေ၍ လျှောက်လှာပါ စေသည်၊ လောကီကျမ်းလာ ရာဇပလ္လင် ဥကင်တော် ထီးဖြူလုပ်ရိုးစာကို ရာဇနန္ဒမိတ်တွင် သနားတော် မူလိုက်ပါ ဆရာတော်ဘုရား။

**၁၁၄၈–ခု တော်သလင်းလပြည့်ကျော်(၁၃)ရက်နေ့ အဆောင်တော်မြဲ ရာဇ နန္ဒမိတ်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရာဇပလ္လင် ဥကင် ထီးဖြူတော် လုပ်ရိုးစာများသည် ဆရာတော်တွင် ထူး၍မရှိပါ၊ ၁၁၄၈–ခု ပြန်ဆိုရသည့် ရာဇာဘိသေကကျမ်းတွင်ပါသည့် အခြားအရပ်ဒေသမှာ ရာဇပလ္လင် ဥကင် ထီးဖြူတော်လုပ်ရိုးများကိုလည်း ရွှေလက်တော်သို့ သွင်း၍ ရှိပါပြီ၊ နေပြည်တော်ဒေသ ထုံးစံ ရာဇပလ္လင် ဥကင် ထီးဖြူလုပ်ရိုးများမှာ တကာတော်တို့ တွင် အစဉ် စာရှိသည်အတိုင်းသာ လုပ်ဆောင်သင့်ပါတော့သည်။

## တမ်းခွန်ကုဋ္ဌား

လျှောက်ပါသည် ဆရာတော်ဘုရား—

အထက် ပြန်ဆို ဆက်သွင်းသည့် ဥကင် ရာဇပလ္လင် အဘိ သိက်ခံ အစီအရင် အခမ်းအနားစာတွင် တမ်းခွန်, ကုဋ္ဌားတို့ ကို ကောင်းသော လက်, နေ့, နက္ခတ်တို့၌ နေနှင့်တူသော အ

ဆင်း, ဖြူသောအဆင်း, ဝါသောအဆင်း, မည်းသောအဆင်း, စိမ်းသောအဆင်း, နီသောအဆင်း, ဖျော့တော့သောအဆင်း ခုနစ်ပါးတွင် မျောက်ရုပ်, ကလုန်ရုပ်, ဘီလူးရုပ်, ခြင်္သေ့ရုပ်, ဥဒေါင်းရုပ်, ဆင်ရုပ်, နဂါးရုပ်တို့ဖြင့် လုပ်အပ်၏ ဆိုသည်မှာ ဥကင် ရာဇပလ္လင်တော်တွင် လုပ်၍ထည့်ရမည့်အရာ ဖြစ်သည်၊ ကောင်းသော နေ့, နက္ခတ်သမယတို့၌ ရွေးခြယ်၍ လုပ်သင့်သည်ဆိုသည်ကို ထောက်၍ ထီးဖြူတော်, မင်းခမ်းတော်များကဲ့သို့အဘိသိက်ခံသောအခါ ဥကင်တော်ဖွင့်သောအခါ လုပ်ဆောင်ကျင်းပရာသည် ဖြစ်မည်ကို သိသာအောင် ဆရာတော်ကိုလျှောက်၊ ၁၁၄၈–ခုသီတင်းကျွတ်လဆန်း(၁)ရက်နေ့ အမိန့်တော်မြတ်ကို ဦးထိပ် ရွက်ဆင်ရ၍ လျှောက်လှာပါစေသည်၊ စာအရကို ထောက်၍ မိန့်တော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၈–ခု သီတင်းကျွတ်လဆန်း(၁)ရက်နေ့ နန်းမတော်မိဖုရားဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

အဆင်း အရုပ် အခြယ်ခုနစ်ပါးနှင့်တကွ တမ်းခွန်ခုနစ်ဆူ လုပ်ဆောင်ရမည် ဆိုသည့်အရာသည် ရာဇပလ္လင် အစီအရင်ကို ဆိုသည့်အခန်းမှ အခြားအခန်းနှင့် ဆိုသည်ဖြစ်၍ ရာဇပလ္လင်တွင် ၎င်းတမ်းခွန်တို့ကို လုပ်ဆောင်ရမည် ဆိုလိုသည် မဟုတ်သင့်ဖြစ်သည်၊ ၎င်းတမ်းခွန်တို့မှာ ထီးဖြူ ယပ်မားစသည် မင်းခမ်းများကဲ့သို့ သင့်သည့်အခါသမယတွင်မှ ခင်းကျင်းစိုက်ဆောက်စေလို၍ ဆိုသည့်အရာ ဖြစ်တော့သည်၊ တမ်းခွန်အဆင်းဆိုသည့် အစီအရင်အတိုင်း မျောက်အစရှိသည့် အရုပ်တို့ကို ထီးဖြူ ယပ်မားစသည့်မင်းခမ်းများကဲ့သို သင့်သည့်အခါသမယတွင်မှ ခင်းကျင်းစိုက်ဆောင်စေလို၍ ဆိုသည်အရာဖြစ်တော့သည်၊ တမ်းခွန်အဆင်းဆိုသည့် အစီအရင်အတိုင်း မျောက်စသည့် အရုပ်တို့ကို အစဉ်အတိုင်း ရေးရမည်။

---

## ပုဏ္ဏားတို့ကျင့်နည်း ထမ်းရွက်နည်း

လျှောက်ပါသည် ဆရာတော်ဘုရား—

နေပြည်တော် နိုင်ငံတော်အတွင်း ရှိသမျှ ရှစ်ပါးပုဏ္ဏားမျိုး,ကိုးပါးပုဏ္ဏားမျိုး, စစ်ကိုင်း စလွယ်တင်ပုဏ္ဏားမျိုး, မဏိ

ပုရ စလွယ်တင်ပုဏ္ဏားမျိုး, ခေတြပုဏ္ဏားမျိုး, ဗိဿျပုဏ္ဏားမျိုး, စစ်ကိုင်း သုဒြပုဏ္ဏားမျိုး, မဏိပုရသုဒြပုဏ္ဏားမျိုး, ရခိုင်သုဒြ ပုဏ္ဏားမျိုးတို့ကို မည်သို့ ကျင့်ဆောင်စေရမည်၊ မည်သို့ ထမ်းရွက်စေရမည်အကြောင်းနှင့် ၎င်းပုဏ္ဏားတို့အစစ် ထွက်ချက်များကိုပြ၍ ဆရာတော်မှ လျှောက်၊ အမိန့်တော်နှင့်—

**၁၁၄၈–ခု သီတင်းကျွတ်လဆန်း(၂)ရက်နေ့ သံတော်ဆင့် သီရိဇေယျနော်ရထာကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လောကတ္ထစရိယကို ဆိုရာ မဟာကဏှဇာတ်တွင် ကဿပဘုရားသခင် သာသနာတော် ထင်ရှားရှိခါ ဗာရာဏသီပြည်၌ ပုဏ္ဏားတို့ တရားနှင့် မညီသည်ကိုလည်း ဘုရားလောင်း သိကြားမင်း ဆုံးမ၍ ပါရမီပြည့်ပွားစေသည် ဟောတော်မူသည်နှင့်အညီ လောကတ္ထစရိယ ပါရမီကော် ဖြည့်ပွားမည်အကြောင်း ခမ်းနားမင်္ဂလာတော်အရာများမှာ အထိုက်အလိုက် ခန့်ထား ထမ်းရွက်စေရသည်ဖြစ်၍ ပုဏ္ဏားတို့ဇာတ်ဘာဝ, ကုလာစာရ,သာသနာစာရ သုံးပါးညီညွတ် ပြည့်စုံမှ သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွန့် အဓွန့်ရှည်စွာ အကျိုးစီးပွားတော် များမည်အကြောင်း ပုဗ္ဗေကတပုညတာသမ္ပတ္တိစက် ဟူသော ရှေးကုသိုလ်ကောင်းမှုနှင့် ပြည့်စုံကြ၍ ပတိရူပဒေသာဝါသသမ္ပတ္တိစက်ဟူသော သာသနာတော် ထွန်းလင်းရာ အမရပုရ ရာဇဓာနီ နေပြည်တော်ကြီးမှစ၍ တိုင်းနိုင်ငံတော်အတွင်း နေထိုင်ကြရလျက် သပ္ပုရိသူပနိဿျ သမ္ပတ္တိစက်ဟူသော သမ္မာဒိဋ္ဌိ,သမ္မာဆန္ဒရှိသော ဧကရာဇ်တရားမင်းမြတ်လျှင် မှီရာ ရကြကုန်သည်ကို အတ္တသမ္မာပဏီဓိစက်ဟူသော မိမိတို့နှလုံးသွင်း အယူဝါဒ သန့်ရှင်းစင်ကြယ်ခြင်း မရှိသဖြင့် အပါယ်လေးပါး ဆင်းရဲ, သံသရာဆင်းရဲ၌ မနစ်မွန်းလေကောင်းဟု ထောက်ရှုတော်မူလျက် လူတကာတို့ စီးပွားများမည့် အကြောင်းများနှင့် ရှစ်ပါးပုဏ္ဏား, ကိုးပါးပုဏ္ဏား, စစ်ကိုင်း စလွယ်တင်ပုဏ္ဏား, မဏိပုရစလွယ်တင်ပုဏ္ဏား,ဧညဝတီ စလွယ်တင်ပုဏ္ဏား,ခေတြပုဏ္ဏား,ဗိဿျပုဏ္ဏား, စစ်ကိုင်း သုဒြပုဏ္ဏား, မဏိပုရ သုဒြပုဏ္ဏား, ဧညဝတီသုဒြပုဏ္ဏားတို့ကို အမျိုး အနွယ် အဆက် အကျင့်အာစာရများကို စစ်ဆေးစေတော်မူသည်တွင် အစစ်ထွက်ဆိုချက်ကို ထောက်သော် အမျိုးအနွယ် အဆက် ဇာတ်ဘာဝ ယိုယွင်းသည်လည်း ရှိသည်၊ လောကီကျမ်းထွက် ပုဏ္ဏားတို့ ကျင့်ထုံးနှင့် မညီညွတ်သည်လည်း ရှိသည်၊ ကျင့်ထုံးနှင့်သာ ညီညွတ်၍ ဘုရားဟော သာသနာတော်ကျမ်းနှင့် မညီမညွတ်သည်လည်း ရှိသည်၊ သို့ ဇာတ်ဘာဝ အာစာရ မညီမညွတ် ယိုယွင်းဖေါက်ပြန်ကြလျှင် ဧကရာဇ်တရားမင်းမြတ် စီးပွား, ချင်းတို့စီးပွား များမည်မဟုတ်ဖြစ်၍ ဇာတ်ဘာဝ မယိုမယွင်း အကျင့်အာ

စာရ ညီညွတ်သန့်ရှင်းအောင် ကျင့်ဆောင်စေရမည်မှာ ပုဏ္ဏားမျိုးလေးပါးတို့ ထုံးနွှန်း အကျင့် ကုလာစာရကို သုတိကျမ်း, ဒသကမ္မကျမ်းစသည် အစောင်အဖွဲ့နှင့် ကျမ်းလာသည်ကိုသာ မယိုမယွင်း ကျင့်စေရမည်၊ အစောင်အဖွဲ့နှင့် ကျမ်းမရှိသည်ကို မိရိုးဖလာဟု ယိုးယံ၍ မညီမညွတ်အောင် မကျင့်မဆောင်စေသင့်၊ ဘုရားဟောအကျင့် သာသနာစာရကို သောဏဒဏ္ဍ, ကုဋဒဏ္ဍ, ပေါက္ခရသာတိ အစရှိသော ရှေးပုဏ္ဏားကောင်းတို့ကဲ့သို့။

မိမျိုး,ဖမျိုး သန့်စင်၍ အမျိုးခုနစ်ဆက်တိုင်အောင် ဇာတ်ကို စောင့်ရှောက်ခြင်း, နိဃဏ္ဍုဟူသော အဘိဓာန်ကျမ်း,ကေဋုဘဟူသော အလင်္ကာကျမ်း, အက္ခရပဘေဒဟူသော သဒ္ဒါကျမ်း,ဣတိဟာသဟူသော ပုရာဏကျမ်းများနှင့်တကွ ဗေဒင်သုံးပုံကို သင်ကြားလေ့ကျက် ဆောင်ရွက်ခြင်း, သရဏဂုံဆောက်တည်သည် ဖြစ်၍ ရတနာသုံးပါး သံသရာမှ ထွက်မြောက်ကြောင်းဟူသော အယူသန့်စင်စွာရှိခြင်း, ပါဠိအနက် အင်္ဂါလက္ခဏာများနှင့် သေချာစွာ လေ့လာ၍ အခါခပ်သိမ်း ပဉ္စသီသီတင်းဆောက်တည်ခြင်း,ဂုဏ်နည်း ဥပုသ်သီတင်း လေ့လာခြင်း ဤအင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကျင့်ဆောင်စေရမည်။

ယင်းသို့ ဇာတ်ဘာဝ, ကုလာစာရ, သာသနာစာရ အင်္ဂါနှင့် ပြည့်စုံသည့်ပုဏ္ဏားတို့ကို အပရိဟာနိယဓမ္မနှင့်အညီ အထိုက်အလိုက် ခန့်ထား ဆောင်ရွက်စေရမည်မှာလည်း ရှစ်ပါးပုဏ္ဏားတို့မှာ ဖတ်ရွတ်မြဲ မန္တန်ဂါထာ ပါဠိ အနက် အဓိပ္ပါယ် အသေအချာနှင့် ဘိသိက်ရေစင် ဆက်သွန်းမြဲ ဆက်သွန်းစေသင့်သည်။ကိုးပါးပုဏ္ဏားတို့မှာ ဖတ်ရွတ်မြဲ မန္တန် ဂါထာ ပါဠိ အနက် အဓိပ္ပါယ် အသေအချာနှင့် အတွင်းဂြိုဟ် ပြင်ဂြိုဟ် ပသပူဇော်မြဲ ပသပူဇော်စေသင့်မည်။ စစ်ကိုင်းစလွယ်တင်ပုဏ္ဏား,မညဝတီစလွတ်တင်ပုဏ္ဏားတို့မှာ ဖတ်ရွတ်မြဲ မန္တန် ဂါထာ ပါဠိ အနက် အဓိပ္ပါယ် အသေအချာနှင့် မဟာပိန္နဲနတ်ကြီးငါးပါး ပသပူဇော်မြဲ ပသပူဇော်စေသင့်မည်။ မဏိပုရစလွယ်တင်ပုဏ္ဏားတို့မှာ သီရိဇေယျမမ္မဂုရု, သီရိဓမ္မိကာဂုရုတို့က နှိုးဆော်၍ လောကီစာပေ ရေးသားပြန်ဆိုစေသင့်မည်။နရပတိဇယာစရိယကျမ်း ထွက်ဆိုသည်နှင့်အညီ မန္တန် ဂါထာ ပါဠိ အနက် အဓိပ္ပါယ် အသေအချာနှင့် ဟုံးနတ်ပူဇော်မြဲလည်း ပူဇော်စေသင့်မည်။ခေတြပုဏ္ဏား,ဗိသျှုပုဏ္ဏားတို့မှာ လောကီစာပေ ရေးသားပြန်ဆိုစေသင့်မည်၊ စစ်ကိုင်းသုဒြပုဏ္ဏားတို့မှာ သုဒ္ဓေါဒနမင်းလက်ထက် ယာမ,ဓဇ,လက္ခဏ,ဇောတိမန္တ,ယည,သုဘောဇ,သုယာမ,ကောဏ္ဍည ဟူ၍ ပညာရှိ ရှစ်ယောက်တို့နှင့် တရားမျှလောက်သော ပုဏ္ဏားတို့ကို အပေါင်းပြု၍ ထမ်းရွက်သည်ဆိုသကဲ့သို့၊ ချင်းတို့ အနက်က ပညာရှိ ခန့်သသူတို့နှင့် အပေါင်းပြု၍ ထမ်းရွက်စေသင့်မည်။မဏိပုရသုဒြ

ပုဏ္ဏားမျိုးတို့မှာ ဗိမ္ဗိသာရမင်းထွက်ခါ တသိန်း,နှစ်သောင်းသော ပုဏ္ဏား အခြံအရံ ပါသည်၊ အဇာတသတ်မင်း ထွက်ခါ ဟသောင်းသောပုဏ္ဏား အခြံအရံ ပါသည်ဆို သကဲ့သို့၊ ထွက်တော်မူခါ မင်္ဂလာရှိသော ယပ်တောင်စွဲကာ မင်္ဂလာရှိသောစကားကို ဆိုလျက် လိုက်သွားစေသင့်မည်၊ သကြံန်တော် ရေတော်ကိုလည်း ခပ်ယူဆောင်ရွက် စေသင့်မည်။

ယင်းသို့ အထိုက်အလိုက် ခန့်ထားထမ်းရွက်စေသည်မှာလည်း သားတော် မြေးတော် မြစ်တော်စဉ်ဆက် မပျက်ခြားနားအောင် အကြီးအကဲ အနှီးအဆော်နှင့် ထမ်းရွက်စေသင့်မည်။စုသီးစုခြား ပုဏ္ဏားချင်းလည်း မရောမယှက်စေသင့်၊ စလွယ် တင်ပုဏ္ဏားမျိုး သုံးပါးအဝင်အပါ မဟုတ်သည်ကိုလည်း စလွယ် မတင်စေသင့်၊ စလွယ်တင်ပုဏ္ဏားမျိုး သုံးပါးတွင်လည်း သုတိကျမ်း လာရှိသည်နှင့်အညီ ဗြာဟ္မဏ မျိုးမှန်လျှင် ကိုးသွယ်၊ ခေတြမျိုးမှန်လျှင် ခြောက်သွယ်၊ ဗိသျှမျိုးမှန်လျှင် သုံးသွယ် တင်ဆောင်စေသင့်မည်၊ တင်ဆောင်မြဲ ထုံးစံမှ•လျော့ လွန်၍ မတင်မဆောင်စေ သင့်၊ ပုဏ္ဏားမျိုးတို့ ဝတ်စားမြဲ အဖြူအဝတ်အပေါင်းမှ တပါး အဝတ်အပေါင်း ကိုလည်း မဆောင်စေသင့်၊ ဗာဝရိ, ကောဏ္ဍည စသော ရှေး ပုဏ္ဏားများကဲ့သို့ သား,မြေးအနွယ်အမျိုးတို့ကို ရဟန်းပဉ္စင်း,ရှင်သာမဏေပြု၍လည်း သာသနာတော် မြတ်ကို ချီးမြှင့်စေသင့်မည်၊ ပုဏ္ဏားတို့က ကသည်းအက္ကပတ်ကုလားများကို ပုဏ္ဏား တို့အလို ဘာသာ စာရိတ္တဖြင့် ပြောဟောဆုံးမ၍ ပုဏ္ဏားအမူအကျင့်ကို မဆောက် တည်စေသင့်သည်များကို အမိန့်တော်ပြဋ္ဌာန်းတော်မူလျှင် လောကတ္ထစရိယ ကုသိုလ် ပါရမီပော် ပွားများမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## လှိုင်မြို့စား မေတ္တာစာ

**၁၁၄၈–ခု သီတင်းကျွတ်လဆန်း(၄)ရက်နေ့ သားတော် လှိုင်မြို့စား မင်းရဲ မြတ်စွာ တင်ဆက်သွင်းသည့် မေတ္တာစာကား—**

> မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမနာဂတာ သတ္တာ ကာယဿဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဘိက္ခဝေ၊ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူနှင့်။ သမနာ

**အနက်ကား** ဂတာ၊ပြည့်စုံကုန်သော။ သတ္တာ၊သတ္တဝါတို့သည်။ ကာယဿ၊

ကိုယ်၏။ဘေဒါ၊ပျက်ခြင်းကြောင့်။ မရဏာ၊သေသည်မှ။ ပရံ၊ နောက်၌။နိရယံ၊ချမ်းသာကင်းရာဖြစ်သော။ဝိနိပါတံ၊ပျက်စီးရာဖြစ်သော။ ဒုဂ္ဂတိံ၊ သူမတော်တို့၏ လားရာဖြစ်သော။အပါယံ၊အပါယ်လေးဘုံ၌။ဥပပဇ္ဇန္တိ၊ဖြစ်ရကုန်၏။

ဤသို့ အယူမှားသည့်တို့အား သေသည်မှ အခြားမဲ့၌ အပါယ်လေးပါး လားရကြောင်းကို အင်္ဂုတ္တိုရ်၌ ဟောတော်မူသည်၊ အယူမှားသော ဟူသည်မှာလည်း ရတနာသုံးပါးမည်သည် မရှိ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ ထိုကံတို့၏အကျိုးမည်သည် မရှိ၊ တမလွန်ဘဝမည်သည် မရှိ၊ ဤသို့စသဖြင့် အားကြီးစွာသော ဖေါက်ပြန်သည်ကို သာလျှင် အယူမှားသည် မယူအပ်၊ ခန္ဓာငါးပါးကို မိမိကိုယ်ဟု ယူမှတ်ခြင်း သက္ကာယဒိဋ္ဌိနှစ်ဆယ်ကိုလည်း အယူမှားသည်ဟု ယူအပ်သည်သာလျှင်တည်းဟု ပြခြင်းငှါ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌—

ဣမသ္မိံ သုတ္တေ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာတိ ဝစနတော အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထာ နတ္ထိ ကေန္တံ နိရယသ္မိံယေဝ နိမုဇ္ဇာပေတီတိ ဝုတ္တံ။

ဟူ၍ မိန့်တော်မူအပ်သည်။

**အနက်ကား** ဣမသ္မိံသုတ္တေ၊ ဤအင်္ဂုတ္တိုရ်ပါဠိတော်၌။ မိစ္ဆာဒိဋ္ဌိယာသမန္နာဂတာတိဝစနတော၊ မှားသောအယူနှင့် ပြည့်စုံသည်ဟူ၍ သာမညသာ ဟောတော်မူခြင်းကြောင့်။ အန္တမသော၊ အယုတ်သဖြင့်။ဝီသတိဝတ္ထုကံ၊နှစ်ဆယ်သောအပြားရှိသော။သက္ကာယဒိဋ္ဌိံ၊ကိုယ်ရှိ၏ ဟူသောအယူကို။ဥပါဒါယ၊စွဲ၍။သဂ္ဂံ၊ သုဂတိဘုံသို့။ ဥပနေတုံ၊ ဆောင်ခြင်းငှါ။ သမတ္ထာ၊ စွမ်းနိုင်သော။ဒိဋ္ဌိနာမ၊မှားသောအယူမည်သည်။နတ္ထိ၊မရှိ။ကေန္တံ၊စင်စစ်။ နိရယသ္မိံယေဝ၊ ငရဲ၌သော အပါယ်၌သာလျှင်။ နိမုဇ္ဇာပေတိ၊ နစ်မွန်းစေတတ်၏။ ဣတိ၊ ဤသို့။ဝုတ္တံ၊ဟောအပ်၏။

ဤသို့ ကျောက်ဟူက ပဲနောက်ခန့်မျှသော်လည်း ရေမပေါ်နိုင်သကဲ့သို့၊ အယူမှားဟူက ငါ့ကိုယ်ဟူ၍ မှတ်သော သက္ကာယဒိဋ္ဌိမျှသော်လည်း သုဂတိသို့ မပေါ်စေနိုင်၊ အဋ္ဌကထာ၌ လာသည့် သက္ကာယဒိဋ္ဌိနှစ်ဆယ်ဟူသည်ကား—

ရူပက္ခန္ဓာ၌ လေးပါး၊
ဝေဒနာက္ခန္ဓာ၌ လေးပါး၊
သညာက္ခန္ဓာ၌ လေးပါး၊
သင်္ခါရက္ခန္ဓာ၌ လေးပါး၊
ဝိညာဏက္ခန္ဓာ၌ လေးပါး—အားဖြင့် ခန္ဓာငါးပါးတွင် တပါးတပါး၌ ယူမှတ်ဟန် အခြင်းအရာ လေးပါးစီပြား၍ နှစ်ဆယ်ဖြစ်သည်။

**ရူပက္ခန္ဓာ၌ လေးပါးဟူသော်ကား—**

ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။

**အနက်ကား** ရူပံ၊ ရုပ်ကို။ အတ္တတော၊ မိမိကိုယ်အားဖြင့်။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ရူပဝန္တံ ဝါ၊ ရုပ်ရှိ၏ဟူ၍မူလည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ မိမိကိုယ်၌မူလည်း။ ရူပံ၊ ရုပ်ရှိ၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ ရူပသ္မိံ ဝါ၊ ရုပ်၌မူလည်း။ အတ္တာနံ၊ မိမိကိုယ်ရှိ၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ "ဤသို့ လေးပါးဖြစ်သတည်း"။

**ဝေဒနာက္ခန္ဓာ၌ လေးပါးဟူသော်ကား—**

ဝေဒနာ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ။

**အနက်ကား** ဝေဒနံ၊ ဝေဒနာကို။ အတ္တတော၊ မိမိကိုယ်အားဖြင့်။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝေဒနာဝန္တံ ဝါ၊ ဝေဒနာရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ မိမိကိုယ်၌မူလည်း။ ဝေဒနံ၊ ဝေဒနာရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ ဝေဒနာယ ဝါ၊ ဝေဒနာ၌မူလည်း။ အတ္တာနံ၊ မိမိကိုယ်ရှိ၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ "ဤသို့ လေးပါးဖြစ်သတည်း"။

**သညာက္ခန္ဓာ၌ လေးပါးဟူသော်ကား—**

သညံ အတ္တတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သညံ၊ သညာယ ဝါ အတ္တာနံ။

**အနက်ကား** သညံ၊ သညာကို။ အတ္တတော၊ မိမိကိုယ်အားဖြင့်။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ မိမိကိုယ်ကို။ သညာဝန္တံ ဝါ၊ သညာရှိ၏ဟူ၍မူလည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ မိမိကိုယ်၌မူလည်း။ သညံ၊ သညာရှိ၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ သညာယ ဝါ၊ သညာ၌မူလည်း။ အတ္တာနံ၊ မိမိကိုယ်ရှိ၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ "ဤသို့ လေးပါးဖြစ်သတည်း"။

**သင်္ခါရက္ခန္ဓာ၌ လေးပါးဟူသော်ကား—**

သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ။

**အနက်ကား** သင်္ခါရေ၊သင်္ခါရတို့ကို။ အတ္တတော၊ မိမိကိုယ်အားဖြင့်။ သမနုပဿတိ၊ရှု၏။အတ္တာနံ၊မိမိကိုယ်ကို။ သင်္ခါရဝန္တံ ဝါ၊ သင်္ခါရရှိ၏ဟူ၍မူလည်း။သမနုပဿတိ၊ရှု၏။အတ္တနိ ဝါ၊မိမိကိုယ်၌မူလည်း။ သင်္ခါရေ၊ သင်္ခါရရှိကုန်၏ဟူ၍။ သမနုပဿတိ၊ရှု၏။ သင်္ခါရေသု ဝါ၊ သင်္ခါရတို့၌မူလည်း။ အတ္တာနံ၊ မိမိကိုယ်ရှိ၏ဟူ၍။ သမနုပဿတိ၊ရှု၏။ "ဤသို့ လေးပါးဖြစ်သတည်း"။

**ဝိညာဏက္ခန္ဓာ၌ လေးပါးဟူသော်ကား—**

ဝိညာဏံ အတ္တတော သမနုပဿတိ၊ဝိညာဏဝန္တံ ဝါ အတ္တာနံ၊အတ္တနိ ဝါ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ။

**အနက်ကား** ဝိညာဏံ၊ဝိညာဏ်ကို။အတ္တတော၊မိမိကိုယ်အားဖြင့်။သမနုပဿတိ၊ရှု၏။အတ္တာနံ၊ မိမိကိုယ်ကို။ ဝိညာဏဝန္တံဝါ၊ ဝိညာဏ်ရှိ၏ဟူ၍မူလည်း။သမနုပဿတိ၊ရှု၏။အတ္တနိ ဝါ၊မိမိကိုယ်၌မူလည်း။ ဝိညာဏံ၊ဝိညာဏ်ရှိ၏ဟူ၍။သမနုပဿတိ၊ရှု၏။ ဝိညာဏသ္မိံ ဝါ၊ဝိညာဏ်၌မူလည်း။ အတ္တာနံ၊မိမိကိုယ်ရှိ၏ဟူ၍။သမနုပဿတိ၊ရှု၏။ "ဤသို့ လေးပါးဖြစ်သတည်း"။

ထိုအခြင်းအရာ လေးပါး လေးပါးစီ ပြားသည်တွင်လည်း ပဌမ အခြင်းအရာကို ဆီမီးလျှံနှင့်အဆင်းမပြားသကဲ့သို့ ခန္ဓာငါးပါးနှင့်ကိုယ် မပြားဟု ယူမှတ်ခြင်းကိုရည်သည်၊ဒုတိယအခြင်းအရာကို သစ်ပင်သည် သစ်ရိပ်ရှိသကဲ့သို့ ကိုယ်သည် ခန္ဓာအစိတ်ရှိသည်ဟု ယူမှတ်ခြင်းကို ရည်သည်၊ တတိယ အခြင်းအရာကို ပန်း၌ အနံ့ရှိသကဲ့သို့ ကိုယ်၌ ခန္ဓာရှိသည်ဟု ယူမှတ်ခြင်းကို ရည်သည်၊ စတုတ္ထ အခြင်းအရာကို တံတင်း၌ ပတ္တမြားရှိသကဲ့သို့ ခန္ဓာ၌ ကိုယ်ရှိသည်ဟု ယူမှတ်ခြင်းကို ရည်သည်။

**အဓိပ္ပါယ်အကျဉ်းမှာ....**အခြင်းအရာ နှစ်ဆယ်တွင် တပါးပါးဖြင့် ခန္ဓာငါးပါးကို ငါ့ကိုယ်ဟု ယူမှတ်ခြင်းသည် သက္ကာယဒိဋ္ဌိမည်၏ ဟူလိုသည်။

ထိုသက္ကာယဒိဋ္ဌိ ရှိသည့်သူအား ဒါန,သီလစသော ကောင်းမှုကုသိုလ် အများပင်ရှိငြားသော်လည်း ပစ္စုပ္ပန်ဘဝ၏ အခြားမဲ့၌ သုဂတိဘဝကို မရနိုင်ရာ ဟောတော်မူသည်ဖြစ်၍ "ငါ့ကိုယ်မဟုတ်၊ ခန္ဓာအစုသာ"ဟူသော အနတ္တသညာကို ပွားစေသဖြင့် ကိုယ်ဟု ယူမှတ်ခြင်း သက္ကာယဒိဋ္ဌိကို မမေ့မလျော့ ပယ်အပ်သည်၊ ပွားစေအပ်သော အနတ္တသညာ၏ သာသနာပကာလ ထင်ရှားမရှိခြင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ၌—

အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ န ပညာယတိ၊ ဗုဒ္ဓုပ္ပါဒေယေဝ ပညာယတိ။

အနက်ကား

အနတ္တလက္ခဏ၊အနတ္တလက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒ၊ ဘုရားပွင့်ရာ သာသနာတော်တွင်းကို။ ဝိနာ၊ ကင်း၍။ နပညာယတိ၊ မထင်ရှား။ဗုဒ္ဓုပ္ပါဒေယေဝ၊ဘုရားပွင့်ရာ သာသနာတော်တွင်း၌သာလျှင်။ ပညာယတိ၊ထင်ရှား၏။

ဤသို့ လာရှိသည်ဖြစ်၍ အနတ္တသညာကို ပွားစေနိုင်ခဲ့သောကြောင့် သက္ကာယဒိဋ္ဌိကို ပယ်နိုင်ခဲ့သည်၊ ငါ့ကိုယ်ဟူ၍ မှတ်ကာနှင့်သာ ဖြစ်သောကြောင့်ကား ဖြစ်လွယ်သည်၊ ဖြစ်သည်ရှိကလည်း ဒါန,သီလစသော ကုသိုလ်ကံတို့၏အကျိုး သုဂတိဘဝကို မြစ်၍ မချွတ်လျှင် အပါယ်၌ နစ်မွန်းစေတတ်သည်၊ ထို့ကြောင့် အားကြီးသော မိစ္ဆာအယူကဲ့သို့ မထင်ရှားပဲ ဖြစ်ပွားလွယ်သော ငါ့ကိုယ်ဟု ယူမှတ်ခြင်း သက္ကာယဒိဋ္ဌိကို ပယ်နိုင်မှ ကုသိုလ်ကံတို့ အခွင့်ရသဖြင့် ဆင်းရဲအပေါင်းမှ လွတ်အံ့သည်ဖြစ်၍ နိမိရာဇာစသော မင်းတရားတို့သည် ဓမ္မကထာဖြင့် သူတကာတို့ စီးပွားကို ရှာမှီး၍ ပါရမီ ဖြည့်သကဲ့သို့ ပါရမီ ပွားစိမ့်သောငှါ ပြောဟော ပြသတော်မူသင့်သည်၊ သတိတော် ရှိရင်းတိုင်းလည်း ဆင်ခြင် မှတ်သားတော်မူသင့်သည် အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

---

## မင်းခမ်း မင်းဆောင်တော်

ဘကာတော် အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

ရှေးရှေး သာသနာတော်ကျမ်း, လောကီကျမ်းများတွင် ဆိုသည့် မင်းခမ်း မင်းဆောင်တော်များသည် ကာလလျှား၍ အခေါ်အဝေါ် အလုပ်အဆောင် ယိုယွင်းသည့် အရာများကို ရွှေလက်ထက်တော်တွင် မှန်ကန် သေချာအောင် ပြင်ဆင်ရမည်၊ သာသနာတော်ကျမ်း,လောကီကျမ်းလာ မင်းခမ်းတော်များကို ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ အနောက်ဝန်ကို လျှောက်ထားလှာပါစေသည်၊သိတော်မူသာအောင် မေတ္တာစာ ဆက်သွင်းတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၇-ခု တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့ အနောက်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သာသနာတော်ကျမ်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ လောကီကျမ်းဂန်တွင် လာရှိသည့် မင်းခမ်းတော်ကား—

| | | | | |
|---|---|---|---|---|
| ဝါဠဗီဇနိ .... | ရတနာသားမြီးယပ် | သံကိစ္စဇာတ်စသည်တွင် | ၁ | ရွှေဖြင့်မှုမ်းမံလျက် မျက်ရတနာစီသောအရိုးဖြင့် လုပ်သည်။ |
| ဥဏှိသံ.... .... | သင်းကျစ် .... | ၎င်း .... .... | ၁ | ရွှေစင်ဖြင့် မကိုဋ်ပါ မပါအလိုရှိရာလုပ်သည်၊ |
| သေတစ္ဆတ္တံ.... | ထီးဖြူ .... | ၎င်း .... .... | ၁ | အရိုးအချက်ကို ရွှေမှုမ်းမံလျက် လုပ်သည်၊ |
| ခဂ္ဂံ.... .... | သန်လျက် .... | ၎င်း .... .... | ၁ | ရွှေမျက်ရွဲစီလျက် တဖက်သွား နှစ်ဖက်သွားလုပ်သည်၊ |
| ပါဒုကာ........ | ခြေနင်း .... | ၎င်း .... .... | ၁ | ရွှေဖြင့်မှုမ်းမံ၍လုပ်သည်၊သံကိစ္စဇာတ်၌ ဥပါဟနဘိနပ်ဆိုသည်၊ |
| သခ် ........ | လက်ျာရစ်ခရုသင်း....ဒီပဝင်စသည်၌ဆိုသည် | | ၁ | ရတနာဖြင့် ခြယ်လှယ်၍ လုပ်သည်၊ |
| ဝဋံသကံ ........ | နားပန် .... | ၎င်း .... .... | ၁ | နားပန်ဆံဆီတွင် ဆွဲသောနားသွယ်ပန်းလည်း ဆိုသည်၊ |
| ဘိင်္ကာရံ ........ | ရွှေကရား .... | ၎င်း .... .... | ၁ | နတ်ပသရန် မကာရ်သဏ္ဍာန် ခွက်အထူးလည်း ဆိုသည်၊ |
| နန္ဒိယာဝဋ္ဋံ.... | ရွှေကြိုးခြေ.... | ၎င်း .... .... | ၁ | ဇလပ်ပန်းသဏ္ဍာန်လည်းဆိုသည်၊အတင်၊အမှီတော်ဖြစ်သည်၊ |
| ဟတ္ထပုဉ္ဆနံ .... | ယက်သုတ်ပုဝါ.... | ၎င်း .... .... | ၁ | ရွှေသောအဆင်းရှိသည် ဆိုသည်၊ |
| ဝေဌနံ ........ | ဦးပေါင်း .... | ၎င်း .... .... | ၁ | သီသဝေဌနံဖွင့်သောကြောင့် ဦးပေါင်းဟူ၍ သိသင့်သည်၊ |
| သာရပါမင်္ဂ.... | စလွယ် .... | ၎င်း .... .... | ၁ | ဉတ္တမံ ရတနပါမင်္ဂသုတ္တံ ဖွင့်သောကြောင့် စလွယ်ဟုသိသင့်၏၊ |
| သုဝဏ္ဏပါတိ.... | ရွှေခွက် .... | ၎င်း .... .... | ၁ | ရွှေအတိကို လုပ်သည်၊ |
| ကဋ္ဋစ္ဆု ........ | ရွှေဟင်းချို.... | ၎င်း .... .... | ၁ | ရွှေအတိကို လုပ်သည်၊ |
| သုဝဏ္ဏဃဋံ.... | ရွှေအိုး .... | သာရတ္ထဒီပနီစသည်တွင် | ၁ | ရွှေအတိကို လုပ်သည်၊ |

| | | | | |
|---|---|---|---|---|
| ရဇတဃဋ္ဋံ.... | ငွေအိုး ........ | ၎င်း .... .... | ၁ | ငွေအတိကို လုပ်သည်၊ |
| လောဟဃဋ္ဋံ.... | ကြေးအိုး ........ | ၎င်း .... .... | ၁ | ကြေးအတိကို လုပ်သည်၊ |
| မတ္တိကာဃဋ္ဋံ.... | မြေအိုး ........ | ၎င်း .... .... | ၁ | ပကတိအိုးပင် ဖြစ်သည်၊ |
| သုဝဏ္ဏဆတ္တံ.... | ရွှေထီး ........ | ဒသဇာတ်စသည်တွင် .... | ၁ | ရွှေမှုမ်းမံ၍လုပ်သည်၊ |
| မောရပိဉ္ဆဟတ္ထကံ၊ ဥဒေါင်းမြီးယပ် .... | | ၎င်း .... .... | ၁ | ရွှေရိုးမျက်စိတပ်သည်၊ |
| တာလဏ္ဏကံ.... | ယပ်ဝန်း ယပ်မား.... | သီလဝဇာတ်စသည်တွင် | ၁ | ရွှေရိုးမျက်စိလုပ်သည်၊ |
| ဒဏ္ဍော.... .... | တောင်ဝှေး ........ | ရာဇမတ္တဏ်စသည်တွင်.... | ၁ | ရေသဖန်းသားကို နဖူးနှင့်အမျှ လုပ်ဆောင်ရမည် ဆိုသည်၊ |
| မုကုဋ္ဋံ.... .... | မကိုဋ် ........ | ရာဇာဘိသေကကျမ်းတွင် | ၁ | ဇမ္ဗူရာဇ်ရွှေဖြင့် လုပ်ရမည်ဆိုသည်၊ |
| ကောရကံ .... | လက်ကောက် .... | ၎င်း .... .... | ၁ | ကြယ်ကိုးလုံး စီလျက် ရွှေစင်ကို လုပ်ရမည် ဆိုသည်၊ |
| မဏိကုဏ္ဍလံ .... | ပတ္တမြားနားဒောင်း | ၎င်း .... .... | ၁ | ပတ္တမြားကိုစီ၍ လုပ်ရမည် ဆိုသည်၊ |
| ကဝစံ.... .... | အင်္ကျီဒုရင် ........ | ၎င်း .... .... | ၁ | အသွင်ခုနစ်ပါးရှိအောင် လုပ်ရမည်ဆိုသည်၊ |
| ခေလမလ္လကံ.... | ထွေးခံ ........ | ကဥ္စာဟကဇာတ်တွင် .... | ၁ | ပြတ်လည်းဟူသည်၊ |
| သုဝဏ္ဏသမုဂ္ဂံ.... | ရွှေတံတင်း ........ | ၎င်း .... .... | ၁ | ရွှေအတိကိုလုပ်သည်၊ရွှေသော်လည်း မွမ်းမံသည်၊ |
| သုဝဏ္ဏသရကံ.... | ရွှေဖလား.... .... | ၎င်း .... .... | ၁ | ရေသောက်ရန်ဆိုသောကြောင့် ရွှေဖလားဟု သိအပ်သည်၊ |
| မုတ္တာဟာရံ.... | လည်နှဲဘယက်.... | သိဒ္ဓတ်မင်းသား .... | ၁ | |

အကြောင်းကိုဆိုရာအဋ္ဌကထာများ ပေါင်း—၃၀။

သီလဝဇာတ်၌ ကောသလမင်း၏ ပြင်ဆင်ထားအပ်သော ကွမ်းကို သီလဝမင်း အားဘီလူးတို့ ဆက်သည်ဆိုသောကြောင့် ကွမ်းလောင် ကွမ်းခွက် ရှိသည်ကိုလည်း သိအပ်သည်။

ဤသို့ အစရှိသဖြင့် ထိုထိုကျမ်းဂန်မှ စုရုန်း၍ ဆိုရခြင်းသာ ဖြစ်သည်၊ ယခု ခင်း ကျင်းသည့် မင်းခမ်းတော်များကဲ့သို့ တပေါင်းတည်း မရှိ ဖြစ်သည်၊ ဆိုပြီးသော မင်းခမ်းတော်များကိုလည်း ဘိသိက်ခံသော မင်းခမ်းသို့ ဝင်သည်၊ လက်ဝဲ, လက်ျာ မင်းခမ်းသို့ ဝင်သည်ကို ထောက်၍ နိုင်းရှဉ်သင့်သည်၊ ရှေး ဝေါဟာရ အလုပ်အ ဆောင်များသည် ကာလလျား၍ သိခက်သည်လည်း ရှိသည်၊ သန်လျက်တော်ကို လုပ်ဆောင်သည်မှာလည်း "ကေတောခာရ၊ တဖက်အသွားရှိသော ခါးသန်လျက်။ ဥဘတောခာရ၊ နှစ်ဖက်အသွားရှိသော ခါးသန်လျက်" ဟူ၍ ဆိုသည်နှင့်အညီ အလို ရှိရာ လုပ်သင့်သည်။ တဖက်သွားရှိသော ခါးသည် သန်လျက်မည်သင့်သောကြောင့် လည်း—

ကောသောပရိ သမောဂဃ္ဃ၊ ဤသာခဂ္ဂံ ပမုဥ္စတိ။

**အနက်ကား** ကောသောပရိ၊ အအိမ်မှ အထက်၌။ သမောဂဃ္ဃ၊ ထုတ်၍။ ဤသာခဂ္ဂံ၊ အဖျား ကော့ကော့ရှိသော သန်လျက်ကို။ ပမုဥ္စတိ၊ ဖြန့်၏။ ဟူ၍ ဒသဇာတ်၌ ဆိုခြင်းဖြစ်သည်။

ငင်းသန်လျက် ပမာဏမှာလည်း သုံးဆယ့်သုံးသစ်သာ ဟူ၍ အမြဲမရှိ၊ သုံးဆယ့် သုံးသစ်ဟူ၍ ပကိဏ္ဏကဇာတ်၌ ဆိုသည်မှာလည်း သန်လျက် ကစားသောသူတွင် ပါ သည့် သန်လျက်၏ ပမာဏကိုသာ ဆိုခြင်းဖြစ်သည်၊ သည်အကြောင်းကို ထောက် သဖြင့်လည်း—

သုံးဆယ့်သုံးတန်၊ လက်သစ်ပြန်အောင်၊ ရှည်ခြင်းဆောင်လျက်၊ အရောင် ယူမြောက်၊ ရှမသောက်စား၊ ဆင်ဘောက်လည်ဘင်၊ ပြတ်လျှင်ဘနန်း၊ မျော့ မျော့သွန်သည်၊ မြိုက်ချွန်အသွား၊ သန်လျက်ထားကို။

ဟူ၍ ဆိုလေသည်သာ၊ အမြဲပမာဏရှိ၍ ဆိုသည်မဟုတ် ဖြစ်သည်။

---

## သာသနာပိုင် ဆရာတော် မေတ္တာစာ

သက္ကရာဇ် ၁၁၄၀–ခု တန်ဆောင်မုန်းလဆန်း(၅)ရက်နေ့ ပင့်၍ နန်းမ စနဆောင်တော်မှာ အတွေ့ ခံတော်မူပြီးလျှင် သမုဒ္ဒဇာ၊ ကြင်နှန်း၊ ဥရူ၊ ထီးဖြူတော်၊ စလွယ်၊ သန်လျက်တော်၊

စသည့် မင်းဆောင် မင်းခမ်းနှင့် တိုင်းရေးပြည်ရေးတို့ကို မေးမြန်း ပြောဟောတော်မူသည့်ကာလ မင်းညီမင်းသား မှူးတော်မတ်တော်တို့အား စလွယ် အသနားတော် ခံစေရမည်ကို ဘယ်သို့ ကျင့်ဆောင်စေရမည်၊သိတော်မူသာအောင် စာသွင်းတော်မူပါ၊ အမိန့်တော်ရှိ၍ သားတော် လှိုင်မြို့စား မင်းရဲ မြတ်စွာတွင် ငှင်းလဆန်း( ၇ )ရက်နေ့ သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်၊ နိမိရာဇစသော ရှေးရှေးသောပါရမီဖြည့် မင်းလောင်းမင်းမြတ်တို့သည် မင်းညီ မင်းသား မှူးတော် မတ်တော်မှစ၍ ပြည်သူတိုင်းသူတို့အား အဆောင်အရွက် အခမ်းအနား ခရိုင်,မြို့,ရွာ,ဌာနန္တရ ပစ္စည်းဥစ္စာဟူသော ပစ္စုပ္ပန်စီးပွားဖြင့် ချီးမြှင့်ခြင်းငှါ ဒါန, သီလစသော တမလွန်စီးပွားဖြင့် ချီးမြှင့်ခြင်းကို ပြုကုန်၍ ပါရမီဖြည့်ပွားသဖြင့် လောကသုံးပါး၏ အထွတ်အထိပ်သို့ ရောက်ကုန်သည်နှင့်အညီ မင်းညီ မင်းသား မှူးတော် မတ်တော် ပြည်သူ တိုင်းသူတို့အား နှစ်ပါးသောချီးမြှင့်ခြင်းဖြင့် ချီးမြှင့်တော်မူခြင်းသည် လူသုံးပါးတို့၏ အထွတ်အထိပ် ဟုဆိုအပ်သော သဗ္ဗညုအဖြစ်သို့ စင်စစ် ရောက်တော်မူအံ့သော အကြောင်းဖြစ်သည်။

စက္ကဝတ္တိနော ဥပ္ပတ္တိယာ ဒွေသမ္ပတ္တိယော လဗ္ဘန္တိ၊ ဗုဒ္ဓါနံ ဥပ္ပတ္တိယာ တိဿောဝ သမ္ပတ္တိယော။

**အနက်ကား** စက္ကဝတ္တိနော၊စကြာမင်း၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းကြောင့်။ ဒွေသမ္ပတ္တိယော၊လူချမ်းသာ, နတ်ချမ်းသာ နှစ်ပါးတို့ကို။ လဗ္ဘန္တိ၊ ရကုန်၏။ ဗုဒ္ဓါနံ၊ဘုရားသခင်တို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်တော်မူခြင်းကြောင့်။တိဿောဝသမ္ပတ္တိယော၊လူချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာသုံးပါးတို့ကိုပင်လျှင်။လဗ္ဘန္တိ၊ရအပ်ကုန်၏။

ဤသို့ အဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်နှင့်အညီ ဗလစကြာမင်းဖြစ်သော တရားမင်းမြတ်၏ အာနုဘော်ကြောင့် ပြည်သူ တိုင်းသူတို့အား ချမ်းသာနှစ်ပါးကို မချွတ်ရအံ့သောအကြောင်းဖြစ်သည်။

ဘိက္ခု ပိဏ္ဍာယ ပဝိဋ္ဌေ ဒိသွာ ယာဂုဘတ္တာဒီနိ သမာဒပေန္တော သဗ္ဗေ သံပိ ဒါယကာနံ ကုသလေန သမကံ ကုသလံ ပါပုဏာတိ။

ပိဏ္ဍာယပဝိဋ္ဌေ၊ ဆွမ်းခံဝင်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။
**အနက်ကား** ဒိသွာ၊ မြင်၍။ ယာဂုဘတ္တာဒီနိ၊ ယာဂုဆွမ်း အစရှိသည်တို့ကို။
သမာဒပေန္တော၊ နှိုးဆော်တိုက်တွန်းသောသူသည်။ သဗ္ဗေသံပိ ဒါယကာနံ၊ လှူသော သူခပ်သိမ်းတို့၏လည်း။ ကုသလေန၊ ကုသိုလ်ကောင်းမှုနှင့်။ သမကံ၊ထပ်တူထပ်မျှသော။ကုသလံ၊ကုသိုလ်ကောင်းမှုသို့။ပါပုဏာတိ၊ရောက်၏။

ဤသို့ အဂုံတ္တိုရ်အဋ္ဌကထာ၌ လာသည်နှင့်အညီ ဒါန,သီလစသော ကောင်းမှု၌ နှိုးဆော် တိုက်တွန်းတော်မူသဖြင့်လည်း ထပ်တူထပ်မျှ ကုသိုလ်တော် ဖြစ်ပွားရာ သောအကြောင်းရှိသည်။

ယင်းသို့သော အကြောင်းများကို ထောက်ရှုတော်မူ၍ ဌာနန္တရ ဓမ္မာနုဂ္ဂဟနှစ်ပါး ဖြစ်ပွားစိမ့်သောငှါ အရာဌာနနှင့်လျော်စွာ သုံးသွယ်မှသည် နှစ်ဆယ့်တသွယ်တိုင် သုံးသွယ်စီတိုး၍ အထိုက်အလိုက် စလွယ် အဆောင်အရွက်ဖြင့် ချီးမြှင့်တော်မူခြင်း သည် ရှေးထုံးနှင့် ညီညွတ်စွာ ဖြစ်သည်၊ အဋ္ဌင်္ဂိကမဂ်ဟူသော ငှက်သဖွယ်ဖြစ်သော တရားကို ဖမ်းထောင်လိုခြင်းကို အကြောင်းနိမိတ်ပြု၍ ကျော့ကွင်းသဖွယ်ဖြစ်သော ဆံကျစ်ကို ဆောင်သည်၊ သစ်သတ္တဝါတို့၏ လက်ဝဲသို့ ကျသည့်အစာကို မစား၊ လက်ျာသို့ ကျသည့်အစာကိုသာ စားခြင်း ဂတိမြဲသကဲ့သို့ ဂတိမြဲစွာ ကျင့်မည်ကို အကြောင်းနိမိတ်ပြု၍ သစ်နက်ရေကို ဆောင်သည်၊ ရသေ့တို့ အကြောင်းအရာနှင့် အညီ လောကီကျမ်းဂန် ထုံးစံရှိသည်အတိုင်း စလွယ်အသနားတော်ခံရသည့် မင်းညီ မင်းသား မှူးတော် မတ်တော်တို့မှာလည်း "သမောဒမော တပေါသောစ" စသည် ဂါထာဖြင့်ဆိုသော အကျင့်ဆယ်ပါးကို မယိုမယွင်း ကျင့်ဆောင်စေသင့်သည်ဖြစ်၍ ရှေးရှေး မင်းကောင်း မင်းမြတ်တို့သည် မင်းညီ မင်းသား မှူးတော် မတ်တော်တို့ အား အထိုက်အလိုက် ချီးမြှင့်သနားမြဲ ထုံးစံရှိသည်နှင့်အညီ ငါ့ရှင်ဧကရာဇ်လည်း မင်းညီ မင်းသား မှူးတော် မတ်တော်တို့အား ပစ္စုပ္ပန်စီးပွား,တမလွန်စီးပွား နှစ်ပါး ဖြင့် အထိုက်အလိုက် ချီးမြှင့်သနားတော်မူသည်၊ ယခုလည်း မည်သူကို အကျင့် ဆယ်ပါးနှင့် ယှဉ်သော စလွယ် မည်မျှချီးမြှင့်သနားတော်မူသည်၊ ကိုယ် နှုတ် ဣန္ဒြေ စောင့်စည်းခြင်း, ကိုယ် နှုတ်ကို ငြိမ်ဝပ်အောင် ဆုံးမခြင်း, ညစ်ညူးသော အပူကို ပျောက်စေခြင်း, အမျိုးအနွယ် အကျင့်အာစာရကို စောင့်စည်း စင်ကြယ်စေခြင်း, ဥစ္စာပစ္စည်း၌ ရောင့်ရဲခြင်း,သည်းခံခြင်း,သဘောဖြောင့်မတ်ခြင်း, ရတနာသုံးပါးသို့ ဆည်းကပ်ခြင်း,သူခပ်သိမ်းတို့အား သနားခြင်း,သစ္စာစကား တော်မှန်ခြင်း ဤသည် စလွယ်နှင့်ယှဉ်သော အကျင့်ဆယ်ပါးကို မယိုမယွင်း မလစ်မဟင်းရအောင် ကျင့်၍ ချီးမြှင့် သနားတော်မူသည့် စလွယ်ကို ရှိသေစွာဆောင်ဟု အမိန့်တော်ကို ဦးထိပ်

ရွက်စေလျက် မိဋ္ဌာန်တင်ဆောင်စေမှ ဓမ္မာနုဂ္ဂဟ ကုသိုလ်တော် စလွယ်ဖြင့် ရောက်သင့်သော စီးပွားတော် များမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## တံဆိပ်နာမံတော် အသုံးအဖြတ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> တံဆိပ်နာမံတော်တွင် ဝိဇယာနန္တပါသည့် အရာကို နန္တသည် တ မှန်မည် ဒ မှန်မည်ကို ဆရာတော်မှာ သိသာအောင် လျှောက်ထားစေ၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း လျှောက်လှာပါစေသည်၊ တ မှန်မည် ဒ မှန်မည် ကျမ်းဂန် ပုဒ်ပါဠိ သဒ္ဒါအနက် အကျိုးအကြောင်း သိသာအောင် အမိန့်တော်ရှိပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၈-ခု တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ အဆောင်တော်မြဲ နန္ဒမိတ်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

တံဆိပ်နာမတော်တွင် ဝိဇယာနန္တယသ ပါသည့်အရာမှာ ဝိဇယ အနန္တ ယသဟု ပုဒ်ဖြတ်၍၊ အနန္တယသာ သဒ္ဒါဖြင့် တမ္ဗဒီပတိုင်း အချက်အချာ မဟာနဂရ ရာဇဓာနီ အမရပုရ နေပြည်တော်ကြီးလျှင် အမှူးအကဲရှိသော တိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းများအရှင် သဝိညာဏက, အဝိညာဏက ရတနာအပေါင်းတို့၏ သခင်ဖြစ်၍ အဆုံးမရှိသော အခြံအရံ အပျော်အစောနှင့် ပြည့်စုံတော်မူခြင်း ပရိဝါရသိလောက သမ္ပတ္တိအနက်ကို ပြသည်ဖြစ်၍ အဆုံးမရှိခြင်းအနက်နှင့်လျော်စွာ ဒန္တဇ တအက္ခရာနှင့် အနန္တဟူ၍ လိုသည်၊ ဒဒွေးအက္ခရာနှင့် အနန္ဒဟူ၍ မလိုဖြစ်သောကြောင့် အနန္တဉာဏောဟူသော ဥဒါဟရဏ်၌ကဲ့သို့ တအက္ခရာနှင့်သာ ရေးသားသင့်သည်၊ ဒဒွေး အက္ခရာနှင့် မရေးသင့်၊အက္ခရာမှန်မှ သဒ္ဒါမှန်မည်၊သဒ္ဒါမှန်မှ အနက်မှန်မည်၊အနက် မှန်မှ အဓိပ္ပါယ်မှန်မည်၊ အဓိပ္ပါယ်မှန်မှ အဟုတ်အဟတ် ကျေးဇူးတော်ကို ပညာရှိတို့ သိနိုင်မည်၊ အဟုတ်အဟတ် ကျေးဇူးတော်ကို သိမှ အရှိန်အဝါ အာနုဘော် ပြန့်ပွားမည်ဖြစ်၍ အထက်က ဆက်သွင်းသည့် တံဆိပ်နာမံတော်အရ အနက်နှင့် လျော်ညီအောင် ဆင်ခြင်နှိုင်းရှဉ်၍ ထားသင့်သည်။

## ကျောင်းတော် ပြောင်းသင့် မပြောင်းသင့်

လျှောက်ပါသည် ဆရာတော်ဘုရား—

လေသာဆောင်မြောက်တွင် ကျောင်းတော်နှင့်ထားသည့် ရုပ်တုတော်များကို ဇေတဝန် ဆောင်တော်သို့ ပြောင်း၍ ပြာသာဒ်ကျောင်းတော်နှင့် ကိုးကွယ်တော်မူသည်၊ အထက်ကျောင်းတော်မှာ ရုပ်တုတော်များ မရှိပြီ ဖြစ်သည်၊ ကျောင်းတော်ကို ပြောင်းသင့် မပြောင်းသင့် ဆရာတော်မှာ လျှောက်ရမည်၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရပါသည်အတိုင်း လျှောက်လှာပါစေသည်၊ ပြောင်းသင့် မပြောင်းသင့်ကို မိန့်တော်မူပါ ဆရာတော်ဘုရား။

**၁၁၄၈-တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်နေ့ အဆောင်မြဲတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လေသာဆောင်မြောက်တွင် ထားသည့် ကျောင်းတော်က ရုပ်တုတော်များကို ဇေတဝန်ဆောင်တော်တွင် ပြာသာဒ်ကျောင်းတော်နှင့် ကိုးကွယ်တော်မူသည်ဖြစ်၍ အထက်ကျောင်းတော် အားလပ်သည်ကို သင့်ရာ ပြောင်းထားသင့်သည်၊ သင့်ရာ ပြောင်း၍ ရုပ်တုတော် ဓာတ်တော် မွေတော် သီတင်းသုံးရာဖြစ်မှ ကုသိုလ်တော် အတိုင်းထက်အလွန် ဖြစ်ပွားမည် ဖြစ်သည်။

---

## ရာဇောဝါဒဝဏ္ဏနာ မေတ္တာစာ

၁၁၄၈-ခု တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်နေ့ သားတော် လှိုင်မြို့စားတွင် ရာဇောဝါဒဝဏ္ဏနာမည်သော စာကို ဖွဲ့စီ၍ ဆက်သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

၁၁၄၈—ခု တန်ဆောင်မုန်းလဆန်း(၁၁)ရက်နေ့ လေသာဆောင်တော်မှာ ဆရာတော်တို့နှင့် အတွေ့ခံလျက် အသက်ထက်ဆုံး အောက်မေ့အပ်သော သာရဏီယ ဓမ္မကထာကို ပြောဟောဆွေးနွေးတော်မူ၍ ဓမ္မသာကစ္ဆာမင်္ဂလာကို ဖြစ်စေသည်

တွင် ရာဇဓမ္မကထာအစပ် အလျှင်းသင့်သည့်အရာ၌ ဆရာတော်ကြီးတို့က သာသန ဒါယကာ တရားမင်းမြတ် သိတော်မူသာအောင် ရာဇဓမ္မ အခြင်းအရာကို စာသွင်း ရမည် ဆရာတော်ကို ဝန်ပြုသည်ကာလ တုဏှိဘာဝဖြင့် ခံဝန်ရသည်ကို တကြောင်း၊ သာသနဒါယကာ တရားမင်းမြတ်၏ ဗဟုပကာရ ဖြစ်တော်မူသည်ကို တကြောင်း ထောက်ထား၍ ပစ္စုပ္ပန်, သံသရာစီးပွား နှစ်ပါးများ ဖွံ့လျက် သမ္မာသမ္ဗောဓိ အ ဆောက်အဦ ကုသိုလ်ပါရမီတော် ပြည့်ပွားစိမ့်သောငှါ အထက်က ဆက်သွင်းသည့် သုဓမ္မာစာရဒီပနီ စာအရမှ တပါးသောအရ အဓိပ္ပါယ်တို့ကိုဆိုရာ ရာဇောဝါဒဝဏ္ဏ နာမည်သည့်စာကို ဖွဲ့စီဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရား မင်းမြတ်။

## ပိုက်ကွန် ရောင်းသူတို့ အကုသိုလ် ဖြစ် မဖြစ်

လျှောက်ပါသည် ဆရာတော်ဘုရား—

၁၁၄၈-ခု နတ်တော်လဆန်း(၁၀)ရက်နေ့တွင် အတွင်း တော်မှာ ခမည်းတော်ဘုရားကို ဖူးမြော်သည်တွင် ပိုက်ကွန် နှင့်စပ်သည့်စကားကို မိန့်ဆိုတော်မူသည်ကာလ လုပ်ရောင်း သူမှာ စေတနာမရှိ၍ အကုသိုလ်မဖြစ် မိန့်တော်မူသည်ကို ပြုလုပ်သူလည်း မလွတ်သင့် မလွတ်ရာပါ၊ တကာတော် မင်း သား လျှောက်ဆိုသည်တွင် အကြိမ်ကြိမ် ပယ်တော်မူလျှင် အကြိမ်ကြိမ်လျှောက်၍ ရွှေနှုတ်တော် မပြေ ရှိသည်ကို ဆရာ တော်ထံ လျှောက်ထားရမည်အကြောင်းနှင့် သံတော်ဦး တင် ရပါသည်၊ ပိုက်ကွန်လုပ်ရောင်းသူတို့မှာ အကုသိုလ် လွတ်မည် မလွတ်မည်ကို တရားတော်ရှိရာ မိန့်တော်မူပါ လျှောက်ထား ချေ။

**၁၁၄၈—ခု တန်ဆောင်မုန်းလဆန်း(၁၁)ရက်နေ့ သားတော် စကုမြို့စား မင်းသားက အကြီးတော် အကြီးစာရေးတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းကြီး၌ စံပယ်တော်မူခါ တပည့်သံဃာတော် တို့အား ဥပါသကာတို့ အကျင့်အာစာရနှင့်စပ်သည့် တရားစကားကို ဟောကြား တော်မူလို၍—

ပဒ္ဓိမေ ဘိက္ခဝေ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ၊ကတမေ ပဉ္စ၊
သတ္တဝါဏိဇ္ဇာ, သတ္တဝါဏိဇ္ဇာ, မံသဝါဏိဇ္ဇာ, မဇ္ဇဝါဏိဇ္ဇာ, ဝိသဝါဏိဇ္ဇာ
ဣမေ ခေါ ဘိက္ခဝေ ပဉ္စဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ။

ဟု ဟောတော်မူကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်တွင် လာသည်။

**အနက်ကား** ဘိက္ခဝေ၊ရဟန်းတို့။ ဣမေပဉ္စဝါဏိဇ္ဇာ၊ ဤကုန်ငါးပါးတို့ကို။ ဥပါသကေန၊သရဏဂုံဆောက်တည်၍ ရတနာသုံးပါးသို့ ဆည်းကပ်သော သူတော်ကောင်းသည်။ အကရဏီယာ၊ မသွယ်မလုပ်ကောင်းကုန်။ကတမေပဉ္စ၊အဘယ်ကုန် ငါးပါးတို့နည်း ဟူမူကား။ သတ္တဝါဏိဇ္ဇာ၊ လက်နက်ဟူသောကုန်။သတ္တဝါဏိဇ္ဇာ၊ သတ္တဝါဟူသောကုန်။ မံသဝါဏိဇ္ဇာ၊သတ်၍ ရောင်းသော ဟင်းမျိုးဟူသောကုန်။မဇ္ဇဝါဏိဇ္ဇာ၊ သေရည်, သေရက်ဟူသောကုန်။ ဝိသဝါဏိဇ္ဇာ၊အဆိပ်ဟူသောကုန်။ ဘိက္ခဝေ၊ရဟန်းတို့။ ဣမေပဉ္စဝါဏိဇ္ဇာ၊ တို့ကို။ ခေါ၊စင်စစ်။ဥပါသကေန၊သည်။အကရဏီယာ၊မသွယ်မလုပ်ကောင်းကုန်။

ဤသို့ ဥပါသကာဖြစ်သော သူတော်ကောင်းတို့သည် ကုန်ငါးပါးတို့ကို မသွယ် မလုပ်ကောင်းဟု ဟောတော်မူခြင်းကြောင့် ပိုက်ကွန် ဟူသော ဝတ္ထုသည်လည်း သား,ငါးတို့ကို သေစေတတ်သောလက်နက်အထူး စင်စစ်ဖြစ်၍ မလုပ်မသွယ်အပ်၊ မလုပ်မသွယ်ကောင်းဟူ၍ ဟောတော်မူသဖြင့်လည်း လုပ်သွယ်သော် အကုသိုလ်ဖြစ်မည်ကို သိအပ်သည်၊ ပိုက်ကွန်ဟူသော လက်နက်သည် သား,ငါးတို့ကို သေစေခြင်း ကိစ္စကို မချွတ် ပြီးစေတတ်သည်၊ ယင်းသည့်ကိစ္စကို ပြုလိုသူတို့ အလိုပြည့်မည်ကို သိခြင်းသည်ပင် စေတနာမည်သည်ဖြစ်၍လည်း စေတနာမရှိ မဆိုအပ် ဖြစ်သည်။

## သာသနာပိုင် ဆရာတော် မေတ္တာစာ

မာရာဏာသီကျေး နဝဒီပမြို့က ပုဏ္ဏား သီရိဇေယျဓမ္မဂုရု၊ သီရိဓမ္မိကဂုရုတို့နှင့် ပုဏ္ဏားတော် ၁၀၊ရာပြတ် သီရိစန္ဒဂုတ်နှင့် ကုလားအများတို့ကို သဘော်နှင့် ဆောင်ယူတော်မူစေသည့် သင်္ကရိက်ကျမ်းစုများကို ပြန်ရေးပြီးလျှင် ၁၁၄၇-ခု နတ်တော်လပြည့်ကျော်(၆)ရက်နေ့ မဟာဒါန်ဝန်တွင် သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

သဗ္ဗညုဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်တော်မူသည့် ကာလ အနုဝဇ္ဇဖြစ်သော လောကီသိပ္ပတို့ကို ထင်ရှားပြ၍ လောကတ္ထစရိယ ပါရမီကိုလည်း ဖြည့်ပွားတော်မူသဖြင့် လူသုံးပါးတို့အထွတ် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည်ကို အသာတမန္တဇာတ်,တိပေဒကတိတ္တိရဇာတ် စသည်များတွင် ဟောကြားတော်မူသည်နှင့်အညီ လူသုံးပါးတို့အထွတ် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူအံ့သောအကြောင်း ပညာပါရမီတော် ပွားများစေခြင်း၊ မဟာသမ္မတမင်းတရားသည် လူတို့အသုံးအဆောင် အပိုင်းအခြားကို ပြထားခဲ့သည်ကို ကျမ်းဂန်ဆိုသည်နှင့်အညီ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာ လူတကာတို့ အသုံးအဆောင် အပိုင်းအခြားကို ပြထားတော်မူသည် ဖြစ်စေခြင်း။

နိရဝဇ္ဇဝိဇ္ဇာဒိ ဥပဒိဿန စေတနာပိ ဧတ္ထေဝ သင်္ဂဟံ ဂစ္ဆတိ။

ကျမ်းဂန်ရှိသည်နှင့်အညီ အနုဝဇ္ဇသိပ္ပတို့ကို ပြသခြင်းသည် ဓမ္မဒေသနာကုသိုလ်၌ ရေတွက်ခြင်းသို့ ရောက်ဘ်ရကား ဓမ္မဒေသနာတော် ပွားစေခြင်းအကြောင်းများကို နှလုံးထားတော်မူ၍ မဇ္ဈိမဒေသ ကာသိကတိုင်း ဗာရာဏသီပြည်ကျေး နဝဒီပ စသည်အရပ်များက ဆောင်ယူခဲ့စေသည့် အင္ဂက, ဝါမက, ဝါမဒေဝ, အင်္ဂီရသ, ဘဂု,ယမဒဂ္ဂိ,ဝါသိဋ္ဌ,ဘာရဒွါဇ, ကဿပ, ဝေသာမိတ္တ ရသေ့ဆယ်ပါးတို့မှ ဖြစ်ပွားသော ကမ္ဘာ့တန်းဆာကား—

သင်္ကရိုက် သဒ္ဒါကျမ်း-၆၆၊စက္ကူချပ်-၁၀၇၀၊ပေအင်္ဂါ ၁၂၆—၃ ချပ်။
ဗေဒင်ကျမ်း—၄၅၊စက္ကူချပ်—၁၅၆၉၊ပေအင်္ဂါ ၁၃၇—၂ ချပ်။
တက်ကျမ်း—၂၂၊စက္ကူချပ် ၉၂၅၊ပေအင်္ဂါ ၁၁၂—၇ ချပ်။
အလင်္ကာကျမ်း—၈၊စက္ကူချပ် ၆၃၀၊ပေအင်္ဂါ ၄၆။
ဆန်းကျမ်း—၁၊ စက္ကူချပ် ၁၄၊ပေအင်္ဂါ ၈—၁၀ ချပ်။
အဘိဓာန်ကျမ်း—၆၊စက္ကူချပ် ၃၃၃၊ပေအင်္ဂါ ၂၅—၁၀ ချပ်။
ဇ္ဈောတိဟာသကျမ်း—၇၊စက္ကူချပ် ၀၉၂၊ပေအင်္ဂါ ၇၀—၄ ချပ်။
နီတိကျမ်း—၁၊စက္ကူချပ် ၃၊ပေအင်္ဂါ ၇။
ဓမ္မသတ်ကျမ်း—၈၊စက္ကူချပ် ၂၄၇၊ပေအင်္ဂါ ၂၅—၇ ချပ်။
ဆေးကျမ်း—၆၊စက္ကူချပ် ၄၆၂၊ပေအင်္ဂါ ၄၇—၁ ချပ်များကို ဗာရာဏသီ, ဘင်္ဂလီ,နာဂရိ အရေးအသားမှ မြန်မာသင်္ကရိုက် အရေးအသားဖြင့် နိဂုံအသီးအသီးနှင့် ပြန်ဆိုပြီးသည်ကို ဖြစ်တိုင်းသောကိုယ်တော်အဖြစ်၌ လူမျိုးတရာ့တပါးတို့အား နားလည်ကောင်းသော ဘာသာဖြင့် လောကီ,လောကုတ္တရာတရားနှင့်အညီ

ဆုံးမတော်မူနိုင်ပါလျက် ပါရမီ ဖြည့်တော်မူ၍ လူသုံးပါးတို့အထွတ် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူအံ့သည် ပတ္ထနာပြုတော်မူ၍ သမိုင်း မော်ကွန်း စာချုပ် အင်္ဂါ ကမ္ပည်း အဒေသအချာနှင့် ထားတော်မူသင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## သဒ္ဒါကျမ်းစုများ

| အမည် | စက္ကူ | [illegible] | ချပ်ရေ | [illegible] | အစ | အဆုံး | အင်္ဂါ· | ချပ် |
|---|---|---|---|---|---|---|---|---|
| ကလာပ်သန္ဓိမူလ | ၁ | ၅ | ၁ | ဂ | က | ကော | | ၉ |
| ကလာပ်နာမ်မူလ | ၁ | ၅ | ၁၇ | ဂ | ကော် | ဂ | ၁— | ၄ |
| ကလာပ်ကာရကမူလ | ၁ | ၅ | ၁၀ | ဂ | ဂါ | ဂေါ် | | ၉ |
| ကလာပ်သမာသ်မူလ | ၁ | ၅ | ဂ | ဂ | ဂံ | ဃူ | | ဂ |
| ကလာပ်တဒ္ဓိတ်မူလ | ၁ | ၅ | ၁၆ | ဂ | ဃေ | ငေ | ၁— | ၁ |
| ကလာပ်အာချာတ်မူလ | ၁ | ၅ | ၁၀ | ဂ | ငဲ | ဆေ | ၄ | |
| ကလာပ်ကိတ်မူလ | ၁ | ၅ | ၃၇ | ဂ | ဆဲ | ဌော် | ၃— | ၃ |
| ကလာပ်ဥဏာဒ်မူလ | ၁ | ၅ | ၁၄ | ဂ | ငံ | ဍာ | ၁— | ၄ |
| ကလာပ်အာချာတ်မူလတမူ | ၁ | ၆ | ၄၇ | ၇ | က | ငု | ၄— | ၆ |
| ကလာပ်ကိတ်မူလတမူ | ၁ | ၆ | ၄၃ | ၇ | က | ဃံ | ၃— | ဂ |
| ကလာပ်ကိတ်မူလတမူ | ၁ | ၆ | ၄ဂ | ၇ | က | ငါး | ၅ | |
| ကလာပ်သန္ဓိပဋ္ဌိကာ | ၁ | ၅ | ၆၀ | ၇ | က | ဂဲ | ၂— | ဂ |
| ကလာပ်ကိတ်ပဋ္ဌိကာ | ၁ | ၅ | ၇၆ | ၇ | က | ဆေ | ၆— | ၇ |
| ကလာပ်ဂေါပိနာတ်သန္ဓိ | ၁ | ၆ | ၅၄ | ဂ | က | ငေါ | ၄— | ၉ |
| ကလာပ်ဂေါပိနာတ်နာမ် | ၁ | ၆ | ၄၇ | ဂ | ငေါ် | ဏာ | ၉— | ၅ |
| ကလာပ်ဂေါပိနာတ်ကာရက | ၁ | ၆ | ၄၃ | ဂ | ဏိ | ပီ | ၆— | ၂ |
| ကလာပ်ဂေါပိနာတ်သမာသ် | ၁ | ၆ | ၁၃ | ဂ | ပု | ဖဲ | ၁— | ၄ |
| ကလာပ်ဂေါပိနာတ်ကာရက | ၁ | ဂ | ၂၄ | ဂ | က | ဃံ | ၃—၁၁ | |
| ကလာပ်ဂေါပိနာတ်သမာသ် | ၁ | ဂ | ၁၄ | ဂ | ဃား | စ | ၂— | |
| ကလာပ်ပရသေဋ္ဌသုတ်စင် | ၁ | ၆ | ၁၄ | ဂ | က | ကူ | | ၆ |
| ကလာပ်ပရသေဋ္ဌသန္ဓိ | ၁ | ၅ | ၂၅ | ဂ | ကေ | ခေါ် | ၁— | ၄ |

| အမည် | စကျ | ကြောင်းရေ | ချပ်ရေ | ပေကြောင်း | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| ကလာပ်ပရသေဋ္ဌနာမ် | ၁ | ၅ | ၁၇ | ၈ | ခံ | ဂေါ် | ၁— |
| ကလာပ်ပရသေဋ္ဌကာရက | ၁ | ၅ | ၂၀ | ၈ | ဂံ | ငူ | ၁— ၈ |
| ကလာပ်ပရသေဋ္ဌသမာသ် | ၁ | ၅ | ၆၇ | ၈ | ငေ | ဇား | ၃— ၆ |
| ကလာပ်ပရသေဋ္ဌသန္ဓိတမူ | ၁ | ၅ | ၂၃ | ၇ | က | ခေါ | ၁— ၉ |
| ကလာပ်ပရသေဋ္ဌနာမ်တမူ | ၁ | ၅ | ၁၉ | ၇ | ခေါ် | ဃိ | ၁— ၇ |
| ကလာပ်ပရသေဋ္ဌကာရကာမူ | ၁ | ၅ | ၂၅ | ၇ | ဃု | စေ | ၂— ၃ |
| ကလာပ်ပရသေဋ္ဌသမာသ်ာမူ | ၁ | ၅ | ၅၃ | ၇ | စဲ | ညံ | ၄— ၄ |
| ကလာပ်ဒီပနီ သန္ဓိ | ၁ | ၉ | ၂၂ | ၈ | က | ဂိ | ၂— ၃ |
| ကလာပ်ဒီပနီ နာမ် | ၁ | ၉ | ၃၇ | ၈ | ဂိ | ဆ | ၃—၁၀ |
| ကလာပ်ဒီပနီ ကာရက | ၁ | ၉ | ၁၉ | ၈ | ဆာ | ဈိ | ၂— ၃ |
| ကလာပ်ဒီပနီ သမာသ် | ၁ | ၉ | ၁၇ | ၈ | ဈု | ညား | ၁— ၈ |
| ကလာပ်ဒီပနီ တဒ္ဓိတ် | ၁ | ၉ | ၁၁ | ၈ | ဋ္ဌ | ဌာ | ၁— ၂ |
| သဒ္ဒရသတိဗျာကရိုဏ်းသန္ဓိ | ၁ | ၅ | ၉ | ၇ | က | ကဲ | ၈ |
| သဒ္ဒရသတိဗျာကရိုဏ်းနာမ် | ၁ | ၆ | ၃၁ | ၇ | ကော | ဂု | ၁— ၉ |
| သဒ္ဒရသတိဗျာကရိုဏ်းကာရက | ၁ | ၅ | ၅ | ၇ | ဂူ | ဂေါ် | ၅ |
| သဒ္ဒရသတိဗျာကရိုဏ်းသမါသ် | ၁ | ၅ | ၈ | ၇ | ဂံ | ဃု | ၇ |
| သဒ္ဒရသတိဗျာကရိုဏ်းတဒ္ဓိတ် | ၁ | ၅ | ၆ | ၇ | ဃူ | ဃံ | ၇ |
| သဒ္ဒရသတိ ငင်း အာချာတ် | ၁ | ၅ | ၄၃ | ၇ | ဃား | ဆူ | ၂— ၆ |
| သဒ္ဒရသတိဗျာကရိုဏ်းကိတ် | ၁ | ၅ | ၈ | ၇ | ဆေ | ဇိ | ၉ |
| သဒ္ဒရသတိဗျာကရိုဏ်းဥဏာဒ် | ၁ | ၅ | ၅ | ၇ | ဇိ | ဇေ | ၄ |
| သဒ္ဒရသတိဒီပနီ သမာသ် | ၁ | ၆ | ၆၇ | ၈ | က | စော် | ၅—၁၀ |
| စန်းသန္ဓိ | ၁ | ၇ | ၄ | ၈ | က | ကူ | ၆ |
| စန်းနာမ် | ၁ | ၇ | ၁၂ | ၈ | ကေ | ခံ | ၁— ၅ |
| စန်းကာရက | ၁ | ၇ | ၆ | ၈ | ခါး | ဂိ | ၅ |
| စန်းသမာသ် | ၁ | ၇ | ၆ | ၈ | ဂု | ဂံ | ၇ |
| မုဒ္ဓဗောဓမူလ | ၁ | ၆ | ၁၀၁ | ၈ | က | စံ | ၅—၁၁ |
| မုဒ္ဓဗောဓမူလတမူ | ၁ | ၅ | ၁၂၄ | ၇ | က | ဆု | ၆— ၅ |
| မုဒ္ဓဗောဓဒီပနီ | ၁ | ၉ | ၁၄၂ | ၈ | က | ဏ | ၁၄—၁ |

| အမည် | စက္ကူ | ရ ဒြ ပုဂ္ဂိုးရ | ချပ်ရေ | ရငရ ဒြ ပုဂ္ဂ | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| ဓာတုမာလာ | ၁ | ၆ | ၁၃ | ၇ | က | ခါ | ၁— ၂ |
| ဓာတုမာလာတမူ | ၁ | ၇ | ၂၇ | ၈ | က | ခံ | ၁—၁၁ |
| သုတြမာလာ | ၁ | ၆ | ၄၀ | ၇ | က | ခ | ၁— ၁ |
| ဗာလဲဗုဒ္ဓိ | ၁ | ၈ | ၃ | ၆ | က | ကူ | ၆ |
| အက္ခရဗေဒ | ၁ | ၅ | ၂ | ၅ | က | ကု | ၅ |
| ဓာတုလက္ခဏာ | ၁ | ၆ | ၁၂ | ၈ | က | ကေ | ၆ |
| နညသမာသ် | ၁ | ၆ | ၁၃ | ၇ | က | ခီ | ၁— ၄ |
| ပါဏိနီဗျာကရိုဏ်းအာချာတ် | ၁ | ၈ | ၈၈ | ၇ | က | စ | ၅— ၁ |
| ဒသဓာတု | ၁ | ၇ | ၂၇ | ၇ | က | ဂူ | ၂— ၇ |
| မုဒ္ဒါဓိကာရ | ၁ | ၆ | ၃ | ၇ | က | ကူ | ၆ |
| ဗေဒန္တပရိဘာသာ | ၁ | ၆ | ၃ | ၇ | က | ကူ | ၆ |
| ပရိဘာသာ | ၁ | ၆ | ၆ | ၇ | က | ကော် | ၁၀ |
| ဒဗျဘာသ | ၁ | ၆ | ၅ | ၇ | က | ကဲ | ၈ |
| ဂုဏသိရောမဏိ | ၁ | ၅ | ၈ | ၇ | က | ကား | ၁— |
| ဆပဒတ္တ | ၁ | ၅ | ၂၀ | ၇ | က | ဂေ | ၂— ၇ |
| စူဠာမဏိ | ၁ | ၁၁ | ၅ | ၆ | က | ကီ | ၄ |
| သက်ရမိဿ | ၁ | ၆ | ၇ | ၇ | က | ခ | ၁— ၁ |

သဒ္ဒါကျမ်းပေါင်း ၆၆။
စက္ကူချပ်ပေါင်း ၁၈၇၀။
ပေအင်္ဂါပေါင်း ၅၁၃—၆။

## ဗေဒင်ကျမ်းများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဇောတိတတ္တ | ၁ | ၆ | ၁၂၂ | ၈ | က | ဂေါ် | ၇—၁၀ |
| ဇောတိတတ္တတမူ | ၁ | ၆ | ၁၀၀ | ၇ | က | ည | ၉— ၁ |
| ဇောတိဒီပိကာ | ၁ | ၅ | ၄၆ | ၈ | က | ဆော် | ၃—၁၀ |
| ဇောတိသာရသံဂြဟ | ၁ | ၅ | ၁၇ | ၈ | က | ကံ | ၈ |

| အမည် | စက္ကူ | ရဒြပ်ဂိုဏ်း | ချပ်ရေ | ရင်ဒြပ်ဂိုဏ်း | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| ဇောတိနိဿယ | ၁ | ၇ | ၁၅ | ၈ | က | ဂံ | ၂— ၁၁ |
| ဇောတိရတနာ | ၁ | ၇ | ၁၀ | ၈ | က | ကော | ၉ |
| ဇာတကစန္ဒြိကာ | ၁ | ၇ | ၂၅ | ၈ | က | ခဲ | ၁— ၈ |
| ဇာတစန္ဒြိကာ | ၁ | ၆ | ၂၇ | ၈ | က | ကဲ | ၈ |
| ဇာတကဏ္ဏဝ | ၁ | ၆ | ၂၇ | ၈ | က | ကဲ | ၈ |
| ဇာတကပဒမတိ | ၁ | ၆ | ၇ | ၇ | က | ခါ | ၁— ၂ |
| ဒိနသံဂြဟ | ၁ | ၇ | ၃၅ | ၈ | က | ဂူ | ၂— ၆ |
| ပြတျန္တရဒသ | ၁ | ၅ | ၃၅ | ၈ | က | ခါး | ၂— |
| ပြတျန္တရဒသအပုံ | ၁ | ၄ | ၄ | | က | ကေ | ၇ |
| အန္တရဒသဖလ | ၁ | ၆ | ၁၁ | ၈ | က | ကေ | ၇ |
| အန္တယောဂ | ၁ | ၆ | ၁၁ | ၈ | က | ကား | ၁— |
| သူယျသိဒ္ဓန္တကြီး | ၁ | ၅ | ၁၇ | ၈ | က | ဂု | ၂— ၅ |
| သူယျသိဒ္ဓန္တငယ် | ၁ | + | ၅ | | က | ကဲ | ၈ |
| သူယျသိဒ္ဓန္တငယ်တမူ | ၁ | ၆ | ၆ | ၆ | က | ကု | ၅ |
| တိထိသရူပ | ၁ | ၆ | ၆၂ | ၈ | က | ငု | ၄— ၅ |
| တိထိတတ္တ | ၁ | ၆ | ၁၂၅ | ၇ | က | ဦ | ၁၂—၁၁ |
| သင်္ကေတကောမုဒိ | ၁ | ၆ | ၁၉ | ၇ | က | ကား | ၁— |
| အာယုဒါယ | ၁ | ၁၁ | ၈ | ၈ | က | ကံ | ၁၁ |
| အာယုဗေဒ | ၁ | ၇ | ၃ | ၈ | က | ကု | ၅ |
| သရဒ္ဒေမူလ | ၁ | ၆ | ၉၃ | ၇ | က | ဇိ | ၇— ၄ |
| သရဒ္ဒေပုံ | ၁ | + | ၁၂ | | က | ကား | ၁— |
| သရဒ္ဒေဋီကာ | ၁ | ၈ | ၈၈ | ၇ | က | ဆူ | ၆— ၆ |
| ဒိဗျစူဠာမဏိ | ၁ | ၆ | ၁၂ | ၈ | က | ကား | ၁— |
| ဒိဗျတတ္တ | ၁ | ၅ | ၂၈ | ၈ | က | ခါး | ၂— |
| မလမာသတတ္တ | ၁ | ၅ | ၆၄ | ၈ | က | ဆ | ၆— ၁ |
| သမ္ဗုတိတတ္တ | ၁ | ၆ | ၉ | ၈ | က | ကံ | ၁၁ |
| မလိမ္ဘုစုတတ္တ | ၁ | ၆ | ၆၃ | ၇ | က | ဇ | ၇— ၁ |
| သုပိနာဗျာယ | ၁ | ၆ | ၇ | ၈ | က | ကု | ၅ |

| အမည် | စက္ကူ | | ချပ်ရေ | | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| မန္တပူဇာ | ၁ | ၁၃ | ၂ | ၉ | က | ကု | ၅ |
| ဆဋ္ဌပဋ္ဌာသိက | ၁ | ၅ | ၅ | ၇ | က | ကု | ၅ |
| ဘာသုတိ | ၁ | ၇ | ၃ | ၇ | က | ကု | ၅ |
| ပုတ္တ်နိရူပန | ၁ | ၆ | ၈ | ၆ | က | ကေ | ၇ |
| ဒီပကစကြ | ၁ | ၉ | ၂၃ | ၇ | က | ခေါ | ၁—၁၀ |
| သမယပြဒီပ | ၁ | ၅ | ၂၇ | ၇ | က | ခိ | ၁— ၄ |
| သိပါည | ၁ | + | ၂ | | က | ကု | ၅ |
| ဂြဟသန္တိ | ၁ | ၈ | ၂၄ | ၇ | က | ခိ | ၁— ၄ |
| တန္တရသာရ | ၁ | ၇ | ၁၂၀ | ၇ | က | ချိ | ၃၄— ၄ |
| တန္တရသာရပုံ | ၁ | + | ၁၀ | | က | ကံ | ၁၁ |
| ဇာလာသယသဂ္ဂိ | ၁ | ၆ | ၂၄ | ၉ | က | ခံ | ၁—၁၁ |
| ဘာဝပြကရဏ | ၁ | ၅ | ၁၅ | ၉ | က | ကံ | ၁၁ |
| ပဋ္ဌပက္ခိ | ၁ | ၁၀ | ၉ | ၉ | က | ကား | ၁— |

ပေဒင်ကျမ်းပေါင်း ၄၅။
စက္ကူချပ်ပေါင်း ၁၅၆၈။
ပေအင်္ဂါပေါင်း ၁၃၇—၂။

## တက်ကျမ်းစုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| တက္ကိကသိရောမဏိ | ၁ | ၅ | ၁၄၃ | ၉ | က | ဋ္ဌိ | ၁၀— ၄ |
| တတ္တစိန္တာမဏိ | ၁ | ၅ | ၁၂၉ | ၉ | က | ချိ | ၉— ၃ |
| သိရိတတ္တစိန္တာမဏိ | ၁ | ၅ | ၄၃ | ၇ | က | ငါ | ၄— ၂ |
| ဇာဂဒိသဒီပနီ | ၁ | ၈ | ၂၈ | ၇ | က | ဿား | ၄— |
| ဝါဒကဒီပနီ | ၁ | ၈ | ၇၆ | ၇ | င | ဋူ | ၆— ၅ |
| တိထိဒီပနီ | ၁ | ၁၀ | ၃၁ | ၇ | ဋ္ဌ | တူ | ၅—၁၁ |
| ဗျတိရေကဒီပနီ | ၁ | ၁၁ | ၄ | ၇ | တေ | ထိ | ၁၀— |

| အမည် | စက္ကူ | ရဒြပ်ဂ္ဂဓိ | ချပ်ရေ | ရငရဒြပ်ဂ္ဂ | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| ကေဝလဇဒီပနီ | ၁ | ၁၀ | ၁၅ | ၇ | ထု | ခေ<် | ၂– ၆ |
| ပရာမာသဒီပနီ | ၁ | ၁၀ | ၃၂ | ၇ | ခံ | ဘော် | ၅– |
| ပက္ခဇာတိဒီပနီ | ၁ | ၁၀ | ၂၈ | ၇ | ဘံ | လဲ | ၃–၁၀ |
| ဥပါဒိဝါဒဒီပနီ | ၁ | ၁၀ | ၄၁ | ၇ | လော | ကျာ | ၅– ၆ |
| သာမန္နဒီပနီ | ၁ | ၁၀ | ၃၂ | ၇ | ကျိ | ငျု | ၄– ၃ |
| ဗျတ္တိဂြဟောပါယဒီပနီ | ၁ | ၁၀ | ၆၀ | ၇ | ငျူ | ဈား | ၉– ၇ |
| ဗျတ္တိဒီပနီ | ၁ | ၁၀ | ၈ | ၇ | ဏျ | တျေ | ၁– ၇ |
| သိဒ္ဓန္တရဟဿ | ၁ | ၁၀ | ၂၈ | ၇ | တျဲ | ဓျား | ၃– ၅ |
| ဇဂဒိသဒီပနီ | ၁ | ၁၀ | ၄၅ | ၇ | နျ | ရျူ | ၇– ၃ |
| ကပုရမဥ္စရီ | ၁ | ၇ | ၇ | ၇ | က | ကေ | ၇ |
| အနုမတိ | ၁ | ၁၀ | ၁၂ | ၈ | က | ဠ | ၄– ၅ |
| လိလာဝတိ | ၁ | ၆ | ၂၉ | ၇ | က | ဃေ | ၃– ၇ |
| ဒဗျောပါယ | ၁ | ၅ | ၁၂ | ၈ | က | ခု | ၁– ၅ |
| ဗျဝပာရတတ္တ | ၁ | ၆ | ၂၀ | ၇ | က | ဂံ | ၂– ၃ |
| ဩဒတတ္တ | ၁ | ၆ | ၉၁ | ၇ | က | ချီ | ၈– ၄ |

တက်ကျမ်းပေါင်း ၂၂။
စက္ကူချပ်ပေါင်း ၉၂၅။
ပေအင်္ဂါပေါင်း ၁၁၂–၇။

## အလက်ာကျမ်းစုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကာလိဒါသမဟာကာဗျမူလ | ၁ | ၄ | ၅၀ | ၈ | က | ဂေ | ၂– ၇ |
| ၎င်း မဟာကာဗျဋီကာ | ၁ | ၅ | ၁၆၁ | ၇ | က | ဆု | ၁၃– ၅ |
| အမရသမူလ | ၁ | ၄ | ၁၆ | ၈ | က | ကော် | ၁၀ |
| အမရသဋီကာ | ၁ | ၁၀ | ၁၂ | ၇ | က | ဂါ | ၂– ၂ |
| ကာဗျစန္ဒြိကာ | ၁ | ၇ | ၆၉ | ၇ | က | ကေ | ၇ |
| ကာဗျပြကာသိကာ | ၁ | ၅ | ၁၂၀ | ၇ | က | ဇူ | ၇– ၆ |

| အမည် | စက္ကူ | ရဒပုဂ္ဂိုရှိ | ချပ်ရေ | ရင်ရဒပုဂ္ဂို | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| ကာဗျာလင်္ကာရ | ၁ | ၄ | ၁၂၄ | ၈ | က | ဆူ | ၆— ၆ |
| ကာဗျာလင်္ကာရတမူ | ၁ | ၅ | ၁၃၈ | ၇ | က | ဍူ | ၁၂— ၅ |

အလင်္ကာကျမ်းပေါင်း ၈။
စက္ကူချပ်ပေါင်း ၆၃၀။
ပေအင်္ဂါပေါင်း ၄၆။

## ဆန်းကျမ်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဆန္ဒမဉ္ဇရီ | ၁ | ၉ | ၁၄ | ၇ | က | ခေါ် | ၁—၁၁ |

## အဘိဓာန်ကျမ်းစုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| အဘိဓာန်မူလ | ၁ | ၅ | ၈၉ | ၈ | က | ငဲ | ၄— ၈ |
| အဘိဓာန်မူလတမူ | ၁ | ၅ | ၅၅ | ၇ | က | ဃံ | ၃—၁၁ |
| အဘိဓာန်ဋီကာ | ၁ | ၈ | ၁၅၅ | ၈ | က | ဏု | ၁၄— ၅ |
| ကေကန္တရကောသ | ၁ | ၅ | ၃ | ၆ | က | ကိ | ၄ |
| ရတနကောသ | ၁ | ၁၀ | ၂၃ | ၇ | က | ခါး | ၂— |
| နာနတ္တဒ္ဒနိမဉ္ဇရီ | ၁ | ၅ | ၈ | ၇ | က | ကု | ၆ |

အဘိဓာန်ကျမ်းပေါင်း ၆။
စက္ကူချပ်ပေါင်း ၁၃၃။
ပေအင်္ဂါပေါင်း ၅၅—၁၀။

## ရှုဘိဟာသကျမ်းစု

| | | | | | | | |
|---|---|---|---|---|---|---|---|
| သိဝပ္ပရာဏ် | ၁ | ၈ | ၈၀ | ၇ | က | ဇား | ၈— |
| ရာဇသံသဂ္ဂ | ၁ | ၆ | ၁၁၇ | ၈ | က | စံ | ၅—၁၁ |

| အမည် | စက္ကူ | ဂဏ္ဍပိုင်း | ချပ်ရေ | ဝဂ်ပိုင်း | အစ | အဆုံး | အင်္ဂါ-ချပ် |
|---|---|---|---|---|---|---|---|
| ဝေဿသံသဂ္ဂ | ၁ | ၆ | ၅၇ | ၈ | က | ဿော် | ၃—၁၀ |
| ဗြဟ္မဝေဝတ္တ | ၁ | ၇ | ၁၄၇ | ၇ | က | ဖံ | ၂၂—၁၁ |
| ပဉ္စကသတောတ္တရ | ၁ | ၄ | ၃၄ | ၇ | က | ခေါ | ၁— ၉ |
| ကူလဏ္ဍဝ | ၁ | ၅ | ၂၀၄ | ၇ | က | ပါး | ၂၁— |
| သာဒစန္ဒြိကာ | ၁ | ၈ | ၁၅၃ | ၈ | က | ဏံ | ၁၄—၁၁ |

ဇာတိဟာသကျမ်းပေါင်း ၇။
စက္ကူချပ်ပေါင်း ၈၉၂။
ပေအင်္ဂါပေါင်း ၇၈—၄။

## နီတိကျမ်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရာဇနီတိ | ၁ | ၆ | ၃ | ၇ | က | ကေ | ၇ |

## ဓမ္မသတ်ကျမ်းစု

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒါယဘာဂနိဏ္ဏယ | ၁ | ၅ | ၆၅ | ၇ | က | စဲ | ၅— ၈ |
| ဥဒဗာဟတတ္တမူလ | ၁ | ၆ | ၂၆ | ၇ | က | ဂံ | ၂—၁၁ |
| ဥဒဗာဟတတ္တဋီကာ | ၁ | ၆ | ၂၇ | ၈ | က | ဂူ | ၂— ၆ |
| ဒါယတတ္တမူလ | ၁ | ၅ | ၂၄ | ၈ | က | ဂု | ၂— ၅ |
| ဒါတတ္တဋီကာ | ၁ | ၆ | ၂၀ | ၇ | က | ဂါ | ၂— ၂ |
| ဒါယဘာဂတတ္တ | ၁ | ၆ | ၂၂ | ၈ | က | ဂိ | ၂— ၄ |
| ဒါယာဓိကာရ | ၁ | ၆ | ၂၁ | ၈ | က | ဂါ | ၂— ၂ |
| ဒါယဘာဂသိဒ္ဓန္တ | ၁ | ၆ | ၂၂ | ၇ | က | စု | ၅— ၅ |

ဓမ္မသတ်ကျမ်းပေါင်း ၈။
စက္ကူချပ်ပေါင်း ၂၄၇။
ပေအင်္ဂါပေါင်း ၂၅—၇။

## ဆေးကျမ်းစု

| အမည် | စက္ကူ | ရ ဒြ ပ ဂ္ဂ ဒ | ချပ်ရေ | ရ ၄ ဒြ ပ ဂ္ဂ | အစ | အဆုံး | အင်္ဂါ—ချပ် |
|---|---|---|---|---|---|---|---|
| ဒြဗျဂုဏ်မူလ | ၁ | ဂ | ၁၄၀ | ၇ | က | ဍား | ၁၃— |
| ဒြဗျဂုဏ်ဒီပနီ | ၁ | ၇ | ၁၆၁ | ၇ | က | ဎား | ၁၄— |
| နာဂဇ္ဇုနပရိစ္ဆေဒ | ၁ | ၅ | ၁၉ | ဂ | က | ဏော | ၁၄—၇ |
| သရိရိတုကထန | ၁ | ၅ | ၆ | ဂ | က | ကူ | ၆ |
| မဓုကောသ | ၁ | ဂ | ၁၃၃ | ၇ | က | ဓု | ၁ဂ—၅ |
| အတိသာရ | ၁ | ၇ | ၃ | ၇ | က | ကု | ၅ |

ဆေးကျမ်းပေါင်း ၆။
စက္ကူချပ်ပေါင်း ၄၆၂။
ပေအင်္ဂါပေါင်း ၄၇—၁။

သဒ္ဒါကျမ်း၊ ဗေဒင်ကျမ်း၊ တက်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ အဘိဓာန်ကျမ်း၊ ဇာတိဟာသကျမ်း၊ နီတိကျမ်း၊ ဓမ္မသတ်ကျမ်း၊ ဆေးကျမ်း။

၁၁၄ဂ—ခု နတ်တော် လပြည့်ကျော်(၆)ရက်နေ့တွင် သွင်းသည့် သင်္ကရိုက်ကျမ်းစုစာရင်း။

အစုစုကျမ်းအမည်ပေါင်း—၁၇၀။
အစုစုစက္ကူချပ်ပေါင်း—၆၉၄၅။
အစုစုပေအင်္ဂါပေါင်း—၆၂၁—၃။

---

## ဝိသုံဂါမြေစားပေးရာ ထိုက် မထိုက်

တကာတော်အတွင်းဝန်တို့ လျှောက်ပါသည် ဘုရား—

ဆရာတော်တို့က မေတ္တာစာ ဆက်သွင်း၍ သမုတ်သည့် သိမ်များသည် မြေစား မိုးစား ပေးသော်လည်း မြို့, ရွာ ပယ် နယ်ဟောင်းက သီးခြား၍ တရွာ တနယ် ဖြစ်သည်လည်း မဟုတ်၊ မှူးတော် မတ်တော်တို့ကို ကျေးစား ရွာစား သနား

တော်မူသကဲ့သို့ နှလုံးထား၍ မြေစား မိုးစား သနားတော်မူ သည်မဟုတ်၊ ပယ်ဟောင်း နယ်ဟောင်းက သီးခြား၍ တစ္ဆာ တနယ်ဖြစ်မှလည်း ဝိသုံဂါမဖြစ်ရာသည်၊ဝိသုံဂါမ ဖြစ်မှလည်း ပိုင်းခြား၍ မြေစား မိုးစား သနားတော်မူသည့် မြေအတွင်း သုတ်သင်၍သာ သမုတ်သည်၊ သိမ်မြောက်ရာသည်၊သာသနာ တော် မူလာသက်ရာ ထာဝရအမှု ဖြစ်သည်၊ သက်ာကင်းတော်မူ လောက်အောင် ဆရာတော်တို့ကို လျှောက်ထားရမည်၊ သက္က ရာဇ် ၁၁၄၈-ခုပြာသိုလဆန်း(၇)ရက်နေ့ ဘုရားအမိန့်တော် မြတ်ကို ဦးထိပ်ထက် ရွက်ရသည်အတိုင်း လျှောက်လှာပါစေ သည်၊သက်ာကင်းတော်မူလောက်အောင် ဝိသုံဂါမ ဖြစ်ထိုက် မဖြစ်ထိုက်ကို ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းဂန်ရှိသည်အတိုင်း စာဆက်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ထားပါ သည် အရှင်ဘုရား။

**၁၁၄၈-ခု ပြာသိုလဆန်း(၈)ရက်နေ့ အနောက်ဝန် မြစ်ခြေစား စည်တပြစ်ကြီး တို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဗဒ္ဓသိမ်သမုတ်ရာဌာနဖြစ်သော ဂါမခေတ်နှစ်ပါးရှိသည်တွင် ပကတိဂါမခေတ် ကို ဝိနည်းအဋ္ဌကထာတို့၌—

> ယတ္ထကေ ပဒေသေ တဿတဿဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါဝါ ဟောတု မဟန္တောဝါ ဂါမသီမာတွေဝ သင်္ခံ ဂစ္ဆတိ—ဟူ၍ လာသည်။

**အနက်ကား** ယတ္ထကေပဒေသေ၊ အကြင်မျှလောက်သော အရပ်၌။ တဿ တဿဂါမဿ၊ထိုထိုရွာ၏။ ဘောဇကာ၊ရွာစားတို့သည်။ဗလိံ၊ အခွန်ကို။လဘန္တိ၊ ရကုန်၏။ သောပဒေသော၊ ထိုမျှလောက် သောအရပ်သည်။အပ္ပေါဝါ၊ နည်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တောဝါ၊ များသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတွေဝ၊ ဂါမသိမ် ဟူ၍သာလျှင်။ သင်္ခံ၊ခေါ်ဝေါ်ခြင်းသို့။ဂစ္ဆတိ၊ရောက်၏။

ယင်းသည်စကားဖြင့် ပကတိဂါမခေတ်ကို ပြသည်၊ထိုပကတိဂါမခေတ်မှ ကွဲပြား စေလျက် ပိုင်းခြားအပ်သော ဝိသုံဂါမကိုလည်း ဝိနည်းအဋ္ဌကထာတို့၌—

ယမှိ ကေသ္မိံယေဝ ဂါမခေတ္တေ ကော် ပဒေသံ၊ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ။ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။

ကေသ္မိံယေဝဂါမခေတ္တေ၊ ပကတိဂါမခေတ် တခု၌ပင်လျှင်။
**အနက်ကား** ယမှိကောပဒေသံ၊ အကြင် တစိတ်သော အရပ်ကိုလည်း။ အယံ၊ ဤအရပ်သည်။ ဝိသုံဂါမော၊ ရွာသီးသည်။ ဟောတူတိ၊ ဖြစ်စေသတည်းဟု။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ရာဇာ၊ မင်းသည်။ ကဿစိ၊ တစုံယောက်သော သူအား။ ဒေတိ၊ ပေး၏။

ယင်းသည်စကားဖြင့် ပကတိဂါမခေတ်မှ အသီးပိုင်းခြားအပ်သော ဝိသုံဂါမကိုပြသည်။

ဂါမဂ္ဂဟဏေန ခေတ္တနဂရံပိ ဂဟိတမေဝ ဟောတိ။

ဟူ၍ ဆိုခြင်းကြောင့် မြို့သည်လည်း ဂါမအရ ရွာ၌ဝင်သည်ပင် ဖြစ်သည်။

**အဓိပ္ပါယ်အကျယ်မှာ**....ရွာစားတို့၏ အခွန်ရရာအရပ်သည် ပကတိ ဂါမခေတ် တခုမည်၏၊ ထိုပကတိဂါမခေတ်ကိုပင် အသီးဖြစ်စေ ပိုင်းခြား၍ မင်းတို့ ပေးအပ်သော တစိတ်သောအရပ်သည်လည်း ဝိသုံဂါမမည်၏ ဟူလိုသည်။

အခွန်ကိုစွဲ၍ အဋ္ဌကထာ၌ တိုက်ရိုက်ဆိုခြင်းကြောင့် မှူးတော် မတ်တော်တို့အား ကျေးစား ရွာစား ပေးသနားသကဲ့သို့ အသီးအခွန်ကို စားစေခြင်းငှါ ပိုင်းခြား၍ ပေးသနားမှ ဝိသုံဂါမမြောက်သည်ကို ကေန်ဆတ်ဆတ် သိအပ်သည်။

## သိမ်အကြောင်းအရာ မေတ္တာစာ

**၁၁၄၈-ခု ပြာသိုလဆန်း(၁၀)ရက်နေ့ အတွင်းဝန် သက်ပန့်စားကို စေ၍ သိမ်အခြင်းအရာများကို လျှောက်ထားစေသည်တွင် သွင်းသည့် မေတ္တာစာကား—**

သာဝတ္ထိပြည်၌ စံပယ်တော်မူခါ သာသနာတော် မထွန်းမလင်းမည်အကြောင်းကို အရှင်မဟာကဿပမထေရ် လျှောက်သည်တွင် "အကြင်မျှလောက်သော ကာလပတ်လုံး လောက၌ ရွှေယောင် ငွေယောင် ရွှေတု ငွေတု မပေါ်မဖြစ်သေး၊ ထိုမျှလောက်သောကာလပတ်လုံး ရွှေငွေမကွယ်မပ"ဟူသကဲ့သို့၊ "အကြင်မျှလောက်သော ကာလပတ်လုံး သာသနာတော်၌ ဓမ္မယောင် ဓမ္မတုမဖြစ်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး သာသနာတော် မကွယ်မပ"ထွန်းလင်း သန့်ရှင်းမည်ကို—

သေယျထာပိ ကဿပ န တာဝ ဇာတရူပဿ အန္တရဓာနံ။

စသည်ဖြင့် သံယုတ္တနိကာယ်၌ ဟောကြားတော်မူသည်နှင့်အညီ သာသနာတော်ကို ပြုစု ချီးမြှင့်တော်မူထိုက်လှသော ဘုန်းပါရမီတော်ကြောင့် တရားကျမ်းဂန်နှင့် မညီမမျှ ဓမ္မစစ် မဟုတ်သည်များကို မဖြစ်ပွားစေလျက် သာသနာတော်ကို ပြုစုတော်မူလေ့ ရှိသည်တွင် ယခုလည်း သိမသမုတိအရာကို စစ်ဆေးတော်မူသည်မှာ သာသနာတော်မူလ ဗဒ္ဓသိမ်ဖွဲ့သမုတ်မှုသည် ဂရုကတ ပြုအပ်လှသည်နှင့် တရားမင်းမြတ် အသိဉာဏ်တော် ရှင်းလင်းစွာ ဖြစ်ပွားအောင် သိတော်မူလိုသည့် ဗဒ္ဓသိမ်သမုတ်ရာ ဂါမခေတ်ကို ပြဿနာအစဉ်ဖြင့် ဖြေဆိုသည်ရှိသော်—

သူကြီး မြေတိုင်တို့ ကြီးစိုး တိုင်ဆော် နယ်ပယ်အပိုင်းအခြား, မြို့စား ရွာစားတို့ ကောက်ခံ စီရင်နက် နယ်ပယ်အပိုင်းအခြား နှစ်ပါးတွင် ဗဒ္ဓသိမ်တည်ဖွဲ့ရာ ဂါမခေတ်ကို အဘယ်နယ်ပယ်အပိုင်းအခြားဖြင့် ကျမ်းဂန်၌ဆိုသနည်း—

> တတ္ထ ယတ္တကေ ပဒေသေ တဿတဿ ဂါမဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ခံ ဂစ္ဆတိ။

ဟူ၍ ဝိနည်းအဋ္ဌကထာကြီး အဋ္ဌကထာငယ်တို့၌လာသည်၊ ၎င်းတွင် လောင်းစွက်ကာသာ။

> သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ကော် ဂါမခေတ္တံ နာမ။

စသည်ဖြင့် ၎င်းကာတို့၌လာသည်များနှင့်အညီ မြို့စား,ရွာစားတို့ ကောက်ခံ စီရင်နက် နယ်ပယ် အပိုင်းအခြားဖြင့်သာ ကျမ်းဂန်၌ဆိုသည်၊ သူကြီး မြေတိုင်တို့ ကြီးစိုး တိုင်ဆော်နက် နယ်ပယ် အပိုင်းအခြားဖြင့် မဆို။

ရွာစားတို့ ကောက်ခံ စီရင်နက် နယ်ပယ် အပိုင်းအခြားဖြင့် အသို့ပိုင်းခြားအပ်သနည်း၊ ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌ လာသကဲ့သို့ စည်းစောင်ရမ်းစသည် ကာရံ၍ ပိုင်းခြားမှ သာလော၊ သူကြီး မြေတိုင် အသီးအခြားထား၍ ပိုင်းခြားမှသာလော၊ ခရိုင် ဇနပုဒ် စသည်မှ နုတ်၍ သိမ်း၍ ပိုင်းခြားမှသာလော။

> ဂါမပရိစ္ဆေဒေါတိ သဗ္ဗဒိသာသု ပရိစ္ဆိန္ဒိတွာ ဣမဿ ပဒေသဿ တွေ ကော ကရောတိ ဇဝံ ကရေယျ နိယမိတော ဂါမပ္ပဒေသော။

စသည်ကို ဝိနည်း၎င်းကာတို့၌ ဆိုသည်နှင့်အညီ အခွန်ဖြင့်သာ ပိုင်းခြားအပ်သည်၊ ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌လာသကဲ့သို့ စည်းစောင်ရန်း.စသည်ကာရံ၍ ပိုင်းခြားမှသာလည်း မဟုတ်၊သူကြီးမြေတိုင် အသီးအခြားထား၍ ပိုင်းခြားမှသာလည်းမဟုတ်၊ ခရိုင် ဇနပုဒ် စသည်မှ နုတ်သိမ်း၍ ပိုင်းခြားမှသာလည်း မဟုတ်၊ အသို့ အခွန်ဖြင့်

ပိုင်းခြားအပ်သနည်း၊ အသပြောဟဆယ် ကောက်ခံလေ, တရာကောက်ခံလေ စသည်ဖြင့် ကျိန်ကျပ် မှတ်၍ ပိုင်းခြားမှုသာလော၊ မြေအရပ်ကိုမှတ်၍ ဤမျှအရပ်ကို ကောက်ခံလေဟု ပိုင်းခြားအပ်သလော။

ရာဇူဟိ ပရိစ္ဆိန္နဘူမိဘာဂေ ဝါဟိ သဗ္ဗေ ဌပေတွာ နဒီလောဏိ ဇာတဿ ရေ ဂါမသီမာတိ ဝေဒိတဗ္ဗော။

စသည်ကို ဋီကာတို့၌ဆိုသည်နှင့်အညီ မည်မျှအခွန်အထွက်၊ မည်မျှပယ်ဟု မှတ်သားသည်ဖြစ်စေ, မမှတ်သားသည်ဖြစ်စေ နယ်သတ်၍ မည်သည့်အရပ်ကို အခွန်ကောက်ခံသိမ်းစားလေဟု ပိုင်းခြားအပ်၏၊ ကျိန်ကျပ်မှတ်၍ ပိုင်းခြားမှုသာ မဟုတ်၊ အခွန်ဖြင့်သာ ပိုင်းခြားအပ်သည် ဟူသော်....အခွန်ရမှုသာ ဂါမမည်သလော၊ အခွန်မရပဲပင် ဂါမမည်သလော။

ဗလိံ လဘန္တိတိဣဒံ ယေဘုယျဝသေန ဝုတ္တံ—စသည်ကို ဋီကာတို့၌ ဆိုသည်နှင့်အညီ မည်သည့်ရွာ မည်မျှလောက် ပယ်အဖိုးရှိ၍ စသည်ဖြင့် မင်း၏စာရင်း တင်အပ်သည့် နယ်ပယ် အဝင်အပါဖြစ်က ဂါမမည်သည်သာ ဖြစ်သည်၊ အခွန်ရမှုသာ ဂါမမည်သည် မဟုတ်။

ယင်းသို့သော် ထိုဂါမခေတ်သည် အမြဲတည်သလော၊ တခေတ်ကိုပင် နှစ်ခေတ်, နှစ်ခေတ်ကိုပင် တခေတ် စသည်ဖြင့်ပြုသော် မဖြစ်ကောင်းပြီလော။

ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ အယံ ဝိသုံဂါမော ဟောတူတိ။
စသည့် အဋ္ဌကထာ။
သစေ ပန တတ္ထ ရာဇာ ကိဉ္စိပဒေသံ ဂါမန္တရေန ယောဇေတိ၊ သော ပဝိဋ္ဌ ဂါမသ္မိံ တော်ဝေ ဘဇတိ။

စသည့်ဋီကာတို့နှင့်အညီ သူတဦးသာ စားနှင့်သည့်ရွာကို ခြားနား၍ သူနှစ်ဦးအား ရွာစားပေးလျှင် တခေတ်သည်နှစ်ခေတ်ဖြစ်၏၊ သူနှစ်ဦးခြားနားလျက် စားနှင့်သောရွာကို သူတဦးသာ တပေါင်းတည်း စားလေဟု ပေးလျှင်လည်း နှစ်ခေတ်သည် တခေတ်သာ ဖြစ်၏၊ ဤသို့ စသည်ဖြင့် ဖြစ်သောကြောင့် အမြဲ တည်သည် မဟုတ်။

ယင်းသို့ဂသော်....လောကဋ္ဌ ခေါ်ဝေါ်သကဲ့သို့ လူရှိမှ ဂါမမည်သလော၊ လူမရှိပဲပင်လည်း ဂါမမည်သလော။

ယေ ပန ဂါမာ ရာဇစောရာဒိဘယပီဠိတေဟိ မနုဿေဟိ ဆဍ္ဍိတာ စိဝရံပိ န မနုဿာ တိဋ္ဌန္တိ။

စသည်ကို ဋီကာတို့၌ဆိုသည်နှင့်အညီ လူမရှိပဲပင်လည်း ဂါမမည်၏၊ လူရှိမှသာ ဂါမမည်သည် မဟုတ်၊ ယင်းသည့်ဂါမခေတ်ကား အဘယ်မျှ ပြားသနည်း။

တတ္ထ သာစ ရာဇိစ္ဆာဝသေန ပရိဝတ္တိတ္ဂာ သမုပ္ပန္နာ အဘိနဝါစ ဣဟ ရာစ အပရိဝတ္တာ ပကတိဂါမသီမာစ။

အစရှိသည်ကို ဋီကာတို့၌ဆိုသည်နှင့်အညီ ပကတိဂါမခေတ်,ဝိသုံဂါမခေတ်အားဖြင့် နှစ်ပါးအပြားရှိသည်၊ ထိုနှစ်ပါးတို့တွင် ရှေးဦးစွာ တယောက်သာ စားနှင့်သောရွာသည် ပကတိဂါမခေတ်မည်၏၊ဆိုပြီးသောနည်းဖြင့် နောက်မှ သူတယောက်ကို တဖန် သီးခြား၍ စားစေသောရွာသည် ဝိသုံဂါမခေတ်မည်၏၊ ဂါမခေတ်ကိုသာ ဆိုသော် နိဂုံ,မြို့တို့သည်လည်း ဗဒ္ဓသိမ်သမုတ်ရာဌာန မဟုတ်လော။

အဗဒ္ဓသီမာ ပန ဂါမသီမာ, သတ္တဗ္ဘန္တရသီမာ, ဥဒကုက္ခေပသီမာတိ တိဝိဓာ–စသည့်အဋ္ဌကထာ၊

တာ သဗ္ဗာပိ ဂါမသီမာတိ ဝုစ္စန္တိ–စသည် ဋီကာတို့နှင့်အညီ လာဘဘာဇနိယအရာ၌ နိဂုံ,မြို့တို့ကို အခြားဆိုသကဲ့သို့ ဤသိမ်အရာ၌ မဆိုမူ၍ ရွာ၌သာ သွင်းအပ်သောကြောင့် နိဂုံ,မြို့တို့သည်လည်း ဗဒ္ဓသိမ်သမုတ်ရာဌာန ဖြစ်၏။

ဤရှစ်ပါးသော အမြွက်မျှပြအပ်သည့် ပြဿနာအဖြေကို နှလုံးပိုက်တော်မူ၍ သမ္မာသမ္ဗောဓိဆုကို ပန်ယူတော်မူသည်နှင့်အညီ ရွှေမြို့တော်မှ အလားအလာ သင့်ရာအရပ်၌ ဝိသုံဂါမဖြစ်အောင် သမုတ်ပညတ်တော်မူ၍ သာသနာတော် ငါးထောင်တိုင်တိုင် ဓမ္မာနုဂ္ဂဟဖြစ်ပွားစေသင့်သည်၊ဝိသုံဂါမကို သမုတ်ပညတ်တော်မူပြီးသည့်ကာလမှယည်း ပါဠိတော်, အဋ္ဌကထာ, ဋီကာဂန္ထန္တရတို့နှင့် တဆံခြည်မျှ မတိမ်းမယွင်းရအောင် ဆရာတော်တို့ ကြည့်ရှုနိုင်းရှဉ်၍ ကလျာဏီစသော ထင်ရှားသည့်သိမ်တို့ကို စီရင်သည်အောက် မယုတ်စေပဲ စောင်မစီရင်သင့်သည်နှင့်အညီ စောင်မစီရင်၍ ၎င်းအစီအရင်များကို ကျောက်စာ သမိုင်း အသေအချာ ထားလျက် နောင်လဇ္ဇီပေသလအရှင်တို့အား သံသယဖြစ်ဖွယ် ပရမာဏုမြူခန့်မျှ အနာဆိုရာ မရှိစေမူ၍ သမုတ်ရသော် ကုသိုလ်တော်အရှည်ပွားမည်ဖြစ်သည်၊ဘုရားအလောင်းတော် မဟာဂေါဝိန္ဒသည် ဗြဟ္မာမင်းနှင့် ပြောဟောရသည်ဟု ကျော်စောလေသည်ကို မှန်မြတ်သော အကျော်အစော မပကောင်းပလေဟူ၍ ဗြဟ္မာမင်းနှင့်တွေ့ရအောင် ကြံဆောင်ဘူးသည်ကို ကျမ်းဂန်၌ဆိုသည်၊ နိုင်ငံတော်ဝန်းကျင် သိမ်တော်သမုတ်သည့်ကျေးဇူးတော်လည်း ကျော်စောထင်ရှားပြီးသည်၊အထက် သမုတ်တော်မူစေသည့် သိမ်တော်များကိုလည်း ဖြစ်မြောက်အောင် ကုသိုလ်တော်ပွားထပ်၍ ဖွဲ့သမုတ်စေသင့်သည်

အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် ဘုရားမင်းမြတ်။

ယမ္ပိကေသွံ ယေဝ ဂါမခေတ္တေ ဇာတံပဒေသံ အယံ ဝိသုံဂါမော ဟောတု တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိ ယေဝ။

လာသည်မှာ ပကတိဂါမတွင်ဖြစ်စေ၊ တစုံတခုသော အရပ်၌ဖြစ်စေ ပယ်သီး နယ်ခြားဖြစ်အောင် အကျွန်ုပ်တို့ပိုင်းခြား၍ အခွန်နှင့်တကွ ပေးမှုသာလျှင် ဝိသုံဂါမ ဖြစ်မည် ထင်ပေသည်၊ ဆင်ခြင်တော်မူသည်ကို ၁၁၄၈—ခု ပြာသိုလဆန်း(၁၄)ရက် နေ့ စေ၍ အမိန့်တော်ရှိသည့်အချက်တွင် အကျွန်ုပ်တို့ ပိုင်းခြား၍ အခွန်နှင့်တကွ ပေးမှုသာလျှင် ဝိသုံဂါမဖြစ်မည် ဆင်ခြင်တော်မူသည့်အရာသည် အဋ္ဌကထာ အ မိပ္ပါယ်ကို အဟုတ်အဟတ်သိ၍ ဖွင့်ပြသော ဋီကာဆရာတို့အယူဝါဒနှင့် ဂဏ်ိယမုနာ ရေကို နှောသော် အခြားမထင်သကဲ့သို့ ညီညွတ် သင့်မြတ်လှတော့သည်၊ ယင်းသို့ သော အဋ္ဌကထာအမိပ္ပါယ်ကို ဋီကာဆရာတို့ ဖွင့်ပြသည်ကား—

ဂါမပရိစ္ဆေဒေါတိ သဗ္ဗဒိသာသု သမ္မာပရိစ္ဆိန္ဒိတွာ ဠမဿပဒေသဿ ဧတ္တကော ကရောတိ ဧဝံ ကရေန နိယမိတော ဂါမပ္ပဒေသော။
**ဝိနိစ္ဆယဋီကာ**။

**အနက်ကား** ဂါမပရိစ္ဆေဒေါတိ၊ ရွာအပိုင်းအခြား ဟူသည်ကား။ ဠမဿ ပဒေသဿ၊ဤအရပ်၏။ဧတ္တကော ကရောတိ၊ ဤမျှသော အခွန် တည်းဟူ၍။ဧဝံ၊ဤသို့။ ကရေန၊အခွန်ဖြင့်။ သဗ္ဗဒိသာသု၊အရပ် လေးမျက်နှာ,ရှစ်မျက်နှာတို့၌။ သမ္မာ၊ကောင်းစွာ။ ပရိစ္ဆိန္ဒိတွာ၊ပိုင်းခြား၍။ နိယမိ တော၊မှတ်အပ်သော။ဂါမပ္ပဒေသော၊ရွာအရပ်အစိတ်တည်း။

ဂါမာဒီနံ ကရဂ္ဂါဟ ပရိစ္ဆိန္နော သမန္တတော ပဒေသော ဂါမသီမာတိ အဗဒ္ဓါယ ပကာသိတာ။ **သီမာလင်္ကာရ**။

**အနက်ကား** သမန္တတော၊ထက်ဝန်းကျင်မှ။ ကရဂ္ဂါဟပရိစ္ဆိန္နော၊ အခွန်ခံရာ ဖြင့် ပိုင်းခြားအပ်သော။ဂါမာဒီနံ၊ရွာစသည်တို့၏။ပဒေသော၊ အရပ်ကို။ဂါမသီမာတိ၊ဂါမသိမ်ဟူ၍။အဗဒ္ဓါယ၊အဗဒ္ဓသိမ်အရာ၌။ ပကာသိတော၊ ပြအပ်၏။

အာယဝသေန ပရိစ္ဆိန္ဒနံ ဝုတ္တံ၊ န အနုမတိ ကရဏမတ္တေန။
**ဝိနယာလင်္ကာရ။**

**အနက်ကား** အာယဝသေန၊အခွန်၏ အစွမ်းဖြင့်။ပရိစ္ဆိန္ဒနံ၊ပိုင်းခြားခြင်းကို။ ဝုတ္တံ၊အဋ္ဌကထာဆရာ မိန့်အပ်၏။ အနုမတိကရဏမတ္တေန၊ ခွင့်ပြုကာမျှဖြင့်။နဝုတ္တံ၊မမိန့်အပ်။

ရာဇာ ကဿစိ ဒေတီတိ ဣမိနာ ဂါမဘောဇကဿ ဒိန္နဘာဝံ ပကာသေသိ။ **ဝိနယာလင်္ကာရ။**

**အနက်ကား** ရာဇာ ကဿစိ ဒေတီတိ ဣမိနာ၊မင်းသည် တစုံတယောက်သောသူအား ပေး၏ ဟူသောစကားဖြင့်၊ ဂါမဘောဇကဿ၊ရွာစားအား။ဒိန္နဘာဝံ၊ပေးသည်၏အဖြစ်ကို။ပကာသေသိ၊အဋ္ဌကထာဆရာ ပြတော်မူ၏။

ဝိနည်းဋီကာတိုင်း ဤသည့်အချ်ပွါယ်ကို ဖွင့်ပြသည်ချည်း၊ ဤပါဠိများကို ဆင်ခြင်တော်မူရုံမျှ ဆက်သွင်းခြင်းဖြစ်သည်၊ပယ်သီးနယ်ခြားဖြစ်အောင်ဟူသည့် အမိန့်တော်မှာလည်း ရွာစားတို့ ကောက်ခံရန် ပယ်သီးနယ်ခြားဖြစ်အောင်ဟူလျှင် သင့်၏၊ သူကြီး မြေတိုင်တို့ စောင့်ရှောက်ရန် ပယ်သီး နယ်ခြားဖြစ်အောင်ဟူလျှင် ယခင်ကျမ်းဂန်နှင့် မသင့်၊သူကြီး မြေတိုင်တို့မှာ မြေနယ်ကို အစဉ် စောင့်ရှောက်ရုံသာ၊ မင်းကရောဇ်က ပေးသနားသော ရွာစားသာ ရွာကိုပိုင်သည်ကိုလည်း "ဂါမဘောဇကဿ သန္တကော ဂါမော"စသည်ဖြင့် တရားကျမ်းဂန်လာသည် တရားမင်းမြတ်။

၁၁၄၈—ခု ပြာသိုလဆန်း(၁၄)ရက်နေ့ လက်ရေးတော်နှင့် လျှောက်လှာသည်တွင် သွင်းသည့်မေတ္တာစာ။

## ဒေါက်ချဲ လင်္ကျာထီးဖြူဘောင်

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇပလ္လင်တော် ယက်ဝဲကသည် ကနက္ကဒဏ်ထီးဖြူတော်နှင့် သူရိယ,ဝိသုဂြိုဟ်,သမုဂ္ဂထီးဖြူတော် လေးစင်း၊လက်ျာတော်က ကမ္ဗုထီးဖြူတော်နှင့် စန္ဒ,ပဒုမ,သမုဒ္ဒဇာထီးဖြူတော် လေးစင်းကို လောကီကျမ်းထွက် နဝဒဏ္ဍာထီးနည်း လုပ်သင့်မည် မလုပ်သင့်မည်ကို ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်

မြတ်ကို ဦးထိပ်ထက် ရွက်ဆင်ရသည့်အတိုင်း အဆောင်တော်မြဲ ငမွေးကို လျှောက်လှာပါစေသည်၊အမိန့်တော်ရှိရာ ဦးထိပ်ရွက်ရပါမည့်အကြောင်း ဆရာတော်ဘုရားက မြန်မာဘာသာပြန်၍ သွင်းတော်မူလိုက်သည့် မင်းခမ်း မင်းနား ထီးမင်း ဆောင်မင်း ရွက်ပါသည်ဆိုသောစာတွင် အထက် နဝဒဏ္ဍာထီးများနှင့် ပါဠိအနက်အစုံ သွင်းတော်မူသည့်စာရင်းနှင့် တူမည် ထူးသည်ဖြစ်မည်၊ထူးလျှင် မင်းခမ်း မင်းနား ထီးမင်း ဆောင်မင်း ရွက်ဆိုသည့်အပိုင်းတွင် အတွင်းတော်က ထုတ်၍ စီရင်ရသည့်အခိုက်တွင် နောင် ထုံးဥပဒေ သေချာအောင် ခိုင်းနိူင်းရန် အနက်ပြန်ဆိုစေချင်ပါသည် ဆရာတော်ဘုရား။

**၁၁၄၇–ခု တပို့တွဲလဆန်း(၁၃)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရာဇပလ္လင်တော် လက်ဝဲ လကျ်ာ ခင်းကျင်းသည့် ထီးဖြူတော်လေးစင်းကို လောကီကျမ်းထွက် နဝဒဏ္ဍာထီး လုပ်သင့်မည် မလုပ်သင့်မည်ဟူသည်မှာ ကနက္ကဒဏ် ကမ္ဗုစသည့် ထီးဖြူတော်များလည်း နေလကဲ့သို့ ထင်ရှားသော ဘေးလောင်းတော် ဘိုးလောင်းတော် မင်းတရားအဆက်ဆက် ခင်းကျင်းသုံးဆောင်မြဲ ထီးဖြူတော်ချည်း ဖြစ်သည်၊လောကီ ရာဇာဘိသေကကျမ်းထွက် နဝဒဏ္ဍာထီးဖြူတော်သည် မဇ္ဈိမဒေသ မင်းတရားအဆက်ဆက် ခင်းကျင်းသုံးဆောင်မြဲ ထီးဖြူပင်ဖြစ်သည်၊ပညာရှိတထောင် ကြံဆောင်သောအကြောင်း အနက်ကို ခဏချက်ခြင်း ကြံဆောင်နိုင်သည့် သိကြားမင်း ဉာဏ်အမြင်နှင့် တူသောဉာဏ်အမြင်တော်ဖြင့် ပစ္စန္တရာဇ် မဇ္ဈိမဒေသ ယုံးစံရှိသမျှကို သိမြင်တော်မူသည်နှင့်အညီ ထုံးစံနှစ်ရပ်ကိုမှီ၍ လက်ဝဲ လကျ်ာ ထီးဖြူတော်များမှာ သတောင်လည်ကြာယပ်ကို ဆင့်ထပ်လုပ်လျှင် မကိုဋ္ဌသင်းကျစ်တော်မှာ မကိုဋ္ဌ, သင်းကျစ် နှစ်မည်နှစ်ပါး ရသကဲ့သို့ ကနက္ကဒဏ်, ကမ္ဗုစသည့် ထီးဖြူတော်၊ နဝဒဏ္ဍာထီးဖြူတော်ဟူသည် နှစ်မည် နှစ်ပါး ရသဖြင့် သင့်မြတ်လှတော့မည် ဖြစ်၍ လုပ်ဆောင်သင့်သည်သာ အယူရှိသည်၊ ပြန်ဆိုဆက်သွင်းသည့် သင်္ကရိုက်ကျမ်းဂန်များတွင်မူကား ရာဇာဘိသေကကျမ်းကဲ့သို့ သက်သက် မင်းခမ်းကို ဆိုသည့်ကျမ်းမပါပြီ၊ စိုးစဉ်းစကားစပ်ရပါသည်များကိုလည်း ကြည့်ရှုတော်မူရန် ဇာတ်နိသျည်းယခု ရေးသည်၊ ပြီးမှ ရေးသားဆက်သွင်းမည် အကြံရှိသည်။

## ထီးဖြူတော်နှင့် သမုဒ္ဒဇာထီး လုပ်နည်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ထီးဖြူတော်များမှာ လက်ဝဲ လက်ျာ ရှစ်စင်း ခင်းကျင်းမြဲ ထီးဖြူတော်လည်း ရှိသည်၊ သည်ကရိက်ကျမ်းထွက် ထီးဖြူတော် လေးစင်းလည်း ရှိသည်များတွင် ကိုးဆင့် နဝဒဏ္ဍထီးဖြူတော် ဖြစ်အောင် ခင်းကျင်းမြဲ ထီးဖြူတော်ကို မည်သို့ လုပ်ဆောင်ရ မည်၊ သာသနာတော်ကျမ်းဂန်တွင် မည်သို့လာသည်၊ သမုဒ္ဒဇာ ထီးမှာ အရိုးမတပ်ဲ လုပ်ကြသည်ကို အရိုးတပ် လုပ်သော် သင့်မည်အကြောင်းများကို ဆရာတော်မှာ လျှောက်၊ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ် ရွက်ဆင်ရသည်ဖြစ်၍ ၎င်းထီးဖြူ တော်များအကြောင်းအရာကို လျှောက်ထားလှာပါစေသည်၊ သိတော်မူသာအောင် အမိန့်တော် ရှိတော်မူပါ ဆရာတော် ဘုရား။

**၁၁၄၈—ခု တပိုတွဲလပြည့်ကျော်(၇)ရက်နေ့ သံတော်ဆင့် နန္ဒဝေသာကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မင်းကေရာဇ်တို့ ခင်းကျင်း ဆောင်ရွက်တော်မူသည့် မင်းခမ်းတော်များတွင် ထီးဖြူတော်သည် အထွတ်အမြတ် ဖျချက်အချာဖြစ်၍ အလုပ်အဆောင် အသေ အချာဖြစ်အောင် ဆင်ခြင် လုပ်ဆောင်သင့်သည်၊ သာသနာတော် ကျမ်းဂန် ထုံးစံ ကို နှိုင်းရှဉ်သော်လည်း အရေအတွက် သဏ္ဌာန်ပမာဏများနှင့် အစေ့အငု မဆို၊ ဝေသာလီပြည်သို့ ရာဇဂြိုဟ်က ကြွတော်မူသည်တွင် ဘုရားသခင်မှာ ထီးဖြူတော် နှစ်စင်း၊ သံဃာတော်များမှာ တစင်းစီ ဗိမ္ဗိသာရမင်း ပူဇော်သည်၊ ဘုရားသခင်မှာ လေးစင်း၊သံဃာတော်များမှာ နှစ်စင်းစီ ဝေသာလီမင်းတို့ ပူဇော်သည်များကို ဆို သည်၊ သည်မျှသာ မင်းတို့ဆောင်ရွက် ခင်းကျင်းသည့် ထီးဖြူတော်ဟူ၍ မဆို၊ ထုံးစံ အတိုင်း ထီးဖြူတော် ရှစ်စင်း ခင်းကျင်းဆောင်ရွက်ကြသည့် အလုပ်အဆောင်မှာ လည်း စာတမ်းအထွက်အဆို မညီမညွတ်ကြ ဖြစ်သည်၊ လောကီကျမ်းတွင်မူကား ထီးဖြူ သုံးစင်းသာ ဆိုသည်၊ မည်သည့်မင်းလက်ထက် စ၍ဖြစ်သည် မဆို၊ ရေမြေ သေဌ်နင်း မင်းကေရာဇ်တို့မှာ ထီးဖြူတော်နှင့်မကင်း ခင်းကျင်းသင့်သည်ကိုမူကား

ဇာတ်, နိပါတ် သာသနာတော်ကျမ်းဂန်တွင်ပင် ထင်ရှားရှိသည်ဖြစ်၍ သင့်မြတ်အောင် လုပ်ဆောင်သည်နှင့် အမေးတော်ရှိ၍ ဆင်ခြင်သည်မှုကား—

ခင်းကျင်းတော်မူမြဲ ထီးဖြူတော်ရှစ်စင်းလည်း ဘေးလောင်းတော် ဘိုးလောင်းတော် အစဉ်အဆက် ခင်းကျင်းဆောင်ရွက်သည်ဖြစ်၍ မဖျက်မပယ်သင့် ဖြစ်သည်၊ လောကီကျမ်းထွက် ထီးဖြူသုံးစင်းလည်း အသေအချာ လာရှိသည့်အရာဖြစ်၍ ခင်းကျင်း ဆောင်ရွက်သင့်သည်ပင် ဖြစ်သည်၊ ယင်းသို့ ဖြစ်သောကြောင့် အစဉ်စာတမ်းထွက်ဆိုသည့် ရာဇပလ္လင်တော် လက်ဝဲ လကျာ် ထီးဖြူတော်ရှစ်စင်းတွင် ကနက္ကဒဏ်, ကမ္ဗုထီးဖြူတော်နှစ်စင်းကို ဖြစ်စေ, ရှစ်စင်းလုံးကိုဖြစ်စေ ကြာယပ်ကို ဆင့်ထပ်လုပ်လျှင် လောကီကျမ်းထွက် နဝဒဏ္ဍထီး ဆိုသင့်တော့မည်ဖြစ်၍ ဤစာတမ်းလည်း မပျက် လောကီကျမ်းထွက်နှင့်လည်းညီ သင့်မြတ်တော့သည်၊ စာတမ်းထွက်အစဉ် ထီးဖြူတော်ရှစ်စင်းကို အခြားသင့်ရာ ရာဇပလ္လင်မှာ လောကီကျမ်းထွက် ထီးဖြူတော်သုံးစင်းကိုလည်း အခြားသင့်ရာ ရာဇပလ္လင်မှာ သီးသန့် လုပ်ဆောင် ခင်းကျင်းလျှင်လည်း အတိုင်းထက်အလွန် မင်းခမ်းတော်ထုံးစံရှိရာသို့ များစေသည်သာဖြစ်၍ သင့်မြတ်တော့သည်၊နဝဒဏ္ဍထီးဖြူတော်ဖြစ်အောင် ကြာယပ်ကို ဆင့်ထပ်လုပ်သည်ဖြစ်မူကား အထပ်အရေအတွက်အားလျော်စွာ ရွှေခြူ, ညောင်ရွက်,ပုလဲ,စိန်,မြ,ပြယား, ပတ္တမြားဆိုင်,သန္တာဆိုင် စသည်ကိုလည်း လုပ်ဆောင်သင့်သည်။

သမုဒ္ဒဇာထီးမှာလည်း အရိုးမပါ လုပ်ဆောင်မြဲရှိခြင်းသည် မျက်နှာကြက်ကိုပင် ကျက်သရေ အရှိန်အစော်ရှိအောင် ထီးဖြူလုပ်၍ ဆွဲကြက်သည့်အရာဖြစ်၍ လုပ်ဆောင်မြဲဖြစ်လေသည် ယူဆဖွယ်ရှိသည်၊အလိုရှိ၍ အရိုးတပ်လုပ်သော်လည်း အတိုင်းထက်အလွန် သင့်မြတ်သည်သာ ဖြစ်သည်၊ သုမနသုတ်အဋ္ဌကထာတွင်လည်း ပသေနဒီကောသလမင်း၏ နန်းတော်မှာ ကျက်သရေရှိသည့် အိပ်ရာထက် ထီးဖြူဆောင်းလျက် ရှိသည်ကို လာသည်။

---

## သာသနာပိုင် ဆရာတော် မေတ္တာစာ

ငါးရာငါးဆယ် ဇာတ်နိသျည်း အနက်စာမရှိသည်များကို အနက်မြန်မာပြန်ဆို ဆက်သွင်းမည့်အကြောင်းနှင့် မဟာဒါန်ကို စေ၍ ၁၁၄၈–ခု နတ်တော်လဆန်း(၉)ရက်နေ့ လျှောက်လှာသည်တွင် ရှေးအနက်မြန်မာမရှိသည့် ပကိဏ္ဏကနိပါတ်ဇာတ်ကို အနက်မြန်မာပြန်ဆို၍ ၎င်းသတ္တရာဇ် တပေါင်းလပြည့်နေ့ စာစောင်နှင့်တကွ ဆက်သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် ဝါရားမင်းမြတ်—

သုံးလူ့အထွတ် သဗ္ဗညုဘုရား ထင်ရှားရှိတော်မူစဉ် ကောသလတိုင်း ကာသိတိုင်းတို့၏တုတ်ခွန်သွင်းရာ သာဝတ္ထိပြည်ကြီးသခင် ပုဏ္ဏရိကမည်သော ဆင်ဖြူရှင် ပသေနဒီကောသလမင်းတရားသည် ဘုရားသခင် အထံတော်သို့ တနေ့မပြတ် ကပ်၍ တရားတော်ကို နာခံမှတ်ယူသည်၊ ပရိနိဗ္ဗာန်ပြုတော်မူသည်နောက် သာသနာတော် အနှစ်ငါးရာရှိသောအခါ မဒ္ဒဝတိုင်း၏ တုတ်ခွန်သွင်းရာ သာဂလပြည်ကြီးရှင် မိလိန္ဒမင်းတရားသည် ဘုရားမုခပါဌ် ပိဋကတ်တော် အလုံးစုံကို သင်မှတ်လေ့ကျက်ဆောင်ရွက်သည့် ဥပဒေများနှင့် အညီ ဓမ္မက္ခန္ဓာတရားတော်မြတ်ကို နာခံမှတ်ယူ လေ့ကျက်ဆောင်ရွက်သဖြင့် ပညာပါရမီတော် ရင့်စေခြင်းငှါ အနက်မြန်မာမရှိသည့် ဇာတ်ပါဠိတော်အဋ္ဌကထာကို ဆရာတော်တို့အား အသီးအသီး အနက်မြန်မာ ပြန်ဆိုစေသည့်အရာသည် သာသနာတော်မြတ် အရှည်တည်အံ့သောအကြောင်းဖြစ်၍ ရှေးနိသျည်းမရှိသည့် ပကိဏ္ဏကနိပါတ် ဇာတ်နိသျည်းသစ် ရှစ်ကြောင်း၊ နှစ်ဆယ့်ခုနစ်အင်္ဂါ၊ ၃ ချပ်ကို ပြန်ဆိုဆက်သွင်းသည်၊ ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာဒိနဝကထာ, နိက္ခမာနိသံသကထာ, ရာဇ, ဓမ္မ, လောကအကြောင်း သုံးပါးများ၌ အတိုင်းထက်အလွန် အသိဉာဏ်တော်ဖြစ်ပွား၍ သတ္တဝါအပေါင်းတို့အား ဝဋ်ဆင်းရဲမှ ကယ်ဆယ်တော်မူနိုင်မည့်ဆုနှင့် ပြည့်စုံအံ့သည်၊ ရည်မှတ်တော်မူလျက် ဆရာတော်တို့ ဆက်သွင်းသည့် ဇာတ်နိသျည်းကို ကြည့်ရှုမှတ်နာတော်မူသော် ပါရမီတော် ပွားများမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ကြေးဆင်းတုဘွင်းမှ ပေစာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ငါးစို့က ပင့်ခဲ့သည့်ကြေးဆင်းတုတော်ပလ္လင်အတွင်း ပေနှင့် ရေးသားလျက် စာပါသည်မှာ မည်သည့်အကြောင်းအရာနှင့်ပါသည်၊ မည်သည့်စာ ဖြစ်မည်အရာကို ဆရာတော်မှာလျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ရွက်ဆင်ရသည်အတိုင်း လျှောက်ထားလှာပါစေသည်၊ အကြောင်းအရာနှင့်ထားသည် မည်သည့်စာ ဖြစ်မည်ကို သိတော်မူသာအောင် အမိန့်တော် ရှိတော်မူပါ ဆရာတော်ဘုရား။

၁၁၄ဂ-ခု တန်းခူးလဆန်း(၁၂)ရက်နေ့ သံတော်ဆင့် လက်ျာရွှေတောင်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

ငါးစို့က ပင့်ခဲ့သည့် ကြေးဆင်းတုတော် ပလ္လင်အတွင်း ပါသည့်စာမှာ ဝိနည်းတော်ဦလာသည့် ဝတ်ကမ္မဝါ၊ ကုဋိသမ္မုတိကမ္မဝါစာ၊ ပဝါရဏာပါဠိများပင် ဖြစ်သည်၊ ၎င်းပါဠိများကိုလည်း မမ္မစေတီ ဌပနာလို၍ ရေးသားသွင်းထားကြောင်းကို "၁၁၃ဂ-ခု တန်ဆောင်မုန်းလဆန်း(၆)ရက်နေ့ ရေးကူး၍ ပြီးပြေသည်"အမှာနှင့် ပါသောကြောင့် အခြားနှလုံးသွင်းထားသည့်အရာမဟုတ်၊ မမ္မစေတီအရည်နှင့် သွင်းထားသည်ကို ဆတ်ဆတ်သိအပ်တော့သည်၊ ဝိနည်းပါဠိတော်သာ၊ လောကီ မန္တန်ဂါထာ မရောမယှက်ဖြစ်၍လည်း အခြားအမှုပြီးစီးရန်အကြောင်း မဟုတ်၊မမ္မစေတီအမှုတခုသာ ပြီးစီးရန်အကြောင်း ဖြစ်သည်၊ စာတွင် သက္ကရာဇ်ကို ထောက်သော် ရှေး ၁၀ နှစ် ၉ နှစ်က ထားသည့်အရာဖြစ်၍ ယခု ဘုန်းပါရမီတော်ကြောင့် ပေါ်ထွန်းခြင်းဖြစ်သည်၊ သင့်တင့်ရာအရပ်မှာထား၍ ကိုးကွယ်တော်မူသင့်သည်။

---

### တရုပ်ပြည်နှင့် မဟာမိတ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တရုပ် ဥတည်ဘွားက ပြည်ကြီး နှစ်ပြည့်ဘပြည် ရွှေလမ်း ငွေလမ်း ဖေါက်၍ မဟာမိတ် ဖြစ်ပါရမည် အကြောင်းကို ရာဇာသံရွှေပေ အလျား ၁ အင်္ဂါ ၁ ဂျပ်၊ အနံ ဂ မတ်၊ အာဘဿရမြဲဟွာရုပ် ဂ၊လက်ဆောင်တော်အများနှင့် သက္ကရာဇ် ၁၁၄ဂ-ခု တန်းခူးလဆန်း(၇)ရက်နေ့ သိန္နီမြို့သို့ ကိုင်မားစား တရုပ်အမတ် လေးယောက်၊လူတရာကျော်နှင့်ရောက်ကြောင်း ကို သိန္နီစော်ဘွား အမတ် စစ်ကဲတို့က သံတော်ဦးတင် ရောက်သည်ကို ဆရာတော်ကို လျှောက်ရမည်၊ဘုရားအမိန့်တော်မြတ် ကို ဦးထိပ် ရွက်ရသောကြောင့် လျှောက်လှာပါစေသည်၊ သင်းတို့ ရောက်ခြင်းလက္ခဏာသည် ရှေးအစဉ် မဟာမိတ် ဖြစ်မြဲ ထုံးစံအတိုင်း မဟာမိတ်ဖြစ်လို၍ ရောက်လာသည် ဖြစ်မည်၊သင်းတို့ မြို့ရွာမှာ ရွှေဘုန်းတော်ရှိန်ကို မခံဝံ့၊ တိတ်ကြီး နိမိတ်ကြီး ပေါ်သောကြောင့် ရောက်သည်ဖြစ်မည်၊ သင်းတို့ မြို့ရွာတွင် တိတ်နိမိတ်မှာ တောင်ပြိုသည်နှင့်တကွ လူကို မြေမြို

သည်၊ မြို့ပြိုသည်၊ မိန်းမ ကွဲပြဖြစ်သည်များကိုလည်း အတပ်
အကြပ် ကြားသိရသည်ဖြစ်၍ လျှောက်ပါစေသည် ဆရာတော်
ဘုရား။

**၁၁၄၇–ခု တန်းခူးလပြည့်ကျော်(၁)ရက်နေ့ သံတော်ဆင့် လကျ်ာရွှေတောင်၊ အဆောင်တော်မြဲ ရာဇသီရိ လကျ်ာသူရတို့ကို စေတော်မူသည်တွင် သွင်းသည့် မေတ္တာစာကား—**

တရုပ် ဥတည်ဘွားက လက်ဆောင်ပဏ္ဏာ ရာဇသံစာများကို ဆက်ကပ်လှာသည်မှာ တရုပ်ဥတည်ဘွားသည် စိန့်တိုင်းစသော အရှေ့တလွှား တိုင်းကြီး ပြည်ကြီးများ အရှင်ဖြစ်၍ မင်းသာမည မဟုတ်၊ ကျော်စောထင်ရှားသောမင်း ဖြစ်သည်၊ ကျော်စောထင်ရှားသော မင်းတို့သဘောလည်း ကိုယ်နှင့် တိုင်းပြည် စစ်သည် ဆင် မြင်း အစွမ်း အားအန် ဟူသမျှသည် ကဲလွန်သည့် မင်းတပါးတို့နှင့်သာ မဟာမိတ်ဖွဲ့ရာသည်၊ ကိုယ်အောက် ယုတ်ညံ့သည့် မင်းတပါးတို့နှင့် မဟာမိတ်မဖွဲ့ရာ၊ ယခုမှာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဘုန်းပါရမီတော် ကြီးမြတ်လှသည်ဖြစ်၍ အလောင်းတော် သိဒ္ဓတ်မင်း၏ ဘုန်းပါရမီကြောင့် စကြဝဋ္ဌာတသောင်းတိုင်အောင် တိတ် နိမိတ် ပြာဋ္ဌိဟာ ဖြစ်ရသည်ကို ကျမ်းဂန်ဆိုသည်နှင့်အညီ တရုပ်ပြည် စသည် အရပ်များမှာ တိတ် နိမိတ် ပြာဋ္ဌိဟာ ကြီးစွာဖြစ်၍ ဘုန်းတော်ရှိန်ကို မခံဝံ့၊ ကိုယ်ထက်ကဲလွန်သည် ရည်မှတ်ခြင်းနှင့် မဟာမိတ်ဖြစ်လို၍ ဆက်ကပ်လှာသည်ပင် ယူရန် ရှိသည်၊ ဂန္ဓာလရာဇ်တိုင်းကို အစိုးရသော ပုက္ကုသာတိမင်းနှင့် မဂဓရာဇ်တိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းတို့ မဟာမိတ်ဖြစ်ကြသည်၊ သီဟိုဠ်ကျွန်းကို အစိုးရသော ဒေဝါနံပိယတိဿမင်းနှင့် ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော သီရိဓမ္မာသောကမင်းတို့ မဟာမိတ်ဖြစ်ကြသည်များကို ကျမ်းဂန်လာသည်နှင့်အညီ မင်းတို့ပြကတေ(၇)ပါးကို ဆိုရာတွင် မင်းတပါးတို့နှင့် မဟာမိတ်ဖြစ်ခြင်းအင်္ဂါ ပါရှိသည်များကို နှလုံးထားရင်း ရှိတော်မူသည်အတိုင်း ဘေးလောင်းတော် ဘိုးလောင်းတော် မင်းတရားတို့ လက်ထက်က တရုပ်ဥတည်ဘွားကို မှ,စ သိမ်းပကားဘူးသည့် ထုံးစံရှိသည်နှင့်အညီ မှ,စ သိမ်းပိုက်တော်မူ၍ မဟာမိတ် ဖွဲ့တော်မူသင့်သည်။

---

**ကျောင်း ဘုရား ဝတ်မိုး ဝတ်မြေ**

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

အရပ်ရပ် ကျောင်း,ဘုရား,ဝတ်မိုး ဝတ်မြေ မရှင်းမလင်း ရှိသည်မှာ ကျောက်စာထွက် ဝတ်မိုး ဝတ်မြေကိုသာ အမှန်

အကန် ဖြစ်စေသင့်သည့် သမိုင်း မော်ကွန်း လက်စွဲ သူကြီး မြေတိုင်တို့ အစစ်ခံချက်ထွက်ဆိုသည့် မြေအရပ်မှာ အလိုရှိရာ ပြုလုပ်ရေးသား သိမ်းခံသည်သာ ဖြစ်ရာသည်၊ အမှန်အကန် မယူသာ၊ သမိုင်းမော်ကွန်း အစစ်ခံချက်ထွက်ဆိုသည့် မြေရပ်များကို မင်းမြေ ဖြစ်စေသင့်သည်၊ ကျောင်း, ဘုရား, အာရာမ် စောင့် အကြီးအကဲနှင့် အစဉ် လက်မကွာ ထိန်းသိမ်းသည့် မြေများမှာ ကျောက်စာသမိုင်း မော်ကွန်းပင် မရှိသော်လည်း ထိန်းသိမ်းမြဲအတိုင်း ကျောင်း,ဘုရား, ဝတ်မိုး ဝတ်မြေ ဖြစ်စေသင့်သည်၊ အာရာမ်စောင့် အကြီး အမှူး ကျွန်သီးတော်စား ကျောက်စာထွက် မြေရပ်များမှာလည်း အကြီးအမှူး ကျွန်သီးတော် ရှိသည်မှာသာ ကျောက်စာထွက်အတိုင်း ဖြစ်စေသင့်သည်၊ စားသူ အကြီးအမှူး ကျွန်သီးတော် မရှိသည်များမှာ မင်းမြေ ဖြစ်စေသင့်သည်၊ ဆရာတော်ကိုလည်း သင့် မသင့်ကို လျှောက်စေဦး၊ သက္ကရာဇ် ၁၁၄၀-ခု ကဆုန်လပြည့်ကျော် (၂)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မဟာဒါန်ဝန်ကို လျှောက်လှာပါစေသည်၊ အမိန့်တော်ရှိရာ ဦးထိပ်ရွက်ပါမည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၀-ခု ကဆုန်လပြည့်ကျော်(၃)ရက်နေ့ မဟာဒါန်ဝန် ဘယနန္ဒသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ကျောက်စာထွက် ဝတ်မိုးဝတ်မြေကိုသာ အမှန်အကန်ဖြစ်စေသင့်သည်၊ သမိုင်း မော်ကွန်း လက်စွဲ သူကြီး မြေတိုင်တို့ အစစ်ခံချက်ထွက်ဆိုသည့်မြေရပ်များမှာ အလို ရှိရာ ပြုလုပ်ရေးသား သိမ်းခံသည်သာ ဖြစ်ရာသည်၊ အမှန်အကန် မယူသာ၊ သမိုင်း မော်ကွန်း အစစ်ခံချက်ထွက်ဆိုသည့်မြေရပ်များကို မင်းမြေ ဖြစ်စေသင့်သည် အမိန့် တော်ရှိသည်မှာ ကျောက်စာ ထင်ရှားလည်း မရှိ၊ အချင်းခပ်သိမ်းလည်း မသိသာ သည့် ဝတ်မိုးဝတ်မြေမှာသာ သင့်မြတ်မည်၊ ရှေး ကျောက်စာထွက် ရှိလျက် ယခု ကျောက်စာ ပျက်ကွယ်၍ ထင်ရှားကား မရှိသည်သာ ခြားနားသည့် မြေပေါ်များ မှာ သိသာသည်အလျောက် ဖြစ်စေသင့်သည်။

ကျောင်း ဘုရား အာရာမ်စောင့် အကြီးအကဲနှင့် အစဉ်လက်မကွာ ထိန်းသိမ်းသည့် မြေများမှာ ကျောက်စာသမိုင်း သမိုင်းမော်ကွန်းပင် မရှိသော်လည်း ထိန်းသိမ်းမြဲအတိုင်း ကျောင်း, ဘုရား, ဝတ်မိုး ဝတ်မြေ ဖြစ်စေသင့်သည် အမိန့်တော်ရှိသည်မှာ အစဉ်လက်မကွာ ထိန်းသိမ်းသည့်အရာကို ထိန်းသိမ်းတိုင်း မှန်ကန်၏ဟု သိသာသည်၊ မခြားမနား မသိသာသည့် မြေရပ်များမှာ သင့်မြတ်မည်၊ ထိန်းသိမ်းစဉ်ရှိတိုင်း မမှန်ကန်သည့်မြေရပ်မှာ ထိန်းသိမ်းမြဲတိုင်း ဖြစ်စေသင့်သည်သာ မဟုတ်ဖြစ်သည်။

အာရာမ်စောင့် အကြီးအမှူး ကျွန်သီးတော်စား ကျောက်စာထွက် မြေရပ်များမှာလည်း အကြီးအမှူး ကျွန်သီးတော်ရှိသည်မှာသာ ကျောက်စာထွက်အတိုင်း ဖြစ်စေသင့်သည်၊ စားသူအကြီးအမှူး ကျွန်သီးတော် မရှိသည်များမှာ မင်းမြေ ဖြစ်စေသင့်သည် အမိန့်တော်ရှိသည်မှာ မြေစားရှိ မရှိနှင့် ညီညွတ်သင့်မြတ်သည်သာ ဖြစ်သည်၊ ဝိဘဇ္ဇဝါဒီ ဖြစ်တော်မူသော ဘုရားသခင် သာသနာတော်မြတ်ကို ဝိဘဇ္ဇဝါဒ ဖြင့် ချီးမြှင့် သန့်ရှင်းစေရာသည် တရားမင်းမြတ်။

## မရိမ္မရွှေဂူမြေကို လျှူထိုက် မလျှူထိုက်

လျှောက်ထားပါသည် ဆရာတော်ဘုရား—

မရိမ္မရွှေဂူမြေကို ရှင်သီလဝံသအား လှူကြောင်းကို ရတနာဗိမာန်ကျောက်စာတွင် ဆိုသည်၊ မရိမ္မရွှေဂူမြေ ဖြစ်သည်ကို သိလျက် လှူသည့်အရာသည် လှူထိုက် မလှူထိုက်၊ ခံထိုက် မခံထိုက်ကို ဆရာတော်မှာ လျှောက်ထားရမည်၊ ၁၁၄၉-ခု ကဆုန်လပြည့်ကျော်(၁၀)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း လျှောက်လှာပါစေသည်၊ တရားကျမ်းဂန်နှင့် အညီ အမိန့်တော်ရှိရာ ဦးထိပ် ရွက်ရပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၉-ခု ကဆုန်လပြည့်ကျော်(၁၀)ရက်နေ့ အဆောင်မြဲ ကြွင်းကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မရိမ္မရွှေဂူမြေကို ရှင်သီလဝံသအား လှူကြောင်းကို ရတနာဗိမာန်ကျောက်စာတွင် ဆိုသည်၊ မရိမ္မရွှေဂူမြေ ဖြစ်သည်ကိုသိလျက် လှူသည့်အရာသည် လှူထိုက် မလှူထိုက်၊ ခံထိုက် မခံထိုက်ကို လျှောက်သည်မှာ မရိမ္မရွှေဂူမြေ ဖြစ်သည်ကို သိလျက်နှင့်

လူလည်း မလှူထိုက်၊ ခံလည်း မခံထိုက်၊ လှူသူ မလှူထိုက်ကြောင်းကို "နဝ အဓမ္မိကာနိ ဒါနာနိ" အစရှိသည်ဖြင့် ပရိဝါ၌ ဟောတော်မူသည်၊ အဓမ္မိကဒါန ကိုးပါးတွင် စေတီအား ညွှတ်ပြီးသည်ကိုမျှ ပုဂ္ဂိုလ်အား၊ သံဃာအား မညွှတ်စေအပ် ဟောတော်မူသည်၊ ရွှေဂူမြေမူကား စေတီယသန္တက စင်စစ်ဖြစ်၍ လှူသူ ဥစ္စာမျှမဟုတ်ဖြစ်သည်ကို ထောက်၍ သိအပ်သည်။ ခံသူ မခံထိုက်ကြောင်းကိုလည်း "နဝ အဓမ္မိကာနိ ပဋိဂ္ဂဟာနိ"အစရှိသည်ဖြင့် ပရိဝါ၌ ဟောတော်မူသည်၊ အဓမ္မိက ခံခြင်း ကိုးပါးတို့တွင် စေတီအား ညွှတ်ပြီးသည်ကိုမျှ ပုဂ္ဂိုလ်၊ သံဃာတို့ မခံထိုက် ဟောတော်မူသည်၊ ရွှေဂူမြေမူကား စေတီယသန္တက စင်စစ်ဖြစ်၍ လှူသည့်သူ့မှ ပိုင်သည့်ပစ္စည်း မဟုတ်ဖြစ်သည်ကို ထောက်၍ သိအပ်သည်၊ သို့ကိုမူကား လှူသူလည်း ကုသိုလ်ဖြစ်မည် အရည်နှင့် လှူရာသည်၊ ခံသူလည်း တရားကိုသိမြင်လောက်သည့်ပုဂ္ဂိုလ်ဖြစ်သည်ကို ထောက်သော် စင်စစ် မရှိမ္မရွှေဂူဘုရားကို ရှေးမင်းတို့လှူဒါန်းခဲ့သည့် မြေမှန်လျှင် မလှူတန် မခံတန်ရာ၊ ရွှေဂူဘုရားကို လှူသည့်မြေ စင်စစ် ဖြစ်မည်ကိုလည်း ရွှေဂူ ကျောက်စာ ထင်လင်းရှိမှ သိသင့်သည်၊ ကျောင်း ဘုရား မပိုင်ထိုက်ပဲနှင့် ကျောင်း, ဘုရားကိုစွဲ၍ အခေါ်အဝေါ် တွင်သည့် မြေမိုးရပ်ရွာများလည်း ရှိသောကြောင့် မရှိမ္မရွှေဂူမြေဟူ၍ ရတနာဗိမာန်ကျောက်စာတွင် အခေါ်အဝေါ် ပါကာနှင့်သာ မရှိမ္မရွှေဂူမြေ စင်စစ်ဖြစ်မည် မသိသင့်။

> သဝတ္ထုက မဟာဝိဟာရေ ပန ကရောန္တော ရာဇ ရာဇမဟာမတ္တာဒယော ပဋ္ဌဝယ သဟာယ ပရိမာဏံ ကာလံ သာသနဝရေ ဝသိတ္ဂာ သံဃော စတ္တာ ရော ပစ္စယေ ပရိဘုဥ္ဇတူတိ ပဏိဓာယ စိရကာလံ သံဃဿ ပစ္စယုပ္ပါဒ ကရံ ဂါမခေတ္တာဒိကံ အမှာကံ ဝိဟာရဿ ဒေမာတိ ဒေန္တိ ပါသာဏေသု အက္ခရံ လိက္ခိပေတွာပိ ဌပေန္တိ။

ဟူ၍ သာသနာတော် ငါးထောင်ပတ်လုံး ပစ္စည်းအသုံးအဆောင် ဖြစ်စေခြင်းငှါ ရွာမြေစသည်များကို ကျောက်စာ အမှတ်အသားနှင့် ရှေးမင်းတို့ လှူဒါန်းကြောင်းကို ဝိနည်းဋ္ဌကာ လာရှိသည်နှင့်အညီ သာသနာတော် ငါးထောင်တိုင်အောင် ရှေးမင်းတို့ လှူဒါန်းခဲ့သည့်အရာကို မကွယ်မပျက်စေသင့်သည်ဖြစ်၍ မရှိမ္မ ရွှေဂူမြေဟု မသိမှုလည်း ရှင်သီလဝံသကို လှူမည် ယူရန်ရှိသည်။

---

## တရုတ်ပြည်မှ ရွှေပေရာဇသံနှင့် ဖြေဟွာချက်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တရုပ်ပြည်က ရွှေပေရာဇသံနှင့်ပါသည့် အာဘာဿရဖြေဟွာ ရပ် ရှစ်ရပ်ကို မည်သည်မှာ ထားသင့်မည်၊ ဆရာတော်ကို

လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း အာဘာသာရမြဟ္မာရုပ် ရှစ်ရုပ်ကို မည်သည့်မှာ ထားသင့်မည်ကို သိသာအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၄၉-ခု နယုန်လပြည့်ကျော်(၃)ရက်နေ့ အဆောင်မြဲတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

တရုပ်ပြည်က ရွှေပေရာဇသံနှင့်ပါသည့် အာဘာသာရမြဟ္မာရုပ် ရှစ်ရုပ်ကို ထားသင့်သည့် အရပ်မှာ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက် တရုပ်ဥတည်ဘွားက ယည်ကဲ့သို့ ဆက်ရောက်လှာသည်ကို မည်သည့်အရပ်မှာ ထားသင့်သည်ဟူ၍ ထင်ရှား မရှိ၊ တရားမင်းမြတ်တွင်မှ ဘုန်းကံတော်ကြောင့် မဟာမိတ်ဖြစ်ပါလို၍ ဆက်ရောက်လှာသည့်အရာဖြစ်သည်၊ မဟာမိတ်ဖြစ်ပါလို၍ ဆက်ရောက်လှာသည့် အရာကိုလည်း ဂန္ဓာလရာဇ် ပုက္ကုသာတိမင်းက လက်ဆောင်တော်ကို ပရိသတ်အလယ်မှာ "ငါ့အဆွေ ရှုစေသတည်း" ရာဇသံပါသည်ကို ဗိမ္ဗိသာရမင်းလည်း ပါတိုင်းပင် ရှုလေသည်၊ ဗိမ္ဗိသာရမင်းက လက်ဆောင်တော်ကို "ပြာသာဒ်ထက် ဆိတ်ငြိမ်ရာမှာ ငါ့အဆွေ ရှုစေသတည်း"ရာဇသံပါသည်ကို ပုက္ကုသာတိမင်းလည်း ပါတိုင်းပင် ရှုလေသည် ဆိုသည့်ထုံးစံများကို ထောက်လျှင် ရွှေပေရာဇသံတွင် ကိုးကွယ်တော်မူစေလို၍ ဆက်ရောက်ကြောင်းနှင့် ပါသည့်အတိုင်း သားတော်အစဉ်မြေးတော်အဆက် မြစ်တော့်အညှန့် အဓွန့်ရှည်စွာ ထင်ရှားဖြစ်အောင် ရွှေနန်းတော်မှ အသီးအခြား အတွင်းတော်တွင် သင့်သည့်အရပ်မှာ မဟာပဋိမာ်များကဲ့သို့ အသေအချာ အမှတ်အသားနှင့် လုံခြုံစွာ သိမ်းထားတော်မူသင့်သည်။

---

## အောင်မြေဘုံကျော် ကျောင်းတော်

အောင်မြေဘုံကျော် ကျောင်းတော်ကြီးကို တင်လှူတော်မူမည်မှာ ကျောင်းဥကင် ဆင်းတုတော်လည်း ရှိသည်၊ ဆင်းတုတော်နှင့်တကွ သံဃာကိုရည်၍ ဘုရားအမှူးရှိသော သံဃာအား လှူသင့်သည် ဖြစ်မည်၊ သံဃာအားသာ လှူသင့်မည် ဖြစ်မည် အကြံတော်ဖြစ်၍ လိုင်မြို့စား မင်းသား မင်းရဲမြတ်စွာတွင် ၁၁၄၉-ခု နယုန်လပြည့်ကျော်(၅)ရက်နေ့ ဆက်သွင်းသည့် မေတ္တာစာကား—

ကျောင်းဟူသော အလှူတော်သည် သံဃိက, ဂဏိက, ပုဂ္ဂလိကအားဖြင့် သုံးပါး ရှိသည်ကို ပါရာဇိကဏ်အဋ္ဌကထာ၌ လာသည်၊ ထိုသုံးပါးတို့တွင် သံဃာကိုရည်မှတ်၍ လှူဒါန်းလျှင် သံဃိကမည်သည်၊ နှစ်ပါး, သုံးပါး၊ နှစ်ကျိပ်, သုံးကျိပ်စသော ဂိုဏ်းကို ရည်၍ မှတ်၍ လှူဒါန်းလျှင် ဂဏိကမည်သည်၊ တပါးတည်းသော ပုဂ္ဂိုလ်ကို သာ ရည်မှတ်၍လှူဒါန်းလျှင် ပုဂ္ဂလိကမည်သည်၊ သံဃိကကျောင်းအလှူသာ အထူး သဖြင့် အကျိုးကြီးမြတ်ကြောင်းကို ဝေလာမသုတ်၌ ဟောတော်မူသည်၊ သံဃိက အလှူသည်လည်း ဘုရားအမှူးရှိသောသံဃာအား လှူခြင်း, ရဟန်းယောကျ်ား ရဟန်း မိန်းမ သံဃာနှစ်ပါးစုံအား လှူခြင်း, ရဟန်းယောကျ်ားအားသာ လှူခြင်း, ရဟန်း မိန်းမသံဃာအားသာ လှူခြင်း, ရဟန်းယောကျ်ား ရဟန်းမိန်းမသံဃာ နှစ်ပါးစုံမှ မည်မျှမည်ရွေ့ဟု ညွှန်စေ၍ လှူခြင်း, ရဟန်းယောကျ်ား သံဃာမှသာ မည်မျှမည်ရွေ့ ဟု ညွှန်စေ၍လှူခြင်း, ရဟန်းမိန်းမသံဃာမှသာ မည်မျှမည်ရွေ့ဟု ညွှန်စေ၍ လှူခြင်း အားဖြင့် ရှစ်ပါးအပြားရှိသည်ကို ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူသည်။

ဘုရားအမှူးရှိသော သံဃာအား လှူသည်မှာလည်း ဘုရားသခင်ရှိတော်မမူသည့် နောက် ဓာတ်တော်, ရုပ်ပွားဆင်းတုတော်ကို ကိုယ်စားတော်ထား၍ လှူဒါန်းသင့် ကြောင်းကို—

တထာဂတေ ပန ပရိနိဗ္ဗုတေ ဥဘတော သံဃဿ သမ္မုခေ သဓာတုကံ ပတိမံ အာသနေ ဌပေတွာ။

အစရှိသဖြင့် ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ, ဝိနည်းအဋ္ဌကထာတို့၌ လာသည်၊ သံဃိကကျောင်း၌ ရုပ်ပွားဆင်းတုတော်, ဓာတ်တော်,မွေတော်များကို ကိုယ်တော် စား ကိန်းဝပ်စေသင့်ကြောင်းကိုလည်း—

စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ကတဝိဟာရေနာမ ယတ္ထ စေတိယံ ပတိဋ္ဌိတံ ဟောတိ၊ ဓမ္မသဝနံ ကရိယတိ စတူဟိ ဒိသာဟိ ဘိက္ခူ အာဂန္တွာ အပ္ပဋိ ပုစ္ဆိတွာယေဝ ပါဒေ ဓောဝိတွာ ကုဉ္စိကာယ ဒွါရံ ဝိဝရိတွာ သေနာသနံ ပဋိဇဂ္ဂိတွာ ဝသိတွာ ယထာ ဖါသုကံ ဂစ္ဆန္တိ။သော အန္တမသော စတုရတနိ ယာ ပဏ္ဏသာလာပိ ဟောတု စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ကတဝိဟာရေ တွေဝ ဝုစ္စတိ။

ဟူ၍ ဝေလာမသုတ်အဋ္ဌကထာ၌ လာသည်။

စာတုဒ္ဒိသံ သံဃံ၊အရပ်လေးမျက်နှာ သံဃာကို။ ဥဒ္ဒိဿ၊ရည်၍။

**အနက်ကား** ကတဝိဟာရေနာမ၊ ပြုအပ်သော ကျောင်းမည်သည်ကား။

ယတ္ထ၊အကြင်ကျောင်း၌။စေတိယံ၊ရုပ်ပွားတော်,ဆင်းတုတော်, ဓာတ်တော်,မွေတော်သည်။ပတိဋ္ဌိတံ၊တည်သည်။ ဟောတိ၊ဖြစ်၏။ ဓမ္မသဝနံ၊တရား

နာခြင်းကို။ကရိယတိ၊ပြုအပ်၏။ စတူဟိဒိသာဟိ၊ အရပ်လေးမျက်နှာတို့မှ။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဂန္တွာ၊လာကုန်၍။ အပ္ပဋိပုစ္ဆိတွာယေဝ၊ မပန်ကုန်ပဲသာလျှင်။ ပါဒေ၊ခြေတို့ကို။ဓောဝိတွာ၊ဆေးကုန်၍။ ကုဉ္စိကာယ၊သံကောက်ဖြင့်။ ဒွါရံ၊တံခါးကို။ဝိဝရိတွာ၊လှစ်ဖွင့်ကုန်၍။ သေနာသနံ၊ ကျောင်း အိပ်ရာ နေရာကို။ ပဋိဇဂ္ဂိတွာ၊ သုတ်သင်ကုန်၍။ဝသိတွာ၊နေကုန်ပြီး၍။ ယထာဖါသုကံ၊ချမ်းသာသည်အား လျော်စွာ။ဂစ္ဆန္တိ၊သွားလေကုန်၏။သောဝိဟာရော၊ထိုကဲ့သို့ သုံးဆောင်အပ်သော ကျောင်းသည်။အန္တမသော၊ အယုတ်သဖြင့်။ စတုရတနိယော၊လေးတောင်ခန်းမျှသော။ ပဏ္ဏသာလာပိ၊ သစ်ရွက်မိုးသော ကျောင်းသခ်မ်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ စာတုဒ္ဒိသံ သံဃံ၊အရပ်လေးမျက်နှာသံဃာကို။ဥဒ္ဒိဿ၊ရည်၍။ ကတဝိဟာရောတွေဝ၊ ပြုအပ်သောကျောင်းဟူ၍သာလျှင်။ပစ္စတိ၊ဆိုအပ်၏။

ဤသည့်အနက်ကိုထောက်၍လည်း ကိုယ်စားတော်ရုပ်ပွားဆင်းတုတော်၊ဓာတ်တော်၊ မွေတော်နှင့်တကွ စာတုဒ္ဒိသသံဃာအား လှူဒါန်းသင့်ကြောင်းကို သိအပ်သည်၊ ထင်ရှားရှိဟော်မူစဉ် ဇေတဝန်ကျောင်းတော်၊ ပုဗ္ဗါရုံကျောင်းတော် စသည်များကို သံဃာနှင့်တကွ ကိုယ်တော်အား လှူသည်၊ ကိုယ်တော်လည်း သုံးဆောင်တော်မူသည်ကို ကျမ်းဂန်ထင်ရှားရှိသည်။

## တရုတ်ပြည်မှ ရာဇသံ

အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော နောင်တော် ဥတည်ဘွား ချစ်ကြည်စွာ ကြားရောက်ပါသည်၊ အနောက်မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဆင်ဖြူ၊ ဆင်နီ၊ ဆင်ကျားများသခင် ပတ္တမြားတွင်းသခင် ညီတော် နေထွက်ဘုရင် ရွှေနန်းရှင် မြင်းမိုရ်တောင်မျက်နှာ ဇမ္ဗူဒီပါ ကမ္ဘာတည်ဦးစက ညီတော် နောင်တော် နှစ်ပါး ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ အရိုက်အရာကို ဆင်းသက်အုပ်စိုးကြရသည့် အရှေ့ အနောက် တိုင်းကြီးနိုင်ငံကြီးတွင် ညီတော် နောင်တော်နှစ်ပါး ကြီးလှစွာသော တန်းခိုးအာဏာနှင့် သိကြားနတ်မင်းစည်းစိမ်ကဲ့သို့ စံပယ်ကြရသည်၊ နောင်တော် ညီတော်တို့ ဘေးလောင်းတော် ဘိုးလောင်းတော် လက်ထက်ကပင် ဆင်းသက်၍ ရန်မရှိ။ ညီတော် နေထွက်ဘုရင်လည်း တိုင်းကြီးနိုင်ငံကြီး၊ ထီးဆောင်းမင်းတရားတို့ ရှိခိုးကို ခံရသော မင်းဧကရာဇ် ဖြစ်သည်၊ နောင်တော်လည်း တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းတရားတို့ ရှိခိုးခံရသော မင်းဧကရာဇ်ဖြစ်သည်၊ နောင်တော်နှင့် ညီတော် ဘဝဒ္ဒဆက်ဆက်

ပေါင်းဖက်ခဲ့ဘူးသည်နှင့် အညီ ဂတိသစ္စာမြဲမြံစွာ မဟာမိတ် ဖွဲ့ကြရလျှင် သံမှိုနှက်သကဲ့သို့ သားတော်အစဉ် မြေးတော်အဆက် ဖြစ်ပါမည်၊ အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ရွှေထီးရွှေနန်းကို စိုးအုပ်သော နောင်တော်ကို မိဖုရား သားတော် သမီးတော် မှူးကြီး မတ်ကြီး ပြည်သူ ပြည်သားတို့ ငြိမ်းချမ်း သာယာသည်၊ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ရွှေထီးရွှေနန်းကို စိုးအုပ်သော ညီတော် ရွှေနန်းရှင်ကို မင်း မိဖုရား သားတော် အိမ်ရှေ့မင်းသား သမီးတော် မှူးတော် မတ်တော် ပြည်သူ ပြည်သားအပေါင်းတို့ ငြိမ်းချမ်းသာယာကြောင်းကို ကြားချင်ပါသည်၊ ရှေးဘဝက မဟာမိတ် ဖြစ်ဘူးသည်တကြောင်း၊ ချစ်ကြည်သည်တကြောင်း နောင်တော်က ရွှေပေရာဇသံနှင့် ညီတော်ဆီသို့ ရွှေတပြား ဆက်ပါစေသည်၊ ရွှေနှစ်ပြားကို သည်ရွှေတပြားကဲ့သို့ ဖြစ်လိုပါသည်၊ ၁၁၁၁–ခုနှစ် နှစ်နိုင်ငံချစ်ကြည်လေးမြတ်စွာ ရာဇမဟာမိတ် ဖြစ်မည့်အကြောင်းကို သံကြီး တမန်ကြီး စေပါ၊ ရောက်ပေါက် မြော်ဆိုကြသည်နှင့် ယခုတိုင် နောင်တော် ညီတော် ရွှေလမ်း ငွေလမ်း ရွှေတံတား ငွေတံတား မရောက်မပေါက်–၃၇–ရှိပါပြီ၊ပြည်ကြီး နှစ်ပြည်ထောင် ရာဇမဟာမိတ် ဖြစ်ကြရပါလျှင် တယောက်ကျေးဇူးကို တယောက် ခံကြရပါမည်၊ ရှေးထုံးစံအတိုင်း ကမ္ဘာဦးက ကိုးကွယ်သည့် ဗြဟ္မာရုပ် ရှစ်ရုပ်ကို နောင်တော် နန်းဦးတွင် ထား၍ ကိုးကွယ်ပါသည်၊ ညီတော်ကို ချစ်ကြည်သည်နှင့်အညီ နောင်တော်မှာ ကိုးကွယ်သကဲ့သို့ ကိုးကွယ်စေလို၍ ညီတော် နေထွက်ဘုရင်ကို ဆက်လိုက်ပါသည်၊ ညီတော် ကိုးကွယ်ပါလျှင် ဘုန်းတော် တန်းခိုးတော် နေထွက်သကဲ့သို့ ထွန်းတောက်ပါမည်၊ ညီတော်သို့ လက်ဆောင်တော် ရွှေကို သွန်းလုပ်သည့် ဗြဟ္မာရုပ် ရှစ်၊ ကမ္ဗလာ ရှစ်၊ရွှေဖျဉ်း တဆယ်၊ မြင်းတဆယ်၊ရာဇသံရွှေပေနှင့် နောင်တော်တွင် မြဲသည့် ထီးဆောင်းကိုင်မားစားသားကို စေလိုက်ပါသည်၊ ညီတော် ရွှေနန်းရှင်ဆီသို့ ရောက်လျှင် မရှည်မကြာ ရာဇသံရွှေပေနှင့် သံကြီး တမန်ကြီး ဆက်ခန့်၍ စေလွှတ်လိုက်ပါ၊ ကိုင်မားစား နောင်တော်ဆီသို့ ပြန်ရောက်မြင်ရလျှင် ညီတော်ရွှေနန်းရှင် မျက်နှာတော်ကို မြင်ရသကဲ့သို့ ရှိပါသည်။

## တရုပ်ပြည်သို့ ပေးမှာသည့် ရာဇသံ

အနောက်မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဆင်ဖြူ၊ ဆင်နီ၊ ဆင်ကျားများသခင် ရွှေတွင်း ငွေတွင်း

ပတ္တမြားတွင်း ပယင်းတွင်းသခင် အဆောင်ဆောင်သော ရွှေနန်း ရွှေပြာသာဒ်သခင် ဖြစ်တော်မူသော "သိရိပဝရ ဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ" တံဆိပ် နာမံတော်ရှိသော သာသနဒါယကာတော်ဖြစ်သော နေထွက်ဘုရင် ဘဝရှင်မင်းတရား ကြားရောက်သော အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော အကြည်တော် ရွှေနန်းရှင်၊ ဇမ္ဗူဒီပါကျွန်းအပြင်ထက်ကမ္ဘာတည်ဦးက အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီး, အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ရွှေထီးရွှေနန်းကို ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် ဆင်းသက်၍ ယခုတိုင် တရာသောမင်းတို့ ရှိခိုးကို ခံရသော ဧကရာဇ်မင်းမြတ် ဖြစ်ကြသည့် ပြည်ကြီးနှစ်ပြည် ရာဇမဟာမိတ် ဖြစ်မည်အကြောင်းကို ရာဇသံရွှေပေစာ လက်ဆောင်တော်များနှင့် ဆောင်ရဲတို့ကို စေ၍ သက္ကရာဇ် ၁၁၄၉—ခု နယုန်လဆန်း(၁၀)ရက်နေ့ အမရပူရရွှေပြည်တော်ကြီးသို့ ရောက်သည့် ရာဇသံရွှေပေစာ၊ အာဘာဿရဗြဟ္မာရုပ် ရှစ်၊ ကမ္ဗလာ ရှစ်၊ ရွှေဖျဉ်းတဆယ်၊ မြင်းတဆယ် လက်ဆောင်တော်များကို ရွှေနန်းတော် ဉကင်တော် ရာဇပလ္လင်တော်ရှေ့တွင် အိမ်ရှေ့မင်း မင်းညီမင်းသား ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်းတို့ ခြံရံလျက် ထွက်စံတော်မူ၍ ရာဇသံရွှေပေစာကို ဖတ်ပြန်စေသည်၊ အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းတရားတို့ကို အစိုးရသော အကြည်တော် ရွှေနန်းရှင်ကို မင်းမိဖုရား သားတော် သမီးတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်းတို့ ခန့်ထားကြောင်း၊ ပြည်ကြီး နှစ်ပြည့်တပြည်တည်သကဲ့သို့ ရှေးထုံးစံနှင့်အညီ ရာဇမဟာမိတ်ဖြစ်မည့်အကြောင်းကို ကြားရလျှင် ဝမ်းမြောက် ဝမ်းသာ ရှိကြသည်၊ အနောက်မျက်နှာ တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းတရားတို့ကိုအစိုးရသော ရွှေနန်းရှင်ကို မင်းမိဖုရား သားတော် သမီးတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်တို့လည်း ကျန်းသာကြသည်၊ ရာဇသံရွှေပေစာ၊ အာဘာဿရဗြဟ္မာရုပ်များကို ရွှေနန်းတော်တွင် ကောင်းမွန်လျောက်ပတ်အောင် ထားသည်၊ ရာဇမဟာမိတ်ဖြစ်ရသည့်အရာသည် ရှေးဘဝအဆက်ဆက်က မဟာမိတ် ဖြစ်ကြဘူး၍ ယခုဘာတွင် ပြည်ကြီးနှစ်ပြည် ရာဇမဟာမိတ် ဖြစ်ရသည်၊ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ရွှေထီးရွှေနန်းကို စိုးအုပ်သော နေမင်းနွယ်စစ် ဧကရာဇ်မင်းမြတ်အဆက်ဆက် အာဘာဿရစသောဗြဟ္မာတို့ထက်မြတ်သော လောကသုံးပါးတွင် အတုမရှိသော လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ချမ်းသာကို ပေးနိုင်သော ဘုန်းတော် တန်းခိုးတော် နေ့လကဲ့သို့ တောက်ထွန်းသော

ဘုရားသခင် ရုပ်ပွားတော် ဆင်းတုတော်ကိုသာ ကိုးကွယ်သည်။ ရွှေပြည်တော်ကြီး အရံနိုင်ငံတော် မြို့ ပြ တိုင်း ခရိုင်များသို့လည်း မွေတော် ဓာတ်တော် ပိဋကတ်စာပေနှင့် ရဟန်းသံဃာတို့ကို စေလွှတ်၍ သာသနာတော်ကို ချီးမြှင့် ပြုစုစေသည်၊ အကြည်တော်တွင် မပြတ်စေပါ သုံးဆောင်သော ထီးဆောင်းအမတ် လက်ရွေးကြီးမှူး နေမျိုးရွှေတောင် သီဟကျော်ခေါင် စည်သူကျော်စွာတို့ကို ဆော်ရဲတို့နှင့် သံကြီး တမန်ကြီး ဆက်ခန့်၍ ဆင်လေးစီး၊ ဆယ်စွယ်အချိန်တရာ၊ ဆင်စွယ်ခမောက် ပတ္တမြားအထွတ်ပါ တစ်၊ ပတ္တမြားတင် လက်စွပ် နှစ်၊ မိုးပြေကျောက်အချိန် တစ်၊သက္ကလပ်အဝါကပ် တစ်၊ သက္ကလပ်အနီကပ် တစ်၊ သက္ကလပ်အစိမ်းကပ် တစ်၊ သရက်ထည်အုပ် တဆယ်၊ပုဝါထည်အုပ် တဆယ်၊ကော်ဇော တဆယ်၊ရွှေဆိုင်း တရာ၊ငွေဆိုင်း တရာ၊နံ့သာဖြူချိန် တဆယ်၊နံ့သာနီချိန် တဆယ်၊ ယွန်းထိုးအစ်ကြီး လေး၊ ယွန်းထိုးအစ်ငယ် ငါးဆယ်၊ ရာဇသံရွှေပေစာ လက်ဆောင်တော်များနှင့် စေရောက်ပါသည်၊ စေသူ သံတို့ကို မရှည်မကြာ အလျင်ပြန်လာပါစေ၊သံတို့ ပြန်ရောက်လျှင် အကြည်တော်မျက်နှာတော်ကို မြင်ရသကဲ့သို့ ရှိပါမည်။

## ရာဇသံနှစ်စောင်၏ အကြောင်း

သည် ရာဇသံစာနှင့် ပေးမှာတော်မူရန် ရာဇသံစာများကို ဆရာတော်မှာ ပြလျှောက်စေ၊ အမိန့်တော်နှင့်—

**၁၁၄၉—ခု နယုန်လပြည့်ကျော်(၆)ရက်နေ့ အဆောင်မြဲတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

တရပ်က ဆက်ရောက်သည့် ရာဇသံအဆိုအရကိုထောက်သော် လိုက်လျောမျှတသည့်အရာသာ ပါသည်၊ရာဇသံပေးခြင်းသုံးပါးတွင် မောင်နှင် ဟူ၍ ရှေးဆရာတို့ဆိုသည်၊ ပေးမှာတော်မူမည့် ရာဇသံတော်လည်း လိုက်လျော မျှတသည့်အရာသာ ပါသည်ဖြစ်၍ သင့်မြတ်သည်၊ မဟာမိတ်ဖြစ်သည်ကို မှာတော်မူမည့်အရာတွင်မူကား ရွှေပြားကို သည်ရွှေတပြားကဲ့သို့ ဖြစ်ပါလိုကြောင်းနှင့် အကြည်တော်ရွှေနန်းရှင်က ဆက်သည့် ရွှေပြားအတူ ရှေးဘဝအဆက်ဆက်က မဟာမိတ်ဖြစ်ဘူးကြ၍ ယခုဘဝတွင် ပြည်ကြီးနှစ်ပြည် ရာဇမဟာမိတ် ဖြစ်ကြရသည်၊ အမှာတော်ပါမှ ရွှေပြားကို ဥပဒေပြု၍ ဆက်သည့်စကားအရနှင့် ညီညွတ်သည်၊ ရှေ့လက်ဆောင် ပဏ္ဏာထက် နောက် လက်ဆောင်ပဏ္ဏာ သာလွန်မြဲ ထုံးစံ ကျမ်းဂန်ဆိုသည်နှင့်အညီ ရာဇသံတွင်

ပါသည့် လက်ဆောင်တော်များသည် အာမိသလက်ဆောင်ချင်းကို ထောက်လျှင် သာလွန်တော်မူသည်၊ အာဘာဿရဗြဟ္မာရုပ်ရှစ်ရုပ်ကို အကြည်တော် ဥတည်ဘွားက ဆက်သည်မှာ သူတို့အလို ဓမ္မပဏ္ဏာပင် မည်သည်ကိုထောက်ရချေသော် ရာဇာသံတော်မှာ ဘုရားသခင် ရုပ်ပွား ဆင်းတုတော်ကို ကိုးကွယ်ကြောင်းကိုသာပါ၍ ဓမ္မပဏ္ဏာ ဆတ်ဆတ် မပါသကဲ့သို့ ရှိသည်၊ သီရိဓမ္မာသောကမင်းတရားက ဒေဝါနံပိယတိဿ မင်းသို့ "ငါလည်း ရတနာသုံးပါးကို ကိုးကွယ်တော်မူသည်၊ ငါ့အဆွေတော်လည်း ရတနာသုံးပါးကို ကိုးကွယ်တော်မူပါ"ရာဇာသံတွင် မှာသည့်အရာကိုပင် ဓမ္မပဏ္ဏာ ဟူ၍ ကျမ်းဂန်ဆိုသည်နှင့်အညီ ဖနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ရွှေထီးရွှေနန်းကို စိုးအုပ်သော နေမင်းနွယ်စစ် ဧကရာဇ်မင်းမြတ် အဆက်ဆက် အာဘာဿရစသော ဗြဟ္မာကြီးတို့ထက်မြတ်သော လောကသုံးပါးတွင် အတုမရှိသော လူမင်း,နတ်မင်း, ဗြဟ္မာမင်းတို့၏ ချမ်းသာကို ပေးနိုင်သော ရတနာသုံးပါးကိုသာ ကိုးကွယ်တော်မူသည်၊အကြည်တော် ရွှေနန်းရှင်လည်း ကိုးကွယ်တော်မူပါသော် လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ချမ်းသာကို စင်စစ် ရတော်မူမည်၊ အမှာတော်ပါမှ ဓမ္မပဏ္ဏာဆတ်ဆတ် ဖြစ်သည်။

---

## ဆင်တော်

၁၁၄၉-ခု နယုန်လပြည့်ကျော်(၁၃)ရက်နေ့ ဆရာတော်မှာ ဆင်တော်ကိုပြ၍ မည်သည့်ဆင် ဖြစ်မည်အကြောင်းကို လျှောက်ချေ၊ ဆန်ဝန်, ဆင်ဝန်ထောက်တို့ကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

ရှေးရှေးသော ကိုယ်တော်အဖြစ်က ထူးမြတ်လှအောင် ဖြည့်ဆောင်တော်မူခဲ့ဘူးသော ပါရမီပုညသမ္ဘာရ,မျက်မှောက် ကိုယ်တော်အဖြစ်တွင် ဖြည့်ဆောင်အပ်သော ပါရမီပုည သမ္ဘာရဟူသော ဘုန်းကံတော်ကြောင့် မင်းတပါးတို့ ရခဲစွာလျက် ရတော်မူသည့် ဆင်တော်မှာ ဆင်တော်ကို မကြည့်မရှုသော်လည်း ဆင်ဝန်ထောက်တို့ လျှောက်ချက် အဆင်းအရည်ကိုထောက်လျှင်—

| | |
|---|---|
| ၁။ ဂေါစရိကလာပ၊ | ၆။ ဂန္ဓ၊ |
| ၂။ ဂင်္ဂေယျ၊ | ၇။ တမ္ဗ၊ |
| ၃။ ပိင်္ဂလ၊ | ၈။ မန္ဒာကိနီ၊ |
| ၄။ ပဗ္ဗတေယျက၊ | ၉။ ဥပေါသထ၊ |
| ၅။ ဟေမဝတ၊ | ၁၀။ ဆဒ္ဒန္တ၊ |

ဟူ၍ သုတ်မဟာဝါ အဋ္ဌကထာမှာ လာသော ဆင်မျိုးဆယ်ပါးတွင် ခုနစ်စီး မြောက် တမ္ဗဆင် ဖြစ်သည်။

၁။ ကာလာဝကဆင်၊
၂။ ဂင်္ဂေယျဆင်၊
၃။ ပဏ္ဍရဆင်၊
၄။ ပိင်္ဂလဆင်၊
၅။ တမ္ဗဆင်၊
၆။ ဂန္ဓဆင်၊
၇။ မင်္ဂလဆင်၊
၈။ ဟေမဆင်၊
၉။ ဥပေါသထဆင်၊
၁၀။ ဆဒ္ဒန္တဆင်၊

ဟူ၍ သမ္မောအဋ္ဌကထာမှာ လာသော ဆင်မျိုးဆယ်ပါးတွင်လည်း ခုနစ်စီး မြောက် မင်္ဂလဆင် ဖြစ်သည်။

မဇ္ဈိမပုရိသ လူတကုဋေ၊ ပကတိကာလာဝကဆင်မည်း ဝါသန်းအားကို ဆောင် နိုင်သော ဆင်ဆယ်မျိုးနှစ်ရပ်တွင် ခုနစ်ခုမြောက်ဖြစ်သောဆင်ကို အဆင်းနီခြင်း ကြောင့် တမ္ဗဟူသည် အမည်ထူးဖြင့် သုတ်မဟာဝါအဋ္ဌကထာ၌ ဆိုသည်၊ အသွား အလာ တင့်တယ်လျောက်ပတ် ထူးမြတ်ခြင်းကြောင့် မင်္ဂလဟူသည် အမည်အထူး ဖြင့် သမ္မောအဋ္ဌကထာ၌ ဆိုသည်၊ ဆင်တစီးတည်းကိုလျက် တမ္ဗ မင်္ဂလဟူ၍ အမည် မျှသာ ကွဲပြားကာဖြင့် အဋ္ဌကထာတို့၌ ဆိုသည့်အကြောင်းကိုလည်း "နာမမတ္တတော ဘေဒေါ ဒဋ္ဌဗ္ဗော"ဟု သုတ်မဟာဝါဋီကာ၌ဆိုသည်၊ မင်္ဂလဆင်၏ နီသောအဆင်း အရည်ရှိကြောင်းကိုလည်း သမ္မောအဋ္ဌကထာ၌ တမ္ဗဟူသည် အမည်အထူးဖြင့် ဆို သည်ကိုထောက်၍ သိအပ်သည်၊ အချို့ ဆင်ကြန်စာများ၌ ကင်းပမ့်သီးမှည့်ကဲ့သို့ နီသော အဆင်းအရည်ရှိကြောင်းကို ဆိုသည်နှင့်လည်း ညီညွတ်သည်၊ ဘုန်းပါရမီ တော် ထူးမြတ်လှ၍ ရခဲလှစွာသော ဆင်ရတနာများသည် ဆင့်ကာဆင့်ကာ ရောက် ၍ ရှိသည်၊ ရှေးရှေးကုသိုလ်ပါရမီတော်, ယခုပြုဆဲသော ကုသိုလ်ပါရမီတော်များ ကို ဆင်ခြင်တော်မူလျက် ကျောင်းတော်ကြီး အနုမောဒနာ မင်္ဂလာသဘင်တော် တွင်လည်း လက်ဝှေ့လက်ပန်း စသော အကုသိုလ်ဖြစ်မည့်အရာများနှင့် မနှောမရှက် စေရအောင် သတိတော်ရှိရင်းတိုင်း တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာကို ပွား များစေတော်မူသင့်သည်။

## ရွှေကျောင်းတော်ကို သံဃာ ပုဂ္ဂိုလ် အပ် မအပ်

ရွှေငွေနှင့်စပ်သည်ကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ပင် မအပ် ဟောတော်မူ၍ ရှိလေပြီးသည်ကို ဝိမတိဝိနောဒနီ ဋီကာတွင်

ရွှေငွေဖြင့်ပြီးသည့်ကျောင်းကို သံဃာသာ အပ်သည်၊ ပုဂ္ဂိုလ် မအပ် ဆိုသည့်အရာသည် ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် ဆန့်ကျင်မည် ထင်သည်၊ ပါဠိ,အဋ္ဌကထာ,ဋီကာနှင့် ဆန့်ကျင်မည် မဆန့်ကျင်မည်ကို ဆရာတော်မှာ လျှောက်။

**၁၁၄၉-ခု ဝါဆိုလဆန်း(၇)ရက်နေ့ မိးကြည်နန်းတော်တွင် အမိန့်တော်နှင့် ကော်ခရန္တမိတ်,မဟာဒါန်ဝန် ဘယနန္ဒသူတို့ကို စေတော်မူ၍ လျှောက်လှသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရွှေငွေနှင့်စပ်သည်ကို သံဃာ,ဂိုဏ်း,ပုဂ္ဂိုလ်ပင် မအပ် ဟောတော်မူ၍ ရှိသည်တွင် မိမိဘို့ ပုဂ္ဂလိက ခံအံ့ နိဿဂ္ဂိပါစိတ်၊ သံဃာဘို့ ခံအံ့ ဒုက္ကဋ်ဟူ၍ ဝိနည်းအဋ္ဌကထာတို့၌ လာသည်ကို ထောက်သော် ကျောင်းနှင့်စပ်သည်တွင် ရွှေငွေမှတပါး အခြား ရွှေငွေသာမန်၌ပင်လည်း သံဃာ,ပုဂ္ဂိုလ်ထူးပြားကြသည်၊ ကျောင်းနှင့်စပ်သည့် ရွှေငွေတွင်သာ အပ် မအပ် ထူးပြားကြသည် မဟုတ်၊ကျောင်းနှင့်စပ်သည့် ရွှေငွေကိုမူကား သံဃိကအရာတွင်သာ ပညတ်တော်မူသည့် စူဠဝါပါဠိတော်၊ သံဃိကကျောင်း၌သာ အပ်သည်ကို သိစေလို၍ သဒ္ဒါအထူးဖြင့် ဆိုသော ပါရာဇိကဏ်အဋ္ဌကထာ၊ ရွှေအိုးစသည့်အသုံးအဆောင်ကိုမျှ ပုဂ္ဂလိက မအပ်ဟူ၍ဆိုသော တေရသကဏ်ဋီကာများကိုထောက်လျှင် သံဃိကမှသာ ရွှေငွေစသည်ဖြင့်ပြီးသော ကျောင်းကို ခံအပ် သုံးဆောင်အပ်သည်၊ ပုဂ္ဂလိက မအပ်ဟူ၍ ဝိမတိဝိနောဒနီဋီကာ လာရှိသည့်စကားရပ်သည် ပါဠိ,အဋ္ဌကထာ,ဋီကာများနှင့် မဆန့်ကျင် ညီညွတ်သင့်တင့်ပေသည် အယူရှိပါသည်ဖြစ်၍ ကျမ်းဂန်အမြင်အတိုင်း ကုသိုလ်တော် ပွားမည်၊ သာသနာတော် ထွန်းလင်းမည်အကြောင်းနှင့်သာ မေတ္တာစာ ဆက်သွင်းခြင်း ဖြစ်ပါသည်၊ ဘုရားသခင် ရွှေမှောက်တော်သွင်းသည့် ပုပ္ဖါရုံကျောင်း၊ နောက် သီရိမ္ဗာသောကမင်းလှူသည့် အသောကာရုံကျောင်း၊ ဒုဋ္ဌဂါမဏိမင်းလှူသည့် လောဟပါသာဒ်ကျောင်းများကိုလည်း သံဃိကဖြစ်သည်ကို ကျမ်းဂန်လာသည်၊ သည်ကဲ့သို့ ရတနာဖြင့် ပြီးသည့် ကျောင်းများကို ပုဂ္ဂလိကဖြစ်သည်ကို ကျမ်းဂန် မလာ မရှိ၊ ဝိနည်းအရာသည် စာစောင်ကိုထောက်လျှင် ပါဠိတော်သာ ခိုင်ခံ့သည်၊ ပါဠိတော်မှတပါး အဋ္ဌကထာသာ ခိုင်ခံ့သည်၊ ပါဠိတော်, အဋ္ဌကထာမှတပါး ဋီကာကြီး သုံးစောင်သာ ခိုင်ခံ့သည်ဖြစ်၍ ပါဠိတော် မလာသော်လည်း အဋ္ဌကထာ လာလျှင် မှတ်ယူသင့်သည်၊ ပါဠိ,အဋ္ဌကထာ မလာသော်လည်း ဋီကာကြီး သုံးစောင်တွင် တစောင်စောင်လာလျှင် မှတ်ယူသင့်သည်၊ ဋီကာကြီး သုံးစောင်အနက် စိုးစဉ်းကွဲပြားကြလျှင် ပါဠိ, အဋ္ဌကထာ ညီရာ မှတ်ယူသင့်သည်၊ဝိမတိဝိနောဒနီဋီကာလည်း သီဟိုဠ်ဖြစ်ဋီကာကြီး

သုံးစောင်အငင် ဖြစ်သည်၊ ၎င်းဋီကာစကားသည်လည်း အခြားဋီကာတို့နှင့် မကွဲမပြား၊ အခြားဋီကာတို့မှာ ထင်ရှားစွာ မလာသည်ကို ထင်ရှားအောင် ဖွင့်ဆိုခြင်းသာ ဖြစ်သည်၊ နောက်ဆရာတို့ အယူဝါဒချင်းကို တောက်လျှင်လည်း ဝိနယာလင်္ကာရကို စီရင်သည့် ကောင်ဘီလာဆရာတို့ပင် ဝိမတိလာတိုင်း ကောင်းစွာ နှလုံးသွင်းအပ်သည့် ဆုံးဖြတ်ချက် ရှိသည်ဖြစ်၍- ဝိမတိဝိနောဒနီစကားသည် ပါဠိ၊ အဋ္ဌကထာ, ဋီကာ, နောက်ဆရာကြီးတို့ဝါဒနှင့် မဆန့်ကျင် သင့်တင့်ပါကြောင်းကို မေတ္တာစာ ဆက်သွင်းပါသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ဆင်ဖြူတော် တန်းဆာ

တကာတော် အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

ကျမ်းဂန်တွင် ဆင်ဖြူ ဆင်ကောင်းများကို ဆင်ယင်သည့် တန်းဆာနှင့် ယခု ဆင်ဖြူ, ဆင်နီတော်များကို ဆင်ယင်သည့် တန်းဆာသည် ထူးပြားကြသည်ဖြစ်မည်၊ ထူးပြားလျှင်လည်း ကျမ်းဂန်ထုံးစံနှင့်အညီ ဆင်တော်တို့ကို ဆင်ယင်တော်မူမည် ဖြစ်၍ ဆင်ဖြူတော်တန်းဆာ အခြင်းအရာကို သိသာအောင် လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသောကြောင့် လျှောက်လှာပါစေသည်၊ ကျမ်းဂန်ထုံးစံနှင့်အညီ ဆင်ဖြူတော်ဆင်ရန် တန်းဆာများကို အမိန့်ရှိတော်မူပါ ဆရာတော်ဘုရား။

**၁၁၄၉-ခု ဝါခေါင်လဆန်း(၉)ရက်နေ့ သာရဒီပကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

**ဝေဿန္တရာမင်း၏** ဆင်ဖြူရတနာမှာ တန်းဆာဆင်ဟန်ကို ဝေဿန္တရာဇာတ်တွင် **ဤသို့** လာသည်။

**အဿ**၊ထိုဝေဿန္တရာမင်း၏။ ဇာတဒိဝသေယေဝ၊ ဖွားသောနေ့၌ပင်လျှင်။ အာ**ကာသစာရိနိ**၊ ကောင်းကင်ပျံတတ်သော။ ကရေဏုကာ၊ ဆင်မသည်။ အတိမင်္ဂလ**သမ္မတံ**၊ အလွန်မင်္ဂလာဟု သမုတ်အပ်သော။ သဗ္ဗသေတံ၊ကိုယ်လုံးဖြူသော။ ဟတ္ထိ**ပေါတကံ**၊ဆင်ငယ်ကို။ အာနေတွာ၊ ဆောင်ခဲ့၍။ မင်္ဂလဟတ္ထိဋ္ဌာနေ၊ မင်္ဂလာဆင် **အရာ၌**။ ဌပေတွာ၊ ထားခဲ့၍။ ပက္ကာမိ၊ဖဲလေ၏။ တဿ၊ထိုဆင်အား။ မဟာသတ္တံ၊

ဝေဿန္တရာမင်းကို။ ပစ္စယံကတွာ၊ အကြောင်းပြု၍။ ဥပ္ပန္နတ္တာ၊ ဖြစ်ခြင်းကြောင့်။ ပစ္စယောတွေဝနာမံ၊ ပစ္စည်းဟူသော အမည်ကိုသာလျှင်။ ကရိံသု၊ မှည့်ကုန်၏။ တဿ၊ထိုပစ္စည်းဆင်၏။ စတူသု ပါဒေသု၊ ခြေလေးဖက်တို့၌။ အလင်္ကာရော၊ တန်းဆာသည်။စတ္တာရိသတသဟဿာနိ အဂ္ဃတိ၊လေးသိန်းထိုက်၏။ဥဘောသုပဿေသု၊ နံပါးနှစ်ဖက်တို့၌။ အလင်္ကာရော၊ တန်းဆာသည်။ ဒွေသတသဟဿာနိ အဂ္ဃတိ၊ နှစ်သိန်း ထိုက်၏။ ဟေဋ္ဌာ ဥဒရေကမ္ဗလံ၊ ဝမ်းအောက်လွှမ်း ကမ္ဗလာသည်။ သတသဟဿံအဂ္ဃတိ၊တသိန်းထိုက်၏။ မုတ္တာဇာလံ၊ပုလဲကွန်ရက်။ မဏိဇာလံ၊ ပတ္တမြားကွန်ရက်။(မြကွန်ရက်လည်းဟူ)။ ကဉ္စနဇာလံ၊ရွှေကွန်ရက်။ ဣတိပိဋ္ဌိယံတီဏိ ဇာလာနိ၊ ဤသည့် ကျောက်လွှမ်း ကွန်ရက်သုံးပါးတို့သည်။ တီဏိသတသဟဿာနိ အဂ္ဃတိ၊သုံးသိန်းထိုက်ကုန်၏။ဥဘောသုကဏ္ဏေသု၊ နားနှစ်ဖက်တို့၌။ အလင်္ကာရော၊ တန်းဆာသည်။ဒွေသဟသဟဿာနိအဂ္ဃတိ၊နှစ်သိန်းထိုက်၏။ ပိဋ္ဌိယံအတ္ထတကမ္ဗလံ၊ ကျောက်ခင်း မင်းထိုင်ကမ္ဗလာသည်။သတသဟဿံအဂ္ဃတိ၊ တသိန်းထိုက်၏။ ကုမ္ဘာလင်္ကာရော၊ဦးကင်းတန်းဆာသည်။ သတသဟဿံအဂ္ဃတိ၊တသိန်းထိုက်၏။ တယောဝဋံသကာ၊ နားသွယ်တန်းဆာ သုံးသွယ်တို့သည်။ တီဏိသတသဟဿာနိအဂ္ဃန္တိ၊ သုံးသိန်းထိုက်ကုန်၏။ကဏ္ဏစူဠာလင်္ကာရော၊နားပန်တန်းဆာနှစ်သွယ်သည်။ဒွေသတသဟဿာနိအဂ္ဃတိ၊ နှစ်သိန်းထိုက်၏။ ဒ္ဒိန္နံဒန္တာနံအလင်္ကာရော၊ အစွယ်နှစ်ချောင်း တန်းဆာသည်။ ဒွေသတသဟဿာနိ အဂ္ဃတိ၊ နှစ်သိန်းထိုက်၏။ သောဏ္ဍာယ၊ နှာမောင်း၌။ သောဝတ္ထိကာလင်္ကာရော၊ သုံးဆင့်သုံးဆင့် ရစ်ပတ်သော တန်းဆာသည်။(ကြံဆစ်သုံးဆင့်စီ ကွပ်သော တန်းဆာသည်လည်းဟူ)။သတသဟဿံအဂ္ဃတိ၊ တသိန်းထိုက်၏။ နင်္ဂုဋ္ဌာလင်္ကာရော၊ အမြီးတန်းဆာသည်။ သတသဟဿံအဂ္ဃတိ၊ တသိန်းထိုက်၏။အနဂ္ဃဘဏ္ဍံ၊ ဆိုလတ္တံ့သော အနဂ္ဃဘဏ္ဍာကို။ ဌပေတွာ၊ ထား၍။ ကာယာရုဠှပသာဒနံ၊ ကိုယ်တွင် ဆင်သမျှ ရောက်ပြီးသော တန်းဆာအပေါင်းကား။ ဒွါဝီသာတိသတသဟဿာနိ၊နှစ်သန်း နှစ်သိန်းအဘိုးသည်။ နိဿေဏိ၊ ဆင်သို့ တက်သော လှေကားသည်။ သတသဟဿံအဂ္ဃတိ၊တသိန်းထိုက်၏။ ဘုဉ္ဇနကဋာဟံ၊ စားသောက်သော အိုးသည်။ (ဖျဉ်းသည်လည်းဟူ)။ သတသဟဿံအဂ္ဃတိ၊ တသိန်းထိုက်၏။ဣတိတွေကံမန်၊ဤသို့ ယခင် နှစ်သန်း နှစ်သိန် နှင့် သည် နောက်နှစ်သိန်းမျှသောဥစ္စာကား။စတုဝိသတိသတသဟဿာနိ၊နှစ်သန်း လေးသိန်းအတိတည်း။ ပန၊ အထူးကား။ဆတ္တပိဏ္ဍိယံမဏိ၊ ထီးချက်၌တပ်သည့် ပတ္တမြား။ စူဠာမဏိ၊ ထီးထွတ်၌ တပ်သည့် ပတ္တမြား။ မုတ္တာဟာရေမဏိ၊ ကိုယ်တွင်ဆွဲသော ပုလဲသွယ်၌တပ်သည့် ပတ္တမြား။ အင်္ကုသေ မဏိ၊ ချွန်း၌တပ်သည့် ပတ္တမြား။ ဟတ္ထိနော ကဏ္ဌဝေဌေန မုတ္တာဟာရေမဏိ၊ ဆင်လည်ဆွဲ ပုလဲသွယ်၌တပ်သည့် ပတ္တမြား။ ဟတ္ထိကုမ္ဘမဏိ၊ ဆင်ဦးကင်းတွင် ဆင်သည့် ပတ္တမြား။ ဣတိဣမာနိ၊ ဤသည်တို့ကား။ ဆ အနဂ္ဃါနိ၊

အနဂ္ဃခြောက်ပါးတို့တည်း။ဟတ္ထိပိ၊ဆင်သည်လည်း။ အနဂ္ဃါယေဝ၊ အနဂ္ဃပင်လျှင်ဟည်း။ဉာတိတသ္မာ၊ထိုကြောင့်။ဟတ္ထိနာသဒ္ဒိ၊ဆင်နှင့်တကွ။ သတ္တအနဂ္ဃါနိ၊အနဂ္ဃခုနစ်ပါးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့ ဝေဿန္တရာဇာတ်စကား၌ တန်းဆာအဖိုးထိုက်သည်နှင့် ဆင်ရာဌာနကို လာသည်၊ လုပ်ဟန်အခြင်းအရာမှာ အဖိုးထိုက်သည်နှင့် သင့်အောင် လုပ်ဆောင်ရာသည့်အဓိပ္ပါယ်ကို သိအပ်သည်၊ အဖိုးပမာဏမှာလည်း အသပြာအရေအတွက်ကိုသာ ယူသင့်သည်၊ ပကတိ ဆင်ရတနာမှာ ဆင်သည့် တန်းဆာကို သံယုတ်အဋ္ဌကထာတွင် ဤသို့လာသည်။

သတသဟဿဂ္ဃနကော၊ အသပြာတသိန်းထိုက်သော။ ဟတ္ထိ၊ ဆင်သည်။ သတသဟဿဂ္ဃနကေန၊ အသပြာတသိန်းထိုက်သော။ အလင်္ကာရေန၊ တန်းဆာဖြင့်။ အလင်္ကတော၊တန်းဆာဆင်သည်ဖြစ်မှု။ ဟတ္ထိရတနံနာမ၊ ဆင်ရတနာမည်၏။ အဿရတနေပိ၊မြင်းရတနာ၌လည်း။ဧသေဝနယော၊ဤနည်းလျှင်တည်း။

ဤသို့ အသပြာတသိန်းထိုက်သည့်ဆင်ကို အသပြာတသိန်းထိုက်သောတန်းဆာဖြင့် ဆင်မှ ဆင်ရတနာမည်ကြောင်းကို လာသည်၊ ယူဇနာငါးဆယ်ခရီးကို နေ့ခြင်းသွားနိုင်သော ဘဒ္ဒဝတီဆင်မကို တန်းဆာနေရာ အတင့်အတယ်ဖြင့် ဥတေနမင်းဆင်ယင်ကြောင်းကို သတ္တနိပါတ်ဇာတ်တွင် ဤသို့လာသည်။

သဗ္ဗာလင်္ကာရေဟိ၊ ခပ်သိမ်းသောတန်းဆာတို့ဖြင့်။ အလင်္ကရိတွာ၊ ဆင်ယင်၍။ ပတိဋ္ဌ ဌာနေ၊တည်ရာ၌။ဂန္ဓေန၊နံ့သာဖြင့်။ ပရိဘဏ္ဍကာရေတွာ၊အပြေအပြစ်ပြုစေ၍။မတ္ထကေ၊ အထက်၌။ သုဝဏ္ဏတာရကဝိတာနံ၊ ရွှေကြယ်စီသောဗိတာန်ကို။ ဗန္ဓာပေတွာ၊ဖွဲ့စေ၍။သမန္တာ၊ ထက်ဝန်းကျင်မှ။စိတြသာဏိ၊ဆန်းကြယ်သော တင်းတိမ်ကို။ပရိက္ခိပါပေတွာ၊ကာရံစေ၍။ဂန္ဓဘေလေန၊နံ့သာဆီဖြင့်။ဒီပံဇာလေတွာ၊ဆီမီးညှိစေ၍။ ဓုမကဋ္ဌာဟံ၊ အခိုးအမွှေးထုံသော အိုးကို။ ဥဋ္ဌပါပေတွာ၊ ထားစေ၍။ ကရိသဆဋ္ဌနဋ္ဌာနေ၊ အစာဟောင်းစွန့်ရာ၌။ သုဝဏ္ဏကဋ္ဌာဟံ၊ ရွှေဖျဉ်းကို။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ စိတ္တတ္ထရဏပိဋ္ဌေဝ၊ ဆန်းကြယ်သော အခင်းရှိသည့် အင်းပျဉ်ထက်၌သာလျှင်။ ပတိဋ္ဌာပေတိ၊ ရပ်နေစေ၏။ ရာဇာရဟံ၊ မင်းအား ထိုက်သော။ နာနာဂ္ဂရသဘောဇနဥ္စ၊အထူးထူးမြတ်သော ရသာရှိသည့်အစာကိုလည်း။ ဒါပေသိ၊ ပေးစေ၏။

ဤသို့ တန်းဆာနေရာ အတင့်အတယ်ဖြင့် ဆင်ယင်သည်ကို လာသည်၊ လက်သွားထို့မှ ဝယ်၍ရသော ဆင်ဖြူရတနာကို ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း အဘိသိက်သွန်း၍ ချီးမြှင့်သည့် အခြင်းအရာကို အလီနစိတ္တဇာတ်၌ ဤသို့လာသည်။

ရာဇာ၊ဗြဟ္မဒတ်မင်းသည်။ တံ၊ထိုဆင်ကို။ အာဒါယ၊ယူခဲ့၍။ နဂရံ၊ ဗာရာဏသီ ပြည်သို့။ ဂန္တွာ၊သွားလေ၍။နဂရဉ္စ၊ပြည်ကိုလည်းကောင်း။ ဟတ္ထိသာလဉ္စ၊ဆင်တင်း ကုတ်ကိုလည်းကောင်း။ အလင်္ကာရာပေတွာ၊ တန်းဆာဆင်စေ၍။ ဟတ္ထိံ၊ ဆင်ကို။ နဂရံပဒက္ခိဏံကာရေတွာ၊မြို့ကို လကျာ်လှည့်စေ၍။ ဟတ္ထိသာလံ၊ဆင်တင်းကုတ်သို့။ ပဝေသေတွာ၊ဝင်စေ၍။ သဗ္ဗာလင်္ကာရေဟိ၊ ခပ်သိမ်းသော တန်းဆာတို့ဖြင့်။ သမ္မာ လင်္ကရိတွာ၊ကောင်းစွာဆင်ယင်၍။ အဘိသေကံဒတွာ၊အဘိသိက်သွန်း၍။ ဩပဝုယှံ ကတွာ၊ စီးတော်ဆင်ပြု၍။ အတ္တနော၊ မိမိ၏။ သဟာယဋ္ဌာနေ၊ အဆွေအရာ၌။ ဌပေတွာ၊ထား၍။ ဥပဍ္ဎရဇ္ဇံ၊ ပြည်ထက်ဝက်ကို။ ဟတ္ထိဿ၊ဆင်အား။ ဒတွာ၊ပေး၍။ အတ္တနာ၊မိမိနှင့်။ သမာနပရိဟာရံ၊ တူမျှသော အစောင့်အရှောက်ကို။ အကာသိ၊ ပြု၏။ ဟတ္ထိဿ၊ဆင်၏။ အာဂတကာလတော၊ လာသောအခါမှ။ ပဋ္ဌာယ၊စ၍။ ရညော၊ဗြဟ္မဒတ်မင်းအား။ သကလဇမ္ဗုဒီပရဇ္ဇံ၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မင်း အဖြစ်သည်။ ဟတ္ထဂတမေဝ၊ လက်သို့ ရောက်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ ဤသို့ အဘိသိက်သွန်း၍ ချီးမြှင့်သည့် အခြင်းအရာကို လာသည်။

## ဆဒ္ဒန္တဇာတ်

လျှောက်ပါသည် ဆရာတော်ဘုရား—

ဆဒ္ဒန်ဆင်မင်းဇာတ်တွင် သောဏုတ္တရမုဆိုး ဒေဝဒတ် အလောင်းသည် ဆဒ္ဒန်ဆင်မင်းကို လေးနှင့်ပစ်၍ သေဆုံး ကြောင်းကို ဆိုသည်၊ ဆရာတော်စီကုံးသည့် ဂါထာမှာ စူဠဓမ္မ ပါလစသည့် ငါးဇာတ်တွင်သာ ဘုရားအလောင်းတော်ကို ဒေဝဒတ်နှိပ်စက်နိုင်ကြောင်းကို ပါသည်၊ဒေဝဒတ်အလောင်း သောဏုတ္တရမုဆိုး ဆဒ္ဒန်ဆင်မင်းကို နှိပ်စက်သည့် အချက် မပါရှိသည်၊မည်သည့်အကြောင်းနှင့် ချန်ထားသည်ကို ဆရာ တော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မဟာဒါန်ဝန်ကို လျှောက်လှာပါစေ စေသည်၊ဆဒ္ဒန်ဆင်မင်းဇာတ်ပေါင်းတွင်လည်း အခြားဇာတ် နှင့်မတူ ဂါထာနှင့် ဇာတ်ပေါင်း၍ အဋ္ဌကထာတွင်လည်း ပါ သည်၊ အခြားဇာတ်များမှာ ဘုရားလောင်းကို အဆုံးထား၍

ဇာတ်ပေါင်းသည်၊ ဆဒ္ဒန္တဇာတ်မှာ ဒေဝဒတ်ကို အဆုံးထား၍ ဇာတ်ပေါင်းသည်၊ အခြားဇာတ်နှင့်မတူ ကွဲပြားခဲ့သည်၊ ဆရာတော်ဘုရား စီရင်တော်မူသည့် ဂါထာတွင် မည်သည့်အကြောင်းကြောင့် ဆဒ္ဒန်ဆင်မင်း ဇာတ်ကို မသွတ်မသွင်း ချန်ထားတော်မူသည်၊ ဇာတ်ပေါင်းတွင်လည်း အခြားဇာတ်နှင့်မတူ ရှိလေသည်များကို သိတော်မူသာအောင် မိန့်တော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၃၄၉-ခု ပြာသိုလပြည့်ကျော်(၁၂)ရက်နေ့ မဟာဒါန်ဝန် ဘယနန္ဒသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းကို ဒေဝဒတ်အလောင်း သောဏုတ္တရမုဆိုး သတ်ကြောင်းနှင့် ဆဒ္ဒန္တဇာတ်တွင် ပါသည်ကို အထက်က စီကုံးဆက်သွင်းသည့် ဂါထာတွင် မပါဟူသည်မှာ ၎င်းဂါထာကို အလိုအလျောက် စီကုံးဆက်သွင်းသည် မဟုတ်၊ စူဠဓမ္မပါလဇာတ်တွင် ထင်ရှားစွာ လာသည့်အနက်ကိုယူ၍ စီကုံးဆက်သွင်းခြင်းသာ ဖြစ်သည်၊ ၎င်းဇာတ်တွင် ယင်းသည်အကြောင်း မပါသည်မှာလည်း စူဠဓမ္မပါလမင်းသား, ခါမင်း, ခန္တိဝါဒီရှင်ရသေ့, စူဠနန္ဒိယမျောက်မင်း, မဟာနန္ဒိယမျောက်မင်း သည်ငါးဇာတ်မှာကဲ့သို့ ဆဒ္ဒန္တဇာတ်မှာ ဒေဝဒတ်အလောင်း အလိုအလျောက် ဘုရားလောင်းကို သတ်မည်မဟုတ်၊ ရှေးဘဝက အညှိုးပါသော မဒ္ဒရာဇ်မင်း၏ သမီး ဗာရာဏသီမင်း၏ မိဖုရား သုဘဒ္ဒါက အနိုင်စေ၍ ရွှေ,ငွေ,ပုလဲ စသည် ရတနာတန်းဆာများစွာလျက် ဆင်စွယ်တန်းဆာဖြင့် ဘယ်အမှုစအံ့နည်း၊ ငြင်းဆံ ပါသော်လည်း မလွတ်မှု သတ်ရခြင်းဖြစ်၍ သူတပါး ပယောဂနှင့် စပ်ရကား ဒေဝဒတ်အလောင်း သတ်သည် မတွင်၊ သုဘဒ္ဒါအသတ်သာ တွင်၍ ၎င်းဇာတ်တွင် ယင်းသည်အကြောင်း မပါလေသည်နှင့် စီကုံးဆက်သွင်းသည့် ဂါထာတွင်လည်း မပါခြင်းဖြစ်သည်၊ သုဘဒ္ဒါအသတ်တွင်သည်ကိုလည်း သုဘဒ္ဒါဖြစ်ဘူးသော ရဟန်းမိန်းမကို အကြောင်းပြု၍ ဆဒ္ဒန္တဇာတ်ကို ဟောတော်မူသည်ကို ထောက်၍ သိအပ်သည်။

၎င်းဇာတ်တွင် အခြားဇာတ်နှင့်မတူ ဂါထာဗန္ဓနှင့် ဇာတ်ပေါင်းသည်၊ ဘုရားအလောင်းကိုလည်း အဆုံးမထား ဟူသည်မှာလည်း ယင်းသည်ဇာတ်မှာသာ ဂါထာဗန္ဓနှင့် ဇာတ်ပေါင်းသည်မဟုတ်၊ ဘိသဇာတ်,ဥမင်္ဂဇာတ်,နာရဒဇာတ်များမှာလည်း ဂါထာနှင့်ပင် ဇာတ်ပေါင်းသည်၊ ဘုရားလောင်းကို အလယ်တချက် အဆုံးတချက်

နှစ်ချက်ထား၍ ပေါင်းခြင်းကြောင့် အဆုံးမထားသကဲ့သို့ ထင်သည်သာ ဖြစ်သည်၊ အဆုံးထား၍ ပေါင်းအပ်သည်ပင် ယူသင့်သည်။

## မဟာပနာဒမင်း ပြာသာဒ်တော် အနံ

၁၁၄၉-ခု တန်ဆောင်မုန်းလမှစ၍ ဆရာတော်တို့ အသီးအသီး သင့်ရာ ငါးရာငါးဆယ်ဇာတ် နိသျည်းကို ပြုစုစီရင်စေသည်တွင် ဆရာတော်စီရင်သည့် သုရုစိဇာတ် နိသျည်းမှာ မဟာပနာဒမင်းသား ပြာသာဒ်ကို အနံယူဇနာခွဲဟု အဋ္ဌသဒ္ဒါနှင့် အနက်ပြန်သည်၊ မဲတီးဆရာတော်စီရင်သည့် မဟာပနာဒဇာတ် နိသျည်းမှာ အနံရှစ်ယူဇနာဟု အဋ္ဌသဒ္ဒါနှင့် အနက်ပြန်သည်၊ သဒ္ဒါ,အနက် နှစ်ချက်ကွဲပြားကြသည်တွင် မည်သည်မှာ မှန်ကန်မည်၊ မှန်ကန်မှုလည်း အရှည် အကျိုးရှိမည် အကြောင်းကို ဆရာတော်မှာ လျှောက်ချေ။

**၁၁၄၉-ခု တပေါင်းလဆန်း(၈)ရက်နေ့ သားတော် လှိုင်မြို့စားသခင် သတိုးမင်းဖျားကို စေတော်မူ၍ လျှောက်လှသည်တွင် အမိန့် ရှိလိုက်သည်ကား—**

တိရိယံ သောဠသုဗ္ဗေဓော ဥစ္စာမာဟု သဟဿဓော၊
တိကနိပါတ် မဟာပနာဒဇာတ်။

မဟာပနာဒမင်း၏ ပြာသာဒ်သည် ဘီလာ အခြင်းအားဖြင့် မြားကျတဆယ့်ခြောက်၊ အစောက်အားဖြင့် မြားကျတထောင် ဟူလိုသည်၊ ယူဇနာအားဖြင့် မြားကျတဆယ့်ခြောက်သော် ယူဇနာခွဲ၊မြားကျတထောင်သော် နှစ်ဆယ့်ငါးယူဇနာဟု ၎င်းဇာတ်အဋ္ဌကထာ၌ ဆိုသည်၊ ထိုကြောင့် ဘီလာဖြစ်သော အသွားရောက်ရကား မြားကျ သုံးဆယ့်နှစ်သည် တယူဇနာ၊ အစောက်ဖြစ်သော အသွားတိုရကား မြားကျ လေးဆယ်သည် တယူဇနာဟု အင်္ဂုယ်စကားကျသည်၊ယင်းသို့ စကားကျသည်ကို ရည်၍လည်း ထေရအဋ္ဌကထာ၌—

ဒွတ္တိံသ သရပါတပ္ပမာဏံ ဂေါယောဇနံ၊
ဟူ၍လည်းကောင်း။

သဟဿသရပါတပ္ပမာဏတော ပဉ္စဝီသတိယောဇနံ၊
ဟူ၍လည်းကောင်း ဆိုသည်။

ယင်းသို့ ဆိုတိုင်းလည်း အနန္တဂုဏသာရ၌ ဆုံးဖြတ်သည်၊ ယင်းသည် အဆုံးအဖြတ်နှင့် အညီလည်း ပကိဏ္ဏကနိပါတ် သုရုစိဇာတ်၌ အစုသဒ္ဒါနှင့် ယူဇနာခဲ့ဟု အတ္ထယောဇနာမှုသည်သာ သင့်မြတ်သည် တရားမင်းမြတ်။

---

## လထပ် ရက်ငင်

၁၁၅၀ပြည့် လထပ်ရက်ငင်စာများမှာ ပညာရှိတို့ သံတော်ဦးတင်ချက် မညီမညွတ် ဖြစ်သည်၊ သာသနာပိုင် ဆရာတော်လည်း သာသနာရေးနှင့် စပ်သည့်အရာဖြစ်၍ မိန့်ဆိုတော်မူသင့်သည်၊ ဆရာတော် မိန့်ဆိုရာ ဖြစ်စေ။

**၁၁၄၉-ခု တန်းခူးလဆန်း(၂)ရက်နေ့ အမိန့်တော်၊ သံတော်ဦးတင်ချက်များနှင့် အဆောင်မြဲတို့ကို စေ၍ ပညာရှိတစု အစုံအညီ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ဘုရားကျွန်တော် ပညာရှိတို့ ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦးတင်ပါဘုရား။

**လူပညာရှိများ တင်ချက်**

သက္ကရာဇ် ၁၁၅၀ပြည့် ရက်မင်ငင် ပက္ခဒိန်တွင် ဒုတိယဝါဆိုလွှန်း(၁၅)ရက် တိထိ ၁၄ လုံး၊ ဃဋီ လေးဆယ်၊ နက္ခတ် နှစ်ဆယ်၊ ဃဋီ ၁၀ ကိုသာဖြစ်၍ ဝါဆိုလပြည့် ပုဏ္ဏာတိထိ ဥတ္တရာသဠ်နက္ခတ် မပြည့်မမီ ဖြစ်ပါသည်၊ လနှင့် ရက်ကို ငင်လျှင် လပြည့်နေ့ ပုဏ္ဏာတိထိ တဆယ့်ငါးလုံး ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်မည် ဖြစ်သည်၊ ရက်ငင်ရာသည် မငင်ရာသည်ကိုလည်း ရသေ့အပေါင်းတို့ ဆုံးဖြတ်သည့်—

ရာဇမတ္တဏ်ကျမ်းတွင်—

> ဒွိရာဂါစေ ယဒါကာလေ၊ ပုဏ္ဏမီယံ တိထိဘဝေ။
> ပန္နရသိ ယဒျုပုဏ္ဏော၊ ဖိနာကစုံပြကလျယေတ်။ ပထျာဝတ္တဂါထာ။

**အနက်**—ယဒါကာလေ၊ အကြင်အခါ၌။ ဒွိရာဂါစေ၊ ဝါဆို နှစ်လသည်။ **သမ္ဘဝေ**၊ ရောက်လတ်သော်။ ပုဏ္ဏမီယံ၊ လပြည့်နေ့၌။ တိထိ၊ တိထိသည်။ ပန္နရသိ၊ တဆယ့်ငါးလုံးသည်။ ဘဝေ၊ ဖြစ်၏။ အပုဏ္ဏော၊ တဆယ့်ငါးလုံး မပြည့်သည်။ ယဒိ **ဘဝေ**၊ အကယ်၍ဖြစ်အံ့။ ဖိနာကစုံ၊ ရက်ငင်ခြင်းကို။ ပြကလျယေတ်၊ ကြံရာ၏—ဟူ၍ **လာသည်**။

ပိဋကတ်တော်၌လည်း—

မဟာပုရိသော ပန ဥတ္တရာသဠ္ဌနက္ခတ္တေယေဝ မာတုကုစ္ဆိယံ သြက္ကမိ မဟာဘိနိက္ခမနံ နိက္ခမိ၊ဓမ္မစက္ကံ ပဝတ္တယိ၊ယမကပါဋိဟာရိယံ အကာသိတိ။

ဟူ၍ ဗုဒ္ဓဝင် အဋ္ဌကထာတွင် ဘုရားလောင်း ဝါဆိုလပြည့် ဥတ္တရာသဠ္ဌနက္ခတ်နှင့် ယှဉ်၍ ပဋိသန္ဓေ နေတော်မူသည်၊ တောထွက်တော်မူသည်၊ မေ့စကြာတရားတော်ကို ဟောတော်မူသည် ယမကပြာဋိဟာ ပြတော်မူသည်လည်း ဝါဆိုလပြည့် ပုဏ္ဏာတိထိ ဥတ္တရာသဠ္ဌနက္ခတ်နှင့် ယှဉ်၍ချည်းဖြစ်သည် ဟူ၍လာသည်။

တကြောင်းလည်း—

ပစ္ဆိမာယ ဒိသာယ သူရိယော အတ္ထင်္ဂမေတိ၊ ပါစိနဒိသာယ အာသဠ္ဌိ နက္ခတ္တေန ယုတ္တော ပုဏ္ဏစန္ဒော ဥဂ္ဂစ္ဆတိ။ တသ္မိံ သမယေ ဘဂဝါ ဓမ္မစက္က ပဝတ္တနသုတ္တံ အာရဘန္တော "ဒွေမေ ဘိက္ခဝေ အန္တာ" တိ အာဒိမာဟ။ သာရတ္ထဒီပနီ။

အနက်—ပစ္ဆိမာယ ဒိသာယ၊ အနောက်မျက်နှာ အရပ်၌။ သူရိယော၊ နေသည်။အတ္ထင်္ဂမေတိ၊ဝင်၏။ပါစိနဒိသာယ၊ အရှေ့မျက်နှာအရပ်၌။ အာသဠ္ဌိနက္ခတ္တေန၊ဥတ္တရာသဠ္ဌနက္ခတ်နှင့်။ယုတ္တော၊ယှဉ်သော။ ပုဏ္ဏစန္ဒော၊ ပြည့်သောလသည်။ဥဂ္ဂစ္ဆတိ၊တက်၏။တသ္မိံ သမယေ၊ထိုအခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။ ဓမ္မစက္ကပဝတ္တနသုတ္တံ၊ မေ့စကြာသုတ္တန်တရားကို။ အာရဘန္တော၊ အားထုတ်တော်မူလိုသည်ဖြစ်၍။ "ဒွေ မေ ဘိက္ခဝေ အန္တာ" တိအာဒိံ၊ ဒွေ မေ ဘိက္ခဝေ အန္တာ ဤသို့အစရှိသည်ကို။ အာဟ၊မိန့်တော်မူ၏။

ဝိနည်းဋီကာတွင် လာသည်မှာလည်း ဝါဆိုလပြည့်နေ့ အနောက်မျက်နှာ၌ နေဝင်၏၊ အရှေ့မျက်နှာမှ ဥတ္တရာသဠ္ဌနက္ခတ်နှင့်ယှဉ်၍ ပြည့်သောလသည် တက်၍ ထိုအခါ မေ့စကြာတရားကို ဟောတော်မူ၏ ဟူ၍လာသည်နှင့်အညီ သက္ကရာဇ် ၁၁၅၀ နှစ် ရက်ကို ငင်လျှင် ည နေဝင် လေးချက်တီးကျော် နှစ်ပတ်ခန့်တွင် အရှေ့မျက်နှာမှ ပုဏ္ဏာတိထိ ဥတ္တရာသဠ္ဌနှင့် ယှဉ်၍ လဝန်း တက်၏၊ ဤကဲ့သို့ လွန်လေပြီးသော အတိတ်ကာလ လာလတ္တံ့သော အနာဂတ်ကာလတို့နှင့် ဗေဒင်ပိဋကတ်ကျမ်းဂန်တို့၌ လာသည်နှင့် ညီညွတ်သဖြင့်သာ ကိုယ်တော်မြတ်အကျိုးတော် စီးပွားတော် သာသနာတော်မြတ်စီးပွား သားတော်အစဉ် မြေးတော်အဆက်စီးပွား ပြည်သူ လူ ရဟန်းတို့စီးပွား အတိုင်းထက်အလွန် ထွန်းလင်းရာသည်အကြောင်းကို ရွှေဖဝါး တော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

ဘုရား ပုဏ္ဏားတော် ပညာရှိတစု ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည် အရှင်ဘုရား—

**ပုဏ္ဏားပညာရှိများ တင်ချက်** သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် တပို့တွဲလဆန်း(၉)ရက် အင်္ဂါနေ့ နေ့နှစ်ချက်တီးကျော် လေးနာရီသာတွင် ဒသာဒိမာသ်ဖွဲ့သည် ဖြစ်၍ လထပ်ကိန်း ရောက်သည်နှင့် နယုန်လ၌ ရက်စုံ ကွယ်စေ သင့်သည် မကွယ်စေသင့်သည် အရာများကို ညှိနှိုင်းလျှင် ဒုတိယ ဝါဆိုလပြည့် ကြာသပတေးနေ့ တိထီ တဆယ့်လေး၊ ဃဋီ လေးဆယ်၊ နက္ခတ် နှစ်ဆယ်၊ ဃဋီ တဆဲ့ ကိုး ရှိသည်ဖြစ်၍ အာသဠှပုဏ္ဏမီ ဆိုသည်နှင့်အညီ နက္ခတ်တိထီကြိုက်ပါသည်၊ရက်ငင် လျှင် ၎င်းဝါဆိုလပြည့် သောကြာနေ့ နံနက် တချက်တီးကျော် နှစ်နာရီကပင် ပုဏ္ဏာပြည့်၍ နန္ဒာတိထီတလုံးသို့ ပေါက်ပါသည်၊ နက္ခတ်လည်း ၎င်းနေ့ ည လေး ချက်တီးကျော် နှစ်နာရီကပင် သရဝဏ်နက္ခတ်သို့ စ၍ ပေါက်သည်။ ဝါခေါင် လပြည့်နေ့ ည၌ နှစ်ချက်တီးကပင် တိထီတလုံးသို့ ပေါက်သည်။ တော်သလင်း လပြည့်နေ့လည်း ညနေ သုံးချက်တီးကျော်ကပင် တိထီတလုံးသို့ ပေါက်သည်။ ၎င်း လကွယ်နေ့ ည လေးချက်တီးကျော် နှစ်နာရီကပင် တိထီတလုံးသို့ ပေါက်သည်။ တန်ဆောင်မုန်းလပြည့်နေ့လည်း ည၌တချက်တီးကျော်ကပင် တိထီတလုံးသို့ ပေါက် သည်။ ၎င်းလကွယ်နေ့သို့ အဝင် ည၌ နှစ်ချက်တီးကျော်က တိထီနှစ်လုံး ပေါက်သည် ဖြစ်၍ ရက်ငင်ပါလျှင် လပြည့်,လကွယ်နေ့တို့၌ ပုဏ္ဏမီ အမာဝသီ ဆိုသည့်အတိုင်း မညီ၊တိထီလျှံသည်ဖြစ်၍ သက္ကရာဇ် ၁၁၅၀ပြည့် ပက္ခဒိန်တွင် ရက်မငင်ပါ၊သက္ကရာဇ် ၁၁၅၃—ခု တေရသာဒိမာသ် ကြိမ်သည်ကာလမှ ရက်ငင်ကိန်းနှင့်အညီ ရက်ငင် ပါရမည်အကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦးတင်ပါသည် ဘုရား။

**သံတော်ဦးတင်ချက်** စကားနှစ်ပါးတွင် လူပညာရှိတို့က တင်ချက်စကားမှာ ပုဏ္ဏာတိထီမပြည့်လျှင် ရက်ငင်ရမည်ဆိုသည်၊ရာဇမတ္တဏ်ဗေဒင်ကျမ်း ဘုရားလောင်း ပဋိသန္ဓေနေသည်ကာလ ဝါဆိုလပြည့် စသည် ဥတ္တရာသဠ်နက္ခတ် ယှဉ်သည် ဆိုသည်၊ သာသနာတော်ကျမ်းများနှင့် ရှေးအဒိမာသ်တကြိမ်မဖွဲ့မီ ပုဏ္ဏမီနက္ခတ်တိထီများကို ထောက်၍ ရက်ငင်သင့်ကြောင်းကို ပါသည်။ ပုဏ္ဏားပညာရှိတို့က တင်ချက်မှာ ရက်ငင်လျှင် နက္ခတ်တိထီပြည့်ကာမက ဃဋီလျှံခဲ့သည်ဖြစ်၍ ရက်မငင်သင့်ကြောင်း ကို ပါသည်။

စကားနှစ်ရပ်ကို ထောက်သော် ပုဏ္ဏားပညာရှိတို့က ဃဋီလျှံခဲ့သည် ဆိုသည့် စကားသည် ရှေးအလားကို မမြော်သကဲ့သို့ ရှိသည်၊ ယမိုက်ပြာဋိဟာ ပြတော်မူ သည်နှင့် ဝါဆိုလပြည့်နေ့လည်း မွန်းတည့်လျှင် ပုဏ္ဏာတိထီ ဥတ္တရာသဠ်နက္ခတ်ပြည့် ၍ နန္ဒာတိထီ သရဝဏ်နက္ခတ် ဃဋီလျှံတော့သည်ပင် ဖြစ်၍ ဃဋီလျှံမည့်အကြောင်း

နှင့်သာ ရက်မင်္ဂသင့် မဆိုသာ၊ ယင်းကဲ့သို့ ဆင့်လျှင် ရက်မင်္ဂသင့်ကြောင်းကို ဗေဒင်ကျမ်းကြီး, သာသနာတော်ကျမ်းခိုင် ထောက်ထား၍ ပုဏ္ဏားပညာရှိတို့က ပြဆိုစေ၊ ပြဆိုနိုင်လျှင် ရက်မင်္ဂသင့် ယူရမည်၊ မပြမဆိုနိုင်လျှင် လူပညာရှိတို့က ဗေဒင်ကျမ်း, သာသနာကျမ်း ထောက်ထား၍ ပြဆိုသည့်အတိုင်း ရက်ငင်သင့်သည်ကို တညီတညွတ် စိတ်နှလုံးချ၍ မှတ်ယူကြရမည်၊ ဆရာတော်ဘုရား မိန့်တော်မူသည်။

သက္ကရာဇ် ၁၁၄၉—ခု တန်းခူးလဆန်း(၂)ရက်နေ့ ပုဏ္ဏားပညာရှိ ဝမ်းပြည့်စား, ကုလားရွာစား,မူးဝစား,မြင်းမူစား, ညောင်ရမ်းစား သာရဖြာဟ္မာတို့တစုက ပုဏ္ဏားတော်တို့မှာ သာသနာကျမ်းကြီးကျမ်းခိုင် ထောက်ထား၍ မပြမဆိုနိုင်ပါ၊ ဆရာတော်ဘုရား အမိန့်တော်ရှိသည့်အတိုင်း နှလုံးချ၍ မှတ်ယူပါတော့မည် လျှောက်သည်၊ ၎င်းစကားရပ်များကို ရွှေနားတော်ကြား တင်ဆက်သည်တွင် ဆရာတော် မိန့်ဆိုတိုင်းဖြစ်စေ အမိန့်တော်ပြန်၍ ၁၁၅၀—ပြည့်နှစ် လထပ်ရက်ငင် ပြုတော်မူသည်။

## ဘုရင့်ပြည်မှ လက်ဆောင်သေသူတို့ ထွက်ဆိုချက်

တရုပ်က လက်ဆောင်တော် ဆက်လှာရောက်သူတို့ကို မည်သည့် မြို့,ရွာက မည်သည့်သူစေ၍ လာရသည်၊ မည်သူ့ လက်ဆောင်ဖြစ်သည်၊လက်ဆောင်တော်ဆက်သရန် ပါသည် များနှင့် လက်ဆောင်စာရင်း လာလူအကြီးတို့ အရာအထူး မြို့,ရွာနေကို မေး၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း သံတော်ဦး တင်စေ၊ ဇေယျသိင်္ဃသကြိန် တရားသူကြီး လက်ဝဲဘိနန္ဒသူ, စာရေးကြီး နေမျိုးရာဇာ ကျော်ထင်, အဝေးရောက် လကျာ်ဂကျော်ထင်, သံတော်ဆင့် သီဟကျော်စွာ,တရုပ်စာရေး သိခ်ဇေယျသူ, စကားပြန် သိဝရာဇကျော်ထင်ရွှေလှတို့ကို စကားပြန်စေ၍ သံတို့ကို မေးစေရာတွင် ထွက်ဆိုချက်။

**သက္ကရာဇ် ၁၁၅၀ပြည့်နှစ် ကဆုန်လပြည့်ကျော်(၇)ရက်နေ့တွင် တရုပ်သံတို့ကို မေးသော်—**

မိုင်းဆည်မြို့ဝန် စုံတူက စေ၍ ရွှေဖဝါးတော်မြတ်အောက် ကျွန်တော်တို့ လာရပါသည်၊ကျွန်တော်တို့တွင် ပါရှိသည့်လက်ဆောင်တော်သည် မိုင်းဆည်မြို့ဝန်စုံတူက

ဆက်သသည့် ရှိခိုးလက်ဆောင်တော် ဖြစ်ပါသည်၊ ကျွန်တော်တို့ သုံးယောက် အမည်မှာ ဆီလောရဲ့ဆင်ဆီစုံ့ ယင်းပါစုံတို့ ဖြစ်ပါသည်၊ ဇလိစုတ်မြို့ကို စော်ဘွား အရာနှင့် ကျွန်တော် ဆီလောရဲ အုပ်ချုပ်ပါရသည်၊ ဇလိစုတ်မြို့နေပင် ဖြစ်ပါသည်၊ ဆင်ဆီစုံမှာ ရှင်လျင်မြို့ကို တပ်မှူးအရာနှင့် အုပ်ချုပ်ရသူ ဖြစ်ပါသည်၊နေသည်လည်း ရှင်လျင်မြို့ပင် ဖြစ်ပါသည်၊ ယင်းပါစုံမှာ မိုင်းဆည်မြို့တွင် တပ်မှူးအရာနှင့် အုပ်ချုပ် ထမ်းပါရသည်၊နေသည်လည်း မိုင်းဆည်မြို့ပင် ဖြစ်ပါသည်။

ရွှေဖဝါးတော်မြတ်အောက် လက်ဆောင်တော်ဆက်သရန် ပါသည်မှာ—ရွှေဖျင် နယားရုပ်ပါ ဝတ်လုံ သုံးထည်စာ၊ နဂါးရုပ်ပါ ဘဲအင်္ကျီ နှစ်ထည်စာ၊ရွှေဖျင် လေး လိပ်၊မိုင်းလုံး လေးလိပ်၊ရွှေဖျင် ခြောက်လိပ်၊ ဘဲစုံ ငါးလိပ်၊ ငှက်ရုပ်ပါ ကော်ဇော ချပ်ရေ တဆယ်၊ကမ္ဗလာချပ်ရေ တဆယ်၊ ခားငယ် ခြောက်၊ မီးခတ် ခြောက်၊ မြင်း တဆယ်၊သေတ္တာ လေးလုံးနှင့် အစ်အိတ်ငယ်စုံပါ ပါသည်၊ လက်ဆောင်တော်များ သည် မိုင်းဆည်မြို့ဝန် စုံတူက ဆက်သည့် ရှိခိုးလက်ဆောင်တော် ဖြစ်ပါသည်၊ ကျွန် တော် ဆီလောရဲက ဆက်ရန် ရှိခိုးလက်ဆောင်တော် ငှက်ကြည်ခေါ်သည်၊မြန်မာတို့ ဘာသာပြန်လျှင် ငှက်ရွှေကျား ဖြစ်ပါသည်၊ရှိခိုးလက်ဆောင်တော်ကို ဆက်ပြီးလျှင် နန်းမတော်ဘုရားကို ဆက်ရန် လက်ဆောင်တော် ဘဲဘေယား ပိုးစုံ အပ်ထုပ်များပါ ပါသည်၊ သားတော် အိမ်ရှေ့မင်းမှာ ဆက်ရန် ဘဲဘေယားပိုးစုံ အပ်ထုပ်များပါ ပါသည်၊အရေအတွက် မည်မျှဖြစ်မည် စာမပါ၍ မသိပါ၊ မှူးတော် မတ်တော်တို့မှာ ခြေစွပ်ပါ ခြေနင်း တဆယ်၊ ခြေစွပ် သုံးဆယ်၊ခြေနင်း နှစ်ဆယ်၊ ကော်ဇောချပ်ရေ သုံးဆယ်၊သင်္ခါ အပြား ထည်ရေ ခြောက်ဆယ်ပါ ပါသည်များကို မေးချက် ရပါသည် ဘုရား။

## တရုပ်သံတို့ကို လွှတ်တော်တွင် အတွေ့ခံသင့် မခံသင့်

တရုပ်သံတို့ အစစ်ခံချက် ထွက်ဆိုချက်များနှင့် ၎င်းသံတို့ကို မဟာမုနိဘုရားရှင်မှာ အလျင်ဖူးမြင်စေပြီးမှ ရွှေလွှတ်တော်သို့ ထွက်စံတော်မူစဉ် အတွေ့ခံသော် သင့်မည် မသင့်မည်ကို ဆရာ တော်မှာ လျှောက်ထားချေ။

**၁၁၅၀ ပြည့်နှစ် ကဆုန်သာပြည့်နေ့ ရာဇာခေါင်ဖျားကို စေတော်မူ၍ လျှောက် လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပေးမှာတော်မူရှင်း ရာဇသံတွင် ရတနာသုံးပါးကို ကြည်ညိုတော်မူကြောင်း ဆကြည်တော်ဥတည်ဘွားကိုလည်း ရတနာသုံးပါးကို ကြည်ညိုစေခြင်းအကြောင်း

များနှင့် ပေးမှာတော်မူသည်အတိုင်း ယခု ရောက်သည့် သ်တို့ကို မဟာမုနိဘုရားရှင်မှာ အလျင် ဖူးမြင်စေပြီးမှ အတွေ့ခံတော်မူသော် သင့်မည်၊ ရတနာသုံးပါးအား ဖူးမြော်ခြင်းသည် ရှေးဦးစွာ ပြုအပ်သော ပုဗ္ဗမင်္ဂလာမည်၏ဟူ၍လည်း ကျမ်းဂန်၌ ဆိုသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## အလေး တောင်း တင်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တောင်း,တင်း,အလေး,အချင်,အတွက်သည် တိုင်းမှုပြည်မှုပင် ဖြစ်သည်၊ အမှန်အကန် ဖြစ်သင့်သည်၊ ယခုကာလ သုံးစွဲကြသည်မှာ တပဲကို ရှစ်ရွေး၊ တကျပ်ကို ရွေးတရာ့ခြောက်ဆယ် သုံးစွဲကြသည်၊ ဂဏန်းတွက်ရိုးစာတွင် ငါးကွမ်းစားကို တပြီ ဆိုသည်၊ယခုကာလ သုံးစွဲကြသည်မှာ လေးကွမ်းစားကို တပြီ သုံးစွဲကြသည်၊တပဲကို ခြောက်ရွေး၊တကျပ်ကို ရွေးတရာ့နှစ်ဆယ်၊အဘိဓာန်ကျမ်းတွင် တပဲကို ရှစ်ရွေးဆိုသည်၊ပါရာဇိကအရာတွင် တမတ်ကို ငါးပဲဆိုသည်၊ရွေးပဲနှင့် ငါးပဲဖြစ်မည်၊ ခြောက်ရွေးပဲနှင့် ငါးပဲဖြစ်မည်၊တောင်း တင်းအချင်မှာလည်း ဂဏန်းတွက်ရိုးစာတွင် ငါးကွမ်းစားကို တပြီ ဆိုသည်၊ ယခုကာလသုံးစွဲကြသည်မှာ လေးကွမ်းစားကို တပြီသုံးစွဲကြသည်၊ အဘိဓာန်ကျမ်းတွင်လည်း တလက်ဖက် တကင္ဃ၊ လေးကခုံ၊ တကွမ်းစား၊ လေးကွမ်းစားကို တင္ဃဆိုသည်၊ ယခု သုံးစွဲကြသည့် အလေး,တောင်း, တင်းများသည် ဂဏန်းကျမ်း, အဘိဓာန်ကျမ်းများနှင့် မညီ၊လောကီကျမ်း,ပိဋကတ်ကျမ်းနှင့် မည်သို့ဖြစ်မှ ညီညွတ်မည်ကို ဆရာတော်မှာလျှောက်၊၁၁၅၀ ပဌမဝါဆိုလဆန်း(၇)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း လျှောက်လှာပါစေသည်၊ ပိဋကတ်ကျမ်း, လောကီကျမ်းများနှင့် အလေး,တောင်း, တင်း, အချင်အတွက် အလုပ်အဆောင် ညီညွတ်အောင် အမိန့်တော်ရှိပါမည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၀-ပြည့်နှစ် ဝါဆိုလဆန်း(၈)ရက်နေ့ လျှောက်လွှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

ချိန့်,ကွမ်းစား,လက်သစ်အားဖြင့် နိုင်းရှဉ့်ခြင်း အကြောင်းသုံးပါးတွင် ချိန်ကိုဆိုရာ၌ ကောက်စပါး လေးလုံးအလေးသည် တရွေး,နှစ်ရွေး,တပဲဟု အဘိဓာန်၌ဆိုသည်ကို ထောက်သော် တမူးလျှင် ကောက်စပါးလုံး နှစ်ဆယ်၊ရွေး ငါး၊ တမတ်လျှင် ကောက်စပါးလုံး လေးဆယ်၊ ရွေး တဆယ်၊ တကျပ်လျှင် ကောက်စပါးလုံး တရာ့ခြောက်ဆယ်၊ ရွေး လေးဆယ်ရှိသည်၊ နှမ်းလေးလုံး အလေးသည် ဆန်တလုံး၊ ဆန်လေးလုံး အလေးသည် တရွေး၊ ခြောက်ရွေးသည် တပဲဟု ဂဏန်းကျမ်း၌ ဆိုသည်ကို ထောက်သော် တဆယ့်ငါးရွေးသည် တမူး၊ ရွေးသုံးဆယ်သည် တမတ်၊ ရွေးတရာ့နှစ်ဆယ်သည် တကျပ်ဖြစ်သည်။

ယခုကာလ သုံးစွဲကြသည့် ရှစ်ရွေးလျှင် တပဲ၊ ရွေးတရာ့ခြောက်ဆယ်လျှင် တကျပ်၊ကောက်စပါးတလုံးကို တရွေးပြု၍ သုံးဆောင်သည်ဖြစ်လျှင် အဘိဓာန်နှင့် ညီညွတ်သည် ယူရန်ရှိသည်၊ ကညစ်ချေး ခုနစ်ခုသည် သန်းတခေါင်း၊ သန်းခုနစ်ခေါင်းခန့် အရှိအစုသည် စပါးတလုံးဟူ၍ အဘိဓာန်၌ ဆိုသည်အတိုင်းလည်း စပါးလုံးပမာဏကို ယူအပ်သည်၊ ကောက်စပါးလုံး နှစ်ဆယ်အလေးလျှင် နီလကဟာပဏမည်သောကျပ်၏ လေးဖို့တဖို့ဖြစ်သော် တမတ်ဟု ဝိနယဝိနိစ္ဆယဋီကာ၌ ဆိုသည်ကို ထောက်သော် ကောက်စပါးနှစ်လုံးအလေးသည် တရွေး၊ လေးလုံးအလေးသည် တပဲ၊ နှစ်ဆယ်လုံးအလေးသည် တမတ်၊ အလုံးရှစ်ဆယ်အလေးသည် ရှေးအစဉ် လုပ်ရိုးကျမ်းနှင့်အညီ ပြုအပ်သော နီလကဟာပဏ တကျပ် ဖြစ်သည်၊ အခြား ဝိနည်း အဋ္ဌကထာ, ဋီကာတို့၌ နီလကဟာပဏမည်သော ကျပ်၏ အချိန်ပမာဏကို မဆိုခြင်းကြောင့် ဝိနိစ္ဆယဋီကာမှာ ဆိုသည်အတိုင်း ကောက်စပါးလေးလုံး အလေး ပဲနှင့် ငါးပဲ၊စပါးလုံး နှစ်ဆယ်ဒ‌ေလေးကို တမတ်ဟူ၍ ပါရာဇိကအရာတွင် ဆုံးဖြတ်ရန် ရှိသည်။

ကွမ်းစားကိုဆိုရာ၌ တလက်ဖက်သည် တကချုံ၊ လေးကချုံသည် တကွမ်းစား၊ လေးကွမ်းစားသည် တပြိ တရှုံ၊ လေးပြိ ယေးရှုံသည် တစိတ်၊ လေးစိတ်သည် တတင်း၊ လေးတင်းသည် တတို၊ တိုနှစ်ဆယ်သည် တလှည်း—တဝါဟ၊နှစ်ဆယ့်ခုနစ်ကင်း နှစ်စိတ်သည် တအိုး တကုမ္ဘဟု အဘိဓာန်၌ ဆိုသည်။

ယခုကာလ သုံးစွဲကြသည့် လေးကွမ်းစား တပြိသည်လည်း ကချုံမှစ၍ အထက်မှလျှင် အဘိဓာန်နှင့် ညီညွတ်သည်ပင် ယူရန်ရှိသည်၊ ဆယ်လက်သစ် တဆယ့်နှစ်

လက်သစ်ရှိသည့်ဇလား ပြည့်ရုံလည်း တပြီမည်၏ ဟူ၍လည်း အဘိဓာန်ဋီကာ၌ ဆိုသည်၊ နှစ်လက်ဖက်သည် တလက်ခုတ်၊နှစ်လက်ခုတ်သည် တကွမ်းစား၊ငါးကွမ်းစားသည် တပြီ စသည်ဖြင့် ဂဏန်းကျမ်း၌ ဆိုသည်၊ လေးဆုပ်သည် တကချို၊ လေးကချိုသည် တကွမ်းစား၊ လေးကွမ်းစားသည် တပြီ တရှုံ၊ လေးပြီ လေးရှုံသည် တစိတ်၊လေးစိတ်သည် တတင်း၊ လေးတင်းသည် တတို၊ တိုနှစ်ဆယ်သည် တလှည်း တဝါဟဟူ၍ သုတ္တနိပါတ် အဋ္ဌကထာ စသည်၌လည်း အဘိဓာန်ကျမ်းနည်း ဆိုသည်၊ သုံးလက်ဖက်သည် ပကတိတကွမ်းစား၊လေးကွမ်းစားသည် ပကတိ တပြီ၊ ခြောက်လက်ဖက်သည် မာဂဓရာဇ် တကွမ်းစား၊လေးကွမ်းစားသည် မာဂဓရာဇ် တပြီ၊ လေးလက်ဖက်သည် ပကတိ တကွမ်းစား၊ လေးကွမ်းစားသည် ပကတိ တပြီ၊ ရှစ်လက်ဖက်သည် မဂဓရာဇ် တကွမ်းစား၊ လေးကွမ်းစားသည် မဂဓရာဇ် တပြီ၊ ငါးကချို တလက်ဆုပ်နှင့် တလက်ဆုပ်၏ သုံးဖို့တဖို့သည် မဂဓရာဇ် တကွမ်းစား၊ လေးကွမ်းစားသည် မဂဓရာဇ် တပြီ၊ လေးကချိုသည် ပကတိတကွမ်းစား၊လေးကွမ်းစားသည် ပကတိ တပြီ၊ တဆယ့်ခြောက်ကချိုသည် မဂဓရာဇ် တကွမ်းစား၊ လေးကွမ်းစားသည် မဂဓရာဇ် တပြီ ဤသို့ ကျမ်းဂန်၌ အထူးထူး အပြားပြား ဆိုသည်။ သပိတ်အဆုံးအဖြတ် အရာများ၌ မဂဓရာဇ်ကွမ်းစားဖြင့်သာ ဆုံးဖြတ်သင့်သည်၊ လောကီကျမ်း,သာသနာကျမ်း အရပ်ရပ်လား ရှိသည့် ချိန် ကွမ်းစား အတိုင်းအရှည် မညီမညွတ်ဖြစ်၍ သည်သာ အသင့်ဟု ဆုံးဖြတ်ခက်သည်၊ အရပ်ဒေသ အလျောက် သီဟိုဠ်ကျွန်း ကွမ်းစား ကြေးကွမ်းစား မဂဓရာဇ်ကွမ်းစား နီလကဟာပဏ ဒုဒြဒါမက ကဟာပဏ စသည်ဖြင့် ကွဲပြားသည့်အရာလည်း ရှိသည်၊ နေပြည်တော် နိုင်ငံတော်အတွင်း သုံးဆောင်ကြသည်မှာ ချိန် ကွမ်းစား အတိုင်းအရှည်မှာ အဘိဓာန်ကျမ်းလာသည်နှင့် ညီညွတ်သကဲ့သို့ ရှိသည်၊ဎင်းကျမ်းကိုမှီ၍ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်က ယခုလက်ထက်တော်တိုင် ထုံးနှုန်း ဆင်းသက်သည်ပင် ယူရန်ရှိသည်။

## စကုမ္မိုက ပင့်ဆောင်ခဲ့သည့် ဆင်းတုတော်

စကုမ္မိုက ပင့်ဆောင်သည့် ဘုရားဆင်းတုတော်သည် အလုပ်အဆောင် အဆင်းသဏ္ဌာန် ကောင်းမွန် ပြေပြစ်သည်၊ ကျောက်ဆစ်သမားများကို ကြည့်ရှုစေလျှင်လည်း အလုပ်အဆောင် ထူးခြားခဲ့ကြောင်းကို ဆိုသည်၊ လူကြီး,ရှင်ကြီးတို့ကို စစ်ဆေးလျှင်လည်း အထက်က ရှင်ဖြူဘုရား ပျောက်သည်နှစ်

သက္ကရာဇ်နှင့် ညီညွတ်သည်၊ ဆရာတော် မည်သို့ အယူရှိမည်၊ ရှင်ဖြူဘုရားမှန်လျှင် မည်သည့်အရပ်တွင် ကိုန်းဝပ်စေရမည် အကြောင်းများကို ဆရာတော်မှာ လျှောက်။

၁၁၅၀-ပြည့် ပဌမ ဝါဆိုလပြည့်ကျော်(၃)ရက်နေ့ တလုပ်မြို့စား မင်းကြီး နန္ဒကျော်ထင်ကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

စကုမြို့က ပင့်ရောက်သည့် ဘုရားဆင်းတုတော်မှာ အလုပ်အဆောင် အဆင်းသဏ္ဌာန် ကောင်းမွန်ပြေပြစ်လျက် အထူး အခြေအမြစ်မရှိသည်ကို ထောက်လျှင် ရှေး ထင်ရှားသည့် ဘုရားရှင်ဖြူပင် ဘုန်းတော်အထူးရှိ၍ ဖြစ်ပေါ်လာသည် စင်စစ်ယူရန်ရှိသည်၊ နရပတိစည်သူမင်းတရား ဖေါင်တော်ဦးဆောင်ဘုရားဟူ၍ လူကြီးတို့ ပြောဆိုချက် သက္ကရာဇ် နေ့ လနှင့်လည်း ညီသည်၊ကိုးကွယ်ထိုက်သော ဘုန်းကံတော်ရှိ၍ ထင်ရှားဖြစ်လာသည်၊ ၎င်းရှင်ဖြူဘုရားရှင်ကို ရွှေပြည်တော်ကြီးတွင်ပင် ဆင်ကြိုးရွှေကူဘုရားရှင်များနည်း ကိုးကွယ်တော်မူသင့်သည်၊ ကျိန်းဝပ်ရာ အရပ်မှာ ရွှေမြို့တော်လေးထောင့်မှာ အသီးအသီးရှိပြီးဖြစ်၍ ရွှေမြို့တော်ရှေ့ သင့်ရာအရပ်တွင် ကိုးကွယ်ကျိန်းဝပ်စေသော် သင့်မည်၊ တာဝတိံသာနတ်ပြည် ဝေဇယန္တာပြာသာဒ်မှ အရှေ့အရပ်တွင် ဂူဠာမဏိစေတီရှိကြောင်း သီဟိုဠ်ကျွန်း မဟာတိဿမင်းလက်ထက် ဒေဝါနံပိယတိဿမင်း ပြုစုကိုးကွယ်ခဲ့သည့် ကျောက်ဆင်းတုကို အနုရာဓမြို့ ရှေ့တွင် ကျိန်းဝပ်ကြောင်းများကို ကျမ်းဂန်လာသည်၊ ထုံးစံလည်း ရှိသည်။

သိုက် နိမိတ်တွင် "စစ်ကိုင်းတဖက်၊ကြက်ယက်အင္ဂ၊ သဲဖြူဖြူမှာ ယင်းမာပွင့်သည် သားသား"ဟူ၍ ဆိုခြင်းသည်လည်း လက်ထက်တော်တွင် ဘုရားရှင်ဖြူ ပေါ်ဖြစ်မည်ကို ရည်၍ နံတူအက္ခရာနှင့် ဆိုခြင်းဖြစ်သည်၊ ၎င်းတွင် ကြက်ယက်အင္ဂဆိုသော်လည်း ကြက်ယက်အရပ်တွင် ကျိန်းဝပ်စေလို၍ ဆိုခြင်းမဟုတ်၊ ကြက်ယက်အင္ဂနှင့် တစပ်တည်းဖြစ်သော ရွှေမြို့တော်၌ ကျိန်းဝပ်စေမည်ကိုပင် ၎င်းကာလ ရွှေမြို့တော် မရှိသေး ဖြစ်၍ ထင်ရှားရှိသည့် ကြက်ယက်ကျွန်းငူနှင့် မှတ်၍ ဆိုခြင်းဖြစ်သည်၊ ဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက် လှူဒါန်းခဲ့သည့် ဝတ္ထုကံမိုးမြေ အာရာမ်စောင့်လူ ရှိသည်များကိုလည်း ၄၇—ခုနှစ် ကျောက်စာကမ္ပည်းနှင့် လှူဒါန်းတော်မူရင်းတိုင်း ယခု ကျိန်းဝပ်စေမည့် အရပ်မှာပင် လှူဒါန်းတော်မူသော် တရားကျမ်းဂန်နှင့် ညီညွတ်မည် ဖြစ်သည်။

## သာသနာတော်ရေးနှင့်စပ်သည့် မေတ္တာစာ

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော သာသနဒါယကာ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသည် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ကို ရွှေပြည်တော်မှ စ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် သံဃာတော်တို့တွင် စီရင်ဆုံးမရန်ရှိသမျှ သာသနာတော်ရေးကို ဝိနည်းဓမ္မကန်နှင့်အညီ စီရင်ဆုံးမစိမ့်မည်၊ သာသနာပိုင်အပ်တော်မူသည်၊ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်က သာသနာရေးနှင့် စပ်သမျှ စီရင်ဆုံးမရန်ရှိသည်များကို တဝတည်း ထိန်းသိမ်း အုပ်ချုပ်စီရင်ဆုံးဖြတ်စေ၊အရပ်ရပ် ပင့်ခေါ်ရန်ရှိသည်ကိုလည်း မဟာဒါန်ဝန်က ဆင့်ဆို၍၊မဟာဒါန်ဝန်က လွှတ်တော်မှာ စာရင်းတင်ဆက်ပြီးလျှင် မြို့စု တိုက်စု မြို့စား ရွာစား ဆိုင်ရာဆင့်ဆို၍ ကြေးငွေ မကုန်မကျစေရ ပင့်ခေါ်စေ။

**သက္ကရာဇ် ၁၁၄၉—ခု တန်းခူးလဆန်း(၁)ရက်နေ့ သုဓမ္မာစရပ်တော်မှာ ရွှေမြို့တော်ပတ်လည် သံဃာတော် အစည်းအဝေးတွင် အတွင်းဝန် သေနာပတိ၊ ပြင်သေနာပတိ အစုံအညီ ပွဲသဘင်အစုံနှင့် အမိန့်တော်ကို ဖဲနီရွှေဖျင်ကွပ်အိတ်နှင့် ငွေသားကလာပ်ထက် တင်ဆောင်၍ ရွှေနားခံတော်ကြီး ဖတ်သည်၊ ပြီးလျှင် ဆရာတော်သို့ အပ်သည်၊ ၎င်းနောက် ရွှေမြို့တော်ကြီး နယ်လေးရပ်တွင် သံဃာတော်(၂၈၃၅)အနက် သဘာဂ(၁၀၅၉)၊ ဝိသဘာဂ(၁၇၇၆)တို့ကို ဖြစ်ထိုက်ရာ စီစစ်၍ သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ကုသိုလ်တော် သာသနာတော်ရေး သန့်ရှင်း ထွန်းလင်းမည် အကြောင်းနှင့် ၁၁၄၉—ခု တန်းခူးလဆန်း(၁)ရက်နေ့မှစ၍ (၅)ရက်နေ့တိုင် ရွှေမြို့တော်ကြီး နယ်လေးရပ်,စစ်ကိုင်း,တံတားဦး,သင်ပန်းပင်, ယခုကြော်ဝ နယ်လေးရပ် ကျောင်းတိုက်ပုဂ္ဂိုလ် ရဟန်း,သာမဏေတို့ကို သဘာဂ ဖြစ်ထိုက် မဖြစ်ထိုက် ရွေးခြယ်စီစစ်၍ သဘာဂဖြစ်ထိုက်သည့် စာရင်းကျယ် စာရင်းချုပ်၊ မဖြစ်ထိုက်သည့် စာရင်းကျယ် စာရင်းချုပ်များနှင့် ဆရာတော် သံဃာတော်တို့ထံ ကတိကဝတ်

လျှောက်ထားချက်တော်တွင် သံဃာတော်တို့မှာ သဘာဂ,ဝိသဘာဂ မနှောမရှက် သန့်ရှင်းအောင် စီရင်ချက်များကို ဆက်သွင်းသည်၊ သုဒ္ဓေါဒနမင်းကြီး လျှောက်ထားသည်တွင် မိ,ဘတို့ ခွင့်မလွှတ်သည့်သူကို ရဟန်းမပြုအပ် ပညတ်တော်မူသည်၊ ဗိမ္ဗိသာရမင်းကြီး လျှောက်ထားသည်တွင် တလ နှစ်ခါ ဥပုသ်ပြုအပ်သည်ကို ပညတ်တော်မူသည်၊ ရှင်ကောဏ္ဍာနတိဿ အမိကရဏ်း၊ အရှင်ကုမာရကဿပ မယ်တော် အဓိကရဏ်းများတွင် ပသေနဒီကောသလမင်းကြီးကိုယ်တိုင် ကြပ်မတ်၍ ပြေငြိမ်းစေသည်၊ ယင်းသို့သော် သာသနာတော်ရေးကို ဘုရားသခင်လက်ထက်တော်ကပင် ရှေးမင်းမြတ်တို့ မှိုင်းမကြောင်း ထုံးစံရှိသည်နှင့်အညီ ကဿပဘုရားသခင် သာသနာတော်ကို ဘုရားလောင်းသိကြားမင်း မှိုင်းမ၍ ပါရမီ ဖြည့်သကဲ့သို့ သွင်းချက်စာအရများကို နှိုင်းရှဉ်၍ မှိုင်းမတော်မူသဖြင့် ပါရမီကုသိုလ် အထူးပွားများစေကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

၎င်းနောက် တောင်ငူမြို့ ရန်ကုန်မြို့နှင့် သာသနာပြု လေးဆယ်ကျော်ဖြင့် မရမ္မမဏ္ဍလ ဟုဆိုအပ်သော မြန်မာတို့ အရပ်ဒေသတွင် ရှိသည့် ရဟန်း သံဃာတို့ကို သဘာဂ,ဝိသဘာဂဖြစ်ထိုက်ရာ ဆေးမေး၍ သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—နိုင်ငံတော် အတွင်း သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာဇာတိ အသီတိမဟာသာဝကအဝင် အရှင်မဟာပုဏ္ဏထေရ်ကိုစွဲ၍ သရဏဂုံတည်သူ တထောင်၊စန္ဒကူးတံဆောင်းဝန်းကို ဘုရားသခင်ခံတော်မူလာသည်တွင်(၇)ရက်ပတ်လုံး တရားအမြိုက်တိုက်တော်မူဆုံး အကျွတ်တရားရသူ ရှစ်သောင်း လေးထောင် ရှိသဖြင့် ဘုရားသခင်လက်ထက်တော်ကပင် အရှင်မဟာပုဏ္ဏ,အရှင်ဣသိဒိန္န,အရှင်သစ္စဗန္ဓစသော ရဟန္တာအရှင်မြတ်တို့အမှန်ဖြစ်၍ သာသနာတော်တည်ထွန်းသည်၊ ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်နောက် သာသနာတော် ကောဇာသက္ကရာဇ် ၂၃၆—နှစ်ရှိသောအခါ သီရိဓမ္မာသောကမင်းလက်ထက် အရှင်ယောနကဓမ္မရက္ခိတစသော မဟာထေရ် ငါးပါးတို့ကြွလာ၍ အဂ္ဂိခန္ဓူပမသုတ်ကို ဟောဘော်မူဆုံး အကျွတ်တရားရသူ ခုနစ်သောင်း၊ရဟန်းပြုသူ ခုနစ်ထောင်ရှိသဖြင့် အရှင်ယောနကမဟာဓမ္မရက္ခိတစသော ရဟန္တာအရှင်မြတ်တို့ အမှန်ဖြစ်၍ သာသနာတော် တည်ထွန်းသည်၊ သာသနာတော် သက္ကရာဇ်(၁၆၀၁)နှစ်၊ ကောဇာသက္ကရာဇ် (၄၁၉)နှစ် ရှိသောအခါ ရာမညတိုင်း သုဓမ္မာပုရမည်သော သထုံပြည်မှ ဘေးလောင်းတော် ဘိုးလောင်းတော် အနော်ရထာမင်းစော ပင့်ဆောင်ခဲ့၍ အရှင်သောဏ, အရှင်ဥတ္တရစသော ရဟန္တာအရှင်မြတ်တို့ အစွန့်ရှည်သော သာသနာတော် တည်ထွန်းသည်၊ သာသနာ

တော် (၁၀၂၅)နှစ်၊ ကောဇာသက္ကရာဇ်(၅၄၃)နှစ် ရှိသည်ကာလ အရှင်ဆပ္ပဒ, အရှင်သီဝလိ, အရှင်တာမလိန္ဒ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ မထေရ်ငါးပါးတို့ သီဟိုဠ်ကျွန်းမှ ကြွလာ၍ ဘုရားလောင်းတော် နရပတိစည်သူမင်းလက်ထက် အရှင်မဟိန္ဒစသော ရဟန္တာအရှင်မြတ်တို့ အမွန်ရှိသော သာသနာတော် တည်ထွန်းသည်၊ ယင်းသည် အမွန်အကြောင်းလေးပါးပြင် နိုင်ငံတော်အတွင်း သန့်ရှင်းစင်ကြယ်စွာ သာသနာတော် တည်ထွန်းသည်ဖြစ်လျက်လည်း ကာလရှည်လျားခဲ့၍ ဖေါက်ပြား ယိုယွင်းခြင်းကြောင့် မသန့်ရှင်း မစင်ကြယ် ရှိလေသည်ကို သန့်ရှင်းစင်ကြယ်အောင် သုတ်သင် ပြုစုတော်မူသည်မှာ ဗာရာဏသီပြည်တွင် ကဿပဘုရားသခင် သာသနာ တော် မသန့်ရှင်း မစင်ကြယ်သည်ကာလ အဓမ္မကျင့်ဆောင်သူတို့ကို ခြိမ်းချောက်၍ ဘုရားလောင်းသိကြားမင်း သုတ်သင်ပြုစုသည်၊ ပရိနိဗ္ဗာန်ပြုတော်မူသည်မှ လေးလ မြောက်လျှင် ရှင်သုဘဒ္ဒစသော အဓမ္မဝါဒီတို့ကို တားမြစ်လျက် အရှင်မဟာကဿပ စသော အရှင်မြတ်တို့ကို စောင့်ရှောက်မှီငြမ်း၍ အဇာတသတ်မင်း သုတ်သင်ပြုစု သည်၊ သာသနာတော် အနှစ်တရာရှိသည်ကာလ ရွှေငွေခံခြင်းစသော ဝတ္ထုဆယ်ပါး ဖြင့် ကျင့်မှားကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းများကို တားမြစ်လျက် ရှင်မဟာ ယသစသော အရှင်မြတ်တို့ကို စောင့်ရှောက်မှီငြမ်း၍ ကာလာသောကမင်း သုတ်သင် ပြုစုသည်၊ သာသနာတော် (၂၁၈)နှစ် ရှိသည်ကာလ အယူဝါဒ ဖေါက်ပြန်သည့် ရဟန်း ခြောက်ထောင်တို့ကို ပယ်လျက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ စသော အရှင်မြတ်တို့ကို စောင့်ရှောက် မှီငြမ်း၍ သီရိဓမ္မာသောကမင်း သုတ်သင်ပြုစုသည်၊ သာသနာတော်(၁၇၀၀)နှစ်၊ကောဇာသက္ကရာဇ်(၅၂၆)နှစ် ရှိသည်ကာလ အဘယ ဂိရိဝါသီဂိုဏ်း, ဇေတဝနဝါသီဂိုဏ်းသား ရဟန်းများကို ပယ်၍ ဥဒုမ္ဗရဂိရိဝါသီ မဟာကဿပမထေရ်စသော မဟာဝိဟာရဝါသီဂိုဏ်း အရှင်များကို စောင့်ရှောက် မှီငြမ်းလျက် သီဟိုဠ်ကျွန်း၌ သီရိသံဃဗောဓိပရက္ကမဗာဟုမင်း သုတ်သင်ပြုစုသည်၊ ကောဇာသက္ကရာဇ်(၈၄၁)နှစ် ရှိသည်ကာလ ရာမညတိုင်း၌ ရဟန်းများ အသီး အသီး ကွဲပြားကျင့်ဆောင်ကြ၍ သာသနာတော် မသန့်ရှင်း မစင်ကြယ်သည်ကို သန့်ရှင်းစင်ကြယ်အောင် ဓမ္မစေတီမင်း သုတ်သင်ပြုစုသည့် ထုံးစံများနှင့် ညီညွတ် စွာ သာသနာတော် သန့်ရှင်းစင်ကြယ်၍ သတ္တဝါတို့စီး ပွားများအံ့သောအကြောင်း ဖြစ်သည်၊ "အလဇ္ဇီတယောက်နှင့်ပင် တရံတဆစ် စပ်ယှက်ကာမျှဖြင့် လဇ္ဇီတရာစင် လည်း အလဇ္ဇီချည်း ဖြစ်ကြောင်း နောင်ကာလ အလဇ္ဇီပုဂ္ဂိုလ်တို့ သာသနာတော် ကို စောင့်ရှောက်ရစ်ကုန်လတံ့" ဟု ရှေး မထေရ်ကြီးတို့ သုံးကြိမ် တိုင်အောင် မိန့်တော်မူကြောင်း။

ခြသေ့်မင်းအသားကို အခြားသတ္တဝါတို့ မစားနိုင်၊ ဝမ်းတွင်းရှိသော ပိုးသာ စားနိုင်သကဲ့သို့ သာသနာတော်မှာ အပတိတ္ထတို့သည် သာသနာတော်ကို မဖျက်ဆီး

နိုင်၊ သာသနာတော်တွင်းဝယ် အလဇ္ဇီရဟန်းတို့သာ ဖျက်ဆီးနိုင်ကြောင်း, အလဇ္ဇီရဟန်းတို့ကို ချီးမြှောက်ထောက်ပင့်သည့်သူတို့သည် သာသနာတော် ကိုးကွယ်သည် မမည်ကြောင်း, ပုပ္ဖါရုံကျောင်းဝယ် ပါတိမောက် ပြတော်မူမည်တွင် အလဇ္ဇီလက်ကို ငင်၍ အရှင်မဟာမောဂ္ဂလာန် နှင်ထုတ်ကြောင်းများကို ကျမ်းဂန်လာသည်နှင့်အညီ လဇ္ဇီ,အလဇ္ဇီ ခြားနားမှ သာသနာတော် သန့်ရှင်းစင်ကြယ်၍ ကုသိုလ်တော်ပွား.များမည့်အကြောင်းနှင့် သဘာဂ,ဝိသဘာဂ ဖြစ်ထိုက်ရာ ရွေးခြယ် စိစစ်သည်တွင် အတင်ဝါဒရှိသည်ဖြစ်လျှင် မအပ်သည်ကို အပ်သည်ဟု ပြုခြင်းကြောင့် ဒုက္ကဋ်၊ အပ်သည်ကို မအပ်သည်ဟု ပြုခြင်းကြောင့် ဒုက္ကဋ်၊ မအပ်သည်ကို သာမဏေတို့အား ကျင့်ဆောင်စေခြင်းကြောင့် ဒုက္ကဋ်၊ ယင်းသို့ ကျင့်ဆောင်သော အလဇ္ဇီသာမဏေတို့ကို လုပ်ကျွေးစေခြင်းကြောင့် ဒုက္ကဋ်၊ ယင်းသည် သာမဏေတို့နှင့် ဓမ္မသမ္ဘောဂ ပြုခြင်းကြောင့် ဒုက္ကဋ်၊ အာမိသသမ္ဘောဂ ပြုခြင်းကြောင့် ဒုက္ကဋ်၊ သဟဝါသပြုခြင်းကြောင့် ဒုက္ကဋ်အားဖြင့် အာပတ်ခုနစ်ချက်၊ နေလွဲ ဆေး, ကွမ်း သုံးဆောင်သည်၊ လှည်းစီး, ထီးဆောင်း, နွားမွေး, ဆေးကု, ဗေဒင်တွက် ပြုလေ့ရှိသည်ဖြစ်လျှင် ၎င်းနည်း အာပတ်ငါးချက် ဂဟိသံသဋ္ဌ ဂိဟိကမ္မပြုသည်၊ရွှေငွေစသော အကပ္ပိယဝတ္ထုကို ခံသည်၊စည်တီး,မီးဖေါက်,ပွဲလမ်းသဘင် လေ့လာသည်ဖြစ်လျှင် ယထာ ရဟာအာပတ်အများရှိသည်၊ ၎င်းအာပတ်များလည်း ရှေးလွန်ကျူးမိသည်ကို အပြစ်ဟု ရှုမြော်နိုင်မှ နောင်လည်း မလွန်ကျူးပါပြီ စင်စစ်ဝန်ချနိုင်မှ ထလွတ်မည်၊ထလွတ်မှလည်း လဇ္ဇီအဖြစ်သို့ ရောက်မည်ဖြစ်၍ "သဉ္စိစ္စအာပတ္တိံ အာပဇ္ဇတိ" အစရှိသော ဒေသနာတော်နှင့်အညီ ယင်းသည် ရဟန်းတို့ကို ဆိုင်ရာဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က ဝိသဘာဂစာရင်းချသည်၊ သည်ကဲ့သို့ အယူဝါဒ အမူအကျင့်မရှိ အနွယ်အဆက် မှန်ကန်သည်၊ သည်ရဟန်းတို့ကိုလည်း သဘာဂစာရင်းချသည်၊ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ စာရင်းချတိုင်းလည်း သဘာဂရဟန်းတို့နှင့်သာ ကံကြီးကံငယ် ဓမ္မသမ္ဘောဂ, အာမိသသမ္ဘောဂ စပ်ယှက်စေရမည်၊ ဝိသဘာဂရဟန်းတို့နှင့် မစပ်မယှက်စေနှင့်၊ ဝိသဘာဂရဟန်းတို့မှာ ကိုရင်တို့ပင် မစင်ကြယ်သေးဖြစ်၍ ရဟန်းသာမဏေအဝင်အလာ အတိုး အပွား မရှိစေနှင့်၊သဘာဂ ရတို့မှာလည်း သရဏဂုံပြင်၍ ပစ္စဝေက္ခဏာ လိင် ဒဏ် သေခိယ ခန္ဓကဝတ် ပါဠိ အနက် သင်မှတ်ပြီးသည့်ရှင်လောင်း၊ ပစ္စဝေက္ခဏာဒေသနာ ပါတိမောက် ခုဒ္ဒသိက္ခာ ပါဠိ အနက် သင်မှတ်ပြီးသည့် ပဉ္စင်းလောင်းတို့ကိုသာ ရှင်ရဟန်းပြုစေ၊ဆိုင်ရာ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ကို စာပေး၍ ဝန်ခံချက်နှင့် ကတိကဝတ် ပြုစေသည်၊ အရာမကသော တိုင်းကြီး ပြည်ကြီးတို့နှင့် သမုတ်အပ်သော နိုင်ငံတော်ကြီးအတွင်း တောင်ငူမြို့,ရန်ကုန်မြို့နှင့် သာသနာပြုမြို့ (၄၀)ကျော်မှတပါး မရမ္မမဏ္ဍလ ဟုဆိုအပ်သော မြန်မာတို့ အရပ်တွင် ကျောင်းနေပုဂ္ဂိုလ် ရဟန်း, သာမဏေအပေါင်း(၁၇၈၃၉)အနက် သဘာဂကျောင်းနေ

ပုဂ္ဂိုလ်(၁၇၅၄)၊တပည့်ရဟန်း(၁၉၄၈)၊ သာမဏေ(၄၀၉၂)သုံးစု၊ သဘာဂ (၇၇၉၄)၊ ဝိသဘာဂကျောင်းနေ ပုဂ္ဂိုလ် (၃၂၆၆)၊ တပည့်ရဟန်း (၂၀၃၀)၊ သာမဏေ (၄၇၄၉)သုံးစု၊ ဝိသဘာဂ(၁၀၀၄၅)၊ ဂိုဏ်းဆရာပေါင်း(၃၅၁) စာရင်းကျ ရှိသည်။

ဓမ္မစေတီမင်းလက်ထက် ရာမညမဏ္ဍလ ဟုဆိုအပ်သော မွန်တို့အရပ်၌ ဂိုဏ်းဆရာ (ဂ၀၀)၊ သဘာဂရဟန်း (၁၅၆၆၆) စာရင်းကျရှိသည် ဆိုသည်၊ စာရင်းကျ ဝိသဘာဂရဟန်းတို့နှင့် သဘာဂရဟန်းတို့ မနှောမယှက် သီးသန့် ခြားနားသဖြင့် သာသနာတော် သန့်ရှင်းစင်ကြယ်၍ သတ္တဝါအပေါင်းကို သံသရာဆင်းရဲမှ ကယ် ဆယ်နိုင်အံ့သောအကြောင်း ပါရမီတော်ပွားများမည်ကို ဆင်ခြင် ရှေးရှုတော်မူလို စေ၍ စာရင်းကျယ် စာရင်းချုပ်နှင့် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါ ယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ကျောင်း ဘုရား ဝတ္တုကံ မိုးမြေ

ကျောက်စာကမ္ပည်းအသစ်နှင့် ကျောင်း ဘုရား, ဝတ္ထုကံ မိုးမြေများကို သီးသန့် ရှင်းလင်းတော်မူသည့်အရာတွင် မသိ သာသည်များကို ဆရာတော်မှာ လျှောက်ချေ၊

**၁၁၅၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော်(ဂ)ရက်နေ့ အတွင်းဝန် သက်ပန် စား ဗလရာဇာကို စေတော်မူ၍ လျှောက်ထားလှာသည်တွင် သွင်းသည့် မေတ္တာ စာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

ကကုသံဘုရားရှင် သာသနာတော်တွင်း၌ သံဃာလယ်မြေကို ကျောက်စာတိုင် ပြောင်း၍ ယူမိခြင်းကြောင့် ဘုရားလေးဆူအကြား မြေလေးယူဇနာ တက်သည် တိုင်အောင် ကျောက်တောင်၌ စိုက်လျက် ပြိတ္တာဖြစ်ကြောင်း၊ ကဿပဘုရားရှင် သာသနာတော်အတွင်း၌ သံဃာ့လယ်မှ စပါးကို ယူသုံးမိခြင်းကြောင့် ဘုရားနှစ်ဆူ တို့၏အကြား မြေခုနစ်ဂါဝုတ် တက်သည်တိုင်အောင် ကျောက်ပြိတ္တာ ဖြစ်ကြောင်း များကို သီဟဠဝတ္ထုကျမ်း၌ ဆိုသည်ဖြစ်၍ ထိုသို့သောအပြစ်မှ တိုင်းနိုင်ငံသူအ ပေါင်းတို့ကို ကင်းလွတ်စေခြင်း, ပစ္စယာနုဂ္ဂဟ ကုသိုလ်တော်ပွားများခြင်း, သီဟိုဠ်

ကျွန်း အာဒိကမ္မင်း မဟာဒါဌိကမင်းစသော မင်းတရားတို့ကဲ့သို့ ရှေးမင်းတို့ထားခဲ့သော သာသနာတော် အစီးအပွားကို မကွယ်မပျက် တည်စေသဖြင့် ဒီဃာယုက သံဝတ္တနိက ကုသိုလ်တော်ပွားများခြင်း အကြောင်းအရာများကို ထောက်တော်မူ၍ ကျောက်စာကမ္ပည်းအသစ်နှင့် ကျောင်း,ဘုရား, ဝတ္တကံ, မိုးမြေတို့ကို သီးသန့်ခြားနားတော်မူသည်မှာ ဘေးလောင်းတော် ဘိုးလောင်းတော်အဆက်ဆက် လှူဒါန်းခဲ့သည့် ဝတ္တကံမိုးမြေသည် ကာလရှည်လျား၍ ကျောက်စာမပျက် ကျောက်စာထွက်နှင့် ညီသည့်မြေ, ကျောက်စာမပျက် ကျောက်စာထွက်နှင့် မညီသည့်မြေ, ကျောက်စာပျက် မသိသာသည့်မြေ, ကျောက်စာသမိုင်းမရှိ အခြားကျောင်းဘုရားမြေက ပယ်နယ်ခိုင်း၍ ထွက်သည့်မြေ,ယုံကြည်လောက်သည့် သမိုင်းထွက်မြေ, မယုံကြည်လောက်သည့် သမိုင်းထွက်မြေ, ကျောက်စာသမိုင်းမရှိ ကျောင်း ဘုရားမြေ, ကျောက်စာသမိုင်းမရှိ မင်းမြေက ပယ်နယ်ခိုင်း၍ ထွက်သည့် ကျောင်းဘုရားမြေ, ကျောက်စာသမိုင်းသာ ထွက်၍ အရပ်ကို မသိသာသည့်မြေ,ကျောက်စာသမိုင်းထွက်ရာ မြေသာရှိ၍ ကျောင်း ဘုရား မရှိသည့်မြေ, ၎င်းမြေသာရှိ၍ ကျောင်းဘုရားရှာမတွေ့သည့်မြေ, သမိုင်းထွက် မြေကျယ်၍ အစဉ်အသိမ်းအခံ ကျဉ်းသည့်မြေ, ကျောက်စာနဂိုရ်မရှိ လက်ခံသာ ရှိသည့်မြေအားဖြင့် အထူးထူးအပြားပြား ရှိရာသည်တွင်—

ကျောက်စာမပျက် ကျောက်စာထွက်နှင့် ညီသည့်မြေမှာ ကျောက်စာရှိတိုင်းဖြစ်စေသင့်သည်၊ ကျောက်စာမပျက် ကျောက်စာထွက်နှင့် မညီသည့် မြေမှာ ကျောက်စာထွက်တိုင်းသာ ဖြစ်စေသင့်သည်၊ကျောက်စာပျက် မသိသာသည့်မြေမှာ အခြားထောက်ထားနိုင်၍ သိရန်အကြောင်း မရှိလျှင် အထူးမဆိုသာပြီ၊ အခြားထောက်ထားနိုင်၍ သိရန်အကြောင်း ရှိမူကား ရှိတိုင်း ဖြစ်စေသင့်သည်၊ ကျောက်စာသမိုင်းမရှိ အခြားကျောင်း, ဘုရားမြေက ပယ်နယ်ခိုင်း၍ ထွက်သည့်မြေမှာ အခြားကျောင်း, ဘုရား ကျောက်စာထွက်လျှင် နဂိုရ်ကျောက်စာကဲ့သို့ အခိုင်ပင်ဖြစ်သည်၊ယုံကြည်လောက်သည့် သမိုင်းထွက်မြေမှာ နယ်ပယ်အမှတ် နိမိတ်နှင့်အစဉ်သိမ်းခံပေးခြင်းမြဲ အရပ်ဖြစ်လျှင် သမိုင်းထွက်အတိုင်းပင် ဖြစ်စေသင့်သည်၊ မယုံကြည်လောက်သည့် သမိုင်းထွက်မြေမှာ သမိုင်းစာစောင်အရာသည် မဆုတ်ပင်တင်လွှားသည့်အရာလည်း ရှိရာသည်၊ နောက်မှ တိုးပွားသည့်အရာလည်း ရှိရာသည်ဖြစ်၍ နယ်ပယ်အမှတ်နိမိတ်မရှိ ပေးခြင်းမြဲအရပ် မဟုတ်သောကြောင့် မယုံကြည်လောက်လျှင် သမိုင်းထွက်သည်ဟူ၍ အခွန်မယူသာ၊ကျောက်စာသမိုင်းမရှိ ကျောင်းဘုရားမြေမှာ နယ်ပယ်အမှတ်နိမိတ်နှင့် ပေးခြင်းမြဲ ဖြစ်လျှင် ကျောက်စာ သမိုင်းယိုယွင်းသည် ယူရန်ရှိသည်၊ ကျောက်စာသမိုင်းမရှိ မင်းမြေက ပယ်နယ်ခိုင်း၍ ထွက်

သည့် ကျောင်း ဘုရားမြေမှာ နယ်ပယ်အမှတ် အသေအချာရှိ၍ အစဉ်ထင်ရှားသည် ဖြစ်မှ အမှန်ယူသင့်သည်၊ ကျောက်စာသမိုင်းသာ ထွက်၍ အရပ်ကို မသိသာသည့် မြေမှာ မသိသာသည်ကို ကျောက်စာသမိုင်းထွက်တိုင်း တည်စေရန် မရှိပြီ၊ ကုသိုလ်တော် ပွားများမည်အကြောင်းနှင့် ကျောက်စာသမိုင်းထွက် နယ်ပယ်အတိုင်းအရှည် အတိုင်း ရော်ရမ်း၍ လဲလှယ်တော်မူသော် သင့်မည်၊ ကျောက်စာသမိုင်းထွက် မြေ သာရှိ၍ ကျောင်း ဘုရား မရှိသည့်မြေမှာ ရွာမတွေ့သည့်မြေများမှာ ၎င်းမြေဆီ မြေခွန်နှင့် ကျောင်း ဘုရား အစားတည်၍ဖြစ်စေ, အခြားကျောင်း ဘုရားမှာဖြစ် စေ ရည်မှတ်၍ လှူဒါန်းသင့်သည်၊သမိုင်းထွက်မြေကျယ်၍ အစဉ်အသိမ်းအခံကျဉ်း သည့်မြေမှာ သမိုင်းထွက်ကို ဆင်ခြင်သင့်သည်၊ ကျောက်စာနဂိုရ် မရှိ လက်ခံသာရှိ သည့်မြေမှာ နယ်ပယ်အမှတ်ပေးခြင်းမြဲ အရပ်နှင့်ညီလျှင် လက်ခံအတိုင်း ဖြစ်စေသင့် သည်များကို ပညာတော်နှင့်ဆင်ခြင်၍ ကျောင်း ဘုရား ဝတ္ထုကံ မိုးမြေ သီးသန့် ခြားနားသဖြင့် ကုသိုလ်တော်ပွားမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## အသက်ရှည်ရန်နှင့်စပ်သည့် မေတ္တာစာ

**၁၁၅၀–ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော်(၈)ရက်နေ့ သားတော်လှိုင်မြို့စား သခင်သတိုးမင်းဖျားတွင် သွင်းသည့် မေတ္တာစာကား—**

ပရိဿာဝန ဒါနဉ္စ၊ အာဝါသဒါနမေဝစ။
ဂိလာနဝတ္ထုဒါနဉ္စ၊ဒါတဗ္ဗံ မနုဇာဒိပ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ၊ပဋိသင်္ခရဏံ တထာ။
ပဉ္စသီလသမာဒါနံ၊ကတွာ တံ သာဓုရက္ခိတံ။
ဥပေါသထော ပဝါသောစ၊ကာတဗ္ဗော ပေါသထေ ဣတိ။

**မဟာဝင်ပါဠိ။**

**အနက်ကား** မနုဇာဒိပ၊လူတို့ကို အစိုးရသောမင်းမြတ်။တယာ၊သင်မင်းမြတ် သည်။ပရိဿာဝနဒါနဉ္စ၊ခမ္မကရိဏ်ရေစစ်အလှူကိုလည်း။ဒါတဗ္ဗံ၊ လှူအပ်၏။ အာဝါသဒါနမေဝစ၊ ကျောင်းအလှူကိုလည်း။ ဒါ တဗ္ဗံ၊လှူအပ်၏။ ဂိလာနဝတ္ထုဒါနဉ္စ၊ သူနာတို့ သုံးဆောင်အပ်သော ဆေးအလှူကို လည်း။ဒါတဗ္ဗံ၊လှူအပ်၏။

ဇိဏ္ဏကာဝ ါသပဋိသင်္ခရဏံ၊ပျက်စီးဆွေးမြေ့သော ကျောင်းကန်တို့၌ ပြုပြင်ခြင်းကိုလည်း။ ကာတဗ္ဗံ၊ပြုအပ်၏။ တထာ၊ထို့မြို့။ ပဉ္စသီလသမာဒါနံ၊ ပဉ္စသီ သီတင်းဆောက်တည်ခြင်းကို။ကတွာ၊ပြု၍။ တံ၊ ထိုပဉ္စသီ သီတင်းကို။ သာဓု၊ ကောင်းစွာ။ ရက္ခိတံ၊စောင့်ရှောက်အပ်၏။

ဥပေါသထော၊ ဥပုသ်နေ့၌။ ဥပေါသထောပဝါသော၊ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီတင်းသုံးခြင်းကိုလည်း။ ကာတဗ္ဗော၊ပြုအပ်၏။ဣတိ၊ဤသို့။အာစိက္ခိ၊ဟောကြားတော်မူ၏။

ဤကောင်းမှုတို့ကို ပြု၍ ဝသဘမင်းသည် တဆယ့်နှစ်နှစ်သာ အသက်ရှည်မည်ဖြစ်လျက် လေးဆယ့်လေးနှစ်တိုင်အောင် အသက်ရှည်ကြောင်းကို မဟာဝင်၌ လာသည်။

အဘိဝ ါဒနသီလိဿ၊နိစ္စံ ဝုဍ္ဍာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဍန္တိ၊အာယု ဝဏ္ဏော သုခံ ဗလံ။
ဓမ္မပဒပါဠိတော်။

**အနက်ကား** နိစ္စံ၊အမြဲ။ အဘိဝ ါဒနသီလိဿ၊ ရတနာသုံးပါးအား ရှိခိုးလေ့ရှိသော။ဝုဍ္ဍာပစာယိနော၊ ဂုဏဝုဍ္ဍိဖြစ်သောသူတို့ကို ရိုသေလေ့ရှိသောသူအား။အာယု၊အသက်ရှည်ခြင်း။ ဝဏ္ဏော၊ အဆင်းလှခြင်း။ သုခံ၊ချမ်းသာခြင်း။ဗလံ၊ ကာယဗလ, ပညာစသည် ပွားများခြင်း။ဣတိ၊ဤသို့။ စတ္တာရော၊လေးပါးကုန်သော။ဓမ္မာ၊အကျိုးတရားတို့သည်။ ဝဍ္ဍန္တိ၊ပွားကုန်၏။

ဤကောင်းမှုတို့ကို ပြု၍ ဒီဃလိဂိကမြို့၌ အာယုဝဍ္ဍနသတို့သားသည် ခုနစ်ရက်သာ အသက်ရှည်မည်ဖြစ်လျက် ၁၂၀ တိုင်အောင် အသက်ရှည်ကြောင်းကို ဓမ္မပဒ၌ လာသည်။

ပဌမေ ဘိက္ခဝေ ဓမ္မာ အာယုဿာ၊ကတမေ ပဉ္စ၊သပ္ပါယကာရီ ဟောတိ၊ သပ္ပါယေ မတ္တံ ဇာနာတိ၊ ပရိဏတဘောဇီစ ဟောတိ၊ ကာလစာရီစ၊ ဗြဟ္မစာရီစ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စဓမ္မာ အာယုဿာ။

အင်္ဂုတ္တရနိကာယ်ပါဠိ။

**အနက်ကား** ဘိက္ခဝေ၊ ရဟန်းတို့။ အာယုဿာ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဓမ္မာ၊အကြောင်းတရားတို့သည်။ ဣမေပဉ္စ၊ဤငါးပါးတို့တည်း။ ကတမေပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ သပ္ပါယကာရီ၊ လျောက်ပတ်သော အမူအရာကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သပ္ပါယေစ၊ လျောက်ပတ်သော ဘောဇဉ် စသည်၌လည်း။ မတ္တံ၊ အတိုင်း

အရှည်ကို။ဇာနာတိ၊သိ၏။ပရိဏတဘောဇီစ၊သင့်တင့်သော ဆေးဝါးဖြင့် ကောင်းစွာကျက်သော အစာရှိသည်။ ဟောတိ၊ဖြစ်၏။ ကာလစာရီစ၊ လျောက်ပတ်သော အခါ၌ သွားလာခြင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗြဟ္မစာရီစ၊ လျောက်ပတ်သောအကျင့်ကို ကျင့်လေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာယုသာ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်ကုန်သော။ ဓမ္မာ၊အကြောင်းတရားတို့သည်။ဣမေပဉ္စ၊ဤငါးပါးတို့တည်း။

ဤသို့ အင်္ဂုတ္တရနိကာယ်၌ အသက်ရှည်ခြင်း အကြောင်းတရား ငါးပါးကိုလည်း ဟောတော်မူသည်ဖြစ်၍ မျက်မှောက်သော ကိုယ်တော်အဖြစ်၌ သက်တော်ရှည်ရာသော အကြောင်းတရားများကို သတိတော်ရှိရင်းတိုင်း ဖြစ်ပွားစေသင့်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## သုဓမ္မရာဇာတွင် သွင်းသည့် မေတ္တာစာ

**သက္ကရာဇ် ၁၁၅၀-ပြည့်နှစ် ဝါခေါင်လဆန်း(၈)ရက်နေ့ ပုသိမ်မြို့စား သားတော်သခင် သုဓမ္မရာဇာတွင် သွင်းသည့် မေတ္တာစာကား—**

ဓမ္မဗဟုသုတပွားများခြင်း, ကိုယ်ကိုဆုံးမဆောက်တည်ခြင်း, ရှိခိုးထောမနာမှုခြင်း,ဆုပန်ခြင်း ကိစ္စလေးပါးပြီးစေခြင်းငှါ ဓမ္မပဒကျမ်းလာ ဘုရားဟောဂါထာကို ထုတ်၍ ပါဠိအနက်အစုံ သွင်းသည်၊နှုတ်ဟာက်ရအောင် လေ့လာ၍ တနေ့သုံးကြိမ် ရွတ်သရဇ္ဈာယ်တော်မူသင့်သည်။

သဟဿမပိ စေ ဝါစာ၊အနတ္ထပဒသံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ယံ သုတွာ ဥပသမ္မတိ။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** အနတ္ထပဒသံဟိတာ၊အကျိုးအကြောင်းနှင့် မစပ်သော။ ဝါစာ၊ စကားသည်။ စေသဟဿမပိ၊အကယ်၍ တထောင်လောက်စဉ်လည်းဖြစ်စေ။ယံ၊အကြင်စကားကို။ သုတွာ၊ကြားနာရ၍။ ဥပသမ္မတိ၊ငြိမ်းချမ်း၏။ ဧကံ၊တခွန်းမျှသော။ အတ္ထပဒံ၊ အကျိုးအကြောင်းနှင့် စပ်သော။ တဒေဝ၊ထိုစကားသည်သာလျှင်။သေယျော၊မြတ်၏။

ဇေ၀ံ၊ဤသို့။ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ ရှိခိုးပါ၏။တေန ပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘ၀တု၊ဖြစ်ပါစေသတည်း။

ဝရမဿတရာဒန္တာ၊အာဇာနိယာစ သိန္ဓဝါ။
ကုဉ္ဇရာစ မဟာနာဂါ၊အတ္တဒန္တော တတော ဝရံ။

ဇေ၀ံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** ဒန္တာ၊ ယဉ်ကျေးကုန်သော။ အဿတရာစ၊ အဿတိုရ်မြင်းတို့သည်လည်း။ဝရံ၊မြတ်၏။ ဒန္တာ၊ယဉ်ကျေးကုန်သော။ အာဇာနိယာစ၊အာဇာနီမြင်းတို့သည်လည်း။ ဝရံ၊မြတ်၏။ ဒန္တာ၊ယဉ်ကျေးကုန်သော။သိန္ဓဝါစ၊သိန္ဓောမြင်းတို့သည်လည်း။ဝရံ၊မြတ်၏။ ဒန္တာ၊ယဉ်ကျေးကုန်သော။ ကုဉ္ဇရာ၊ မြေအပြင်၌လည်း အောင်မြင်တတ်ကုန်သော။ မဟာနာဂါစ၊ ဆင်ပြောင်ကြီးတို့သည်လည်း။ ဝရံ၊ မြတ်၏။ တတော၊ထို့ထက်။ အတ္တဒန္တော၊မိမိကိုယ်စိတ်ကို ဆုံးမသဖြင့် ယဉ်ကျေးခြင်းသည်။ဝရံ၊မြတ်စွာ၏။

ဇေ၀ံ၊ ဤသို့။ဓမ္မဒေသကံ၊ တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘ၀တု ဖြစ်ပါစေသတည်း။

န ဘဇေ ပါပကေ မိတ္တေ၊န ဘဇေ ပုရိသာ ဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ဘဇေထ ပုရိသုတ္တမေ။

ဇေ၀ံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** ပါပကေမိတ္တေ၊ အဆွေခင်ပွန်းယုတ်တို့ကို။ နဘဇေ၊ မပေါင်း ဖေါ်ရာ။ ပုရိသာဓမေ၊ ယုတ်မာသော အချင်းသဟဲတို့ကို။ နဘဇေ၊ မပေါင်းဖေါ်ရာ။ ကလျာဏေမိတ္တေ၊ အဆွေခင်ပွန်းကောင်းတို့ကို။ဘဇေထ၊ပေါင်းဖေါ်ရာ၏။ ပုရိသုတ္တမေ၊မြတ်သော အချင်းသဟဲတို့ကို။ဘဇေထ'ပေါင်းဖေါ်ရာ၏။

ဧဝံ၊ဤသို့။ ဓမ္မဒေသကာံ၊ တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူတတ်သော။ ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။ မေ၊အကျွန်ုပ်အား။သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

အသာရေ သာရမတိနော၊သာရေစ သာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊မိစ္ဆာသင်္ကပ္ပဂေါစရာ။
ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** အသာရေ၊အနှစ်သာရမရှိသည်၌။ သာရမတိနော၊ အနှစ်သာရဟု ယုံမှားကုန်သော။ သာရေစ၊ အနှစ်သာရ၌လည်း။ အသာရဒဿိနော၊အနှစ်သာရမဟုတ်ဟု မြင်လေ့ရှိကုန်သော။ တေ၊ထိုသူတို့သည်။ မိစ္ဆာသင်္ကပ္ပဂေါစရာ၊ မှားသောအကြံအစည် အာရုံရှိကုန်သည်ဖြစ်၍။ သာရံ၊တရား တည်းဟူသောအနှစ်သာရကို။နာဓိဂစ္ဆန္တိ၊မရလေကုန်။

ဧဝံ၊ဤသို့။ ဓမ္မဒေသကာံ၊ တရားဘော်မြတ်ကို ဟောကြားတော်မူတတ်သော။ ဇိနံ၊မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ထိုတရားမင်းဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေနမာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။ မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

သာရဉ္စ သာရတော ဉတွာ၊အသာရဉ္စ အသာရတော။
တေ သာရမဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။
ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** သာရဉ္စ၊ အနှစ်သာရကိုလည်း။ သာရတော၊ အနှစ်သာရအား ဖြင့်။ အသာရဉ္စ၊ အနှစ်သာရ မဟုတ်သည်ကိုလည်း။ အသာရ တော၊အနှစ်သာရ မဟုတ်သောအားဖြင့်။ ဥတွာ၊ သိကုန်၍။ သမ္မာသင်္ကပ္ပဂေါစရာ၊ ကောင်းသော အကြံအစည် အာရုံရှိကုန်သော။ တေ၊ ထိုသူ တို့သည်။သာရံ၊တရား တည်းဟူသောအနှစ်သာရကို။အဓိဂစ္ဆန္တိ၊ရလေကုန်၏။

ဧဝံ၊ဤသို့။ ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူဘတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံ ဓမ္မရာဇံ၊ ထိုတရားမင်း ဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ဘေန ပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာ ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊ဗာလာ ဟဝေ န ပသံသန္တိ ဒါနံ။
ဓီရောစ ဒါနံ အနုမောဒမာနော၊တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။ **ဓမ္မပဒ။**

**အနက်ကား** ဝေ၊စင်စစ်။ ကဒရိယာ၊ စဉ်းလဲကုန်သော သူတို့သည်။ ဒေဝ လောကံ၊ နတ်ပြည်သို့။ နဝဇန္တိ၊ မလားရကုန်။ ဟဝေ၊စင်စစ်။ ဗာလာ၊ပညာမရှိကုန်သော သူတို့သည်။ ဒါနံ၊ အလှူပေးခြင်း ကို။နပသံသန္တိ၊မချီးမွမ်းကုန်။ ဓီရောစ၊ ပညာရှိသည်ကား။ဒါနံ၊ အလှူပေးခြင်းကို။ အနုမောဒမာနော၊ဝမ်းမြောက်ဝမ်းသာ ရှိတတ်၏။ တေနေဝ၊ထိုသို့ အလှူပေးခြင်း ကို ပမ်းမြောက်ဝမ်းသာ ရှိခြင်းကြောင့်သာလျှင်။ သော၊ထိုပညာရှိသည်။ ပရတ္ထ၊ တမလွန်ဘဝ၌။သုခီ၊ချမ်းသာခြင်းရှိသည်။ဟောတိ၊ဖြစ်၏။

ဧဝံ၊ဤသို့။ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်း ဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။ မေ၊အကျွန်ုပ်အား။သဗ္ဗမင်္ဂလံ အသက်ရှည်ခြင်း ရန်မာန် ကင်းခြင်းစသော ခပ်သိမ်းသောမင်္ဂလာသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

သုခံ ယာဝ ဇရာ သီလံ၊သုခံ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာ ပတိလာဘော၊ပါပါနံ အကရဏံ သုခံ။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

**ဓမ္မပဒ။**

**အနက်ကား** ယာဝဇရာ၊ အိုမင်းသည်တိုင်အောင်။ သီလံ၊ သီလကို ဆောက်တည်ခြင်းသည်။သုခံ၊ချမ်းသာကြောင်းဖြစ်၏။ သဒ္ဓါပတိဋ္ဌိတာ၊ သဒ္ဓါတရား တည်ခြင်းသည်။ သုခံ၊ ချမ်းသာကြောင်းဖြစ်၏။ ပညာပတိလာဘော၊ ပညာရှိကို ရခြင်းသည်။ သုခေါ၊ ချမ်းသာကြောင်း ဖြစ်၏။ ပါပါနံ၊မကောင်းမှုတို့ကို။အကရဏံ၊မပြုခြင်းသည်။သုခံ၊ချမ်းသာကြောင်းဖြစ်၏။

ဧဝံ၊ ဤသို့။ ဓမ္မဒေသကံ၊ တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

ဥဋ္ဌာနဝတော သတိမတော၊သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿစ ဓမ္မဇီဝိနော၊အပ္ပမတ္တဿ ယသောဘိဝဍ္ဍတိ။

ဧဝံ ဓမ္မဒေသကန္တံ၊ ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေနော၊ဘဝတု သဗ္ဗမင်္ဂလံ။

**ဓမ္မပဒ။**

**အနက်ကား** ဥဋ္ဌာနဝတော၊ထကြွ လုံ့လရှိသော။သတိမတော၊သတိရှိသော။ သုစိကမ္မဿ၊ စင်ကြယ်သော အမှုရှိသော။ နိသမ္မကာရိနော၊ စုံစမ်းဆင်ခြင်၍ ပြုလေ့ရှိသော။သညတဿ၊ စောင့်စည်းသော။ ဓမ္မဇီဝိနော၊တရားနှင့်အညီ ရသော ဥစ္စာပစ္စည်းဖြင့် အသက်မွေးလေ့ရှိထသော။ အပ္ပမတ္တဿ၊မမေ့မလျော့သောသူအား။ ယသော၊စည်းစိမ်ချမ်းသာ အခြံအရံ အကျော်အစောသည်။အဘိဝဍ္ဍတိ၊အတိုင်းထက်အလွန် ပွားများ၏။

ဧဝံ၊ ဤသို့။ ဓမ္မဒေသကံ၊ တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ ဇိနံ၊မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေန ပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

အပ္ပမာဒေန မာဃဝါ၊ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ပမာဒေါ ဂရဟိတော သဒါ။

ဝေံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** အပ္ပမာဒေန၊မမေ့မလျော့ခြင်းကြောင့်။မာဃဝါ၊ သိကြားမင်းသည်။ဒေဝါနံ၊ နတ်တို့ထက်။ သေဋ္ဌတံ၊ မြတ်သောအဖြစ်သို့။ ဂတော၊ရောက်လေ၏။ အပ္ပမာဒံ၊ မမေ့မလျော့ခြင်းကို။ ပသံသန္တိ၊ချီးမွမ်းကုန်၏။ပမာဒေါ၊မေ့လျော့ခြင်းကို။သဒါ၊အခါခပ်သိမ်း။ ဂရဟိတော၊ကဲ့ရဲ့အပ်၏။

ဝေံ၊ဤသို့။ ဓမ္မဒေသကံ၊ တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူတတ်သော။ ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။ မေ၊အကျွန်ုပ်အား။သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

အဘိဝါဒနသီလိဿ၊နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊အာယု ဝဏ္ဏော သုခံ ဗလံ။

ဝေံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** နိစ္စံ၊အမြဲ။ အဘိဝါဒနသီလိဿ၊ ရတနာသုံးပါးအား ရှိခိုးလေ့ရှိသော။ဝုဍ္ဎာပစာယိနော၊ ဂုဏဝုဍ္ဎိဖြစ်သောသူတို့အား ပူဇော်လေ့ရှိသော။တဿ၊ထိုသူအား။အာယု၊အသက်ရှည်ခြင်း။ ဝဏ္ဏော၊ အဆင်းလှခြင်း။ သုခံ၊ချမ်းသာခြင်း။ ဗလံ၊ခွန်အားကြီးခြင်း။ ဣတိ၊ဤသို့။ စတ္တာရော၊လေးပါးကုန်သော။ဓမ္မာ၊အကျိုးတရားတို့သည်။ ဝဍ္ဎန္တိ၊ပွားများကုန်၏။

ဝေံ၊ဤသို့။ ဓမ္မဒေသကံ၊ တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူတတ်သော။ ဇိနံ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ထိုတရားမင်းဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော

ကောင်းမှုအစွမ်းကြောင့်။ မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

အာရောဂျာ ပရမာ လာဘာ၊သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသာ ပရမာ ဉာတိ၊နိဗ္ဗာနံ ပရမံ သုခံ။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒပါဠိတော်။

**အနက်ကား** အာရောဂျာ၊အနာကင်းခြင်းသည်။ ပရမာလာဘာ၊ မြတ်သောလာဘ်မည်၏။ သန္တုဋ္ဌိ၊ရောင့်ရဲခြင်းသည်။ ပရမံဓနံ၊မြတ်သောဥစ္စာမည်၏။ ဝိဿာသာ၊ အကျွမ်းဝင်ခြင်းသည်။ ပရမာဉာတိ၊ မြတ်သောဆွေမျိုးမည်၏။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ပရမံသုခံ၊မြတ်သောချမ်းသာမည်၏။

ဧဝံ၊ဤသို့။ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ ရှိခိုးပါ၏။တေန ပုညတေဇေန၊ထိုသို့ ရှိခိုးရသောကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

အတ္တာနမေဝ ပဌမံ၊ပဋိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊န ကိလိဿေယျ ပဏ္ဍိတော။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** အတ္တာနမေဝ၊ကိုယ်ရှင်ကိုသာလျှင်။ ပဌမံ၊ရှေးဦးစွာ။ပဋိရူပေ၊လျောက်ပတ်သင့်တင့်သည့် အမူအရာ၌။ နိဝေသယေ၊ တည်စေရာ၏။အထ၊ထိုနောင်မှ။အညံ၊တပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။နကိလိဿေယျ၊မညစ်ညူးစေရာ။

ဧဝံ၊ ဤသို့။ဓမ္မဒေသကံ၊ တရားဒေသနာဘော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ ထိုသို့

ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** သဗ္ဗဒါနံ၊ခပ်သိမ်းသော အလှူကို။ ဓမ္မဒါနံ၊ တရားအလှူသည်။ ဇိနာတိ၊ ကဲလွန်၏။ သဗ္ဗရသံ၊ ခပ်သိမ်းသော ရသာကို။ဓမ္မရသော၊တရား တည်းဟူသော ရသာသည်။ ဇိနာတိ၊ကဲလွန်၏။ သဗ္ဗရတိံ၊ ခပ်သိမ်းသော မွေ့လျော်ခြင်းကို။ဓမ္မရတိ၊တရား၌ မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ ကဲလွန်၏။ သဗ္ဗဒုက္ခံ၊ခပ်သိမ်းသောဆင်းရဲကို။တဏှက္ခယော၊နိဗ္ဗာန်သည်။ဇိနာတိ၊ကဲလွန်၏။

ဧဝံ၊ဤသို့။ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊ အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

အကောဓေန ဇိနေ ကောဓံ၊အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊သစ္စေ နာလိကဝါဒိနံ။

ဧဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** ကောဓံ၊ အမျက်ကြီးသသူကို။ အကောဓေန၊ အမျက်မထွက်သဖြင့်။ဇိနေ၊ အောင်မြင်ရာ၏။ အသာဓုံ၊သူမတော်ကို။ သာဓုနာ၊တော်မှန်သဖြင့်။ဇိနေ၊အောင်မြင်ရာ၏။ ကဒရိယံ၊စဉ်းလဲသသူကို။ ဒါနေန၊ပေးကမ်းခြင်းဖြင့်။ဇိနေ၊အောင်မြင်ရာ၏။ အလိကဝါဒိနံ၊ မမှန်မကန် ပြောဆိုသသူတို့ကို။သစ္စေန၊အမှန်အကန် ပြောဆိုခြင်းဖြင့်။ဇိနေ၊အောင်မြင်ရာ၏။

ဧဝံ၊ဤသို့။ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။

အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန် ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊အထော သရီရံပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

ဝေံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** သုစိတ္တာ၊ကောင်းစွာ ဆန်းကြယ်ကုန်သော။ ရာဇရထာ၊ မင်းရထားတို့သည်။ ဝေ၊စင်စစ်။ ဇိရန္တိ၊ဆွေးမြေ့ကုန်၏။ အထော၊ ထိုမှို။သရီရံပိ၊ ကိုယ်သည်လည်း။ ဇရံ၊ ဆွေးမြေ့ခြင်းသို့။ ဥပေတိ၊ ရောက်တတ်၏။ သတဉ္စဓမ္မော၊သူတော်ကောင်းတို့ တရားသည်ကား။ဇရံ၊ဆွေးမြေ့ခြင်းသို့။နဥပေတိ၊ မရောက်တတ်။ သန္တော၊ဘုရားစသော သူတော်ကောင်းတို့သည်။ သဗ္ဘိ၊နိဗ္ဗာန်ကို။ ဟဝေ၊စင်စစ်။ပဝေဒယန္တိ၊မဆွေးမြေ့တတ်ဟု ဟောကြားကုန်၏။

ဝေံ၊ဤသို့။ဓမ္မဒေသကံ၊တရားဟောင်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန် ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

ယောစ ဝဿသတံ ဇီဝေ၊ကုသိတော ဟီန ဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ဝီရိယမာရဗ္ဘတော ဒဠှံ။

ဝေံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** ကုသိတော၊ပျင်းရိသော။ဟီနဝီရိယော၊ ချို့တဲ့သော လုံ့လရှိသော။ ယော၊ အကြင်သူသည်။ ဝဿသတံစ၊ အနှစ်ဝါရာစဉ်လည်း။ဇီဝေ၊အသက်ရှည်သည်ဖြစ်စေ။တတော၊ထို့ထက်။ ဒဠှံ၊မြဲစွာ။ ဝီရိယံ၊လုံ့လ

ကို။ အာရဗ္ဘတော၊အားထုတ်သောသူ၏။ ကောဟံ၊ တရက်မျှ။ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။သေယျော၊မြတ်၏။

ဝေါ၊ဤသို့။ဓမ္မဒေသကာ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယျော၊ပဿတော ဥဒယဗ္ဗယံ။

ဇဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** ယော၊အကြင်သူသည်။ ဥဒယဗ္ဗယံ၊အဖြစ် အပျက်ကို။အပဿံ၊ မရှုပဲ။ ဝဿသတံစ၊ အနှစ်တရာစဉ်လည်း။ ဇီဝေ၊အသက်ရှည်သည်ဖြစ်စေ။ တတော၊ထို့ထက်။ ဥဒဗ္ဗယံ၊အဖြစ် အပျက်ကို။ ပဿတော၊ ရှုသောသူ၏။ကောဟံ၊တရက်မျှ။ဇီဝိတံ၊အသက်ရှည်ခြင်းသည်။သေယျော မြတ်၏။

ဝေါ၊ဤသို့။ဓမ္မဒေသကာ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ရှိခိုးပါ၏။ တေနပုညတေဇေန၊ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန်ကင်းခြင်းစသော မင်္ဂလာအပေါင်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

ယထာပိ ပုပ္ဖရာသိမှာ၊ကိရိယာ မာလာ ဂုဠေ ဗဟု။
ဇဝံ ဇာတေန မစ္စေန၊ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ဇဝံ ဓမ္မဒေသကန္တံ၊ဓမ္မရာဇံ ဇိနံ နမေ။
တေန မေ ပုညတေဇေန၊ဘဝတု သဗ္ဗမင်္ဂလံ။

ဓမ္မပဒ။

**အနက်ကား** ပုပ္ဖရာသိမှာ၊ပန်းစုပန်းပုံမှ။ ဗဟုံ၊ များစွာကုန်သော။ မာလာ ဂုဋ္ဌေ၊ပန်းကုံး ပန်းဆိုင်းတို့ကို။ ကိရိယာယထာ၊ ပြုကုန်ဘိသကဲ့ သို့။ဧဝံ၊ထို့အတူ။ဇာတေန၊ဖြစ်သော။မစ္စေန၊သူတော်ကောင်းသည်။ ဗဟုံ၊များစွာ သော။ကုသလံ၊ကုသိုလ်ကို။ကတ္တဗ္ဗံ ပြုရာ၏။

ဧဝံ၊ဤသို့။ဓမ္မဒေသကံ၊တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော။ဇိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ အကျွန်ုပ်သည်။နမေ နမ ာမိ၊ရှိခိုးပါ၏။တေနပုညတေဇေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုအစွမ်းကြောင့်။မေ၊အကျွန်ုပ်အား။ သဗ္ဗမင်္ဂလံ၊အသက်ရှည်ခြင်း ရန်မာန် ကင်းခြင်းစသော မင်္ဂလာခပ်သိမ်းသည်။ဘဝတု၊ဖြစ်ပါစေသတည်း။

## မေတ္တာစာ

**သက္ကရာဇ် ၁၁၅၀–ပြည့်နှစ် ဝါခေါင်လပြည့်ကျော်(၁၅)ရက်နေ့ လှိုင်မြို့စား သားတော်သခင်သတိုးမင်းဖျားတွင် သွင်းသည့် မေတ္တာစာကား—**

ပရိသတ်လေးပါးတို့အား ဘုံလူးဂုမ္ဘာန် နတ်နဂါးတို့ မညှဉ်းပမ်း မနှိပ်စက်စိမ့် သောငှါ အာဋ္ဌာနာဋ္ဌိယမည်သော နတ်မြို့၌ ဖွဲ့၍ စတုလောကပါလ နတ်မင်းကြီး လေးပါးတို့ ဘုရားသခင်အား ဆက်ကပ်လှာသော အာဋ္ဌာနာဋ္ဌိယပရိတ်ကို လေ့ ကျက် ဆောင်ရွက်သင့်သည်ကို ကျမ်းဂန်လာသည်နှင့်အညီ လေ့ကျက်ဆောင်ရွက် တော်မူရန် ပါဠိအနက်အစုံ ဆက်သွင်းသည်။

ဝိပဿိဿစ နမတ္ထု၊စက္ခုမန္တဿ သိရီမတော။
သိခိဿပိစ နမတ္ထု၊သဗ္ဗဘူတာနုကမ္ပိနော။
ဝေဿဘုဿစ နမတ္ထု၊နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊မာရသေနာပမဒ္ဒိနော။
ကောဏာဂမနဿ နမတ္ထု၊ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿစ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
အင်္ဂီရသဿ နမတ္ထု၊သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။
ယေစာပိ နိဗ္ဗုတာ လောကေ၊ယထာဘူတံ ဝိပဿိသုံ။
တေဇနာ အပိ သုဏာထ၊ မဟန္တာ ဝီတသာရဒါ။

ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

ယတော ဥဂ္ဂစ္ဆတိ သူရိယော၊အာဒိစ္စော မဏ္ဍလိမဟာ။
ယဿ စုဂ္ဂစ္ဆမာနဿ၊ သံဝရိပိ နိရုဇ္ဈတိ။

ယဿ စုဂ္ဂစ္ဆတေ သူရိယော၊ဒိဝသောတိ ပဝုစ္စတိ။
ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊သမုဒ္ဒေါ သရိတောဒကော။

ဧဝံ တံ တတ္ထ ဇာနန္တိ၊သမုဒ္ဒေါ သရိတောဒကော။
ဣတော သာ ပုရိမာဒိသာ၊ဣတိ နံ အာစိက္ခတိ ဇနော။

ယံ ဒိသံ အဘိပါလေတိ၊မဟာရာဇာ ယသဿိသော။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ဓတရဋ္ဌောတိ နာမသော။

ရမတိ နစ္စဂီတေဟိ၊ဂန္ဓဗ္ဗေဟိ ပုရက္ခတော။
ပုတ္တာပိ တဿ ဗဟဝေါ၊ဧကနာမာတိ မေ သုတံ။

အသီတိ ဒသ ဧကော စ၊ဣန္ဒနာမာ မဟဗ္ဗလာ။
တေစာပိ ဗုဒ္ဓံ ဒိသွာန၊ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။

ဒူရတောဝ နမဿန္တိ၊မဟန္တံ ဝီတသာရဒံ။
နမော တေ ပုရိသာဇည၊နမော တေ ပုရိသုတ္တမ။

ကုသလေန သမေက္ခသိ၊အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊တသ္မာ ဧဝံ ဝဒေမသေ။

ဇိနံ ဝန္ဒထ ဂေါတမံ၊ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

ယေန ပေတာ ပဝုစ္စန္တိ၊ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊စောရာ နေကတိကာ ဇနာ။

ဣတော သာ ဒက္ခိဏာ ဒိသာ၊ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊မဟာရာဇာ ယသဿိသော။

ကုမ္ဘဏ္ဍာနံ အဓိပတိ၊ဝိရုဠှော ဣတိနာမသော။
ရမတိ နစ္စဂီတေဟိ၊ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

ပုတ္တာပိ တဿ ဗဟဝေါ၊ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ဣန္ဒနာမာ မဟဗ္ဗလာ။

တေစာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝိတသာရဒံ။

နမောတေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။

သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။
ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။

ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။
ယဿစောဂ္ဂဿတိ သူရိယော၊ အာဒိစ္စော မဏ္ဍလိမဟာ။

ယဿစောဂ္ဂဿမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။
ယဿစောဂ္ဂဿတေ သူရိယေ၊ သံဝရီတိ ပဝုစ္စတိ။

ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

ဣတော သာ ပစ္ဆိမာဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနေ ။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိသော။

နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟာဗ္ဗလာ။

တေစာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝိတသာရဒံ။

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။

သုတံ မေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။
ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။

ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။
ယေန ဥတ္တရကုရုရမ္မာ၊ မဟာနေရု သုဒဿနော။

မနုဿာ တတ္ထ ဇာယန္တိ၊ အပမာ အပရိဂ္ဂဟာ။
န တေ ဗီဇံ ပဝတ္တန္တိ၊ နာပိ နီယန္တိ နင်္ဂလာ။

အကဋ္ဌပါကိမံသာလိံ၊ပရိဘုဉ္ဇန္တိ မာနုသာ။
အကဏံ အထုသံ သုဒ္ဓံ၊သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊တတော ဘုဉ္ဇန္တိ ဘောဇနံ။
ဂါဝိံ ဧကခုရံ ကတွာ၊အနုယန္တိ ဒိသောဒိသံ။
ပသုံ ဧကခုရံ ကတွာ၊အနုယန္တိ ဒိသောဒိသံ။
ဣတ္ထိံ ဝါ ဝါဟနံ ကတွာ၊အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတွာ၊အနုယန္တိ ဒိသောဒိသံ။
ကုမာရိံ ဝါဟနံ ကတွာ၊အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတွာ၊အနုယန္တိ ဒိသောဒိသံ။
တေ ယာနေ အဘိရူဟိတွာ၊သဗ္ဗာ ဒိသာ အနုပရိယာယန္တိ။
ပစာရာ တဿ ရာဇိနော။
ဟတ္ထိယာနံ အဿယာနံ၊ဒိဗ္ဗယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊မဟာရာဇဿ ယသဿိနော။
တဿ စ နဂရာ အဟု၊အန္တလိက္ခေ သုမာပိတာ။
အာဋာနာဋာ ကုသိနာဋာ ပရကုသိနာဋာ။
နာဋသုရိယာ ပရကုသိဋနာဋာ၊
ဥတ္တရေန ကပိဝန္တော၊ဇနောဃ မပရေန စ။
နဝ နဝုတိယော အမ္ဗရအမ္ဗရဝတိယော။
အာဠကမန္ဒာ နာမ ရာဇဓာနီ။
ကုဝေရဿ ခေါ ပန မာရိသ၊မဟာရာဇဿ ဝိသာဏာ နာမ ရာဇဓာနီ။
တသ္မာ ကုဝေရော မဟာရာဇာ၊ဝေဿဝဏောတိ ပဝုစ္စတိ။
ပစ္စေသန္တော ပကာသေန္တိ၊တတောလာ တတ္တလာ တတောတလာ။
ဩဇသိ တေဇသိ တတောဇသိ၊သူရော ရာဇာ အရိဋ္ဌော နေမိ။
ရဟဒေါပိ တတ္ထ ဂုဏိနာမ၊ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊သဘာပိ တတ္ထ ဘဂလပတိနာမ။
ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာဒိဇဂဏာယုတာ၊မယူရကောဉ္စာဘိရုဒါ။
ကောကိလာဒီဟိ ဝဂ္ဂုဟိ။
ဇီဝဇီဝက သဒ္ဒေတ္ထ၊အထောဥဋ္ဌဝစိတ္တကာ။
ကုက္ကုဋကာ ကုဠီရကာ၊ဝနေ ပေါက္ခရသာတကာ။

သုဂတာ သာလိကသဒ္ဒေတ္တ၊ ဒဏ္ဍမာဏဝကာနိစ။
သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရဿ နာဠိနိသဒ ါ။

ဣတော သာ ဥတ္တရာဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိသော။

ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရော ဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ယက္ခေဟိ ပုရက္ခတော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသဧကောစ၊ ဣန္ဒနာမာ မဟာဗလာ။

တေစာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စ ဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။

သုတံ မေ တံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။
ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။

**ဒိသနိကာယ်ဥ်လာသော အာဋာနာဋိယပရိတ်ပါဠ် ပြီး၏။**

**အနက်ကား** စက္ခုမန္တဿ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ သိရီမတော၊ ဘုန်းကျက်သရေ ရှိတော်မူသော။ ဝိပဿိဿ၊ ဝိပဿီမြတ်စွာဘုရားအား။ မေ၊ငါ၏။ နမော၊ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဘူတာနုကမ္ပိနော၊ ခပ်သိမ်းသောသတ္တဝါတို့ကို သနားတော်မူတတ်သော။ သိခိဿပိ၊ သိခီမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

နှာတကဿ၊ ကိလေသာကို ဆေးကျော်တော်မူပြီးသော။ တပဿိနော၊ မြတ်သောအကျင့် ရှိတော်မူသော။ ဝေဿဘုဿပိ၊ ဝေဿဘူမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ မာရသေနာပမဒ္ဒိနော၊ မာရ်မင်း၏ စစ်သည်တော်ကို နှိပ်နင်းတော်မူနိုင်သော။ ကကုသန္ဓဿပိ၊ ကကုသန်မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ် စေသတည်း။

ဗြ၁ဟ္မဏာဿ၊ မကောင်းမှုကို အပပြုတော်မူပြီးသော။ ဇုသိမတော၊ မြတ်သော သီတင်းသုံးခြင်း ရှိတော်မူသော။ ကော၁ဏာ၁ဂမနဿပိ၊ ကော၁ဏာ၁ဂုံ မြတ်စွာဘုရားအားလည်း။ မေ၊င၊ါ၏။ နမော၊ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဓိ၊ ကိလေသာခပ်သိမ်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်တော်မူပြီးသော။ ကဿပဿစ၊ ကဿပမြတ်စွာဘုရားအားလည်း။မေ၊င၊ါ၏။ နဒမာ၊ရှိခိုးခြင်းသည်။ အတ္ထု၊ဖြစ်ခစသတည်း။

ယော၊အကြင်ဂေါတမမြတ်စွာဘုရားသည်။ သဗ္ဗဒုက္ခပနူဒနံ၊ ဆင်းရဲခပ်သိမ်းကိုဖျောက်စေတတ်သော။ဣမံဓမ္မံ၊ဤတရားဆယ်ပါးကို။ ဒေသေသိ၊ဟော၁ကြားတော်မူပေ၏။ အင်္ဂီရသဿ၊ ကိုယ်တော်မှ ထွက်သော ရောင်ခြည်ခြောက်ပါး ရှိတော်မူသော။ သိရီမတော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော။ သကျပုတ္တဿ၊ သာကီဝင်မင်းသား ဖြစ်တော်မူသော။ တဿစ၊ ထိုဂေါတမ မြတ်စွာဘုရားအားလည်း။မေ၊င၊ါ၏။နမော၊ရှိခိုးခြင်းသည်။အတ္ထု၊ဖြစ်စေသတည်း။

လောကေ၊လောကဥ္ဇ။နိဗ္ဗုတာ၊ ဆင်းရဲမှ ငြိမ်းတော်မူကုန်ပြီးသော။ယေစာပိ၊ အကြင် ရှေးဘုရားတို့သည်လည်း။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းသော တရားကို။ ဝိပဿိသုံ၊မြင်တော်မူကုန်ပြီ။တေဇနာ၊ ထိုရှေးဘုရားတို့သည်။ အပိသုဏာ၊ ချောပစ်ခြင်း ကင်းတော်မူကုန်၏။အထ၊ထိုမှို။မဟန္တာ၊ကြီးမြတ်ကုန်၏။ ဝီတသာရဒါ၊ရဲရင့်ကုန်၏။တေသံပိ၊ ထိုရှေးဘုရားတို့အားလည်း။ မေ၊င၊ါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ဖြစ်စေသတည်း။

ဒေဝမနုဿာနံ၊ နတ်,လူတို့၏။ ဟိတံ၊ စီးပွားများကြောင်း ဖြစ်တော်မူသော။ ဂေါတမံ၊ဂေါတမအနွယ်ဖြစ်တော်မူသော။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ မဟန္တံ၊ ပူဇော်အပ်တော်မူသော။ဝိတသာရဒံ၊ ရွံ့ရှာခြင်း ကင်းတော်မူသော။ ယံ၊ အကြင်မြတ်စွာဘုရားကို။ ဒေဝမနုဿာ၊နတ်,လူတို့သည်။နမဿန္တိ၊ရှိခိုးကုန်၏။ တဿပိ၊ထိုမြတ်စွာဘုရားအားလည်း။မေ၊င၊ါ၏။နမော၊ရှိခိုးခြင်းသည်။အတ္ထု၊ဖြစ်စေသတည်း။

ယတော၊အကြင်အရပ်မျက်နှာမှ။ အာဒိစ္စော၊အာဒိစ္စ ဟုဆိုအပ်သော။ မဏ္ဍလီ မဟာ၊ကျယ်သောအဝန်းရှိသော။ သူရိယော၊နေမင်းသည်။ ဥဂ္ဂစ္ဆတိ၊တက်ထွန်း၏။ ယဿ၊ အကြင်အရပ်၌။ ဥဂ္ဂစ္ဆမာနဿ၊ တက်ထွန်းစဉ်။ သံဝရီပိ၊ ညဉ့်သည်လည်း။ နိရုဇ္ဈတိ၊ကင်း၏။

ယဿ၊ အကြင်အရပ်မျက်နှာ၌။ သူရိယေ၊ နေမင်းသည်။ ဥဂ္ဂစ္ဆတေ၊ တက်ထွန်းလသော်။ဒိဝသောတိ၊နေ့ဟူ၍။ပဝုစ္စတိ၊ခေါ်ဝေါ်အပ်၏။

တတ္ထ၊ ထိုနေတက်ရာအရပ်၌။ သရိတောဒကော၊ ကြည်လင်သော ရေရှိသော။ သမုဒ္ဒေါ၊မဟာသမုဒြာ ဟုဆိုအပ်သော။ ရဟဒေါပိ၊ ရေအိုင်ကြီးသည်လည်း။ ဂမ္ဘီရော၊နက်စွာ၏။

တတ္ထ၊ထိုနေထွက်ရာ၌။ တံ၊ထိုရေအိုင်ကြီးကို။ သရိတောဒကော၊မြစ်အပေါင်းတို့ သက်ဝင်သော ရေရှိသော။ သမုဒ္ဒေါ၊ မဟာသမုဒြာဟူ၍။ ဝေ၊ ဤသို့။ ဇာနန္တိ၊ သိကုန်၏။

ယသဿိ၊အခြံအရံ အကျော်အစောရှိသော။ သောမဟာရာဇာ ထိုနတ်မင်းကြီး သည်။ယံဒိသံ၊ အကြင်အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုစောင့်ရှောက်၏။ သာ၊ထိုအရပ်မျက်နှာကား။ဣတော၊ ဤမြင်းမိုရ်တောင်မင်းမှ။ ပုရိမဒိသာ၊ အရှေ့ မျက်နှာတည်း။ဣတိ၊ဤသို့။နံ၊ထိုအရပ်မျက်နှာကို။ ဇနော၊လူများအပေါင်းသည်။ အာစိက္ခတိ၊ပြောဟော၏။

**ဓတရဋ္ဌနတ်မင်းကြီး** ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗနတ်တို့၏။ အဓိပတိ၊ အရှင်ဖြစ်သော။ သော မဟာရာဇာ၊ထိုနတ်မင်းကြီးကား။ ဓတရဋ္ဌောတိနာမ၊ဓတရဋ္ဌ အမည်ရှိ၏။ ဂန္ဓဗ္ဗေဟိ၊ ဂန္ဓဗ္ဗနတ်တို့သည်လည်း။ ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။ နစ္စဂီတေဟိ၊ကခြင်း,သီခြင်းတို့ဖြင့်။ရမတိ၊ ။မွေ့လျော်၏။

တဿ၊ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ အသီတိဒသေကာစ၊ ကိုးကျိပ်တယောက်ရှိကုန်သည်ဖြစ်၍။ဗဟဝေါ၊ များစွာကုန်၏။ဣန္ဒနာမာ၊ဣန္ဒနှင့်နှင့် မည်ကုန်သည်ဖြစ်၍။ကေနာမာ၊တူသော အမည်ရှိကုန်၏။ဣတိ၊ဤသို့။ မေ၊ငါသည်။ သုတံ၊ကြားနာရ၏။

မဟာဗ္ဗလာ၊ကြီးသောခွန်အားရှိကုန်သော။ တေစာပိ၊ ထိုကိုးကျိပ်တယောက်ကုန် သောနတ်တို့သည်လည်း။ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ဒိသွာန၊ ဖူးမြင်ကုန်၍။ ဝိတသာရဒံ၊ ကြောက်ခြင်း ကင်းတော်မူသော။ မဟန္တံ၊ ပူဇော်အပ်တော်မူသော။ အာဒိစ္စဗန္ဓုနံ၊ နေမင်းအဆွေ ဖြစ်တော်မူသော။ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ဒူရတောဝ၊အဝေးကလျှင်။ နမဿန္တိ၊ရှိခိုးကုန်၏။

ပုရိသာဇည၊ယောကျ်ားမြတ် ဖြစ်တော်မူသောမြတ်စွာဘုရား။တေ၊အရှင်ဘုရား အား။နမော၊ရှိခိုးပါ၏။ပုရိသုတ္တမ၊ယောကျ်ားမြတ် ဖြစ်တော်မူသောမြတ်စွာဘုရား။ တေ၊အရှင်ဘုရားအား။ နမော၊ရှိခိုးပါ၏။တွံ၊ အရှင်ဘုရားသည်။ကုသလေန၊သိမ်မွေ့ စင်ကြယ်သော သဗ္ဗညုတညာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကြည့်ရှု ဆင်ခြင်တော်မူ

ပေ၏။ဣတိ၊ဤသို့။ ဝတွာ၊ဆိုကုန်၍။ အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။တံ၊ အရှင်ဘုရားကို။ဝန္ဒန္တိ၊ရှိခိုးကုန်၏။တေ၊ဤအကြောင်းကို။နောငါတို့သည်။အဘိဏှ သော၊မပြတ်လျှင်။သုတံ၊ကြားနာရ၏။

တသ္မာ၊ထို့ကြောင့်။ ဂေါတမံ၊ ဂေါတမ အမည်တော်ရှိသော။ ဇိနံ၊မြတ်စွာ ဘုရားကို။ ဝန္ဒထ၊ ရှိခိုးကုန်၏လော။ ဣတိ၊ဤသို့။ ပုဋ္ဌာ၊မေးအပ်ကုန်သည်ရှိသော်။ ဂေါတမံ၊ ဂေါတမ အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ရှိခိုးပါ ကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမ အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရား ကို။ဝန္ဒာမ၊ရှိခိုးပါကုန်၏။ဧဝံ၊ဤသို့။ဝဒေမသော၊ဆိုကြကုန်၏။

**ဝိရူဠှနတ်မင်းကြီး** ယေန၊အကြင်အရပ်မျက်နှာဖြင့်။ ပေတာ၊ သေလွန်ကုန်သော သူတို့ကို။ပဝုစ္စန္တိ၊ထုတ်လေကုန်ဟု ဆိုအပ်ကုန်၏။ယေန၊အကြင် အရပ်မျက်နှာဖြင့်။ပိသုဏာစ၊ ချောပစ်တတ်ကုန်သော သူတို့ကိုလည်းကောင်း။ ပိဋ္ဌိ မံသိကာစ၊ သူကျောက်သားကို စားကုန်ဘိသကဲ့သို့ မျက်ကွယ်ရှုတ်ချတတ်သော သူတို့ကိုလည်းကောင်း။ ပါဏာတိပါတိနောစ၊ သူ့အသက်ကို ချတတ်သောသူတို့ ကိုလည်းကောင်း။ လုဒ္ဒါစ၊ ကြမ်းကြုတ်သော သူတို့ကိုလည်းကောင်း။ စောရာစ၊ ခိုးသူတို့ကိုလည်းကောင်း။ နေကတိကာဇနာစ၊စဉ်းလဲ စဉ်းစားမူသောသူတို့ကိုလည်း ကောင်း။ပဝုစ္စန္တိ၊သတ်လေကုန်ဟု ဆိုအပ်ကုန်၏။

ယဿဒိသံ၊အခြံအရံ အကျော်အစောရှိသော။ သောမဟာရာဇာ၊ ထိုနတ်မင်းကြီး သည်။ယံဒိသံ၊အကြင် အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုစောင့်ရှောက်၏။ သာ၊ထိုအရပ်မျက်နှာကား။ ဣတော၊ ဤမြင်းမိုရ်တောင်မှ။ ဒက္ခိဏာဒိသာ၊ တောင် မျက်နှာတည်း။ဣတိ၊ဤသို့။နံ၊ထိုအရပ်မျက်နှာကို။ ဇနော လူများအပေါင်းသည်။ အာစိက္ခတိ၊ပြောဟော၏။

ကုမ္ဘဏ္ဍာနံ၊ကုမ္ဘာန်ရက္ခိုသ်တို့၏။ အဓိပတိ၊အရှင်ဖြစ်သော။ သောမဟာရာဇာ၊ ထိုနတ်မင်းကြီးကား။ ဝိရူဠှောဣတိနာမ၊ ဝိရူဠှ အမည်ရှိ၏။ ကုမ္ဘဏ္ဍေဟိ၊ ကုမ္ဘာန် ရက္ခိုသ်တို့သည်။ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။နစ္စဂီတေဟိ၊ ကခြင်း, သီခြင်းတို့ ဖြင့်။ရမတိ၊မွေ့လျော်၏။

တဿ ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ အသီတိဒသဧကောစ၊ ကိုးကျိပ်တယောက်ရှိကုန်သည်ဖြစ်၍။ ဗဟဝေါ၊ များစွာကုန်၏။ ဣန္ဒနာမာ၊ ဣန္ဒ နှင့်နှင့် မည်ကုန်သည်ဖြစ်၍။ ကေနာမာ၊ တူသောအမည်ရှိကုန်၏။ ဣတိ၊ ဤသို့။ မေငါသည်။သုတံ၊ကြားနာရ၏။

မဟာဗ္ဗလာ၊ ကြီးသော ခွန်အားရှိကုန်သော။ တေစာပိ၊ ထိုကိုးကျိပ်တယောက်ကုန်သောနတ်သားတို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ ဖူးမြင်ကုန်၍။ ဝိတသာရဒံ၊ ကြောက်ခြင်း ကင်းတော်မူသော။ မဟန္တံ၊ ပူဇော်အပ်တော်မူသော။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ ဒူရတော၀၊ဝေးကလျှင်။နမဿန္တိ၊ရှိခိုးကုန်၏။

ပုရိသာဇည၊ယောကျ်ားမြတ် ဖြစ်တော်မူသောမြတ်စွာဘုရား။တေ၊အရှင်ဘုရားအား။ နမော၊ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား။တေ၊အရှင်ဘုရားအား။နမော၊ရှိခိုးပါ၏။တွံ၊အရှင်ဘုရားသည်။ ကုသလေန၊ သိမ်မွေ့ စင်ကြယ်သော သဗ္ဗညုတညာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကြည့်ရှုဆင်ခြင်တော်မူပေ၏။ဣတိ၊ဤသို့။ဝတွာ၊ဆိုကုန်၍။အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။ တံ၊အရှင်ဘုရားကို။ ဝန္ဒန္တိ၊ရှိခိုးကုန်၏။ တေံ၊ဤအကြောင်းကို။ နော၊ ငါတို့သည်။ အဘိဏှသော၊မပြတ်လျှင်။သုတံ၊ကြားနာရ၏။

တသ္မာ၊ထို့ကြောင့်။ဂေါတမံ၊ဂေါတမအမည်တော်ရှိသော။ဇိနံ၊မြတ်စွာဘုရားကို။ဝန္ဒထ၊ရှိခိုးကုန်၏လော။ဣတိ၊ဤသို့။ ပုဋ္ဌာ၊မေးအပ်ကုန်သည်ရှိသော်။ဂေါတမံ၊ ဂေါတမအမည်တော်ရှိသော။ ဇိနံ၊မြတ်စွာဘုရားကို။ ဝန္ဒာမ၊ရှိခိုးပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမ အမည်တော်ရှိသော။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ဧဝံ၊ဤသို့။ဝဒေမသေ၊ဆိုကြကုန်၏။

**ဝိရူပက္ခနတ်မင်းကြီး** ယတ္ထ၊အကြင်အရပ်မျက်နှာ၌။ အာဒိစ္စော၊ အာဒိစ္စ ဟုဆိုအပ်သော။မဏ္ဍလီမဟာ၊ ကျယ်သော အဝန်းရှိသော။ သူရိယော၊ နေမင်းသည်။ ဩဂ္ဂစ္ဆတိ၊ဝင်၏။ ယဿ၊ အကြင်အရပ်မျက်နှာ၌။ ဩဂ္ဂစ္ဆမာနဿ၊ ဝင်စဉ်။ဒိဝသော၊နေ့သည်လည်း။နိရုဇ္ဈတိ၊ကင်း၏။ယဿ၊အကြင်အရပ်မျက်နှာ၌။ သူရိယော၊နေမင်းသည်။ ဩဂ္ဂစ္ဆတေ၊ဝင်သည်ရှိသော်။ သံဝရီတိ၊ညဥ့်ဟူ၍။ ပဝုစ္စတိ၊ ခေါ်ဝေါ်အပ်၏။

တတ္ထ၊ ထိုနေဝင်ရာအရပ်၌။ သရိတောဒကော၊ ကြည်လင်သော ရေရှိသော။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒ ဟုဆိုအပ်သော။ ရဟဒေါ၊ ရေအိုင်ကြီးသည်လည်း။ ဂမ္ဘီရော၊နက်စွာ၏။ တတ္ထ၊ထိုနေဝင်ရာ၌။ တံ၊ထိုရေအိုင်ကြီးကို။ သရိတောဒကော၊ မြစ်အပေါင်းတို့ သက်ဝင်သော ရေရှိသော။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာဟူ၍။ ဧဝံ၊ ဤသို့။ဇာနန္တိ၊သိကုန်၏။

ယဿဿိ၊အခြံအရံ အကျော်အစောရှိသော။ သောမဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ယံဒိသံ၊ အကြင်အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုစောင့်ရှောက်၏။ သာ၊ ထိုအရပ်မျက်နှာကား။ ဣတော၊ ဤမြင်းမိုရ်တောင်မင်းမှ။ ပစ္ဆိမာဒိသာ၊

အနောက်မျက်နှာတည်း။ ဣတိ၊ ဤသို့။ နံ၊ ထိုအရပ်မျက်နှာကို။ ဇနော၊ လူများ အပေါင်းသည်။အာစိက္ခတိ၊ပြောဟော၏။

နာဂါနဉ္စ၊နဂါးတို့၏သာလျှင်။ အဓိပတိ၊ အရှင်ဖြစ်သော။ သောမဟာရာဇာ၊ ထိုနတ်မင်းကြီးကား။ ဝိရူပက္ခောတိနာမ၊ ဝိရူပက္ခအမည်ရှိ၏။ နာဂေဟေဝ၊နဂါး တို့သည်သာလျှင်၊ ပုရက္ခတော၊ခြံရံအပ်သည်ဖြစ်၍။ နစ္စဂီတေဟိ၊ကခြင်း,သီခြင်းတို့ ဖြင့်။ရမတိ၊မွေ့လျော်၏။

တဿ၊ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ အသီတိဒသဧကောစ၊ ကိုးကျိပ်တယောက် ရှိကုန်သည်ဖြစ်၍။ ဗဟဝေါ၊ များစွာကုန်၏။ ဣန္ဒနာမာ၊ ဣန္ဒ နှင့်နှင့် မည်ကုန်သည်ဖြစ်၍။ ဧကနာမာ၊ တူသောအမည်ရှိကုန်၏။ ဣတိ၊ဤသို့။မေ၊ ငါသည်။သုတံ၊ကြားနာရ၏။

မဟာဗ္ဗလာ၊ကြီးသောခွန်အားရှိကုန်သော။တေစာပိ၊ ထိုကိုးကျိပ်တယောက်ကုန် သော နတ်သားတို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ဖူးမြင်ကုန်၍။ ဝိတ သာရဒံ၊ကြောက်ခြင်းကင်းတော်မူသော။ မဟန္တံ၊ပူဇော်အပ်တော်မူသော။ အာဒိစ္စ ဗန္ဓုနံ၊နေမင်းအဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ ဒူရတောဝ၊ အဝေး ကလျှင်။နမဿန္တိ၊ရှိခိုးကုန်၏။

ပုရိသာဇည၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင် ဘုရားအား။နမော၊ရှိခိုးပါ၏။ပုရိသုတ္တမ၊ယောကျ်ားမြတ် ဖြစ်တော်မူသောမြတ်စွာ ဘုရား။တေ၊အရှင်ဘုရားအား။နမော၊ရှိခိုးပါ၏။ တွံ၊အရှင်ဘုရားသည်။ကုသလေန၊ သိမ်မွေ့ စင်ကြယ်သော သဗ္ဗညုတညာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကြည့်ရှုဆင်ခြင် တော်မူပေ၏။ဣတိ၊ဤသို့။ဝတ္ထာ၊ဆိုကုန်၍။အမနုဿာပိ၊နတ်ဘီလူးတို့သည်လည်း။ တံ ထိုအရှင်ဘုရားကို။ဝန္ဒန္တိ၊ရှိခိုးကုန်၏။တေံ၊ဤအကြောင်းကို။ နော၊ငါတို့သည်။ အဘိဏှသော၊မပြတ်လျှင်။သုတံ၊ကြားနာရ၏။

တသ္မာ၊ထို့ကြောင့်။ဂေါတမံ၊ဂေါတမအမည်တော်ရှိသော။ ဇိနံ၊မြတ်စွာဘုရား ကို။ဝန္ဒထ၊ရှိခိုးကုန်၏လော။ဣတိ၊ဤသို့။ပုဋ္ဌာ၊မေးအပ်ကုန်သည်ရှိသော်။ ဂေါတမံ၊ ဂေါတမအမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ရှိခိုးပါကုန်၏။ဧဝံ၊ ဤသို့။ဝဒေမသေ၊ဆိုကြကုန်၏။

**ကုဝေရနတ်မင်းကြီး** ယေန၊အကြင်အရပ်မျက်နှာ၌။ ရမ္မာ၊ မွေ့လျော်ဘွယ်ရှိသော။ ဥတ္တရကုရု၊ဥတ္တရကုရုကျွန်းသည်လည်းကောင်း။ သုဒဿနော၊ အရောင်လေးပါးဖြင့် တင့်တယ်သော ရှုဖွယ်ရှိသော။မဟာနေရု၊မြင်းမိုရ်တောင်ကြီး သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဥတ္တရကုရုကျွန်း၌။ အမမာ၊ ဝတ်စား

တန်းဆာစသည်တို့၌ မြတ်နိုးခြင်း ကင်းကုန်သော။အပရိဂ္ဂဟာ၊ သား မယား သိမ်းဆည်းခြင်း မရှိကုန်သော။မနုဿာ၊လူတို့သည်။ဇာယန္တိ၊ဖြစ်ကုန်၏။

တေ မနုဿာ၊ထိုလူတို့သည်။ဗီဇံ၊မျိုးစေ့ကို။ နဝပ္ပန္တိ၊မကြဲကုန်။နင်္ဂလာ၊ ထွန်တုံးတို့ကို။နာပိနီယန္တိ၊ဆောင်လည်း မဆောင်ကုန်။အကဋ္ဌပါကိမံ၊ ထင်းမီးဖြင့် မကျက်သော။သာလိံ၊သလေးထမင်းကို။ပရိဘုဉ္ဇန္တိ၊သုံးဆောင်ကုန်၏။

အကဏံ၊ဆန်ကွဲမရှိသော။အထုသံ၊ဖွဲ့မရှိသော။ သုဒ္ဓံ၊စင်ကြယ်စွာသော။ သုဂန္ဓံ၊ ကောင်းသော အနံ့ရှိသော။ တဏ္ဍုလမ္ဖလံ၊ သလေးဆန်ကို။ တုဏ္ဍိကိရေ၊ အိုး၌။ ပစိတွာန၊ ဇောတိပါသာဏမည်သော ကျောက်မှ ထွက်သောမီးဖြင့် ချက်ကုန်၍။ တတော၊ထိုအိုးမှ။ဘောဇနံ၊အစာကို။ဘုဉ္ဇန္တိ၊သုံးဆောင်ကုန်၏။

ယက္ခာ၊ဝေဿဝဏ်နတ်မင်းကြီး၏ အစေအပါးဖြစ်သော ဘီလူးတို့သည်။ ဂါဝိံ၊ နွားမကို။ ကေဝုရံကတွာ၊ ခွါတခုရှိသောမြင်းကိုကဲ့သို့ ပြုကုန်၍။ ဒိသောဒိသံ၊တူရူ အရပ် အထောင့်အရပ်သို့။အနုယန္တိ၊သွားလာလှည့်ပတ်ကုန်၏။

ဣတ္ထိံ ဝါ၊လူမိန်းမကိုမူလည်း။ ဝါဟနံကတွာ၊ယာဉ်ပြုကုန်၍။ ဒိသောဒိသံ၊တူရူ အရပ် အထောင့်အရပ်သို့။အနုယန္တိ၊သွားလာလှည့်ပတ်ကုန်၏။ပုရိသံ၊လူယောကျ်ားကို။ဝါဟနံကတွာ၊ယာဉ်ပြုကုန်၍။ဒိသောဒိသံ၊တူရူအရပ် အထောင့်အရပ်သို့။ အနုယန္တိ၊သွားလာလှည့်ပတ်ကုန်၏။

ကုမာရိံ၊သတို့သမီးကို။ဝါဟနံကတွာ၊ ယာဉ်ပြုကုန်၍။ ဒိသောဒိသံ၊တူရူအရပ် အထောင့်အရပ်သို့။ အနုယန္တိ၊သွားလာလှည့်ပတ်ကုန်၏။ ကုမာရံ၊ သတို့သားကို။ ဝါဟနံကတွာ၊ယာဉ်ပြုကုန်၍။ ဒိသောဒိသံ၊ တူရူအရပ် အထောင့်အရပ်သို့။ အနုယန္တိ၊သွားလာလှည့်ပတ်ကုန်၏။

တဿ ရာဇိနော၊ ထိုဝေဿဝဏ်နတ်မင်းကြီး၏။ ပစာရာ၊ အစေအပါး အလုပ်အကျွေးဖြစ်ကုန်သော။တေ၊ထိုနတ်ဘီလူးတို့သည်။ ယာနေ၊ယာဉ်၌။အဘိရူဟိတွာ၊ တက်စီးကုန်၍။ သဗ္ဗာဒိသာ၊ အရပ်ခပ်သိမ်းတို့သို့။အနုပရိယာယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။

ဟတ္ထိယာနံ၊ ဆင်ယာဉ်သည်လည်းကောင်း။ အဿယာနံ၊မြင်းယာဉ်သည်လည်းကောင်း။ဒိဗ္ဗယာနံ၊ နတ်ယာဉ်သည်လည်းကောင်း။ ပါသာဒါစေဝ၊ ပြာသာဒ်သည်လည်းကောင်း။ သိဝိကာစေဝ၊ ထမ်းစင်သည်လည်းကောင်း။ တေယာနံ၊ ထိုယာဉ်အပေါင်းသည်။ ယသဿိနော၊ အခြံအရံ အကျော်အစောရှိသော။ မဟာရာဇဿ၊ ဝေဿဝဏ်နတ်မင်းကြီးအား။ဥပဋ္ဌိတံ၊ရှေးရှုထင်၏။

အန္တလိက္ခေ၊ကောင်းကင်ပြင်၌။သုမာပိတာ၊ကောင်းစွာဖန်ဆင်းအပ်ကုန်သော။ တဿ၊ထိုဝေဿဝဏ်နတ်မင်းကြီး၏။ နဂရာစ၊မြို့တို့သည်ကား။ အာဋ္ဌာနာဋ္ဌာ၊ အာဋ္ဌာနာဋ္ဌမည်သောမြို့။ကုသိနာဋ္ဌာ၊ကုသိနာဋ္ဌမည်သောမြို့။ ပရကုသိနာဋ္ဌာ၊ ပရကုသိနာဋ္ဌမည်သောမြို့။နာဋ္ဌသူရိယာ၊ နာဋ္ဌသူရိယမည်သောမြို့။ ပရကုသိဋ္ဌနာဋ္ဌာ၊ ပရကုသိဋ္ဌနာဋ္ဌမည်သောမြို့။ဥတ္တရေန၊မြောက်စူးစူး၌။ ကပိဝန္တော၊ကပိဝန္တမည်သောမြို့။ အပရေနစ၊ အနောက်စူးစူး၌လည်း။ ဇနောဃံ၊ ဇနောဃမည်သောမြို့။ နဝနဝုတိယော၊နဝနဝုတိယမည်သောမြို့။အမ္ဗရအမ္ဗရဝတိယော၊ အမ္ဗရအမ္ဗရဝတိယမည်သော မြို့။အာဋ္ဋကမန္ဒာနာမ၊အာဋ္ဋကမန္ဒာမည်သော။ ရာဇဓာနီ၊ မင်းနေပြည်မြို့။ ဣမေ၊ ဤသည့်မြို့တို့သည်။အဟု၊ဖြစ်ကုန်၏။

မာရိသ၊ဆင်းရဲကင်းတော်မူသောမြတ်စွာဘုရား။ကုဝေရဿ၊ကုဝေရမည်သော။ မဟာရာဇဿ၊ နတ်မင်းကြီးအား။ ဝိသာဏာနာမ၊ ဝိသာဏမည်သော။ ရာဇဓာနီ၊ မင်းနေမြို့သည်။ ခေါပန၊စင်စစ်လျှင်။ အတ္ထိ၊ရှိ၏။တသ္မာ၊ထို့ကြောင့်။ ကုဝေရော၊ ကုဝေရမည်သော။ မဟာရာဇာ၊နတ်မင်းကြီးကို။ ဝေဿဝဏော၊ ဝေဿဝဏ်ဟူ၍။ ပဝုစ္စတိ၊ခေါ်ဝေါ်အပ်၏။

တတောလာစ၊တတောလာမည်သော နတ်မင်းကြီးသည်လည်းကောင်း။ တတ္တလာစ၊တတ္တလာမည်သောနတ်မင်းလည်းကောင်း။တတောတလာစ၊ တတောတလာ မည်သောနတ်မင်းကြီးလည်းကောင်း။ ဩဇသိစ၊ ဩဇသိ မည်သောနတ်မင်းလည်း ကောင်း။ တေဇသိစ၊ တေဇသိမည်သော နတ်မင်းလည်းကောင်း။ တတောဇသိစ၊ တတောဇသိမည်သော နတ်မင်းလည်းကောင်း။ သူရောစ၊ သူရမည်သောနတ်မင်း လည်းကောင်း။ ရာဇာစ၊ ရာဇာမည်သော နတ်မင်းလည်းကောင်း။ သူရောရာဇာစ၊ သူရရာဇာမည်သော နတ်မင်းလည်းကောင်း။ အရိဋ္ဌောစ၊ အရိဋ္ဌမည်သောနတ်မင်း လည်းကောင်း။ နေမိစ၊ နေမိမည်သော နတ်မင်းသည်လည်းကောင်း။ အရိဋ္ဌော နေမိစ၊ အရိဋ္ဌနေမိ မည်သော နတ်မင်းသည်လည်းကောင်း။ ဣတိ၊ဤသို့။ ဒွါဒသ ရဋ္ဌိကာ၊တိုင်းမှူး တိုင်းကွပ်နတ်မင်း တကျိပ်နှစ်ပါးတို့သည်။ ပစ္စေသန္တော၊ အသီး အသီး အကျိုးစီးပွားကို ရှာမှီးကြည့်ရှုကုန်လျက်။ပကာသေန္တိ၊ထင်ရှားပြကုန်၏။

တတ္ထ၊ထိုဝိသာဏမည်သော နတ်ပြည်၌။ဓရဏီနာမ၊ဓရဏီမည်သော။ရဟာဒေါပိ၊ ယူဇနာငါးဆယ်ရှိသော ရေအိုင်ကြီးသည်လည်း။အတ္ထိ၊ရှိ၏။ ယတော၊အကြင်ဓရဏီ မည်သော ရေအိုင်ကြီးမှ။ မေဃာ၊မိုးတို့သည်။ ပဝဿန္တိ၊ရွာသွန်းကုန်၏။ ယတော၊ အကြင်ဓရဏီမည်သော ရေအိုင်ကြီးမှ။ ဝဿာ၊ရွာသော မိုးရေတို့သည်၊ ပဘာယန္တိ၊ လျှံ၍ စီးကုန်၏။

တတ္ထ၊ထိုမရဏီမည်သောရေအိုင်ကြီးနား၌။ ဘဂလဝတိနာမ၊ ဘဂလဝတီမည်သော။သဘာပိ၊ တဆယ့်နှစ်ယူဇနာရှိသော ရတနာမဏ္ဍပ်သည်လည်း။ အတ္ထိ၊ရှိ၏။ ယတ္ထ၊ အကြင်ရတနာမဏ္ဍပ်၌။ ယက္ခာ၊ ဘီလူးတို့သည်။ ပရိယူပါသန္တိ၊ ဆည်းကပ်ညီးမူကုန်၏။ တတ္ထ၊ ထိုရတနာမဏ္ဍပ်၌။ ရုက္ခာ၊ သစ်ပင်တို့သည်။ နိစ္စဖလာ၊မပြတ်သီးကုန်၏။နာနာဒိဇဂဏာယုတာ၊အထူးထူးသော ငှက်အပေါင်းတို့နှင့် ယှဉ်ကုန်၏။ မယူရကောဉ္စာဘိရုဒါ၊ ဥဒေါင်း, ကြိုးကြာ တွန်မြူးခြင်းရှိ၏။ ဝဂ္ဂုဟိ၊ သာယာသောအသံရှိကုန်သော။ ကောကိလာဒီဟိ၊ ဥဩ စသောငှက်တို့သည်။ အဘိရုဒါ၊ တွန်မြူးအပ်ကုန်၏။

တတ္ထ၊ဤရတနာမဏ္ဍပ်၌၊ဇီဝဇီဝကသဒ္ဒေါ၊အသက်ရှည်ပါစေ အသက်ရှည်ပါစေဟု တွန်မြူးတတ်သော ဇီဝစိုးငှက်တို့ အသံသည်လည်းကောင်း။အတ္ထိ၊ရှိ၏။အထော၊ထိုမှို။ဥဋ္ဌဝစိတ္တကာ၊ဆန်းကြယ်စွ ဆန်းကြယ်စွ ထလော ထလောဟု တွန်မြူးတတ်သော ဦးပုတ်ငှက်တို့သည်လည်းကောင်း။ ကုက္ကုဋကာ၊ တောကြက်တို့သည်လည်းကောင်း။ကုလိရကာ၊ ရွှေဗုဇွန်တို့သည်လည်းကောင်း။ ပေါက္ခရသာတကာ၊သင်္ကန်းဖွပ်ငှက်တို့သည်လည်းကောင်း။ ဝနေ၊ ပဒုမာတော၌။ ဝိစရန္တိ၊ မြူးတူးသွားလာကုန်၏။

တတ္ထ၊ဤမရဏီမည်သော ရေအိုင်၌။သုကသာလိကသဒ္ဒေါ၊ကျေးငှက် ဆက်ရက်တို့ တွန်မြူးသံသည်လည်း။ အတ္ထိ၊ရှိ၏။ ဒဏ္ဍမာဏကဝကာနိစ၊ လက်နှစ်ဖက်တို့ဖြင့် ရွှေလှံတံကို ကိုင်လျက် ကြာဖက်၌နင်း၍ ချတုံချီတုံ ကစားတတ်သော ငှက်ဘီလူးတို့သည်လည်း။ဝိစရန္တိ၊ မြူးတူးသွားလာကုန်၏။ ကုဝေရဿ၊ ကုဝေရနတ်မင်းကြီး၏။ သာနာဠိနိ၊ထိုမရဏီမည်သော ပဒုမာအိုင်သည်။ သဗ္ဗကာလံ၊ ခပ်သိမ်းသောကာလပတ်လုံး။သဒါ၊အစဉ်မပြတ်။သောဘတိ၊တင့်တယ်၏။

ယသဿီ၊အခြံအရံ အကျော်အစောရှိသော။ သောမဟာရာဇာ၊ထိုနတ်မင်းကြီးသည်။ယံဒိသံ၊အကြင် အရပ်မျက်နှာကို။ အဘိပါလေတိ၊ ဒရှုးရှူစောင့်ရှောက်၏။ သာ၊ထိုအရပ်မျက်နှာသည်ကား။ ဣတော၊ ဤမြင်းမိုရ်တောင်မင်းမှ။ ဥတ္တရာဒိသာ၊မြောက်မျက်နှာတည်း။ဣတိ၊ဤသို့။နံ၊ထိုအရပ်မျက်နှာကို။ဇနော၊လူများအပေါင်းသည်။အာစိက္ခတိ၊ပြောဟော၏။

ယက္ခာနဉ္စ၊ဘီလူးတို့၏သာလျှင်။ အဓိပတိ၊ အရှင်ဖြစ်သော။ သောမဟာရာဇာ၊ထိုနတ်မင်းကြီးကား။ကုဝေရောဣတိနာမ၊ကုဝေရအမည်ရှိ၏။ ယက္ခေဟဝ၊ဘီလူးတို့သည်သာလျှင်။ပုရက္ခတော၊ခြံရံအပ်သည်ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း, သီခြင်းတို့ဖြင့်။ရမတိ၊မွေ့လျော်၏။

တဿ၊ထိုနတ်မင်းကြီး၏။ ပုတ္တာ ိ၊ သားတို့သည်လည်း။ အသီတိဒသဧကောစ၊ ကိုးကျိပ်တယောက် ရှိကုန်သည်ဖြစ်၍။ ဗဟဝေါ၊ များစွာကုန်၏။ ဣန္ဒနာမာ၊ ဣန္ဒနှင့်နှင့် မည်ကုန်သည်ဖြစ်၍။ကေနာမာ၊ တူသောအမည်ရှိကုန်၏။ ဣတိ၊ဤသို့။မေ၊ ငါသည်။သုတံ၊ကြားနာရ၏။

မဟဗ္ဗလာ၊ ကြီးသောခွန်အား ရှိကုန်သော။ တေစာပိ၊ ထိုကိုးကျိပ်တယောက်သော နတ်သားတို့သည်လည်း။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ ဒိသွာန၊ဖူးမြင်ကုန်၍။ ဝိတသာရဒံ၊ကြောက်ခြင်း ကင်းတော်မူသော။မဟန္တံ၊ပူဇော်အပ်တော်မူသော။ အာဒိစ္စဗန္ဓုနံ၊ နေမင်းအဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ ဒူရတောဝ၊အဝေးကလျှင်။နမဿန္တိ၊ရှိခိုးကုန်၏။

ပုရိသာဇည၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။နမော၊ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား။တေ၊ အရှင်ဘုရားအား။ နမော၊ရှိခိုးပါ၏။ တွံ၊အရှင်ဘုရားသည်။ ကုသလေန၊ သိမ်မွေ့စင်ကြယ်သော သဗ္ဗညုတဉာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကောင်းစွာကြည့်ရှုဆင်ခြင်တော်မူပေ၏။ ဣတိ၊ဤသို့။ ဝတွာ၊ ဆိုကုန်၍။ အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။တံ၊ အရှင်ဘုရားကို။ ဝန္ဒထ၊ ရှိခိုးကုန်၏။ တောံ၊ဤအကြောင်းကို။နော၊ငါတို့သည်။အဘိဏှသော၊မပြတ်လျှင်။သုတံ၊ကြားနာရ၏။

တသ္မာ၊ထို့ကြောင့်။ ဂေါတမံ၊ ဂေါတမ အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ဝန္ဒထ၊ ရှိခိုးကုန်၏လော။ ဣတိ၊ဤသို့။ ပုဋ္ဌာ၊မေးအပ်ကုန်သည်ရှိသော်။ ဂေါတမံ၊ ဂေါတမ အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသော။ဂေါတမံ၊ဂေါတမအမည်တော်ရှိသော။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ရှိခိုးပါကုန်၏။ဧဝံ၊ဤသို့။ဝဒေမသေ၊ဆိုကြကုန်၏။

ဤအာဋာနာဋိယပရိတ်ကို ကောင်းစွာလေ့ကျက် ဆောင်ရွက်ကုန်သော သူတို့အား ညှဉ်းပမ်းနှိပ်စက်သော ဘီလူး ကုမ္ဘာန် နတ်နဂါးတို့ကို စတုလောကပါလနတ်မင်းကြီးတို့ ရာဇဒဏ် ထားကြောင်းကို ၎င်းသုတ်တွင်ပင် လာသည်။

## သည်ကန်က်အဘိဓါန်လာ ဆင်မျိုးအပြား

**သက္ကရာဇ် ၁၁၅၀–ပြည့်နှစ် ဝါခေါင်လပြည့်ကျော်(၁၃)ရက်နေ့ လှိုင်မြို့စား သားတော်သခင်သတိုးမင်းဖျားတွင် သွင်းသည့် မေတ္တာစာကား—**

သည်ကရိုက် အဘိဓာန်ကျမ်း၌လာသည့် ဒိသာဂဇဆင် တဆယ့်ခြောက်မျိုး ကား—

ဧရာဝတ ပုဏ္ဍရိကော၊ဗာမန ကုမုဒေါဉ္ဇန။
ပုပ္ဖဒန္တသဗ္ဗဘောမ၊သုပြတိကစဒိဂဇာ။
ကရိကျော ဘြာမုကပိလာ၊ပိင်္ဂလာနုပမာကြမာတ်။
တာမြ ကဏ္ဏသုဘာဒန္တီ၊စာင်္ဂနာစာဥ္ဇ နာဝတီ။

**အနက်ကား** ဧရာဝတ၊ ဧရာဝဏ်မည်သောဆင်။ ပုဏ္ဍရိကော၊ ပုဏ္ဍရိက မည်သောဆင်။ဗာမန၊ ဝါမနမည်သောဆင်။ ကုမုဒေါ၊ကုမုဒမည်သောဆင်။အဉ္ဇန၊အဉ္ဇနမည်သောဆင်။ပုပ္ဖဒန္တ၊ပုပ္ဖဒန္တမည်သောဆင်။ သဗ္ဗဘောမ၊ သဗ္ဗဘုမ္မမည်သောဆင်။သုပြတိကစ၊သုပ္ပတိကမည်သောဆင်။ ဣတိ၊ဤသို့။ ဒိဂ္ဂဇာ၊ ဒိသာဂဇဆင်ပေါက်ရှစ်မျိုးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

အဘြမု၊အဗ္ဘမုမည်သောဆင်။ ကပိလာ၊ ကပိလာမည်သောဆင်။ ပိင်္ဂလာ၊ပိင်္ဂလ မည်သောဆင်။အနုပမာ၊အနုပမာမည်သောဆင်။ တာမြကဏ္ဏီ၊ တမ္ဗကဏ္ဏီမည်သော ဆင်။သုဘာဒန္တီ၊ သုဘာဒန္တီမည်သောဆင်။ အင်္ဂနာစ၊ အင်္ဂနာမည်သောဆင်။ အဉ္ဇနာဝတီစ၊အဉ္ဇနာဝတီမည်သောဆင်။ ဣတိ၊ဤသို့။ ကြမာတ်၊ အစဉ်အတိုင်း။ ကာရိကျော၊ဒိသာဂဇဆင်မ ရှစ်မျိုးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့ ဆင်ပေါက်ရှစ်မျိုး ဆင်မရှစ်မျိုးအားဖြင့် ဒိသာဂဇဆင် တဆယ့်ခြောက် မျိုး ရှိကြောင်းကို သည်ကရိုက်အဘိဓာန် (ကီ)အင်္ဂါတွင် ဆိုသည်။

ဆင်ပေါက် ရှစ်မျိုးတို့တွင် ရေ၌ကျက်စားတတ်သော တိမ်ညိုအဆင်းရှိသော ဆင်သည် ဧရာဝဏ်ဆင်မည်ကြောင်းကို—

ဧရာဝတံ ဝိဇာနိယာန်၊နာဂံ အမ္ဗုဒ ဂေါစရံ၊အဘြမယော မာတင်္ဂေါ။
ဟူ၍ သည်ကရိုက်အဘိဓာန်ဋီကာ (ဂါး)အင်္ဂါတွင် ဆိုသည်။

**အနက်ကား** အမ္ဗုဒဂေါစရံ၊ ရေ၌ကျက်စားတတ်သော။ နာဂံ၊ဆင်မျိုးကို။ ရောဝတံ၊ရောဝဏ်မည်၏ ဟူ၍။ ဝိဇာနိယာန်၊သိရာ၏။ အဖြူ မယော၊တိမ်ညိုအဆင်းရှိသော။မာတင်္ဂါ၊ဆင်တည်း။

လောက၌ ထင်ရှားသော ယင်းသည်ဆင်၏အမည်ကို စွဲ၍ နတ်သားဖန်ဆင်းသော သိကြားမင်း၏ ဆင်ကိုလည်း ရောဝဟူသောအမည်ဖြင့် ဆိုသည်။

ဖြူသောအဆင်းရှိသည်ဖြစ်၍ ကြာပုဏ္ဍရိက်နှင့် တူသောဆင်သည် ပုဏ္ဍရိကမည်ကြောင်းကို—

ပုဏ္ဍရိကဝဏ္ဏယောဂါတ် ပုဏ္ဍရိကော။
ဟူ၍ သဉ်္ကရိုက်အဘိဓာန်ဋီကာ (ဃ)အင်္ဂါတွင် ဆိုသည်။

**အနက်ကား** ပုဏ္ဍရိကဝဏ္ဏယောဂါတ်၊ ကြာပုဏ္ဍရိက်အဆင်းနှင့် ယှဉ်ခြင်းကြောင့်။ပုဏ္ဍရိကော၊ပုဏ္ဍရိကမည်၏။

မာဂဓအဘိဓာန်ဋီကာ (ခ)အင်္ဂါတွင်လည်း—

ပုဏ္ဍရိကံနာမ သေတမ္ဗောဇံ၊တံ သဒိသဝဏ္ဏတာယ ပုဏ္ဍရိကော။
ဟူ၍ ဆိုသည်။

**အနက်ကား** ပုဏ္ဍရိကံနာမ၊ ကြာပုဏ္ဍရိက် မည်သည်ကား။ သေတမ္ဗောဇံ၊ ကြာဖြူတည်း။ တံသဒိသဝဏ္ဏတာယ၊ ထိုကြာပုဏ္ဍရိက်နှင့် တူသောအဆင်းရှိသည် အဖြစ်ကြောင့်။ပုဏ္ဍရိကော၊ပုဏ္ဍရိကမည်၏။

ဘုရားသခင် လက်ထက် ဂ၊သေနဒီကောသလမင်း၏ ဆင်ဖြူကိုလည်း ပုဏ္ဍရိကမည်ကြောင်းကို ဓမ္မပဒအဋ္ဌကထာတွင် ဆိုသည်။

အဆင်းအမှတ်မရှိ တိုသောကိုယ်ရှိသောဆင်သည် ဝါမန မည်ကြောင်းကို သဉ်္ကရိုက်အဘိဓာန်ဋီကာတွင်—

"ခဗ္ဗတ္တာတ် ဗာမနာ"ဟူ၍ လာသည်။ခဗ္ဗတ္တာတ်၊ တိုသောကိုယ်ရှိသည်၏အဖြစ်ကြောင့်။ဗာမနာ၊ဝါမနမည်၏။

နီသောအဆင်းရှိသည်ဖြစ်၍ ကုမုဒြာကြာနှင့်တူသောဆင်သည် ကုမုဒမည်ကြောင်းကို ၎င်းဋီကာတွင် "ကုမုဒံ ရတ္တောပ္ပလံ၊ တံဝဏ္ဏတ္တာတ် ကုမုဒး"ဟူ၍ ဆိုသည်။ ရတ္တောပ္ပလံ၊ကြာနီသည်။ကုမုဒံ၊ကုမုဒြာမည်၏။ တံဝဏ္ဏတ္တာတ်၊ ထိုကုမုဒြာကြာနှင့် တူသောအဆင်းရှိသည်အဖြစ်ကြောင့်။ကုမုဒး၊ကုမုဒမည်၏။

မျက်စဉ်းညိုအဆင်းနှင့်တူသောဆင်သည် အဥ္စနမည်ကြောင်းကို ၎င်းဋီကာတွင် "ဒမဥ္စနဝတ်ကဏှဝဏ္ဏတ္တာတ် အဥ္စနံ"ဟူ၍ဆိုသည်။ အဥ္စနဝတ်၊မျက်စဉ်းကဲ့သို့။ ကဏှဝဏ္ဏတ္တာတ်၊မည်းညိုသောအဆင်းရှိသည်၏ အဖြစ်ကြောင့်။အဥ္စနံ၊အဥ္စနမည်၏။

ဇာနုပ္ပတ္တမြို့ ဓနဥ္စယမင်းမှာ ယင်းသည်အဥ္စနမည်သော မင်္ဂလာဆင်ရှိကြောင်းကို စရိယာပိဋကတွင် ဆိုသည်။

အဆင်း အမှတ်မရှိ ပန်းနုံ ပန်းဖူးကဲ့သို့ အစွယ်ရှိသောဆင်သည် ပုပ္ဖဒန္တ မည်ကြောင်းကို ၎င်းဋီကာတွင် "ပုပ္ဖမိဝ ဒန္တော အဿပုပ္ဖဒန္တ"ဟူ၍ဆိုသည်။ အဿ၊ထိုဆင်အား။ပုပ္ဖမိဝ၊ပန်းနုံ ပန်းဖူးကဲ့သို့။ ဒန္တော၊အစွယ်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ထိုကြောင့်။ပုပ္ဖဒန္တော၊ပုပ္ဖဒန္တမည်၏။ယင်းသည်ဆင်ကို ရဿဒန္တဆင်ဟူ၍ ဆင်ကြန်များတွင် ဆိုသည်။

အလုံးစုံ မြေအပြင်၌ ထင်ရှားသော မင်းကောင်းမင်းမြတ်တို့နှင့် ထိုက်တန်သော ဥပေါသထဆင်၊ဆဒ္ဒန်ဆင်၊သဗ္ဗဘုမ္မဆင် မည်ကြောင်းကို ၎င်းအဘိဓာန်ဋီကာတွင် "သဗ္ဗဘူမော် ဝိဒိတံ သဗ္ဗဘောမ"ဟူ၍ ဆိုသည်။ မာဂဓအဘိဓာန်ဋီကာတွင်လည်း "သဗ္ဗဘူမောဝါ စက္ကဝတ္တိ၊ တဿာနုရူပတ္တာ သဗ္ဗာဘုမ္မော"ဟူ၍ ဆိုသည်။ သဗ္ဗဘူမော်၊အလုံးစုံ မြေအပြင်၌။ဝိဒိတံ၊ထင်ရှားသောဆင်သည်။သဗ္ဗဘော်မံ၊ သဗ္ဗဘုမ္မမည်၏။ ဝါ၊ တနည်းကား။ စက္ကဝတ္တိ၊ စကြာမင်းသည်။သဗ္ဗာဘုမ္မော၊ သဗ္ဗာဘုမ္မမည်၏။ တဿာနုရူပတ္တာ၊ ထိုစကြာမင်းအား ထိုက်သည်အဖြစ်ကြောင့်။ သောပိ၊ ထိုဆင်သည်လည်း။သဗ္ဗဘုမ္မော၊သဗ္ဗဘုမ္မမည်၏။

အဆင်းအမှတ်မရှိ အစွယ် ကိုယ်အင်္ဂါ တင့်တယ်သောဆင်သည် သုပ္ပတိကမည်ကြောင်းကို ၎င်းဋီကာတွင် "သောဘဏံ ပြတိကမင်္ဂမဿ သုပြတိက"ဟူ၍ဆိုသည်။ မာဂဓဋီကာတွင်လည်း "သောဘဏဒန္တာဝယဝတ္တာ သုပ္ပတိကော"ဟူ၍ ဆိုသည်။ အဿ၊ထိုဆင်ကား။ သောဘဏံ၊ တင့်တယ်သော။ ပြတိကံအင်္ဂံ၊ ကိုယ်အင်္ဂါသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ထိုကြောင့်။ သုပြတိကး၊သုပြတိကမည်၏။ သောဘဏဒန္တာဝယဝတ္တာ၊ တင့်တယ်သော အစွယ် အင်္ဂါရှိသည်အဖြစ်ကြောင့်။ သုပ္ပတိကော၊သုပ္ပတိကမည်၏။

ယင်းသည် ဆင်ပေါက် ရှစ်မျိုးတို့သည် အရပ်ရှစ်မျက်နှာကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ အရပ်ရှစ်မျက်နှာတို့၌ ထင်ရှားသောကြောင့်လည်းကောင်း ဒိသာဂဇမည်ကုန်သည်။ ထို့ကြောင့် သင်္ကရိုက်အဘိဓာန်ဋီကာ၌—

ဒိသံ ဓေရကာ၊ဒိက္ခုဝါ သုဟာ ဂဇာတိ ဒိဂ္ဂဇာ။

ဟူ၍ဆိုသည်။

**အနက်ကား** ဒိသံ၊အရပ်မျက်နှာကို။ ဓာရကာ၊ ဆောင်တတ်ကုန်သော။ဝါ၊ တနည်းကား။ဒိသာသု၊အရပ်မျက်နှာတို့၌။သုတာ၊ထင်ရှားကုန်သော။ ဂဇာ၊ဆင်တို့တည်း။ဣတိ၊ထိုကြောင့်။ဒိဂ္ဂဇာ၊ဒိသာဂဇမည်ကုန်၏။

ယင်းသည် ဆင်ရှစ်မျိုးတို့ကို အရှေ့အရပ်, တောင်အရပ် စသည်နှင့် ရောဝဏ်, ပုဏ္ဍရိကစသည် အစဉ်အတိုင်းဟပ်၍ လောကီအလို အရပ်နှံသင့် ဆိုအပ်ကြောင်းကို လည်း ဋီကာတွင်—

ဣန္ဒြာဒိ ဒိသာသမ္ဗန္ဓကထ နာဒေဂါ မပိ ပြာစိဂဇာ ဒိသံ ဥာပိတာ။

ဟူ၍ဆိုသည်။

**အနက်ကား** ဣန္ဒြာဒိဒိသာသမ္ဗန္ဓကထနာဒ ါ၊ အရှေ့အရပ်စသည်နှင့် စပ်၍ဆို ခြင်းကြောင့်။ ဇဂါမပိ၊ ထိုဆင်တို့၏လည်း။ ပြာစိဂဇာဒိသံ၊ အရှေ့အရပ်နှင့်သင့်သော ဆင်စသည်အမည်ကို။ဥာပိတာ၊သိအပ်၏။

**ဒိသာဂဇဆင်ပေါက်ရှစ်မျိုး ပြီး၏၊**

ဆင်မရှစ်မျိုးတို့တွင် တိမ်ညိုအဆင်းရှိသော ပျံသွားနိုင်သောဆင်သည် အဗ္ဘမု မည်ကြောင်းကို—

နီလဝဏ္ဏတ္တာဒ် ဘြံမေဃံမာတိသဒိသီကရောတီတိအဘြမု၊နဘာအသျာတိ အဘြမု၊အဘြမန္တရဂါမိနိတျတ္တ်။

ဟူ၍ သဒ္ဒါကြီးကိုအဘိဓာန်ဋီကာတွင် ဆိုသည်။

**အနက်ကား** နီလဝဏ္ဏတ္တာဒ်၊ ညိုသောအဆင်းရှိသည် အဖြစ်ကြောင့်။ အဘြံ မေဃံ၊ တိမ်ညိုကို။ မာတိသဒိသီကရောတိ၊ အတူပြုတတ်၏။ ဣတိ၊ထိုကြောင့်။အဘြမု၊အဗ္ဘမုမည်၏။ အသျာ၊ထိုဆင်အား။ နဘာ၊ကောင်းကင် ပြင်၌ သွားခြင်းသည်။အတ္ထိ၊ရှိ၏။ ဣတိ၊ထိုကြောင့်။ အဘြမု၊ အဗ္ဘမုမည်၏။ အဘြ မန္တရဂါမိနိ၊ကောင်းကင်ပြင်၌ သွားတတ်၏။ ဣတိ၊ ဤသည်ကား။ အတ္ထ၊အနက် တည်း။

ညိုရွှေအဆင်းရှိသော ဆင်သည် ကပိလာမည်ကြောင်းကို "ကပိလဝဏ္ဏတ္တာဒ် ကပိလာ" ဟူ၍ ဋီကာတွင် ဆိုသည်။ ကပိလဝဏ္ဏတ္တာဒ်၊ ညိုရွှေအဆင်း ရှိသည် အဖြစ်ကြောင့်။ကပိလာ၊ကပိလာမည်၏။"နီလပိတးကဝ်လး" ဋီကာအဘိဓာန်ဋီကာ၌ ဆိုရကား အညို,အရွှေ အဆင်းနှစ်ပါးရောသည်ကို ကဝိလသဒ္ဒါဟောသည်။

ကြောင်သောအဆင်းရှိသောဆင်သည် ပိင်္ဂလမည်ကြောင်းကို "ပိင်္ဂလဝဏ္ဏတ္တာဒိ ပိင်္ဂလာ"ဟူ၍ ၎င်းဋီကာတွင် ဆိုသည်။ ပိင်္ဂလဝဏ္ဏတ္တာဒိ၊ ကြောင်သော အဆင်းရှိသည် အဖြစ်ကြောင့်။ပိင်္ဂလာ၊ပိင်္ဂလမည်၏။

အဆင်းအမှတ်မရှိ မြတ်သောဆင်သည် အနုပမာမည်ကြောင်းကို "သေဋ္ဌတ္တာ နတ္ထိဥပမာ ယဿျအနုပမာ"ဟူ၍ ၎င်းဋီကာတွင် ဆိုသည်။ သေဋ္ဌတ္တာ၊ မြတ်သည် အဖြစ်ကြောင့်။ ယဿျ၊အကြင်ဆင်အား။ ဥပမာ၊ ဥပမာသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ထိုကြောင့်။သော၊ထိုဆင်သည်။အနုပမာ၊အနုပမာမည်၏။

နားနှစ်ဖက် နီသောဆင်သည် တမ္ဗကဏ္ဏိမည်ကြောင်းကို "တာမြော် ကဏ္ဏော် အဿျာ တာမြကဏ္ဏီ"ဟူ၍ ၎င်းဋီကာတွင် ဆိုသည်။အဿျာ၊ထိုဆင်မအား။တာမြော်၊ နီကုန်သော။ကဏ္ဏော်၊နားတို့သည်။ သန္တိ၊ရှိကုန်၏။ ဣတိ၊ထိုကြောင့်။ တာမြကဏ္ဏီ၊ တမ္ဗကဏ္ဏိမည်၏။

အဆင်းအမှတ်မရှိ တင့်တယ်သောအစွယ်ရှိသောဆင်သည် သုဘဒန္တိမည်ကြောင်း ကို "သော်ဘဏော် ဒန္တာ အဿျာ သုဘဒန္တီ"ဟူ၍ ၎င်းဋီကာတွင်ဆိုသည်။ အဿျာ၊ ထိုဆင်အား။ သော်ဘဏော်၊ တင့်တယ်ကုန်သော။ ဒန္တာ၊ အစွယ်တို့သည်။ သန္တိ၊ ရှိ၏။ဣတိ၊ထိုကြောင့်။သုဘဒန္တီ၊သုဘဒန္တိမည်၏။

အဆင်းအမှတ်မရှိ ထက်ဝန်းကျင် ပြန့်သောကိုယ်ရှိသောဆင်သည် အင်္ဂန မည် ကြောင်းကို "ပသဋ္ဌံ မင်္ဂံ ဝိဇ္ဇတေ အဿျာ အင်္ဂနာ"ဟူ၍ ၎င်းဋီကာတွင် ဆိုသည်။ အဿျာ၊ထိုဆင်အား။ပသဋ္ဌံ၊မြတ်သော ထက်ဝန်းကျင်ပြန့်သော။ အင်္ဂံ၊ကိုယ်အင်္ဂါ သည်။ ဝိဇ္ဇတေ၊ရှိ၏။ဣတိ၊ထိုကြောင့်။အင်္ဂနာ၊အင်္ဂနာမည်၏။

မျက်စဉ်းညို အဆင်းရှိသော ဆင်သည် အဉ္ဇနာဝတီမည်ကြောင်းကို "အဉ္ဇနာ ဝဏ္ဏတ္တာဒိ အဉ္ဇနံ ဝိဇ္ဇတေ၊ အဿျာ အဉ္ဇနဝတီ"ဟူ၍ ၎င်းဋီကာတွင် ဆိုသည်။ အဉ္ဇနဝဏ္ဏတ္တာဒိ၊ မျက်စဉ်းညိုအဆင်းရှိသည် အဖြစ်ကြောင့်။ အဿျာ၊ထိုဆင်အား။ အဉ္ဇနံ၊မျက်စဉ်းညိုအဆင်းသည်။အတ္ထိ၊ရှိ၏။ ဣတိ၊ထိုကြောင့်။ အဉ္ဇနာဝတီ၊အဉ္ဇနာ ဝတီမည်၏။

ယင်းသည် ဆင်မ ရှစ်မျိုးတို့ကိုလည်း ဆင်ပေါက်ရှစ်မျိုးတို့ကဲ့သို့ ဒိသာဂဇမည် ကုန်သည်ဖြစ်၍ အရှေ့တောင်စသည်အရပ်မျက်နှာနှင့် အမ္ဗမူ ကပိလ စသည်အတိုင်း ဟပ်၍ အရပ်နံသင့် ယူအပ်သည်။

**ဒိသာဂဇဆင်မရှစ်မျိုး ပြီး၏။**

မဇ္ဈိမနိကာယ်အဋ္ဌကထာ၌လာသည့် ပိဋကတ်ဆင်မျိုးဆယ်ပါးကား—

ကာလာဝကဉ္စ ဂင်္ဂေယျံ၊ပဏ္ဍရံ တမ္ဗ ပိင်္ဂလံ။
ဂန္ဓမင်္ဂလဟေမဉ္စ၊ဥပေါသထ ဆဒ္ဒန္တိ မေ ဒသ။

**အနက်ကား** ကာလာဝကဉ္စ၊ ကာလာဝကဆင်။ ဂင်္ဂေယျံ၊ ဂင်္ဂေယျဆင်။ ပဏ္ဍရံ၊ပဏ္ဍရဆင်။ တမ္ဗ ပိင်္ဂလံ၊ တမ္ဗဆင်, ပိင်္ဂလဆင်။ ဂန္ဓမင်္ဂလဟေမဉ္စ၊ဂန္ဓဆင်, မင်္ဂလဆင်,ဟေမဆင်။ ဥပေါသထဆဒ္ဒန္တံ၊ ဥပေါသထဆင်။ ဆဒ္ဒန်ဆင်။ဣမေ၊ဤသည်တို့ကား။ဒသ၊ဆင်မျိုးဆယ်ပါးတို့တည်း။

ဒီဃနိကာယ် အဋ္ဌကထာ၌လာသည့် ပိဋကတ်ဆင်မျိုး ဆယ်ပါးကား—

ဂေါစရိကလာပေါ ဂင်္ဂေယျော၊ပိင်္ဂလော ပဗ္ဗတေယျကော။
ဟေမဝတော စ တမ္ဗော စ၊မန္ဒာကိနီ ဥပေါသထော။
ဆဒ္ဒန္တောယေဝ ဒသမော၊တေ နာဂါ နမုတ္တမာ။

**အနက်ကား** မဂေါစရိ၊ဂေါစရိဆင်။ကလာပေါ၊ ကလာပဆင်။ဂင်္ဂေယျော၊ ဂင်္ဂေယျဆင်။ ပိင်္ဂလော၊ပိင်္ဂလဆင်။ ပဗ္ဗတေယျကော၊ ပဗ္ဗတေယျဆင်။ဟေမဝတော၊ဟေမဝတဆင်။တမ္ဗော စ၊တမ္ဗဆင်။ မန္ဒာကိနီ၊မန္ဒာကိနီဆင်။ ဥပေါသထော၊ဥပေါသထဆင်။ဒသမောယေဝ၊ဆယ်ခုမြောက်သာလျှင်ဖြစ်သော။ ဆဒ္ဒန္တော၊ဆဒ္ဒန်ဆင်။ တေ၊ ဤဆယ်ပါးတို့သည်။ နာဂါနံ—နာဂေသု၊ ဆင်တို့၌။ ဥတ္တမာ၊အားအစွမ်းဖြင့် မြတ်ကုန်၏။

ယင်းသည် ကာလာဝက စသောဆယ်ပါး, ဂေါစရိစသော ဆယ်ပါးတို့သည် အဆင် အားအစွမ်း စသည်ဖြင့် အထူးအခြား မရှိကုန်၊ အမည်မျှသာ ထူးပြားကုန်သည်၊ ထိုကြောင့် ဒီဃနိကာယ်ဋ္ဌကာ၌—

မဇ္ဈိမဋ္ဌကထာယံပန ကေစိ ဟတ္ထိနော ဣတော အညထာ အာဂတာ၊ သောပနေသံ နာမမတ္တတော ဘေဒေါ ဒဋ္ဌဗ္ဗော—ဟူ၍ဆိုသည်။

**အနက်ကား** မဇ္ဈိမဋ္ဌကထာယံပန၊ မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ကား။ ကေစိ ဟတ္ထိနော၊အချို့သောဆင်တို့သည်။ ဣတော၊ ဤဒီဃနိကာယ် အဋ္ဌကထာ၌ ဆိုသောအပြားမှ။ အညထာ၊ တပါးသောအပြားဖြင့်။ အာဂတာ၊ လာကုန်၏။ နေသံ၊ထိုဆင်တို့၏။ သောပန၊ ထိုအပြားကိုကား။ နာမမတ္တတော၊ အမည်မျှဖြင့်။ဘေဒေါ၊ပြားခြင်းတည်း—ဟူ၍။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

ထို့ကြောင့် ယခင် နှစ်ဂါထာဖြင့်ဆိုအပ်သော ဆင်မျိုးနှစ်ဆယ်တို့တွင် ပဌမဂါထာ၌ ကာလာဝကဆင်နှင့် ပဗ္ဗတေယျက ဆင်၊ ဂန္ဓဆင်နှင့် ဒုတိယဂါထာ၌ ဂေါစရိဆင်သည် အမျိုး အဆင်း အားအန် အစွမ်းဖြင့် တူသည်သာ ဖြစ်သည်။ ၎င်းနည်း ဂင်္ဂေယျဆင်နှင့် ကလာပဆင်၊ ပဏ္ဍရဆင်နှင့် ဂင်္ဂေယျဆင်၊ တမ္ဗဆင်နှင့် ပိင်္ဂလဆင်၊ ပိင်္ဂလဆင်နှင့် ပဗ္ဗတေယျကဆင်၊ ဂန္ဓဆင်နှင့် ဟေမဝတဆင်၊ မင်္ဂလဆင်နှင့် တမ္ဗဆင်၊ ဟေမဆင်နှင့် မန္ဒာကိနီဆင်၊ ဥပေါသထဆင်နှင့် ဆဒ္ဒန်ဆင်အမျိုး အဆင်း အားအန် အစွမ်းဖြင့် တူသည်သာ ဖြစ်သည်။ ယင်းသို့ တူရကား ကာလာဝကဆင်, ဂေါစရိယဆင်သည်—

ကာလာဝကန္တိ ပကတိ ဟတ္ထိ ကုလံ ဒဠှဗ္ဗံ။

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်အညီ ပကတိဆင်မျိုးဖြစ်၍ မည်းနက်သောအဆင်းရှိ၏၊ အလတ်ဖြစ်သော ယောကျ်ားပာကျိပ်အားကို ဆောင်နိုင်၏။

ကာလာဝကန္တိ၊ကာလာဝကဟူ၍။ပကတိဟတ္ထိကုလံ၊ ပကတိဆင်မျိုးကို။ဒဠှဗ္ဗံ၊ မှတ်အပ်၏။

ယင်းသည်ဆင်မျိုးတပါးတည်းကိုပင် "ကလမဗ္ဗတေ သဒ္ဒါယတေတိ ကာလာဝကော"အဘိဓာန်ဋီကာနှင့်အညီ ဟီဟန်ဘန်များတတ်သောကြောင့် ကာလာဝက သဒ္ဒါနေနှင့်အညီ နွားကဲ့သို့ ကျက်စား သွားလာတတ်သောကြောင့် ဂေါစရိဟူ၍ အမည်နှစ်ပါးဖြင့် ဆိုသည်။

ကလမဗ္ဗတေ သဒ္ဒါယတေ၊အသံပြုဘန်များတတ်၏။ဣတိ၊ထို့ကြောင့်။ ကာလာဝကော၊ကာလာဝကမည်၏။

ဂင်္ဂေယျဆင်,ကလာပဆင်သည် အဆင်းအမှတ်မရှိသောယောကျ်ား တရာအားကို ဆောင်နိုင်၏။

ဂင်္ဂါယံ ဇာတော ဂင်္ဂေယျော၊ဌာနဝသေနဿ သညာ။

ဟူသော အဘိဓာန်ဋီကာနှင့်အညီ ဂင်္ဂါနား၌ဖြစ်ဝတ်သောကြောင့် ဌာနဒ်ဖစွမ်းအားဖြင့် ဂင်္ဂေယျသဒ္ဒါနေနှင့်အညီ မြီးဆံ လုပသောကြောင့်လည်းကောင်း, အပေါင်းအသင်းနှင့် ကျက်စားတတ်သောကြောင့်လည်းကောင်း ကလာပ အမည်နှစ်ပါးပင် ဆိုသည်။

ဂင်္ဂါယံ၊ဂင်္ဂါနား၌။ ဇာတော၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂင်္ဂေယျော၊ ဂင်္ဂေယျမည်၏။ဌာနဝသေန၊ အရပ်၏အစွမ်းအားဖြင့်။ အဿ၊ထိုဆင်၏။ သညာ၊ အမည်သညာသည်။ဟောတိ၊ဖြစ်၏။

ပဏ္ဍရဆင်နှင့် ဂင်္ဂေယျဆင်သည် "ပဏ္ဍရဝဏ္ဏတာယ ပဏ္ဍရော ဝဏ္ဏဝသေန" ဟူသောအဘိဓာန်ဋီကာနှင့်အညီ ဖြူသောအဆင်းရှိ၏၊ ယောကျ်ားတထောင်အား ကို ဆောင်နိုင်၏၊ ဖြူသောအဆင်းရှိသောကြောင့် ပဏ္ဍရသဒ္ဒါနေနှင့်အညီ ဂင်္ဂါနား၌ ဖြစ်တတ်သောကြောင့် ဂင်္ဂေယျဟူ၍ အမည်နှစ်ပါးဖြင့် ဆိုသည်။

ဝဏ္ဏဝသေန၊အဆင်း၏ အစွမ်းအားဖြင့်။ ပဏ္ဍရဝဏ္ဏတာယ၊ ဖြူသောအဆင်းရှိ သည်အဖြစ်ကြောင့်။ပဏ္ဍရော၊ပဏ္ဍရမည်၏။

တမ္ဗဆင် ပိင်္ဂလဆင်သည် "တမ္ဗဝဏ္ဏတာယ တမ္ဗော"ဟူသော အဘိဓာန်ဋီကာ နှင့်အညီ နီကြောင် အဆင်းရှိ၏၊ ယောကျ်ားတသောင်း အားကို ဆောင်နိုင်၏၊ နီသောအဆင်းရှိသောကြောင့် တမ္ဗသဒ္ဒါနေနှင့်အညီ ကြောင်သောအဆင်းရှိသော ကြောင့် ပိင်္ဂလဟူ၍ အမည်နှစ်ပါးကိုထောက်၍လည်း အနီသက်သက် အကြောင် သာမန်သာမဟုတ် နီကြောင်ဟူ၍ သိအပ်သည်။

တမ္ဗဝဏ္ဏတာယ၊နီကြောင်အဆင်းရှိသည်အဖြစ်ကြောင့်။တမ္ဗော၊တမ္ဗမည်၏။

ပိင်္ဂလဆင် ပဗ္ဗတေယျကဆင်သည် "ပိင်္ဂလဝဏ္ဏတာယ ပိင်္ဂလော"ဟူသော ဋီကာ နှင့်အညီ ကြောင်သော အဆင်းရှိ၏၊ ယောကျ်ား တသိန်းအားကို ဆောင်နိုင်၏၊ ကြောင်သော အဆင်းရှိသောကြောင့် ပိင်္ဂလသဒ္ဒါနေနှင့် အညီ တောင်ကမ်း၌ ကျက်စားတတ်သောကြောင့် ပဗ္ဗတေယျက ဟူ၍ အမည်နှစ်ပါးဖြင့် ဆိုသည်။

ပိင်္ဂလဝဏ္ဏတာယ၊ကြောင်သောအဆင်းရှိသည် အဖြစ်ကြောင့်။ ပိင်္ဂလော၊ပိင်္ဂလ မည်၏။

တမ္ဗဆင်၏အဆင်းကို နီကြောင် ယူပြီးဖြစ်၍ ဤပိင်္ဂလဆင်၏အဆင်း၌ ကြွင်း သော အညို့အရွှေ့ အဖြူ့ အမည်း စသောအဆင်းဖြင့် ရောသည်ကိုသာ ကြောင် သောအဆင်းဟူ၍ သိအပ်သည်၊ ဂေါရောစနာအဆင်းကို ပိင်္ဂလသဒ္ဒါဟောသည်ဟူ၍ လည်း ဆိုကုန်သည်။

ဂန္ဓဆင် ဟေမဝတဆင်သည် အဆင်းအမှတ်မရှိ ယောကျ်ား တသန်းအားကို ဆောင်နိုင်၏။

"ဂန္ဓယုတ္တတာယ ဂန္ဓော"ဟူသောဋီကာနှင့်အညီ ကောင်းသောအနံ့နှင့် ယှဉ် သောကြောင့် ဂန္ဓသဒ္ဒါနေနှင့်အညီ ဟိမဝန္တာ၌ ဖြစ်တတ်သောကြောင့် ဟေမဝန္တ ဟူ၍ အမည်နှစ်ပါးဖြင့် ဆိုသည်။

ဂန္ဓယုတ္တတာယ၊ကောင်းသော အနံ့နှင့်ယှဉ်သည်အဖြစ်ကြောင့်။ ဂန္ဓော၊ ဂန္ဓ မည်၏။

ယင်းသည်ဆင်၏ဝမ်းသို့ ဝင်သမျှအစာသည် နံ့သာမျိုးလေးပါးကဲ့သို့ ကောင်းသောအနံ့ရှိသည်သာ ဖြစ်သည်၊ ထို့ကြောင့် ဇိနာလင်္ကာရဋီကာ၌—

ဂေါမဟိံ သာဒိနံ သာခါရက္ခံပိ တိက္ခပဏ္ဏပလာသာဒိဂေါစရံ ဂန္ဓဟတ္ထိကုစ္ဆိမ္ဟိ ပဝိဋ္ဌံ စတုဇာတိဂန္ဓမိဝ ဟောတိ—ဟူ၍ ဆိုသည်။

**အနက်ကား** ဂေါမဟိံ သာဒိနံ၊ နွားကဲ့ခြစသော သတ္တဝါတို့နှင့်။ သာခါရက္ခံပိ၊ ဆက်ဆံသည်လည်း ဖြစ်သော။ တိက္ခပဏ္ဏပလာသာဒိဂေါစရံ၊မြက်သစ်ရွက်နုသစ်ရွက်ရင့်စသောအစာသည်။ ဂန္ဓဟတ္ထိကုစ္ဆိမ္ဟိ၊ဂန္ဓဆင်၏ဝမ်း၌။ ပဝိဋ္ဌံ၊ ဝင်သည်ရှိသော်။ စတုဇာတိဂန္ဓမိဝ၊ နံ့သာမျိုးလေးပါးကဲ့သို့။ ဟောတိ၊ဖြစ်၏။

ဂန္ဓဆင်တို့တွင် ဟိမဝန္တာ၌ သီလဝါမည်သော ဂန္ဓဆင်ကား အကြီးတည်းဟု ဆဂတိဒီပနီကျမ်း, လောကပညတ္တိကျမ်းတို့၌ ဆိုသည်။

မင်္ဂလဆင်, တမ္ဗဆင်သည် ကြေးနီကဲ့သို့ သက်သက်နီသော အဆင်း ရှိ၏၊ ယောကျ်ား တကုဋေအားကို ဆောင်နိုင်၏၊ လေးဆင့်မြောက်သော တမ္ဗဆင်မှာ နီကြောင်၊ ဤခုနစ်ဆင့်မြောက် တမ္ဗဆင်မှာ အနီသက်သက်တည်း။

"သောဘဂ္ဂ ဂမနယုတ္တတာယ မင်္ဂလော"ဟူသော ဋီကာနှင့်အညီ တင့်တယ်သော သွားခြင်း ရှိသောကြောင့် မင်္ဂလသဒ္ဒါနေနှင့်အညီ နီသောအဆင်း ရှိသောကြောင့် တမ္ဗဟူ၍ အမည်နှစ်ပါးဖြင့် ဆိုသည်။

သောဘဂ္ဂဂမနယုတ္တတာယ၊ တင့်တယ်သော သွားခြင်းနှင့် ယှဉ်သည် အဖြစ်ကြောင့်။မင်္ဂလော၊မင်္ဂလမည်၏။

ဟေမဆင်,မန္ဒာကိနီဆင်သည် "ဟေမဝဏ္ဏတာယ ဟေမော"ဟူသော ဋီကာနှင့်အညီ ရွှေနှင့်တူသောအဆင်းရှိ၏၊ ယောကျ်ား ဆယ်ကုဋေအားကို ဆောင်နိုင်၏၊ ရွှေနှင့်တူသော အဆင်းရှိသောကြောင့် ဟေမသဒ္ဒါနေနှင့်အညီ မန္ဒာကိနီအိုင်နား၌ ဖြစ်တတ်သောကြောင့် မန္ဒာကိနီဟူ၍ အမည်နှစ်ပါးဖြင့် ဆိုသည်။

ဟေမဝဏ္ဏတာယ၊ရွှေအဆင်းရှိသည်အဖြစ်ကြောင့်။ဟေမော၊ဟေမ မည်၏။

ဥပေါသထဆင်သည် တက်သစ်သောနေဝန်းကဲ့သို့ နီသော ခြေလေးဖက်,လည်, မျက်နှာတို့ဖြင့် တန်းဆာဆင်အပ်၏၊ ပွင့်သစ်သော ပဒုမာကြာနီသဖွယ် တင့်တယ်သော ခံတွင်းကောင်းရှိ၏၊ ဆေးဒါန်းမြင်းသီလာမှုန့်ဖြင့် တပ်အပ်သော အပိုင်း

အခြားရှိသော ငွေတောင်ကဲ့သို့ ဖြူသောကိုယ်ရှိ၏၊ ထိုကြောင့် မဟာသုဒဿနသုတ် အဋ္ဌကထာ၌—

တရုဏာရဝိမဏ္ဍလာဘိရတ္တစရဏဂီဝ ါမုခပဋိမဏ္ဍိတဝိသုဒ္ဓသေတသရီရော သတ္တပတိဋ္ဌော သုသဏ္ဌိတ အင်္ဂပစ္စင်္ဂ သန္နိဝေသော ဝိကသိတရတ္တပဒုမစာရု ပေါက္ခရော ဣဒ္ဓိမာယောဂိဝိယ ဝေဟာသံ ဂမနသမတ္ထော မနောသိလာ စုဏ္ဏရဉ္ဇိတပရိယန္တောဝိယ ရဇတပဗ္ဗတော ဟတ္ထိသေဋ္ဌော တဒ္ဓံပဒေသေ တိဋ္ဌတိ—ဟူ၍ မိန့်သည်။

**အနက်ကား** တရုဏာရဝိမဏ္ဍလာဘိရတ္တစရဏဂီဝ ါမုခ ပဋိမဏ္ဍိတ ဝိသုဒ္ဓသေတ သရီရော၊ တက်သစ်သောနေဝန်းကဲ့သို့ နီသော ခြေလေးဖက်, လည်, မျက်နှာတို့ဖြင့် တန်းဆာဆင်အပ်သည်ဖြစ်၍ သန့်ရှင်း ဖြူစင်သော ကိုယ်ရှိသော။ သတ္တပတိဋ္ဌော၊ မြေ၌ ထိခြင်းခုနစ်ပါးရှိသော။ သုသဏ္ဌိတအင်္ဂပစ္စင်္ဂသန္နိဝေ သော၊ကောင်းစွာ စီရင်အပ်သောအင်္ဂါကြီးငယ် အစဉ်အပေါင်းရှိသော။ ဝိကသိတ ရတ္တပဒုမစာရုမုခရော၊ ပွင့်သစ်သော ပဒုမာကြာနီသဖွယ် တင့်တယ်သော ခံတွင်းရှိ သော။တနည်းကား—ဝိကသိတရတ္တပဒုမစာရုပေါက္ခရော၊ပွင့်သစ်သော ပဒုမာကြာနီ သဖွယ် တင့်တယ်သော စာကောက် ရှိသော။ ဣဒ္ဓိမာယောဂိဝိယ၊ တန်ခိုးရှိသော ဈာနလာဘီ ပုဂ္ဂိုလ်ကဲ့သို့။ ဝေဟာသံဂမနသမတ္ထော၊ ကောင်းကင်သို့ ပျံစွမ်းနိုင် သော။ မနောသိလာစုဏ္ဏရဉ္ဇိတပရိယန္တော၊ ဆေးဒါန်းမြင်းသီလာမှုန့်ဖြင့် တပ်အပ် သောအပိုင်းအခြားရှိသော။ ရဇတပဗ္ဗတောဝိယ၊ငွေတောင်ကဲ့သို့။ ဟတ္ထိသေဋ္ဌော၊ ဆင်မြတ်သည်။တဒ္ဓံပဒေသေ၊ထိုအရပ်၌။တိဋ္ဌတိ။တည်၏။

လောကပညတ္တိကျမ်း,ဆဂတိဒီပနီကျမ်းတို့၌ ရွှေအဆင်းနှင့် တူသောအဆင်းရှိ ကြောင်းကို—

အပရံ သုဝဏ္ဏပဗ္ဗတပသော ကဏိကာရဝနေ၊ သုဝဏ္ဏဝဏ္ဏော ဥပေါသ ထောနာမ နာဂရာဇာ၊ စက္ကဝတ္တိပါတုဟနယောဂ္ဂေါ—ဟူ၍ဆိုသည်။

**အနက်ကား** အပရံ၊တပါးကား။ သုဝဏ္ဏပဗ္ဗတပဿေ၊ ရွှေတောင်နံပါး၌။ ကဏိကာရဝနေ၊ မဟာလှေကားတော၌။ သုဝဏ္ဏဝဏ္ဏော၊ ရွှေ အဆင်းရှိသော။ဥပေါသထောနာမ၊ဥပေါသထအမည်ရှိသော။နာဂရာဇာ၊ဆင်မင်း သည်။စက္ကဝတ္တိဝါဟနယောဂ္ဂေါ၊စကြာမင်းတို့စီးနင်းခြင်းငှါ ထိုက်၏။

ယင်းသည် လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့နှင့် ရွှေအဆင်းရှိသည် ဆိုသည်နှင့် မဟာသုဒဿနသုတ်အဋ္ဌကထာ၌ ဖြူသောကိုယ်ရှိသည် ဆိုရာသည့်စကားသည် ထူးပြားသကဲ့သို့ ရှိသည်၊ လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့နှင့် ရွှေအဆင်းရှိသည်ဆိုရာမှာ အမွေးကို စွဲ၍ ဆိုသည်၊ မဟာသုဒဿနသုတ်အဋ္ဌကထာ၌ ဖြူသော ကိုယ်ရှိသည် ဆိုရာမှာ အသားအရေကို စွဲ၍ဆိုသည်ဖြစ်၍ ထူးပြားသည် မဟုတ် ညီညွတ်သည်သာ ဖြစ်သည်၊ ဆေးဒါန်းမြင်းသီလာမှုန့်ဖြင့် တပ်အပ်သော ငွေတောင်နှင့်တူသည်ဆိုသော အဋ္ဌကထာစကားသည်လည်း ရွှေအဆင်းနှင့်တူသော အမွေးရှိသည်ကိုရည်၍ ဆိုခြင်းပင်ဖြစ်သည်။

ယင်းသည့် ဥပေါသထဆင်ကား တွံတွံကြပ်ကြပ် ရပ်နေလျှင် အစွယ်, အမြီး, နှာမောင်း, ခြေလေးဖက်အားဖြင့် မြေ၌ ထိခြင်းခုနစ်ပါးရှိ၏၊ ယောကျ်ား ကုဋေတရာအားကိုဆောင်နိုင်၏။ ထို့ကြောင့် မဟာသုဒဿနသုတ်ဋီကာ၌—

> သတ္တပတိဋ္ဌောတိ ဘူမိဖုသနကေဟိ ဒန္တာ၊ဝါလဓိ ဟတ္ထောတိ ဣမေဟိ စတူဟိ ပါဒေဟိစာတိ သတ္တဟိ အဝယဝေဟိ ပတိဋ္ဌိတတ္တာ သတ္တပတိဋ္ဌော။
> ဟူ၍ ဆိုသည်။

**အနက်ကား** သတ္တပတိဋ္ဌောတိ၊ ထိခြင်းခုနစ်ပါး ရှိသော်ဟူသည်ကား။ ဘူမိဖုသနကေဟိ၊ မြေ၌ ထိကုန်သော။ ဒန္တာ၊ အစွယ်။ ဝါလဓိ၊ အမြီး။ ဟတ္ထော၊ နှာမောင်း။ ဣမေဟိ တီဟိစ၊ ဤသုံးပါးတို့ဖြင့်လည်းကောင်း။ စတူဟိပါဒေဟိစ၊ ခြေလေးဖက်တို့ဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဟိ အဝယဝေဟိ၊ အင်္ဂါခုနစ်ပါးတို့ဖြင့်။ ပတိဋ္ဌိတတ္တာ၊ တည်သည် အဖြစ်ကြောင့်။ သတ္တပတိဋ္ဌော၊ထိခြင်းခုနစ်ပါးရှိ၏။ "အစွယ်နှစ်ချောင်းကို တပါတည်းယူ၍ ခုနစ်ပါးဖြစ်သည်"။ အချို့ဋီကာပါဠ်၌ကား ဒန္တာအရာတွင် ဝရင်္ဂရှိ၏၊ ရှိသည်အလိုသော် အစွယ်ကို မထည့်ပဲ တစမ်ခုနစ်ပါး ဖြစ်သည်။

ယင်းသည်ဆင်ကား "ဥပဂန္တွာ အရယော ဥသေတိတိ ဥပေါသထော"ဟူသော အဘိဓာန်ဋီကာ ဝစနတ္ထနှင့် အညီ ရန်သူတို့ကို ကပ်၍ ပူပန်စေတတ်သောကြောင့် ဥပေါသထမည်၏။

အရယော၊ ရန်သူတို့ကို။ ဥပဂန္တွာ၊ကပ်၍။ ဥသေတိ၊ပူပန်စေတတ်၏။ ဣတိ၊ထိုကြောင့်။ဥပေါသထော၊ဥပေါသထမည်၏။

ဆဒ္ဒန်ဆင်သည်လည်း ဥပေါသထဆင်နှင့် အလုံးစုံ ကိုယ်အဆင်း အမွေးအဆင်း တူ၏။

ယင်းသို့ တူကြောင်းကိုလည်း"ဆဒ္ဒန္တကုလာဝါ ဥပေါသထကုလာဝါ"စသည်ဖြင့် မဟာသုဒဿနသုတ်အဋ္ဌကထာ၌ ဥပေါသထ, ဆဒ္ဒန္တ နှစ်စီးတို့ အဆင်းအရည်ကို တပေါင်းတည်းဆိုသောကြောင့် သိအပ်သည်၊ အညို, အရွှေ, အနီ, အဖြူ,အမောင်း ပြိုးပြိုးပြက်သော အရောင်အားဖြင့် အစွယ်၌အရောင်ခြောက်ပါးရှိခြင်း,ယောကျ်ား ကုဋေတထောင်အားကို ဆောင်နိုင်ခြင်းသည်သာ ဥပေါသဆင်မှ ဆဒ္ဒန်ဆင် တူသည်။ အဆင်အယင်ကား ထူးသတည်း၊ လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့၌ "သဗ္ဗသေတော"ဟု ဆဒ္ဒန်၏အဆင်းဖြူကြောင်းကိုဆိုသည်မှာလည်း အမွေးအဆင် ကို မယူပဲ အသားအရေကို စွဲ၍သာ ဆိုလေသည်။

ယင်းသည်ထိုဆင်ကား "ဆဗ္ဗဏ္ဏဒန္တတာယ ဆဒ္ဒန္တော"ဟူသော အဘိဓာန်ဋီကာ နှင့်အညီ အစွယ်၌ အရောင်ခြောက်ပါးရှိသောကြောင့် ဆဒ္ဒန်မည်၏။

ဆဗ္ဗဏ္ဏဒန္တတာယ၊အစွယ်၌အရောင်ခြောက်ပါးရှိသည်အဖြစ်ကြောင့်။ဆဒ္ဒန္တော၊ ဆဒ္ဒန်မည်၏။

ယင်းသို့ အစွယ်၌ အရောင်ခြောက်ပါး ရှိကြောင်း, ကောင်းကင်၌ ပျံသွားနိုင် ကြောင်းကို ဆဒ္ဒန္တဇာတ်၌လည်း လာသည်၊ အလိုရှိတိုင်း အရုပ်အသွင် ဖန်ဆင်းနိုင် ကြောင်းကိုလည်း လောကပညတ္တိကျမ်း၌ ဝိနည်းမဟာဝါဘေသဇ္ဇခန္ဓကပါဠိတော် ကို သာဓကပြု၍ ဆိုသည်။

ယင်းသို့ အစွယ် အရောင်ခြောက်ပါး ရှိကြောင်း၊ ကောင်းကင်သို့ ပျံသွားနိုင် ခြင်း, အလိုရှိတိုင်း အရုပ်အသွင်ကို ဖန်ဆင်းနိုင်ခြင်း သည်လည်းကောင်း ဆဒ္ဒန် ဆင်မင်းမှာသာ အချင်းခပ်သိမ်း ပြည့်စုံသည်။

ဆဒ္ဒန်မျိုးပင်ဖြစ်သော်လည်း သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်း၏ ကဏ္ဍုလမည်သော ဆင် စသည်တို့ကဲ့သို့ တစိတ်တဒေသသာ ပြည့်စုံသောအရာလည်း ရှိသည်၊ ဒုဋ္ဌဂါမဏိ မင်းအား ဆဒ္ဒန်မျိုး ကဏ္ဍုလမည်သောဆင်ရှိကြောင်းကိုလည်း မဟာဝင်၌--

> တဿောဝ ပုညတေဇေန၊ဆဒ္ဒန္တကုလတောကရိ။
> ဟတ္ထိဆာပံ အာဟရိတ္ဝာ၊ ဌပေတွာ ဣဓပက္ကမိ။

စသည်ဖြင့်ဆိုသည်။

အနက်ကား တဿောဝ၊ ထိုဒုဋ္ဌဂါမဏိမင်း၏သာလျှင်။ ပုညတေဇေန၊ ဘုန်း တန်းခိုးအားဖြင့်။ ဆဒ္ဒန္တကုလတော၊ ဆဒ္ဒန်မျိုးမှ။ ကရိ၊ဆင်မ သည်။ဟတ္ထိဆာပံ၊ ဆင်ငယ်ကို။ အာဟရိတ္ဝာ၊ ဆောင်ခဲ့၍။ ဣဓ၊ ဤသီဟိုဠ်ကျွန်း မြစ်နား၌။ဌပေတွာ၊ထားခဲ့၍။ပက္ကမိ၊ဖဲလေ၏။

ယင်းသည်ဆင်ကို ကဏ္ဍုလမည်သော ငါးမျှားချိတ်သည် မြင်ဦးဖြစ်သည်ကို စွဲ၍ ကဏ္ဍုလမှည့်သည်။

**ပိင်္ဂလကတ်လာဆင်မျိုး အမည်နှစ်ဆယ် ပြီး၏။**

သင်္ကရိုက်ကျမ်းလာ တဆယ့်ခြောက်ပါးနှင့် ပိင်္ဂလကတ်ကျမ်းလာ နှစ်ဆယ်သော ဆင်မျိုး အမည်သုံးဆယ့်ခြောက်ပါးတည်း၊ ယင်းသည်ဆင်မျိုးတို့တွင် ကျမ်းဂန်၌ တိုက်ရိုက် အဆင်အထူးအမှတ်မရှိသည့် ဆင်တို့ကို အမည်း၊ အညို၊ အနီ၊ အရွှေ၊ အဖြူ အားဖြင့် ဆင်တို့အဆင်းငါးပါးတွင် အမှတ်မဲ့တပါးပါး ဖြစ်သင့်သည်ကို သိအပ်သည်။ ဆင်တို့ အဆင်းငါးပါး ရှိကြောင်းကိုလည်း—

သန္တိ အညေ မဟာနာဂါ၊ ဟတ္ထိဟတ္ထိနိယောပိစ။
ကာဠာနီလာ ပီတာသေတာ၊ သန္တိ လောဟိတကာပိစ။
ဟူ၍ လောကဒီပကကျမ်း၌ ဆိုသည်။

**အနက်ကား** ကာဠာ၊မည်းကုန်သော။ နီလာ၊ ညိုကုန်သော။ ပီတာ၊ ရွှေကုန်သော။သေတာ၊ ဖြူကုန်သော။ လောဟိတကာ၊ နီကုန်သော။ အညေ၊ တပါးကုန်သော။ ဟတ္ထိမဟာနာဂါပိစ၊ ဆင်ပြောင်ကြီးတို့သည်လည်း။ သန္တိ၊ရှိကုန်၏။ဟတ္ထိနိယောပိစ၊ဆင်မတို့သည်လည်း။သန္တိ၊ရှိကုန်၏။

ဆင်ရတနာတို့ကို ဆင်ရန် တန်းဆာထုံးစံကို သံယုတ်အဋ္ဌကထာတွင် ဤသို့လာသည်—

သတသဟဿဂ္ဃနကော၊ အသပြာတသိန်းထိုက်သော။ ဟတ္ထိ၊ဆင်သည်။ သတသဟဿဂ္ဃကေန၊အသပြာတသိန်းထိုက်သော။အလင်္ကာရေန၊တန်းဆာဖြင့်။အလင်္ကတော၊တန်းဆာဆင်သည်ဖြစ်မှ။ဟတ္ထိရတနံနာမ၊ဆင်ရတနာမည်၏။အဿရတနေပိ၊မြင်းရတနာ၌လည်း။ဧသေဝနယော၊ဤနည်းလျှင်တည်း။

ဤသို့ အသပြာတသိန်းထိုက်သည့် တန်းဆာဖြင့်ဆင်မှ ဆင်ရတနာမည်ကြောင်းကို လ.သည်။

ယူဇနာငါးဆယ်ခရီးကို နေ့ခြင်းသွားနိုင်သော ဘဒ္ဒဝတီဆင်မကို တန်းဆာ ဆင်နေရာ အတင့်အတယ်ဖြင့် ဥပဒေသမင်းဆင်ယင်ကြောင်းကို သဏ္ဍနိပါတ်တွင် ဤသို့ လာသည်—

သဗ္ဗာလင်္ကာရေဟိ၊ခပ်သိမ်းသောတန်းဆာတို့ဖြင့်။ အလင်္ကရိတွာ၊ ဆင်ယင်၍။ ပတိဋ္ဌာနေ၊တည်နေရာ၌။ဂန္ဓေန၊နံ့သာဖြင့်။ ပရိဘဏ္ဍကာရေတွာ၊ အပြေအပြစ်ပြုစေ၍။မတ္ထကေ၊အထက်၌။သုဝဏ္ဏတာရကစိတာနံ၊ရွှေကြယ်စီသောဗိတာန်ကို။ ဗန္ဓာ

ပေတွာ၊ဖွဲ့စေ၍။သမန္တာ၊ထက်ဝန်းကျင်မှ။ စိတြသာဏီ၊ ဆန်းကြယ်သောတင်းတိမ်တို့ကို။ပရိက္ခိပ ါပေတွာ၊ ကာရံစေ၍။ဂန္ဓတေလေန၊နံ့သာဆီဖြင့်။ဒီပံဇာလေတွာ၊ဆီမီးညှိစေ၍။ဓုမကဋ္ဌာပယံ၊အခိုးအမွှေးထုံသောအိုးကို။ဌပ ါပေတွာ၊ထားစေ၍။ကရီသဆဋ္ဌဋ္ဌာနေ၊ အစာဟောင်းစွန့်ရာ၌။ သုဝဏ္ဏကဋ္ဌာဟံ၊ ရွှေဖျဉ်းကို။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ စိတ္တတ္ထရဏပိဌေ္ဌဝ၊ ဆန်းကြယ်သောအခင်းရှိသည့် အင်းပျဉ်ထက်၌သာလျှင်။ပတိဋ္ဌပေသိ၊ရပ်နေစေ၏။ရာဇာရဟာ၊ မင်းအားထိုက်သော။ နာနဂ္ဂရသဘောဇနဥ္စ၊အထူးထူးမြတ်သောအရသာရှိသောအစာကိုလည်း။ဒါပေသိ၊ပေးစေ၏။

ဤသို့ တန်းဆာနေရာ အတင့်အတယ်ဖြင့် ဆင်ယင်သည်ကိုလာသည်၊ လက်သမားတို့မှ ဝယ်၍ရသော ဆင်ဖြူရတနာကို ဗာရာဏသီ ဗြဟ္မဒတ်မင်း ဘိသိက်သွန်း၍ ချီးမြှင့်သည့် အခြင်းအရာကို အလီနစိတ္တဇာတ်၌ ဤသို့ လာသည်—

ရာဇာ၊ဗြဟ္မဒတ်မင်းသည်။တံ၊ထိုဆင်ကို။ အာဒါယ၊ယူခဲ့၍။ နဂရံ၊ ဗာရာဏသီပြည်သို့။ဂန္တွာ၊ သွားလေ၍။ နဂရဉ္စ၊ ပြည်ကိုလည်းကောင်း။ ဟတ္ထိသာလဉ္စ၊ ဆင်တင်းကုတ်ကိုလည်းကောင်း။ အလင်္ကာရာပေတွာ၊တန်းဆာဆင်စေ၍။ ဟတ္ထိံ၊ဆင်ကို။နဂရံပဒက္ခိဏံကာရေတွာ၊ မြို့ကို လက်ျာရစ်လှည့်စေ၍။ ဟတ္ထိသာလံ၊ဆင်တင်းကုတ်သို့။ပဝေသေတွာ၊ဝင်စေ၍။သဗ္ဗာလင်္ကာရေဟိ၊ခပ်သိမ်းသောတန်းဆာတို့ဖြင့်။သမ္မာလင်္ကရိတွာ၊ကောင်းစွာဆင်ယင်၍။အဘိသေကံဒတွာ၊အဘိသိက်သွန်း၍။ဩပဂုယ္ဟံ ကတွာ၊စီးတော်ဆင်ပြု၍။ အတ္တနော၊မိမိ၏။ သဟာယဋ္ဌာနေ၊ အဆွေအရာ၌။ဌပေတွာ၊ထား၍။ ဉပဍ္ဎရဇ္ဇံ၊ပြည်ထက်ဝက်ကို။ ဟတ္ထိဿ၊ဆင်အား။ ဒတွာ၊ပေး၍။ အတ္တနာ၊မိမိနှင့်။ သမာနပရိဟာရံ၊ တူမျှသော အစောင့်အရှောက်ကို။ အကာသိ၊ပြု၏။ ဟတ္ထိဿ၊ ဆင်၏။ အာဂတကာလတော၊ လာသောအခါမှ။ ပဋ္ဌာယ၊စ၍။ ရညော၊ ဗြဟ္မဒတ်မင်းအား။ သကလဇမ္ဗုဒီပရဇ္ဇံ၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မင်းအဖြစ်သည်။ဟတ္ထဂတမေဝ၊ လက်သို့ရောက်သည်သာလျှင်။အဟောသိ၊ဖြစ်၏။

ဤသို့ အဘိသိက်သွန်း၍ ချီးမြှင့်သည့် အခြင်းအရာကိုလာသည်၊ သင်္ကရိုက်ကျမ်းလာ တဆယ့်ခြောက်စီး, ပဉ္စကတ်လာနှစ်ဆယ် ပေါင်း ဆင်မျိုး(၃၆)စီးကို ဆိုသည် ပြီး၏။

## အာဇာနည် အင်္ဂါငါးပါး

**၁၁၅၀–ပြည့်နှစ် တော်သလင်း လပြည့်ကျော် (၁၀)ရက်နေ့ နာရီမှူးတွင် သွင်းသည့် မေတ္တာစာကား—**

အစွမ်းအရည်ကိုထောက်၍ ဆင်ရတနာတို့ကို ဟောတော်မူသည့်အတိုင်း သိတော်မူသာအောင် မေတ္တာစာ ဆက်သွင်းသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

သမ္မုဒ္ဒေါ ဒွိပဒါနံ သေဋ္ဌော၊ အာဇာနီယော စတုပ္ပဒါနံ။
သုဿုသာ သေဋ္ဌော ဘရိယာနံ၊ ယောစ ပုတ္တာနံ အဿဝေါ။

**သံယုတ်ပါဠိတော်။**

**အနက်ကား** သမ္မုဒ္ဒေါ၊မြတ်စွာဘုရားသည်။ ဒွိပဒါနံ၊ ခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင်။သေဋ္ဌော၊မြတ်၏။ အာဇာနီယော၊ ဆင်,မြင်းစသော အာဇာနည်သည်။ စတုပ္ပဒါနံ၊ ခြေလေးချောင်းရှိသော သတ္တဝါတို့တွင်။ သေဋ္ဌော၊မြတ်၏။သုဿုသာ၊နာခံမွေးမြူတတ်သော မယားသည်။ ဘရိယာနံ၊မယားတို့တွင်။သေဋ္ဌော၊မြတ်၏။ ယောစ၊အကြင်သားသည်လည်း။ အဿဝေါ၊ မိ,ဘတို့စကားကို လိုက်နာတတ်၏။ သော၊ထိုသားသည်။ ပုတ္တာနံ၊သားတို့တွင်။ သေဋ္ဌော၊ မြတ်၏။

အာဇာနိယောတိ ဟတ္ထိဝါ ဟောတု၊ အဿာဒီသု အညတရောဝါ ယော ကာရဏာကာရဏံ ဇာနာတိ၊ အယံ အာဇာနိယောဝ စတုပ္ပဒါနံ သေဋ္ဌောတိ အတ္ထော။

**သံယုတ်အဋ္ဌကထာ။**

**အနက်ကား** အာဇာနိယောတိ၊ အာဇာနည်ဟူသည်ကား။ ဟတ္ထိဝါ၊ ဆင်သည်မူလည်း။ ဟောတု၊ဖြစ်စေ။ အဿာဒီသု၊ မြင်းအစရှိသည်တို့တွင်။ အညတရောဝါ၊တပါးပါးသည်မူလည်း။ ဟောတု၊ဖြစ်စေ။ယော၊ အကြင် ဆင်,မြင်းစသော သတ္တဝါသည်။ ကာရဏာကာရဏံ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို။ဇာနာတိ၊သိတတ်၏။အယံ အာဇာနိယောဝ၊ ဤသို့ သိတတ်သော အာဇာနည်သည်သာလျှင်။စတုပ္ပဒါနံ၊ခြေလေးချောင်းရှိသော သတ္တဝါတို့တွင်။ သေဋ္ဌော၊ မြတ်၏။ဣတိအယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။

**အဓိပ္ပါယ်ကား**....အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိတတ်သော ဆင်, မြင်း,ဥသဘတို့သည် အာဇာနည် မည်ကုန်၏ ဟူလိုသည်၊အသို့နည်းဟူမူကား သီဟိုဠ်ကျွန်း ကုဋ္ဋကဏ္ဏမင်းသည် ဂုဋ္ဌမည်သောမြင်းကို စီး၍ စေတိယပဗ္ဗတသို့ သွားသည်တွင် ကလမ္ဗကို မြင်းမသက်လိုသောကြောင့် မြင်းဆရာကို ခေါ်၍ "မြင်းကို သင်တို့ ကောင်းစွာ သင်ပေသည်ကား မြစ်ကိုမျှ မသက်

တတ်ခဲ့”ဟု အပြစ်ဆိုလျှင် မြစ်ကိုသက်သဖြင့် “အရှင်မင်းကြီး ကိုယ်ထက် မြီးဆံမှ ရေကျုလအံ့သည်ကိုစိုးသဖြင့် မသက်လိုသည်တကား မြီးဆံကို မ,စေ၍ ကူးတော်မူ”ဟု မြင်းဆရာတို့ ဆိုသည်တွင် မြီးဆံကို မ,စေသည်ကာလမှ ရှောင်တခင် ကူးသွားလေသော ဂုဋ္ဌဝဏ္ဏမြင်းကဲ့သို့တည်းဟု အဋ္ဌကထာ ပုံဆိုသည်။

ကာရဏာကာရဏံ အာဇာနာတီတိ အာဇာနိယော။
**သံယုတ်ဋီကာ ၁ဝစနတ္ထ။**

ကာရဏာကာရဏံ၊အကြောင်းဟုတ်သည် မဟုတ်သည်ကို။ အာဇာနာတိ၊ လွန်စွာ သိတတ်၏။ဣတိ၊ထိုကြောင့်။အာဇာနိယော၊အာဇာနည်မည်၏။

ထိုအာဇာနည်တို့တွင် ဆင်အာဇာနည်၏ အင်္ဂါငါးပါးကို—

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ရညော နာဂေါ ရာဇာရဟော ဟောတိ၊ ရာဇဘောဂေါ ရညော အင်္ဂံတွေဝ သင်္ခံ ဂစ္ဆတိ၊ ကတမေဟိ ပဉ္စဟိ၊ ဣဓ ဘိက္ခဝေ ရညော နာဂေါ ခမော ဟောတိ ရူပါနံ ခမော၊ သဒ္ဒါနံ ခမော၊ ဂန္ဓာနံ ခမော၊ ရသာနံ ခမော၊ ဖောဋ္ဌဗ္ဗာနံ။

ဟူ၍ အင်္ဂုတ္တိုရ်၌ ဟောတော်မူသည်။

**အနက်ကား** ဘိက္ခဝေ၊ရဟန်းတို့။ ပဉ္စဟိ အင်္ဂေဟိ၊ အင်္ဂါငါးပါးတို့နှင့်။ သမန္နာဂတော၊ပြည့်စုံသော။ ရညော၊မင်း၏။ နာဂေါ၊ဆင်သည်။ ရာဇာရဟော၊ မင်းစီးတန်သည်။ ရာဇဘောဂေါ၊ မင်းသုံးတန်သည်။ ဟောတိ၊ ဖြစ်၏။ရညော အင်္ဂံတွေဝ၊ မင်း၏လက်ခြေအင်္ဂါနှင့်တူ၏ ဟူ၍သာလျှင်။သင်္ခံ၊ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ကတမေဟိ ပဉ္စဟိ၊ အဘယ်ငါးပါးတို့နှင့်။သမန္နာဂတော၊ပြည့်စုံသနည်းဟူမူကား။ ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ ဤလောက၌။ရညော၊ မင်း၏။ နာဂေါ၊ ဆင်သည်။ ရူပါနံ၊ အဆင်းတို့ကို။ ခမော၊ သည်းခံချိသည်။ ဟောတိ၊ဖြစ်၏။ သဒ္ဒါနံ၊ အသံတို့ကို။ ခမော၊ သည်းခံချိသည်။ ဟောတိ၊ဖြစ်၏။ ဂန္ဓာနံ၊အနံ့တို့ကို။ ခမော၊ သည်းခံချိသည်။ ဟောတိ၊ဖြစ်၏။ ရသာနံ၊ အစာအရေရသာတို့ကို။ခမော၊သည်းခံချိသည်။ဟောတိ၊ဖြစ်၏။ဖောဋ္ဌဗ္ဗာနံ၊အထိ အတွေ့တို့ကို။ ခမော၊သည်းခံချိသည်။ဟောတိ၊ဖြစ်၏။

**အဓိပ္ပါယ်ကား**....အင်္ဂါငါးပါးနှင့်ပြည့်စုံသော ဆင်သည် မင်းစီးတန် သုံးတန်၏၊ မင်း၏အင်္ဂါလက်ခြေအင်္ဂါနှင့် တူ၏၊ အင်္ဂါငါးပါးဟူသည်ကား ဆင်သင်း, မြင်းသင်း, ရထား, ခြေသည်တို့ကို မြင်ရသော်လည်း မဆုတ်မနစ် တည်တန့်

ရရှိရင့်သည်ဖြစ်၍ အဆင်းကိုသည်းခံချိသည်တပါး၊ ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ ခြေသည်သူရဲတို့ ကြွေးကြော်သံ၊ စည်သံ၊ ခရုသင်းသံ၊ လက်နက်သံတို့ကို ကြားသော်လည်း မဆုတ်မနစ် တည်တန့်ရရှိရင့်သည်ဖြစ်၍ အသံကိုသည်းခံချိသည်တပါး၊ တပါးသောဆင်တို့၏အနံ့ကို ရသော်လည်း မဆုတ်မနစ်တည်တန့်ရရှိရင့်သည်ဖြစ်၍ အနံ့ကို သည်းခံချိသည်တပါး၊ လေးရက် ငါးရက်ခန့်ပင် မြက်ရေ အစာမစားရသော်လည်း မဆုတ်မနစ် တည်တန့်ရရှိရင့်သည်ဖြစ်၍ အစာအရေရသာကို သည်းခံချိသည်တပါး၊ လေး မြား လက်နက် ထိခိုက်စူးရှသော်လည်း မဆုတ်မနစ်တည်တန့်ရရှိရင့်သည်ဖြစ်၍ အထိအရှကို သည်းခံချိသည်တပါး ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ဆင်သည် မင်းစီးတန် သုံးတန်၏၊ မင်း၏လက်ခြေအင်္ဂါနှင့် တူ၏ဟူ၍ ဟောတော်မူသည်။

တနည်းလည်း—ဆင်အာဇာနည်၏ အင်္ဂါငါးပါးကို—

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ရညော နာဂေါ ရာဇာရဟော ဟောတိ ရာဇဘောဂေါ၊ ရညော အင်္ဂံတွေဝ သင်္ခံ ဂစ္ဆတိ၊ ကတမေဟိ ပဉ္စဟိ၊ ဣဓ ဘိက္ခဝေ ရညော နာဂေါ သောတာစ ဟောတိ၊ ဟန္တာစ ရက္ခိတာစ ခန္တာစ ဂန္တာစ။

ဟူ၍ အင်္ဂုတ္တိုရ်၌ ဟောတော်မူသည်။

**အနက်ကား** ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ အင်္ဂေဟိ၊ အင်္ဂါငါးပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ရညော၊ မင်း၏။ နာဂေါ၊ ဆင်သည်။ ရာဇာရဟော၊ မင်းစီးတန်သည်။ ရာဇဘောဂေါ၊ မင်းသုံးတန်သည်။ ဟောတိ၊ ဖြစ်၏။ ရညော အင်္ဂံတွေဝ၊ မင်း၏အင်္ဂါလက်ခြေနှင့်တူ၏ ဟူ၍သာလျှင်။ သင်္ခံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ကတမေဟိ ပဉ္စဟိ၊ အဘယ်ငါးပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ရညော၊ မင်း၏။ နာဂေါ၊ ဆင်သည်။ သောတာစ၊ နာခံတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဟန္တာစ၊ ဖျက်ဆီးတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ရက္ခိတာစ၊ စောင့်ရှောက်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ခန္တာစ၊ သည်းခံချိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဂန္တာစ၊ သွားတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား**....အင်္ဂါငါးပါးနှင့် ပြည့်စုံသောဆင်သည် မင်းစီးတန် သုံးတန်၏၊ မင်း၏ လက်ခြေအင်္ဂါနှင့် တူ၏၊ ငါးပါးဟူသည်ကား ပြုမြဲအမှု ပြုဘူး မပြုဘူးသေးသော အမှုဟူသမျှကို ဆင်စီးဆိုရာ လိုက်နာ ပြုဆောင်တတ်သည်ဖြစ်၍ နာခံတတ်သည်တပါး၊ စစ်မြေ၌ ဆင်ချင်း မြင်းရထား ဆင်စီး

မြင်းစီးသူရဲ ရန်သူတို့ကို သတ်ညှစ်သည်ဖြစ်၍ ဖျက်ဆီးတတ်သည် တပါး၊ အစွယ် နှာမောင်း အမြီး ခြေ လက် ဆင်စီး ဆင်ထိန်းတို့ကို မထိမရှအောင် ကွယ်ကာနိုင်သည်ဖြစ်၍ စောင့်ရှောက်တတ်သည်တပါး၊ လေး မြား လက် နက် လှံချက် အထိအရှ ကြောက်မက်ဖွယ်သော အသံတို့ကို မကြောက်မလန့် သည်ဖြစ်၍ သည်းခံတတ်သည်တပါး၊ရောက်ဘူး မရောက်ဘူးသော ကြည်း ရေ တောတောင် အရပ်ဟူသမျှသို့ ဆင်စီးနှင်တိုင်း မဆုတ်မနစ် သက်ဝင်ဝံ့ သည်ဖြစ်၍ သွားလာတတ်သည်တပါး၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော ဆင်သည် မင်းစီးတန် သုံးတန်၏၊ လက်ခြေအင်္ဂါနှင့် တူ၏ဟူ၍ ဟောတော် မူသည် တရားမင်းမြတ်။

## ဆီမီး မြင်းမိုရ် ပူဇော်ပုံ

ခတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဇာတ်နိပါတ်များတွင် ကြတ္တိကာသဘင်ရှိကြောင်း၊ ဥမ္မာ ဒန္တီဇာတ်တွင်လည်း တန်ဆောင်မုန်းလ ကြတ္တိကာသဘင်နေ့ ဆီမီး ညှိထွန်းကြောင်းများကို ဆိုသည်၊ ရှင်ရဋ္ဌသာရသည် လည်း'မီးပန်းပွင့်တုန်း တန်ဆောင်မုန်း'ဟူ၍ ဘူရိဒတ်ဇာတ် ပေါင်း၌ စပ်ဆိုသည်၊ ယခု ဆီမီးမြင်းမိုရ် တန်ဆောင်မုန်းဆီမီး ပူဇော်ကြသည်၊ သီတင်းကျွတ်လကိုသာ ပူဇော်ကြသည်၊ ထို ပူဇော်ကြသည့်ထုံးလည်း ဘုရားရှင် တာဝတိံသာက သက် သည့်ကာလ ပူဇော်သက္ကာရသဘင် ဖြစ်သည်ကိုစွဲ၍ သာလွန် မင်းလက်ထက် ဖြစ်သည့်လက္ခဏာ ရှိသည်၊ ထုံးတမ်းဆိုသည့် အရာသည် အမှန်အကန် ကျမ်းဂန်ရှေးအစဉ် ထုံးစံနှင့်အညီ သာ ဖြစ်စေသင့်သည်၊ ယခု အစဉ် ပူဇော်ကြသည့်အတိုင်း သီတင်းကျွတ်လကိုပင် ဆီမီးပူဇော်သင့်သည် ဇာတ်နိပါတ် များတွင် လာသည်၊ ကြတ္တိကာသဘင် ထုံးစံရှိသည့်အတိုင်း တန်ဆောင်မုန်းလကို ပူဇော်သင့်သည်ဖြစ်မည်ကို ဆရာတော် မှာ လျှောက်၊ ၁၁၅၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၁၃)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ရွက်ရသည်

အတိုင်း ရာဇစည်သူကို စေ၍ လျှောက်လှာပါစေသည်၊ဇာတ်နိပါတ်များတွင်လာသည့် ကြတ္တိကာသဘင်သည် ရတနာသုံးပါးကိုစွဲ၍ ဖြစ်သည်မဟုတ်၊ တစုံတခုအကြောင်းမရှိ မဖြစ်ရာ၊ နတ်ကိုစွဲ၍ ကြတ္တိကာသဘင်ပြုသည် ဖြစ်မည်၊ မည်သည့် အကြောင်းကိုစွဲ၍ ဖြစ်မည်၊ ယခုကာလ ဆီမီးပူဇော်ကြသည်မှာလည်း ရတနာသုံးပါးကို စွဲ၍ ပူဇော်သူလည်း ပူဇော်ကြသည်၊ရတနာသုံးပါးကို မစွဲမမှတ် နွားခြီ ကျွဲခြီ မောင်းတင်းကုတ် လှေကားများမှာပင် ပူဇော်သူလည်း ပူဇော်ကြသည်၊ အမှန်အကန် ကျမ်းဂန်ထုံးစံရှိရာသာ လိုက်ရပါမည်၊ နှစ်စဉ်ပူဇော်သည်အတိုင်း သီတင်းကျွတ်လကိုပင် ဆီမီးပူဇော်သင့်မည်၊ ကြတ္တိကာသဘင် ရှေးအစဉ်ရှိသည်အတိုင်း တန်ဆောင်မုန်းလမှာ ပူဇော်သင့်မည်၊ သို့မဟုတ် သီတင်းကျွတ်လမှာ ရတနာသုံးပါးကိုရည်မှတ်၍ တန်ဆောင်မုန်းလမှာ ကြတ္တိကာအစဉ်ရှိကိုစွဲ၍ ၂လ ၂ကြိမ်ပင် ဆီမီးညှိထွန်း ပူဇော်သင့်မည်၊ သီတင်းကျွတ်လ ရွှေဆင် ငွေဆင် ဆင်ရုပ် မြင်းရုပ် စပါးကျီဆန်ကျီ ရွှေတိုက် ငွေတိုက် ကြေးတိုက်လုပ်၍ ပူဇော်သည်များမှာ မည်သည့်အကြောင်းကို အစွဲပြု၍ လှူဒါန်း ပူဇော်သည်ဖြစ်သည်များကို သိသာအောင် အမိန့်တော်ရှိပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၀-ပြည့် တော်သလင်းလပြည့်ကျော်(၁၃)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သီတင်းကျွတ်လ အဿယုဇနက္ခတ်သဘင်,တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်သဘင်နှစ်ရပ် ရှိသည်တွင် သီဘင်းကျွတ်လ အဿယုဇနက္ခတ်သဘင်မှာ ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန် တိုက်ရိုက်မလာ၊တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်သဘင်မှာ ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ကြောင်းကို—

အထ သူရိယေ အတ္ထင်္ဂမေ ဥဂ္ဂတေ ပုဏ္ဏစန္ဒေ ဒေဝနဂရံ ဝိယ နဂရေ အလင်္ကတေ သဗ္ဗဒိသာသု ဒီပေသု ဇလိတေသု။

အစရှိသည်ဖြင့် ဥမ္မာဒန္တီဇာတ်၌ လာသည်။

မဟာဗောဓိဿ ကတ္တိကာဆဏပူဇံ အဒဒသ။

အစရှိသည်ဖြင့် သီရိဝမ္ပသောကမင်းကြီးလက်ထက် မဟာဗောဓိမှာ ကြတ္တိကာနက္ခတ်သဘင် ခံကြောင်း ပါရာဇိကဏ်အဋ္ဌကထာ၌ ဆိုသည်ဖြစ်၍ ဆီမီးတန်ဆောင်မီးပန်းမြင်းမိုရ် ပူဇော်တော်မူသည့်သဘင်မှာ တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်သဘင်ဖြစ်လျှင် ကျမ်းဂန်ထုံးစံနှင့် ညီညွတ်သည်၊အမှတ်မဲ့ ပြည်သူ တိုင်းသူတို့ ပူဇော်သည့်အရာမှာ သဘင်မဆိုလောက်ဖြစ်၍ ကာလအထူးမရှိသင့်ပြီ၊နက္ခတ်နှင့်ယှဉ်သည့်သဘင်,ဥတုဆန်းစသဘင်,ရာသီနှင့်ယှဉ်၍ ပန်းပွင့်ချိန်သဘင်ရှိကြောင်းကို ဝေဿန္တရာဇာတ်မှာ ဆိုသည်နှင့်အညီ ရေမြေသေဌ်နင်းမင်းတို့ အဦးမူ၍ ပြုသည့်သဘင်မှာ အစဉ် ထုံးစံကာလ ရှိသင့်သည်၊ ရတနာသုံးပါးကိုစွဲ၍ ပြုသည်ဖြစ်စေ၊ နက္ခတ်ကိုစွဲ၍ ပြုသည်ဖြစ်စေ နက္ခတ်ယှဉ်, ဥတုဆန်း, ပန်းပွင့်ချိန်များနှင့် သင့်အောင်ခံလျှင် မည်သည့်နက္ခတ်သဘင် မည်သည့်ဥတုသဘင် ပန်းသဘင်ဟု ဆိုသင့်တော့သည်၊ သီတင်းကျွတ်လ ရွှေဆင် ငွေဆင် ဆင်ရုပ် မြင်းရုပ်စသည် အလှူတော်များကိုလည်း ကျမ်းဂန်မှာ ဆင်လှူသည် မြင်းလှူသည် ဆိုသည့်ထုံးစံများကိုစွဲ၍ ရှေးမင်းတို့လက်ထက် အစဉ်လှူဒါန်းမြဲထုံးစံဖြစ်သည် ယူရန်ရှိသည်။

## ကထိန်သင်္ကန်း မသိုးသင်္ကန်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> တန်ဆောင်မုန်းလကာလ ဆရာတော် သံဃာတော်တို့ကို လှူသည့် သင်္ကန်းအလှူတော်သည် ကထိန်အလှူ မြောက်မည် မမြောက်မည်၊ မသိုးသင်္ကန်းမှာလည်း လှူရိုးကျမ်းဂန် မည်သို့ရှိသည် မရှိသည်ကို ဆရာတော်ကို လျှောက်ဦး၊ ၁၁၅၀ ပြည့် တန်ဆောင်မုန်း လဆန်း(၂)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မဟာဒါန်ဝန်ကို လျှောက်လှာပါစေသည်၊ ကျမ်းဂန်ရှိသည်အတိုင်း သိတော်မူသာအောင် စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၅၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း(၃)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သံဃာကိုရည်၍ ကထိန်သင်္ကန်းအကျိုးငှါ လှူသည့်ပုဆိုးကို ရထိုက်သောရဟန်းအား ၃ တ်ကမ္မဝါစာနှင့် သံဃာတို့ပေး၍ "အတ္ထတံ ဘန္တေ သံဃဿ"အစရှိသော စကားဖြင့် ခင်း၍ သံဃာအနုမောဒနာပြုမှ ကထိန်အလှူမြောက်သည်ကို ဝိနည်းကျမ်းဂန်၌ ဆိုသည်ဖြစ်၍ ထိုက်ရာရွေးခြယ် လှူဒါန်းတော်မူသည့် သင်္ကန်းတော်အလှူသည် ကထိန်အလှူမမြောက်၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် ကာလသည် ကထိန်ခေတ်ဖြစ်၍ ၎င်းခေတ်တွင် လှူသောကြောင့်သာ ကထိန်အလှူတော်ဆိုခြင်း ဖြစ်သည်။

မသိုးသင်္ကန်းမှာလည်း ကျမ်းဂန်မလာမရှိ၊ ရဟန်းတို့မှာ ကထိန်ပုဆိုးကို ရသည့်နေ့ရက်အတွင်း ပြီးပြေအောင် အခြားနေ့ရက် မကူးမသိုးစေပဲ ချုပ်ဆိုးလုပ်ဆောင်၍ ကထိန်ခင်းရသည်ကို အစွဲမူ၍ လူတို့မှာလည်း မသိုးသင်္ကန်းလုပ်ဆောင်၍ လှူဒါန်းကြသည့်အရာသာ ဖြစ်သည်။

---

## မဟာပိန္နဲနတ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မဟာပိန္နဲရထားစွဲ ရထားငင် စင်ဆောက် မီးတိုးများကို တရားကျမ်းဂန်ထုံးစံမည်သို့ရှိသည်ကို ဆရာတော်မှာ လျှောက်ရမည် ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရပါသည်၊ မဟာပိန္နဲနတ်ရုပ်ကို ရထားတင်၍ ငင်သည့်စင်ဆောက်လုပ်ပြီးလျှင် မီးတိုးသည် ပဉ္စဂေါရသ သီးမျိုး ပွင့်မျိုး ထမင်း အဖျော်များနှင့် ကြတ္တိကာနက္ခတ်ယှဉ်သည့်နေ့ ပူဇော်သည့် အကြောင်းအရာများကို အစဉ်ဆင်းသက် စီရင်လုပ်ဆောင်သောကြောင့် ကျမ်းဂန်ထုံးစံ အခြေအမြစ် သန့်စ်သနား အကြောင်းမျိုးကို သိတော်မူသာအောင် ပုဏ္ဏားပညာရှိ လူပညာရှိတို့ကို မေးလျှင် ညောင်အုပ်စား, မြစ်ခြေစား, နာရီမှူးတို့က ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သည့်နေ့ ယခု ပူဇော်ကြသကဲ့သို့ ပူဇော်ခင်း ပူဇော်ဖွယ်များကို ကျမ်းဂန်မတွေ့ဘူးပါ၊ အစဉ်ဆင်းသက် ပူဇော်သည်ကို စွဲ၍ အဝမြို့မှာလည်း ရွှေစည်းခုံတွင် မဟာပိန္နဲနတ်ရုပ်ကို အတွင်းတော်ကစ၍ ပြည်သူပြည်သားတို့ ပူဇော်သည်ကို သိမြင်ပါသည်၊ ရာဇမတ္တဏ်ကျမ်းမှာမူကား

"ရဝိကုမ္ဘတ္တွေ"အစရှိသောဂါထာဖြင့် ကုံရာသီ၌ တနင်္ဂနွေရောက်စဉ် ဗလဂုတ္တိနက္ခတ်နှင့် ယှဉ်သည့်နေ့ ရထား၌ တည်သော မဟာပိန္နဲနတ်တို့ ရှုမြင်ရမှု ခပ်သိမ်းသော အနိဋ္ဌဖလ မကောင်းကျိုးပျောက်၍ ကောင်းကျိုးချမ်းသာ များခြင်း, ရန်မာန်ခပ်သိမ်းကို အောင်ခြင်း,မိုးလေဖြောင့်မှန်ကြောင်းများနှင့် ပညာရှိတို့ ထွက်ဆိုကြသည့်အရာများကို သိတော်မူသာ ရှင်းလင်းခြားနားအောင် စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း(၆)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မဟာပိန္နဲနတ်၏ အကြောင်းမှာ စတုလောကပါလနတ်မင်း လေးယောက်မှ ထောက်၍ ငါးယောက်မြောက် တန်းခိုးကြီးသည့်သူဖြစ်သော အလိုခပ်သိမ်းကို ပြီးစေနိုင်သော ကမ္ဘာပတ်လုံး အသက်ရှည်သော အပ်မားငယ်စသော အလှူပေးခဲ့ဘူးသောကြောင့် တံကျင်သုံးချောင်း လက်နက်ရှိသော နွားယာဉ် လှူခဲ့ဘူးသောကြောင့် သုရဘိရနွားလားဥသဘယာဉ်ရှိသော ဘုရားသခင်နှင့် ကိုယ်ဝှက်ကစားသည်တွင် ရှုံး၍ သာသနာတော်ကို ကြည်ညိုသဖြင့် ယခုထက်တိုင် မန္ဒာဂီရိတောင်၌ ရတနာဆင်းတုပြု၍ ကိုးကွယ်ခြင်းရှိသော ပရမေသုရာ မည်သော ဘုမ္မစိုးနတ်၏ ဟာရိနီမည်သော နတ်မိဖုရားတွင်သော နတ်သားကို မဟာပိန္နဲဟူ၍ ဆိုသည်၊ အဘဖြစ်သော ပရမေသုရာနတ်မင်းနှင့် တူစွာသောကြောင့် ခြားနားစေလို၍ လည်၌ ဆည်းလည်းဖြင့် မှတ်အပ်ရကား ခန္ဒကုမာရဟူ၍လည်း ဆိုသည်၊ယင်းသည် မဟာပိန္နဲကား ဥဒေါင်းယာဉ်စီးလျက် ဇမ္ဗူဒိပ်၏ တောင်မျက်နှာအဖို့၌ လည်းကောင်း, မြောက်မျက်နှာ စိမ့်တိုင်း၌လည်းကောင်း နေသည်၊ ဆဋ္ဌာဘိညဖြစ်သော ဟတ္ထကထေရ် ဆုံးမ၍ ရတနာသုံးပါး၌ ကြည်ညိုသည်ဟူ၍ မဟာပိန္နဲနတ် အကြောင်းအရာများကိုသာ ဆဂတိဒီပနီ,လောကပညတ္တိကျမ်းတို့၌ဆိုသည်၊တန်ဆောင်မုန်းလ၌ ဖွားကြောင်း အစွယ်တချောင်းရှိသည်၊ ဆင်မျက်နှာနှင့် တူကြောင်း, ဥဒေါင်းယာဉ်ရှိကြောင်း, လုံ့လက်နက်စွဲကြောင်း, နတ်၏ စစ်သူကြီး ဖြစ်ကြောင်းများကို သဒ္ဒကရိုက်အဘိဓာန် သာသနာအဘိဓာန်တို့၌ ဆိုသည်၊ရထားဆွဲ ရထားငင် စင်ဆောက် မီးတိုးပူဇော် ပသဟန်များကို တရားကျမ်းဂန် မလာမရှိ၊ ဗြိစ္ဆာရာသီသို့ တနင်္ဂနွေ ရောက်မှ ရောဟဏီ,ကြတ္တိကာနက္ခတ်ကြိုက်သည့်အခါ မဟာပိန္နဲသဘင်ခံအပ်ကြောင်း ကြွက်ယာဉ်စီးကြောင်းများကို စာဟောင်းရှိသည်။ ကုံရာသီသို့ တနင်္ဂနွေရောက်မှ

ဘရဂုဏ္ဏိနက္ခတ်ကြိုက်သည့်အခါ ရထားထက်တည်သော မဟာပိန္နဲကို ရှုအပ်ကြောင်း ယင်းသို့ရှုသော် မြတ်သောသူကို သတ်မိသည်အပြစ်မှ လွတ်ကြောင်းကိုသာ ရာဇမတ္တဏ်ကျမ်း၌ ဆိုသည်၊ အပရိဟာနိယတရားနှင့်အညီ အစဉ်ပသရာသည်ကို မဆို။ လက်ထက်တော်တွင် ရောက်သည့် တန္တြိသာရကျမ်း,ပဉ္စဒေဝတာကျမ်းများ၌လည်း ယခု ပူဇော်ပသသည်နှင့်မတူ အခြား ပူဇော်ပသနည်းသာ ရှိသည်။

## မဟာပိန္နဲ ပူဇော်နည်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> ဘန္တြိသာရကျမ်း,ပဉ္စဒေဝတာကျမ်းများတွင် ယခု မဟာပိန္နဲ ပူဇော်ပသနည်းနှင့် မတူ အခြားပူဇော် ပသနည်းသာ ဆရာတော်သွင်းချက်စာတွင် ပါသည်၊ အခြားပူဇော်သည့်နည်းကို ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးတိပ်ရွက်ရသည်အတိုင်း မဟာဒါန်ဝန်ကို လျှောက်လှာပါစေသည် အမိန့်တော်အရကိုထောက်၍ သိတော်မူသာအောင် တန္တြိသာရ, ပဉ္စဒေဝတာကျမ်းထွက် ပူဇော်ပသနည်းများကို စာသွင်းတော်မူပါမည့်အကြောင်း လျှောက်ထားပါသည် ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပဉ္စဒေဝတာကျမ်း,တန္တြိသာရကျမ်း တိထိသရူပကျမ်းတို့၌လာသော မဟာပိန္နဲနတ်ကို ပူဇော်ပသဟန် အခြင်းအရာမှာ ဗိဿဏိုးစသော နတ်ကြီးတို့ကို ပူဇော်ပသလျှင် ရထားထက်တင်၍ ပူဇော်ပသရာသည်ကို ဆိုသည်နှင့်အညီ မယုရဝါဟနရထားပြုပြီးမှ ဖျင်ပုဆိုး၌ အချပ်ရှစ်ခု၊ဝတ်မှုန်ရှစ်ဆံနှင့်တကွ ပဒုမာကြာရေး၍ အရှေ့အချပ်မှ အစဉ်အတိုင်း ဝတ်မှုန်အလယ်အကွက်တိုင်အောင်—

> ဉုံ တိပြာယေနမး, ဉုံ ဇာလိဒ္ဒေနမး, ဉုံ နန္ဒာယေနမး, ဉုံ ဘောဂဒါယေနမး, ဉုံ ကာမရူပိန္နေနမး,ဉုံ ဉဂြာယေနမး,ဉုံ တေဇောဗသျေသဘျာယေနမး,ဉုံ ဗိဿနာသိန္နေနမး,ဉုံ သဗ္ဗသတ္တိကမလနာသနာယနမး။

ဟူသော မန္တန်ကိုးပါးကို ချပြီးမှ ၎င်းပုဆိုးကို ရထားထက်ခင်း၍ ပုဏ္ဏားရှစ်ယောက် အရပ်ရှစ်မျက်နှာ၌ ရပ်လျက်—

ဂဏပတိခါ့ ဉ္ဆူလတန့် ဂဇေန္ဒြဝဒနံ လမ္ဗောဒရသုန္ဒရံ မဓုဂန္ဓပလမ္ဗာ ဗျာလောလဒန္တာ ဃာတာဝိတာရိတာ ရုဓိရသိန္ဒူရသုဝါသိတ ဝန္ဒေဂေလေ သုတာသုတဂဏေပသိဒ္ဓိပြဒံ ကမ္ဗာသု။

ဟူသောစကားဖြင့် ဂဏပတိဂဇာနနဖြစ်သော နတ်မင်း လာစေသတည်းဟု တညီတညွတ် ဆောက်တည်၍—

ဉုံ ဂဏာနန္တာ ဂဏပတိဂုံဟုဝါမဟေ နိမ်နန္တာနိမိပတိဂုံဟုဝါမဟေ၊ ဗြိယာနန္တာ ဗြိယာပတိဂုံဟုဝါမဟေ၊ ဉုံ လမ္ဗောဒရဝိသာလက္ခံ၊ မုသကဗာဟနမေဝစ သိဒ္ဓိဗုဒ္ဓိဝရဒေဝဂဏေ သလောကအဝှါမျဟံ။

ဟူသောမန္တန်ဖြင့် ရှစ်ယောက်တညီတည်း ခေါ်ပြီးမှ နတ်ဆင်းတုကို ပင့်စေ၍၊ ရောက်လျှင်—

ဂဏပတိဘဋ္ဋာရက၊ဣဟာဂစ္ဆာဂစ္ဆ၊ ဣဟာတိဋ္ဌတိဋ္ဌ၊ ဣဟာသန္နိဟိတောဘဝ၊ အတြတိဋ္ဌာနံ ကုရု၊ယာဝတ်ပူဇာ၊ တာဝတ် ကာရောမျဟံ။

ဟူသောစကားဖြင့် နေရာချပြီးသော်—"တေတ်ပါဒံ့ ဂဏပတယေနမး"ဟူသောစကားဖြင့် ခြေဆေးရေ ပသရမည်၊ "ဧသော အဃွေါ ဂဏပတယေနမး"ဟူသောစကားဖြင့် သောက်ရေ ပသရမည်၊ "ဣဒံ အာစမနိယံ ဂဏပတယေနမး"ဟူသောစကားဖြင့် သုံးဆောင်ရေ ပသရမည်၊ "ဣဒံ သ္နာနီယံ ဂဏပတယေနမး"ဟူသောစကားဖြင့် ချိုးရေ ပသရမည်၊ "ဣဒံ ပုနရာစမနီယံ ဂဏပတယေနမး"ဟူသောစကားဖြင့် တဖန် သုံးဆောင်ရေ ပသရမည်၊ "ဣဒမနုလေပနံ ဂဏပတာယေနမး"ဟူသောစကားဖြင့် နံ့သာရည် ပသရမည်၊ "သေဂန္ဓော ဂဏပတယေနမး"ဟူသောစကားဖြင့် နံ့သာဖြင့် အခိုးအထုံ ပသရမည်၊ "ဣဒံ ပုပ္ဖံ ဂဏပတယေနမး"ဟူသောစကားဖြင့် ပန်း ပသရမည်၊ "ဣဒံ ဓုပံ ဂဏပတယေနမး"ဟူသောစကားဖြင့် နေဇာဆန် ထောပတ် ပျား နှမ်းပွဲလက်ကိုကြိတ်၍ အမှုန့်ပြုအပ်သော ဓူပဖြင့် မီး(၈)တိုင် မျက်နှာဆောက်၍ ကြဲညှိ ပသရမည်၊ "ဣဒံ ဒီပံ ဂဏပတယေနမး"ဟူသော စကားဖြင့် ဆီမီးရှစ်မျက်နှာ ညှိထွန်းပသရမည်၊ "ဣဒံ နေဝိဒံ့ ဂဏပတယေနမး"ဟူသောစကားဖြင့် သစ်သီး အချိုအချဉ် နွားနို့ထမင်း အဖျော်များကို ပသရမည်၊ "ဣဒံ တမ္ဗူလံ ဂဏပတယေနမး"ဟူသောစကားဖြင့် ကွမ်း ပသရမည်၊ယင်းသို့ ပသပူဇော်ပြီးမှ ရှစ်မျက်နှာနေ၌သော ပုဏ္ဏားရှစ်ယောက်တို့သည်—

ကေဒန္တံ မဟာကာယံ၊ လမ္ဗုဒရံ ဂဇာနနံ။
ဝိဃ္ဃနာသကရံဒေဝံ၊ ဟေရမ္ဗံ ပြနမာမျဟံ။

ဟူသော ဂါထာကို တညီတညွတ်တည်း ရွတ်ကုန်လျက် အလိုရှိအပ်သော အကြံအစည် အကျိုးစီးပွားကို တောင့်တရာသည် ဆိုသည်နှင့်အညီ ဤသို့ အထူးထူးသော ပန်း၊ ဆီမီးစသော ပူဇော်သက္ကာရတို့ဖြင့် အရှင်နတ်မင်းအား ပူဇော်ပြီး "အရှင်နတ်မင်းသည် ငါတို့အရှင် ဆင်ဖြူမျိုးရှင် ရွှေနန်းသခင် ဘဝရှင်မင်းတရားကြီးဘုရားအား တက်သစ်သောနေဝန်း ဆန်းသစ်သောလမင်းကဲ့သို့ ဘုန်းတန်းခိုးအာဏာစက် အတိုင်းထက်အလွန် ကြီးတော်မူလျက် သက်တော်ရှည်တော်မူ၍ သာသနာတော် မြတ်စီးပွား ပြည်သူလူအပေါင်းတို့စီးပွား များဖွံ့အောင် ရွက်ဆောင်တော်မူခြင်းဌာ စောင့်ရှောက်မစ စေသတည်း၊ ရန်သူအပေါင်း ရှင်းကင်းလျက် တရာ့တစင်း ထီးဆောင်းမင်းတို့ ရွှေစက်တော်အောက် ပျပ်ဝပ်၍ အထူးထူးသော ပဏ္ဏာရတနာတို့ကို ဆက်သလှာအောင် မ, စ စေသတည်း၊ မိုး လေမှန်၍ အသီးအဆံ အစာအရေ ဝပြောဖွံ့လျက် ပြည်ထဲလေးမျက်နှာ သာယာငြိမ်ဝပ်အောင် မ, စ စေသတည်း" ဟူ၍ ဆုတောင်းဆုပန် ပြုရမည်။

## ပူဇော်ရမည့် လ, နေ့, ရက်

လက်ထက်တော်တွင် ရောက်သည့် လောကီစာ အဆိုအရများကို သိတော်မူတန်သည်ကို သိတော်မူမှုလည်း စာပေရောက်ကျိုး ရှိမည်ဖြစ်၍ ပေးတော်မူသည်ကို ဆရာတော်လည်း မရှောင် မလွှဲသာသည်နှင့် အပရိဟာနိယတရားကို ထောက်လျှင် အပြစ်မရှိသည့်အရာကို ရည်မှတ်၍ လောကီစာအရများကို မေတ္တာစာ သွင်းအပ်သည်၊ ဆရာတော်က သွင်းသည့် မေတ္တာစာအရတွင် ပူဇော်ပသရမည့် လ, နေ့, ရက် , နက္ခတ် အယှဉ်ကို မပါသေး ဖြစ်သည်၊ ၎င်းနေ့ ရက် နက္ခတ်အယှဉ်ကို လျှောက်ချေ စေ၍ တလုပ်မြို့စား မင်းကြီးနန္ဒကျော်ထင် လျှောက်လှာသည်တွင်-

**၁၁၅၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း(၈)ရက်နေ့ သွင်းသည့် မေတ္တာစာကား—**

မဟာပိန္နဲနတ် ပူဇော်ပရာသည့် လ,ရက်,တိထိကို တိထိသရူပကျမ်း၌ "ကတ္တိကေ တုဂုလ္လာယံ ဂဏ္ဍိပူဇာ သုဘာဝဟာ" ဟူ၍ တန်ဆောင်မုန်းလပြည့်နေ့ ပုဏ္ဏာတိထိ၌ ပူဇော်ပသအပ်သည်ကို ဆိုသည်။

ကတ္တိကေတု၊တန်ဆောင်မုန်းလ၌။ဂုလ္လာယံ၊လပြည့်နေ့ ပုဏ္ဏာတိထိ၌။ ဂဏ္ဍိပူဇာ၊ မဟာပိန္နဲကို ပူဇော်ပသခြင်းသည်။ သုဘာဝဟာ၊ ကောင်းကျိုးဆောင်တတ်သည်။ ဘဝေ၊ ဖြစ်၏။

ယင်းသည်စကား၌ နက္ခတ်အယှဉ်ကို တိုက်ရိုက်မဆိုသော်လည်း ကြတ္တိကာပုဏ္ဏမီ အရာဖြစ်၍ ကြတ္တိကာနက္ခတ်အယှဉ်ကို သိအပ်သည်၊ သီရိဓမ္မာသောကမင်းကြီး လက်ထက် တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာနက္ခတ်သဘင် မဟာဗောဓိပူဇော် သဘင် နွှေချင်း ခံသည်ကို ကျမ်းဂန်လာသည်နှင့်အညီ သဘင်တပ်သည့်အရာမှာ အတိုင်းထက်အလွန် မင်္ဂလာဖြစ်ရန် ရှိသည်သာ ဖြစ်သည်။

## စက်ထိုးစက်ပစ် မြင်းခင်းသဘင်

ရတနာပုရ အဝမြို့ ညောင်ရမ်းလက်ထက်ကစ၍ စက်ထိုး စက်ပစ် မြင်းခင်းသဘင် ထုံးစံဖြစ်ကြောင်းကို ဆိုကြသည်၊ရှေး အစဉ်ထုံးစံမရှိပဲ ၎င်းမင်းလက်ထက်တွင်မှသာ ဖြစ်သည် မှန် လျှင် အစဉ်ထုံးစံ ဆိုသာမည်မဟုတ်၊ ရှေးအစဉ်ထုံးစံ ရှိသည် မရှိသည်ကို ဆရာတော်မှာ လျှောက်။

**၁၁၅၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း(၁၁)ရက်နေ့ တလုပ်မြို့စား မင်းကြီး နန္ဒကျော်ထင်ကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

စက်ထိုး စက်ပစ် မြင်းခင်းသဘင်ထုံးစံမှာ တာဝတိံသာနတ်ပြည်၌ ဝါဆိုတော် မူပြီး၍ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ ပတ္တမြားစောင်းတန်းဖြင့် သင်္ကဿနဂိုရ် ပြည်သို့ သက်တော်မူသည်ကာလ ပရိသတ်အစည်းအဝေးတွင် အရှင်မဟာသာရိ ပုတ္တရာအား အကျဉ်းဖြင့် မေးသောပြဿနာကို အကျယ်ဖြေနိုင်သည်ကို အကြောင်း ပြု၍ ဟောတော်မူသော သရဘမိဂဇာတ်၌ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် သရဘမည်သော သားမျိုးဖြစ်၍ တော၌နေသည်ကို အမတ် စစ်သည်အပေါင်းနှင့်တကွ ဗာရာဏသီမင်း တောကစားထွက်၍ အနီး၌သာ ပြေး လျက် မမိသသူအား ဒဏ်ထားအံ့ဟု အချိန်းအချက်နှင့် ကစားကြသည်တွင် မင်း၏

အနီးဖြင့် ပြေးလေသော် အမတ်တို့ ပြက်ရယ်ပြုသည်ကို မခံချိ၍ တကိုယ်တည်းသာ လိုက်လေလျှင် သုံးယူဇနာခရီးတိုင်မှ အတောင်ခြောက်ဆယ်မျှလောက်သော မြက်ဖုံးလွှမ်းလျက်သော သစ်ဆွေးကျင်းသို့ ကျလေသည်ကို ဘုရားလောင်း သားမင်းသိ၍ မကြောက်လင့်ဟု နှစ်သိမ့်စေလျက် ကယ်ဆယ်ပြီးမှ ကျောက်ထက်စီးစေ၍ မူးမတ်စစ်သည်ရှိရာ ဆောင်ပြီးသော် ဗာရာဏသီမင်းအား ပဥ္စသီဆောက်တည်ခြင်း တိုင်းနိုင်ငံသူတို့အားလည်း ဆောက်တည်စေခြင်းငှါ ဩဝါဒပေးခဲ့၍ တောသို့ဝင်လေ၏၊ ဗာရာဏသီမင်းလည်း မူး မတ် စစ်သည်ဘောင်သို့ ရောက်လျှင် ယင်းသည့် အကြောင်းကို မပြောမဆိုမူ၍ မြို့သို့ဝင်ပြီးမှ မိုးသောက်သောကာလ၌ ဘုရားလောင်း သားမင်း၏ ကျေးဇူးကို အောက်မေ့လျက် "ငါသည် ရေမှ ကြည်းထက် တင်နိုင်သကဲ့သို့ ယောကျ်ားမည်သည် အားထုတ်ရာသတည်း" စသောစကားကိုဆိုသည်ကို ပုရောဟိတ်ကြား၍ သားကို ဤမင်းလိုက်သည်ကာလ ရေ၌ကျ၍ သားမင်း ကယ်ဆယ်သည်ဖြစ်မည်ဟု အကြောင်းအရာ အလုံးစုံကိုပြန်၍ မင်းအား လျှောက်လေသည်။

တရံရောအခါ အမှတ်ပစ်ကစားအံ့ဟု ပုရောဟိတ်နှင့်တကွ မူး မတ် စစ်သည် အပေါင်း ခြံရံလျက် ဥယျာဉ်သို့ထွက်၍ ကစားသည်တွင် ဘုရားလောင်းသားမင်း ဆုံးမတိုင်း တိုင်းနိုင်ငံသူတို့ကို ဩဝါဒပေး၍ ကုသိုလ်ကောင်းမှုပြုစေသဖြင့် နတ်ပြည်၌ဖြစ်သော အသစ်အသစ်သောနတ်သားတို့ကို သိကြားမင်းမြင်၍ အကြောင်းကို ကြည့်ရှုသော် တိုင်းနိုင်ငံသူတို့အား ဗာရာဏသီမင်း ဩဝါဒပေးသည်အဖြစ်ကိုသိ၍ စုံစမ်းအံ့ဟု ဘုရားလောင်း သရဘသားမင်းအသွင်ဖြင့် မင်းကြီး အမှတ်ပစ်ဆဲဆဲ၌ ပြလေလျှင် မပြစ်ပဲ တန့်၍နေသည်ကို "ဘယ့်ကြောင့် မပစ်သနည်း" ဟု ပုရောဟိတ် မေးသည်တွင် ရှေးကျေးဇူးကို အောက်မေ့၍ မပစ်ကြောင်းကို ဆိုသည်ကာလမှ သရဘသားမင်းအသွင်ကို ကွယ်စေ၍ သိကြားမင်းအဖြစ်ကို ထင်စွာပြလျက် ချီးမွမ်း ထောမနာကြောင်း၊ ထိုအခါ ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ၊ ပုရောဟိတ်သည် အရှင်သာရိပုတ္တရာ၊ သိကြားမင်းသည် အရှင်အနုရုဒ္ဓါ၊ သရဘသားမင်းသည် သဗ္ဗညုတဘုရားဖြစ်တော်မူလာကြောင်းများနှင့် အကျယ်လာသည်၊ ၎င်းဇာတ်၌ "လက္ခံ ဝိဇ္ဈိသာမိ" ဟူ၍ အမှတ်ပစ်ကြောင်းကို ဆိုသည်၊ အမှတ်ဟူသည်လည်း စက်ကွင်း စက်မှတ်ပင် ဖြစ်၍ စက်ထိုး စက်ပစ် မြင်းခင်းသဘင် ကစားသည်ကိုပင် တိုက်ရိုက်ဆတ်ဆတ် သိအပ်သည်.စက်ထိုး စက်ပစ် မြင်းခင်းသဘင်အစဉ် ၃ုံးစံ ရှိသောကြောင့် အဘိဓာန်ကျမ်း၌လည်း ဆင်, မြင်း, ရထား, ခြေသည် စစ်အင်္ဂါလေးပါးတို့ကို ဆိုရာဝယ် "လက္ခံ, ဝဇ္ဈံ, သရဗျဥ္စ" ဟူ၍ မှတ်တိုင် စင်တိုင်ဟော ပရိယာယ်သုံးပုဒ်ကို ဆိုခြင်း ဖြစ်သည်။

## ဝေဿဝဏ်နတ်မင်း

တကာတော် မင်းကြီးနန္ဒကျော်ထင် လျှောက်ပါသည် ဆရာတော်ဘုရား—

အာဋာနာဋိယသုတ် ပါဠိ အနက်ကို လေ့ကျက် ဆောင်ရွက်တော်မူသည်တွင် ဝေဿဝဏ်နတ်မင်း အစေအပါး ဘီလူးတို့ လူမိန်းမ, လူယောကျ်ားတို့ကို ယာဉ်ပြု၍ သွားလာ လှည့်ပတ်ကြောင်းကို ပါသည်မှာ မည်သို့ယာဉ်ပြုသည်ကို မသိသာဖြစ်သည်၊သိသာအောင် ဆရာတော်မှာ လျှောက်၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ လျှောက်ပါသည်၊ မည်သို့ ယာဉ်ပြု၍ သွားလာကြောင်းကို သိတော်မူသာအောင် ကျမ်းဂန်လာသည်အတိုင်း စာသွင်းတော်မူပါ ဆရာတော်ဘုရား။

၁၁၅၀-ပြည့်နှစ် နတ်တော်လပြည့်ကျော်(၈)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—

လူမိန်းမ, လူယောကျ်ားတို့ကို ယာဉ်ပြု၍ ဝေဿဝဏ်နတ်မင်း အပင်းအသင်း အစေအပါး ဘီလူးတို့ လှည့်ပတ်သွားလာကြောင်းကို အာဋာနာဋိယသုတ်တွင် ဆိုသည်မှာ ရဲခါ ကိုယ်ထက်ပင် စီးသည်၊ရဲခါ ယာဉ်ရထားများ၌ ယှဉ်၍ ဆွဲဆောင်စေသည်ကို ၎င်းသုတ်အဋ္ဌကထာတွင် ဆိုသည်၊ ထိုသို့ စီးနင်းဆောင်ရွက်စေခြင်းငှါ ဖမ်းယူသော်လည်း သမ္မာဒိဋ္ဌိဖြစ်သူတို့ကို မဖမ်းမယူဝံ့ကုန်၊ များသောအားဖြင့် ပစ္စန္တရာဇ် တောတောင်၌ နေသူ အရိုင်းအစိုင်းတို့ကိုသာ ဖမ်းယူဝံ့ကုန်သည်၊ သီဟိုဠ်ကျွန်းတွင်ပင် ဖမ်းယူဘူးကြောင်းကိုလည်း ၎င်းအဋ္ဌကထာ၌ ဆိုသည်။

## အိမ်ရှေ့မင်းနှင့် ပြည်ထဲရေး

တကာတော် မင်းကြီးနန္ဒကျော်ထင် လျှောက်ပါသည် ဆရာတော်ဘုရား—

ရှေးရှေးပညာရှိ မင်းတို့သည် အိမ်ရှေ့မင်းအား ပြည်ထဲရေး စီရင်ခွင့် စီရင်ဖွယ်ရှိသည်များကို လွှဲအပ်၍ စီရင်သည့်အမှုရပ်များ သင့် မသင့်ကို မှုန်းမကြည့်ရှု၍နေသည့်ထုံးရှိသည်အတိုင်း

ထုံးစံသို့လိုက်၍ ပြုရန်ကာလ သင့်မသင့်များကို ဆရာတော်မှာလျှောက်၊ အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း လျှောက်ပါသည်၊ ရှေးရှေးပညာရှိတို့မည်သည့် မင်းတို့သည် မည်သည့်အချိန်ရောက်သည်ကာလ မည်သို့ အခြင်းအရာဖြင့် လွှဲအပ်၍ မည်သို့ မှိုင်းမကြည့်ရှုသည်များကို သိသာအောင် အမိန့်ရှိတော်မူပါ ဆရာတော်ဘုရား။

**၁၁၅၀ ပြည့်နှစ် နတ်တော်လပြည့်ကျော်(၁၄)ရက်နေ့ လျှောက်ထားလှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

စကြာမင်းတို့ တိုင်းရေးပြည်ရေး စီရင်ဆုံးမသည့်ထုံးစံကို အင်္ဂုတ္တိုရ်ကေနိပါတ် အဋ္ဌကထာ၌—

ရာဇာစက္ကဝတ္တိ၊ စကြာမင်းသည်။ စက္ကရတနာနုဘာဝေန၊ စက်ရတနာ အာနုဘော်ဖြင့်။ စက္ကဝါဠဂဗ္ဘေ၊ စကြဝဠာတိုက်၌။ ရဇ္ဇံသိရိံ၊ မင်းအသရေသို့။ ပတ္တွာ၊ ရောက်၍။ မေ၊ငါသည်။ ပတ္တဗ္ဗံ၊ ရောက်အပ်သည်ကို။ ပတ္တံ၊ ရောက်လေပြီ။ မေ၊ငါ့အား။ ဣဒါနိ၊ ယခုအခါ၌။ မဟာဇနေန သြလောကိတေန၊ လူများအပေါင်းကို ကြည့်ရှုသဖြင့်။ ကိံ၊ အဘယ်မှုစအံ့နည်း။ ဣတိ၊ ဤသို့။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့။ ဟုတွာ၊ ဖြစ်၍။ ရဇ္ဇသိရိမေဝ၊ မင်းအသရေကိုသာလျှင်။ နအနုဘောတိ၊ မခံစား။ ကာလေန ကာလံပန၊ ရံခါရံခါ၌ကား။ ဝိနိစ္ဆယဋ္ဌာနေ၊ တရားဆုံးဖြတ်ရာအရပ်၌။ နိသီဒိတွာ၊ နေ၍။ နိဂ္ဂဟေတဗ္ဗေ၊ နှိပ်အပ်သသူတို့ကို။ နိဂ္ဂဏှာတိ၊ နှိပ်၏။ ပဂ္ဂဟေတဗ္ဗေ၊ မြှင့်အပ်သသူတို့ကို။ ပဂ္ဂဏှာတိ၊ မြှင့်၏။ ဌာနန္တရေ၊ အရာအထူး၌။ ဌပေတဗ္ဗယုတ္တကေ၊ ထားသင့်သသူတို့ကို။ ဌာနန္တရေ၊ အရာအထူး၌။ ဌပေတိ၊ ထား၏—ဟူ၍လာသည်။

ဘိသိက်ခံသောမင်းတို့ တိုင်းရေးပြည်ရေးကို မချွတ်စီရင်သင့်ကြောင်းကိုလည်း သုတ္တနိပါတ်အဋ္ဌကထာ၌—

အဘိသိတ္တရညာနာမ၊ ဘိသိက်ခံသော မင်းမည်သည်ကား။ အဝသံ၊ မချွတ်။ အဋ္ဋကရဏော၊ တရားဆုံးဖြတ်ရာ၌။ နိသီဒိတဗ္ဗံ၊ နေထိုင်ဆုံးဖြတ်အပ်၏—ဟူ၍လာသည်။

ဤသို့ ဦးထိပ်၌ စိုက်၍ မုဒ္ဓါဘိသေကခံသော မင်းတရားတို့ ထုံးစံရှိသည်နှင့်အညီ တရားမင်းမြတ်လည်း မုဒ္ဓါဘိသေကခံသောမင်းဖြစ်၍ တိုင်းရေးပြည်ရေး၌ ငံ့ကွက်ခြင်း ကင်းတော်မမူသာ၊ တိုင်းရေးပြည်ရေး၌ စကြာမင်း၏သားကြီးရတနာ ဆောင်ရွက်ဟန်ကို မဟာသုဒဿနသုတ် အဋ္ဌကထာ၌—

သောဝိ၊ထိုသားကြီးရတနာသည်လည်း။ အတ္တနော၊မိမိ၏။ အာနုဘာဝံ၊ အစွမ်းအာနုဘော်ကို။ ဒိသွာ၊ မြင်၍။ တုဋ္ဌဟဒယော၊ ဝမ်းမြောက်သော နှလုံးရှိလျက်။ ရာဇာနံ၊စကြာမင်းကို။သဗ္ဗကိစ္စာနုသာသနေန၊အလုံးစုံသော အမှုကိစ္စကို စီရင်ဆုံးမခြင်းဖြင့်။ပဝါရေတိ၊ဖိတ်၏—ဟူ၍ လာသည်။

၁ မယ်တော်ခမည်းတော်နှစ်ပါးမှ ကောင်းစွာဖြစ်ခြင်း၊
၂ အဆင်းအရည် ကောင်းခြင်း၊
၃ မယ်တော်ခမည်းတော်တို့ကို နှစ်သက်စေနိုင်ခြင်း၊
၄ တိုင်းနိုင်ငံသူတို့ကို နှစ်သက်စေနိုင်ခြင်း၊
၅ ဆင် မြင်း ရထား လေး မြားအတတ်စသောမင်းမှုမင်းရာနှင့် ပြည့်စုံခြင်း အင်္ဂါငါးပါး။

၁ မယ်တော်ခမည်းတော်နှစ်ပါးမှ ကောင်းစွာဖြစ်ခြင်း၊
၂ အဆင်းအရည် ကောင်းခြင်း၊
၃ မယ်တော်ခမည်းတော်တို့ကို နှစ်သက်စေနိုင်ခြင်း၊
၄ စစ်သည်ဗိုလ်ပါတို့ကို နှစ်သက်စေနိုင်ခြင်း၊
၅ ပညာရှိခြင်း အင်္ဂါငါးပါး။

အိမ်ရှေ့မင်းအား ဤအင်္ဂါငါးပါးနှစ်ရပ်နှင့် ပြည့်စုံရာသည်ကို အင်္ဂုတ္တိုရ် ပဥ္စကနိပါတ်၌ ဟောတော်မူသည်။

ဤသို့ အိမ်ရှေ့မင်းတို့ ထုံးစံအင်္ဂါတို့ကို ကျမ်းဂန်လာသည်နှင့်အညီ သားတော်အိမ်ရှေ့မင်းလည်း တိုင်းရေးပြည်ရေး၌ ငဲ့ကွက်ခြင်း မကင်းသာ၊ ဦးထိပ်၌ စိုက်၍ မုဒ္ဒါဘိသေကခံသော မင်းတရားတို့ထုံးစံရှိသည်အတိုင်း ဗြဲတိုက်မြေနန်းစသည့် တိုင်းရေးပြည်ရေးကို နာခံတော်မူရာ ဝိနိစ္ဆယဌာနသို့ ထွက်စံတော်မူ၍ တရားမင်းမြတ်ကိုယ်တိုင် နာခံစောင်မတော်မူသင့်ကြောင်း၊ အိမ်ရှေ့မင်းတို့ ထုံးစံအင်္ဂါရှိသည်အတိုင်း တရားမင်းမြတ် ဆင့်ဆိုတော်မူရာ မှူးမတ်သေနာပတိတို့နှင့် နှိုင်းယှဉ်တိုင်ပင်၍ သားတော်အိမ်ရှေ့မင်း ဆောင်ရွက်စီရင်သင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ဖုဿျှနက္ခတ်နှင့် သင်္ကြန်တော်

အခြားနက္ခတ်များရှိလျက် ဖုဿျှနက္ခတ်မှာသာ မည်သည့် အကြောင်းနှင့် သင်္ကြန်ခေါ်ထုံး ဖြစ်သည်ကို ဆရာတော်မှာ လျှောက်။

**၁၁၅၀ ပြည့်နှစ် ပြာသိုလဆန်း(၁၄)ရက်နေ့ တလုပ်မြို့စား မင်းကြီးနန္ဒကျော်ထင်ကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရှေးမင်းတို့ သင်္ကြန်မခေါ်ကြောင်းကို ဒသဗြဟ္မဏဇာတ်၌ လာခြင်းကြောင့် မင်းကေရာဇ်တို့ သင်္ကြန်တော်ခေါ်ထုံး အစဉ်ရှိသည်ကို သိအပ်သည်၊ ဖုဿျှနက္ခတ် အယှဉ်တွင် မဟာသုတသောမမင်း သင်္ကြန်တော်ခေါ်ကြောင်းကို အသီတိနိပါတ် ဇာတ်၌ လာခြင်းကြောင့် ဖုဿျှနက္ခတ်သင်္ကြန်သည်သာ နှစ်စဉ်သင်္ကြန် ဖြစ်သည်၊ ဗေဒင်ကျမ်း၌လာသော သင်္ကြန်တဆယ့်နှစ်ပါးမှာ တစုံတခု အကြောင်းရှိမှ ခေါ်ဝေါ်အပ်သည့် သင်္ကြန်သာ ဖြစ်သည်ကို သိအပ်သည်၊ ယင်းသို့ ဖုဿျှနက္ခတ်အယှဉ်တွင် သင်္ကြန်ခေါ်ထုံးကို ဆိုသည်မှာလည်း အကြောင်းမရှိပဲလျက် နက္ခတ်အများတွင် ဖုဿျှနက္ခတ်မှာသာ ခေါ်သင့်သည်ကို မဆိုရာဖြစ်၍ အကြောင်းကို ရှာကြံသော် "ကတ္တိကာယံ တထာပုဗ္ဗေ"စသည်ဂါထာဖြင့် ကြတ္တိကာသည် ပုဏ္ဏားမျိုးနက္ခတ်၊ ဖုဿျှသည် မင်းမျိုးနက္ခတ်၊ ရေဝတီသည် သူကြွယ်မျိုးနက္ခတ်၊ ပုနဗ္ဗသုနက္ခတ်သည် သူဆင်းရဲမျိုးနက္ခတ်ဟူ၍ ဗေဒင်ကျမ်းတို့၌ ဆိုခြင်းကြောင့် မင်းမျိုးနှင့် စပ်သော ဖုဿျှနက္ခတ်နှင့် ပုဏ္ဏာတိထိ စန်းယှဉ်သည်အခိုက် အလွန်ကောင်းမြတ်သော အခါ သမယဖြစ်သည်ကိုစွဲ၍ ဖုဿျှနက္ခတ်မှာသာ သင်္ကြန်ခေါ်ထုံးဖြစ်လေသည်ဟု မှတ်ယူရန် ရှိသည်။

## စန်းနှင့်နက္ခတ် အယှဉ်အပူး

စန်းစသည်ဂြိုဟ်နှင့် နက္ခတ်အယှဉ်အပူးမှာ မည်သို့သော် ယှဉ်ပူးသည်၊ မည်သို့ နက္ခတ်ပါဒ်အရကို ယူသင့်သည်များကို ဆရာတော်မှာ လျှောက်။

**၁၁၅၀ ပြည့်နှစ် ပြာသိုလဆန်း(၁၅)ရက်နေ့ တလုပ်မြို့စား မင်းကြီးနန္ဒကျော်ထင်ကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

နေ့,လ,ဂြိုဟ်နက္ခတ်တို့သည် ရာသီစက်နှင့်ယှဉ်လျက် လှည့်လည်ကုန်သည်၊ ရာသီစက် မည်သည်ကိုလည်း--

တိံ သသတသဟဿာနိ ယောဇနာနိ ပမာဏတော တဿာတော ပရိတောယာတိ၊ တတ္ထကံဝ ဒိနေဒိနေ။

ဟူ၍ ပါရာဇိကကဏ္ဍဋ္ဌကာ၌ ဆိုသည်နှင့်အညီ ခေါက်ရှာငှက် ပျံသကဲ့သို့ နိမ့်ဘုံမြင့်တုံ အကောက်သွားအားဖြင့် ယူဇနာသုံးသိန်း အတိုင်းအရှည်ရှိသော မြင်းမိုရ်ပတ်လည် ကောင်းကင်ခရီးကိုငှင်း၊

ဒက္ခိဏံ ဥတ္တရဉ္စာပိ၊ဂစ္ဆန္တော ပန ဘာဏုမာ။
မဇ္ဈေ ဝီထိပမာဏေန၊မဏ္ဍလေနေဝ ဂစ္ဆတိ။

ဟူ၍ ပါရာဇိကကဏ္ဍဋ္ဌကာ၌ ဆိုသည်နှင့်အညီ အဖြောင့်သွားအားဖြင့် တသန်း ကိုးသိန်း သုံးသောင်း တထောင် တရာ ခုနစ်ဆယ့် ငါးယူဇနာ အတိုင်းအရှည်ရှိသော မြင်းမိုရ်ပတ်လည် ကောင်းကင်ပညတ်ကိုငှင်း ဆိုသည်၊ ထိုတသန်း ကိုးသိန်း သုံးသောင်း တထောင် တရာ ခုနစ်ဆယ့်ငါးယူဇနာ အတိုင်းအရှည်ကား တဆယ့်နှစ်ရာသီလုံး၏ အပေါင်းသချာ ဖြစ်သည်၊ ငှင်းသချာကို ၁၂ ခုစား၍ ရသော လဒ်တသိန်း ခြောက်သောင်း ကိုးရာ သုံးဆယ့် တယူဇနာနှင့် တဂါဝုတ်ကား တရာသီ၏ ပမာဏသချာဖြစ်သည်၊ ငှင်းသချာကို ကိုးခုစား၍ ရသောလဒ် တသောင်း ခုနစ်ထောင် ရှစ်ရာ့ ရှစ်ဆယ့် တယူဇနာနှင့် ခုနစ်ဆယ့် တဥသဘ တာတထောင်သည် တရာသီတရာသီ၌ရှိသော ပါဒ်နဝင်း၏ ပမာဏသချာ ဖြစ်သည်၊ ပါဒ်နဝင်းဟူသည်လည်း ရာသီ၏ အစိတ်အဖို့တည်း၊ ထိုအစိတ်အဖို့ကို ရာသီ၏ အစိတ် ကိုးခုဖြစ်ခြင်းကြောင့် သင်္သကရိုက်လို"နဝံသ"၊မြန်မာလို"နဝင်း"ဟူ၍ငှင်း၊ရာသီ၏အဖို့ ဖြစ်ခြင်းကြောင့် သင်္သကရိုက်လို"ပါဒ"၊ မြန်မာလို "ပါဒ်"ဟူ၍ငှင်း ဆိုသည်၊ ယင်းသည့်ရာသီ၏ ကိုးနဝင်း ကိုးပါဒ်ကိုပင် ရာသီ၌ သွားသောနက္ခတ်ဖြင့် မှတ်၍ နက္ခတ်၏ ပါဒ်၊နဝင်း၏ပါဒ်နဝင်းဟု ခေါ်ဝေါ်ကြသည်။ အရင်းမူလမှာ ရာသီ၏ ပါဒ်နဝင်းသာ ဖြစ်သည်၊ထို့ကြောင့် ဗြိဟ်ဇာတ်ကျမ်း၌ "ဒြေက္ကာဏ ဟောရာနဝဘာဂသံဇ္ဈာ" စသည်ကို ဇောတိတတ္တကျမ်း၌ "ခေတ္တံ ဟောရာထ ဒြေက္ကာဏာ နဝံသော ဒွါဒသံသက"စသည်ကို ဆိုသည်၊ ယင်းသို့ဖြစ်၍ တဆယ့်နှစ်ရာသီမှာ နဝင်းပါဒ်ပေါင်း တရာ့ရှစ်ရှိသည်ကို နက္ခတ်သတ္တာဗီသနှင့် ဝေသော် လေးနဝင်း လေးပါဒ်စီ ရသောကြောင့် နက္ခတ်သို့တိုင်မှသာ ပါဒ်ဝင်သည် မဟုတ်၊ ရာသီဝေစုရောက်လျှင် ပါဒ်ဝင်၍ ပက္ခဒိန်၌ တပါဒ် နှစ်ပါဒ် သုံးပါဒ်အသင့် ဃဋီအမြင်ထွက်သည်၊ လေးပါဒ်

ဝင်မှ နက္ခတ်သို့ ရောက်သည်၊လေးပါဒ်စေ၍ နက္ခတ်တလုံး အမြင်ထွက်လျှင် နောက်နက္ခတ်၏ ဝေစုရာသီပါဒ်သို့ရောက်၍ တပါဒ် နှစ်ပါဒ် စသည်နှင့် အသင့် ဆင့်၍အမြင်ထွက်ပြန်သည်၊ ထို့ကြောင့် ရှေးနက္ခတ်အဆုံးမှသည် နောက်နက္ခတ် အကုန်တိုင် နောက်နက္ခတ်၏ရာသီဝေစု ငသော် ပါဒ်ဟု သိအပ်သည်၊ သို့မှလည်း ပက္ခဒိန်၌ ရှေးနက္ခတ်လွန်လျှင်ပင် နောက်နက္ခတ်သို့ မရောက်မီ ပါဒ်သင့်ဆင့်၍ထွက်သည်နှင့်ညီသည်၊ တနလ်ာစသည်နှင့် နက္ခတ်အယှဉ်မှာ တပါဒ် နှစ်ပါဒ် သုံးပါဒ်ဝင်ကာနှင့် မုချမယှဉ်၊ ရာသီပါဒ်ဝေစုရသည်မျှ ယှဉ်သည်၊ လေးပါဒ်ဝင်မှသာ မုချဆတ်ဆတ် နက္ခတ်နှင့် ယှဉ်သည်ကို သိအပ်သည်။

---

## ပုဏ္ဏာတိထိနှင့် နန္ဒာတိထိ

ယခု သင်္ကြန်သည် ပုဏ္ဏာတိထိ၌ ဖုသျှနက္ခတ် မကြိုက်၊ နန္ဒာတိထိမှာသာ ကြိုက်သည်၊ ပုဏ္ဏာတိထိကြိုက်မှသာ ခေါ်သင့်မည် အယူရှိသည်၊ သင့် မသင့်ကို ဆရာတော်မှာ လျှောက်။

**၁၁၅၀ ပြည့်နှစ် ပြာသိုလဆန်း(၁၅)ရက်နေ့ နာဂရီမှူးကို စေတော်မူ၍ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

လတိုင်းပင် စန်းနှင့်နက္ခတ် သတ္တာဗီသ တကြိမ်စီယှဉ်လျက် ပြာသိုလ ဖုသျှနက္ခတ်အယှဉ်တွင်သာ သင်္ကြန်ခေါ်ခြင်းသည် အခြားလမှာ အခြားပုဏ္ဏမီနက္ခတ်ရှိ၍ ဖုသျှနက္ခတ်ပုဏ္ဏာတိထိတွင် စန်းမယှဉ်၊ ပြာသိုလတွင်သာ ယှဉ်သည်ဖြစ်၍ ပုဏ္ဏမီနက္ခတ်ဖြစ်သော ဖုသျှနက္ခတ်နှင့် ပုဏ္ဏာတိထိ၌ စန်းယှဉ်သည်ကို စွဲ၍ ခေါ်ထုံးဖြစ်သည် ယူရန်ရှိသည်၊ တိုက်ရိုက်မဆိုသော်လည်း သဘောယုတ္တိကို ထောက်၍ ပုဏ္ဏာတိထိ၌ ဖုသျှနက္ခတ်အယှဉ်တွင် မဟာသုတသောမမင်းသင်္ကြန်ခေါ်ကြောင်းကို ဇာတ်နိပါတ်လာသည်ပင် ယူမှတ်သင့်သည်၊ သို့သော်လည်း နာမအက္ခရာ၌ အစီအရင် ရှိသည် စသောအကြောင်း တဆယ့်နှစ်ပါး ရှိသည့်အခါ သင်္ကြန်တော်ခေါ်ရာသည်၊ သရောဒယကျမ်း၌ ဆိုသည်နှင့်အညီ နာမအက္ခရာနက္ခတ်မှာ စနေဂြိုဟ်ရပ်သည်, နရပတိ တိထိမှာ ရာဟုဂြိုဟ်ရပ်သည်များကို ထောက်လျှင် အခမ်းအနား စီရင်၍ အပြည့်အစုံ ရှိလေပြီးသည်ကို သင်္ကြန်ခေါ်တော်မူသော် သင့်မည် ဖြစ်သည်၊ သင်္ကြန်ခေါ်သည် ကာလ ရွှေခြည် ငွေခြည် စသည့်အစီအရင်တို့မှာ သာသနာကျမ်း, လောကီကျမ်းတို့၌ မလာ၊ ရာဇာဘိသေကကျမ်း, သရောဒယကျမ်းများ၌ သင်္ကြန်ရေ အထူးဆိုသည့်အရာသာ လာရှိသည်။

## အတတ်ပညာ အယုတ် အမြတ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

အလုပ်သည် အတတ်သည်များကို အမှုအတတ်နှင့် လျော်ညီစွာ သီးသန့် ခြားနားထားသင့်သည် ဖြစ်သည်၊ အမှုအလုပ် အတတ် အယုတ်အမြတ်ကို ရွေးခြယ်ရမည် မရွေးခြယ်ရမည် မှာလည်း မည်သည့်အမှုအလုပ် မည်သည့်အတတ်ကို တတ်သူတို့သည် အယုတ်ဖြစ်သည် အမြတ်ဖြစ်သည် အလတ်ဖြစ်သည်ကို သိတော်မူသာအောင် ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ဩရွက်ရသည်အတိုင်း လျှောက်လှာပါစေသည်၊ အမှုလုပ် အတတ်ပညာသည်များကို အယုတ် အမြတ် အလတ်ရွေးခြယ်၍ စာသွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၀–ပြည့်နှစ် ပြာသိုလပြည့်ကျော်(၁၅)ရက်နေ့ နာရီမှူးကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လက်သမား,ယက်ကန်းသည်,ကုမှာသည်,ဆတ္တာသည်, သားရေသမား အားဖြင့် အမှုလုပ်အတတ်ပညာသည် ငါးမျိုးရှိကြောင်းကို မာဂဓအဘိဓာန်၌—

ဟတ္ထကော တန္တဝါယောစ၊ရဇကောစ နဟာပိတော။
ပဉ္စမော စမ္မကာရောတိ၊ကာရဝေါ ပဥ္စိမေသိယျုံ—ဟူ၍ လာသည်။

သက္ကတအဘိဓာန်၌လည်း—

တက္ခောစ တန္တဝါယောစ၊နှာပိတော ရဇကော တထာ။
ပဉ္စမော စမ္မကာရောစ၊ကာရဝေါ သိပ္ပိနော မတာ။

ဟူ၍ လာသည်။

**အနက်ကား** တက္ခောစ၊လက်သမား။တန္တဝါယောစ၊ ယက်ကန်းသည်။ နှာပိတော၊ ဆတ္တာသည်။ တထာ၊ ထိုမှတပါး။ ရဇကော၊ ကုမှာသည်။ပဉ္စမော၊ငါးခုမြောက်သော။ စမ္မကာရောစ၊ သားရေသမား။ ဣတိ၊ ဤသို့။ ကာရဝေါ၊အမှုလုပ်ဖြစ်ကုန်သော။ သိပ္ပိနော၊ အတတ်ပညာသည်တို့ကို။ မတာ၊သိအပ်ကုန်၏။

၎င်းအမှုလုပ်အတတ်ပညာသည် ငါးမျိုးတို့တွင် ပန်းချီ, ပန်းပု, ပန်းထိမ်, ပန်းတဉ်း,ပန်းပဲ,ပန်းပွတ်,ပန်းရံ, တမော, အချုပ်, ဒေါင်းရွှေ, အိုးထိန်း, ဂဏန်းအရေးအသားသဘင်သည်တို့ကို လက်သမား ဟူ၍ဆိုသည်။

ယက်ကန်းအမှုလုပ်သူတို့ကို ယက်ကန်းသည်၊ဖွပ်သူ, ဆိုးသူတို့ကို ကူဟာသည်၊ ဆံလက်သည်း ခြေသည်းဖြတ်သူ,ရေဆေးချိုးသူတို့ကို ဆတ္တာသည်၊ သားရေနယ်ဘိနပ်စသည်ဖြင့် သားရေအထူးလုပ်သူတို့ကို သားရေသမားဟူ၍ ဆိုသည်။

၎င်းအမှုလုပ်အတတ်ပညာသည် ငါးမျိုးတွင်လည်း ဒေါင်းရွှေ အိုးထိန်းဟူသော လက်သမားအတတ်တစိတ်နှင့် ယက်ကန်း ကူဟာ သားရေသမား အတတ်တို့သည် အညံ့။ ဂဏန်းအရေးအသားအတတ်တို့သည် အမြတ်ဟူ၍ ပါစိတ်ပါဠိတော်၌ လာသည်၊၎င်းအတတ်တို့မှ ကြွင်းသမျှအတတ်တို့သည် အလတ်ဟူ၍ ယူရန်ရှိသည်။

အညံ့ အလတ် အမြတ်ဆိုခြင်းသည်လည်း အမြဲမရှိ၊ ထိုသို့ တိုင်းနိုင်ငံ ဇနပုဒ်တို့၌ သမုတ်ပညတ် စွဲမှတ်ကြသည်မှသာ အကြောင်းဖြစ်သည်ဟူ၍လည်း ပါစိတ်ပါဠိတော်၌ လာသည်။

၎င်းအတတ်ပညာသည် ငါးမျိုးမှတပါး ပြည်တွင်း ပြည်ပ ရှင်းလင်း သုတ်သင်သည့် ဒွန်းစဏ္ဍား, ဘင်စွန့် ပန်းစွန့်ဒွန်းစဏ္ဍား, သူကောင်ပို့ ဒွန်းစဏ္ဍား, သုသာန်စောင့်ဒွန်းစဏ္ဍား လေးမျိုးတို့ကိုလည်း သိဟိုဠ်ကျွန်း အနုရာဓပြည် ပဏ္ဍုကာဘယမင်းလက်ထက် သီးသန့်ခြားနားထားကြောင်းကို မဟာဝင်၌လာသည်။

---

## နာမဇာစက် ရှစ်ပါး

လျှောက်ပါသည် ဆရာတော်ဘုရား—

သရဒွေကျမ်းတွင် နာမဇာစက် ရှစ်ပါးအနက် ရာသီသရမှာ နဝင်းပုံ ချ၍ သရကိုယူရသည့်အရာသည် ဖွားနဝင်း စားနဝင်း အခါနဝင်းများတွင် မည်သည့်နဝင်းနှင့် ယူသင့်မည်၊ကာလဇာစက် ရှစ်ပါးအနက်လည်း ဌါဒသာဝိကာသရ မဟာဥဒည်မှာ ဝတ္တမာန်သရနှင့် အနာဂတ် နှစ်,လ,ရက်,နာရီ ပလ မပါသည်ကို မည်သို့ ယူသင့်မည်အကြောင်းကို ဆရာတော်မှာ လျှောက်။

**၁၁၅၀-ပြည့်နှစ် တပို့တွဲလဆန်း(၁၂)ရက်နေ့ ပေါက်မြိုင်မြို့စား နာရီမှူးကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရာသီသရအရာ၌ ဋီကာတွင်—

အကာရေ မေသ ပြိသော နဝံသ က္ကမေန၊
မိထုနသာဒယော နဝံသကာ လိခနီယာ။

**အနက်ကား** အကာရေ၊ အအက္ခရာအောက်၌။ နဝံသက္ကမေန၊ နဝင်းအစဉ်အားဖြင့်။ မေသပြိသော၊ မိဿကိုးနဝင်း ပြိဿကိုးနဝင်းတို့ကိုလည်းကောင်း။ မိထုနသာဒယော၊မေထုန်အစဖြစ်ကုန်သော။ နဝံသကာ၊ကိုးနဝင်းတို့ကိုလည်းကောင်း။လိခနီယာ၊ရေးအပ်ကုန်၏။

ဤသို့ စသည်ဖြင့် တဆယ့်နှစ်ရာသီကိုးနဝင်းစီ ရှိသည်ကိုသာ ဝေဘန်၍ ရာသီသရဟု ဆိုသည်ဖြစ်၍ ထိုနေ့ပက္ခဒိန်အပြင် အမြင်နက္ခတ်နဝင်းကိုသာထောက်၍ ရာသီသရကို ယူအပ်သည်၊ဖွားနဝင်း စားနဝင်း အခါနဝင်းဆိုသည်များမှာ ဆတ်ဆတ်အမြင်နက္ခတ်နဝင်း မဟုတ်ဖြစ်၍ ၎င်းနဝင်းများကို ထောက်သဖြင့် ယူအပ်ကြောင်းကို စာကိုယ်ဋီကာ၌ မဆို၊ ရာသီတွင်ရှိသည့် နဝင်းကို ဝေဘန်၍ ရာသီနှင့်ယှဉ်သည့်သရကို ရှာသည့်အရာဖြစ်သောကြောင့် အမြင်နက္ခတ် ဃဋီအတိုင်း ဃဋီတဆယ့်ငါးတိုင်တနဝင်း၊သုံးဆယ်တိုင် နှစ်နှစ်ဝင်း၊လေးဆယ့်ငါးတိုင် သုံးနဝင်း၊ခြောက်ဆယ်ပြည့်၍ နက္ခတ်တတ်သည်တိုင် လေးနဝင်းဟု နက္ခတ်ဃဋီ ကိုးနဝင်းဖြတ်၍သာ ရာသီသရကို ယူအပ်သည်၊ ၎င်းအမြင်နက္ခတ်နဝင်းကိုလည်း ဖွားသည်နေ့မှတပါး အခြားနေ့၌ နက္ခတ်နဝင်းကို ယူအံ့စိုး၍ ဖွားသည့်နေ့ နက္ခတ်နဝင်းကိုသာ ယူစေခြင်းငှါ ဖွားနဝင်းဟူ၍ ဆိုခြင်းဖြစ်သည်။

ကာလဇသရအရာတွင် ဒွါဒသာဝါရိကသရစက် မဟာဥဒည်၌ တဆယ့်နှစ်ခုစား၊ လဒ်သည် ဥဒည်မှုပြီးသော ဘုတ္တသရဖြစ်သည်၊ ၎င်းနောက် အခြားမဲ့သရကို ဥဒည်မှုဆဲသော ဝတ္တမာန်သရဟူ၍ အထွက်အထူးမရှိသော်လည်း ဘုတ္တသရမှထောက်၍ အစဉ်အတိုင်း ယူအပ်သည်၊ တဆယ့်နှစ်ခုစားကြွင်းသည် ဝတ္တမာန်သရ၏ ဥဒည်မှုပြီးသော နှစ်ဖြစ်သည်၊ ၁၈၇၅ ခုစားကြွင်းကို လ,ရက်,နာရီဖြတ်၍ ယခင် နှစ်နှင့်တကွ မည်မျှ နှစ်,လ,ရက်,နာရီဥဒည်မှုပြီး အတိတ်ဟု သိအပ်သည့်အတွက် အတူးမရှိသော်လည်း တဆယ့်နှစ်နှစ်တွင် အတိတ်မှ ကြွင်းသမျှ နှစ်,လ,ရက်,နာရီကို အနာဂတ်ဟု သိအပ်သည်။ ၁၁၄၇ ခုနှစ်၌ လဒ်တခုရသည်နှင့်အညီ အသရသည် ဘုတ္တသရ၊ ထိုနောက် ဣသရသည်ဝတ္တမာန်၊ သေသအထွက် ဆယ်နှစ်နှင့် ရှစ်လ နှစ်ဆယ့်ရှစ်ရက် လေးဆယ့်ရှစ်နာရီ ပလပြည့်သည် အတိတ်၊ ၎င်းမှ ကြွင်းသော တနှစ်နှင့် သုံးလ

တရက် တဆယ့်နှစ်နာရီ ပလပြည့်သည် အနာဂတ်ဖြစ်သည်ကို သိအပ်သည်၊ ထို့ကြောင့် ဝါမိကသရစက်၌ ဤဒွါဒသာဝ်ကစက်မှာ ရသည့် အတိတ် လ, ရက်, နာရီ ပလတို့ကို ပလပုံပြု၍ တည်ကိန်းထားအပ်သည်ကို ဋီကာ၌ ဖွင့်ဆိုခြင်းဖြစ်သည်။

---

## မောင်းတော် ဆင်ယင်ခြင်း

လျှောက်ထားပါသည် ဆရာတော်ဘုရား—

ယခုကာလ မင်းစေရာဇ် မင်းညီ မင်းသား မှူး မတ်တို့ ပေါင်းထုပ် ဆင်ယင်သည့် မောင်းသည် အစဉ်ထုံးစံရှိသည့် မောင်းဖြစ်မည်၊ ဟံသာဝတီပါ အင်းဝမင်းတို့ လက်ထက်တွင်သာ ဆင်ယင်ကြသည့် မောင်းဖြစ်မည်၊ မည်သို့ ထုံးစံရှိသည်ကို ဆရာဘော်မှာ လျှောက်။

**၁၁၅၀ ပြည့်နှစ် တပိုတွဲလပြည့်ကျော် (၂)ရက်နေ့ ပေါက်မြိုင်မြို့စား နာရီမှူးကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဦးဗောင်းဆင်ရသည့်အကြောင်း ဆင်ဟန် အခြင်းအရာမှာ—

သိဒ္ဓတ်မင်းသားကို ဆင်မြဲဆတ္တာသည် အသွင်ဖြင့် ဝိသုကြုံနတ်သားလာ၍ ပေါင်းလှာသည်ကာလ ပုဆိုးဖြင့် ဦးခေါင်းကိုရစ်၍ ပေါင်းကြောင်း၊ ၎င်းအပေါင်းတွင် မကိုဋ်ရှ ဖွဲ့ကြောင်း၊ တောထွက်သည်ကာလ မကိုဋ်နှင့်တကွ ဥသျှောင်ကို ဖြတ်၍ မြှောက်လျှင် သိကြားမင်း ခံယူကြောင်း၊ ဦးခေါင်းတော်၌ လကျာရစ် ဆံတော် နှစ်သစ်ခန့်သာ ကျန်ကြောင်းများကို အပဒါန်အဋ္ဌကထာ၌ လာသည်။

သည်စကားတွင် ဦးခေါင်းတော်၌ လကျာရစ် ဆံတော် နှစ်သစ်ခန့်သာ ကျန်ကြောင်းကို ဆိုလှာသောကြောင့် ကပ်လဝတ်ပြည် သာကီဝင်မင်းမျိုးတို့မှာ ဆံဦးလုံထားလေ့ရှိသည်ကို သိရသည်၊ ဘုရားရှင် ညီတော် နန္ဒမင်းသားအား မကိုဋ်ဖွဲ့ခြင်း၄ါ သူငယ်လက်ထက် ဖွဲ့သည့်ထုံးစံကို ဖြေ၍ အသစ်ထုံးခြင်းမင်္ဂလာ, ဘွဲ့နာမံတပ်ခြင်းမင်္ဂလာ, အိမ်သိမ်းမင်္ဂလာ, ထိမ်းမြားမင်္ဂလာ, ထီးဆောင်းမင်္ဂလာ ငါးပါးတချက်တည်းပြုကြောင်းကို ဝိနည်းအဋ္ဌကထာ၌ လာသည်။

ဆောင်ထုံး, ကြက်တောင်စည်း, ပေါက်ကျပ်, ဦးစွန်း, မိန်းမထုံးဟူ၍ အထုံးအမြိတ် ငါးထွေရှိကြောင်းကို အဘိဓာန်၌ လာသည်၊ ရောင်ထုံးမှာ အရပ်အမျိုးအလျောက်

အမြဲမရှိကြောင်းကိုလည်း အဘိဓာန်ဋီကာ၌ လာသည်၊ ဆံစွန်းဆံဆုံး မမြင်အောင် ဦးခေါင်းရင်း ရစ်ပေါင်းသမျှ ပုဆိုးမကိုဋ်ဟုစသည်ကိုပင် ဦးဗောင်းဟူ၍ ဝိနည်း အဋ္ဌကထာတို့၌ လာသည်။

ရွှေကူဒါယကာ နရပတိစည်သူမင်းကြီး ဦးပေါင်းချာထုပ် ပေါင်းကြောင်းကို ရာဇဝင်၌ လာသည်၊ ၎င်းမင်းသည် ဇမ္ဗူ့သပြေပင်သို့ ရောက်သည်ကာလ ဘုရားတို့ သုံးဆောင်ရာ ကျောက်ဖျာထက် ဗောင်းတော်တင်ကြောင်းကို ရာဇဝင် ရှင်ဖြူရှင်လှ သမိုင်းတို့၌ လာသည်။

မင်းကြီးစွာစော်ကဲ နန်းတက်တော်မူသည်တွင် ကန်နားနှင့်ထိ၍ ဗောင်းတော် ကျွတ်ကြောင်းကို ရာဇဝင်၌ လာသည်။

ဆံဦးလုံ ပေါင်းသည့်သူအား ဆဗ္ဗဂ္ဂိရဟန်းတို့ တရားဟောသည်တွင် သိက္ခာပုဒ် ပညတ်တော်မူသည်ကို ဝိနည်း၌ လာခြင်းကြောင့် မှူး မတ် စသည်များမှလည်း ဦးပေါင်းသာမည ဆင်ယင် ပေါင်းထုပ်ကြသည်ပင်ဟု သိရသည်။

**သရဖူ မကိုဋ် သင်းကျစ် ဗောင်းအထူးမူကား**—မင်းကေရာဇ်တို့ ဆင်ယင်သည့် တန်းဆာဖြစ်သည်၊ မင်းကေရာဇ်တို့ ဆင်ယင်သည့် တန်းဆာဖြစ်သောကြောင့် ဘုရား လောင်း ဟံသာမင်းအား မကိုဋ်ပါ သင်းကျစ်ဖြင့် ဗာရာဏသီမင်း ပူဇော်ကြောင်း ကို ဇာတ်နိပါတ်၌ လာခြင်းဖြစ်သည်၊ မကိုဋ်ပါသင်းကျစ် ဦးဗောင်းဆောင်ခြင်း အကျိုးလည်း—

ပဝိတ္တံ ကေသ မုဏှိသ၊ ဝါတာတပ ရဇော ပဟံ။
ဝဿံ သောဂန္ဓ မာယုဿံ၊ ကာမပဋ္ဌိ ဗလပ္ပဒံ။

**အနက်ကား** ဥဏှိသ၊ မကိုဋ်သင်းကျစ် ဦးဗောင်းသည်။ ကေသပဝိတ္တံ၊ ဆံကို စင်ကြယ်စေတတ်၏။ ဝါတာတပရဇောပဟံ၊ လေ နေပူ မြူကို ပယ်တတ်၏။ ဝဿံ၊ ချမ်းသာခြင်းအကြောင်းဖြစ်၏။ သောဂန္ဓံ၊ ကိုယ်အနံ့ကောင်း ခြင်းကို ဖြစ်စေတတ်၏။ အာယုဿံ၊ အသက်ရှည်ကြောင်းဖြစ်၏။ ကာမပဋ္ဌိဗလပ္ပဒံ၊ အလိုရှိအပ်သော အကျိုးပွားခြင်း ခွန်အားကြီးခြင်းကို ပေးတတ်၏—ဟူ၍ ဒျမြဂုဏ် ကျမ်း၌ လာသည်။

ဤသို့ ကျမ်းဂန် ရာဇဝင်ထုံးစံ လာရှိသည်ကို နှိုင်းယှဉ်ဆင်ခြင်တော်မူစိမ့်သောငှါ မေဓာဝီစာ ဆက်သွင်းဖြပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ထူးဆန်းသော ခြေရာ

လျှောက်ပါသည် ဆရာတော်ဘုရား—

၁၁၅၀ ပြည့်နှစ် နယုန်,ဝါဆို,တော်သလင်း,သီတင်းကျွတ်လများတွင် သုံးဆယ်ကျေး ဆင်ခေါင်း ဝက်ဝင်အရပ်မှာ နှစ်တောင် တမိုက် နှစ်တောင်၊ တတောင် တမိုက် ခြေရာကြီး ထင်မြင်ကြောင်းနှင့် မြို့စားစော်ဘွားတို့က လျှောက်ထားလာသည်၊ မည်သို့ အကြောင်းရှိမည်ကို ဆရာတော်မှာ လျှောက်။

**၁၁၅၀-ပြည့်နှစ် တပို့တွဲလပြည့်ကျော်(၆)ရက်နေ့ တလုပ်မြို့စား မင်းကြီးနန္ဒကျော်ထင်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သုံးဆယ်ကျေး ဆင်ခေါင်း ဝက်ဝင်အရပ်တွင် ခြေရာကြီးတင်သည့်အရာမှာ ကုသိုလ်ကောင်းမှုအဖို့ ရည်မှတ်ဝေငှလှူရှိသည့်သူတို့အား ရင်ဝယ်သားကဲ့သို့ နတ်တို့ မပြတ်စောင့်ရှောက်ကြောင်း ထုံးစံရှိရာ ပသလှူရှိသည့်သူတို့အား နတ်တို့ မပြတ်ကြည့်ရှုစောင်မကြောင်းများကို မဟာဝါပါဠိတော်တွင် လာရှိသည်ကို ထောက်သော် တရားမင်းမြတ်လည်း ကုသိုလ်ပါရမီ ဖြည့်တော်မူတိုင်း နတ်တို့အား အဖို့ဝေငှတော်မူသည့်ထုံးစံရှိရာ မယုတ်မလျော့ ပသတော်မူသည်ဖြစ်၍ ၎င်းအရပ်တွင် ရှိသည့်သမ္မာနတ်တို့ တိုင်းနိုင်ငံအတွင်း မပြတ်ကြည့်ရှု စောင့်ရှောက် မ,စ သည်ကို သိစေလို၍ ခြေရာပြသည် ယူရန်ရှိသည်၊ တက္ကသိုလ်ဆရာ့ထံ ဇီဝကမင်းသား ဆေးအတတ်ကို သင်သည့်ကာလ ဆရာ့ကိုယ်တွင် သိကြားပူးယှဉ်၍ သင်ကြောင်း၊ အရှင်သာရိပုတ္တရာအား ထောပတ်ဆွမ်း လှူစေလိုသည်ကို သူငယ်တွင် ပူးယှဉ်၍ စကြံစောင့်နတ် ပြောကြောင်း၊ သိဒ္ဓတ်မင်းသားအား ဆတ္တာသည်အရောင်ဖြင့် ဝိသုကြုံနတ်သား နတ်တန်းဆာဆင်ကြောင်း၊ သီဟိုဠ်ကျွန်း ဝိဇယမင်းအား တက္ကတွန်းအရောင်ဖြင့် ကျွန်းစောင့်နတ် ပြကြောင်း စသည်များကို ထောက်လျှင် ပကတိလူတို့အား ပကတိအသွင်ဖြင့် နတ်တို့ပြောပြသည့်အရာ နည်းသည်၊ အရိပ်အမြွက် အဟန်အရောင်ဖြင့် ပြောပြသည့်အရာသာ များသည်ဖြစ်၍ ယခင် ဆိုချက်အတိုင်း ယူဆသင့်သည်သာဖြစ်သည်၊ မင်းဆက် အထောင် အသောင်းတွင်သော်လည်း သည်ကဲ့သို့ တရံတဆစ် ကြိမ်ခဲသည်ဖြစ်၍ တိုက်ရိုက်ထုံးစံ မရှိသော်လည်း အကြောင်းအကျိုး ညီမျှလျှင် အသင့် ဖြစ်သည်။

## သံတမန်တို့၏ သံတော်ဦးတင်ချက်

လျှောက်ပါသည် ဆရာတော်ဘုရား—

၁၁၅၀ ပြည့်နှစ် တော်သလင်းလဆန်း(၁)ရက်နေ့ မိုင်းဆည်ကထွက်၍ တန်ဆောင်မုန်းလဆန်း(၂)ရက်နေ့ တရုပ်ပြည်ကြီးက (၇)ရက်ခရီးကွာ တရက်မြေတွင် ရဲဟောမြို့သို့ရောက်သည်၊ ၎င်းလဆန်း(၄)ရက်နေ့ ရာဇသံဆက်တော်များကို အတွေးအမြင် သိမ်းယူပြီးလျှင် ပြည်ကြီးသို့ ပြန်လည်ခဲ့၍ ရက်ပေါင်း(၂၀)ဆိုင်းငံ့နေရသည်၊ဥဒည်မင်းက တုံ့ပေးသည့် ရာဇသံစာ ဥဒည်မင်းဘို့ ခံရှိလတ့်၊ စွယ်တော်ကျိန်းဝပ်ရာ ဂူထိုက်ရုံတောင်သို့ ရောက်သည်တွင် ဖန်ဆင်းပြတော်မူသည်ကို ဖူးမျှော်ခဲ့ရသည့်အတိုင်း ထုလုပ်၍ နန်းစဉ်မပြတ် ကိုးကွယ်သည်၊ စိန္တေယျမြတ်စွာဘုရား သဏ္ဍာန်တော် ရှိကြာမုနိ ရုပ်တုတော်တဆူ၊ဘဲပေါ်တွင် ရက်ပြောက်ဆင်းတုတော်တဆူနှင့် ဥဒည်မင်း မပြတ်လက်စွဲသည့် မင်းခမ်းကျောက်စိန်း ကြာပွင့်၊ ယုယ္တိတန်းဆာ အထူးထူးသောလက်ဆောင်တော် ဆက်လိုက်သည်၊ နတ်တော်လဆန်း (၅)ရက်နေ့ ပြည်ကြီးက ပြန်ခဲ့၍ လှည်းကြောင်းရက်ပေါင်း(၂၃)ရက်နှင့် စစ်လီဟော်နန်းကုန်ရှင် ရန်သူမြို့သို့ ရောက်သည်၊ ၎င်းမြို့က ရေကြောင်း(၁၈)ရက်နှင့် ဟူနန်းကျေးဆင်တိုက်သူမြို့သို့ ပြာသိုလပြည့်ကျော် (၃) ရက်နေ့ ရောက်သည်၊ ၎င်းမြို့က ကြည်းကြောင်း(၂၃)ရက်နှင့် ကွေစိုမြို့သို့ ရောက်သည်၊ ၎င်းမြို့က (၁၆)ရက်နှင့် တပိုတွဲလပြည့်ကျော် (၁၂)ရက်နေ့ ကွေစိုမြို့သို့ ရောက်သည်၊မိုင်းဆည်စုံတူသည် သီတင်းကျွတ်လပြည့်ကျော်(၇)ရက်နေ့ကပင် မိုင်းဆည်အရှေ့တောင် အကျော်မြို့မှာ စစ်ဖြစ်သည်ကို စစ်ကူ လူတထောင်ကျော်နှင့် ချီသွားရသောကြောင့် မိုင်းဆည်တွင် ရှိသည့် ဝန်ချုပ် စုယင်က ခေါ်၍ ပြောဆိုသည်မှာ အထက်စေပါရာ ကျန်ရစ်သူ ငစစ်တို့ငစစ်လီ, ငဦး, ငလှကော်, ငပေါ်ယူ, ငပေါ်ရှည်တို့ ခြောက်ယောက်ကို တရုပ်ပြည်ကြီးသို့ ပို့ထား

ရာကခေါ်၍ ပြည်ကြီးသို့ နတ်တော်လပြည့်ကျော်(၁၀)ရက်နေ့ ရောက်သည်၊ ၎င်းလူတို့ကို ပို့ဆက်လိုက်မည့် အမိန့်တော်မှာ မိုင်းဆည်သို့ စာရောက်ပါသည် ပြောဆိုသည့်အကြောင်းများ နှင့် တရုပ်ပြည်သို့ သံဆက်လိုက်သူတို့က သံတော်ဦးတင်ချက် ကို ဆရာတော်မှာလျှောက်။

**၁၁၅၀ ပြည့်နှစ် တပေါင်းလဆန်း(၂)ရက်နေ့ တလုပ်မြို့စား မင်းကြီးနန္ဒကျော်ထင်နှင့် သံတော်ဆင့်တို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

တရုပ်ပြည်သို့ ဆက်ခန့်တော်မူသည့်သံတို့က သံတော်ဦးတင်ချက် စကားတွင် ဥဒည်မင်းက သံတို့ကို ကြိုဆိုမွေးကျွေး သိမ်းပကားကြောင်း အထူးထူးသော လက်ဆောင်ပဏ္ဏာတော် ဆက်သလိုက်ကြောင်းကို ပါသည်ကို ထောက်သော် ပြည့်ရှင်မင်း မှူးမတ် အဆွေခင်ပွန်း မင်းတပါး ကျိကျ ဘဏ္ဍာ မြို့ပြ ကျုံးမြောင်း တိုင်းနိုင်ငံ စစ်သည်ဗိုလ်ပါ ဟူသည် တိုင်းကြီးပြည်ကြီး အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံခဲလျက် တရားမင်းမြတ်လက်ထက်တော် မချွတ် ပြည့်စုံအံ့သော အကြောင်းဖြစ်သည်၊ ၎င်း သံတော်ဦးတင်ချက်တွင် အစိန္တေယျမြတ်စွာဘုရား သဏ္ဍာန်တော် ရှိကြာမုနိရုပ်တုတော်တဆူ၊ ဘဲပေါ်တွင် ရက်ပြောက်ဆင်းတုတော်တဆူ ဆက်သလိုက်ကြောင်းကို ပါသည်မှာလည်း ယခု ဥဒည်မင်းခံရှိ လက်ထက်တော် လှည့်ရာတွင် ဝူထိုက်ရှံဆိုသည့် တောင်ငါးဆင့်သို့ ရောက်သည်ကာလ အမိုက်အတိ ဖြစ်ပြီးမှ အလင်းတဖန် ဖြစ်ပြန်၍ တန်းဆာဆောင် ရုပ်တုသဏ္ဍာန် ပ်ပြင်စွာ ပြလိုက်သည်ကို အတုလုပ်၍ ၎င်းဥဒည်မင်းလည်း ကိုးကွယ်သည်၊ ပြည်သူပြည်သားတို့လည်း ကိုးကွယ်ရသည်ကို ကြားဘူးသည်နှင့် ညီညွတ်သည်။

## ဘုရားအနေကဇာတင်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မြို့ထောင့်လေးဆူဘုရားထီးတင် အလှူတော်ခံ သံဃာတော် စာရင်းကို သံတော်ဦးတင်ရာတွင် ဘုရားကို အနေကဇာတင်သည့်ထုံးစံ ကျမ်းဂန်မည်သို့ ရှိသည်၊ဘုရားဆင်းတုတော် သက်သက်ကိုသာ အနေကဇာတင်ရသည် ဖြစ်မည်၊ အုတ်စေတီနှင့်

တည်ထားသည့် ဘုရားကိုလည်း အနေကဇာတင်သင့်သည် ဖြစ်မည်၊ ဘုရားလေးဆူ အနေကဇာတင်ရမည်ဖြစ်လျှင်လည်း မြို့ထောင့်လေးဆူ ဘုရားမှာပင် အသီးအသီး လှူဒါန်းစေရမည်၊ အနေကဇာတင်ရပြီးဖြစ်လျှင် ဆင်ကျိုးရွှေဂူတွင်ပင် တပေါင်းတည်း လှူဒါန်းစေရမည် ဖြစ်သည်၊ ဆရာတော်ကို လျှောက်ရမည်၊ ၁၁၅၀-ပြည့်နှစ် တပေါင်းလဆန်း(၁၀) ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း လျှောက်လှာပါစေသည်၊ တရားကျမ်းဂန် ထုံးစံယုတ္တိရှိရာ စာသွင်းတော်မူပါမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၀ ပြည့်နှစ် တပေါင်းလဆန်း(၁)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

အနေကဇာတင်ခြင်းထုံးစံသည် ကဆုန်လပြည့်နေ့ ဘုရားအဖြစ်သို့ ရောက်တော်မူစ တဆယ့်ကိုးချက်မြောက်သော ပစ္စဝေက္ခဏာ ဉာဏ်တော်၏ အခြားမဲ့တွင် အနေကဇာတိ နှစ်ဂါထာကို စိတ်တော်ဖြင့်သာ ဆင်ခြင်တော်မူသည် ဖြစ်၍ စိတ်တော်ဖြင့် ဆင်ခြင်တော်မူသမျှ တရားတော်တွင် အနေကဇာတိ နှစ်ဂါထာသည် ပဌမ ဗုဒ္ဓဝစနဟု ကျမ်းဂန်လာသည်နှင့်အညီ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ "ယဒါဟဝေ"သုံးဂါထာကို နှုတ်တော်ဖြင့် ဆင်ခြင်တော်မူသည်ဖြစ်၍ နှုတ်တော်ဖြင့် ဆင်ခြင်တော်မူသမျှ တရားတော်သည် ယဒါဟဝေ သုံးဂါထာသည် ပဌမ ဗုဒ္ဓဝစနဟု ကျမ်းဂန်လာသည်နှင့်အညီ ဘုရားဖြစ်စကာလ ဆင်ခြင်တော်မူသည့် အကြောင်းကိုစွဲ၍ အသစ် ထုလုပ်စ ဘုရားဆင်းတုကိုလည်း ၎င်းဂါထာများကိုရွတ်၍ ပူဇော်သည်ကိုပင် အနေကဇာတင်သည်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်၊ သည်ကဲ့သို့ အနေကဇာတင်ရမည်ဟူ၍ ကျမ်းဂန်မှာ မလာ၊ အသင့်ယုတ္တိသို့ လိုက်၍ ထုံးစံ တွင်ခြင်း ဖြစ်သည်။

အုတ်ရိုးစေတီမှာ အတွင်း၌ ဌပနာသည့် ဘုရားဆင်းတုကိုရည်၍ တင်သော် တင်သင့်မည်၊ အုတ်ရိုးစေတီသက်သက်ကို မတင်သင့်ပြီ ဖြစ်သည်၊ သီရိဓမ္မာသောကမင်းကြီးလက်ထက် စေတီကျောင်းပေါင်း ၈၄၀၀၀ တို့ကို အသောကာရုံကျောင်း တရပ်တည်းက အနုမောဒနာ ပြုသည့်ထုံးစံလည်း ရှိသည်။

## ဥဒည်ဘွားကဆက်သသည့် ရှိကြာမုနိဘုရား

အတွင်းပန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တရပ်ဥဒည်ဘွားကပို့ရောက်သည့်ပဏ္ဏာသည် လောကီအာမိသ ပဏ္ဏာသာမဟုတ် ပဏ္ဏာတကာထက် ထူးမြတ်သည့် ပဏ္ဏာ ရတနာသုံးပါးနှင့် စပ်သည်၊ မင်းအဆက်ဆက်လည်း သည်ကဲ့သို့ ကြိမ်ကြိုက်ခဲသည်ကိုထောက်၍ မင်းမိဖုရား,မင်းညီမင်းသား, မှူးတော် မတ်တော် ခြံရံလျက် ရတနာရွှေဖောင်တော်နှင့် အရှိအသေ မင်းရှာကွန်းထောက် နန်းတော်ရောက်ကြိုဆိုတော်မူသည်၊ ကြိုဆိုရာအရပ်ကို အစဉ်ဥဒါန်း မော်ကွန်းတွင်လေအောင် မည်သို့ ပြုအပ်သည်ကို ဆရာတော်မှာ လျှောံ၊ ၁၁၅၁-ခု ကဆုန်လဆန်း (၈)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မဟာဒါန်စာရေးတို့ကို လျှောက်လှာပါစေသည်၊ ကျမ်းဂန်ထုံးစံ ရှိသည်အတိုင်း ရှိကြာမုနိဘုရားရှင်ကို ကြိုဆိုရာ ကွန်းထောက်အရပ်ကို မည်သို့ ဖြစ်စေသင့်သည်ကို စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၁—ခု ကဆုန်လဆန်း(၉)ရက်နေ့ မဟာဒါန်စာရေးတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရှေးရှေးကိုယ်တော်အဖြစ်က ဆည်းပူးတော်မူခဲ့သော ဘုန်းပါရမီတော်ကြောင့် အထူးထူးသော လောကီပဏ္ဏာနှင့်တကွ ရှိကြာမုနိစွယ်တော် ဓမ္မပဏ္ဏာကို အကြည်တော် ဥဒည်မင်းက ဆက်ရောက်သည်တွင် ဓမ္မပဏ္ဏာကို ထောက်၍ မင်းမိဖုရား မင်းညီ မင်းသား မှူးတော် မတ်တော် ပရိသတ်လေးပါး ခြံရံလျက် မင်းရှာကွန်းထောက် နန်းတော်ရောက် ကြိုဆိုတော်မူသည်မှာ သီဟိုဠ်ကျွန်းသို့ ညှပ်ရိုးတော်ဓာတ် ဒက္ခိဏာ သာခါ ရောက်သည်ကာလ ဒေဝါနံပိယတိဿမင်း ကြိုဆိုသည်၊ စွယ်တော် ရောက်သည်ကာလ ကိတ္တိသီရိမေဃမင်း ကြိုဆိုသည့် ထုံးစံများနှင့်အညီ မတုန်မလှုပ် မြဲမြံ တည်ကြည်စွာ သာသနာတော်၌ ကြည်ညိုတော်မူသည်ကို အစဉ် အံ့သြပြောပရာ ဖြစ်၍ အရှည် သတ္တဝါတို့စီးပွား များလျက် ဥဒါန်းမော်ကွန်း တွင်မည် မချွတ်ဖြစ်

သည်၊ တန္တကုမာရမင်းသား, ဟေမမာလာမင်းသမီးတို့ ကလိင်္ဂရာဇ်ပြည်မှ သီဟိုဠ်ကျွန်းသို့ လက်ဝဲ အောက်စွယ်တော်ကို ပင့်ဆောင်သည်ကာလ စိမ့်တိုင်းသဘော်ဆိပ်သို့ ရောက်၍ စွယ်တော် ဆိုင်းထားရာအရပ်တွင် စိမ့်တိုင်းမင်းက ဂူကြီးတည်၍ ယခုတိုင် ဥဒါန်းမော်ကွန်း ထွန်းလျက် ထင်ရှားရှိသည်၊ ဘေးလောင်းတော် အနော်ရထာမင်း လက်ထက် သီဟိုဠ်ကျွန်းက စွယ်တော်ပွားကို ပင့်ဆောင်ရောက်သည်တွင် ကြို့ဆိုရာအရပ်မှာ စေတီတည်၍ "စွယ်ကြို့အရပ်, စွယ်ကြို့ဘုရား" ဟု ယခုတိုင် ဥဒါန်းမော်ကွန်းထွန်းလျက် ထင်ရှားရှိသည့်ဃုံးစံများနှင့်အညီ တရားမင်းမြတ် ကြို့ဆိုတော်မူရာ အရပ်ကိုလည်း မင်းကွန်းဆောက်ရာဖြစ်၍ "မင်းကွန်းရွာ, စွယ်တော်ကြို့ရာဖြစ်၍ စွယ်တော်ကြို့ရွာ" အမည်နှစ်ချက်တွင် စိတ်တော်နှစ်သက်ရာ တွင်စေလျက် မင်းကွန်းတောရတွင် ရွှေကူစေတီတည်၍ "ရတနာစွယ်ကြို့" သမုတ်တော်မူသော် စိမ့်တိုင်းမင်းတည်သော စွယ်တော်ဆိပ် ဂူကြီး,အနော်ရထာမင်း တည်သော အကြေစွယ်ကြို့ဘုရားကဲ့သို့ အစဉ်ဥဒါန်းမော်ကွန်း ထွန်းလျက် သတ္တဝါတို့စီးပွား များ၍ အရှည် ကုသိုလ်တော်ပွားမည် ဖြစ်သည်၊ ဘေးလောင်းတော် အနော်ရထာမင်း လက်ထက် တရုပ်ပြည်သို့ ကိုယ်တိုင်သွား၍ ပင့်ဆောင်သည်ကာလ စွယ်တော်ပွားဖြစ်သော မြဆင်းတု ရခဲ့သော်လည်း ကိုယ်တိုင် ပင့်ဆောင်သည့် အရာဖြစ်၍ မကြို့မဆိုရသောကြောင့် ဥဒါန်းမော်ကွန်း ထွန်းသည့်အရာဌာန မရှိ၊ တရားမင်းမြတ်လက်ထက်တော်မူကား စွယ်တော်ပွားဖြစ်သော ရှိကြာမုနိဘုရားရှင်ကို အလို အလျောက် ဆက်ရောက်လာသည်ဖြစ်၍ ကြို့ဆိုတော်မူရာအရပ်ဌာနမှာ အစဉ်ဥဒါန်းမော်ကွန်း ထွန်းအောင် သမုတ်ပညတ်သင့်သည်၊ ရွှေကူစေတီတည်ထားသင့်သည်။

---

## တရုပ်ပြည်နှင့် သာသနာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တရုပ်ပြည်အရပ်မှာ သာသနာတော် အဆက်အသွယ် ဖြစ်မည့်အကြောင်းကို ကိုင်မားစားစော်ဘွားသို့ ရေးဦးစွာ ကျင့်ဝတ်တရား ငါးပါးကို စော်ဘွားကိုယ်မှစ၍ ကျင့်ဆောင်မည့် အကြောင်းနှင့် တော်သင့်အောင် အမိန့်တော် စီကုံးရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း ကိုင်မားစားသို့ ပြန်ရမည်၊ အမိန့်တော်ကို စီကုံး၍ သံတော်ဦးဟင်ရာတွင် ဝန်ကြီးတို့က အမိန့်တော် ဗိုဗိုမပြန်၊ အမိန့်

တော်အရနှင့်သာ လွှတ်တော်က မှာစာပေးသင့်ပါသည်၊ သံတော်ဦးတင်သည်ကို အမိန့်တော် ပိပိပင် ပြန်သင့်သည်၊မှာစာသာ ပေးသင့်သည်ကို ဆရာတော်မှာ လျှောက်ဦး၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်၊ကျင့်ဝတ်တရားငါးပါးကို ရွေးပေးနှင့် မေးသည့်အရာ လျော် မလျော် သင့်မသင့် ရွေးပေးနှင့်ပေး၍ အမိန့်တော်ပိပိ ဘုန်းတော်ချီ၍ပြန်သင့်မပြန်သင့် အမိန့်တော်အရကိုထောက်၍ လွှတ်တော်က မှာစာသာ ပေးသင့် မပေးသင့်သည်များကို စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၁-ခု ကဆုန်လပြည့်ကျော်(၅)ရက်နေ့ သံတော်ဆင့်တို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

လောကတ္ထစရိယ ကုသိုလ်တော် ပွားများမည်အကြောင်းကို ထောက်တော်မူ၍ ရှေးမင်းလောင်းတို့ ထုံးစံ ရှိသည်နှင့်အညီ တရုပ်ပြည်အရပ်မှာ သာသနာတော် အဆက်အသွယ်ဖြစ်အောင် ကိုင်မားစားစော်ဘွားသို့ မပြတ်ကျင့်ရာသည့် ကျင့်ဝတ်တရားငါးပါးကို ပေးမှာတော်မူမည်မှာ စကြာမင်းတို့သည် လေးကျွန်းလုံးကို ကိုယ်တိုင်လှည့်ကြွ၍ ကျင့်ဝတ်တရားငါးပါးနှင့် ဆုံးမကြောင်း၊ ဘုရား အလောင်းတော် ကုရုရာဇ်မင်းက ကလိင်္ဂရာဇ်တိုင်းသို့ ကျင့်ဝတ်တရားငါးပါးကို ရွေးပေးအက္ခရာနှင့် ပေးမှာကြောင်း၊ သီရိဓမ္မာသောကမင်းက ဒေဝါနံပိယတိဿမင်းသို့ အမိန့်တော်နှင့် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သင့်သည်ကို ပေးမှာကြောင်းများကို ကျမ်းဂန်လာသည်နှင့်အညီ ဂုဏ်တော်အလျောက် ချီးမြှဲတိုင်းချီး၍ ကျင့်ဝတ်တရား သရုပ်သကန်နှင့် အမိန့်တော် ပြန်ပေးတော်မူမှ တရားမင်းမြတ်ကိုယ်တော်တိုင် ပြသဆုံးမသကဲ့သို့ အလွန်လေးမြတ်စွာဖြစ်၍ တရုပ်ပြည်အရပ်ရပ် ရှိနေသူတို့အား အရှည်စီးပွားများမည်၊ အခြားမြို့စား စော်ဘွားများကို ပေးမှာမြဲ ထုံးစံအတိုင်း ရွှေလွှတ်တော်က မှာစာပေးမှုလည်း အခြားမြို့စား စော်ဘွားများနည်း ဖြစ်မည်၊ အခြားတိုင်းရေးပြည်ရေးကဲ့သို့ မဟုတ် သာသနာတော်မမွက်ရေး ဖြစ်၍ အစဉ်မှီထား ကျင့်ဆောင်ရန် ရွေးပေးအက္ခရာနှင့် အမိန့်တော်၊ ၎င်းအမိန့်တော်အရအတိုင်း ကျင့်ဆောင်မည်အကြောင်းနှင့် ရွှေလွှတ်တော်က မှာစာနှစ်ချက်ပင် ပေးသော် လောကဓမ္မ သင့်မည်၊ မင်းကျေရာဇ်ဝတ် အဂ္ဂမဟာသေနာပတိတို့ဝတ် ကုန်ရွှေ့မည်၊ မှူးမတ် သေနာပတိတို့နှင့် ညီညွတ်တိုင်ပင်၍ ချီးမြှောက်တော်မူသည်ကိုလည်း သိသာမည်။

# ရခိုင် ရှစ်ပါးပုဏ္ဏား

တကာတော်အတွင်းဝန် ဗလရာဇာ လျှောက်ပါသည် ဆရာတော်ဘုရား—

ရခိုင် ရှစ်ပါးပုဏ္ဏား မုနိရံက ဖေါ်လော်ရံသည် မင်းစာရေး ဟော်ရိရံ သမီးရူပိမာလာနှင့် သင့်နေသောကြောင့် အပေါင်း အဖေါ်မပြုစဉ်က နှင်ထုတ်သည်၊ ဒူကာရံလည်း နှင်ထုတ်သူ ဖေါ်လော်ရံနှင့် စားတော်စားဖက်ပြုသည်၊ပရိတ်ရွတ်ပုဏ္ဏား, ကျောက်နတ်ပူဇော်ပုဏ္ဏားတို့ကို လက်ခံ၍ မင်္ဂလာတစဉ်တည်း စားပေါင်းစားဖေါ် ပြုသည်အကြောင်းများနှင့် ရွှေနားတော် မြတ် ကြားတော်မူ၍ အတွင်းဝန်တို့က စစ်ကြောပြီးလျှင် ဆရာ တော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မုနိရံ,ဖေါ်လော်ရံ, ဟော်ရိရံ,ဒူကာရံ တို့ကို စစ်မေး ထွက်ဆိုချက်များနှင့် ရာဇပုံ၍ ဇေတုရန္တသူတို့ ကို လျှောက်လှာပါစေသည်၊ ပုဏ္ဏားကျမ်းဂန်ထုံးစံနှင့် အညီ စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာ တော်ဘုရား။

၁၁၅၁—ခု နယုန်လဆန်း(၉)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက် သည်ကား—

ရှစ်ပါးပုဏ္ဏား ဂုပိန္တရံ,မုနိရံ,ဟော်ရိရံတို့က ဒူကာရံသည် မင်္ဂလာစည်းခြားနှင့် စပ်ရှက်သူ ဖေါ်လော်ရံ မင်္ဂလာစည်းခြားသူ ရူပိမာလာတို့နှင့် စားပေါင်းစားဖေါ် ပြုကြောင်း မင်္ဂလာစည်းခြားဖြစ်သူ ပရိတ်ရွတ်ဖတ်ပုဏ္ဏား,ကျောက်နတ်ပူဇော်ပုဏ္ဏား တို့နှင့်လည်း စားပေါင်းစားဖေါ် ပြုကြောင်းကို ဆိုသည်၊ ဒူကာရံလည်း ၎င်းတို့ ဆို ချက်အတိုင်း ၎င်းပုဏ္ဏားတို့နှင့် စားပေါင်းစားဖေါ် ပြုသည် မှန်ပေသည် ဆိုသည်၊ စလွယ်တင်ပုဏ္ဏားမျိုးမှန်၍ အမှုထမ်းအပေါင်းအဖေါ်ဖြစ်သော်လည်း နီးစပ်ယုံကြည် ရာ စားပေါင်းစားဖေါ်ပြုကြ၍ ဘေးဘိုးလက်ထက်ကပင် မင်္ဂလာ အသီးအသီး ဆင်း သက်ခြင်း ဖြစ်သည်၊ သည်ကဲ့သို့ ဘေး,ဘိုးအစဉ် မင်္ဂလာ မတူသူတို့နှင့် စားပေါင်း စားဖေါ် ပြုကြသည်ဖြစ်လျှင် အမျိုးအကျင့်စာရိတ္တ မဖေါက်မပြန် မှန်ကန်နိုင်ရည် မဟုတ်၊ ပယာစိတ်ငယ် (၉)ပါးတွင်လည်း မင်္ဂလာ မတူသူတို့နှင့် စားပေါင်း စား ဖေါ် ပြုကြသည်ကို ပယာစိတ်ငယ်တပါး ရေတွက်၍ ပုဏ္ဏားတို့ အကျင့်ထုံးစံကိုပြရာ သမိတိသာရကျမ်း၌—

ဝိဟိတသျှာနနုမ္ဟာနာ၊နိမိဒ္ဓသျှာပိ သေဝနာတ်။
အနိဂြဟာတ် စေတြိယာနိ၊နရံ ပတနမိစ္ဆတိ။

**အနက်ကား** ဝိဟိဝသျှ၊ ဘေးဘိုးအစဉ်ထားသည့် ထုံးစံကို။ အနနုမ္ဟာနာ၊ မလိုက်မကျင့်ခြင်းကြောင့်။နိမိဒ္ဓသျှာပိ၊ဘေးဘိုးအစဉ်မြစ်တားခဲ့သည်ကိုလည်း။သေဝနာတ်၊မှီဝဲခြင်းကြောင့်။စေတြိယာနိ၊ အရိုအသေ ပြုအပ်သည်ကိုလည်း။ အနိဂြဟာတ်၊ မရိုမသေ မနှိမ့်ချခြင်းကြောင့်။ နရံ၊ ဗြာဟ္မဏမျိုးပုဏ္ဏားသည်။ပတနံ၊ပယာစိတ်ကို။ဣစ္ဆတိ၊အလိုရှိသည်မည်၏—ဟူ၍ဆိုသည်။

ဘေးဘိုးအစဉ် မဏ္ဍလီအသီးအသီး ရှိသည်အတိုင်း စောင့်ရှောက်မှုလည်း အမျိုးအကျင့်စာရိတ္တနှင့် ပြည့်စုံ၍ ဘိသိက်ပန်းဆက် ရှစ်ပါးအမှုကို ထမ်းရွက်ထိုက်မည်ဖြစ်သည်၊ ဘေး ဘိုး ဘအစဉ် ဆင်းသက်သည့် မဏ္ဍလီကို ဖျက်၍ မဏ္ဍလီခြားသူတို့နှင့် စားပေါင်းစားဖေါ် မပြုသင့်၊ ဒူကာရံမှာ ပြုမိသည်အပြစ် ကင်းလွတ်စင်ကြယ်မအောင်— " ပင္မ ရတြာန သနေနေဝ၊ ဗြဇာ ပတျံ ဗြတံ ဘဝေတ် "ဟူ၍ သမိတိသာရကျမ်း၌ ဆိုသည်နှင့်အညီ ပုဏ္ဏားတို့ ကျင့်ဆောင်ရိုး ဥပုသ်လေးပါးတို့တွင် (၆)ရက်စေ့အောင် ဗြဇာပဘျဥပုသ်ကို စောင့်ရှောက် ဆောက်တည်စေ၊ ဥပုသ်စောင့်ရှောက်ပြီးမှ ထုံးစံရှိရာ ရေမိုးသန့်စင်၍ အထက်မဏ္ဍလီတူ ဂူပ်န္တရံ, မုနိရံ, ဟော်ရီရံတို့နှင့် မဏ္ဍလီတချက်တည်း စားပေါင်းစားဖေါ်ပြု၍ ဘိသိက်ပန်းတော်ဆက် ရှစ်ပါး အမှုကိုထမ်းရွက်မြဲ ထမ်းရွက်စေ၊ နောက်ကိုလည်း စာရိတ္တထုံးစံရှိသည်အတိုင်း မုနိရံတို့ဆိုရာ နာခံကျင့်ဆောင်စေ၊ မိန့်ဆို ဆုံးဖြတ်တော်မူသည့်အတိုင်း ရှိခိုးသံတော်ဦးတင်လျှင် ဆရာတော် ဆုံးဖြတ်ချက်အတိုင်း သင့်ပြီ၊ ၁၁၅၁—ခု နယုန်လဆန်း(၁၁)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မဏ္ဍလီစည်းကို ဖေါက်သူ ဒူကာရံ, ဂူပ္ပန္တရံ, မုနိရံ, ဟော်ရီရံတို့ကို ပုဏ္ဏားတို့ထုံးစံကျမ်းဂန်နှင့်အညီ "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်နာမ်ရှိသော သာသနာပိုင်ဆရာတော် ဆုံးဖြတ်တော်မူချက်အတိုင်း ရက်စေ့အောင် ဥပုသ်ဆောက်တည်ရသည်၊ ဥပုသ်ဆောက်တည် ပြီးလျှင်လည်း ရေမိုး သန့်စင်၍ ဘိသိက်ရှစ်ပါးပုဏ္ဏားတို့ အမှုကို ထမ်းရွက်မြဲအတိုင်း ထမ်းရွက်ကြရသည်။

## ပုရောဟိတ် မြောက်ထိုက်သူ

အဟွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဘိသိက်ပန်းဆက် ရှစ်ပါးပုဏ္ဏားအကြီး ဒူကာရံ မဏ္ဍလီစည်းကိုဖျက်သည်ဆို၍ အစစ်အကြော ခံကြရာတွင် ဖျက်သည်မှန်

သောကြောင့် ပုဏ္ဏားတို့ ကျမ်းဂန်နှင့်အညီ ဆရာတော်ဘုရား ဆုံးဖြတ်တော်မူသည်အတိုင်း ဒူကာာရံပုဏ္ဏား ဥပုသ်ဆောက် တည်ရသည်၊ အကြီးပြုသူပင် သည့်ကဲ့သို့ အမျိုးစာရိတ္တ ဖျက် သည့်အရာသည် အကြီးနှင့်မတန်ဖြစ်သည်၊ မုနိရံအရွတ်အဖတ် ကျွမ်းကျင်သည်၊ ပုဏ္ဏားတို့စာရိတ္တကိုလည်း သိစွမ်းသည်၊ မုနိ ရံကို ပုရောဟိတ် အကြီးအရာ ခန့်ထားရမည် ဆရာတော်ကို လျှောက်ဦး၊ဘုရားအမိန့်တော်မြွတ်ကို ဦးထိပ်ထက် ဆင်ရွက် ရသည်အတိုင်း လျှောက်လှာပါစေသည်၊ မုနိရံကို အကျင့် စာရိတ္တ ပုဏ္ဏားတို့ကျမ်းကို သိမြင်တော်မူသည်အတိုင်း အမိန့် ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော် ဘုရား။

**၁၁၅၁-ခု နယုန်လဆန်း(၁၃)ရက်နေ့ အဆောင်မြဲတို့ကို စေ၍ လျှောက်လှာ သည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဗေဒင်ကြီး ဗေဒင်ငယ်တတ်သိခြင်း, ဟုံးနတ်ပူဇော်ရာ၌ လိမ္မာခြင်း, အရှင်မင်း ကေရာဇ်၏ အကျိုးစီးပွားကို မပြတ်တောင့်တခြင်း အင်္ဂါသုံးပါးနှင့် ပြည့်စုံမှ ပုရော ဟိတ် မြှောက်ထိုက်သည်ကို သင်္ဂဟကရိုက်ကျမ်းဂန်၌ ဆိုသည်၊ ယင်းသည် အင်္ဂါနှင့် ပြည့်စုံမှလည်း ကျမ်းဂန်ထုံးစံရှိတိုင်း သိ၍ အပေါင်းကို စောင့်ရှောက်နိုင်မည်၊မုနိရံ လည်း အသင်အကြားနှင့် ပြည့်စုံသည်၊ ရှေ့ကိုလည်း အလားရှိသည့် ငယ်ရွယ်သူဖြစ် လျက် ပုဏ္ဏားတို့ စာရိတ္တကိုလည်း စောင့်ရှောက်လေ့ရှိသည်၊သာသနာတော်ကိုလည်း ယုံကြည်သည်ဖြစ်၍ မုနိရံကို ပုရောဟိတ်အကြီးအရာ ခန့်ထားတော်မူလျှင် သင့်မည် ဖြစ်သည်။

## အောင်ပင်လယ် နန္ဒာကန် ရွှေလောင်းမြောင်း

ရေမြေရှင် လျှောက်ပါသည် ဆရာတော်ဘုရား—

ရှေး ဘေးလောင်းတော်တို့ တည်ထားပြုစုသည့် အောင် ပင်လယ်ကန်, နန္ဒာကန်, ရွှေလောင်းမြောင်းများကို ပြည်သူ ပြည်သားတို့ အကျိုးစီးပွါး သာဝရအခွန်ရှည်စွာ ဖြစ်စိမ့်မည်၊

၁၁၅၁ ခု နယုန်လပြည့်ကျော်(၁)ရက်နေ့ကစ၍ မိုလ်ပါအများနှင့် ပြီးခိုင်အောင် ပြင်လုပ် ထပ်ဆင့် ဆည်ဖို့ ပြုစုတော်မူသည့်ကောင်းမှု အကျိုးများစွာဖြစ်မည် စွဲမှတ်တော်မူသည့်ကန်တော်,မြောင်းတော်, အတွင်း အပြင် အောက် အထက် လုပ်သားတို့မှာလည်း ပယ်နယ် တိုင်းတာ မှတ်သားပေးချတော်မူမည်၊ လမိုင်းသားတို့မှာလည်း နယ်နိမိတ် အပိုင်းအခြားနှင့် တကိုယ် လေးတောင်ကျ ပေးဝေချထားတော်မူမည် အကြံ ရှိသည်၊ ပယ်ဖွဲ့တောင် တာ မျိုးကြဲ အကွဲကွဲ မညီမမျှ ဒေသအသုံးအစွဲ အခေါ်အဝေါ်သို့ လိုက်၍ ကျဉ်း ကျယ်ရှိကြသည်၊ပယ်ဆိုသည့် အရာလည်း အစဉ် ခေါ်ဝေါ် သုံးစွဲကြသည့်အရာပင်ဖြစ်သည်၊ ပယ်ဖွဲ့တောင် တာ မျိုးကျ မည်မျှဖြစ်သည်ကို ကျမ်းဂန်နှင့်အညီ သေချာအောင်အမိန့်ရှိမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၁—ခု နယုန်လပြည့်ကျော်(၁၀)ရက်နေ့ အောင်ပင်လယ်တဲနန်းတော်က သံတော်ဆင့်တို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပယ်ဖွဲ့နည်းကို အမေးတော်ရှိသည်မှာ တဆယ့်တစိတ်ဝင် ဇလားနှင့် လေးဇလားကြဲလောက်သောအရပ်ကို "တပယ်" ဟူ၍ အဘိဓာန် စာကိုယ် ဋီကာ၌ ဆိုသည်၊ လေးစိတ်ရှိသော တင်းနှင့်သော် တဆယ့်တတင်းကြဲ ဖြစ်သည်၊ တောင်တာကို ၎င်းကျမ်းတို့၌ မဆို။စတုရန်းတရာ့နှစ်ဆယ့်ငါးတောင်ကို"တပယ်"ဟူ၍ သချၤာပကာသကျမ်း၌ ဆိုသည်၊ ခုနစ်တောင် တာနှင့်သော် တဆယ့်ခုနစ်တာ ခြောက်တောင်ဖြစ်သည်၊ မျိုးဝင်ကို ၎င်းကျမ်း၌ မဆို၊ စတုရန်း တရာ့ခုနစ်ဆယ့်ငါးတောင်ကို တပယ်၊ မျိုးသော် တဆယ့်တဘင်းကြဲဟူ၍ ၎င်းသချၤာပကာသကျမ်း၌ ဆိုသည်။ခုနစ်တောင် တာနှင့်သော် နှစ်ဆယ့်ငါးတာ ဖြစ်သည်၊ တဆယ့်နှစ်တောင် တာနှင့် စတုရန်းဆယ်တာကို တပယ်ဟူ၍ ဂဏန်းကျမ်း၌ ဆိုသည်၊ မျိုးဝင်ကို မဆို။သံလေးသစ်စွန်းလက်မသစ်တောင်နှင့် ခုနစ်တောင်တာ စတုရန်း နှစ်ဆယ်ကို တပယ်ဟူ၍ စာဟောင်းရှိသည်၊ စပါးတစေ့နှင့် တစေ့အကြားကို ငါးလက်သစ် သုံးမုယော သုံးနှမ်း တဆံခြည်ပြု၍ ကြဲသော် ငါးတင်းကြဲအရပ်ကိုလည်း တပယ်ဟူ၍ စာဟောင်းရှိသည်။

ယင်းသို့ ကျမ်းဂန် စာဟောင်းစာတမ်း မညီမညွတ် အသီးအသီး ရှိသည်တွင် သချၤာပကာသကျမ်း၌ ဆိုသည့် တရာ့ခုနစ်ဆယ့် ငါးတောင်၊ ခုနစ်တောင်တာနှင့်

နှစ်ဆယ့်ငါးတာရှိသော် တဆယ့်တတင်းကြဲ အရပ်သည် တပယ်ဟူသော စကားသာ အဘိဓာန်စာကိုယ်ဋီကာနှင့် နီးနှောသည်ဖြစ်၍ သင့်မြတ်မည် ထင်သည်၊ ပကတိပယ် ထက် မင်းပယ်မှာ နှစ်ဆကြီးကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ၌ ဆိုသော ကြောင့် ယခင် ပကတိပယ်ထက် နှစ်ဆတက်မှ မင်းပယ် ဖြစ်သည်၊ ကန်တော်, မြောင်းတော်လုပ် ထပ်ဆင့်တော်မူ၍ လုပ်သူလုပ်သားတို့ကို ပယ်နယ်တိုင်းတာ မှတ် သားပေးချတော်မူသည်မှာ လောကတ္ထစရိယ ထာဝရကုသိုလ်တော်ကြီး ဖြစ်သည်၊ ပါဠိလိပုတ်ပြည်ကို အဇာတသတ်မင်း တည်ထောင်သည်ကာလ နတ်တို့အား ကုသိုလ် အဖို့ ဝေအပ်သောကြောင့် အဖို့ဝေသသူအား နတ်တို့ မ,စ ကြောင်းကို ဟောတော် မူသည်နှင့်အညီ ကုသိုလ်ဘော်အဖို့ကိုလည်း နတ်တို့အား ဝေငှတော်မူသင့်သည်။

## အလေး တောင်း တင်း တောင် တာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

အလေး တောင်း တင်း တောင် တာမှုသည် လောကဝတ် ရေးနှင့်သာ စပ်သည် မဟုတ်၊ သာသနာရေးနှင့်လည်း စပ် သည်ဖြစ်၍ အမှန်အကန် ကျမ်းဂန်ညီရာ သုံးဆောင်စေရမည်၊ အလေးမှာ စပါးလေးလုံးကို တရွေး၊ ရှစ်ရွေး တပဲ အစ တည်၍ လုပ်ဆောင်သုံးစွဲသည့်အလေး, ခြောက်ရွေးကို တပဲ အစတည်၍ လုပ်ဆောင်သုံးစွဲသည့် အလေး, နှစ်ရွေးကို တပဲ အစတည်၍ လုပ်ဆောင်သုံးစွဲသည့်အလေး သုံးရပ်တွင် မည် သည့်အလေးသည် ကျမ်းဂန်နှင့်ညီသည် ဖြစ်မည်၊ အဗိန္ဓဒါန် ပါရာဇိက အဆုံးအဖြတ် ရောက်လျှင်လည်း အလေးသုံးရပ် တွင် မည်သည့်အလေးမတ်နှင့် ဆုံးဖြတ်သင့်သည်၊ တရွေး အလေး စပါး လေးလုံးမှာလည်း မုံညင်းလေးလုံးလျှင် နှမ်း တလုံး၊ နှမ်းလေးလုံးလျှင် စပါးတလုံး ဂဏန်းစာဆိုသည်အ တိုင်း မုံညင်းနှမ်းက အတက်အသံက် ညီစွာသည်၊ စပါးလေး လုံးအလေးရွေးကိုယူသင့်သည်၊သို့မဟုတ် စပါးသာမန် လေး လုံး အလေးရွေးကို ယူသင့်သည်ဖြစ်မည်၊ ဇလား တောင်း တင်းမှာလည်း သုံးဆုပ်ကို လက်ဖက်တကင့်၊ လေးကခွဲကို တကွမ်းစား၊ငါးကွမ်းစားတပြီ၊ လေးပြီကို တစိတ်၊ လေးစိတ်

ကို တတင်း လုပ်ဆောင်သုံးစွဲသည့် ဇလား တောင်း တင်း၊ လေးဆုပ်ကို လက်ဖက်တကချုံ၊လေးကချုံ တကွမ်းစား၊ လေး ကွမ်းစားကို တပြီ၊ လေးပြီကို တစိတ်၊ လေးစိတ်ကို တတင်း လုပ်ဆောင်သုံးစွဲသည့် ဇလား တောင်း တင်း၊ သည်မှတပါး ဒေသအလိုက် လုပ်ဆောင် သုံးစွဲကြသည့် ဇလား တောင်း တင်းများတွင် မည်သည့် ဇလား တောင်း တင်း ကျမ်းဂန်နှင့် ညီသည်ဖြစ်မည်၊ အမိဋ္ဌာန် ဝိကပ္ပနာထိုက်သည့် သပိတ်သုံးလုံး ပမာဏကို နှိုင်းယှဉ်သည့် မဂဓရောဇ်ကွမ်းစားလည်း အသီး အသီး ကွဲပြားသည်၊ ကျမ်းဂန်နှင့်ညီသည့် မဂဓရောဇ်ကွမ်းစား သည် လက်ဖက်တကချုံ မည်မျှဝင်သည်၊ လက်သစ် တောင် တာမှာလည်း စပါးခုနစ်လုံးသည် လက်တသစ်၊ ၁၂ သစ် သည် တထွာ၊ ၂ ထွာသည် တတောင်၊ ၄င်းခုနစ်တောင်ကို တတာဆိုသည်၊ မည်သည့်စပါးမျိုး ခုနစ်လုံးကို လက်တသစ် ပြု၍ အရညကင် ယူရမည်များကို အထက် အလေး တောင်း တင်းမှုက မေတ္တာစာသွင်းချက်တွင် တခုခုဉပဒေ အသေအချာ မှတ်တော်မူသာအောင် မပါသေး ဖြစ်သည်၊ ဆရာတော်ကို လျှောက်စေဦး၊ ၁၁၅၁-ခု ဝါဆိုလပြည့်ကျော် (၁၀)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အ တိုင်း မဟာဒါန်ဝန်နှင့် သီရိကျော်သူတို့တို့ လျှောက်လှာပါ စေသည်၊ အထင်အမြင် ရှိတော်မူကြသည်အတိုင်း တခုခု အ သေအချာ မှတ်တော်မူသာအောင် စာသွင်းတော်မူပါ၊ ကင်း ကူးတို့များမှာလည်း ရဟန်းတို့ အဖိုးအခွန်မပေး မတိုင်မကြား သွားသည့်ရဟန်းလည်း ရှိရာသည်၊ တိုင်ကြား၍ သွားသည့် ရဟန်းလည်းရှိရာသည်၊ အဖိုးအခွန်မပေး မတိုင် မကြား သွား သည့်ရဟန်းမှာ မည်သို့ နှလုံးထား၍ သွားလျှင် တရားမည်သို့ ရှိသည်များကိုလည်း လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်၊တရားကျမ်းဂန်ရှိသည်အတိုင်း မိန့်တော်မူပါ ဆရာတော်ဘုရား။

၁၁၅၁–ခု ဝါဆိုလပြည့်ကျော်(၁၀)ရက်နေ့ မဟာဒါန်ဝန် သီရိကျော်သူတို့ကို စေ၍ လျှောက်လှာသည့်တွင် အမိန့် ရှိလိုက်သည်ကား—

ရှစ်ရွေး တပဲ အစတည်၍ လုပ်ဆောင်သုံးစွဲသည့်အလေး, ခြောက်ရွေးတပဲ အစတည်၍ လုပ်ဆောင်သုံးစွဲသည့် အလေး, နှစ်ရွေးတပဲ အစတည်၍ လုပ်ဆောင်သုံးစွဲသည့် အလေးသာ အဘိဓာန်ကျမ်း,ဝိနည်းဋီကာကျမ်းများနှင့် ညီညွတ်သည်။

အဒိန္နဒါန်ပါရာဇိက အဆုံးအဖြတ်ရောက်လျှင် အလေးသုံးရပ်မှာ မည်သည့်အလေးနှင့် ဆုံးဖြတ်သင့်သည် အမေးတော်အရတွင် နှစ်ရွေး တပဲ အစတည်၍လုပ်ဆောင်သုံးစွဲသည့် အလေးနှင့် မိဿက ကဟာပဏ လေးဖို့တဖို့မတ်ဖြင့် ဆုံးဖြတ်သင့်သည်၊ ရွှေးစင်သော် ငင်းမတ်၏ ထက်ဝက်သာ ထိုက်သည်ဟူ၍ ဥတ္တရဝိနိစ္ဆယဋီကာ၌ ဆိုသည်။

မုံညင်းနှမ်းက အထက်အသီးဦးသည် ရွှေးကိုယူသင့်သည် ဖြစ်မည်၊ စပါးသာမန်လေးလုံး အလေး ရွှေးကို ယူသင့်သည် ဖြစ်မည် အမေးတော်အရတွင် စပါးမျိုးခုနစ်ပါးရှိသည်အနက် မကြီးမငယ် အလတ်ပမာဏ သန်းခုနစ်ကောင်အစုခန့်ရှိသည့် ကောက်စပါးလေးလုံးအလေး ရွှေးကို ယူမှ အဘိဓာန်ကျမ်းတွင် ကောက်စပါးလုံးပမာဏကို ဆိုသည်၊ရတုခြောက်ပါးတွင် ဟေမန္တရတု၌ ဖြစ်သော စပါးမျိုးသည် သလေးမည်၏၊ ဂိမ္ဟန္တရတု၌ဖြစ်သော စပါးမျိုးသည် သင်္ဂိကမည်၏၊ ဝဿာနရတု, သရဒရတုတို့၌ဖြစ်သော စပါးမျိုးသည် ကောက်မည်၏—ဟူ၍ ဒြဗျဂုဏ်ကျမ်း၌ ဆိုသည်နှင့်အညီ ဝဿာနရတု,သရဒရတုတို့၌ဖြစ်သော စပါးမျိုးကို ကောက်စပါးဟူ၍ ယူအပ်သည်၊ ဂဏန်းစာ၌လည်း မုံညင်းသုံးလုံးလျှင် နှမ်းတလုံး၊ နှမ်းလေးလုံးလျှင် ဆန်တလုံးဟူ၍ ပမာဏကိုသာ ဆိုသည်။

သုံးဆုပ်ကို တကချုံတက်၍ လုပ်ဆောင်သုံးစွဲသည့် ဇလား တောင်း တင်း၊ လေးဆုပ်ကို တကချုံတက်၍ လုပ်ဆောင်သုံးစွဲသည့် ဇလား တောင်း တင်း၊ ဒေသအလျောက် လုပ်ဆောင်သုံးစွဲကြသည့် ဇလား တောင်း တင်းများတွင် မည်သည်မှာ ကျမ်းဂန်နှင့်ညီသည် ဖြစ်မည် အမေးတော်အရတွင် လေးဆုပ်တကချုံ တက်၍ လုပ်ဆောင်သုံးစွဲသည့် ဇလား တောင်း တင်းသာ အဘိဓာန်ကျမ်း, သုတ္တနိပါတ်အဋ္ဌကထာကျမ်းများနှင့် ညီညွတ်သည်။

သပိတ်သုံးလုံးပမာဏကိုဆိုသည့် မဂဓရောင်ကွမ်းစားလည်း အသီးအသီးကွဲပြားသည်၊ကျမ်းဂန်နှင့်ညီသော မဂဓရောင်ကွမ်းစားသည် လက်ဖက်ကချုံ မည်မျှဝင်သည် အမေးတော်အရတွင် ကွဲပြားသမျှ မဂဓရောင်ကွမ်းစားနည်းသည် ကျမ်းဂန်လာသည်၊

ဝိနည်းဋီကာဆရာတို့ နှစ်သက်သည်မှာ ငါးကျပ် တလက်ဆုပ်၏ သုံးဖို့တဖို့ဝင်သည့် မဂဓရောဇ်ကွမ်းစားကိုသာ ဋီကာဆရာတို့ နှစ်သက်သည်။

စပါးခုနစ်လုံးသည် တလက်သစ် စသည်ဖြင့် ဆိုသည်မှာ မည်သည့် စပါးခုနစ်လုံးကို တလက်သစ်ပြု၍ အရညကင် ယူသင့်သည် ဖြစ်စုံမည် အမေးတော်အရတွင် သန်းခုနစ်ကောင်အစုအရှိခန့် ကောက်စပါးမျိုး ခုနစ်လုံးကို တလက်သစ်ပြု၍ ယူသင့်သည်ကို အဘိဓာန်ကျမ်း၌ ဆိုသည်။

ကင်းကူးတို့များမှာ အဖိုးအခွန်မပေး မတိုင်မကြားသွားသည့် ရဟန်းတို့မှာ မည်သို့ နှလုံးထား၍ သွားလျှင် မည်သို့တရားရှိမည် အမေးတော်အရတွင် ရဟန်းများမှာ ကင်းကူးတို့စောင့်သူတို့ အဖိုးအခွန် ယူလေ့မရှိဟု စင်ကြယ်သောစိတ်ဖြင့် သွားသော ရဟန်း, တိုင်ကြား၍သွားသော ရဟန်းတို့မှာ ကင်းကူးတို့ စောင့်ပို့သူတို့ နှလုံးထားလျှင် အပြစ်မရှိ၊ ရှောင်ရှားလိုသော စိတ်ဖြင့် သွားသောရဟန်းတို့မှာ ဘဏ္ဍာအလျောက် အပြစ်ရှိသည်၊ ကင်းကူးတို့များမှာလည်း ရဟန်းတို့အား စောင်မရသော အပရိဟာနိယတရား၌ ရှိသည်နှင့်အညီ ရဟန်းတို့ကို အသွားအလာ ချမ်းသာစေခြင်းငှါ ထုံးစံဥပဒေ ထားတော်မူသော သာသနာတော်ကို ချီးမြှင့်ခြင်း ထာဝရကုသိုလ်တော် ပွားများမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ တရားမင်းမြတ်။

သဘာဂဆရာတော်တို့နှင့် သမဂ္ဂ သမောဓာန သဘာဂရဟန်း သံဃာတို့မှာ အရပ်ရပ် ကင်းကူးတို့ အခွန်မကောက် မခံစေနှင့် လွှတ်စေ၊ ၁၁၅၁—ခု တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့ နားခံတော် ကျော်စွာနော်ရထာပြန် အမိန့်တော်။

## ဆင်ကျိုးရွှေကူဘုရားနှင့် သိမ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဆင်ကျိုးရွှေကူမှာ သိမ်သမုတ်ရန်မြေတွင် သိမ်မသမုတ်ရသေး ရှိသည်၊ ယခုလည်း သီတင်းဝါလကျွတ်ပြီး သိမ်သမုတ်မည်အကြောင်းနှင့် ဆရာတော်ကို လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း မဟာဒါန်ဝန်ကို လျှောက်လှာပါစေသည်၊ မည်သည့် ကာလ နေ့ ရက်၊

မည်သို့ သိမ်းသမုတ်တော်မူမည်ကို သိတော်မူသာအောင် စာသွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၁–ခု သီတင်းကျွတ်လပြည့်ကျော်(၆)ရက်နေ့ မဟာဒါန်ဝန် ဘယနန္ဒသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မည်သည့်ကာလ, နေ့ရက်၊ မည်သို့ သိမ်သမုတ်မည် အမိန့်တော်နှင့် လျှောက်လှာသည်မှာ ၁၁၅၁–ခု တန်ဆောင်မုန်းလဆန်းကို ကျမ်းဂန်လာသည်နှင့်အညီ သဘာဂဆရာတော် သံဃာတော်တို့နှင့် ညီညွတ်နှီးနှော၍ သီမဝိပတ္တိဒေါသမရှိ သမ္ပတ္တိအင်္ဂါနှင့် ပြည့်စုံစွာ သာသနမူလ ကုသိုလ်တော် ဖြစ်ထွန်း၍ အရှည် သာသနာတော်စီးပွားများအောင် သမုတ်မည်။

---

## ဆီမီး မြင်းမိုရ်နှင့် မဟာပိန္နဲပွဲ

သံတော်ဆင့်တို့ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား—

နက္ခတ်သဘင် ဆီမီးမြင်းမိုရ်ပွဲမှာ သက္ကရာဇ်၁၁၅၀ပြည့်နှစ် တန်ဆောင်မုန်းလ နက္ခတ်သဘင် မဟာပိန္နဲပွဲ၊ဆီမီးထွန်းပွဲ တပြိုင်နက် ပွဲလမ်းခံ၍ ဆီမီးမြင်းမိုရ် ညီထွန်းပူဇော်သည်၊ နက္ခတ်သဘင်ပွဲသည် တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်နှင့် ယှဉ်သည်ကို ပွဲလမ်းပြုသင့်သည်၊ တနင်္ဂနွေနေ့ ဗြိန္ဓာရာသီ ပုဏ္ဏာတိထိ ကြတ္တိကာနက္ခတ်နှင့်ယှဉ်မှသာ နက္ခတ်သဘင် မဟာပိန္နဲပွဲပြုသင့်သည်၊ ပြည်သူ ပြည်သားတို့ အခါ သုံးရက်အတွင်း ဝတ်စား ဆင်ယင်ရသည့် အရာသည်လည်း ဆီမီးထွန်းပွဲတွင် ဝတ်ဆင်ရမည်၊ နက္ခတ်သဘင် မဟာပိန္နဲပွဲမှာ ဝတ်ဆင်ရမည်များကို ဆရာတော်မှာ နာရီမှူးကို လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း နာရီမှူးကို လျှောက် လှာစေပါသည်၊ သိတော်မူသာအောင် စာသွင်းတော်မူပါမည်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅း—ခု တန်ဆောင်မုန်းလဆန်း(၁၂)ရက်နေ့ ပေါက်မြိုင်စား နာရီမှူးကို စေ၍ လျှောက်ထားလှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မိုးထွန်းနက္ခတ်သဘင်ပွဲ့မဟာပိန္နနက္ခတ်သဘင်ပွဲနှစ်ရပ် ခံတော်မူမြဲတွင် မိုးထွန်းနက္ခတ်သဘင်ပွဲမှာ ကျမ်းဂန်ထုံးစံသို့ လိုက်၍ ခံတော်မူခြင်း ဖြစ်သည်၊ မဟာပိန္နနက္ခတ်သဘင်ပွဲမှာ လောကီဗေဒင်သို့လိုက်၍ ခံတော်မူခြင်းဖြစ်သည်၊ ကျမ်းဂန်ထုံးစံမှာလည်း ရာဇဂြိုဟ်ပြည် အမ္ဗဝနန၌ သီတင်းသုံးတော်မူစဉ် ဘုရားသခင်ထံတော်သို့ အဇာတသတ်မင်း အပူးအမြော် ကပ်သည်ကာလ တန်ဆောင်မုန်းလပြည့်နေ့ ပြည်တွင်း, ပြည်ပ တန်းဆာဆင်လျက် ထက်ဝန်းကျင် ထွန်းသော ဆီမီးအစဉ်ရှိသည်ကို သီလက္ခန်အဋ္ဌကထာ၌ ဆိုသည်၊ ဥမ္မာဒန္တီဇာတ်အဋ္ဌကထာ၌လည်း နက္ခတ်ကို မစွဲလမ်းမူ၍ နေဝင်ပြီး လပြည့်ဝန်းတက်သည်ကာလ• အရပ်မျက်နှာအလုံး၌ ဆီမီးညှိထွန်းသည်များကို ထောက်သော် နက္ခတ်ရာသီ မယှဉ်မရောက်သော်လည်း ဝေါဟာရ တန်ဆောင်မုန်း စန္ဒြမာသ ပုဏ္ဏာတိထိကြိုက်လျှင် ဆီမီးထွန်းသဘင် ခံသင့်တော့သည်။

တိထိသရုပကျမ်း၌ ကြတ္တိကာနက္ခတ်ကြိုက်သည်ကာလ မဟာပိန္န ပူဇော်အပ်သည်ကို ဆိုသောကြောင့် မဟာပိန္နသဘင်မှာသာ ကြတ္တိကာနက္ခတ်အယှဉ် ဗြိစ္ဆာရာသီ ပုဏ္ဏာတိထိကြိုက်စေသင့်သည်။

ပြည်သူပြည်သားတို့ အခါသုံးရက်တွင် ဝတ်စားဆင်ယင်ရသည့်အရာမှာလည်း မိုးထွန်းသဘင်သာ ပြည်သူ ပြည်သားတို့နှင့် ဆက်ဆံသော သဘင်ဖြစ်၍ မိုးထွန်းသဘင်တွင်သာ ဆင်ယင်သင့်သည်၊ ဗာရာဏသီပြည်တွင် သဘင်ကြီး ခံစဉ်ကာလ ပြည်သူပြည်သားတို့ အလုံးစုံ ဝတ်စားဆင်ယင်ရကြောင်းကိုလည်း "တတ္ထ မဟာဇနာ သဗ္ဗာဘရဏပ္ပဋိမဏ္ဍိတာ အဟေသုံ"ဟူ၍ ဥပ္ပလဝဏ်ထေရီမအကြောင်းကို ဆိုရာ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒသဝတ္ထုများ၌ လာသည်။

---

## ဝရကာလင်္ကေ သာမဏော

တကာတော်အတွင်းပန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သီဟိုဠ်ရောက် ဝရကာလင်္ကေ သာမဏေကို သီဟိုဠ်သို့ အလျင်အမြန် ရောက်အောင် ပြန်သွားစေရလျှင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဘုရားသခင် သာသနာတော် အတိုင်းထက် အလွန် ထွန်းပသာယာကြောင်း သာသနာတော်မြတ်ကို သာသနဒါယကာဖြစ်သော ကေရာဇ်မင်းမြတ် ချီးမြှင့် ပြုစုတော်

မှုကြောင်းများကို သီဟိုဠ်မင်းမှစ၍ သီဟိုဠ်မင်းဆရာတို့ ကြားသိရလျှင် အထက် သီဟိုဠ်သို့ စေတော်မူသည့် သီရိစ္စန္ဒရတ်တို့ သီဟိုဠ်မင်း သီဟိုဠ်မင်းဆရာတို့ကို ပြောဆိုပြသည်နှင့် သီဟိုဠ်ရောက် သာမဏေ၊ သီဟိုဠ်သို့ ရောက်လျှင် ကြားသိထင်ရှား၍ သာသနာတော်ရေးတို့ကို တိုးပွားချီးမြှင့် ပြုစုတော်မူပါမည် အကြောင်းနှင့် မပြတ်မလပ် အလျှောက်အထား အစေအပါး လာရောက်မည်ပင် ဖြစ်သည်၊ အကြောင်းအရာများကို သာသနာပိုင် ဆရာတော်မှာ လျှောက်ထားရမည်၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်၊ စေတော်မူသည့် အမိန့်တော်ကို ထောက်၍ မေတ္တာစာ သွင်းတော်မူပါမည့်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

**၁၁၅၁-ခု တန်ဆောင်မုန်းလပြည့်ကျော် (၁၁)ရက်နေ့ လမိုင်းဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သီဟိုဠ်ကျွန်းတွင် ယခု သာသနာတော်အကြောင်းအရာကို သိလို၍ ရာပြတ်သီရိစ္စန္ဒရတ်ကို စေတော်မူသည် ကြားမြင်သည်နှင့် မျှော်ခေါ်တော်မူသည့်အခိုက် သီဟိုဠ်ကျွန်းက သာမဏေ ရောက်လှာသည့်အရာမှာ ၎င်းကျွန်းတွင် သာသနာရေးကို သိတော်မူ၍ သာသနာကို ပြုစုတော်မူထိုက်သော ဘုန်းပါရမီတော်ကြောင့် သာသနာစောင့်နတ်တို့ နှိုးဆော်၍ လာရောက်ရသည့်အရာ ဖြစ်သည်၊ လာရောက်သည့် သာမဏေလည်း မည်ကာမဟုတ်၊ သီဟိုဠ်ကျွန်းမှာ သာသနာရေး လောကရေးများကို သိကျွမ်းသူ တရားရှိသူဖြစ်သည်၊သီဟိုဠ်ကျွန်း သာသနာရေးမှာ အပြောအဟော အသုံးအဆောင် ချွတ်ယွင်းသည့်အရာ အဝတ်အစား အသွင် အပြင် ကွယ်ပသည့် အရာများနှင့် တရားကျမ်းဂန် ပိဋကတ်စာပေ အစုံအလင် မရှိ၊ တစိုးတစိမျှသာရှိကြောင်း၊ တလတ်တလျား ရဟန်းသံဃာအလျှင်းမရှိသည်တွင် ယိုးဒယားရဟန်းတို့ ရောက်သည်ကာလမှ ရဟန်းသာမဏေ ရှိပြန်ကြောင်းများကို ပြောဆိုသည်၊လောကရေးမှာ သီဟိုဠ်မင်း ပြည်ထဲရေးကို သိမ်းပကားကြောင်း၊သာသနာတော်ကို ကြည်ညိုကြောင်း၊ အဝတ်အစား အနေအထိုင် အမျိုးအနွယ်များကို ပြောဆိုသည်၊ ၎င်းလာရောက်သည့် သာမဏေကို ယခု အလျင်ဖမြန် ပြန်သွားစေသော် ဇမ္ဗူဒိပ်ကျွန်း နိုင်ငံတော်မှာ သာသနာတော် ထွန်းလင်းကြောင်း တရားမင်းမြတ် သာသနာပြုစုတော်မူကြောင်းများကို သီဟိုဠ်မင်းမှစ၍ ရဟန်း ရှင် လူတို့ မကြားမသိ ရှိတော်မူမည်မဟုတ်၊ ကြားသိသော်လည်း သီဟိုဠ်မှာ သာသနာယောင် ရဟန်းတို့ ရှိနေသည်ဖြစ်၍

သာသနာပြုစုပါမည်အကြောင်းနှင့် စေပါ လျှောက်ထားလှာသည်လည်း ရှိရာသည်၊ သီဟိုဠ်မင်း မှူးမတ် ရဟန်းပညာရှိတို့ သတိရှိမှုကား မချွတ် လျှောက်ထားလှာမည် ဖြစ်သည်၊ ဆရာတော် ဆင်ခြင်သည့်အရာမှာ သီဟိုဠ်ရောက် သာမဏေကို ပိဋကတ် စာပေ တတ်စွမ်းသမျှ သင်ကြားစေ၍ ပဉ္စင်းခံပြီးမှ သီဟိုဠ်ဘာသာအရေးအသားနှင့် စာပေပိဋကတ် အစုံအလင် ပိဋကတ်သားတို့ကို ရေးသားစေ၍ ၎င်းပိဋကတ်အစုံနှင့် ၎င်းသာမဏေကိုပင် သဟဲပြု၍ ရွှေ တနှစ် ၂နှစ်ကို ဆရာတော်ကိုယ်တိုင် ခေါ်တန် သမျှ သံဃာတော်တို့ကို ခေါ်၍ တရားမင်းမြတ်ဘုန်းတော်ကို အမှီပြုလျက် သီဟိုဠ် ကျွန်းမှာ သာသနာတည်ထွန်း၍ ကုသိုလ်တော် ပွားမည်အကြောင်းနှင့် သွားမည်၊ ယခုအလျင်အမြန် ဆရာတော်တို့ သွားသော်လည်း သီဟိုဠ်ဘာသာစာများကို မသိ မကျွမ်းသည့် သီဟိုဠ်ဘာသာ အရေးအသားနှင့် စာပေ အစုံအလင် မပါသည် ဖြစ် လျှင် သွားသည်မည်ကာသာရှိမည်၊ ဆင်ခြင်ကြံစည်ရင်းရှိသည်၊ သီဟိုဠ်တာသာ အ ရေးအသားနှင့် စာပေပိဋကတ် ရေးသားခိုက်ကို ဇမ္ဗူဒိပ်နိုင်ငံတော်မှာ အပရန္တတိုင်း အရှင်မဟာပုဏ္ဏ, အရှင်ဓမ္မရက္ခိတ၊ ယောနကတိုင်း အရှင်မဟာရက္ခိတ၊ သုဝဏ္ဏဘုမ္မိ တိုင်း အရှင်သောဏ, အရှင်ဥတ္တရတို့ အနွယ်အဆက် ရဟန်းသံဃာ၊ သီဟိုဠ်ကျွန်း ဇေယဝဍ္ဎနမြို့ သီရိပရက္ကမဗာဟုမင်းလက်ထက် ဇမ္ဗူဒိပ်သို့ ရောက်သည့် အရှင်ဆပ္ပဋ, အရှင်သီဝလိ, အရှင်တာမလိန္ဒ, အရှင်အာနန္ဒာ, အရှင်ရာဟုလာတို့ အနွယ်အဆက် ရဟန်းသံဃာများနှင့် တပုဒ်တပါဒမျှ မကွယ်မပသော ပရိယတ္တိသာသနာ, ပဋိပတ္တိ သာသနာတော် စည်ထွန်းကြောင်း၊ တရားမင်းမြတ်လက်ထက် အတိုင်းထက်အလွန် စည်ထွန်းအောင် ပြုစုချီးမြှင့်တော်မူကြောင်း၊ သီဟိုဠ်မင်းမှာလည်း သီရိသင်္ဃဗောဓိ မင်း, ဝိဇယဗာဟု, ပရက္ကမဗာဟုမင်းစသော ရှေးသီဟိုဠ်မင်းတို့ကဲ့သို့ သာသနာတော် ကို တရားနှင့်အညီ ပြုစုချီးမြှင့်သင့်ကြောင်း၊ သီရိဓမ္မာသောကမင်း, ဒေဝါနံပိယ တိဿမင်းတို့ကဲ့သို့ သာသနာတော်ကို ပြုစုချီးမြှင့်မည့်အရာ၌ မဟာမိတ် ဖြစ်စေလို သော် သံကြီးတမန်ကြီး ဘက်ခန့်စေရောက်မည်အကြောင်းများနှင့် သင့်ရာစကား ဝင်သူ ရာပြတ်ယေ် ဘာစုတို့ကို သီဟိုဠ်သို့ စေလွှတ်တော်မူ၍ ပြန်လည်ရောက်မှ ဆရာ တော်တို့ ရှေး အချက်အတိုင်း သွားသော်လည်း သီဟိုဠ်ကျွန်းမှာ သာသနာတော် စည်ထွန်း၍ သမ္မာသမ္ဗောဓိ အဆောက်အဦ ပါရမီကုသိုလ်တော် ပွားများမည် ဖြစ် သည်။

---

## အသောကာရာမကျောင်းဘော်

၁၁၅၁—ခု နတ်တော်လဆန်း(၆)ရက်နေ့ ပင်းတလဲမြို့စား သားတော် သတိုး မင်းဖျားတွင် သွင်းသည့် မေတ္တာစာကား—

အသောကာရာမကျောင်းစသော ရှစ်သောင်း လေးထောင်သောကျောင်းတို့ကို သီရိဓမ္မာသောကမင်းကြီး လှူသည်ကာလ အစီအရင်ကို ပါရာဇိကဏ်အဋ္ဌကထာတွင် ဤသို့ လာသည်—

ဣတော၊ဤရက်မှ။ သတ္တန္နံဒိဝသာနံ၊ ခုနစ်ရက်တို့၏။ အစ္စယေန၊ လွန်သဖြင့်။ ဝိဟာရမဟော၊ ကျောင်းကို လှူဒါန်းပူဇော်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ သဗ္ဗေ၊အလုံးစုံသောသူတို့သည်။ အဋ္ဌသီလင်္ဂါနိ၊ အဋ္ဌင်္ဂဥပုသ်အင်္ဂါတို့ကို။ သမာဒိယိတွာ၊ဆောက်တည်ကုန်၍။ အန္တောနဂရေစ၊ပြည်တွင်း၌လည်းကောင်း။ ဗဟိနဂရေစ၊ပြည်ပ၌လည်းကောင်း။ဝိဟာရမဟံ၊ကျောင်းပူဇော်ရန်ကို။ပဋိယာဒေန္တု စီရင် ကုန်လော။ဣတိ၊ဤသို့။ရာဇာ၊ဓမ္မာသောကမင်းသည်။နဂရေ၊ ပါဋ္ဌလိပုတ်ပြည်၌။ ဘေရီ၊စည်ကို။စရာပေသိ၊လှည့်စေ၏။ တတော၊ထိုနေ့ာင်မှ။သတ္တန္နံ ဒိဝသာနံ၊ ခုနစ်ရက်တို့၏။အစ္စယေန၊လွန်သဖြင့်။ သဗ္ဗာလင်္ကာရဝိဘူသိတာယ၊အလုံးစုံတန်းဆာဖြင့် တင့်တယ်သော။အနေကသတသဟဿသင်္ခါယ၊ တသိန်းမက အရေအတွက်ရှိသော။ စတုရင်္ဂိနိယာ သေနာယ၊ စစ်အင်္ဂါလေးပါးသည်။ ပရိဝုတော၊ ခြံရံအပ်သည်ဖြစ်၍။ ဒေဝလောကေ၊နတ်ပြည်၌။ အမရဝတိယာ၊ အမရဝတီအမည်ရှိသော။ ရာဇဓာနိယာ၊ နတ်မြို့ရဲဇဓာနီ၏။ သိရိတော၊ ကျက်သရေထက်။ အဓိကတရသသိရိကံဝိယ၊ လွန်မြတ်သော ကျက်သရေ ရှိဘိသကဲ့သို့။နဂရံ၊ ပါဋ္ဌလိပုတ်မြို့ကို။ ကတ္တုကာမေန၊ ပြုလိုသဖြင့်။ ဥဿာဟဇာတေန၊ ဖြစ်သောအားထုတ်ခြင်းရှိသော။ မဟာဇနေန၊ လူများအပေါင်းသည်။ အလင်္ကတပဋိယတ္တံ၊ တန်းဆာဆင်အပ်သည်နှင့် စပ်သော။ နဂရံ၊ ပါဋ္ဌလိပုတ်မြို့ကို။ အနုဝိစရန္တော၊လှည့်လည်လျက်။ ဝိဟာရံ၊ အသောကာရုံ ကျောင်းသို့။ဂန္တွာ၊သွား၍။ရာဇာ၊ သီရိဓမ္မာသောကမင်းကြီးသည်။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။မဇ္ဈေ၊အလယ်၌။အဋ္ဌာသိ၊တည်၏။

ဤသို့ ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို လကြပ်သနေ့မှစ၍ တည် လုပ်သည်၊ တဖန် လကြပ်သနေ့ပင် ပြီးပြေသည်ကို လှူဒါန်းမည်ကာလ ပြည်သူ ပြည်သားအလုံး ဥပုသ်သုံးရကြောင်း၊ပြည်တွင်း ပြည်ပ တန်းဆာဆင်ယင်ရကြောင်း ထုံးစံကို သိတော်မူသာအောင် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## မြို့သင်ခြား

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

မြို့သစ်စား နေမျိုးသိဒ္ဓိကျော်သူ ကော့သည့်ငြိမ်းပေါစီတို့မှာ အမျိုးခြား ပသီမျိုး ဖြစ်သည်၊ သမ္မာအယူရှိအောင် ဆရာတော်ထံ ခံဝန်ပြီး၍ ဆရာတော်က မေတ္တာစာရေးကာမှ မြဲစွဲထမ်းရွက်စေရမည် အမိန့်တော်ရှိကြောင်းနှင့် အတွင်းဝန်တို့ မဟာဒါန်စာရေးကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—

သဗ္ဗညုဘုရားသခင်လက်ထက် သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီးသည် ကာလအမတ်၊ ဇုဏှအမတ်နှစ်ယောက်ကို နှိုင်းယှဉ်၍ မိစ္ဆာအယူရှိသူ ကာလအမတ်ကို အရာမှနုတ်၍ ကွာဝေးစေသည်၊ သမ္မာအယူရှိသူ ဇုဏှအမတ်ကို အရာဌာန ထပ်ဆင့်ချီးမြှင့်လျက် စေသုံးသည်ကို ဓမ္မပဒကျမ်းတွင် လာသည့်ထုံးစံနှင့်အညီ လောကရေးသာမက ဓမ္မရေးတိုင်အောင် မြော်ထောက်တော်မူ၍ အနီးအပါး စေသုံးတော်မူသည့် ကျေးတော် ကျွန်တော်ရင်းများကို ပစ္စုပ္ပန်ချီးမြှင့်ခြင်းသာမက တမလွန် ဘဝအဆက်ဆက်တိုင်အောင် ချီးမြှင့်ခြင်းဖြင့် ချီးမြှင့် စေသုံးတော်မူလိုသောကြောင့် ဆွေးနွေးတော်မူသည်တွင် မြို့သစ်စား နေမျိုးသိဒ္ဓိကျော်သူ ကော့သည့်ငြိမ်း၊ ပေါစီတို့ ဆရာတော်ထံ သရဏဂုံ သီလဆောက်တည်ခံယူ၍ မိစ္ဆာအယူကို ပယ်လျက် သမ္မာအယူကိုသာ ယူမှတ်စွဲမြဲပါသည်၊ ကြပ်တည်းစွာ သာသနာတော် အယူသို့ သက်ဝင်စသည် သတ္တဝါအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးတော်မူရမည့် အကြောင်း နိမိတ်ပြုတော်မူ၍ မြို့သစ်စား နေမျိုးသိဒ္ဓိကျော်သူ ကော့၊ သည့်၊ ငြိမ်း၊ ပေါစီတို့ကို မြဲစွဲပါစေမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

၁၁၅၁—ခု နတ်တော်လဆန်း(၆)ရက်နေ့ ဆက်သွင်းသည်တွင် အရာအထူး ချီးမြှင့်၍ မြဲစွဲထမ်းရွက်စေသည်။

## ကျောင်းတော် ကမ္ဗည်း

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ကျောင်းတော်ကြီး ကမ္ဗည်းတပ်ရန်ကို သာသနာပိုင် ဆရာတော်မှာ မည်သို့တပ်သင့်မည် အတွင်းဝန်တို့က လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်၊ ကျောင်းတော်ကြီး ကမ္ဗည်းတပ်ရန်ကို မည်သို့ တပ်သင့်မည်၊ မေတ္တာစာ သွင်းတော်မူပါမည်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

၁၁၅၁—ခု နတ်တော်လပြည့်ကျော်(၁၀)ရက်နေ့ မဟာဒါန်စာရေးတို့ကိုစေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

ကုသိုလ်တော် ကျောင်းတော်ကြီးကို နာမကမ္ပည်း တပ်မှတ်တော်မူမည်မှာ အမည်သညာရှိမှ ခေါ်ဝေါ်စသာသည် ဖြစ်သောကြောင့် မချွတ်လျှင် အမည် သညာ တပ်မှတ်ရာသည်ဟူ၍ ဋီကာကျမ်းဂန် ဆိုသည်နှင့် သင့်တင့် ညီညွတ်သည်၊ အမည် သညာမှာလည်း ဇေတဝန်၊ ပုပ္ဖါရုံကျောင်းများကဲ့သို့ တိုက်အာရာမ်နှင့် ကျောင်း မထူးမခြား စွဲမှတ်သည်လည်း ရှိသည်၊ မဟာမေဃဝန်တိုက်၊ မဟာဝိဟာရ ကျောင်း၊ မဟာဝန်တိုက်၊ကုဋာဂါရကျောင်းများကဲ့သို့ တိုက်အာရာမ်နှင့် ကျောင်း ထူးခြား စွဲမှတ်သည်လည်း ရှိသည်၊ တိုက်တော် ကျောင်းတော်မှာ တိုက်အာရာမ်နှင့် ကျောင်း မထူးမခြား နာမံကမ္ပည်း တပ်မှတ်တော်မူလိုသော် အသောကာရုံ ဟူ၍ တပ်မှတ်တော်မူသင့်မည်၊ တိုက်အာရာမ်နှင့် ကျောင်း ထူးခြား၍ တပ်မှတ်တော်မူလို သော် တံတိုင်းနှစ်ထပ် ခြံရံသည့်အာရာမ်ကို အသောကာရာမ၊ ကျောင်းတော်ကို ရတနာဘုံကျော် တပ်မှတ်တော်မူသင့်သည်၊ ယင်းသည် နာမံကမ္ပည်းများမှာလည်း စိုးရိမ်ခြင်း ကင်းရာ ကင်းကြောင်းဖြစ်သော အာရာမ် အာဝါသဟူသော အနက် ကြောင့် အသောကာရုံ—အသောကာရာမ ဆိုသည်၊ ကျော်စော အံ့ဩဖွယ် ရတနာ အတိပြီးသော ဘုံဗိမာန်ဟူသောအနက်ကြောင့် ရတနာဘုံကျော် ဆိုသည်၊ လောကီ အလိုထောက်ချင့်သော် ဝဂ္ဂစက် မာတြိကာစက် အစားအကြွင်းများလည်း သင့် သည်၊ သဗ္ဗသောဘဒြစက်၊ သတပဒိစံစက်၊ အံသစက် နက္ခတ်အစီးအနင်းများလည်း လွတ်သည်၊ ဆန်းဂိုဏ်းလည်း ကောင်းမြတ်သည်၊ ကမ္ပည်းရေးသားမည်မှာ တိုက် အာရာမ်နှင့် ကျောင်း ထူးခြား တပ်မှတ်တော်မူလိုလျှင် အသောကာရာမတိုက်၊ ရတနာဘုံကျော်ကျောင်းတော်ကြီးဟူ၍ ရေးသားသင့်သည်။

---

မဟာဒါန်ဝန်

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မဟာဒါန်ဝန် ဘယန္တသူ သေလွန်သည့် အရာလပ်သည် မှာ အရှည်အကြာ အထိန်းအသိမ်း လွတ်စေသင့်သည်မဟုတ် ပါ၊ တော်သင့်ရာ မဟာဒါန်ဝန် ခန့်ရန်ကို ဆရာတော်ဘုရား ညွှန်ပြတော်မူပါမည့် အကြောင်းကို ရှိခိုးနားတော် လျှောက် ပါသည် ဆရာတော်ဘုရား။

၁၁၅၁—ခု ပြာသိုလဆန်း(၂)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

မဟာဒါန်ဝန် ခန့်ထားရန် တော်သင့်ရာ လျှောက်ထားသည်မှာ သာသနာရေး သာသနာမှုသည် သဗ္ဗညုဘုရား ဓမ္မစက်, သာသနဒါယကာ တရားမင်းမြတ် အာဏာစက် နှစ်ချက် ညီညွတ်မှ ပြေကုန်၍ ကုသိုလ်တော် ပွားမည်ဖြစ်၍ သီရိဓမ္မာသောက မင်းကြီး လက်ထက် သံဃာအဓိကရုဏ်း ဖြစ်သည်ကာလ အမတ်တဦးကို စောင်မစေကြောင်း၊ သီဟိုဠ်ကျွန်း ဘာတိယမင်း လက်ထက် မဟာဝိဟာရဝါသီ, အဘယဂိရိဝါသီဂိုဏ်းသံဃာတို့ အဓိကရုဏ်းဖြစ်သည်ကာလ ဒီဃကာရာယနအမတ်ကို စောင်မစေကြောင်းများကို ကျမ်းဂန်လာသည်နှင့်အညီ သဗ္ဗညုဘုရား ဓမ္မစက်ရှိရာ ဆရာတော်တို့ ပြောဆိုညွှန်ပြတိုင်း တရားမင်းမြတ် အာဏာစက်ကို မှီ၍ မျက်နှာကြီးငယ် မရှုယ်မထောက် နာခံ ရွက်ဆောင်မည့်သူကို ခန့်ထားတော်မူသော် သင့်သည်၊ မဟာဒါန်ဝန်ပြုသူ ဟုတ်မှန်တိုင်း နာခံ ရွက်ဆောင်မှ ရဟန်းသံဃာနှင့် စပ်သည့် ပဏ္ဏာလာဘ်လာဘကိုလည်း မငဲ့ကွက်မှ သာသနာရေးကို ဆရာတော်တို့ ရွက်ဆောင်လွယ်မည်၊ ရဟန်းသံဃာတို့ကို ခေါ်ပင့်စေသည်၊ စာပေ ရေးသား ပေးစေသည်၊ ဆေးမေးရန်ရှိသည်ကာလ မှတ်သားစေသည့်အရာများမှာ မဟာဒါန်ဝန်စာရေးတို့ ပဏ္ဏာလာဘ်လာဘ မယူမခံအောင်ကိုလည်း ဆရာတော်တို့ မပြတ် သတိရှိရသည်၊ မဟာဒါန်ဝန် ရွက်ဆောင်ရန် အမှုမှာ သံဃာ့ကိစ္စရှိလျှင် ခေါ်ပင့်ရသည်၊ စာပေ ပေးရန်ရှိလျှင် ရေးသားရသည်၊ ရွှေနားတော်ကြားရန် ရှိလျှင် အတွင်းဝန်မင်းတို့ထံ မေတ္တာစာ ဆက်သွင်းရသည်၊သာသနာတော်ရေးနှင့် စပ်သည့်အမိန့်တော်ကို အတွင်းတော် ရွှေလွှတ်တော်က ဆင့်လျှင် ဆရာတော်တို့ထံ လျှောက်ထားရသည်၊ကျောင်း, ဘုရားတို့ကို ငြိမ်ဝပ်အောင် စောင်မရသည့်အမှုသာ ဖြစ်သည်၊ တရားမင်းမြတ် အမိန့်တော်အတိုင်း ဆရာတော်တို့ ဆင့်ဆိုညွှန်ပြရာ နာခံသူဖြစ်လျှင် သာသနာရေး ပြေကုန်သည်ဖြစ်၍ ဆရာတော်တို့ စေသုံးရင်း မဟာဒါန်ဝန်စာရေး ငရှမ်းပေါက်သည် လည်း တော်သင့်သည်၊ တဂါ ဇေလည်း တော်သင့်သည်ပင် ဖြစ်သည်၊ ၎င်းနှစ်ယောက်တွင် နှစ်သက်တော်မူရာ မဟာဒါန်ဝန် ခန့်သော် သင့်မည်၊ ၎င်းမေတ္တာစာ အရနှင့် ငရှမ်းပေါက်ကို စည်တပြစ်ကြီး သွေးသောက်မှာ ဖြည့်၍ ဗောင်း စလွယ် ဝတ်လုံနေရာနှင့် မဟာဒါန်ဝန် ခန့်တော်မူသည်၊ ဘွဲ့မှာ လက်ဝဲသိခါ၊စလွယ်သုံးသွယ်, ဗောင်းသုံးပွင့်, ဝတ်လုံဖဲနေရာ ဘဝေါ။

# သီဟိုဠ်ဘာသာမှ မြန်မာဘာသာသို့

တကာတော် အတွင်းဝန်တို့ရှိခိုး နားတော် လျှောက်ပါသည် ဆရာတော်ဘုရား—

သီဟိုဠ်သို့ စေတော်မူသည့် ရာပြတ်စွန္နရတ်တွင် သီဟိုဠ်မြို့မင်းနေပြည်က အနောက်ကို (၁၀) ရက်ခရီးကွာ အနုရာဓမြို့ ဂိုဏ်းထောက်က ဆရာတော်ကို ဆက်သည့်စာ၊ သီဟိုဠ်မင်းက ဆက်လိုက်သည့် ပေစာ နှစ်ဖက်ချွန်၊ ချပ်ရေ(၃)၊ ကျမ်းနှင့် ပေစာ(၁)များကို ဆရာတော်မှာ လျှောက်ထား၍ မြန်မာဘာသာ ပြန်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း သီဟိုဠ်ကစာနှင့် နာရီတော်မှူး ဘယနန္ဒမိတ်ကို လျှောက်လှာပါစေသည်၊ စာအရကို မြန်မာဘာသာပြန်၍ သွင်းပါမည်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၁—ခု ပြာသိုလပြည့်ကျော်(၁၃)ရက်နေ့ လျှောက်လှာသည်တွင် ၎င်းစာ သုံးရပ်ကို မာဂဓဘာသာနှင့် ပါရင်းတိုင်းပြန်၍ မြန်မာသက်သက်နှင့် စကားအရကို အမိန့်ရှိလိုက်သည်ကား—**

ရာပြတ်သဘော်ာတွင် သီဟိုဠ်က ပါသည့်ကျမ်းနှင့် ပေစာမှာ ဓမ္မစကြာပါဠိ၊ အနက်၊ အဓိပ္ပါယ်ဖြစ်သည်၊အိတ်နှင့်စာခွေမှာ ခုဒ္ဒကပါဌအဋ္ဌကထာ၊ ဋီကာ၊ ထေရဂါထာ၊သံယုတ္တနိကာယ်ပါဠိ၊အဋ္ဌကထာ၊ဋီကာ၊အင်္ဂုတ္တိုရ်နိကာယ် ပါဠိ၊အဋ္ဌကထာ၊ ဋီကာ၊မဇ္ဈိမနိကာယ်ပါဠိ၊အဋ္ဌကထာ၊ဋီကာ၊စူဠနိဒ္ဒေသပါဠိ၊အဋ္ဌကထာ၊ကထာဝတ္ထု၊ယမိုက်၊ အဘိဓမ္မာဝတာရ၊ပရမတ္ထဝိနိစ္ဆယ၊ ပရမတ္ထပဒီပိကာ၊ သစ္စသံခိပ် သည်ကျမ်းများကို ဋီကာနှင့်အဘိဓာန် ဒီပဝင်ကျမ်းများသည် ယခု သီဟိုဠ်ကျွန်းတွင် မရှိပါကြောင်းကို ပါသည်၊စာရှည်မှာ ဒီပင်္ကရာဘုရားသခင်လက်ထက် ဗျာဒိတ်ခံသည်မှ ပါရမီဖြည့်ပြီး၍ ဘုရားဖြစ်တော်မူကြောင်း စကားစဉ်နှင့် သီဟိုဠ်ကျွန်းသို့ ဘုရားသခင် သုံးကြိမ် ကြွတော်မူလာကြောင်း၊ နောက် ပရိနိဗ္ဗာန်ပြုမည့်နေ့တွင် သီဟိုဠ်ကျွန်းမှာ သာသနာတော် စည်ထွန်းလမည်၊ စောင်မရစ်ဟူ၍ သိကြားကို မိန့်မှာတော်မူကြောင်း၊ နောက် သီရိဓမ္မာသောကမင်းကြီး လက်ထက် ဒေဝါနံပိယတိဿမင်းနှင့် အဒိဋ္ဌသဟာယဖြစ်၍ သားတော်မဟိန္ဒထေရ်ကို သံဃာလေးပါး မြေးတော် သုမနသာမဏေနှင့်တကွ သမီးတော် သံဃမိတ္တာထေရီကိုလည်း မဟာဗောဓိ ဒက္ခိဏသာခါ

နှင့်တကွ သီဟိုဠ်သို့ စေလိုက်၍ သပိတ်တော် ဓာတ်တော်များကိုလည်း ပေးလိုက်၍ ပရိနိဗ္ဗာန်ပြုတော်မူသည်မှ (၂၃၆)ခုနှစ်တွင် သာသနာကည်ထွန်းကြောင်း၊ သင်းကျစ်တော်,ဥဏ္ဏာလုံမွေတော်,လည်ရိုးတော်,လက်ျာညှပ်ရိုးတော်,စွယ်တော်, တစရွတ်မကသော ဓာတ်တော်များနှင့် သီဟိုဠ်ကျွန်းဝန်းကျင် ယူဇနာခြား ယူဇနာခြား ဒေဝါနံပိယတိဿမင်း စိုက်ခဲ့သော မဟာဗောဓိများ ယခုတိုင် ရှိကြောင်း၊ နောက် သာသနာတော်(၄၃၃)နှစ်တွင် ပိဋကတ်တော်ကို ရဟန္တာတို့ ပေထက်တင်ကြောင်း၊ နောက် သာသနာတော်(၉၅၆)နှစ်အလွန်တွင် အရှင်ဗုဒ္ဓဃောသ ကူးရောက်လှာ၍ အဋ္ဌကထာများကို စီရင်ကြောင်း၊ နောက် သာသနာတော်(၁၅၇၇)နှစ် အလွန်တွင် ပရက္ကမဗာဟုမင်း သာသနာတော်ကို သုတ်သင်ကြောင်း၊ ယင်းသို့ ကာလ အရှည် စည်ထွန်းပြီးမှ မဟာဝိဇယဗာဟုမင်း လက်ထက် မိစ္ဆာဒိဋ္ဌိရန်သူဘေးဖြင့် ရဟန်းသံဃာ စာပေပိဋကတ် ယိုယွင်းပျက်စီး၍ ဂိုဏ်းပြည့်ရုံမျှ သံဃာ မရသောကြောင့် အနော်ရထာမင်းလက်ထက် ရာမညတိုင်းက သံဃာတို့ကို ပင့်ဆောင်၍ တဖန် စည်ထွန်းအောင် မဟာဝိဇယဗာဟု ပြုစုကြောင်း၊ နောက် ကာလရှည်လျားပြန်လျှင် မိစ္ဆာဒိဋ္ဌိဘေးရန်ဖြင့် ကွယ်ပပြန်၍ ဝိမလဓမ္မသူရိယမဟာဓမ္မရာဇာမင်း လက်ထက် ရခိုင်ပြည်မှ ရဟန်းသံဃာတို့ကို ပင့်ဆောင်၍ ပြုစုကြောင်း၊ တဖန် ကွယ်ပပြန်၍ ဝိမလဓမ္မသူရိယဓမ္မရာဇာ မြေးတော် ဝိမလဓမ္မသူရိယမင်း မည်သောမင်း လက်ထက်လည်း ရခိုင်ပြည်မှပင် ရဟန်းသံဃာတို့ကို ပင့်ဆောင် ပြုစုပြန်ကြောင်း၊ နောက် ကွယ်ပပြန်၍ ရဟန်းတပါးမျှ မရှိသည်တွင် ကိတ္တိသီရိရာဇသီဟမင်း လက်ထက် ယိုးဒယားပြည်မှ ရဟန်း သံဃာတို့ကို ပင့်ဆောင် ပြုစုပြန်ကြောင်း၊ ယခုလည်း ၎င်းမင်းညီတော် သီရိရာဇာဓိရာဇသီဟမင်းသည် အတိုင်းထက်အလွန် ပြုစုချီးမြှင့်၍ သီဟိုဠ်ကျွန်း သီရိဝဍ္ဎနမြို့၌ သာသနာစည်ထွန်းကြောင်း၊ စာပေကျမ်းဂန် ယိုယွင်း၍ ခုဒ္ဒကပါဠ်ပါဠိ, အဋ္ဌကထာ, ဋီကာစသောကျမ်းများ မရှိ၊ မစုံမလင်ကြောင်းကို စာရှည်တွင် မာဂဓပါဠ် ရေးသား၍ ပါသည်၊ ယင်းသို့ ပေးမှာခြင်းများသည် ရာပြတ်တို့က သာသနာတော်ရေးကိုကြည့်ရှုမည်လာသည် ပြောဆိုသည်နှင့် အင်တန်အင်လျောက် ရှိရာသမျှ သာသနာတော်ရှိကြောင်းကို ကြားသိတော်မူလျှင် မ,စတော်မူတန်သည့်အရာကို မ,စတော်မူစေလို၍ ပေးမှာခြင်း ဖြစ်သည်။

## စဒ်ဘကောင်းစား ဘဒ်ချက်

သက္ကရာဇ် ၁၁၅၁—ခု နတ်တော်လဆန်း(၁၂)ရက်နေ့ ရခိုင်ရှုစားချက် ကျွန်တော်ကို ကုသိနာရုံအရပ်သို့ အကြည့်အရှုသွားရမည် ခန့်ထား၍ တော်သလင်းလပြည့်ကျော် (၇) ရက်

နေ့ ရခိုင်မြို့က ထွက်သွားပါသည်၊ မရှုသို့ ရောက်လျှင် မိုးရေလေ ပြင်းထန်သောကြောင့် မရှုတွင်(၁၀)ရက်ကျော် ခိုမှီးနေပြီးလျှင် ထွက်သွား၍ ဦးချာဆိပ်မှာ လှေကိုဆိုက်ထား တက်သွားလျှင် သီတင်းကျွတ် လပြည့်ကျော် (၄)ရက်နေ့မှ စစ်တကောင်းမြို့သို့ ရောက်ပါသည်၊ စစ်တကောင်းဆိပ်စားသို့ မှာထားသည့်စာကို ပေးအပ်ပြသပါသည်၊ စစ်တကောင်းစားက စာအရကို ကုမ္ပဏီထံ အစီရင်ခံ စေလွှတ် ပြန်ရောက်အောင် ငံ့နေပါဦးဆို၍ စစ်တကောင်းစားက ဘင်္ဂလားသို့ စေလွှတ်ပါသည်၊ စေလွှတ်သူတို့က ဘင်္ဂလားကုမ္ပဏီစာပို့ ရောက်မှ ကျွန်တော်တို့ကို လိုရာကုသိနာရုံအရပ်သို့ ကြည့်ရှုပါစေ အခွင့်ပေး၍ လမ်းပြည့်နှင့်လူ စစ်တကောင်းစားဆရာ ရခိုင်ဘုန်းကြီးထည့်အပ်ပြီးလျှင် သီတင်းကျွတ်လပြည့်ကျော် (၁၂) ရက်နေ့ ကုသိနာရုံ ခေါ်ဝေါ်သည့် အရပ်ဌာနသို့ အကြည့်အရှု သွားရပါသည်၊ ကြည့်ရှုပြီးလျှင် မှတ်ချက် သားချက်များနှင့် စစ်တကောင်းစားဆရာ ခေါ်သွားရာ လိုက်လံကြည့်ရှု၍ (၁၀)ရက် ခန့်ကြာသည်၊စစ်တကောင်းစားမှာ ကုသိနာရုံခေါ်ဝေါ်သည့် အရပ်ကို ကြည့်ရှုရပါပြီ၊ ပြန်သွားပါတော့မည် ဆိုသည်တွင် စစ်တကောင်းစားက နတ်တော်လဆန်း (၁) ရက်နေ့ စတ္တုစာ ပေးအပ်၍ ပြန်လှာခဲ့လျှင် ငုင်းလဆန်း (၁၁) ရက်နေ့ ရခိုင်မြို့သို့ဆိုက်ရောက်ပါသည်၊ကျွန်တော်တို့ စေခန့်၍ ကြည့်ရှုမှတ်သားခဲ့သမျှ အရပ်ဌာန အကွာအဝေး ပုံစံများကို တင်ဆက်ပါသည်အတိုင်း မဟုတ် မမှန်လျှင် ရာဇဝတ်တော်ကို ခံပါမည် ခံဝန်ချက်နှင့် ဘုရားကျွန်တော် ရှုစား စစ်မေးထွက်ဆိုချက်ဘုရား။

စစ်တကောင်းမြို့က ကြည်းကြောင်း တောင်ကြီး ကမ်းကြီး မြောင်းကြီး မဆီးမတား တောင်ငယ် ကမ်းငယ် ချောင်းငယ် မြောင်းငယ် လမ်းအထင်အရှား သွားလျှင် လက်ဝဲ လက်ျာ ကျေးရွာအဆက်ဆက်နှင့် တရက်ပြင်းပြင်း သွား၍ မီးတွင်း ခေါ်ဝေါ်သည့်အရပ်အနီး ရွာတရွာသို့ ရောက်ပါသည်၊စစ်တကောင်းမြို့က မီးတွင်း

အရပ်သည် မြောက်မတည့်လွန်း အနောက်ယွန်းရှိပါမည်၊ ၎င်းမီးတွင်းကို ကြောက်ဂူသတ်၍ ရှိပါသည်၊ ကျောက်ဂူမှာ လူဝင်ပေါက်တပေါက်သာ တောင်က ရှိပါသည်၊ ကျောက်ဂူအတွင်းမှာ ရေနှင့်မီးလျှံ ထွက်သည်၊ တွင်းအဝ ငါးတောင်ကျော်၊ စောက်ခြောက်တောင်ကျော် ရှိပါသည်၊ ၎င်းတွင်းမှာ ပူဇော်ကန်တော့ ရောက်သမျှလူတို့ ရေသနုတ်နှင့် တွင်းမှာဆင်း၍ ရေချိုးရသည်၊ ဦးခေါင်း ဆေးရသည်၊ မသန့်မစင်သူ ဖြစ်လျှင် ရေပေါ်တွင် အလျှံမြင်သည်၊ မီးလျှံသည် မသန့်မစင်သူကို မီးလျှံစွဲသည်၊ မီး၏ အရှိန်အဝါလည်း ပျောက်သည်၊ တွင်းဂူစောင့် ကုလားတို့သည် လက်အုပ်ချီလျက် ဟိန်တုတ်ကုလားတို့ဘာသာ ပူဇော်ကန်တော့ပြီးမှ မီးလျှံအဝါပေါ်လှာပြန်ပါသည်၊သန့်စင်သူဖြစ်လျှင် မီးအလျှံနှင့်ရေကိုပင် ချိုးသော်လည်း မပူမနွေးပကတိ ရှိပါသည်၊ မီးလျှံကို အခြားမီးစာများနှင့် ညှိလျှင် စွဲညိကြောင်းများကို စစ်တကောင်းစားဆရာ ရခိုင်ဘုန်းကြီး ပြောပါသည်၊ ၎င်းဂူအနီးအပါး နှစ်တာ သုံးတာခြား အနောက်က ဂူ(၁)ရှိပါသည်၊ မြောက်က ကျောက်ဂူ(၁)၊ ကျောက်ဂူ(၂)မှာ မီးတွင်း၊ အနောက်ကျောက်ဂူမှာ ဗုံ့လင်းကွင်း့ခရာ တီးမှုတ်သူ အစောင့်သားတို့ နေ၍ နေ့ညမဆို အလိုရှိရာ တီးမှုတ်ကြသည်၊ ကျွန်တော်တို့ ရောက်သည်တွင်လည်း တီးမှုတ်ကြသည်၊ မီးတွင်း မြောက်ကျောက်ဂူမှာ ဇော်ဂီကုလားတို့ နေပါသည်၊ သကြံန် ဝါကျွတ်အခါဖြစ်လျှင် ဇော်ဂီ, ဟိန်တုတ်ကုလား, ပုဏ္ဏား, မြန်မာကြီး ဆိုသူတို့ အခြားက လာရောက်ပူဇော်ကြသည် စစ်တကောင်းစားဆရာ ပြောပါသည်၊ ပသီကုလားမျိုးက ပူဇော်ကန်တော့ မရှိ၊ တစုံတယောက် လာသော်လည်း အဝင်အပူဇော် မခံ၊ ပြင်လွင်ကသာ နေရသည်၊ ဇော်ဂီတို့လည်း ဟိန်တုတ်ကုလား, ပုဏ္ဏား အမျိုးကသာ ဖြစ်ကြောင်းတို့ကို စစ်ဘကောင်းစားဆရာ ပြောပါသည်၊ ဂူသုံးလုံး အစောင့်အနေ အတီးအမှုတ် ဇော်ဂီတို့ကိုလည်း ငွေဒင်္ဂါးကြွေး ပေးကမ်း၍ ကြည့်ရှုမှတ်သားပြီးလျှင် ကျွန်တော့်တို့သည် အိပ်သည့်ရွာသို့ ပြန်ပါသည်။

၎င်းရွာက မြောက်သို့ လမ်းအထင်အရှား ကျေးရွာ လက်ဝဲလကျာ အနီးအပါးနှင့် တတိုင်ကျော်သွားလျှင် ဈေးနှင့်ရွာတရွာတွင် စခန်းချ၍ နံနက်မှ ရွာအရှေ့ တာငါးရာခန့် သွားလျှင် ဦးတော်ဆေး ခေါ်ဝေါ်သည့် ရေကန်ကို တွေ့ပါသည်၊ ရေကန်မှာ ရေသနုပ်နှင့် ရေချိုး၍ ဦးခေါင်းဆေးပြီးလျှင် အဝတ်ပုဆိုး လဲလှယ်ပြီးမှ ဟိန်တုတ်ဘုရားကို ထောပတ် ဆီဥများနှင့် ဆီမီး ထွန်းညှိပူဇော်ပြီးလျှင် ရေကန်ရိုးပေါ်တွင် ကမ္ဘာ့သစ်မြစ်ခေါ်ဝေါ်သည့်သစ်ပင် ပလ္လင်အုပ်သတ်နှင့် ရှိသည်၊သစ်ပင်ကို လကျာရစ် ခုနစ်ပတ်လှည့်၍ ပူဇော်ရသည်၊ ပူဇော်ပြီးလျှင် စစ်တကောင်းစားဆရာက ကျွန်တော်တို့ကို သီလပေး၍ တရားဟောသည်ကို နာရပါသည်၊ ပြီးလျှင် အရှေ့တောင်ကမ်းက စီးလာသည့် ချောင်းငယ်တခုကိုဆန်သွားရသည်၊ တာငါးရာ

ခန့်တွင် ချောင်းငယ်နှစ်ခု ရှိသည်မှာ စောင်းတန်းလှေကားလမ်း အထင်အရှားနှင့် တွေ့မြင်သည်ကို တက်သွားလျှင် စောင်းတန်းလက်ဝဲဘက်က ဝါးတတာခြားခန့်တွင် ကျောက်ကြားက မီးအလျှံငယ်ထွက်လျက် နှစ်ရပ်ရှိသည်၊ မီးလျှံကို ထောပတ် ဆီဥ များနှင့် ပူဇော်သွန်းလောင်းလျှင် ရှိမြဲ မီးလျှံတွင် တိုးပွား၍ မီးလျှံဖြစ်ပါသည်၊ ၎င်းအရပ်က စောင်းတန်းလှေကား တက်သွားပြန်လျှင် တောင်ခင်ရိုးပေါ်မှာ ရှေးက ကျောက်ဂူမရှိ မီးလျှံသာ ရှိသည်ကို နောက်မှ ကျောက်အုတ်နှင့် စီလုပ်၍ အရှေ့ အနောက် တာနှစ်ဆယ်ခန့်၊ တောင် မြောက် တာ တဆယ်ခန့် ရှိသည်မှာ လက်ဝဲ လက်ျာ လေးမျက်နှာ ဂူငယ်အများ တည်လုပ်၍ ရှိပါသည်၊ ဂူငယ်အတွင်းများမှာ မှတ်သားလောက်အောင် အရုပ်အမြင် မရှိပါ၊ ဂူငယ်ဝန်းရံသည့် အလယ်မှာ ဂူကြီး တလုံး ရှိသည်၊ ဂူကြီးအတွင်းကို ဂူစောင့်ဆရာကြီး မရှိခိုက်ဖြစ်၍ ကျွန်တော်တို့ ဝင်၍ မကြည့်ရပါ၊ ဂူတွင်းရှိနေသည့် ဇော်ဂီကုလားတို့မှာ အဝတ်ပုဆိုး မဝတ်သူလည်း ရှိပါသည်၊ ဆံပင်ကို ကြိုးရှော်များနှင့် ရစ်ထားသူလည်း ရှိပါသည်၊ ပုတီးကြီးများ ကို လည်မှာဆွဲသူလည်း ရှိပါသည်၊ ၎င်းဂူကြီးအထဲမှာ ကျောက်ကြားက မီးလျှံ တပွင့် ရှိကြောင်းကို စစ်တကောင်းစားဆရာ ပြောပါသည်၊ ဗုံ လင်းကွင်း တီးမှုတ် သူတို့လည်း စရပ်တခုနှင့် ရှိနေပါသည်၊ ဂူအရှေ့ ဝါးနှစ်တာခြားခန့်တွင် တလုပ် စကားပင် လုံးပတ် ငါးတောင်ခန့် ရှိပါသည်၊ ၎င်းအပင်ကိုလည်း ကုလားတို့မှာ အင်ကြင်းပင် ခေါ်ဝေါ်လျက် ယခုရှိပါသည်၊ ၎င်းဂူငယ်ဝန်းရံလျက် ဂူကြီး တည် လုပ်၍ မီးလျှံထွက်သည့်အရာကိုပင် ဘုရားသခင် ပရိနိဗ္ဗာန်စံယူတော်မူရာ သင်းချိုင်း တော်ဖြစ်သည်၊ ရှေးကဖြစ်လျှင် အင်ကြင်းပင်ခေါ်ဝေါ်သည့် သစ်ပင်လည်းအများ ရှိသည် စစ်တကောင်းစားဆရာ ပြောပါသည်၊ ပရိနိဗ္ဗာန်စံတော်မူရင်း အရုပ်ကို နတ်တို့ဝှက်ထား၍ မတွေ့မမြင်ပြီဟု စစ်တကောင်းစားဆရာ ပြောပါသည်၊ ၎င်းဂူက အရှေ့သို့ တောင်ခင်ရိုးကို လျှောက်၍ သွားလျှင် တာ တရာခန့်တွင် အရှေ့တောင် ကြီးကစီးထွက်သည့် စမ်းရေကို တွေ့ပါသည်၊၎င်းစမ်းရေက နားနေပြီးမှ တောင်ကြီး ကို တက်သွားလျှင် တောင်ပေါ်တွင် ကျောက်ဂူတခုရှိသည်၊ ကျောက်ဂူသည်ဓာတ် တော်ကို ဒေါနပုဏ္ဏား ခွဲသည်ကာလ ပုဆိုးမှာဝှက်ထားသည့်စွယ်တော်ကို နဂါးတို့ ခိုးယူသည်တွင် တွင်းဖြစ်၍ ကျောက်ဂူလုပ်ထားသည် စစ်တကောင်းစားဆရာ ပြော ပါသည်၊ ဂူလယ်မှာ တွင်းငယ်တခုရှိပါသည်၊ ၎င်းအရပ်တွင်လည်း စစ်တကောင်း စားဆရာ သီလပေး၍ သီတင်းသီလ ခံရပါသည်၊ ၎င်းဂူငယ်နှင့် တောင်သည် ၎င်း အရပ်တွင် တောင်ကြီးတောင်မြင့် ဖြစ်ပါသည်၊ တောင်ပေါ်က အရှေ့သို့ ကြည့် လျှင် မျက်စိတဆုံး တောင်ငယ် ကမ်းငယ်မြင်သည်က အလွန်တွင် ဘောင်စဉ် တောင်တန်း ကြီးမြင့်စွာကို မြင်ရပါသည်၊ တောင်ကိုကြည့်လျှင် စစ်တကောင်းအရပ် ကို ရမ်းရော်မြင်သည်၊ ပင်လယ်ကိုလည်း မြင်ပါသည်၊ အနောက်ကို ကြည့်လျှင်

တောင်ကမ်းမမြင် ချိုင့်ဝှမ်းစွာ ကုလားတို့ကျေးရွာ ချောင်းမြောင်းများကို မြင်ပါသည်၊ မြောက်ကိုကြည့်လျှင် တောင်နှင့် စပ်ယှက်ကာ တောင်များစွာကို မြင်ပါသည်၊ ၎င်းတောင်ပေါ်က အရှေ့သို့ ဆင်းသွားလျှင် တာသုံးရာခန့်တွင် တောင်စက်ကျ စမ်းရေရှိပါသည်၊ ဇီဝကဆေးသမားသည် ဘုရားသခင် ဝမ်းတော်နာကို ဆေးပေးမည် ဆေးကြိုပ်သည့်အရပ်ဆို၍ စစ်တကောင်းစားဆရာ ပြသည်၊ ဆေးကျောက်ပျဉ် အခင်း ငါးတောင်ခန့် ကျောက်ပျဉ်သဏ္ဍာန် ပီစွာရှိသည်၊ ကျောက်ပျဉ်ပေါ်တွင် ကျောက်လုံးကြီးလည်း လုံးပတ် ငါးတောင် ကျောက်တလုံး၊ လုံးပတ် သုံးတောင်ခန့် ကျောက်တလုံး တင်လျက်ရှိသည်၊ ၎င်းကျောက်ပျဉ်ပေါ်တွင် အမှုန့်များကိုစု၍ယူပြီး အနာမျိုးကိုပင် ပေးသော်လည်း ကင်းလွတ်သည်ဟု စစ်တကောင်းစားဆရာပြောသည်၊ ၎င်းအရပ်က လာရင်းလမ်းကို ပြန်ခဲ့လျှင် နေဝင်မှ စခန်းချရာ ရွာသို့ ရောက်ပါသည်၊ ၎င်းရွာက တမိုးသောက်၍ မြောက်သို့ လမ်းအထင်အရှားနှင့် သွားလျှင် တတိုင်ခန့်တွင် တောင်နှစ်ဖက်ညှပ်လျက် တောင်စက်ကျ စမ်းရေချောင်းငယ်တခုကို တွေ့၍ ချောင်းညာသို့ ဆက်တက်လျှင် လကျာ်ဘက်က ရေကန်တခုရှိပါသည်၊ ၎င်းရေကန်နှင့် အနီးတွင် ကျောက်ဂူငယ်တခု ရှိပါသည်၊ ကျောက်ဂူထဲမှာ ရေငံထွက်သည့်စမ်းရေတွင်းအနားက မီးလျှံငယ်တခု ရှိပါသည်၊ ၎င်းတွင် ရေငံကိုလည်းချိုးရသည်၊ ဦးခေါင်းဆေးရသည်၊ ၎င်းဂူက လာရင်းချောင်းငယ်ကို ဆင်း၍ ချောင်းညာသို့ သွားလျှင် များမဝေးတွင် ချောင်းအလယ်မှာ ကျွန်းငယ်တခုနှင့် ရေငံအိုင်တခု ရှိပါသည်၊ ရေငံအိုင်ငယ်မှာ ရေပွက် ထလျက် ရှိသည်၊ အစဉ်မပြတ်လည်း ရေပွက်ထသည် စစ်တကောင်းစားဆရာ ပြောပါသည်၊ ၎င်းချောင်းညာသို့ ဆန်သွားပြန်လျှင် တာ နှစ်ရာခန့်တွင် ချောင်းလက်ဝဲဘက်က ကျောက်ဂူငယ်တခုနှင့် ရေငံတွင်းငယ်တခု ရှိပါသည်၊ ၎င်းချောင်းညာသို့ ဆန်သွားပြန်လျှင် တာ တရာခန့်တွင် ချောင်းအဖျားကုန်၍ တောင်ကြီးခါးပန်းက ရေတမ်းခွန်ထွက်သည့် ရေတမ်းခွန်သည် ဘုရားသခင် ပရိနိဗ္ဗာန်စံယူတော်မူသည်ကာလ သိကြား,ဗြဟ္မာ,နတ်တကာတို့ အနဝတတ်အိုင်က ရေကိုယူ၍ ဘုရားသခင်အလောင်းတော်မှာ သ ုပ်ယ်ရန် ပို့ဆောင်သည့်ရေဖြစ်ကြောင်းကို စစ်တကောင်းစားဆရာ ပြောပါသည်၊၎င်းက လာရင်းချောင်းကိုစုန်၍ ပြန်လှာသည်တွင် လက်ဝဲဘက်က ချောင်းငယ်တခု ရှိသည်၊ ချောင်းညာသို့ ဆန်သွားလျှင် များမဝေးတွင် ကျောက်ကြီး မရှိ ကျောက်ငယ်ကျောက်သေးနှင့် ရေမရှိ၊ မြေစိုစိုမှာ အမြှုပ်ထလျက် မြေတဖျာရာခန့် ရှိသည်၊ မြေစိုအမြှုပ်ထွက်ရာကို မီးခဲရဲရဲနှင့် တို့လျှင် ယမ်းကို မီးကျသကဲ့သို့ ရှိပါသည်ကို တွေ့မြင်ပြီးလျှင် ကြည့်ရှုမှတ်သားရန် မရှိပြီ စစ်တကောင်းစားဆရာဆို၍ ရွာသို့ ပြန်လာပါသည်။

ကျွန်တော် အစစ်ခံသည့် ပဌမ မီးရေ၊ ဒုတိယ ကျောက်ကြားက ထွက်သည့် မီးနှစ်ပွင့်၊ တတိယ ရေငံနှင့် မီးတပွင့်၊ မြေစိုကို မီးနှင့်တို့လျှင် ယမ်းတွင် မီးကျသကဲ့သို့ ရှိသည်၊ အရပ်ဒေသဌာနများသည် ဘုရားသခင် ပရိနိဗ္ဗာန် စံယူတော်မူသည်ကာလ လူ့,နတ်, နဂါး, သိကြား ဗြဟ္မာတို့ ဘုရားသခင် အလောင်းတော်ကို မီးပူဇော်မည် ညှိထားပြင်ဆင်သည့် အရပ်ဒေသဌာနအများပင် ရှေးကရှိသည်တွင် ရှေးက မထင်မရှား ဘုန်းတန်းခိုးနည်းသူတို့ အရပ်ဌာနများမှာ မီးလျှံမီးဝါ ကွဲကြသည်၊ ဘုန်းတန်းခိုးရှိသူတို့ အရပ်ဌာနများမှာ မကွယ်မပျောက် မီးလျှံမီးဝါရှိသည်ကို ဟိန္ဒူတိုင်းကုလား,ပုဏ္ဏား, ဇော်ဂီတို့ ကျောက်ဂူများနှင့် တည်ထားကိုးကွယ် ပူဇော်ကန်တော့ကြောင်းများကို စစ်တကောင်းစားဆရာ ပြောပါသည်။

ကျွန်တော် အစစ်ခံသည့် တောင်စဉ် တောင်တန်းက အနောက်တပြင် များမဝေးတွင် ဥယျာဉ် ပန်းမာလ် ရေကန် ရေတွင်းနှင့် ယခုတိုင် သာယာစွာရှိသည့်အရပ်ကိုလည်း မလ္လာမင်းတို့ နေခင်းမြို့ရွာဌာန ဖြစ်ကြောင်းကို စစ်တကောင်းစားဆရာ ပြောပါသည်။

## ပါဝါပြည်နှင့် ကုသိနာရုံ

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မဥ္စဝတီမြို့က ပါဝါမြို့၊ ၎င်းပါဝါမြို့ကသည် စစ်တကောင်းမြို့ အနီးအပါး ဘုရားသဗ္ဗညုတ ပရိနိဗ္ဗာန်စံယူတော်မူသည့် ကုသိနာရုံ၊ ဇီဝကဆေးကြိတ်ကျောက်ပျဉ် ကျောက်သွား၊ ဒေါနပုဏ္ဏား ခံတတ်တော်ဝေရာ သင်းချိုင်းတော်သို့ ရှိခိုးပူဇော်ဖူးမြော် ကန်တော့ လာရောက်သူတို့ သန့်ရှင်းစိမ့်သော ငါးမီးတွင်း ရေတွင်း နတ်မြဟ္မာအပေါင်းတို့ အနတတ်အိုင်ရေကိုဆောင်ယူ၍ အလောင်းတော်ကို ရေသပ္ပါယ်ရာ ကုသိနာရုံ အရပ်ဒေသများ ရှိကြောင်းနှင့် ရွှေနားတော်မြတ် ကြားသိတော်မူ၍ ရခိုင်မြို့ဝန်က စေပါ စုံစမ်းစေသည်တွင် စေရင်း ယုံစာ ဆိုသူ ပြန်ရောက်၍ ကြည့်ရှုမှတ်သားခဲ့သည့် ပုံစံ ခရီးလမ်းပန်း အကြောင်းအရာ အကွာအဝေး အနေအထိုင် အရပ်ဒေသဌာန အလုံးစုံကို ရွှေဖဝါးတော်မြတ်အောက် ရခိုင်မြို့စား

စာရေးဆက်ရောက်၍ ရှိခိုးသံတော်ဦးတင်ရာတွင် ယခု ဆက်ရောက်သည့်ပုံစံ စစ်ချက်စစ်တမ်းနှင့် ဘုရားသခင်သည် မလ္လာမင်းတို့နေသည့် ပါဝါပြည်တွင်စကြာမင်းအဖြစ်(၇)ဖြစ်၊ဘုရားသမ္ဗုဒ္ဓ အဖြစ်နှင့်သော် (၈)ဖြစ် ဖြစ်ကြောင်းများကို ကျမ်းဂန်စာပေ ရှိသည်၊ မလ္လာမင်းတို့နေရာ ပါဝါနှင့် ယခု ပုံတွင်ပါသည့် ကုသိနာရုံသည် မည်သို့ အနေအထား အကွာအဝေးရှိမည်၊ ၎င်းကုသိနာရုံမှန်လျှင် မဟာဗောဓိသည် မည်သည့်အရပ်သို့ရှိမည်၊ မည်မျှကွာဝေးမည်၊ ယခုပုံစံတွင် ပါသည့်တရုပ်စကားပင်ကိုပင် ကျမ်းဂန်မှာ အင်ကြင်းပင် ခေါ်သည်၊ အင်ကြင်းပင် အသီးအခြား တရုပ်စကားပင်အသီးအခြား ရှိမည်၊ ဘုရားသခင်ပရိနိဗ္ဗာန် ပြုတော်မူသည့်ဒေသနှင့် သင်္ဂြိုဟ်သည့် ဒေသ မည်သို့ကွာဝေးသည်၊ မည်သည့်အရပ်က မည်သည့်အရပ်ကို ဆောင်ယူ၍ သင်္ဂြိုဟ်သည်များကို သိတော်မူသာအောင် ကျမ်းဂန်နှင့်အညီ ဆရာတော်မှာ လျှောက်၊ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း ရှိခိုးနားတော်လျှောက်ပါသည်ဘုရား။

**၁၁၅၁—ခုတပို့တွဲလပြည့်ကျော်(၉)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့်တော် ရှိလိုက်သည်ကား—**

ကုသိနာရုံ ခေါ်ဝေါ်ကြသည့် အရပ်အခြင်းအရာကို ရခိုင်မြို့ဝန်က သံတော်ဦးတင်ချက်အရနှင့် နှိုင်းယှဉ်ထောက်စာသော် ကုသိနာရုံပြည်သည် စကြာမင်းတို့ဖြစ်ရာ, ဘုရားရှင်ပရိနိဗ္ဗာန်ပြုရာဖြစ်၍ မဇ္ဈိမဒေသအဝင်ဟု သိရသည်၊ သုပ္ပါဒက ပဋ္ဋနအရပ်မှ မြောက်စူးစူး ယူဇနာတရာ့နှစ်ဆယ်ကွာတွင် သာဝတ္ထိပြည် ရှိကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ ရှင်ဒါရုစိထေရ်ဝတ္ထုတွင် ဆိုသည်၊ သုပ္ပါဒကပဋ္ဋနအရပ်သို့ ကြွတော်မူလှာသည်တွင် ပါဒစေတီ ချပေးတော်မူခဲ့ကြောင်းကို ဥပရိပဏ္ဏာသအဋ္ဌကထာ ရှင်ပုဏ္ဏထေရ်ဝတ္ထုတွင် ဆိုသည်ဖြစ်၍ ယခုရှိသည့် ပါဒစေတီနှင့် မဇ္ဈိမဒေသ သာဝတ္ထိပြည် ကွာဝေးသကဲ့သို့ ပင်လယ်နား စစ်တကောင်းမြို့ရွာမှာလည်း မဇ္ဈိမဒေသ ကုသိနာရုံပြည် အင်တန်အင်လျောက် ကွာဝေးကောင်းသည်ကို မကွာမဝေး နှစ်ရက် သုံးရက်နှင့်သာ စစ်တကောင်းမှ ယခု ခေါ်ဝေါ်ကြသည့် ကုသိနာရုံသို့ ရောက်သည် ဆိုသည်။

ပရိနိဗ္ဗာန်ပြုတော်မူရာအရပ်မှာလည်း အင်ကြင်းပင် အနည်းသာ မဟုတ်၊ အင်ကြင်းတောပင် ကျမ်းဂန်လာသည်ကို အင်ကြင်းပင် မရှိ တရုပ်စကားပင်သာ ရှိသည် ဆိုသည်၊ တရုပ်စကားပင် ဟူသော သစ်ပင်အထူးကို သာလသဒ္ဒါ မဟော၊ သစ်ပင်သာမညနှင့် အင်ကြင်းပင်ဟူသော သစ်ပင်အထူးကိုသာ သာလသဒ္ဒါဟော သည်၊ အင်ကြင်းပင် ဟူသည်ကိုလည်း အနှစ်ရှိသော သစ်ပင်အဖြစ်ဖြင့် သိမ်နိမိတ်ကို ပြရာ ဝိနည်းအဋ္ဌကထာတို့၌ဆိုသည်ဖြစ်၍ အနှစ်မရှိသော တရုပ်စကားပင်ကို အင်ကြင်းပင် မခေါ်တန်ရာ၊ အလောင်းတော်ကို သင်္ဂြိုဟ်သည်မှာလည်း ကုသိနာရုံမြို့ အနောက်တောင် အင်ကြင်းပင်တောမှ မြောက်တံခါးဖြင့် မြို့လယ်သို့ သွင်း၍ အရှေ့တံခါးဖြင့် ထုတ်ပြီးသော် မြို့ရှေ့ မကုဋဗန္ဓနစေတီအရပ်တွင် သင်္ဂြိုဟ်သည်ဖြစ်၍ အင်ကြင်းတောနှင့် မနီးမဝေးပင် ဖြစ်သည်။

ဇီဝကဆေးကြိတ် ကျောက်ဖျာရှိသည် ဆိုရာမှာလည်း ထိုကာလ ဇီဝက ကုမရ ကြောင်းကို ကျမ်းဂန်မလာ၊ မီးလျှံရေယဉ်များ ကာလအစဉ် ထင်ရှားရှိကြောင်း၊ တောင်သို့တက်၍ ဒေါနပုဏ္ဏား ဓာတ်တော် ဝေကြောင်းကိုလည်း ကျမ်းဂန်မလာသည့် အကြောင်းအရာများကို ထောက်စာသော် ကုသိနာရုံ စင်စစ်မဟုတ်၊မြေဓာတ်ရေဓာတ်သင့်၍ မီးလျှံဖြစ်သည်၊ နတ်နဂါးတို့ အာနုဘော်ကြောင့်မူလည်း မီးလျှံဖြစ်သည်ကိုသာ အစွဲပြု၍ မီးကို အလေးပြုသသူ ဇော်ဂီပုဏ္ဏားတို့လည်း ပူဇော်ကြသည်၊ သာသနာကို ကြည်ညိုသသူတို့လည်း ကုသိနာရုံဟု ခေါ်ဝေါ်ကြသည် ဖြစ်မည် ယူဆဘွယ်ရှိသည်။

ပါဝါပြည်သည် မဟာဗောဓိမှ အရှေ့မြောက်ထောင့်မှာ ဟူ၍ စာစောင်ငယ်များတွင် ဆိုသည်၊ ပါဝါပြည်နှင့် ကုသိနာရုံလည်း သုံးဂါဝုတ်သာ ကွာသည်ဟူ၍ သုတ်မဟာဝါအဋ္ဌကထာတွင် ဆိုသည်၊ ယခု ခေါ်ဝေါ်သည့် ကုသိနာရုံမှာ မဟာဗောဓိမှ အရှေ့မြောက်ထောင့်အရပ် မဟုတ်၊ တောင် ပင်လယ်နှင့် အနီးအစပ် ဖြစ်သည်၊ သည်အကြောင်းကို ထောက်၍လည်း စင်စစ် ကုသိနာရုံ မဟုတ်ဟု သိသာတော့သည်။

---

## သီရိစ္စန္ဒရတ်နှင့် သား ပေါစူ

တကာတော် အတွင်းဝန်တို့ ရှိခိုးနားတော် လျှောက်ပါသည်ဘုရား—

သီဟိုဠ်ပြည်သည် သာသနာတော် တည်ရင်းဖြစ်သည်၊ သီဟိုဠ်ပြည်တွင် သာသနာတော်မြတ်သည် ခေါက်ရှာလင်းဇင်းငှက်ပျံသကဲ့သို့ နိမ့် မြင့် ရှိမည်၊ပကတိ စည်ပင်ထွန်းလင်းမည်၊

သာသနာတော်မူလ စွယ်တော်, နဖူးသင်းကျစ်တော်, ဥဏ္ဏာလုံ ဓာတ်တော်, မဟာဗောဓိများသည် မဟာဝင်, ဒီပဝင်, ဗောဓိ ဝင်, နလာဋဓာတုဝင် အစရှိသော ကျမ်းဂန်နှင့်အညီ ဧကန် စင်စစ် ယခုရှိသည် မှန်မည် မမှန်မည်၊ သီဟိုဠ်မင်းမှစ၍ ဆရာ ရဟန်း ပဥ္စင်း သာမဏေတို့ အကျင့်စာရိတ္တများသည် ဝိနည်း ကျမ်းဂန်များနှင့် ညီညွတ် မှန်ကန်မည် မမှန်ကန်မည်များကို အတပ်အကြပ် သိသာအောင် ကုန်သည် ဘာသာ ရန်ကုန် ရာပြတ် သီရိစွန္ဒရတ်ကို အမှတ်မထင် စေတော်မူ၍ စုံစမ်းစေ သည်တွင် သီဟိုဠ်မင်း မှူးမတ် ဆရာသမားတို့သည် အတိုင်း ထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဝရကာလန္တေ့ သာမဏေ ကို စေသည်၊ သီရိစွန္ဒရတ်နှင့်လည်း နရာနယပါဆိုသူ ပန်းရုံအ ကြီးကို ထည့်လိုက်သည်၊ လက်ဆောင်တော်များလည်း ဆက် လိုက်သည်၊သီဟိုဠ်တွင် ရှိသည့် ပိဋကတ်စာပေများမရှိ ကွယ်ပ သည့် ပိဋကတ်စာပေများကိုလည်း ရေးသား မှာထားလိုက် သည်၊ ရာဇသံစာပေ မပါသည့် အကြောင်းအရာကို ထောက် လျှင် မဟာစေတီမှာလည်း ထီး မရှိကြောင်းကို သိရသည်၊ မဟာစေတီကို ရွှေထီးတင်လှူတော်မူမည်၊ ရွှေထီးမှာ ဆရာ တော်ကြီးက စာ အတွင်း အပြင် သေနာပတိတို့က မှာစာ လက်ဆောင်တို့များနှင့် သီရိစွန္ဒရတ် သား ငပါစုကို သီဟိုဠ် သို့ စေပါရသော် သင့်မည် မသင့်မည်ကို ဆရာတော်ဘုရားမှာ လျှောက်ဦး၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက် ရပါသည် အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၁—ခု တပို့တွဲလဆန်း(၆)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာ သည်တွင် အမိန့် ရှိလိုက်သည်ကား—**

သဗ္ဗညုဘုရားသခင် သာသနာတော်မြတ်ကို စုံမက်တော်မူလှသောကြောင့် သီရိ စွန္ဒရတ် သင်္ဘောလှေင့်သွားသည်တွင် သီဟိုဠ်ကျွန်းမှာ သာသနာရေးကို စုံစမ်းခဲ့ရမည် အမိန့်တော်ရှိ၍ သီရိစွန္ဒရတ် ဝင်သွား စုံစမ်းသည်ကာလ သာသနာရေး ကြည့်ရှုမည်

လာသည်ကို တရံတဆစ်မျှ မကြိမ်ဘူးကြသည်နှင့် တရားမင်းမြတ် ဘုန်းပါရမီတော်ကို သိဟိုဠ်မင်းမှစ၍ ရဟန်း ရှင် လူ အံ့အဲမနိုင် ရှိကြကြောင်းကို သိဟိုဠ်သာမဏေရောက်စဉ်ကပင် အတပ်အကြပ် ပြောဆိုသည်၊ ၎င်းသာမဏေ ပြန်လည်ရောက်သည်ကာလ သီရိစွန္ဒရတ် ပြောဆိုသည်နှင့် ညီညွတ်၍ အတိုင်းထက်အလွန် ရှိမည်၊ နရာယနပါ နလတမှူးတို့ ပြန်သည်ကာလလည်း ရှေးစကားနှစ်ရပ်နှင့် ညီညွတ်၍ အတိုင်းထက်အလွန် ရှိမည်၊ ပေးမှာရန် စာပေရောက်သည်ကာလမှာ သာသနာကို ကြည်ညိုသူ မင်း မှူးမတ် ရဟန်းပညာရှိ ရှိလေက တရားမင်းနှင့် သိဟိုဠ်ကျွန်း သာသနာရေးကင်းလွတ်နိုင်မည်မဟုတ် ဖြစ်သည်၊ ပေးမှာရန် စာပေနှင့် စကားအစုံအညီ ရောက်၍ သာသနာ ပြုစုတော်မူသည်ကာလမှ မဟာစေတီ၊ မဟာဗောဓိ စသည်များတွင် ပူပြင်ရန် ရှိသည်ကိုလည်း ပူပြင်တော်မူရမည်၊ ယခုမှာ နရာယနပါတို့နှင့် ပေးမှာရန်စာပေရောက်အောင် သင့်သည့်သင်္ဘောတွင် အသေအချာ သိဟိုဠ်ဆိပ်တိုင် တင်ပို့စေသော် သင့်မည်၊နောက် သာသနာပြု မဟာစေတီ ထီးတင်များတွင်မှ သီရိစွန္ဒရတ်သား ပေါစူကို စေလွှတ်တော်မူသော် သင့်မည်၊ အဘ သီရိစွန္ဒရတ်နည်း သားပေါစူလည်း နည်းနာပြုသလျှင် အစေအသုံးတော် ဖြစ်လောက်သည်ဖြစ်၍ သီရိစွန္ဒရတ်ကိုကဲ့သို့ ပေါစူကိုလည်း ပြုစုတော်မူသော် သင့်မည်။

---

## မေတ္တာစာ

**၁၁၅၁—ခု တပေါင်းလပြည့်ကျော်(၁၀)ရက်နေ့ ယာယီကျောင်းတော်က မဟာဒွါန်ဝန်တွင် သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

ဘုန်းတော်ကြီးသော တရားမင်းမြတ်သည် သတ္တဝါအပေါင်းတို့ကို သံသရာမှ ကယ်ဆယ်တော်မူလိုသည်ဖြစ်၍ သာသနာတော်မြတ်ကို ပစ္စယ, ဓမ္မ နှစ်ပါးဖြင့် ချီးမြှင့်တော်မူသောကြောင့် သတ္တိ, ဗျတ္တိရှိသည့် ရဟန်းသံဃာတို့ တရားနှင့်အညီ သာသနာတော်ကို စောင့်ထိန်းကြ၍ လွန်စွာ သာသနာတော် စည်ထွန်းသဖြင့် အတိုင်းမသိ ကုသိုလ်တော် ပွားများသည်၊ အသောကာရာမတိုက် အာရာမ်နှင့်တကွ ရတနာဘုံကျော် ကျောင်းတော်ကြီး လှူဒါန်းတော်မူ၍ သာသနာတော်ကို အတိုင်းထက်အလွန် ချီးမြှင့်တော်မူမည် ကြားသိကြသောကြောင့် အဝေး ကျေးရွာ ဂိုဏ်းသံဃာ သီလဝန် ဂုဏဝန် ပုဂ္ဂိုလ်ထူးတို့လည်း ကျေးဇူးတော်ကို ထောက်၍ စည်းဝေး

လှာကြသည်၊ ကုသိုလ်ကောင်းမှုမည်သည်ကို မည်သည့်အကြောင်းမဆို စွဲမှတ်၍ ပြုသင့်ကြောင်း၊ သဗ္ဗညုတဘုရားလည်း ဌာနန္တရထိုက်သည့်ရဟန်းတို့ကို ဌာနန္တရထားတော်မူကြောင်း၊ သာသနာပြု ရွေးသီဟိုဠ်ကျွန်း မင်းတို့ ရဟန်း သံဃာတို့အား တံဆိပ်နာမံ လှူဒါန်း၍ သာသနာတော်ကို ချီးမြှင့်ကြောင်းများကို ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ အဝေး ကျေးရွာ သာသနာတော်ကို အထူးစောင်မရသည့် ပုဂ္ဂိုလ်ထူးများကို တံဆိပ်နာမံ လှူဒါန်းချီးမြှင့်၍ ကုသိုလ်ပါရမီ ပွားများစေသင့်ကြောင်းကို မေတ္တာစာဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

ဆရာတော်က သွင်းချက်အတိုင်း အဝေး ကျေးရွာ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ပုဂ္ဂိုလ်ထူးတို့ကို တံဆိပ်နာမံ လှူတော်မူမည်၊ ဆရာတော်က ရံ၍ သွင်းစေ၊ ၎င်းနေ့ အမိန့်တော်၊ ၎င်းအမိန့်တော်အတိုင်း ရံ၍သွင်းသည်။

အဝေးကျေးရွာ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် (၃၀၀) ကျော် ရှိသည့်အနက် သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံသည့် သီလဝန် ဂုဏဝန်ဖြစ်၍ တံဆိပ်အလှူတော် ခံထိုက်သည့်ပုဂ္ဂိုလ်တို့စာရင်း—

| တံဆိပ်တော် | မည်ရင်း | | အသက်—သိက္ခာ | နေရပ် |
|---|---|---|---|---|
| စန္ဒသီရိဝံသ မဟာရာဇဂုရု | ရှင်စန္ဒိမာ | ၁ | ၇၀—၅၀ | ဒရယ်ခေါင်း ဂိုဏ်းအုပ် |
| ဏ္ဍန္နာဘိသဒ္ဓမ္မ မဟာရာဇဂုရု | ရှင်ကုန္ဒဝဇီရာ | ၁ | ၇၆—၅၆ | အောင်ပန်း ဂိုဏ်းအုပ် |
| ဂုဏာဘိလင်္ကာရ မဟာရာဇဂုရု | ရှင်ဂုဏဝံသ | ၁ | ၆၁—၄၁ | ဆင်ဖြူကျွန်း ဂိုဏ်းအုပ် |
| ဂုဏာဘိသိရိဓဇ မဟာရာဇဂုရု | ရှင်ဂုဏဝါ | ၁ | ၄၅—၂၅ | ကတိုး ဂိုဏ်းအုပ် |
| ဉာဏာဘိလင်္ကာရ မဟာရာဇဂုရု | ရှင်စန္ဒသာရ | ၁ | ၇၃—၅၃ | မောင်းထောင် ဂိုဏ်းအုပ် |
| လင်္ကာဘိဝံသဓဇ မဟာရာဇဂုရု | ရှင်လင်္ကာဒီပ | ၁ | ၅၆—၃၆ | ပုဂံ ဂိုဏ်းအုပ် |
| ဂုဏသိရိဝံသ မဟာရာဇဂုရု | ရှင်ဂုဏသာရ | ၁ | ၅၀—၃၀ | ဘန်ဘိုး ဂိုဏ်းအုပ် |
| မဏိသာရဓမ္မ မဟာရာဇဂုရု | ရှင်မဏိမဥ္ဇူသာ | ၁ | ၅၁—၃၂ | ဝက်စုတ် ဂိုဏ်းအုပ် |
| ဝရသဒ္ဓမ္မဓဇ မဟာရာဇဂုရု | ရှင်ဝရစိတ္တ | ၁ | ၅၀—၃၀ | သတွတ် ဂိုဏ်းအုပ် |
| ပညာဘိသိရိဓဇ မဟာရာဇဂုရု | ရှင်ပညာရံသီ | ၁ | ၆၀—၄၀ | နေရင်း ဂိုဏ်းအုပ် |
| သုမနာဘိစာရ မဟာရာဇဂုရု | ရှင်သုမန | ၁ | ၆၁—၄၁ | တပယင်း ဂိုဏ်းအုပ် |
| ဝိမလသဒ္ဓမ္မ မဟာရာဇဂုရု | ရှင်ဝိမလာစာရ | ၁ | ၄၂—၂၂ | မင်းတဲ ဂိုဏ်းအုပ် |
| သာရသဒ္ဓမ္မ မဟာရာဇဂုရု | ရှင်သာရမဥ္ဇူ | ၁ | ၆၀—၄၀ | အမြင့် ဂိုဏ်းအုပ် |
| စန္ဒာဘိသိရိဓဇ မဟာရာဇဂုရု | ရှင်စန္ဒိမာ | ၁ | ၆၃—၄၀ | ပဒု ဂိုဏ်းအုပ် |
| ဥတ္တမဝံသဓရ မဟာရာဇဂုရု | ရှင်ဥတ္တမသာရ | ၁ | ၄၄—၂၄ | ကန်နီ ဂိုဏ်းအုပ် |

| တံဆိပ်တော် | မည်ရင်း | | အသက်—သိက္ခာ | နေရပ် |
|---|---|---|---|---|
| ဉာဏဝိလာသဓမ္မ မဟာရာဇဂုရု | ရှင်ဉာဏဝိလာသ | ၁ | ၆၁—၄၁ | ရတနာသိင်္ဃိကျောင်းအုပ် |
| သီရိဝံသာလင်္ကာရ မဟာရာဇဂုရု | ရှင်သီရိမဥ္ဇူ | ၁ | ၅၆—၃၆ | ကျောက်ဆော့ ဂိုဏ်းအုပ် |
| ဂုဏဝံသဓဇ မဟာရာဇဂုရု | ရှင်ဂုဏဝန္တ | ၁ | ၅၀—၃၀ | လယ်ကိုင်း ဂိုဏ်းအုပ် |
| ခေမာဘိဓမ္မာစရ မဟာရာဇဂုရု | ရှင်ခေမာစာရ | ၁ | ၆၃—၄၃ | မောက်တက် ဂိုဏ်းအုပ် |
| ကလျာဏဓမ္မ မဟာရာဇဂုရု | ရှင်ကလျာဏ | ၁ | ၄၃—၂၃ | ပုံကျ ဂိုဏ်းအုပ် |
| ဝိစိတ္တာလင်္ကာရ မဟာရာဇဂုရု | ရှင်ဝိစိတ္တာလင်္ကာရ | ၁ | ၅၀—၃၀ | စလင်း ဂိုဏ်းအုပ် |
| ဝရဝံသဓဇ မဟာရာဇဂုရု | ရှင်ဝရသမ္ဘောဓိ | ၁ | ၅၆—၃၆ | ကျပင်း ဂိုဏ်းအုပ် |
| ဓမ္မာဘိလင်္ကာရ မဟာရာဇဂုရု | ရှင်ဓမ္မဝိလာသ | ၁ | ၄၃—၂၃ | ကျအို ဂိုဏ်းအုပ် |
| မုနိန္ဒာလင်္ကာရ မဟာရာဇဂုရု | ရှင်မုနိန္ဒဃောသ | ၁ | ၄၇—၂၇ | လေည်းငေါက် ဂိုဏ်းအုပ် |
| ဇောတာဘိသာသန မဟာရာဇဂုရု | ရှင်ဇောတယန္တ | ၁ | ၄၀—၂၀ | ရေစကြို ဂိုဏ်းအုပ် |

ပေါင်း—၂၅

၁၁၅၁—ခု တန်းခူးလဆန်း(၁၁)ရက်နေ့ ဆရာတော်ဘုရား တံဆိပ်တော်နှင့် ဂုဏ်းတံဆိပ်စုကို အလှူတန်ဆောင်းတော်တွင် လှူဒါန်းတော်မူသည်။

၁၁၅၁-ခု တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့ ယာယီတဲကျောင်းတော်က သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

သဗ္ဗညုဘုရား အလောင်းတို့သည် အနန္တစကြာဝဠာ၌ အနန္တသတ္တဝါတို့၏ တရာ တရာစီသော ကုသိုလ်ကောင်းမှုထက် အဆတရာတက်၍ ကုသိုလ်ကောင်းမှု ပြုသောကြောင့် ဘုရားအဖြစ်သို့ ရောက်ကုန်သည်ကို ကျမ်းဂန်လာသည်နှင့် အညီ သူတပါးတို့ထက် ဆတက်ကဲလွန်သော ကုသိုလ်ကောင်းမှု ဖြစ်ပွားစေခြင်းငှါ လေးပယ်စား မကသော အသောကာရာမ အာရာမ်တော်နှင့်တကွ ရတနာဘုံကျော် ကျောင်းတော်ကြီး အနုမောဒနာ အသဒိသမဟာဒါန မင်္ဂလာသဘင် ပြုတော်မူသည်မှာ မည်စမကျူ သန့်လွင် စင်ကြယ်စွာ ကုသိုလ်ပါရမီ ဖြစ်ပွားအောင် ထုံးစံမချို့ အလိုလိုသာ ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်၍ သတ္တဝါတို့ မပျက်စီး မနွမ်းနယ်ရ သား‌ဟင်းမျိုးမျှမပါ သံဃာတော်တို့အား လှူဒါန်းတော်မူခြင်းသည် အာမဏ္ဍဂါမဏိ မည်သော သီဟိုဠ်မင်း လှူဒါန်းဘူးသည်ကို ဆိုရာ ကျမ်းဂန်ထုံးစံနှင့် သင့်လျက် ကမ္ဘာကျေလည်း ဥဒါန်းမကျေ ဘုရားစသော ပညာရှိတို့ အံ့ဩချီးမွမ်းမည် ဖြစ်သည်၊ ယင်းသို့ အံ့ဩချီးမွမ်းဖွယ်ရှိသော အသဒိသ မဟာဒါန မင်္ဂလာသဘင်တော်တွင် သီဟိုဠ်ကျွန်း မဟာဒါမိကမင်းသည် ဂိရိဂန္ဓပူဇာ မဟာဒါနပြုသည်ကာလ သတ္တဝါတို့ကို ဖာကျဉ်းအမြောင်း အဖို့အထည့် အနှောင်အဖွဲ့ လွတ်၍ ဘေးမဲ့ ပေးသကဲ့သို့၊ ဘုရားအလောင်းတော် စန္ဒကုမာရမင်းသားသည် အဘိသေကမင်္ဂလာ ပြုသည်ကာလ ဘေးမဲ့ ပေးသကဲ့သို့၊ ဝေဿန္တရာမင်းကြီးသည် သိကြားမင်း ဆုရှစ်ပါး ပေးသည်ကာလ မျက်အံ့သသူကို လွှတ်စေနိုင်သည်ဟူသော ဆုကို ယူ၍ ဘေးမဲ့ ပေးသကဲ့သို့ အကျဉ်းအမြောင်း အတားအဆီး အနှောင်အဖွဲ့ မျက်တော်မူခြင်းမရှိ သတ္တဝါတို့ကို ဘေးမဲ့ ပေးတော်မူ၍ ဘုရားဖြစ်တော်မူသနေ့ သတ္တဝါခပ်သိမ်းတို့ အနှောင်အဖွဲ့ အကျဉ်းအကြပ်မှ လွတ်ခြင်းသည် ငါ ဟူသော မာန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်ဖြတ်တော်မူနိုင်အံ့သော အကြောင်း ပုဗ္ဗနိမိတ်ဖြစ်သည် ဆိုသည်နှင့်အညီ သူခပ်သိမ်းတို့၏ မာန်မာနကို ဖျက်ဆီးတော်မူနိုင်မည်အကြောင်း ပုဗ္ဗနိမိတ် ယူတော်မူလျက် ပရမတ္ထပါရမီ ပွားများစေတော်မူသင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## သင်္ကြန်တော်

တကာတော် ရေမြေရှင် လျှောက်ပါသည် ဆရာတော်ဘုရား—

ကြို့လကူး နှစ်သစ် တန်းခူးသင်္ကြန်များကို ပုဏ္ဏားပညာရှိတို့က လျှောက်စာတွင် ပါသည်အရများမှာ ၁၁၅၁-ခု တန်းခူးလပြည့်ကျော်(၁၀)ရက် အကျ၊ ၎င်း(၁၂)ရက် အကြတ်၊ (၁၃)ရက် အတက်ဖြစ်ကြောင်းနှင့်တကွ သုဒ္ဓဒိန်(၃၆၅)အတာရက်ရှိကြောင်းကို ပါသည်။ တနှစ်လျှင် လပေါင်း(၁၂)လ၊ ရက်ပေါင်း(၃၆၀)သာ တွက်စစ်ရသည်ကို (၅)ရက်(၆)ရက်သည် မည်သည့် အကြောင်းနှင့် ရက်စွန်း သာသည်။ မြဟ္မာမင်း ဦးခေါင်းကို နတ်သ္မီးတို့ အလှည့်အလှည့် သိမ်းပိုက်ရသည်။ သင်္ကြန်မင်းသည် ဆောက်ပုတ်, မီးစ,ခားမ, ပေါက်ဆိန်များကို ကိုင်၍ ဆင်းသည်။ သင်္ကြန်အလို အဆိုနှင့်တကွ ဗျာကရာသီ ဂန္တန္တရစသည် ရသေ့တို့အလို သတ္တရာဇ်ဦးခေါင်း ခတ်ဦးခေါင်း ပြုကြောင်းများနှင့် သင်္ကြန်သွင်းစာတွင် ပါသည်မှာ မည်သည့်ကျမ်းက ထွက်သည်၊ မည်သည့်ရသေ့တို့ ဟောသည်ကို မေးသော် မဖြေနိုင်ကြ၊ (၁၂)ရာသီလတွင် သင်္ကြန်ရက်(၁၂)သင်္ကြန်ပင်ရှိသည်ကို တန်းခူးလသင်္ကြန်တွင်မှ အကျရက် အကြတ်ရက် အတက်ရက် သားတို့သည် အတာသင့်ကြောင်းများနှင့် ပညာရှိတို့ သွင်းစာတွင် ပါသည်အတိုင်း မေးသော်လည်း ကျမ်းဂန်ထုံးစံများနှင့် ပြေလည်အောင် မပြောဆိုနိုင်ကြ၊ လဦး တန်းခူးကစ၍ ရေလျှင် တပေါင်းလသည် (၁၂)လဖြစ်၍ တပေါင်းလမှာသာ ရာသီသည် သင့်သည်၊ (၁၂)ရာသီ တအသ်ာရက်တွင် မိန်ရာသီအသ်ာ ဖြစ်သည်၊ မိဿရာသီတို့ ဆည်းပူးသည့် အသ်ာအစ ဖြစ်မည်များကို ပညာရှိတို့ကို မေးသော် သက်ာကြေအောင် မပြောဆိုနိုင်ကြ၍ နာရီမှူးကို လျှော်ပါစေသည် သိသာအောင် အမိန့် ရှိလိုက်ပါ ဆရာတော်ဘုရား။

၁၁၅၁—ခု တန်းခူးလပြည့်ကျော်(၁)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

တနှစ်လျှင် ရက်ပေါင်း(၃၆၀)သာ တွက်စုသင့်လျက် (၃၆၅)ရက်၊ (၆)ရက်နှင့် အတာတက်ကြောင်းမှာ အသ်ာရက်, ဝေါဟာရရက်, တိထီရက် သုံးပါးရှိသည်တွင် အသ်ာရက်နှင့် (၃၆၀)တွက်စုရသည်၊ ဝေါဟာရရက်နှင့် အတာ ပြန် မပြန်ကို ထောက်၍ (၃၆၅)ရက်(၆)ရက် တွက်စုရသည်၊ တနင်္ဂနွေသွား လိတ္တာ(၆၀)ခန့် အသ်ာကို အသ်ာရက် ဆိုသည်၊ သာသနာတော်အလို အရုဏ်နှစ်ချက်ဖြင့်၊ လောကီ အလို သန်းကောင်နှစ်ချက်ဖြင့် ပိုင်းခြားအပ်သော နာရီ(၆၀)ခန့်ကို ဝေါဟာရ ရက် ဆိုသည်။ ဆဋ္ဌိ(၆၀)ခန့်ရှိသော လဆန်း,လဆုတ်ကို တိထီရက် ဆိုသည်။ တိထီ ရက်,ဝေါဟာရရက်များသည် အသ်ာရက်အောက် ငယ်သည်ဖြစ်၍ တနင်္ဂနွေသွား ရက် မဟုတ်သောကြောင့် ၎င်းရက်များနှင့် (၃၆၀)အရေအတွက် မဖြစ်၊ အသ်ာ ရက်နှင့်သာ (၃၆၀)အရေအတွက် ဖြစ်သည်၊ ထိုအကြောင်းကိုလည်း အသ်ာ(၃၀) စေ့လျှင် သင်္ကြန်တကြိမ်၊ ၁၂ကြိမ်စေ့လျှင် နှစ်ပြောင်း မဟာသင်္ကြန် ဖြစ်သည်ကို ထောက်၍ သိအပ်သည်၊ ယင်းသို့ အသ်ာရက်ဖြင့်သာ(၃၆၀)ဖြစ်လျက် ဝေါဟာရ ရက်ဖြင့်(၃၆၅)ရက် (၆)ရက် ရေတွက်ခြင်းသည် တိထီရက်, အသ်ာရက်တို့ဖြင့် ရေ တွက်ခြင်းငှါ ခဲယဉ်းသောကြောင့် လူတို့ ခေါ်ဝေါ်စလွယ်သော ဝေါဟာရ သုဒ္ဓဒိန် ရက်ဖြင့် ရေတွက်ခြင်း ဖြစ်သည်။

ပြဟ္မာမင်းဦးခေါင်းကို နတ်သမီးတို့ အလှည့်သင့် ပိုက်ရခြင်း၊ဆောက်ပုတ်စသည် ကို ကိုင်၍ သင်္ကြန်မင်း ဆင်းခြင်း စသည်များမှာ ယုတ္တိသဘော မရှိ၊ ဇောတိတတ္တ စသော တရားမင်းမြတ် လက်ထက်ဘော် ရောက်သည့် ပါဠိပဒနှင့် ဗေဒင်စာဟောင်း (၃၀)ကျော်တွင်လည်း မပါ၊ လောကီအရာပင် ဖြစ်သော်လည်း ယုတ္တိရှိမှ ယုံကြည် လောက်သည့် စာတွင်ပါမှ ယူမှတ်သင့်သည်။

၁၂ လတိုင်း သင်္ကြန်ရှိလျက် တန်းခူးသင်္ကြန်တွင်မှ အကြပ် အကျ အတက်(၃) ရက်ရှိကြောင်း၊ အတက်ရက်သားတို့ အတာသင့်ကြောင်းများနှင့် စာပေရှိသည်မှာ လည်း မိဿရာသီသို့ လိတ္တာပေါင်းလျက်ပင် တက်ပြီး ဖြစ်သောကြောင့် အကြပ်, အတက် အထူးမရှိသင့်ပြီ၊ အခြားသင်္ကြန်ကဲ့သို့ လပြောင်းသာ မဟုတ်၊ လပြောင်း, နှစ်ပြောင်း သင်္ကြန်နှစ်ချက်ဖြစ်၍ အထူးပြောဟောရန် အတာလက်ရိုး ထားသည် ဟူ၍မူကား ဆိုရန်ရှိသည်။

ဇောတိတတ္တစသော ဗေဒင်ကျမ်းများ၌ကား ဟန်းခူးသကြန်သည် မဟာဝိသုဂ၊ ကဆုန်, ဝါခေါင်, တန်ဆောင်မုန်း,တပို့တွဲသကြန်လေးပါးသည် ဗိသျှုပတိ၊နယုန်, တော်သလင်း,နတ်တော်,တပေါင်း သကြန်လေးပါးသည် သရသိတိ၊ ဝါဆိုသကြန် သည် ဒက္ခိဏာယန၊ သီတင်းကျွတ် သကြန်သည် ဇလဝိသုဂ၊ ပြာသို သကြန်သည် ဥတ္တရာယနဟူ၍ အမည်အထူးနှင့်တကွ နက္ခတ်ပုံချ၍ သကြန်(၁၂)ပါးလုံး အကျိုး ကို ဆိုသည်၊ တန်းခူးသကြန်မှာသာ မဆို၊ အတက်ရက်သားတို့ အတာသင့်ကြောင်း ကိုလည်း ၎င်းကျမ်းဂန်များ၌ မဆို၊ သကြန်နှင့် နာရီ နက္ခတ် ရက် တူသည်ကိုသာ အတာသင့်သည် ဟူ၍ ဆိုသည်။

၁၂ လတွင် တန်းခူး လဦးဖြစ်ကြောင်းကို—

ဒွါဒသမာသေသု သဗ္ဗံ ပဌမံ စိတြမာသော ပညာယတိ။
ဟူ၍ လောကုပ္ပတ္တိကျမ်း၌ ဆိုသည်။

မိဿရာသီမှစ၍ အဿဝဏီလေးနဝင်း, ဘရဏီလေးနဝင်း, ကြတ္တိကာတနဝင်း စသည်နှင့် တနာရီကို နဝင်းယှဉ်၍ တနဂ်နွေသွားကြောင်းကိုလည်း—

တတ္ထ ဟိ နက္ခတ္တာနံ သိဃ်ဂါမိတာယ သူရိယော ဒိဝသေ ဒိဝသေ ဩဟိယန္တော—စသည်ဖြင့် ၎င်းကျမ်း၌ ဆိုသည်။

နက္ခတ် နှစ်ဆယ့်ခုနစ်လုံးတွင် အဿဝဏီနက္ခတ်မှစ၍ ဘရဏီ,ကြတ္တိကာ အစရှိ သည်ဖြင့် အစဉ်တည်ကြောင်းကိုလည်း အဘိဓာန်၌ ဆိုသည်၊ ရှေးဦးစွာ တည်သော အဿဝဏီနက္ခတ် နဝင်းဦးနှင့် မိဿရာသီတွင်သာ ယှဉ်သည်ဖြစ်လျက် မိဿရာသီ သည် ရာသီဦး မဟုတ် မဆိုသာ ဖြစ်၍ (၁၂)လတွင် တန်းခူးလသည် လဦး ဧကန် ဖြစ်သည်၊ လဦး ဖြစ်ကလည်း ရာသီသည် (၁၂)ရာသီမြောက် မဆိုသင့်၊ လက်ဦး တရာသီသာ ဆိုသင့်သည်၊ ၎င်းလက်ဦး မိဿရာသီမှ ရေသော် တပေါင်းလသည် (၁၂)ရာသီမြောက် ရာသီသည် ဖြစ်သည်၊ ယင်းသို့ ဖြစ်သောကြောင့် (၁၂)ရာသီ ထွက်လျှင် တပို့တွဲ ကုံရာသီ ပြီးသည်၊ ၎င်းရာသီအောက် အသာ်ထွက်ခြင်းသည် မိန်ရာသီ၏ အသာ်သာ ဖြစ်သည်၊ အသာ်(၃၀)စေ့၍ ရာသီသုညထွက်မှ တပေါင်း မိန်ရာသီ ပြီးသည်၊ ယင်းသို့ပြီး၍ ရာသီသုဉ်း အသာ်သုဉ်း ရှိသည်ကို တန်းခူးသကြန် ဆိုသည်၊ ရာသီသုညအောက် အသာ်သည် မိဿရာသီ၏ အသာ်ဖြစ်သည်၊ အသာ် (၃၀)စေ့၍ တရာသီထွက်မှ မိဿရာသီ ပြီးသည်၊ ဤနည်း(၁၂)ရာသီယူမှ သဘော ယုတ္တိ ရှိသည်၊ ဘာသုတိကျမ်း, လက်ရိုးအတွက်နှင့်လည်း နှီးနှောသည်၊ ထွက်ပြီး သည့် ရာသီအောက် အသာ်သည် ၎င်းရာသီ၏ အသာ်ပင် ယူခြင်းသည် သင်ပုံးတွင်

အမြင်ကိုစွဲ၍ ယူခြင်းသာ ဖြစ်သည်၊ ယင်းသို့ ယူသော် တန်းဆောင်ရာသီသည် ရာသီသုည ဖြစ်ခဲ့၊ ယင်းသို့ ဖြစ်သော် နက္ခတ်ဦး၊ နဝင်းဦး ယှဉ်သည်နှင့် မသင့်ခဲ့၊ ယင်းသို့ မသင့်သော် လောကပ္ပဝတ္တိကျမ်း၊ အဘိဓာန်ကျမ်းများနှင့် မညီမညွတ်ခဲ့ ဖြစ်၍ ထွက်လတံ့သော ရာသီ၏ အသံ့ဖြစ်သည်၊ အသံ့စေ့မှ ရာသီထွက်သည် ယူမှတ်ခြင်းသာ သင့်မြတ်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာ ဓမ္မရာဇ် တရားမင်းမြတ်။

## ၁၂ လ ရက်ပေါင်း ၃၆၀ သင်္ကြန်

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

တနှစ်လျှင် (၁၂)လ၊တလလျှင် ရက်(၃၀)သာဖြစ်၍ ရက်ပေါင်း (၃၆၀)တွင်သာ သင်္ကြန်ပြောင်းရမည်ဖြစ်လျက် ပက္ခဒိန်မှာ (၃၆၃)ရက်တွင် သင်္ကြန်ပြောင်းသည်၊ (၃၆၅)ရက် (၃၆၆)ရက်မှာမှ နှစ်ဟောင်းကုန်သည်၊ ပညာရှိတို့ လျှောက်သည့်အရာသည် မည်သည့်အကြောင်းကြောင့် သာလွန်သည် ဖြစ်မည်ကိုလည်း သိသာအောင် နာရီမူးကို ထပ်၍ လျှောက်စေဦး၊ သင်္ကြန်ပြောင်းသည့် နေ့(၅၂)ခု ရေးမှတ်သင့်သည်၊ သင်္ကြန်ပြောင်းပြီး နောက်တရက်မှ (၅၂)ခု ရေးမှတ်သင့်သည်၊ သက္ကရာဇ် ၁၁၅၂-ခုနှစ် သည် ၎င်းတန်းခူးလပြည့်ကျော်(၁၁)ရက်နေ့တွင် ပြီးခဲ့ပြီး ဖြစ်သည်၊ ၎င်းလပြည့်ကျော် (၂)ရက်နေ့ကစ၍ (၃)ရက် (၄)ရက် (၅)ရက်များသည် ၁၁၅၃-ခုနှစ်အဝင် ရက်သို့ သွင်းသင့်သည် မသွင်းသင့်သည်၊ ၁၁၅၁-ခု တန်းခူးလဆန်း(၁၅)ရက် မဟာသင်္ကြန်ပြောင်းသည့် ရာသီအ[illegible]ာ လိတ္တာအတိုင်း နေ့ရက်အမှန် ၁၁၅၂-ခု တန်းခူးလဆန်း(၁၅)ရက်နေ့ မဟာသင်္ကြန် ပြောင်းသင့်သည် ဖြစ်လျက် ၅၂ ခု သင်္ကြန်သည် ၎င်းတန်းခူးလပြည့်ကျော်(၁၁) ရက်နေ့မှ ပြောင်းသည်။ ရက်သာ ရက်ပို မရှိသင့် ဖြစ်လျက် ရက်ပို ရက်လျှံမှ သင်္ကြန်ပြောင်းခြင်း မည်သည် အကြောင်း

ကြောင်း မညီမညွတ် ဖြစ်သည်၊ ပညာရှိတို့ လက်ရိုးပက္ခဒိန် နက္ခတ်တိထိ ရာသီအသ်ာ လိတ္တာ ဂြိုဟ်နေဂြိုဟ်ရပ် ယုတ္တိသဘော သုတိ,လက်ရိုး ပက္ခဒိန် နက္ခတ် တိထိ ရာသီ အသ်ာ လိတ္တာ ဂြိုဟ်နေဂြိုဟ်ရပ် ယုတ္တိသဘော,ပက္ခဒိန် နှစ်စောင်တို့၏ သဘော လမ်းအကွဲအပြား ရှိသည်များကိုလည်း နာရီမှူးကို စေ၍ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း နာရီမှူးကို လျှောက်ပါစေသည်၊ သိသာအောင် အမိန့်တော်ရှိလိုက်ပါ ဆရာတော်ဘုရား။

**၁၁၅၂-ခု တန်းခူးလပြည့်ကျော်(၁၄)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

တနှစ်လျှင် ရက်ပေါင်း(၃၆၀)သာ တွက်စုသင့်လျက် (၃၆၃)ရက်နှင့် သင်္ကြန်၊ (၃၆၅)ရက် (၆)ရက်နှင့် အတာဖြစ်ကြောင်းမှာ လိတ္တာနာရီ, ဗဟိုရ်နာရီ, ဃဋီနာရီ သုံးရပ် မတူကြ၊ လိတ္တာနာရီ ရှည်သည်၊ငင်းအောက် ဗဟိုရ်နာရီ တိုသည်၊ ငင်းအောက် ဃဋီနာရီတိုသည်၊လိတ္တာနာရီ(၆၀)မှ တနင်္ဂနွေသွား အသ်ာရက် တရက် ဖြစ်သည်၊ ဗဟိုရ်နာရီ(၆၀)မှ ဝေါဟာရရက် တရက် ဖြစ်သည်၊ ဃဋီနာရီ(၆၀)မှ တိထိရက် တရက် ဖြစ်သည်၊ အသ်ာရက်အောက် ဝေါဟာရရက် ၃ ပဒ် ၉ ဗိဇနာ၊ ၄ ပြန်၊ ၇-ခရာ ယယ်သည်၊ ဝေါဟာရရက်အောက် တိထိရက် ၃ ပဒ်၊ ၁၂-ဗိဇနာ၊ ၁-ပြန်၊ ၃-ခရာ ယယ်သည်၊ ယင်းသို့ ရက်သုံးပါး ကြီး, ယယ် ရှိကြောင်းကိုလည်း ပက္ခဒိန်အထွက် အသ်ာရက်, သုဒ္ဓဒိန်ရက်,·တိထိရက် အသွားမတူ အရှည်အတိုကို ထောက်၍ သိရသည်၊ အဓိမာသဝိနိစ္ဆယ စသော စာစောင်ထုံးစံလည်း ရှိသည်၊ ယင်းသို့ ပက္ခဒိန်အမြင်ရက် သုံးပါး မတူကြ၊ အရှည်အတို ရှိသောကြောင့် အသ်ာရက်ဖြင့် တွက်သော် တနှစ်လျှင် (၃၆၀)ရှိသည်၊ ဝေါဟာရ သုဒ္ဓဒိန်ရက်ဖြင့် တွက်သော် (၃၆၃)ရက် (၅)ရက်(၆)ရက် ရှိသည်၊ သင်္ကြန်အရာဖြစ်၍ တနင်္ဂနွေသွား အသ်ာရက်ဖြင့်သာ တွက်လိုရင်း၊ ဝေါဟာရရက်ဖြင့် သာသနာတော်အလို အရက် ၂-ချက်ဖြင့်၊လောကီအလို သန်းခေါင် ၂-ချက်ဖြင့် ပိုင်းခြား၍ ခေါ်ဝေါ်စလွယ် သောကြောင့် ရေတွက်ခြင်းသာ ဖြစ်သည်။ သင်္ကြန်ပြောင်းသနေ့ပင် လိတ္တာပေါ် လျှင် တက်ပြီးဖြစ်သောကြောင့် နှစ်သစ်ဖြင့်သာ (၅၂)ခုဟူ၍ ရေးမှတ်သင့်သည်၊ သင်္ကြန် ကျသည်နှင့် တပြိုင်နက်ပင် ၁၁၅၂-ခုနှစ် ပြည့်တော့သည်၊ တနှစ်နှင့်တရာသီ အသ်ာ လိတ္တာရက် မတူကြသည်မှာလည်း တနင်္ဂနွေစသော ဂြိုဟ်တို့၏ သွားခြင်းသည် ကမ္မပစ္စယ ဥတုဇ လေဟုန်ဖြင့် နိမ့်တုံ မြင့်တုံ မညီမညွတ် သွားခြင်းရှိသည်

ဖြစ်၍ နေ့ ညဥ့် နာရီအသွား အရှည်အတို မတူကြသောကြောင့် ကမ္ဘာဦးမှစ၍ တစတစ တိမ်းယိမ်းသဖြင့် တနှစ်နှင့် တနှစ် ရာသီ အသံ လိတ္တာရက် မတူခြင်းဖြစ်သည်၊ ယခု သုံးကြသည့် လက်ရိုးနှင့် ဘာသုတိလက်ရိုးသည် အတွက်သာ ထူးသည်၊ အမြင်အတွက်မှာ ဂြိုဟ်(၈)လုံး ရာသီ အသံ လိတ္တာပင် ဖြစ်သည်၊ ဘာသုတိမှာ ကိတ်ဂြိုဟ်တွက်ရိုးနှင့် ဂြိုဟ်(၈)လုံး နက္ခတ်ကရိဏ်းစုတ်များလည်း ပါသည်၊ ရာသီ အသံ လိတ္တာသာမက လိတ္တာ၏ အခြေဗီဇနာ ပုံပလလည်း ထွက်သည်၊ ယခု လွန်ခဲ့သည့် နှစ်ကလည်း ရာဟုသွား အင်္ဂါသွားများသည် မြန်မာလက်ရိုးနှင့်မညီ ဘာသုတိလက်ရိုးနှင့် ညီသည်၊ ရာဟုသွား မညီသောကြောင့် နေ့လ ကြပ်မည်ကိုမျှလည်း မသိနိုင်ကြ ဖြစ်သည်။

## ပဋ္ဌင်းလောင်း ရှင်လောင်း ရေစက်သွန်း

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ပဌမပဋ္ဌင်းလောင်း ရှင်လောင်းတော်များကို ရေစက်တော်သွန်းသည်မှာ ကျောင်းပရိက္ခရာ ဝတ္ထုပစ္စည်းများကို လှူသကဲ့သို့ ရေစက်ခံ ပုဂ္ဂိုလ်လည်း မရှိ ဖြစ်သည်၊ ပဋ္ဌင်းလောင်း ရှင်လောင်းများလည်း အလှူဝတ္ထုပစ္စည်း မဟုတ်၊ ပဋ္ဌင်းလောင်း ရှင်လောင်းများကို လှူသည်လည်း မဟုတ်သည်ကို ရေစက်တော်သွန်းသည်မှာ မည်သို့ တရားကျမ်းဂန် ထွက်ရှိလာကြောင်းကို ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း လျှောက်လှာပါစေသည်၊ သိတော်မူသာအောင် အမိန့် ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၂—ခု ဝါဆိုလဆန်း(၉)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် **အမိန့် ရှိလိုက်သည်ကား—**

ပဌမ ပဋ္ဌင်းလောင်းတော် ရှင်လောင်းတော်တို့ကို ရေစက်သွန်းသည်မှာ ပစ္စည်း ပရိက္ခရာများကို အလှူခံပုဂ္ဂိုလ်အား လှူဒါန်းသကဲ့သို့ ကိုယ့်ဥစ္စာအဖြစ်က လွှတ်၍ အလှူခံပုဂ္ဂိုလ် ဥစ္စာဖြစ်အောင် လှူဒါန်းသည့်အရာ မဟုတ်သောကြောင့် ရေစက်သွန်းစု မရှိပြီ။ ရာဇဂြိုဟ်သေဌေး အနာထပိဏ်သေဌေးတို့ ကျောင်းပစ္စည်း ပရိက္ခရာ

လှူဒါန်းသည်ကို ဆိုရမှသာ ကျမ်းဂန်တွင် "ဒက္ခိဏောဒကံ ကတွာ"ဟု ရေစက်သွန်းကြောင်းကို ဆိုသည်၊ သားတော် မဟိန္ဒ၊ သမီးတော် သဃမိတ္တာတို့ကို သီရိမမှာ သောကမင်းကြီး ရဟန်း ပြုစေသည်ကာလ ရေစက် သွန်းကြောင်းကို ကျမ်းဂန်မလာ၊ ရေစက်တော် သွန်းလိုလျှင် သိက္ခာယူပြီးသည်ကာလ လှူဒါန်းတော်မူသည့် ပစ္စည်းပရိက္ခရာ အလှူတော်များကိုသာ ရွေးရှု၍ သွန်းတော်မူသင့်သည်။

## ဥပဇ္ဈာယ်ဆရာ နိသျှည်း ဆရာ

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်—

ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓဟူ၍ သာသနာတော်သုံးပါး ရှိသည်တွင် သာသနာတော်ကို ပြုစု၍ ပါရမီဖြည့်တော်မူထိုက်သော တရားမင်းမြတ် ဘုန်းကံတော်ကြောင့် ပရိယတ္တိ,ပဋိပတ္တိသာသနာတော်နှစ်ပါးသာ ပြန့်ပွားစည်ပင်မည်အကြောင်း ရှိသည်၊ ပြန်ထုတ်တော်မူသည့် အမိန့်တော်နှင့်အညီ ပါတိမောက်နှစ်စောင် စသည်များကို သင်ကြား ဆောင်ရွက်သည့် ရဟန်းပုဂ္ဂိုလ် များ၍ အခါတပါး ရခဲသည့် နိယျာယမုစ္စကပုဂ္ဂိုလ်တို့လည်း ရွှေလက်ထက်တော်တွင် အများ ဖြစ်ထွန်းသည်၊ ဥပဇ္ဈာယ်ဆရာ နိသျှည်းဆရာနှစ်ပါးသာ အထင်အရှား မရှိသေး၊ဘုရားဖြစ်တော်မူစ ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးစဉ်ကပင် ဥပဇ္ဈာယ်ဆရာ, နိသျှည်းဆရာ နှစ်ပါး မကင်းသင့်ဖြစ်၍ ဥပဇ္ဈာယ်ဆရာ,နိသျှည်းဆရာတို့ ပြည့်စုံရသော အင်္ဂါကို ခွင့်ပြုတော်မူသည်၊ အင်္ဂါနှင့် မပြည့်စုံပဲ ဥပဇ္ဈာယ်ပြု၍ ရှင်,ပဥ္စင်း မခံကောင်း၊ နိသျှည်းဆရာပြု၍ အခိုအမှီ မခံကောင်းသည်ကိုလည်း ဝိနည်းကျမ်းဂန် ထင်ရှားရှိသည်၊ ဥပဇ္ဈာယ်ဆရာ, နိသျှည်းဆရာရှိမှ ရှင်ပြု,ရဟန်းပြု အပြစ်ကင်းသည်၊ သတ္တိ,ဗျတ္တိ မရှိသည့် ရဟန်းတို့လည်း အပြစ်လွတ်သည်၊ ၎င်း ဆရာနှစ်ပါး မရှိလျှင် ရှင်ပြု,ရဟန်းပြု အပြစ်မကင်း၊ သတ္တိ,ဗျတ္တိ မရှိသည့် ရဟန်းတို့လည်း နေ့တိုင်းပင် အပြစ်မလွတ်ဖြစ်၍ ဥပဇ္ဈာယ်ဆရာ နိသျှည်းဆရာတို့သည် သာသနာတော်၏ မူလဖြစ်သည်၊ သီဟိုဠ်ကျွန်းတွင် ပုဂံ နရပတိစည်သူမင်းနှင့် ကာလပြိုင်သော ပရက္ကမဗာဟုမင်း လက်ထက် တိုင်အောင် ဥပဇ္ဈာယ်ဆရာ နိသျှည်းဆရာတို့သည် အင်္ဂါနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်များ ရှိကြောင်းကိုလည်း ထိုကာလ ပြုသော ကျမ်းဂန်ကိုထောက်၍ သိရသည်၊ ရွှေမြို့တော်ကြီးတွင် သီတင်းသုံးနေသည့် တိုက်အုပ်ဆရာတော်များနှင့် အဝေး ကျေးရွာ ဂိုဏ်းအုပ်ဆရာများမှာ ဥပဇ္ဈာယ်ဆရာ နိသျှည်းဆရာတို့ အင်္ဂါနှင့် ပြည့်စုံအောင် သင်ကြား ဆောင်ရွက်စေ၊ ပြည့်စုံသည်ကာလ သုဓမ္မာစရပ်တော်မှာ ပြန်ဆိုစေ အမိန့်တော်ထုတ်၍

တိုက်တွန်းတော်မူလျှင် ကာလအရှည်ကွယ်ပသော ဥပဇ္ဈာယ်ဆရာ၊ နိသျည်းဆရာတို့ ရွှေလက်ထက်တော်တွင် အထင်အရှားဖြစ်ထွန်း၍ သာသနာတော် အခြေအမြစ် ရလျက် အတိုင်းထက်အလွန် စည်ထွန်းသဖြင့် ကုသိုလ်ပါရမီတော် ဖြစ်ပွားမည် အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

၁၁၅၂-ခု ဝါဆိုလဆန်း(၁၀)ရက်နေ့ သွင်းသည်တွင် အမိန့်တော်ပြန်ထုတ် သည်။

ဥပဇ္ဈာယ်ဆရာ နိသျည်းဆရာနှင့်ကင်း၍ သာသနာတော် မစည်မထွန်းရသော ကြောင့် ဥပဇ္ဈာယ်ဆရာ၊ နိသျည်းဆရာ၊ ၎င်းဆရာတို့ ပြည့်စုံရသော အင်္ဂါများကို ဘုရားသဗ္ဗညု ခွင့်ပြုတော်မူခြင်း ဖြစ်သည်၊ ယခုလည်း ဥပဇ္ဈာယ်ဆရာ၊ နိသျည်းဆရာ မရှိကြောင်းကို ကြားသိတော်မူရသည်၊ ဥပဇ္ဈာယ်ဆရာ၊ နိသျည်းဆရာနှင့် ကင်း သည်သာ မဟုတ်၊ ရွှေပြည်တော်ကြီးအတွင်း တိုက်အုပ်ဆရာတော်တို့နှင့် အဝေး ကျေးရွာ ဂိုဏ်းအုပ်ဆရာတော်များကို ဥပဇ္ဈာယ်ဆရာ၊ နိသျည်းဆရာတို့ အင်္ဂါနှင့် ပြည့်စုံအောင် ဆောင်ရွက်ရန် စာပေများကို လေ့ကျက်ဆောင်ရွက်စေ၊ လေ့ကျက် ဆောင်ရွက်နိုင်သည်ကာလ ရောက်လျှင် သာသနာပြု ဆရာတော်က ပင့်ခေါ် စည်း ဝေး၍ သုဓမ္မာစရပ်တော်မှာ ပြန်ဆိုစေ။

၁၁၅၂-ခု ဝါဆိုလဆန်း(၁၀)ရက်နေ့ နားခံတော် ကျော်စွာ နော်ရထာ ပြန် အမိန့်တော်။

## မေတ္တာစာ

**၁၁၅၂-ခု ဝါဆိုလဆန်း (၁၃)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

တောကျောင်း ကျောက်စာနှင့် တချပ်တည်းပါသည့် ဇေယဂုဏ်ဘုရားမြေရပ်ကို ကုသိုလ်တော်ပွား ဆင်ခြင်လျှင် ဇေယဂုဏ်ဘုရားသည် ထင်ရှားသည့် စေတီဖြစ်၍ ကျောက်စာတွင် အဦးထား၍ ရေးသားရမည်အကြောင်းရှိလျက် တောကျောင်း ဘုရားကို အဦးထား၍ ရေးသားသည်၊ တောကျောင်းဘုရားမှာ ဘီလူးငါးယောက် ကို ရည်၍ တည်ကြောင်းများနှင့် သနစ်သနာ ပါသကဲ့သို့ ဇေယဂုဏ်ဘုရားမှာ သနစ်သနာ မပါရှိသည်၊ ကျောက်အက္ခရာ ဖွာရေးအသား မညီမညွတ် မသေမချာ

ရှိသည်၊ ယခု ကျောက်စာအမြင် မသိမသာ ရှိသည်များကို ထောက်လျှင် ဇေယဂုဏ်ဘုရားကို လှူဒါန်းသည်ဟူ၍ အမှန်မယူသာ အမိန့်တော် ရှိထိုက်လှပေသည်၊သို့သော်လည်း အနှစ် ငါးရာကျော် ခြောက်ရာ ကာလအရှည်က ဖြစ်သည့်အမှုဖြစ်၍ တကြောင်း၊ ရတနာသုံးပါးနှင့် စပ်ဆိုင်သည့် အမှုဖြစ်၍တကြောင်း၊ ကျွန်သီးတော်အဆက်ဆက် လက်စွဲ ထိန်းသိမ်းသည့် အရာဖြစ်၍ တကြောင်း၊ ယုံမှားရန်ရှိသည့် ရွှေစည်းခုံစေတီသည် ထင်ရှားသော ဓာတ်တော်,မွေတော် ကိန်းဝပ်ရာဖြစ်၍ သံသရာဆင်းရဲ ကင်းငြိမ်းရာ ကျွန်းမြေသဖွယ်ဖြစ်သော နိဗ္ဗာန်ကို ရည်မှတ်လျက် တရားမင်းမြတ်လည်း ဝတ္ထုကံ မိုးမြေ ကုသိုလ်တော် ပြုသင့်သည် ဖြစ်သည်၊ ဘုရားဝန်းကျင်တာ(၇၀၀)ခန့် မြေကို လှူဒါန်းတော်မူ၍ ၎င်းမြေမှ ထုံးစံရှိရာ ရသည့် ပစ္စည်းဝတ္ထုနှင့် ရွှေစည်းခုံစေတီတော်ကို ပြင်ဆင်စေတော်မူသော် အထူးသဖြင့် ကုသိုလ်တော်ပွားမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## မြေကုရှင် ဧကစာရ

မြေကုရှင် ဧကစာရ သေလွန်၍ သင်္ဂြိုဟ်သည့်ကာလ ရသည့် ဓာတ်ဆို၍ ရွှေကြုတ် ငွေကြုတ်များနှင့် ထည့်သွင်း ကိုးကွယ်သည့် ကျောက်ကိုပြ၍ မည်သို့ အကြောင်းရှိမည်ကို ဆရာတော်မှာ လျှောက်ချေ။

**၁၁၅၂-ခု ဝါဆိုလပြည့်ကျော်(၉)ရက်နေ့ မင်းကြီးနန္ဒကျော်ထင်ကို စေ၍ လျှောက်လှသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သာဝကအများတွင် ရဟန္တာမှသာ ဓာတ်တော်ရှိသည်၊ ၎င်းတို့ ခန္ဓာအစိတ်သာ ဓာတ်တော်မည်သည် ကျမ်းလာသည်၊ သောတာပန်, သကဒါဂါမ်,အနာဂါမ်တို့ကိုယ်အစိတ်သည် ဓာတ်တော် မမည်ထိုက်၊ ပုထုဇဉ်တို့မှာ ဆိုဘွယ်ပင် မရှိ၊အမြုတေဖြစ်သော်လည်း အမြုတေသာ ဆိုရမည်၊ အမြုတေ လက္ခဏာလည်း မရှိ၊ သာသနာရေးကို မြော်ထောက်လေ့ရှိသူ လူကြီး ရှင်ကြီး ဝေးသည့်အရပ်ဖြစ်၍ ဓာတ်ရသည်ဟု ကောလာဟလ ပြုကြသည်၊ အနီးအပါးတွင် သီတင်းသုံးတယောက် သေမည်မျှော၍ နောက် စကားမေးရသည်မှ တာဝတိံသာသို့ ရောက်ကြောင်း၊ ၎င်းတွင် နတ်တို့ကို အရိမေတ္တေယျအလောင်းကို မြင်လိုပါသည် ဆိုလျှင် မြေကုရှင် ဧကစာရပင် အရိမေတ္တေယျ အလောင်းဖြစ်သည် နတ်တို့က ဆိုလိုက်ကြောင်းများကို ၎င်းသီတင်းသုံး မျှော၍ ဘုန်းကြီးပျံပွဲတွင် ကောလာဟလ ဖြစ်သည်ကို ထောက်လျှင်

ခေတ်ရသည်ဟု ထင်ရှားလေအောင် မလိမ္မာသူတို့ ကြံခိုး၍ပြုသည် ယူရန်ရှိသည်၊ လောင်တိုက်တွင် တိုင်ခံ၍ ပြာသာဒ်(၃၆)ဆောင် ထင်းစင်နှင့်တကွ တလားကြီး အမြင့် အတောင်(၃၀)ကျော် သည်အဆောက်အဦများနှင့် မီးတိုက်သည့်အရာ ဖြစ်၍ ခေါင်းတွင်ပါသည် မည်သည်တွင်ပါသည် သိနိုင်ရန် မရှိ၊ ထင်ရှားအောင် အခြားက ဆောင်၍ ပြောပြသည့်အရာသာ ဖြစ်သည်။

---

## နရာယနပါ နလတမ္ပု

**သီဟိုဠ်က ရောက်လာသည့် နရာယနပါ၊ နလတမ္ပုတို့ကို သီဟိုဠ်သို့ ပြန်စေမည် တွင် ၁၁၅၂ ခု ဝါခေါင်လဆန်း(၉)နေ့ သွင်းသည့် မေတ္တာစာကား—**

သီဟိုဠ်ကျွန်းသည် သာသနာစည်ပင်မည့် အရပ်ဖြစ်၍ ဘုရားသခင် ထင်ရှားရှိ တော်မူစဉ်ကပင် သိကြားမင်းကို စောင်မရစ် မိန့်တော်မူခဲ့ကြောင်း၊ နောက် အရိယာ သံဃာ အများအပြားဖြစ်၍ သာသနာ စည်ထွန်းကြောင်း၊ သီဟိုဠ်ကျွန်းတွင်ပင် မုခပါဠ်တော် ဓမ္မက္ခန္ဓာတို့ကို ပေထက်တင်ကြောင်း ကျမ်းဂန်စာပေ အများ အပြား ဖြစ်ထွန်းကြောင်းကို ကျမ်းဂန်လာသည့် စကား ရှိ၍ ဇမ္ဗူဒိပ်ကျွန်း မင်း အဆက်ဆက် ရဟန်းသံဃာအဆက်ဆက် နာကြားကာ မတ္တသာ ရှိရာသည်၊ သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် လက်ထက်တော်တွင်မူကား သီဟိုဠ်ကျွန်း သား ရှင်, လူ စာပေ ပေါက်ရောက်၍ အကြောင်းအခြင်း သနစ်သနာ ဘာသာ အက္ခရာ စာပေများကို အတပ်အကြပ် သိမြင်ရသည့်အရာသည် ရှေးရှေးကိုယ်တော် အဖြစ်က သာသနာတော်ကို ချီးမြှင့်တော်မူခဲ့သော ဘုန်းပါရမီတော်ကြောင့် ဖြစ် ခြင်းသည် သာသနာတော်ရေးကို မြော်ထောက်၍ ယခု ပေးမှာတော်မူသည့်စာ များ ရောက်လျှင် သာသနာတော်ကို ချီးမြှင့်ခြင်း ကုသိုလ်တော်လည်း အတိုင်းထက် အလွန် ပွားများမည်၊ တရားမင်းမြတ် ဂုဏ်ကျေးဇူးတော်လည်း သီဟိုဠ် ရာဇဝင်သို့ သက်ဝင်လျက် သီဟိုဠ်မင်းအဆက်ဆက် မကွယ်မပ ထင်ရှားစွာ ဖြစ်မည်၊ ပေးမှာ သည့် စာများကို အတပ်အကြပ် ရောက်အောင် ဆောင်သူ သီဟိုဠ်သား နရာယနပါ တို့ကို တကာ ဝန်ရှင်တော်မင်း တကာ အတွင်းဝန်မင်းတို့ ကိုယ်တိုင် မှာထား ပေး အပ်သင့်သည်၊ ကျေးဇူးတော် ကုသိုလ်တော်ရေးကို ဆောင်ရွက်မည့်အကြောင်း နိုင်ငံတော် ရွှေမြို့တော် သာယာစည်ပင်သည်ကို ကြား၍ မရောက်စဘူး ရောက်လာ သည့် တကျွန်း တရပ်သားဖြစ်သည် အကြောင်းများကို ထောက်၍ နရာယနပါ၊ နလတမ္ပုတို့ကိုလည်း အဝတ်အစား အထိုက်အလိုက် ဆုလာဘ် သနားတော်မူသင့် သည်။

## သရက်မြို့မှ ဆင်ဘော်

အတွင်း**ဝ**န်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သရက်မြို့ကျေးရွာတွင် ဆင်တော်အတိုင်း နှစ်တောင်ကျော် ခန့် မိ,ဘ အပေါင်းအဖေါ်မပါ ရွာတွင်း အိမ်ရာများသို့ ဝင် ရောက်နေလှာသည်ကို ရွာသားတို့ ဖမ်း၍ မြေထဲမြို့သို့ ပို့ထား သည်၊ မြေထဲစားက ကြား၍ ရွှေဘဝါးတော်မြတ်အောက်သို့ ဆောင်ယူရောက်သည့်ဆင်တော်၊အထူးသဖြင့် အရည်အသွေး နီသောအဆင်း, ဖြူသောအဆင်း တကိုယ်လုံး နှံ့မျှ ရှိသည်၊ ရသည်ကာလလည်း မိ,ဘ အပေါင်းအဖေါ်မပါ တောသတ္တ ဝါ ရောက်မြဲ လာမြဲ မဟုတ်သည်ကို ရွာတွင်း အိမ်ရာများသို့ အထူးသဖြင့် လာရောက်သည့်ဆင်တော်၊ဆရာတော်ကို လျှော် ထားရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက် ရသည်အတိုင်း ဆင်တော် အကြောင်းအရာ ဂုဏ်အရည် အ မှတ်များကို ဇာတ်နိပါတ် တရားကျမ်းဂန် စာဟောင်းထုံးစံ များတွင် မည်သို့ ထွက်ရှိလာကြောင်းများနှင့် သိတော်မူသာ အောင် အမိန့် ရှိတော်မူပါမည်အကြောင်းကို လျှောက်ပါ သည် ဘုရား၊ ဖြူသောအဆင်းရှိသည် နီသောအဆင်းရှိသည် တွင် ဖြူသောအဆင်း အားကြီးသည် လျှောက်၊ ဘွဲ့မည်လည်း မည်သို့ မှည့်ရမည် လျှောက်ချေ။

**၁၁၅၂-ခု ဝါခေါင်လပြည့်ကျော်(၇)ရက်နေ့ ပြဲတိုက်တော်တွင် အမိန့်တော်၊ ၎င်းနေ့ သံတော်ဆင့်တို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သရက်မြို့က ရောက်သည့် ဆင်တော်မှာ မြို့ရွာသို့ အလိုအလျောက် ဝင်လှာသည့် ထူးသော အဆင်းအရည် အမှုအဟန် ရှိသည်ကို ထောက်လျှင် တရားမင်းမြတ် ဘုန်း ကံတော်ကြောင့် ရောက်သည့် ဆင်ထူး ဆင်ကောင်း ဖြစ်သည်၊ ဝေဿန္တရာမင်းကြီး ဘုန်းကံကြောင့် ဆဒ္ဒန်မျိုး ဆင်သူငယ်ကို ဆင်မ လာ၍ မြို့ရွာအတွင်း ထားလှာ ကြောင်း၊ ဒုဋ္ဌဂါမဏိမင်း ဘုန်းကံကြောင့် ဆင်သူငယ်ကို သီဟိုဠ်ကျွန်း မြစ်နားတွင် ဆဒ္ဒန်မျိုး ဆင်မ လာ၍ ထားလှာကြောင်း ထုံးစံလည်း ကျမ်းဂန်လာရှိသည်၊ စဉ်းငယ်နီရောင်နှင့် အဖြူ အားကြီး အဆင်းအရည် ရှိသည်ကို ထောက်လျှင် ပိဋကတ်

လာ ဆင်မျိုး(၁၀)ပါးတွင် ဥပေါ်သထ ဆဒ္ဒန်မျိုး၊ အဘိဓာန်ကျမ်းလာ ဆင်မျိုး(၈) ပါးတွင် ပုဏ္ဍရိကမျိုး၊ လောကီကျမ်းလာ ဆင်ဖြူမျိုး(၄)ပါးတွင် အရဏဟတ္ထိ ဆင်ဖြူမျိုးဖြစ်သည် ဆိုရန်ရှိသည်၊ အရွယ်တည်မှ ဆင်အရည်ကို အသေအချာ သိသာ မည်၊ ယခု အရွယ်ကပင် လိမ္မာသည် လူတို့စိတ်နှလုံးကို နှစ်သက်စေတတ်သည် အမူ အပာန်ကို ထောက်လျှင် အာဇာနည်မျိုး စင်စစ် ဖြစ်သည် ယူရန်ရှိသည်၊ ရှေကို အာဇာနည်လက္ခဏာနှင့် မချွတ် ပြည့်စုံမည်၊ ယခု အဆင်းအရည်ကို ထောက်လျှင် “ရတနာပုဏ္ဍရိက်”ဟူ၍ ခေါ်ဝေါ်သင့်သည်၊ ဘုရားသခင် လက်ထက်တော် ပသေ နဒီကောသလမင်းမှာ ပုဏ္ဍရိကမည်သော ဆင်ဖြူ ရှိကြောင်းကိုလည်း ဓမ္မပဒအဋ္ဌ ကထာတွင် လာရှိသည်။

---

## ငါးပတ်ချောင်းအရှေ့ဖက်တွင် မွေးမြင်သည့်ဆင်

လျှောက်ပါသည် ဆရာတော်ဘုရား—

ငါးပတ်ချောင်း အရှေ့ဖက်ကျွန်းတွင် မွေးမြင်သည့် ဆင် တော် အဆင်းအရည်ကို မှတ်သား၍ ဆရာတော်မှာ လျှောက် ချေ။

**၁၁၅၂—ခု သီတင်းကျွတ်လဆန်း(၄)ရက်နေ့ အတွင်းဝန် မင်းကြီးနန္ဒကျော် ထင်ကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ငါးပတ်ချောင်း အရှေ့ဖက်ကျွန်းတွင် မွေးမြင်သည့် ဆင်တော်မှာ ဆင်မှူးတို့ အစစ်ခံချက်အတိုင်း ဇမ္ဗူရန်လွတ် ဆင်တော် မွေးမြင်သည်မှန်လျှင် ဇမ္ဗူရန်လွတ် ဆင်တော်သည် ဆင်ဖြူမျိုး အနွယ်အဆက်ဖြစ်၍ မွေးမြင်သည့် ဆင်တော်မှာ နီလာ အဆင်း မျက်စိလက္ခဏာပါသည် ယူရန်ရှိသည်၊ အမိလည်း ဆင်ဖြူမျိုး အနွယ်အဆက် ဖြစ်၍ အရေအသား ဆင်ဖြူမျိုးလက္ခဏာပါသည် ယူရန်ရှိသည်၊ မျက်စိလည်း အဖ လက္ခဏာ, အရေအသားသည် အမိလက္ခဏာ, အမွေးသည် ဘိုးဘွားလက္ခဏာဟူ၍ ဆင်ကျမ်းတွင် ဆိုသည်၊ သည်စကားကိုလည်း အခြေအမြစ် အမျိုးအနွယ်ကို စွဲ၍ ဆိုခြင်းသာ ဖြစ်သည်၊ အကြောင်းရင်းမှာ ပိုင်ထိုက်သော မင်းကောင်း ဘုန်းကံတော် သာ အကြောင်းရင်း ဖြစ်သည်၊ မိဘ ဆင်ဖြူမျိုးမဟုတ်ပဲ ဆင်ဖြူ ပေါက်ဖွားသည် လည်း ရှိသည်၊ မိဘ ဆင်ဖြူမျိုးမဟုတ်ပဲပင် ဘုရားအလောင်းတော် ဆင်ဖြူ ပေါက် ဖွားကြောင်းကို ဇာတ်နိပါတ်တွင် ဆိုသည်၊ အဆင်းအရည်ကို ထောက်ႏသော်

စဉ်းငယ် နီရောင်ဖြူသော အဆင်းရှိသည်ဖြစ်၍ ပိဋကတ်လာဆင်(၁၀)မျိုးတွင် ဥပေါသထ ဒ္ဒန်မျိုး၊ ဒိသာဂဇဆင်(၈)မျိုးတွင် ပုဏ္ဍရိကမျိုး၊ ဆင်ဖြူ(၄)ပါးတွင် အရုဏဟတ္ထိဆင်ဖြူမျိုး ဖြစ်သည်။

## သုဓမ္မာစရပ်တော် စာတော်ပြန်ပွဲ

**၁၁၅၂-ခု သီတင်းကျွတ်လပြည့်ကျော်(၃)ရက်နေ့မှစ၍ (၁၃)ရက်နေ့တိုင် သုဓမ္မာစရပ်တော်မှာ ဆရာတော် သံဃာတော် အစည်းအဝေးတွင် ဘိက္ခုဝိဘင်းကို ပြန်သည်၊ ၎င်းတန်ဆောင်မုန်းလဆန်း(၃)ရက်နေ့မှ(၅)ရက်နေ့ ဘိက္ခုနီဝိဘင်းကို ပြန်သည်၊ ၎င်း ဥဘတောဝိဘင်းကို ပြန်ပြီးသည့်နေ့ မဟာဒါန်ဝန်တွင် သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

သာသနာတော်မြတ်သည် အဇာတသတ်, ကာလာသောက, သီရိဓမ္မာသောက စသော သာသနာပြုမင်းတို့ စောင်မ ပြုစုသဖြင့် အဆင့်အဆင့် သန့်ရှင်း ထွန်းလင်းသည်ကို မြော်ထောက်တော်မူ၍ ရှေးရှေးကိုယ်တော်အဖြစ်က လေ့လာတော်မူခဲ့သော သမ္မာဆန္ဒတော် အရင်းရှိသဖြင့် အသင်္ချေယျ သတ္တဝါကို အစုတသိန်းစုမှ တစုခန့်သာ ရကောင်းသော ဓမ္မပမာဏအဖြစ်၌ တည်တော်မူ၍ တရားကို အလေးအမြတ် ပြုတော်မူလျက် ဥပဇ္ဈာယ်ဆရာ,နိဿျည်းဆရာ အစဉ်အဆက် ပြတ်လတ်၍ သာသနာတော် အခြေအမြစ် ယိုယွင်းသည်ကို မယိုမယွင်းရအောင် ဥပဇ္ဈာယ်ဆရာ, နိဿျည်းဆရာတို့ အင်္ဂါစာပေများကို ဆောင်ကြစေ အမိန့်တော်ပြန်၍ ရဟန်းသံဃာတို့ကို တိုက်တွန်း နှိုးဆော်တော်မူသဖြင့် သာသနာတော်ကို ပြုစုတော်မူပေသော ကျေးဇူးတော်ကို နှလုံးမူ၍ ကုသိုလ်တော်၊ သာသနာတော်ရေးမှတပါး အခြားအကြောင်းကို မငဲ့ပဲ၊ ၁၁၅၂—ခု ဝါဆိုလပြည့်ကျော်(၅)ရက်နေ့မှ တော်သလင်းလဆန်း(၁၃)ရက်နေ့တိုင် နိဿျည်းဆရာ,ဥပဇ္ဈာယ်ဆရာတို့ ဝါစုဂ္ဂတ ဆောင်ရသည့် ဥဘတောဝိဘင်းကို လေ့ကျက်၍. ၎င်းသီတင်းကျွတ်လပြည့်ကျော် (၃)ရက်နေ့မှ (၁၃)ရက်နေ့တိုင် သုဓမ္မာစရပ်တော်မှာ ဆရာတော်သံဃာတော်တို့ ရှေ့ ဘိက္ခုဝိဘင်းကို ပြန်သည်၊၎င်းတန်ဆောင်မုန်းလဆန်း(၃)ရက်နေ့မှ (၅)ရက်နေ့ ဘိက္ခုနီဝိဘင်းကို ပြန်သည်၊ ဘိက္ခုနီဝိဘင်း ပါရာဇိကဏ်ကျမ်း(၈) ကြောင်းရေး (၁၉)အင်္ဂါ (၃)ချပ်၊ ပါစိတျာဒိကျမ်း(၈)ကြောင်းရေး (၁၂)အင်္ဂါ ကိုးချပ်၊ ဘိက္ခုနီဝိဘင်း (၈)ကြောင်းရေး(၈)အင်္ဂါ(၅)ချပ် သုံးစု၊ဥဘတောဝိဘင်း အင်္ဂါ(၄၀)နှင့် ၅ ချပ်

၎င်းကျမ်းဂန်များကို လေ့လာဆောင်ရွက်ခြင်းသည် တရားမင်းမြတ် တိုက်တွန်းတော်မူကြောင်းကို အကြောင်းပြု၍ ဆောင်ရွက်ခြင်းဖြစ်သည်၊ တိုက်တွန်းသူတို့အားလည်း ကုသိုလ်အဖို့ ထက်ဝက်ရကြောင်းကို ပုဂ္ဂလပညတ် အဋ္ဌကထာ၌ လာသည်၊ တရားကျမ်းဂန် ဖေါ်ပြောသော သရဇ္ဈာယ်ခြင်း, ဆောင်ရွက်ခြင်း ကုသိုလ်အဖို့ကို သံဃာတော်ကို ဝေငှပါစေ သိကြားမင်း လျှောက်လှာသည်တွင် ဝေငှကြကုန် ဟောတော်မူကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ လာသည် ထုံးစံများနှင့်အညီ တရားမင်းမြတ်အား ရထိုက်သော ကုသိုလ်အဖို့ကို နှလုံးပြုတော်မူစေလို၍ မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ပိဋကတ်တိုက်တော်

၁၁၅၂-ခု နတ်တော်လပြည့်ကျော် ပိဋကတ်တိုက်တော် သာစုခေါ်တော်မူမည်တွင် ၎င်းလဆန်း(၁၃)ရက်နေ့ သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

သာသနာတော်သုံးပါးတွင် ပရိယတ္တိသာသနာတော် ပိဋကတ်စာပေသည် အမြစ်ပင်စည်ကဲ့သို့ ဖြစ်၍ အခက်,အရွက်,အပွင့်,အသီးနှင့် တူသော ပဋိပတ္တိသာသနာတော်, ပဋိဝေဓသာသနာတော်၏ အကြောင်းရင်း စင်စစ် ဖြစ်သည်၊ ပရိယတ္တိသာသနာတော် ရှိမှ ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာတော် စည်ထွန်းမည်ဟူ၍ ကျမ်းဂန် ရှိသည်၊ တရားမင်းမြတ်လည်း သာသနာ စည်ထွန်းအောင် ပြုစုခြင်း ကုသိုလ်ပါရမီကို ဖြည့်တော်မူလို၍ အကြောင်းရင်းမူလ ပရိယတ္တိသာသနာတော်ကို ပြုစုတော်မူသည်၊ ပြုစုတော်မူရာ ကြပ်မတ်ရေးသား လုပ်ဆောင်သူ ကျေးတော်ကျွန်တော်မျိုးတို့ကို အထိုက်အလိုက် ချီးမြှင့်မြဲထုံးစံရှိသည်ကိုလည်း ပိဋကတ်တိုက်စိုးလက်သားတို့ စားကျေးစားမြေမှာလည်း ရှေးမင်းတို့ ပေးကြောင်းကို ကျောက်စာအရပ်ရပ် ထွက်ရှိသောကြောင့် သိတော်မူရသည်၊ ၎င်း ရှေးမင်းတို့ ပိဋကတ်သားတို့ကို ပေးသည့် ရွာမြေမှာလည်း တရားမင်းမြတ် ပိုင်တော်မူထိုက်သည်သာ ဖြစ်သည်၊ ကျောင်း,ဘုရား,ရွာမြေများကဲ့သို့ သံဃိက,စေတီယသန္တက မဟုတ်၊ ထုံးစံရှိသည်နှင့်အညီ တိုက်စိုးနှင့် ပိဋကတ်သားတို့ကို ကျောက်စာထွက်ရှိတိုင်း စားကျေး စားမြေ တိုက်စိုး—၁၊ သွေးသောက်ကြီး—၄၊ တိုက်စာရေးတို့ကို ဘွဲ့အမည် အပေါင်း အထုပ်သနားတော်မူသင့်သည်၊ ပိဋကတ်မြေများမှာလည်း ရှေးမင်းတို့ လှူရင်း စေတီယသန္တကဖြစ်သည်နှင့်အညီ ပိဋကတ်တော် ဓမ္မစေတီတို့ကို ရည်၍ ကျောက်စာသစ်

နှင့် ထပ်ဆင့် လှူဒါန်းတော်မူသင့်သည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

၎င်းမေတ္တာစာကို ဆက်သွင်းသည်တွင် တိုက်စိုးနှင့် စာရေး သွေးသောက်ကြီးတို့ကို ဘွဲ့အမည် အပေါင်းအထုပ် စားကျေး စားရွာ သနားတော်မူသည်။

## ပုဂ္ဂလိက အလှူတော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> သက္ကရာဇ် ၁၁၅၂ခု နတ်တော်လပြည့်ကျော် (၃)ရက်နေ့ ရေစက်သွန်းချတော်မူ၍ လှူတော်မူမည့် ကျောင်းတော်ကို သံဃိကအလှူ,ပုဂ္ဂလိကအလှူ နှစ်ပါးတွင် သံဃိကအလှူကို အများလှူဘူးလှပြီ ဖြစ်သည်၊ ပုဂ္ဂလိကအလှူ လှူချင်သည်၊ လှူမည့် ဆရာတော်လည်း သီလ, သမာဓိဂုဏ်နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ပင် ဖြစ်သည်၊စေတနာတော် ထက်သန်ရာ အကျိုးပေးရာသည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည် အကြောင်းကိုလျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၂—ခု နတ်တော်လပြည့်ကျော် (၂)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သံဃိက, ပုဂ္ဂလိက အလှူနှစ်ပါးရှိသည်တွင် သံဃိကအလှူသည် ပုဂ္ဂလိက အလှူထက် အကျိုးကြီးမြတ်သည်၊ စေတနာ,ပစ္စည်း ထပ်တူထပ်မျှ ရှိသူ နှစ်ဦးတွင် တဦး ပုဂ္ဂလိက၊ တဦး သံဃိက လှူကြသော် သံဃိကလှူသူသာ ပုဂ္ဂလိက လှူသူထက် သာလွန်၍ အကျိုးခံရသည်ကို ဒက္ခိဏဝိဘင်္ဂသုတ် အဋ္ဌကထာ လာရှိသည်။ ဘုရားသခင်အား မိထွေးတော် ဂေါတမီ သင်္ကန်းလှူသည်တွင်လည်း "သံဃာအား လှူလော့"ဟု တိုက်တွန်းတော်မူဘူးကြောင်းကို ကျမ်းဂန်ထုံးစံ ရှိသည်၊ ယခု ကျောင်းတော် လှူမည်မှာလည်း တရားမင်းမြတ် ကုသိုလ်ပါရမီတော် အတိုင်းထက်အလွန် ဖြစ်ပွားစေခြင်းငှါ သံဃိကသာ စေတနာ ထားတော်မူစေချင်သည်။

## မင်းကွန်းဘုရား ဘိနပ်တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မင်းကွန်းဘုရား ဘိနပ်တော်အချင်း (၁၁၄)တောင် တည်လုပ်မည် လုပ်သည်နှင့် တပြိုင်နက် မနီးမဝေးတွင် မဖြစ်ဘူးမြဲသော မြေနက်ကို တွေ့၍ သရွတ်မြေ ကောင်း မကောင်းကို စမ်းလျှင် တဘဝါးသား တပြင်တည်း ရှိသည်ဖြစ်၍ မဟာဒါန်ဝန်ကို ပြလျှောက်လှာပါစေသည်၊ မည်သည့် မြေမျိုးဖြစ်မည်၊ သရွတ်လုပ်လျှင် ထာဝရ ကောင်းမည် မကောင်းမည်များကို သိတော်မူသာအောင် အမိန့် ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၂-ခု ပြာသိုလဆန်း(၁၀)ရက်နေ့ မင်းကွန်း တဲနန်းတော်က မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မင်းကွန်းဘုရား ဘိနပ်တော် စ၍ တည်လုပ်မည် ပြင်ဆင်သည်တွင် တွေ့သည့်မြေမှာ မြေအစစ်ဇာတိပထဝီ,မြေစစ်မဟုတ်သောအဇာတိပထဝီဟူ၍ မြေမျိုးနှစ်ပါးရှိသည်ကို ဝိနည်းကျမ်းဂန် လာသည်တွင် သဲ, ကျောက် စသော မစစ်သည့် မြေနှင့်မနှော မြေအစစ် ဇာတိပထဝီဖြစ်သည်၊ မြေမှုန့်,မြေစိုင်ဟူ၍ မြေအစစ်နှစ်ပါးရှိသည်တွင်လည်း စေးထန်ခဲစိုင်သည်ဖြစ်၍ မြေစိုင်မျိုးဖြစ်သည်၊ မြေဖြူ, မြေနီ, မြေနက်, မြေဝါ,မြေစိမ်းဟူ၍ အဆင်းအားဖြင့် မြေမျိုးငါးပါး ရှိသည်ကို ဝိနည်းကျမ်းဂန် လာသည်တွင်လည်း မြေနက်အစစ် ဖြစ်သည်၊ မြေဖြူ,မြေနီ စသည်များမှာ တွေ့မြင်သုံးဆောင်ကြရသည်၊ ယခု တွေ့သည့် မြေကဲ့သို့ မြေနက်အစစ်ကို တွေ့မြင်ရခဲသည်၊ ၎င်းမြေမျိုးနှင့် တော်အောင် သုံးဆောင်တော်မူသော အသုံးတော် အများဝင်ရန်ရှိသည်၊ ထာဝရ ကောင်းမှုတော် ပြုတော်မူဆဲတွင် ဘုန်းကံတော်ကြောင့် တွေ့သည့်အရာ ဖြစ်သည်၊ ကောင်း မကောင်းကို စမ်း၍ သရွတ်မြေ လုပ်တော်မူစေသင့်သည်၊ မင်းကွန်းအရပ်သည် ရွှေပြည်တော်ကြီးနှင့် မနီးမဝေး အလားအလာ တော်သင့်သည်ဖြစ်သည်၊ ကောင်းမှုတော် တည်လုပ်သည်ကို သာဟတ္ထိက ကုသိုလ်တော် ဖြစ်အောင် ရံဖန်သာ ကြည့်ရှုတော်မူ၍ လိမ္မာသည့် မှူးမတ်ကို ခန့်ထားလျှင်ပင် ပြီးပြေမည် ဖြစ်သည်၊ ဆရာတော်က တကာအတွင်းဝန်တို့သို့ ဆင့်ဆိုကြောင်းကိုလည်း ရွှေနားတော်ကြား သံတော်ဦး တင်ရမည်၊ ၎င်း မြေနက်နှင့် ပိဋကတ်တော်မင်း

စာရေး မင်းကွန်းရွာ တဲနန်းမှာ စံတော်မူစဉ် တိုက်စိုး ဓမ္မသီရိကို ဆက်စေသည်တွင် အားရ နှစ်သက်တော်မူသည်။

## ပုဂံမြို့မှ ပုံတော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> ပုဂံမြို့က ရေးကူး၍ ဆက်ရောက်သည့် ပုံများကို ဆရာတော်ကို ပြ လျှောက်ရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အတိုင်း အဆောင်တော်မြ ရွှေတောင်သိမ်နော်ရထာကို လျှောက်လှာစေပါသည်၊ ပုံစံများကို ကြည့်ရှုတော်မူ၍ သိတော်မူသာအောင် အမိန့်တော် ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည့် ဆရာတော်ဘုရား။

**၁၁၅၂–ခု တပေါင်းလပြည့်ကျော်(၃)ရက်နေ့ လျှောက်လှာသည်တွင် ဇာတ်နိပါတ် ပုံစံနှင့် သွင်းသည့် မေတ္တာစာကား—**

ငါးရာ့ငါးဆယ် ဇာတ်တော်ကို စဉ်ပုံ သွန်းလုပ်သာအောင် ပုဂံမြို့က ရေးခဲ့သည့်ပုံနှင့် ဇာတ်နိပါတ်ကျမ်းဂန် တိုက်ခိုက်၍ ဇာတ်မည် အစီအစဉ် အရေအတွက် ဇာတ်ရုပ် အမည်နာမ အရေအတွက်များနှင့် အင်းစောက်ပြ၍ ဆက်သွင်းသည်၊ (၅၄၇)ဇာတ်သာ ကျမ်းဂန်တွင် ရှိသည်၊ (၃)ဇာတ် လျော့သည်ကို အပြင်ပြု၍ ငါးရာ့ငါးဆယ် ခေါ်ဝေါ်ခြင်း ဖြစ်သည်၊ ပုဂံမြို့ကပုံမှာ ကျမ်းဂန်နှင့်မညီ ဇာတ်စဉ်, ဇာတ်ရုပ် ယိုယွင်းသည်၊ မပါမစုံသည့်အရာမှာလည်း ရှိသည်၊ မာရ်မင်းစစ်သည် အရုပ်များမှာ ရွှေမျက်နှာ လက်ဝဲ,လက်ျာ တဆဲ့နှစ်ယူဇနာစီ၊ အထက် ကိုးယူဇနာ၊ နောက်စကြဝဠာထိ၊စစ်သည်တွင် တယောက်နှင့် တယောက် အဆင်းမတူ, မျက်နှာမတူ လက်နက်မတူ အထူးထူး ဖန်ဆင်းကြောင်းကို ကျမ်းဂန်ဆိုသည်ဖြစ်၍ အလိုရှိတိုင်း အထူးထူးအပြားပြား လုပ်သင့်သောကြောင့် တိုက်ခိုက်နှိုင်းယှဉ်ရန် မရှိပြီ၊ ဇာတ်ဆယ်စောင်အကျယ်နှင့် ဘီလူး, အသုရာ, နတ်, ဗြဟ္မာရုပ်များမှာ ကောင်းမှုတော်တွင် စဉ်ကွန်း အရေအတွက်နှင့်သင့်အောင် နောက် မနှိုင်းယှဉ်သော် သင့်မည်။

**ဧယျတု**—ပုဂံမြို့ အာနန္ဒာကူတွင် ရှိသည့် စဉ်ပုံ၊ နိပါတ်ကျမ်းဂန် အထွက် အဆိုများနှင့် နှိုင်းယှဉ်၍ ဇာတ်မည် ဇာတ်ရုပ် အရေအတွက် အစီအစဉ် ပုံသွန်းလုပ်သာအောင် အင်းစောက်နှင့် ပြသည်။

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁။ | အပဏ္ဏကဇာတ် | လူ ၁၊စီးလူ ၁ စီနှင့် နွား ကသော လှည်း ၂၊ ခရီးရင်ဆိုင် တွေ့ဟန်။ |
| ၂။ | ဝဏ္ဏုပထဇာတ် | လူ ၁၊ စီးလူ ၁ နှင့် နွား ကသော လှည်း ၁၊ ရေတွင်းတူး စေခိုင်းဟန် လူ ၁၊ ရေတွင်းတူးဟန် တူးရှင်းကိုင်လျက် လူ ၁။ |
| ၃။ | သေရိဝဇာတ် | ရွှေရောင်း၍ပြန်ဟန် တက်ကိုင်ဟန် လူ ၁၊ စီးလူ ၁နှင့် လှေ ၁၊ ဒေဝဒတ်အလောင်း လိုက်ဟန် ထမ်းပိုး ထမ်းလျက်။ |
| ၄။ | စူဠသေဋ္ဌိဇာတ် | ကြွက်သေ ၁၊ ၎င်းကို လက်ညှိုးညွှန်၍ စကားဆိုဟန် ဘုရားလောင်း သေဋ္ဌေး ၁၊ ၎င်းစကားကို ကြား၍ ကောက်ဟန် လူ ၁။ |
| ၅။ | တဏ္ဍုလနာဠိဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်း တည်သူကြီး မြင်းအဖိုးဖြတ်ဟန် ၁၊ မြင်း ၅။ |
| ၆။ | ဒေဝဓမ္မဇာတ် | ပလ္လင်နှင့် တရားဟောဟန် ဘုရားလောင်းမင်းသား ၁၊ တရားနာဟန် ဘီလူး ၁၊ မင်းသား ၂။ |
| ၇။ | ကဋ္ဌဟာရိယဇာတ် | နန်းဆောင်နှင့်ဗာရာဏသီမင်း ၁၊ ဘုရားလောင်း မယ်တော် လက်အုပ်ချီ၍ လျှောက်ဟန် ၁၊ကောင်းကင်သို့ ဘုရားလောင်းသူငယ်ကိုမြှောက်၍ ကောင်းကင်၌ တည်ဟန် ၁။ |
| ၈။ | ဂါမဏိဇာတ် | ထီးဖြူဆောင်းလျက် ဗာရာဏသီမင်း နေဟန် ၁၊ ဘုရားလောင်း အမတ်မင်းအား ဆုံးမဟန် ၁။ |
| ၉။ | မဃဒေဝဇာတ် | နန်းဆောင်နှင့် ဘုရားလောင်းမင်း ၁၊ ဆံဖြူရောက်ကြောင်းကို ဆတ္တာသည် လျှောက်ဟန် ၁၊ သရက်ဥယျာဉ်၌ ရသေ့ပြုဟန် ၁။ |
| ၁၀။ | သုခဝိဟာရိဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ တပည့်ရသေ့ ၁ နှင့် ဘုရားလောင်းရသေ့ နေဟန် ၁၊ ဗာရာဏသီမင်း လက်အုပ်ချီ၍ လျှောက်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁၁။ | လက္ခဏဇာတ် | ဘုရားလောင်း သမင် သားတို့ကို ဆုံးမဟန် ၁၊ သားသမင် ၂၊ အခြံအရံသမင် ၄။ |
| ၁၂။ | နိဂြောဓဇာတ် | ဘုရားလောင်းသမင် တရားဟောဟန် ၁၊ ဗာရာဏသီမင်းအား စားဖိုသည်လျှောက်ဟန် သန့်လျက်နှင့် ၁၊ မင်းရပ်လှာဟန် ၁၊ သမင်မကိုယ်ဝန်နှင့် ၁။ |
| ၁၃။ | ကဏ္ဍိနဇာတ် | သမင်ဖို မြားမှန်လျက် ၁၊ သမင်မ မူဆိုးလေးနှင့် ပစ်ဟန် ၁၊ ဘုရားလောင်းရုက္ခစိုး သစ်ပင်ထက်က တရားဟောဟန် ၁။ |
| ၁၄။ | ဝါတမိဂဇာတ် | နန်းဆောင်နှင့် ဘုရားလောင်း ဗာရာဏသီမင်း ၁၊ ဥယျာဉ်စောင့်လျှောက်ဟန် ၁၊ဥယျာဉ်မှ သမင်ကို ပျားလူးမြက်ဖြင့် ဥယျာဉ်စောင့် ဖြားယောင်းဟန် ၁၊ သမင်လိုက်ဟန် ၁။ |
| ၁၅။ | ခရာဒိယဇာတ် | ဘုရားလောင်းသမင် ၁၊၎င်းအား သားကို မာယာသင်ပါ သမင်မ ဆိုဟန် ၁၊ သားသမင် ၁။ |
| ၁၆။ | တိပလ္လတ္ထဇာတ် | ဘုရားလောင်းသမင် ၁၊ သမင်မ ဆိုဟန် ၁၊ သားသမင် ၁။ |
| ၁၇။ | မာလုတဇာတ် | တောင်ခြေရင်း၌ ဘုရားလောင်းရသေ့နေဟန် ၁၊ ကျားနှင့် ခြင်္သေ့ ပြဿနာမေးလှာဟန် ၂။ |
| ၁၈။ | မတကဘတ္တဇာတ် | ဒိသာပါမောက္ခပုဏ္ဏား အိမ်နှင့် ၁၊ဆိတ် ၁၊ ဆိတ်ကျောင်းပုဏ္ဏား ၁၊ဘုရားလောင်း ရုက္ခစိုး သစ်ပင်ထက်က တရားဟောဟန် ၁။ |
| ၁၉။ | အယာစိတဘတ္တ | သူကြွယ်နှင့် ရွာသားတို့ နတ်ပူဇော်ဟန် ၃၊ ဘုရားလောင်း ရုက္ခစိုး သစ်ပင်ထက်က တရားဟောဟန် ၁။ |
| ၂၀။ | နဠပါနဇာတ် | ရေအိုင်လယ်တွင် ရေစောင့်ဘီလူး မျက်နှာ လက်ဝါးဖေါ်၍ ပြောဆိုဟန် ၁၊ဘုရားလောင်းမျောက်မင်းနှင့် မျောက်ရှစ်သောင်းတို့ ကျူနှင့်ရေသောက်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၂၁။ | ကုရုင်္ဂမိဂဇာတ် | ဘုရားလောင်း ဆတ်မင်း မုဆိုးနှင့် စကားဆိုဟန် အနီးအပါး လုံကျလျက် ၁၊ ယမနေပင်ထက်က မုဆိုး လုံနှင့်ထိုးဟန် ၁၊ ဆတ်မင်းသွားဟန် ၁။ |
| ၂၂။ | ကုက္ကုရဇာတ် | ဗာရာဏသီမင်း တရားနာဟန် ၁၊ ဘုရားလောင်း ခွေးမင်း ထီးဖြူဆောက်သော ရာဇပလ္လင်ထက်နေလျက် တရားဟောဟန် ၁။ |
| ၂၃။ | ဂေါဇာနိယသိန္ဓဝ | ဘုရားလောင်းသိန္ဓောမြင်း ဆုံးမဟန် ၁၊ ဗာရာဏသီမင်း နာဟန် ၁၊ မြင်းစီးသူရဲ ၁။ |
| ၂၄။ | အာဇညဇာတ် | ဘုရားလောင်း အာဇာနည်မြင်းညီနောင် ဆုံးမဟန် ၂၊ ဗာရာဏသီမင်း နာခံဟန် ၁၊ ရထားထိန်း ၁။ |
| ၂၅။ | တိတ္ထဇာတ် | ဗာရာဏသီမင်း ၁၊ မင်္ဂလာမြင်း ၁၊ မြင်းထိန်း ရှိခိုးလျက် လျှောက်ဟန် ၁၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၂၆။ | မဟိလာမုခဇာတ် | ဆင် ၁၊ ၎င်းအနီး ခိုးသူတို့ တိုင်ပင်ဟန် ၂၊ ဗာရာဏသီမင်း ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁။ |
| ၂၇။ | အဘိဏှဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁၊ ဆင် ၁၊ ခွေး ၁၊ ဆင်ထိန်း လျှောက်ဟန် ၁။ |
| ၂၈။ | နန္ဒိဝိသာလဇာတ် | လှည်းငါးရာကို ဘုရားလောင်း ဥသဘ ရုန်းဟန် လှည်းငါးစီးအစဉ်တွင် ကလျက် နွား ၁၊ လှည်းနှင့် ပုဏ္ဏား ၁၊ လောင်းဖက် သေဌေး ၁။ |
| ၂၉။ | ကဏှဇာတ် | လှည်းကုန်သည်တို့ လှည်းတွင် ဆွဲလိုက်သော သပြာ ထောင်ထုပ်နှင့်တကွ ဘုရားလောင်းနွားနက်—၁၊ နွားရှင် မိန်းမ ၁။ |
| ၃၀။ | မုနိကဇာတ် | ဝက် ၁၊ သူကြွယ်သမီး ၁၊ ဘုရားလောင်း နွားနီ ညီနောင် ၂။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၁။ | ကုလာဝကဇာတ် | ဘုရားလောင်းသိကြားမင်း အသုရာတို့နှင့် စစ်ထိုးဟန် မာတလိနှင့်၍ သိကြားမင်းစီးလျက် မြင်းကသော ရထား ၁။ |
| ၃၂။ | နစ္စဇာတ် | ဘုရားလောင်း ဟင်္သာမင်း ငှက်အများ ခြံရံလျက် ၁၊ ဥဒေါင်း ကဟန် ၁၊ ဥဒေါင်းကိုယ်နှင့် လိုက်၍ သွားဟန် ၁။ |
| ၃၃။ | သမောဒဟနဇာတ် | ဘုရားလောင်း ငုံးမင်းဆုံးမဟန် ၁၊ ငုံးအများ နာဟန် ၄၊ ဒေဝဒတ်အလောင်းငုံး ၁၊ မှုဆိုးပိုက်ကွန်ပစ်ဟန် ၁။ |
| ၃၄။ | မစ္ဆဇာတ် | ငါး ၁၊ မီးကျီးစုနှင့် ကင်မည် တံစို့လုပ်ဟန် တံငါ ၁၊ ဘုရားလောင်းပုရောဟိတ် လာ၍ မြင်ဟန် ၁၊ ၎င်းနောက်ပါ ၁။ |
| ၃၅။ | ဝဋ္ဋကဇာတ် | ဘုရားလောင်း ငုံးမင်း ပရိတ်ရွတ်၍ တောမီး ကွင်းဟန် မီးလျှံပတ်လည်နှင့် ငုံး ၁၊ မိဘငုံးတို့ ပျံသွားဟန် ၁။ |
| ၃၆။ | သကုဏဇာတ် | မီးလျှံမီးစုနှင့် ငှက်အများ နားလျက် သစ်ပင် ၁၊ မီးလျှံမီးစုမရှိ ဘုရားလောင်းပညာရှိ ငှက်မင်းကို ခြံရံ၍ ငှက်အများ နားလျက် သစ်ပင် ၁။ |
| ၃၇။ | တိတ္တိရဇာတ် | ပညောင်ပင်ကြီး ၁၊ ၎င်းအနီး ဘုရားလောင်း ခါမင်း ၁၊ မျောက်မင်း ၁၊ ဆင်မင်း ၁။ |
| ၃၈။ | ဗကဇာတ် | ငါး လိပ် အများနှင့် ရေအိုင် ၁၊ ဥဗျိုင်း လည်ကို ပူဇွန်ညှပ်ဟန် ၁၊ ခံတက်ပင်ထက်က ဘုရားလောင်း ရုက္ခစိုး ၁။ |
| ၃၉။ | နန္ဒဇာတ် | ဥစ္စာမြှုပ်ရာ၌ နန္ဒမည်သောကျွန်ချင်း တူးရှင်းနှင့် ရပ်လျက် ၁၊ သူကြွယ်သားရပ်၍ မေးဟန် ၁၊ ဘုရားလောင်း သူကြွယ် ၁၊ သူကြွယ်သား မေးဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၄၀။ | ခဒိရင်္ဂါရဇာတ် | မီးကျီးစု အလယ်၌ ပဒုမာ ကြာထက် ရပ်လျက် ဆွမ်းခွက်လက်စွဲ၍ လှူဟန် ဘုရားလောင်းသေဌေး ၁၊ အလှူခံဟန် ပစ္စေကဗုဒ္ဓါ ၁၊ ဗီတားဟန် မာရ်နတ် ၁။ |
| ၄၁။ | လောသကဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ ၁၊ မိတ္တဝိန္ဒက နှင့် ဆုံးမခံဟန် တပည့် ၂။ |
| ၄၂။ | ကပေါတဇာတ် | စားဖိုအိမ်တွင် ဘုရားလောင်း ခိုနှင့် ချိုင့် ၁၊ ဟင်းမျိုးကိုဖွင့်ခိုက် ကျီးနှိုက်ဟန် ၁၊ ကျီးကို စားဖိုသည် ဖမ်းမိဟန် ၁။ |
| ၄၃။ | ဝေလုကဇာတ် | ဘုရားလောင်းရသေ့ ယောကျ်ားနှင့် ၁၊ လျှောက်ဟန် ၁၊ရသေ့ ၁၊ ရသေ့ကို မြွေခဲ၍ သေဟန် ၁။ |
| ၄၄။ | မကသဇာတ် | ဘုရားလောင်း ကုန်သည် ၁၊ ခေါင်းတွင် မှက်နားလျက် လူ ၁၊ ၎င်းမှက်ကို ပေါက်ဆိန်နှင့် ပေါက်ဟန် လူ ၁။ |
| ၄၅။ | ရောဟိနီဇာတ် | ဘုရားလောင်းသေဌေး ၁၊ ခေါင်းတွင် မှက်နားလျက် အိပ်သောမိန်းမ ၁၊ ၎င်းမှက်ကို ကျည်ပွေ့နှင့် ရိုက်ဟန် မိန်းမ ၁။ |
| ၄၆။ | အာရာမဒူသက | သစ်ပင်ကိုနုတ်၍ မြောက်အများ ရေလောင်းဟန် ၂၊ ဘုရားလောင်းပညာရှိ တားဟန် ၁။ |
| ၄၇။ | ဝါရုဏိဒူသကဇာတ် | သေအိုးကို ဆားခတ်၍ ယောက်မနှင့် မွှေဟန်လူ ၁၊ ဘုရားလောင်း သေဌေး ၁၊ လျှောက်ဟန် ကုန်သည် ၁။ |
| ၄၈။ | ဝေဒဗ္ဗဇာတ် | ဘုရားလောင်း ဆရာ တပည့် ၂၊ ခိုးသူချင်း လက်နက်ဖြင့် ပုတ်ခတ်ဟန် ၂၊ ဆရာသေသည်ကို ဘုရားလောင်း သင်္ဂြိုဟ်ဟန် မီးလျှံနှင့် ၁။ |
| ၄၉။ | နက္ခတ္တဇာတ် | ဘုရားလောင်း ပညာရှိယောကျ်ား ၁၊ ထိမ်းမြားဟန် ယောကျ်ား ၁၊ မိန်းမ ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၅၀။ | ဒုမ္မေဓဇာတ် | မကောင်းမှုပြုသူကို သတ်အံ့ဟု မှူးမတ် ပရိသတ်တို့အား ပြောဟောဟန် ဘုရားလောင်း ဗြဟ္မဒတ်မင်း ၁၊ ပရိသတ် ၄။ |
| ၅၁။ | မဟာသီလဝဇာတ် | ဘီလူး ၂၊ ၎င်းတို့အား သူကောင်ကို ဘုရားလောင်း မဟာသီလဝမင်း သန်လျက်နှင့် ခွဲ၍ဝေဟန် ၁။ |
| ၅၂။ | စူဠဇနကဇာတ် | သမုဒြာအပြင်၌ ဘုရားလောင်း သင်္ဘောလွင့်သွားဟန် သင်္ဘော ၁၊ သင်္ဘော ပျက်သည်တွင် ဘုရားလောင်းကို မဏိမေခလာနတ်သမီး ဆယ်ဟန် ၁။ |
| ၅၃။ | ပုဏ္ဏပါတိဇာတ် | ဘုရားလောင်းသေဌေး ၁၊ နောက်ပါ ၁၊ သေအိုးပိုက်လျက် သေသောက်ကြူး ဆိုဟန် ၁၊ ၎င်းသေသောက်ကြူး ၁။ |
| ၅၄။ | ကိံဖလဇာတ် | လှည်းငါးရာနှင့် ကုန်သွားဟန် ဘုရားလောင်း လှည်းစီးလျက် နွားကသောလှည်း ၁၊ သရက်ပင်နှင့် တူသောဆိပ်ပင် ၁၊ ဆိပ်သီး ကောက်စားဟန်လူ ၁၊ ဆိပ်သင့်ဟန် အိပ်လျက် လူ ၁။ |
| ၅၅။ | ပဉ္စာဝုဓဇာတ် | တောအုပ်၌ သိလေသ ဘီလူးထိုင်လျက်နေဟန် ၁၊ လက်နက်ကုန်သည် ဘီလူးထ၍ လာဟန် ၁၊ ဘုရားလောင်း လက်ဆုပ်နှင့် သတ်ဟန် ၁။ |
| ၅၆။ | ကဉ္စနခန္ဓဇာတ် | နွား ၂ ခုကသော ထွန်ဖြင့် ဘုရားလောင်းလယ်ထွန်ဟန် ၁၊ ရွှေတုံး ရဟန် ၁။ |
| ၅၇။ | ဝါနရိန္ဒဇာတ် | မြစ်တဖက်၌ ဘုရားလောင်း မျောက်မင်း ၁၊ မြစ်တဖက်၌ မိကျောင်းခံတွင်းဖွင့်လျက် ၁၊ မြစ်တဖက်သို့ ဘုရားလောင်းခုန်၍ ရောက်ဟန် ၁။ |
| ၅၈။ | တယောဓမ္မဇာတ် | ရေအိုင်အလယ် ရေစောင့်ဘီလူး ၁၊ မျောက်ကြီး ၁၊ ၎င်းနှင့် ဘုရားလောင်းမျောက် ပြောဆိုဟန် ၁၊ ရေစောင့်ဘီလူး ကြာကိုင်၍နောက်ကလိုက်ဟန် ၁။ |
| ၅၉။ | ဘေရိဝါဒကဇာတ် | ဘုရားလောင်း စည်တီး ယောကျ်ား ခရီးသွားဟန် ၁၊ စည်တီးဟန် ၁၊ ခိုးသူတို့ သန်လျက် လွှား ကာနှင့် လုယက်လာဟန် ၂။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၆၀။ | သင်္ခမ္မကဇာတ် | ဘုရားလောင်းယောကျ်ား ခရီးသွားဟန် ၁၊ အဖ ခရုသင်းမှုတ်ဟန် ၁၊ ခိုးသူတို့ သန်လျက် လှံ့ား ကာနှင့် လုယက်လာဟန် ၂။ |
| ၆၁။ | အသာတမန္တဇာတ် | တောအုပ်၌ ဘုရားလောင်းပုဏ္ဏား ဒိသာပါမောက္ခ ဆရာ ၁၊ တပည့်လုလင်ပြောဆိုဟန် ၁၊ အိပ်လျက် ယောကျ်ား ၁၊ ၎င်းကို သူအိုမ ပေါက်ဆိန်နှင့် ပေါက်ဟန် ၁။ |
| ၆၂။ | အန္ဓဘူတဇာတ် | ဘုရားလောင်း ဗြဟ္မဒတ်မင်းနှင့် ပုရောဟိတ် အန် ကစားဟန် အန်စာကိုင်လျက် အန်ရေးနှင့် ၁၊ ပုရောဟိတ် စောင်းတီးဟန် ၁၊ ပုဏ္ဏေးမငယ် ကဟန် ၁၊ သေသောက်ကြူး ၁။ |
| ၆၃။ | တက္ကဇာတ် | ဘုရားလောင်းရသေ့ ကျောင်းနှင့် ၁၊မြစ်တွင် မိန်းမ မျောလာသည်ကို ရသေ့ဆယ်ဟန် ၁။ |
| ၆၄။ | ဒုရာဇာနဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ ၁၊ တပည့် လုလင် လျှောက်ဟန် ၁၊ မိန်းမနှင့်ပြောဟောဟန် ယောကျ်ား ၁။ |
| ၆၅။ | အနဘိရတိဇာတ် | ဘုရားလောင်းဒိသာပါမောက္ခဆရာ ၁၊ တပည့်တို့ ဆုံးမနာခံဟန် ၂။ |
| ၆၆။ | မုဒုလက္ခဏဇာတ် | ဘုရားလောင်းရသေ့ ၁၊ ဗြဟ္မဒတ်မင်းပြောဟန် ၁၊ မိဖုရား ၁။ |
| ၆၇။ | ဥစ္ဆင်္ဂဇာတ် | ဘုရားလောင်း ဗြဟ္မဒတ်မင်း နန်းဆောင်နှင့် ၁၊ ခိုးသူ ၃၊ မိန်းမလျှောက်ဟန် ၁။ |
| ၆၈။ | သာကေတဇာတ် | ပုဏ္ဏား ၁၊ ပုဏ္ဏေးမ ၁၊ သား ဘုရားလောင်း ပုဏ္ဏား ၁။ |
| ၆၉။ | ဝိသဝန္တဇာတ် | ဘုရားလောင်း ဆေးသမား ၁၊ မြွေခဲ၍ လျောင်းဟန် လူ ၁၊ မီးပုံ ၁၊ ၎င်းမီးပုံသို့ ဝင်မည့်အဟန် မြွေ ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၇၀။ | ကုဒ္ဒာလဇာတ် | ဘုရားလောင်းရသေ့ ၁၊ ပစ္စန္တရာဇ်ကို ငြိမ်းစေ၍ ပြန်ဟန် စစ်အင်္ဂါလေးပါးနှင့် ဗာရာဏသီမင်း ၁။ |
| ၇၁။ | ဝရုဏဇာတ် | ဘုရားလောင်းဒိသာပါမောက္ခ အိမ်နှင့် ၁၊ တပည့် ငါးရာတို့နှင့် ပြောဟောဟန် လုလင် ၅။ |
| ၇၂။ | သီလဝနာဂဇာတ် | ဟိမဝန္တာ၌ မျက်လုံး,ခံတွင်း, ခြေလေးဖက် နီသော နှာမောင်းတွင် ရွှေကဲ့သို့ ညွှင်းပြောက်သော ကိုယ်လုံးဖွေးသောဆင် ၁၊သစ်ပင်ထက် တောစောင့်နတ် မူဆိုးမြေမျိုဟန် ၁။ |
| ၇၃။ | သစ္စံကိရဇာတ် | တော၌ ဘုရားလောင်း ရသေ့ ၁၊ မင်းသား ၁၊ မြွေ ၁၊ ကြွက် ၁၊ ကျေးသား ၁။ |
| ၇၄။ | ရုက္ခဓမ္မဇာတ် | ဘုရားလောင်း ရုက္ခစိုးနတ်နှင့် အင်ကြင်းပင် ၃။ |
| ၇၅။ | မစ္ဆဇာတ် | ရေအိုင်တွင် ငါး, လိပ်အများ ခြံရံလျက် ဘုရားလောင်း ငါးမင်းနေဟန် ငါး ၃၊ မိုးကို ရွာစေဟန် ပဇ္ဇုန်နတ်သား လက်ချီလျက် ၁။ |
| ၇၆။ | အာသင်္ကိယဇာတ် | သစ်ပင်ရင်း၌ ကုန်သည်တို့ အိပ်ဟန် ၂၊ခိုးသူတို့ သန်လျက်စွဲလျက် လုယက် လာဟန် ၂၊ဘုရားလောင်း ရသေ့စင်္ကြံ သွားဟန် ၁။ |
| ၇၇။ | မဟာသုပိနဇာတ် | ကျွဲ,နွား,ဆိတ်,ဝက်,ဆင်,မြင်းတို့ကို ယဇ်ပူဇော်ခြင်းငှာ ယဇ်တိုင်၌ ချည်ထားဟန် ၁ ဉယျာဉ်၌ ဘုရားလောင်း ရသေ့ ၁၊ဗာရာဏသီမင်း လာ၍ လျှောက်ဟန် ၁။ |
| ၇၈။ | ဣလ္လိသဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊သေဌေးယောင်ဆောင်သော ဘုရားလောင်း သိကြားမင်း ဣလ္လိသ သေဌေး ၁၊ နှစ်ဦး အသွင်တူသည်တွင် ဆတ္တာသည် ဆံကိုဖြေ၍ ကြည့်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၇၉။ | ဒရသာရဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်း ကုန်သည် ၁၊ ခိုးသူ ၁။ |
| ၈၀။ | ဘီမသေနဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်း လေးသမားလျှောက်ဟန် ၁၊ဘီမသေနယောကျ်ား လျှောက်ဟန် ၁။ |
| ၈၁။ | သုရာပါနဇာတ် | ရသေ့တို့ကို သေလှူဟန် ၁၊ ရသေ့တို့ သေသောက် ဟန် ၁၊ ဘုရားလောင်းရသေ့ ဆုံးမဟန် ၁။ |
| ၈၂။ | မိတ္တဝိန္ဒကဇာတ် | သင်ဖုန်းစက် ရွက်လျက် ငရဲခံသသူ ၁၊ ၎င်းကို ပဒုမာထင်၍ မိတ္တဝိန္ဒကသေဋ္ဌေးသား တောင်းဟန် ၁၊ ဘုရားလောင်းနတ်မင်း ဆိုဟန် ၁။ |
| ၈၃။ | ကာလကဏ္ဏိဇာတ် | ဘုရားလောင်း အိမ်နှင့် ၁၊ အဆွေခင်ပွန်းတို့နှင့် ပြောဟောဟန် ၁။ |
| ၈၄။ | အတ္ထဿဒွါရဇာတ် | ဘုရားလောင်း အိမ်နှင့် ၁၊ သေဋ္ဌေးသားငယ် အဖ အား ပြဿနာမေးဟန် ၁။ |
| ၈၅။ | ကိံပက္ကဇာတ် | ဘုရားလောင်းကုန်သည်ကြီး ၁၊ သရက်ပင်နှင့် တူ သော ဆိပ်ပင် ၁၊ ကုန်သည်ငယ်တို့ ဆိပ်သီး ကောက်၍ ဘုရားလောင်းအား ပေးဟန် ၂။ |
| ၈၆။ | သီလဝိမံသကဇာတ် | နန်းဆောင်နှင့် ဗြဟ္မဒတ်မင်း ၁၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန် ၁၊ ရွှေပန်းထိမ်သည် လျှောက်ဟန် ၁။ |
| ၈၇။ | မင်္ဂလဇာတ် | ဥယျာဉ်၌ ဘုရားလောင်း ရသေ့ ၁၊ ပုဏ္ဏား သား အဖ ပြောဟောလှာဟန် ၂။ |
| ၈၈။ | သာရမ္ဘဇာတ် | လှည်းငါးရာကို ဘုရားလောင်း ဥသဘရုန်းဟန် လှည်းငါးစီး အစဉ်နှင့် နွားတခုကလျက် ၁၊လှည်း နှင့်ပုဏ္ဏား ၁၊လောင်းဖက်သေဋ္ဌေး ၁။ |
| ၈၉။ | ကုဟကဇာတ် | ဘုရားလောင်း ပညာရှိ ယောကျ်ားလုလင် ၁၊ ရသေ့စဉ်းလဲ ၁၊၎င်းကို သူကြွယ်ပုတ်ခတ်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၀။ | အကတညုဇာတ် | ဘုရားလောင်း သေဌေး အိမ်နှင့် ၁၊ အမှုလုပ်ယောကျ်ားတို့ လျှောက်ထားဟန် ၃။ |
| ၄၁။ | လိတ္တဇာတ် | ဘုရားလောင်းလုလင်နှင့် စဉ်းလဲသောယောကျ်ားအန်ကစားဟန် အန်စာကိုင်လျက် ဘုရားလောင်း ၁၊ အန်ရေး ၁၊ အန်စာကို ငုံဟန် စဉ်းလဲသောယောကျ်ား ၁။ |
| ၄၂။ | မဟာသာရဇာတ် | ဥယျာဉ်၌ ဗာရာဏသီမင်း ၁၊ ဇနပုဒ်သားယောကျ်ား ၁၊ သေဌေး ၁၊ ပုရောဟိတ် ၁၊ စောင်းသမား ၁၊ပြည့်တန်းဆာမ ၁၊ဘုရားလောင်း အမတ် ရှိခိုးလျက် လျှောက်ဟန် ၁။ |
| ၄၃။ | ဝိဿာသဇာတ် | ဘုရားလောင်း သေဌေး အိမ်နှင့် ၁၊ နွားကျောင်းသား နွားနို့ ဆက်လှာဟန် ၁၊သမင်မ ၁၊၎င်း၌လိမ်သောဆိတ်ကို လျက်၍ ခြသေ့ တော၌သေဟန် ၁။ |
| ၄၄။ | လောမဟံသဇာတ် | တော၌ အဝတ်အစား မရှိ တိတ္ထိတို့အကျင့်ကို ကျင့်၍ ဘုရားလောင်း နေဟန် ၁၊ ၎င်းတိတ္ထိတို့ အကျင့်ကို ပယ်၍ အဝတ် ဝတ်လျက် ကျင့်ဆောင်ဟန် ၁။ |
| ၄၅။ | မဟာသုဒဿန | ရတနာထန်းတော၌ ညောင်စောင်းထက် ဘုရားလောင်း မဟာသုဒဿန စကြာမင်း လျောင်း၍ တရားဟောဟန် ၁၊ သုဘဒ္ဒါမိဖုရား စသောမောင်းမ မိဿံတို့ နာဟန် ၁။ |
| ၄၆။ | တေလပတ္တဇာတ် | ဗာရာဏသီမင်း၏နန်းတော်၌ ပစ္စေကဗုဒ္ဓါတို့ ဆွမ်းဘုဉ်းပေးတော်မူလှာဟန် ပလ္လင်နှင့် ၂၊ ဘုရားလောင်း မင်းသား လျှောက်ထားဟန် ၁။ |
| ၄၇။ | နာမသိဒ္ဓိဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခ တပည့်တို့နှင့် ပြောဟောဟန် အိမ်နှင့် ၁၊ တပည့် ၂။ |
| ၄၈။ | ကုဋဝါဏိဇဇာတ် | သစ်ပင်ခေါင်းမှ လူတစ်ယောက် ထက်ဝက် ထွက်လျက် ကျဟန် ၁၊ သစ်ပင်ခေါင်းကို ရှိခိုး၍ လျှောက်ဟန် |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| | | လူ ၁၊ သစ်ပင်ကို ဘုရားလောင်းပညာရှိ ပဏ္ဍိတ ကုန်သည်ယောကျ်ား မီးနှင့်တိုက်ဟန် လူ ၁။ |
| ၉၉။ | ပရောသဟဿ | ဘုရားလောင်းရသေ့ စုတေ၍ ဗြဟ္မာဖြစ်လျှင် တော၌ တပည့်တို့အား ပြောဟောလှာဟန် မျက်နှာလေးခုနှင့်တပည့်ရသေ့ ၂။(ဗြဟ္မာဟု သိသာအောင် လောကီအလို မျက်နှာလေးခုနှင့် ရေးပုံတွင် ရေးသည်)။ |
| ၁၀၀။ | အသာတရူပဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း ၁၊ ခိုးသူ မင်းကို သတ်အံ့သော်ငှါ ဆင်စီးလျက် ဦးစီး နောက်ထိုင်နှင့် မင်းသား ၁။ |
| ၁၀၁။ | ပရောသတဇာတ် | ဘုရားလောင်း ရသေ့ စုတေ၍ ဗြဟ္မာဖြစ်လျှင် တော၌ တပည့်တို့အား ပြောဟောလှာဟန် မျက်နှာလေးခုနှင့် ၁၊ တပည့်ရသေ့ ၂။ |
| ၁၀၂။ | ပဏ္ဏိကဇာတ် | မိန်းမ ၁၊ ၎င်းကို လက်ဆွဲဟန် ယောကျ်ား ၁၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ် ၁။ |
| ၁၀၃။ | ဝေရိဇာတ် | လှည်းနှင့် ၁၊ လှည်းစီး ၁ နှင့် နွားကလျက် လှည်း ၁၊ အိမ်ဆောင်နှင့် ဘုရားလောင်းသေဌေး ၁။ |
| ၁၀၄။ | မိတ္တဝိန္ဒကဇာတ် | သင်ဝုန်းစက် ရွက်လျက် ငရဲခံရသောသူ ၁၊သင်ဝုန်းစက်ကို ပဒုမာထင်၍ တောင်းဟန်လူ ၁၊ ဘုရားလောင်းနတ်သားလာ၍ ဆိုဟန် ၁။ |
| ၁၀၅။ | ဒုဗ္ဗလကဋ္ဌဇာတ် | ဆင် ၁၊ သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁။ |
| ၁၀၆။ | ဥဒဉ္စနိဇာတ် | တော၌ ဘုရားလောင်း ရသေ့ ၁၊ သားငယ် ရသေ့ ၁၊ ဖျက်လှာသော မိန်းမ ပြန်သွားဟန် ၁။ |
| ၁၀၇။ | သာလိတဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ပုရောဟိတ် ပုဏ္ဏား လျှောက်ဟန် ၁၊ ဆွံ့ ဆိတ်ချေးပစ်ဟန် ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
| --- | --- | --- |
| ၁၀၈။ | ဗာဟိရဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ မိဖုရား ၁၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၁၀၉။ | ကုဏ္ဍကပူဝဇာတ် | ကြက်ဆူပင်ထက် ဘုရားလောင်း ရုက္ခစိုး ၁၊ ပူဇော်ပွဲ ၁၊ ပူဇော်ဟန် လူ ၁။ |
| ၁၁၀။ | သဗ္ဗသာဟာရ | ဘုရားလောင်း မဟောသဓာ တရားစီရင်ဟန် ၁၊ အဆုံးအဖြတ်ခံဟန် မိန်းမကြီး ၁၊ မိန်းမငယ် လည်ရွဲကိုင်လျက် ၁။ |
| ၁၁၁။ | ဂဒြဘဇာတ် | နန်းဆောင်နှင့် ဝိဒေဟရာဇ်မင်း ၁၊ လျှောက်ဟန် သုခမိန် ၄၊ မဟောသဓာ အဖသေဋ္ဌေး ၁၊ ဘုရားလောင်း မဟောသဓာ သုခမိန် ၁၊ မင်းအားပြဟန် မြည်း ၁။ |
| ၁၁၂။ | အမရဒေဝီဇာတ် | ဘုရားလောင်း မဟောသဓာ ခရီးသွားဟန် ၁၊ အမရဒေဝီ ယာဂုအိုးရွက်လျက် တူရူဆိုင်မိဟန် ၁။ |
| ၁၁၃။ | သိင်္ဂါလဇာတ် | တောဦး မြေခွေး ၁၊ ပုဏ္ဏား ဥစ္စာတူးဟန် တူးရွင်းကိုင်လျက် ၁၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုး ဆိုဟန် ၁။ |
| ၁၁၄။ | မိတစိန္တိဇာတ် | မြစ်တွင်း တံငါ ကွန်ပစ်ဟန် ၁၊ဘုရားလောင်း ငါး နှင့် အဆွေ ငါးနှစ်ခုကို လွှတ်ဟန် ၃။ |
| ၁၁၅။ | အနုသာသကဇာတ် | သစ်ပင်ထက် ဘုရားလောင်း ငှက်မင်း အခြံအရံနှင့် နေဟန် ၃။ |
| ၁၁၆။ | ဒုဗ္ဗစဇာတ် | လှံကစားသော ဘုရားလောင်းလုလင် ၁၊ ဘုရား လောင်းစကားကို မနာပဲ လှံ ငါးစင်းကို ခုန်၍ လှံ စူးလျက် သေသော လုလင် ၁။ |
| ၁၁၇။ | တိတ္တိရဇာတ် | ဟိမဝန္တာ ဘုရားလောင်း ရသေ့ ၁၊ ပေါက်ဆိန် ကိုင် လျက် ထင်းခွဲသော ရသေ့ ၁၊ ခွဲလော စီရင်သော ရသေ့ ၁၊ တောင်ပို့ထက် ခါ ၁။ |
| ၁၁၈။ | ဝဋ္ဋကဇာတ် | ငုံး ကိုင်လျက် အိမ်နှင့် မူဆိုး ၁၊ ဘုရားလောင်း ငုံး ပျံထွက်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၁၁၉။ | အကာလရဝိဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခ အိမ်နှင့် ၁၊ တပည့်လုလင် လျှောက်ဟန် ၂၊ ကြက် ၁။ |
| ၁၂၀။ | ဗန္ဓနာမောက္ခဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း ပုရောဟိတ် ၁၊ မိဖုရား ၁။ |
| ၁၂၁။ | ကုသနာလိဇာတ် | ကုဟည်းပင်ထက် ရုက္ခစိုးနတ် ၁၊ ၎င်းကုဟည်းပင် ပင်စည်တွင် အခေါင်းနှင့် ဖွတ် ၁၊ သမန်းဖုတ် ကြူရုံနှင့် ဘုရားလောင်း ရုက္ခစိုးနတ် ၁၊ပေါက်ဆိန် ထမ်းလျက် လက်သမား ၁။ |
| ၁၂၂။ | ဒုမ္မေဓဇာတ် | တောင်ထိပ်ထက် မင်္ဂလာမင်း ၁၊ ဆင်ထိန်း ချွန်းနှင့် စီးလျက် ဘုရားလောင်း ဆင်ဖြူ ၁။ |
| ၁၂၃။ | နင်္ဂလိသဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခ ဆရာ ညောင်စောင်းထက် လျောင်းလျက် ၁၊ ညောင်စောင်းခြေရင်း ခုရန် မရှိ၍ ပေါင်ဖြင့် ခုလျက်နေသော တပည့်လုလင် ၁။ |
| ၁၂၄။ | အမ္ဗဇာတ် | တော၌ ဘုရားလောင်း ရသေ့ ၁၊ သစ်ပင်ကိုဖြတ်၍ ပြုသော ကျင်း၌ သားငှက်တို့ကို ရေပေးရသော ရသေ့ ၁၊ သားငှက်တို့ သစ်သီးဝလံ ယူခဲ့လျက် ရေသောက်လှာဟန် ၂။ |
| ၁၂၅။ | ကဋာဟကဇာတ် | ဘုရားလောင်း သေဋ္ဌေး ၁၊ ၎င်းသေဋ္ဌေး ဆံကို ဖြေ၍ သေဋ္ဌေးသမီး သန်းရှာဟန် ၁၊ သေဋ္ဌေးသား ခစားလျက် ၁။ |
| ၁၂၆။ | အသိလက္ခဏဇာတ် | နန်းဆောင်နှင့် ဘုရားလောင်း ဗာရာဏသီမင်း ၁၊ သန်လျက်ကို နန်း၍ လက္ခဏာဖတ်ဟန် ပုဏ္ဏား ၁၊ သန်လျက် ဆက်လှာသသူ ၁။ |
| ၁၂၇။ | ကလဏ္ဍုကဇာတ် | ဘုရားလောင်း ဗာရာဏသီသေဋ္ဌေး အိမ်နှင့် ၁၊ ကလဏ္ဍုကမည်သော ကျွန် ၁၊ ၎င်းခေါ်သူ သန်လျက် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁၂၈။ | ဗိဠာရဇာတ် | ဘုရားလောင်း ကြွက်မင်း ၁၊ အခြံအရံ ကြွက် ၄၊ ကြွက်များရှေ့တွင် ခြေတချောင်း တည်ထောက်လျက် ခံတွင်းဖွင့်၍ နေကိုရှေ့ရှုနေသောကြောင် ၁။ |
| ၁၂၉။ | အဂ္ဂိကဇာတ် | ဘုရားလောင်း ကြွက်မင်း ၁၊ အခြံအရံ ကြွက် ၄၊ ကြွက်များရှေ့တွင် ခြေတချောင်း တည်ထောက်လျက် ခံတွင်းဖွင့်၍ နေကို ရှေ့ရှုနေသော ဦးစွန်းကဲ့သို့ အမွေးရောက်သော ကြောင် ၁။ |
| ၁၃၀။ | ကောသိယဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ အိမ်နှင့် ၁၊ တပည့်လုလင်တို့နှင့် ပြောဟောဟန် ၂။ |
| ၁၃၁။ | အသမ္ပဒါနဇာတ် | ဒေဝဒတ်အလောင်း ပိလိယသေဌေး ဆန်တင္ဍုံပေးဟန် အိမ်နှင့် ၁၊ ဘုရားလောင်း သခ်သေဌေး လှမ်းယူဟန် ၁၊ |
| ၁၃၂။ | အဘိရူကဇာတ် | စရပ်တွင် ဘုရားလောင်း မင်းသား ၁၊ ဘီလူးမဖြားယောင်းဟန် ၁၊ တက္ကသိုလ်မင်း ဆင်စီး၍ ပြည်လှည့်ဟန် ၁။ |
| ၁၃၃။ | ဃဋ္ဌသနဇာတ် | ရေအိုင်နား၌ သစ်ပင်ထက် ဘုရားလောင်းငှက်မင်း အခြံအရံများနှင့် နေဟန် ၂၊ ရေအိုင်လယ်၌ နဂါး ၁၊ ရေအိုင်မှ မီးလျှံထဟန် ၁။ |
| ၁၃၄။ | ဈာနသောဓေ | ဘုရားလောင်း ရသေ့အဖြစ်မှ စုတေ၍ ဗြဟ္မာဖြစ်လျှင် တော၌ တပည့်တို့အား ပြောဟောလှာဟန် ၁၊ တပည့်ရသေ့ ၂၊ (ဗြဟ္မာရုပ်ကို သိစေခြင်းငှါ လောကီအလိုသို့ လိုက်၍ ရှေးပုံတွင် မျက်နှာလေးခု လုပ်သည်)။ |
| ၁၃၅။ | စန္ဒာဘဇာတ် | ဘုရားလောင်း ဗြဟ္မာကြီးလာ၍ တပည့်တို့အား ပြောဟောလှာဟန် မျက်နှာလေးခုနှင့် ၁၊ တပည့်ရသေ့ ၂။ |
| ၁၃၆။ | သုဝဏ္ဏဟံသဇာတ် | ဘုရားလောင်း ရွှေအဆင်းရှိသော ဟင်္သာမင်း ၁၊ ပုဏ္ဏေးမ ၁၊ သမီး ပုဏ္ဏေးမ ၃။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁၃၇။ | ဗဗ္ဗုဇာတ် | တောအရပ် ဖလ်ကျောက်ဂူ၌ ကြွက်မ ၁၊ ကြောင် သေဟန် ၄၊ ဘုရားလောင်း ကျောက်ဆတ်သမား ကြွက်မအား အစာပေးဟန် ၁။ |
| ၁၃၈။ | ဂေါဓဇာတ် | တောဥ္ဘ ဘုရားလောင်း ဖွတ် ၁၊ ဆောက်ပုတ်နှင့် ပစ်ဟန် တောင်ပို့သို့ဝင်၍ ခေါင်းဖော်လျက် ရသေ့ ကို ဖွတ်မင်း ခြိမ်းဟန် ၁။ |
| ၁၃၉။ | ဥဘတောအဌဇာတ် | ငါးမျှားသည်တွင် သစ်ငုတ်၌ငြိသည်ကို ငါးမှတ်၍ ရေတွင် ငါးငုတ်ဟန် ၁၊ သစ်ပင်ထက် ဘုရား လောင်း ရုက္ခစိုးနတ် ၁။ |
| ၁၄၀။ | ကာကဇာတ် | ထီးဖြူ ဆောင်းသော ရာဇပလ္လင်ထက် ဘုရား လောင်း ကျီးမင်း တရားဟောဟန် ၁၊ ဗာရာဏသီ မင်းတရားနာဟန် ၁၊အမတ် ၁။ |
| ၁၄၁။ | မဟာဂေါဓဇာတ် | တောင်ပို့တွင် ဖွတ်အများနှင့် ဘုရားလောင်းဖွတ် မင်းနေဟန် ၁၊ပုတ်သင် ၁၊မုဆိုးဆောက်ပုတ်နှင့် ၁၊ ခွေး ၁။ |
| ၁၄၂။ | သိင်္ဂါလဇာတ် | သုသာန်တွင် မြေခွေးအများနှင့် ဘုရားလောင်း မြေခွေးမင်း နေဟန် သေသောက်ကြူး ဆောက်ပုတ် ကိုင်လျက် သေယောင်မှုဟန် ၁၊ ၎င်းဆောက်ပုတ် ကို မြေခွေးမင်း ခဲဟန် ၁။ |
| ၁၄၃။ | ဝိရောစဇာတ် | ရွှေဂူတွင်း၌ ဘုရားလောင်း ခြင်္သေ့နေဟန် ၁၊ ဆင် ၁၊ တောင်ထိပ်မှ ၎င်းဆင်သို့ မြေခွေးခုန်ဟန် ဆင်ခြေရင်းသို့ ကျ၍ နင်းဟန် ၁။ |
| ၁၄၄။ | နင်္ဂုဋ္ဌဇာတ် | တောဥ္ဘ ဘုရားလောင်း ရသေ့ပြု၍ သင်္ခမ်း၌ နေ ဟန် ၁၊ ပူဇော်သော မီးပုံကို အကျိုးမရှိဟု ရေဖြင့် ငြိမ်းစေဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁၄၅။ | ရာဓဇာတ် | ဘုရားလောင်း ကျေးသား ညီနောင် ၂၊ ၎င်းတို့ကို မွေးသော ပုဏ္ဏား, ပုဏ္ဏေးမ အိမ်နှင့် ၂။ |
| ၁၄၆။ | ကာကဇာတ် | သမုဒ္ဒရာတွင် မျော၍ ကျီးမကို ငါးမျိုးဟန် ၁၊ ကျီးဖို ကြွေးကြော်ကြဟန် ၃၊ ဘုရားလောင်း သမုဒ္ဒရာ စောင့်နတ် ၁။ |
| ၁၄၇။ | ပုပ္ဖရတ္တဇာတ် | တံကျင်လျှိုလျက် လူ ၁၊ ကောင်းကင်၌ တည်လျက် ဘုရားလောင်း နတ် ၁။ |
| ၁၄၈။ | သိင်္ဂါလဇာတ် | ဆင်သေ တခုသို့ ဘုရားလောင်းခွေး ဝင်စား၍ ထွက်ဟန် ၁၊ ထိုနောင် လောဘကိုနှိမ်၍ တော၌ နေဟန် ၁။ |
| ၁၄၉။ | ဧကပဏ္ဏဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန် ၁၊ တမာရွက်ကို ကိုင်၍ စားဟန် မင်းသား ၁၊ တမာရွက်ကို ပုံပြု၍ ဆုံးမဟန် ရသေ့ရုပ်လျက် ၁။ |
| ၁၅၀။ | သဉ္ဇီဝဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ ၁၊ တပည့် အတတ်သင်ဟန် ၁၊ ကျားသေကို ရှင်စေ၍ ရှင်စေ သောသူကို ၎င်းကျားခဲ၍ သေဟန် ၁။ |
| ၁၅၁။ | ရာဇောဝါဒဇာတ် | ရထားထိန်း ၁၊ ဗြဟ္မဒတ်မင်း စီးသော မြင်းရထား ၁၊ ရထားထိန်း ၁ နှင့် ဘလ္လိကမင်းစီးသော မြင်းက သော ရထား ၁၊ ခရီး ရင်ဆိုင် တွေ့ဟန် ။ |
| ၁၅၂။ | သိင်္ဂါလဇာတ် | ဟိမဝန္တာ ရွှေဂူတွင် ခြင်္သေ့မယ် ၁၊ ငွေတောင် ထက် ဖလ်ဂူတွင် မြေခွေး ၁၊ ၎င်းမြေခွေးကို ဟောက်၍ သေဟန် ခြင်္သေ့ ၆၊ ဘုရားလောင်း ခြင်္သေ့ တက်၍ဟောက်ဟန် ၁။ |
| ၁၅၃။ | သူကရဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းခြင်္သေ့ ကျောက်ဂူတွင် နေဟန် ၁၊ ၎င်းခြင်္သေ့ကို ရန်မူသည့် ဝက် ၁။ |
| ၁၅၄။ | ဥရဂဇာတ် | မြစ်တွင် ဘုရားလောင်းရသေ့ ရေချိုးဟန် ၁၊ နဂါးကို ဂဠုန်လိုက်ဟန် ၁၊ ရသေ့ လျှော်တေသို့ နဂါး ခိုဝင်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁၅၅။ | ဘဂ္ဂဇာတ် | ဗာရာဏသီမြို့အနီး စရပ်တွင် ဘုရားလောင်း သား အဖ တည်းခိုဟန် ၂၊ ထုပ်ထက် ဘီလူးနေ၍ ချေ ဆတ်အောင်ပြုဟန် ဘီလူးကို ဘုရားလောင်း ဆုံးမ ၍ အဖ ခြေကို ဆုပ်နယ်စေဟန် ၂။ |
| ၁၅၆။ | အလီနစိတ္တဇာတ် | ဆင်ဖြူ ၁၊ မိဖုရား ဆင်ကို ဆိုဟန် ၁၊ ဘုရားလောင်း မင်းသားကို နှာမောင်းဖြင့် ချီ၍ ဦးကင်သို့ တင် ဟန် ၁။ |
| ၁၅၇။ | ဂုဏဇာတ် | ဟိမဝန္တာ ကျောက်ဂူ၌ ဘုရားလောင်း ခြင်္သေ့မင်း နေဟန် ၁၊ ကျောက်ဂူမှ တက်၍ ကျက်စားသည် တွင် ညွန်ပျောင်း၌ ခြင်္သေ့မင်း နစ်ဟန် ၁၊မြေခွေး ကယ်ဆယ်ဟန် ၁။ |
| ၁၅၈။ | သုဟနုဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁၊ မြင်း ၁။ |
| ၁၅၉။ | မောရဇာတ် | ဥဒေါင်းမင်း တရားဟောဟန် ၁၊ ဗာရာဏသီမင်း တရားနာဟန် ၁၊ မိဖုရား ၁။ |
| ၁၆၀။ | ဝိနီလကဇာတ် | ဖြူသော သိန္ဓောမြင်း ကသောရထား စီးလျက် ဝိဒေဟရာဇ်မင်း မြို့လှည့်ဟန် ၁၊ ဟင်္သာနှစ်ကောင် လှံကန်ကိုင်လျက် ကျီးကို စီးစေ၍ ပျံသွားဟန် ၁၊ ဘုရားလောင်း ဟင်္သာမင်းအား ဟင်္သာ ၂၃ လျှောက်ဟန် ၁။ |
| ၁၆၁။ | ဣန္ဒသမာနဂုတ္တ | ဟိမဝန္တာ သင်္ချိုင်း၌ ဘုရားလောင်း ရသေ့ နေဟန် ၁၊ ရသေ့တို့ လျှောက်ဟန် ၁၊ ဆင်မွေးသောရသေ့ ကို ဆင်နှင့် သတ်ဟန် ၁။ |
| ၁၆၂။ | သန္ထဝဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း ရသေ့ မီးပူဇော်ဟန် မီးပုံနှင့် ၁၊ ကျောင်းသင်္ချိုင်းကို မီးလောင်ဟန် မီးလျှံနှင့် ၁။ |
| ၁၆၃။ | သုသီမဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်း ပုဏ္ဏားလုလင် ဆင်ကို မင်္ဂလာပြုဟန် ကရားကိုင် လျက် ၁၊ ဆင် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၁၆၄။ | ဂိဇ္ဈဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်းငှင်းတကို ဖမ်းမိ၍ အမတ်တို့ဆက်ဟန် ၁၊ သေဌေးလျှောက်ဟန် ၁။ |
| ၁၆၅။ | နကုလဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းရသေ့ စကြံသွားဟန် ၁၊ တောင်ပို့တွင် မြွေ ၁၊ မြွေပါ ၁။ |
| ၁၆၆။ | ဥပသာဠဇာတ် | ဂိဇ္ဈကုဋ်တောင်၌ ဘုရားလောင်းရသေ့ နေဟန် ၁၊ ၎င်းတောင်ကြားသို့ ပုဏ္ဏား သားအဖတို့လာ၍ ရပ်လျက် ဘုရားလောင်းနှင့် ပြောဟောဟန် ၂။ |
| ၁၆၇။ | သမိဒ္ဓိဇာတ် | ဟိမဝန္တာတွင် တခုသော အိုင်၌ ဘုရားလောင်းရသေ့ ရေချိုးပြီး၍ အပေါ်ရုံသက်န်းကို လက်ကိုင်လျက် သင်းပိုင်နှင့်သာ နေဟန် ၁၊နတ်သမီးကပ်၍ ဖြားယောင်းဟန် ၁၊ ရေအိုင် ၁။ |
| ၁၆၈။ | သကုဏဂ္ဃိဇာတ် | ဘုရားလောင်း ဘီလုံးငှက်ကို သိန်းငှက် သုတ်ယူဟန် ၁၊ ထိုနောက် လွတ်ပြန်၍ ထွန်ချေးစု၌ ဘီလုံးငှက် ဝပ်ဟန်၊ တဖန် သိန်းသုတ်ယူသည်တွင် ထွန်ချေးစုနှင့် ခိုက်မိ၍ သိန်းငှက်သေဟန် ၁။ |
| ၁၆၉။ | အရကဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း ရသေ့ပြု၍ ရသေ့အပေါင်းတို့အား ဆုံးမဟန် ၁၊ ရသေ့အပေါင်းတို့ နာခံဟန် ၂။ |
| ၁၇၀။ | ကကဏ္ဋကဇာတ် | ဝိဒေဟရာဇ်မင်း ရထားနှင့် ဥယျာဉ်သို့ထွက်ဟန် ၁၊ တံခါးတိုင်ထက်မှ မြေသို့ သက်၍ ပုတ်သင် ဝပ်ဟန် ၁၊ မဟောသဓာ လျှောက်ဟန် ၁။ |
| ၁၇၁။ | ကလျာဏဓမ္မဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း သေဌေး ရသေ့ပြုလို၍ ခွင့်တောင်းဟန် ၁။ |
| ၁၇၂။ | ဒဒ္ဒရဇာတ် | ဟိမဝန္တာ ငွေဂူ၌ ဘုရားလောင်း ခြင်္သေ့မင်းနေဟန် ၁၊ ခြင်္သေ့တို့ မြူးတူးဟန် ၄၊ မြေခွေး မြူးတူးဟန်၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၁၇၃။ | မက္ကဋဇာတ် | ဟိမဝန္တာ သင်္ချိုင်း၌ ဘုရားလောင်းရသေ့ အိပ်သည်ကို သား ရသေ့ငယ် ခြေ့လှုက်ဆုပ်ဟန် ၁၊ ရသေ့ယောင်ဆောင်၍ မျောက်လာဟန် ၁။ |
| ၁၇၄။ | ဒုဗ္ဘိမက္ကဋဇာတ် | ခရီးသွားသော ဘုရားလောင်းပုဏ္ဏားသည် ရေတွင်း၌ ရေငင်၍ မျောက်တို့အား ပေးပြီးလျှင် သစ်ပင်အောက်၌ အိပ်ဟန် ၁၊ ဒေဝဒတ်အလောင်းမျောက် ခြိမ်းခြောက်၍ ကျေးဇူးမဲ့ ပြုဟန် ၁။ |
| ၁၇၅။ | အာဒိစ္စုပဋ္ဌာန | ဘုရားလောင်း ရသေ့ပြု၍ တပည့်များနှင့် သင်္ချိုင်းတွင် နေဟန် ၁၊ သီလရှိယောင် နေကို ရှိခိုး၍ မျောက် နေဟန် ၁။ |
| ၁၇၆။ | ကလာယမုဋ္ဌိဇာတ် | သစ်ပင်သို့ ဖက်ဆုပ်၍ တက်ဟန် မျောက် ၁၊ ၎င်း သစ်ပင်ရင်းတွင် မြင်းကို ပဲကျွေးဟန် စားခွက်နှင့် မြင်း ၁၊ ဗာရာဏသီမင်း ၁၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၁၇၇။ | တိန္ဒုကဇာတ် | ဘုရားလောင်း မျောက်နှင့် မျောက်အများ တက်လျက် တည်ပင် ၁၊ အိမ်ကို မျောက် မီးရှို့ဟန် မီးရှူးကိုင်လျက် ၁။ |
| ၁၇၈။ | ကစ္ဆပဇာတ် | ဘုရားလောင်းအိုးထိန်း လိပ်ကိုတူးမိဟန် ပေါက်တူးကိုင်လျက် ၁၊ ရွာသူတို့အား ဘုရားလောင်း တရားဟောဟန် ၁၊ ရွာသူတို့ နာဟန် ၄။ |
| ၁၇၉။ | သတဓမ္မဇာတ် | ဘုရားလောင်း ဒွန်းစဏ္ဍား ထမင်းထုပ်ဖြေ၍ စားလျက် ပုဏ္ဏားလုလင်ကို ခေါ်ဟန် ၁၊ ပုဏ္ဏားလုလင် ငြင်းဆန်ဟန် ၁။ |
| ၁၈၀။ | ဒုဒ္ဒဒဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ဘုရားလောင်း ရသေ့နေဟန် သင်္ချိုင်းနှင့် ၁၊ တပည့်ရသေ့ ၂။ |
| ၁၈၁။ | အသဒိသဇာတ် | သရက်သီးခိုင်နှင့် သရက်ပင် ၁၊ ဘုရားလောင်း အသဒိသမင်းသား လေးနှင့်ပစ်ဟန် ၁၊ သရက်ပင် အနီးတွင် မှူးမတ်အခြံအရံနှင့် သာမန္တမင်း ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၁၀၂။ | သင်္ဂါမာဝစရဇာတ် | ဦးစီးနေ၁က်ထိုင်နှင့် သာမန္တမင်း စီးလျက် ဆင် ၁၊ ဘုရားလော င်း ဆင်ဆရာ ဆင်ကို ဆုံးမဟန် ၁။ |
| ၁၀၃။ | ဝါယောဒကဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁၊ သိန္ဓောမြင်း ၁၊ မြည်း၁။ |
| ၁၀၄။ | ဂိရိဒတ္တဇာတ် | မြင်းကို ဆွဲလျက် ခြေခွင်သော မြင်းထိန်း ၁၊ဘုရား လောင်း အမတ် ရပ်၍ ဆင်ခြင်ဟန် ၁။ |
| ၁၀၅။ | အနဘိရတိဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခ အိမ်နှင့် ၁၊ တပည့် တို့နှင့် ပြောဟောဟန် ၂။ |
| ၁၀၆။ | ဒဓိဝါဟနဇာတ် | သရက်ပင်နှင့် တမာပင် အမြစ်, အရွက် အခက် စပ်ရှက်လျက် ၂၊ ဥယျာဉ်၌ ဗာရာဏသီမင်း နေ ဟန် ၁၊ ဘုရားလောင်းအမတ် ဖြေဟန် ၁။ |
| ၁၀၇။ | စတုမဋ္ဌဇာတ် | ဘုရားလောင်း ရုက္ခစိုးနတ် ၁၊ မင်းသားနှင့် သစ်ပင် ၁၊ ၎င်းသစ်ပင်အောက် မြေခွေး ၁။ |
| ၁၀၈။ | သီဟကောတ္ထု | ဟိမဝန္တာရွှေဂူ၌ ဘုရားလောင်း ခြင်္သေ့မင်း ၁၊ ခြင်္သေ့မ ၁၊ မြေခွေး ၁၊ ခြင်္သေ့ငယ် ၁၊ မြေခွေး ငယ် ၁။ |
| ၁၀၉။ | သီဟစမ္မဇာတ် | ခြင်္သေ့ရေနံ့လွှမ်းသော မြည်း မုယောခင်းကို စား ဟန် ၁၊ ရွာသားတို့ ခရုသင်းမှုတ်ဟန် ၁၊ ဘုရား လောင်း လယ်လုပ်ယောကျ်ား ၁။ |
| ၁၉၀။ | သီလာနိသံသဇာတ် | သမုဒ္ဒရာရေအပြင်၌ သင်္ဘောပျက်သော လူ ၂ ကို ဘုရားလောင်း သမုဒ္ဒရာစောင့်နတ် လှေနှင့် ကယ် ဆယ်ဟန် ၁။ |
| ၁၉၁။ | ရုဟကဇာတ် | ဘုရားလောင်း ဗြဟ္မဒတ်မင်း နန်းဆောင်နှင့် ၁၊ မြင်းကြိုးပြင် က တန်းဆာ ဆင်လျက် မြင်းကဲ့သို့ မင်းရင်ပြင်သို့ လာသော ပုဏ္ဏား ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၁၉၂။ | သိရိကာဠကဏ္ဏိ | ပိဂ္ဂုတ္တရလုလင် ပေါက်တူးနှင့် ခရီးသုတ်သင်ဟန် ၁၊ ဥဒုမ္ဗရဒေဝီနှင့် ဝိဒေဟရာဇ်မင်း မြင်းက သော ရထားစီး၍ လာဟန် ၁၊ မဟောသဓာ လျှောက် ဟန် ၁။ |
| ၁၉၃။ | စူဠပဒုမဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မိန်းမ လျှောက်ဟန် ၁၊ ထိုမိန်းမကို ခေါင်းကို ချင်းဖွဲ့၍ လက်, ခြေ, နှာခေါင်း မရှိသော လူကို ထည့်ပြီးလျှင် ပြည်မှ နှင်ထုတ်ဟန် ၁။ |
| ၁၉၄။ | မဏိစောရဇာတ် | ဘုရားလောင်း သူကြွယ်သား ဆင်ထက် စီးဟန် ၁၊ ဗာရာဏသီမင်းကို သူသတ်တို့ သတ်ဟန် ၁၊ သိကြားမင်း ကောင်းကင်က တည်လာဟန် ၁။ |
| ၁၉၅။ | ပဗ္ဗတုပတ္ထရဇာတ် | မိဖုရားနှင့်တကွ ဗာရာဏသီမင်းနှင့် နန်းဆောင် ၁၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၁၉၆။ | ဝလာဟကဇာတ် | ကိုယ်လုံးဖြူသော ကျီးကဲ့သို့ ညိုသောခေါင်း ဖြူဆံ မြက်ကဲ့သို့ အမှတ်မရှိသော ဘုရားလောင်း ဝလာ ဟကမြင်းသည် ဘီလူးဘေးမှ လွတ်စိမ့်သောငှါ လူ အများကို ဆောင်ဟန် ခြေလေးဖက်, အမြီး, ဦးခေါင်း, ကျောက်၌ လူစီးလျက် ၁။ |
| ၁၉၇။ | မိတ္တာမိတ္တဇာတ် | ဘုရားလောင်းရသေ့ ဟိမဝန္တာသခ်ဏ်း၌နေဟန် ၁၊ ရသေ့တို့ လျှောက်ဟန် ၁၊ ဆင်မွေးသောရသေ့ကို ဆင်နင်းဟန် ၁။ |
| ၁၉၈။ | ရာဓဇာတ် | အိမ်နှင့် ပုဏ္ဏား ပုဏ္ဏေးမ ၂၊ ကျေးသားကို ပုဏ္ဏေးမ သတ်၍ သေဟန် ၁၊ ဘုရားလောင်း ကျေးသား ၁။ |
| ၁၉၉။ | ဂဟပတိဇာတ် | ဘုရားလောင်း သူကြွယ်သား မယားဆံကို ဆွဲ၍ ရိုက်ဟန် ၁၊ ရွာစားအမတ် ဆိုဟန် ၁။ |
| ၂၀၀။ | သာဓုသီလဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ အိမ်နှင့် ၁၊ ပုဏ္ဏားတဦး လျှောက်ဟန် ၁၊ ပုဏ္ဏားသမီး ၄။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၀၁။ | ဗန္ဓနာဂါရဇာတ် | ဘုရားလောင်း ရသေ့ပြု၍ နေဟန် ၁၊ မယား သား ငယ် ၁။ |
| ၂၀၂။ | ကေလိသီလဇာတ် | ဗြဟ္မဒတ်မင်း ဆင်စီး၍ ထွက်ဟန် ၁၊ ပြက်ရယ်ပြုလေ့ ရှိသည်ကို ဘုရားလောင်း သိကြားမင်း ဝဇီရစိန် လက်နက်စွဲလျက် ဆုံးမလာဟန် ၁။ |
| ၂၀၃။ | ခန္ဓကဝတ္တဇာတ် | ဟိမဝန္တာသခ်ၢး၌ ဘုရားလောင်း ရသေ့ပြု၍ နေဟန် ၁၊ ရသေ့တို့ လျှောက်ဟန် ၂၊ မြွေ ၁။ |
| ၂၀၄။ | ဝိရကဇာတ် | တခုသောအိုင်နား၌ သစ်ပင်ထက်ကဘုရားလောင်း တိန်ညင်းငှက်မင်းနှင့် ကျီးမ, ကျီးဖို ၁၊ ၎င်းအိုင်လယ်တွင် ကျီးဖို ရေနစ်ဟန် ၁။ |
| ၂၀၅။ | ဂင်္ဂေယျဇာတ် | ဂင်္ဂါနား သစ်ပင်တွင် ဘုရားလောင်းရုက္ခစိုးနတ် ၁၊ ဂင်္ဂါတွင် ငါး ၂၊ လိပ် ၁။ |
| ၂၀၆။ | ကုရုင်္ဂမိဂဇာတ် | ရေကန်နားတွင် ကျော့ကွင်း၌ ဘုရားလောင်း ဆတ်မင်းကို မိဟန် ၁၊ လိပ်သည် ကျော့ကွင်းကို ဖြတ်ဟန် ၁၊မုဆိုးလှံကိုင်၍ ထွက်ဟန် ၁၊ခေါက်ရှာငှက် ဆီးတားဟန် ၁။ |
| ၂၀၇။ | အဿကဇာတ် | ဥယျာဉ်၌ ဘုရားလောင်းရသေ့တရားဟောဟန် ၁၊ အဿကမင်း တရားနာဟန် ၁။ |
| ၂၀၈။ | သုံသုမာရဇာတ် | ဂင်္ဂါ၌ ဘုရားလောင်း မျောက်မင်းကို မိကျောင်း တင်၍ သဖန်းပင်သို့ရွှေ့ရှုသွားဟန် ၁၊သဖန်းပင် ၁။ |
| ၂၀၉။ | ကုက္ကုရဇာတ် | ဘုရားလောင်း ရုက္ခစိုးနတ်နှင့် သစ်ပင် ၁၊ မုဆိုး တိန်ညင်ကိုင်လျက် ထောင်ဟန် ၁၊ ဥပုတ်ငှက် ပြေးဟန် ၁။ |
| ၂၁၀။ | ကန္ဒဂလကဇာတ် | ရှားပင်ထက် ဘုရားလောင်း ခေါက်ရှာငှက် ၁၊ သခွပ်ပင်ထက် ဒေဝဒတ်အလောင်း ခေါက်ရှာငှက် ၁၊ ၎င်းခေါက်ရှာငှက် သေဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၁၁။ | သောမဒတ္တဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ပုဏ္ဏားကြီး နွားတောင်းဟန် ၁၊ဘုရားလောင်းသား ပုဏ္ဏား ၁။ |
| ၂၁၂။ | ဥစ္ဆိဋ္ဌဘတ္တဇာတ် | ပုဏ္ဏားကို ပုဏ္ဏေးမ ထမင်းပွဲ ပေးဟန် ၁၊ ဘုရားလောင်း သူပုံးစား ရပ်လျက် ကြည့်ဟန် ၁။ |
| ၂၁၃။ | ကုရုဇာတ် | ဘုရားလောင်းရသေ့ကြီး ၁၊ပညောင်ပင် ၁၊ ရသေ့ကို အငြင်းအခုံဖြစ်၍ လျှောက်ဟန် ၂။ |
| ၂၁၄။ | ပုဏ္ဏနဒီဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း ပုရောဟိတ် ၁၊၎င်းကို ကျီးသားဟင်းမျိုး ဟင်းရွက် ထုပ်နှင့် မှာစာ ကမ်းဟန် လူ ၁။ |
| ၂၁၅။ | ကစ္ဆပဇာတ် | ဟသ်ာနှစ်ခု လှံတံတွင် လိပ်ကို ကိုက်စေ၍ ကောင်းကင်၌ ဆောင်ဟန် ၁၊ သူငယ်တို့ လက်ညှိုးညွှန်၍ ဆိုဟန် ၁၊ လိပ် မြေသို့ ကျဟန် ၁၊ ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၂၁၆။ | မစ္ဆဇာတ် | သဲပြင်၌ ငါး ၁၊ တံငါ တံစို့ ကိုင်လျက် မီးပုံဟန် ၁၊ ဘုရားလောင်း ပုရောဟိတ်လာ၍ ပြောဆိုဟန် ၁။ |
| ၂၁၇။ | သိဂ္ဂုဇာတ် | သမီးငယ်ကို အဖလက်ကိုင်ဟန် ၁၊ ဘုရားလောင်း ရုက္ခစိုးနှင့် သစ်ပင် ၁။ |
| ၂၁၈။ | ကူဋဝါဏိဇဇာတ် | ဘုရားလောင်းအမတ် တရားဆုံးဖြတ်ဟန် ၁၊ အဆုံး အဖြတ်ခံဟန် လူ ၂။ |
| ၂၁၉။ | ဂရဟဇာတ် | ဘုရားလောင်း မျောက် ဗာရာဏသီမှ ပြန်၍ တောသို့ ရောက်လျှင် မျောက်တို့အား ပြောဟောဟန် ၁၊ မျောက်တို့ မကြားဝံ့ဟု နားပိတ်ကြဟန် ၂။ |
| ၂၂၀။ | ဓမ္မဓဇဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ စစ်သူကြီး လျှောက်ဟန် ၁၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန် ၁၊ စစ်သူကြီးကို ခြေ၌ကိုင်၍ ပြည်သူတို့ ပစ်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အကျဉ်း အရေးအတွက် |
|---|---|---|
| ၂၂၁။ | ကာသာဝဇာတ် | သက်န်းဝတ်လျက် မုဆိုး လေးစွဲဟန် ၁၊ ဘုရားလောင်းဆင်မင်း ထိုးသတ်မည်ပြုဟန် ၁။ |
| ၂၂၂။ | စူဠနန္ဒိယဇာတ် | ပညောင်ပင်ထက် အမိ မျောက်အိုမ ၁၊ ဘုရားလောင်းမျောက်မင်း ၁၊ ညီ မျောက် ၁၊ မုဆိုးလေးနှင့် ပစ်ဟန် ၁။ |
| ၂၂၃။ | ပုဋဘတ္တဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မိဖုရား ၁၊ အမတ် လျှောက်ဟန် ၁။ |
| ၂၂၄။ | ကုမ္ဘီလဇာတ် | မြစ်တဖက်၌ သစ်ပင်ထက် မျောက်မင်း ၁၊ မြစ်တဖက်၌ ကျောက်ဖျာအောက် မိကျောင်း ၁၊ မြစ်တဖက်သို့ မျောက်မင်းခုန်၍ မိကျောင်းခေါင်း၌ နင်းပြီးလျှင် သစ်ပင်သို့ တက်ဟန် ၁။ |
| ၂၂၅။ | ခန္တိဝဏ္ဏဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ အမတ် လျှောက်ဟန် ၁၊ ပြစ်မှားသည့် လူ ၁။ |
| ၂၂၆။ | ကောသိယဇာတ် | ဝါးရုံ၌ ခင်ပုတ်အောင်းသည်ကို ကျီးအများ ထိုးဟန် ၁၊ ဥယျာဉ်၌ ဗာရာဏသီမင်း မေးဟန် ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁။ |
| ၂၂၇။ | ဂူထပါဏဇာတ် | မစင်စုထက် မစင်ပိုး ၁၊ ဆင်ပြောင် ၁၊သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ် ၁။ |
| ၂၂၈။ | ကာမနီတဇာတ် | ဗာရာဏသီမင်း နာ၍ လျောင်းဟန် ၁၊ ဘုရားလောင်း သိကြားမင်း ဆိုလှာဟန် ၁။ |
| ၂၂၉။ | ပလာယိတဇာတ် | ဗာရာဏသီမင်းသည် တက္ကသိုလ်ပြည်ကို တိုက်မည်လာသည်တွင် မဝံ့၍ ဆင်စီးလျက် ပြေးဟန် ၁၊ တံခါးမုတ် ၁၊ နန်းဆောင်နှင့် ဘုရားလောင်း တက္ကသိုလ်မင်း ၁။ |
| ၂၃၀။ | ဒုတိယပလာယိတ | ဘုရားလောင်း ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဂန္ဓာလရာဇ်မင်း ပြေးဟန် စစ်အင်္ဂါလေးပါးနှင့် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၃၁။ | ဥပါဟနဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မင်းရင်ပြင်၌ ဘုရားလောင်း ခါ မင်းဆရာ ဆင်စီး၍ ချွန်းကိုင်လျက် ၁၊ တပည့်ကို ဆင်ပေါ်က ချ၍ လူအများ ပုတ်ခတ်ဟန် ၂။ |
| ၂၃၂။ | ဝီနာတုနဇာတ် | နွားလပို့ကဲ့သို့ ကုန်းသောသူကို ကုန်းလက်ဆွဲ၍ ၁၊ သေဋ္ဌေးသားနှင့် သွားဟန် ၂၊ ဘုရားလောင်း သေဋ္ဌေး ပြောဆိုဟန် ၁။ |
| ၂၃၃။ | ဝိကဏ္ဏတဇာတ် | ဥယျာဉ်ရေကန်၌ ဘုရားလောင်း ဗာရာဏသီမင်း ကစားသည်တွင် ငါး၊ လိပ်တို့ မြူးတူးကုန်ဟန် ငါး လိပ်တို့ကို မိကျောင်း စားသည်တွင် သံမျှားချိတ်ဖြင့် ထိုး၍ ဖမ်းဟန် ၁။ |
| ၂၃၄။ | အသိတာဘူဇာတ် | ဟိမဝန္တာသင်္ချိုင်း၌ ဘုရားလောင်းရသေ့နေဟန် ၁၊ မင်းသမီး လျှောက်ဟန် ၁၊ ကိန္နရီ ၁၊ ၎င်းကို လိုက်ဟန် မင်းသား ၁။ |
| ၂၃၅။ | ဝစ္ဆနခဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန် ၁၊ သေဋ္ဌေး လျှောက်ဟန် ၁။ |
| ၂၃၆။ | ဗကဇာတ် | ဟိမဝန္တာအိုင် တခု၌ အခြံအရံနှင့် ဘုရားလောင်း ငါးမင်း နေဟန် ၁၊ ၎င်းအိုင်အနီး၌ ခေါင်းကိုချ၍ အတောင်ဖြန့်လျက် ငြိမ်သက်စွာ မာယာပြု၍ နေဟန် ဥဗျိုင်း ၁။ |
| ၂၃၇။ | သာကေတဇာတ် | ပုဏ္ဏား, ပုဏ္ဏေးမ အိမ်နှင့် ၂၊ ဘုရားလောင်းသား ပုဏ္ဏား ၁။ |
| ၂၃၈။ | ကေမဒဇာတ် | ဘုရားလောင်း ဗာရာဏသီသေဋ္ဌေး ပြဿနာ မေးသောသားယယ်ပိုက်လျက် အိမ်နှင့် ၁၊ သေဋ္ဌေးမ ၁။ |
| ၂၃၉။ | ဟရိတဇာတ် | တခုသောမြစ်၌ မြုံးအတွင်းငါးအများနှင့် မြွေ ၁၊ မြုံးအနီး ဘုရားလောင်းငါး ၁၊ မြုံးက မြွေထွက်၍ မေးဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၄၀။ | မဟာပိင်္ဂလဇာတ် | မဟာပိင်္ဂလမင်းသေဟန်လျှောင်းလျက် ၁၊ ထီးဖြူဆောက်သော ရာဇပလ္လင်ထက် ဘုရားလောင်း မင်းသား မင်းဖြစ်၍နေဟန် ၁၊တံခါးစောင့် လျှောက်ဟန် ၁။ |
| ၂၄၁။ | သဗ္ဗဒါဌိကဇာတ် | ဗာရာဏသီမင်းနန်းဆောင်နှင့် ၁၊ ဘုရားလောင်း ပုရောဟိတ် ၁၊ အခြေလေးခုအပေါင်းခြံရံလျက်ဆင်နှစ်စီးထက် ခြသေ့်တွင် မြေခွေးမနှင့်သဗ္ဗဒါဌိက မြေခွေး စစ်မူလာဟန် ၁။ |
| ၂၄၂။ | သုနခဇာတ် | ခွေးကိုသားရေလွန်နှင့် စရပ်တွင် ချည်ထားလျက်အိပ်ဟန် လူ ၁၊ ဘုရားလောင်း ပညာရှိ လာ၍ ဆိုဟန် ၁။ |
| ၂၄၃။ | ဂုတ္တိလဇာတ် | ထီးဖြူအောက်ရာဇပလ္လင်ထက် ဗာရာဏသီမင်း ၁၊ ဘုရားလောင်းဂုတ္တိလ စောင်းပိုက်လျက်တီးဟန် ၁၊ ၎င်းတပည့်စောင်းပိုက်လျက်တီးဟန် ၁၊ သိကြားကောင်းကင်ကနေလျှာဟန် ၁။ |
| ၂၄၄။ | ဝိဂတိစ္ဆဇာတ် | ဂင်္ဂါမြစ်ကွေ့ သင်္ခမ်း၌ ဘုရားလောင်းရသေ့ နေဟန်၊ ဝါဒဆိုလိုသောပရိဗိုဇ်ရဟန်း ၁။ |
| ၂၄၅။ | မူလပရိယာယဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ တပည့်တို့ကို ပြဿနာ မေးဟန် ၁၊ တပည့်ငါးရာတို့ မဖြေနိုင်ဟန် ၅။ |
| ၂၄၆။ | ဗာလောဝါဒဇာတ် | သူကြွယ်အိမ်၌ဘုရားလောင်းရသေ့ ကွမ်းစားပြီးနေဟန် ၁၊သူကြွယ် လျှောက်ဆိုဟန် ၁။ |
| ၂၄၇။ | ပါဒဉ္စလီဇာတ် | ဘုရားလောင်းအမတ်ကို ဗာရာဏသီပြည်တွင် မင်းမြှောက်ဟန် ထီးဖြူရာဇပလ္လင်နှင့် ၁၊ အမတ်တို့ ခစားဟန် ၁။ |
| ၂၄၈။ | ကိံသုကဇာတ် | ဗာရာဏသီမင်းနန်းဆောင်ဖြင့် ၁၊ မင်းသား လေးယောက်ကပ်၍ လျှောက်ဟန် ၄။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၂၄၉။ | မာလကဇာတ် | သရက်ပင်ထက်မျောက် ၁၊ ၎င်းကိုအလမ္ပါယ်ခေါ် ဟန် ၁၊ဘုရားလောင်းကုန်သည် ၁။ |
| ၂၅၀။ | ကပိဇာတ် | ဟိမဝန္တာသင်္ချိုင်း၌ ဘုရားလောင်းရသေ့ လျှောင်းသည်ကို သားရသေ့ ခြေ့လက်ဆုပ်ဟန် ၂၊မီးပုံ ၁၊ သက်န်းဝတ်လျက် ၁၊ ထမ်းပိုးနှင့် ပရိက္ခရာထမ်းလျက်လာဟန် မျောက် ၁။ |
| ၂၅၁။ | သင်္ကပ္ပဇာတ် | ဗာရာဏသီမင်း ဥယျာဉ်သင်္ချိုင်း၌ ဘုရားလောင်း စိတ်မသာ၍ လျှောင်းဟန် ၁၊ ဗာရာဏသီမင်း ခြေကိုဆုပ်၍ မေးဟန် ၁၊ ဆွမ်းထည့်လျက် ညောင်စောင်းအောက် သပိတ် ၁။ |
| ၂၅၂။ | တိလပုဋ္ဌိဇာတ် | နှမ်းတဆုပ် လုသောမင်းသားကို တပည့်နှစ်ယောက် လက်ကို ကိုင်စေလျက် ဘုရားလောင်း ဒိသာပါမောက္ခဆရာ ဝါးခြမ်းနှင့် ဆုံးမဟန် ၄။ |
| ၂၅၃။ | မဏိကဏ္ဍဇာတ် | ဂင်္ဂါနား၌ သင်္ချိုင်းနှင့် ဘုရားလောင်း ရသေ့ နေဟန် ၁၊ ညီတော် ရသေ့ကို မဏိကဏ္ဍနဂါးမင်း ခုနစ်ပတ်ရစ်၍ ဦးခေါင်းထက် ပါးပျဉ်းမိုးလျက် နေဟန် ၁။ |
| ၂၅၄။ | ကုဏ္ဍကကုစ္ဆိသိန္ဓဝ | သူအိုမ အိမ်နှင့် ၁၊ သိန္ဓောမြင်းငယ် ၁၊ ဘုရားလောင်း ကုန်သည် မြင်းဝယ်ဟန် ၁။ |
| ၂၅၅။ | ယာဝသောမတ္တညူ | ဟိမဝန္တာတော သစ်ပင်ထက် ဘုရားလောင်း ကျေးမင်း ဖိုမ ၂၊ သမုဒ္ဒာလယ်ကျွန်းမှ သရက်သီး ချီလျက် သားဖြစ်သော ကျေးသား ပျံလာဟန် ၁။ |
| ၂၅၆။ | ရေဒပါနဇာတ် | ခရီးခဲ၌ ကုန်သည်တို့ ရေတွင်းတူးကြဟန် ၃၊ ၎င်းရေတွင်းမှ နဂါး နှာခေါင်းလေဖြင့် မှုတ်ဟန် ၁၊ ဘုရားလောင်း ကုန်သည်ကို လှည်းဖြင့် ရတနာတင်၍ နဂါး ပို့လိုက်ဟန် ၁။(နဂါး လူယောင်ဖန်ဆင်းသည်ကို သိစိမ့်သောငှါ လူခေါင်းတွင် နဂါးခေါင်း ဆင်၍ ရေးပုံ၌ လုပ်သည်)။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၅၇။ | ဂါမဏိစန္ဒဇာတ် | ဘုရားလောင်း အာဒါသမုခမင်း ထီးဖြူအောက် ရာဇပလ္လင်၌ နေဟန် ၁၊ ဂါမဏိစန္ဒဖွားမတ်နှင့် လူလေးယောက် လျှောက် ပူဇော်ဟန် ထားဟန် ၅။ |
| ၂၅၈။ | မန္ဓာတုဇာတ် | နတ်စည်းစိမ်ကို ခံစားပြီး၍ ဘုရားလောင်း မန္ဓာတ်မင်း ဉယျာဉ်၌ စုတေမည် လျောင်းဟန် ၁၊အမတ်တို့လျှောက်ဟန် ပူဇော်ဟန် ၁။ |
| ၂၅၉။ | တိရိဝစ္ဆဇာတ် | ဟိမဝန္တာသင်္ချိုင်း၌ ဘုရားလောင်းရသေ့နေဟန် ၁၊ ဗာရာဏသီမင်း ဆင်မှ ဆင်း၍ ရေတွင်း၌ ရေသောက်သည်တွင် မတက်နိုင်၍ ရသေ့ဆယ်ဟန် ၂၊ ဆင် ၁။ |
| ၂၆၀။ | ဒူတဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း ထမင်းစားဟန် ၁၊ သူတယောက် မာယာဖြင့် စားလှာဟန် ၁၊ သန်လျက်စွဲလျက် အမတ်ခုတ်မည်ပြုဟန် ၁။ |
| ၂၆၁။ | ပဒုမဇာတ် | ကြာမျိုးနှင့် ရေကန် ၁၊ ၎င်းကန်၌ ကြာကိုဆွတ်၍ ကန်စောင့် ပေးဟန် ၁၊ ကြာတောင်းဟန် ဘုရားလောင်းနှင့် သေဋ္ဌေးသား ၃။ |
| ၂၆၂။ | မုဒုပါဏိဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း နန်းဆောင်ပြူတင်းမှ ထုတ်၍ လက်ဆွဲလျက် မင်းသမီးကို မိုးရေခံစေဟန် ၂၊ ဆင်နှင့် မင်းသား ယူလှာဟန် ဆင်ထက် မင်းသား မင်းသမီး ၂။ |
| ၂၆၃။ | စူဠပလောဘန | ဗာရာဏသီမင်း သား ဘုရားလောင်း မယားနှင့် တကွ ဂင်္ဂါသမုဒ္ဒရာတို့၏ အကြားတွင် နေဟန် ၂၊ ရသေ့ကို မင်းသား လိုက်ဟန် ၁၊ ရသေ့ သမုဒ္ဒရာ၌ ကူးဟန် ၁။ |
| ၂၆၄။ | မဟာပနာဒဇာတ် | မဟာပနာဒ မင်းသား သဘင်ရှုဟန် ၁၊ နတ်ကချေသည် ၁၊ ဘုရားလောင်း သိကြားမင်း ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၂၆၅။ | ခုရပ္ပဇာတ် | နွား ကသော လှည်းစီးလျက် ကုန်သည် ၁၊ ဘုရားလောင်း တောစောင့် သန်လျက်,လွှား,ကာ စွဲလျက် ၁၊ ခိုးသူ သန်လျက်, လွှား, ကာ စွဲလျက် တူရူလာဟန် ၁။ |
| ၂၆၆။ | ဝါတဂ္ဂသိန္ဓဝဇာတ် | ဘုရားလောင်း သိန္ဓောမြင်း ၁၊ ၎င်းကို မြည်းမကဟန် ၁၊ မြည်းမ သား မြင်းငယ် ၁။ |
| ၂၆၇။ | ကက္ကဋဇာတ် | ဟိမဝန္တာအိုင်နားတွင် ဘုရားလောင်း ဆင်မင်း၏ ခြေကို ပုဇွန်ညှပ်ဟန် ၁၊ ဆင်မ တောင်းပန်ဟန် ၁။ |
| ၂၆၈။ | အာရာမဒူသက | မျောက်တို့ သစ်ပင်ကိုနုတ်၍ ရေသွန်းဟန် ၂၊ဘုရားလောင်း ပညာရှိ မြင်၍ ဆိုဟန် ၁။ |
| ၂၆၉။ | သုဇာတာဇာတ် | ဥယျာဉ်၌ ဘုရားလောင်း ဗာရာဏသီမင်းမယ်တော်ကို ဆုံးမဟန် ၁၊ မယ်တော် နာခံဟန် ၁၊ အင်ကြင်းပင်ထက် ဥဩမြည်ဟန် ၁၊ တီတီတွတ်ငှက် ပျံလျက် မြည်ဟန် ၁။ |
| ၂၇၀။ | ဥလုက်ဇာတ် | ငှက်အများ ခြံရံလျက် ဘုရားလောင်း ဟင်္သာမင်း ဖို မ ၂၊ ခင်ပုတ် ခိုက်ရန်ဖြစ်၍ လိုက်ကြဟန် ၄။ |
| ၂၇၁။ | ဥဒပါနဒူသက | ဣသိပတနမိဂဒါဝုန်၌ ဘုရားလောင်းရသေ့ သင်္ချမ်းနှင့် နေဟန် ၁၊ ၎င်းသို့ ရှေ့ရှုလျက် မြေခွေး ၁၊ ရသေ့ လျှောက်ဟန် ၂။ |
| ၂၇၂။ | ဗျဂ္ဃဇာတ် | ဘုရားလောင်း ရုက္ခစိုးနတ် သစ်ပင်ထက် နေဟန် ၁၊ သစ်ပင်ကို လူခုတ်ဟန် ပေါက်ဆိန် ကိုင်လျက် ၁၊ ၎င်းသစ်ပင်မှ ဆင်း၍ ဘုရားလောင်းထံ ရုက္ခစိုးနတ် လာဟန် ၁။ |
| ၂၇၃။ | ကစ္ဆပဇာတ် | ဂင်္ဂါနား သင်္ချမ်း၌ ဘုရားလောင်းရသေ့နေဟန် ၁၊ လျှပ်ပေါ်သော မျောက် လိပ်ကို ပိုက်၍ ဘုရားလောင်းထံသို့ လာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၇၄။ | လောလဇာတ် | စားဖိုအိမ်တွင် ခို နှင့် ချိုင့် ၁၊ ဟင်းမျိုးအိုးဖွင့်ခိုက် ကျီးနှိုက်ဟန် ၁၊ ကျီးကို စားဖိုသည် ဖမ်းမိဟန် ၁။ (သည်တွင် ရှေးပုံမှာ ဇာတ် ရှေ့နောက်ပြန်သည်)။ |
| ၂၇၅။ | ရုစိရဇာတ် | စားဖိုအိမ်တွင် ခို နှင့် ချိုင့် ၁၊ ကျီး နှင့် ချိုင့် ၁၊ ဟင်းမျိုးအိုး ဖွင့်ခိုက် ကျီးနှိုက်ဟန် ၁၊ ကျီးကို စားဖိုသည် ဖမ်းမိဟန် ၁။ |
| ၂၇၆။ | ကုရုဓမ္မဇာတ် | ဘုရားလောင်း ဓနဉ္စယမင်း မျက်စဉ်းညိုအဆင်းနှင့် တူသော အဉ္စနဂိရိဆင်ကို စီး၍ အလှူပေးမည် ထွက်ဟန် ၁၊ ကလိင်္ဂတိုင်းက ပုဏ္ဏား ရှစ်ယောက် ယပ်စွဲ လျက် ဆင်ကို တောင်းဟန် ဂ။ |
| ၂၇၇။ | ရောမဇာတ် | တောင်လိုဏ်၌ ရသေ့နေဟန် ၁၊အခြံအရံနှင့် ဘုရား လောင်း ခိုမင်းကပ်၍ တရားနာဟန် ၃။ |
| ၂၇၈။ | မဟိံသဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း ကျွဲမင်း ၁၊၎င်းအထက် ၌ မျောက် ကစားဟန် ၁၊ သစ်ပင်ထက် ရုက္ခစိုး နတ် ၁။ |
| ၂၇၉။ | သတပတ္တဇာတ် | ဘုရားလောင်းခိုးသူကြီး သန်လျက်စွဲလျက် ၁၊ သူ ကြွယ်သား ရွှေရှုလာဟန် ၁၊မြေခွေးမ တားဟန် ၁၊ ခေါက်ရှာငှက်မြည်ဟန် ၁။ (သည်တွင်ရှေးပုံမှာ ဇာတ်ရှေ့နောက်ပြန်သည်)။ |
| ၂၈၀။ | ပုဋဒူသကဇာတ် | သစ်ပင်ထက်မှ ဥယျာဉ်စောင့်သစ်ရွက်ထုပ်ကိုချဟန် ၁၊အောက်ကအထုပ်ကိုဖျက်ဟန် မျောက် ၁၊ဘုရား လောင်းပုဏ္ဏားလုလင် ရပ်၍ ဆိုဟန် ၁။ |
| ၂၈၁။ | အဗ္ဘန္တရဇာတ် | ဗာရာဏသီမင်းဥယျာဉ်၌ ဘုရားလောင်းရသေ့ နေ ဟန် ၁၊ဟိမဝန္တာတော၌ ရှင်သာရိပုတ္တရာအလောင်း ရသေ့နေဟန် ၁၊ ကျေးသား သရက်သီး တောင်း ဟန် ၁။ |
| ၂၈၂။ | သေယျဇာတ် | ဘုရားလောင်းဗာရာဏသီမင်း ထီးဖြူဆောက်သော ရာဇပလ္လင်ထက်နေ၍ မှူးမတ်တို့နှင့် ပြောဟောဟန် ၁၊ မှူးမတ်တို့ နာခံဟန် ၄။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၀၃။ | ဝစ္ဆနခဇာတ် | ကျားကိုဝက်များပက်၍သေဟန် ဝက် ၂၊ ကျား ၁၊ ရသေ့စဉ်းလဲသေဟန် ၁၊ သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ်မင်း ၁။ |
| ၂၀၄။ | သီရိဇာတ် | ကြက်ခေါင်းစား၍ မင်းဖြစ်သော ဗာရာဏသီမင်း နန်းဆောင်နှင့် ဘုရားလောင်းရသေ့ပြောဟောဟန် ၁၊ နတ်ကွန်းထက် အောက် အထက် အိပ်ဟန် ကြက် ၂၊ ၎င်းအနီး အိပ်သောလူ ၁။ |
| ၂၀၅။ | မဏိဇာတ် | ဟိမဝန္တာ သင်္ကန်း၌ ဘုရားလောင်းရသေ့နေဟန် ၁၊ ပတ္တမြားဂူ၌ ဝက်များနေဟန် ၁၊ ၎င်းအနီးခြင်္သေ့သွားဟန် ၁။ |
| ၂၀၆။ | သာလုကဇာတ် | နီသော ဘုရားလောင်းနွားညီနောင် ၂၊ ညောင်စောင်းအောက် ဝက် ၁၊ ဝက်ရှင်သူအိုမအိမ်နှင့် ၁။ |
| ၂၀၇။ | လာဘဂရဟဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ အိမ်နှင့် ၁၊ ပြဿနာမေးဟန် လုလင် ၁။ |
| ၂၀၈။ | မစ္ဆဒါနဇာတ် | ဘုရားလောင်းကုန်သည် အိမ်နှင့် ၁၊ တံငါငါးကိုင်လျက်ရောင်းလာဟန် ၁၊ ဂင်္ဂါစောင့်နတ် လာ၍ပြောဟန် ၁။ |
| ၂၀၉။ | နာနာဆန္ဒဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ပုဏ္ဏားတို့လျှောက်ဟန် ၂။ |
| ၂၁၀။ | သီလဝီမံသဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏား လျှောက်ဟန် ၁၊ မြွေပန်းတိမ်သည် ၁။ |
| ၂၁၁။ | ဘဒြဃဋဇာတ် | ဥစ္စာ ထွက်စေတတ်သော အိုးကို ဘုရားလောင်းသိကြားမင်း ပေးလာဟန် ၁၊ သေဋ္ဌေးသား လှမ်းယူဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၂၉၂။ | သုပဿဇာတ် | ထီးဖြူအောက် ရာဇပလ္လင်ထက် ဘုရားလောင်း ကျီးမင်းတရားဟောဟန်၊ ဗာရာဏသီမင်းနှင့် မိဖုရားနာဟန် ၂။ |
| ၂၉၃။ | ကာယနိဗ္ဗိန္ဒဇာတ် | ဘုရားလောင်း ဟိမဝန္တာ၌ ရသေ့ပြု၍ သင်္ချိုင်းတွင်နေဟန် ၁။ |
| ၂၉၄။ | ဇမ္ဗုဇာတ် | သပြေပင်ထက်ကျီး သပြေသီးစားဟန် ၁၊အောက်က မြေခွေးတောင်းဟန် ၁၊ သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁။ |
| ၂၉၅။ | အန္တဇာတ် | ကြက်ဆူပင်ထက် ကျီးနားလျက် ၁၊ ၎င်းအောက် နွားသေကိုမြေခွေးစားဟန် ၁၊သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁။ |
| ၂၉၆။ | သမုဒ္ဒဇာတ် | သမုဒ္ဒါ အပြင်၌ အတိုင်းအရှည်ကိုသိ၍ ရေကိုသောက်ကုန်ဟု မြည်တမ်းသောကျီး ၁၊ထိုကျီးကို ဘုရားလောင်း သမုဒ္ဒါစောင့်နတ်ပြေးစေဟန် ၁။ |
| ၂၉၇။ | ကာမဟေတုဇာတ် | တံကျင်လျှိုသော ယောကျ်ား ၁၊ အပေါ်၌ကျီးပျံဟန် ၁၊သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ်၁။ |
| ၂၉၈။ | ဥဒုမ္ဗရဇာတ် | သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ် ၁၊မျောက်စပ်ရပ်လျက်၁၊မျောက်ညိုမိုးလွတ်ရာ၌ထိုင်လျက် ၁။ |
| ၂၉၉။ | ကောမာရဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းရသေ့နေဟန် ၁၊၎င်းထံ မျောက်ငယ် ဆုံးမခံဟန် ၁။ |
| ၃၀၀။ | ဝကဇာတ် | ရေဝန်းကျင်နှင့် ကျောက်များ ၁၊ ၎င်းအထက် သစ် ၁၊ ဆိတ် ၁၊သိကြားမင်းဆုံးမလာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၀၁။ | စူဠကာလိင်္ဂဇာတ် | မြင်းစီးလျက် အဿကမင်း ကာလိင်္ဂမင်း စစ်ထိုးဟန် ရင်ဆိုင် ၂၊ ၎င်းတို့အနီး ကိုယ်စောင့်နတ်ချင်းတိုက်ဟန် နွားဖြူနွားနက်ဝှေ့ဟန် ၂၊ ဘုရားလောင်းရသေ့ သင်္ကန်းတွင် ၁။ |
| ၃၀၂။ | အဿရောဟဇာတ် | စစ်ဖျက်၍ ဘုရားလောင်းဗာရာဏသီမင်း ရွာတရွာတွင် အိမ်သို့ဝင်၍ တည်းခိုဟန် ၁၊ အိမ်ရှင်သမီးခင်ပွန်းကျွေးမွေးဟန် ၂။ |
| ၃၀၃။ | ဧကရာဇဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း ချွန်ဖြင့် ကောင်းကင်၌ ထက်ငယ်ဖွဲ့၍နေဟန် ၁၊ ဒုဗ္ဗိသေနမင်းနှင့်အမတ်တို့ ပူဇော်ဟန် ၂။ |
| ၃၀၄။ | ဒဒ္ဒရဇာတ် | ဟိမဝန္တာတောင်ခြေရင်း၌ ဒဒ္ဒရနဂါးမင်း ဖိမာန်နှင့် နေဟန် ၁၊ ဘုရားလောင်းမဟာဒဒ္ဒရ,ညီ စူဠဒဒ္ဒရ သားနှစ်ယောက်တို့ လျှောက်ထားဟန် ၂၊ ( သည်တွင်ရှေးပုံမှာ ဇာတ်ရှေ့နောက်ပြန်သည် )။ |
| ၃၀၅။ | သီလဝီမံသနဇာတ် | ဒိသာပါမောက္ခဆရာ၊ ဘုရားလောင်းလုလင် ၁၊ သမီး ၁။ (သည်တွင် သဗ္ဗမံသဇာတ်ကိုမှား၍ ရှေးပုံ၌ထည့်သည်၊ကျမ်းနှင့်မညီ)။ |
| ၃၀၆။ | သုဇာတာဇာတ် | နန်းဆောင်နှင့်ဗာရာဏသီမင်း မိဖုရား ၂၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၃၀၇။ | ပလာသဇာတ် | ပေါက်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁၊ ၎င်းနတ်ကို ပူဇော်ဟန် ပုဏ္ဏား ၁။ |
| ၃၀၈။ | သကုဏဇာတ် | တော၌ သားရိုးနှင့်၍နေဟန် ခြင်္သေ့ ၁၊ ၎င်းခြင်္သေ့ခံတွင်းသို့ဝင်၍ သားရိုးကို ဘုရားလောင်းခေါက်ရှာငှက် ခေါက်၍ ကျစေဟန် ၁။ |
| ၃၀၉။ | ဆဝဇာတ် | သရက်ပင်ရင်း၌ ဗာရာဏသီမင်းသည် မြင့်ရာကနေ၍ ပုရောဟိတ်သည် နိမ့်ရာကနေလျက် အတတ်သင်ဟန် ၂၊ ဘုရားလောင်းဒွန်းစဏ္ဍားဆိုဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၁၀။ | သေယျဇာတ် | ဟိမဝန္တာသစ်ကိုင်း၌ ဘုရားလောင်း ရသေ့ပြု၍နေဟန် ၁၊ ဗာရာဏသီမင်းက စေသော သေယျမည်သောအမတ် လျှောက်လှာဟန် ၁။ |
| ၃၁၁။ | ပုစိမန္တဇာတ် | တမာပင်နှင့် ဘုရားလောင်းရုက္ခစိုးနတ် ၁၊ ၎င်းတမာပင်ရင်း၌ ခိုးသူတို့အိပ်ဟန် ၂၊ညောင်ဗုဒ္ဓဟေပင်နှင့် ရုက္ခစိုးနတ် ၁။ |
| ၃၁၂။ | ကဿပမန္ဒိယဇာတ် | ဘုရားလောင်းဟိမဝန္တာသစ်ကိုင်း၌ ရဟန်းပြု၍ အဖရသေ့ကိုလုပ်ကျွေးဟန် ၁၊ အဖရသေ့ မီးလှုံဟန်မီပုံနှင့် ၁၊ညီရသေ့ရှိခိုးဟန် ၁၊လက်,ခြေ,နှာခေါင်းနား ဖြတ်စေဟန် မင်းကိုယ်တိုင် ရင်ကိုခြေနှင့်ကျောက်ဟန် ၁၊မင်းကို မြေမျိုဟန် ၁။ |
| ၃၁၃။ | ခန္တိဝါဒီဇာတ် | ဥယျာဉ် အင်ကြင်းပင်ရင်း၌ ဘုရားလောင်း ရသေ့နေဟန် ၁၊ကလာဗုမင်း ဥယျာဉ်သို့ထွက်သည်တွင် မောင်းမတို့ ရှိခိုးလှာဟန် ၂၊ မင်း အမျက်ထွက်၍ ရသေ့အား သူသတ်တို့ကို ရိုက်ခတ်စေဟန် ၁။ |
| ၃၁၄။ | လောဟကုမ္ဘီဇာတ် | ဗာရာဏသီမင်း ဥယျာဉ် ကျောက်ဖျာ၌ ဘုရားလောင်း ရသေ့နေဟန် ၁၊ ဗာရာဏသီမင်း လုလင်တဦးနှင့် လျှောက်လှာဟန် ၂၊ကျွဲ,နွား, ဆင်,မြင်း, ဆိတ်,ဝက်နှင့် ယဇ်တိုင် ၁၊ ယဇ်ပုဏ္ဏား ၁။ |
| ၃၁၅။ | သဗ္ဗမံသဇာတ် | ဟင်းမျိုး လှည်းနှင့် ဆောင်ဟန် မှုဆိုး ၁၊ ဘုရားလောင်းနှင့် သေဋ္ဌေးသားတို့ ဟင်းမျိုး တောင်းဟန် ၄။ (သည်တွင် အောက် သီလဝီမံသဇာတ်ကို မှား၍ ရေးပုံ၌ ထည့်သည်)။ |
| ၃၁၆။ | သသဇာတ် | တောင်ခြေရင်း၌ ဘုရားလောင်း ယုန်မင်း ၁၊ သိကြားမင်း ပဏ္ဏားအယောင် အလှူခံလှာဟန် ၁၊ မီးပုံသို့ ယုန်မင်း ဆင်းဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၃၁၇။ | မတရောဒနဇာတ် | ဘုရားလောင်း အစ်ကို သေဟန် ၁၊ ဆွေမျိုးတို့ ငိုကြွေးဟန် လက်မြှောက်လျက် ၂၊ ဘုရားလောင်း သေဌေးသား မငိုကြွေးဟန် ၁။ |
| ၃၁၈။ | ကနဝီရဇာတ် | ဘုရားလောင်း ခိုးသူဖြစ်၍ ခေါင်ရမ်းတော၌ ပြည့်တန်ဆာမကို ထောင်ခတ်ဟန် ၂၊ ဥစ္စာကိုထမ်း၍ ပြေးဟန် ၁။ |
| ၃၁၉။ | တိတ္တိရဇာတ် | တောသခ်ဏ်း၌ ဘုရားလောင်းရသေ့ နေဟန် ၁၊ မုဆိုး ချိုင့်နှင့် ခါ တိန်ညင်ကိုယူ၍ အိပ်လှာဟန် ၁၊ ချိုင့်တွင်းက ခါ တိန်ညင် ရသေ့ကို လျှောက်ဟန် ၁။ |
| ၃၂၀။ | သုစဇ္ဇဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း မိဖုရား ၂၊ ဘုရားလောင်း အမတ် ဆုံးမဟန် ၁။ |
| ၃၂၁။ | ကုဋိဒူသကဇာတ် | ဘုရားလောင်း စာပေါင်းသောင်ဖြစ်၍ သစ်ပင်၌ အသိုက်နှင့် နေဟန် ၁၊ မျောက် ဖျက်ဆီးဟန် ၁၊ တပါး သစ်ပင်သို့ ပျံသွား၍ နေဟန် ၁။ |
| ၃၂၂။ | ဒုဒ္ဒုဘာယတိဇာတ် | အနောက် သမုဒြာအနီး ထန်းတောတွင် ရောက်သော ဥသျှစ်ပင်မှ ထန်းခက်ထက် ဥသျှစ်သီး ကျသည်ကို မြေပြိုသည်ဟု ယုန်ငယ်ပြေးဟန် ၁၊ ဘုရားလောင်းခြင်္သေ့မင်းနှင့် တွေ့ဟန် ၁။ |
| ၃၂၃။ | ဗြဟ္မဒတ္တဇာတ် | ဥယျာဉ်၌ ဘုရားလောင်း ရသေ့နေဟန် ၁၊ ပဉ္စာလရာဇ်မင်း အခြံအရံနှင့်လာ၍ ပြောဟောဟန် ၂။ |
| ၃၂၄။ | စမ္မသာဋကဇာတ် | ဆိတ်နှစ်ခု ခတ်ဟန် ၂၊ သားရေဝတ်သော ပရိဗိုဇ်ရဟန်း ထိုအရပ်သို့ ကပ်ဟန် ၁၊ ဘုရားလောင်း ပညာရှိ တားဟန် ၁၊ ဆိတ်တိုက်၍ ပရိဗိုဇ်ရဟန်း ပေါင်ကျိုးလျက် လည်းဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၂၅။ | ဂေါဓဇာတ် | ဘုရားလောင်း ဖွတ် ၁၊ ၎င်းကို ရသေ့စဉ်းလဲ ဆောက်ပုတ်ဖြင့် ပစ်ဟန် ၁၊ ဘုရားလောင်း တောင်ပို့သို့ဝင်၍ ဦးခေါင်းဖေါ်လျက် ဆိုဟန် ၁။ |
| ၃၂၆။ | ကက္ကာရုဇာတ် | ဗာရာဏသီမင်းသဘင်ကို တာဝတိံသာမှ ဘုရားလောင်းနှင့် နတ်သားကို ကက္ကာရုပန်းပန်၍ ကြည့်လှာဟန် ၄၊ ပုရောဟိတ်လှည့်ဖြား၍ ၎င်းပန်းကို တောင်းယူဟန် ပန်းကိုင်လျက် ၁။ |
| ၃၂၇။ | ကာကာဝဟုဇာတ် | ဘုရားလောင်း ဗာရာဏသီမင်းနှင့် ဂဠုန်မင်း လူ့အယောင် အန်ကစားဟန် ၂၊ စောင်းသမားပြောဆိုဟန် စောင်းပိုက်လျက် ၁။ (သိသာအောင် ငှက်နှုတ်သီး လူ့ကိုယ်နှင့် ဂဠုန်ကို ရွေးပုံများ၌ရေးသည်)။ |
| ၃၂၈။ | အနနုသောစကဇာတ် | ဗာရာဏသီမင်း နန်းဆောင်အနီး စရပ်၌ ဘုရားလောင်းရသေ့ မယားဖြစ်ဘူးသူ ပရိဗိုဇ်မ သေဟန် ၁၊ ဘုရားလောင်းမငိုပဲ နေဟန် ၁၊ သူတပါးတို့ ငိုကြွေးဟန် ၂။ |
| ၃၂၉။ | ကာလဗာဟုဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မျောက်ကိုမွေးဟန် ၁၊ ဘုရားလောင်းကျေးသားညီနောင်ကို ရွှေချိုင့်နှင့်မွေးဟန် ၂။ |
| ၃၃၀။ | သီလဝီမံသဇာတ် | ဗြဟ္မဒတ်မင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန် ၁၊ ရွှေပန်းတိမ်သည် လျှောက်ဟန် ၁။ (ဤသည်တွင် ရွေးပုံမှာ ဇာတ်စဉ် ပျက်သည်)။ |
| ၃၃၁။ | ကောကာလိက | ဗြဟ္မဒတ်မင်း ဥယျာဉ် မင်္ဂလာကျောက်ဖျာ၌ နေဟန် ဘုရားလောင်းအမတ်လျှောက်ဟန် ၁၊ သရက်ပင်ထက် ကျီးသိုက်တွင် ဥဩငယ်ကို ကျီးမဆိတ်ဟန် အောက်သို့ ကျ၍ ဥဩငယ် သေဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၃၃၂။ | လဋ္ဋိဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁၊ ပုရောဟိတ် လျှောက်ဟန် ၁။ |
| ၃၃၃။ | ဂေါဓဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း မိဖုရား ၂၊ ဘုရားလောင်းအမတ် ဆုံးမဟန် ၁။ (သည်တွင် ရှေးပုံ၌ သီလဝီမံသဇာတ်ကို မှား၍ ထည့်သည်)။ |
| ၃၃၄။ | ရာဇောဝါဒဇာတ် | ဟိမဝန္တာသခ်ဏ်းတွင် ဘုရားလောင်း ရသေ့ နေဟန် ၁၊ ဗြဟ္မဒတ်မင်း ပညောင်သီး စားလျက် ပြောဟောဟန် ၁။ (သည်ဇာတ်လည်း ရှေးပုံမှာ မပါ)။ |
| ၃၃၅။ | သိင်္ဂါလဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းခြင်္သေ့ နေဟန် ၁၊ မြေခွေးငယ် ခစားသည်ကို အမဲ ပေးဟန် ၁၊ ထိုမြေခွေးငယ် မာန်တက်၍ ဆင်ကို သတ်မည်ဟု ခြင်္သေ့ကဲ့သို့ ခုန်လျှင် ခြေရင်းတွင် ကျ၍ ဆင်နင်းဟန် ၁။ |
| ၃၃၆။ | ဗြဟာသတ္တဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း မိဖုရား ၂၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁။ |
| ၃၃၇။ | ပီဌဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ဘုရားလောင်း ရသေ့ နေဟန် ၁၊ သေဋ္ဌေး လျှောက်ထားဟန် ၁။ |
| ၃၃၈။ | ထုသဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခ ဆရာ အိမ်နှင့် ဗာရာဏသီမင်းသားအား ဂါထာ ဖွဲ့၍ သင်ဟန် တပည့်များနှင့် ၃။ |
| ၃၃၉။ | ဗာဝေရုဇာတ် | ငှက်မရှိသော ဗာဝေရုကျွန်းသို့ ကြီးရောက်ဟန် ၁၊ ဘုရားလောင်း ဥဒေါင်းရောက်ဟန် ၁၊ ၎င်းဥဒေါင်းကို ကျွန်းသူတို့ ပူးမြှော်ကုန်ဟန် ၂။ |
| ၃၄၀။ | ဝိသယှဇာတ် | အလှူပေးရန် ဥစ္စာကုန်၍ မြက်ထမ်းသည်တွင် မိန်းမော ပင်ပန်း၍ ဘုရားလောင်းသေဋ္ဌေး လည်းဟန် ထမ်းပိုးမြက်ထမ်းနှင့် ၁၊ ကောင်းကင်က ဆိုလှာဟန် သိကြားမင်း ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၄၁။ | ကုဏ္ဍလိကဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မိဖုရားလျှောက်ဟန် ၁၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန် ၁။ (သည်တွင် ရှေးပုံ၌ ဥသြမင်းကိုထည့်သည်၊ ကုဏာလဇာတ်မှာသာ သင့်သည်၊ ဤ၌ မထည့်သင့်)။ |
| ၃၄၂။ | ဝါနရဇာတ် | ဂင်္ဂါ၌ ဘုရားလောင်း မျောက်မင်းကို မိကျောင်း သဖန်းပင်သို့ ရှေ့ရှုဆောင်ဟန် ၂၊ ရေသဖန်းပင် ၁။ |
| ၃၄၃။ | သကုန္တိနီဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မင်းသို့ ရှေ့ရှု လျက် ကြိုးကြာမ ၁၊ ကြိုးကြာငယ်တို့ကို မင်းသား ငယ်တို့ ဆုပ်နယ်ဟန် ၂၊ မင်းသားငယ်ကို ကျားစား ဟန် ၂။ |
| ၃၄၄။ | အမ္ဗဇာတ် | ဗာရာဏသီမင်း သရက်ဥယျာဉ်၌ ရသေ့နေဟန် ၁၊ သေဋ္ဌေးသမီး ၄၊ ဘုရားလောင်းသိကြားမင်း ဆုံးမ လှာဟန် ၁။ |
| ၃၄၅။ | ဝဇကုမ္ဘဇာတ် | ဥယျာဉ်သို့ မှူးမတ်ခြံရံလျက် ဗာရာဏသီမင်း ထွက် ဟန် ၁၊ ပျင်းရိသော လူ လျှောက်ဟန် ၁၊ ဘုရား လောင်း အမတ် လျှောက်ဟန် ၁။ |
| ၃၄၆။ | သေသဝဇာတ် | ဟိမဝန္တာ၌ ကေသဝရသေ့နေဟန် ၁၊ ဗာရာဏသီ မင်းက စေသော နာရဒအမတ် လျှောက်ဟန် ၁၊ ဘုရားလောင်း ကပ္ပရသေ့ လျှောက်ဟန် ၁။ |
| ၃၄၇။ | အယကူဋဇာတ် | နန်းဆောင်နှင့် ဘုရားလောင်း ဗာရာဏသီမင်း ၁၊ နတ်ပူဇော်ခြင်းကို မြစ်သည်တွင် ဘီလူးတို့ မလို၍ ရိုက်မည် လာဟန် ဆောက်ပုတ်စွဲလျက် ဘီလူး ၁၊ ဝဇိရစိန်စွဲလျက် တားဟန် သိကြား ၁။ |
| ၃၄၈။ | အရညဇာတ် | ဟိမဝန္တာ သစ်ဏှး၌ သားရသေ့ငယ်နှင့် ဘုရား လောင်းရသေ့ ၁၊ သားရသေ့ငယ်ကို ဖြားယောင်း လှာသော မိန်းမ ပြန်သွားဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
| --- | --- | --- |
| ၃၄၉။ | သန္ဓိဘေဒနဇာတ် | တော၌ မြေခွေးဖျက်၍ အဆွေ နွား, ခြင်္သေ့သေဟန် ၂၊နွားသားကို မြေခွေးစားဟန် ၁၊ ဘုရားလောင်းပြဟ္မဒတ်မင်း မြင်းရထားစီး၍ ထိုအရပ်သို့ ထွက်သွားဟန် ၁။ |
| ၃၅၀။ | ဒေဝတာပဉှဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့် ၁၊ နတ်သမီး ပြဿနာ မေးလှာဟန် ၁၊ မဟောသဓာ လျှောက်ဟန် ၁။ |
| ၃၅၁။ | မဏိကုဏ္ဍလဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း ပြောဟောဟန် ၁၊ ကောသလမင်း အမတ်တို့နှင့် လျှောက်ဟန် ၃။ |
| ၃၅၂။ | သုဇာတဇာတ် | နွားသေကို ဘုရားလောင်းသေဌေးသား မြက် ရေပေး၍ ဥပမာဖြင့် အဖ သေဌေးအား ဆုံးမဟန် ရုပ်လျက် ၁၊ အဖ သေဌေးမေးဟန် ရုပ်လျက် ၁။ |
| ၃၅၃။ | ဝေနသာခဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ ပြဟ္မဒတ်မင်းသားကို ဆုံးမဟန် အိမ်နှင့် ၁၊မင်းသားနာဟန် ၁၊ ဆုံးမတိုင်း မကျင့်၍ မျက်စိကန်းလျက် ပညောင်ပင်အောက် မင်းသားအိပ်ဟန် ၁၊ရင်းထက် ဋ္ဌင်းတ ၁။ |
| ၃၅၄။ | ဥရဂဇာတ် | သားပုဏ္ဏားသေဟန် ၁၊ဘုရားလောင်း, ပုဏ္ဏေးမ, သမီး, ချွေးမ, ကျွန်မတို့ မငိုကြွေးပဲနေဟန် ၅၊ သိကြားမင်း ရတနာစုကိုပေးလှာဟန် ၁။ |
| ၃၅၅။ | ဃတဇာတ် | ဘုရားလောင်း ဗာရာဏသီမင်းပြောဟောဟန် ၁၊ ဓင်္ဂမည်သော ကောသလမင်း မှူးမတ်များနှင့် လျှောက်ဟန် ၂။ |
| ၃၅၆။ | ကာရဏ္ဍိယဇာတ် | ဘုရားလောင်း ပုဏ္ဏားလုလင် ကျောက်ကိုယူ၍ ချောက်၌ဖို့ဟန် ၁၊ဒိသာပါမောက္ခဆရာ ပြောဟောလှာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
| --- | --- | --- |
| ၃၅၇။ | လတုကိကဇာတ် | ဘုရားလောင်းဆင်မင်း ၁၊ ဘီလုံးငှက်ငယ်တောင်းပန်ဟန် ၁၊တောင်ခြေတွင်လည်းဟန် ဆင် ၁၊ငှင်းဆင်မျက်လုံး၌ကျီးဖေါက်ဟန် ၁၊ မျက်လုံး၌ယင်မနားဟန် ၁၊ငှင်းဆင်ရွှံ့မှ ဖါးမြည်ဟန် ၁။ |
| ၃၅၈။ | စူဠဓမ္မပါလဇာတ် | မင်း နန်းဆောင်နှင့် ၁၊ ငှင်းရွှေပြည်တွင် ဘုရားလောင်းမင်းသား ခုနစ်နှစ်ရွယ်အိပ်လျက် ၁၊ ငှင်းမင်းသားကို လူသတ်ယောကျ်ား သတ်ဖြတ်ဟန် သန်လျက်မိုးလျက် ၁၊ မယ်တော်မိဖုရား လျှောက်ဟန် ၁၊မင်းကိုမြေမျိုဟန် ၁။ |
| ၃၅၉။ | သုဝဏ္ဏမိဂဇာတ် | ရွှေအဆင်းနှင့်တူသောကိုယ်, ချိပ်ရည်ကဲ့သို့နီသောခြေ, ငွေပန်းဆိုင်းနှင့်တူသော ဦးချို,ပတ္တမြားလုံးနှင့်တူသောမျက်စိ, ကမ္ဗလာနီရစ်သော ကျင်လုံးနှင့်တူသော မျက်နှာတို့နှင့် ပြည့်စုံသောဘုရားလောင်းသမင်ကို ကျော့ကွင်းမိဟန် ၁၊ သမင်မ ၁၊ မုဆိုးလာဟန် ၁။ |
| ၃၆၀။ | သုဿောန္ဒိဇာတ် | ဗာရာဏသီ တမ္ဗမင်းနှင့် ဘုရားလောင်းဂဠုန်မင်းလူ့အယောင် အန်ကစားဟန် ၁၊မိဖုရား ၁၊စောင်းသမား ၁။ |
| ၃၆၁။ | ဝဏ္ဏာရောဟဇာတ် | သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁၊ကျား ၁၊ခြင်္သေ့ ၁၊ မြေခွေး ၁။ |
| ၃၆၂။ | သီလဝီမံသဇာတ် | နန်းဆောင်နှင့် ဗာရာဏသီမင်း ၁၊ဘုရားလောင်းပုရောဟိတ်လျှောက်ဟန် ၁၊ ရွှေပန်းထိမ်သည်လျှောက်ဟန် ၁။ |
| ၃၆၃။ | ဟိရိဇာတ် | ဘုရားလောင်း ဗာရာဏသီ သေဋ္ဌေး အိမ်နှင့် ၁၊ အမှုလုပ်ယောကျ်ားတို့ လျှောက်ဟန် ၃။ |
| ၃၆၄။ | ခဇ္ဇောပနဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့် ၁၊ နတ်သမီးမေးဟန် ၁၊ သုခမိန် လျှောက်ဟန် ၄၊ မဟောသဓာလျှောက်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၆၅။ | အဟကုဏ္ဍိကဇာတ် | သရက်ပင်ထက်မျောက် ၁၊မြွေသမားခေါ်ဟန် ၁၊ ဘုရားလောင်းကုန်သည် ၁။ |
| ၃၆၆။ | ဂုမ္ဗိယဇာတ် | ခြုံတွင် ပျားဖွတ်ဟန် ဘီလူး ၁၊ နွားကသောလှည်း စီးလျက် ဘုရားလောင်းကုန်သည် ၁၊လှည်းသားတို့ ဆိပ်ရောသော ပျားကို စားဟန် ၁။ |
| ၃၆၇။ | သာလိယဇာတ် | ပညောင်ပင်ထက် မြွေကိုဘုရားလောင်းတက်၍ ဖမ်း ပြီးလျှင်ပစ်ဟန် ၁၊ဆေးသမားကို မှန်သည်တွင် ခဲ၍ သေဟန် ၁၊ပြဟ္မဒတ်မင်း နန်းဆောင်နှင့် ၁၊ဘုရား လောင်း သူငယ်လျှောက်ဟန် ၁၊ ရွာသားတို့ လျှောက်ဟန်။ |
| ၃၆၈။ | တစသာရဇာတ် | ပညောင်ပင်ထက် မြွေကို ဘုရားလောင်း တက်၍ ဖမ်းပြီးလျှင် ပစ်ဟန် ၁၊ဆေးသမားကို မှန်သည်တွင် ခဲ၍ သေဟန် ၁၊ ပြဟ္မဒတ်မင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း သူငယ်လျှောက်ဟန် ၁၊ရွာသားတို့ လျှောက်ဟန် ၁၊ ရွာသားတို့ ကြည့်ကုန်ဟန် ၂။ |
| ၃၆၉။ | မိတ္တဝိန္ဒကဇာတ် | သင်မုန်းစက် ရွက်လျက် ငရဲခံသသူ ၁၊ငင်းကို ပဒုမာ ထင်၍ မိတ္တဝိန္ဒက သေဌေးသား တောင်းဟန် ၁၊ ဘုရားလောင်း နတ်မင်း ဆိုဟန် ၁။ |
| ၃၇၀။ | ပလာသဇာတ် | ပေါက်ပင်ထက် ရုက္ခစိုးနတ် ၁၊ ဘုရားလောင်း ရွှေဟင်္သာမင်း နားလျက် ပြောဟောဟန် ၁၊ ငင်း ပေါက်ပင်ခွတွင် ပညောင်ပင်ငယ် ရောက်ဟန် ၁။ |
| ၃၇၁။ | ဒီဃတိဿဇာတ် | တော၌ ဘုရားလောင်း ဒီဃာဝုမင်းသား ပေါင်ကို ခေါင်းအုံးလျက် ကောသလမင်း အိပ်ဟန် ၁၊ ငင်း ဆံကိုဆွဲ၍ မင်းသား သန်လျက်နှင့် မိုးဟန် ၁။ |
| ၃၇၂။ | မိဂပေါတကဇာတ် | မွေးစားသော သမင်ငယ် သေသည်တွင် ရသေ့ ငိုကြွေးဟန် ၁၊ ဘုရားလောင်း သိကြားမင်း ဆုံးမ လှာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၇၃။ | မူသိကဇာတ် | ဘုရားလောင်း ဒိသာပါမောက္ခဆရာ အိမ်နှင့် ၁၊ ဗာရာဏသီမင်းသား ဂါထာသင်ဟန် စာထောက်ခင်းလျက် ၁။ |
| ၃၇၄။ | စူဠဓနုဂ္ဂဟဇာတ် | မြစ်နား၌ တက္ကသိုလ် သမီးရပ်လျက် ခြေခွေးကို လက်ညှိုးထိုးဟန် ၁၊ ရေမှ ငါးပေါ်ဟန် ၁၊ သားကင်ချီသော မြေခွေးသည် သားကင်ကို ချ၍ ၎င်းငါးကို ဖမ်းသောအယောင် ဘုရားလောင်း သိကြားမင်း ဖန်ဆင်းဟန် ၁၊ ၎င်းသားကင်ကို စွန်သုတ်ဟန် ၁။ |
| ၃၇၅။ | ကပေါတဇာတ် | စားဖိုအိမ်တွင် ခို ချိုင့်နှင့် ၁၊ ကျီး ချိုင့်နှင့် ၁၊ ဟင်းမျိုးအိုး ဖွင့်ခိုက် ကျီးနှိုက်ဟန် ၁၊ ၎င်းကျီးကို စားဖိုသည် ဖမ်းမိဟန် ၁။ |
| ၃၇၆။ | အာဝါရိယဇာတ် | ဗာရာဏသီမင်းဥယျာဉ်၌ ဘုရားလောင်းရသေ့ နေဟန် ၁၊ဗာရာဏသီမင်း မိဖုရား ဖူးမြော်လှာဟန် ၂။ |
| ၃၇၇။ | သေတကေတုဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ သေတကေတုရသေ့ နေဟန် ၁၊ ဗာရာဏသီမင်း ပြောဟောဟန် ၁၊ ဘုရားလောင်း ပုရောဟိတ် ပြောဟောဟန် ၁။ |
| ၃၇၈။ | ဒရီမုခဇာတ် | ဗာရာဏသီမင်း ဥယျာဉ်၌ ပစ္စေကဗုဒ္ဓါ သီတင်းသုံးဟန် ၁၊ ဘုရားလောင်း ဗာရာဏသီမင်း မှူးမတ်တို့နှင့် ရှိခိုးလာဟန် ၁။ |
| ၃၇၉။ | နေရုဇာတ် | နေရုမည်သော ရွှေတောင်ထက် ငှက်များ နားဟန် ၁၊ ဘုရားလောင်းရသေ့ ၁၊ ဟံသာမင်း ညီနောင်တို့ ၎င်းတောင်ထက် နား၍ အယုတ်အမြတ် အထူး မပြုသော တောင်ကို စွန့်ကုန်အံ့ဟု ပြောဟောဟန် ၁။ |
| ၃၈၀။ | အသင်္ကဇာတ် | ဟိမဝန္တာဗိမာန်တွင် ဘုရားလောင်း ကောက်၍ မွေးသော သတို့သမီး နေဟန် ၁၊ ဘုရားလောင်း ရသေ့ ၁၊ ဗာရာဏသီမင်း တောင်းလှာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၃၇၁။ | မိဂါလောပဇာတ် | ဂိဇ္ဈကုဋ်တောင်၌ ဠင်းတဖွဲ့ပေါင်းခြံရံလျက် ဘုရားလောင်းဠင်းတမင်းနေဟန် ၃၊အဖစကားကိုမနာ၍ သားဠင်းတ လေဟုန်တွင် သေဟန် ၁။ |
| ၃၇၂။ | သုစိပရိဝါရဇာတ် | ဘုရားလောင်း ဗာရာဏသီသေဋ္ဌေးအိမ်နှင့် ၁၊ရင်းအနီး ပလ္လင် ၁၊ နတ်သမီးတို့ နေရာတောင်းလှာဟန် ၂။ |
| ၃၇၃။ | ကုက္ကုဋဇာတ် | သစ်ပင်ထက် ဘုရားလောင်း ကြက်မင်း ၁၊ ရင်းအောက်က ကြောင်မ လှည့်ဖြားလှာဟန် ၁။ |
| ၃၇၄။ | ဓမ္မဓဇဇာတ် | သမုဒ္ဒြာအလယ်ကျွန်းတွင် ငှက်အများနှင့် ဘုရားလောင်း ငှက်မင်းနေဟန် ၅၊မြေ၌ ခြေတဖက်သာထောက်၍ ခံတွင်း ဖွင့်လျက် ကျီးနေဟန် ၁။ |
| ၃၇၅။ | နန္ဒိယမိဂဇာတ် | ဥယျာဉ်၌ ဘုရားလောင်းသမင်မင်း ၁၊ သာကေတမင်း လေးနှင့်ပစ်မည်တွင် မပစ်နိုင်ဟန် ၁။ |
| ၃၇၆။ | ခယပုတ္တဇာတ် | မြင်းရထားစီး၍ မိဖုရားနှင့် ဗာရာဏသီမင်းဥယျာဉ်သို့ ထွက်သွားဟန် ၁၊ ဆိတ်မ,ဆိတ်ဖို မှီဝဲဟန် ၁၊ သိကြားမင်းကိုယ်ထင် ဆုံးမဟန် ၁။ |
| ၃၇၇။ | သူစိဇာတ် | ပန်းပဲသူကြီး အိမ်နှင့် ၁၊သမီးငယ် ၁၊ဘုရားလောင်း အပ်ရောင်းမည် အပ်ကို ပြဟန် ၁။ |
| ၃၇၈။ | တုဏ္ဍိလဇာတ် | ဝက်မွေးသော သူအိုမ စားခွက်နှင့် ခေါ်ဟန် ၁၊ သေသောက်ကြူးတို့ ကျောက်ကွင်း ကိုင်လျက် ၂၊ ဘုရားလောင်း ဝက်ညီနောင် ၂၊ ဗာရာဏသီမင်းနှင့် ပြည်သူတို့ တရားနာလှည့်ဟန် ၃။ |
| ၃၇၉။ | သုဝဏ္ဏကက္ကဋဇာတ် | ဘုရားလောင်း လယ်လုပ်ယောက်ျားကို မြွေခဲ၍လဲဟန် ၁၊ ကျီးကို တက်မတဖက်, မြွေကို တက်မတဖက်နှင့် ရွှေအဆင်းရှိသော လယ်ပုဇွန် ညှပ်ဟန် ၁၊ ပုဏ္ဏား အဆိပ်ကင်း၍ ရွှေပုဇွန်ကို ကိုင်လျက်ရပ်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၃၉၀။ | မယှကဇာတ် | ဘုရားလောင်း ရသေ့ပြု၍ ညီ ဗာရာဏသီသေဋ္ဌေး အိမ်သို့လာ၍ ဆွမ်းစားပြီးလျှင် နေဟန် ၁၊ ညီ သေဋ္ဌေး လျှောက်ဟန် ၁၊ သေဋ္ဌေးမ လျှောက်ဟန် ၁။ |
| ၃၉၁။ | ပဗ္ဗဇိဝိဟေဓကေ | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ရှင်ပစ္စေကဗုဒ္ဓါ ဘုရားလောင်းသိကြားမင်း သပိတ်၊ သင်္ကန်းကို ကိုင်လျက် နန်းရင်ပြင် ကောင်းကင်က ရပ်လှာဟန် ၂။ |
| ၃၉၂။ | သိင်္ဃပုပ္ဖဇာတ် | ပဒုမာ ကြာအိုင်သို့ သက်ပြီးလျှင် ကြာအနံ့ကို မဆွတ်မချိုးပဲ အဝေးမှ ခံလျက် ဘုရားလောင်း ရသေ့နေဟန် ၁၊နတ်သမီး ဆိုလှာဟန် ၁။ |
| ၃၉၃။ | ဝိဃာသာဒဇာတ် | တောဌ် ရသေ့တို့နေဟန် ၂၊ဘုရားလောင်း သိကြား မင်း ကျေးသား ဖန်ဆင်း၍ သစ်ပင်ထက်က ဆိုလှာ ဟန် ၁။ |
| ၃၉၄။ | ဝဋ္ဋကဇာတ် | သစ်ပင်၌ ဘုရားလောင်း ငုံးမင်း ၁၊သစ်ပင်ထက်က နားလျက် ကျီး ဆိုလှာဟန် ၁။ |
| ၃၉၅။ | ကပေါတဇာတ် | စားဖိုအိမ်၌ ခိုချိုင့်နှင့် ၁၊ဟင်းမျိုးအိုးဖွင့်ခိုက်ကျီး နှိုက်ဟန် ၁၊၎င်းကျီးကို စားဖိုသည် ဖမ်းမိဟန် ၁။ |
| ၃၉၆။ | ကုက္ကုဇာတ် | ဥယျာဉ်၌ အထွတ် အချက်တပ်သောအိမ် ၁၊ ၎င်း ကို ကြည့်၍ ဗာရာဏသီမင်း မေးဟန် ၁၊ ဘုရား လောင်း လျှောက်ဟန် ၁။ |
| ၃၉၇။ | မနောဇဇာတ် | တော၌ ဘုရားလောင်းခြင်္သေ့ ၁၊ခြင်္သေ့မ ၂၊ သား ခြင်္သေ့ သေဟန် ၁၊ မြေခွေး ၁။ |
| ၃၉၈။ | သုတနုဇာတ် | ပညောင်ပင်၌ ဘီလူး ၁၊ ရွှေခြေနင်းစီးလျက် ထီး ဆောင်း၍ သန်လျက်နှင့် ထမင်းထည့်သောရွှေခွက် ကို ဘီလူးအား ဘုရားလောင်းလုလင် ပေးဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
| --- | --- | --- |
| ၃၉၉။ | ဂိဇ္ဈဇာတ် | ကျောက်ဂူ၌ မိဘ ငှင်းတ ၂၊ ဘုရားလောင်း ငှင်းတ လုပ်ကျွေးဟန် ၁။ |
| ၄၀၀။ | ဒဗ္ဗပုပ္ဖဇာတ် | ဖျံ ၂၊ မြေခွေး ၁၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ် ၁။ |
| ၄၀၁။ | ဒသန္နကဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မင်းရင်ပြင်၌ သန်လျက် ကစားဟန် ၁၊ ဘုရားလောင်းအမတ် လျှောက်ဟန် ၁။ |
| ၄၀၂။ | သတ္တုဘတ္တဇာတ် | တရားပလ္လင်ထက် ဘုရားလောင်း သေနကသုခမိန် တရားဟောဟန် ၁၊ ပုဏ္ဏား တောင်ဝှေးစွဲလျက် ၁၊ သားရေအိတ်ကို ဖွင့်သည်တွင် မြွေဟောက် ထွက်ဟန် ၁။ |
| ၄၀၃။ | အဋ္ဌိသေနဇာတ် | ဗာရာဏသီဥယျာဉ်၌ ဘုရားလောင်း ရသေ့ နေဟန် ၁၊ မင်း၊ မိဖုရား ဖူးမြော်ဟန် ၂။ |
| ၄၀၄။ | ကပိဇာတ် | ဗာရာဏသီ ဥယျာဉ်၌ ဘုရားလောင်း မျောက်မင်း အခြံအရံနှင့် နေဟန် သစ်ပင်နှင့် ၁၊ သစ်ပင်တပင် အောက် ပုရောဟိတ် ဝင်သည်ကို လျှပ်ပေါ်သော မျောက် ကျင်ကြီး ချဟန် ၁။ |
| ၄၀၅။ | ဗကဇာတ် | ဟိမဝန္တာသင်္ချိုင်း၌ ကေသဝရသေ့ နေဟန် ၁၊ ဘုရားလောင်း ကပ္ပရသေ့နှင့် ပြောဟောဟန် ၁။ |
| ၄၀၆။ | ဂန္ဓာရဇာတ် | ဟိမဝန္တာတော သစ်ပင်ရင်း၌ ဘုရားလောင်းဂန္ဓာရ ရသေ့နှင့် ဝိဒေဟရသေ့တို့ လကြပ်သည်ကို မြင်၍ ပြောဟောဟန် ၂၊ ကောင်းကင်၌ လကြပ်ဟန် ၁။ |
| ၄၀၇။ | မဟာကပိဇာတ် | ဂင်္ဂါနား၌ သရက်ပင်ကြီးထက် အခြံအရံနှင့် ဘုရားလောင်းမျောက်မင်း သရက်သီး စားဟန် ၁၊ ၎င်း သရက်ပင်အောက် မြဟ္မဒတ်မင်း အိပ်ဟန် ၁၊ မျောက်တို့ကို လူတို့ဝန်းရံဟန် ၁၊ ခါးတွင် နွယ်ချည်လျက် သရက်ကိုင်းကို လက်ကိုင်၍ ဂင်္ဂါတဖက် သစ်ပင်နှင့် သရက်ပင်ကို ဘုရားလောင်း နွယ်တန်းဟန် ၁၊ ဒေဝဒတ် မျောက် နင်းဆောင့်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၀၈။ | ကုမ္ဘကာရဇာတ် | ဘုရားလောင်း အိုးထိန်းသမီးခင်ပွန်း ပစ္စေကဗုဒ္ဓါ လေးပါးတို့ကို ဆွမ်းလှူဟန် ၂။ |
| ၄၀၉။ | ဒဠှဓမ္မဇာတ် | ဘုရားလောင်း အမတ် ၁၊ ၎င်းကို ကုလားအုပ်မ ပြောဆိုဟန် ၁။ |
| ၄၁၀။ | သောမဒတ္တဇာတ် | ဟိမဝန္တာ၌ မွေးသော ဆင်သေ၍ ရသေ့ငိုကြွေးဟန် ၁။ ဆင်သေ ၁၊သိကြားမင်း ဆုံးမလှာဟန် ၁။ |
| ၄၁၁။ | သုသီမဇာတ် | သုသီမမင်း မိဖုရား နန်းဆောင်နှင့် ၂၊ ဘုရားလောင်း အိမ်ရှေ့မင်း အမတ်တို့ ခစားဟန် ၂။ |
| ၄၁၂။ | ကောဋ္ဌသိမ္ဗလိဇာတ် | လက်ပန်ပင်နှင့် ဘုရားလောင်း ရုက္ခစိုးနတ် ၁၊ ညောင်ပင်ကို ရစ်လျက်နေသော နဂါးကို ၎င်း လက်ပန်ပင်တွင် ဂဠုန်မင်းစားပြီးလျှင် သမုဒြာသို့ ပစ်လိုက်ဟန် ညောင်ပင်ရစ်လျက် နဂါး ၁၊ ၎င်း လက်ပန်ပင်၌ ရုက္ခစိုးနတ်နှင့် ပြောဟောဟန် ဂဠုန် ၁၊ ၎င်းလက်ပန်ပင်၌ ငှက်ငယ် ၁။ |
| ၄၁၃။ | ဓူမကာရီဇာတ် | ဓနဉ္စယကောရဗျမင်း မိဖုရား နန်းဆောင်နှင့် ၂၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန် ၁။ |
| ၄၁၄။ | ဇာဂရဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းရသေ့ စင်္ကြံသွားဟန် ၁၊ စင်္ကြံစွန်းတွင် နေသောနတ် ကိုယ်ထင်ပြ၍ လျှောက်ဟန် ၁။ |
| ၄၁၅။ | ကုမ္မာသဇာတ် | ပစ္စေကဗုဒ္ဓါလေးပါးတို့အား ဘုရားလောင်းသူဆင်းရဲ မုယောမုံ့ လှူဟန် ၁၊ ထိုနောက်ဘဝ၌ ဗာရာဏသီတွင် မင်းဖြစ်၍ မှူးမတ်တို့အား ပြောဟောဟန် နန်းဆောင်နှင့် ၁။ |
| ၄၁၆။ | ပရန္တပဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း မိဖုရား နန်းဆောင် နှင့် ၂၊ ညီတော် မင်းသား ၁၊ ပုရောဟိတ် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၁၇။ | ကစ္စာယနိဇာတ် | သား၊ ချွေးမတို့ မရှိမသေ ပြုသည်တွင် တရားသေပြီဟု သုသာန်၌ မတကဘတ်ပြုမည် ခုံလောက် သုံးခွ၌ မီးထည့်၍ ဆန်ဆေးဟန် သူ့အိုမ ၁၊ ဘုရားလောင်း သိကြားမင်း ဆုံးမလှာဟန် ၁။ |
| ၄၁၈။ | အဋ္ဌသဒ္ဒဇာတ် | ဗာရာဏသီဥယျာဉ်၌ ဘုရားလောင်း ရသေ့နေဟန် ၁၊ဗာရာဏသီမင်း အမတ်တို့ကပ်၍လျှောက်ဟန် ၂။ |
| ၄၁၉။ | တုလသာဇာတ် | ခိုးသူကို ပြည့်တန်းဆာမ တောင်ကမ်းပါးမှ တွန်းချဟန် ၂၊သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁။ |
| ၄၂၀။ | သုမင်္ဂလဇာတ် | ဗာရာဏသီမင်းဥယျာဉ်၌ ရှင်ပစ္စေကဗုဒ္ဓါ သီတင်းသုံးဟန် ၁၊ ဘုရားလောင်း ဗာရာဏသီမင်း မိဖုရားဖူးမြော်ဟန် ၂။ |
| ၄၂၁။ | ဂင်္ဂမာလဇာတ် | ဥယျာဉ်၌ ရှင်ပစ္စေကဗုဒ္ဓါ သီတင်းသုံးဟန် ၁၊ မှူးမတ်တို့နှင့် ဘုရားလောင်း ဥဒယမင်းပူဇော်ဟန် ၂။ |
| ၄၂၂။ | စေတိယဇာတ် | ဘုရားလောင်း ကပိလရသေ့ ၁၊ကောလမ္ဗကပုဏ္ဏား ၁၊ပြည်သူတို့ ရှုကြဟန် ၄၊ စေတိယမင်းကို မုသားဆို၍ မြေမျိုဟန် ၁။ |
| ၄၂၃။ | ဣန္ဒြိယဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း သရဘင်္ဂရသေ့ နေဟန် ၁၊ တပည့်တို့ ခစားဟန် ၂။ |
| ၄၂၄။ | အာဒိတ္တဇာတ် | ရှင်ပစ္စေကဗုဒ္ဓါ ၅၊ ၎င်းတို့အား ဘုရားလောင်း ရောရုဝမင်းနှင့် မိဖုရား လှူဒါန်းပူဇော်ဟန် ၂။ |
| ၄၂၅။ | အဋ္ဌာနဇာတ် | ဘုရားလောင်းရသေ့ပြု၍ တော၌နေဟန် ၁၊ ပြည့်တန်းဆာမ ကပ်၍ တောင်းပန်ဟန် ၂။ |
| ၄၂၆။ | ဒီပိဇာတ် | ရာဇဂြိုဟ်ဥယျာဉ်၌ ဘုရားလောင်းရသေ့နေဟန် ၁၊ ဆိတ်ကို သတ်ခဲ့ဟန် ၂။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရပ် အရေအတွက် |
| --- | --- | --- |
| ၄၂၇။ | ဂိဇ္ဈဇာတ် | ဂိဇ္ဈကုဋ်တောင်လိုဏ်၌ အခြွေအရံများနှင့် ဘုရားလောင်း ဠင်းတမင်းနေဟန် ၁၊ အဖစကားကို မနာ၍ သား ဠင်းတငယ် ကောင်းကင် ဝေရမ္ဘလေ၌ ပျက်စီးဟန် ၁။ |
| ၄၂၈။ | ကောသမ္ဗိယဇာတ် | တော၌ ဘုရားလောင်း ဒီဃာဝုမင်းသား ပေါင်ကို ခေါင်းအုံးလျက် ကောသလမင်း အိပ်ဟန် ၁၊ ၎င်းဆံကိုဆွဲ၍ မင်းသား သန်လျက်နှင့် မိုးဟန် ၁၊ နောက် မင်းနှစ်ပါး သင့်တင့်ညီညွတ်လျက် ပလ္လင်ထက် နေဟန် ၁။ |
| ၄၂၉။ | မဟာသုဝဇာတ် | ဂင်္ဂါနားတွင် ဆွေးဟောင်းသော သဖန်းပင်ငုတ်၌ ဘုရားလောင်း ကျေးသားနေဟန် ၁၊ သိကြားမင်း ဆိုလှဲ့ဟန် ၁။ |
| ၄၃၀။ | စူဠသုကဇာတ် | ဂင်္ဂါနားတွင် ဆွေးဟောင်းသော သဖန်းပင်ငုတ်၌ ဘုရားလောင်းကျေးသား နေဟန် ၁၊ သိကြားမင်း ဆိုလှဲ့ဟန် ၁။ |
| ၄၃၁။ | ဟရိတဇာတ် | ဥယျာဉ်၌ ဘုရားလောင်းရသေ့နေဟန် ၁၊ မိဖုရားနှင့် ဗာရာဏသီမင်း ကပ်၍ မေးဟန် ၁။ |
| ၄၃၂။ | ပဒကုသလဇာတ် | ဘုရားလောင်း ပုဏ္ဏား ဃားအဖ မြစ်ကိုကူး၍ ပြေးဟန် ၂၊ အမိ ဘီလူးမလိုက်ဟန် ၁။ |
| ၄၃၃။ | လောမကဿပ | ဘုရားလောင်း ဟိမဝန္တာ၌ ရသေ့ပြု၍ နေဟန် ၁၊ ဗာရာဏသီမင်းက မင်းသမီးကိုစေ၍ ဖြားယောင်းစေဟန် ၁၊ အမတ် ၁။ |
| ၄၃၄။ | စက္ကဝက္ကဇာတ် | တခုသောအိုင်၌ ရွှေအဆင်းရှိသော ဘုရားလောင်း စက္ကဝက် ဖို့မ ၂၊ လျှပ်ပေါ် သောကျီးဆိုလှဲ့ဟန် ၁။ |
| ၄၃၅။ | ဟလိဒ္ဒိဇာတ် | ဟိမဝန္တာ၌ ရွှေအဆင်းရှိသော သားငယ်နှင့်တကွ ဘုရားလောင်းရသေ့ပြု၍ နေဟန် ၂၊ သားငယ်ကို မိန်းမ ဖျက်ဆီးလှဲ့ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၃၆။ | သမုဂ္ဂဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်းရသေ့နေဟန် ၁၊ ကြုတ်၌ မယားနှင့် ဝိဇ္ဇာတို့ကို ငုံ၍ ဘီလူးလာဟန် ၁၊ ရသေ့ ပြောသည်တွင် ကြုတ်ကို ထွေးဟန် ၁၊ ဝိဇ္ဇာတို့ သန်လျက်နှင့် ကြုတ်မှ ထွက်၍ ပြေးဟန် ၁။ |
| ၄၃၇။ | ပုတိမံသဇာတ် | သစ်ပင်ထက် ဘုရားလောင်းရှုက္ခစိုးနတ် ၁၊ ဆိတ်ကို မြေခွေး ဖိုမ ခဲဟန် ၃။ |
| ၄၃၈။ | ဒဒ္ဒရဇာတ် | တော၌ ဘုရားလောင်း ခါမင်း ပုဏ္ဏားလုလင်တို့ အား ဗေဒင်ချဟန် ၁၊ လုလင်တို့ စာထောက်နှင့် ဗေဒင်သင်ဟန် ၂။ |
| ၄၃၉။ | မိတ္တဝိန္ဒကဇာတ် | သင်ဓုန်းစက်ရှက်လျက် ငရဲခံသသူ ၁၊ ၎င်းကို ပဒုမာ ထင်၍ မိတ္တဝိန္ဒက သေဌေးသား တောင်းဟန် ၁၊ ဘုရားလောင်း ဆိုလှာဟန် ၁။ |
| ၄၄၀။ | ကဏှဇာတ် | နဘဲပင်ကို မှီ၍ အသက်မွေးလျက် ဘုရားလောင်း ရသေ့နေဟန် ၁၊ သိကြားမင်း ပြောဟောလှာ ဟန် ၁။ |
| ၄၄၁။ | စတုပေါသထဇာတ် | ကောရဗျမင်းဥယျာဉ်၌ သိကြား, နဂါး, ဂဠုန်, ကောရဗျမင်းတို့ ဥပုသ်သုံး၍ ဝိဓူရအမတ်ကို မေး ဟန် ၄၊ ၎င်းအမတ် ဖြေဟန် ၁။ |
| ၄၄၂။ | သခ်ဇာတ် | ပစ္စေကဗုဒ္ဓါ ခရီးသွားဟန် ၁၊ ဘုရားလောင်း သခ် ပုဏ္ဏား ထီး,ဘိနပ် လှူဟန် ၁၊ နောက်ပါ အလုပ် အကျွေး ၁။ |
| ၄၄၃။ | စူဠဗောဓိဇာတ် | ဘုရားလောင်းသေဌေး ရသေ့ပြု၍ မင်းဥယျာဉ်၌ နေဟန် ၁၊ သေဌေးမလည်း ပရိဗိုဇ်ရဟန်းပြု၍ ၎င်းဥယျာဉ်၌ နေဟန် ၁၊ ဘုရားလောင်းထံ ဗာရာ သီမင်း ပြောဟောလှာဟန် ၁။ |
| ၄၄၄။ | ကဏှဒီပါယနဇာတ် | မဏ္ဍဗျရသေ့ကို တံကျင်လျှိုဟန် ၁၊ ဘုရားလောင်း ကဏှဒီပါယန ရသေ့နှင့် ဗာရာဏသီမင်း စကား ပြောဟောဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၄၅။ | နိဂြောဓဇာတ် | ဘုရားလောင်း နိဂြောဓမင်းသားနှင့် သားသေဌေး တို့ ပညောင်ပင်ရင်းတွင် အိပ်ဟန် ၂၊ ပညောင်ပင် ထက် ကြက်နှစ်ခု အောက် အထက် အိပ်ဟန် ၂၊ ကြက်တို့ ဆိုသည်ကို ကြား၍ အထက် ကြက်ကို ပေါ်ထွက တက်၍ ဖမ်းဟန် ၁။ |
| ၄၄၆။ | တက္ကလဇာတ် | အဖကို သတ်မည် လှည်းနှင့် တင်၍ သွားဟန် ၁၊ မြှုပ်ရန် တွင်းတူးဟန် ၁၊ ဘုရားလောင်း သားငယ် အကြောင်းကို မေး၍ ဆုံးမဟန် ၁။ |
| ၄၄၇။ | ဓမ္မပါလဇာတ် | ပုဏ္ဏား, ပုဏ္ဏေးမ ၂၊ ဒိသာပါမောက္ခဆရာ ၁၊ ဘုရားလောင်း ဓမ္မပါလသတို့သား ၁။ |
| ၄၄၈။ | ကုက္ကုဋဇာတ် | ဝါးခြုံ၌ ဘုရားလောင်း ကြက်မင်း ၁၊ ၎င်းအနီး သစ်ပင်၌ သိမ်း ၁။ |
| ၄၄၉။ | မဋ္ဌကုဏ္ဍလီဇာတ် | သားသေ၍ သုသာန်၌ သူကြွယ်ငိုဟန် ၁၊ ဘုရားလောင်း နတ်သား ပရိယာယ်ဖြင့် ဆုံးမလှာဟန် ၁၊ လရုပ် နေရုပ် ၂။ |
| ၄၅၀။ | ဗိဠာရကောသိယ | ဗာရာဏသီမင်း သေဌေး အိမ်နှင့် ၁၊ ဘုရားလောင်း သိကြားနှင့် လနတ်သား နေနတ်သား မာတလိ နတ်သား ပဉ္စသိခနတ်သားတို့ ပုဏ္ဏားအသွင် အလှူ ခံလာဟန် ၅။ |
| ၄၅၁။ | စက္ကဝက္ကဇာတ် | ဂင်္ဂါနား၌ ဘုရားလောင်း စက္ကဝက် ဖို မ ၂၊ လျှပ် ပေါ်သော ကျီး ဆိုလှာဟန် ၁။ |
| ၄၅၂။ | ဘူရိပဥ္စဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့် ၁၊ မဟောသဓာ လျှောက်ဟန် ၁၊ သုခမိန် လေးယောက် လျှောက် ဟန် ၄။ |
| ၄၅၃။ | မဟာမင်္ဂလဇာတ် | ဟိမဝန္တာ၌ ဘုရားလောင်း ရသေ့ကို တပည့်တို့ မင်္ဂလာပြဿနာ မေးဟန် ၂၊ ဘုရားလောင်း ပြော ဟောဟန် ၂။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၄၅၄။ | ဃဋပဏ္ဍိတဇာတ် | နောင်တော် ဝါသုဒေဝမင်းအား ဘုရားလောင်း ညီတော် ဃဋပဏ္ဍိတ လဥ ယုန်ကိုတောင်း၍ ပရိယာယ်ဖြင့် ဆုံးမဟန် ၁၊ လရုပ် ၁၊ မှူးမတ်နှင့် ဝါသုဒေဝမင်း နာဟန် ၂။ |
| ၄၅၅။ | မာတုပေါသက | ဘုရားလောင်း ဆင်ဖြူ တရားဟောဟန် ၁၊ မှူးမတ်တို့နှင့် ဗာရာဏသီမင်း နာခံဟန် ၁။ |
| ၄၅၆။ | ဇုဏှဇာတ် | ဆင်စီးလျက် ဝဇီရစိန်ချွန်းစွဲ၍ ဘုရားလောင်း ဗာရာဏသီမင်း မြို့ကို လက်ျာရစ်လှည့်ဟန် ၁၊ ပုဏ္ဏားတဦး တောင်းလှာဟန် ၁။ |
| ၄၅၇။ | ဓမ္မဒေဝပုတ္တဇာတ် | ဘုရားလောင်း ဓမ္မနတ်သား ဒေဝဒတ်အလောင်း အဓမ္မနတ်သား ရထားစီးလျက် လူတို့ကို လှည့်၍ ဆုံးမသည်တွင် ရထားချင်း ဆိုင်မိဟန် ၂၊ အဓမ္မနတ်သား မြေမျိုဟန် ၁။ |
| ၄၅၈။ | ဥဒယဇာတ် | ပြာသာဒ်ထက် ဥဒယဘဒ္ဒါမင်းသမီးလျှောင်းလျက် နေဟန် ၁၊ဘုရားလောင်းသိကြားမင်း ရွှေခွက်နှင့် ဥစ္စာထည့်၍ စုံစမ်းလှာဟန် ၁။ |
| ၄၅၉။ | ပါနီယဇာတ် | ပစ္စေကဗုဒ္ဓါတို့ ဆွမ်းရပ်လှာဟန် ၅၊ ဘုရားလောင်း ဗာရာဏသီမင်း မိဖုရားနှင့် လှူဒါန်းပူဇော်ဟန် ၂။ |
| ၄၆၀။ | ယုဒ္ဓဉ္စယဇာတ် | ဟိမဝန္တာ၌ ရမ္မာနဂရမင်း၏ သား ဘုရားလောင်း ယုဒ္ဓဉ္စယမင်းသားသည် ညီတော်ယုဒ္ဓတ္တိလမင်းသားနှင့် ရဟန်းပြု၍ နေဟန် ၂။ |
| ၄၆၁။ | ဒသရထဇာတ် | ဟိမဝန္တာ၌ သီတာမင်းသမီး လက္ခဏာမင်းသားနှင့် ဘုရားလောင်း ရာမမင်းသား သခ်ဏ်းတွင် နေဟန် ၃။ |
| ၄၆၂။ | သံဝရဇာတ် | သံဝရမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း အမတ် ဆုံးမဟန် အမတ်များနှင့် ၂။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၆၃။ | သုပ္ပါဒကဇာတ် | သမုဒ္ဒရာအပြင်၌ သင်္ဘောသားတို့နှင့် ဘုရားလောင်း သုပ္ပါဒကပဏ္ဍိတ သင်္ဘောသွားဟန် ၁။ |
| ၄၆၄။ | စူဠကုဏာလဇာတ် | ကုဏာလအိုင်နားတော၌ ဥဩအပေါင်းခြံရံလျက် ဘုရားလောင်း ဥဩမင်း နေဟန် ၁။ |
| ၄၆၅။ | ဘဒ္ဒသာလဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ဘုရားလောင်း အင်ကြင်းပင်စောင့်နတ် ကိုယ်ထင် ဆိုလှာဟန် ၁။ |
| ၄၆၆။ | သမုဒ္ဒဝါဏိဇဇာတ် | သမုဒ္ဒရာအလယ်ကျွန်း၌ နေသည်တွင် နတ်တို့ ရေတက်စေသည်ကာလ လက်သားငါးရာနှင့် ဘုရားလောင်း လှေဖြင့် သွားဟန် ၁။ |
| ၄၆၇။ | ကာမဇာတ် | အလိုကြီးသော ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ သိကြားမင်း လှည့်ဖြားလှာဟန် ၁၊ မင်း နှလုံးပျက်သည်ကို ဘုရားလောင်းလုလင် ပြောဟောဟန် ၁။ |
| ၄၆၈။ | ဇနသန္ဓဇာတ် | ဘုရားလောင်း ဗာရာဏသီမင်း တရားဟောဟန် ၁၊ မင်းမိဖုရား မှူးမတ်မှစ၍ ပြည်သူတို့ နာဟန် ၂။ |
| ၄၆၉။ | မဟာကဏှဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ မူဆိုးယောင် ဖန်ဆင်း၍ ခွေးနက်ယောင်ဆောင်သော မာတလိ နတ်သားကို လက်, ခြေ, ဦးခေါင်း ကြိုးဖွဲ့ပြီးလျှင် ဆွဲငင်လျက် မင်းရင်ပြင်၌ ခြိမ်းခြောက်၍ ကဿပ ဘုရားသခင် သာသနာတော်ကို ပြုစုဟန် ၁။ |
| ၄၇၀။ | ကောသိယဇာတ် | ဗာရာဏသီသေဌေးစဉ်းလဲ အိမ်နှင့် ၁၊ သိကြား လနတ်သား နေနတ်သား မာတလိနတ်သားတို့ ပုဏ္ဏားအသွင်ဖြင့် အလှူခံလှာဟန် ၄၊ ပဉ္စသိခနတ်သား ခွေးယောင်ဖန်ဆင်းဟန် ၁။ |
| ၄၇၁။ | မေဏ္ဍကဇာတ် | ဝိဒေဟရာဇ်မင်း နန်းဆောင်နှင့် မဟောသဓာ လျှောက်ဟန် ၁၊ သုခမိန်လေးယောက် လျှောက်ဟန် ၄။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၄၇၂။ | မဟာပဒုမဇာတ် | အပြစ်မရှိသော ဘုရားလောင်းမင်းသားကို သူသတ်တို့ ချရာချောက်၌ ချစေဟန် ၁၊ မင်းသားကို တောင်စောင့်နတ် မ၍ နဂါးပါးပျဉ်းခွင်ဟန် ၁။ |
| ၄၇၃။ | မိတ္တာမိတ္တဇာတ် | ဗာရာဏသီမင်း မိဖုရား နန်းဆောင်နှင့် ၂၊ ဘုရားလောင်း အမတ် လျှောက်ဟန် ၁။ |
| ၄၇၄။ | အမ္ဗဇာတ် | ဘုရားလောင်း ဒွန်းစဏ္ဍား သရက်ပင်ကို အခြားမဲ့၌ မန္တန်ဖြင့် သီးစေဟန် သရက်ပင်နှင့် ၁၊ ၎င်းမန္တန်ကို သင်လို၍ ခယဟန် ပုဏ္ဏား ၁။ |
| ၄၇၅။ | ဖန္ဒနဇာတ် | သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁၊ ကြို့ပင်ကို လက်သမားဖြတ်ဟန် ၁၊ ဝံရွှေကိုလည်း ဖမ်းဟန် ၁။ |
| ၄၇၆။ | ဇဝနဟံသဇာတ် | ဗာရာဏသီမင်း နန်းဆောင်နှင့် ၁၊ ကျောက်တိုင်ထက် ဘုရားလောင်း ဟင်္သာမင်း မြားလေးစင်းကိုင်နေဟန် ၁၊ အရပ်လေးမျက်နှာသို့ လေးသမားလေးယောက် မြားပစ်ဟန် ၄။ |
| ၄၇၇။ | စူဠနာရဒဇာတ် | သားနှင့်တကွ ရသေ့ပြု၍ တော၌ နေဟန် ဘုရားလောင်းရသေ့ ၁၊ သားရသေ့ကို မိန်းမ ဖျက်လှာဟန် ၁။ |
| ၄၇၈။ | ဒူတဇာတ် | ဂင်္ဂါနား၌ ဘုရားလောင်း ဥစ္စာပျောက်၍ အစာမစားပဲ လျှောင်းဟန် ၁၊ ဗာရာဏသီမင်း လာ၍ ပြောဟောလှာဟန် ၁။ |
| ၄၇၉။ | ကာလိင်္ဂဇာတ် | မဟာဗောဓိရာ မြေပြင်သို့ရောက်သည်တွင် ကာလိင်္ဂ စကြာမင်း စီးသော ဆင်ရတနာ မသွားဝံ့ဟန် ၁၊ ဘုရားလောင်း ပုရောဟိတ် လျှောက်ဟန် ၁။ |
| ၄၈၀။ | အာကတ္တိဇာတ် | ဘုရားလောင်း သေဋ္ဌေးသား ရသေ့ပြု၍ နာဂဒီပ ကျွန်းကန်ပြင်တော်၌ နေဟန် ၁၊ ပုဏ္ဏားအသွင်ဖြင့် သိကြား ဆွမ်းခံလှာဟန် ၁၊ ပုဏ္ဏားအသွင် ကွယ်၍ သိကြားကိုယ်ထင် ပြောဟောဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၀၁။ | တက္ကာရိယဇာတ် | မျက်စိကြောင်လျက် အစွယ်ထွက်သော ပုဏ္ဏား ၁၊ ဘုရားလောင်း ပုဏ္ဏားလုလင် ပြောဆိုဟန် ၁။ |
| ၄၀၂။ | ကုရုင်္ဂမိဂဇာတ် | ကိုယ် ရွှေကဲ့သို့ လက်, ခြေ ချိပ်ရည်ကဲ့သို့ မြီးထူး စာမရီကဲ့သို့ ဦးချို ငွေပန်းဆိုင်းကဲ့သို့ မျက်လုံး ပတ္တမြားကဲ့သို့ ခံတွင်း ကမ္ဗလာကဲ့သို့ ရှိသော ဘုရားလောင်း ဆတ်မင်း ပလ္လင်နှင့် တရားဟောဟန် ၁၊ခေမာမိဖုရားနှင့် ဗာရာဏသီမင်းနာဟန် ၂။ |
| ၄၀၃။ | သရဘဇာတ် | ဘုရားလောင်း ရွှေသမင် ဆီးဆောက်တောအရပ်၌ ဆုံးမဟန် ၁၊ ဗာရာဏသီမင်း နာခံဟန် ၁။ |
| ၄၀၄။ | သူဝကဇာတ် | လက်ပန်ပင်ထက် ဘုရားလောင်းကျေးမင်း မိဘကို လုပ်ကျွေးဟန် ၃၊ ကျေးမင်း တရားဟောဟန် ၁၊ ပုဏ္ဏားနာဟန် ၁။ |
| ၄၀၅။ | စန္ဒကိန္နရီဇာတ် | ဘုရားလောင်း ကိန္နရာ ဖို မ ၂၊ ဗာရာဏသီမင်း လေးနှင့် ပစ်၍ အဖို မှန်ဟန် ၁၊ ကိန္နရာဖို လည်း သည်တွင် သိကြား ရေစင်ဖြန်းလှာဟန် ၁။ |
| ၄၀၆။ | မဟာဥက္ကုသဇာတ် | အိုင်နား၌ ဘုရားလောင်းခြသေ့်မင်း ၁၊ငှင်းသစ်ပင်၌ ဝန်လိုင့်ငှက် ၁၊ သိန်းငှက် ဖို မ ၂၊ ငှင်းအိုင်၌ လိပ်သားအဖ ၂။ |
| ၄၀၇။ | ဥဒါလကဇာတ် | ဥယျာဉ်၌ အခြွေအရံနှင့် ဥဒါလကရသေ့နေဟန် ၁၊ ဗာရာဏသီမင်းနှင့် ဘုရားလောင်းပုရောဟိတ် ပြောဆိုဟန် ၂။ |
| ၄၀၈။ | ဘိသဇာတ် | ဟိမဝန္တာ ပဒုမာအိုင်နား၌ ဘုရားလောင်း မဟာကဥ္စနရသေ့နှင့် ညီတော် ရသေ့ ခြောက်ယောက်, နှမတော် ၁၊ ကျွန်ယောကျ်ား ၁၊ ကျွန်မိန်းမ ၁၊ အဆွေယောကျ်ား ၁၊ ရုက္ခစိုးနတ် ၁၊ ဆင် ၁။ မျောက် သစ္စာမူကြဟန် ၁၊ သိကြား ကြာစွယ် ကြာရိုး ဝှက်လှာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၄၇၉။ | သုရုစိဇာတ် | ဘုရားလောင်း သိကြားမင်း ရသေ့အသွင် ကောင်းကင်က လာ၍နေဟန် ၁၊ သုမေဓာမိဖုရား ဆုယူဟန် ၁၊ သုရုစိမင်း ၁။ |
| ၄၈၀။ | ပဉ္စုပေါသထဇာတ် | တောအုပ်၌ သင်္ခမ်းတွင် ဘုရားလောင်းရသေ့ ၁၊ မြွေ ၁၊ ဝံ ၁၊ ခို ၁၊မြေခွေး ၁၊ဥပုသ် သုံးကြဟန်၊ |
| ၄၈၁။ | မောရဇာတ် | ဘုရားလောင်း ရွှေဥဒေါင်း တရားဟောဟန် ၁။ မင်းမိဖုရား တရားနာဟန် ၂။ |
| ၄၈၂။ | တစ္ဆကသူကရဇာတ် | ကျားနှင့် ရသေ့ကို ဝက်များစားဟန် ၂၊ သစ်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁။ |
| ၄၈၃။ | မဟာဝါဏိဇဇာတ် | ကုန်သည်တို့ နဂါးစောင့်သော ပညောင်ပင်ကို ဖြတ်ဟန် ၁၊ ကုန်သည်တို့ သတ်ပြီးလျှင် ဘုရားလောင်း ကုန်သည်ကြီးနှင့် နဂါးမင်း ပြောဟောဟန် ၂။ |
| ၄၈၄။ | သာဓိနဇာတ် | သိန္ဓောတထောင် ကသော ဝေဇယန္တာရထားနှင့် ဘုရားလောင်း သာဓိနမင်းကို မာတလိနတ်သား တင်သွားဟန် ၁။ |
| ၄၈၅။ | ဒသဗြာဟ္မဏဇာတ် | ပစ္စေကဗုဒ္ဓါ ငါးရာတို့ အလှူခံလာဟန် ၅၊ ကောရဗျမင်း လှူဒါန်းပူဇော်ဟန် ၁၊ ဘုရားလောင်း အမတ် ပူဇော်ဟန် ၁။ |
| ၄၈၆။ | ဘိက္ခာပရမ္ပရဇာတ် | မင်း ပုဏ္ဏား ရသေ့ ရှင်ပစ္စေကဗုဒ္ဓါတို့ စရပ်၌နေဟန် ၁၊မင်းအား သူကြွယ်ထမင်းပွဲဆက်ဟန် ၁။ |
| ၄၈၇။ | မာတင်္ဂဇာတ် | ဘုရားလောင်း မာတင်္ဂရသေ့၊ သေဋ္ဌေးသမီး ဒိဋ္ဌမင်္ဂလိကာ သား မဏ္ဍဗျ။ |
| ၄၈၈။ | စိတ္တသမ္ဘူတဇာတ် | ဘုရားလောင်း စိတ္တရသေ့ ဥတ္တရပဉ္စာလမင်း ဥယျာဉ်၌နေဟန် ၁၊မင်း မိဖုရား ဖူးမြော်လာဟန် ၂။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၄၉၉။ | သိဝိဇာတ် | ဘုရားလောင်း သိဝိရာဇ်မင်းကြီး နန်းဆောင်နှင့် ၁၊ သိကြားမင်း ပုဏ္ဏား အသွင်ဖြင့် မျက်စိအလှူခံလာဟန် ၁၊ လှူမည်ကို မှူးမတ်တို့ တောင်းပန်ဟန် ၁။ |
| ၅၀၀။ | သိရိမန္တဇာတ် | ဝိဒေဟရာဇ်မင်း ၁၊ မဟောသဓာ လျှောက်ဟန် ၁၊ သုခမိန်လေးယောက် လျှောက်ဟန် ၄။ (သည်တွင် ရှေးပုံ၌မပါ)။ |
| ၅၀၁။ | ရောဟဏဇာတ် | ဘုရားလောင်း ရွှေသမင်ကို ကျော့ကွင်းမိဟန် ၁၊ မုဆိုးလာဟန် ၁၊ ညီတော် နှမတော်သမင်တို့ မုဆိုးနှင့် ပြောဟောဟန် ၂။ |
| ၅၀၂။ | ဟံသဇာတ် | ဘုရားလောင်း ဟင်္သာမင်း တရားဟောဟန် ၁၊ နောက်ပါ သုမုခဟင်္သာမင်း ၁၊ ခေမာ မိဖုရားနှင့် ဗာရာဏသီမင်း တရားနာဟန် ၂။ |
| ၅၀၃။ | သတ္တိဂုမ္ဗဇာတ် | ပဉ္စာလရာဇ်မင်း ရသေ့တို့နေရာသင်္ခမ်းသို့ ကပ်လာဟန် ၁၊ ဘုရားလောင်း ကျေးသား ပြောဟောဟန် ၁။ |
| ၅၀၄။ | ဘလ္လာတိယဇာတ် | မြစ်နား၌ ကိန္နရာ ဖို မ နေဟန် ၂၊ တောလှည့် သည်တွင် မြင်၍ လေးမြားကို ချပြီးလျှင် ဘုရားလောင်း ဗာရာဏသီမင်း ကပ်၍ မေးဟန် ၁၊ ခြုံ၌ ခွေး ဝပ်ဟန် ၁။ |
| ၅၀၅။ | သောမနဿဇာတ် | ဘုရားလောင်း သောမနဿမင်းသား ခုနစ်နှစ်ရွယ်က ရဟန်းပြု၍ ဟိမဝန္တာသင်္ခမ်း၌ နေဟန် ၁၊ တဆယ့်ခြောက်နှစ်ရွယ် တိုင်အောင် နတ်တို့ လုပ်ကျွေးဟန် ၄။ (ရှေးပုံ၌ သည်ဇာတ် မပါ)။ |
| ၅၀၆။ | စမ္ပေယျဇာတ် | တောင်ပို့ထက် ဘုရားလောင်း နဂါးမင်း ဥပုသ်သုံးဟန် ၁၊ အလမ္ပါယ် ဖမ်းဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၅၀၇။ | မဟာပလောဘန | တော၌ မယားနှင့်တကွ ဘုရားလောင်း မင်းသား နေဟန် ၂၊ ဆွမ်းခံလှာသော ရသေ့ကို သန်လျက် ကိုင်၍ လိုက်ဟန် ၁။ |
| ၅၀၈။ | ပဥ္စပဏ္ဍိတဇာတ် | ထီးဖြူဆောက်သော ရာဇပလ္လင်ထက် ဝိဒေဟရာဇ် မင်း ၁၊ မဟောသဓာ လျှောက်ဟန် ၁၊ သူ့ခမိန် လေးယောက် လျှောက်ဟန် ၄။ |
| ၅၀၉။ | ဟတ္ထိပါလဇာတ် | ဘုရားလောင်းဟတ္ထိပါလရသေ့ တောသစ်ဖျား၌ နေ ဟန် ၁၊ ညီတော် ရသေ့ ၃။ |
| ၅၁၀။ | အယောဃရဇာတ် | ဘုရားလောင်းမင်းသား ရသေ့ပြုဟန် ၁၊မယ်တော် ခမည်းတော် မှစ၍ တပြည်လုံး ရသေ့ချည်းပြု၍ လိုက်ဟန် ၄။ |
| ၅၁၁။ | ကိံဆန္ဒဇာတ် | ဂင်္ဂါနား၌ ဘုရားလောင်း ရသေ့နှင့် ဂင်္ဂါစောင့် နတ်သမီး စကားပြောဟန် ၂၊သရက်တော၌ ပုရောဟိတ် ဖြစ်ဘူးသော ဝေမာနိက ပြိတ္တာနှင့် ဘုရားလောင်း စကားပြောဟန် ၂။ |
| ၅၁၂။ | ကုမ္ဘဇာတ် | သူရာမည်သော မုဆိုးနှင့် ဝရုဏမည်သော ရသေ့ သာဝတ္ထိသို့ ရောက်၍ သေစီရင်ပြီးလျှင် မင်းအား ဆက်ဟန် ၂၊မှူးမတ်အပေါင်းနှင့် သေသောက်မည် စီရင် ခင်းကျင်းဟန် ၂၊ ဘုရားလောင်း သိကြား ပုဏ္ဏားအသွင်ဖြင့် အိုးကိုင်လျက် ဆုံးမလှာဟန် ၁။ |
| ၅၁၃။ | ဇယဒိသဇာတ် | ပညောင်ပင်ရင်း၌ အလိနသတ္တုမင်းသား ဘီလူး အသွင်ရှိသော ပေါရိသာဒကို ဆုံးမဟန် ၁၊ ပေါရိ သာဒ နာခံဟန် ၁၊ ထိုနောက် ပေါရိသာဒ ရသေ့ ပြု၍ နေဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၅၁၄။ | ဆဒ္ဒန္တဇာတ် | ဟိမဝန္တာ ဆဒ္ဒန်အိုင်နား ပညောင်ပင်ရင်း၌ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း ၁၊ မုဆိုး လေးနှင့် ပစ်ပြီးနောက်တွင်မှ ထွက်စေ၍ မုဆိုးနှင့် စကားပြောဟောဟန် ၁။ |
| ၅၁၅။ | သမ္ဘဝဇာတ် | သုစိတရပုဏ္ဏား လက္ခဏာမေးဟန် ၁၊ ခုနစ်နှစ်ရွယ်ရှိသော ဘုရားလောင်း သမ္ဘဝသတို့သား ဖြေဟန် ၁၊ ခမည်းတော် ဝိဓူရပုဏ္ဏား ၁၊ နောင်တော် ဘဒြတာရ, သဉ္စယတို့ ၂။ |
| ၅၁၆။ | မဟာကပိဇာတ် | ဘုရားလောင်း မျောက်မင်း အိပ်လျက် ၁၊ ၎င်းကိုပုဏ္ဏား ကျောက်နှင့်ထုဟန် ၁၊ မျောက်မင်းသစ်ပင်သို့ ပြေးတက်၍ စကားပြောဟောဟန် ၁။ |
| ၅၁၇။ | ဒကရက္ခသဇာတ် | ပဉ္စာလရာဇ်မင်း နန်းဆောင်နှင့် ၁၊ ဘေရိပရိဗိုဇ်မေးဟန် ၁၊ မဟောသဓာ ၁။ |
| ၅၁၈။ | ပဏ္ဍရဇာတ် | ဘုရားလောင်း ဂဠုန်မင်း ၁၊နဂါးမင်း ပြောဟောဟန် ၁၊အဝတ်မဝတ်သောရသေ့ကို မြေမျိုဟန် ၁။ |
| ၅၁၉။ | သမ္ဗုလဇာတ် | ခမည်းတော် ဘုရားလောင်း ဆုံးမဟန် ၁၊ သားသောတ္ထိသေနမင်းနှင့် သမ္ဗုလာမိဖုရား နာခံဟန် ၂။ |
| ၅၂၀။ | ကဏ္ဍတိန္ဒုက | တည်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ် ၁၊ ပဉ္စာလရာဇ်မင်း အိပ်ဟန် နန်းဆောင်နှင့် ၁၊ ညအခါ၎င်းတည်ပင်စောင့်နတ် လာ၍ ဆုံးမဟန် ၁။ |
| ၅၂၁။ | သေသကုဏဇာတ် | နန်းဆောင်နှင့်ဗာရာဏသီမင်း မှူးမတ်ခြံရံလျက် ၁၊ဘုရားလောင်း ကျေးသား ၁၊ခင်ပုတ် ၁၊ဇက်ရက်မ ၁၊ ဆုံးမဟန်။ |
| ၅၂၂။ | သရဘင်္ဂဇာတ် | ဗာရာဏသီ မင်းရင်ပြင်၌ ဘုရားလောင်း ဇောတိပါလ လုလင် လေးအတတ် ပြမည် မြားစွဲလျက်ရပ်ဟန် ၁၊ လေးမျက်နှာက ရပ်၍ လေးသမားတို့၎င်းလုလင်ကို လေးနှင့်ပစ်ဟန် ၄။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၅၂၃။ | အလမ္ဗုသာဇာတ် | ဘုရားလောင်းရသေ့သည် သားရသေ့ငယ်ကို ခေါ်၍ နာရီဝနမည်သော မိန်းမသဏ္ဍာန် သီးပွင့်သော သစ်ပင်ကို ပြ၍ ဆုံးမဟန် ၂၊ ထိုနောက် သားရသေ့ကို အလမ္ဗုသာနတ်သမီး ဖြားယောင်းလှာဟန် ၂။ |
| ၅၂၄။ | သင်္ခပါလဇာတ် | ဥပုသ်ဆောက်တည်သော ဘုရားလောင်း သင်္ခပါလ နဂါးမင်းကို မုဆိုး တဆယ့်ခြောက်ယောက်တို့ ထမ်းပိုး ရှစ်ခုဖြင့် ထမ်း၍ သွားဟန် ၁။ |
| ၅၂၅။ | စူဠသုတသောမ | ပြည်ကိုစွန့်၍ ဟိမဝန္တာ၌ ဘုရားလောင်း ရသေ့ပြု လျက် တပည့်များဖြင့် နေဟန် ၃။ |
| ၅၂၆။ | နိဠိနီဇာတ် | ဘုရားလောင်း အဖရသေ့ သစ်သီးရှာမှီးမည် သွားဟန် ၁၊ သား ရသေ့ငယ် သင်္ချိုး၌ နေရစ်သည်ကို မင်းသမီး ဖြားယောင်းလှာဟန် ၂။ |
| ၅၂၇။ | ဥမ္မာဒန္တီဇာတ် | ဘုရားလောင်း သိဝိမင်း ရထားနှင့် ပြည်ကိုလှည့် သည်တွင် စစ်သူကြီးမယားဥမ္မာဒန္တီကို မြင်ဟန် ၁၊ ၎င်းကို တပ်၍ ပြာသာဒ်ထက် နေသည်တွင် စစ်သူကြီး လျှောက်ထားဟန် ၁။ |
| ၅၂၈။ | မဟာဗောဓိဇာတ် | ဗြဟ္မဒတ်မင်း၏ နန်းဆောင် ပလ္လင်ထက် ဘုရားလောင်း မဟာဗောဓိရသေ့ ဆွမ်းခံလှာဟန် သပိတ်နှင့် ၁၊ ၎င်းမင်း ပြောဟောဟန် ၁။ |
| ၅၂၉။ | သောဏဇာတ် | ဥယျာဉ် အင်ကြင်းပင်၌ သောဏ ရှင်ပစ္စေကဗုဒ္ဓါ သီတင်းသုံးဟန် ၁၊ ဘုရားလောင်း ဗာရာဏသီမင်း အခြံအရံနှင့်ကပ်၍ လျှောက်ဟန် ၁။ |
| ၅၃၀။ | သံကိစ္စဇာတ် | ဥယျာဉ်ကျောက်ဖျာ၌ ဘုရားလောင်းသံကိစ္စရသေ့ နေဟန် ၁၊ ဗြဟ္မဒတ်မင်း မှူးမတ် ပရိသတ်နှင့် လှာဟန် ၁။ |
| ၅၃၁။ | ကုသဇာတ် | ပဘာဝတီမိဖုရားနှင့် ကုသမင်း ဆင်စီး၍ စစ်ထွက်ဟန် ၁၊ သိကြားမင်း ပတ္တမြားပေးလှာဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ် အရေအတွက် |
|---|---|---|
| ၅၃၂။ | သောဏနန္ဒဇာတ် | ဟိမဝန္တာသင်္ချမ်း၌ ဘုရားလောင်း သောဏ ရှင်ရသေ့ နေဟန် ၁၊ မနောဇမင်း အစရှိသော မင်းများနှင့်တကွ ညီတော် နန္ဒရသေ့ ကန်တော့ လှာဟန် ၄။ |
| ၅၃၃။ | စူဠဟံသဇာတ် | ဘုရားလောင်း ဟင်္သာမင်း တရားဟောဟန် ၁၊ နောက်ပါဟင်္သာ ၁၊ သာဂလမင်း မိဖုရား တရားနာဟန် ၂။ |
| ၅၃၄။ | မဟာဟံသဇာတ် | ဘုရားလောင်း ဟင်္သာမင်း တရားဟောဟန် ၁၊ နောက်ပါဟင်္သာ ၁၊ ခေမာမိဖုရားနှင့်တကွ ဗာရာဏသီမင်း တရားနာဟန် ၂။ |
| ၅၃၅။ | သုဓာဘောဇန | ကောသိယသေဌေး အိမ်နှင့် ၁၊ သိကြား, လနတ်သား, နေနတ်သား, မာတလိနတ်သားတို့ ပုဏ္ဏားအသွင်ဖြင့် အလှူခံလှာဟန် ၄၊ ပဉ္စသိခနတ်သား ခွေးယောင်ဖန်ဆင်းဟန် ၁။ |
| ၅၃၆။ | ကုဏာလဇာတ် | ကုဏာလအိုင်နား သစ်ပင်၌ အခြံအရံနှင့် ဘုရားလောင်း ဥဩမင်း နေဟန် ၁၊ ငှင်းငှက်မင်း၏ အဆွေဖြစ်သော ဥဩလည်း အခြံအရံနှင့် တကွ ငှင်းအိုင်နားသစ်ပင်၌ နေဟန် ၁။ |
| ၅၃၇။ | မဟာသုတသောမ | မင်းတို့ကို ဖမ်း၍ ပညောင်ပင်၌ ပေါရိသာဒ ဆွဲထားဟန် ၃၊ ဘုရားလောင်း မဟာသုတသောမမင်း ပေါရိသာဒအား တရားဟောဟန် ၁၊ ပေါရိသာဒ နာခံဟန် ၁။ |
| ၅၃၈။ | မူဂပက္ခဇာတ် | ဘုရားလောင်း ရသေ့ပြု၍ သင်္ချမ်း၌ နေဟန် ၁၊ မယ်တော် ခမည်းတော်မှစ၍ ခုနစ်ပြည်ထောင်လုံး ရသေ့ပြုကြကုန်ဟန် ၇။ |
| ၅၃၉။ | မဟာဇနကဇာတ် | သမုဒ္ဒရာအပြင်၌ သင်္ဘောပျက်၍ ဘုရားလောင်း ကူးဟန် ၁၊ နတ်သမီး ဆယ်ဟန် ၁။ |

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
| --- | --- | --- |
| ၅၄၀။ | သုဝဏ္ဏသာမဇာတ် | သုဝဏ္ဏသျှံ သတို့သား မြစ်၌ ရေခတ်လှာသည်တွင် ပီဠိယက္ခမင်းကြီး လေးနှင့်ပစ်ဟန် ၂။ |
| ၅၄၁။ | နေမိဇာတ် | နေမိမင်းကြီး သိန္ဓောတထောင်ကသော ရထား ဖြင့် တာဝတိံသာသို့ မာတလိနတ်သား ဆောင် ဟန် ၁။ |
| ၅၄၂။ | ဥမင်္ဂဇာတ် | ဝိဒေဟရာဇ်မင်းကြီး ပြာသာဒ်နှင့် ၁၊မဟောသဓာ လျှောက်ဟန် ၁၊ သုခမိန်လေးယောက် လျှောက် ဟန် ၄။ |
| ၅၄၃။ | ဘူရိဒတ္တဇာတ် | တောင်ပို့တခု၌ ဘူရိဒတ်နဂါးမင်း ဥပုသ်ဆောက် တည်ဟန် ၁၊ ၎င်းနဂါးမင်းကို အလမ္ပါယ် ဖမ်း ဟန် ၁။ |
| ၅၄၄။ | စန္ဒကုမာရဇာတ် | စန္ဒကုမ္မာမင်းသားကို ယဇ်ပူဇော်မည် လည်ကိုညွှတ် စေလျက် ယဇ်တွင်းအနီးထားဟန် ၁၊ ပုရောဟိတ် ပုဏ္ဏား ရွှေခွက်တဖက် သန်လျက်တဖက်စွဲလျက် ၁၊ သိကြားမင်း တင်းပုတ်စွဲ၍ လာဟန် ၁။ |
| ၅၄၅။ | နာရဒဇာတ် | အင်္ဂတိမင်းအား ရုစာမင်းသမီး ဆုံးမဟန် ၂၊ ပုလဲဆိုင်တွင် သန္တာကရားကိုထည့်လျက် ရွှေထမ်းပိုး ဖြင့် ဆောင်၍ ရသေ့အသွင်ဖြင့် ဘုရားလောင်း နာရဒဗြဟ္မာမင်းလာဟန် ၂။ |
| ၅၄၆။ | ဝိဓူရဇာတ် | သိန္ဓောမြင်းစီး၍ ပတ္တမြားကိုင်လျက် ပုဏ္ဏကဘီလူး ၁၊ ၎င်းမြင်းကို ဆွဲလျက် ဝိဓူရအမတ် ၁။ |
| ၅၄၇။ | ဝေဿန္တရာဇာတ် | ဝင်္ကဘာတောင်၌ဝေဿန္တရာမင်းကြီး ၁၊ ဇူဇကာ ပုဏ္ဏား အလှူခံလှာဟန် ၁၊ သားတော် သမီးတော် တို့ကို လှူဟန် ၂။ |

## ကောင်းမှုတော်ဘုရားမှ နတ်ကြီး ငါးပါး

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ကောင်းမှုတော်ဘုရားရှင် မဟာရာမ်စောင်းတန်းတွင် နတ်ကြီး၅ပါးနှင့် တောင်မကြီးနတ်ကို လေးမျက်နှာထားရမည် အိပ်မက်တော် ထင်သည်ဖြစ်၍ နတ်ကြီးငါးပါး အဆင်းသဏ္ဍာန် အဝတ်တန်းဆာ အစွဲအကိုင်များကို ကိုးပါးပုဏ္ဏားပညာရှိပုဏ္ဏားတို့ကို မေးလျှင် အကွဲကွဲအပြားပြား မညီမညွတ် ပြောဆိုကြသည်ဖြစ်၍ မုနိရံ ပြောဆိုသည် အချက်များနှင့် အဆောင်မြဲခန့်၍ မုနိရံနှင့် ဆရာတော်ဘုရားမှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ရသည်အတိုင်း လျှောက်လှာပါစေသည်၊ နတ်ကြီးငါးပါး အဆင်းသဏ္ဌာန် လက်နက်အစွဲအကိုင်အလုံးစုံကို ကျမ်းဂန်ထွက်ရှိသည့်အတိုင်း အမိန့်တော် ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၂-ခု တပေါင်းလပြည့်ကျော်(၁၀)ရက်နေ့ အဆောင်မြဲ ရွှေတောင်သိမ်နော်ရထာနှင့် ပုဏ္ဏားတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

နတ်ကြီးငါးပါးနှင့် တောင်မကြီးနတ်ကို စေတီတော် လေးမျက်နှာ ထားရမည် အိပ်မက်တော် ထင်သည်မှာ ဘုန်းပါရမီတော်ကြောင့် သာသနာစောင့်နတ်တို့ ပြောပြသည့်အရာ ဖြစ်သည်၊ သီဟိုဠ်ကျွန်း မဟာစေတီများမှာ သာသနာစောင့်နတ်တို့ကို ရေးသား လုပ်ထားသည့် ထုံးစံလည်း ရှိသည်၊ နတ်ကြီးငါးပါးအရမှာ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ, မဟေသရ နတ်ငါးပါးကို လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့၌ ဆိုသည်၊ ၎င်းငါးပါးတွင် ဓရတဋ္ဌနဂါးမင်းမှာ ဂန္ဓဗ္ဗနတ်အရံနှင့်၊ ဝိရူဠှကနတ်မင်းမှာ ဂုမ္ဘာန်အရံနှင့်၊ ဝိရူပက္ခနတ်မင်းမှာ နဂါးအရံနှင့် သန်လျက်စွဲလျက်ချည်း လုပ်ဆောင်သင့်သည်၊ ကုဝေရနတ်မင်းမှာ လူထမ်းသောယာဉ်စီးလျက် ဘီလူးအရံနှင့် ဆောက်ပုတ်စွဲ၍ လုပ်ဆောင်သင့်သည်၊ မဟေသရနတ်မင်းမှာ ဥသဘယာဉ်စီးလျက် ဘုမ္မစိုးနတ်အရံနှင့် တံကျင်သုံးခွစွဲ၍ လုပ်ဆောင်သင့်သည်ကို လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့၌ ဆိုသည်၊ အဆင်းသဏ္ဌာန် အဝတ်တန်းဆာကို အထူးမဆို၊ သည်နည်းမှာ သာသနာတော်နည်း ဖြစ်သည်။

လောကီနည်းမှာ ပရမေသုရာနတ်, နေနတ်, မဟာပိန္နဲနတ်, ဗိသုကာနတ်, စန္ဒီနတ်တို့ကို နတ်ကြီးငါးပါးဟူ၍ သမိတိသာရကျမ်းစသော သင်္ချိုက်ကျမ်း၌ ဆိုသည်၊ ၎င်းငါးပါးတို့တွင်—

**ပရမေသုရာနတ်မှာ**—ကျားရေကဲ့သို့ ပြောက်ကျားသော ပုဆိုးနှင့် ဆံကျစ်ထုံးလျက် လကျာလက်က မုဒိန်စည်, လက်ဝဲဘက်က တံကျင်သုံးခွ, လည်မှာ နဂါးပတ်ဆင်၍ မျက်စိသုံးလုံးစီ ရှိသော မျက်နှာငါးခု ညိုသောတန်းဆာများနှင့် ကိုယ်အဆင်း ငွေကဲ့သို့ ဥသဘယာဉ်စီးလျက် လုပ်ဆောင်သင့်သည်။

**နေနတ်မှာ**—နီသောအဆင်းသဏ္ဌာန် အဝတ်တန်းဆာ မကိုဋ် စလွယ် မျက်စိသုံးခု လက်နှစ်ဖက်တွင် ကြာပဒုမာကိုင်လျက် နေရောင်အဆင်းရှိသော ဗိမာန်နှင့် လုပ်ဆောင်သင့်သည်။

**မဟာပိန္နဲနတ်မှာ**—လကျာ ဆင်ခေါင်းကဲ့သို့ ဖြူသောဦးခေါင်း နီသော ကိုယ်, လက်, ခြေ မျက်စိသုံးခု လက်လေးဖက်အထက် လကျာဘက်က ချွန်း အထက် လက်ဝဲဘက်က စက် အောက်လကျာဘက်က အစွယ် အောက်လက်ဝဲဘက်က နှာမောင်းကိုင်လျက် ကြွက်ယာဉ်စီးဟန် လုပ်ဆောင်သင့်သည်။

**ဗိသုကာနတ်မှာ**—ညိုသောကိုယ်အဆင်း ရွှေသောဖျဝတ်တန်းဆာ လက်လေးဘက် အထက်လကျာဘက်က ပဒုမာ အောက်လကျာဘက်က ခရုသင်း အထက်လက်ဝဲဘက်က စက် အောက်လက်ဝဲဘက်က တင်းပုတ်ကိုင်၍ ဂဠုန်ယာဉ်တွင် ထက်ဝယ်ဖွဲ့ စီးလျက် လုပ်ဆောင်သင့်သည်။

**ပရမေသုရာနတ်မင်းမိဖုရား စန္ဒီနတ်သမီးမှာ**—ကိုယ် ရွှေအဆင်း နီသောဝတ်စားတန်းဆာ မျက်စိသုံးခု လက်ဆယ်ဘက် လကျာဘက် ငါးဘက်က သံလျက် စက် မြားလှံတံ တံကျင်သုံးခွ၊လက်ဝဲဘက်ငါးဘက်က နဂါးပတ် ဒိုင်း လေး ပုဆိန် ချွန်းတောင်းစွဲလျက် ခြင်္သေ့စီးဟန် လုပ်ဆောင်သင့်သည်ကို သမိတိသတ္တ, တန္တြသာရသင်္ကေတ အဘိဓာန်စသော ကျမ်းတို့၌ ဆိုသည်၊ မျက်နှာ ငါး၊ မျက်စိ ၃၊ လက်လေးဘက်စသည်များမှာ ထိုနတ်တို့ တန်းခိုးကြီးသည်ကိုစွဲ၍ အရှည်သိသာအောင် ဖြဟွာရုပ်ကို မျက်နှာလေးခုရေးသကဲ့သို့ ဆိုခြင်းသာ ဖြစ်သည်၊ သာသနာကျမ်း, လောကီကျမ်းလာ နတ်ကြီးငါးပါးအရကို သိသာတော်မူသာအောင် မေတ္တာစာ ဆက်သွင်းသည် တရားမင်းမြတ်။

## မြေပုံ ဘုရားရုပ်တု

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ပုဂံမြို့ဝန် ဆောင်ယူ၍ ရောက်သည့် မြေပုံ ဘုရားရုပ်တုတော်များကို ဆရာတော်မှာ ပြ လျှောက်စေ၊ မြေပုံ ရုပ်တုတွင် ပါသည့် စာများကိုလည်း မြန်မာပြန်ရမည့် အကြောင်းနှင့် လျှောက်ရမည်၊ မြေပုံတွင် ပါသည့် စာအထွက်ကိုလည်း တပုံစီ သိသာအောင် မင်နှင့် အသီးအသီး မှတ်စေ၊ ရာဇာဘိသေကကျမ်းထွက် ဂါထာများကိုလည်း ဆရာတော်မှာ လျှောက်၍ မုနိရံတို့ကို သင်ကြားစေ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း အဆောင်တော်မြဲ ငြိမ်းကို စေ၍ လျှောက်လှာပါစေသည်၊ မြေပုံကို ကြည့်ရှုတော်မူပြီးလျှင် မြေပုံတွင် ရေးလျက်ပါသောစာကို မြန်မာပြန်၍၊ တပုံစီ စာအထွက်ကို သိတော်မူသာအောင် မင်နှင့် မှတ်သားဆက်သွင်းတော်မူပါ၊ ရာဇာဘိသေကကျမ်းထွက် ဂါထာများကိုလည်း မုနိရံတို့ကို ပေးအပ်သင်ကြားပါစေမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၂—ခု တပေါင်းလပြည့်ကျော်(၁၁)ရက်နေ့ အဆောင်မြဲ ငြိမ်းကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပုဂံမြို့ဝန် ဆောင်ယူ၍ ရောက်သည့် မြေပုံ ဘုရားရှင်ရုပ်တုတော်များမှာ ဌပနာသွင်းရန် တော်သင့်လှပေသည်၊ သည်ကဲ့သို့ မြေပုံ ရုပ်တုတော် အများအပြားလုပ်၍ ကောင်းမှုတော်တွင် သင့်ရာအုတ် အကြားအကြားမှာ ဌပနာ သွင်းတော်မူသော် တထည်လုံး ဘုရားကဲ့သို့ ဖြစ်၍ ပူဇော်ဖွယ်ချည်း ဖြစ်မည်၊ မြေပုံတွင် ပါသည့်စာမှာ ယွန်းအက္ခရာနှင့် "နမော ဗုဒ္ဓါယ"ဟု ဘုရားရှိခိုးခြင်းလည်း ဖြစ်အောင် ဘုရားရုပ်တုဟူ၍လည်း သိသာအောင် ရေးမှတ်ခြင်းဖြစ်သည်၊ အခြား စာအများအပြား မဟုတ်၍ မင်နှင့် ရေးစု မရှိပြီ၊ မုနိရံတို့ကိုလည်း အသုံးတော် ဖြစ်လောက်အောင် ပုဏ္ဏားတို့ အမူအလွှေ အရွတ်အဖတ်များကို အထက်ကပင် သင်စေသည်၊ ယခုလည်း အမိန့်တော်နှင့် ရာဇာဘိသေကကျမ်းကို သင်စေမည်။

## တချပ်ပြည်မှ တမန်ဘိုကို စစ်ချက်

၁၁၅၂-ခု တပေါင်းလပြည့်ကျော်(၁)ရက်နေ့ လက်ဆောင်တော်ကို ကြပ်မပို့လှာသူ ရင်ရဲ့ရှိရှိတို့ကို စစ်မေး ထွက်ဆိုချက်—

ဘုရားကျွန်တော်တို့ အရှင်ဥတည်မင်းက ဆက်သည့် ရွှေတံဆိပ်အရမှာ အဆွေခင်ပွန်းစစ် မဟာမိတ် သားတော်အစဉ် မြေးတော်အဆက် အစွန့်ရှည်စွာ မနှောက်မရှက် ခိုင်ခံ့စေချင်သည့်သဘောနှင့် မင်းတကာတို့ထက် ဘုန်းတော်ကြီး၍ သက်တော်ရှည်မည်အကြောင်းကို ချစ်လှစွာသော အဆွေခင်ပွန်းဖြစ်၍ အသက်ရှစ်ဆယ်ပြည့် ပွဲကြီးသဘင် ခံသည်အတွင်း မြတ်သော လက်ဆောင်တော်ကို ပို့ဆက်ပါသည်၊ ကျွန်တော်တို့အရှင် ဥတည်မင်းမှာလည်း အိုမင်းသည်နှင့် သားအကြီး လုရဲအသက်(၄၅)နှစ်ရှိသူကို အရာနန်းလွှဲမည် ကြံသည်အတွင်း သေဆုံး၍ စိတ်နှလုံးကျသည်နှင့် အနောက်ပြည်ကြီးကို အစိုးရသော ဘဝရှင်ဘုရား ရွှေဘုန်းတော်မြတ်တက်ထွန်းတော်မူသောကြောင့် ကျွန်တော်တို့ ဘေးဘိုး သည်ကဲ့သို့ မကြားစဘူးတရုပ် ၄၀ ပြည် မင်းအနီး နန်မင်းမှစ၍ အရပ်ရပ်မင်းတို့ကို မပေးကမ်းဘူးသည့်တံဆိပ်နှင့် သမီးကညာ လက်ဆောင်များကို ဆက်သသည်ဖြစ်၍ တပြည်ထောင်လုံးမှာလည်း ရှေးခါကဲ့သို့ မထင်ကြပါပြီ၊ ဖာဏာသခင် အရှင် စွဲယူ၍ ရွှေဘုန်းတော်မြတ်ကို အံ့ဩမနိုင် ရှိကြကြောင်းကို ထွက်ဆိုပါသည်ဘုရား၊ တရုပ်တို့အစစ်ခံချက်။

---

## အထူးထူးသော လက်ဆောင်နှင့် ရွှေတံဆိပ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဂန္ဓာလရာဇ် တရုပ်ဥတည်မင်းက ရွှေတံဆိပ်နှင့်အထူးထူးသော လက်ဆောင်တော် အဆက်အသ ရောက်သည်၊တရုပ်တို့စစ်ချက် ထွက်ချက်များကို ဆရာတော်မှာ ပြလျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း အဆောင်မြဲ ရှဲရွှာစားကိုစေ၍ စစ်ချက်များကို လျှောက်လှာပါစေသည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၂—ခု တပေါင်းလပြည့်ကျော်(၁၃)ရက်နေ့ အဆောင်မြဲ သိမ်ရွှေတောင် နော်ရထာကို စေ၍ စစ်ချက်နှင့် လျှောက်လှာသည်တွင် ဝန်တို့သို့ ပြန်တော်မူလိုက်သည်ကား—**

ဂန္ဓာလရာဇ် တရုပ် ဥတည်မင်းက ရွှေတံဆိပ်နှင့် အထူးထူးသော လက်ဆောင်တော် ဆက်ရောက်သည့်စာမှာ သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိအဘယမင်း ဟေမမာလာမည်သော မဟာစေတီကို တည်ထားသည်ကာလ ၎င်းမင်းသို့ အထူးထူးသော လက်ဆောင် ဆက်ရောက်သည်ကို သာသနာ ပြုစုထိုက်သော ဘုန်းကံ ရှိသည်ဟူ၍ ကျမ်းဆရာတို့ ချီးမွမ်းကြောင်းကို ကျမ်းဂန်အဆိုရှိ၍ သိရသည်၊ ယခုမှာ သာသနာ ပြုစုထိုက်သော တရားမင်းမြတ် ဘုန်းကံတော်ကြီး၍ ဆတ်ဆတ်ကြားရသည်၊ သီဟိုဠ်ကျွန်း မဟာစေတီကဲ့သို့ ယခု ပြုတော်မူသော ကောင်းမှုတော်လည်း စင်စစ် သာသနာတော်မူလ လူ့နတ်ပြဟ္မာတို့ ပူဇော်သက္ကာရ ပြုရာဖြစ်မည်၊ တရားမင်းမြတ် ဘုန်းတော်ကို အမှီပြု၍ သတ္တဝါတို့ စီးပွားများမည်အကြောင်း ဖြစ်သည်။

## အန္ဒဂူဆင်းတုတော်

**၁၁၅၂—ခု တန်းခူးလဆန်း(၃)ရက်နေ့ ပုဂံက ရသည့် အန္ဒဂူဆင်းတုတော်ကို ဆက်သည်တွင် အတွင်းဝန်တို့သို့ ပေးသည့် မေတ္တာစာကား—**

အထုအလုပ် ထူးဆန်းပြေပြစ်ကောင်းမွန်သည့် အန္ဒဂူဆင်းတုတော်ကို တရားမင်းမြတ် ကြည်ညိုတော်မူဖွယ်ရှိ၍ ပိဋကတ်တိုက်စိုး ဓမ္မသီရိကို ပို့လှာစေသည်၊ဆင်းတုတော် အကြောင်းမှာ သီဟိုဠ်ကျွန်းက ပုဂံသို့ ရဟန်းတို့ ဆောင်ခဲ့၍ ရောက်သည်၊ ပုဂံတွင် ဆရာစဉ်ဆက် ကိုးကွယ်သည်၊ အန္ဒဂူမည်သော ကျောက်ကို ထုလုပ်သည်ဆိုသည်၊ ပုဂံမြို့ သဘာဂဂိုဏ်းအုပ်ဆရာက ဆရာတော်ထံ ပို့လှာသည်၊ ဘုရားရုပ်တု တဆယ့်သုံး၊ ရုပ်စု ဂ၁၊နှစ်စု ၉၄၊ အထုအလုပ်ကို ဆင်ခြင်လျှင် လူ ထုလုပ်သည်နှင့် ပင် မတူ ဖြစ်သည်၊ ပြင်တွင် ကိုးကွယ်တော်မူသော်လည်း သင့်မည်၊ စေတီတော်တွင် ဌပနာတော်မူသော်လည်း သင့်မည်။

## သတ္တဋ္ဌာနရုပ်ဘုရား

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဘုရားရှင် ဌပနာသွင်းရန်မှာ သတ္တဋ္ဌာနကို ရုပ်တုတော် ပမာဏ တတောင်၊ သတ္တဋ္ဌာနကစ၍ ဝါဆိုစဉ်အတိုင်း ပရိနိဗ္ဗာန် ပြုသည်တိုင်အောင် ကျောင်းမည် မြို့မည် ရွာမည် အစဉ်

မှန်အောင် မြင်းမိုရ်တောင်ကိုလည်း သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်နှင့် ကျမ်းဂန်ထွက်ရှိသည့်အတိုင်း မြင်းမိုရ်တောင်ကို အရံနှင့်တကွ ပုံစံကျအောင် သွင်းလုပ်ရမည်၊ စေတီရံကိုလည်း ဘုရားဘရံတံပြင်ကို ဘိနပ်ခင်းပြီးလျှင် အရပ်ရပ် မြို့ရွာများမှာ တည်စေသည်၊ ရှေ့ဂူကို မြို့မည် ရွာမည်နှင့် တကွ ကမ္ပည်းရေးမှတ်၍ တည်လုပ်ရမည်၊ သဗ္ဗညုတနှု ဝါဆိုစဉ် မြို့မည် ရွာမည် ကျောင်းမည် မြင်းမိုရ်တောင် သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် အနေအထား အတိမ်အနက် အနိမ့်အမြင့် အကျဉ်းအကျယ်များကိုလည်း သိသာအောင် ဆရာတော်မှာ လျှောက်ထားစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း အဆောင်တော်မြို့ရွာစားကို စေ၍ လျှောက်လှာပါစေသည်၊ ဌပနာသွင်းရန် သဗ္ဗညုတနှု ဝါဆိုစဉ်များနှင့် မြင်းမိုရ်တောင် သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် အထားအနေများကို သိတော်မူသာအောင် အမိန့်တော်အရကို ထောက်၍ စာသွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၂–ခု တန်းခူးလဆန်း(၅)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်တော်မူပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ရှေးဦးမဆွ ဝါမဆိုမီ နေတော်မူသည့် ခုနစ်ရပ်ကို သဗ္ဗညုတနှု ဆိုသည်၊ ထိုနောင် နိဗ္ဗာန် လားတော်မူသည်တိုင်အောင် (၄၅)ဝါဆိုတော်မူသည်ကို ဝါဆိုစဉ် ဆိုသည်။

**သဗ္ဗညုတနှုကား**—မဟာဗောဓိပင်အောက် တလင်းကွာ အရှေ့မျက်နှာ၌ မြေမှ ဆံတခြည်ခန့်မျှ မပေါ် မတက်သော အပရာဇိတပလ္လင်ထက် ထက်ဝယ်ဖွဲ့တော်မူလျက် မာရ်စစ်သည်ကို ပယ်ဖျက်ပြီး၍ ဘုရားဖြစ်တော်မူလျှင် ဝိဇယုတ္တရမည်သော ခရသင်းနှင့် သိကြားမင်း ပူဇော်ခြင်း ထီးဖြူနှင့် ဗြဟ္မာမင်း ပူဇော်ခြင်း သားမြီးယပ်နှင့် **သုယာမနတ်မင်း** ပူဇော်ခြင်း ပတ္တမြားယပ်ဝန်းနှင့် သန္တုသိတနတ်မင်း ပူဇော်ခြင်း ဗေလုဝဗန္ဓုမည်သော စောင်းနှင့် ပဉ္စသိခနတ်သား ပူဇော်ခြင်း ရတနာပန်းကား

ပန်းဆိုင်း စသည်ဖြင့် နတ်အပေါင်းတို့ ပူဇော်ခြင်းကို ခံတော်မူ၍ ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူဟန် **ဗောဓိသတ္တာဟ**။

ယင်းသို့ အပ္ပရာဇိတ ပလ္လင်ထက် ဖလသမာပတ် ဝင်စားတော်မူသည်ကို ယနေ့ ထက်တိုင်လည်း ပလ္လင်၌ တက်ခြင်းကို မစွန့် ပြုဖွယ်ကိစ္စ ရှိသေးယောင်တကားဟု နတ်တို့အား အကြံဖြစ်သည်ကို သိတော်မူ၍ ကောင်းကင်သို့ တက်တော်မူပြီးလျှင် ယမိုက်ပြာဋိဟာ ပြတော်မူပြီးမှ ရတနာပလ္လင်က လေးလံကွာ အရှေ့သို့ စဉ်းငယ် ယွန်းသော မြောက်မျက်နှာ၌ ရပ်တော်မူလျက် ဤပလ္လင်ထက် သဗ္ဗညုတဉာဏ်ကို သိအပ်ပြီ၊လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ဖြည့်အပ်သော ပါရမီတို့၏အကျိုးကို ရရာပည်းဟု မဟာဗောဓိနှင့် ရတနာပလ္လင်ကို ခုနစ်ရက်ပတ်လုံး တစိမ့်စိမ့်ရှု တော်မူဟန် **အနိမိသသတ္တာဟ**။

ထိုနောင်မှ ရတနာပလ္လင်နှင့် ရပ်တော်မူရာ အနိမိသအကြား နှစ်လံကွာတွင် အရှေ့အနောက် ရတနာစင်္ကြံ ဖန်ဆင်းတော်မူ၍ ခုနစ်ရက်ပတ်လုံး စင်္ကြံ ကြွတော်မူဟန် **စင်္ကမသတ္တာဟ**။

ထိုနောင် မဟာဗောဓိမှ နှစ်ဆယ့်သုံးလံကွာ အနောက်မျက်နှာတွင် နတ်တို့ ဖန်ဆင်းသော ရတနာအိမ်၌ ဈေးဦးစွာ ဝိနည်းပိဋကတ်ကို၊ ထိုနောင် သုတ္တန်ပိဋကတ်ကို၊ ထိုနောင် အဘိဓမ္မာပိဋကတ်ကို ခုနစ်ရက်ပတ်လုံး သုံးသပ်ဆင်ခြင်တော်မူဟန် **ရတနာဃရသတ္တာဟ**။

ထိုနောင် မဟာဗောဓိမှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အဇပါလမည်သော ပညောင်ပင်ရင်း၌ ထက်ဝယ်နေတော်မူလျက် တဏှာ, အရတီ, ရာဂါ မည်သော မာရ်မင်းသမီး သုံးယောက်တို့ အထူးထူးအရွယ် အထူးထူးအဆင်းဖြင့် ဖြားယောင်း လာသည်ကို ငဲ့တော်မမူပဲ သမာပတ်ချမ်းသာကို ခံစားတော်မူလျက် ခုနစ်ရက် ပတ်လုံး နေတော်မူလျက် ဟုံဟုံကမည်သော ပုဏ္ဏား ပြဿနာမေးသည်ကို ဖြေတော် မူဟန် **အဇပါလသတ္တာဟ**။

ထိုနောင် မဟာဗောဓိမှ အရှေ့တောင်မျက်နှာ နှစ်ဆယ့်ကိုးတာကွာ မုစ္စလိန္ဒာ အိုင်နား ကျည်းပင်ရင်း၌ စကြဝဠာတိုက်လုံး နှံ့အောင် အခါမဲ့ မိုးကြီး စွေသည်တွင် မုစ္စလိန္ဒာနဂါးမင်း အခွေတို့ဖြင့် ခုနစ်ပတ်ရစ်လျက် အထက်၌ ပါးပျဉ်းမိုး၍ အလယ် ၌ ဖန်ဆင်းအပ်သော ရတနာပလ္လင်ထက် ခုနစ်ရက်ပတ်လုံး ထက်ဝယ် သမာပတ် ဝင်စားတော်မူ၍ မိုးစဲသည်ကာလ လုလင်အသွင်ဖြင့် နဂါးမင်း ရှိခိုးပူဇော်ခြင်းကို ခံတော်မူလျက် ဥဒါန်းကျူးတော်မူဟန် **မုစ္စလိန္ဒသတ္တာဟ**။

ထိုနောင် မဟာဗောဓိမှ တောင်မျက်နှာ အလံလေးဆယ်ကွာ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားတော်မူပြီးမှ သိကြားမင်းလှူသော ကြဇုသီး၊ ကွမ်းရိုးတံပူ၊ အနဝတတ်ရေတို့ကိုလည်းကောင်း၊ စာတုမဟာရာဇ်နတ်မင်း လေးယောက် လှူသော သပိတ်လေးလုံးကို အနားရစ်လေးခု ထင်စေလျက် မဇ္ဈိမပမာဏဖြင့် တလုံးတည်း ဓိဋ္ဌာန်တော်မူအပ်သော ပဲနောက်အဆင်း ကျောက်ညိုသပိတ်ကိုလည်းကောင်း ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် အသိတဥ္စနမည်သော ပေါက္ခရဝတီမြို့မှ လာသော တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ လှူသော ကြွက်ကျစ်မုန့် ပျားဆုပ်မုန့်ကိုလည်းကောင်း ခံတော်မူဟန် ရာဇာရတနသတ္တာဟ။

**ဝါဆိုစဉ်ကား**—ယခင် ရာဇာရတန သတ္တာဟမှ တဖန်ပြန်၍ အဇပါလ ပညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် တရားတော်၏နက်နဲခြင်းကို ဆင်ခြင်တော်မူ၍ တရားဟောတော်မမူလိုသောစိတ် ဖြစ်သည်ကို သဟမ္ပတိဗြဟ္မာမင်း သိ၍ နတ်၊ ဗြဟ္မာအပေါင်း ခြံရံလျက် တောင်းပန်လှာသည်တွင် တရားဟောတော်မူခြင်းငှါ မဟာဗောဓိမှ မြောက်မျက်နှာ တဆယ့်ရှစ်ယူဇနာကွာသော ဗာရာဏသီပြည်အနီး ဣသိပတန မိဂဒါဝုန်တောသို့ ဝါဆိုလပြည့်နေ့ ကြွတော်မူ၍ အရှင်ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ၊ အဿဇိ ဤပဥ္စဝဂ္ဂီငါးပါးမှစ၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ဓမ္မစကြာ၊ အနတ္တလက္ခဏ၊ မောနေယျ ပဋိပဒါစသော ဒေသနာဖြင့် ရတနာအမြိုက် တိုက်ကျွေးတော်မူလျက် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ပဌမ **ဝါဆိုတော်မူဟန်။**

ထိုနောင် ဗိမ္ဗိသာရမင်းစသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား လောကီ၊ လောကုတ္တရာချမ်းသာကို ပေးတော်မူလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ **ဒုတိယ၊ တတိယ၊ စတုတ္ထဝါဆိုတော်မူဟန်။**

ထိုနောင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ကို နတ်ရွာ မဂ်ဖိုလ်ခရီး၌ တည်စေတော်မူလျက် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချွန်တပ်သော ကူဋာဂါရစရပ်၌ **ပဉ္စမဝါဆိုတော်မူဟန်။**

ထိုနောင် ဘီလူးနတ်တို့အား ဆုံးမတော်မူလျက် မကုလတောင် ချရားတော၌ **ဆဋ္ဌမဝါဆိုတော်မူဟန်။**

ထိုနောင် ယမိုက်ပြာဋိဟာပြဆုံး၌ မယ်ဇတော်အား အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်မြဲ ဘုရားတို့ ဓမ္မတာကိုမြင်တော်မူ၍ လကျ်ာခြေတော်ကို ယုဂန္ဓိုရ်တောင်ထက်

လက်ဝဲခြေတော်ကို မြင်းမိုရ်တောင်ထက် နင်းတော်မူလျက် နှစ်လှမ်းဖြင့်သာ တာဝတိံသာသို့ ကြွတော်မူ၍ သုဒဿနနတ်မြို့မှ အရှေ့မြောက်ထောင့် ဧကပုဏ္ဍရိကဥယျာဉ်၌ အမြင့်ယူဇနာ တရာ အဝန်းရှိသော ပင်လယ်ကသစ်ပင်ရင်း ခင်းအပ်သော အလျား ယူဇနာခြောက်ဆယ်၊ အနံယူဇနာ ငါးဆယ်၊ အထု တဆယ့်ငါးယူဇနာရှိသော မိုးစွေပန်း အဆင်းနှင့်တူသော နေထိုင်သည့်ကာလ ကိုယ်တော်ထက်ဝက်နစ်အောင် နူးညံ့သိမ်မွေ့သော ပဏ္ဍုကမ္ဗလာကျောက်ဖျာထက် ကိုယ်တော်ကိုလည်း မကြီးစေပဲ ကျောက်ဖျာကိုလည်း မငယ်စေပဲ ညောင်စောင်းငယ်၌ ရဟန်းကြီးနေသကဲ့သို့ ကျောက်ဖျာအပြင်ကို ပြည့်စေ၍ နေတော်မူလျက် မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သား အမှူးရှိသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောတော်မူလျက် **သတ္တမဝါဆိုတော်မူဟန်။**

ထိုနောင် ဝေနေယျတို့ကို နိဗ္ဗာန်သို့ ကယ်တင်တော်မူလျက် ဘဂ္ဂတိုင်း ဘဂ်ါဘယဇနပုဒ် သံသုမာရဂီရိပြည် ဘေသကလာမိဂဒါဝုန်တော၌ **အဋ္ဌမဝါဆိုတော်မူဟန်။**

ထိုနောင် ဝေနေယျတို့ကို နှစ်သိမ့်စေတော်မူလျက် ကောသမ္ဗီပြည် ဃောသိတာရုံ,ကုက္ကုဋ္ဋာရုံ,ပါဝါရိကာရုံ ကျောင်းသုံးရပ်၌ **နဝမဝါဆိုတော်မူဟန်။**

ထိုနောင် ပါလိလေယျက တောအုပ်၌ ပလလည်းဆင်မင်း အလုပ်အကျွေးကို ခံတော်မူ၍ ကိုယ်တော်တီးသာ ဆိပ်ငြိမ်ခြင်းကို သာယာတော်မူလျက် **ဒသမဝါဆိုတော်မူဟန်။**

ထိုနောင် ဝေနေယျတို့၏ သံသရာဆင်းရဲကို ငြိမ်းစေတော်မူလျက် နာဠမည်သောပုဏ္ဏားရွာအနီး ကျောင်း၌ **ဧကာဒသမဝါဆိုတော်မူဟန်။**

ထိုနောင် ဝေရဉ္ဇပုဏ္ဏား ပင့်ဖိတ်သည်ဖြစ်၍ ဝိနည်းကို ပညတ်တော်မူခြင်းငှါ အရှင်သာရိပုတ္တရာ တောင်းပန်အပ်သည်ကို မြော်တော်မူလျက် မာန်ဖီခြင်းကြောင့် မွတ်သိပ်သည်ကို ခံတော်မူ၍ ရဟန်းငါးရာနှင့်တကွ ဝေရဉ္ဇာပြည်၏ အနီး နဠေရုပုစိမန္တမည်သော တမာပင်ရင်း၌ **ဒွါဒသမဝါဆိုတော်မူဟန်။**

ထိုနောင် နတ်ဘီလူး အပေါင်းတို့အား တရားဟောတော်မူလျက် စာလိယတောင်၌ **တေရသမဝါဆိုတော်မူဟန်။**

ထိုနောင် ဝေနေယျတို့အား ချီးမြှင့်တော်မူလျက် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ **စုဒ္ဒသမဝါဆိုတော်မူဟန်။**

ထိုနောင် ဆွေတော် မျိုးတော်တို့ကို သင်္ဂြိုဟ်တော်မူလျက် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ **ပန္နရသမဝါဆိုတော်မူဟန်။**

ထိုနောင် အာဠဝကဘီလူးကို ဆုံးမ၍ ရှစ်သောင်း လေးထောင်သော သတ္တဝါ တို့အား အကျွတ်တရား ဝေငှတော်မူလျက် အာဠဝီပြည်၏အနီး ကျောင်း၌ **သော ဠသမဝါဆိုတော်မူဟန်။**

ထိုနောင် လူ, နတ်, ဗြဟ္မာတို့အား တရားအရသာကို သောက်စေတော်မူလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ **သတ္တရသမဝါဆိုတော်မူဟန်။**

ထိုနောင် နတ်ဘီလူးတို့အား ဆုံးမတော်မူလျက် စာလိယတောင်၌ **အဋ္ဌာရသမ ဝါ၊ ဧကူနဝီသတိမဝါဆိုတော်မူဟန်။**

ထိုနောင် သံသရာ၌ နစ်မွန်းခြင်းမှ ဝေနေယျတို့ကို ကယ်ဆယ်တော်မူလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ **ဝီသတိမဝါဆိုတော်မူဟန်။**

ထိုနောင် တဆယ့်တပါးမီးဖြင့် ပူပန်ကုန်သော ကျွတ်ထိုက်သော ဝေနေယျတို့ အား တရားမိုးရွာခြင်းဖြင့် ငြိမ်းတော်မူစေလျက် သာဝတ္ထိပြည် တောင် ဇေတဝန် ကျောင်းကြီး၌ **ဧကဝီသတိမဝါမှစ၍ ဧကူနစတ္တာလီသမဝါတိုင် တဆယ့် ကိုးဝါ ဆိုတော်မူဟန်။**

ထိုနောင် ပြည့်ပြီးသောပါရမီ ရှိကုန်သော သတ္တဝါတို့အား ကြည့်ရှုမြော်ခေါ် တော်မူ၍ ချေချွတ်တော်မူလျက် သာဝတ္ထိပြည်အရှေ့ ပုဗ္ဗါရုံပြာသာဒ်ကျောင်း၌ **စတ္တာလီသမဝါမှစ၍ ပဉ္စစတ္တာလီသမဝါတိုင် ခြောက်ဝါ ဆိုတော်မူဟန်။**

ယင်းသို့ လေးဆယ့်ငါးဝါပတ်လုံး ထိုထိုအရပ်၌ ဝါဆိုတော်မူ၍ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်ဖြင့် သင်္ဂြိုဟ်အပ်သော တရားဓမ္မ ဒေသနာတော် ဖြင့် အညာသိကောဏ္ဍည အစ သုဘဒ္ဒ အဆုံးရှိသော နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေ ခြောက်ဆယ် ဗိုလ်ခြေတသိန်း ပမာဏ ဗုဒ္ဓဝေနေယျတို့ကို ချေချွတ်တော်မူပြီး၍ ပဥ္စသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊ အနာဂါမ်ခေတ် တထောင်၊ သကဒါဂါမ်ခေတ် ·တထောင်၊ သောတာပန်ခေတ် တထောင်၊ သာသနာငါးထောင်ကို ထားတော်မူပြီးလျှင် ကုသိနာရုံပြည်မှ အနောက် တောင်အင်ကြင်းတော၌ ခြေရင်း ခေါင်းရင်းက အကိုင်းအခက် ရှက်တင်လျက် ပင် လုံးကျွတ် ပွင့်သော အင်ကြင်းပင်စုံတို့အကြားတွင် မြောက်သို့ ခေါင်းရင်းမူလျက် ခင်းသော ညောင်စောင်းထက် လကျ်ာနံတောင်းဖြင့် လျောင်းတော်မူလျက် ကဆုန် လပြည့်နေ့ အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူသည်။

ယခု ဆိုခဲ့ပြီးသော သတ္တဋ္ဌာန ဝါဒဆိုစဉ်များသည် အပဒါန်အဋ္ဌကထာ, ဗုဒ္ဓဝင်အဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ ကျမ်းကြီးများ၌ လာသည် ဖြစ်သည်။

တထာဂတုပ္ပတ္တိဆိုသည့် ကျမ်းငယ်မှာ ကျမ်းကြီးများနှင့် မညီမညွတ် ဆိုသည့် စကားလည်း ရှိသည်၊ သတ္တဋ္ဌာန အဝေးအကွာများမှာ ကျမ်းကြီး ဂန်ကြီးများတွင် စေ့စုံအောင် မရှိ၊ ကျမ်းငယ် ဂန်ငယ် များတွင်သာ ရှိသည်။

**မြင်းမိုရ်တောင် သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် အနေအထားကား—** မြင်းမိုရ်တောင်သည် ရေထဲ ရေပေါ် ရှစ်သောင်း လေးထောင်စီ မုရိုးစည်ကဲ့သို့ဖြစ်၍ အလယ်အချင်းလည်း ရှစ်သောင်း လေးထောင် တစတစချုံး၍ ရေမှဘက်ရကား ထိပ်ပြင် ယူဇနာ တသောင်းသာ ရှိသည်၊ ရေထဲ၌ ခုံလောက် သုံးခု ခံသည်၊ လေးထောင့် မဟုတ် အဝန်းအလုံး ဖြစ်သည်၊ အရှေ့မျက်နှာ ငွေ၊ တောင်မျက်နှာ ဣန္ဒနီလာမြ၊ အနောက်မျက်နှာ ဖလ်၊ မြောက်မျက်နှာ ရွှေဖြင့် ပြီးသည်။ ၎င်းအရောင် လေးပါးဖြင့် ပိုင်းခြား၍ သမုဒ္ဒရာတစင်းတည်းလျက် အဆင်းထူးသည်ကို သမုဒ္ဒရာ လေးစင်း ဆိုသည်၊ မြစ်ကြီး ငါးစင်း ဆိုသကဲ့သို့ အခြားစီ မဟုတ်၊ ၎င်းမိုရ်တောင်၌ အာလိန်ငါးဆင့်တွင် ပဌမအဆင့်မှာ နဂါး၊ ဒုတိယအဆင့်မှာ ဂဠုန်၊တတိယအဆင့် မှာ ဂုမ္ဘာန်၊စတုတ္ထအဆင့်မှာ ရက္ခိုဘ်ဘီလူး၊ ပဉ္စမအဆင့်မှာ စာတုမဟာရာဇ်နတ်တို့ စောင့်သည်၊ ဂုမ္ဘာန်ဟူသည်လည်း ကြမ်းထမ်းသော ဘီလူးတို့ကို ဆိုသည်၊၎င်းတောင် ထိပ် သုဒဿနမြို့လယ်၌ ဝေဇယန္တာပြာသာဒ် တည်သည်၊ မြင်းမိုရ်တောင်ထက်ဝက် သည် ယုဂန္ဓိုရ်တောင်ပမာဏ၊ မြင်းမိုရ်နှင့် ယုဂန္ဓိုရ်အကြား သီဘာအပြေအချင်း သည် မြင်းမိုရ်တောင်နှင့်အမျှ သည်ကဲ့သို့ အတွင်းကောင် ထက်ဝက်သည် ပြင် တောင်ပမာဏ၊ အကြားအကြား၌ သီဘာအပြေအချင်းသည် အတွင်းတောင်နှင့် အမျှဖြစ်၍ မြင်းမိုရ်တောင်ကို ယုဂန္ဓိုရ်တောင် ရှေးဦးစွာ ဝန်းကျင်ရံသည်၊ ၎င်း နောက် ဣသိန္ဓရတောင် ဝန်းကျင် ရံသည်၊ ၎င်းနောက် ကရဝိကတောင်၊၎င်းနောက် သုဒဿနတောင်၊ ၎င်းနောက် နေမိန္ဓရတောင်၊ ၎င်းနောက် ဝိနတကတောင်၊ ၎င်း နောက် အဿကန်တောင် ဝန်းကျင် ရံသည်၊ တောင်စဉ်ခုနစ်ထပ်တို့သည် သီတာ ခြားကာခြားကာ ထီးချက်ကဲ့သို့ တံဘိုင်းကဲ့သို့ မြင်းမိုရ်တောင်ကို ရံသည်၊ အနေ အထား ပုံစံသင့်အောင်သာ လုပ်ရမည်ဖြစ်၍ ပမာဏ သရုပ်သချာများကို အကျယ် မဆိုသည်။ သတ္တဋ္ဌာန ဝါဆိုစဉ်များနှင့် မြင်းမိုရ်တောင်ထက် အဘိဓမ္မာဘရား ဟော လျက် ဝါဆိုတော်မူဟန်များကို စကားအရအကျကို ထောက်၍ ဆင်းတု ရုပ်တု အနေအထား တော်သင့်အောင် သွန်းလုပ်သင့်သည်။

## ပြာသာဒ်တော် ဒုပိကာ

**တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—**

သက္ကရာဇ် ၁၁၅၂-ခု ကဆုန်လဆန်း(၃)ရက် အင်္ဂါနေ့ ညတချက်မတီးမီတွင် ပြာသာဒ်တော် ဒုပိကာအောက် ဇွန်ရိုး အပေါ် ပတ်လည် မီးပွင့်ပမာဏ ရှိသည်ကို ကြယ်,လ လျှပ်စစ် အမှတ်ထင်၍ ဆင်ခြင်ကြည့်ရှု နေကြသည်နှင့် ၎င်းလဆန်း(၄) ရက် ဗုဒ္ဓဟူးနေ့ ညတချက်တီးအချိန်တွင် အုံ့မှိုင်း၍ မိုးတဖွဲဖွဲ ကျသည်အတွင်း ပြာသာဒ်တော် ဒုပိကာအောက် ဇွန်ရိုးအကြား အနောက်နားက ကြယ် ဆီမီးပွင့်ပမာဏ ထွန်းလင်း သည်ကို ကြည့်မြင်ကြသည်၊ အတန်ကြာလျှင် ထီးနောက်နား တွင် တနာရီခန့် မီးပွင့်ကဲ့သို့ မြင်ပြန်သည်၊ အတန်ကြာလျှင် ထီးထွတ်ဖျားတွင် မီးပွင့်ကဲ့သို့ ညတချက်တီးကသည် လေး မောင်းရှိမျှ အရောင်အဝါ စဲငြိမ်းသည့်အကြောင်းကို လျှောက် ပါသည် ဆရာတော်ဘုရား။

**၁၁၅၂—ခု ကဆုန်လဆန်း (၅)ရက်နေ့ အတွင်းဝန် မင်းကြီးနန္ဒကျော်ထင် လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သက္ကရာဇ် ၁၁၅၂—ခု ကဆုန်လဆန်း(၃)ရက် ဗုဒ္ဓဟူးနေ့ ည၌ ပြာသာဒ်တော် တွင် အရောင်အဝါ ထင်မြင်သည့် အရာမှာ ကောင်းကင်ပြင်၌ ထွန်းလင်းလျက် သွား လာကွန့်မြူးသော ပုလဲမျိုးရတနာ, မဏိဇောတိရသ်ပတ္တမြားရတနာ, အာကာသဋ္ဌ ရတနာရှိကြောင်းကို ကျမ်းဂန်လာသည်နှင့်အညီ တန်းခိုးအာနုဘော် အရောင်အလျှံ ရှိသော ရတနာမျက်မြတ်သည် ပြာသာဒ်တော်ထက် အခန့်သင့်အောင် ကွန့်မြူး သက်ရပ်လှာ၍ အရောင်အဝါ ထွန်းလင်းသည် ယူရန်ရှိသည်၊ ဗျာဒိတ်ခံတော်မူသနေ့ ဘုရားဖြစ်ကော်မူသနေ့များတွင် အာကာသဋ္ဌရတနာတို့ ဖရောင်အဝါ ထွန်းလင်း ခြင်းကိုလည်း ကောင်းမြတ်လှသော နိမိတ်ဩဘာ မင်္ဂလာဟူ၍ ကျမ်းဂန်ဆိုသည်၊ တကြောင်းလည်း ပူဇော်သက္ကာရရှိရာ ဓာတ်တော် မွေတော်တို့ ပျံသွားစေသဘည်း ဟု သဗ္ဗညုဘုရား ဓိဋ္ဌာန်တော်မူခဲ့ကြောင်းကို ကျမ်းဂန်ရှိသည်နှင့်အညီ သာသနာ တော်ကို ချီးမြင့်ပူဇော်တော်မူသော စေတနာတော်ကြောင့် ဓာတ်တော် မွေတော် တို့ အခြားက ပျံရောက်လှာ၍ အရောင်အဝါ ထွန်းလင်းသည် ယူရန်ရှိသည်၊ သီဟိုဠ်

ကျွန်း မဟာစေတီ တည်သည်ကာလသည်း ခတ်တော် မွေတော်တို့ အရှောင်အဝါ ပြကြောင်းကို ကျမ်းဂန်တွင် ဆိုသည်။

## ငွေစစ် ငွေစင် ပြုလုပ်ခြင်း

တကာတော် အတွင်းဝန် မင်းကြီးနန္ဒကျော်ထင် လျှောက်ပါသည် ဆရာတော်ဘုရား—

> အခြားမင်းများ လက်ထက် မဖြစ်ဘူးသည့် ငွေစစ် ငွေစင်ကို ယခုပြုလုပ်တော်မူ၍ ဖြစ်သည်၊ တရုပ်ဥတည်ဘွားက လက်ဆောင်တော် အထူးထူးနှင့် သမီးကညာ ရတနာ တံဆိပ်မြဆင်းတု ရှိကြာမုနိဘုရားဆင်းတုများကို ဆက်သလှာသည့် အရာများနှင့် ရွှေလက်ထက်တော်တွင် အံ့သြဘွယ် ရှိသမျှ အကြောင်းအရာများသည် မည်သည့်ဘုန်းကံကြောင့် ဖြစ်မည် ကျမ်းဂန်တွင် ရွှေ, ငွေ ဖြစ်ဟန်များကို မည်သို့ဆိုမည် ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရပါသည်၊ သိတော်မူသာအောင် စာသွင်းတော်မူပါ ဆရာတော်ဘုရား။

**၁၁၅၂—ခု ကဆုန်လပြည့်ကျော်(၅)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

သာသနာတော်(၂၁၈)နှစ် ရောက်သည်ကာလ သီရိဓမ္မာသောကမင်းဖြစ်၍ သာသနာတော်ကို ပြုစုမည့် ဗျာဒိတ်သိုက် ရှိသကဲ့သို့ သာသနာ(၂၃၇)နှစ် ရောက်သည်ကာလ ဒေဝါနံပိယတိဿမင်းဖြစ်၍ သာသနာတော်ကို ပြုစုမည့် ဗျာဒိတ်သိုက် ရှိသကဲ့သို့ စကြာမင်းဖြစ်မည်ကို အနှစ်တရာကပင် လူတို့အား နတ်တို့ ပြောပြခြင်း တိတ်နိမိတ် ဖြစ်သကဲ့သို့ ဗျာဒိတ်သိုက် နိမိတ် ရှိသည်နှင့်အညီ တရားမင်းမြတ်အဖြစ်သို့ ရောက်တော်မူ၍ တရားတော်နှင့်အညီ သာသနာတော်ကို ပြုစုတော်မူခြင်း၊ တိုင်းပြည်ကို သိမ်းပိုက်တော်မူခြင်းများဖြင့် ပါရမီကို ဖြည့်ကျင့်တော်မူ၍—

၁ လုံ့လကြီးခြင်း၊
၂ ပညာရှိခြင်း၊
၃ မြဲစွာ စိတ်ကိုဆောက်တည်ခြင်း၊
၄ သတ္တဝါတို့စီးပွားကို ကျင့်ခြင်း၊

ဟူသော ဘုရားလောင်းတို့ အင်္ဂါလေးပါးနှင့် ပြည့်စုံတော်မူခြင်းကြောင့် **ဗောဓိသတ္တာနံ အဓိပ္ပါယောနာမ သမိဇ္ဈတိ** ဟု ဘုရားလောင်းတို့ အလိုဆန္ဒဟူက ပြည့်စုံပြီးစီးမြဲ ဖြစ်ကြောင်းကို ဥမင်္ဂဇာတ်၌ လာသည်နှင့်အညီ နောင် လူတို့အသက် ရှစ်သောင်း ရှိသောအခါ ကေတုမတီပြည်ဖြစ်မည့် ဗျာဒိတ်သိုက် နိဗ္ဗာန်စံတော်မူသည် နောက် ပါဋလိပုတ်ပြည်ဖြစ်မည့် ဗျာဒိတ်သိုက် ရှိသကဲ့သို့ ဗျာဒိတ်သိုက်နိမိတ် ရှိသည်အတိုင်း အမရပုရ ရာဇဓာနီဖြစ်ခြင်း ဘုန်းအထူးရှိ၍ ဗိဿဏိုးနတ်မင်းအား စက်လက်နက်၊ ပရမေသုရာနတ်မင်းအား တံကျင်လက်နက်၊ ဝေဿဝဏ်နတ်မင်းအား ချွန်းတောင်းလက်နက်၊သိကြားမင်းအား ဝဇီရစိန်လက်နက် ရောက်သကဲ့သို့ ဓညဝတီပြည်မှ မင်းတပါးတို့ မသုံးဆောင်ထိုက်သော လက်နက်ကြီး ရောက်ခြင်း၊ ရာဇဂြိုဟ်ပြည်တွင် ရှိသည့် ဓာတ်တော်တို့ကို နောင်အခါ သီရိဓမ္မာသောကမင်း ပြန့်နှံ့စေလိမ့်မည် ဗျာဒိတ်သိုက် နိမိတ် ရှိသကဲ့သို့ နောင်တော် သူရိယစန္ဒမင်းကြီး ပင့်မှ အရှေ့ပြည်သို့ ကြွမည်၊ အနော်ရထာမင်းစောအား အိပ်မက်ပြခြင်း စသော ဗျာဒိတ်နိမိတ်နှင့်အညီ ရွှေမောက်တော်သွန်း ကိုယ်ငွေ့တော်သွင်း မဟာမုနိဘုရားကို နေပြည်တော်သို့ ကြွရောက်စေခြင်း၊ မဟာသုဒဿန စကြာမင်းအား ဆင်ရတနာ ရောက်မည်ကို ကာလအရှည်က ကျော်စောခြင်း တိတ်နိမိတ် ဖြစ်သကဲ့သို့ သိုက်နိမိတ်ရှိသည်နှင့်အညီ ဆင်ဖြူ ဆင်ကောင်းရတနာ များစွာ ရောက်ခြင်း၊ ဂန္ဓာလရာဇ်ပြည် ပက္ကုသာတိမင်းက ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းသို့ လက်ဆောင်ပဏ္ဏာဆက်သလှာသကဲ့သို့ တရုပ်ဥတည်မင်းက မင်းနွယ်ယှက်လျက် အထူးထူးသော သင်္ကန်းရှိ သင်္ကန်းမဲ့ ရတနာ၊ မင်းကေရာဇ်တို့သာ ထိုက်တန်သော ယုယှီမည်သော ရတနာတန်းဆာ၊ ဂန္ဓာလရာဇ်တိုင်း စိန့်ပြည် တရုပ်တရက် ဥတည်မင်း နိုင်ငံအလုံး၌ အစိုးရခြင်း အာဏာကို ဖြစ်စေနိုင်သော ရွှေစင်(၃၀၀)ကျော်လုပ် ဆိတ်ရုပ် လကျာ်တံဆိပ်များနှင့် မြဆင်းတုရှိကြာမုနိဆင်းတု ဓမ္မပဏ္ဏာတို့ကိုဆက်သလှာခြင်း၊ဒေဝါနံပိယတိဿမင်းက သီရိဓမ္မာသောကမင်းသို့ လက်ဆောင်ပဏ္ဏာ ဆက်သလှာသကဲ့သို့ သီဟိုဠ်ကျွန်း သီရိဝဍ္ဎနမြို့ သီရိရာဇာဓိရာဇသီဟမင်းက သတင်းတော်ကို ကြားကာမျှနှင့် အထူးထူးသော လက်ဆောင်ပဏ္ဏာ ဆက်သလှာခြင်း၊ဒုဋ္ဌဂါမဏိအဘယမင်းအား တောတောင်မှ ရတနာဖြစ်သကဲ့သို့ ထိုထိုတောတောင်အရပ်မှ ရွှေတွင်း ငွေတွင်း ကျောက်ကောင်း မျက်ကောင်းရတနာဖြစ်ခြင်း ဤသို့သောအလိုဆန္ဒ ရှိအပ်သည်များနှင့် ပြည့်စုံတော်မူ

ခြင်းသည် ကမ္ဘာကျော်လည်း ဥဒါန်းမကျေ အံ့သြဘွယ် ဖြစ်သည်။ ယခုမူကား ပဒေသာပင် ရောက်သကဲ့သို့ အလိုရှိတိုင်း ငွေစင်ဖြစ်ရခြင်းသည် စကြာမင်းတရားကဲ့သို့ဖြစ်၍ ကမ္ဘာအဆက်ဆက် အံ့သြဘွယ်ဖြစ်သည်၊ အဘိဓာန်ကျမ်းတွင်လည်း ဂိဝါ၊နိတုံ၊ဇမ္ဗူရဇ်၊သိင်္ဂနိက်ရွှေလေးမျိုးတွင် ဂိဝါရွှေကို စာမိမည်သော သစ်ပွင့်ဖြင့်ချက်သောရွှေ ဟူ၍ ဆိုသည်။ သိင်္ဂနိက်ရွှေကိုလည်း နွားချီးသဏ္ဍာန် ပေါက်သော ကျောက်ကို ချက်သောရွှေဟူ၍ ဆိုသည်။ရွှေကို ချက်လုပ်၍ဖြစ်က ငွေကိုလည်း ချက်လုပ်၍ စင်စစ် ဖြစ်ရာသည်၊ ပြဒါးသည် ကြေးမျိုး သံမျိုးကို ရွှေဖြစ်စေတတ်သည် ဟူ၍လည်း ဆိုသည်၊ ရွှေကို ဖြစ်စေတတ်က ငွေကိုလည်း ဖြစ်စေတတ်မည် မှန်သည်၊ နေတ္တိကျမ်းတွင် မသေစေဟတ်သော ဆေးတပါးသာ မရှိသည်၊ ကြွင်းသမျှဆေးကား ရှိသည်ချည်း ဆိုသည်၊ ယင်းသို့ ဆေးပယောဂ ရှိသော်လည်း ဘုန်းကံရှိမှ ရသည်၊ ဘုန်းကံဟူသည်ပင်လည်း ရှေးဘဝက ပါသည့်ကံ၊ ယခုဘဝပင် ပြုသည့်ကံ နှစ်ပါးပင် အကြောင်းသင့်က ပစ္စုပ္ပန်တွင် အကျိုးပေးသည်ချည်း ဖြစ်သည်၊ တရားမင်းမြတ်မူကား ပစ္စုပ္ပန်တွင် သာသနာရေး တိုင်းရေး ပြည်ရေးနှင့်စပ်၍ အလွန်ပါရမီကို ဖြည့်ကျင့်တော်မူသည်၊ အထူးသဖြင့် စေတီတော်ကို အားထုတ်တော်မူဆဲလည်း ဖြစ်သည်၊ မဟာသုဒဿနစကြာမင်းအား ရှေးကံဟောင်းတွင် ဒါနစသော ကျင့်ဝတ် တဆယ့်နှစ်ပါးကို ကျင့်သော ဘုန်းကံထပ်လောင်း၍ ရတနာခုနစ်ပါး ရောက်သကဲ့သို့ ရှေးဘုန်းကံ ပါရမီတွင် ပစ္စုပ္ပန် ဘုန်းကံပါရမီတော် ထပ်လောင်း၍ ဤသို့ အံ့သြဘွယ်အပေါင်းနှင့် ပြည့်စုံတော်မူသည်၊ အဆင်းလှခြင်း၊ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ တိုင်းနိုင်ငံလူတို့ ချစ်နှစ်လိုခြင်းဟူ၍ မဟာသုဒဿနသုတ်၌ လာသော မင်း၏ တန်းခိုးလေးပါးနှင့် မချွတ်ပြည့်စုံတော်မူသည် အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## သုံးဆမ်းသော သရက်သီး

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သာသနာတော်ရေး သာသနာတော်မှု သန့်ရှင်းထွန်းလင်းသည်ဖြစ်၍ တကြောင်း ရာဇာဘိသေက မုဒ္ဓါဘိသေက တန်းခိုးအာနုဘော်ကြောင့် တကြောင်း မဖြစ်ဘူးမြဲ ငွေဖြစ်ရသည်၊ ယခုလည်း မြင်တော်အရပ်တွင် မင်းအဆက်ဆက် မသီးဘူးသော သရက် သီး၍ ကောင်းသော အရသာနှင့် အထူးသဖြင့် ဖြစ်လှာသည့် သရက်သီးကို မည်သို့ အမည်မှည့်ရမည်၊ ဆရာ

တော်ကို လျှောက်စေ၊ သက္ကရာဇ် ၁၁၅၃-ခု နယုန်လဆန်း (၆)ရက်နေ့ ဘုရားအမိန့်တော်မြွက်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း လျှောက်လှာပါစေသည်၊ အမိန့်တော်အရကို ထောက်၍ မေတ္တာစာ သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၃–ခု နယုန်လဆန်း (၆)ရက်နေ့ အဆောင်တော်မြဲတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မြင်တော်အရပ်တွင် မင်းအဆက်ဆက် မသီးဘူးသော သရက် သီး၍ ကောင်းသောအရသာနှင့် အထူးသဖြင့် ဖြစ်လှာသည်မှာ ထူပါရုံဒါယကာ အနောက်ဘက်သာလွန်မင်းတို့လက်ထက် လုံ့လပြု၍ မသီးဘူးသော သရက် သီးသည်ကို ဘုန်းကံကြီးသည်ဟူ၍ ရှေးသူဟောင်းတို့ ဆိုစမှတ် ပြုသည်၊ ယခုမှာ အလိုအလျောက် လုံ့လမပြုပဲ သီး၍ ကောင်းမြတ်သော အရသာနှင့် ပြည့်စုံသည့် အရာသည် တရားမင်းမြတ်ဘုန်းကံတော်ကြောင့် ဖြစ်သည် မှန်သည်၊ဒဓိဝါဟနမင်းအား ဘုန်းကံအထူးကြောင့် ကောင်းမြတ်သောအရသာနှင့် ပြည့်စုံသော သရက်ဖြစ်ကြောင်းကိုလည်း ဇာတ်နိပါတ်တွင် ဆိုသည်၊ ဝေဿဝဏ်နတ်မင်းအား ဘုန်းကံကြောင့် အဗ္ဗန္တရအမည် အထူးရှိသော သရက်ဖြစ်ကြောင်းကိုလည်း ဇာတ်နိပါတ်တွင် ဆိုသည်၊ ထူးမြတ်သော ဉယျာဉ် ရေကန် သစ်ပင်စသည်ကို အမည်အထူးနှင့် ခေါ်ဝေါ်မြဲဖြစ်၍ ဘုန်းတော်ကြောင့် ဖြစ်သည်နှင့်လျော်စွာ အမည်အထူး တွင်စေသင့်သည်။

ကျိုင်း လုပ်ဆောင်ပုံ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မင်းခမ်း မင်းဆောင်များတွင် ထီးကို မဏ္ဍလပတ္တ, သလာကပတ္တ, သေတစ္ဆတ္တ, ကိလဉ္စဆတ္တ, ပဏ္ဏဆတ္တ ကျမ်းဂန်ထွက်ရှိကြောင်းကို သိရသည်၊ အစဉ်ဆောင်ရွက်သည့် ကျိုင်းမှာ အချက်အလက် မရှိ၊ အရိုးလည်း အရင်းကို အထက် အဖျားကို အောက် ထား၍ လုပ်ဆောင်သည်၊ ကျမ်းဂန် ထွက်ရှိသည် မထွက်ရှိမည်၊သို့ စွဲလမ်း၍ ဆောင်သည်များကို သိတော်မူသာ

အောင် ဆရာတော်မှာ လျှောက်စေ၊ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရပါသည်၊ ကျိုင်း အလုပ်အဆောင် ကျမ်းဂန်ထွက် ရှိသည် မထွက်ရှိသည်များကို သိတော်မူသာအောင် စာသွင်း တော်မူပါမည်အကြောင်းကို လျှောက်ပါသည် ဆရာတော် ဘုရား။

**၁၁၅၃–ခု သီတင်းကျွတ် လပြည့်ကျော်(၅)ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သေတစ္ဆတ္တံ၊ထီးဖြူ။ ကိလဉ္ဇဆတ္တံ၊ထီးနီ။ ပဏ္ဏဆတ္တံ၊သစ်ရွက်ထီးဟူ၍ ထီးသုံးစင်း အရနှင့် မဏ္ဍလဗဒ္ဓံ၊အချက်ဖြင့်ဖွဲ့ရသည်။ သလာကဗဒ္ဓံ၊ အလက်ဖြင့် ဖွဲ့ရသည် ဟူ၍ ၎င်းထီးသုံးစင်း လုပ်ရသော အခြင်းအရာကို ဝိနည်းကျမ်းဂန်၌ ဟောတော်မူသည်။ ထီးဖြူမှာ ကနက္ကဒါဏ်စသော အဖြူမိုးသမျှ၊ ထီးနီမှာ နှီးကို ရက်သမျှ၊ သစ်ရွက်ထီး မှာ သစ်ခေါက်စသည်ကို ခက်သော အရွက်ပကတိ သစ်ရွက်မိုးသမျှသည် အချက် အလက်စုံလျှင် ထီးမည်သည် ဖြစ်သည်။ကျိုင်းမှာ သည်အတိုင်း ဝါးစိတ်ကို အလက် ပြု၍ နှီးကို ရက်သည်ပင် ဖြစ်သည်၊ အချက်မှာ ဆင်စွယ်စသည်ကို အချက်ပြု၍ ဝါးစိတ်ဟပ်ပြီးမှ ရက်လည်း သင့်မည်။ ယခုမှာ အခြားဆင်စွယ်စသည်ကို တပ်လုပ် သည်၊ ကျမ်းဂန်ရှိတိုင်း ထီးသုံးစင်း စုံအောင် နှီးကို ရက်၍လည်း ကျိုင်းဟူသော အမည်အထူးနှင့် ခင်းကျင်းဆောင်ရွက်သည် ယူရန်ရှိသည်၊ အရိုးကို အဖျား အရင်း ပြန်၍ တပ်သည်မှာ ကျမ်းဂန် မလာမရှိ။

---

## ဘုရားလောင်း မျာဒိတ်ခံဟန်

မင်းကွန်းစေတီတော် ဌပနာ သွင်းသည်မှာ မောဓိပင်နှင့် တကွ ရှေးဘုရားတို့ ရပ်တုတော်ကို ဘုရားလောင်း မျာဒိတ်ခံ ဟန်များကိုလည်း ငွေအတိချည်း သွန်းလုပ်၍ သွင်းထားတော် မူမည်၊ ရှေးဘုရားတို့ မောဓိအမျိုးအမည်နှင့် တို့ဘုရားလောင်း မျာဒိတ်ခံဟန်များကို ဆရာတော်မှာ လျှောက်။

**၁၁၅၃–ခု နတ်တော်လဆန်း(၃)နေ့ မြေးတော် စစ်ကိုင်းမင်းသား ဆရာကို စေလိုက်သည်တွင် သွင်းသည့် မေတ္တာစာကား—**

နန္ဒ, သုနန္ဒ, ပထဝီ, မဏ္ဍ, ဓရဏီ, သာဂရ, ပုဏ္ဍရိကဟူ၍ စိတ်ဖြင့်သာ ဘုရားဆုကို ပန်သော ခုနစ်သင်္ချေတွင်း၌ ပွင့်တော်မူသော ဗြဟ္မဒေဝဘုရားစသော ဘုရားအပေါင်းကား တသိန်း နှစ်သောင်း၊ သဗ္ဗဘဒ္ဒ, သဗ္ဗဖုလ္လ, သဗ္ဗရတန, ဥသဘက္ခန္ဓ, ဟနိဘဒ္ဒ, ပဒုမ, ဥသဘ, ခန္ဓုတ္တမ, သဗ္ဗဘလ္လ ဟူ၍ နှုတ်မြွက်ခြင်းဖြင့် ဘုရားဆုကို ပန်သော ကိုးသင်္ချေတွင်း၌ ပွင့်တော်မူသော သကျမုနိစသော ဘုရားအပေါင်းကား သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်၊ ဤဘုရားတို့၌ ဗောဓိသစ်ပင်ကို ကျမ်းဂန်၌ သရုပ် အထူးမဆို၊ ဘုရားလောင်းလည်း နိယတဗျာဒိတ် မရ။

သေလ, ဘာသ, ဇယ, ရုစိယ ဟူ၍ ကိုယ်, နှုတ် နှစ်ပါးဖြင့် ဘုရားဆုကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတွင်း၌ ပွင့်တော်မူသော တဏှင်္ကရာဘုရားစသော ဘုရားအပေါင်းကား နှစ်ဆယ့်ခုနစ်ဆူ၊ ထိုဘုရားတို့တွင် တဏှင်္ကရာ ဘုရားရှင်သည် စရည်းပင်၌ ပွင့်တော်မူသည်၊ အင်္ဂါရှစ်ပါး မစုံသောကြောင့် တို့ဘုရားလောင်း ဗျာဒိတ် မရ။

မေဓင်္ကရာ ဘုရားရှင်သည် ပေါက်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဗျာဒိတ်မရ။ သရဏင်္ကရာ ဘုရားရှင်သည် သံသတ်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဗျာဒိတ်မရ။ ဒီပင်္ကရာ ဘုရားရှင်သည် ညောင်ကြပ်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း သုမေဓာရသေ့ဖြစ်၍ ကိုယ်ကို တံတားခင်းလျက် ဗျာဒိတ်ခံသည်။

ကောဏ္ဍည ဘုရားရှင်သည် သာလကလျာဏီပင်၌ ပွင့်တော်မူသည်၊ ယင်းသစ်ပင်ကား အတောင်သုံးဆယ်မျှသာ၊ အမြစ်ဖြင့် မြေထဲ၌ တည်ပြီးမှ ပေါက်၍ နေ့ခြင်းကြီးသည်၊ ဘုရား စကြာမင်းတို့ လက်ထက်သာ ရှိသည်ဟူ၏၊ တို့ဘုရားလောင်း ဝိဇိတာဝီစကြာမင်း ဖြစ်၍ အလှူကြီးပေးလျက် ဗျာဒိတ်ခံသည်။

မင်္ဂလ ဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူသည်၊ ထိုဘုရားလောင်း သုရုစိပုဏ္ဏားဖြစ်၍ အလှူကြီးပေးလျက် ဗျာဒိတ်ခံသည်။

သုမန ဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူသည်၊တို့ဘုရားလောင်း အတုလနဂါးမင်း ဖြစ်၍ စည် စောင်းညှင်းတို့ဖြင့် ပူဇော်လျက် အလှူကြီးပေးလျက် ဗျာဒိတ်ခံသည်။

ရေဝတ ဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း အတိဒေဝပုဏ္ဏား ဖြစ်၍ ကိလေသာကို ပယ်နိုင်ခြင်းကို ချီးမွမ်းလျက် ကိုယ်ရုံဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသည်။

သောဘိတ ဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း အဇိတပုဏ္ဏားဖြစ်၍ အလှူကြီးပေး၍ ဗျာဒိတ်ခံသည်။

အနောမဒဿီ ဘုရားရှင်သည် ထောက်ကြံ့ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဘီလူးစစ်သူကြီး ဖြစ်၍ အလှူကြီးပေးလျက် ဗျာဒိတ်ခံသည်။

ပဒုမဘုရားရှင်သည် ကြောင်လျှာပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ခြင်္သေ့မင်း ဖြစ်၍ ခစားလျက် ဗျာဒိတ်ခံသည်။

နာရဒ ဘုရားရှင်သည် ကြောင်လျှာကြီးပင်၌ ပွင့်တော်မူသည်၊တို့ဘုရားလောင်း ရသေ့ဖြစ်၍ သရက္ခံ နံ့သာဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသည်။

ပဒုမုတ္တရ ဘုရားရှင်သည် အင်ကြင်းပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဇဋိလသေဌေးဖြစ်၍ သင်္ကန်းလှူလျက် ဗျာဒိတ်ခံသည်။

သုမေဓ ဘုရားရှင်သည် မအူပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဥတ္တရ ပုဏ္ဏားလုလင်ဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသည်။

သုဇာတ ဘုရားရှင်သည် ကြခတ်ဝါးပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း စကြာမင်း ဖြစ်၍ ရတနာခုနစ်ပါးနှင့်တကွ လေးကျွန်းလုံးကို လှူလျက် ဗျာဒိတ်ခံ သည်။

ပိယဒဿီ ဘုရားရှင်သည် ပြည်ရှစ်ရှားပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ကဿပပုဏ္ဏားဖြစ်၍ သံဃာ့အာရာမ်လှူလျက် ဗျာဒိတ်ခံသည်။

အတ္ထဒဿီ ဘုရားရှင်သည် စကားပင်၌ ပွင့်တော်မူသည်၊တို့ဘုရားလောင်း သုသိမ ရသေ့ ဖြစ်၍ ထင်ရှားပန်းဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသည်။

ဓမ္မဒဿီ ဘုရားရှင်သည် သံသတ်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားနလောင်း စကြာမင်း ဖြစ်၍ ပန်း နံ့သာ စည် စောင်းညှင်းတို့ဖြင့် ပူဇော်လျက် ဗျာဒိတ်ခံ သည်။

သိဒ္ဓတ္ထ ဘုရားရှင်သည် မဟာလှေကားပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ရသေ့ ဖြစ်၍ ဇမ္ဗူ့သပြေသီး လှူလျက် ဗျာဒိတ်ခံသည်။

တိဿ ဘုရားရှင်သည် ပိတောက်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း သုဇာတမင်း ဖြစ်၍ ရသေ့ပြုပြီးလျှင် နတ်၌ဖြစ်သော ထင်ရှားပန်း, ကြာပဒုမာ, ပင်လယ်ကသစ်ပန်းတို့ဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသည်။

ဖုဿ ဘုရားရှင်သည် ရှိရှားပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဝိဇိတာဝီမင်း ဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသည်။

ဝိပဿီ ဘုရားရှင်သည် ကသစ်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း အတုလနဂါးမင်း ဖြစ်၍ ရတနာအင်းပျဉ် လှူလျက် ဗျာဒိတ်ခံသည်။

သိခီ ဘုရားရှင်သည် သရက်ဖြူပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း အရိန္ဒမမင်း ဖြစ်၍ ဆင်ရတနာကို လှူလျက် ဗျာဒိတ်ခံသည်။

ဝေဿဘူ ဘုရားရှင်သည် အင်ကြင်းပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း သုဒဿနမင်း ဖြစ်၍ သင်္ကန်းလှူလျက် ဗျာဒိတ်ခံသည်။

ကကုသန် ဘုရားရှင်သည် ကုက္ကိုပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ခေမမင်း ဖြစ်၍ ဆေးမျိုးလှူလျက် ဗျာဒိတ်ခံသည်။

ကောဏာဂုံ ဘုရားရှင်သည် ရေသဖန်းပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ပဗ္ဗတမင်း ဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသည်။

ကဿပ ဘုရားရှင်သည် ပညောင်ပင်၌ ပွင့်တော်မူသည်၊ တို့ဘုရားလောင်း ဇောတိပါလပုဏ္ဏားလုလင် ဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသည်။

တို့မြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟေပင်၌ ပွင့်တော်မူသည်၊ မိတည်းဘုရားအလောင်း အဇိတရဟန်းကို ဗျာဒိတ် ပေးတော်မူသည်။ သည်စကားများကို ဇာတတ္ထကီ, သေ:တတ္ထကီ,အင္ဂသာလိနီ,ဗုဒ္ဓဝင်စသော ကျမ်းတို့၌ လာသည်။

## ပုဂ္ဂလိကကျောင်းအလှူတော်

လျှောက်ပါသည် ဆရာတော်ဘုရား—

> အိမ်ရှေ့တော်က ဆောက်လုပ်သည့် ကျောင်း၊ ကမ်းနီမင်းသမီးက ဆောက်လုပ်သည့်ကျောင်း ပြာသာဒ်နှစ်ဆောင်ကျောင်းများကို ပုဂ္ဂလိက လှူဒါန်းတော်မူခြင်းသည် အကျိုးကြီး မကြီး ဆရာတော်မှာ မဟာဒါန်ဝန်ကို လျှောက်စေ။

**၁၁၅၃-ခု နတ်တော်လပြည့်ကျော်(၂)ရက်နေ့ ခြဲတိုက်တော်တွင် အမိန့်တော်ရှိ၍ ၎င်းနေ့ မဟာဒါန်ဝန် လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

ကုသိုလ်ဆယ်ပါးတို့တွင် ဒါနသည် ပစ္စည်းပစ္စယံ စွန့်ကြဲလှူဒါန်းခြင်း ဟူသော အာမိသဒါန၊ဘေးမဲ့ပေးခြင်းဟူသော အဘယဒါန၊ကုသိုလ်ကို ဆောက်တည်စေခြင်း ပဋိပတ္တိဓမ္မကို ပြခြင်းဟူသော ဓမ္မဒါနဟူ၍ သုံးပါးအပြားရှိသည်။

အာမိသဒါနမည်သည်လည်း တဦးသောပုဂ္ဂိုလ်အားသာ ပေးလှူခြင်း ပုဂ္ဂလိကဒါန၊ နှစ်ဦး သုံးဦးစသော အပေါင်းအား ပေးလှူခြင်း ဂဏကဒါန၊ အရပ်လေးမျက်နှာ သံဃာအား ပေးလှူခြင်း သံဃိကဒါနဟူ၍ သုံးပါးအပြားရှိသည်တွင် သံဃိကဒါနသည် အကျိုးများမြတ်သည်ကို—

> ယောစ တထာဂတံ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ ဘောဇေယျ၊ ယောစ ဗုဒ္ဓပမုခံ သိက္ခုသံဃံ ဘောဇေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။ ယောစ ဗုဒ္ဓပမုခံ ဘိက္ခုသံဃံ ဘောဇေယျ၊ ယောစ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဝိဟာရံ ကရေယျ။ ဣဒံ တတော မဟပ္ဖလတရံ။

**အနက်**—ယောစ၊အကြင်သူသည်လည်း။ တထာဂတံ၊ လာခြင်းကောင်းသော။ အရဟန္တံ၊ပစ္စည်းလေးပါးကို ခံထိုက်သော။ သမ္မာသမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဘောဇေယျ၊ဆွမ်းလှူရာ၏။ ယောစ၊အကြင်သူသည်လည်း။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ၊ရဟန်းသံဃာကို။ဘောဇေယျ၊ဆွမ်းလှူရာ၏။ တတော၊ ထိုသို့ မြတ်စွာဘုရားကို ဆွမ်းလှူသောထက်။ဣဒံ၊ ဤဘုရားအမှူးရှိသော သံဃာကို ဆွမ်းလှူခြင်းသည်သာလျှင်။မဟပ္ဖလတရံ၊အလွန်အကျိုးကြီး၏။ ယောစ၊ အကြင်သူသည်လည်း။ ဗုဒ္ဓပမုခံ၊ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ဘောဇေယျ၊ ဆွမ်းလှူရာ၏။ယောစ၊အကြင်သူသည်လည်း။ စာတုဒ္ဒိသံသံဃံ၊စာတုဒ္ဒိသသံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ဝိဟာရံ၊ကျောင်းကို။ကရေယျ၊ပြုရာ၏။ တတော၊ ထိုသို့ ဘုရားအမှူးရှိသော သံဃာကို ဆွမ်းလှူသောထက်။ဣဒံ၊ ဤစာတုဒ္ဒိသသံဃာကို ရည်၍ ကျောင်းပြုခြင်းသည်သာလျှင်။မဟပ္ဖလတရံ၊အလွန်အကျိုးကြီး၏။

ဟူ၍ အင်္ဂုတ္တရနိကာယ် ဝေလာမသုတ်၌ လာသည်။

သီလမရှိသော ရဟန်းအားပင်လည်း သံဃာကိုရည်၍ လှူသော် အကျိုး များမြတ်သည်ကို—

ဘဝိဿန္တိ ခေါပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနောကာသာဝ ကဏ္ဍာ ဒုဿီလာ ပါပဓမ္မာ။တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါ ပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ၊ နတွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာ ဒက္ခိဏာ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။

**အနက်**—အာနန္ဒ၊အာနန္ဒာ။ ဂေါတြဘုနော၊ ရဟန်းအန္ဒယ်မျှကိုသာ ခံယူတတ်ကုန်သော။ကာသာဝကဏ္ဍာ၊လည်၌ သင်္ကန်းပိုင်းမျှကို ဆောင်ကုန်သော။ဒုဿီလာ၊ သီလမရှိကုန်သော။ ပါပဓမ္မာ၊အကျင့်မကောင်းကုန်သော ရဟန်းယောင်တို့သည်။ အနာဂတမဒ္ဓါနံ၊နောင်သောအခါ၌။ဘဝိဿန္တိ၊ဖြစ်ကုန်လတံ့။ တေသုဒုဿီလေသု၊ ထိုသီလမရှိသော ရဟန်းယောင်တို့၌လည်း။ သံဃံ၊သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ဒါနံ၊ အလှူကို။ဒဿန္တိ၊ပေးကုန်ငြားအံ့။အာနန္ဒ၊အာနန္ဒာ။အဟံ၊ငါသည်။ တဒါပိ၊ထိုအခါ၌လည်း။သံဃဂတံ၊သံဃာအား ရည်၍လှူသော။ဒက္ခိဏံ၊အလှူကို။ အသင်္ချေယျံ၊မရေတွက်နိုင်သောအကျိုးရှိ၏။ အပ္ပမေယျံ၊မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။အာနန္ဒ၊အာနန္ဒာ။ကေနစိပရိယာယေန၊တစုံတခုသော အကြောင်းဖြင့်။သံဃဂတာဒက္ခိဏာ၊ သံဃိကအလှူထက်။ ပါဋိပုဂ္ဂလိကံဒါနံ၊ ပုဂ္ဂလိကအလှူကို။ မဟပ္ဖလတရံ၊အကျိုးကြီးမြတ်၏ဟူ၍။ အဟံ၊ငါဘုရားသည်။ နတွေဝ ဝဒါမိ၊ ငါ ဟောတော်မမူ။

ဟူ၍ မဇ္ဈိမနိကာယ် ဒက္ခိဏာဝိဘင်္ဂသုတ်၌ လာသည်။

ဇေတဝန်ကျောင်း လှူဒါန်းမည်တွင်"သံဃိကလှူလော"ဟု အနာထပိဏ်သေဌေးအား ဟောတော်မူကြောင်း၊ ပိယဒဿီဘုရားလက်ထက် သံဃိကကျောင်း အာရာမ်လှူ၍ ဘုရားလောင်း ဘုရားဆုကို ပန်ကြောင်း၊ သံဃိကဝိဟာရဒါနသာ အလှူဟူသမျှထက် မြတ်ကြောင်းကိုလည်း ကျမ်းဂန် အထင်အရှား ရှိသည်၊ အလှူ၏ အကျိုးအာနိသင်ကို သိမြင်၍ အလှူပေးခြင်းသည် အကျိုးကြီးမြတ်သည်၊ မြတ်စွာဘုရားအား အရှင်သာရိပုတ္တရာအား လှူသည်ထက် မြတ်စွာဘုရားကို လှူခြင်းသာ အလှူ၏အကျိုးကို အကုန်အစင် သိမြင်နိုင်သောကြောင့် အကျိုးကြီးမြတ်သည်ဟူ၍လည်း ကျမ်းဂန်ရှိသည်ဖြစ်၍ အလှူ၏အကျိုးအာနိသင်ကို ပညာတော်ဖြင့် သိမြင်တော်မူသည်အတိုင်း ဆင်ခြင်တော်မူ၍ ယခု လှူဒါန်းတော်မူမည့် ကျောင်းများကို လှူဒါန်းတော်မူသော် ထူးမြတ်တော်မူသော ကုသိုလ်ပါရမီတော် ဖြစ်မည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ပင်းမင်းသမီး၏ ပဋ္ဌာန်းစရင်ဘောင်

လျှောက်ပါသည် ဆရာတော်ဘုရား—

ပင်းမင်းသမီးက ဆောက်သည့် စရပ်သည် ပဋ္ဌာန်းစရပ် ဖြစ်သည်၊ ရှေးမင်းတို့ လက်ထက် ဝါတွင်းကာလကို ပဋ္ဌာန်း စရပ်မှာ ဆရာတော်တို့ ပဋ္ဌာန်းဟောမြဲ ဖြစ်သည်၊ ယခုလည်း ဝါတွင်းလေးလကို ပဋ္ဌာန်းစရပ်မှာ ပဋ္ဌာန်းကိုဖြစ်စေ၊ စာပြန် ပြီး ဆရာတော်တို့ တလ လေးကြိမ် ဥဘတောဝိဘင်းကို ဖြစ် စေ ပြန်စေသော် သင့် မသင့် ဆရာတော်မှာ မဟာဒါန်ဝန်က လျှောက်၍ စာသွင်းစေ။

**၁၁၅၃-ခု နတ်တော်လပြည့်ကျော်(၇)ရက်နေ့ မဟာဒါန်ဝန်ကိုစေ၍ လျှောက် လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

ပဌမသံဂါယနာ တင်သည်ကာလ နတ်ဗိမာန်၏ အသရေကို ပြက်ရယ်ပြုဘိသကဲ့ သို့ အလွန် တင့်တယ်လျှောက်ပတ်သော မဏ္ဍပ်ကို အဇာတသတ်မင်းက ဆောက် လုပ်၍ ၎င်းမဏ္ဍပ်၌ အရှင်မဟာကဿပ, အရှင်မဟာ အာနန္ဒာ, အရှင်မဟာဥပါလိ စသော ရဟန္တာငါးရာတို့ ပိဋကတ်သုံးပုံကို ဆွေးနွေး မေးမြန်း ရွတ်သရဇ္ဈာယ်တော် မူကြောင်း၊ နတ်ဗိမာန်သဖွယ် တင့်တယ် ကောင်းမွန်သော မဏ္ဍပ်ကို ဒေဝါနံပိယ တိဿမင်းက ဆောက်လုပ်၍ ၎င်းမဏ္ဍပ်၌ အရှင်မဟာအရိဋ္ဌထေရ် ဝိနည်းပိဋကတ် ကို ပရိသတ်လေးပါးအလယ် ပြန်ဆိုသရဇ္ဈာယ်ကြောင်း၊ဗီရဏီနတ်သမီး၏ ဘုံဗိမာန် အနေအထား အဆင်းသဏ္ဌာန်ကို ရဟန္တာတို့ ရေးသားဆောင်ပေး၍ ၎င်းဗိမာန် သဖွယ် ဆန်းကြယ်စွာ ဒုဋ္ဌဂါမဏိမင်းက ဆောက်လုပ်သော လောဟပါသာဒ ပြာသာဒ်၌ သံဃာတော်တို့ စည်းဝေး၍ တရားတော်ကို မေးမြန်း ဆွေးနွေး ရွတ် သရဇ္ဈာယ်ကြောင်းများကို ကျမ်းဂန် လာရှိသည်နှင့်အညီ သီဟိုဠ်, သထုံ, ဟံသာဝတီ, ပုဂံ,အဝမင်းတရားအဆက်ဆက် တရားသဘင် မဏ္ဍပ် ဆောက်လုပ်မြဲထုံးစံ ဖြစ်သည် အတိုင်း တာဝတိံသာနတ်ပြည် အမရာဝတီနတ်မြို့ ဝေဇယန္တာပြာသာဒ်မှ အနောက် မြောက်ထောင့် အရပ်တွင် သုဓမ္မာ နတ်သဘင် ရှိကြောင်းကို ကျမ်းဂန် လာသည်နှင့် ညီညွတ်စွာ အမရပုရ ရွှေပြည်တော်ကြီး ရွှေနန်း ရွှေဘုံတော်မှ အနောက်မြောက် ထောင့်အရပ်တွင် သုဓမ္မာစရပ် ပဋ္ဌာန်းစရပ်ဟူ၍ တရားသဘင် နှစ်ရပ် ဆောက်လုပ်

တော်မူသည်တွင် သုဓမ္မာစရပ်မှာ နှစ်စဉ်မပြတ် ပဌမတော်တို့ စာပြန်စာဆေး နိဿယာစရိယ,ဥပဇ္ဈာစရိယ အင်္ဂါ မြောက်ထိုက်သည့် ဆရာတို့ ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်း အပြန်အမေးနှင့် မပြတ်ရှိပြီ၊ ပဌာန်းစရပ်မှာလည်း နိဿယာစရိယ, ဥပဇ္ဈာစရိယ မြောက်သည့် ဆရာတော်တို့မှာ ဥဘတောဝိဘင်း, ခန္ဓကဝတ်, ကမ္မာကမ္မဝိနိစ္ဆယဟူသော ဝိနည်း၊ မူလပဏ္ဏာသ ပမာဏရှိသော သုတ်၊ နိဿျမုစ္စက ဆရာတို့မှာ ပါတိမောက်နှစ်စောင်၊ ကမ္မာကမ္မဝိနိစ္ဆယ ဟူသောဝိနည်း လေးဘာဏဝါရ ပမာဏရှိသော သုတ်များနှင့် မာတိကာဓာတုကထာ,ယမိုက်, ပဌာန်းအဘိဓမ္မာများကို ဝါတွင်းဝါပ တလလေးခါ ဆွေးနွေးမေးမြန်း ရွတ်သရဇ္ဈာယ်စေသင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## စာအောင်သံဃာအား လျှောက်ခြင်း

ဆင်ကျိုးရွှေဂူဘုရား မဟာရာမ်အတွင်း ပဌာန်းစရပ်မှာ နိဿျာစရိယ, ဥပဇ္ဈာစရိယ မြောက်ထိုက်သည့် ဆရာတော်တို့မှာ ဥဘတောဝိဘင်း,ခန္ဓကဝတ်,ကမ္မာကမ္မဝိနိစ္ဆယဟူသော ဝိနည်း၊ မူလပဏ္ဏာသ ပမာဏရှိသော သုတ်၊ နိဿယမုစ္စက ဆရာတို့မှာ ပါတိမောက်နှစ်စောင်၊ ကမ္မာကမ္မဝိနိစ္ဆယဟူသော ဝိနည်း လေးဘာဏဝါရ ပမာဏရှိသော သုတ်များနှင့် မာတိကာ ဓာတုကထာ, ယမိုက်, ပဌာန်း အဘိဓမ္မာကျမ်းများကို ဝါတွင်းဝါပ တလလေးကြိမ် ဆွေးနွေးမေးမြန်း ရွတ်ဖတ် သရဇ္ဈာတ်စေသင့်ကြောင်းကို သာသနာပြုဆရာတော်က မေတ္တာစာ ဆက်သွင်းသည်အတိုင်း သံဃာတော်တို့ကို စည်းဝေးစေ၊ ရွှေပြည်တော် အတွင်း အပြင်မှစ၍ မင်းညီ မင်းသား မှူးဘော် မတ်တော် ပြည်သူပြည်သား ရပ်စု ကွက်စု သေဌေး သူကြွယ် မည်သည့်လူမျိုးမဆို ဆရာတော်တို့ စည်းဝေးရာ သဒ္ဓါတတ်အားသမျှ လှူဒါန်းစေ၊ ၁၁၅၃—ခု နတ်တော်လပြည့်ကျော်(၁)ရက်နေ့ နားခံတော်ကျော်စွာ နော်ရထာ ပြန် အမိန့်တော်။

---

## ကပ္ပဋ္ဌိတိ လေးပါး သောဋ္ဌသ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ကပ္ပဋ္ဌိတိလေးပါး သောဋ္ဌသများကို ကောင်းမှုတော်ဘုရားရှင်မှာ ရေးသားလုပ်ဆောင်သင့်ကြောင်းကို အဝေး ကျိဝန်က ရှိခိုး သံတော်ဦးတင်သည်အတိုင်း မည်သို့ ရေးသား ထုလုပ်

သင့်ကြောင်း၊ မည်သည့်အရပ်၌ ဒုကာ ထားသင့်ကြောင်းများကို သိတော်မူသာအောင် အတွင်းဝန်တို့က ဆရာတော်မှာ လျှောက်ရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ အဆောင်မြ ရွှေတောင် သိမ်နော်ရထာကို လျှောက်လှာပါစေသည်၊ ကပ္ပဋ္ဌိတိသောဌသများကို သိတော်မူသာအောင် အမိန့်တော် ရှိတော်မူပါမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၃–ခု တပိုတွဲ လပြည့်ကျော်(၁၄)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

**ကပ္ပဋ္ဌိတိလေးပါး ဟူသည်ကား**—လတွင် ယုန်ရေးလည်းတပါး၊ မဂဓရာဇ်တိုင်းတွင် မီးမလောင်နိုင်ရာအရပ်လည်း တပါး၊ ကောသလတိုင်းတွင် မိုးမစွတ်နိုင်ရာအရပ်လည်းတပါး၊ ကောသလတိုင်းတွင် အဆစ်အပိတ် အဆီးမရှိသော ကျူတောလည်း တပါး၊ သည်လေးပါးကို ဤဘဒ္ဒကပ် ကမ္ဘာပတ်လုံး တည်လတံ့သောကြောင့် ကပ္ပဋ္ဌိတိလေးပါးဟူ၍ စရိယာပိဋ္ဌက အဋ္ဌကထာစသော ကျမ်းဂန်တို့၌ ဆိုသည်၊ ထိုလေးပါးတွင်—

တို့ဘုရားလောင်း ယုန်မင်းသည် မျောက်, မြေခွေး, ဖျံ သတ္တဝါ သုံးဦးနှင့်တကွ အလှူပေးမည် နေစဉ် ပုဏ္ဏားအသွင်ဖြင့် သိကြားမင်း အလှူခံလှာသော် ယုန်မင်း မီးပုံသို့ ဆင်း၍ ကိုယ်ကို စွန့်လှူသည်၊ သိကြားမင်း အာနုဘော်ကြောင့် မီးမပူ၊ သိကြားမင်းလည်း ကမ္ဘာပတ်လုံး ကျေးဇူး ထင်ရှားစေဟု တောင်တခုကို အဆီညှစ်၍ တောင်ဆီဖြင့် လတွင် ယုန်ရေး မှုလေသည်ကို စတုက္ကနိပါတ်ဇာတ်တွင် ဆိုသည်။

မဂဓရာဇ်တိုင်း တောအုပ်တခုတွင် တို့ဘုရားလောင်း ငုံးငယ်ဖြစ်၍ တောမီးလာသည်ကာလ မိ, ဘတို့ ပျံသွားလေလျှင် သစ္စာပြု၍ တဆယ့်ခြောက်မင်းပယ်စားခန့် မီးမလောင် ကင်းလွတ်သည်ကို ဧကနိပါတ်ဇာတ်တွင် ဆိုသည်။

ကောသလတိုင်းတွင် မိ, ဘ မျက်မမြင်ကို ကျွေးမွေးသော ဃဋိကာရအိုးထိန်း၏ အိမ်၌ မိုးသော မြက်သက်ငယ်ကို ကဿပဘုရားရှင်က ဆောင်ယူစေ၍ ဂန္ဓကုဋိကို မိုးစေတော်မူသည်၊ ဘုရားရှင်လည်း ထိုအိမ်တွင် မပြတ်ဆွမ်းဘဉ်းပေးတော်မူသည်၊ ထိုအိမ်ရာ အရပ်သည် ကမ္ဘာပတ်လုံး မိုးမစွတ်နိုင် တည်သည်ကို ဃဋိကာရသုတ် အဋ္ဌကထာတွင် ဆိုသည်။

ကောသလတိုင်း တောအုပ်တခုတွင် ဘုရားလောင်း မျောက်မင်းဖြစ်၍ ဘီလူးစောင့်သော ရေအိုင်၌ သက်၍ ရေမသောက်ရသည်တွင် ကျူကိုယူပြီးသော် ပါရမီကို ဆင်ခြင်၍ သစ္စာမှုလျက် အဆစ်မပိတ်အောင် မှုတ်ပြီးမှ မျောက်အရံရှစ်သောင်းနှင့်တကွ အိုင်သို့ မသက်ပဲ ရေသောက်သည်၊ ထိုအိုင်ပတ်လည် ရောက်သော ကျူတောသည် ကမ္ဘာပတ်လုံး အဆစ်အပိတ် မရှိ တည်သည်ကို ကေနိပါတ်ဇာတ်တွင် ဆိုသည်။

သည် အခြင်းအရာကို ထောက်၍ အရုပ်သဏ္ဍာန် တော်လျော်အောင် လုပ်ဆောင်သင့်သည်၊ စဉ်ပုံ သွန်းလျှင် ဇာတ်စဉ်အပြီးတွင် အမည်အမှတ်နှင့် တပ်ကပ်သင့်သည်၊ ငွေပနာသွန်းလုပ်လျှင် သတ္တဌာနများကဲ့သို့ ကပ္ပဋ္ဌိတိ တစဉ်တကွက် သွင်းထားသင့်သည်။

"သောဠသ ပထမံ ကုဋ္ဌံ" ဂါထာနှင့် ကြိုးကြာ ၁၆ ခါ၊ ဟင်္သာ ၉ ကြိမ် စသော အဖြစ်တော်၌ တို့ဘုရားလောင်း ဘေးရန်ကင်းကြောင်းကို ဆိုကြသည်မှာ ကျမ်းဂန်မလာ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း သည်မျှသာ ဘေးရန်ကင်းသော ဘဝမရကောင်းသောကြောင့် သဘောယုတ္တိမရှိ ဖြစ်သည်။

---

## သကြိန်တော်ခေါ် ဂြိုဟ်နတ်ပူဇော်ပုံ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သကြိန်တော်ခေါ် ဟုံးပူဇော် ဟုသည်၌ ဂြိုဟ်ပူဇော် နတ်ပူဇော် လုပ်ဆောင်စီရင်ကြသည့် အရာများသည် သရဒွေကျမ်းထွက်နှင့်ညီညွတ်မှန်ကန်မည် မထင်၊ အတိုးအပွါး လုပ်ဆောင်စီရင် ပူဇော်ကြသည် ထင်တော်မူသည်၊ သရဒွေကျမ်းထွက်အတိုင်း အတွင်းဝန်တို့ နားလည်မှ ဆင့်ဆိုစီရင်သာမည်၊ သိသာအောင် သရဒွေကျမ်းက ထုတ်နုတ်၍ ပေးပါမည်အကြောင်းနှင့် ဆရာတော်မှာ နာရီမှူး ဘယနန္ဒမိတ်ကို လျှောက်စေ၊ သက္ကရာဇ် ၁၁၅၃-ခု တပေါင်းလဆန်း (၂)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း နာရီမှူး ဘယနန္ဒမိတ်ကို လျှောက်လှာစေပါသည်၊ အမိန့်တော်အရကို ထောက်၍ သိသာ ရှင်းလင်း လုပ်ဆောင် စီရင်သာ

အောင် သရဖွေကျမ်းက ထုတ်နုတ်၍ သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၃–ခု တပေါင်းလဆန်း(၃)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစကား—**

**သရောဒယကျမ်း၌ လာသော ဂြဟသန္တိ အစီအရင်ကား**—ဂဏ္ဍန္တကြိုက်ခြင်း, လဂ်မကောင်းခြင်း, ဗိဋ္ဌကြိုက်ယှဉ်ခြင်း, ဂြိုဟ်စားဒသာ မကောင်းခြင်း, ကောဇာဂြိုဟ်တို့ ချင်းနင်းပြောင်းရွှေ့ခြင်း, မသင့်သောအရပ်မျက်နှာသို့ ယတြာမူခြင်း, နေရပ်နေရာ မြို့ရွာဒေသ အရပ်အနေ မသင့်ခြင်း, ကောဇာဂြိုဟ်တို့ ဗျကြစရိယာမူခြင်း, သီဟဇာမူခြင်း, မူလနက္ခတ်၌ ပါပဂြိုဟ်တွင်ခြင်း, နာမအက္ခရာ နက္ခတ်၌ ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းခြင်း, မြို့ရွာဒေသ သစ်တပ် ဆည် ကန် အာရာမ် ဥယျာဉ်စသည်တို့၌ မကောင်းသော တိတ်နိမိတ် ထင်ခြင်း ဤသို့သော အကြောင်းအရာရှိလသော် ဂြဟသန္တိပြုရာ၏၊ ဤကား ဂြဟသန္တိပြုရသော အကြောင်း တဆယ့်နှစ်ပါးတည်း။

**ဂြိုဟ်နတ်ရုပ်တို့ကို ထုလုပ်လိုသော်**—တနင်္ဂနွေ, အင်္ဂါမှာ ကြေးနီ၊ ကြာသပတေး, ဗုဒ္ဓဟူးမှာ ရွှေ၊ တနင်္လာ, သောကြာမှာ ငွေ၊ စနေ, ရာဟု, ကိတ်မှာ ခဲ ကြေးတို့ဖြင့် ထုလုပ်ရာ၏။

**ရေးသားလိုသော်ကား**—တနင်္ဂနွေ, အင်္ဂါမှာ နီသောအဆင်း၊ ကြာသပတေး, ဗုဒ္ဓဟူးမှာ ရွှေသောအဆင်း၊ တနင်္လာ, သောကြာမှာ ဖြူသောအဆင်း၊ စနေ, ရာဟု ကိတ်မှာ မည်းသောအဆင်း၊ ဤသို့ မိမိဖာဆင်းနှင့်တူသော အမှုန့်အရည်ဖြင့် ရေးသားရာ၏။ ဤကား ဂြိုဟ်ရှစ်လုံးနတ်ရုပ် ပြုရသော အဆောက်အဦတည်း။

**ဂြိုဟ်နတ်ရုပ်သဏ္ဌာန်ကား**—တနင်္ဂနွေမှာ ဝန်းသောမျက်နှာ၊ တနင်္လာမှာ လ ထက်ဝက်နှင့်တူသော မျက်နှာ၊ အင်္ဂါမှာ သုံးထောင့်သော မျက်နှာ၊ ဗုဒ္ဓဟူးမှာ လေးကိုင်းသဖွယ်ရှိသော မျက်နှာ၊ ကြာသပတေးမှာ ပဒုမာပွင့်နှင့်တူသော မျက်နှာ၊ သောကြာမှာ လေးထောင့်သော မျက်နှာ၊ စနေမှာ ပကတိမျက်နှာ၊ ရာဟုမှာ မြွေ၏မျက်နှာနှင့်တူသော မျက်နှာ၊ ကိတ်မှာ မကာရ်း၏ မျက်နှာနှင့်တူသော မျက်နှာ၊ ဤသို့ ဆိုပြီးသော မျက်နှာသဏ္ဌာန်ဖြင့် စလွယ်ကိုးသွယ် ဝတ်စားတန်းဆာနှင့်တကွ လုပတင့်တယ်စွာ ထုသော်လည်း ထုရာ၏၊ ရေးသော်လည်း ရေးရာ၏။ ဤကား ဂြိုဟ်နတ်ရုပ်၏ သဏ္ဌာန် အထူးတည်း။

ယင်းသို့ ထုလုပ် ရေးသားပြီးသော် ဂြိုဟ်နတ်ရုပ်တို့ကို တင်ရန် ကွန်းငယ်နှင့် အသီးအသီး ထားရာသည်ကား အလယ်မှာ တနင်္ဂနွေ၊ အရှေ့တောင်မှာ တနင်္လာ၊ တောင်မှာ အင်္ဂါ၊ အရှေ့မြောက်မှာ ဗုဒ္ဓဟူး၊ မြောက်မှာ ကြာသပတေး၊ အရှေ့မှာ သောကြာ၊ အနောက်မှာ စနေ၊ အနောက်တောင်မှာ ရာဟု၊ အနောက်မြောက်မှာ ကိတ် ဤသည် အစဉ်အတိုင်း ထားရာ၏။ဤကား ပူဇော်သောကာလ ထားရာသော အရပ်တည်း။

ယင်းသို့ ထားပြီးသော် ပူဇော်ရာသော အဆောက်အဦ ကိုးပါးကား—အသီး ကိုးပါး၊ အပွင့် ကိုးပါး၊ အပွင့်မှတပါး ဂြိုဟ်တို့၏ အသီးအသီး အဆင်းနှင့် တူသော ပန်း ၉ ပါး၊နံ့သာ ၉ ပါး၊အခိုးအထုံ ၉ ပါး တတ်အားသမျှ စီရင်ပူဇော်ပွဲ ၉ ပါး ဤအလုံးစုံကို ဂြိုဟ်တပါးတစုစီ သီးသန့် တင်ထား၍ မီးတိုင် ပေါက်ပေါက် ဆန်ပန်း တို့ဖြင့် ထွန်းညှိကြဲဖြန့်လျက် ပူဇော် ပသ ရာ၏။ဤကား ပူဇော်ရာသော အဆောက် အဦတည်း။

ပူဇော် ပသ သောကာလ ရွတ်ရာသောမန္တန် ၉ ပါး ပါဠိအနက်၊ ပဋ္ဌာန်ပြုရာ သော ဂါထာ ဆယ်ပါး ပါဠိ အနက်များကို ကျမ်းရင်းမှာ ယူ၍ အသေအချာ ရွတ် သရဇ္ဈာယ်လျက် ပူဇော် ပသ ရာသည်။ယင်းသို့ ပူဇော် ပသခြင်းကြောင့် ရောဂါ ဘေးရန် ကင်းလွတ်ခြင်း, တစ္ဆေ မြေဘုတ်ဘီလူး သဘက်တို့ မနှိပ်စက်နိုင်ခြင်း,နတ် တို့ကြောင့်ဖြစ်သော အဖေါက်အပြန် မရှိခြင်း စသော အကျိုးတို့သည် ဖြစ်ကုန်၏ ဟူ၍ ဂြဟသန္တိအကျိုးကို ဆိုသတည်း။ “ဂြဟသန္တိအစီအရင်အကျဉ်း”။

**သရောဒယကျမ်း၌လာသော ဂြဟဟောမအစီအရင်ကား—အရပ်ရှစ်မျက်နှာသို့** တောင်းသဖြင့် ကြာချပ် ရှစ်ခုနှင့်လည်းတူသော အတွင်းသုံးဆင့် ရှိသဖြင့် ခါးကြိုး သုံးတန်ရစ်ဖွဲ့သည် သဖွယ်လည်း ဖြစ်သော အလိုရှိတိုင်း ပမာဏရှိသော ကျင်းကို မူရာ၏။ “ဤကား ဟုံးကျင်းလက္ခဏာ”။

**ထင်းကိုးပါး**—ယင်းသည် ဟုံးကျင်း၌ တနင်္ဂနွေမှာ မရိုး၊ တနင်္လာမှာ ပေါက်၊ အင်္ဂါမှာ ရှား၊ဗုဒ္ဓဟူးမှာ တောကြက်မောက်၊ကြာသပတေးမှာ ပိတ်ချင်း၊သောကြာ မှာ ရေသဖန်း၊ စနေမှာ ပျဉ်း၊ ရာဟုမှာ ငနဲဇာ၊ကိတ်မှာ သမန်း၊ဤသည့် ထင်းမျိုး တို့ကို ဂြဟသန္တိက ဆိုခဲ့သော အရပ်အစဉ်အတိုင်း ဂြိုဟ် ၉ ပါး အသီးအသီး တည် ရာ၏။

**အဆောက်အဦကိုးပါး**—ယင်းသည် ထင်းတို့ဖြင့် တနင်္ဂနွေမှာ ပျား၊တနင်္လာမှာ ထောပတ်၊အင်္ဂါမှာ ဆီဥ၊ ဗုဒ္ဓဟူးမှာ ဆား၊ ကြာသပတေးမှာ နှမ်း၊ သောကြာမှာ

မုံညင်းဖြူ၊ စနေမှာ မုယော၊ ရာဟုမှာ နှမ်းနှင့်ရောသော ဆန်၊ ကိတ်မှာ နီသော ပန်း၊ ဤအဆောက်အဦတို့ကို လောင်းစွက်၍ မိမိတို့ မန္တန်ကို အကြိမ်တရာစီ ဖြစ်စေ အကြိမ်တထောင်စီ ဖြစ်စေ အကြိမ်တသောင်းစီ ဖြစ်စေ ရွတ်သရဇ္ဈာယ်လျက် ပူဇော်ရာ၏။

ပူဇော်သောကာလ ရွတ်ရာသောမန္တန် ၉ ပါးကို ကျမ်းရင်းမှာ ယူလေ။

**ပသဖွယ်ကိုးပါး**—ပူဇော်ပြီးသောကာလ ပေးကမ်း ပသရာသည်ကား နွား၊ မခရုသင်း၊ နွားလားရွှေ၊ ညိုသောပုဆိုး၊ ဖြူသောမြင်း၊ နွားနက်၊ ကြေး၊ ဆိတ် အစဉ်အတိုင်း တည်း။ နွား၊ မြင်း၊ ဆိတ်တို့ကို ဘေးမရှိ ချမ်းသာစေ။ "ဤကား ဂြဟဟောမ အစီအရင်အကျဉ်း"။

**သရောဒယကျမ်း၌ လာသည့် ဂြဟသန္တိ အစီအရင်ကား**—ညီညွတ်စွာသော နွားချေးစိုဖြင့် အပြေအပြစ် ပြုအပ်သော ပန်းအခင်း အရောင်တို့ဖြင့် တင့်တယ်သော ပရုပ်၊ အကြော်၊ ကရမက်တို့ဖြင့် ထုံအပ်သော မြေပြင်သာ၌ တောင်ထွာ မုတ် ၉ ခုစီ စတုရမ်းရှိသော ဂြိုဟ်တို့၏ အရပ်၌ မိမိတို့အဆင်း ၉ ပါးနှင့်လည်း ယှဉ်သော တံခါး လေးမျက်နှာဖြင့်လည်း တင့်တယ်သော ဆိုပြီးသောဂြိုဟ် အရပ်အခန်း ၉ ပါး၌ ဂြိုဟ်တို့ နံနှင့်သင့်သော သစ်သား အဝတ်ပုဆိုး စသော အခင်းလည်းရှိသော ဂြိုဟ်တို့ အရပ်အစိတ် ၉ ခန်း အလယ်၌ ပဒုမာကြာတပွင့်စီ ရေးသဖြင့် ၉ ပါးသော ကြာ ပဒုမာလည်းရှိသော တဲကွန်းကို ပြုရာ၏။ ဂြိုဟ် ၉ ခန်း၌ ဗိတာန်ဖြူ တခုစီ ကြက်ရာ၏၊ ဂြိုဟ်၏ အဆင်းနှင့်တူသောပန်း၊ ဂြိုဟ်၏ အစအကွဲရာနှင့်တူသော အမည်ရှိသောပန်း တို့ဖြင့် ပန်းဆိုင်း ဆွဲရာ၏၊ နံ့သာမျိုးတို့ဖြင့် ကြဲဖြန့်ရာ၏။ "ဤကား သကြန်တဲ အခြင်းအရာ"။

ယင်းသည့် တဲမှာ ပြင်မျက်နှာ၌ ဒိဝါဒိနတ်ကွန်းရှစ်၊ တမ်းခွန်ရှစ်၊ မင်္ဂလာတုချိုင် တိုင် ရှစ်တို့ကို ပြုရာ၏။ "ဤကား သကြန်တဲ အခြံအရံ"။

ကောင်းမြတ်သော မြစ်ဆိတ်မှ ဆောင်သောရေဖြင့် ပြည့်သောအိုးချော ၉ လုံး ကို ယခင် သကြန်နတ်အတွင်းဂြိုဟ် ၉ ခန်း၌ ပဒုမာကြာပွင့်သဏ္ဌာန်ရှိသော အတင် ထက် တည်ထားရာ၏။ "ဤကား ပကတိသကြန်ရေ"။

မာလာသီးရည်၊ မြင်းသီလာရည်၊ ထင်းရှူးရည်၊ ကုံဂမံရည်၊ ပဒုမာကြာပွင့်ရည်၊ ကြဇ်ရည်၊ နှယ်ချိုရည်၊ သစ်မည်စည်ပွင့်ရည်၊ နီသောပန်းရည်။ "ဤကား တနင်္ဂနွေ သကြန်ရေ"။

ကိုဂမံရည်,ဆင်ပိုသမန်းရည်,နွားနို့ ထောပတ် ပဒုမာပွင့် သကြား အုံးသီး ပျားဟူသော ပဥ္စကတျရည်, ကျောက်ပုတီးရည်, ခရုသင်းရည်။ "ဤကား တနင်္လာသင်္ကြန်ရေ"။

ဇာဒိပ္ပိုလ်သီးရည်,စန္ဒကူးနီရည်,တမာရွက်ရည်,စန္ဒကူးရွှေရည်။ "ဤကား အင်္ဂါသင်္ကြန်ရေ"။

မင်ရည်,နီသောပန်းရည်,ပုံညင်းဖြူရည်။ "ဤကား ဗုဒ္ဓဟူးသင်္ကြန်ရေ"။

ပျားရည်, ထောပတ်ရည်။ "ဤကား ကြာသပတေးသင်္ကြန်ရေ"။

ဖါလာသီးရည်, မြင်းသီလာရည်, ကိုဂမံရည်, ဇာဒိပ္ပိုလ်သီးရည်။ "ဤကား သောကြာသင်္ကြန်ရေ"။

မင်ရည်,နှမ်းဆီစိမ်သောပန်းရည်, ထောက်ရပ်ရွက်ရည်, ကြံညှပ်ပွင့်ရည်,ပေါက်ပေါက်ရည်။ "ဤကား စနေသင်္ကြန်ရေ"။

သခွတ်ပွင့်ရည်, ကြံညှပ်ရည်, သော်ကညွန့်ရည်, အကြော်နက်ရည်, သမင်စာပွင့်ရည်။ "ဤကား ရာဟုသင်္ကြန်ရေ"။

အထူးထူးသော ဆိတ်ရည်,နေမင်း လမင်းရည်,ကံ့ကော်ပန်းရည်, ပုံးညက်ရည်, စန္ဒကူးရည်,အရဏ်အဆင်းရှိသောပန်းရည်။"ဤကား ကိတ်သ န်ရေ"။

ယင်းသို့ သင်္ကြန်ရေတို့ကို အပြည့်အစုံထားပြီးမှ သင်္ကြန် ခေါ်မည်ကာလ ရောက်လသော် သန့်ရှင်းစင်ကြယ်သော ဝတ်စားတန်းဆာတို့ဖြင့် တင့်တယ်သော မင်းကို သင်္ကြန်တဲကွန်း တနင်္ဂနွေဂြိုဟ်ခန်းသို့ ကပ်စေ၍ ယခင် ရေ ထားနှင့်သော ကြာပဒုမာထက် မြောက်သို့ မျက်နှာပြုလျက် နေထိုင်စေပြီးမှ ဝတ်ဖြူ ရေကန်နှင့် ရှေးဦးစွာ တနင်္ဂနွေသင်္ကြန်ရေဖြင့် သင်္ကြန် ခေါ်စေရာ၏၊ထိုနောင်မှ ယခင် ထားနှင့်သော ပကတိသင်္ကြန်ရေဖြင့် သင်္ကြန် ခေါ်စေရာ၏၊ သင်္ကြန်ခေါ်သည်ကာလ စည် စောင်းညှင်း ခရုသင်းအသံ ဗေဒင်ဂါထာ မန္တန်အသံတို့ဖြင့် မြေပြင်နှံမျှ ရှိစေရာ၏၊ယင်းသို့ တနင်္ဂနွေခန်း၌ သင်္ကြန် ခေါ်ပြီးမှ တနင်္လာခန်းသို့ ကြွစေ၍ ယခင် ရေးထားနှင့်သော ကြာပဒုမာထက် မြောက်သို့ မျက်နှာပြုလျက်နေ၍ ဝတ်ဖြူရေကန်နှင့် ရှေးဦးစွာ တနင်္လာရေဖြင့် သင်္ကြန် ခေါ်စေရာ၏၊ ထိုနောင်မှ ယခင် ထားနှင့်သော ပကတိသင်္ကြန်ရေဖြင့် သင်္ကြန် ခေါ်စေရာ၏၊ သင်္ကြန်ခေါ်သည်ကာလ စည် စောင်းညှင်း

ခရုသင်းအသံ ဗေဒင်ဂါထာ မန္တန်အသံတို့ဖြင့် မြေပြင်နှံ့မျှ ရှိစေရာ၏၊ ယင်းသို့ တနင်္လာခန်း၌ သင်္ကြန် ခေါ်ပြီးမှ အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး သောကြာ စနေ ရာဟု ကိတ်ခန်းတို့၌လည်း ရေးဆိုပြီးသော နည်းအတိုင်း အစဉ်လှည့်၍ သင်္ကြန် ခေါ်စေရာ၏၊ သင်္ကြန်ခေါ်သည့်ကာလ ပုဏ္ဏားတို့ ရွတ်သရဇ္ဈာယ်ရသော ဂါထာ မန္တန်မှာ ဂြဟာသင်္ဂြိုဟ်ဆိုခဲ့သော ဂါထာမန္တန်ပင် ဟူ၏၊ တနင်္ဂနွေဂြိုဟ် မန္တန်ဖြင့် တနင်္ဂနွေခန်းမှာ တနင်္လာဂြိုဟ်မန္တန်ဖြင့် တနင်္လာခန်းမှာ ဤသို့ အစဉ်အတိုင်း ရွတ် သရဇ္ဈာယ်စေ။ ဤ ဂြဟာသင်္ဂြိုဟ်ပြုသော မင်းအား ခပ်သိမ်းသောကာလ ခပ်သိမ်း သောအမှုတို့၌ အလိုရှိအပ်သောအကျိုး ပြီး၏၊ ဂြိုဟ်စီး ဒသာ စသော အပြစ်ဟူသမျှ ကင်း၏ ဟူ၍ ဂြဟာသင်္ကြန်တ္တဝယ် အကျိုးကို ဆိုသတည်း။ "ဤကား ဂြဟာသင်္ကြန်တ္တ အစီအရင်ကျဉ်း"။

ဤတွင်ရွှေ့ကား နရပတိ ဇယဇရိမည်သော သရောဒယ ဟု ဆို အပ်သော သရဒ္ဒေကျမ်းမှ ထုတ်နုတ်သော ဂြဟာသင်္ဂြိုဟ် ဂြဟာဟောမ ဂြဟာသင်္ကြန်တ္တသုံးပါး အစီအရင်အကျဉ်း ပြီး၏။

## ဖြစ်တော်စဉ်

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဝေဿန္တရာအဖြစ်တော်မှ တုသိတာနတ်ပြည်သို့ စံတော် မူ၍ တုသိတာနတ်ပြည်တွင် ဘုရားဖြစ်ချိန် နီးတော်မူလျှင် နတ် အပေါင်းတောင်းပန်၍ ကြည့်ခြင်းကြီး ငါးပါးဖြင့် ကြည့်တော် မူ၍ မယ်တော် သီရိမဟာမာယာဝမ်း၌ ပဋိသန္ဓေ နေတော်မူ သည်မှစ၍ ဖွားတော်မူဟန်၊ ရမ္မ, သုဘ, သုရမ္မ ရွှေနန်းသုံး ဆောင်တွင် ယသောဓရာဒေဝီ အမှူးရှိသော လေးသောင်း သော ကိုယ်လုပ်မောင်းမတို့နှင့် စံတော်မူဟန်၊ ကဏ္ဍကမြင်း, ဆန္နအမတ်နှင့် တောထွက်တော်မူဟန်၊ ဒုက္ကရစရိယာ ကျင့် တော်မူဟန်၊ သုဇာတာနို့ဆွမ်းကို ရွှေခွက်နှင့် ခံတော်မူ၍ နေရဉ္စရာမြစ်နား၌ ဘုဉ်းပေးတော်မူဟန်၊ မဟာပဗ္ဗာနနတ် လမ်းမဖြင့် ကြွတော်မူ၍ သုဒ္ဓိယငစင် ကပ်လှူသော မြက်ရှစ် ဆုပ်ကို ခံတော်မူဟန်၊ ဗောဓိပင်အရင်း အရပ် ရှစ်မျက်နှာ

လှည့်လည်၍ ရှေး နောင်တော်ဘုရားတို့ကဲ့သို့ ပလ္လင်ပေါက်၍ ညဦး သန်းကောင် မိုးသောက်ယာမ် သုံးပါး၌ ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏ်တော်ကို ရတော်မူ၍ မာရ်မင်း စစ်သည်ရောက်သည့်တိုင်အောင် ကျမ်းဂန် ရှိသည့်အတိုင်း သေချာ မှန်ကန်အောင် ဆရာတော်မှာ လျှောက်၍ ပုံစံရေး သားထုလုပ်စေရမည်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ မဟာဒါန်ဝန်၊ မဟာဒါန်စာရေးတို့တွင် လျှောက်စာ ဆက်ပါသည်၊ ပုံစံရေးသားရန် အရေအတွက် အမည်အမှတ် အရုပ်သဏ္ဌာန် အထားအနေ အလုံးစုံမျိုးကို မဟာဒါန်ဝန်၊မဟာဒါန်စာရေးတို့တွင် ပေးအပ် သနားတော် မူပါမည် အကြောင်းကို လျှောက်ပါသည့် ဆရာတော်ဘုရား။

**၁၁၅၃—ခု တပေါင်းလပြည့်ကျော် (၁၅) ရက်နေ့ မင်းကွန်း နန်းတော်က လျှောက်လှာသည်တွင် သွင်းသည့် စဉ်ကွင်းဌပနာ ပုံစံ စာတမ်းကား—**

အနန္တ အပရိမာဏ ဖြစ်သော ကိုယ်တော်အဖြစ်တို့တွင် အကြောင်းသင့်ရာ ဟောတော်မူသော အပဏ္ဏကဇာတ်မှစ၍ ဝေဿန္တရာဇာတ်တိုင်အောင် ဇာတ် (၅၅၀) ဖြစ်တော်မူဟန်၊ ကဿပ ဘုရားရှင်မှစ၍ ဒီပင်္ကရာ ဘုရားရှင်တိုင်အောင် (၂၄)ဆူသော ဘုရားရှင်တို့ထံ နိယတဗျာဒိတ် ခံတော်မူဟန်၊ဘုရားဖြစ်တော်မူသော နေ့ မာရ်စစ်သည်ရောက်သည်ကို အောင်မြင်တော်မူဟန်၊ ၎င်းနောက် သတ္တဌာန၌ သီတင်းသုံး၍နေတော်မူဟန်၊၎င်းနောက် (၄၅)ဝါ အစဉ်အတိုင်း ဝါဆို၍ ဝေနေယျ တို့ကို ချေချွတ်တော်မူဟန်၊ (၄၅)ဝါ စေ့၍ ပရိနိဗ္ဗာန် ဝင်တော်မူဟန်များမှာ စဉ် ကွင်းဌပနာ လုပ်ဆောင်ရန် စာတမ်းပုံစံနှင့် အသေအချာ ရှိပြီ၊ ဝေဿန္တရာမင်း အဖြစ်မှသည် တုသိတာနတ်ပြည်၌ ဖြစ်သည်ကကို ဘုရား ဖြစ်တော်မူသည်တိုင်ရှိသော စဉ်ကွင်းဌပနာ လုပ်ဆောင်ရန် စာတမ်းပုံစံ မရှိသေးသည်၊ ၎င်းစာတမ်းပုံစံမှာ—

ဝေဿန္တရာမင်းအဖြစ်မှသည် တုသိတာနတ်ပြည်၌ သေတကေတုမည်သောနတ်မင်း ဖြစ်၍ အနှစ်ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း စေ့အောင် နတ်မင်းစည်းစိမ်ကို ခံစား တော်မူသည်တွင် အနှစ်တထောင်ကပင် ဘုရားဖြစ်လတံ့ဟူ၍ ဗုဒ္ဓ ကောလာဟလ ဖြစ်လသော် စကြဝဠာ တသောင်း၌ရှိသော စာတုမဟာရာဇ်, သိကြား, သုယာမ, သန္တုသိတ, သုနိမ္မိတ, ဝသဝတ္တိ, မဟာဗြဟ္မာတို့နှင့်တကွ နတ်များအပေါင်းလာ၍

ဘုရားဖြစ်အံ့သောငှါ လူ့ပြည်၌ ဖြစ်မည်အကြောင်း တောင်းပန်ကြသည်ကို ဘုရားဖြစ်အံ့သောအခါ အရပ် အမျိုးအနွယ် သင့် မသင့် ကြည့်ခြင်းကြီးငါးပါးဖြင့် ကြည့်တော်မူပြီးမှ ခွင့်ပြုတော်မူဟန် ထက်ဝယ်နှင့် သေတကေတုနတ်မင်း ၁၊ ဆောင့်ကြောင့်နှင့် လက်အုပ်ချီလျက် နတ်ဗြဟ္မာ ၈။

တုသိတာနတ်ပြည်မှသည် သက္ကတိုင်း ကပိလဝတ်ပြည် အာဒိစ္စဝင် မင်းမျိုး သီရိသုဒ္ဓေါဒနမင်းကြီး၏ မိဖုရားမြတ် ဖြစ်တော်မူသော သီရိမဟာ မာယာဒေဝီ မိဖုရားခေါင်ဝမ်း၌ အိပ်မက် ကြီးစွာထင်ခြင်း၊ မြေကြီးလျှင် ပဲ့တင်ရိုက်ခတ်ခြင်း၊ နိမိတ်ကြီး ၃၂ပါး ထင်ရှားဖြစ်ခြင်း စသော အံ့ဘွယ်သရဲ အပေါင်းနှင့်တကွ ကြည်စွာသော ပတ္တမြားရတနာ၌ သီသော ဖြူစင်စွာသော ကြိုးသည် ထင်မြင်သကဲ့သို့ မယ်တော်ကို ထင်မြင်စေလျက် တရားဟောပလ္လင်ထက် တရားဟောပုဂ္ဂိုလ် ထိုင်နေသကဲ့သို့ ထက်ဝယ်ရှေးရှု နေတော်မူ၍ ဝါဆိုလပြည့်နေ့ စန်းနှင့် ဥတ္တရာသဠ်နက္ခတ်အကြိုက်တွင် ပဋိသန္ဓေ ယူတော်မူသည်ကို သန့်လျက်စွဲသော နတ်သားလေးယောက်တို့ လေးမျက်နှာ စောင့်ရှောက်ဟန် ဘုရားလောင်းသန္ဓေနှင့် မယ်တော်ထိုင်လျက်၊ ရပ်လျက် သန့်လျက်စွဲ နတ်သား ၄။

ယင်းသို့ ပဋိသန္ဓေယူတော်မူ၍ ဆယ်လစေ့လသော် ဆွေတော် မျိုးတော်တို့နေရာ ဒေဝဒဟပြည်သို့ သွားသည့်အခါ ကပိလဝတ်, ဒေဝဒဟ နှစ်ပြည်ထောင်၏အကြား နှစ်ပြည်သူတို့၏ သုံးဆောင်ရာဖြစ်သော လုမ္ဗိနီမည်သော အင်ကြင်းတောသို့ ရောက်၍ ပင်လုံးကျွတ်ပွင့်သော သားငှက် ပျားပိတုံးအပေါင်းဖြင့် တင့်တယ်သော အင်ကြင်းပင်အစဉ်ကို မြင်လေရကား ကစားလိုသော နှလုံးရှိ၍ ဝင်သွားပြီးသော် အလိုလိုညွတ်လှာသော မင်္ဂလာအင်ကြင်းခက်ကို ရပ်ဆွဲစဉ် စကြဝဠာတသောင်း တုန်လှုပ်ခြင်း၊ ကောင်းကင်မှ ရေယဉ်နှစ်သွယ် သက်ခြင်းစသော အံ့ဘွယ်သရဲ အပေါင်းနှင့်တကွ ကဆုန်လပြည့်နေ့ စန်းနှင့် ဝိသာခါနက္ခတ် အကြိုက်ဘွင် မယ်တော်ဝမ်းမှ ဖွားမြင်တော်မူသည်ကို အရဟတ္တဖိုလ် ရပြီးသော ဗြဟ္မာကြီး လေးယောက်တို့ ရွှေကွန်ရက်ဖြင့်ခံလှာဟန်၊ ထိုနောင် စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ မင်္ဂလာဟုသမုတ်အပ်သော ကောင်းသော အတွေ့ရှိသော သစ်နက်ရေဖြင့် ခံလှာဟန်၊ထိုနောင် ဘွဲ့ဖြူပုဆိုးဖြင့် လူတို့ခံလှာဟန်၊ ထိုနောင် လူတို့လက်မှသည် မြေဝယ် ရပ်၍ အရပ်လေးမျက်နှာ ကြည့်ပြီးသော် ကိုယ်တော်နှင့် တူသသူကို မမြင်၍ ဗြဟ္မာကြီး ထီးဖြူကာလျက် သုယာမနတ်မင်း သားမြီးယပ် စွဲလျက်၊ တပါးသောနတ်တို့ သန်လျက်ခြေနင်း သင်းကျစ်စွဲလျက် အလောင်းမင်းနှင့် တူသောသူမရှိဟု နတ်ဗြဟ္မာတို့ ကြွေးကြော်ကုန်လျက် မြောက်သို့ ခုနစ်လှမ်း ကြွတော်မူပြီးမှ ခုနစ်ဖဝါးမြောက်၌ ရပ်

တော်မူ၍ အဂ္ဂေါပြဟမသွိ လောကဿအစရှိသော ကြုံးဝါးသောစကားကို ဆိုတော်မူဟန်၊အင်ကြင်းပင်တွင် ညွတ်သော အင်ကြင်းခက်ကို ရပ်ဆွဲလျက် မယ်တော် ၁၊ ဘုရားလောင်းကို ရွှေကွန်ရက်နှင့် ခံလျက် ဗြဟ္မာကြီး ၄၊ သစ်နက်ရေနှင့် ခံလျက် စာတုမဟာရာဇ်နတ် ၄၊ ဘွဲ့ဖြူပုဆိုး ခံလျက် လူ ၄၊မြောက်သို့ ကြွတော်မူဟန် ဘုရားလောင်း ၁၊ ထီးဖြူစွဲ ဗြဟ္မာ ၁၊ သားမြီးယပ်စွဲ သုယာမနတ်မင်း ၁၊ သန်လျက်စွဲနတ် ၁၊ ခြေနင်းစွဲ နတ် ၁၊ သင်းကျစ်စွဲ နတ် ၁။

ယင်းသို့ ဖွားပြီးနောက် ကပိလဝတ်, ဒေဝဒဟ နှစ်ပြည်သူအပေါင်း ခြံရံလျက် ကပိလဝတ်သို့ ပြန်၍ ရောက်သောအခါ သမာပတ်ရသော သုဒ္ဓေါဒနမင်းကြီး၏ ဆရာ ကာလဒေဝီလမည်သော ရသေ့သည် နတ်တို့ မြူးတူးပြောဆိုသည်ကို ကြား၍ ဘုရားလောင်းကို ရှုအံ့ဟု နန်းတော်သို့ သွားသည်တွင် ဆရာရသေ့ကို ရှိခိုးစိမ့်မည်ဟု ဘုရားလောင်းကို ပိုက်၍ ရသေ့အနီးသို့ ဆောင်လေသော် ဘုရားလောင်း၏ ခြေတော်အစုံသည် ရသေ့၏ ဆံကျစ်ထက်၌ တည်လေဟန်၊ ရသေ့လည်း လက်အုပ်ချီဟန်၊ ခမည်းတော် မင်းကြီးလည်း ထိုအံ့ဘွယ်ကို မြင်၍ ယနေ့ ဖွားစသော သားငယ်ကိုစင်လျက် ရှိခိုးဟန်၊ ရှေ့ နောက် ကမ္ဘာလေးဆယ်စီ မြင်နိုင်သော ကာလဒေဝီလ ရသေ့လည်း မချွတ် ဘုရားဖြစ်မည် မြင်၍ ရယ်မြူးဟန်၊ အရူပဘုံမှာ ဖြစ်လတံ့သောကြောင့် မိမိ မဖူးတွေ့ရမည် မြင်ပြန်၍ တဖန် ငိုကြွေးဟန်၊ နန်းတော် ၁၊ ရသေ့ လက်အုပ်ချီလျက် ၁၊ ၎င်းဆံကျစ်ထက် ခြေတော်တင်လျက် ဘုရားလောင်းကို သုဒ္ဓေါဒနမင်းကြီး မြှောက်ချီးလျက် ၁၊ မြတ်သောနေရာထက် ဘုရားလောင်းကို ထား၍ သုဒ္ဓေါဒနမင်းကြီး ရှိခိုးလျက် ၁၊ ရသေ့ ရယ်မြူးလျက် ၁၊ငိုကြွေးလျက် ၁။

ယင်းသို့ ဖွားတော်မူသည်မှ ငါးရက်မြောက်၍ အမည် မှည့်အံ့သောနေ့၌ တရာ့ရှစ်ယောက်သော ပုဏ္ဏားတို့ အစည်းအဝေးတွင် ရာမ, ဓဇ, လက္ခဏ, ဇောတိမန္တီ, ရည, သုဘောဇ, သုယာမ, သုဒတ္တ ဟူသော ဗေဒင်တတ်စွာသော ပုဏ္ဏားရှစ်ယောက်တို့ကို လက္ခဏာ ဖတ်စေသော် သုဒတ္တမှတပါး ခုနစ်ယောက်သော ပုဏ္ဏားတို့သည် ဘုရားသော်လည်းဖြစ်မည် စကြာမင်းသော်လည်းဖြစ်မည်ဟု လက်ညှိုးနှစ်ချောင်း ချီကုန်ဟန်၊ကောဏ္ဍည အနွယ်ဖြစ်သော သုဒတ္တမည်သော ပုဏ္ဏားကား ဘုရားသာ ဖြစ်မည် ဟု လက်ညှိုးတချောင်း ချီဟန်၊ လက္ခဏာဖတ်ပြီးမှ “ဤမင်းသားကား ခပ်သိမ်းသော လောက၏ အကျိုးပြီးခြင်းကို ပြုတတ်သတည်း” ဟု သိဒ္ဓတ္ထမည်စေကုန်ဟန်၊ နန်းဆောင် ၁၊ သုဒ္ဓေါဒနမင်းကြီး ဘုရားလောင်းကို ပွေ့လျက် ၁၊ လက်ညှိုးနှစ်ချောင်းချီပုဏ္ဏား ၇၊ တချောင်းချီပုဏ္ဏား ၁။

ယင်းသို့ ဖွားတော်မူသည်နောက် တလမြောက်သောအခါ လယ်ထွန်မင်္ဂလာပြုရာဖရပ်တွင် သပြေပင်ရိပ်၌ ဘုရားလောင်းကို ထိန်းယစေ၍ လယ်ထွန်မင်္ဂလာ

ပြုလသော် သဘင်ရှုခြင်းဖြင့် အထိန်းအယတို့ မေ့လျော့ကြစဉ် ထက်ဝယ်နေလျက် ဒွာဏာပါနကမ္မဋ္ဌာန်းကို စီးဖြန်း၍ ပဌမဈာန်ကို ဝင်စားတော်မူလျှင် သပြေပင်ရိပ်မရွေ့ ကြပဟေ့ အဝန်းဖြင့်သော တည်ဟန်၊ ထိုအကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သိ၍ လက်အုပ်ချီလျက် ရှိခိုးဟန်၊ သပြေပင် ၁၊ ၎င်းအောက် မြတ်သောနေရာထက် ဘုရားလောင်းသတို့သားငယ် ထက်ဝယ် ၁၊ နို့ထိန်း ၄၊ သုဒ္ဓေါဒနမင်းကြီး ရှိခိုးလျက် ၁။

ထိုမှနောက်၌ ချမ်းသာသဖြင့် ကြီးပွား၍ တဆယ့်ခြောက်နှစ် မြောက်လသော် ဘုံ ၉ ဆင့် ၇ ဆင့် ၅ ဆင့်ရှိသော ရမ္မ,သုရမ္မ,သုဘမည်သော ပြာသာဒ် သုံးဆောင်ထက် ယသောဓရာဒေဝီ အမှူးရှိသော မောင်းမလေးသောင်း ခြံရံလျက် စကြာမင်း စည်းစိမ်နှင့်တူသော မင်းစည်းစိမ်ကို သက်တော်(၂၉)နှစ်တိုင်အောင် ခံစားတော်မူဟန်၊ ပြာသာဒ် ၃၊ ဘုရားလောင်း ၁၊ ယသောဓရာဒေဝီ ၁၊ မောင်းမ ၄။

သည်တွင် ရမ္မ,သုဘ,သုရမ္မဟု ပြာသာဒ်ကို ရေးသားကြကုန်သည်၊ ရမ္မ, သုရမ္မ,သုဘ ဟူခြင်းသာ ကျမ်းဂန်နှင့် ညီသည်။

ထိုသို့ မင်းစည်းစိမ်ကို ခံစား၍ တနေ့သ၌ ကုမုဒြာကြာချပ် အဆင်းရှိသော သိန္ဓောမြင်း လေးစီး ကသော ရထားဖြင့် ဥယျာဉ် ကစားအံ့သောငှါ ထွက်ဟန်၊ သူအို,သူနာ,သူသေ,ရဟန်း ဟူသော နိမိတ်လေးပါးကို နတ်တို့ဖန်ဆင်း၍ ပြဟန်၊ မြင်း လေးစီး ကသော ရထား ၁၊ ၎င်းထက် ဘုရားလောင်း ၁၊ ရထားထိန်း ၁၊ ရှေ့က သူအို ၁၊ သူနာ ၁၊ သူသေ ၁၊ ရဟန်း ၁။

ယင်းသို့ ပြသော ပုဗ္ဗနိမိတ်ကို မြင်၍ အိုခြင်း, နာခြင်း, သေခြင်းဖြင့် ထိတ်လန့်၍ ရဟန်းပြုအံ့ဟု ကြံဆောင်ပြီးလျှင် ဥယျာဉ်သို့ သွားပြီးသော် မင်္ဂလာရေကန်၌ ရေချိုးပြီးမှ မင်္ဂလာကျောက်ဖျာထက် နေစဉ် တန်းဆာဆင်လိုသောစိတ် ရှိရကား ဆတ္တာသည်အသွင်ဖြင့် ဝိသုကြုံနတ်သားတန်းဆာဆင်လှာဟန်၊သားတော်ရာဟုလာ ဖွားမြင်ကြောင်းကို အမတ်လျှောက်ထားဟန်၊ မင်္ဂလာကျောက်ဖျာထက် ဘုရားလောင်း ထက်ဝယ် ၁၊ ဝိသုကြုံနတ်သား တန်းဆာဆင်သော အခြင်းအရာနှင့် ၁၊ အမတ် လက်အုပ်ချီလျက် ၁။

ယင်းသို့ တန်းဆာဆင်ပြီးမှ နန်းတော်သို့ ပြန်၍ ရောက်လသော် ဆန္နအမတ်ကို ခေါ်၍ ကဏ္ဍကမြင်းကို ကချေ စေဟန်၊သားတော်ကို ရှုအံ့ဟု ယသောဓရာဒေဝီခန်း တိုက်တံခါးခုံ၌ ယသောဓရာနိုးအံ့စိုး၍ သားတော်ကို မကိုင်မယူပဲ ရပ်ကြည့်ဟန်၊ နန်းဆောင်နှင့် ဘုရားလောင်း ၁၊ဆန္နအမတ် လက်အုပ်ချီလျက် ၁၊ယသောဓရာဒေဝီ သားပိုက်၍ အိပ်လျက် ၁၊ဘုရားလောင်းရပ်ကြည့်လျက် ၁။

ထိုနောင် အလျားတဆယ့်ရှစ်တောင် အရပ်တို့နှင့် လျော်သော ပွတ်သစ်စ ခရုသင်းနှင့်တူသော ကဏ္ဍကမြင်းကို စီးလျက် ဆန္နအမတ် မြင်းမြီးဆွဲလျက် ဝါဆိုလပြည့်နေ့ သန်းကောင်အခါ စန်းနှင့် ဥတ္တရာသဠ်နက္ခတ် အကြိုက်တွင် မြတ်သော တောထွက်ခြင်းကို ပြုတော်မူဟန်၊ မြင်းခြေသံကို ပြည်သူတို့ ကြားအံ့စိုး၍ ခြေချတိုင်း နတ်တို့ လက်ဝါး ခံဟန် ကဏ္ဍကမြင်း ၁၊ ၎င်းထက် ဘုရားလောင်း ၁၊ အမြီးဆွဲလျက် ဆန္နအမတ် ၁၊ မြင်း ခြေလေးချောင်းကို နတ်တို့ လက်ဝါးခံလျက် ၄။

ထိုသို့ တောထွက်တော်မူသောအခါတဆယ့်ရှစ်တောင်မြင့်သော မြို့တံတိုင်း ဆီးလျက် တံခါးရွက်နှစ်ခုတွင် တခုခု၌ ယောကျ်ားတထောင်ဖွင့်မှ ပွင့်နိုင်သောတံခါး ပိတ်ထားသည်ကို နတ်တို့ ဖွင့်၍ မြို့တံခါးမှ ထွက်ပြီးသော် မာရ်နတ်မင်းလာ၍ ခုနစ်ရက်လည်သော် စကြာရောက်မည်လေးကျွန်းလုံးကိုပင် မင်းပြုမည် ပြန်တော်မူဟု ဆိုသည်တွင် စကြာမင်းအဖြစ်ကို မငဲ့မူ၍ ပြန်တော်မမူပဲ ကြွသွားတော်မူဟန်၊ မြင်းမြီးကိုင် ဆန္နအမတ်နှင့် စီးလျက် ဘုရားလောင်း ၁၊ ရှေ့က ရပ်၍ လက်ဝါးပြလျက် တားလှာသော မာရ်မင်း ၁။

ထိုနောင် ဥက္ကါမုခစသော အာဒိစ္စဝင် မင်းမျိုးတို့နေရာ ဒေဝဒဟ ကောလိယစသော ပြည်ကြီးတို့၏ အချက်အချာ ရာဇဓာနီဖြစ်သော ကပိလဝတ်နေပြည်တော်ကို လှည့်လည်၍ ကြည့်တော်မူလိုသော ဆန္ဒဖြစ်စဉ် အလောင်းမင်းမြတ် လှည့်လည်၍ ကြည့်စုမရှိ လည်၍ပြန်အံ့ ဟူဘိသကဲ့သို့ အိုးထိန်းစက်သဖွယ် ကပိလဝတ်တည်ရာ မြေသည် ရှေ့တော်သို့ လှည့်လည်၍တည်ဟန်၊ မြင်းမြီးဆွဲ ဆန္နအမတ်နှင့် မြင်းစီးလျက် ဘုရားလောင်း ၁၊ ရှေးရှုကပိလဝတ်မြို့ တည်လှာဟန် တံတိုင်းနှင့် ၁၊ "ယင်းအရပ်၌ နောင်အခါ ကဏ္ဍကနိဝတ္တနစေတီ တည်သည်ဟူ၏"။

ထိုနောင် အထူးထူးသော နတ်တို့သည် ထက်ဝန်းကျင် မီးရှူး ထွန်းခြင်း ပန်းနံ့သာ အခိုးအထုံ စည် စောင်းညှင်း ပူဇော်ခြင်းတို့ဖြင့် တင့်တယ်စွာ ကြွသွားတော်မူသော် ယူဇနာ သုံးဆယ်မျှသောခရီးကို လွန်၍ အနော်မာမြစ်သို့ ရောက်တော်မူသည်တွင် "ငါ၏ ရဟန်းအဖြစ်သည် မြတ်သည်ဖြစ်လတံ့"ဟု နိမိတ်ယူလျက် ရှစ်ဥသဘကျယ်သော ထိုမြစ်ကိုကူးပြီးမှ ကဏ္ဍကမြင်းနှင့် ဝတ်စားတန်းဆာတို့ကို ဆန္နအမတ်အား အပ်၍ လက်ဝဲလက်ဖြင့် မကိုဋ်နှင့်တကွသော ဆံကျစ်ကိုကိုင်၍ လက်ျာလက်ဖြင့် သန်လျက်ကို စွဲကိုင်လျက် ဖြတ်တော်မူဟန်၊ "ဘုရား ဖြစ်မူ ကောင်းကင်၌ တည်စေသတည်း"ဟု ပစ်မြှောက်တော်မူသော် တယူဇနာမျှသော ကောင်းကင်၌ တည်သည်ကို နတ်မျက်စိဖြင့် သိကြားမင်း မြင်၍ ရတနာပန်းတောင်းဖြင့် ခံဟန်၊ ကဿပ ဘုရားရှင်လက်ထက် အဆွေဖြစ်ဘူးသော ဃဋိကာရဗြဟ္မာမင်းလည်း ကြာ

သက်န်းစုံနှင့်တကွ ပရိက္ခရာရှစ်ပါး လှူလှာဟန်၊ ဟနော်မာမြစ်နား၌ ထက်ဝယ်နေလျက် ဆံတော်ဖြတ်သော အခြင်းအရာနှင့် ဘုရားလောင်း ၁၊ ၎င်းဆံတော်ကို ရတနာပန်းတောင်းဖြင့် ခံယူလှာသော အခြင်းအရာနှင့် သိကြားမင်း ၁၊ ပရိက္ခရာရှစ်ပါးလှူသောအခြင်းအရာနှင့် ဗြဟ္မာမင်း ၁။

ထိုသို့ ရဟန်းပြုပြီးမှ အနုပိယမည်သော သရက်တော၌ ခုနစ်ရက် လွန်တော်မူပြီးသော် ယူဇနာ သုံးဆယ်သောခရီးသို့ နေ့ခြင်း သွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ ဝင်တော်မူသည်၊ မြို့တွင်းသို့ နာဠာဂိရိဆင် ဝင်ဘိသကဲ့သို့ နတ်ပြည်သို့ အသူရိန်ဝင်ဘိသကဲ့သို့ ပြည်အလုံး ချောက်ချားစေလျက် ဆွမ်းခံပြီးသော် ပဏ္ဍဝတောင်ရိပ်၌ ဘုဉ်းပေးတော်မူဟန်၊ထိုအခါ ဗိမ္ဗိသာရမင်း လာ၍ ပြည်ဖြင့် ဖိတ်သည်ကို ပယ်တော်မူသည်တွင် "ဘုရားဖြစ်သောအခါ ကျွန်ုပ် နိုင်ငံသို့ ရှေးဦးစွာ ကြွတော်မူပါ"ဟု ခွင့်ပန်ဟန်၊ ပဏ္ဍဝတောင်ရိပ်၌ ဆွမ်းဘုဉ်းပေးသော အခြင်းအရာနှင့်ဘုရားလောင်း ၁၊ ဗိမ္ဗိသာရမင်း လက်အုပ်ချီလျက် ၁။

ထိုနောင် အာဠာရ,ကာလာမ,ဥဒက ရသေ့တို့အထံသို့ ကပ်၍ သမာပတ်ရှစ်ပါးကို ဖြစ်စေပြီးမှ ဥရုဝေဠတော၌ နေလျက် ပဥ္စဝဂ္ဂီငါးယောက် အလုပ်အကျွေးရှိသည်ဖြစ်၍ နှမ်းစေ့တလုံး စသဖြင့် နေ့ရက်ကို လွန်စေခြင်း အလျှင်းပင် အာဟာရကို ဖြတ်သဖြင့် နေ့ရက်ကို လွန်စေခြင်းကိုပြု၍ ကိုယ်တော် ကြုံလှီစွာရကား မဟာပုရိသလက္ခဏာတော် မထင်ရှားသည်တိုင်အောင် ဆင်းရဲခြိုးခြံစွာ ပြုခက်လှသော ဒုက္ကရစရိယာကို ခြောက်နှစ်ပတ်လုံး ကျင့်တော်မူဟန်၊ ဥရုဝေဠတော၌ ထက်ဝယ်နှင့် ဘုရားလောင်း ၁၊ ပဥ္စဝဂ္ဂီ ၅။

ထိုသို့ ဥရုဝေဠတော၌ ဒုက္ကရစရိယာ ကျင့်တော်မူသောအခါ အာဟာရမှိဲခြင်း ခေါင်းပါးစွာသဖြင့် ကိုယ်တော် အလွန်ပင်ပန်းခဲ့ရကား အာဏာပါန ဈာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်၍ စင်္ကြံစွန်း၌ လည်းတော်မူဟန် စင်္ကြံ ၁၊ စင်္ကြံစွန်း၌ လျောင်းလျက် ဘုရားလောင်း ၁။

ယင်းသို့ ဒုက္ကရစရိယာကျင့်၍ ခြောက်နှစ်စေ့သည်တွင်မှ ငြိုငြင်လှစွာသော ဤအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာဟု အာဟာရကို မျှစေတော်မူလျက် ကိုယ်လက် ဖြည့်တင်းတော်မူသည်တွင် မဟာပုရိသလက္ခဏာတော် ပကတေ့ ထင်ရှားခြင်း ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း ဖြစ်ပြန်လသော် "ဂေါတမကား အလွန်ခြိုးခြံသည်ကိုမျှ ဘုရားမဖြစ် ယခု ဘယ်မှာ ဖြစ်တော်မူအံ့နည်း"ဟု ပဥ္စဝဂ္ဂီတို့ စွန့်၍ ဣသိပတနမိဂဒါဝုန်သို့ သွားသည်နောက် ကိုယ်တော် တယောက်ထီးတည်း ကျင့်

ဆောင်သည်ဖြစ်၍ ကဆုန်လဆန်း (၁၄)ရက်နေ့ည မြင်မက်သော အိပ်မက်ကြီး ငါးပါးရှိသဖြင့် လပြည့်နေ့နံနက် "ယနေ့ မချွတ် ဘုရားဖြစ်တော်မူမည်"ဟု ဖတ်ယူပြီး၍မှ နေရဉ္စရာမြစ်နား ပညောင်ပင်ရင်းသို့ ကပ်၍ အရှေ့လောကဓာတ်ကို ရှုလျက် ထက်ဝယ် နေတော်မူဟန်၊ ဥရုဝေဠတော သေနနိဂုံ၌ သုဇာတာမည်သော သူကြွယ်သမီးသည် ဆုပန်၍ ညောင်နတ်အမှတ်ဖြင့် လှူအပ်သော စာတုမဟာရာဇ်နတ်မင်းတို့ စောင့်ရှောက်လျက် မဟာဗြဟ္မာ ထီးကာလျက် သိကြားမင်း ထင်း မီးညှိလျက် ကျွန်းငယ်နှစ်ထောင် ကျွန်းကြီးလေးကျွန်း၌ ရှိသမျှ ဩဇာကို နတ်တို့ ထည့်လျက် ချက်အပ်သော အဖိုးတသိန်းထိုက်သော ရွှေခွက်နှင့်တကွသော နို့ဃနာကို ခံတော်မူဟန်၊ ပညောင်ပင် ၁၊ ဘုရားလောင်း ထက်ဝယ် အရှေ့သို့ မျက်နှာမူလျက် ၁၊ ဃနာလှူသော အခြင်းအရာနှင့် သုဇာတာ ၁။

ယင်းသို့ ဃနာနို့ဆွမ်းကို ခံတော်မူပြီးလျှင် နေရဉ္စရာမြစ်သို့ သက်တော်မူ၍ ဘုရားလောင်းတကာတို့ ရေချိုးမြဲဖြစ်သော သုပ္ပတိဋ္ဌမည်သော ဆိပ်၌ ရေချိုးပြီးမှ အရှေ့သို့ မျက်နှာပြု၍ အစေ့တခုရှိသော ထန်းသီးမှည့်ပမာဏ ဆွမ်းလုပ်ဖြင့် လေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူဟန်၊ "ဘုရား စင်စစ်ဖြစ်အံ့ မှန်မူ အညာသို့ ဆန်စေသတည်း"ဟု ရွှေခွက်ကို ပစ်တော်မူဟန်၊ နေရဉ္စရာမြစ်နား၌ ဆွမ်းဘုဉ်းပေးသော အခြင်းအရာနှင့် ဘုရားလောင်း ၁၊ ရွှေခွက်ကိုချသော အခြင်းအရာနှင့် ရပ်လျက် ၁။

ယင်းသို့ ဃနာဆွမ်း ဘုဉ်းပေးပြီးမှ အင်ကြင်းတော၌ နေ့သန့်တော်မူ၍ ညချမ်းအခါ ပန်းတို့ အညွှာမှ ကြွေခြင်း၊ နတ် ဗြဟ္မာ ရက္ခိုသ် ဘီလူး နဂါး ဂဠုန်တို့ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်း မြေကြီး တယူဇနာနှင့် သုံးဂါဝုတ် တက်သည်တိုင်အောင်သော ကာလကိုလျက် ယနေ့ နက်ဖန်ကဲ့သို့ ထင်သော အသက်ရှည်စွာသော ကာလနဂါးမင်း၏ ကောင်းချီးပေးခြင်းတို့ဖြင့် အံ့ဩဖွယ် ရှစ်ဥသဘ ကျယ်သော နတ်တို့ ဖန်ဆင်းအပ်သော ခရီးဖြင့် မဟာဗောဓိသို့ ကြွတော်မူသော် သောတ္ထိယမည်သော မြက်ရိတ်ယောကျ်ား လှူအပ်သော သမန်းမြက် ရှစ်ဆုပ်ကို ခံတော်မူဟန် ရပ်လျက် ဘုရားလောင်း ၁၊ သမန်းမြက် ကပ်ဟန် ယောကျ်ား ၁။

ယင်းသို့ ခံအပ်သော သမန်းမြက်ရှစ်ဆုပ်ကို ခံတော်မူ၍ မဟာဗောဓိသို့ကပ်ပြီးမှ တောင် အနောက် မြောက်အရပ်သို့ အစဉ်အတိုင်း လှည့်လည်၍ ရပ်တော်မူသော် စကြဝဠာ စောင်းထောင် ဖြစ်ဘိရကား "ဘုရားဖြစ်ရာ အရပ် မဟုတ်သေး"ဟု အရှေ့သို့ ပြောင်း၍ ရပ်တော်မူသည်တွင်မှ တင်းတင်းကြံ့ကြံ့ခံနိုင်၍ ယင်း မြက်ရှစ်ဆုပ်တို့ကို အဖျားက ကိုင်၍ လှုပ်ပြန်လျှင် တဆယ့်လေးတောင် အပြန့်ကျယ်သော အတုမရှိ ဆန်းကြယ်စွာသော ရတနာပလ္လင် ဖြစ်၍ ထိုရတနာပလ္လင်ထက် ဗောဓိပင်ကို နောက်

မှီတံကဲပြု၍ "ဘုရားမဖြစ်သမျှ မထ"ဟု စတုရင်္ဂဝီရိယဖြင့် အရှေ့သို့ မျက်နှာယှဉ်လျက် နေတော်မူသော် တကြိမ်မှတ်လျှင် လေးလတိုင်မှ အသံစဲသော ဝိဇယုတ္တရ မည်သော ခရုသင်းကို သိကြားမင်းမှုတ်လျက် ဂါထာပါဒ အရာမကသောကျေးဇူး ဟော်စကားဖြင့် ကာလနဂါးမင်း ထောမနာသံ ပေးလျက် ဗြဟ္မာမင်း ထီးဖြူမိုးလျက် သုယာမနတ်မင်း သားမြီးယပ် ခပ်လျက် သန္တုသိတနတ်မင်း ပတ္တမြားယပ်ဝန်း လွှဲလျက် ပဥ္စသိခနတ်မင်း ဗေလုဝဇန္ဓုမည်သော စောင်းကို တီးလျက် အထူးထူးသော နတ်တို့ အထူးထူးသော ပူဇော်သက္ကာဖြင့် ပူဇော်ကုန်လျက် ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို ဖေါက်မေ့၍ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်၍ ပစ္ဆိမယာမ်၌ တဆယ့်နှစ်ကြိမ် မြေကြီးတုန်လှုပ်စေလျက် တဆယ့်နှစ်ပုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကို ချ၍ သုံးသပ်တော်မူပြီးမှ အာဏာပါန စတုတ္ထဈာန်ကို ဖြစ်စေပြီးသော် ထိုဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွားစေသည်တွင် အစဉ်အတိုင်း ရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်းကို ဝါသနာနှင့်တကွ ပယ်တော်မူ၍ တဆယ့်ကိုးချက်မြောက်သော ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး၌ သဗ္ဗညုတဉာဏ်ကို ရတော်မူသည်ဖြစ်၍ ကဆုန်လပြည့်နေ့ အဆုံးစွန် အရုဏ်တက်သည်နှင့်တပြိုင်နက် စန်းနှင့်ဝိသာခါအကြိုက်တွင် လူသုံးပါးတို့အထွတ် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ "အနေကဇာတိ သံသာရံ"စသော ဥဒါန်းကို ကျူးရင့်တော်မူလျက် ထက်ဝယ်နေတော်မူဟန် ဗောဓိပင် ၁၊ ၎င်းအရှေ့ပလ္လင်အပြင် ၁၊ ၎င်းထက် ဘုရားရှင် ၁။

ယင်းသို့ ဘုရားဖြစ်တော်မူမည့်နေ့ စတုရင်္ဂဝီရိယဖြင့် နေတော်မူစဉ် သိဒ္ဓတ္တမင်းသားသည် "ငါ၏ နိုင်ငံကို လွှန်မြောက်လိုဘိသည်၊ လွှန်မြောက်စိမ့်သောငှါ ငါမပေး"ဟု ရှေ့လက်ဝဲ လက်ျာ တဆယ့်နှစ်ယူဇနာ၊နောက်စကြဝဠာထိ၊ အထက်ကိုးယူဇနာရှိသော အထူးထူးသောသဏ္ဍာန် အထူးထူးသော လက်နက် စွဲကိုင်လျက် မာရ်စစ်သည်အပေါင်းနှင့်တကွ ယက်ရုံးတထောင် ဖန်ဆင်း၍ အထူးထူးသော လက်နက် စွဲကိုင်လျက် ဂိရိမေခလာမည်သော ဆင်ထက် စီး၍ မာရ်၏ကြေးကြော် ခြင်းမည်သည်ကို ကြေးကြော်စေလျက် လေမုန်တိုင်း, ပကတိမိုး, ကျောက်မိုး, လက်နက်မိုး,မီးကျီးမိုး,ပြာပူမိုး,သဲမိုး,ညွန်မိုး,တခဲနက် အမိုက် ဤလက်နက် ကိုးပါးတို့ဖြင့်၎င်း စက်လက်နက် ကျောက်တောင်ထွတ်တို့ဖြင့်၎င်း ပစ်လွှတ်လျက် မာရ်စစ်သည် ရောက်သည်ကို အတိုင်းမသိသော တပါးသောဘဝတို့၌ ပြုအပ်သော ဒါနပါရမီကို ထား၍ ဝေဿန္တရာမင်း တဖြစ်တွင်မှ ပြုအပ်သော ဒါနပါရမီဖြင့်သာ မြေကြီး ပြင်းစွာ ရိုက်ဟည်းစေလျက် ဂိရိမေခလာ ဆင်ကို ပုဆစ်တုပ်စေခြင်း၊ မာရ်မင်း မာရ်စစ်သည်တို့ကို ပြေးစေခြင်းတို့ဖြင့် နေမဝင်မီပင် မာရ်စစ်သည်ကို

အောင်တော်မူဟန် ယခင် ဗောဓိပင်မှ နောက်၌ အထူးထူးသော လက်နက်နှင့် လက်ရုံးအများ ဖန်ဆင်းလျက် ဂီရိမေခလာထက် မာရ်နတ်မင်း ၁၊ ဂီရိမေခလာဆင် ပုဆစ်တုပ်လျက် ၁။

မာရ်စစ်သည်တို့ သဏ္ဌာန်နှင့် ဘုရားဖြစ်တော်မူပြီးသည်နောက် အခြင်းအရာ သတ္တဋ္ဌာန ဝါဆိုစဉ် နိဗ္ဗာန် ဝင်တော်မူသည်တိုင်အောင် အထက် သွင်းသည့်ပုံစံ စာတမ်းရှိပြီ၊ ကောင်းမှုတော်တွင် လုပ်ဆောင်သမျှ စဉ်ကွင်းဌပနာများကို ရှေ့၊ နောက် အစီအစဉ် ရေးသားထားသော် အရှည်ကြည်ညိုခြင်း ဖြစ်မည်အကြောင်း ရှိသည်။

## ဓာတ်တော်ဝေပုံ သံဂါယနာတင်ပုံ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မဟာဒါန်စာရေးတွင် ပေးအပ်တော်မူသည့် ဘုရားလောင်း အဖြစ် အလုံးစုံကို ရွေးနားတော်ကြား ဖတ်လျှောက်ရာတွင် အလွန် နှစ်သက်တော် မူပါသည်၊ အပဏ္ဏက ဇာတ်မှ စ၍ ဝေဿန္တရာအဆုံးရှိသော(၅၅၀)သော အဖြစ်တော်၊တုသိတာ နတ်ပြည်မှသည် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန် ဝင်တော်မူသည်တိုင် ဇာတ်တော် အဖြစ်တော်များ ကို အစဉ်အတိုင်း စဉ်ပုံ ရွှေ ငွေရုပ်တု ဆင်းတုတော် လုပ် ဆောင်ကိုးကွယ်တော်မူရပြီ၊ပရိနိဗ္ဗာန်ဝင်တော်မူ၍ဓာတ်တော် ကို ရှစ်ပြည်ထောင်သော မင်းတို့အား ဒေါနပုဏ္ဏားဝေခြမ်း သော အကြောင်းအရာ၊ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကို အမှီပြု၍ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမြတ်(၅၀၀) ပဌမသံဂါယနာ တင်တော်မူဟန်၊ ဝေသာလီပြည်၌ ကာလာ သောကမင်းကို အမှီပြု၍ ရှင်မဟာယသမထေရ် အမှူးရှိသော ရဟန္တာမြတ် (၇၀၀) ဒုတိယ သံဂါယနာ တင်တော်မူဟန်၊ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကို အမှီပြု၍ ရှင်မဟာ မောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိတော်မူသော ရဟန္တာအရှင် မြတ်(၁၀၀၀) တတိယ သံဂါယနာ တင်တော်မူဟန်၊ သီဟိုဠ်

ကျွန်း၌ ဒေဝါနံပိယတိဿမင်း စသော ရှင်မဟိန္ဒထေရ်မှစ၍ သီဟိုဠ်ကျွန်းတွင် ပိဋကတ်တော်ကို ပေထက်အက္ခရာ တင်သည်၊ ဇမ္ဗူဒိပ်ကျွန်း သုဝဏ္ဏဘူမိပြည်က အရှင်ဗုဒ္ဓဒတ်, အရှင်ဗုဒ္ဓဃောသတို့ ပိဋကတ်တော်ကို ရေးကူးသည် အခြင်းအရာ အကုန် စူဠပုဏ်က ဆောက်လုပ်သည့် စန္ဒကူးကျောင်းကို အလှူခံမည် ကြွလှာသည် အကြောင်းအရာများနှင့် သီရိခေတ္တရာမတိုင်း အရိမဒ္ဒနာပေါက္ကံရာမ ပင်းယ စစ်ကိုင်း အဝစသော တိုင်းကြီး ပြည်ကြီးတို့၌ သာသနာတော်ကို ပြုစုကိုးကွယ်သည့် အခြင်းအရာ အစဉ်အတိုင်း ရွှေလက်ထက်တော်တွင် သာသနာတော်ကြီးကို ပြုစုတော်မူသည့် အခြင်းအရာ အကုန် အစင် မှန်ကန်အောင် တရားကျမ်းဂန် ဝတ္ထုသက်သေ ရှိသည် အတိုင်း သိသာအောင် ကမ္ဘာကျေ၍ ဥဒါန်းမကျေ ထုံးတမ်းဖြစ်အောင် ကိုးကွယ်စီရင် လုပ်ဆောင်ထားလိုသော နှလုံးတော်ရှိသည် ဆရာတော်ဘုရားမှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ မဟာဒါန်စာရေးတွင် ခြေတော်ဦးခိုက် လျှောက်ပါစေသည်၊ ကျမ်းဂန်ထုံးတမ်းနှင့်အညီ ရေးသားထုလုပ်သာအောင် အမိန့်တော်ရှိတော်မူပါမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၃—ခု တန်းခူးလဆန်း(၃)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပတ်လုံး ဖြည့်ဆောင်အပ်သော ပါရမီ ရှိတော်မူသဖြင့် လူသုံးပါးတို့အထွတ် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ (၄၅)ဝါ ပတ်လုံး ဝေနေယျတို့ကို ချွေချွတ်တော်မူပြီးလျှင် ပရိနိဗ္ဗာန် ဝင်တော်မူသည်ကို စကြာမင်းတို့ သင်္ဂြိုဟ်ခြင်းဖြင့် သင်္ဂြိုဟ်သည်ကာလ အတောင်(၁၂၀)မြင့်သော စန္ဒကူးနံ့သာ ထင်းစင်ထက် မဏိဇောတိရသ်ပတ္တမြားဖြင့် သိကြားမင်း မီးညှိ ဖုတ်ကြည်းသည်တွင် သက်တော်ရှည်သော ဘုရားရှင်တို့အား တခဲနက်သော ရွှေစိုင်ရွှေတုံးကဲ့သို့ ဓာတ်တော် ကြွင်းမြဲ ဖြစ်သော်လည်း ဝေနေယျတို့အား အရှည်စီးပွား များစေခြင်းငှါ မုံညင်းစေ့ခန့် ဆန်ကျိုးခန့် ပဲနောက်ခြမ်းခန့်ပမာဏ သုံးပါး၊ မုလေးငုံအဆင်း

ပုလဲအဆင်း ရွှေအဆင်း သုံးပါးပြားလျက် ကြွင်းကျန်ရစ်စေ၊ သာသနာ(၅၀၀၀) စေ့မှ မဟာဗောဓိပင်၌စုဝေး၍ ဘုရားအသွင်ကို ယူလျက် ဝေနေယျတို့ကို ဖူးမြော်စေပြီးလျှင် ဓာတုပရိနိဗ္ဗာန်ဖြစ်၍ ကွယ်ပစေ"ဟု မိန့်တော်မူ၍ ကြပတွေကွမ်းစားဖြင့် (၆)ကွမ်းစား၊ ရွှေကွမ်းစားဖြင့် (၁၂)ကွမ်းစား၊ ကြွင်းကျန်ရစ်စေသော သမ္ဘိန္န, အသမ္ဘိန္န ဓာတ်တော်တို့ကို အဇာတသတ်မင်း, လိစ္ဆဝီမင်း, သာကီဝင်မင်း, အလ္လကပ္ပမင်း, ကောလိယမင်း, ဝေဋ္ဌဒီပကမင်း, ပါဝါမင်း, မလ္လာမင်း ဤရှစ်ပြည် ထောင်မင်းတို့ စစ်မက်ဆင်၍ လုယူကြမည် ရှိသည်တွင် နှစ်ဘာဏဝါရ ဂါထာ ငါးရာမျှဖြင့် ဘုရားကျေးဇူးတော်တို့ကို ဆိုလျက် ငြိမ်ဝပ် သင့်တင့်အောင် ပြု၍ ရွှေတုံဖြင့် ချင့်လျက် တစရွတ်စီ ဒေါနပုဏ္ဏား ဝေဘန်ဟန်၊ ရှစ်ပြည်ထောင်မင်းတို့ ရတနာပန်းတောင်းဖြင့် ခံယူဟန်၊ရွှေတုံစွဲလျက် ဒေါနပုဏ္ဏား ၁၊ရတနာပန်းတောင်း စွဲလျက် မင်း ၈။

ယင်းသို့ ဝေဘန်သော ဓာတ်တော်တို့ကို ယူ၍ ရာဇဂြိုဟ်ပြည်, ဝေသာလီပြည်, ကပိလဝတ်ပြည်, အလ္လကပ္ပပြည်, ရာမဂါမပြည်, ဝေဋ္ဌဒီပကပြည်, ပါဝါပြည်, ကုသိနာရုံပြည် ဤရှစ်ပြည်ထောင်တို့၌ စေတီတည်၍ ကိုးကွယ်ကြဟန်၊ ဓာတ်တော် ဝေဘန်ပြီးမှ ရောက်သော မောရိယမင်းတို့အား ဓာတ်တော် မရ၍ သင်္ဂြိုဟ်သည့် မီးသွေးကို ယူဆောင်ပြီးသော် ပိပ္ပလိဝနမြို့၌ စေတီတည်၍ ကိုးကွယ်ကြဟန်၊ ဓာတ်တော် ချင့်သော ရွှေတုံကို စေတီတည်၍ ဒေါနပုဏ္ဏား ကိုးကွယ်ဟန် စေတီ ၁။

ယင်းသို့ ဓာတ်တော် ဝေဘန်သည်ကာလ အထက် လကျ်ာစွယ်တော်ကို ဦးရစ်ကြားတွင် ဒေါနပုဏ္ဏား ဝှက်သည်ကို သိကြားမင်း သိ၍ မထင်ရှားအောင် ဆောင်ယူပြီးလျှင် စူဠာမဏိစေတီ၌ ဌပနာ၍ ကိုးကွယ်ဟန်၊ အောက် လကျ်ာစွယ်တော်ကို ခြေဦးကြား၌ ဒေါနပုဏ္ဏား ဝှက်သည်တွင် ဇယသေန နဂါးမင်း ဆောင်၍ ရတနာစေတီဖြင့် ကိုးကွယ်ဟန်၊ အထက် လက်ဝဲစွယ်တော်ကို ပုဆိုးကြား၌ ဒေါနပုဏ္ဏား ဝှက်ထားသည်တွင် ဂန္ဓာလရာဇ်တိုင်းသား အရှင်ရဟန္တာတဦး သိ၍ ဂန္ဓာလရာဇ် တိုင်းသို့ ဆောင်ယူပြီးသော် စေတီယဟော၌ ကိုးကွယ်ဟန်၊ အောက် လက်ဝဲစွယ် တော်ကို အရှင်သာရိပုတ္တရာ တပည့် ခေမာ မည်သော ရဟန္တာ အရှင်မြတ်သည် သင်္ဂြိုဟ်ဆဲကပင် လောင်တိုက်မှ ကလိင်္ဂရာဇ်ပြည်သို့ ဆောင်ယူ၍ ဗြဟ္မဒတ်မင်းအား ကိုးကွယ်စေဟန်၊ လကျ်ာ ညှပ်ရိုးဓာတ်တော်ကို သိကြားမင်း ယူဆောင်သည်ကို ရှင်မဟာမဟိန္ဒထေရ် တောင်းယူ၍ ထူပါရုံ၌ ဌပနာဟန်၊ လက်ဝဲ ညှပ်ရိုးဓာတ်တော်ကို ဗြဟ္မာမင်းတို့ ယူဆောင်၍ ဗြဟ္မာ့ပြည်၌ စေတီတည်ဟန်၊ဓာတ်တော်ဝေဘန်သည့် ကာလ မလ္လာမင်းတို့ အစုတွင် သင်းကျစ်တော်ဓာတ် ပါသည်ကို အရှင်မဟာကဿပ

တောင်းယူ၍ တပည့်တော် မဟာနန္ဒထေရ်အား ဆောင်နှင်း ကိုးကွယ်စေဟန်၊ အသမ္ဘိန္နဓာတ်တော်စေတီ ၇၊ အလောင်းတော်ကို သင်္ဂြိုဟ်သည့်ကာလ သွားတော် ၄၀၊ ဆံတော် မွေးတော်တို့သည် ကောင်းကင်၌ တည်စေ၊ စကြဝဠာတခုမှာ စေတီ တဆူစီတည်၍ ကိုးကွယ်သဖြင့် လူ့နတ်တို့ စီးပွားကို ဆောင်ရှက်စေ မိဋ္ဌာန်တော်မူတိုင်း ကောင်းကင်၌ တည်သော သွားတော် ဆံတော် မွေးတော်တို့ကို နတ်တို့ ဆောင်၍ စကြဝဠာတခုတခု၌ စေတီ တဆူစီ တည်ဟန်၊ သွားတော်စေတီ ၄၀၊ ဆံတော်စေတီ ၁၊ မွေးတော်စေတီ ၁။

သပိတ်တော် သင်္ကန်းတော် တောင်ဝှေးတော်တို့ကို ဝဇိရာပြည်၌ စေတီတည်ဟန်၊ သင်းပိုင်တော်ကို ကုသဃရပြည်၌ စေတီတည်ဟန်၊ အိပ်ရာခင်းတော်ကို သီလပြည်၌ စေတီတည်ဟန်၊ သားမွေး အခင်းတော်ကို သာဝတ္ထိပြည်၌ စေတီတည်ဟန်၊ ဓမ္မကရိဏ်တော် ခါးပန်းတော်တို့ကို ပါဋလိပုတ်ပြည်၌ စေတီတည်ဟန်၊ နိသီဒိုန်ကို အဝန္တိပြည်၌ စေတီတည်ဟန်၊ ရေသနုပ်တော်ကို စမ္ပာပြည်၌ စေတီတည်ဟန်၊ မြေအခင်းတော်ကို ဒေဝရဋ္ဌပြည်၌ စေတီတည်ဟန်၊ ရေစစ်တော်ကို ဝိဒေဟရာဇ်ပြည်၌ စေတီတည်ဟန်၊ ပဲကွပ်တော် ဘုံလျှိုတော် အပ်ကျည်တော်တို့ကို ဣန္ဒပတ္တပြည်၌ စေတီတည်ဟန်၊ ယပ် ဘိနပ် စသော ကြွင်းသော ပရိက္ခရာတို့ကို အပရန္တတိုင်း၌ စေတီတည်ဟန်၊ မီးပွတ်ပေါ်ကို မိတ္ထိလာပြည်၌ စေတီတည်ဟန်၊ ပရိဘောဂ စေတီတော် ၁။

အနော်မာမြစ်နားတွင် ရဟန်းပြုတော်မူစကာလ ဖြတ်တော်မူသော မကိဋ်နှင့် တကွသော ဆံတော်ကို ရတနာပန်းတောင်းဖြင့် သိကြားမင်း ခံ၍ တာဝတိံသာ နတ်ပြည်၌ တယူဇနာ အတိုင်းအရှည်ရှိသော ဣန္ဒနီလာမြဖြင့် ပြီးသော စူဠာမဏိ စေတီတော် တည်ဟန်၊ ၎င်းကာလ ဝတ်တော်မူသော ပုဆိုးကို လဲ၍ ဗြဟ္မာလူသော ကြာသင်္ကန်းကို ဝတ်တော်မူသည်တွင် ပုဆိုးတော်ကို ဗြဟ္မာမင်းယူ၍ ဗြဟ္မာ့ပြည်၌ တဆယ့်နှစ်ယူဇနာရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသော ဒုဿစေတီတော် တည်ဟန်၊ ဘုရားမဖြစ်မီက တည်သော စေတီကော် ၂။

ဘုရား ဖြစ်တော်မူ၍ ခုနစ်ရက် ခုနစ်ကြိမ်အစေ့တွင် ရာဇာရတနသတ္တာဟ၌ တဖုဿ ဘလ္လိက ညီနောင်တို့အား ဆံတော်ရှစ်ဆူ ပေးတော်မူသည်ကို ပေါက္ခရဝတီမြို့၌ စေတီတည်ဟန်၊ ကဆုန်လပြည့်နေ့ ဘုရားဖြစ်တော်မူသည်မှ ကိုးလမြောက် ပြာသိုလပြည့်နေ့၌ သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်တွင် သုမနကူဋတောင်၌ မဟာ သုမနနတ်မင်းအား တဆုပ်ခန့်မျှ ပေးတော်မူသော ဆံတော်ကို မဟိယာင်္ဂနစေတီ တည်ဟန်၊ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် ရှင်အနုရုဒ္ဓါ၊ ရှင်သောဘိတ,

ရှင်ပဒုမုတ္တရ, ရှင်ဂုဏသာဂရ, ရှင်ဉာဏပဏ္ဍိတ, ရှင်ရေဝတတို့ ဆံတော်တဒေါ်ချောင်းစီ တောင်းပြီးလျှင် ပစ္စန္တရစ်အရပ်သို့ ကြွ၍ စေတီတဆူစီ တည်ဟန်၊ ကိုယ်တော် ထင်ရှားရှိတော်မူစဉ် တည်သော ဆံတော်စေတီ ဂ။

ဘုရား ဖြစ်တော်မူသည်မှ ရှစ်နှစ်မြောက် ကဆုန်လပြည့်နေ့၌ သီဟိုဠ်ကျွန်း ကလျာဏီမြစ် မဏိအက္ခကနဂါးပြည်သို့ သက်၍ ပြန်ထွက်တော်မူသည်တွင် သုမနကူဋတောင်၌ ပြထားတော်မူသော ပါဒစေတီ၊ အပရန္တဇနပုဒ် ဝါဏိဇဂါမသို့ ကြွတော်မူ၍ ဇေတဝန်သို့ ပြန်လည်တော်မူသည်တွင် ရမ္မဒါနဂါးမင်း တောင်းပန်၍ ပြထားတော်မူသော ပါဒစေတီ၊ ၎င်းနောက် သစ္စဗန္ဓတောင်သို့ ရောက်၍ သစ္စဗန္ဓမည်သော ရဟန္တာအရှင်မြတ် တောင်းပန်သဖြင့် ပြထားတော်မူသော ပါဒစေတီတော် ၃။

ပရိနိဗ္ဗာန် လွန်တော်မူသည်နောက် သုံးလမြောက်တွင် ရာဇဂြိုဟ်ပြည်၏ အနီး ဝေဘာရတောင်ဝှမ်း စရည်းပင်ရောက်သော လိုဏ်ဝ မြတ်သောမဏ္ဍပ်၌ သုဘဒ်ရှင်ကြီးဆိုသော သာသနာတော် ကွယ်မည်အကြောင်းစကားကို နှလုံးထားတော်မူ၍ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့ အဇာတသတ်မင်းကြီးကို အမှီပြု၍ လေးလပတ်လုံး ပဌမသံဂါယနာ တင်တော်မူကုန်ဟန်၊ တောင်ယံ၌ မဏ္ဍပ် ၁၊ ၎င်းအောက် တောင်မှ မြောက်သို့ မျက်နှာပြုလျက် ရှင်မဟာကဿပ ၁၊ ၎င်းအလယ်တရားဟောပလ္လင်ထက် ရှင်ဥပါလိ,ရှင်အာနန္ဒာ ထိုနှစ်ပါးတွင် တပါးပါး ယပ်စွဲလျက် အရှေ့သို့ မျက်နှာမူ၍ နေဟန် ၁၊ လက်ဝဲ လက်ျာ ရဟန္တာ ၅။

ပရိနိဗ္ဗာန် လွန်တော်မူပြီးသည်နောက် အနှစ်တရာရောက်လျှင် ဝဇ္ဇီတိုင်းသား ရဟန်းများတို့ တရားနှင့် မလျော်သော ဝတ္ထုဆယ်ပါးကို ပြုကုန်သည်တို့ကို နှိမ်နင်းခြင်းငှါ ရှင်ယသထေရ် နှိုးဆော် ရုံးစည်း၍ ရဟန္တာခုနစ်ရာတို့ ဝေသာလီပြည်သို့ သံဂါယနာတင်မည် ကြွကုန်လသော် ဝဇ္ဇီတိုင်းသား ရဟန်းတို့က ကာလာသောကမင်းကို အပင်းအသင်းဖြစ်အောင် ပြု၍ အမတ်တို့ကိုမြစ်တားစေသည်တွင် ကာလာသောကမင်း၏ နှမတော်ဖြစ်သော နန္ဒာမည်သော ရဟန္တာမသည် "ဝဇ္ဇီတိုင်းသား ရဟန်းတို့ အဓမ္မဝါဒီ ဖြစ်ကြောင်း၊ ရှင်ယသ စသော ရဟန္တာတို့သာ ဓမ္မဝါဒီ ဖြစ်ကြောင်း"ကို ကာလာသောကမင်းအား ကြားသည်တွင်မှ ကာလာသောကမင်းကို အမှီရ၍ ဝေသာလီပြည် ဝါလိကာရာမ မဏ္ဍပ်၌ ရှစ်လပတ်လုံး ဒုတိယသံဂါယနာ တင်တော်မူကုန်ဟန် မဏ္ဍပ် ၁၊ ၎င်းအောက် မြောက်သို့ မျက်နှာမူလျက် ရှင်ရေဝတ ၁၊ လက်ဝဲ လက်ျာ ရဟန္တာ ၃။

ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် (၂၃၅)နှစ် ရောက်လသော် မိစ္ဆာဒိဋ္ဌိဖြစ်သော ရဟန်းခြောက်သောင်းတို့အား နှိမ်နင်းခြင်းငှါ ဓမ္မာသောကမင်းကိုအမှီပြု၍ အ

သောကာရာမ မဏ္ဍပ်၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ တထောင်တို့ ကိုးလပတ်လုံး တတိယသံဂါယနာ တင်တော်မူကုန်ဟန် မဏ္ဍပ် ၁၊ ၎င်းအောက် မြောက်သို့ မျက်နှာမူလျက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ၁၊ လက်ဝဲ လက်ျာ ရဟန္တာ ၄။

သာသနာတော်အနှစ်(၄၅၀)ရောက်သောအခါ သီဟိုဠ်ကျွန်းတွင် ဒုဋ္ဌဂါမဏိ မင်း လက်ထက် မလယဇနပုဒ် အာလောကလိုဏ်၌ ဝဋ္ဋဂါမဏိမင်း စောင့်ရှောက် အပ်သည်ဖြစ်၍ ရဟန္တာမြတ်ငါးရာတို့ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို ပေထက် ရေးတင်တော်မူကုန်ဟန် ဟင်းလင်းသောလိုဏ် ၁၊ တောင်မှ မြောက်သို့ မျက်နှာမူလျက် ပေထက်တင်သောရဟန္တာ ၅။

ဘုရား ဖြစ်တော်မူစ ရာဇာရတနသတ္တာဟ၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာပ ဇနပုဒ် အသိတဥ္စနပုဒ်မည်သော ပေါက္ခရဝတီမြို့မှ တဖုဿ,ဘလ္လိက ညီနောင်တို့ ဖူးတွေ့၍ ကတွတ်မုန့် ပျားဆုပ်မုန့် လှူသဖြင့် ဒွေဝါစိကသရဏဂုံ တည်ကုန်လျက် အာဟာရငြိး လှူသောအရာ၌ တေဒင်္ဂရကုန်၍ နောက်ကာလ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော် မူစဉ် တဖန် ဖူးကုန်ပြန်သော် တဖုဿသူကြွယ် သောတာပန်ဖြစ်၍ ဘလ္လိကသူကြွယ် လည်း ရဟန်းပြုပြီးလျှင် ဆဠ္ဌာဘိည ရဟန္တာဖြစ်၍ အမရပုရရာဇဓာနီ ပြည်ကြီးကဲ့သို့ ပြခန်းခြင်းရှိသော နိုင်ငံတော်အတွင်း သာသနာတော် ဆင်းသက်ဟန်၊ ရဟန္တာ အရှင်ဘလ္လိက ၁၊ တဖုဿသူကြွယ် ၁။

ဘုရားဖြစ်တော်မူသည်မှ ဝါနှစ်ဆယ်လွန်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူစဉ် သုနာပရန္တတိုင်း သုပ္ပါဒကဆိပ် ဝါဏိဇဂါမမှ သာဝတ္ထိမြို့သို့ မဟာပုဏ္ဏသူကြွယ် ရောက်၍ ဘုရားရှင်ကို ဖူးတွေ့ရသော် ရဟန်းပြုပြီးမှ ဝါဏိဇဂါမသို့ ပြန်ရောက်လျှင် အသီတိမဟာသာဝက အရေအတွက် ဝင်သော ဆဠ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၍ အမရပုရရာဇဓာနီပြည်ကြီး ကဲ့သို့ ပြခန်းခြင်းရှိသော နိုင်ငံတော်အတွင်း သာသနာတော် ဆင်းသက်စ မူဟန်၊ ရဟန္တာအရှင် မဟာပုဏ္ဏ ၁။

ယင်းမှနောက် စူဠပုဏ္ဏသူကြွယ်တို့ ဆောက်သော လက်လေးသစ်ခန့်မျှပင်လည်း အဖိုးတသိန်းထိုက်သော စန္ဒကူးနံ့သာနှစ်တို့ဖြင့် ပြီးသော အဝန်းသဏ္ဌာန်ရှိသော တန်ဆောင်းကျောင်းကို ခံတော်မူခြင်းငှါ အရှင်မဟာပုဏ္ဏ တောင်းပန်အပ်သည် ဖြစ်၍ သိကြားမင်းစေသဖြင့် ဝိသုကြုံ ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာစီးသော ရဟန်းငါးရာနှင့်တကွ ဝါဏိဇဂါမသို့ ကြွတော်မူလှာသည်တွင် ခရီးအကြား၌ သစ္စ

ဗန္ဓတောင်သို့ ရောက်၍ သစ္စဗန္ဓရသေ့ကို ချွတ်တော်မူဟန်၊ တောင်ထိပ်၌ ပြာသာဒ်နှင့် ဘုရားရှင် ၁၊ပြာသာဒ်နှင့် နောက်ပါ ရဟန္တာ ၅၊သစ္စဗန္ဓရဟန္တာ ၁။

ထိုနောင် ဝါဏိဇဂါမသို့ရောက်၍ တန်ဆောင်းကျောင်းကို အလှူခံတော်မူပြီးသော် နောင် သာသနာတော် အရှည်တည်မည်ကို မြော်ထောက်တော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံး နေတော်မူ၍ ဝေနေယျတို့အား အမြိုက် တိုက်ကျွေးတော်မူဟန် တန်ဆောင်း ၁၊ ၎င်းအတွင်း လက်ဝဲ လကျာ် ရဟန္တာ ၃ နှင့် ဘုရားရှင် ၁၊ တရားနာဟန် ပရိသတ် ၄။

သာသနာတော် (၂၃၅)နှစ် ရောက်လသော် ပစ္စန္တရစ်၌ သာသနာတော် တည်မည်ကို မြင်၍ ထိုထိုအရပ်သို့ သာသနာပြု ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် စေသည်တွင် ဘလ္လိကမထေရ်၊ မဟာပုဏ်မထေရ်တို့ကို အစမူ၍ သာသနာတော် တည်ရင်းရှိသော်လည်း အားကြီးစွာ မထွန်းမလင်းသည် ဖြစ်ရကား အပရန္တတိုင်းသို့ ယောနက ဓမ္မရက္ခိတမထေရ်ကို သာသနာပြု စေ၍ရင်း၊ သုဝဏ္ဏဘုမ္မိသို့ သောဏမထေရ်၊ဥတ္တရမထေရ်တို့ကို သာသနာပြု စေ၍ရင်း၊ ယောနကတိုင်းသို့ မဟာရက္ခိတမထေရ်ကို သာသနာပြု စေ၍ရင်း အမရပုရရာဇဓာနီ ပြည်ကြီးကဲ့သို့ ပြခန်းခြင်းရှိသော နိုင်ငံတော်အတွင်း သာသနာစည်ထွန်းဟန်၊ အပရန္တတိုင်း၌ ယောနကဓမ္မရက္ခိတမထေရ် ၁၊ နောက်ပါ ရဟန္တာ ၄၊သုဝဏ္ဏဘုမ္မိ၌ သောဏမထေရ် ၁၊ နောက်ပါ ရဟန္တာ ၄၊ ဥတ္တရမထေရ် ၁၊ နောက်ပါ ရဟန္တာ ၄၊ ယောနကတိုင်း၌ မဟာရက္ခိတမထေရ် ၁၊နောက်ပါ ရဟန္တာ ၄။

သာသနာတော်အနှစ် (၉၃၀)ရောက်သောအခါ သုဝဏ္ဏဘုမ္မိမှ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဃောသမထေရ် ကူး၍ ပေထက်တင်သော ပါဠိတော်နှင့်တကွ သီဟိုဠ်ဘာသာဖြင့် ထားသော အဋ္ဌကထာတို့ကို မာဂဓဘာသာပြန်၍ ပိဋကတ်သုံးပုံ ကုန်အောင် သုဝဏ္ဏဘုမ္မိသို့ ယူဆောင်ခဲ့သည်တွင် သုဝဏ္ဏဘုမ္မိ သုဓမ္မပုရပြည်၌ အစုံ(၃၀) ရေးသားထားသည်ကို အရိမဒ္ဒနာပြည်သို့ အနော်ရထာမင်း လက်ထက် ဆောင်ယူခဲ့၍ အရိမဒ္ဒနာပုရ၊ ဝိဇယပုရ၊ ဇေယပုရ၊ ရတနာပုရ၊ ရတနာသိခ် မင်းတရားတို့ လက်ထက်အဆက်ဆက် ပြန့်ပွား၍ အမရပုရပြည်ကြီးတည် ဆင်ဖြူမျှားသခင် ဘပရှင်မင်းတရားကြီးလက်ထက်တော် ရွှေရေး မင်ရေး ကညစ်ရေး အက္ခရာသုံးပါးတို့ဖြင့် အစုံအရာမက ရေးသားစေ၍ ဆရာတော် သံဃာတော်တို့ကို ကြိမ်ဖန်များစွာ ပြင်ဆင်တည်းဖြတ်စေလျက် ဘုံငါးဆင့်ရှိသော မဟာရတနာပုံမည်သော ရွှေပြာသာဒ်၌ သွင်းထား ကိုးကွယ်တော်မူဟန် ပိဋကတ်ပြာသာဒ် ၁။

နိဗ္ဗာန် လွန်တော်မူပြီးသော် သာသနာတော် ကောဇာသက္ကရာဇ်(၂၃၀)ပြည့်၍ အစွန်း ငါးနှစ်ရောက်သောအခါ သီရိဓမ္မာသောကမင်းတရားသည် သာသနာတော်

အညစ်အကြေး ဖြစ်သမျှကို သန့်ရှင်းစေ၍ ခုနစ်နှစ်ပတ်လုံး ဥပုသ်ပဝါရဏာ ပြတ်လေသည်ကို ငြိမ်ဝပ်စွာ ဥပုသ် ပဝါရဏာ ပြုစေခြင်း၊ ထိုထိုသောအရပ်သို့ ကြွ၍ သာသနာပြုစေခြင်း၊ထိုထိုအရပ်၌ စေတီတည်ခြင်းများဖြင့် သာသနာတော်ကို တည်ထွန်းစေသကဲ့သို့ ကောဇာသက္ကရာဇ် (၁၁၄၀)ပြည့်၍ အစွန်း ငါးနှစ်ရောက်သောအခါ အမရပုရပြည်ကြီးတည် ဆင်ဖြူများသခင် အရှင်ဘဝရှင်မင်းတရားကြီးသည် သုပ္ပဋိဠန္နမဖြစ်၊ မကျစ်မလစ် ဝတ်ရုံခြင်း ဥပဇ္ဈာစရိယမဟုတ်ပဲ ဥပဇ္ဈာယ်မူ၍ ပဥ္စင်း, သာမဏေပြုခြင်း၊ နိဿယာစရိယမဟုတ်ပဲ နိဿျည်းဆရာမူ၍ ပဥ္စင်း, သာမဏေတို့ အလုပ်အကျွေးကို ခံခြင်း၊ ကုလဒူသက, အနေသနပြုခြင်း စသော သာသနာတော် အညစ်အကြေးဖြစ်သမျှကို သန့်ရှင်းစေလျက် အဝတ်အရုံ ဝတ်နှင့်စပ်၍ မင်းဆက်ရှည်စွာ ဝိဝါဒဖြစ်သည်ကို ငြိမ်ဝပ်စေခြင်း၊ထိုထိုအရပ်သို့ ကြွ၍ သာသနာပြုစေခြင်း၊ ထိုထိုအရပ်၌ ရွှေဂူတည်ထားခြင်း သီဟိုဠ်ကျွန်း သီရိဝဍ္ဎနမြို့ သီရိရာဇာဓိရာဇသီဟမင်းသို့ သာသနာပြုနည်း အကြောင်းအရာကို ဆင့်၍ သာသနာစည်ထွန်းစိမ့်သောငှါ ဥဿာဟ ဖြစ်စေခြင်း ဤသို့အစရှိသော အခြင်းအရာဖြင့် သာသနာတော်ကို ပြုစုတော်မူသည်တွင် လစဉ် နှစ်စဉ်မပြတ် သုဓမ္မာစရပ်တော်မှာ သံဃာတော်တို့ကို စည်းဝေးစေ၍ ဥပဇ္ဈာစရိယ,နိဿယာစရိယအင်္ဂါ ကျမ်းဂန်များကို ပြန်ဆိုဆွေးနွေးစေတော်မူဟန် သုဓမ္မာစရပ် ၁၊ ၎င်းအတွင်း သံဃာတော် ၈။

စဉ်ကွင်း စဉ်ပုံလုပ်ရန် များပြားလျှင် အောင်မြေလောကစေတီတော်,မဟာမုနိစေတီတော်မှစ၍ ရွှေလက်ထက်တော်တွင် ကိုးကွယ်သမျှ စေတီတော်, ကျောင်းတော် အရပ်ရပ်ကို ကမ္ပည်း တပ်မှတ်လျက် လုပ်ဆောင်စေသင့်သည်။

## ဝိဇ္ဇေးတော် ဂေါဘိ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မဟာဒါန်စာရေးကို ပေးအပ်တော်မူသည့်စာမှာ သေတကေတုနတ်သား ထက်ဝယ်နှင့် ၁၊ ဆောင့်ကြောင့်နှင့် လက်အုပ်ချီလျက် ၁၊ နတ် ငြိမ်ွာ( ၈ )သာ ပါသည်၊ ဘုံဗိမာန်မပါ၊ ဘုံဗိမာန်နှင့် ရေးသားစေရမည်၊ အလွတ်သက်သက်ရေးသားစေရမည်၊ သုဒ္ဓေါဒန မင်းကြီး၏ မိဖုရားမြတ် ဖြစ်သော သီရိမဟာမာယာဒေဝီ မိဖုရားခေါင်ဝမ်း၌ အံ့ဘွယ်သရဲ

နှင့်တကွ ကြည်စွာသော ပတ္တမြားရတနာ၌ သီသော ဖြူစင်သော ကြိုးသည် ထင်မြင်သကဲ့သို့ မယ်တော်ကို ထင်မြင်စေလျက် တရားဟောပလ္လင်ထက် တရားဟောပုဂ္ဂိုလ် ထိုင်နေသကဲ့သို့ ထက်ဝယ်ရှေ့ရှု နေတော်မူ၍ ပဋိသန္ဓေယူတော်မူသည့်ကာလ မယ်တော်ထိုင်လျက် ၁၊ ရပ်လျက် သန့်လျက်စွဲ နတ်သား(၄)သာပါသည် ဘုံနန်းမပါ၊ဘုံနန်းနှင့် ရေးရမည် မရေးရမည်၊ အင်ကြင်းတော၌ ဘုရားလောင်းကို ဖွားမြင်တော်မူသည့်နေ့ မယ်တော် အင်ကြင်းခက်ကို ရပ်ဆွဲလျက် မယ်တော်(၁)သာ ပါသည်၊မိထွေးတော်ဂေါတမီ ပါကြောင်းကိုလည်း အချို့သော ဆရာတို့ ပြောဟောကြသည်၊ မိထွေးတော်ကို ရေးရမည် မရေးရမည်၊ ရေးရလျှင် မိထွေးတော်ကို မည်သို့ အနေအထားနှင့် ရေးရမည်ကို ယခု ပုံစံရေးဆဲ ဖြစ်သည်၊ ဆရာတော်ကို လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်ဖြစ်၍ အဆောင်တော်မြဲ စည်သူကျော်စွာကို လျှောက်စာနှင့် လျှောက်ပါစေသည်၊ အမိန့်တော်ကို ဦးထိပ်ရွက်ရပါမည်အကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၃—ခု တန်းခူးလဆန်း(၁၀)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သေတကေတုနတ်မင်းကို ဗြဟ္မာတို့ တောင်းပန်သည့်အခန်း မယ်တော်ဝမ်းမှာ ပဋိသန္ဓေယူတော်မူသည်ကာလ အခန်းမှစ၍ အခန်းဟူသမျှမှာပင် ဘုံဗိမာန် အိမ်နန်းနှင့်တန်သည် ရပ်လျက် ထိုင်လျက် လက်အုပ်ချီလျက် ဖြစ်သင့်သည်များကို ထောက်၍ စကားမျိုးအဓိပ္ပါယ်များနှင့် တော်သင့်အောင် ရေးသားလုပ်ဆောင်စေသင့်သည်၊ ဖွားတော်မူသည့် အခန်းမှာလည်း မိထွေးတော်ဂေါတမီ ပါသည်ဟူ၍ ကျမ်းကြီးကမှ၌ မဆို၊ မဟာမာယာဝတ္ထုအငယ်တွင်သာ ဆိုသည်၊ သို့သော်လည်း အခြံအရံ အမအစမှာ ရှိကောင်းသည်၊ သဘောယုတ္တိကိုထောက်၍ မ,စသူနှင့် ရေးသားလိုသော် ရေးသားသင့်သည်။

## စက်တော်ရာ စက်လက္ခဏာ

ဝကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> စက်တော်ရာတွင် စက်လက္ခဏာ အကွက်အကန့် အနေအထား စက်ပုံတောင်းများကို ဆရာတော်မှာ လျှောက်စေ၊ သက္ကရာဇ် ၁၁၅၃-ခု တန်းခူးလဆန်း(၁၂)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း အဆောင်တော်မြဲ စည်သူကျော်စွာကို စေ၍ လျှောက်ပါသည်၊ အမိန့်တော်အရကို ထောက်၍ သိတော်မူသာအောင် စာသွင်းပါမည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၃—ခု တန်းခူးလဆန်း(၁၂)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

စက်တော်ရာတွင် စက်လက္ခဏာပုံတောင်း အကန့်အကွက် အဆင်းသဏ္ဌာန် အနေအထားကား ခြေတော်ကို လေးဖို့ပြု၍ သုံးဖို့မြောက် ဖမျက်တော်အောက်တွင် စက်တော် တည်သည်၊ ယင်း စက်တော်အလယ်တွင် ပုံတောင်းကား ဣန္ဒနီလာ မြအဆင်းရှိသည်၊ ပုံတောင်းဒုပေါက်သဏ္ဌာန် အလယ်အကွက်ကား ငွေအဆင်းရှိသည်၊ ပုံတောင်း အတွင်း အပြင် ပုံတောင်းထိပ်တွင် ရွှေအဆင်းရှိသော ငွေကြိုးရှိသည်၊ အကန့် တထောင့်ကား သန္တာအဆင်းတွင် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်သည်၊ တကန့်နှင့်တကန့် အကြားတွင် ရတနာခုနစ်ပါး အဆင်းရှိသော ရွှေကြိုးခြားသည်၊ အကွပ်ကား ရွှေကြုံဆစ်ခြယ်လှယ်သော သန္တာအဆင်းရှိသည်၊အတန့်ဆယ်ခုဆယ်ခု အကြားတွင် လက်ဝဲ,လကျာ ပန်းဆိုင်းဆွဲလျက် သန္တာရိုးတပ်သော ထီးဖြူရှိသည်၊ အကွပ်၏ဖနား ပုံတောင်း၏အနားတွင် ခြသေ့ခံတွင်း ပုံသဏ္ဌာန်၊ပုလဲသွယ်သဏ္ဌာန် စဉ်လျက်ရှိသည်၊ လုံမအိမ်မွန်စသော တရာ့ရှစ်ကွက်ကား စက်တော် ဝန်းကျင် အဝင်မှုစ၍ တည်သည်၊ တရာ့ရှစ်ကွက်မှာ "ချိတ်တွေအစ၊ လုံမအိမ်မွန်၊ မကျန်ပွင့်ချပ်၊ဇလပ်ပုံမွှေး" ဆိုသည့် အစဉ်အတိုင်းပင် ဖြစ်သည်၊သည်စကားတွင် "ဥပေါသထာယာဉ်မွန်၊ဆဒ္ဒန်တခြား" ဟူသည်မှာ တစီးတည်းသာ ရေးသား လုပ်ဆောင်သင့်သည်၊ စက်တော်လည်းတခြား တရာ့ရှစ်ကွက်လည်း တခြား ဖြစ်သည်။

## သာသနာတော်ပြု

တကာတော် အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

နိုင်ငံတော်အတွင်း အဝေးမြို့ရွာများမှာ သာသနာတော်ကို ပြုစုစေသည့် ပုဂ္ဂိုလ်သံဃာ တံဆိပ်နာမံ အမည်အမှတ်ပေးအပ် ပို့သ သင်ကြားစေသည့် ပိဋကတ်တော် မည်မျှ၊ ပိဋကတ်တိုက်တော်တွင် ရွှေရေး မင်ရေး ကညစ်ရေး ပိဋကတ်တော်အစုံ မည်မျှ ရှိသည်ကို ဆရာတော်မှာ သေချာအောင် လျှောက်ထား၍ ပုံစံရေးသားစေရမည်၊ ဘုရားသခင် စက်တော်ရာ အတိုင်းအထွာပမာဏကိုလည်း သေချာအောင် လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရမည် ဖြစ်၍ လျှောက်ထားပါစေသည်၊ သာသနာတော်ပြု ပုဂ္ဂိုလ်သံဃာ တံဆိပ်နာမံမှစ၍ လျှောက်စာတွင် ပါသည့်အရာများကို ရေးသား ထုလုပ် ကိုးကွယ်သာအောင် အမိန့်တော် ရှိတော်မူပါမည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၄—ခု တန်းခူးလဆန်း(း ၅)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ရှမ်းပြည်, ယွန်းပြည်, ဂုံပြည်, လူးပြည်, လျဉ်ပြည်, လင်းစင်ပြည်, တလိုင်းပြည်, ရခိုင်ပြည်စသော ထိုထို တိုင်း ခရိုင် မြို့ ရွာသို့ စေတော်မူသည့် တံဆိပ်ရ ဆရာတော်သံဃာတော်တို့ စာရင်း—

ဝိဒေဟတိုင်း ကိုင်မားမြို့မှာ ဆရာတော် "ဂုဏာဘိဝံသ မဟာရာဇဂုရု"နှင့် သံဃာတော် ၅၊ ၎င်းကျိုင်းရုံမြို့မှာ ဆရာတော် "ပညာဘိဓဇ မဟာရာဇဂုရု"နှင့် သံဃာတော် ၅၊ ၎င်းမိုင်းလျဉ်မြို့မှာ ဆရာတော် "သီရိသဒ္ဓမ္မဓဇ မဟာရာဇဂုရု"နှင့် သံဃာတော် ၅၊ ၎င်းမိုင်ညောင်းမြို့မှာ ဆရာတော် "သီရိပညဓဇ မဟာရာဇဂုရု"နှင့် သံဃာတော် ၅၊ ကျိုင်းဘုံမြို့မှာ ဆရာတော် "သီရိသဒ္ဓမ္မဓဇ မဟာရာဇဂုရု"နှင့် သံဃာတော် ၅၊ ၎င်းကျိုင်းချိုင်မြို့မှာ ဆရာတော် "သဒ္ဓမ္မာဘိဓဇ မဟာရာဇဂုရု" နှင့် သံဃာတော် ၅၊ ဟရိဘုံဇတိုင်း ကျိုင်းသဉ်မြို့ရွာမှာ ဆရာတော် "အဂ္ဂပညဓဇ

မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ကမ္ဘောဇတိုင်း ကျိုင်းတောင်မြို့မှာ ဆရာတော် “ဇိနာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းမိုင်းတုံမြို့မှာ ဆရာတော် “ကရဝိကဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းသိန္နီမြို့မှာ ဆရာတော်“ဇိနာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းလဲခြားမြို့မှာ ဆရာတော် “မေဓာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းမိုင်းစုံမြို့မှာ ဆရာတော်“ဉာဏာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ တောင်ပိုင်းမှာ ဆရာတော် “သီရိမုနိန္ဒဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းမိုင်းကိုင်မြို့မှာ ဆရာတော် “ဒေဝိန္ဒာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းနောင်ပွန်မြို့မှာ ဆရာတော် “ဂုဏာဝံသဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းညောင်ရွှေမြို့မှာ ဆရာတော် “ဝိရိယာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းရပ်စောက်မြို့မှာ ဆရာတော် “သာရကိတ္တိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းမိုင်းလုံမြို့မှာ ဆရာတော်“ဥတ္တမာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းသီဘောမြို့မှာ ဆရာတော် “မုနိသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းစကားမြို့မှာ ဆရာတော် “ပုညဂမ္ဘီရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းသီကျစ်မြို့မှာ ဆရာတော်“အရိယဝံသ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းတပတ်မြို့မှာ ဆရာတော် “ဣန္ဒသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းကျိုင်းခံမြို့မှာ ဆရာတော်“သီရိနန္ဒဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းဟဲလုံမြို့မှာ ဆရာတော်“ကဝိဝံသဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းမိုးနဲမြို့မှာ ဆရာတော် “အဂ္ဂသီရိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊၎င်းမိုင်းပွန်မြို့မှာ ဆရာတော် “ဥတ္တမသီရိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅။ဇောတိနဂရတိုင်း မိုးကောင်းမြို့မှာ ဆရာတော် “ဓမ္မသာမိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ အာဠဝီတိုင်း မိုးညှင်းမြို့မှာ ဆရာတော် “စိတ္တသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ စိန္ဒတိုင်း မိုးမိတ်မြို့မှာ ဆရာတော် “ကဝိန္ဒာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းဗန်းမော်မြို့မှာ ဆရာတော် “ဓမ္မိန္ဒရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းကောင်းတုံမြို့မှာ ဆရာတော် “ဝိမလာဘိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ သုနာပရန္တတိုင်း သောင်တွပ်မြို့မှာ ဆရာတော်“ဝရသဒ္ဓမ္မဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ၎င်းကောင်းတုံမြို့မှာ ဆရာတော် “မုနိန္ဒဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ယောနကတိုင်း ကလေးမြို့မှာ ဆရာတော် “အာသဘဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ ရာမညတိုင်း ပုသိမ်မြို့မှာ ဆရာတော်“ကဝိသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ထားဝယ်မြို့မှာ ဆရာတော် “ပုညသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ မြိတ်မြို့မှာ ဆရာတော် “ဂုဏသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၅၊ မဟာဝိဟိကတိုင်း ရခိုင် ဓညဝတီမြို့မှာ ဆရာတော် “ဂုဏာဓမ္မာဘိဓဇ မဟာရာဇဂုရု၊ သီရိသဒ္ဓမ္မဓဇ

မဟာရာဇဂုရု၊ နန္ဒသာရဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၁၅၊ ရမ်းဗြဲ ရမ္မဝတီမြို့မှာ ဆရာတော် “ဆန္ဒမေဓာဘိဓဇ မဟာရာဇဂုရု၊ ပဝရသီရိဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၁၀၊ မာန်အောင်ကျွန်း မေဃဝတီမြို့မှာ ဆရာတော် “စန္ဒသာရဓဇ မဟာရာဇဂုရု၊ ဉာဏဝံသဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၁၀၊ ဒွါရာဝတီမြို့မှာ ဆရာတော် “ဝိမလဝံသဓဇ မဟာရာဇဂုရု၊ ပုညဝံသပရမ မဟာရာဇဂုရု၊ မုနိန္ဒဓဇ မဟာရာဇဂုရု”နှင့် သံဃာတော် ၁၅၊ သာသနာပြုမြို့ ၄၂၊တံဆိပ်တော်ရ ဆရာတော် ၄၂၊ နောက်ပါ သံဃာ ၁၅၂။

သာသနာပြုမြို့ ၄၂ ရပ်သို့ ပေးအပ်သည့် ပိဋကတ်တော် ဝိနည်း၊ သုတ်၊ အဘိဓမ္မာ အစုံ ၄၂၊ ရတနာပုံ ပိဋကတ်တိုက်တွင် ရှိသည့် ပိဋကတ်တော် ရွှေရေး ၅ စုံ၊ မင်ရေး ၃ စုံ၊ ကညစ်ရေး ၃ စုံ၊ သုံးစု သုံးစုံ သာသနာပြုနှင့်သော် ၇၃ စုံ။

ရတနာပုံ ပိဋကတ်တိုက်တော်အစုံ ဆိုသည်မှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ နိသျည်း၊ အနက်အဓိပ္ပါယ် အစေ့အစုံကို တစုံဆိုခြင်းဖြစ်သည်၊ သုဝဏ္ဏဘူမိတွင် တစုံဆိုခြင်းမှာ ပါဠိတော်၊ အဋ္ဌကထာသာ ဖြစ်သည်၊ ပါဠိတော်၊ အဋ္ဌကထာ အခန်းကိုသာ ရေတွက်သော် ရတနာပုံတိုက်တော်တွင် အစုံအရာမက ဖြစ်သည်။

စက်တော်ရာ သီရိပါဒစေတီတော်ကို မှန်ကန်သေချာစွာ လူ၊ နတ်တကာတို့ အစဉ်ကိုးကွယ်ရာဖြစ်အောင် ဆင်ခြင်နှိုင်းယှဉ် လုပ်ဆောင်တော်မူမည်မှာ ကုသိုလ်တော် အရှည်ပွားများအပ်သော အကြောင်းဖြစ်သည်၊ နှိုင်းယှဉ်ဆင်ခြင်တော်မူရန် ကျမ်းဂန် လာရှိသည်မှာ—

သဗ္ဗော စက္ကလက္ခဏသောဝ ပရိဝါရော။

အနက်—သဗ္ဗော၊အလုံးစုံသည်။စက္ကလက္ခဏသောဝ၊စက်လက္ခဏာ၏သာလျှင်။ ပရိဝါရော၊အခြံအရံတည်း။ (သုတ်မဟာဝါအဋ္ဌကထာ)။

တံ ပရိဝါရေတွာ အနေကာနိ မင်္ဂလာနိ နိဗ္ဗတ္တိံသုန္တိ။

အနက်—တံ၊ထိုစက်လက္ခဏာကို။ ပရိဝါရေတွာ၊ခြံရံကုန်၍။ အနေကာနိ၊များစွာကုန်သော။မင်္ဂလာနိ၊လုံမအိမ်မွန်စသော မင်္ဂလာတို့သည်။ နိဗ္ဗတ္တိံသုန္တိ၊ ဖြစ်ကုန်လတ်၊။ (အနာဂတဝင်အဋ္ဌကထာ)။

စက္ကပရိယန္တေ နေမိဟော ဗဟိဒ္ဓါ ဗဒ္ဓေါ။

အနက်—စက္ကပရိယန္တေ၊ စက်၏အဆုံး၌။ နေမိတော၊အကွပ်မှ။ဗဟိဒ္ဓါ၊ အပ၌။ ဗဒ္ဓေါ၊စပ်လျက်တည်၏။ (ဇိနာလင်္ကာရဋီကာ ၉ ကြောင်း—ချီအင်္ဂါ)။

နေ၊ ဇီဝစိုး၊
လ၊ နတ်ပြည် ခြောက်ထပ်၊
နက္ခတ်၊ ဗြဟ္မာပြည် တဆယ့်ခြောက်ထပ်၊
ကျွန်းငယ် ၂၀၀၀၊ ကျွန်းကြီးလေးကျွန်း၊
စကြာမင်း၊ ပေါင်း—တရာ့ရှစ်ကွက်။
ခရုသင်း၊
ငါးကြင်းပွတ်၊ ဤကား အနာဂတဝင်ဋီကာအလိုတည်း။

ဇိနာလင်္ကာရဋီကာအလိုကား တမ်းခွန်လျား,တမ်းခွန်ကုက္ကားဟု နှစ်ချက်ခွဲ၍ စကြာဝဠာကို အသီးအခြား မယူပဲ ဟိမဝန် စသည်၌ သွင်း၍ တရာ့ရှစ်ကွက်ယူသည်၊ စကြာဝဠာကို ဟိမဝန်,မြင်းမိုရ်စသည်၌ သွင်းသော် တမ်းခွန်လျား, ကုက္ကားကိုလည်း တကွက်တည်းပြုသော် တရာ့ခုနစ်ကွက်သာ ဖြစ်သည်၊ ကာရကန္ဒာသအဖွင့် နိရုတ္တိမဉ္ဇူသာတွင် "သတ္တသိရိဝစ္ဆာဒိနိ သတ္တာဓိကေသတလက္ခဏာနိ" ဆိုသည်။

## မေတ္တာစာ

၁၁၅၄—ခု ဝါဆိုလပြည့်ကျော်(၂)ရက်နေ့ မဟာဒါန်ဝန်တွင် သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

ဒီပင်္ကရာဘုရားရှင် လက်ထက်တော်သို့ ရောက်သော် သာဝကဗောဓိဆုကို ပယ်တော်မူ၍ သတ္တဝါတို့အကျိုးစီးပွား များစေခြင်းငှါ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီအပေါင်းကို ဖြည့်တော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူလျှင် ကျွတ်ထိုက်သော ဝေနေယျတို့ကို ချွတ်တော်မူ၍ မကျွတ်ထိုက်သော ဝေနေယျတို့အား နောင် အကျွတ်တရား ရစိမ့်သောငှါ သာသနာငါးထောင် ထားတော်မူခဲ့သည့်အတိုင်း တရားနှင့်အညီ မယိုမယွင်း သာသနာတော် အရှည် တည်တံ့အောင် ဥပဇ္ဈာယ်ဆရာ,နိဿယ်းဆရာ၊ ဥပဇ္ဈာယ်ယူတပည့်, နိဿယ်းခံတပည့် အသီးအသီးနှင့် ပြုစုတော်မူသည်တွင် ရွှေမြို့တော်ရှိ ဥပဇ္ဈာယ်ဆရာ, နိဿယ်းဆရာ ၂၈၊ ဥပဇ္ဈာယ်ယူ, နိဿယ်းခံ တပည့် ၂၂၂၃၊ အဝေးမြို့ရွာရှိ ဥပဇ္ဈာယ်ဆရာ, နိဿယ်း ဆရာ ၂၈၊ ဥပဇ္ဈာယ်ယူ, နိဿယ်းခံ တပည့် ၂၄၆၊ နှစ်စု ဥပဇ္ဈာယ်ဆရာ, နိဿယ်း ဆရာ ၅၆၊ ဥပဇ္ဈာယ်ယူ,နိဿယ်းခံ ပာပည့် ၅၄၇၂ ရှိသည်။ ဥပဇ္ဈာယ်ဆရာ, နိဿယ်း ဆရာ မရှိသေးသည့် မြို့ ရွာ သံဃာတို့လည်း ဝါကျွတ်လျှင် ဥပဇ္ဈာယ်ဆရာ,နိဿယ်း

ဆရာ အင်္ဂါနှင့် ပြည့်စုံအောင် အားထုတ်ကြသည်၊ ကာလ အရှည် ကွယ်ပလေသော ဥပဇ္ဈာယ်ဆရာ,နိဿယဆရာ၊ ဥပဇ္ဈာယ်ယူ တပည့်, နိဿယခံတပည့်တို့ ဖြစ်ထွန်းခြင်း ရှိသည်။ သာသနာတော်ကို ပြုစုတော်မူသော တရားမင်းမြတ်ကို အမှီရ၍ ဖြစ်ထွန်းခြင်း ဖြစ်သည်။ ကဿပဘုရားရှင် သာသနာတော် ဆုတ်နစ်သောအခါ သာသနာတော်ကို ပြုစု၍ ဘုရားအလောင်း ပါရမီဖြည့်ကြောင်းကို ကျမ်းဂန်လာသည်နှင့်အညီ ပြုစုတော်မူသော သာသနသောဓန ကုသိုလ်တော်ကို အာရုံပြု၍ ပါရမီတော် ဖြစ်ပွားစေသင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

မေတ္တာစာကို ကြားနာတော်မူလျှင် အလွန် ဝမ်းမြောက်တော်မူ၍ အာစိဏ္ဏကံ ကုသိုလ်တော်ဖြစ်စိမ့်သောငှါ ရွှေစက္ကူထက် မင်အက္ခရာ တင်၍ အနီးတော်တွင် ထားတော်မူသည်။

ဆရာတော် သံဃာတော်တို့စာရင်း

လျှောက်ပါသည် ဆရာတော်ဘုရား—

အမိန့်မြတ်ရင်းနှင့်အညီ သုဓမ္မာစရပ်တော်တွင် ဆရာတော် သံဃာတော်ကို ရွေးနိဿယာစရိယ,ဥပဇ္ဈာစရိယ လေ့ကျက်ဆောင်ရွက်ရသည့် ဥဘတောဝိဘင်းကျမ်းကို ပြန်ဆိုပြီးလျှင် နောက် လေ့လာရန် စာပေများကို ခံဝန်သည့် ဆရာတော် သံဃာတော်တို့ စာရင်းဘုရား။

ရွှေမြို့တော် စာပြန် နိသယည်းဆရာတို့ စာရင်း

| | | အသက် | သိက္ခာ | မြို့ရွာ နာမည်တော် | နောက်လေ့လာရန်စာ |
|---|---|---|---|---|---|
| ညာဏာဘိဝံသ ဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု | ၁ | ၃၉ | ၁၉ | သာသနာပြုဆရာတော် | ဓမ္မပဒကျမ်း |
| ညာဏဇမ္ဗူဒီပ အနန္တဓဇ မဟာဓမ္မ ရာဇဂုရု | ၁ | ၆၉ | ၄၉ | မင်းရွာဆရာတော် | မူလပဏ္ဏာသကျမ်း |
| ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မ ရာဇဂုရု | ၁ | ၆၂ | ၄၂ | ရွှေတောင်ဆရာတော် | မဟာဝဂ္ဂသံယုတ် |
| ကဝိန္ဒသာရဓဇ မဟာဓမ္မ ရာဇဂုရု | ၁ | ၅၅ | ၃၅ | လောကမှန်ကင်းဆရာ | ဓမ္မပဒကျမ်း |
| ပရမသီရိဝံသဓဇ မဟာရာဇဂုရု | ၁ | ၆၁ | ၄၁ | တောင်တွင်းဆရာတော် | မူလပဏ္ဏာသကျမ်း |
| ဂုဏသီရိသဒ္ဓမ္မဓဇ မဟာရာဇဂုရု | ၁ | ၆၀ | ၄၀ | ပိုက်သင်ဆရာတော် | သုတ်မဟာဝါ |
| ပရမသီရိဝံသဓဇ မဟာဓမ္မ ရာဇဂုရု | ၁ | ၅၀ | ၃၀ | မဲတီးဆရာတော် | ဓမ္မပဒကျမ်း |
| ညာဏာလင်္ကာရသဒ္ဓမ္မဓဇ မဟာရာဇဂုရု | ၁ | ၄၀ | ၂၀ | ဆင်တဲဆရာတော် | ဓမ္မပဒကျမ်း |
| မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မသာမိ မဟာဓမ္မ ရာဇဂုရု | ၁ | ၄၆ | ၄၄ | တောင်လေးလုံးဆရာ | မူလပဏ္ဏာသကျမ်း |
| ဝံသာဘိဓဇ မဟာရာဇဂုရု | ၁ | ၅၇ | ၃၇ | မအူဆရာတော် | ဓမ္မပဒကျမ်း |
| ဂုဏသီရိဝံသဓဇ မဟာရာဇဂုရု | ၁ | ၅၇ | ၃၆ | ဗန့်ဘိုးဆရာတော် | ဓမ္မပဒကျမ်း |
| သီရိဝံသာဘိဓဇ မဟာရာဇဂုရု | ၁ | ၄၀ | ၂၀ | ဆီးပနီဆရာတော် | ဒီဃနိကာယ် |
| ရှင်မဏိမာလ | ၁ | ၃၃ | ၁၃ | ရတနာဘုံကျောင်း | ဓမ္မပဒကျမ်း |
| ရှင်ဓမ္မသာရ | ၁ | ၃၄ | ၁၄ | အောင်မြေဘုံကျော် | ဓမ္မပဒကျမ်း |
| ရှင်သြဘာသဓမ္မ | ၁ | ၃၅ | ၁၅ | စံကျောင်းတော် | ဓမ္မပဒကျမ်း |
| ရှင်နန္ဒမေဓာ | ၁ | ၃၃ | ၁၃ | ရတနာဘုံသာကျောင်း | ဓမ္မပဒကျမ်း |

| | | | | |
|---|---|---|---|---|
| ရှင်ပုညာရမ္မ | ၁ | ၄၀ | ၂၀ | မြင်းစုဝန်ကြီးကျောင်း | ဓမ္မပဒကျမ်း |
| ရှင်သာရဒဿီ | ၁ | ၄၇ | ၁၅ | ပြာသာဒ်ကျောင်း | ဓမ္မပဒကျမ်း |
| ရှင်သဒ္ဓမ္မစာရီ | ၁ | ၄၆ | ၂၆ | ကသာမြို့စားကျောင်း | ဓမ္မပဒကျမ်း |

ပေါင်း—၂၀

## ရွှေမြို့တော် နိဿယည်းဆရာတော်တို့ တပည့်တိုက်နေ စာပြန်ပြီး သံဃာတော်တို့စာရင်း

| | အသက် | သိက္ခာ | မြို့ရွာနာမည်တော် | နောက်လေ့လာရန်စာ |
|---|---|---|---|---|
| ကဝိန္ဒာဘိသဒ္ဓမ္မဝရဓဇ မဟာရာဇဂုရု | ၁ | ၃၀ | ၈ | ညောင်ကန်ဆရာတော် | ဒီဃနိကာယ် |
| စန္ဒသာရဓဇ မဟာရာဇဂုရု | ၁ | ၄၉ | ၂၈ | လောကမှန်ကင်းတိုက် | ဓမ္မပဒကျမ်း |
| ဝရသဒ္ဓမ္မဓဇ မဟာရာဇဂုရု | ၁ | ၃၉ | ၁၉ | ရွှေတောင်တိုက် | ဓမ္မပဒကျမ်း |
| ရှင်ပုညာသီလာ | ၁ | ၃၂ | ၁၀ | မဲတီးတိုက် | ဒီဃနိကာယ် သုတ်မဟာဝါ |
| ကဝိဝံသာဘိဓဇ မဟာရာဇဂုရု | ၁ | ၄၄ | ၂၄ | ရွှေတောင်တိုက် | မဟာဝဂ္ဂသံယုတ် |
| ရှင်မဏိဓဇ | ၁ | ၃၃ | ၁၃ | မင်္ဂလာစံလွှတ်တိုက် | ဓမ္မပဒကျမ်း |
| ရှင်သုဒဿန | ၁ | ၄၂ | ၂၁ | | ဓမ္မပဒကျမ်း |

ပေါင်း—၇ ပါး

## အဝေးမြို့ကျေးရွာ စာပြန် နိဿယည်းဆရာတော် သံဃာတော်တို့စာရင်း

| | | အသက် | သိက္ခာ | မည်သည့်ရွာ ဆရာတော် | နောက်လေ့လာရန်စာ |
|---|---|---|---|---|---|
| မုနိန္ဒဓမ္မ မဟာရာဇဂုရု | ၁ | ၅၉ | ၃၇ | စစ်ကိုင်းရွှေတိုက်ဝန်ဟောင်း | မူလပဏ္ဏာသကျမ်း |
| ဇောတာဘိသာသနဓဇ မဟာရာဇဂုရု | ၁ | ၄၃ | ၂၃ | ရေစကြိုဆရာတော် | ဓမ္မပဒကျမ်း |
| ဓမ္မာဘိလင်္ကာရ မဟာရာဇဂုရု | ၁ | ၄၄ | ၂၄ | ဂူအိုဆရာတော် | မူလပဏ္ဏာသကျမ်း |
| ရှင်ပညာသေဠိ | ၁ | ၅၃ | ၃၃ | ပုဂံ ကန်စွယ်ဂိုဏ်းအုပ် | ကေ့ဒုက့တိကနိပါတ် |
| ရှင်ဂုဏာလင်္ကာရ | ၁ | ၃၆ | ၁၆ | ပုဂံ ကာမတောရဂိုဏ်းအုပ် | ကေ့ဒုက့တိကနိပါတ် |
| ရှင်သုမန | ၁ | ၄၆ | ၂၆ | ဗျည်ဂိုဏ်းအုပ်ဆရာတော် | ဓမ္မပဒကျမ်း |
| ရှင်ဂုဏမာလာ | ၁ | ၄၆ | ၂၇ | သော်တန်ဂိုဏ်းအုပ် | ဒီဃနိကာယ် သုတ်မဟာဝါ |
| ရှင်ဇိနာလင်္ကာရ | ၁ | ၃၁ | ၁၁ | မြင်သာဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်ဂုဏာလင်္ကာရ | ၁ | ၅၃ | ၃၃ | လက်တောဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်ဇယန္တ | ၁ | ၄၀ | ၁၉ | သစိုဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်ဥတ္တမသာရ | ၁ | ၃၆ | ၁၆ | ငါးခရိုင်ဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ပညာဘိသီရိဓဇ မဟာရာဇဂုရု | ၁ | ၆၀ | ၄၀ | နေရင်းဆရာတော် | ဓမ္မပဒကျမ်း |
| ရှင်ကေတုမာလာ | ၁ | ၄၂ | ၂၂ | ကျွဲအိုဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်မေဓာဝီ | ၁ | ၄၆ | ၂၆ | ရွာစည်ဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်နန္ဒာဝရ | ၁ | ၄၃ | ၂၃ | ဆင်ဖြူကျွန်းဂိုဏ်းအုပ် | ကေ့ဒုက့တိကနိပါတ် |
| ရှင်အဂ္ဂ | ၁ | ၄၇ | ၂၇ | ရွှေထားဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |

| | | | | | |
|---|---|---|---|---|---|
| ဝိမလသဒ္ဓမ္မ မဟာရာဇဂုရု | ၁ | ၄၄ | ၂၄ | မင်းတဲကုန်းဆရာတော် | ဓမ္မပဒကျမ်း |
| ရှင်ပဏ္ဍိတ | ၁ | ၃၅ | ၁၅ | ငါးခရိုင်ပေါင်းဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်မေဓာ | ၁ | ၃၆ | ၁၀ | ငှင်းတောမရွာ | ဓမ္မပဒကျမ်း |
| ရှင်နန္ဒဒီပ | ၁ | ၄၀ | ၁၈ | အောင်ပန်းဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ဝရသဒ္ဓမ္မဓဇ မဟာရာဇဂုရု | ၁ | ၅၂ | ၃၂ | သတုတ်ဆရာတော် | သုတ်မဟာဝါ |
| ရှင်သဒ္ဓမ္မရံသီ | ၁ | ၄၂ | ၂၀ | ပဒုံ အောက်တိုက်၊ညောင်ကန် | သုတ်မဟာဝါ |
| ရှင်ဉာဏသဒ္ဓမ္မ | ၁ | ၃၇ | ၁၇ | ပြည်မြို့ လေးထပ်ပြင်ကျောင်း | ဓမ္မပဒကျမ်း |
| ရှင်ဓမ္မစာရီ | ၁ | ၅၀ | ၃၀ | ပင်းတလဲဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်သဒ္ဓမ္မဇောတိပါလ | ၁ | ၄၅ | ၂၅ | မလွန်ဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်မုနိန္ဒဃောသ | ၁ | ၃၆ | ၁၃ | မြေတူးဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| သီရိဝံသာလင်္ကာရ မဟာရာဇဂုရု | ၁ | ၅၈ | ၃၉ | ကျောက်ဆောက်ဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်သီလာစာရ | ၁ | ၃၁ | ၁၂ | ပဲဟူဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |
| ရှင်ဉာဏ | ၁ | ၄၅ | ၂၅ | လက်ဝဲဂိုဏ်းအုပ် | ဓမ္မပဒကျမ်း |

ပေါင်း—၂၈ ပါး

| | |
|---|---|
| ရွှေမြို့တော် စာပြန် နိဿယည်းဆရာ | ၂၀ |
| ရွှေမြို့တော် နိဿယည်းဆရာ တပည့်စာပြန်ပြီး | ၇ |
| စစ်ကိုင်းမြို့ စာပြန် နိဿယည်းဆရာ | ၁ |
| အဝေးကျေးရွာ စာပြန် နိဿယည်းဆရာ | ၂၈ |

လေးရပ်စုစုပေါင်း— ၅၆ ပါး။

## နိဿယည်းခံ ရဟန်း သာမဏေ စာရင်းချုပ်

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း ၁၁၅၃-ခု နယုန်လကစ၍ ၁၁၅၄ ခု ဝါဆိုလတိုင် ရွှေမြို့တော်ကြီးမှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းဆရာ သံဃာတော်တို့ကို အမိန့်တော်မြတ်ကို နာခံပြီးလျှင် မည်သည့် နေ့ ရက်ကို ပြန်ဆိုပါမည် ဝန်ခံစေ၍ ဥဘတောဝိဘင်းကျမ်းကို သုဓမ္မာစရပ်တော်တွင် ဆရာတော် သံဃာတော်တို့ ရှေ့ပြန်ပြီး နိဿယည်းဆရာ အနက် အဝေးမြို့ကျေး ရွာ နိဿယည်းဆရာတို့ထံ နိဿယည်းယူ နိဿယည်းခံ လာရောက်သည့် ပုဂ္ဂိုလ်, ရဟန်း,သာမဏေ သုံးစုအနက် ဂန္ထဓူရကို အားထုတ်သည့်ပုဂ္ဂိုလ်,ရဟန်း,သာမဏေ၊ ဝိပဿနာဓူရကို အားထုတ်သည့် အသက်အရွယ်ကြီးရင့်သည့် ပုဂ္ဂိုလ်၊ နိဿယည်းယူ နိဿယည်းခံ ရဟန်း,သာမဏေတို့ စာရင်းချုပ်ဘုရား—

| | | ကျောင်း | ပုဂ္ဂိုလ် | ရဟန်း | သာမဏေ | သုံးစု | ဂန္ထဓူရ | ဝိပဿနာဓူရ | နှစ်စု |
|---|---|---|---|---|---|---|---|---|---|
| ရေစကြို နိဿယည်းခံ | ၁ | ၂၀ | ၂၀ | ၆၃ | ၇၄ | ၁၆၅ | ၁၄၇ | ၁၈ | ၁၆၅ |
| နေရင်းနိဿယည်းခံ | ၁ | ၉ | ၉ | ၂၁ | ၂၃ | ၅၃ | ၄၇ | ၆ | ၅၃ |
| ပုဂံ ကန်စွယ် နိဿယည်းခံ | ၁ | ၁၅ | ၁၅ | ၇၉ | ၇၁ | ၁၆၅ | ၁၅၀ | ၁၅ | ၁၆၅ |
| ပုဂံ ကာမတောရ နိဿယည်းခံ | ၁ | ၁၆ | ၁၆ | ၁၅ | ၅၅ | ၁၃၆ | ၂၉ | ၇ | ၁၃၆ |
| ကျားအို နိဿယည်းခံ | ၁ | ၂ | ၂ | ၁၂ | ၉ | ၂၃ | ၂၃ | | ၂၃ |
| ရွှေထားနိဿယည်းခံ | ၁ | ၂၀ | ၂၀ | ၄၀ | ၆၅ | ၁၃၃ | ၁၀၅ | ၂၀ | ၁၃၃ |
| ကြပိုနိဿယည်းခံ | ၁ | ၆ | ၆ | ၁၃ | ၁၇ | ၃၆ | ၃၁ | ၅ | ၃၆ |
| ပဒုံမြို့ နိဿယည်းခံ | ၁ | ၁၅ | ၁၅ | ၂၅ | ၈၂ | ၁၃၂ | ၁၂၄ | ၃ | ၁၃၂ |
| သစိုနိဿယည်းခံ | ၁ | ၁၉ | ၁၉ | ၃၁ | ၅၉ | ၁၀၅ | ၉၀ | ၁၅ | ၁၀၅ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| သတ္တုတ် နိဿယည်းခံ | ၁ | ၁၂ | ၁၂ | ၂၅ | ၃၅ | ၇၂ | ၇၁ | · | ၇၂ |
| ပုလဲ နိဿယည်းခံ | ၁ | ၂၆ | ၂၆ | ၈ | ၂၇ | ၆၁ | ၅၂ | ၉ | ၆၁ |
| သော်တန် နိဿယည်းခံ | ၁ | ၃၂ | ၃၂ | ၄၇ | ၅၈ | ၁၃၇ | ၁၃၁ | ၆ | ၁၃၇ |
| သစို နိဿယည်းခံ | ၁ | ၃၁ | ၃၁ | ၂၃ | ၁၀၆ | ၁၆၀ | ၁၄၈ | ၁၂ | ၁၆၀ |
| မောင်းထောင် နိဿယည်းခံ | ၁ | ၁၈ | ၁၈ | ၃၂ | ၄၈ | ၉၈ | ၇၅ | ၁၃ | ၉၈ |
| မင်းတဲကုန်း နိဿယည်းခံ | ၁ | ၈၆ | ၈၆ | ၃၂ | ၆၀ | ၁၈၈ | ၁၆၈ | ၂၀ | ၁၈၈ |
| ရွာစည် နိဿယည်းခံ | ၁ | ၁၃ | ၁၃ | ၂၉ | ၇၃ | ၁၁၅ | ၁၁၀ | ၅ | ၁၁၅ |
| ဆင်ဖြူကျွန်း နိဿယည်းခံ | ၁ | ၂၂ | ၂၂ | ၂၄ | ၅၆ | ၁၀၂ | ၉၄ | ၈ | ၁၀၂ |
| ဗျူသီ နိဿယည်းခံ | ၁ | ၃၅ | ၃၅ | ၃၅ | ၅၀ | ၁၀၀ | ၉၁ | ၉ | ၁၀၀ |
| မြင်သာ နိဿယည်းခံ | ၁ | ၁၇ | ၁၇ | ၄၀ | ၄၈ | ၁၀၅ | ၉၀ | ၁၅ | ၁၀၅ |
| လက်တော နိဿယည်းခံ | ၁ | ၁၉ | ၁၉ | ၆၀ | ၇၁ | ၁၅၀ | ၁၄၀ | ၁၀ | ၁၅၀ |
| ငတာမ နိဿယည်းခံ | ၁ | ၉ | ၉ | ၁၇ | ၂၄ | ၅၀ | ၄၁ | ၉ | ၅၀ |
| ပြည်မြို့ နိဿယည်းခံ | ၁ | ၂၉ | ၂၉ | ၈၉ | ၁၃၂ | ၂၅၀ | ၂၂၇ | ၂၃ | ၂၅၀ |
| ပင်းတလဲ နိဿယည်းခံ | ၁ | ၂၅ | ၂၅ | ၈၆ | ၉၄ | ၂၀၅ | ၁၉၂ | ၁၃ | ၂၀၅ |
| မလွန်မြို့ နိဿယည်းခံ | ၁ | ၁၄ | ၁၄ | ၃၅ | ၅၀ | ၁၀၀ | ၈၇ | ၁၃ | ၁၀၀ |
| မြေတူး နိဿယည်းခံ | ၁ | ၁၈ | ၁၈ | ၃၇ | ၅၀ | ၁၀၅ | ၉၀ | ၁၅ | ၁၀၅ |
| ကျောက်ဆောက် နိဿယည်းခံ | ၁ | ၂၀ | ၂၀ | ၅၀ | ၈၀ | ၁၅၀ | ၁၃၅ | ၃၅ | ၁၅၀ |
| ပဲဟူ နိဿယည်းခံ | ၁ | ၁၃ | ၁၃ | ၃၂ | ၅၈ | ၁၃၀ | ၈၉ | ၁၄ | ၁၃၀ |
| လက်ဝဲ နိဿယည်းခံ | ၁ | ၇ | ၇ | ၁၇ | ၂၆ | ၅၀ | ၄၃ | ၇ | ၅၀ |
| ပေါင်း— | ၂၈ | ၅၀၆ | ၅၀၆ | ၁၀၇၇ | ၁၆၃၂ | ၃၂၄၉ | ၂၉၃၅ | ၃၂၄ | ၃၂၄၉ |

## ပဏ္ဏာတော်

လျှောက်ပါသည် ဆရာတော်ဘုရား—

အကြည်တော် ဥတည်မင်းသို့ မင်းမြောက်တန်းဆာငါးပါး စသော မင်းခမ်းမင်းနား တံဆိပ်တော်များနှင့် ဓမ္မပဏ္ဏာကို ပေးတော်မူမည်၊ ဓမ္မပဏ္ဏာမှာ မကျဉ်းမကျယ် မည်သို့ ပေးရသော် သင့်မည် ဆရာတော်မှာ လျှောက်ချေ။

**၁၁၅၄—ခု ဝါခေါင်လဆန်း(၁၃)ရက်နေ့ မြေးတော် ဆရာကြာ ဥယျာဉ်စားကို စေတော်မူသည်တွင် သွင်းသည့်စာကား—**

ဗုဒ္ဓေါ ဓမ္မော သံဃောတိ ဣမာနိ တီဏိ ရတနာနိ လောကေ ဥပ္ပန္နာနိ၊ တေသု ဗုဒ္ဓေါနာမ သဗ္ဗပါပပဟီနော သကလဉေယျဓမ္မပဋိဝိဒ္ဓေါ သမ္ပါတုပ္ပိ အသက္ကုဏေယျဂုဏော။ ဓမ္မောနာမ တေန ဗုဒ္ဓေန ဒေသိတော စတုရာသီတိ ဓမ္မက္ခန္ဓသဟဿ ပရိယတ္တိဓမ္မသဟိတော နဝလောကုတ္တရဓမ္မော။ သံဃောနာမ တဿဓမ္မဿ ပဋိပန္နကော သကလျာဏပုထုဇ္ဇန အဋ္ဌအရိယပုဂ္ဂလသမူဟော။ ဣမာနိ တီဏိ ရတနာနိ သရဏာမာဂမ္မ သဗ္ဗဒုက္ခာ ပမုစ္စန္တိ၊ ဗုဒ္ဓဒေသိတ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿ ပရိယတ္တိဓမ္မေ အာဂတေစ ဒါနံ သီလံ ဘာဝနာ အပစာယနံ ဝေယျာဝစ္စံ ပတ္တိဒါနံ ပတ္တာနုမောဒနံ ဓမ္မသဝနံ ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မန္တိ ဣမေ ဒသကုသလကမ္မပထေ ကတွာ လောကိယလောကုတ္တရသုခံ လဘန္တိ။ ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရော မုသာဝါဒေါ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပေါ အဘိဇ္ဈာ ဗျာပါဒေါ မိစ္ဆာဒိဋ္ဌီတိ ဣမေ ဒသအကုသလကမ္မပထေ ကတွာ နိရယာဒိဒုက္ခံ ပါပုဏန္တိ။

ဘုရား,တရား,သံဃာတော်ဟူသော ရတနာသုံးပါးတို့သည် လောက၌ ဖြစ်ကုန်သည်၊ ထိုသုံးပါးတို့တွင် ခပ်သိမ်းသောအကုသိုလ်ကို ပယ်ပြီးသော အလုံးစုံသော ဉေယျဓမ္မကိုလည်း သိပြီးသော ရေတွက်ခြင်းငှါလည်း မတတ်နိုင်သော ကျေးဇူးဂုဏ်ရှိသော သူသည် ဘုရားမည်သည်၊ ထိုဘုရားဟောတော်မူသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိသော ပရိယတ္တိဓမ္မနှင့်တကွသော လောကုတ္တရာတရား ကိုးပါးသည် တရားမည်သည်၊ ထိုတရားကို ကျင့်သော ကလျာဏပုထုဇ္ဇန်နှင့်တကွ အရိယာပုဂ္ဂိုလ် ရှစ်ယောက်အပေါင်းသည် သံဃာမည်သည်၊ ဤရတနာသုံးပါးသို့ ကိုးကွယ်ဆည်းကပ်ကုန်၍ ခပ်သိမ်းသော သံသရာဆင်းရဲမှ လွတ်ကုန်သည်၊ ဘုရားဟောတော်

မူသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိသော ပရိယတ္တိဓမ္မ၌လာသော အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း, အရိုအသေပြုခြင်း, အမှုကြီးငယ်ကို ရှက်ဆောင်ခြင်း, ကုသိုလ်အဖို့ကို ဝေခြင်း, ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း, တရား နာခြင်း, တရားဟောခြင်း, အယူဖြောင့်စွာယူခြင်း ဤကုသလကမ္မပထဆယ်ပါးတို့ကို ပြုကုန်၍ လောကီ လောကုတ္တရာချမ်းသာကို ရကုန်သည်။ သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, သူ့သားအိမ်ရာကို ပြစ်မှားခြင်း, မုသားပြောဆိုခြင်း, ချောပြစ်ခြင်း, ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်း, အကျိုးမရှိ အပြိန်အဖျင်း ပြောဆိုခြင်း, အလိုကြီးခြင်း, စောင်းမြောင်း ငြိုးစူခြင်း, အယူမှားခြင်း ဤအကုသလကမ္မပထဆယ်ပါးတို့ကို ပြုကုန်၍ ငရဲစသော ဆင်းရဲသို့ ရောက်ကုန်သည်။

---

## နာမံတံဆိပ်တော်

| | |
|---|---|
| သိရိတြိပဝရ မဟာနာဂ သုဓမ္မ ရာဇာဓိရာဇာ— | ၁၇။ |
| သိရိတြိပဝရ မဟာနာဂ သုဓမ္မ မဟာဓမ္မ ရာဇာဓိရာဇာ— | ၂၂။ |
| သိရိတြိဘဝနာဒိတျပဝရ မဟာနာဂ သုဓမ္မ ရာဇာဓိရာဇာ— | ၂၃။ |

အကြည်တော် ဥတည်မင်းသို့ သနားတော်မူမည် ရံထားသည့် နာမံတံဆိပ်သုံးရပ်တွင် မည်သည်မှာ သင့်မည်၊ ဆရာတော်ကို လျှောက်စေ၊ အမိန့်တော်နှင့်—

**၁၁၅၄—ခု တော်သလင်းလဆန်း(၁၄)ရက်နေ့ သံတော်ဆင့် နန္ဒဝေသာကို လျှောက်လှာစေသည်တွင် အမိန့် ရှိလိုက်သည်ကား—**

အကြည်တော် ဥတည်မင်းသို့ သနားတော်မူမည် ရံထားသည့် နာမံတံဆိပ်သုံးရပ်တွင် "သိရိတြိပဝရ မဟာနာဂ သုဓမ္မ ရာဇာဓိရာဇာ" ဟူသော နာမံတံဆိပ်တော်ကို ဝဂ္ဂစက်နှင့် ထောက်သော် သုံးခုကြွင်း ခြသေ့ သင့်သည်၊ မာတရိကာစက်နှင့် ထောက်သော် သုံးခုပင်ကြွင်း၍ သေသမျှားသည်၊ ကျန် နှစ်ရပ်မှာ အသင့်အကြွင်း မတော် ရှိသည်၊ အသင့်အကြွင်း တော်သော "သိရိတြိပဝရ မဟာနာဂ သုဓမ္မ ရာဇာဓိရာဇာ" ဟူသော တဆယ့်ချစ်လုံးဖွဲ့ နာမံတံဆိပ်ကို သနားတော်မူသော် သင့်မည် ဖြစ်သည်။

## နေ့ လ နက္ခတ် ယှဉ် သွား

အတွင်းဝန်တို့ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား—

နေသွား လသွား နက္ခတ်တို့ ယှဉ်ခြင်း သွားခြင်းကို ဆိုသည့် စာသည် ကျမ်းဂန်ပုဒ်ပါဠိ ပါဠိဖြစ်၍ မသိသာ ရှိသည်၊သိတော်မူသာအောင် ဆရာတော်မှာလျှောက်စေ၊သက္ကရာဇ်၁၁၅၄-ခု တန်ဆောင်မုန်း လပြည့်ကျော် (၁၀)ရက်နေ့ ဘုရားအမိန့်တော်မြွက်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း ကျိုင်းတော်စွဲမှူး သီရိနေဗ်ရထာကို စေ၍ လျှောက်ပါသည်၊ပုဒ်ပါဠိ ပါဠိကို အနက်နိသျ အဓိပ္ပါယတ္ထ ယုတ္တိအာဂုံ အထောက်အထားများနှင့် သိတော်မူသာအောင် စာသွင်းတော်မူပါမည့် အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

သူရိယဿ ဥဇုဂ္ဂမနံ သီဃံ၊ တိရိယဂမနံ ဒန္ဓံ၊ သော ကာဠပက္ခ ဥပေါသထဒိဝသတော ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ၊အထ စန္ဒော လေခါ ဝိယ ပညာယတိ၊ ပက္ခဿ ဒုတိယာယ သတသဟဿန္တိ ဧဝံ ယာဝ ဥပေါသထဒိဝသာ သတသဟဿံ သတသဟဿံ ဩဟာယ ဂစ္ဆတိ။ အထ စန္ဒော အနုက္ကမေန ဝဍ္ဎိတွာ ဥပေါသထဒိဝသေ ပရိပုဏ္ဏော ဟောတိ။ ပုန ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ။ ဒုတိယာယ သတသဟဿန္တိ ဧဝံ ယာဝဥပေါသထဒိဝသာ သတသဟဿံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ။ အထ စန္ဒော အနုက္ကမေန ဟာယိတွာ ဥပေါသထဒိဝသေ သဗ္ဗသော န ပညာယတိ။ **သုတ်ပါထေယျ အဋ္ဌကထာ အဂ္ဂညသုတ်။**

စန္ဒော ဥဇုကံ သဏိကံ ဂစ္ဆတိ၊ သော ပဝိ အမာဝါသိယံ သူရိယေန သဒ္ဓိံ ဂစ္ဆန္တော ဒိဝသေ ဒိဝသေ ထောကံ ထောကံ ဩဟီယန္တော စ ပုဏ္ဏမာသိယံ ဥပဍ္ဎုမဂ္ဂတော ဩဟီယတိ၊ တိရိယံ ပန သီဃံ ဂစ္ဆတိ။

သူရိယော ကာဠပက္ခဥပေါသထဒိဝသေ စန္ဒေန သဟေဝ ဂန္တွာ တတောပရံ ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ၊အတ္တနော သီဃဂါမိတာယ တဿစ ဒန္ဓဂါမိတာယ၊အထ စန္ဒော လေခါ ဝိယ ပညာယတိ။

အထ စန္ဒော အနုက္ကမေန ဝစိုတွာ ဥပေါသထဒိဝသေ ပရိပုဏ္ဏော ဟောတိ။ တသ္မာ အနုက္ကမေန ဝစိုတွာ ဝိယ ဥပေါသထဒိဝသေ ပုဏ္ဏမာယ ပရိမဏ္ဍလော ဟုတွာ ဒိဿတိ။အထ စန္ဒော အနုက္ကမေန ဟာယိတွာ ကာဠပက္ခ ဥပေါသထဒိဝသေ သဗ္ဗသော န ပညာယတိ။ **ဝိနည်းဋီကာ သာရတ္ထဒီပနီကျမ်း။**

စိတ္တော ဝေသာခေါ ဇေဋ္ဌော စ၊ အာသဠှော ဒွိသု စ သဝဏော။
ပေါဋ္ဌပါဒဿ ယုဇ္ဇာ စ၊ မာသာ ဒွါဒသ ကတ္တိကော။
မာဂသိရော တထာ ဖုဿော၊ ကမေန မာဃ ဖဂ္ဂုနာ။
**အဘိဓာန်ကျမ်း။**

ကတ္တိကာယ ယုတ္တော ကတ္တိကော၊ ဧဝံ မာဂသိရော၊ ဖုဿော၊ မာဃော၊ ဖဂ္ဂုနော တိ။ **သဒ္ဒါကျမ်း။**

မဟာပုရိသော ပန ဥတ္တရာသဠှနက္ခတ္တေနေဝ မာတုကုစ္ဆိံ ဩက္ကမိ၊ မဟာဘိနိက္ခမနံ နိက္ခမိ၊ ဓမ္မစက္ကံ ပဝတ္တယိ၊ ယမကပါဋိဟာရိယံ အကာသိ၊ ဝိသာခါ နက္ခတ္တေန ဇာတော အဘိသမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော စ။ မာဃနက္ခတ္တေန သာဝကသန္နိပါတော စ အာယုသင်္ခါရဝေါဿဇ္ဇနဉ္စ အဟောသိ။ အဿယုဇ နက္ခတ္တေန ဒေဝေါ ရောဟနံ။ အယံ နက္ခတ္တပရိစ္ဆေဒေါ။ **ဗုဒ္ဓဝင်အဋ္ဌကထာ။**

မဟာဗောဓိ ပုဗ္ဗကတ္တိက ပဝါရဏာဒိဝသေ သာယဏှသမယေ ပထမံ သုဝဏ္ဏကဋာဟေ တိဋ္ဌတိ။ တတော ဟိမဂဗ္ဘသတ္တာဟံ အဘိသေကသတ္တာဟဉ္စ ဝီတိနာမေတွာ ကာဠပက္ခဥပေါသထဒိဝသေ ဧကေဒိဝသေနေဝ ပါဋလိပုတ္တံ ပဝိသေတွာ။ပ။ သုမနသာမဏေရော ကတ္တိကပုဏ္ဏမဒိဝသေ ဓာတုဂ္ဂဟဏတ္ထံ ဂတော၊ မဟာဗောဓိဿ ကတ္တိက ဆဏပူဇံ အဒ္ဒသ။ **သမန္တပါသာဒိကဝိနည်းအဋ္ဌကထာ။**

မိဂသိရမာသဿ ပထမဒိဝသတော ပဘုတိ။ပ။ ဧတ္တုတ္တဒိဝသေ မဟာဗောဓိံ အာဒါယ ဥဋ္ဌာရပူဇံ ကုရုမာနော။ပ။ စတုဒ္ဒသ ဒိဝသေ။ပ။ အတ္တဂ်မိတေ သူရိယေ ရောဟိဏီနက္ခတ္တေန ပထဝိယံ ပတိဋ္ဌတိ။ **သမန္တပါသာဒိကပါဠိ။**

၁ ဧဝံ သမ္ဗုတ္တေ သမ္ဗုာရေဝေသာခ ပုဏ္ဏမာသိယံ။
ပတ္တေ ဝေသာခ နက္ခတ္တေ၊မဟာထူပတမာရဘိ။
၂ ဧဝံ အာသဠှမာသဿ၊သုက္ကပက္ခမှိ ပဌမံ။
ဥပေါသထေ ပန္နရသေ၊ ပတိဋ္ဌာပေသိ ဇိနဓာ။
၃ အာသဠှိ သုက္ကပက္ခဿ၊ ပန္နရသေ ဥပေါသထေ၊
ဥတ္တရာသဠှ နက္ခတ္တေ၊ ဧဝံ ဓာတုပတိဋ္ဌိတာ။ **မဟာဝင်ပါဠိ။**

အမိန့်တော်ရှိလိုက်သည်ကား—

**အင်္ဂုသုတ်အဌကထာအနက်**—သူရိယဿ၊ နေမင်း၏။ ဥဇုဂမနံ၊ အဖြောင့်သွားခြင်းကား။ သိဃံ၊ လျင်၏။ တိရိယဂမနံ၊ ဖီလာသွားခြင်းကား။ ဒန္ဓံ၊နှေး၏။ သော၊ထိုနေသည်။ ကာဠပက္ခဥပေါသထဒိဝသတော၊လကွယ်ဥပုသ်နေ့မှ။ ပါဋိပဒဒိဝသေ၊အထွက်တရက်နေ့၌။ယောဇနာနံသတသဟဿံ၊ ယူဇနာတသိန်းတိုင်တိုင်။ စန္ဒမဏ္ဍလံ၊လဝန်းကို။ ဩဟာယ၊စွန့်၍။ ဂစ္ဆတိ၊သွား၏။ အထ၊ထိုအခါ၌။ စန္ဒော၊လသည်။လေခါဝိယပညာယတိ၊ရေးရေးယောင်ထင်၏။ပက္ခဿဒုတိယာယ၊ လဆန်း(၂)ရက်နေ့၌။သတသဟဿံ၊ တသိန်းတိုင်တိုင်။ စန္ဒမဏ္ဍလံ၊လဝန်းကို။ ဩဟာယ၊စွန့်၍။ ဂစ္ဆတိ၊သွား၏။ဣတိဝေံ၊ဤသို့။ ယာဝဥပေါသထဒိဝသာ၊ လပြည့်ဥပုသ်နေ့တိုင်အောင်။သတသဟဿံ သတသဟဿံ ဩဟာယ ဂစ္ဆတိ၊ တသိန်းတသိန်းစွန့်၍သွား၏။အထ၊ထိုအခါ၌။ စန္ဒော၊လသည်။ အနုက္ကမေန၊အစဉ်အားဖြင့်။ ဝဍ္ဎိတွာ၊ပွား၍။ ဥပေါသထဒိဝသေ၊ လပြည့်ဥပုသ်နေ့၌။ ပရိပုဏ္ဏော၊ပြည့်သည်။ ဟောတိ၊ဖြစ်၏။ပုန၊တဖန်။ပါဋိပဒဒိဝသေ၊ လဆုတ်အထွက်တရက်နေ့၌။ ယောဇနာနံ သတသဟဿံ၊ ယူဇနာတသိန်းတိုင်တိုင်။ ဓာဝိတွာ၊ပြေး၍။ ဂဏှာတိ၊ယူ၏။ ဒုတိယာယ၊ လဆုတ်(၂)ရက်နေ့၌။ သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊ တသိန်းတိုင်တိုင် လိုက်၍ယူ၏။ ဣတိဝေံ၊ ဤသို့။ ယာဝဥပေါသထဒိဝသာ၊ လကွယ်ဥပုသ်နေ့တိုင်အောင်။ သတသဟဿံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊တသိန်းတသိန်းလိုက်၍ ယူ၏။အထ၊ထိုအခါ၌။စန္ဒော၊လသည်။အနုက္ကမေန၊အစဉ်အားဖြင့်။ ဟာယိတွာ၊ယုတ်၍။ ဥပေါသထဒိဝသေ၊လကွယ်ဥပုသ်နေ့၌။သဗ္ဗသော နပညာယတိ၊အချင်းခပ်သိမ်းမထင်။

ဤပါဠိဖြင့် နေသွား လသွားနှင့် လပြည့်နေ့မှ လအဝန်းပြည့်သည်၊ လဆန်း(၁)ရက်နေ့မှ လမြင်သည်၊ လကွယ်နေ့ လမမြင်ဟူသော အနက်ကို ပြသည်။

**သာရတ္ထဒီပနီအနက်**—စန္ဒော၊ လသည်။ ဥဇုကံ၊ အဖြောင့်ကား။ သဏိကံ၊ နှေးနှေး။ဂစ္ဆတိ၊သွား၏။ ဟိ၊သင့်စွ။ သော၊ထိုလသည်။ အမာဝါသိယံ၊ လကွယ်နေ့၌။သူရိယေန၊နေ၏ နေနှင့်။ သဒ္ဓိံ၊တကွ။ ဂစ္ဆန္တော၊သွားသည်ရှိသော်။ ဒိဝသေဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ထောကံ ထောကံ၊ အတန်အတန်။ ဩဟိယန္တော၊ကျန်ရစ်သည်ဖြစ်၍။ပုဏ္ဏမာသိယံ၊လပြည့်နေ့၌။ဥပစုမဂ္ဂတော၊ခရီးအလတ်မှ။ ဩဟီယတိ၊ကျန်ရစ်၏။တိရိယံပန၊ဖီလာကား။သိဃံ၊လျင်စွာ။ဂစ္ဆတိ၊သွား၏။

သူရိယော၊နေသည်။ကာဠပက္ခဥပေါသထဒိဝသေ၊ လကွယ်ဥပုသ်နေ့၌။ စန္ဒေန၊ လနှင့်။ သဟေဝ၊ တကွသာလျှင်။ ဂန္တွာ၊သွား၍။ တတော၊ထိုမှ။ ပရံ၊နောက်၌။

ပါဠိပဒဒိဝသော၊လဆုတ်အထွက်(၁)ရက်နေ့၌။ယောဇနာနံ သတသဟဿံ၊ ယူဇနာ တသိန်းတိုင်အောင်။ စန္ဒမဏ္ဍလံ၊ လဝန်းကို။ ဩဟာယ၊ ချန်၍။ ဂစ္ဆတိ၊ သွား၏။ ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။အတ္တနော၊မိမိ၏။ သိဃ်ဂါမိတာယ၊လျင်စွာ သွားခြင်း ရှိသည်၏ အဖြစ်ကြောင့်။တဿစ၊ထိုလ၏လည်း။ ဒန္ဓဂါမိတာယ၊နှေးစွာ သွားခြင်း ရှိသည်၏ အဖြစ်ကြောင့်တည်း။ အထ၊ ထိုအခါ၌။ စန္ဒော၊ လသည်။ လေခါဝိယပညာယတိ၊ အရေးကဲ့သို့ ထင်၏။ အထ၊ထိုအခါ၌။ စန္ဒော၊လသည်။ အနုက္ကမေန၊အစဉ်သဖြင့်။ ဝဍ္ဎိတွာ၊ပွား၍။ ဥပေါသထဒိဝသေ၊ လပြည့်ဥပုသ်နေ့၌။ ပရိပုဏ္ဏော၊ပြည့်သည်။ ဟောတိ၊ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ အနုက္ကမေန၊ အစဉ် သဖြင့်။ဝဍ္ဎိတွာဝိယ၊ပွားဘိသကဲ့သို့။ ဥပေါသထဒိဝသေ၊ လပြည့်ဥပုသ်နေ့၌။ ပုဏ္ဏမာယ၊ လရေးပြည့်သောအားဖြင့်။ ပရိမဏ္ဍလော၊ အဝန်းသည်။ ဟုတွာ၊ဖြစ်၍။ ဒိဿတိ၊ထင်၏။ အထ၊ထိုအခါ၌။စန္ဒော၊လသည်။ အနုက္ကမေန၊အစဉ်သဖြင့်။ ဟာယိတွာ၊ယုတ်၍။ ကာဠပက္ခ ဥပေါသထဒိဝသေ၊ လကွယ်ဥပုသ်နေ့၌။ သဗ္ဗသော နပညာယတိ၊အလျှင်းမထင်။

ဤင်းပါဠိဖြင့် နေသွား လသွားနှင့် လပြည့်နေ့ လဝန်းပြည့်ကြောင်း လကွယ်နေ့ လ မမြင်မထင်ကြောင်းကို ပြသည်။

**အဘိဓာန်အနက်**—စိတ္တော၊ တန်းခူးလ။ ဝေသာခေါ၊ ကဆုန်လ။ ဇေဋ္ဌော၊ နယုန်လ။အာသဠှော၊ဝါဆိုလ။ဒွိသု၊ဤနှစ်လိုင်,ပုလ္လိင်တည်း။ သာဝဏော၊ ဝါခေါင် လ။ပေါဋ္ဌပါဒ၊ တော်သလင်းလ။ အဿယုဇာ၊ သီတင်းကျွတ်လ။ ကတ္တိကော၊ တန်ဆောင်မုန်းလ။ မာဂသိရော၊ နတ်တော်လ။ တထာ၊ ထိုမှတပါး။ ဖုဿော၊ ပြာသိုလ။မာဃ၊တပို့တွဲလ။ဖဂ္ဂုနော၊တပေါင်းလ။ ကမေန၊အစဉ်အားဖြင့်။ ဒွါဒသ မာသာ၊ (၁၂)လတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤပါဠိကို ထောက်၍ လပြည့်နက္ခတ်ကို သိအပ်သည်။

**သဒ္ဒါကျမ်းအနက်**—ကတ္တိကာယ၊နှင့်။ယုတ္တော၊ ယှဉ်သည်ဘည်း။ ကတ္တိကော၊ ကြတ္တိကာနှင့် ယှဉ်သောလ။ ဧဝံ၊ ဤအတူ။ မာဂသိရော၊ မိဂသီနှင့် ယှဉ်သောလ။ မာဃော၊မာဃနှင့်ယှဉ်သောလ။ဖဂ္ဂုနော၊ဖရဂုဏ္ဏီနှင့် ယှဉ်သောလ။

နက္ခတ်ကိုထောက်၍ လအမည်ရသည်ကို ပြသည်။

**ဗုဒ္ဓဝင်အနက်**—မဟာပုရိသောပန၊ ဘုရားလောင်းသည်ကား။ ဥတ္တရာသဠှ နက္ခတ္တေနေဝ၊ ဥတ္တရာသဠ်နက္ခတ်ဖြင့်သာလျှင်။ မာတုကုစ္ဆိံ၊ မယ်တော်ဝမ်းသို့။ ဩက္ကမိ၊သက်၏။ မဟာဘိနိက္ခမနံ၊ မြတ်သော တောထွက်ခြင်းကို။ နိက္ခမိ၊ထွက်၏။

ဓမ္မစက္ကံ၊ ဓမ္မစကြာကို။ပဝတ္တယိ၊ဟော၏။ယမကပါဋိဟာရိယံ၊ ယမိုက်ပြာဋိဟာကို။ အကာသိ၊ပြု၏။ ဝိသာခါနက္ခတ္တေန၊ ဝိသာခါနက္ခတ်ဖြင့်။ ဇာတော၊ဖွား၏။ အဘိသမ္ဗုဒ္ဓေါစ၊ ဘုရားလည်းဖြစ်၏။ ပရိနိဗ္ဗုတောစ၊ ပရိနိဗ္ဗာန်လည်းပြု၏။ မာဃနက္ခတ္တေန၊ မာဃနက္ခတ်ဖြင့်။ သာဝကသန္နိပါတောစ၊ သာဝက အစည်းအဝေးသည်လည်းကောင်း။ အာယုသင်္ခါရဝေါဿဇ္ဇနဥ္စ၊ အာယုသင်္ခါရ လွှတ်ခြင်းသည်လည်းကောင်း။ အဟောသိ၊ ဖြစ်၏။ အဿယုဇနက္ခတ္တေန၊ အဿယုဇနက္ခတ်နှင့်။ ဒေဝေါရောဟနံ၊ နတ်ပြည်မှ သက်ခြင်းသည်။ အဟောသိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။နက္ခတ္တပရိစ္ဆေဒေါ၊နက္ခတ်အပိုင်းအခြားတည်း။

ဤပါဠိဖြင့် လယှဉ်နက္ခတ်ကို ဆိုအပ်သည်။

**ပါရာဇိကကဏ် အဋ္ဌကထာ အနက်**—မဟာဗောဓိ၊ ဒက္ခိဏသာခါ မဟာဗောဓိသည်။ ပုဗ္ဗကတ္တိကပဝါရဏာဒိဝသေ၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့တွင်။ သာယဏှသမယေ၊ညချမ်းအခါ၌။ ပဉ္စမံ၊ ရှေးဦးစွာ။ သုဝဏ္ဏကဋာဟေ၊ ရွှေဖျဉ်းထက်၌။တိဋ္ဌတိ၊တည်၏။ တဒတော၊ထိုနောင်မှ။ ဟိမဂဗ္ဘသတ္တာဟဥ္စ၊ ဆီးနှင်းတိုက်၌တည်သော သတ္တာဟကိုလည်းကောင်း။ အဘိသေကသတ္တာဟဥ္စ၊ အဘိသိက် သွန်းလောင်းသော သတ္တာဟကိုလည်းကောင်း။ ဝီတိနာမေတွာ၊ လွန်စေ၍။ ကာဠပက္ခဥပေါသထဒိဝသေ၊သီတင်းကျွတ်လကွယ် ဥပုသ်နေ့၌။ကေဒိဝသေနေဝ၊ နေ့ခြင်းဖြင့်သာလျှင်။ပါဋလိပုတ္တံ၊ပါဋလိပုတ်ပြည်သို့၊ ပဝိသေတွာ၊သွင်း၍။ပ။ သုမနသာမဏေရော၊ သုမနသာမဏေသည်။ ကတ္တိကပုဏ္ဏမဒိဝသေ၊ တန်ဆောင်မုန်းလပြည့်နေ့၌။ ဓာတုဂ္ဂဟဏတ္ထံ၊ဓာတ်တော်ယူခြင်းငှါ။ ဂတော၊သွားသည်ဖြစ်၍။ မဟာဗောဓိဿ၊ မဟာဗောဓိအား။ ကတ္တိကဆဏပူဇံ၊ ကြတ္တိကာနက္ခတ်သဘင် ပူဇော်ခြင်းကို။ အဒ္ဒသ၊မြင်၏။

ဤပါဠိဖြင့် သီတင်းကျွတ်လသည် ပုဗ္ဗကတ္တိက၊ တန်ဆောင်မုန်းလသည် အပရကတ္တိကမည်ကြောင်း, တန်ဆောင်မုန်းလပြည့်နေ့၌ ကြတ္တိကာနက္ခတ်နှင့် ယှဉ်ကြောင်း, ကြတ္တိကာနက္ခတ်သဘင် ခံကြောင်းကို သိအပ်သည်။

**ပါရာဇိကကဏ်အနက်**—မိဂသိရမာသဿ၊ နတ်တော်လ၏။ ပဌမဒိဝသတော၊ လဆန်း(၁)ရက်နေ့မှ။ပဘုတိ၊စ၍။ပ။စတုတ္ထဒိဝသေ၊လေးရက်မြောက်သောနေ့၌။ မဟာဗောဓိံ၊ မဟာဗောဓိကို။ အာဒါယ၊ ယူ၍။ ဥဋ္ဌာရပူဇံ၊ မြတ်သောပူဇော်ခြင်းကို။ကုရုမာနော၊ ပြုလျက်။ပ။ စတုဒ္ဒသဒိဝသေ၊ လဆန်း(၁၄)ရက်နေ့၌။ပ။

သူရိယော၊နေသည်။ အတ္တဂ်မိတော၊ဝင်သည်ရှိသော်။ ရောဟိဏီနက္ခတ္တေန၊ ရောဟိဏီနက္ခတ်ဖြင့်။ပထဝိယံ၊မြေ၌။ပတိဋ္ဌိတော၊တည်၏။

ယင်းပါဠိဖြင့် နတ်တော်လဆန်း(၁၄)ရက်နေ့ ရောဟိဏီနက္ခတ်နှင့် ယှဉ်ကြောင်းကို သိအပ်သည်။

**မဟာဝင်အနက်** —ဇဝံ၊ဤသို့။သမ္ဘာရေ၊အဆောက်အဦသည်။ သမ္ပတ္တေ၊ပြည့်စုံလတ်သော်။ ဝေသာခပုဏ္ဏမာသိယံ၊ ကဆုန် လပြည့်နေ့၌။ ဝိသာခါနက္ခတ္တေ၊ ဝိသာခါနက္ခတ်သည်။ ပတ္တေ၊ ရောက်လတ်သော်။ မဟာထူပဋ္ဌံ၊ မဟာစေတီတည်ခြင်းအကျိုးငှါ။အာရဒ္ဓ၊အားထုတ်၏။

ဇဝံ၊ဤသို့။ အာသဠှမာသဿ၊ဝါဆိုလ၏။ သုက္ကပက္ခမှိ၊ လဆန်းပက္ခဖြစ်သော။ ပန္နရသေ ဥပေါသထေ၊ တဆယ့်ငါးရက် ဥပုသ်နေ့၌။ ပဌမံ၊ရှေးဦးစွာ။ ဣဋ္ဌကာ၊ မင်္ဂလာအုတ်တို့ကို။ပတိဋ္ဌာပေသိ၊တည်စေ၏။

အာသဠှီသုက္ကပက္ခဿ၊ဝါဆိုလဆန်းပက္ခ၏။ပန္နရသေ ဥပေါသထေ၊တဆယ့်ငါးရက် ဥပုသ်နေ့တွင်။ ဥတ္တရာသဠှနက္ခတ္တေ၊ ဥတ္တရာသဠ်နက္ခတ်၌။ ဇဝံ၊ဤသို့။ ဓာတု၊ဓာတ်တော်သည်။ပတိဋ္ဌိတာ၊တည်၏။

ငင်းပါဠိဖြင့် ကဆုန်လ၌ ဝိသာခါ၊ ဝါဆိုလ၌ ဥတ္တရာသဠှနက္ခတ်ယှဉ်ကြောင်းကို သိအပ်သည်၊ လျှောက်စာတွင် ပါရင်းပါဠိ ယိုယွင်းသည်များကို ကျမ်းရင်းနှင့် တိုက်ဆိုင်၍ အနက်ပြန်သည်၊ အစ်ပွါယ်မှာ နေသွားလသွား နက္ခတ်အယှဉ်များကို အနက်နှင့်ပင် သိသာပြီဖြစ်၍ အကျယ် မမှာသည်။

## တိုင်းခမ်းလှည့်လည်ခြင်း

**၁၁၅၄—ခု သရေခေတ္တရာ, ဟံသာဝတီ, ဒွါရာဝတီစသော မြစ်စဉ်တလျှောက်ပင်လယ်နား မြို့ ရွာများသို့ တိုင်းပြည်လှည့်လည်တော်မူမည် ရှိသည်တွင် ငင်းသက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်နေ့ သွင်းသည့်မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်—

သာဗ္ဗညုဘုရားဖြစ်မည်ကို အနှစ်တထောင်ကပင် သုဒ္ဓါဝါသဗြဟ္မာတို့ ပြောဆို၍ထင်ရှားသည်၊ စကြာမင်းဖြစ်မည်ကို အနှစ်တရာကပင် ကာမာဝစရနတ်တို့ပြောဆို၍

ထင်ရှားသည်၊ သီရိဓမ္မာသောကမင်း ဖြစ်မည်ကို အနှစ်နှစ်ရာကျော်ကပင် ရဟန္တာတို့ ဗျာဒိတ်ထား၍ ထင်ရှားသည်၊ သီဟိုဠ်ကျွန်းတွင် ဝဿဘမင်း ဖြစ်မည်ကို အနှစ် ရှည်မြင့်စွာကပင် သာသနာစောင့်နတ်တို့ ပြောဆို၍ ထင်ရှားသည်များကို ကျမ်းဂန် ထုံးစံရှိသည်နှင့်အညီ ဘုန်းတော်ကြီးသော တရားမင်းကြီး ထင်ရှားဖြစ်လတံ့သော အကြောင်းကို ကာလအရှည်ကပင် သာသနာတော်စောင့် နတ်၊ သိကြားတို့ ပြော ဆို၍ ဓာတ် သိုက် နိမိတ် ဗျာဒိတ်စကား ထင်ရှားဖြစ်သည်၊ နောင်လူတို့ အသက် ရှစ်သောင်း ရှည်သောအခါ ကေတုမတီ ရာဇဓာနီဖြစ်မည်၊ ပါဋလိပုတ် ရာဇဓာနီ ဖြစ်မည်၊ သီဟိုဠ်ကျွန်းတွင် အနုရာဓပြည် ဖြစ်မည်များကို သဗ္ဗညုဘုရား ဗျာဒိတ် ထားတော်မူ၍ ကာလအရှည်ကပင် ထင်ရှားကြောင်းကို ကျမ်းဂန်ထုံးစံ ရှိသည်နှင့် အညီ ဘုန်းတော်ကြီးသော တရားမင်းကြီး ဖြစ်တော်မူ၍ အမရပုရရာဇဓာနီ ပြည် ကြီး တည်ထောင်မည်ကို သာသနာစောင့် နတ်၊ သိကြားတို့ ပြောဆို၍ ကာလရှည် မြင့်စွာကပင် ဓာတ် သိုက် နိမိတ် ဗျာဒိတ်စကား ထင်ရှားရှိသည်၊ ယင်းသို့ ဓာတ် သိုက် နိမိတ် ဗျာဒိတ်စကား ထင်ရှားရှိသည်နှင့်အညီ မဟာစကြာမင်း၊ ပကတိ စကြာမင်း၊ ဗလစကြာမင်းဟူသော စကြာမင်းသုံးပါးတွင် နှစ်ကြိမ်တိုင်အောင် မုဒ္ဒါ ဘိသိက် ခံတော်မူခြင်းဖြင့် ဗလစကြာမင်းအဖြစ်သို့ ရောက်တော်မူ၍ အမရပုရ ရာဇဓာနီ ပြည်ကြီး ရွှေထီးရွှေနန်း စိုက်ဆောက်စမ့ါယ်တော်မူလျက် သင်္ဂဟလေး ပါး၊ အပရိဟာနိယခုနစ်ပါး၊ ရာဇဓမ် ဆယ်ပါးတို့ဖြင့် တိုင်းကားနိုင်ငံကို စောင့် ရှောက် သိမ်းပိုက်တော်မူ၍ သတ္တဝါတို့ စီးပွား များမည်အကြောင်း သာသနာတော် မြတ်ကို ပြုစုသုတ်သင်တော်မူလျှင် မင်းဆက်အရှည် ကွယ်ပလေသော် ဥပဇ္ဈာယ် ဆရာ၊ နိဿည်းဆရာတို့ ထင်ရှားဖြစ်၍ သာသနာတော် အခြေအမြစ်ဆက်လျက် စည်ထွန်းသောကြောင့် သမ္မာသမ္ဗောဓ်အကြောင်း ပါရမီတော်ဖြစ်ပွားသည်၊တရား နှင့်အညီ တိုင်းရေးပြည်ရေး သာသနာရေးများကို ပြုစုသန့်ရှင်းတော်မူသော ဘုန်း ကံတော် ရှေးရှေးကိုယ်တော်အဖြစ်က ဖြည့်ကျင့်တော်မူခဲ့သော ဘုန်းကံတော်များ ကြောင့် ရတနာကုမုဒ်၊အဠနာဂီရိ အစရှိသော မင်းတပါးတို့ မရဘူးသော ဆင်းတု တော်၊ ဆင်ကောင်းရောက်ခြင်း ဘေးလောင်းတော် အနော်ရထာ မင်းစောမှ ပင့်ဆောင်၍ မရနိုင်သော မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင် ကိုးကွယ်တော်မူရ ခြင်း၊ ဘေးလောင်းတော် ဘိုးလောင်းတော် မြန်မာ့ဦးစွန်း မင်းစဉ် မင်းဆက် လက်နက်နိုင်ငံ ကျေးကျွန် အရေအတွက်ဝင်၍ ရွှေထီးရွှေနန်း အခြံအရံမျှဖြစ်သော မိတ်သဟာယ မဟုစလောက်သေးယိုးဒယား၊လင်းဇင်းကျော်၊ကသည်းမျက်နှာမည်း စသောမင်းတို့နှင့် မန္စမစပ်ရသော သရေခေတ္တရာ၊ပုဂံ၊ပင်းယ မှစ၍ ပြည်ထောင်ချင်း မင်း စင်စစ်ဖြစ်သော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြန်မာတရိုး တရုပ်တရိုး ကုလား တရိုးဟူ၍ မင်းရိုးသုံးပါးတွင် တရိုးဝင်သော တရုပ်ဥတည်မင်းက အတိုင်းမသိသော

လက်ဆောင်ပဏ္ဏာကာရနှင့် မဟာမိတ် ပြုလာရခြင်း ဤသို့စသော ကမ္ဘာကျော လည်း ဥဒါန်းခကြေ တည်ထွန်းလောက်သော အံ့ဩဖွယ်အပေါင်းနှင့် ပြည့်စုံတော် မူသည်။

ယင်းသို့ အံ့ဩဖွယ်အပေါင်းနှင့် ပြည့်စုံတော်မူသော်လည်း တိုင်းပြည်ရေး သာသနာတော်ရေး ပစ္စုပ္ပန်ရေး တမလွန်ရေး အတွင်းရေး အပြင်ရေး အကြောင်း အရာများ၌ မင်းတပါးတို့ သတိရှိခဲလျက် မေ့လျော့တော်မမူ၊ သတိ, ဝီရိယနှင့် ပြည့်စုံတော်မူသည်၊ ပစ္စုပ္ပန်, တမလွန် အရေးနှစ်ပါးကို မမြင်နိုင်သော အန္ဓစက္ခု, အရေးတပါးပါးကိုသာ မြင်နိုင်သော ဧကစက္ခု, အရေးနှစ်ပါးလုံးကို မြင်နိုင်သော ဒွိစက္ခုဟူ၍ သတ္တဝါသုံးပါး ပြားကြောင်းကို ပုဂ္ဂလပညတ်ကျမ်း၌ ဟောတော်မူ သည်တွင် သဗ္ဗညုအဖြစ်တိုင်အောင် မြင်စွမ်းနိုင်သည်ရှိသော် ဒွိစက္ခု စင်စစ် ဖြစ် တော်မူ၍ အရေးနှစ်ပါးကို မြော်ထောက်လျက် တိုင်းပြည်ရေး ပစ္စုပ္ပန်ရေး အပြင် ရေး အကြောင်းအရာများမှာ သားတော် မဟာဥပရာဇာကို မင်းညီ မင်းသား မင်းဆွေမင်းမျိုး ဝန်ရှင်တော် အဂ္ဂမဟာဓမ္မသေနာပတိ အတွင်းဝန် မဟာသေနာပတိ ဝန်စုသေနာပတိတို့နှင့် သင့်တင့်အောင် ခန့်ရုံတော်မူသည်၊ သာသနာရေး တမလွန် ရေး အတွင်းရေးများမှာ ကိုယ်တိုင်တော် ကြပ်မ စီရင်တော်မူသည်များသည် အမြင်တထောင် ဆောင်သော သိကြားမင်း၏ ပညာနှင့်တူသော ဘုန်းပညာတော် ကြောင့်သာ ဖြစ်သည်၊ အတွင်းရေး လုံခြုံတော်မူအောင်—

၁ ပရိသာပနဒါနံ၊ရေစစ်အလှူ၊
၂ အာဝါသဒါနံ၊ကျောင်းအလှူ၊
၃ ဂိလာနပစ္စယဒါနံ၊ဆေးပစ္စည်းအလှူ၊
၄ ဇိဏ္ဏကာဝါသပဋိသင်္ခရဏံ၊ဟောင်းနွမ်းသောကျောင်းကို ပြင်ဆင်ခြင်း၊
၅ ပဉ္စသီလသမာဒါနံ၊ပဉ္စသီလဆောက်တည်ခြင်း၊
၆ ဥပေါသထောပဝါသော၊ဥပုသ်သုံးခြင်း၊

ဤခြောက်ပါးသော သုစရိုက်ကိုပြု၍ သီဟိုဠ်ကျွန်း ဝသဘမင်းအား နန်းစံ တဆယ့်နှစ်နှစ်တွင် သက်ဆစ်ရောက်လျက် လေးဆယ့်လေးနှစ်တိုင် အသက်ရှည်ဘူး လေသည်။ "မဟာဝင်ကျမ်းလာသောတရား"။

၁ သပ္ပါယကာရီ၊လျောက်ပတ်သည်ကို ပြုလေ့ရှိခြင်း၊
၂ သပ္ပါယေစမတ္တဇာနာတိ၊လျောက်ပတ်သောအမှု၌လည်း အတိုင်းအရှည်ကို သိခြင်း၊

၃ ပရိနတဘောဇ်၊သင့်သောဆေးဖြင့် အစာကို ကြေစေခြင်း၊
၄ ကာလစာရ်၊လျောက်ပတ်သောအခါ၌သာ သွားလာခြင်း၊
၅ ပြဟ္မစာရ်၊မြတ်သောသီတင်းကိုကျင့်ခြင်း၊

ဤငါးပါးသောအမှုကို ပြု၍ အသက်ရှည်ရာသည်။ "အင်္ဂုတ္တရနိကာယ်၌ ဟော တော်မူသောတရား"။

ရတနာသုံးပါးအား တနေ့သုံးကြိမ် တညသုံးကြိမ် ပဏာမကိုပြု၍ အာယုဝဍ္ဎန သတ္တိသားအား ခုနစ်ရက်တွင်း အသက်ဆစ်ရှိလျက် ၁၂၀ တိုင် အသက်ရှည်ဘူး လေသည်။ "ဓမ္မပဒကျမ်း၌လာသော တရား"။

ဤအကြောင်းတရားများကို သိတော်မူရင်းတိုင်း လေ့လာ ကျင့်ဆောင်တော် မူ၍ သာသနာရေး, တမလွန်ရေးနှစ်ပါး ပြည့်စုံတော်မူအောင် ရှင်ရာဟုလာဝတ္ထု တွင် သုဒ္ဓေါဒနမင်းကိုယ်တိုင် ကြပ်မလျောက်ထားကြောင်း၊ ရှင်ကောဏ္ဍညဒါန ဝတ္ထုတွင် ပသေနဒီကောသလမင်းကိုယ်တိုင် ကြပ်မစီရင်ကြောင်းများကို ကျမ်းဂန် ထုံးစံ ရှိသည်နှင့်အညီ သာသနာမှု သန့်ရှင်းရန် ရှိသမျှကို ကြပ်မစီရင် ခန့်ထားတော် မူလျက် သာသနာတော် ငါးထောင်တိုင်အောင် သတ္တဝါတို့စီးပွား များစိမ့်သောငှါ မင်းဟာကာတို့ မတည်ဘူးသော မင်းကွန်းစေတီဘော်ကို ကိုယ်တိုင်ကြပ်မ တည်ထား တော်မူ၍ တိုင်းပြည်ရေး ပစ္စုပ္ပန်ရေး အပြင်ရေး ကုံလုံတော်မူအောင် ပစ္စန္တရစ် ပုန်စားသောကြောင့် ပသေနဒီကောသလမင်း စစ်ထွက်မည်ရှိသည်တွင် ပဲတစေ့ ကြောင့် နှုတ်ပြည့်လက်ပြည့် ယူပြီးသောပဲအများကိုစွန့်လေသော မျောက်ကိုပုံခိုင်း၍ ဟောတော်မူလျှင် မချီမထွက် နေကာသာ အောင်မြင်လေသည်ဟူ၍ ဇာတ်နိပါတ် လာသော ထုံးစံ၊ ဝေသာလီပြည်ကို အဇာတသတ်မင်း စစ်ထွက်မည် ရှိသည်တွင် အပရိဟာနိယတရားခုနစ်ပါးကို ဟောတော်မူလျှင် ကိုယ်တိုင် မချီမထွက်ပဲ သင့်ရာ စေခန့်ကာဖြင့် အောင်မြင်လေသည်ဟူ၍ မဟာဝါကျမ်း လာသောထုံးစံများကို သိတော်မူရင်းတိုင်း ယမ်းပြဲကျွန်း မာန်အောင်ကျွန်း ဒုဗ္ဗာဘီကျွန်း လက်ာကျွန်း စသော ငါးဆယ်မကသော အရံကျွန်းငယ်နှင့်တကွ ဒွါရာဝတီ, ဓညဝတီ, မေဃဝတီ, ရမ္မဝတီမြို့ကြီးတို့ကို ရွှေလက်ထက်တော်ရောက် ဆက်ပေးပြီးသော် ကျွန်းငယ်ငါးရာ နှင့်တကွ ဇမ္ဗူဒိပ်ါ ကျွန်းအလုံးကို အစိုးရသော သိမ်းရုံးနိုင်လောက်သော ဘုန်း ပညာ လက်ရုံးရည်ရှိသော သားတော် မဟာဥပရာဇာကို မင်းညီမင်းသား မင်းဆွေ မင်းမျိုး အဂ္ဂမဟာသေနာပတိ မဟာသေနာပတိ သေနာပတိ မှူးမတ်များနှင့် ခန့်ထားတော်မူခြင်းသည် အမှုမှု အရေးရေး ပြေကုန်၍ သက်တော် ရာကျော် ရှည်

လျက် သာသနာတော်စီးပွား သတ္တဝါတို့ စီးပွား များအံ့သောအကြောင်းဖြစ်သည်ကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

ဤမေတ္တာစာကို ကြားတော်မူသည့်တွင် ဆရာတော်က မေတ္တာစာသွင်းတော်မူသည်မှာ သင့်သည်ပင်ဖြစ်သည်၊ အဓရေး အကြောင်းကို မြော်တင်၍ ယခု ခန့်ရံသည်၊ လုပ်ကိုင်သည့်လူစုနှင့် မင်းကွန်းက ရပ်တင်းဆိုင်းလင့်တော်မူမည် အမိန့်တော်ပြန်ထုတ်တော်မူသည်။

---

## ပေဒင်အရေးအကြောင်း

**၁၁၅၄—ခု နတ်တော်လဆန်း(၇)ရက်နေ့တွင် မင်းရွာဆရာတော်, ရွှေတောင်ဆရာတော်တို့နှင့် မြေနန်းတော်သို့ဝင်၍ ပေဒင် အရေးအကြောင်းများ မညီမညွတ်ရှိသည်ကို ဆွေးနွေး မေးမြန်းတော်မူသည်တွင် ၎င်းနေ့ သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရသော ဗိမ္ဗိသာရမင်းသည် လောကီပေဒင် အခြင်းအရာကို ဆင်ခြင်နိုင်းယှဉ်၍ နှစ်ငင် လထပ် စေသည်တွင် ရှေ့ဝါဆိုလ ဝါမကပ်ဦးပဲ နောက်ဝါဆိုလမှ ဝါကပ်မည်အကြောင်းနှင့် သံဃာတို့အား လျှောက်ထား၍ လောကရေး,သာသနာရေး နှစ်ပါး နှစ်,လ,နေ့ရက် အခေါ်အဝေါ် အမှတ်အသား မကွဲမပြားအောင် ညီညွတ်နိုင်းယှဉ်ဘူးသည်ဟူ၍ ကျမ်းဂန်ထုံးစံ ရှိသည်နှင့်အညီ လောကီပေဒင်ရေး သာသနာရေးများကို မြော်မြင်နိုင်သော ပညာတော်ဖြင့် ညီညွတ်နိုင်းယှဉ်တော်မူသည်တွင် နေသွား လသွား နက္ခတ်ယှဉ် နက္ခတ်ပါဒ် သင်္ကြန် လထပ် ရက်ငင် အခြင်းအရာများကို ကျမ်းဂန်လာသည်အတိုင်း နိုင်းယှဉ်တော်မူသာအောင် ထုတ်နုတ် ဆက်သွင်းသည်၊ လိတ္တာ,အံသာ,ဃဋီ,တိထိ, ပဟိုရ်, ဝေါဟာရ သုဒ္ဓိဒိန်ဟု ခြောက်ပါးရှိသည်တွင် စတုရပါဒ် ကိုးနဝင်းဖြင့် မှတ်အပ်သော ရာသီစက်ကို မမှီနိုင်၍ တရက်တပတ်မလည်မီ အဆစ်ဆာစ် ရှစ်ဆယ့်ကိုးယူဇနာတဂါဝုတ် ဥသဘငါးဆယ် နေဗိမာန် ကျန်ရစ်သည်ကို လိတ္တာဟူ၍ ဆိုသည်၊ တရက်တပတ်လည်၍

လိတ္တာ ခြောက်ဆယ် ပြည့်လျှင် ငါးထောင့် သုံးရာ ခြောက်ဆယ့် လေးယူဇနာ တဂါဝုတ် ဥသဘလေးဆယ် ကျန်ရစ်သည်ကို အံသာ ဟူ၍ ဆိုသည်၊ ရာသီစက်မှ နေဗိမာန် ကျန်ရစ်သော အပိုသာ၊ လိတ္တာ, အံသာဖြစ်ကြောင်းကိုလည်း လိတ္တာ ခြောက်ဆယ်လျှင် တအံသာ၊ အံသာသုံးဆယ်လျှင် တရာသီကုန်၍ ရှေးယှဉ်သော ရာသီမှ ကျန်ရစ်လျက် နောက်ရာသီသို့ ပြောင်းယှဉ်ခြင်းကို မြင်၍ ဆတ်ဆတ် သိအပ်သည်၊ ယင်းသို့သောအကြောင်းသာ သိအပ်သည်မဟုတ်—

၁ ရဝိ မာသံ နိသာ နာထော၊သပါဒ ဒိဝသဒ္ဒယံ။
ပက္ခတ္တယံ ဘူမိပုတ္တော၊ဗုဗော၃ွာရသ ဝါသရေ။

၂ ဝဿမေကံ သုရာစရိယော၊အဋ္ဌဝီသ ဒိနံ ဘဂု။
သနိ သဒ္ဒဒ္ဒယံ ဝဿံ၊သောဗ္ဘာနု သဒ္ဓဝစ္ဆရံ။

၃ ဧဝံ ပမာဏာ သကလာ၊သရာသိံ ဘုဥ္စတေ ဂဟာ။
ဝက္က သီဃဂတီ စေ ဿ၊ဘောမာဒိ ပဥ္စကေ ညထာ။

ဟူ၍ ဇောတိတတ္တကျမ်း၌ လာသည်ကိုထောက်၍လည်း သိအပ်သည်။

**အနက်** ၁။ ရဝိ၊တနင်္ဂနွေသည်။ မာသံ၊ တလပတ်လုံး။ သကရာသိံ၊ မိမိ ယှဉ်ဆဲသောရာသီကို။ဘုဥ္စတေ၊ယှဉ်စား၏။နိသာနာထော၊တနင်္လာကား။ သပါဒဒိဝသဒ္ဒယံ၊ လေးဖို့တဖို့နှင့် တကွသော နှစ်ရက်ပတ်လုံး။ဘူမိပုတ္တော၊အင်္ဂါကား။ ပက္ခတ္တယံ၊ သုံးပတ် ပတ်လုံး။ ဗုဓော၊ ဗုဒ္ဓဟူးကား။ အဋ္ဌာရသဝါသရေ၊တဆယ့်ရှစ်ရက်ပတ်လုံး။

၂။ သုရာစရိယော၊ ကြာသပတေးကား။ ဧကံဝဿံ၊ တနှစ်ပတ်လုံး။ ဘဂု၊ သောကြာကား။ အဋ္ဌဝီသဒိနံ၊ တဆယ့်ရှစ်ရက်ပတ်လုံး။ သနိ၊စနေကား။ သဒ္ဒဒ္ဒယံ ဝဿံ၊အခွဲနှင့်တကွ နှစ်နှစ်ပတ်လုံး။သောဗ္ဘာနု၊ရာဟုကား။ သဒ္ဓဝစ္ဆရံ၊ အခွဲနှင့်တကွ တနှစ်ပတ်လုံး။

၃။ ဧဝံပမာဏာ၊ဤသို့စသော အတိုင်းအရှည်အားဖြင့်။သကလာဂဟာ၊ ဂြိုဟ် အပေါင်းသည်။ သရာသိံ၊ မိမိရာသီသို့။ ဘုဥ္စတေ၊ ယှဉ်စား၏။ ဘောမာဒိပဥ္စကေ၊ အင်္ဂါစသော ဂြိုဟ်ငါးလုံး၌။စေ၊အကယ်၍။ဝက္ကသီဃဂတီ၊ ဗျူကြစရိယာ သီဃဇာ သွားသည်။အဿ၊ဖြစ်ငြားအံ့။အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ ဘုဥ္စတေ၊ယှဉ်စား၏။

ဤသို့ တရာသီတရာသီ၌ တလတလသာ တနင်္ဂနွေယှဉ်စားသည်ကို ဆိုခြင်းကြောင့် ရာသီစက်မှ ကျန်ရစ်လျက် သွားရကား ယင်းကျန်သော အဖို့သာ လိတ္တာ့အံသာ ဖြစ်သည်ကို သိအပ်သည်၊ ယင်းသို့သော ဗေဒင်ကျမ်း၌ လာသည်ကိုထောက်၍သာ သိအပ်သည် မဟုတ်—

ဂစ္ဆန္တော စ ပနေဝံ သော၊ဩရုယှော့ရုယှ ဟေဋ္ဌတော။
အာရုယှာရုယှ ဥဒ္ဒဥ္စ၊ယတော ဂစ္ဆတိ သဗ္ဗဒါ။

ဟူ၍ သာရတ္ထဒီပနီ သာသနာကျမ်း၌ လာသည်ကို ထောက်၍လည်း သိအပ်သည်။

**အနက်** ဧဝံ၊ဤသို့။ဂစ္ဆန္တော စပန၊ သွားသည်ရှိသော်ကား။ သော၊ ထို နေဗိမာန်သည်။ ဟေဋ္ဌတော၊ အောက်သို့။ ဩရုယှော့ရုယှ၊ သက်၍သက်၍။ဥဒ္ဒဥ္စ၊ အထက်သို့လည်း။ အာရုယှာရုယှ၊တက်၍တက်၍။ ယတော၊ အကြင်ကြောင့်။သဗ္ဗဒါ၊အခါခပ်သိမ်း။ဂစ္ဆတိ၊သွား၏။

ဤသို့ အောက်၊အထက် သက်တုံ တက်တုံ သွားသည်ကို ဆိုခြင်းကြောင့် ရာသီစက်မှ ကျန်ရစ်လျက် သွားရကား ယင်းကျန်သောအဖို့သာ လိတ္တာ့အံသာ ဖြစ်သည်ကို သိအပ်သည်။

နေဗိမာန်ကို မမှီနိုင်၍ တရက်တပတ် မလည်မီ အဆစ်ဆစ် တထောင့် ခြောက်ရာခြောက်ဆယ့် ခြောက်ယူဇနာ နှစ်ဂါဝုတ် ငါးဆယ့်သုံးဥသဘ ခြောက်တာ လေးတောင့်တထွာ လေးသစ် လဗိမာန်ကျန်ရစ်သည်ကို ဿင်္ဃဟူ၍ဆိုသည်၊ တရက်တပတ်လည်၍ ဿင်္ဃခြောက်ဆယ် ပြည့်လျှင် ယူဇနာတသိန်း ကျန်ရစ်သည်ကို တိထိဟူ၍ဆိုသည်၊ နေဗိမာန်မှ လဗိမာန် ကျန်ရစ်သောအဖို့သာ ဿင်္ဃ၊တိထိ ဖြစ်ကြောင်းကိုလည်း ဿင်္ဃခြောက်ဆယ်လျှင် တိထိတလုံး၊ လဆန်းတိထိတဆယ့်ငါးလုံးလျှင် နေဗိမာန်မှ ခရီးထက်ဝက် ယူဇနာ တသန်း ငါးသိန်းတိုင်အောင် လဗိမာန် ကျန်ရစ်၍ ပုဏ္ဏမီတိထိရောက်လျက် ထက်ဝန်းကျင် ပြည့်သည်ကိုငှင်း ယင်းပုဏ္ဏမီတိထိမှ တစတစ ကျန်ရစ်ပြန်၍ လဆုတ်တိထိ တဆယ့်ငါးလုံးလျှင် နေဗိမာန်နှင့် ပတ်မိသဖြင့် အောက်၊အထက် ထပ်မိကြ၍ အမာဝါသီတိထိရောက်လျက် ထက်ဝန်းကျင် အလျှင်းမထင်မမြင်သည်ကိုငှင်း ရှု၍ ဆတ်ဆတ်သိအပ်သည်၊ ယင်းသို့သော အကြောင်းဖြင့်သာ သိအပ်သည်မဟုတ်—

သော ကာဠပက္ခ ဥပေါသထဒိဝသတော ပါဋိပဒဒိဝသေ ယောဇနာနံ
သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ။

ဟူ၍ အဂ္ဂညသုတ် အဋ္ဌကထာစသည်များ၌ လာသည်ကို ထောက်၍လည်း သိအပ်သည်။

ယသ္မိံ ဒိဝသေ ... ဝိဒ္ဓံသိတော၊ လက္ခယိဉ်ပုပ္ပည်

**အနက်** ... ဥပါဒါယ၊ အထွက်တရက်နေ့၌။ ယောဇနာနံ သတ သဟဿံ၊ ယူဇနာတသိန်းတိုင်တိုင်။ စန္ဒမဏ္ဍလံ၊ လဝန်းကို။ ဩဟာ ယ၊ချန်၍။ ဂစ္ဆတိ၊ သွား၏။

ဤသို့ နေ့တိုင်း တသိန်းတသိန်း လဗိမာန်ကို ချန်၍ နေဗိမာန် သွားသည်ကို ဆို ခြင်းကြောင့် နေဗိမာန်မှ လဗိမာန် ကျန်ရစ်သောအဖို့သာ ဿဋ္ဌိ တိထိ ဖြစ်သည်ကို သိအပ်သည်။

နေ့ညဥ့်ကိုစွဲ၍ ဒေသ စာရိတ္တအလျောက် ခြောက်ဖို့တဖို့ ရှစ်ဖို့တဖို့ဖြစ်သော အခါကို ပဟိုရ်အခါ ဟူ၍ဆိုသည်၊ ယင်းသို့ ပဟိုရ်ခြောက်ဖို့ ရှစ်ဖို့စေ့၍ နေဗိမာန် တရက်တပတ် လည်မိသည်ကို ဝေါဟာရသုဒ္ဓိဒိန် ဟူ၍ဆိုသည်၊ ယင်းသို့ ဆိုအပ်သည် ကိုလည်း နေ့နာရီ ညဥ့်နာရီနှင့်အညီ ပဟိုရ်စိတ်ဖြာ၍ ပဟိုရ်ပြည့်လျှင် ဝေါဟာရ သုဒ္ဓိဒိန်တခုဖြစ်သည်ကိုငင်း, နေ့ ညဥ့်ကိုပြုပတတ်သော သုဘတ္တာ၏ အံသာ,လိတ္တာ နှင့် ဝေါဟာရသုဒ္ဓိဒိန်၌ ဝင်သောအခါ နာရီ တွက်ရသည်ကိုငင်း ထောက်၍ ဆတ် ဆတ်သိအပ်သည်၊ ယင်းသို့သော အကြောင်းဖြင့်သာ သိအပ်သည်မဟုတ်—

ယာတိ ပါပုဏာတိတိ ယာမော၊ဒိနဿ ဆဋ္ဌော ဘာဂေါ အဋ္ဌမော ဝါ— ဟူသော မောဂ္ဂလ္လာန်။

ပဟာရော ယာမသညိတော၊ ဿဋ္ဌိကာသဋ္ဌျဟောရတ္တော—ဟူသော အဘိဓာန်။

သူရိယဿ ဥဒယတော ယာဝအတ္ထင်္ဂမနာ ဒိဝါနာမ၊ အတ္ထင်္ဂမနတော ယာဝဥဒယာ ရတ္တိနာမ၊ ဧဝံ ရတ္တိဒိဝါ ပညာယိံသု တိံသရတ္တိဒိဝေါ မာသော ဒွါဒသမာသိယော သံဝစ္ဆရောတိ ပညာယတိ—ဟူသော ဇိနာ လင်္ကာရဋီကာ။ ဤသို့စသောကျမ်းဂန်များကိုလည်း ထောက်၍ သိအပ် သည်။

**အနက်** ယာတိပါပုဏာတိ၊ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ယာ မော၊ယာမ်မည်၏။ဒိနဿ၊ရက်၏။ဆဋ္ဌောဘာဂေါ၊ ခြောက်ဖို့ တဖို့ တည်း။ဝါ၊တနည်းကား။အဋ္ဌမောဘာဂေါ၊ရှစ်ဖို့တဖို့တည်း။

ပဟာရော၊ပဟိုရ်ကို။ယာမသညိတော၊ယာမ်ဟူ၍ သမုတ်အပ်၏။ သဋ္ဌိဿဋ္ဌိကာ၊ နာရီခြောက်ဆယ်တို့သည်။အဟောရတ္တော၊တနေ့ တညဥ့်မည်၏။

သူရိယဿ၊နေ၏။ ဥဒယတော၊ တက်သည်မှ။ ယာဝအတ္တင်္ဂမနာ၊ ဝင်သည်တိုင်အောင်။ဒိဝါနာမ၊နေ့မည်၏။ အတ္တင်္ဂမနတော၊ ဝင်သည်မှ။ ယာဝဥဒယာ၊ ထွက်သည်တိုင်အောင်။ ရတ္တိနာမ၊ ညဥ့်မည်၏။ ဝေါ၊ဤသို့။ ရတ္တိဒိဝါ၊ ညဥ့် နေ့တို့သည်။ ပညာယိံသု၊ ထင်ရှားကုန်၏။ တိံသရတ္တိဒိဝေါ၊ ညဥ့် နေ့ သုံးဆယ်သည်။ မာသော၊ တလမည်၏။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။ သံဝစ္ဆရော၊ တနှစ်မည်၏။ ဣတိ၊ ဤသို့။ ပညာယတိ၊ ထင်ရှား၏။

ဤသို့ ပဟိုရ် ဟုဆိုအပ်သော တယာမ်သော် ရက်၏ ခြောက်ဖို့တဖို့ ရှစ်ဖို့တဖို့ နေ့ ညဥ့် ဟူသော တရက်သော် နာရီခြောက်ဆယ်၊ နေထွက် နေဝင်သော် နေ့ ညဥ့် ဟူသော တရက်၊ အရက် သုံးဆယ်သော် တလ ဟူ၍ ဆိုခြင်းကြောင့် ညဥ့် နေ့ကို စွဲ၍ ပဟိုရ် ဝေါဟာရသုဒ္ဓဒိန်ဟု ခေါ်ဝေါ်သည်ကို သိအပ်သည်။ ဤသို့ ဆိုခဲ့ပြီးသော အကြောင်းယုတ္တိ သာဓကကျမ်းဂန်များနှင့်အညီ ပုဗ္ဗဝိဒေဟကျွန်း၏ အလယ်မတ်မတ် ကောင်းကင်ဟူသောလဂ်သို့ နေဗိမာန်တပတ်လည်၍ ရောက်သောအခါ ဟုဆိုအပ်သော တနေ့ တညဥ့်မျှသော တရက်တွင် လိတ္တာ၊ အံသာ၊ ဃဋီ၊ တိထိ၊ ပဟိုရ် ဝေါဟာရသုဒ္ဓဒိန်ဟူ၍ ခြောက်ပါးဖြစ်ကုန်သည်၊ အံသာကား ရာသီစက်မှ နေဗိမာန် ကျန်ရစ်သောအဖို့၊ လိတ္တာကား အံသာ၏ အခြေ၊ တိထိကား နေဗိမာန်မှ လဗိမာန် ကျန်ရစ်သောအဖို့၊ ဃဋီကား တိထိ၏ အခြေ၊ ဝေါဟာရသုဒ္ဓဒိန်ကား နေ့ ညဥ့်ဖြစ်သော နာရီအဖို့၊ ပဟိုရ်ကား ဝေါဟာရသုဒ္ဓဒိန်၏ အခြေ၊ ယင်းခြောက်ပါးတို့သည် တနေ့ တရက် တညဥ့်အတွင်းမှာချည်း ဖြစ်ကုန်သောကြောင့် အံသာ၊ တိထိ၊ ဝေါဟာရသုဒ္ဓဒိန် ရက်သုံးပါး ညီညွတ်ကြ၍ တနှစ်သော် သုံးရာ့ခြောက်ဆယ်သာ ရှိသင့်လျက် မရှိသည်မှာ အံသာအထွန်းအလျှံဖြစ်၍ အကွက် သုံးရာ့ခြောက်ဆယ် စေ့ကာသာ မထွက်၊ ဂဏန်းအမြင် သုံးရာ့ခြောက်ဆယ် စေ့အောင် တွက်စေသောကြောင့် ဂဏန်းအမြင် သုံးရာ့ခြောက်ဆယ် စေ့အောင် ထွက်လေသောကြောင့် ဂဏန်းအမြင် သုံးရာ့ခြောက်ဆယ်စေ့မှ သကြံန်ပြောင်းလေရကား မထွန်းမလျှံ ပကတိသာဖြစ်သော ဝေါဟာရသုဒ္ဓဒိန်သည် သုံးရာ့ခြောက်ဆယ်မက ငါးရက် ခြောက်ရက် စွန်းလေသည်၊ အံသာ မထွန်းမလျှံပဲ တနေ့ တအံသာ အမှန်တိုး၍ အကွက် သုံးရာ့ခြောက်ဆယ် စေ့ကာသာ တွက်သော် တိထိလည်း မထွန်းမလျှံပဲ တနေ့တလုံး အမှန်တိုး၍ အကွက် သုံးရာ့ခြောက်ဆယ် စေ့ကာသာ တွက်သော် အံသာ သုံးရာ့ခြောက်ဆယ်၊ တိထိ သုံးရာ့ခြောက်ဆယ်၊ ဝေါဟာရသုဒ္ဓဒိန် သုံးရာ့ခြောက်ဆယ် တညီတညွတ် အစေ့အမှန်တွင် သကြံန် ပြောင်းမည်၊ အံသာ၊ တိထိ ထွန်းသည် လျှံသည် အရာသည်လည်း ကောင်းကင်မှာ ထွန်းသည် လျှံသည် မဟုတ်၊ တွက်ရိုးတွက်နည်း ယိုယွင်းကြသောကြောင့် သင်ပုန်းမှာသာ ထွန်းခြင်း

လျှံခြင်းဖြစ်သည်၊ အကယ်၍ ကောင်းကင်မှာလည်း ထွန်းသည် လျှံသည်ဖြစ်ငြားအံ့ ကျမ်းဂန်တို့၌ ရာသီစက်မှ ယူဇနာ ငါးထောင် သုံးရာကျော် နေဗိမာန်ကျန်သည်၊ နေဗိမာန်မှ ယူဇနာ တသိန်းတိုင်အောင် လဗိမာန် ကျန်သည်ဟူ၍ မုချဆတ်ဆတ် မဆိုဟန်ရာ၊ထွန်းသည်ကိုရည်၍ ရံခါ လျော့လျက်, လျှံသည်ကိုရည်၍ ရံခါ ထွန်းလျက် ကျန်ကြောင်းကို ဆိုတန်ရာသည်၊ ထိုသို့ကား မဆိုသောကြောင့် ကောင်းကင်မှာ အထွန်းအလျှံ မရှိဟူ၍ တတ်အပ်သိရသည်၊ ကောင်းကင်မှာ အထွန်းအလျှံ မရှိသည်ကိုလည်း သင်ပုန်းမှာ အထွန်းအလျှံ ရှိပြန်ခဲ့သော် မှန်ကန်မည် ယူသာတော့မည် မဟုတ်ပြီ၊ အံသာ,တိထိ မထွန်းမလျှံမှ သုံးပါးလုံး သုံးရာ့ခြောက်ဆယ် မှန်၍—

တိံသရတ္တိယော မာသော၊ တေနမာသေန ဒွါဒသမာသိယော သံဝစ္ဆရော။

**အနက်** တိံသရတ္တိယော၊နေ့ ညဉ့် သုံးဆယ်တို့သည်။မာသော၊ တလမည်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။သံဝစ္ဆရော၊ တနှစ်မည်၏။

ဟူ၍ ဝိဘင်းကျမ်း၌ သဗ္ဗညုဘုရား ဟောကြားတော်မူသည်နှင့် ညီညွတ်မည်၊ ရတုသုံးပါး,ခြောက်ပါး ညီမျှမည်၊ လထပ်ရက်ငင် ပြုသောအခါလည်း ဝေါဟာရ လ,တိထိလနှင့် ရာသီလ အယှဉ်အမြင် ညီညွတ်မည်၊ အံသာ,တိထိ,ဝေါဟာရသုံးပါး မညီမညွတ်သောကြောင့် လထပ် ရက်ငင်ပင် ပြုသော်လည်း ဝေါဟာရ လ, တိထိလ နှင့် ရာသီလ အယှဉ်အမြင် မညီမညွတ်ရှိသည်၊ ထိုကြောင့် ကျမ်းဂန်နှင့်ငြင်း, ရတုသုံးပါး ခြောက်ပါးနှင့်ငြင်း ညီညွတ်အောင် ဝေါဟာရလ,တိထိလနှင့်လည်းရာသီလ ရှည်မြင့်စွာ ယှဉ်အောင် အံသာ, တိထိ အထွန်းအလျှံမရှိ အထွက်အမြင်ရစေလျက် တွက်ရာသည်။

အချို့ကား—အံသာအောက် ဝေါဟာရရက် သုံးပတ် ကိုးဗိဇနာ လေးပြန် ခုနစ်ခရာ ငယ်သည်၊ ဝေါဟာရရက်အောက် တိထိသုံးပတ် တဆယ်ဗိဇနာ တပြန် သုံးခရာ ငယ်သည်၊ အံသာအောက် တိထိ တနာရီသုံးပတ် ခုနစ်ဗိဇနာ ငယ်သည်၊ ထိုကြောင့် သုံးရာ့ခြောက်ဆယ်က ငါးရက် ခြောက်ရက်လွန်၍ သကြန်ပြောင်းသည် ဆိုစကုန်သည်၊ ယင်းသို့ အံသာ, တိထိ, ဝေါဟာရ ကြီးငယ်ရှိ၍ တနှစ်လျှင် ငါးရက် ခြောက်ရက်မျှသာ လွန်သော် နှစ်နှစ်နှင့် ရှစ်လ တဆယ့်ခုနစ်ရက် ရှစ်နာရီ နှစ်ပတ် လေးဗိဇနာ တပြန် ခုနစ်ခရာ၊ သေသတခုဟူသော အဓိမာသ်တကြိမ် ဖြိုဆစ် ရောက်သောအခါ တလမပြည့်လောက်သည် ဖြစ်လေရာသည်၊ ဝါလမပြည့်လောက် သော် အဓိမာသ် မဖြိုသည် ဖြစ်လေရာသည်၊ အဓိမာသ်မဖြိုသော် "ဂတေသန္တိ

ဒွယေသဓ္ဓေ” စသော ရာဇမတ္တဏ်ကျမ်းနှင့် ဆန့်ကျင်သည် ဖြစ်လေရာသည်၊ ထို ကြောင့် အံသာ,တိထိ,ဝေါဟာရရက် ကြီးငယ်ရှိ၍ သုံးရာ့ခြောက်ဆယ်က ငါးရက် ခြောက်ရက်လွန်၍ သင်္ကြန်ပြောင်းသည်မဟုတ်၊ အံသာအပြောင်း တွက်ချေမထွက် အထွန်း အလျှံနှင့် ထွက်လေသောကြောင့် ငါးရက် ခြောက်ရက်လွန်၍ သင်္ကြန် ပြောင်းသည်ကို သိအပ်သည်။ အံသာ,တိထိ ကြီးငယ်ရှိ၍ တရက်တရက်၌ တနာရီ သုံးပတ် ခုနစ်ဗိဇနာ၊ တလတလ၌ ငါးဆယ့်ခြောက်နာရီ၊ ယခင် ဆိုခဲ့ပြီးသော အဓိမာသ်ဖို့ဆစ် တကြိမ်တကြိမ်၌ တထောင် ရှစ်ရာ နှစ်ဆယ့်လေးနာရီ လွန်လေ သောကြောင့် တိထိလ- ဝေါဟာရလနှင့် ရာသီလ ညီအောင် တသလျှံစေသည် မှာသာ အံသာ,တိထိ,ဝေါဟာရ ရက် လ မညီသည်ကို ညှိခြင်းဖြစ်သည်။

**နက္ခတ်ယှဉ်မှာ**—တနင်္ဂနွေသည် နက္ခတ်တပါဒ်လျှင် သုံးအံသာနှင့် လိတ္တာ နှစ်ဆယ်၊ နှစ်ပါဒ်လျှင် ခြောက်အံသာနှင့် လိတ္တာ လေးဆယ်၊သုံးပါဒ်လျှင် အံသာ တဆယ်၊ နက္ခတ်တလုံးလျှင် တဆယ့်သုံးအံသာနှင့် လိတ္တာနှစ်ဆယ်ယှဉ်သည်၊ နှစ်လုံး တပါဒ်စေ့၍ အံသာ သုံးဆယ်ပြည့်လျှင် တရာသီပြောင်းသည်၊ တနင်္လာသည် နက္ခတ် တလုံးလျှင် တရက်သာ ယှဉ်သည်၊ နှစ်ရက်နှင့် တရက်၏ လေးဖို့ တဖို့ ဖြစ်သော နှစ်ပဟိုရ်တိုင်လျှင် တရာသီပြောင်းသည်၊ ယင်းအကြောင်းကိုလည်း အံသာ သုံး ဆယ်စေ့လျှင် တနင်္ဂနွေရာသီ ပြောင်းကြောင်း၊ နှစ်ရက်နှင့် လေးဖို့တဖို့တိုင်လျှင် တနင်္လာရာသီ ပြောင်းကြောင်းကို ဆိုသော ဇောတိတတ္တစသော ကျမ်းများကို ထောက်၍ သိအပ်သည်။ နက္ခတ်ပါဒ်မှာ တဆယ့်နှစ်ရာသီလုံး ယူဇနာပုံ တသန်း ကိုးသိန်း သုံးသောင်း တထောင် တရာ့ ခုနစ်ဆယ့် ငါး ယူဇနာဟူသော မဇ္ဈေဒိထိ ပမာဏကို တဆယ့်နှစ်ခုစား၍ ရသော တရာသီ ယူဇနာပုံ တသိန်း ခြောက်သောင်း ကိုးရာ သုံးဆယ့် တယူဇနာ တဂါဝုတ်ကို ကိုးခုစား၍ ရသော နဝင်းယူဇနာပုံ တသောင်း ခုနစ်ထောင် ရှစ်ရာ ရှစ်ဆယ့် ဟယူဇနာ တဂါဝုတ်အတိုင်း တရာသီ၌ ကိုးပါဒ်တွင် တပါဒ်တပါဒ်သော် တသောင်း ခုနစ်ထောင် ရှစ်ရာ ရှစ်ဆယ့် တယူ ဇနာ တဂါဝုတ် ရှိသည်ဟူ၍ တာနှင့်ယှူမှ ရာသီပမာဏကိုဆိုသော သာရတ္ထဒီပနီ ဋီကာနှင့် ညီသည်၊ နက္ခတ်မှာ အနေ ကျဉ်း ကျယ် ရှိသောကြောင့် ယူဇနာဘာပုံ တွင် အလယ်ကျသည်လည်း ရှိရာသည် မကျသည်လည်း ရှိရာသည်။

**သင်္ကြန်မှာ**—ဝေါဟာရသင်္ကြန်, ရာသီသင်္ကြန်ဟူ၍ နှစ်ပါးရှိသည်၊ တနင်္ဂနွေ ရာသီ မပြောင်းသေးပဲ ဝေါဟာရ လပြောင်းသည်ကို ဝေါဟာရသင်္ကြန် [illegible]သည်၊ တနင်္ဂနွေရာသီ ပြောင်းသည်ကို ရာသီသင်္ကြန်ဆိုသည်။ ဝေါဟာရသင်္ကြန်သည်လည်း သီဟိုဠ်ကျွန်းသား တမ္ဗဒီပ သုနာပရန္တစသော မြန်မာတိုင်းသားတို့ အခေါ[illegible]

အားဖြင့် လဆန်းတရက်နေ့မှသည် လကွယ်နေ့တိုင် တလဟု ခေါ်ဝေါ်သော ဝေါဟာရသကြံန်၊ မဇ္ဈိမတိုင်းသားတို့ အခေါ်အဝေါ်အားဖြင့် ရှေ့လဆုတ်(၁) ရက်မှသည် နောက် လပြည့်တိုင် တလဟု ခေါ်ဝေါ်သော ဝေါဟာရသကြံန်အား ဖြင့် နှစ်ပါးရှိသည်၊ မဇ္ဈိမတိုင်းသားတို့မှာ ရှေ့လဆုတ်(၁)ရက်မှစ၍ နောက်လပြည့် တိုင် တလဟု ခေါ်ဝေါ်ကြောင်းကိုလည်း—

တတ္ထ ပန ပုဏ္ဏမိတော ပဋ္ဌာယ ယာဝ အပရာပုဏ္ဏမီ၊ တာဝ ဧကော မာသော။

တတ္ထပန၊ ထိုမဇ္ဈိမတိုင်း၌ကား။ ပုဏ္ဏမိတော၊ ရှေ့လပြည့်နေ့မှ။ ပဋ္ဌာယ၊ အစအပိုင်းအခြားပြု၍။ ယာဝ၊ အကြင်မျှလောက်။ အပရာပုဏ္ဏမီ၊ နောက်လပြည့်နေ့သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ဧကောမာသော၊ တလမည်၏—ဟူ၍ သာရတ္ထဒီပနီ၌ ဆိုသောကြောင့် သိအပ်သည်။

အနက်

ယင်းနှစ်ပါးတွင် ကမ္ဘာဦးက တပေါင်းလပြည့်၊ တန်ခူးလပြည့် စသည်များ၌ သကြံန်ဆိုခြင်းသည် မဇ္ဈိမတိုင်းသားတို့ အလိုအားဖြင့် ဝေါဟာရသကြံန်ဖြစ်သည်၊ ရာသီပြောင်း သကြံန်ရှိကြောင်းကိုလည်း—

၁ မိဂကက္ကဋ္ဌ သင်္ကန္တိ၊ ဥဒီစိ ဒက္ခိဏာယနေ။
ဝိသုရိတိ တုလာမေသေ၊ ရာသိစက္ကေ တထာပရာ။

၂ ခနုမိထုန ကညာသု၊ မီနေစ ဆဠသီတယော။
ဝုသဝိစ္ဆိက ကုမ္ဘေသု၊ သီဟေ ဝိဏှုပဒီ မတာ။

၁။ ဥဒီစိဒက္ခိဏာယနေ၊ဥတ္တရာယဉ် ဒက္ခိဏာယဉ်အစ၌။ မိဂကက္ကဋ္ဌ သင်္ကန္တိ၊ မကာရသကြံန် ကြကဋ်သကြံန် ဟုဆိုအပ်ကုန်သော နှစ်ပါးသော သကြံန်တို့သည်လည်းကောင်း။ တထာပရာ၊ ထိုမှတပါး ကုန်သော။ တုလာမေသေ၊တူ၊မိဿ ဟုဆိုအပ်ကုန်သော။ ရာသိစက္ကေ၊ရာသီသကြံန် တို့သည်လည်းကောင်း။ ဝိသုရိတိ၊ ဝိသုရိတိသကြံန်မည်၏။

အနက်

၂။ ခနုမိထုနကညာသုစ၊ ဓနု၊ မေထုန်၊ ကန်တို့၌၎င်း။ မီနေစ၊ မိန်၌၎င်း။ ဆဠသီတယော၊ ဆဠသီတသကြံန်မည်ကုန်၏။ ဝုသဝိစ္ဆိကကုမ္ဘေသု၊ ပြိဿ၊ ဗြိစ္ဆာ၊ ကုန်တို့၌ ၎င်း။ သီဟေ၊ သိဟ်၌၎င်း။ ဝိဏှုပဒီ၊ ဝိဏှုပဒီ သကြံန်ဟူ၍။ မတာ၊ သိအပ်၏။

ဤသို့ တဆယ့်နှစ်ရာသီ သကြံန်အမည်ကို သကြန္တိသဒ္ဒါနှင့် ဆိုသော ဇောတိ တတ္တကျမ်းကို ထောက်၍ သိအပ်သည်။ လထပ် ရက်ငင် အခြင်းအရာမှာ—

ပရိယိဋ္ဌာယ ဝဿိက သာဋိကာယ ဝဿံ ဥက္ကစိုယတိ နိဝတ္ထာယ ဝဿိက သာဋိကာယ ဝဿံ ဥက္ကစိုယတိ ဓောဝိတွာ နိက္ခိပိတဗ္ဗံ၊ သမယေ နိဝါသေတဗ္ဗံ။

ဝဿိကသာဋိကာယ၊ မိုးရေခံသင်္ကန်းကို။ ပရိယိဋ္ဌာယ၊ ရှာပြီးသည်ရှိသော်။ ဝဿံ၊ နှစ်ကို။ ဥက္ကစိုယတိ၊ ငင်သည်ဖြစ်အံ့။ ဝဿိကသာဋိကာယ၊ မိုးရေခံသင်္ကန်းကို။ နိဝတ္ထာယ၊ ဝတ်ပြီးသည်ရှိသော်။ ဝဿံ၊ နှစ်ကို။ ဥက္ကစိုယတိ၊ ငင်သည်ဖြစ်အံ့။ ဓောဝိတွာ၊ ဖွပ်၍။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ သမယေ၊ အခါ၌။ နိဝါသေတဗ္ဗံ၊ ဝတ်အပ်၏။

**အနက်**

ဤသို့ ဝိနည်းပါဠိတော်၌ လထပ် ရက်ငင် ရှိကြောင်းကို လာသည်။

ဂိမှာနံ ပစ္ဆိမံ မာသံ ခေပေတွာ ပုန ဝဿာနဿ ပဌမမာသံ ဥက္ကစိုတွာ ဂိမှာနံ ပစ္ဆိမမာသမေဝ ကရောန္တိ။

ဂိမှာနံ၊ နွေရတုတို့၏။ ပစ္ဆိမံမာသံ၊ အစွန်ဖြစ်သော နယုန်လကို။ ခေပေတွာ၊ ကုန်စေ၍။ ပုန၊ တဖန်။ ဝဿာနဿ၊ မိုးရတု၏။ ပဌမမာသံ၊ အစဖြစ်သော ဝါဆိုလကို။ ဥက္ကစိုတွာ၊ ငင်၍။ ဂိမှာနံ၊ နွေရတုတို့၏။ ပစ္ဆိမမာသမေဝ၊ အစွန်ဖြစ်သော လမည်သည်ကိုသာလျှင်။ ကရောန္တိ၊ ပြုကုန်၏။

**အနက်**

ဤသို့ဝိနည်း အဋ္ဌကထာ၌ နွေရတုက နယုန်လကုန်ပြီးနောက် မိုးရတုက ဝါဆိုလကို နွေရတုသို့ငင်၍ နွေရတုအစွန်ဖြစ်သော လမည်သည်ကို ပြုခြင်းသည် လငင် လထပ် မည်၏ဟူ၍ လထပ်ဟန် အခြင်းအရာကိုပြသည်။ မိုးရတု၏ အစဝါဆိုလအဖို့ တလလွန်စေသည်ဟူ၍ စကားကျသည်။

ဝဿာနဿ ပဌမမာသံ ဥက္ကစိုတွာ ဂိမှာနံ ပစ္ဆိမမာသမေဝ ကရောန္တိတိ ဝုတ္တံ ဟောတိ။

ဝဿာနဿ၊ မိုးရတု၏။ ပဌမမာသံ၊ လက်ဦးဖြစ်သော ဝါဆိုလကို။ ဥက္ကစိုတွာ၊ ငင်ကုန်၍။ ဂိမှာနံ၊ နွေရတုတို့၏။ ပစ္ဆိမမာသမေဝ၊ အစွန်လမည်သည်ကိုသာလျှင်။ ကရောန္တိ၊ ပြုကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်၊ ဟောတိ၊ ဖြစ်၏။

**အနက်**

ဤသို့ ကင်္ခါဝိတရဏီဋီကာ၌ မိုးရတုက ဝါဆိုလကို နွေရတုသို့သွင်း၍ မိုးရတုအဖို့ ဝါဆိုလ တလလွန်စေခြင်းသည် လထပ် လငင်မည်၏ဟူ၍ ပြသည်။

ရာဇာနော တတိယေတတိယေ ဝဿေ ဝဿံ ဥက္ကစ္စန္တိ။

**အနက်** ရာဇာနော၊မင်းတို့သည်။ တတိယေတတိယေဝဿေ၊သုံးနှစ်မြောက် သုံးနှစ်မြောက်၌။ ဝဿံ၊နှစ်ကို။ဥက္ကစ္စန္တိ၊ ငင်ကုန်၏။

ဤသို့ ဝိနည်းမဟာဝါ အဋ္ဌကထာ၌ သုံးနှစ်တကြိမ် နှစ်ငင် လထပ် ရှိကြောင်းကို ပြသည်။

ဝဿံ ဥက္ကဍ္ဎေန္တီတိ ဝဿံ ဥဒ္ဓံ ကဍ္ဎန္တိ၊ တတိယေ သံဝစ္ဆရေ ဧကံမာသံ အဓိကမာသ ဝသေန ပရိစ္စဇန္တာ ဝဿံ ဥဒ္ဓံ ကဍ္ဎန္တီတိ အတ္ထော။

**အနက်** ဝဿံ ဥက္ကဍ္ဎေန္တီတိ၊ ဟူသည်ကား။ ဝဿံ၊ နှစ်ကို။ ဥဒ္ဓံ၊ အလွန်။ ကဍ္ဎန္တိ၊ငင်ကုန်၏။ တတိယေ သံဝစ္ဆရေ၊ သုံးနှစ်မြောက်၌။ ဧကံ မာသံ၊တလကို။ အဓိကမာသဝသေန၊လွန်သောလ၏အစွမ်းအားဖြင့်။ ပရိစ္စဇန္တာ၊ စွန့်ကုန်သည်ဖြစ်၍။ဝဿံ၊နှစ်ကို။ ဥဒ္ဓံ၊ အလွန်။ ကဍ္ဎန္တိ၊ငင်ကုန်၏။ ဣတိ၊ ဤသည်ကား။အတ္ထော၊အနက်တည်း။

ဤသို့ သာရတ္ထဒီပနီ၌ သုံးနှစ်တကြိမ် ယခင် ဆိုခဲ့ပြီးသော နာဂရီအစုကို မပြည့်လောက်၍ စွန့်သည်ကို နှစ်ငင် လထပ် ဆိုသည်ဟူ၍ ပြသည်။ဤသို့ စသော ကျမ်းဂန်များကို ထောက်၍ လထပ် ရက်ငင် ရှိသည်ကို သိအပ်သည်။

စာတုဒ္ဒသီ, ပန္နရသီဥပုသ် အခြင်းအရာမှာ ဆိုခဲ့ပြီးသော ဝိဘင်းကျမ်းစသော အဘိဓမ္မာ,သုတ္တန်နည်းဖြင့် တလသော် ရက်သုံးဆယ် ဟူရကား ရက်စုံချည်း သတ်သောကြောင့် စာတုဒ္ဒသီဟူ၍ မရှိ၊ ပန္နရသီသာ ရှိသည်။

ဝိနည်းတော်နည်းဖြင့်ကား ရက်စုံ တလ၊ ရက်မစုံ တလ သတ်သောကြောင့် စာတုဒ္ဒသီ, ပန္နရသီ နှစ်ပါးရှိသည်။

လောကီဗေဒင်နည်းဖြင့်လည်း စာတုဒ္ဒသီ မရှိ၊ ပန္နရသီသာ ရှိသည်။ သာသနာတော်ရေး ဝိနည်းမမှက်နှင့် ညီညွတ်အောင် ဝိနည်းတော်သို့ လိုက်၍ ရက်စုံ တလ၊ ရက်မစုံ တလ သတ်လျက် စာတုဒ္ဒသီ, ပန္နရသီ နှစ်ချက်ဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်သည်။

တတ္ထ ဟောမန္တ ဂိမှန္တဝဿာနာနံ တိဏ္ဏံ ဥတူနံ တတိယသတ္တမပက္ခေသု ဒွေဒွေ ကတွာ ဆစာတုဒ္ဒသိကာ၊ အဝသေသာ အဋ္ဌာရသပန္နရသိကာတိ ဧဝံ ဧကသံဝစ္ဆရေ စတုဝီသတိ ဥပေါသထာ။

အနက် တတ္ထ၊ထိုဉပုည်တို့တွင်။ ဟေမန္တဂိမှန္တဝဿာနာနံ၊ ဟေမန္တ, ဂိမှန္တ, ဝဿာန ဟုဆိုအပ်ကုန်သော။ တိဏ္ဏံ ဥတူနံ၊ ဥတုသုံးပါးတို့၏။ တတိယသတ္တမပက္ခေသု၊တတိယပက္ခ, သတ္တမပက္ခတို့၌။ ဒွေဒွေ၊ နှစ်ပါးနှစ်ပါးတို့ကို။ ကတွာ၊ပြု၍။ ဆစာတုဒ္ဒသိကာ၊ စာတုဒ္ဒသီ ခြောက်ဉပုသ်တို့ရှင်း။ အဝသေသာ၊ ကြွင်းကျန်ကုန်သော။အဋ္ဌာရသပန္နရသိကာ၊ပန္နရသီ တဆယ့်ရှစ်ဉပုသ်တို့ရင်း။ ဣတိ ဧဝံ၊ဤသို့။ကေသံဝစ္ဆရေ၊တနှစ်၌။ စတုဝီသတိဉပေါသထာ၊ နှစ်ဆယ့်လေးဉပုသ်တို့ သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့ ကပ်ါဝိတရဏီအဋ္ဌကထာ၌ စာတုဒ္ဒသီ, ပန္နရသီ အရေအတွက်နှင့် ဆိုခြင်း ကြောင့် ရက်စုံတလ၊ ရက်မစုံ တလ သတ်၍ ခေါ်ဝေါ်သင့်သည်ကို သိအပ်သည်။ ရက်မစုံသတ်သော စာတုဒ္ဒသီ လကွယ်နေ့၌ ပုဏ္ဏမိတိသိမပြည့် ကျန်လေသော ကြောင့် ရံခါ လမြင်သည်မှာ တိထိကို ထောက်၍ အမှန်ယူသင့်သည်။ဆိုခဲ့ပြီးသော ကျမ်းဂန်တို့နှင့် ပုံတော်မှာ ညှိနှိုင်း၍ သာသနာရေး လောကရေး အမှန်အကန် တညီတညွတ် ဖြစ်စိမ့်သောငှါ ဆင်ခြင်တော်မူသာအောင် မေတ္တာစာ ဆက်သွင်း အပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## သိမဂ်ပန်းရည်

သရဒ္ဒေကျမ်းတွင် ကိတ်ဂြိုဟ် သကြံနိရေမှာ သိမဂ်မည် သော ပန်းရည်ဟူ၍ ပါသည်၊ မည်သည့်သစ်ပင်ကို သိမဂ်ဟူ၍ ခေါ်ဝေါ်သည်ကို ဆရာတော်မှာ လျှောက်ရမည်။

**၁၁၅၄–ခု နတ်တော်လဆန်း(၁၄)ရက်နေ့ သံတော်ဆင့် ဉဒိန်ဝေရကို စေ တော်မူ၍ လျှောက်လှာစေသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သရဒ္ဒေကျမ်း ဂြိုဟာသန္တိပိုင်း ကိတ်ဂြိုဟ်သကြံနိရေတွင် "သိမဂ်"၊သိမဂ်မည်သော ပန်းရည်"ဟူ၍ နာမသတ်အနက် မြန်မာပြန်လျက် ပါလေသည်၊ ရွှေလက်ထက်တော် တွင် ရောက်သော အမရကောသ,ရတနကောသ စသော အဘိဓာန်ကျမ်းမျိုး အစုံ အလင်ပြန်၍ မပြီးမီ အထောက်အသား မရှိသေးသောကြောင့် မသိသာ၍ အဓိပ္ပါယ် သဘောသကန် မယိုမယွင်း မှန်ကန်အောင် နာမသတ်ပြန်ခြင်း ဖြစ်သည်၊ယခု အသုံး တော် ရှိသည်တွင်မှ ကြည့်ရှု ရှာဖွေသော် မဓ္ဓိဋ္ဌ,ဝိကာသ,သိမဂ်ါစသော သဒ္ဒါသုံးပါး ကို ထန်းကျင့်ပင်ဟူသော အနက်ဟော သဒ္ဒါအဖြစ်ဖြင့် အမရကောသကျမ်း၌ ဆို

သည်။ မဥ္ဇူ၊ ဝိကသ၊ ယောဇနာဝလ္လိစသော သဒ္ဒါ ၁၀ ပါးကို ထန်းကျင့်ပင်ဟူသော အနက်ဟောသဒ္ဒါအဖြစ်ဖြင့် ရတနကောသကျမ်း၌ ဆိုသည်၊အဘိဓာန်ဋီကာ၌လည်း "သိမံ ဂစ္ဆတီတိ သိမဂ်ါ" သိမံ၊ အပိုင်းအခြားတပါးသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ သိမဂ်ါ၊ သိမဂ်မည်၏—ဟူ၍ ရှည်သော အနွယ်အမြစ် ရှိရကား အပိုင်းအခြားတပါးသို့ ရောက်တတ်သောကြောင့် သိမဂ်ါမည်ကြောင်းကို ဆိုသည်၊"ယောဇနံ ဝလ္လိ ယဿာတိ ယောဇနာဝလ္လိ"—ယဿ၊အကြင်သစ်ပင်အား။ ယောဇနံ၊ယူဇနာတိုင်တိုင်။ ဝလ္လိ၊ အနွယ်အမြစ်သည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထို ကြောင့်။ သော၊ ထိုသစ်ပင်သည်။ ယောဇနာဝလ္လိ၊ ယောဇနာဝလ္လိမည်၏။—ဟူ၍ ယူဇနာတိုင်အောင်ပင်လည်း ယင်းသစ်ပင်၏ အနွယ်အမြစ် ရောက်တတ်သည် ဟူ၍ သရုပ်သဘောကိုလည်း ဆိုသည်၊ထိုကြောင့် အမရကောသ၊ရတနကောသမည်သော သင်္ကာရိုက် အဘိဓာန်ကျမ်းနှစ်စောင် အဘိဓာန်ဋီကာများကို ထောက်၍ ကိတ် ဂြိုဟ်သကြံန်ရေတွင် သိမဂ်အရကို ထန်းကျင့်ဟူသော သစ်ပင်အထူး၊ အမြစ်ရှည် အပွင့်ရှည် အရွက်ရှည်များတွင် ရလွယ်ရာ သင့်နိုးရာ သကြံန်ရေ ပြုသင့်သည်။

## ထန်းကျင့်ပင်

သိမဂ်အရကို ထန်းကျင့်ပင်ဟူ၍ မေတ္တာစာတွင် ပါသော ကြောင့် သိရသည်၊ ထန်းကျင့်ပင် အကြောင်းအရာ သရုပ် သကန် နေရပ်ဌာနကို ဆရာတော်မှာ မဟာဒါန်ဝန်ကို လျှော်စေ အမိန့်တော်ရှိ၍-

**၁၁၄၅—ခု တော်သလင်းလပြည့်ကျော် (၆)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သိမဂ်အရကို ထန်းကျင့်ပင်ဟု ယူသည်မှာ သင်္ကာရိုက်, အဘိဓာန်နှစ်စောင်, အဘိဓာန်ဋီကာတို့တွင် ထန်းကျင့်ပင်ဟော အဖြစ်ဖြင့် ထင်ရှားလှသော မဥ္ဇူသဒ္ဒါ နှင့်တကွ သိမဂ်သဒ္ဒါကိုလည်း ဆိုသောကြောင့် အတတ်အကြပ် သိရသည်၊ ရှေး ဆရာတို့ အစဉ်ထားသော မြန်မာပညတ်အနက်စုတွင်လည်း သိမဂ်အရကို ထန်းကျင့် ပင်ဟူ၍ အသေအချာ ရှိသည်၊ ယင်းသစ်ပင်၏ အကြောင်းမှာ အနွယ်ရှည်သည်၊ အရွက်ကို ဖါးသတ္တဝါတို့ စားစမှတ်ပြုသည်၊ အရွက်သဏ္ဌာန်လည်း ဖါးကဲ့သို့ ရှိ သည်၊ အရည်အဆင်း နီသည်ဟူ၍ ကျမ်းဂန် ဆိုသည်၊ ၎င်းကျမ်း ဆိုသည်အတိုင်း

ညီညွတ်သော် ထန်းကျင့်ပင်ဟူ၍ အစဉ်ခေါ်ဝေါ်သည်၊ သစ်ပင်လည်း ရွှေမြို့တော် အနီး အရှေ့တောင်ယံများတွင် ရှိသည်။

## ဘဝါး မှန်တိုင်

ဘဝါးမှန်တိုင် လုပ်နည်း ကျမ်းဂန်ထုံးစံ ရှိသည်အတိုင်း သိတော်မူသာအောင် ဆရာတော်မှာ လျှောက်၍ သွင်းစေ၊ အတွင်းဝန် မင်းကြီးနန္ဒကျော်ထင်ကို စေတော်မူ၍—

**၁၁၅၄—ခု တပိုတွဲလပြည့်ကျော်(၄)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် လိုက်သည်ကား—**

အင်္ဂုလာတု သူစ္ဆိဂ္ဂါ၊ ကင္ဂီ ဒွင်္ဂုလမူလိကာ။
သကိုသညာ ဘဝေစေဝ၊တစ္ဆာယံ ပရိကပ္ပယေ။

**အနက်** အင်္ဂုလာ၊ တဆယ့် နှစ်လက်သစ် ရှည်သော။ သူစ္ဆိဂ္ဂါ၊ အပ်ကဲ့သို့ အဖျားရှိသော။ ဒွင်္ဂုလမူလိကာ၊နှစ်လက်သစ် အရင်းရှိသော။ ကင္ဂီတု၊ တိုင်သည်ကား။ သကိုသညာ၊ မှန်တိုင်မည်သည်။ ဘဝေ၊ဖြစ်၏။ တစ္ဆာယံ စေဝ၊ ထိုမှန်တိုင် အရိပ်ကိုသာလျှင်။ပရိကပ္ပယေ၊ လိုသောဘဝါး အတိုင်း ကြံရာ၏။

ဘဝါးအတိုင်း မှန်တိုင်လုပ်နည်း ဇောတိတတ္တကျမ်း ဂံး ရေး ကိအင်္ဂါ၌—

ပဥ္စဒွိ ရာမ ယုဂေကာ၊ သုညေကံ ယုဂ ဝဟ္နယော။
စတု ပဥ္စတ္တရော မာဃာ၊ဆာယာ ပါဒါ ဒိနဒ္ဓကေ။

**အနက်** မာလဘ၊တပိုတွဲလမှစ၍။ပဥ္စ၊ငါးဘဝါး။အဒွိ၊လေးဘဝါး။ * ရာမ၊ သုံးဘဝါး။ ယုဂ၊နှစ်ဘဝါး။ ကော၊တဘဝါး။ သုည၊ဘဝါးသုဉ်း။ ကေ၊တဘဝါး။ ယုဂ၊ နှစ်ဘဝါး။ ဝဟ္နယော၊ သုံးဘဝါး။ စတု၊လေးဘဝါး။ ပဥ္စ၊ ငါးဘဝါး။အတ္တရော၊ခြောက်ဘဝါး။ဣတိ၊ဤသို့။ဆာယာပါဒါ၊ဘဝါးရိပ်တို့သည်။ ဒိနဒ္ဓကေ၊နေ့ထက်ဝက်၌။ဟောန္တိ၊ဖြစ်ကုန်၏။

---

* **ယာမ—မဟုတ်။ ရာမ ရေးမှ မှန်သည်။ ရာမသဒ္ဒါ သုံးခုဟော ဖြစ်သည် မှာ ရာမစန္ဒ, ပရသုရာမ, ဗလရာမ ဟု ရာမသုံးမျိုး ရှိသောကြောင့်ပေတည်း။**

**လစဉ်ဘဝါးယူနည်း**—ငှင်းအင်္ဂါ (နှစ်လက်သစ်လျှင် တဘဝါး)၊ ဇောတိတတ္တကျမ်း ဘဝါးယူပုံမှာ လူတို့အရပ်သည် ကိုယ်ဘဝါးမှ ခြောက်ပြန်။ တဘဝါးလျှင် ၁၅ သစ် ဖြစ်၍ ကိုယ်အရိပ် သုံးတောင်ထွာ ခြောက်လက်သစ် ရှိသောကြောင့် နှစ်လက်သစ်ကို တဘဝါး၊ ယင်းဘဝါးမှ ခြောက်ပြန်တက်၍ ဘဝါးတိုင် စီရင်လေသည်။

တိုင်ခြေ တလက်သစ်လျှင် အရပ် ခြောက်လက်သစ်၊ ခြေတတောင်လျှင် အရပ် ခြောက်တောင် အစရှိသဖြင့် အလိုရှိတိုင်း စီရင်ရမည်၊ ခုနစ်လက်သစ်နှင့် လုပ်သည့် ဘဝါးတိုင်မှာ လူတို့အရပ် လေးတောင် ကိုးလက်သစ် အတွက် ရသည်၊ ဘုရားရှင်မှ သော်လည်း လေးတောင်သာ အရပ်ရှိသည်ဟူ၍ ကျမ်းဂန်ဆိုသည်၊ ခုနစ်လက်သစ် နှင့်လုပ်သည့်ဘဝါးတိုင်မှာ တိုင်ခြေ အမှတ်မရှိ၊တိုင်ခြေအမှတ် နှစ်ပါးစုံမှ သင့်မည်။

---

## ၁၃-နှစ် သာမဏေကို ပဉ္စင်းခံခြင်း

> အသက်(၁၉)နှစ် ရှိသည့် သာမဏေကို အသက်(၂၀)ပြည့် ပြု၍ ပဉ္စင်းခံသည်မှာ ပါဠိ,အဋ္ဌကထာကျမ်းဂန်မှာ မည်သို့လာ ၍ ရပာန်း ပဉ္စင်း ပြုသည်၊သိတော်မူသာအောင် ဆရာတော်ကို လျှောက်၍ စာသွင်းစေ။

**၁၁၅၄—ခု တပေါင်းလပြည့်ကျော်(၄)ရက်နေ့ မဟာဒါနဝန်ကိုစေ၍ လျှောက် လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပဉ္စင်းလောင်းတို့ အသက်(၂၀)ပြည့်အောင် ရေတွက်ဟန်ကိုဆိုရာ ဝိနည်း အဋ္ဌကထာ၌—

ပေါရာဏကထေရာပန၊ ရှေး မထေရ်တို့သည်ကား။ ဧကူနဝီသတိဝဿံ၊ တဆယ့်ကိုးနှစ် အသက်ရှိသော သာမဏေကို။ နိက္ခမနီယပုဏ္ဏမာသိံ၊ ဝါခေါင်လပြည့်ကို။ အတိက္ကမ္မ၊လွန်၍။ပါဋိပဒဒိဝသေ၊အသွက်တရက်နေ့၌။ ဥပသမ္ပာဒေန္တိ၊ ပဉ္စင်းခံကုန်၏။တံ၊ထိုသို့ ပဉ္စင်းခံခြင်းသည်။ကသ္မာ၊အဘယ့်ကြောင့်နည်း။ဣတိ၊ဤသို့။ဝဒေယျ၊ ဆိုငြားအံ့။ ပရိဟာရော၊အဖြေကို။ ဝေ၀ံ ဤသို့။ ဝုစ္စတေ၊ဆိုအပ်၏။ ကေသ့ံ ဝဿော၊ တနှစ်အတွင်း၌။ ဆစာတုဒ္ဒသိကာ ဥပေါသထာ၊ စာတုဒ္ဒသီ ခြောက်ဥပုသ်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။ ဝီသတိဿာဝဿေသု၊ အနှစ် နှစ်ဆယ်တို့၌။ စတ္တာရောမာသာ၊ လေးလတို့သည်။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ ရာဇာနော၊

မင်းတို့သည်။ တတိယေတတိယေဝဿေ၊ သုံးနှစ် သုံးနှစ်မြောက်၌။ ဝဿံဥက္ကစ္စန္တိ၊ ဝါငင်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အဋ္ဌာရသဝဿေသု၊ တဆယ့်ရှစ်နှစ်တို့၌။ ဆမာသာဝစ္စန္တိ၊ခြောက်လပွားကုန်၏။တတော၊ထိုခြောက်လမှ။ဥပေါသထဝဿေန၊ စာတုဒ္ဒသီဥပုသ်နေ့ ပါသော နှစ်အတွက်အားဖြင့်။ ပရိဟီနေ၊ ယုတ်လေကုန်သော။ စတ္တာရောမာသေ၊ လေးလတို့ကို။ အပနေတွာ၊ပယ်၍။ ဒွေမာသာ အဝသေသာ၊ ၂ လကြွင်းကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။တေ ဒွေမာသေ၊ ထိုအကြွင်း ၂လတို့ကို။ ဂဟေတွာ၊ ယူ၍။ ဝီသတိဝဿာနိ ပရိပုဏ္ဏာနိ၊ အနှစ် နှစ်ဆယ် ပြည့်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နိကခံါဟုတွာ၊ ယုံမှားမဲ့ဖြစ်၍။ နိက္ခမနိယပုဏ္ဏမာသိံ၊ ဝါခေါင်လပြည့်နေ့ကို။ အတိက္ကမ္မ၊ လွန်၍။ ပါဋိပဒဒိဝသေ၊ အထွက်တရက်နေ့၌။ဥပသမ္ပာဒေန္တိ၊ပဥ္စင်းခံကုန်၏။

ဟူ၍ သန္တုလပြည့်နေ့ အသက်နှစ်ဆယ် ပြည့်လတံ့သော ပဥ္စင်းလောင်းကို ၎င်းလပြည့်နေ့မတိုင်မီကပင် ၂လ လျော့၍ ဝါခေါင်လပြည့်ကျော် တရက်နေ့ ပဥ္စင်းခံသင့်ကြောင်းကို လာသည်။ အဘယ်ကြောင့် ၂လ လျော့လျက် အသက် နှစ်ဆယ် ပြည့်ပြု၍ ပဥ္စင်းခံလေသနည်းဟု စောဒနာပြီးလျှင် အနှစ်နှစ်ဆယ်အတွင်း စာတုဒ္ဒသီ လကွယ်နေ့အတွက် လေးလလျော့သည်၊ သုံးနှစ်တကြိမ် တလ ပိုသည်ဖြစ်၍လည်း ၁၈ နှစ်အတွင်း ခြောက်လပွားသည်၊ ယင်းသို့ ပွားလေသောခြောက်လသည် တနှစ် လျှင် ၁၂ ရာသီ ၁၂ လသာ ဖြစ်၍ မပွားသာပြီ၊တလလျှင် အရက် ၃၀ သာ ဖြစ်၍ ၂၉ ရက်နှင့် စာတုဒ္ဒသီ လကွယ်စေ့၍ တလလည်း မပြုသာပြီဖြစ်သောကြောင့် ပွားသော ခြောက်လကို မပွားစေပဲ စာတုဒ္ဒသီလကွယ်အတွက် လျော့သောလေးလကို လည်း မလျော့စေပဲ သဘောအားဖြင့် ဖြောင့်၍ရေတွက်သော် သုံးနှစ်တကြိမ် ပွားစေသည့်ခြောက်လက စာတုဒ္ဒသီလကွယ်လေးလအတွက် လေးလပယ်၍ အကြွင်း ၂လ ရသောကြောင့် ယင်း ၂လနှင့် အသက် နှစ်ဆယ် ပြည့်သည်ဟူ၍ ဝိနည်းအဋ္ဌ ကထာတို့၌ ဖြေသည်၊ ယင်းသို့ ဖြေခြင်းဖြင့် တလလျှင် အရက်သုံးဆယ်သာ ဖြစ် သင့်သည်၊ ၂၉ ရက် မဖြစ်သင့်၊တနှစ်လျှင် တဆယ့်နှစ်လသာ ဖြစ်သင့်သည်၊ တဆယ့် သုံးလ မဖြစ်သင့်၊ လောက၌ နှစ်ဆယ့်ကိုးရက် တလ တဆယ့်သုံးလ တနှစ် အယုတ် အလွန် ခေါ်ဝေါ်ကြသည်များသည် မခေါ်ဝေါ်သင့်၊ အရက်သုံးဆယ်သာ တလ၊ တဆယ့်နှစ်လလျှင် တနှစ် ခေါ်ဝေါ်သင့်သည်ဟူ၍ အစိပ္ပါယ်ထင်ရှားစွာ သိသာ ကြောင်း၊ အဘိဓမ္မာ သုတ္တန်များ၌ အရက်သုံးဆယ် တလ၊ တဆယ့်နှစ်လလျှင် တနှစ်၊ တနှစ်လျှင် ရက်ပေါင်း ၃၆၀ ဆိုသည့်စကားများနှင့် ဝိနည်းကျမ်းစကား သည် ယမုနာရေနှင့် ဂင်္ဂါရေ ရောနှောသော် အခြားမထင်သကဲ့သို့ တညီတညွတ် နှီးနှော သင့်တင့်သည်။

ပဥ္စင်းလောင်းအသက်ကို ရေတွက်သည့်နည်းကို ထောက်၍လည်း လောကရေး သာသနာရေး လနှင့်ရေတွက်ရန်ရှိသမျှကို စာတုဒ္ဒီလက္ခယ် အထွက်တရက်မလျော့စေပဲ လာပွားသည့်အတွက် မပိုမလွန်စေပဲ ဖြောင့်၍ ရေတွက်သင့်သည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

### မေတ္တာစာ

**ဆရာတော် သွင်းသည့်မေတ္တာစာအရကို မသိသာသေးဖြစ်သည်၊ သိသာအောင် ထပ်၍ သွင်းရမည်အကြောင်းနှင့် လျှောက်စေဦး၊ အမိန့်တော်နှင့် မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

နေသွား, လသွား, နေ့ရက်, လ, နှစ်, ရတု, အယဉ် အမှန်အကန်ဖြစ်အောင် ဆွေးနွေးဆင်ခြင်တော်မူသည်မှာ အပြစ်မရှိသော အမှုဖြာ အတတ်ပညာ ဝိဇ္ဇာဌာနဟူသမျှသည် ဗုဒ္ဓတ္တစရိယချည်း မည်ကြောင်းကို—

> အနဝဇ္ဇ ကမ္မာယတန သိပ္ပါယတန ဝိဇ္ဇာဌာန ပရိစယဝသေန ဗုဒ္ဓတ္ထစရိယာ။

ဟူ၍ သီလက္ခန်ဋီကာကျမ်း လာသည့်နှင့်အညီ သဗ္ဗညုတညာဏ်၏ အကြောင်းစင်စစ်ဖြစ်သည်၊ နေသွား လသွား နေ့ရက် လ နှစ် ရတုအယဉ်နှင့်စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်ဟူသမျှနှင့် ဆိုင်သောကြောင့် လောကရေးသာမက သာသနာတော်ရေးကို စင်စစ် ပြုစုသုတ်သင်တော်မူခြင်းလည်း ဖြစ်သည်၊ ကုသိုလ်တော် သာသနာတော်ရေးကို မြော်ထောက်၍ ဆရာတော်တို့လည်း အစွမ်းရှိသမျှ လုံ့လပြုသည်တွင် ပဥ္စင်းလောင်း နှစ်အရေအတွက်ကိုဆိုရာ ဝိနယသင်္ဂဟအဋ္ဌကထာ, ဝိနည်းမဟာဝါ၊အဋ္ဌကထာတို့၌ ၁၀ လ သန္ဓေနေ၍ သန္တုလပြည့်နေ့ ဖွားသည့်ပဥ္စင်းလောင်းကို ၁၉ နှစ်နှင့် ၁၀ လ ရှိသည်ကာလ ၂လ လျော့စေ၍ ဝါခေါင်လပြည့်ကျော်တရက်နေ့ပင် ပဥ္စင်းခံသင့်သည်ဆိုသည်ကို ဆင်ခြင်သော် ၂လ လျော့စေသည်မှာ တလလျှင် အရက် ၃၀ တနှစ်လျှင် ၁၂လဖြစ်၍ ရက်ပေါင်း ၃၆၀ သာ ရှိသင့်လျက် တွက်ခြေကို အလေ့ပြု၍ နေသွား လသွား နေ့ရက် လ နှစ် ရတုအယဉ်သဘောသကန်ကို မဘောက်မပြန် မယိုခယွင်းအောင် မဆင်ခြင်နိုင်သည်။

ဗေဒင်လေ့လာသူတို့က ရေမြေရှင်မင်းတို့ကို လျှောက်ထား၍ သုံးနှစ်တကြိမ် ၁၃ လကို တနှစ်ပြုလေသည်၊ ရက်သုံးဆယ် မပြည့်ပဲလည်း ၂၉ ရက်နှင့် ခြောက်လ ရက်မစုံသတ်လေသည်၊ ၁၃ လကိုပြည်း တနှစ်ပြုသာမည်မဟုတ် ၂၉ ရက်ကိုလည်း

တလပြုံသာမည်မဟုတ်၊ ဗေဒင်လေ့လာသူတို့ ၁၃ လပြုံသည်နှစ်က တလကို ရှေ့နှစ်မှာ ထည့်၍ ၁၂ လလျှင် တနှစ်သာ ရေတွက်သင့်သည်။ ၂၉ ရက်နှင့် တလပြုံသည်မှာ လည်း အရက်သုံးဆယ်ပြည့် တလသာ ရေတွက်သင့်သည်၊ထို့ကြောင့် ၁၈ နှစ်အတွင်း ရက်မစုံအတွက် လေးလလျော့သည်ကို ဗေဒင်လေ့လာသူတို့ ၁၃ လနှင့် တနှစ်ပြု သည့်အတွက် ခြောက်လက လေးလထည့်၍ အကြွင်းနှစ်လနှင့် ပဋ္ဌင်းလောင်းအသက် ၂၀ ပြည့်သောကြောင့် ၁၉ နှစ်နှင့် ၁၀ လသာယူ၍ ၂ လ လျော့စေကြောင်းကို–

ကေသိမ္ဗိ ဝသော ဆစာတုဒ္ဒသိကာ ဥပေါသထာ၊

စသည်ဖြင့် အဋ္ဌကထာ၌ပင် ဆိုသည်။

အခိပ္ပါယ်အဖြေ့င်မှာ ၁၃ လနှင့် တနှစ်ပြုကြသည့်အရာ သဘောမသင့် သောကြောင့် တလကို ရှေ့နှစ်မှာထည့်၍ ၁၂ လနှင့်သာ တနှစ်ရေတွက်သော် ၂၉ ရက်နှင့် တလပြုကြသည့်အရာလည်း သဘောမသင့်သောကြောင့် အရက်သုံးဆယ် နှင့်သာ တလပြု၍ တနှစ်လျှင် ၃၆၀ သာ ရေတွက်သော် ၂လ ရသောကြောင့် ၁၉ နှစ်နှင့် ၁၀ လရှိသည့် ပဋ္ဌင်းလောင်းမှာ အသက် ၂၀ ပြည့်ဟူလိုသည်၊ အဘိဓမ္မာ, သုတ္တန်များမှာကဲ့သို့ ဝိနည်းတော်၌ တနှစ်လျှင် ရက် ၃၆၀ သာပြု၍ ရေတွက်သည်ကို ဆတ်ဆတ်သိရသည်၊ ပဋ္ဌင်းလောင်းအသက်ကို ရေတွက်သကဲ့သို့ ၁၃ လနှင့် ရံခါ တနှစ်ပြုသည့် အရပ်ဒေသ, ၂၉ ရက်နှင့် တလပြုသည့် အရပ်ဒေသများမှာ လလွန် ရက်လျော့ မရှိ ၃၆၀ နှင့် ရေတွက်သင့်သည့်နည်းကိုလည်း အဋ္ဌကထာ၌ပြသည်။

အဋ္ဌကထာတို့ ရေတွက်သောနည်းသည် ယခုကာလ လလွန် ရက်လျော့ ရှိသည် အရာများနှင့် မညီ၊ ပုံတော်မှာ ၃၆၀ သွားနှင့်သာ ဥသစ်သော ရှေ့စင်ကိုပြတ်၍ စံနိုင်းသော အရည်အသွေး မတိမ်းမယိမ်း ညီညွတ်ဘိသကဲ့သို့ အရေအတွက် မယို မယွင်း ညီညွတ်သည်၊ သုံးနှစ်တကြိမ် တဆယ့်သုံးလနှင့် တနှစ်ပြုသည်သူတို့ အလို အတိုင်း ဝိနည်းအဋ္ဌကထာတို့၌ ယခင် ရေတွက်သည့်နည်းသာ သာသနာတော် ၅၀၀၀ ကို ရေတွက်သော် ၁၃၈ နှစ်နှင့် ၁၀ လပိုသည်၊ ယခု သာသနာတော် ယည်း ၂၃၃၆ နှစ်သာမက ၂၄၀၁ နှစ်နှင့် ၁၀ လရှိသည်ကို လလွန်ပြုကြလေသော ကြောင့် ၂၃၃၆ နှစ်ဟူ၍ အခေါ်အဝေါ် ယိုယွင်းခြင်း ဖြစ်သည်၊ ပဋ္ဌင်းလောင်း အသက်ကို ရေတွက်ရာ ဝိနည်းအဋ္ဌကထာတို့၌လည်း ၃၆၀ နှင့်သာ ရေတွက်သည်၊ အဘိဓမ္မာ သုတ်များ၌လည်း ၃၆၀ နှင့်သာ ရေတွက်သည်၊ ဝိနည်းအဋ္ဌကထာတွင် ရက်မစုံလအဘွက် မလျော့စေပဲ ၃၀ အပြည့် ရေတွက်သည်ကို ထောက်သော် ရက်စုံ ရက်မစုံ သတ်၍ ဝေါဟာရမျှဖြင့် ခေါ်ဝေါ်လျှင် ၃၅၄ ရက်နှင့်သာ ခေါ်ဝေါ် သင့်သည်ကို ယခုကာလ ရက်စုံ ရက်မစုံလည်း သတ်သည်၊ ၃၅၄ ရက်သာမက ၃၆၅ ရက် ၆ ရက်ပင် ရှိပြန်သည့်အရာလည်း ဝိနည်းအဋ္ဌကထာနှင့် မညီ၊ အကယ်၍ ၅ ရက်

၆ ရက် စွန်းအံ့ ပဌင်းလောင်းအသက်ကို ရေတွက်ရာ၌ အဋ္ဌကထာတွင် အစွန်းကို ရေတွက်ကောင်းသည်၊ မရေတွက်ခြင်းကြောင့် ရှေးကာလ ၅ ရက် ၆ ရက် အစွန်း မရှိဟု သိသာပြီ။

၁၁၅၄–ခု တပေါင်းလပြည့်ကျော်(၁)ရက်အလွန် ၂ ရက်သို့ ဆည်းပူးသည့် နာရီအတွင်း ၂ ရက်လုံးလုံး ပြည့်သည်တိုင်အောင် လကြပ်သည်မှာလည်း ဂန္ဓာရ ဇာတ်တွင် လပြည့်နေ့ လကြပ်ကြောင်းကို နှစ်ကြိမ်ပင် လာသည်။ သံယုတ္တနိကာယ် တွင်လည်း လ နေတို့ အရောင်အဝါ အလွန်တင့်တယ်သည်ကို မြင်၍ ငြူစူသဖြင့် ရာဟု ဖမ်းသောကြောင့် လ နေ ကြပ်ကြောင်းကို လာသည်၊ လပြည့်နေ့မှာသာ လ၏ အရောင်အဝါ အလွန်တင့်တယ်သည်များကို ထောက်သော် ပုံတော် နက္ခတ် သွား လပြည့်နေ့သည် စင်စစ် မှန်ကန်သည်၊ ပါရမီတော် ရင့်မာ၍ ပညာတော်ကြီး လှသော တရားမင်းမြတ်ကို အမှီရ၍ သူတပါးတို့လည်း အမှန်အကန် မှတ်သား ကြားနာရကြပေသည်၊ အလွန် ကုသိုလ်တော် ဖြစ်မည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

မေတ္တာစာ

**၁၁၅၄–ခု တပေါင်းလပြည့်ကျော်(၈)ရက်နေ့ မဟာဒါန်ဝန်ကိုစေ၍ လျှောက် လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

လောကခပ်သိမ်းကို ဖျကြွင်းမရှိ သိတော်မူသော သဗ္ဗညုဘုရားသည် နေ လ နက္ခတ်,တာရာ အနေ အသွား နေ့ ရက် လ ပက် ရေတု နှစ် မိုး လေတို့၏အခြေအမြစ် အကြောင်းမူလကို လူတို့ ကိုယ်ကျင့်တရားသာဟူ၍ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ၌ ဟောတော်မူသည်၊ တွက်ရိုး တွက်ခြေ အမြင်အထွက်ကို အခြေအမြစ်အကြောင်း မူလဟူ၍ ဟောတော်မမူ၊ ယခုလည်း ရာဇဓမ်ဆယ်ပါး တရားထုံးစံရှိတိုင်း မယို မယွင်း ဘုန်းတော်ကြီးသော တရားမင်းမြတ် စောင့်ထိန်းတော်မူသည်၊ စောင့်ထိန်း တော်မူကြောင်းကိုလည်း တရံတဆစ်မျှ အဓမ္မနှင့်စပ်၍ ပြုကျင့်တော်မူသည်ကို မမြင် မကြားစဘူးကြသောကြောင့် တိုင်းသူပြည်သူတို့ စင်စစ် သိရသည်၊ စောင့် ထိန်းတော်မူသော ရာဇဓမ္မ အာနုဘော်ကြောင့် နေ လ နက္ခတ် တာရာ အနေ အသွား နေ့ ရက် လ ပက် ရေတု နှစ် မိုး လေတို့ ညီညွတ် မှန်ကန်လျက် တွက်ရိုး

တွက်ခြေ အမြင်အထွက် မမှန်မကန် ရှိသည်မှာ မမှန်မကန်သော တွက်ရိုးတွက်ခြေ အမြင်အထွက်သို့ လိုက်၍ ယူမှတ်သားရမည် မဟုတ်ပြီ၊ စောင့်ထိန်းတော်မူသော ရာဇဓမ္မ အာနုဘော်ကြောင့် အမှန်အကန်ဖြစ်သည်ကိုသာ ယူမှတ်သင့်သည်၊ တွက်ရိုး တွက်ခြေ အမြင်အထွက် နေ လ နက္ခတ် တာရာ အနေအသွား နေ့ ရက် လ ပက် ရတု နှစ် မိုး လေတို့၏ အခြေအမြစ် အကြောင်းမူလ မဟုတ်၊ လူတို့ ကိုယ်ကျင့်တရားသာ အခြေအမြစ် အကြောင်းမူလ ဖြစ်ကြောင်းကို သိတော်မူသာအောင် အင်္ဂုတ္တရ နိကာယ် စတုက္ကနိပါတ် ပါဠိတော်ကို ဆက်သွင်းသည်။

ဘိက္ခဝေ၊ရဟန်းတို့။ယသ္မိံ သမယေ၊ အကြင်အခါ၌။ ရာဇာနော၊ မင်းတို့သည်။ ဓမ္မိကာ၊တရားစောင့်ကြကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဇယုတ္တာပိ၊ မင်းနှင့်စပ်ကုန်သော သူတို့သည်လည်း။ ဓမ္မိကာ၊ တရားစောင့်ကုန် သည်။ဟောန္တိ၊ဖြစ်ကုန်၏။ရာဇယုတ္တေသု၊မင်းနှင့်စပ်ကုန်သော သူတို့သည်။ ဓမ္မိကေ သု၊ တရားစောင့်ကုန်သည်ရှိသော်။ ဗြာဟ္မဏဂဟပတိကာပိ၊ ပုဏ္ဏား, သူကြွယ်တို့ သည်လည်း။တသ္မိံ သမယေ၊ ထိုအခါ၌။ ဓမ္မိကာ၊ တရားစောင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗြာဟ္မဏဂဟပတိကေသု၊ ပုဏ္ဏား, သူကြွယ်တို့သည်။ ဓမ္မိကေသု၊တရား စောင့်ကုန်သည်ရှိသော်။ နေဂမဇာနပဒါပိ၊ နိဂုံ, ဇနပုဒ်သူတို့သည်လည်း။ တသ္မိံ သမယေ၊ထိုအခါ၌။ ဓမ္မိကာ၊တရားစောင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နေဂမ ဇာနပဒေသု၊နိဂုံ,ဇနပုဒ်သူတို့သည်။ ဓမ္မိကေသု၊ တရားစောင့်ကုန်သည်ရှိသော်။သမံ၊ ညီညွတ်စွာ။စန္ဒိမသူရိယာ၊ လ,နေတို့သည်။ ပရိဝတ္တန္တိ၊လည်ကုန်၏။ သမံ၊ ညီညွတ် စွာ။စန္ဒိမသူရိယေသု၊ လ,နေတို့သည်။ ပရိဝတ္တန္တေသု၊လည်ကုန်သည်ရှိသော်။ သမံ၊ ညီညွတ်စွာ။ နက္ခတ္တာနိ၊နက္ခတ်တို့သည်။ တာရကရူပါနိ၊ တာရာအပေါင်းတို့သည်။ ပရိဝတ္တန္တိ၊လည်ကုန်၏။ သမံ၊ညီညွတ်စွာ။ နက္ခတ္တေသု၊ နက္ခတ်တို့သည်။ တာရက ရူပေသု၊ တာရာအပေါင်းတို့သည်။ ပရိဝတ္တန္တေသု၊ လည်ကုန်သည်ရှိသော်။ သမံ၊ ညီညွတ်စွာ။ရတ္တိဒိဝါ၊ညဉ့်,နေ့တို့သည်။ ပရိဝတ္တန္တိ၊လည်ကုန်၏။ သမံ၊ညီညွတ်စွာ။ ရတ္တိဒိဝေသု၊ညဉ့်,နေ့တို့သည်။ ပရိဝတ္တန္တေသု၊ လည်ကုန်သည်ရှိသော်။ သမံ၊ညီညွတ် စွာ။မာသဒ္ဓမာသာ၊ လ,ပက်တို့သည်။ ပရိဝတ္တန္တိ၊ လည်ကုန်၏။ သမံ၊ညီညွတ်စွာ။ မာသဒ္ဓမာသေသု၊ လ,ပက်တို့သည်။ ပရိဝတ္တန္တေသု၊ လည်ကုန်သည်ရှိသော်။ သမံ၊ ညီညွတ်စွာ။ဥတုသံဝစ္ဆရာ၊ရတု နှစ်တို့သည်။ ပရိဝတ္တန္တိ၊လည်ကုန်၏။ သမံ၊ ညီညွတ် စွာ။ဥတုသံဝစ္ဆရေသု၊ ရတု နှစ်တို့သည်။ ပရိဝတ္တန္တေသု၊ လည်ကုန်သည်ရှိသော်။ သမံ၊ညီညွတ်စွာ။ဝါတာ၊လေတို့သည်။ ဝါယန္တိ၊ လာကုန်၏။ သမဥ္စသာ၊ ညီညွတ် သော ခရီးရှိကုန်၏။သမေသု၊ညီညွတ်ကုန်သော။ ဝါတေသု၊လေတို့သည်။ ဝါယန္တေ သု၊ လာကုန်သည်ရှိသော်။ သမဥ္စသေသု၊ ညီညွတ်သော ခရီးရှိကုန်သည်ရှိသော်။ ဒေဝတာ၊နတ်တို့သည်။အပရိကုပ်တာ၊အမျက်မထွက်ကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။

ဒေဝတာသု၊ နတ်တို့သည်။ အပရိကုပိတာသု၊ အမျက်မထွက်ကုန်သည်ရှိသော်။ ဒေဝေါ၊မိုးသည်။သမ္မာ၊ကောင်းစွာ။ဓာယံ၊အယဉ်ကို။ အနုပဝစ္ဆတိ၊ရွာ၏။ ဒေဝေါ၊ မိုးသည်။သမ္မာ၊ကောင်းစွာ။ ဓာယံ၊အယဉ်ကို။ အနုပဝစ္ဆန္တေ၊ ရွာသည်ရှိသော်။ သဿာနိ၊ ကောက်တို့သည်။ သမပါကာနိ၊ အညီအညွတ် မှည့်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမပါကာနိ၊ အညီအညွတ် မှည့်ကုန်သော။ သဿာနိ၊ ကောက်တို့ကို။ မနုဿာ၊ လူတို့သည်။ ပရိဘုဉ္ဇန္တာ၊ သုံးဆောင်ကုန်သည်ရှိသော်။ ဒီဃာယုကာစ၊ အသက်ရှည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝဏ္ဏဝန္တောစ၊ အဆင်းလှကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗလဝန္တောစ၊ ခွန်အားကြီးကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အပ္ပါဗာဓာစ၊ အနာနည်းကုန်သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့ နေ လ နက္ခတ် တာရာ အနေ အသွား နေ့ ရက် လ ပက် ရတု နှစ် မိုး လေ တို့၏ အခြေအမြစ် အကြောင်းမူလသည် ကိုယ်ကျင့်တရားသာ ဖြစ်ကြောင်းကို ဟောတော်မူသည်။ တွက်ရိုးတွက်ခြေ အမြင်အထွက်ကို အခြေအမြစ် အကြောင်း မူလဟူ၍ ဟောတော်မမူ၊ ယခုကာလ တွက်ရိုးတွက်ခြေ အမြင်အထွက် အတိုင်းသာ ယူမှတ်သော် ဘုရား၊စကြာမင်းတို့ လက်ထက်ပင် ဖြစ်သော်လည်း မှန်ကန်နိုင်မည် မဟုတ်၊ ရာဇဓမ္မ အာနုဘော်ကြောင့် အမှန်အကန် ဖြစ်သည်အတိုင်း အထင်အရှား မှတ်ယူစေလို၍ သာသနာစောင့်နတ်တို့ စောင့်ရှောက်သည်နှင့်အညီ ပုံတော် အနေ အထား သင့်မြတ်ကြောင်းကို သိတော်မူသာအောင် အင်္ဂုတ္တရနိကာယ် ကျမ်းရင်းနှင့် တကွ မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရား မင်းမြတ်။

## ရက်ပါသင့် မပါသင့်

၁၁၅၅-ခုနှစ် လထပ်ကြိမ်သည်တွင် ရက်ပါသင့် မပါသင့် စကား ကွဲပြားကြသည်ကို မင်းရွာဆရာတော်ထံ ပြောဆိုစေသည်၊ ပညာရှိတို့အဆို၊ မင်းရွာဆရာတော်က သွင်းချက်နှင့် ဆရာတော်မှာ လျှောက် အမိန့်တော်ရှိ၍-

၁၁၅၅—ခု ကဆုန်လဆန်း(၉)ရက်နေ့ အတွင်းဝန်မင်းကြီး နန္ဒကျော်ထင်၊ သံတော်ဆင့်ဇေယျသိရိ၊မဟာဒါန်စာရေးလကျာစည်သူတို့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—

၁၁၅၅—ခုနှစ် ရက်ငင်သင့်သည် မငင်သင့်သည် ပညာရှိတို့အဆို မညီမညွတ်ရှိ၍ မင်းရွာဆရာတော်ထံ လျှောက်ထား ပြောဆိုကြသည်တွင် မင်းရွာဆရာတော်က မိန့်ဆိုချက်စကားအရမှာ လောကဒီပနီတွင် ဆိုသည့် စားကြွင်းနည်းကို ယောက်၍ ရက်ငင်သင့်ကြောင်းနှင့် ပါသည်၊ရက်ငင်သင့်သည် မငင်သင့်သည်ကို လထပ် ရက်ငင် ပြုလိုသောသူတို့ ထောက်ထားနိုင်းဆကြသည့် နည်းနာသည် အဓိမာသ်ဘပတ်လည် ကိုးဆယ့်ငါးခု စား၍ အင်းကိန်းကို ထောက်သည့်နည်း၊ ရက်လွန်နှော၍ သုံးခု စားကြွင်းကို ထောက်သည့်နည်း၊ လိုသော အဓိမာသ်ဖြိုသော နေ့နှင့် ရက် ပါ, မပါ တွက်လျှင် ညီမညီကို ထောက်သည့်နည်း၊ မိတိယှဉ် မယှဉ်ကို ထောက်သည့်နည်း၊ နက္ခတ်ယှဉ် မယှဉ်ကို ထောက်သည့်နည်း စသည်ဖြင့် များစွာရှိသည်တွင် လထပ် ရက်ငင် ပြုလိုသောသူတို့ အလိုက် ရက်ငင်သင့် မငင်သင့်ကို ထောက်သော် ကိုးဆယ့်ငါးခု စားလဒ် မရသောကြောင့် ပဌမကိန်းဖြစ်၍ ရက်မငင်သင့်၊ သုံးခုစားကြွင်းသည် တခု မရသောကြောင့် ရက်မငင်သင့်၊ သောဋ္ဌသာအဓိမာသ်ဖြိုမည်၊ ၅၆—ခု ဝါဆိုလဆန်း(၁၂)ရက် တနင်္လာနေ့နှင့် ရက်မငင်ပဲ ရေတွက်မှ ညီသည်ဖြစ်၍လည်း ရက်မငင်သင့်၊ ရက်မငင်ပဲပင် တိထိတဆယ့်လေးလုံးက လျှံ၍ ပုဏ္ဏာတိထိသို့ ရောက်သောကြောင့်လည်း ရက်မငင်သင့်၊ ရက်မငင်ပဲပင် နက္ခတ်နှစ်ဆယ်က လျှံ၍ ဥတ္တရာသဠ်နက္ခတ်သို့ ပေါက်သောကြောင့်လည်း ရက်မငင်သင့် အစရှိသည်ဖြင့် ရက်မငင်သင့်ကြောင်းကို ထောက်ထားနိုင်းယှဉ် ဆင်ခြင်ပြောဆိုရန် ရှိသည်၊ ရက်မငင်ပဲပင် တိထိတဆယ့်လေးလုံးက ကျော်၍ ပုဏ္ဏာတိထိသို့ ပေါက်ကြောင်း၊ နက္ခတ်နှစ်ဆယ်က ကျော်၍ ဥတ္တရာသဠ်သို့ ပေါက်ကြောင်းကိုလည်း ယခုလက်စွဲကြသည့် ပက္ခဒိန်, ဘာသုတိပက္ခဒိန်များတွင် ထွက်ရှိသည့် ရက်ငင်သင့်သည် မငင်သင့်ဆိုရာတွင် တိထိ နက္ခတ်ကိုသာ ပဓာနပြု၍ ရှေးဆုံးဖြတ်ကြသည့် ထုံးစံလည်း ရှိသည်၊ယခု ဆရာတော်တို့ ဆိုချက်စကားမှာလည်း လထပ် ရက်ငင် ပြုသင့်သည် တွက်ခြေ အထွက်အမြင်ကားနှင့် ပက္ခဒိန်ပြု၍ သုံးဆောင်သင့်သည် စွဲမှတ်ယူသသူတို့ ဝိဝါဒရှိကြ၍ အမိန့်တော်နှင့် လျှောက်သည်ကို အကြောင်းပြု၍ နည်းအမြွက်မျှ ဆိုခြင်းသာ ဖြစ်သည်၊ ဆရာတော်တစုမှာ ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းကြီး ကျမ်းခိုင် ရှိသည်အတိုင်း လထပ် ရက်ပိုမရှိ ၃၆၀ ရက်သွားနှင့် ပုံတော် အနေအထားကိုသာ နှစ်သက်ကြသည်၊ ဝါဆိုလရက်မှာလည်း အထက်က သွင်းသည့် လ ဘဝါးနှင့် သင့်မှ ပုဏ္ဏာတိထိ အာသဠိနက္ခတ်လည်း ယှဉ်မှ ပညတ်တော်မူရင်း ဝါဆိုလ မှန်၍ လပြည့်ကျော် အထွက် တရက်နေ့ ဝါကပ်သင့်သည် အယူရှိကြသည်၊ ၎င်းဝါဆိုလ နေ့ရက်များကိုလည်း ကျမ်းကြီးကမှ အဆိုအမိန့် ပုံတော် အနေအထားနှင့် မပြတ် ဆင်ခြင် နှိုင်းယှဉ်ကြသည်။

## ၁၂-၁၃-လပြည့်၌ ဝါကပ်သင့် မသင့်

သက္ကရာဇ် ၁၁၅၅ ခုနှစ် ရဟန်းတို့ ဝါဆိုဝါကပ်မှာ မေဒင်လေ့လာသောသူတို့ လျှောက်ချက်အတိုင်း ၁၃ လပြည့်၌ ဝါကပ်သင့်မည်၊ ၁၂ လပြည့်၌သာ ဝါကပ်သင့်မည် ဆရာတော်ကို လျှောက်၊

**ရှင်းနှစ် ကဆုန်လပြည့်နေ့ အတွင်းဝန် မင်းကြီးနန္ဒကျော်ထင်ကို စေတော်မူ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သူတပါးတို့နှင့် မဆက်မဆံ ကြံစည် ဆင်ခြင်နိုင်သော အသာဓာရဏ သာမုက္ကံသိက ဉာဏ်တော်ဖြင့် ရတု အယဉ် နှစ် လ နေ့ ရက် နေ လ နက္ခတ် အယှဉ် အသွားကို ဆင်ခြင်တော်မူသည့်အရာသည် လောကီရေးသာ မဟုတ်၊ သာသနာတော်ရေးလည်း ဖြစ်သည်၊ ဝါဆို ဝါကပ် ဉပုသ်ပဝါရဏာ အခါသမယနှင့် စပ်၍ ပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်များကို ကျင့်ဆောင် ဆုံးဖြတ်ရာလည်း ဖြစ်သည်၊ ဆရာတော်တို့လည်း နှိုင်းယှဉ်ဆင်ခြင်သင့်သည်ဖြစ်၍ ကျမ်းကြီး ကျမ်းငယ် ပုံတော်အနေအသွားများနှင့် မပြတ် ဆင်ခြင်ကုန်သည်။ ဘုရားအလောင်းတော် ကုသမင်းသည် မသင်မကြားပဲ အရာမကသော လောကီပညာ တတ်သိကြောင်းကို ကျမ်းဂန်လာသည်နှင့်အညီ ဖြည့်ခဲ့ဘူးသော ပါရမီတော် ရင့်မာ၍ တကြောင်း၊ ဇီဝကမင်းသားအား ဆေးအတတ်ကို သိကြားနတ်မင်း မထင်မရှားသော အသွင်ဖြင့် ပြသလှာကြောင်းကို ကျမ်းဂန်ဆိုသည်နှင့်အညီ သာသနာတော်စောင့် နတ်သိကြားတို့စောင့်ရှောက် မ,စ၍ တကြောင်း နှိုင်းယှဉ် ကြံစည်တော်မူသော ပုံတော်သည် ဘုရားဟော ပါဠိတော် သင်္ဂါယနာဝင် အဋ္ဌကထာ ကျမ်းကြီး ကျမ်းခိုင်များနှင့် ညီညွတ်သင့်တင့်သည်၊ ရတု နေ့ ရက် အခါသမယနှင့် စပ်သည့် သိက္ခာပုဒ်အများတွင် ဝါဆိုဝါကပ် သိက္ခာပုဒ် အကြောင်းအရာကို သုဓမ္မာစရပ်ဘော်တွင် ဆရာတော်တို့ အစုံအညီ ဆွေးနွေးနှိုင်းယှဉ်ကြသည်မှာ—

လောကခပ်သိမ်းကို အကြွင်းမရှိ သိတော်မူသော သဗ္ဗညုဘုရားသည် ရှေးရှေးဘုရားရှင်တို့ ပညတ်တော်မူရင်းနည်း ရှိသည်အတိုင်း ၎တုသုံးပါးတွင် မိုးရတုအခါမိုးလေးလတွင် နွယ်တာလပြည့် ဝါခေါင်လပြည့် အထွက်တရက်နေ့ ရောက်သည့်အခါ ဝါဆိုဝါကပ် ပြုသင့်ကြောင်းကို—

အနုဇာနာမိ ဘိက္ခဝေ ဝဿာနေ ဝဿံ ဥပဂန္တုံ၊ အပရဇ္ဇုဂတာယ အာသဠိယာ ပုရိမိကာ ဥပဂန္တဗ္ဗာ၊ မာသဂတာယ အာသဠိယာ ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ။

စသည်ဖြင့် ပညတ်တော်မူသည်ဖြစ်၍ အမှတ်မဲ့ ရတု, အမှတ်မဲ့ လ နေ့ ရက်များ၌ ဝါဆိုဝါကပ် မပြုအပ်၊ မိုးရတု နှယ်တာလပြည့်, ဝါခေါင်လပြည့် အထွက်တရက် နေ့၌သာ ပြုအပ်သည်၊ နှယ်တာလ ဝါခေါင်လ မှန်မှ မိုးရတု မှန်မည်၊ နှယ်တာလ မှန်မှ ဝါခေါင်လမှန်မည်၊ နှယ်တာလ ဝါခေါင်လတွင်လည်း လပြည့်နေ့ မှန်မှ အထွက်တရက်နေ့ မှန်မည်၊ မိုးရတု နှယ်တာလ ဝါခေါင်လပြည့် အထွက်တရက် နေ့ မှန်မှ ပညတ်တော်နှင့်အညီ ဝါဆိုဝါကပ် ကိစ္စမြောက်မည်၊နှယ်တာလ မှန် မမှန် ကို ယင်း လ၌ သွားသော နေဖြင့် ဖြစ်သော အရိပ်ဘဝါး သုဥ်းသည်ကိုမြင်၍ သိအပ် သည်၊ ယင်းသို့ သိအပ်ကြောင်းကိုလည်း—

ပဥ္စဒ္ဓိ ရာမ ယုဂေကာ၊ သုညေကံ ယုဂ ဝဟ္နယော။
စတု ပဥ္စတ္တရော မာဃာ၊ဆာယာ ပါဒါ ဒိနဒ္ဓကေ။

ဟူ၍ ဇောတိတတ္တကျမ်း၌ ဆိုသည်။

ယခု ၅၅—ခုနှစ် နှယ်တာလ ကြကဋ်ရာသီသို့ ပြောင်းစနေ့ ဘဝါး အချင်းခပ်သိမ်း သုဥ်းမည်ကိုလည်း ယခု တန်းခူး ကဆုန်ကပင် ဘဝါးအမြင်ကို ထောက်၍ သိရ သည်၊ ဘဝါးသုဥ်းလေပြီးသည်ကိုလည်း နှယ်တာလ စင်စစ် ဖြစ်သည်ဟူ၍ ယူမှတ် အပ်သည်။

တကြောင်းသည်း နှယ်တာလ မှန် မမှန်ကို ယင်းလ၌ သွားသော နေဖြင့် ဖြစ် သော နေ့ ၃၆ နာရီ၊ ညဥ့် ၂၄ နာရီ ရှိသည်ကိုထောက်၍ သိအပ်သည်၊ ယင်းသို့ သိအပ်ကြောင်းကိုလည်း—

တဒါ ဇမ္ဗုဒီပေ သူရိယဿ ဥဇုကံ ပစ္ဆိမဒိသာယ ဒီဃံ ပညာယနတော သဗ္ဗဒီဃော ဒိဝသော ဟောတိ၊ ဆတ္တိံသ နာဠိကော၊ သဗ္ဗမန္ဒာ ရတ္တိ စတု ဝီသတိ နာဠိကာ။

ဟူ၍ လောကုပ္ပတ္တိကျမ်း၌ ဆိုသည်။

ယခု ၅၅—ခုနှစ် နှယ်တာလ ကြကဋ်ရာသီသို့ ပြောင်းသည့်အခါ နေ့ ၃၆ နာရီ၊ ညဥ့် ၂၄ နာရီ ရှိမည်ကိုလည်း ယခု တန်းခူး ကဆုန်ကပင် နေ့ ညဥ့်နာရီ အသွားကို ထောက်၍ သိရသည်၊ နေ့ ၃၆ နာရီ၊ ညဥ့် ၂၄ နာရီ ရှိလေပြီးသည်ကိုလည်း နှယ် တာလ မဟုတ် မဆိုသာပြီ၊ နှယ်တာလ စင်စစ် ဖြစ်သည်ဟူ၍ ယူမှတ်အပ်သည်။

တကြောင်းလည်း နှယ်တာလ မှန် မမှန်ကို ကြကဋ်ရာသီတွင် ရှိသည့် ပုဏ္ဏဖုသျှနက္ခတ်၏ စတုတ္ထပတ်၊ ဖုသျှနက္ခတ်၊ အဿလိဿနက္ခတ်တို့နှင့် တနင်္ဂနွေ ယှဉ် မယှဉ်ကို ထောက်၍ သိအပ်သည်၊ ယင်းသို့ သိအပ်ကြောင်းကိုလည်း—

အဿိန္ဒျာသဟာဘရဏီ၊ကတ္တိကာ ပါဒေါ ကိတ္တိတော။
ပေသဘာ ကတ္တိကာ သေသံ၊ရောဟဏျဒ္ဓေ မိဂသိရော။

စသည်ဖြင့် ဇောတိတတ္တကျမ်း၌ ဆိုသည်။

ယခု ၅၅—ခုနှစ် ပဌမနှယ်တာလ ကြကဋ်ရာသီသို့ တနင်္ဂနွေပြောင်းသည့်အခါ ၄င်းနက္ခတ်နှစ်လုံး တပတ်နှင့် မချွတ် ယှဉ်မည်ကိုလည်း ယခု တန်းခူး ကဆုန်ကပင် နေဝင်ပြီးနောက် နေထွက်သည့်ရွှေ အနီးအစပ် ရာသီ ရတု နက္ခတ်ကို ထောက်သော် အဿဝဏီစသည် နှစ်လုံးတပတ်၊ ကြတ္တိကာ၏ ဒုတိယပတ်စသည် နှစ်လုံးတပတ်နှင့် ယှဉ်သည်ကို ပစ္စက္ခ တတ်အပ်မြင်၍ သိအပ်သည်။

တကြောင်းလည်း နှယ်တာလ မှန် မမှန်ကို အန္တောဝီထိ အစွန်း၌ သွားသည်ကို မြင်၍ သိအပ်သည်၊ ယင်းသို့ သိအပ်ကြောင်းကိုလည်း—

တေဟိ အာသဠှိမာသေ သိနေရု သမီပေန စရန္တိ၊ တတော ဒွေ မာသေ နိက္ခမိတွာ ဗဟိ စရန္တိ။

စသည်ဖြင့် အင်္ဂုတ္တိုရ်ဋ္ဌကထာ၌ ဆိုသည်။

ယခု ၅၅—ခုနှစ် နှယ်တာလ ကြကဋ်ရာသီသို့ ပြောင်းသည့်အခါ အန္တောဝီထိ၌ သွားမည်ကိုလည်း ယခု တန်းခူး ကဆုန်ကပင် မဇ္ဈေဝီထိမှ အန္တောဝီထိသို့ ဝင်သွားသည်ကို မြင်၍ သိရသည်၊ အန္တောဝီထိ၌ နေသွားပေပြီးသည်ကိုလည်း နှယ်တာလ မဟုတ် မဆိုသာပြီ၊ နှယ်တာလ စင်စစ် ဖြစ်သည်ဟူ၍ ယူမှတ်အပ်သည်။

ကြကဋ်ရာသီ နှယ်တာလမှတပါး ဘဝါးသုဉ်းသောရာသီလ၊ နေ့ ၃၆ နာရီ၊ ညဉ့် ၂၄ နာရီရှိသော ရာသီလ၊ ပုဏ္ဏဖုသျှနက္ခတ်၏ စတုတ္ထပတ်၊ ဖုသျှနက္ခတ်၊ အဿလိဿနက္ခတ်တို့နှင့် ယှဉ်သောရာသီလ၊ အန္တောဝီထိ အတွင်းစွန်းသွားသော ရာသီလ မရှိရကား ယင်း အကြောင်းလေးပါး ပြည့်စုံခြင်းကြောင့် နှယ်တာလ မဟုတ် ဟူ၍ သိကြား ဖြဟ္မာပင်သော်လည်း ဆိုနိုင်မည်အကြောင်း မရှိ နှယ်တာလ စင်စစ် ဖြစ်သည်။

နွယ်တာလတွင်လည်း အမှတ်မဲ့ နေ့ရက်မှာ ဝါမဆိုမကပ်အပ်၊ လပြည့် အထွက် တရက်နေ့မှာမှ ဆိုအပ်၊ ကပ်အပ်သည်၊နွယ်တာလ မှန် မမှန်ကိုလည်း အာသဠ်ီနက္ခတ် နှင့် စန်းယှဉ်သည်ကို မြင်၍ သိအပ်သည်၊ ယင်းသို့ သိအပ်ကြောင်းကိုလည်း နက္ခတ် တလုံးပမာဏ ယူဇနာတသိန်းစီ နေ့တိုင်း နေမှ လကျန်ရစ်၍ တသန်း ငါးသိန်း ပြည့်မှ တဆယ့်ငါးရက် လပြည့်ဖြစ်ကြောင်း၊ တဖန် တသန်း ငါးသိန်း ပတ်မိပြန်၍ တဆယ့်ငါးရက် လကွယ် ဖြစ်ကြောင်းနှင့်—

သူရိယဿ ဥဇုဂမနံ သီဃံ၊တိရိယဂမနံ ဒန္ဓံ၊ သော ဟိ ကာဠပက္ခ ဥပေါ သထဒိဝသတော ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ သြဟာယ ဂစ္ဆတိ။

စသည်ဖြင့် အဂ္ဂညသုတ် အဋ္ဌကထာ၌ ဆိုသည်။

ယခု တန်းခူးလပြည့် စိတ္တရပုဏ္ဏမီဟူ၍ ပက္ခဒိန်စီကြသည့် နေ့၌ နက္ခတ် တဆယ့်တလုံး လေးဆယ့်ခုနစ်ဃဋီသာ ရှိ၍ စိတ္တရနက္ခတ်နှင့် မယှဉ် ဥတ္တရာဖလဂုဏ္ဏီ နက္ခတ်နှင့် ယှဉ်ကာသာ၊ နောက် နှစ်ရက်တိုင်မှ စိတ္တရနက္ခတ်နှင့် ယှဉ်သည်။ ကဆုန် လပြည့် ဝိသာခါပုဏ္ဏမီဟူ၍ ပက္ခဒိန်စီကြသည့် နေ့၌လည်း နက္ခတ် တဆယ့်သုံးလုံး နှစ်ဆယ့်နှစ်ဃဋီသာ ရှိ၍ ဝိသာခါနက္ခတ်နှင့် မယှဉ် စိတ္တရနက္ခတ်နှင့် ယှဉ်ကာသာ၊ နောက်နှစ်ရက်တိုင်မှ ဝိသာခါနက္ခတ်နှင့် ယှဉ်သည်။ နယုန်လပြည့် ဇေဋ္ဌပုဏ္ဏမီဟူ၍ ပက္ခဒိန်စီကြသည့် နေ့၌လည်း နက္ခတ် တဆယ့်ငါးလုံး ငါးဆယ့် ရှစ်ဃဋီသာရှိ၍ ဇေဋ္ဌနက္ခတ်နှင့် မယှဉ် ဝိသာခါနက္ခတ်နှင့် ယှဉ်ကာသာ၊ နောက်နှစ်ရက်တိုင်မှ ဇေဋ္ဌ နက္ခတ်နှင့် ယှဉ်သည်။ နွယ်တာလပြည့် အာသဠ်ီပုဏ္ဏမီဟူ၍ ပက္ခဒိန် စီကြသည့် နေ့၌ လည်း နက္ခတ် တဆယ့်ရှစ်လုံး လေးဆယ့်ဝါဃဋီသာရှိ၍ အာသဠ်ီနက္ခတ်နှင့် မယှဉ် မူလနက္ခတ်နှင့် ယှဉ်ကာသာ၊ နောက် နှစ်ရက်တိုင်မှ အာသဠ်ီနက္ခတ်နှင့် ယှဉ်သည်။ ယင်းသို့ လပြည့်ပုဏ္ဏမီဟူ၍ ပက္ခဒိန်စီကြ ခေါ်ဝေါ်ကြသည်၊ နေ့ရက်မှာ နှစ်ရက်စီ လွန်၍ ကျမ်းဂန်လာတိုင်း ယှဉ်မြဲ ပုဏ္ဏမီနက္ခတ်နှင့် ယှဉ်သောကြောင့် ယခု ၅၅—ခု နှစ် နွယ်တာလပြည့် ပဌမအာသဠ်ီပုဏ္ဏမီ စီမှတ် ခေါ်ဝေါ်ကြသည့်နေ့က နောက် နှစ်ရက်တိုင်မှသာ အာသဠ်ီနက္ခတ်နှင့် ယှဉ်ရကား စီမှတ် ခေါ်ဝေါ်ကြသည့် နွယ် တာလပြည့်ကျော်(၂)ရက်မှသာ အာသဠ်ီပုဏ္ဏမီ နွယ်တာလပြည့် စင်းစစ် ဖြစ်သည် ဟူ၍ ယူမှတ်အပ်သည်၊ အာသဠ်ီနှစ်ပါးတွင်လည်း ပဋိသန္ဓေနေတော်မူသည်၊ တော ထွက်တော်မူသည်၊ ဓမ္မစကြာဟောတော်မူသည်၊ ယမိုက်ပြာဋိဟာ ပြတော်မူသည် များတွင် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်သည်ကိုသာ ဇိုဒ္ဓဝင်အဋ္ဌကထာ၌ ဆိုခြင်း ကြောင့် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်ခြင်းသာလျှင် ပမာဏဖြစ်သည်။

တကြောင်းလည်း နွယ်တာလပြည့် မှန် မမှန်ကို လပြည့် လကွယ်နေ့ဖြင့် ပိုင်းခြား၍ လဆန်းပက္ခ လဆုတ်ပက္ခကို မှတ်သော တိထိဖြင့် ပုဏ္ဏာတိထိ ရ မရကို ထား၍ သိအပ်သည်၊ ယင်းသို့ သိအပ်ကြောင်းကိုလည်း—

ပဉ္စဒသန္နံ တိထိနံ ပူရဏဝသေန ပန္နရသော။

ဟူ၍ ကခ်ါဝိတရဏီဋီကာ၌ ဆိုသည်။

ယခု တန်းခူးလပြည့် စိတ္တရပုဏ္ဏမီ၊ ကဆုန်လပြည့် ဝိသာခါပုဏ္ဏမီ၊ နယုန်လပြည့် ဇေဋ္ဌပုဏ္ဏမီ၊ နွယ်တာလပြည့် အာသဠ္ဌိပုဏ္ဏမီဟူ၍ ခေါ်ဝေါ်ရေးစီကြသည့် နေ့များမှာ ပုဏ္ဏာတိထိမရ၊ ၁၃ လုံး၊ ၁၄ လုံး ဇေယျာရိတ္တာတိထိများသာ ရသည်၊ ယခုနှစ် နွယ်တာလပြည့် အာသဠ္ဌိပုဏ္ဏမီဟူ၍ ခေါ်ဝေါ်ရေးစီကြသည့်နေ့မှ နောက်တရက် အတွင်း ပုဏ္ဏာတိထိအဖို့ ဃဋီဆည်းဆူ၍ နှစ်ရက်တိုင်မှ ပုဏ္ဏာတိထိဟူ၍ ခေါ်ဝေါ် သင့်သောကြောင့် နွယ်တာလပြည့် ပဌမအာသဠ္ဌိပုဏ္ဏမီဟူ၍ ခေါ်ဝေါ်ရေးစီကြ သည့်နေ့က နောက်နှစ်ရက်တိုင်မှ အာသဠ္ဌိပုဏ္ဏမီ နွယ်တာလပြည့် စင်စစ် ဖြစ်သည် ဟူ၍ ယူမှတ်အပ်သည်။

တကြောင်းလည်း ၁၁၅၄—ခု တပေါင်းလပြည့်ကျော်(၁)ရက်အလွန် (၂)ရက် သို့ ဆည်းဆူသည့် နာရီအတွင်း နှစ်ရက်လုံးလုံး ပြည့်သည်တိုင်အောင် လကြပ်သည် ကို ထောက်သော် ဂန္ဓာရဇာတ်တွင် လပြည့်နေ့ လကြပ်ကြောင်းကို ကြိမ်လှာသည်၊ သံယုတ်အဋ္ဌကထာတွင် နေ့လတို့ အရောင်အဝါ အလွန်တင့်တယ်သည်ကို မြင်၍ ရာဟုဖမ်းသောကြောင့် နေ့လ ကြပ်ကြောင်းကို လာသည်၊ လပြည့်နေ့မှသာ လ၏ အရောင်အဝါ အလွန်တင့်တယ်သည်၊ လပြည့်နေ့၌ အလုံးစုံ အစိတ်ပြည့်၍ လ၏ အရောင်အဝါ ထွန်းလင်းကြောင်းကိုလည်း—

မာဠုတိ စန္ဒော ဝုစ္စတိ၊တဿ ဂတိယာ မိနိတပ္ပတော သော ဧတ္ထ သဗ္ဗ ကလာ ပါရိပူရိယာ ပုဏ္ဏောတိ ပုဏ္ဏမာ။

ယထာပိ စန္ဒဿ ပါရိပူရိယာ မာသပါရိပူရိ ဧဝံ မာသပါရိပူရိယာ စန္ဒ ပါရိပူရိ။

ဟူ၍ ကခ်ါဝိတရဏီဋီကာ, ဥပရိပဏ္ဏာသဋီကာတို့၌ ဆိုသည်များနှင့်အညီ ၎င်း တပေါင်းလပြည့်ကျော်(၂)ရက်နေ့သာ စင်စစ် လပြည့်နေ့ မှန်သည်၊ ၎င်းတပေါင်း လပြည့်ကျော်(၂)ရက်နေ့မှ ထောက်သော် တန်းခူး, ကဆုန်, နယုန်, ဝါဆိုလပြည့် ကျော်(၂)ရက်နေ့မှသာ လပြည့်နေ့ မှန်သည်ဟူ၍ တတ်အပ် သိအပ်သောကြောင့်

နှယ်တာလပြည့် အာသဠှိပုဏ္ဏမီဟူ၍ ခေါ်ဝေါ်ရေးစီကြသည့်နေ့မှ နောက်(၂)ရက်မြောက်သောနေ့သာ အာသဠှိပုဏ္ဏမီ နှယ်တာလပြည့် စင်စစ် ဖြစ်သည်ဟူ၍ မှတ်ယူအပ်သည်။

တကြောင်းလည်း ကမ္ဘာဦး အစကာလ နေပေါ်သည်တွင် အလင်းရကုန်သည်၊ နေဝင်ပြန်လျှင် အလင်း ကွယ်ပြန်သောကြောင့် အလင်းကို အလိုဆန္ဒ ရှိပြန်ကြသည်တွင် လ ပေါ်ပြန်သည်ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်တို့၌ ဆိုသည်ကို ထောက်သော် ယခုလပြည့် ပုဏ္ဏမီ ခေါ်ဝေါ် ရေးစီကြသည့်နေ့များတွင် နေဝင်ပြီးမှ လပေါ်ရမည်ကို နေမဝင်မီကပင် လပေါ်ထွက်၍ ရှိသည်၊လပြည့်ပုဏ္ဏမီ ခေါ်ဝေါ်ကြသည့်နေ့က နောက်(၂)ရက်တိုင်မှသာ နေဝင် လထွက် မှန်သောကြောင့် နှယ်တာလပြည့် အာသဠှိပုဏ္ဏမီဟု ခေါ်ဝေါ် ရေးစီကြသည့်နေ့က နောက်(၂)ရက်နေ့သာ အာသဠှိပုဏ္ဏမီ နှယ်တာလပြည့် စင်စစ် ဖြစ်သည်ဟူ၍ ယူမှတ်အပ်သည်။

ယင်းသို့ ယခု ခေါ်ဝေါ်ရေးစီကြသည့် နှယ်တာလပြည့်က နောက်(၂)ရက်တွင်သာ အာသဠှိနက္ခတ်နှင့် ယှဉ်ခြင်း, ပုဏ္ဏာတိထိရခြင်း, လ၏ အစိတ်ပြည့်ခြင်း, နေဝင် လထွက် ညီညွတ်ခြင်းအကြောင်းလေးပါးနှင့် ပြည့်စုံလေပြီးသည်ကို နှယ်တာလပြည့် အာသဠှိပုဏ္ဏမီ မဟုတ်ဟူ၍ သိကြား, ဗြဟ္မာပင်သော်လည်း ဆိုနိုင်မည် အကြောင်းမရှိ၊ နှယ်တာလပြည့်နေ့မှတပါး အခြားနေ့၌ အာသဠှိနက္ခတ်နှင့် ယှဉ်ခြင်း, ပုဏ္ဏာတိထိရခြင်း အင်္ဂါနှစ်ပါး မရှိရာသောကြောင့် ခေါ်ဝေါ်ရေးစီကြသည်၊ နှယ်တာလပြည့် ပုဏ္ဏမီနေ့မှ နောက်(၂)ရက်မြောက်သော နေ့ကို အာသဠှိပုဏ္ဏမီ နှယ်တာလပြည့်နေ့ စင်စစ် ဖြစ်သည်ဟူ၍ ယူမှတ်အပ်သည်။

ယင်းသို့ ဘဝါးသုဉ်းခြင်း,နေ့ ၃၆ နာရီ၊ ည၌ ၂၄ နာရီရှိခြင်း,ပုဏ္ဏဖုဿျှနက္ခတ်၏ စတုတ္ထပတ်၊ ဖုဿျှနက္ခတ်,အဿလိဿနက္ခတ်တို့နှင့် ယှဉ်ခြင်း, အန္တောဘိထိ အစွန်းသွားခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့် ၁၁၅၅–ခုနှစ် ပဌမနှယ်တာလသည် စင်စစ် အာသဠှိမာသ နှယ်တာလမှန်သည်၊ အာသဠှိနက္ခတ်နှင့် ယှဉ်ခြင်း, ပုဏ္ဏာတိထိရခြင်း, လ၏ အစိတ်ပြည့်ခြင်း, နေဝင် လထွက် ညီညွတ်ခြင်း အင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့် ခေါ်ဝေါ်ရေးစီကြသည့် နှယ်တာလပြည့်နေ့မှ နောက်(၂)ရက်မြောက်သော နေ့သာ အာသဠှိပုဏ္ဏမီ နှယ်တာလပြည့်နေ့ စင်စစ် မှန်သည်၊ ယင်းသို့ အာသဠှိမာသ နှယ်တာလ အာသဠှိပုဏ္ဏမီ နှယ်တာလပြည့်နေ့ ဖြစ်သောကြောင့်လည်း မိုးရတု စင်စစ် မှန်သည်၊ ယင်းသို့ မယိမယွင်း မှန်သော မိုးရတု အာသဠှိမာသ နှယ်တာလတွင် အာသဠှိပုဏ္ဏမီ နှယ်တာလပြည့်နေ့မှ နောက်အထွက်တရက်ဖြစ်သော ခေါ်ဝေါ် ရေးစီကြသည့် နှယ်တာလပြည့် အာသဠှိပုဏ္ဏမီ

နေ့က နောက်(၃)ရက်မြောက်၌ ဆရာတော် သံဃာတော်တို့ ဝါကပ်မှ ဝိနည်းကျမ်းဂန်နှင့် ညီညွတ်မည်၊ ယင်းသို့ ဝိနည်းကျမ်းဂန်နှင့်အညီ ပညတ်တော်မူရင်းတိုင်း ဝါကပ်ကြရမည့် အရာသည်လည်း သာသနာ ပြုတော်မူထိုက်သော အလွန်ရင့်မာပြီးသော ဘုန်းပါရမီ ရှိတော်မူသော သာသနဒါယကာ တရားမင်းမြတ်ဘုန်းပါရမီတော်ကြောင့် ဝါကပ်ကြရမည် ဖြစ်သည်။ ပါတိမောက် နှစ်စောင်ဆောင်သော နိသျမုစ္စကအင်္ဂါ၊ ဥဘတောဝိဘင်း ဆောင်သော နိသျာစရိယ၊ ဥပဇ္ဈာစရိယအင်္ဂါ၊ရဟန်းတို့ မပြတ်ဆောင်ရွက်အပ်သော အင်္ဂါခန္ဓောပမသုတ်များသည် ကာလရှည်လျားစွာ ကွယ်ပပြီးလျက် သာသနာတော်မြတ်ကို ချီးမြှင့်၍ ပါရမီဖြည့်တော်မူထိုက်သော တရားမင်းမြတ် ဘုန်းပါရမီတော်ကြောင့် မကွယ်မပ အထင်အရှား ဖြစ်ထွန်းခြင်းကဲ့သို့၊ ရတုလ လ လပြည့် အထွက်တရက်နေ့ မှန် မမှန် မရွေးမစစ် အမှတ်မဲ့ ပညတ်တော်နှင့်မညီ ဝါကပ်ကြသည့်အရာလည်း ကာလအရှည် ဖြစ်လေသည်ကို ရတုလ လ လပြည့်အထွက်တရက်နေ့ အမှန်အကန် မယိုမယွင်း တရားနှင့်အညီ ဝါဆို ဝါကပ်ခြင်းဖြစ်အောင် ချီးမြှင့်တော်မူသော် သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွန့် ထင်ရှားစွာဖြစ်၍ ကုသိုလ်တော်အရှည် ပွားများမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ရက်ပေါင်း ၃၆၀

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

လ နှစ် သင်္ကြန် နက္ခတ် တြင်း နဝင်း စသော အခါသမယနှင့် စပ်သည့်အရာမှာ နေ့ရက်သာ ပမာဏဖြစ်၍ တနှစ်လျှင် ရက်ပေါင်း(၃၆၀)ရှိသည်၊ (၃၆၀)သာ ရှိသည်ကို ကျမ်းဂန်နှင့် နှိုင်းယှဉ်လျှင် ရဟန်းတို့ ဥပုသ်ပြုမြဲ စာတုဒ္ဒသီ, ပန္နရသီရက်နှစ်ပါးကို ဆိုရာ ကင်္ခါဝိတရဏီစသည်မှတပါး လဖွဲ့ နှစ်ဖွဲ့ လသွား နေသွားကို ဆိုရာ ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းဂန်များတွင် တနှစ်လျှင် ရက်(၃၆၀)သာ ရှိကြောင်းနှင့် စာဆက်သွင်းသည်၊ သာသနာတော် ကျမ်းကြီး ကျမ်းခိုင်တွင် တနှစ်လျှင် ရက်(၃၆၀)သာ ဆိုသည်ကိုလည်း သာသနာတော်ကျမ်းဂန်မှာသာ ဆိုသည်၊ ဗေဒင်ကျမ်းဂန်များမှာ မဆိုဟူ၍ အယူမကျ ရှိပြန်ကြသည်၊ဗေဒင်ကျမ်းများတွင် နှိုင်းယှဉ်ဆင်ခြင်ပြန်လျှင်—

၁ အဋ္ဌာရသ နိမေသာ တု၊ ကဋ္ဌာ တိံသ တု တာ ကလာ။
တာ တု တိံသခဏာ တေတု၊ မုဟုတ္တာ ဒွါဒသ မတာ။

၂ တေ တိံသတု အဟောရတ္တာ၊ ပက္ခာ တေ ဒသပဉ္စ။
ပက္ခာ ပုဗ္ဗပရာ သုက္က၊ ကဏှာ မာသော တု တေ ဥဘော။

၃ မာသေ ဒွါဒသဘိဝဿံ၊ သာမျ ပါတရဏဳကိတော။
မာသေန အဿာ ဟောရတ္တာ၊ ပေတ္တော ဝဿေန ဒေဝတော။

၁။ အဋ္ဌာရသ နိမေသာတု၊ မျက်စိတဆယ့်ရှစ်မှိတ်တို့သည်ကား။ **အနက်** ကဋ္ဌာ၊ ကဋ္ဌတခုမည်၏။ တိံသ၊ သုံးဆယ်ကုန်သော။ တာတု၊ ထိုကဋ္ဌာတို့သည်ကား။ ကလာ၊ ကလာတခုမည်၏။ တိံသ၊ သုံးဆယ်ကုန်သော။တာတု၊ ထိုကလာတို့သည်ကား။ ခဏာ၊ ခဏတခုမည်၏။ ဒွါဒသ၊ တဆယ့်နှစ်ခုကုန်သော။ တေတု၊ ထိုခဏတို့ကိုကား။ မုဟုတ္တာ၊ မုဟုတ်တခုမည်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။

၂။ တိံသ၊ သုံးဆယ်ကုန်သော။ တေတု၊ ထိုမုဟုတ်တို့သည်ကား။ အဟောရတ္တာ၊ တနေ့တညဉ့်ဟူသော ရက်တခုမည်၏။ တေ ဒသပဉ္စ၊ ထိုတဆယ့်ငါးရက်တို့သည်ကား။ပက္ခာ၊ပက္ခတခုမည်၏။ပုဗ္ဗပရာ၊ ရှေ့နောက်ဖြစ်ကုန်သော။ပက္ခာ၊ပက္ခနှစ်ခုတို့သည်။ သုက္ကကဏှာ၊ လဆန်းပက္ခ လဆုတ်ပက္ခ မည်ကုန်၏။ တေဥဘောတု၊ ထိုပက္ခနှစ်ပါးတို့သည်ကား။ မာသော၊ တလမည်၏။

၃။ ဒွါဒသဘိမာသေ၊ တဆယ့် နှစ်လတို့ဖြင့်။ သာမျပါတရဏဳကိတော၊ လေးဆယ့်ရှစ်သီတင်းဖြင့် မှတ်အပ်သော။ ဝဿံ၊ လူတို့၏နှစ်သည်။ အဿ၊ဖြစ်၏။ မာသေန၊ လူတို့တလဖြင့်။ ပေတ္တော၊ ပိတ္တာနတ်ဌ်ဖြစ်သော။ အဟောရတ္တာ၊ တရက်သည်။ အဿဖြစ်၏။ ဝဿေန၊ လူတို့၏ နှစ်ဖြင့်။ ဒေဝတော၊ အထက်နတ်ဌ်ဖြစ်သော။ အဟောရတ္တာ၊ တရက်သည်။ အဿ၊ ဖြစ်၏။

ဤသို့ မျက်စိတဆယ့်ရှစ်မှိတ်မှစ၍ တလလျှဝ် ရက်သုံးဆယ်၊တနှစ်လျှင် သုံးရာ့ခြောက်ဆယ်၊ သီတင်း လေးဆယ့်ရှစ် ရှိကြောင်းကို ရာဇမတ္တဏ်ကျမ်း ကိုးကြောင်းရေး ဘုအင်္ဂါတွင် လာသည်။

သမာသဋ္ဌိ ဒွိဋ္ဌါ မနုဇကရိန် ပဉ္စ နိသာ၊
ဟယာန် ဒွတ္တိံသာ ခရ ကရဘာန် ပဉ္စက ကတိ။

ဝိရူပါ သာပျာယူ ဝုသမဟိသနံ ဒွါဒသ သုနံ၊
မတံ ဆာဂါဒီနံ ဒသက သဟိတာ ဆစ္စ ပရမံ။ (သိခရဏီ)

အနက် မနုဇကရီနံ၊ လူဆင်တို့၏။ ပရမာယု၊ အလွန်အသက်အတိုင်းအရှည်ကား။ သမာသဋ္ဌိ၊ အနှစ် ၆၀ ကို။ ဒွိဂ္ဃ၊ နှစ်ခုဖြင့်မြှောက်သော။ ပဥ္စနိသာ၊ ၁၂၅ ရက်တည်း။ ဟယာနံ၊ မြင်းတို့၏။ ပရမာယု၊ အလွန်အသက် အတိုင်းအရှည်ကား။ ဒွတ္တိံသံ၊ သုံးဆယ့်နှစ်နှစ်တည်း။ ခရ ကရဘနံ၊ မြင်းကုလားအုပ်တို့၏။ ပရမာယု၊ အလွန်အသက်အတိုင်းအရှည်ကား။ ပဥ္စက ကတိ၊ နှစ်ဆယ့်ငါးနှစ်တည်း။ ဝုသမဟိသနံ၊ နွားကျွဲသတ္တဝါတို့၏။ ပရမာယု၊ အလွန်အသက်အတိုင်းအရှည်ကား။ ဝိရူပါ၊ နှစ်ဆယ့် လေးနှစ်တည်း။ သုနံ၊ ခွေးတို့၏။ ပရမာယု၊ အလွန် အသက်အတိုင်းအရှည်ကား။ ဒွါဒသ၊ တဆယ့်နှစ်နှစ်တည်း။ ဆာဂါဒီနံ၊ ဆိတ်စသည်တို့၏။ ပရမာယု၊ အလွန်အသက် အတိုင်းအရှည်ကား။ ဒသက သဟိတာ၊ ဆယ်နှစ်နှင့်တကွသော။ ဆစ၊ ခြောက်နှစ်တည်း။ ဣတိ၊ ဤသို့။ ပရမံ၊ လွန်သော အသက်ဖတိုင်းအရှည်ကို။ မတံ၊ ဟောအပ်၏။

ဟူ၍ ရှည်စွာ အဆုံးအသက်ကို ပိုင်းခြားရာတွင် လူ့ဆင်တို့၏ အသက် အတိုင်းအရှည် တရာ့နှစ်ဆယ့်ငါးရက်ဆိုသည်ကို "အနိမိသ ပရမာသကေ" စသော နောက်ဂါထာဖြင့် ချင့်တွက်ရာ၌ နှစ်ကို တဆယ့်နှစ်လနှင့်၊ လကို ရက်သုံးဆယ်နှင့် မြှောက်၍ တလလျှင် ရက် သုံးဆယ်၊ တနှစ်လျှင် သုံးရာ့ခြောက်ဆယ် တွက်စုရသည်အတိုင်းသာ ဖြိဟဇ်ကျမ်း ကိုးကြောင်းရေး ဆာအင်္ဂါတွင် လာသည်။

တတြ ပက္ခာ ဥဘော မာသော၊သုက္ကကဏှာ ကမေနဟိ။
စန္ဒဝုဒ္ဓိကရော သုက္ကော၊ကဏှော စန္ဒက္ခယတ္တိကော။
ဒွိသု ပက္ခေသု တိထယော၊ကမာ ပဥ္စဒသ မတာ။

အနက် တတြမာသော၊ထိုသည် တလတလ၌။ကမေန၊အစဉ်အားဖြင့်။ သုက္ကကဏှာ၊လဆန်း လဆုတ်ဖြစ်ကုန်သော။ ဥဘောပက္ခာ၊ နှစ်ပက္ခစီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စန္ဒဝုဒ္ဓိကရော၊ လ၏ပွားခြင်းကို ပြုသောပက္ခသည်။ သုက္ကော၊ လဆန်းပက္ခမည်၏။ စန္ဒက္ခယတ္တိကော၊ လ၏ ယုတ်ခြင်းသဘောရှိသော ပက္ခသည်။ကဏှော၊ လဆုတ်ပက္ခမည်၏။ ဒွိသုပက္ခေသု၊ နှစ်ပက္ခတို့၌။ တိထယော၊ တိထီရက်တို့ကို။ ကမာ၊ အစဉ်အတိုင်း။ ပဥ္စဒသ၊ တဆယ့်ငါးရက်တို့ဟူ၍။ မတာ၊ သမုတ်အပ်ကုန်၏။

ဤသို့ တလလျှင် လဆန်း လဆုတ် နှစ်ပက္ခ၊ တပက္ခလျှင် တဆယ့်ငါးရက်ဖြစ်၍ တလလျှင် သုံးဆယ်ရက်၊ တနှစ်လျှင် သုံးရာ့ခြောက်ဆယ်ရှိကြောင်းကို တိထိသရူပ ကျမ်း ရှစ်ကြောင်းရေး ကာအင်္ဂါတွင် လာသည်။

ဆဗ္ဗိပါဏေ ဝိနာဒို ဃ၊တံ သဋ္ဌိ နာဒိကာ မတာ။
အဟောရတ္တံ ပကိတ္တိတံ၊တံ တိံသတာ ဘဝေ မာသော။
မာသေ ဒွါဒသတိ ဝဿံ၊ဒိဗ္ဗံ တ ရဟ ရစ္စတော။

**အနက်** ဆဗ္ဗိပါဏေ၊ခြောက်ပြန်တို့ဖြင့်။ဝိနာဒို၊ဗိဇနာသည်။ ဃ၊ဖြစ်၏။ တံသဋ္ဌိ၊ ထိုဗိဇနာခြောက်ဆယ်ကို။ နာဒိကာ၊ နာရီဟူ၍။ မတာ၊ သမုတ်အပ်၏။တံသဋ္ဌိ၊ထိုနာရီခြောက်ဆယ်ကို။အဟောရတ္တံ၊တရက်ဟူ၍။ပကိတ္တိတံ၊ ကြားအပ်၏။တံတိံသတာ၊ထိုရက်သုံးဆယ်ဖြင့်။မာသော၊တလသည်။ဘဝ၊ဖြစ်၏။ ဒွါဒသမာသေ၊တဆယ့်နှစ်လတို့ဖြင့်။ ဝဿံ၊တနှစ်သည်။ ဘဝေ၊ဖြစ်၏။ တံ၊ ထိုလူတို့ တနှစ်ကို။ဒိဗ္ဗံ၊နတ်၌ဖြစ်သော။အဟော၊တရက်ဟူ၍။ ဥစ္စတေ၊ဆိုအပ်၏။

ဤသို့ ပြန်မှစ၍ ဝါလလျှင် ၃၀၊ တနှစ်လျှင် ၃၆၀ ရှိကြောင်းကို သူရစ္စသိဒ္ဓန္တ ကျမ်း ကိုးကြောင်းရေး ကာအင်္ဂါတွင် လာသည်။

အယနာ ဒွေ ဂတီ ဥဒီစိ၊ဒက္ခိဏက္ကဿ ဝစ္ဆရော။

**အနက်** အက္ကဿ၊နေ၏။ ဥဒီစိ ဒက္ခိဏာဂတီ၊တောင်, မြောက်ဖီလာ သွားခြင်း ဟုဆိုအပ်ကုန်သော။ ဒွေအယနာ၊ အယဉ်နှစ်ခုတို့သည်။ ဝစ္ဆရော၊တနှစ်မည်၏။

ဤသို့ မျက်စိ တဆယ့်ရှစ်မိုတ်မှစ၍ ချင့်တွက်လျက် တလလျှင် ရက်သုံးဆယ်၊ ဥတ္တရာယဉ် ခြောက်လ၊ ဒက္ခိဏာယဉ် ခြောက်လလျှင် တနှစ်ဟူ၍ တနှစ်လျှင် ရက် သုံးရာ့ခြောက်ဆယ်ရှိကြောင်းကို သင်္ကရိုက် အဘိဓာန် ရှစ်ကြောင်းရေး ကူးအင်္ဂါ တွင် လာသည်။

၁ ဃဋိကာသဋ္ဌျဟောရတ္တော၊ပက္ခော တေ ဒသ ပဉ္စစ။
တေတု ပုဗ္ဗပရာသုက္က၊ ကာဠာမာသောတု တေ ဒုဝေ။
၂ ဥတူဟိ တိဟိ ဝဿာနာ၊ဒိကေဟိ ဒက္ခိဏာယနံ။
ဥတ္တရာယန မညေဟိ၊တီဟိ ဝဿောယန ဒွယံ။

**အနက် ၁။** သဋ္ဌိဃဋိကာ၊နာရီခြောက်ဆယ်တို့သည်။ အဟောရတ္တော၊ တရက် မည်၏။ တေပဉ္စဒသစ၊ ထိုတဆယ့်ငါးရက်တို့သည်ကား။ ပက္ခော၊ တပက္ခမည်၏။ ပုဗ္ဗပရာ၊ ရှေ့နောက်ဖြစ်ကုန်သော။ တေတု၊ ထိုပက္ခတို့သည်ကား။ သုက္ကကာဠာ၊လဆန်းပက္ခ လဆုတ်ပက္ခမည်ကုန်၏။ တေဒုဝေတု၊ ထိုနှစ်ပက္ခတို့သည်

ကား။မာသော၊တလမည်၏။ ဝဿာနာဒိကေဟိ၊ဝဿာန အစရှိကုန်သော။ တီဟိ ဥတူဟိ၊ ရတုသုံးပါးတို့ဖြင့်။ ဒက္ခိဏာယနံ၊ ဒက္ခိဏာယဉ်သည်။ ဟောတိ၊ ဖြစ်၏။ အညေဟိ၊ဘပါးကုန်သော။ တီဟိဥတူဟိ၊ရတုသုံးပါးတို့ဖြင့်။ ဥတ္တရာယနံ၊ ဥတ္တရာယဉ်သည်။ဟောတိ၊ဖြစ်၏။ အယနဒွယံ၊အယဉ်နှစ်ခုတို့၏ အပေါင်းသည်။ ဝဿော၊ တနှစ်မည်၏။

ဤသို့ နာရီမှစ၍ ချင့်တွက်လျက် တလလျှင် ရက်သုံးဆယ်၊ အယဉ်နှစ်ပါးလျှင် တနှစ်ဟူ၍ တနှစ်လျှင် ရက် သုံးရာ့ခြောက်ဆယ် ရှိကြောင်းကို မာဂဓအဘိဓာန် ငါးကြောင်းရေး ကဲအင်္ဂါတွင် လာသည်။

ဤသို့ သာသနာတော်ကျမ်း ပါဠိ, အဋ္ဌကထာ, ဋီကာများတွင်သာ တလလျှင် ရက်သုံးဆယ်၊တနှစ်လျှင်(၃၆၀)ရှိကြောင်းကို ဆိုသည်မဟုတ်၊ ရာဇမတ္တဏ်, ဗြိဟတ်, တိထိသရူပ, သူရဇ္ဈသိဒ္ဓန္တစသော ဗေဒင်ကျမ်း, သင်္ကခိုက်အဘိဓာန်, မာဂဓ အဘိဓာန်ကျမ်းများတွင်လည်း တလလျှင် ရက်သုံးဆယ်၊ တနှစ်လျှင် (၃၆၀)ရှိကြောင်းကို ဆိုသည်။ သာသနာကျမ်း လောကီကျမ်း ဟူသမျှ ပမာဏပြုလောက်သည့် ကျမ်းများတွင် တနှစ်လျှင် ရက်(၃၆၅)ရှိကြောင်းကို မဆိုသည်ကို သာသနာကျမ်း,လောကီကျမ်းများနှင့် နှိုင်းယှဉ် ဆင်ခြင်တော်မူသာအောင် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## အရှေ့ဘက်နိဂုံး ကာလင်္ဂ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

"အရဏ္ဍဂုမန် အရဏော ဥဂ္ဂတေ"အစရှိသည်ဖြင့် ကျမ်းဂန်တို့၌ အရုဏ်ကို အစပြု၍ ကာလိကများကို သုံးဆောင်ခြင်း၊ အရုဏ်ခံခြင်း အမှုကိစ္စများကို ရဟန်းတို့မှာ ပြုကြသည့်အရုဏ်သည် ပဌမအရုဏ်, ဒုတိယအရုဏ်, တတိယအရုဏ်ဟူ၍ သုံးပါးတွင် မည်သည့်အရုဏ်ကို အစမှူ၍ သုံးဆောင်တော်မူသည်ကို ဆရာတော်မှာ လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသောကြောင့် မဟာဒါန်ဝန်ကို စေ၍ လျှောက်ပါစေသည်၊ အမိန့်တော်ရင်းအတိုင်း သိတော်မူသာအောင် စာသွင်းတော်မူပါမည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၅–ခု ဒုတိယဝါဆိုလဆန်း(၄)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

အရုဏ်ကို ဆေးမေး စိစစ်တော်မူသည်မှာ အရုဏ်ကို စွဲ၍ ပညတ် ကျင့်ဆောင်အပ်သော သိက္ခာပုဒ်အများနှင့် စပ်ဆိုင်သည်၊ လူတို့ အဋ္ဌသီ,ဒသသီ ဆောက်တည်သည့်အရာများနှင့်လည်း စပ်ဆိုင်သည်၊ အရုဏ်မှန်မှ အရုဏ်နှင့်စပ်ဆိုင်သော ကျင့်ဝတ် သိက္ခာပုဒ်များကို ကျင့်ဆောင်ခြင်း အကျိုးရှိမည်ဖြစ်၍ အရုဏ် အကြောင်းအရာကို ကျမ်းဂန်လာတိုင်း ပုစ္ဆာ ဝိသဇ္ဇနာ အမေး အဖြေနှင့် ဆက်သွင်းသည်။

**အဘယ်သည် အရုဏ်မည်သနည်းဟူမူကား—**

သူရိယဿောဒယတော ပုဗ္ဗုဋ္ဌိတရံသိ သိယာ ရုဏော။

အနက် သူရိယဿ၊ နေဝန်း၏။ ဥဒယတော၊ ထွက်သည်မှ။ ပုဗ္ဗုဋ္ဌိတရံသိ၊ ရှေးဦး တက်သော အရောင်သည်။ အရုဏော၊ အရုဏ်မည်သည်။ သိယာ၊ဖြစ်ရာ၏။

ဤသို့ အဘိဓာန်, ဝိမတိဝိနောဒနီဋီကာများ၌ လာသည်နှင့်အညီ နေဝန်းမထွက်မီ ရှေးဦး တက်သော အရောင်သည် အရုဏ်မည်၏။

**အဘယ်ကြောင့် အရုဏ်မည်သနည်းဟူမူကား—**

"အရုဏော ဝဏ္ဏော အဿာတိ အရုဏော"–အဿ၊ထိုနေဝန်းမထွက်မီ ရှေးဦးတက်သောနေရောင်အား။ အရုဏော၊နီသော။ ဝဏ္ဏော၊အဆင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထိုကြောင့်။ အရုဏော၊ အရုဏ်မည်၏။ "အရတိ ဂစ္ဆတိ ရတ္တဝဏ္ဏဘာဝေန ပဝတ္တတီတိ ဝါ အရုဏော"–ဝါ၊ တနည်းကား။ ရတ္တဝဏ္ဏဘာဝေန၊ နီသောအဆင်းအားဖြင့်။ အရတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ အရုဏော၊ အရုဏ်မည်၏။

ဤသို့ အဘိဓာန်ဋီကာ၌ လာသည်နှင့်အညီ နီသောအဆင်း ရှိသောကြောင့်လည်းကောင်း, နီသော အဆင်းအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း အရုဏ်မည်၏။

**အဘယ်သို့ အဆင်းရှိသနည်းဟူမူကား—**

"ဝဏ္ဏနရတ္တော ပဘာဝိသေသော"–ဝဏ္ဏနရတ္တော၊ တစတစ ပွား၍ နီသော။ ပဘာဝိသေသော၊အရောင်အဆင်းတည်း။ "ပုရတ္ထိမာ ဒိသာ ရတ္တသုဝဏ္ဏဝဏ္ဏတာယ

ဥတ္တမရူပဓရာ ဟုတွာ ဒိဿတိ”။ပုရတ္ထိမာဒိသာ၊အရှေ့ အရပ်မျက်နှာသည်။အရုဏော ဥဂ္ဂတော၊အရုဏ်တက်လသော်။ ရတ္တသုဝဏ္ဏဝဏ္ဏတာယ၊ နီသောရွှေစင်အဆင်း ရှိသည်၏ အဖြစ်ကြောင့်။ ဥတ္တမရူပဓရာ၊ မြတ်သောအဆင်းကို ဆောင်သည်။ ဟုတွာ၊ ဖြစ်၍။ဒိဿတိ၊ထင်၏။

ဤသို့ ဝိမတိဝိနောဒနီဋီကာ ဇာတ်အဋ္ဌကထာတို့၌ လာသည်နှင့်အညီ ဥသစ်သော ရွှေစင်ကဲ့သို့ နီသောအဆင်း ရှိသည်။

**အဘယ်သို့ သဏ္ဌာန် ရှိသနည်းဟူမူကား—**

“ပုရတ္ထိမာဒိသာ ရတ္တသုဝဏ္ဏဝဏ္ဏတာယ ဥတ္တမရူပဓရာ ဟုတွာ ဒိဿတိ”။ ပုရတ္ထိမာဒိသာ၊ အရှေ့ အရပ်မျက်နှာသည်။ အရုဏောဥဂ္ဂတော၊ အရုဏ်တက်လသော်။ ရတ္တသုဝဏ္ဏဝဏ္ဏတာယ၊ နီသောရွှေစင်အဆင်း ရှိသည်၏ အဖြစ်ကြောင့်။ ဥတ္တမရူပဓရာ၊မြတ်သောအဆင်းကို ဆောင်သည်။ဟုတွာ၊ဖြစ်၍။ဒိဿတိ၊ထင်၏။

ဤသို့ ဇာတ်အဋ္ဌကထာ၌ လာသည်နှင့်အညီ နေဝန်း၏ ရှေးဦး တက်သော ရောင်ခြည်မျှဖြစ်၍ သဏ္ဌာန် အသီးအခြား မရှိ၊ အထင်အားဖြင့်ကား နှံ့၍ ထင်သမျှ အရှေ့ အရပ်မျက်နှာ သဏ္ဌာန် ရှိသည်။

**အဘယ်ကာလ၌ အရုဏ်တက်သနည်းဟူမူကား—**

“သူရိယုဂ္ဂမနသ ပုရေစရော”။ သူရိယုဂ္ဂမနဿ၊ နေဝန်းထွက်သည်၏။ ပုရေစရော၊ရှေ့သွားဖြစ်၏။

ဤသို့ ဝိမတိဝိနောဒနီဋီကာ၌ လာသည်နှင့်အညီ နေဝန်းမထွက်မီ ထွက်မူမူတွင် ထင်သည့်အရောင်ဖြစ်၍ နံနက်ကာလ၌ တက်သည်။

**အဘယ်အရပ်၌ တက်သနည်းဟူမူကား—**

အရုဏောနာမ ပုရတ္ထိမဒိသာယ သူရိယောဒယတော ပုရေတရမေဝ ဥဋ္ဌိတော ဘာသော။

**အနက်** အရုဏောနာမ၊ အရုဏ်မည်သည်ကား။ ပုရတ္ထိမဒိသာယ၊ အရှေ့ မျက်နှာ၌။ သူရိယောဒယတော၊ နေဝန်းထွက်သည်မှ။ ပုရေတရမေဝ၊ရှေးဦးကလျှင်။ဥဋ္ဌိတောဘာသော၊တက်သောဖြာရောင်တည်း။

ဤသို့ဥဒါန်းအဋ္ဌကထာ၌ လာသည်နှင့်အညီ အရှေ့အရပ်မျက်နှာ၌ တက်သည်။

ယင်းသည့်အရုဏ်ကို မျက်မြင်ဆတ်ဆတ်သိအပ်သည် ဆ၍သိအပ်သည်ဖြစ်မည် ဟူသည်ကား—

"ပုရတ္ထိမာဒိသာ ရတ္တသုဝဏ္ဏဝဏ္ဏတာယ ဥတ္တမရူပဓရော ဟုတွာ ဒိဿတိ"။ ပုရတ္ထိမာဒိသာ၊ အရှေ့အရပ်မျက်နှာသည်။အရုဏော ဥဂ္ဂတော၊အရုဏ် တက်လသော်။ ရတ္တသုဝဏ္ဏဝဏ္ဏတာယ၊ နီသော ရွှေစင်အဆင်းရှိသည်၏ အဖြစ်ကြောင့်။ ဥတ္တမရူပ ဓရော၊မြတ်သောအဆင်းကို ဆောင်သည်။ဟုတွာ၊ဖြစ်၍။ဒိဿတိ၊ထင်၏။

ဤသို့ ဇာတ်အဋ္ဌကထာ၌ အရှေ့အရပ်မျက်နှာသည် အရုဏ်တက်လျှင် နီသော ရွှေစင်အဆင်း ရှိသည်၏ အဖြစ်အားဖြင့် ထင်ကြောင်းကို လာသည်နှင့်အညီ ဆတ်ဆတ် မျက်မြင် သိအပ်သည် ဆ၍ သိအပ်သည် မဟုတ်။

ဤသို့ ဆိုပြီးသော ပုစ္ဆာ ဝိသဇ္ဇနာ အမေး အဖြေ ခုနစ်ချက်ကို ထောက်၍ နေဝန်းမထွက်မီ ရှေးဦး တက်သော နေရောင်သည်ပင် နီသော အဆင်းရှိသော ကြောင့်၎င်း၊ နီသော အဆင်းအားဖြင့် ဖြစ်တတ်သောကြောင့်၎င်း အရုဏ် မည် သည်၊ ယင်းသည့် အရုဏ်ကား ဥသစ်သော ရွှေစင်ကဲ့သို့ နီသောအဆင်းဖြင့် ထင် သည်၊ နီ၍ထင်သော အရှေ့အရပ်မျက်နှာ သဏ္ဌာန်ရှိသည်၊ နံနက်ကာလ၌ အရှေ့ အရပ်မျက်နှာအရပ်မှ တက်သည်၊မျက်မြင်ဆတ်ဆတ် သိအပ်သည်၊ဆ၍ သိအပ်သည် မဟုတ်ဟူ၍ အရုဏ်၏ အကြောင်းအရာကို သိအပ်သည်။

အချို့ကား ဗေဒင်၌ အမှားသမုတ်သည်ကို စွဲ၍ သန်လွဲတွင် နေ့တပါး ပြောင်း သောကြောင့် အရုဏ်တက်သည် ဆိုကုန်သည်။

အချို့လည်း ဆတ်ဆတ်မျက်မြင် သိအပ်သည်ဖြစ်လျက် ဆ၍ သိအပ်သကဲ့သို့ ကိုယ်ရိပ်အတာ နှစ်ထောင့်အတာသုံးထောင်ရှိလျှင် အရုဏ်တက်သည်၊ လက်ခြား လက်ရေးမြင်လျှင် အရုဏ်တက်သည် ဆိုကုန်သည်၊ ကျမ်းဂန် တစုံတခု အထောက် အထား သာဓကသဘောယုတ္တိ မရှိ။

အချို့လည်း ကစ္စာယနသာရ သဒ္ဒါငယ်စကားကို စွဲ၍ ရွှေသည့်၏ ပစ္ဆိမယာမ် သည် နောက်နေ့သို့ ဝင်ခြင်းကြောင့် ရွှေသည့်၏ ပစ္ဆိမယာမ် အစတွင် အရုဏ်တက် သည် ဆိုကုန်သည်။ ကစ္စာယနသာရ သဒ္ဒါငယ်မှာ ဇာဂ်ဒါ်သက မည်သော သဒ် ကရိုက်ကျမ်းကိုမှီ၍ ယင်းသို့ ဆိုခြင်းဖြစ်သည်၊ပိဋကတ်တော်၌ အရုဏ် အဆုံးအဖြတ် ကို ပြလို၍ ဆိုခြင်းမဟုတ်။

အချို့လည်း "တိယာမာ သံဝရိ ဘဝေ" ဟူ၍ တညဥ့်လျှင်သုံးယာမ် သုံးပဟိုရ် ဟု အဘိဓာန်၌ ဆိုသည်ကို စွဲ၍ တညဥ့်လျှင် လေးယာမ် လေးပဟိုရ်အနက် သုံးယာမ်

သုံးပဟိုရ်သာ ရှေ့ညဉ့်အဝင်ဖြစ်သည်။အကြင်း တယာမ်တပဟိုရ်မှာ နောက်နေ့အဝင် ဖြစ်သောကြောင့် ၎င်းနောက်ဆုံး တယာမ်တပဟိုရ်၏ အစတွင် အရုဏ်တက်သည် ဆိုကုန်သည်။ မဇ္ဈိမဒေသ၌ ညဉ့်နာရီသုံးဆယ်တွင် နာရီတဆယ်လျှင် တပဟိုရ်ပြု၍ သုံးချက် တီးလေသောကြောင့် မဇ္ဈိမဒေသထုံးစံသို့လိုက်၍ တညဉ့်လျှင် သုံးယာမ် သုံးပဟိုရ်ဟု အဘိဓာန်၌ ဆိုသည်ကို တညဉ့်လျှင် လေးချက်တီး၍ လေးယာမ် လေးပဟိုရ်ပြုသော ပစ္စန္တရစ်ထုံးစံနှင့် စပ်ယှက်၍ ဆိုလေသောကြောင့် မသင့်။ ထိုကြောင့်—

ဓိဃည္ရတ္တိံ အရုဏာသ္မိံ ဥဟတေ ယာ ဒိဿတိ ဥတ္တမရူပဝဏ္ဏိနီ။

**အနက်** ဓိဃည္ရတ္တိံ၊ညဉ့်၏ အဆုံး၌။ အရုဏာသ္မိံ၊ အရုဏ်သည်။ ဥဟတေ၊ တက်လသော်။ ယာ၊ အကြင် အရှေ့အရပ်မျက်နှာသည်။ ဥတ္တမရူပဝဏ္ဏိနီ၊မြတ်သောအဆင်းရှိသည်ဖြစ်၍။ဒိဿတိ၊ထင်၏။

ဤသို့ ဇာတ်နိပါတ်၌ ဆိုသည်နှင့်အညီ ရှေ့ညဉ့်အကုန်အဆုံးတွင်သာ အရုဏ်တက်သည်၊ သန်လွဲ တတိယပဟိုရ် အကုန်အဆုံးများတွင် အရုဏ်တက်သည်ဟု မသိအပ်။

သေတာရုဏာဥ္စ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋ္ဋံ။
တတိယံ တမ္ဗဝဏ္ဏာဥ္စ၊စတုတ္ထံ ဂဒြဘမုခံ။

**အနက်** ပဌမံ၊ ပဌမအရုဏ်ကား။ သေတာရုဏာဥ္စ၊ ဖြူသောအဆင်းရှိသော အရုဏ်တည်း။ဒုတိယံ၊ဒုတိယအရုဏ်ကား။ နန္ဒိယာဝဋ္ဋံ၊ ဇလပ်ပန်းအဆင်းရှိသော အရုဏ်တည်း။ တတိယံ၊ တတိယအရုဏ်ကား။ တမ္ဗဝဏ္ဏာဥ္စ၊ ကြေးနီအဆင်းရှိသော အရုဏ်တည်း။ စတုတ္ထံ၊ စတုတ္ထအရုဏ်ကား။ ဂဒြဘမုခံ၊ မြည်း၏မျက်နှာအဆင်းရှိသောအရုဏ်တည်း။

ဤသို့ ခုဒ္ဒသိက္ခာနိသျှ၌ တနေ့တည်းတွင်ပင် အရုဏ်လေးချက်တက်ကြောင်းကို လာသည်။

ပါဠိ၊အဋ္ဌကထာ၊ဋီကာ ကျမ်းဂန်တစုံတခု အထောက်အထား သာဓက သဘောယုတ္တိ မရှိ၊ ယခင် ဆိုပြီးသော ကျမ်းဂန်များနှင့် မညီ၊ ထိုကြောင့် ဆိုပြီးသောကျမ်းဂန်များကို ထောက်၍ နေဝန်း ထွက်မူမူတွင် ရှေးဦး တက်သော နီသောအဆင်းရှိသော နေ၏အရောင်ကိုသာ အရုဏ်ဖြစ်သည်ဟု ယူမှတ်၍ လူတို့မှာ အဋ္ဌသီ၊ဒသသီများကို စောင့်ရှောက်ခြင်း၊ ရဟန်းတို့မှာ အရုဏ်မတက်မီ နိသျှည်းဆရာနှင့် မကင်း

စေရ တိစီဝရိက်သက်န်းနှင့် မကင်းစေရ ဝါတွင်းအခါ ဥပစာကို မလွန်စေရ စောင့်ရှောက်ခြင်း၊ ကာလိကလေးပါး သုံးဆောင်ခြင်း၊ အရဟ်ခံခြင်းများကို ပြုသင့်သည်။

## သီရိပါဒ ခြေတော်ရာ

**သက္ကရာဇ် ၁၁၅၅—ခု ဝါခေါင်လပြည့်ကျော်(၆)ရက်နေ့ ရှူဇာအသျှာန် ၅၊ အသက် ငါးဆယ်ကျော်ရှိသူ ကုလားဇော်ဂီကို စကားပြန် ကုလား အေဒိသာဂုမ္ဘာနီတို့ကို ပြန်စေ၍ ဆေးမေးထွက်ဆိုချက်—**

နေရင်း ဇမ္ဗူဒီပါကျွန်း ဒေည်လည်မြို့က ဖြစ်ပါသည်၊ ၎င်းဒေည်လည်မြို့က ဇော်ဂီတို့ဘာသာ လှည့်လည်သွားလျှင် (၁၅)ရက်နှင့် အဇမိမြို့သို့ ရောက်ပါသည်၊ ၎င်းအဇမိမြို့က ထွက်သွားပြန်လျှင် (၄၅)ရက်နှင့် သျှာဂရေမြို့သို့ ရောက်ပါသည်၊ ၎င်းသျှာဂရေမြို့က ထွက်သွားပြန်လျှင် (၁၅)ရက်နှင့် တာပထူပါလမြို့သို့ ရောက်ပါသည်၊ ၎င်းတာပထူပါလမြို့က ထွက်သွားပြန်လျှင် (၂၁)ရက်နှင့် ပရဟံပူမြို့သို့ ရောက်ပါသည်၊ ၎င်းပရဟံပူမြို့က ထွက်သွားပြန်လျှင် (၁၄)ရက်နှင့် အရက်ာပတ်မြို့သို့ ရောက်ပါသည်၊ ၎င်းအရက်ာပတ်မြို့က ထွက်သွားပြန်လျှင် (၉)ရက်နှင့် ပူနာမြို့သို့ ရောက်ပါသည်၊ ၎င်းပူနာမြို့က ထွက်သွားပြန်လျှင် (၂၄)ရက်နှင့် မရစ်မြို့သို့ ရောက်ပါသည်၊ ၎င်းမရစ်မြို့က ထွက်သွားပြန်လျှင် (၁၄)ရက်နှင့် ပီဇာပူမြို့သို့ ရောက်ပါသည်၊ ၎င်းပီဇာပူမြို့က ထွက်သွားပြန်လျှင် အရက်(၄၀)နှင့် သျှရဟံပတ္တံမြို့သို့ ရောက်ပါသည်၊ ၎င်းသျှရဟံပတ္တံမြို့က ထွက်သွားပြန်လျှင် အရက်(၃၀)နှင့် နာကူဆိပ်သို့ ရောက်ပါသည်၊ ၎င်းနာကူဆိပ်မြို့က သင်္ဘောနှင့်ကူးသွားလျှင်(၉)ရက်နှင့် သီဟိုဠ်ဇာပံဆိပ်သို့ ရောက်ပါသည်၊ ၎င်းသီဟိုဠ်ဇာပံဆိပ်က ကုန်းကြောင်းခရီး ထွက်သွားလျှင်(၁၀)ရက်နှင့် ဗနီမြို့သို့ ရောက်ပါသည်၊ ၎င်းဗနီမြို့က ထွက်သွားပြန်လျှင်(၁၁)ရက်နှင့် ကလမနာမြို့သို့ ရောက်ပါသည်၊ ၎င်းကလမနာမြို့က ထွက်သွားပြန်လျှင်(၇)ရက်နှင့်ပူတလံမြို့သို့ရောက်ပါသည်၊၎င်းပူတလံမြို့က ထွက်သွားပြန်လျှင်(၁၅)ရက်နှင့် ခန္တီမြို့ဟောင်းသို့ ရောက်ပါသည်၊ ၎င်းခန္တီမြို့ဟောင်းက ထွက်သွားပြန်လျှင်(၁၀)ရက်နှင့် သီရိပါဒခြေတော်ရာသို့ ရောက်ပါသည်၊ ၎င်းခြေတော်ရာမှာ တောင်ထက်တွင် ရှိသည်၊ ၎င်းတောင်လည်း တနေ့တက်ခန့် ရှိပါသည်၊ ၎င်းတောင်တွင် ခြေလျင် မတက်နိုင်၍ သံကြိုးနှင့်ကိုင်ဆွဲ တက်ရသည့်အရာလည်း ယန်းအပြန် ၂၀ ခန့် ရှိပါသည်၊ ခြေတော်ရာမှာ တောင်ထိပ် ကျောက်ညိုပေါ်တွင် ရှိပါသည်၊ အရေးအကြောင်းများလည်း ထင်မြင်ပါသည်၊ရွှေမချမမွမ်း ကျောက်ပကတိပင်ဖြစ်ပါသည်၊ ၎င်းခြေတော်ရာ အပေါ် အမိုးမှာ အမြင့် လေးတောင်ခန့် ပျဉ်မိုး

တန်ဆောင်းတထပ်ကို သံကြိုးဆိုင်းလျက်ရှိပါသည်၊ ၎င်းခြေတော်ရာအနီး တောင်ထိပ်တွင် ကျောက်တွင်း တတောင်ထွာခန့် ရေမပြတ် လာသမျှလူ သုံး၍ မကုန်နိုင်အောင် ထွက်ရှိသည်၊ ၎င်းကျောက်တွင်းကိုလည်း ရာကွပ်မန္တိဟု ခေါ်ဝေါ်ကြပါသည်၊ ခြေတော်ရာပေါ်တွင်လည်း ကုလားခေါ် ဇော်လ၊ သီဟိုဠ်ခေါ် သျှဒရပ် ခေါ်ဝေါ်သည့် သစ်ပင်ကြီးလည်း အုပ်လျက်ရှိသည်၊ ၎င်းသစ်သီးကို ပုတီးလုပ်၍ ဆောင်ကြသည် ၎င်းပုတီး ခုနစ်လုံးကိုလည်း ဆောင်ယူခဲ့ပါသည်၊ ခြေတော်ရာပုံကိုလည်း တိုင်းထွာ ချုပ်လုပ်၍ ဆောင်ယူခဲ့ပါသည်၊ ဆောင်ယူခဲ့သည့် အကြောင်းမှာ အထက်က နေပြည်တော်သို့ ရောက်သည့် သာမဏေ ဝရကာလန္တေနှင့် ကော်ရံဆိပ်တွင် တွေ့၍ အကြောင်းအခြင်းကို မေးမြန်းပြောဆိုကြလျှင် နေပြည်တော် သာယာကြောင်း, ဘုရားပုထိုးများကြောင်း,မူနီဇော်ဂီများကြောင်းများကို သာမဏေ ဝရကာလန္တေက ပြောဆိုသည်နှင့် နေပြည်တော်သို့ ရောက်အောင် ကျွန်ုပ် သွားမည်ဆိုသည်တွင် ခြေတော်ရာကို တိုင်းထွာ၍ ဆရာတော်ထံ ရောက်အောင် ယူဆောင်ပါ ဆိုသောကြောင့် ယူဆောင်မည် ဝန်ခံလျှင် သာမဏေ ဝရကာလန္တေနှင့် အတူ ခြေတော်ရာတောင်သို့ သွား၍ တိုင်းထွာချုပ်လုပ် ဆောင်ယူခဲ့ပါသည်၊ ၎င်းသီဟိုဠ်ကျွန်းက နာကူသင်္ဘောတွင် စီး၍ နိုင်ငံတော် ရန်ကုန်သို့ အရက်(၄၀)နှင့် ရောက်ပါသည်၊ ၎င်းရန်ကုန်က ဒါတူလှေတွင် စီး၍ နေပြည်တော်သို့ ရောက်ပါသည်၊ ၁၂ နှစ်အရွယ်တွင်လည်း ဇော်ဂီအဖြစ်နှင့်ပင် အလောင်းမင်းတရားကြီး လက်ထက် ပဲခူးသို့ တကြိမ် ရောက်ဘူးပါသည်။

၁၁၅၅–ခု ဝါခေါင်လပြည့်ကျော်(၇)ရက်နေ့ ဇော်ဂီ ရှူဇာအသျှာကို ဆေးမေး၍ ခြေတော်ရာပုံနှင့်တကွ သွင်းသည့် စစ်ချက်။

## သင်္ဂိုပါဒစက်တော်ရာနှင့် မန်းစက်တော်ရာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သီဟိုဠ်က ဇော်ဂီ ဆောင်ခဲ့သည့် စက်တော်ရာပုံ၊မန်းချောင်းနားတွင် ရှိသည့် စက်တော်ရာ နှစ်ရပ်ကို မည်သည့် စက်တော်ရာ ကျမ်းဂန်အထွက်နှင့် ညီသည် မညီသည်ကို ဆရာတော်မှာ လျှောက်၍ သိတော်မူသာအောင် မေတ္တာစာ ဆက်သွင်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း အဆောင်မြဲ စန္ဒသူကို လျှောက်ပါစေသည်၊ စက်တော်

ရာ နှစ်ဆူ ကျမ်းဂန်အထွက်များနှင့် သိတော်မူသာအောင် စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၅–ခု ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

သီဟိုဠ်ကျွန်း စက်တော်ရာ, မန်းစက်တော်ရာများသည် ကျမ်းဂန်နှင့် ညီညွတ်သည်ချည်း ဖြစ်သည်။

**သီဟိုဠ်ကျွန်း စက်တော်ရာ အကြောင်းမှာ**—ဘုရားဖြစ်တော်မူသည်မှ ကိုးလမြောက် ပြာသိုလပြည့်နေ့တွင် နောင် သာသနာတော် တည်မည်ကို မြင်တော်မူ၍ သီဟိုဠ်ကျွန်းကို အစောင့်အရှောက် အရံအတားပြုခြင်းငှါ တကြိမ်ကြွတော်မူသည်။

ဘုရားဖြစ်တော်မူသည်မှ ငါးနှစ်မြောက်တွင် စူဠောဒရ, မဟောဒရနဂါးမင်းတို့ကို ဆုံးမခြင်းငှါလည်း တကြိမ် ကြွတော်မူသည်။

ဘုရားဖြစ်တော်မူသည်မှ ရှစ်နှစ်မြောက် ကဆုန်လပြည့်နေ့တွင် မဏိအက္ခကနဂါးမင်း၏ တောင်းပန်ခြင်းကို စွဲ၍ အခြံအရံ ရဟန္တာငါးရာနှင့်တကွ စကားပင်ကိုထီးပြု၍ သုမန နဂါးမင်းကို ဆောင်းစေလျက် သမန္တကူဋတောင်ထိပ်ထက် စက်တော်ရာ ပြထားခြင်း၊ ဒီဃဝါပိစေတီတော်ရာ စံသည်များ၌ သမာပတ်ဝင်စားခြင်း အကျိုးငှါလည်း တကြိမ် ကြွတော်မူသည်။

ယင်းသို့ သုံးကြိမ် ကြွတော်မူသည်တွင် နောက်ဆုံးတကြိမ်၌ ကလျာဏီမြစ်အတွင်း ဖန်ဆင်းအပ်သော မြတ်သောမဏ္ဍပ်၌ ရဟန္တာငါးရာနှင့်တကွ အက္ခကနဂါးမင်း၏ အလှူကို ခံတော်မူပြီးလျှင် သမန္တကူဋတောင်ထိပ်သို့ ကြွ၍ စက်တော်ရာ ပြထားခဲ့ကြောင်းကို မဟာဝင်,ပါရာဇိကဏ်အဋ္ဌကထာ စသောကျမ်းတို့၌ ဆိုသည်။

**မန်းချောင်းစက်တော်ရာအကြောင်းမှာ**—ဘုရားဖြစ်တော်မူသည်မှ ဝါနှစ်ဆယ်ကျော်တွင် မဟာပုဏ္ဏထေရ် ပင့်ဖိတ်၍ သုနာပရန္တတိုင်း သုပ္ပါဒကဆိပ်သို့ ကြွတော်မူလာသည့်နောက် အပြန်တွင် ရမ္မဒါနဂါးမင်း တောင်းပန်၍ မန်းချောင်းနားတွင် စက်တော်ရာ ပြထားတော်မူခဲ့သည်။ ယင်းသို့ သစ္စဗန္ဓတောင်သို့ ရောက်ပြန်လျှင် သစ္စဗန္ဓထေရ် တောင်းပန်၍ သစ္စဗန္ဓတောင်ထိပ်တွင် ပြထားတော်မူခဲ့သည်များကိုလည်း ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာတွင် ဆိုသည်။

ယင်းသို့ သီဟိုဠ်မှာ စက်တော်ရာ ၁၊ ဇမ္ဗူဒီပါမှာ စက်တော် ၂ ဆူရှိသည်ကို ရည်၍—

တီဏိ ဘဂဝတော ပါဒစေတိယာနိ။

ဟူ၍ သာရတ္ထသင်္ဂဟကျမ်း၌ ဆိုသည်။ **လင်္ကာဒီပ ၌း၊ ဇမ္ဗူဒီပါ ၌ွေး** ဟူ၍ ရှေးသူဟောင်းတို့ ဆိုစမှတ်ပြုကြသည်။

**ပမာဏမှာ**—ကျမ်းဂန်တွင် အထူးမရှိ၊ ၁၅ လက်သစ်လျှင် လူတို့တဘဝါးရှိမြဲနှင့်ထောက်သော် ပကတိဘဝါးတော်သည် နှစ်တောင် တမိုက် သုံးလက်သစ် နှစ်မုယောရှိသင့်သည်။ စက်တော်ရာမှာ ပကတိ နင်းတော်မူတိုင်း မထင်၊ ဖန်ဆင်း ဓိဋ္ဌာန်၍ နင်းတော်မူမှ ထင်သောကြောင့် စက်တော်ရာချင်း ညီသင့်သည် မဆိုသာ။ ယခုဆောင်ခဲ့သည့် စက်တော်ရာပုံကိုလည်း နန္ဒင်းနှင့် ပုဆိုးတွင် သားနားတိုင်းထွာပြီးမှ ချုပ်လုပ်ဆောင်ယူခဲ့သည် ဆိုသည်၊ အရပ်တပါးတွင် အမြဲတည်စေလို၍ ပြထားတော်မူခဲ့သည့် စက်တော်ရာကို အရပ်ဘပါးသို့ ပြောင်းယူနိုင်မြဲ မဟုတ်၊ ပုံပမာဏကို ဆောင်ယူခြင်းသည်ပင် ၎င်းစက်တော်ရာကို ဆောင်ယူခဲ့သည် မည်သည်၊ ရုပ်တုရုပ်ပွားတော်များကဲ့သို့ ပူဇော် ကိုးကွယ်သင့်သည်၊ ပူဇော် ကိုးကွယ်တော်မူထိုက်သော ဘုန်းကံတော်ကြောင့် မျက်မှောက်တော်သို့ ရောက်သည် ယူရန်ရှိသည်။

---

## မေတ္တာစာ

၁၁၅၅—ခု ဝါခေါင်လပြည့်ကျော်(၁၂)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—

လောက အစီးအပွား ဖြစ်လောက်သည့် ဗေဒင်ကျမ်း ဆေးကျမ်း၊ သာသနာတော် အထောက်အပံ့ ဖြစ်လောက်သည့် သဒ္ဒါကျမ်း ဆန်း အလင်္ကာကျမ်းများကို အစဉ်မပျက် တည်ထွန်းစေ၍ လောကတ္ထစရိယ သာသနာနုဂ္ဂဟ ပညာပါရမီကုသိုလ်တော် ပွားများစိမ့်သောငှါ အဆောင်တော်မြဲ ကာသည်ကို ဗာရာဏသီကျေးက ဆောင်ယူခဲ့စေသည့် ကျမ်းပေါင်း ၃၂၊ ပါရင်း စက္ကူချပ်ရေ ၂၄၇၅၊ မြန်မာအက္ခရာနှင့် ပေထက်တင်ပြီး အင်္ဂါ ၁၃၃၊ ၄ ချပ်၊ ၎င်းအနက် ကာသည်တွင် မှာရင်းကျမ်း ၂၂၊ ပါရင်း စက္ကူချပ်ရေ ၁၅၂၁၊ မြန်မာရေး ပေအင်္ဂါ ဂ၁၉ ချပ်၊ မှာရင်းပြင် အခြား ဆောင်ယူခဲ့သည့် စာစောင် ၁၀၊ စက္ကူချပ်ရေ ၉၅၄၊ မြန်မာရေး ပေအင်္ဂါ ၅၁၊ ၅ ချပ်၊အသုံးတော် ရ,မရ သိသာအောင် တချပ်တကြောင်းမျ

မကျန် မြန်မာအက္ခရာနှင့် ပြန်သည်၊ မှာရင်းကျမ်းစုအနက် အဖွင့်ဒီပနီကျမ်းကို လို၍ မူလနှင့် ယှဉ်ဖက် မှာသည်တွင် မူလသာ ပါ၍ ဒီပနီအစုံ မပါ၊ ဇောတိဒီပိကာဒီပနီ၊ ဘာသ္ဘတိဒီပနီ၊ သာရကောမုဒီအကျဉ်း ဒီပနီ၊ အဘိဓာန်ဒီပနီ၊ အလင်္ကာဒီပနီများသာ ပါသည်၊ အဘိဓာန်ဒီပနီ၊ အလင်္ကာဒီပနီများမှာ သာသနာတော်၌ ပညာပွားများအံ့သော အကြောင်း ဖြစ်သည်၊ ဇောတိဒီပိကာဒီပနီ၊ ဘာသ္ဘတိဒီပနီ၊ သာရကောမုဒီဒီပနီများမှာ ၎င်းဒီပနီအဖွင့်အပြအတိုင်း မူလကျမ်းကို အနက်မြန်မာပြန်လျှင် အသုံးတော် ဖြစ်လောက်သည်၊ ရှေးမင်းတို့ လက်ထက် မရောက်မရှိဘူးသည့် လောကီကျမ်းဂန်များကို အလွယ်တကူ အလိုတော်ရှိတိုင်း ဘုန်းပါရမီတော်ကြောင့် ရခြင်းဖြစ်သည်၊ လောကစီးပွား သာသနာတော်စီးပွားကို ရှက်ဆောင်တော်မူသဖြင့် လောကတ္ထစရိယ သာသနာနုဂ္ဂဟ ပညာပါရမီ ကုသိုလ်တော် ပွားများမည်။

အဆောင်တော်မြဲ ကာသည်တွင် ဗာရာဏသီ ဗင်္ဂလားသို့ မှာထားရင်း သင်္ကရိုက်ကျမ်းစုအနက် ဆောင်ယူခဲ့သည့် သင်္ကရိုက်ကျမ်းဂန်စာရင်း—

ဆေးကျမ်းစု

| | ပါရင်းကြောင်း | ပါရင်းချုပ် | ပေကြောင်း | ပေအောင် | ချုပ် | စုံ | မ |
|---|---|---|---|---|---|---|---|
| ၁။ ဩသဓရတနာကရ "မူလမှတ်စာတွင် ဒြဗျဂုဏ်းလည်း ပါသည်"။ | ၁၀ | ၁၇၁ | ၈ | ၁၇၂ | ၈ | | မ |
| ၂။ သာရကောမုဒီမူလအကျဉ်း။ | ၂ | ၁၇ | ၈ | ၅ | | စုံ | |
| ၃။ သာရကောမုဒီဒီပနီအကျဉ်း။ | ၂ | ၁၇ | ၈ | ၅ | | စုံ | |

ဆေးကျမ်းပေါင်း ၃၊
စက္ကူချုပ်ရေပေါင်း ၂၀၅၊
ပေအောင်ပေါင်း ၁၀—၇ ချပ်။

## ဗေဒင်ကျမ်းစု

| | ပါရင်းကြောင်း | ပါရင်းချပ် | ပေကြောင်း | ပေအင်္ဂါ | ချပ် | စုံ | မ |
|---|---|---|---|---|---|---|---|
| ၁။ ဇောတိတတ္တမူလ | ၆ | ၁၀၀ | ၉ | ၄၁ | ၂ | | မ |
| ၂။ ဇောတိဒီပိကာမူလ | ၅ | ၇၁ | ၉ | ၂၁ | ၄ | စုံ | |
| ၃။ ဇောတိဒီပိကာဒီပနီ | ၈ | ၂၇ | ၉ | ၂ | ၂ | | မ |
| ၄။ ဖြိုဟတ်မူလ | ၈ | ၂၉ | ၉ | ၁ | ၉ | စုံ | |
| ၅။ ရာဇမတ္တဏ်မူလ | ၆ | ၁၀၀ | ၉ | ၃၁ | ၁၀ | စုံ | |
| ၆။ သူရိယသိဒ္ဓန္တမူလ | ၅ | ၃၀ | ၉ | ၁ | ၁ | စုံ | |
| ၇။ ဘာသွတိမူလ | ၃ | ၁၉ | ၉ | | ၆ | စုံ | |
| ၈။ ဘာသွတိဒီပနီ | ၃ | ၃၅ | ၉ | ၁ | ၂ | စုံ | |

ဗေဒင်ကျမ်းပေါင်း ၈၊
စက္ကူချပ်ရေပေါင်း ၄၁၁၊
ပေအင်္ဂါပေါင်း ၁၇၁။

---

## သဒ္ဒါ ဆန်း အလင်္ကာကျမ်းစု

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ ကလာပ်ပဥ္စိ ခုနစ်စောင် | ၈ | ၃၉၃ | ၉ | ၂၁ | ၅ | စုံ | |
| ၂။ ၎င်းကလာပ်ပဥ္စိသန္ဓိတမူ၊ "မှတ်စာတွင် ပဥ္စိတတ္ထဒီပနီပါသည်"။ | ၆ | ၃၅ | ၉ | ၁ | ၁၀ | စုံ | |
| ၃။ အဘိဓာန်မူလ | ၄ | ၁၂၅ | ၉ | ၃ | ၆ | စုံ | |
| ၄။ အဘိဓာန်ဒီပနီ | ၉ | ၁၃၅ | ၉ | ၁၀ | ၅ | | မ |
| ၅။ ၎င်းအဘိဓာန်ဒီပနီတမူ "မှတ်စာတွင် ပရိဘာဂ ပါသည်"။ | ၇ | ၈၇ | ၉ | ၄ | ၉ | | မ |
| ၆။ ဆန္ဒမဉ္ဇရီမူလ | ၄ | ၂၉ | ၉ | | ၁၁ | စုံ | |
| ၇။ အလင်္ကာမူလ | ၂ | ၃၅ | ၉ | | ၈ | စုံ | |
| ၈။ ၎င်းအလင်္ကာမူလတမူ၊ "မှတ်စာတွင် တထုပ်ထည်းပါသည်၊ ၄ စောင်"။ | ၇ | ၈ | ၉ | | ၇ | စုံ | |

| | ပါရင်းကြောင်း | ပါရင်းချပ် | ပေကြောင်း | ပေအင်္ဂါ | ချပ် | စုံ | မ |
|---|---|---|---|---|---|---|---|
| ၉။ အလင်္ကာဒီပနီ၊ "ငြင်း"။ | ၂ | ၂၅ | ၉ | | ၅ | စုံ | |
| ၁၀။ ငြင်းအလင်္ကာဒီပနီတမူ၊ "ငြင်း" | ၁၀ | ၁၃ | ၉ | ၁ | ၂ | စုံ | |
| ၁၁။ ဆန္ဒာလင်္ကာရ "ငြင်း"။ | ၆ | ၂၀ | ၉ | | ၈ | စုံ | |

သဒ္ဒါ ဆန်း အလင်္ကာကျမ်းပေါင်း ၁၁၊
စက္ကူချပ်ရေပေါင်း ၉၀၅၊
ပေအင်္ဂါပေါင်း ၄၆—၄ ချပ်။

မှာရင်း စာစုကျမ်းပေါင်း ၂၅၊
စက္ကူချပ်ရေပေါင်း ၁၅၂၁၊
ပေအင်္ဂါပေါင်း ၈၁—၁၁ ချပ်။

---

အထက်မှာထားရင်း သသ်ကရိုက်ကျမ်းဂန်ပြင် အခြားဆောင်ယူခဲ့သည့်
သသ်ကရိုက်ကျမ်းစာရင်း

## ဆေးကျမ်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ နာဍီပရိက္ခာ | ၆ | ၂၅ | ၉ | | ၉ | စုံ | |

---

## ဗေဒင်ကျမ်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ ကြိတစိန္တာမဏိ | ၆ | ၁၂၄ | ၉ | ၁၃ | ၁၁ | စုံ | |

---

## သဒ္ဒါကျမ်းစု

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ ကလာပ်ပရိသျှိ ၄ စောင် | ၆ | ၁၂၆ | ၉ | ၆ | ၅ | | မ |
| ၂။ ကလာပ်ဂေါပီနာတ် ၃ စောင် | ၆ | ၁၄၅ | ၉ | ၁၁ | ၁၁ | | မ |

| | ပါရင်းကြောင်း | ပါရင်းချပ် | ပေကြောင်း | ပေအင်္ဂါ | ချပ် | စုံ | မ |
|---|---|---|---|---|---|---|---|
| ၃။ ကလာပ်သန္နိပဒီပ၊ "မှတ်စာတွင် ပဋ္ဌိတတ္ထဒီပနီပါသည်"။ | ၈ | ၃၃ | ၉ | ၂ | ၁ | စုံ | |
| ၄။ မဓုကောသမူလ | ၅ | ၁၆ | ၉ | | ၇ | စုံ | |
| ၅။ မဓုကောသဒီပနီ | ၂ | ၃၃ | ၉ | ၆ | | စုံ | |
| ၆။ ပဋ္ဌိတတ္ထဒီပနီ | ၆ | ၁၀၁ | ၉ | ၄ | ၇ | | မ |

သဒ္ဒါကျမ်းပေါင်း ၆၊
စက္ကူချပ်ရေပေါင်း ၄၅၄၊
ပေအင်္ဂါပေါင်း ၂၆–၁ ချပ်။

## ပုဏ္ဏားတို့ အမူအရာကို ဆိုသည့် စာစု

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ နှုတ်စုစာထုပ်၊ "မှတ်စာတွင် တိရစ္ဆာန်ပါသည်"။ | ၅ | ၁၆၃ | ၉ | | ၁၁ | | မ |
| ၂။ ၎င်းနှုတ်စုစာထုပ်၊ "မှတ်စာတွင် ပဋ္ဌိတတ္ထဒီပနီပါသည်"။ | ၆ | ၇၀ | ၉ | ၃ | ၉ | | မ |

နှုတ်စုကျမ်းပေါင်း ၂၊
စက္ကူချပ်ရေပေါင်း ၂၄၁၊
ပေအင်္ဂါပေါင်း ၁၀၊ ၈–ချပ်။

မှာရင်းပြင် အခြားဆောင်ယူခဲ့သည့်စာစု ၁၀၊
စက္ကူချပ်ရေပေါင်း ၉၅၄၊
ပေအင်္ဂါပေါင်း ၅၁၊ ၅–ချပ်။

နှစ်စု ကျမ်းပေါင်း ၃၂၊
စက္ကူချပ်ရေပေါင်း ၂၄၇၅၊
ပေအင်္ဂါပေါင်း ၁၃၃၊ ၄–ချပ်။

## သစ္စာပြုပုံ

**၁၁၅၅–ခု တော်သလင်း လပြည့်ကျော် (၁၃)ရက်နေ့ စစ်ကိုင်းမင်းဆရာ စည်သူ ရာဇာတွင် သွင်းသည့်စကား—**

ရှေးရှေးသော အလောင်းအလျာတို့ သစ္စာပြုမြဲ ထုံးစံဥပဒေ ရှိသည်အတိုင်း သစ္စာပြုနည်း ဂါထာဗန္ဓကို ဆက်သွင်းသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဗုဒ္ဓံ၊ သဗ္ဗညုဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ဤပါဠိ အနက်ကို သုံးကြိမ်ရွတ်၍ သရဏဂုံ ဆောက်တည်ပြီးလျှင်—

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။ ဤသို့ ဘုရားရှင်ဂုဏ်တော်ကို သုံးကြိမ်ရွတ်ပြီးမှ—

နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဍနံ၊ ဟောတု မေ သုခဝဍ္ဍနံ။

**အနက်** မေ၊ ငါ့အား။အညံ၊ ရတနာသုံးပါးမှ တပါးသော။သရဏံ၊ကိုးကွယ်ရာသည်။နတ္ထိ၊မရှိ။ ဗုဒ္ဓေါ၊သဗ္ဗညုဘုရားသည်။ မေ၊ငါ၏။ ဝရံ၊မြတ်သော။သရဏံ၊ကိုးကွယ်ရာတည်း။ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ့အား။ အာယုဝဍ္ဍနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။မေ၊ငါ့အား။သုခဝဍ္ဍနံ၊ချမ်းသာစီးပွား များခြင်းသည်။ဟောတု၊ ဖြစ်စေသတည်း။

ဤပါဠိ အနက်ကိုရွတ်၍ ဆုတောင်းသစ္စာ ပြုရာသည်၊ "သူတပါးဘို့ ရည်မှတ်လျှင် တော၊သင့်အား–ဟူ၍ ရွတ်ရမည်"။ဤကား ဗုဒ္ဓသရဏဂုံ၌ သစ္စာဘည်း။

ဓမ္မံ သရဏံ ဂစ္ဆာမိ–ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ဤပါဠိ အနက်ကို သုံးကြိမ်ရွတ်၍ သရဏဂုံဆောက်ဘည်ပြီးလျှင်—

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

ဤတရားဂုဏ်တော်ကို သုံးကြိမ်ရွတ်ပြီးမှ—

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

**အနက်** မေ၊ငါ့အား။ အညံ၊ရတနာသုံးပါးမှ တပါးသော။ သရဏံ၊ကိုးကွယ်ရာသည်။ နတ္ထိ၊မရှိ။ ဓမ္မော၊တရားတော်သည်။ မေ၊ငါ၏။ ဝရံ၊မြတ်သော။ သရဏံ၊ကိုးကွယ်ရာတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ငါ့အား။ အာယုဝဍ္ဎနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။ မေ၊ငါ့အား။ သုခဝဍ္ဎနံ၊ ချမ်းသာစီးပွား များခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဤပါဠိ အနက်ကိုရွတ်၍ ဆုတောင်းသစ္စာ ပြုရာသည်၊ "သုတပါးဘို့ ရည်မှတ်လျှင် တေ၊သင့်အား–ဟူ၍ ရွတ်ရမည်"။ ဤကား ဓမ္မသရဏဂုံ၌ သစ္စာတည်း။

သံဃံ သရဏံ ဂစ္ဆာမိ–သံဃံ၊ပရမတ္ထသံဃာတော်ကို။ သရဏံ၊ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ဆည်းကပ်ပါ၏။ ဤသို့ ပါဠိ အနက်ကို သုံးကြိမ်ရွတ်၍ သရဏဂုံ ဆောက်တည်ပြီးလျှင်–

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဤသို့ သံဃာတော်ဂုဏ်ကို သုံးကြိမ်ရွတ်ပြီးမှ—

နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

**အနက်** မေ၊ငါ့အား။ အညံ၊ရတနာသုံးပါးမှ တပါးသော။ သရဏံ၊ကိုးကွယ်ရာသည်။ နတ္ထိ၊မရှိ။ သံဃော၊ ပရမတ္ထသံဃာတော်သည်။ မေ၊ငါ၏။ သရဏံ၊ကိုးကွယ်ရာတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသ

တည်း။ မေငါ့အား။အာယုဝဍ္ဍနံ၊အသက်ရှည်ခြင်းသည်။ဟောတု၊ဖြစ်စေသတည်း။ မေငါ့အား။သုခဝဍ္ဍနံ၊ချမ်းသာစီးပွား များခြင်းသည်။ဟောတု၊ဖြစ်စေသတည်း။

ဤသို့ ပါဠိ အနက်ကိုရွတ်၍ ဆုတောင်းသစ္စာ ပြုရာသည်။ "သူတပါးဘို့ ရည်မှတ်လျှင် တေ၊သင့်အား—ဟူ၍ ရွတ်ရမည်"။ ဤကား သံဃသရဏဂုဏ်၌ သစ္စာတည်း။

သမာဒိယိံ ပဉ္စသီလံ၊အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဍနံ၊ဟောတု မေ သုခဝဍ္ဍနံ။

**အနက်** သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ပဉ္စသီလံ၊ ပဉ္စသီ သီတင်း‌ကို။ သမာဒိယိံ၊ ကောင်းစွာ ဆောက်တည်ဘူးပြီ။ သုဒေသိတံ၊ကောင်းစွာ ဟောကြားတော်မူအပ်သော။အဋ္ဌင်္ဂမ္ပိ၊ အဋ္ဌင်္ဂဉပုသ်သီလကိုလည်း။ သမာဒိယိံ၊ ကောင်းစွာ ဆောက်တည်ဘူးပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။မေငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ဟောတု၊ဖြစ်စေသတည်း။မေ၊ ငါ့အား။အာယုဝဍ္ဍနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။မေငါ့အား။သုခဝဍ္ဍနံ၊ ချမ်းသာစီးပွား များခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။

ဤသို့ ပါဠိ အနက်ကိုရွတ်၍ ရှေးက ပဉ္စသီဉပုသ် ဆောက်တည်ဘူးသည်ကို အောက်မေ့ဆင်ခြင်လျက် ဆုတောင်းသစ္စာ ပြုရာသည်။ "သူတပါးဘို့ ရည်မှတ်လျှင် တေ၊သင့်အား—ဟူ၍ ရွတ်ရမည်"။ဤကား ပဉ္စသီဉပုသ်၌ သစ္စာတည်း။

န ဇီဝိတန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဍနံ၊ဟောတု မေ သုခဝဍ္ဍနံ။

**အနက်** ဗုဒ္ဓဿ၊သဗ္ဗညုဘုရား၏။ဇီဝိတန္တရာယောပိ၊အသက်တော် အန္တရာယ်ကိုလည်း။ကေနစိ၊တစုံတယောက်သောသူသည်။ကာတုံ၊ပြုခြင်းငှါ။ နသက္ကာ၊မတတ်နိုင်။ဧတေန သစ္စဝဇ္ဇေန၊ဤသို့ မှန်စွာဆိုသောသစ္စာစကားကြောင့်။ မေငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေငါ့အား။ အာယုဝဍ္ဍနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။မေ၊ ငါ့အား။သုခဝဍ္ဍနံ၊ချမ်းသာစီးပွား များခြင်းသည်။ဟောတု၊ဖြစ်စေသတည်း။

န ဉာဏအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဍနံ၊ဟောတု မေ သုခဝဍ္ဍနံ။

**အနက်** ဗုဒ္ဓဿ၊သဗ္ဗညုဘုရား၏။ဉာဏအန္တရာယောပိ၊သဗ္ဗညုတဉာဏ်တော် အန္တရာယ်ကိုလည်း။ ကေနစိ၊တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ။နသက္ကာ၊မတတ်နိုင်။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာ စကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။မေ၊ငါ့အား။ အာယုဝဍ္ဎနံ၊အသက်ရှည်ခြင်းသည်။ ဟောတု၊ဖြစ်စေ သတည်း။ မေ၊ ငါ့အား။ သုခဝဍ္ဎနံ၊ ချမ်းသာစီးပွား များခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

န ရသ္မိအန္တရာယောပိ၊ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ဟောတု မေ သုခဝဍ္ဎနံ။

**အနက်** ဗုဒ္ဓဿ၊သဗ္ဗညုဘုရား၏။ရသ္မိအန္တရာယောပိ၊ တလံမျှလောက် အခါ ခပ်သိမ်း ထက်ဝန်းကျင်တည်သော ရောင်ခြည်တော်အန္တရာယ်ကို လည်း။ကေနစိ၊တစုံတယောက်သောသူသည်။ ကာတုံ၊ပြုခြင်းငှါ။ နသက္ကာ၊မတတ် နိုင်။ဧတေန သစ္စဝဇ္ဇေန၊ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။မေ၊ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ငါ့အား။ အာယုဝဍ္ဎနံ၊အသက်ရှည်ခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။ မေ၊ ငါ့အား။သုခ ဝဍ္ဎနံ၊ချမ်းသာစီးပွား များခြင်းသည်။ဟောတု၊ဖြစ်စေသတည်း။

န ဘိက္ခာအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ဟောတု မေ သုခဝဍ္ဎနံ။

**အနက်** ဗုဒ္ဓဿ၊သဗ္ဗညုဘုရား၏။ ဘိက္ခာအန္တရာယောပိ၊ ရည်၍ဆောင်အပ် သော ဆွမ်းတော် အန္တရာယ်ကိုလည်း။ ကေနစိ၊ တစုံတယောက် သောသူသည်။ကာတုံ၊ပြုခြင်းငှါ။ နသက္ကာ၊မတတ်နိုင်။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ငါ့အား။ ဇယမင်္ဂလံ၊အောင်ခြင်းမင်္ဂလာ သည်။ဟောတု၊ဖြစ်စေသတည်း။မေ၊ငါ့အား။ အာယုဝဍ္ဎနံ၊အသက်ရှည်ခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။မေ၊ငါ့အား။ သုခဝဍ္ဎနံ၊ချမ်းသာစီးပွား များခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။

ဤ လေးဂါထာ ပါဠိ အနက်ကို ရွတ်၍ သူတပါးကို အန္တရာယ်မပြုနိုင်သော ဂုဏ်တော် လေးပါးကို အောက်မေ့ ဆင်ခြင်လျက် ဆုတောင်းသစ္စာ ပြုရာသည်။ "သူတပါးတို့ ရည်မှတ်လျှင် တော၊သင်အား—ဟူ၍ရွတ်ရမည်"။ဤကား အန္တရာယ်က ဂုဏ်တော် လေးပါး၌ သစ္စာတည်း။

ဗုဒ္ဓေါ အဘိဇ္ဇ ကာယော ၀၊ နတ္ထိ လောဟိတ သူဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ဟောတု မေ သုခဝဍ္ဎနံ။

**အနက်** ဗုဒ္ဓေါ၊သဗ္ဗညုဘုရားသည်။ အဘိဇ္ဇကာယော ၀၊ ထား လက်နက်တို့ဖြင့် မပေါက် မရှုနိုင်သော ကိုယ်တော် ရှိသည်သာလျှင်တည်း။ လောဟိတသူဒနံ၊ ရန်သူတို့ကြောင့် ကိုယ်တော်မှ သွေးထွက်ယိုခြင်းသည်လည်း။ နတ္ထိ၊မရှိနိုင်။ဧတေန သစ္စဝဇ္ဇေန၊ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ့အား။ အာယုဝဍ္ဎနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ့အား။သုခဝဍ္ဎနံ၊ချမ်းသာစီးပွား များခြင်းသည်။ဟောတု၊ဖြစ်စေသတည်း။

တိဋ္ဌေယျာ့နေကဝဿမ္ပိ၊ သမာပန္နော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ဟောတု မေ သုခဝဍ္ဎနံ။

**အနက်** ဝိနာယကော၊ သဗ္ဗညုဘုရားသည်။ သမာပန္နော၊ ဖလသမာပတ်ဝင်စားတော်မူသည်ရှိသော်။အနေကဝဿံပိ၊ အနှစ်များစွာလည်း။ တိဋ္ဌေယျ၊သက်တော်မြင့်ရှည် တည်နိုင်၏။ဧတေန သစ္စဝဇ္ဇေန၊ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။မေ၊ငါ့အား။ ဇယမင်္ဂလံ၊အောင်ခြင်း မင်္ဂလာသည်။ဟောတု၊ ဖြစ်စေသတည်း။မေ၊ငါ့အား။အာယုဝဍ္ဎနံ၊အသက်ရှည်ခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။မေ၊ငါ့အား။သုခဝဍ္ဎနံ၊ချမ်းသာစီးပွား များခြင်းသည်။ ဟောတု ဖြစ်စေသတည်း။

ဤ နှစ်ဂါထာ ပါဠိ အနက်ကို ရွတ်၍ အသာဓာရဏဂုဏ်တော်ကို အောက်မေ့ ဆင်ခြင်လျက် သစ္စာပြုရာသည်။ "သူတပါးတို့ ရည်မှတ်လျှင် တော၊ သင့်အား—ဟူ၍ ရွတ်ရမည်"။ ဤကား အသာဓာရဏဂုဏ်တော်၌ သစ္စာတည်း။

သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ဟောတု မေ သုခဝဍ္ဎနံ။

အနက် ဗုဒ္ဓသေဋ္ဌမှိ၊မြတ်လှစွာသော သဗ္ဗညုဘုရား၌။ သဒ္ဓါ၊ ယုံကြည်ခြင်းသည်။ မေ၊ငါ့အား။ အတ္ထိ၊ရှိ၏။ သံသယော၊ ယုံမှားခြင်းသည်။ သဗ္ဗဒါ၊အခါခပ်သိမ်း။နတ္ထိ၊မရှိ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ အာယုဝဍ္ဎနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ငါ့အား။သုခဝဍ္ဎနံ၊ချမ်းသာစီးပွား များခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ဟောတု မေ သုခဝဍ္ဎနံ။

အနက် ဓမ္မသေဋ္ဌမှိ၊ မြတ်လှစွာသော တရားတော်၌။ သဒ္ဓါ၊ ယုံကြည်ခြင်းသည်။ မေ၊ ငါ့အား။ အတ္ထိ၊ရှိ၏။ သံသယော၊ ယုံမှားခြင်းသည်။ သဗ္ဗဒါ၊အခါခပ်သိမ်း။နတ္ထိ၊မရှိ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ့အား။ အာယုဝဍ္ဎနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။မေ၊ငါ့အား။ သုခဝဍ္ဎနံ၊ချမ်းသာစီးပွား များခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

အနက် သံဃသေဋ္ဌမှိ၊ မြတ်လှစွာသော ပရမတ္ထသံဃာတော်၌။ သဒ္ဓါ၊ ယုံကြည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သံသယော၊ ယုံမှားခြင်းသည်။ သဗ္ဗဒါ၊အခါခပ်သိမ်း။ နတ္ထိ၊မရှိ။ဧတေန သစ္စဝဇ္ဇေန၊ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ့အား။ အာယုဝဍ္ဎနံ၊ အသက်ရှည်ခြင်းသည်။ ဟောတု၊

ဖြစ်စေသတည်း။ မေငါ့အား။သုခဝစုနုံ၊ချမ်းသာစီးပွား များခြင်းသည်။ဟောတု၊ ဖြစ်စေသတည်း။ဤကား ရတနတ္တယသဒ္ဒါ၌ သစ္စာတည်း။

သက္ကရာဇ် ၁၁၅၅–ခု တော်သလင်းလပြည့်ကျော်(၁၃)ရက်နေ့ သာသနာပြု ဆရာတော်သွင်း သစ္စာပြု ၁၃ ဂါထာ။

## မေတ္တာစာ

**၁၁၅၅–ခု သီတင်းကျွတ်လဆန်း(၁)ရက်နေ့ ပြဲတိုက်တော်တွင် နှစ် လ ရက် ပုံတော်ပက္ခဒိန် စကားများကို ဆရာတော် မှူးတော် မတ်တော် အစုံအညီ ပြော ဟော ဆွေးနွေးတော်မူသည်တွင် သွင်းသည့် မေတ္တာစာကား—**

သာသနာ့ရေး လောကရေး နှစ်ပါးကို အမှန်အကန်ဖြစ်အောင် ပြုစုတော်မူ သည်မှာ လူတို့အခေါ်နှင့် ယခု စီမှတ်ကြသည့် ပက္ခဒိန် မညီကြ၊ ယခု နေ့ကို လူတို့က သီတင်းကျွတ်လဆန်း(၁)ရက် ခေါ်လျှင် ပက္ခဒိန်မှာ တော်သလင်းလပြည့်ကျော် (၆)ရက်သာ ရှိသည်၊ သည်နည်းချည်း လူတို့အခေါ်နှင့် ယခု ပက္ခဒိန် မညီသည်သာ၊ လူတို့အခေါ်နှင့် ယခု ပက္ခဒိန် မညီသည်ကိုလည်း ယခု ပက္ခဒိန်သို့ လိုက်၍ သုံးနိုင် ကြမည် သုံးသာကြမည် မဟုတ်၊ သီဟိုဠ်ကျွန်း ဒက္ခိဏသာခါ ဗောဓိပင်ကို စိုက် သည်ကာလ နတ်တော်လဆန်း(၁၄)ရက်နေ့ ရောဟိဏီနက္ခတ်နှင့် ယှဉ်ကြိုက် မြေမှာ တည်သည်ဟူ၍ ရှေးကာလ လူတို့ အခေါ်နှင့် ရှေးပက္ခဒိန် ညီကြောင်းကို ကျမ်းဂန်လာသည်၊ လူတို့အခေါ်နှင့် ပက္ခဒိန် ညီမှုလည်း ပက္ခဒိန်ကို သုံးနိုင်ကြမည် သုံးသာကြမည်၊ လူတို့အခေါ်နှင့် မညီနိုင်သည့် ယခု ပက္ခဒိန်ကို အလျှောက်ရှိစေ၍ ဝိနည်း,သုတ္တန်,အဘိဓမ္မာ သာသနာတော်ကျမ်း အဘိဓာန် ဗေဒင်ကျမ်း ဆေးကျမ်း စသော သင်္ကရိုက်ကျမ်းများတွင် လာသည့်ပုံတော်ပက္ခဒိန်အတိုင်း လူတို့အခေါ် ကို ညီအောင် ရက်(၃၀)လျှင် မဇ္ဈိမဒေသနည်း တလပြုတော်မူပါမှ သာသနာ ဟော်ရေး လောကရေး အမှန်အကန် သုံးသာကြမည်၊ဝါဆိုဝါကပ် ဥပုသ် ပဝါရဏာ မှန်မည်၊ ကျမ်းဂန်အဝ်ပွေါယ် အယူသဘောကျမည်၊ သီဟိုဠ်ကျွန်း ဗာရာဏသီကျေး စိနပေါက္ကံ စသည့် အရပ်များမှာသည်း ရက်(၃၀)လျှင် တလခေါ်ဝေါ် သုံးစွဲကြ သည့် ထုံးစံ ယခုတိုင် ရှိသည်၊ မြန်မာအရပ်တွင် ရှေးလူ, ရှေးရဟန်းတို့(၂၉)ရက် နှင့် တလပြုကြသည့် အစဉ်လည်း ရှိသည်၊ အမိန့်တော် ရှိသည်မှာလည်း ရှေးလူ, ရှေးရဟန်းတို့တွင် တစုံတယောက် အမြင်အမြော်ရှိသူ ဆင်ခြင်သိရာသည်၊ ဆင်ခြင် မိသော်လည်း အရေးကို မပိုင်လျှင် အရေးမမြောက်ရှိသည်၊ အရေးပိုင်သူ မင်း

ကေရာဇ်တို့မူကား ဗဟုကိစ္စနှင့်ဖြစ်၍ ဆင်ခြင်မိခဲ့သည်၊ ဆင်ခြင်မိသော်လည်း စိစိကြပ်ကြပ် မဆုံးဖြတ်လျှင် အရေးမပြီးရှိသည်၊ရှေးလူ ရှေးရဟန်းတို့ မဆင်ခြင်မိသည်ဖြစ်စေ, ဆင်ခြင်မိလျက် အရေးပြီးအောင် မဆောင်ခဲ့သည်ဖြစ်စေ သာသနဒါယကာတရားမင်းကြီးသည် သာသနာပြု လောကပြု တရားမင်းကြီး ဖြစ်တော်မူသည်၊ ဆင်ခြင်တော်မူသည်အတိုင်း ပြီးအောင် ရက်(၃၀)လျှင် တလသမုတ်တော်မူသင့်သည်ဟူ၍ ဆရာတော်တို့ ယူမှတ်ကြသည်၊ ရက်(၃၀)ကို တလဟူ၍ သဗ္ဗညုဘုရားဟောတော်မူသည်ကို ပယ်နိုင်မည့်သူ လူသုံးပါးတို့တွင် မရှိရာ၊ (၂၉)ရက်လျှင် တလဟူ၍ သာသနာကျမ်း လောကီကျမ်းကို ပြုနိုင်မည့်သူလည်း မရှိရာ၊ ဘုရားဟောတိုင်း သာသနာကျမ်း လောကီကျမ်းလာတိုင်း အမှန် သမုတ်တော်မူသည်ကိုလည်း အပြစ်ရှိမည့်အရာမဟုတ် အကျိုးတော်သာ ပွားများမည်။

---

## မေတ္တာစာ

**၁၁၅၅–ခု သီတင်းကျွတ်လဆန်း(၅)ရက်နေ့ ပြဲတိုက်တော်တွင် နှစ် လ နေ့ ရက် ပက္ခဒိန်ပုံတော်ကားများကို ဆရာတော် မှူးတော် မတ်တော်အစုံအညီ ပြောဟော ဆွေးနွေးသည်ကာလ သွင်းသည့် မေတ္တာစာကား—**

ရှေးရှေးမင်းတို့ သာသနာတော်ရေး လောကရေးများကို သာသနာကျမ်း, လောကီကျမ်းများနှင့် မနှိုင်းမယှဉ် အမှတ်မဲ့ ကာလအရှည် လွန်စေသောကြောင့် သာသနာရေး လောကီရေး မမှန်မကန် ရှိသည်များကို မှန်စွာဖြစ်အောင် ပြုစုသုတ်သင်တော်မူသည့်အရာသည် သာသနာပြု လောကပြု ပါရမီဖြည့် တရားမင်းကြီးစင်စစ် ဖြစ်တော်မူ၍ ပြုစုသုတ်သင်တော်မူတိုင်း မယိုမယွင်း မှန်ကန်သည်သာ ဖြစ်သည်၊ သာသနာတော်ရေး လောကရေးကို မြော်ထောက်တော်မူ၍ နှစ် လ နေ့ ရက် ပုံတော် ပက္ခဒိန်များနှင့် သုတ်သင်တော်မူသည်မှာလည်း ဝိနည်း, သုတ္တန်, အဘိဓမ္မာပါဠိတော်, အဋ္ဌကထာ, ဋီကာဟူသော သာသနာကျမ်း အဘိဓာန် ဗေဒင် ဆေးကျမ်းစသော သင်္ကရိုက် လောကီကျမ်းများတွင် တလလျှင် ရက်(၃၀)ဟူ၍ ရှိသည်၊ (၂၉)ရက်နှင့် တလဟူ၍ သာသနာကျမ်း လောကီကျမ်း မရှိ၊ တလလျှင် ရက်(၃၀)ဟူ၍ သာသနာကျမ်း လောကီကျမ်းများတွင် ဆိုသည်မှာလည်း အခြေအမြစ် မရှိ၊ ထိန်းမှတ်ခြင်း ဆိုခြင်းမဟုတ်၊ ကောင်းကင်ခရီး သုံးလမ်းစက်တွင် နေ,လတို့ လှည့်ပတ်သွားလာခြင်းကို စွဲ၍ ဆိုခြင်းဖြစ်သည်၊ ယင်းသို့ဆိုကြောင်းကိုလည်း—

သူရိယဿ၊နေ၏။ဥတ္တရဂမနံ၊ အဖြောင့်သွားကား။ သီဃံ၊လျှင်၏။ တိရိယဂမနံ၊ ဖီလာသွားကား။ဒန္ဓံ၊နှေး၏။သော၊ထိုနေသည်။ကာလပက္ခဥပေါသထဗိဝသတော၊

လက္ခယ်ဥပုသ်နေ့မှ။ ပါဋိပဒဒိဝသေ၊ အထွက်တရက်နေ့၌၊ ယောဇနာနံ သတ သဟဿံ၊ ယူဇနာတသိန်းတိုင်တိုင်။စန္ဒမဏ္ဍလံ၊လဝန်းကို။ဩဟာယ၊စွန့်၍။ဂစ္ဆတိ၊ သွား၏။အထ၊ထိုအခါ၌။စန္ဒော၊လသည်။ လေခါဝိယ ပညာယတိ၊ ရေးရေးယောင် ထင်၏။ပက္ခဿဒုတိယာယ၊ လဆန်း(၂)ရက်နေ့၌။သတသဟဿံ၊တသိန်းတိုင်တိုင်။ စန္ဒမဏ္ဍလံ၊လဝန်းကို။ ဩဟာယ၊ စွန့်၍။ ဂစ္ဆတိ၊သွား၏။ ဣတိဝေံ၊ဤသို့။ ယာဝ ဥပေါသထဒိဝသာ၊ လပြည့် ဥပုသ်နေ့တိုင်အောင်။ သတသဟဿံ သတသဟဿံ ဩဟာယ ဂစ္ဆတိ၊တသိန်းတသိန်းစွန့်၍သွား၏။ အထ၊ထိုအခါ၌။စန္ဒော၊လသည်။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဝဍ္ဎိတွာ၊ပွား၍။ ဥပေါသထဒိဝသေ၊ လပြည့်ဥပုသ် နေ့၌။ ပရိပုဏ္ဏော၊ပြည့်သည်။ဟောတိ၊ဖြစ်၏။ပုန၊တဖန်။ ပါဋိပဒဒိဝသေ၊ လဆုတ် အထွက်တရက်နေ့၌။ယောဇနာနံ သတသဟဿံ၊ယူဇနာတသိန်းတိုင်တိုင်။ဓာဝိတွာ၊ ပြေး၍။ဂဏှာတိ၊ယူ၏။ ဒုတိယာယ၊လဆုတ်(၂)ရက်နေ့၌။သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊တသိန်းတိုင်တိုင် လိုက်၍ ယူ၏။ဣတိဝေံ၊ဤသို့။ယာဝဥပေါသထဒိဝသာ၊ လက္ခယ်ဥပုသ်နေ့ တိုင်အောင်။ သတသဟဿံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊ တသိန်းတသိန်း လိုက်၍ယူ၏။အထ၊ထိုအခါ၌။ စန္ဒော၊ လသည်။ အနုက္ကမေန၊အစဉ် အားဖြင့်။ဟာယိတွာ၊ယုတ်၍။ ဥပေါသထဒိဝသေ၊ လက္ခယ်ဥပုသ်နေ့၌။ သဗ္ဗသော န ပညာယတိ၊အခြင်းခပ်သိမ်း မထင်။

ဟူ၍ သံဂါယနာ သုံးတန်ဝင် ဒီဃနိကာယ် ပါထိယဝဂ် အဂ္ဂညသုတ် အဋ္ဌကထာ ၌ ဆိုခြင်းကြောင့် သိရသည်။

ယင်းသို့ လဆန်း(၁)ရက်လျှင် ယူဇနာတသိန်း၊(၂)ရက်လျှင် နှစ်သိန်း၊ (၁၅) ရက်လျှင် တသန်း ငါးသိန်း လကို နေကလွှန်၍ ခရီးအလတ်ရောက်လျှင် လပြည့် သည်၊ တဖန် လပြည့်ကျော်(၁)ရက်လျှင် တသိန်း၊ (၂)ရက်လျှင် နှစ်သိန်း၊ (၁၅) ရက်လျှင် တသန်း ငါးသိန်း လကို နေက မှီပြန်၍ လက္ခယ်သည်၊ လဆန်း(၁၅)ရက် နေသွား ယူဇနာ တသန်း ငါးသိန်း၊ လဆုတ်(၁၅)ရက် နေသွား ယူဇနာ တသန်း ငါးသိန်း၊ နှစ်ရပ်(၃၀) ယူဇနာ သုံးသန်းပြည့်လျှင် တလဖြစ်သည်ဟူ၍ နေသွား လသွားကို သံဂါယနာသုံးတန်ဝင် အဋ္ဌကထာတွင် ဆိုသည့်အရာ မမှန်ကန်အောင် မည်သို့သာ သွားသည်ဟူ၍ နေ လ သွားနည်း အခြားရှိအောင်လည်း ကျမ်းဂန် သာဓကနှင့် ပြနိုင်မှ ရက်(၃၀) တလဟူ၍ ဟောတော်မူသည်၊ သာသနာကျမ်း လောကီကျမ်း၌ ဆိုသည်ကိုလည်း ပယ်နိုင်မှ (၂၉)ရက်လျှင် တလဟူ၍ သာသနာ ကျမ်း လောကီကျမ်း ရှိသည်ကိုလည်း ဆိုနိုင်မှ (၂၉)ရက်နှင့် တလ၊ (၃၅၄)ရက်နှင့်

တနှစ်ဟူ၍ ယူမှတ်သုံးစွဲစေ ဆုံးဖြတ်တော်မူသင့်မည် ကျမ်းဂန်လာသည်။ နေသွားလသွားနည်း မမှန်မကန်အောင် နေ လ သွားနည်း အခြားရှိအောင်လည်း မပြနိုင်၊ ရက်(၃၀)လျှင် တလ ဟောတော်မူသည်ကိုလည်း မပယ်နိုင်၊(၂၉)ရက်နှင့်တလ ဖြစ်ကြောင်းကိုလည်း မဆိုနိုင်လျှင် ရက်(၃၀)နှင့် တလ၊(၃၆၀)နှင့် တနှစ်ဟူ၍ ယူမှတ်သုံးစွဲစေ ဆုံးဖြတ်တော်မူသင့်သည်။ ရှေးမင်းတို့ လက်ထက် တရားကျမ်းဂန် ရှိတိုင်း စိစိကြပ်ကြပ် မဆုံးဖြတ်ပါသောကြောင့် ဝါဆိုဝါကပ် ဥပုသ် ပပါရဏာမှစ၍ သာသနာရေး လောကရေး မမှန်မကန် ရှိသည်၊ တရားကျမ်းဂန် ရှိတိုင်း ဆုံးဖြတ်တော်မူပါမှ သာသနာရေး လောကရေး မှန်ကန်မည်၊ ပညာရှိ မှူး မတ်တို့ကို ဆရာတော်တို့နှင့် ရှေ့တော်တွင် အစွမ်းရှိတိုင်း ပြောဆိုစေ၍ တရားသက်ရာ ပြခန်းတော်မူပါမှ သာသနာရေး လောကရေး မှန်ကန်၍ ကုသိုလ်တော် ပွားများမည်။

## ရွှေစက်တော်ရာ ပမာဏ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မြတ်စွာဘုရား ရွှေစက်တော်ရာ အလျား အနံ ပမာဏတော် ဘုရားသခင် လက်သစ် တောင် တာတော်နှင့် မည်မျှရှိသည်၊ မဇ္ဈိမပုရိသ လူတို့ အတောင် လက်သစ်၊ ပကတိ ယခုလူတို့ အတောင် လက်သစ်နှင့် မည်မျှရှိသည်ကို ပိဋကတ်ကျမ်းဂန် ထွက်ရှိသည်အတိုင်း သိတော်မူသာအောင် ဆရာတော်ကို အတွင်းဝန်တို့က လျှောက်စေ၊သက္ကရာဇ် ၁၁၅၅-ခု နတ်တော်လဆန်း(၁၅)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်အတိုင်း လျှောက်ပါစေသည်၊ ဘုရားသခင် ရွှေစက်တော်ရာ အနေအထား လက်သစ် တောင် တာ အလုံးစုံမျိုးကို သိတော်မူသာအောင် ကျမ်းဂန်နှင့်အညီ စာသွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၅-ခု နတ်တော်လဆန်း(၁၅)ရက်နေ့ အတွင်းတော်က ရတနာဝေါတော်မှူး၊ မဟာဒါန်စာရေးတို့ကို စေ၍ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

ဘုရားသခင် ရွှေစက်တော်ရင်း ဘဝါးအပြင်ပမာဏမှာ ဘုရားသခင် လက်သစ်တော်နှင့် အလျား တထွာ သုံးလက်သစ်၊ မဇ္ဈိမပုရိသ အတောင် လက်သစ်နှင့် တတောင်ထွာနှင့် တမိုက် ဝါလက်သစ်၊ ယခု ပကတိ ပုရိသအတောင် လက်သစ်နှင့် နှစ်တောင် နှစ်မိုက် သုံးလက်သစ် နှစ်မုယော တွက်စုရသည်။ အနံမှာ အလျားတွင် သုံးဖို့ တဖို့ခန့် ဖြစ်သင့်သည်။ နိုင်ငံတော်အတွင်း နမန္တာမြစ်နား သစ္စဗန္ဓတောင်ထိပ်၊ သီဟိုဠ်ကျွန်း သမန္တကူဋတောင်ထိပ်များမှာ ပြထားတော်မူခဲ့သည့် ရွှေစက်တော်ရာ ပမာဏကို ကျမ်းများတွင် မဆို၊ လက်ထက်တော် ရောက်သည့် သီဟိုဠ်ကျွန်း ရွှေစက်တော်ရာ, မန်းချောင်း ရွှေစက်တော်ရာများလည်း ပမာဏမတူ ရှိကြသည်၊ ပကတိထင်မြင်သည့်အရာ မဟုတ်၊ တန်းခိုးတော် မ်ဌာန်မှ ထင်မြင်သည့်အရာ ဖြစ်၍ အလိုတော်ရှိတိုင်း ထင်မြင်သောကြောင့် ပမာဏမတူကြ ယူရန်ရှိသည်၊ ထုလုပ် ကိုးကွယ်တော်မူမည်မှာ တွက်စုသင့်အတိုင်း ထုလုပ်ကိုးကွယ်တော်မူသော် သင့်မည်။

## စက်တော်ရာ တောင် တာ ဖွဲ့ပုံ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ဘုရားသခင် ရွှေစက်တော်ရာ ပမာဏ အတိုင်းအရှည်ကို လက်သစ် တောင် တာနှင့် ပါသည်အတိုင်း ထုလုပ်ရမည်မှာ နေပြည်တော်အတွင်း တောင် တာ ဥသဘ ဂါဝုတ် ယူဇနာ ပယ်နယ် တိုင်းတာသည်များကို အဘိဓာန်ကျမ်းနှင့် အညီ ခွဲနက် ဆံဖြူ ရသေးစပါး ခုနစ်လုံးကို တလက်သစ်၊တဆယ့်နှစ် လက်သစ်ကို တထွာ၊ နှစ်ထွာကို တတောင်၊ ခုနစ်တောင်ကို တတာ အမှန်အကန် သုံးဆောင်စေ ပိုင်းခြား ပညတ်သည့် အတိုင်း ပကတိပယ်မှာ တပယ်လျှင် ၁၇၅ တင်း၊ သင်္ချာ ပကာသနကျမ်းထွက်ဆိုသည်၊ လေးအမွှဏ စပါးမျိုးကျ မျိုး ဝင်သည့် တပယ် တအမွှဏကိုလည်း တစိတ်ဆိုသည်နှင့်အညီ တောင်တော် တာတော်နှင့် ပကတိပယ် လေးဆယ့်လေးစိတ် စပါးမျိုးဝင် စတုရမ်းတမျက်နှာလျှင် ၁၇၅ တင်းကျ၊ ၂၅ တာ စိပင် ပယ်မှာ နှစ်ဆထက် ဂဂ စိတ် စပါးမျိုးဝင် စတုရမ်းတ မျက်နှာလျှင် ၃၅ တာ နှစ်တောင် တမိုက် လေးလက်သစ်စီ

ပယ်ဖွဲ့ နယ်ဖွဲ့နှင့် စပ်သမျှကို တိုင်းတာသုံးဆောင်ကြစေ အမိန့် တော် ထုတ်ပြန်၍ပညတ်သည့် တောင်တော် တာတော် အ တိုင်း ရွှေစက်တော်ရာကို ထုလုပ်သင့်မည်၊ မည်သည့် လက် သစ် တောင်တာနှင့် ထုလုပ်သင့်မည်ကို အတွင်းဝန်တို့က ဆရာ တော်မှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ လျှောက်ပါသည်၊ သိတော်မူသာအောင် စာသွင်းတော်မူပါမည်အကြောင်းကို လျှောက်ပါသည် ဆရာ တော်ဘုရား။

**၁၁၅၅-ခု နတ်တော်လပြည့်ကျော်(၁)ရက်နေ့ အတွင်းတော်က ရတနာဝေါ တော်မှူး စည်သူနော်ရထာကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်ကား—**

ထာဝရကုသိုလ်တော်အရှည် ဖြစ်ပွားစေခြင်းငှါ လူ, နတ်တကာ ကိုးကွယ် ပူဇော်ရာ ဖြစ်အောင် ရွှေစက်တော်ရာ ထုလုပ်တော်မူမည်မှာ စပါးမျိုး ရှိသမျှနှင့် အထက်က နှိုင်းယှဉ်ဆင်ခြင်တော်မူသည်တွင် ခံ့နက် ဆံဖြူ ရသေးစပါးမျိုးတပါး သာ သန်းခေါင်း ကညစ်ချေး ရွေးအဆအတက်များနှင့် အတိုင်းအရှည် ရသည် အတိုင်း တောင်ပုံ တာပုံ ပယ်ပုံ တောင်း တင်းတော်များမှာ ခံ့နက် ဆံဖြူ စပါးလုံး ကို ပမာဏပြု၍ ရှိလေပြီးသည်၊ ၎င်းခံ့နက် ဆံဖြူ စပါးလုံးက တက်သည့် လက်သစ် တောင်ပုံတော်နှင့် ထုလုပ်သော် သင့်မည်။

---

## သေနက်ကျမ်း သေကုဋ္ဌရာကျမ်းညီ မည်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇမတ္တဏ်က ရာသီ နာရီ နေ့ ရက် နှစ် လ ဥတု ရတု အယဉ် ပက္ခ မာသ ယုဂများကို ထွက်ရှိသည်၊ ပါဠိတော်က မည်သို့ ဆိုသည်၊ အဋ္ဌကထာက မည်သို့ ဆိုသည်၊ ဋီကာက မည်သို့ ဆိုသည်၊ ပက္ခဒိန်က မည်သို့ဆိုသည်များကို ဆင်ခြင်တော်မူသာ အောင် သာသနာပြု ဆရာတော်မှာ လျှောက်၍ အသီးအသီး ထုတ်နုတ် ဆက်သွင်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ထက်ဆင်ရွက်ရသည်အတိုင်း လျှောက်ပါစေသည်၊အမိန့်တော်

အရကို ထောက်၍ သိတော်မူသာအောင် ကျမ်းဂန် အသီး အသီး အထွက်အရှိ ပက္ခဒိန် အခြေအမြစ် အထွက်အဆိုများ ကို ထုတ်နုတ်၍ သက္ကရာဇ် ၁၁၅၅—ခု နတ်တော်လပြည့်ကျော် (၉)ရက်နေ့ ရွှေနန်းတော်သို့အဝင်တွင် တချက်တည်း ဆောင် ယူ ဆက်သွင်းပါမည်အကြောင်းကို လျှောက်ပါသည် ဆရာ တော်ဘုရား။

**၁၁၅၅–ခု နတ်တော်လပြည့်ကျော်(၈)ရက်နေ့ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

လောကရေး သာသနာရေးနှစ်ပါးကို မြော်တော်မူ၍ နေသွား လသွား နေ့ ရက် လ နှစ်များကို ဆွေးနွေးတော်မူသည်တွင် ယခုလက်စွဲ ပက္ခဒိန် အနေအသွားကို လောကီကျမ်း သာသနာကျမ်းများနှင့် နှိုင်းယှဉ်ဆင်ခြင်သော် ယခုလက်စွဲပက္ခဒိန်မှာ (၂၉)ရက်နှင့် (၆)လသတ်၍ (၁၂)လနှင့် (၃၅၄)ရက် ပြုပြီးမှ တနှစ်ပြည့်လျှင် (၃၆၅)ရက်(၆)ရက်အစွန်းနှင့် ပြုပြန်သည်။

**ရာဇမတ္တဏ်ကျမ်းတွင်—**

၁ အဋ္ဌာရသ နိမေသာ တု၊ ကဋ္ဌာ တိံသ တု တာ ကလာ။
တာ တု တိံသခဏာ တေတု၊ မုဟုတ္တာ ဒွါဒသ မတာ။

၂ တေ တိံသတု အဟောရတ္တာ၊ ပက္ခာ တေ ဒသပဉ္စ။
ပက္ခာ ပုဗ္ဗပရာ သုက္က၊ ကဏှာ မာသော တု တေ ဥဘော။

၃ မာသေ ဒွါဒသဘိဝဿံ၊ သာမျ ပါတရဏကိတော။
မာသေန အဿာ ဟောရတ္တာ၊ ပေတ္တော ဝဿေန ဒေဝတော။

**အနက်** ၁။ အဋ္ဌာရသ နိမေသာတု၊ ဖျက်စိတဆယ့်ရှစ်မှိတ်တို့သည်ကား။ ကဋ္ဌာ၊ ကဋ္ဌတခု မည်၏။ တိံသ၊ သုံးဆယ်ကုန်သော။ တာတု၊ ထိုကဋ္ဌာတို့သည်ကား။ ကလာ၊ ကလာတခုမည်၏။ တိံသ၊ သုံးဆယ်ကုန်သော။ တာတု၊ ထိုကလာတို့သည်ကား။ ခဏာ၊ခဏတခုမည်၏။ ဒွါဒသ၊ တဆယ့်နှစ်ခုကုန် သော။တေတု၊ထိုခဏတို့ကိုကား။ မုဟုတ္တာ၊ မုဟုတ်တခုမည်၏ဟူ၍။ မတာ၊ သိအပ် ကုန်၏။

၂။ တိံသ၊သုံးဆယ်ကုန်သော။တေတု၊ထိုမုဟုတ်တို့သည်ကား။အဟောရတ္တာ၊ တနေ့ တညဉ့်ဟူသော ရက်တခုမည်၏။ တေ ဒသပဥ္စ၊ ထိုတဆယ့်ငါးရက်တို့သည် ကား။ပက္ခာ၊ပက္ခတခုမည်၏။ ပုဗ္ဗပရာ၊ ရှေ့ နောက်ဖြစ်ကုန်သော။ ပက္ခာ၊ပက္ခနှစ်ခု တို့သည်။ သုက္က ကဏှာ၊ လဆန်းပက္ခ လဆုတ်ပက္ခ မည်ကုန်၏။ တေ ဥဘောတု၊ ထိုပက္ခနှစ်ပါးတို့သည်ကား။ မာသော၊ တလမည်၏။

၃။ ဒွါဒသဘိမာသေ၊ တဆယ့် နှစ်လတို့ဖြင့်။ သာမျ ပါတရဏက်ိတော၊ လေးဆယ့်ရှစ်သီတင်းဖြင့် မှတ်အပ်သော။ ဝဿံ၊ လူတို့၏နှစ်သည်။ အဿ၊ ဖြစ်၏။ မာသေန၊ လူတို့တလဖြင့်။ ပေတ္တော၊ ပိတ္တာနတ်ဦဖြစ်သော။ အဟောရတ္တာ၊ တရက် သည်။ အဿ၊ ဖြစ်၏။ ဝဿေန၊ လူတို့၏ နှစ်ဖြင့်။ ဒေဝတော၊ အထက်နတ်ဦဖြစ် သော။ အဟောရတ္တာ၊ တရက်သည်။ အဿ၊ဖြစ်၏။

ဟူ၍ မုဟုတ်သုံးဆယ်လျှင် တရက်၊ တဆယ့်ငါးရက်လျှင် တပက္ခ၊ နှစ်ပက္ခလျှင် ရက်သုံးဆယ်၊ရက်သုံးဆယ်လျှင် တလ၊ ၁၂ လလျှင် ရက်(၃၆၀)၊ ရက်(၃၆၀)လျှင် တနှစ် ဟူ၍ ရာဇမတ္တဏ် ကိုးကြောင်းရေး ဆု အင်္ဂါတွင် ဆိုသည်။ ရာဇမတ္တဏ်တွင် သာ ဆိုသည်မဟုတ် ဗြိဟတ်ဇက်ကျမ်း, တိထိသရူပကျမ်း, သူရစ္စသိဒ္ဓန္တကျမ်း, သင်္ကချိုက် အဘိဓာန်ကျမ်း, ဒြဗျဂုဏပကာသ ကျမ်းများတွင်လည်း ရက်(၃၆၀)နှင့်သာ တနှစ် ဆိုသည်၊ လောကီကျမ်းများတွင်သာ ဆိုသည်မဟုတ်၊ ဇိနာလင်္ကာရဋီကာ စသော သာသနာကျမ်းဂန်များတွင်လည်း ရက်(၃၆၀)နှင့်သာ တနှစ်ဆိုသည်၊ ဂန္ထန္တရ သာသနာကျမ်းဂန်တွင်သာ ဆိုသည်မဟုတ် ဘုရားသခင် ကိုယ်တော်နှင့် တူသော မုခပါဌ်တော် သံဂါယနာသုံးတန်ဝင် သုတ္တန် အင်္ဂုတ္တရ သတ္တနိပါတ်ပါဠိတော်၊ အဘိဓမ္မာ ဝိဘင်းပါဠိတော်များတွင်လည်း ရက်(၃၆၀)နှင့်သာ တနှစ်ဟူ၍ လာ ရှိသည်။ ယခု လက်စွဲပက္ခဒိန် ခေါ်ဝေါ်သုံးစွဲကြသည့်နည်း (၃၅၄)ရက်နှင့် တနှစ် (၃၆၅)ရက်(၆)ရက်နှင့် တနှစ်ဟူ၍ လောကီကျမ်း သာသနာကျမ်း ခိုင်ခံ့ ယုံကြည် လောက်သည့် ကျမ်းကြီးဂန်ကြီးများတွင် မလာမရှိ။

လဖွဲ့ နှစ်ဖွဲ့တွင်သာ လောကီကျမ်း သာသနာကျမ်းများတွင် ယခုလက်စွဲ ပက္ခဒိန် မညီသည်မဟုတ်၊ ရာသီအခေါ်အမှတ်မှာလည်း မိဿကို ရာသီဆုံး သုညရာသီ၊ပြိဿ ကို တရာသီ၊ မေထုန်ကို နှစ်ရာသီ စသဖြင့် အစဉ်အတိုင်း မိန်ကို တဆယ့်တရာသီပြု၍ ယခုလက်စွဲ ပက္ခဒိန်တွင် ခေါ်မှတ်ခြင်းသည် သာသနာတော် အဘိဓာန်တွင် မိဿ ကို ရာသီဦး အာဒိရာသီဆိုသည်နှင့် မညီ၊ ရာဇမတ္တဏ်တွင် မိဿကို ရာသီဦး အာဒိ ရာသီ၊ ပြိဿကို ဒုတိယရာသီ စသည်ဖြင့် အစဉ်အတိုင်း မိန်ကို ရာသီဆုံး အန္တရာသီ ဆိုသည်နှင့်လည်း မညီ။

အယဉ် အခေါ်အမှတ်မှာလည်း ယခု လက်စွဲပက္ခဒိန်လတွင် လပြည့်သကြံန် မရှိခြင်းကြောင့် ပြာသိုလပြည့် မကာရသကြံန်ဟူသော ဥတ္တရာယဉ်၊ ဝါဆိုလပြည့် ကြကဋ်သကြံန်ဟူသော ဒက္ခိဏာယဉ် အယဉ်နှစ်ပါး ခေါ်မှတ်စရာ မရှိခြင်းသည်—

မိဂကက္ကဋသက်န္တိ၊ မကာရသကြံန်, ကြကဋ်သကြံန်ဟုကုန်သော။ ဒွေစ၊နှစ်ပါး တို့သည်သာလျှင်။ ဥဒီစိဒက္ခိဏာယနေ၊ ဥတ္တရာယဉ်သကြံန်, ဒက္ခိဏာယဉ်သကြံန် မည်ကုန်၏။

ဟူ၍ ရာဇမတ္တဏ်တွင် ဆိုသည်နှင့်အညီဂင်း, သာသနာတော်အဘိခေန်တွင် ဆို သည်နှင့်ဂင်း မည်၏။

မာသ အခေါ်အမှတ်မှာလည်း ယခု လက်စွဲပက္ခဒိန်တွင်(၆)လ ရက်စုံ၊ (၆)လ ရက်မစုံ သတ်၍ တလခေါ်ဝေါ်ခြင်းသည် တနင်္ဂနွေသွားနှင့် မညီသောကြောင့် သောရ်မာသလည်း မဟုတ်၊ ရက်(၃၀) မပြည့်သောကြောင့် သာဝနမာသလည်း မဟုတ်၊ စန်းသွားနှင့်မညီ၊ လ နေ မထင်မိသောကြောင့် စန္ဒရမာသလည်း မဟုတ်၊ မာသသုံးပါးမှ အလွတ် တလပြု၍ မာသ ခေါ်ဝေါ်ခြင်းသည် တရက်လျှင် နက္ခတ် တလုံး တနလ်ာစီး၍ တနင်္ဂနွေစီးနက္ခတ်သို့ ရောက်သဖြင့် လ နေ ထပ်မိကြ၍ လကွယ်တိုင်ရုံသော ရက်အပေါင်းသည် စန္ဒရမာသ လပြည့်ချင်း ပိုင်းခြား၍ နက္ခတ် နှစ်လုံးတပတ်ဖြင့် မှတ်အပ်သော တနင်္ဂနွေရာသီစား အထက်အံသာစဉ် ရက်(၃၀) သည် သောရ်မာသ၊ယင်းသည့် သောရ်မာသနှစ်လကို စပ်၍ ရှေးလက လဆန်း (၁၅)ရက်၊ နောက်လက လဆုတ်(၁၅)ရက် ယင်းသည့် အောက်အံသာစဉ် ရက် (၃၀)သည် သာဝနမာသဟူ၍ ရာဇမတ္တဏ်ကျမ်း, သူရစ္စသိဒ္ဓန္တကျမ်း, 'တိထိသရူပ ကျမ်း, မလိမ္မတတ္တကျမ်းများတွင် ဆိုသည်နှင့် မညီ။

ယခု လက်စွဲ ပက္ခဒိန် အနေအသွားကို လောကီကျမ်း သာသနာကျမ်းများနှင့် နှိုင်းယှဉ်ဆင်ခြင်သော် မညီမညွတ်သည်သာ ဖြစ်သည်၊ လောကီကျမ်းများနှင့် မညီ မညွတ်သည်မှာ သုံးဆောင်နှင့်ရင်းဖြစ်၍ သုံးဆောင်ကြသည် ဆိုလိုသော် ဆိုသာ မည်၊ သာသနာတော်ကျမ်းများနှင့် မညီသည်မှာ သုံးဆောင်နှင့်ရင်းဖြစ်၍ သုံး ဆောင်ကြသည် မဆိုသာ၊ ရဟန်းတို့မှာ ဥပုသ် ပဝါရဏာ ဝါဆို ဝါကပ်မှစ၍ သာသနာတော်ရေးနှင့် ဖြစ်သည်။ လူတို့မှာလည်း သရဏဂုံသုံးပါး၊ ဗုဒ္ဓဂါရဝ၊ ဓမ္မဂါရဝ၊သံဃဂါရဝ၊ အပရိဟာနိယ ခုနစ်ပါးစသော ကုသိုလ်ရေးနှင့် ဖြစ်သည်၊ သရဏဂုံသုံးပါးတွင် ''ဓမ္မံ သရဏံ ဂစ္ဆာမိ''အရ အပရိဟာနိယခုနစ်ပါးတွင် ဓမ္မ ဂါရဝအရသည် ပရိယတ္တိဓမ္မနှင့်တကွ လောကုတ္တရာတရား ကိုးပါးဖြစ်သည်၊ ဘုရား

သခင် ကိုယ်တော်နှင့်တူသော မုခပါဌ်တော် သံဂါယနာသုံးတန်ဝင် သုတ္တန် အင်္ဂုတ္တိုရ် သုတ္တနိပါတ် ပါဌ်တော်, အဘိဓမ္မာ ဝိဘင်းပါဌ်တော်များလည်း ပရိယတ္တိမမွေ စင်စစ် ဖြစ်သည်၊ ၎င်းပရိယတ္တိဓမ္မကို သိလျက် ပယ်ဖျက်လျှင် သရဏဂုံ ပျက်မည်၊ ဓမ္မဂါရဝ အပရိဟာနိယ ပျက်မည် စင်စစ် ဖြစ်သည်။ ကုသိုလ်တော် သာသနာတော်ရေးကို မြော်ထောက်တော်မူ၍ ရဟန်းတို့အား တရားနှင့်ညီအောင်, လူတို့အား ဥပါသကာ အဖြစ်၌ တည်အောင် ကျမ်းဂန်လာသည့်အတိုင်း လပြည့် နှစ်ခုဖြင့် ပိုင်းခြား၍ ရက်(၃၀)လျှင် တလ သောရီမာသ သမုတ်တော်မူသော် သာသနာရေး လောကီ ရေး တညီတညွတ် ဖြစ်မည်။

## ညဥ့်သုံးယာမ်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ပရိတ်ကြီးတွင် "တိယာမရတ္တိံ"ရှိသည်၊ တိယာမရတ္တိံကို ညဥ့်သုံးယာမ် ဆိုသည်နှင့်အညီ ညဥ့်သုံးပဟိုရ်ယူသင့်သည် ဖြစ်မည်၊ ဝေသာလီပြည်တွင် ဝေသာလီမင်း အဆက်ဆက်တို့ သည် ညဥ့်ကို သုံးပဟိုရ်ဖြင့် အချိန်ကို ပိုင်းခြား မှတ်သား သည် ဖြစ်မည်၊ ယာမ်နှင့် ပဟိုရ်သည် မည်သို့ ကွဲပြားသည် ဖြစ်မည်ကို သိသာအောင် ဆရာတော်မှာ လျှောက်စေ၊ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း လျှောက်လှာပါစေသည်၊အမိန့်တော်အရကို ထောက်၍ ကျမ်း ဂန်ထွက်ရှိတိုင်း သိတော်မူသာအောင် စာသွင်းတော်မူပါမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၅-ခု ပြာသိုလပြည့်ကျော်(၁၅)ရက်နေ့ အဆောင်ဆောင်မြဲ စန္ဒသူကို မင်းကွန်းနန်းတော်က စေ၍ လျှောက်လှာသည်တွင် အပ်နှံ ရှိလိုက်သည်ကား—

ပရိတ်ကြီးတွင် ရတနသုတ်ကို အရှင်အာနန္ဒာ ညဥ့် သုံးယာမ်ရွတ်ကြောင်းနှင့် "တိယာမရတ္တိံ"ဟူ၍ ပါသည်မှာ ယာမ်ဟူသည်နှင့် ပဟိုရ်ဟူသည် အရတူ ဖြစ်သည်၊ ယာမ် ပဟိုရ် မခြား အရတူဖြစ်ကြောင်းကိုလည်း—"**ပဟာရော၊ ပဟိုရ်ကို။ ယာမ သညိတော၊ယာမ်ဟူ၍ မှတ်သိအပ်၏**"ဟု အဘိဓာန်၌ ဆိုသောကြောင့် သိရသည်။

ည၌, နေ့ကို နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ယာမသဒ္ဒါနှင့် ယာမ်ဟူသော ဝေါဟာရ၊ စည်ကြီးစသည်ကို တီးခတ်သောအခါ ဖြစ်သောကြောင့် ပဟာရသဒ္ဒါနှင့် ပဟိုရ်ဟူသော ဝေါဟာရ ဖြစ်ကြောင်းကိုလည်း အဘိဓာန်ဋီကာ၌ ဆိုသည်။ ဝေသာလီပြည်တွင် ည၌သုံးယာမ် ရွတ်သည်ဆိုသောကြောင့် ဝေသာလီပြည်မှာ တည၌လျှင် သုံးပဟိုရ်ဖြင့် အချိန်ကို ပိုင်းခြားမှတ်သားသည်ဟူ၍ သိအပ်သည်။ ဝေသာလီပြည်မှသာ မဟုတ် မဇ္ဈိမတိုက် သောဠသာနဂိုရ် ဟူသမျှမှာပင် တနေ့လျှင် သုံးပဟိုရ်၊ တည၌လျှင် သုံးပဟိုရ်စီ အချိန်ကို ပိုင်းခြားမှတ်သားသည်ချည်း ဖြစ်သည်ကိုလည်း—"**တိယာမာ၊သုံးပဟိုရ်သည်။သံဝရီ၊တည၌သည်။ ဘဝေ၊ဖြစ်၏**"ဟု အဘိဓာန်၌ ဆိုသောကြောင့်ငှင်း။ "**ဒိဝသဿ၊နေ့၏။ တတိယောဘာဂေ၊ သုံးဖို့တဖို့ကို။ ပဟာရောတိ၊ ပဟိုရ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏**"ဟု မူလဋီကာ၌ ဆိုသောကြောင့်ငှင်း ယင်းသည် ကျမ်းများနှင့် အဓိပ္ပါယ်တူ ပကိဏ္ဏကနိပါတ် ဥက္ကာသဇာတ် ဗုဒ္ဓကိစ္စငါးပါးကို ပြရာ သီလက္ခန်အဋ္ဌကထာ စသည်များ၌ ဆိုသောကြောင့်ငှင်း သိရသည်။ ယင်းသို့ ကျမ်းဂန်တွင် တနေ့လျှင် သုံးပဟိုရ် တည၌လျှင် သုံးပဟိုရ်သာ ဆိုလျက် ယခု လေးပဟိုရ်တီးကြသည်ကို ဆင်ခြင်သော် လဖွဲ့ နှစ်ဖွဲ့ ပက္ခမိန်များသာ ကျမ်းဂန်နှင့် မညီသည် မဟုတ်၊ နေ့ ရက် အချိန် နာရီတိုင်းတူ အခေါ်အမှတ်များလည်း ကျမ်းဂန်နှင့် မညီသည်ပင် ဖြစ်သည်၊ ကျမ်းဂန်နှင့် နှိုင်းယှဉ်ဆင်ခြင်၍ မပြုပြင်ကြသောကြောင့် သုံးစွဲစ ရှိရာ ထုံးနှုန်းတွင်သည် ယူရန် ရှိသည်။

---

## မဟာဗောဓိညောင်တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သဗ္ဗညုဘုရားသခင် ပွင့်တော်မူသော မဟာဗောဓိညောင်တော်သည် သာသနာတော်ငါးထောင် စေ့သည်တိုင်အောင် တည်မည်၊ စာငယ် ပေငယ်တို့တွင် တွေ့ဘူး ကြားဘူးသည့်အတိုင်း ဗောဓိပင် ထင်ရှား ရှိဦးမည်၊ မရှိပြီ ဖြစ်မည်ကို ကျမ်းကြီးကမ္မက မည်သို့ ထွက်ရှိသည်ကို သိသာအောင် ဆရာတော်မှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍ လျှောက်ပါစေသည်၊ အမိန့်တော်အရကို ထောက်၍ ကျမ်းဂန်ထွက်ရှိတိုင်း သိတော်မူသာအောင် စာဆက်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၆—ခု ပြာသိုလပြည့်ကျော် (၁၃)ရက်နေ့ မဟာဒါန်စာရေး လကျာ စည်သူကို မင်းကွန်းနန်းတော်က စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက် သည့်ကား—

သဗ္ဗညုဘုရားတို့၏ သစ္စာလေးပါးကို သိတော်မူရာ သဗ္ဗညုတညာဏ်တော်၏ ကြည်လင်ရာ ဇမ္ဗူဒီပါကျွန်း၏အချက်အချာ မြေဦးစွန်း၌ ရောက်သော မဟာ ဗောဓိပင်သည် ယခု သာသနာတော် ငါးထောင် မဆုံးမခြင်း ထင်ရှားရှိသည်ကို အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာ၌ "ပဉ္စဝိဓံ ဟိ အန္တရဓာနံ" အစရှိ သည်ဖြင့် လာသော သာသနာတော်ကွယ်ခြင်း ငါးပါးကိုထောက်၍ သိအပ်သည်။

သာသနာတော်ကွယ်ခြင်း ငါးပါးဟူသည်ကား—

၁ ပရိယတ်၏ ကွယ်ခြင်း၊
၂ ပဋိပတ်၏ ကွယ်ခြင်း၊
၃ ပဋိဝေဓ၏ ကွယ်ခြင်း၊
၄ ရဟန်းအသွင်အပြင်၏ ကွယ်ခြင်း၊
၅ ဓာတ်တော် မွေတော်၏ ကွယ်ခြင်း ဟူ၍ ငါးပါးတည်း။

ထိုငါးပါးတို့တွင်—

ပဋ္ဌာန်းကျမ်းကစ၍ တစတစ ဆုတ်ယုတ်သဖြင့် လေးပါဒရှိသော တဂါထာမျှ ကိုပင် မတတ် မသိကြသောကာလ ပရိယတ်၏ ကွယ်ခြင်း မည်သည်။

ဈာန်, ဝိပဿနာကစ၍ ဟစတစ ဆုတ်ယုတ်သဖြင့် ပါရာဇိကလေးပါးကိုမျှ မထိန်းသိမ်းကြသောကာလ ပဋိပတ်၏ ကွယ်ခြင်းမည်သည်။

ပဋိသမ္ဘိဒါလေးပါးကစ၍ တစတစ ဆုတ်ယုတ်သဖြင့် သောတာပတ္တိမဂ်, ဖိုလ် ကိုမျှ မရကြသောကာလ ပဋိဝေဓ၏ ကွယ်ခြင်းမည်သည်။

သင်္ကန်း အဝတ် အရုံ သပိတ် အဆောင်အရွက်ကစ၍ တစတစ ဆုတ်ယုတ်သဖြင့် ရဟန်းတို့အား အပ်သော ဖန်ရည်စွန်းသောသင်္ကန်းကိုမျှ မဝတ်မရုံကြသောကာလ ရဟန်းအသွင်အပြင်၏ ကွယ်ခြင်းမည်သည်။

သဗ္ဗညုဘုရား အဓိဋ္ဌာန်တော်ဖြင့် ပူဇော်သက္ကာရ မရှိရာက ဓာတ်တော် မွေတော် တို့သည် ပူဇော်သက္ကာရရှိရာ လာရောက်ကုန်သည်၊ သာသနာတော်ငါးထောင် ကုန်

မည်ကာလကား အရပ်ရပ်ဟူသမျှမှာပင် ပူဇော်သက္ကာရ မရှိကုန်၍ သီဟိုဠ်ကျွန်း မဟာစေတီမှာချည်း စုဝေးကုန်မည်၊ ထိုနောင် နာဂဒီပကျွန်း ရာဇာရတနစေတီမှာ ချည်း စုဝေးကုန်မည်၊ ထိုနောင် ဇမ္ဗူဒီပါကျွန်း၏ အချက်အချာ မဟာဗောဓိမှာ ချည်း စုဝေးကုန်မည်၊ နဂါးပြည်, လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်က ဓာတ်တော် မွေတော်ဟူသမျှ မုံညင်းခန့်မျှမကြွင်း မဟာဗောဓိမှာ စုဝေးပြီးသော် ရောင်ခြည် တော် ခြောက်သွယ်၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ လက္ခဏာတော်ကြီး သုံးဆယ့် နှစ်ပါးစသော ဘုရားအသရေတော်နှင့် ပြည့်စုံစွာ ဘုရားအသွင်တော်ကို ဆောင် ကုန်၍ ယမိုက်ပြာဋိဟာ ပြကုန်လျက် ရောင်ခြည်တော်ခြောက်ပါးဖြင့် တသောင်း သော လောကဓာတ်ကို ထွန်းလင်းစေကုန်လမည်၊ ထိုကာလ ပူဇော်လာသော နတ် ဗြဟ္မာတို့အား "ယနေ့ကား—သဗ္ဗညုဘုရား ပရိနိဗ္ဗာန် ဝင်ခဲ့ပြီ၊ သာသနာတော် ကွယ်ခဲ့ပြီ၊ ဤကား အဆုံးစွန် ဖူးမြင်ခြင်းတည်း၊ ယနေ့မှစ၍ လေးကဋ္ဌ အမိုက်အတိ သာ ဖြစ်အံ့သည်ဘကား" ဟု အလွန်သနားစုံမက်ခြင်း, ငိုကြွေးခြင်း ဖြစ်ကြမည်၊ ယင်းသို့မှ ဓာတ်တော်တို့၌ တေဇောဓာတ် ထ၍ ဗြဟ္မာပြည်တိုင်အောင် အလျှံကို ဖြစ်စေလျက် မုံညင်းခန့်မျှ မကြွင်းရအောင် လောင်၍ ဓာတုပရိနိဗ္ဗာန် ဖြစ်မည်၊ ယင်းသို့ ဓာတုပရိနိဗ္ဗာန် ဖြစ်သည်ကာလမှ ဓာတ်တော် မွေတော်၏ ကွယ်ခြင်းမည် သည်။

ဟူ၍ သံဂါယနာသုံးတန်ဝင်သော အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ, ဝိဘင်းအဋ္ဌ ကထာတို့၌ ဆိုသည့် စကားတွင် သာသနာတော် ငါးထောင် စေ့သည်ကာလ မဟာ ဗောဓိမှာချည်း ဓာတ်တော် မွေတော်အပေါင်း စုဝေးမည်ဆိုသည့်စကားကို ထောက် ၍ သာသနာတော် ငါးထောင် ကုန်အောင်ပင် သစ္စာလေးပါးကို သိတော်မူရာ သဗ္ဗညုတညာဏ်တော်၏ ကြည်လင်ရာ ဇမ္ဗူဒီပါကျွန်း၏ အချက်အချာ မြေဦးစွန်း၌ ရောက်သော မဟာဗောဓိပင် ထင်ရှားရှိသည်၊ သာသနာတော် ငါးထောင် စေ့သည့် နောက်မှသာ ထင်ရှားမရှိသည်ကို သိအပ်သည်၊ မြင်းမိုရ်, စကြာဝဠာစသော တောင် များကဲ့သို့ သပြေ, ထိန်, ကုက္ကိုစသော သစ်ပင်များလည်း ကမ္ဘာချင်းအောင် တည် ကြောင်းကို ကျမ်းဂန်ဆိုသည်ကို ထောက်လျှင် မဟာဗောဓိပင်လည်း အသက်ရှည် သည့် သစ်ပင်မျိုး ဖြစ်၍ သာသနာတော် ငါးထောင် ကုန်သည်နောက် ကာလမြင့် ရှည်စွာပင် တည်မည် ယူရန်ရှိသည်။ ပါရမီတော်ကြောင့် ဖြစ်သည်ကိုလည်း မသဒ္ဓါ သသူတို့ ဖျက်ဆီးနိုင်မည် မဟုတ်၊ ဘေးလောင်းတော် သီရိမေဃသောကမင်းကြီး လက်ထက် သီဟိုဠ်သို့ ဒက္ခိဏသာခါကို ပင့်ဆောင်မည်တွင်လည်း ထား လက်နက် ဖြင့် မဖြတ်မခုတ်ဝံ့၊ အဓိဋ္ဌာန်တော်ကြောင့် ထုံးဖြင့် သားကာ ဖြတ်သည်၊ တရား မင်းမြတ်လက်ထက်တော်တွင် သီဟိုဠ်က ရောက်သူတို့လည်း သီဟိုဠ်မှာ ဒက္ခိဏသာခါ ဗောဓိကို လုံးပတ် လေးတောင်ခန့် အကိုင်းသဏ္ဌာန်နှင့်ပင် ယခုတိုင် သိသာခြားနား

ထင်ရှားရှိသည်ကို ပြောဆိုကြသည်၊ ဒက္ခိဏာသာခါဗောဓိ ထင်ရှားရှိက မဟာဗောဓိလည်း ထင်ရှားရှိသည်ပင် ယူရန်ရှိသည်။

---

## မဟာဗောဓိနှင့် တိုင်းကြီးတို့၏ အကွာအဝေး

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရာဇဂြိုဟ်, ဝေသာလီ, သာဝတ္ထိ, ပါဋလိပုတ်, ကောသမ္ဗီ အစရှိသော တိုင်းကြီး ပြည်ကြီးများနှင့် မဟာဗောဓိ ခရီး ယူဇနာ အကွာအဝေး မည်မျှရှိသည်၊ ကျမ်းဂန် ထွက်ရှိသည့် အတိုင်း သိသာအောင် ဆရာတော်မှာ လျှောက်စေ၊ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ လျှောက်ပါစေသည်၊ အမိန့်တော်အရကို ထောက်၍ ကျမ်းဂန်ထွက်ရှိသည့်အတိုင်း သိတော်မူသာအောင် စာသွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၆—ခု ပြာသိုလပြည့်ကျော်(၁၅)ရက်နေ့ မဟာဒါန်ဝန်ကို မင်းကွန်းနန်းတော်က စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ခပ်သိမ်းသော ဘုရားရှင်တို့၏ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ကမ္ဘာတည်ဦးကာလ ရှေးဦးမဆွ တည်၍ ကမ္ဘာပျက်သည်ကာလ နောက်ဆုံးပျက်သော အကမ္ဘာဘာ အရာမရွေ့သော မြေများ အချက်အချာမြေဦးစွန်း၌ ရောက်သော မဟာဗောဓိပင်နှင့် မဇ္ဈိမဒေသ ပစ္စန္တရစ်တိုင်းပြည် အကွာအဝေး ခရီးယူဇနာ အရပ်ဌာနများကို ကျမ်းကြီးကမ္မ ရှိ, မရှိ ဆင်ခြင်နိုင်းယှဉ်၍ သတိမူလျက် ကြည့်ရှု မှတ်သားသည်၊ ခိုင်ခံ့ ယုံကြည်လောက်သည့် ကျမ်းကြီးကမ္မများတွင် မဟာဗောဓိနှင့် သောဠသနဂိုရ်စသော တိုင်းပြည်တို့ အကွာအဝေး ခရီးယူဇနာ အရပ်ဌာနများကို ရုံးစု၍ တခန်းတည်း ဆိုသည့်အရာ မရှိ၊ ပဋိပတ္တိ,ပဋိဝေဓနည်းနှင့် စကား မစပ်မလျဉ်းသော ကြောင့် အစေ့အစုံ ဆိုစုလည်း မသင့်၊ စကား အစပ်အလှည့် သင့်၍ စကား ပါရာ သမျှကို ဆင်ခြင်နိုင်းယှဉ်သည်မှာ—

မဂဓရာဇ်တိုင်း ဥရုဝေဠဇနပုဒ် နေရဉ္စရာမြစ်နား အင်ကြင်းတောတွင် မဟာဗောဓိပင် တည်ကြောင်းကို ဝိနည်းမဟာဝါ ပါဠိတော်,ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ,ဗောဓိဝင်များ၌ ဆိုသည်။

မဟာဗောဓိနှင့် ကာသိကတိုင်း ဗာရာဏသီပြည် တဆယ့်ရှစ်ယူဇနာ၊ တဆယ့်ရှစ်ရက် ခရီး ကွာဝေးကြောင်းကို အပဒါန်အဋ္ဌကထာ, ဗုဒ္ဓဝင်အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာများ၌ မဟာဗောဓိက ဗာရာဏသီသို့ ဓမ္မစကြာတရား ဟောတော်မူမည် ကြွတော်မူသည်ဆိုသော စကား အစပ်အလျဉ်းတွင် လာသောကြောင့် သိရသည်။

မဟာဗောဓိနှင့် မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည် ယူဇနာသုံးဆယ်၊ တလခရီး ကွာဝေးကြောင်းကို သုတ္တနိပါတ် ပဗ္ဗဇ္ဇသုတ်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာများ၌ ရဟန်းပြုတော်မူပြီး ရာဇဂြိုဟ်မြို့သို့ ကြွတော်မူသည်ဆိုသော စကား အစပ်အလျဉ်း တွင် လာသောကြောင့် သိရသည်။

မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်နားတိုင် ငါးယူဇနာ၊ ဂင်္ဂါမြစ်အကျယ် တယူဇနာ၊ ဂင်္ဂါမြစ်နားမှ ဝဇ္ဇီတိုင်း ဝေသာလီပြည် သုံးယူဇနာဟူ၍ ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည် ကိုးယူဇနာ၊ ကိုးရက်ခရီး ကွာဝေးကြောင်းကို သုတ္တနိပါတ် ရတနသုတ် အဋ္ဌကထာ၌ ဆိုသည်ကိုထောက်လျှင် မဟာဗောဓိနှင့် ဝေသာလီပြည်ကို ရာဇဂြိုဟ်လမ်းဖြင့် ချင့်သော် သုံးဆယ့်ကိုးယူဇနာ၊ တလနှင့် ကိုးရက်ခရီး ကွာဝေး ကြောင်းကို သိရသည်။

မဟာဗောဓိနှင့် သက္ကတိုင်း ကပ္ပိလဝတ်ပြည် ယူဇနာသုံးဆယ်၊ တလခရီး ကွာဝေး ကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ, ဇာတတ္ထကီနိဒါန်းများ၌ တောထွက်တော်မူသည်ကာလ ကဏ္ဍကမြင်းနှင့် ညဉ့်ခြင်း မဟာဗောဓိပင်အနီး အနောမာမြစ်တိုင် ယူဇနာသုံးဆယ်ရောက်သည်ဆိုသော စကား အစပ်အလျဉ်းတွင် လာသောကြောင့် သိရသည်။

မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်နှင့် သက္ကတိုင်း ကပ္ပိလဝတ်ပြည် ယူဇနာ ခြောက်ဆယ်၊ နှစ်လခရီး ကွာဝေးကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာများ၌ ဆိုသည်။

မဟာဗောဓိနှင့် ရာဇဂြိုဟ် ယူဇနာသုံးဆယ်၊ မဟာဗောဓိနှင့် ကပ္ပိလဝတ်ပြည် ယူဇနာသုံးဆယ် ကွာဝေးကြောင်းကို ယခင်ကျမ်းများ၌ ဆိုသည်ကို ထောက်၍လည်း ရာဇဂြိုဟ်နှင့် ကပ္ပိလဝတ်ပြည်အကြား ယူဇနာသုံးဆယ်ကွာစီတွင် မဟာဗောဓိ ရှိကြောင်းကို သိရသည်။

မဟာဗောဓ်နှင့် မဂဓရာဇ်တိုင်းစွန်တွင် တည်သော ပါဋလိပုတ်ပြည် ခုနစ်ယူဇနာ၊ ခုနစ်ရက် ခရီးအခန့်သာ ကွာဝေးကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ၌ ဒက္ခိဏသာခါ မဟာဗောဓ် ဆောင်ယူခဲ့သည်ကာလ ပါဋလိပုတ်ပြည်က မဟာဗောဓ်သို့ သီရိဓမ္မာသောကမင်းကြီး သွားသည်ဆိုသော စကား အစပ်အလျဉ်းတွင် လာသော ကြောင့် သိရသည်။

ယခု ဆိုပြီးသော မဟာဗောဓိပင်နှင့် ဗာရာဏသီ, ရာဇဂြိုဟ်, ဝေသာလီ, ကပိလဝတ်, ပါဋလိပုတ်ပြည်များကဲ့သို့ အခြားမြို့များမှာ စကား အစပ်အလျဉ်းသင့်၍ အစီအစဉ်လာသော အရာ မရှိ။

မဟာဗောဓိနှင့် ဗာရာဏသီ တဆယ့်ရှစ်ရက်ခရီး၊ ပေသာလီ တဆယ့်ကိုးရက်ခရီး၊ ရာဇဂြိုဟ် တဆယ့်နှစ်ရက်ခရီး၊ ပါဋလိပုတ် တဆယ့်သုံးရက်ခရီး၊ပါဝါ တဆယ့်ငါးရက်ခရီး၊ မိဓိလာ တဆယ့်နှစ်ရက်ခရီး၊ စေတုတ္တရာ တလခရီး၊ သက်ဿနဂိုရ် တဆယ့်နှစ်ရက်ခရီး၊ တက္ကသိုလ် တလခရီး၊ သာဝတ္ထိနှစ်လခရီး၊ ကလိင်္ဂရာဇ် တလနှင့် တဆယ့်နှစ်ရက်ခရီး၊မဓုရာပြည် တဆယ့်တရက်ခရီး၊ကောသမ္ဗီ တလခရီး၊ကပိလဝတ်သုံးလနှင့် ငါးရက်ခရီး၊ ကောလိယ တဆယ့်နှစ်ရက်ခရီး၊ စမ္ပာ တဆယ့်တရက်ခရီး ကွာဝေးသည်ဟူ၍ မဟာဗောဓိမှ မြောက်အရပ်၌ ဗာရာဏသီ,ဝေသာလီ, ရာဇဂြိုဟ် သုံးပြည်ထောင်၊ အရှေ့အရပ်၌ မိဓိလာ,စေတုတ္တရာ နှစ်ပြည်ထောင်၊ တောင်အရပ်၌ သာဝတ္ထိပြည်,ကလိင်္ဂရာဇ် နှစ်ပြည်ထောင်၊အနောက်အရပ်၌ ကပိလဝတ်,ကောလိယ နှစ်ပြည်ထောင်၊ အရှေ့မြောက်အရပ်၌ ပါဋလိပုတ်, ပါဝါ နှစ်ပြည်ထောင်၊ အရှေ့တောင်အရပ်၌ သက်ဿနဂိုရ်,တက္ကသိုလ် နှစ်ပြည်ထောင်၊ အနောက်တောင်အရပ်၌ ကောသမ္ဗီ, မဓုရ နှစ်ပြည်ထောင်၊ အနောက်မြောက်အရပ်၌ စမ္ပာ တပြည်ထောင် တည်သည်ဟူ၍ ပါဌ်ပဒစီလျက် စာစောင် ရေးသားထားကြသည်မှာ ကျမ်းကြီးကမှ မလာမရှိ၊ ကျမ်းကြီးကမှ လာရှိသမျှကို မှတ်ယူတော်မူသင့်သည်။

## ဗြိဟဇ်-ဇာတကတတ္တကျမ်း ပါဌ် အနက်

ဘုန်းတော်ကြီးသော တရားမင်းမြတ် ဘုန်းပညာကို အမှီပြု၍ အခါသမယနှင့် စပ်သော ပညတ်တော် သိက္ခာပုဒ်များကို သာသနာရေး ကျမ်းဂန်များနှင့် နှိုင်းယှဉ်ဆင်ခြင်၍ တရားကျမ်းဂန် ရှိတိုင်း ကျင့်ဆောင်ကြရသည်၊ အခါသမယနှင့်စပ်သော ပညတ်တော် သိက္ခာပုဒ်မှုသည် သာသနာရေး ကျမ်းဂန်နှင့်သာ ဆီဆိုင်သည်မဟုတ်၊ လောကီရေး ဗေဒင်ကျမ်းဂန်နှင့်လည်း ဆီဆိုင်သည်ဖြစ်၍ လောကီရေး ဗေဒင်ကျမ်းကြီးဟု သမုတ်အပ်သော ဂါထာသုံးရာကျော်ရှိသော ဗြိဟဇ်ကျမ်း လက်ထက်တော်တွင် ကာသိကတိုင်းက ရောက်သော ဇာတိတတ္တစသော ဗေဒင်ကျမ်းဂန်များနှင့်လည်း နှိုင်းယှဉ်ဆင်ခြင်သည်၊ အခြား ဆရာတော်တို့ကိုလည်း သာသနာရေး လောကီရေး ကျမ်းဂန်များနှင့် နှိုင်းယှဉ် ဆင်ခြင်စေသည်၊ အရိမဒ္ဒနာ ပုဂံ ကျစွာမင်းကြီးလက်ထက် သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို စီရင်သော ဓမ္မသီရိမထေရ် ပြုစုခဲ့သော ဗြိဟဇ်နိသျည်း ကာလရှည်ကြာသဖြင့် အရေးအသား ပျက်၍ အချို့အရာ၌

မယူသာ မသိသာ ရှိသည်နှင့် သင်္ကရိုက်သက်သက် အရေးအသားလည်း အကြည့်အရှု အဖတ်အရွတ် မရှင်းမလင်းသောကြောင့် အကြည့်အရှု အဖတ်အရွတ် ရှင်းလင်းအောင် အနက်မြန်မာ၍လည်း သိသာ ယူသာအောင် လက်ထက်တော်တွင် ကာသိကတိုင်းက ရောက်သော ဗြိဟတ်မူလ ဇောတိတတ္တ စသော ဗေဒင်ကျမ်းဂန်တို့နှင့် နှိုင်းယှဉ် ပြင်ဆင်၍ ဗြိဟတ်ကျမ်း ပါဠိအနက် မြန်မာအစုံကို ဆင်ခြင်တော်မူသာ အောင် ဆက်သွင်းအပ်သည်။

ငင်းမေတ္တာစာနှင့် မဟာဒါန် လက်ဝဲသိခ်ကျော်သူကို စေ၍ ၁၁၅၆–ခု တပိုတွဲလပြည့်နေ့ ဗြိဟတ်ကျမ်းကို မင်းကွန်းနန်းတော်တွင် ဆက်သွင်းသည်။

## မဟာမိတ်လက္ခဏာ

အကြည်တော် ဥတည်မင်းမှာ သူပုန်သူကန်တို့ကြောင့် တိုင်းပြည် မသာမယာ ရှိကြောင်းကို ကြားသိတော်မူရသည်၊ ငါနှင့် မဟာမိတ် ဖြစ်တော်မူသည်၊တိရစ္ဆာန်တို့ပင်သော်လည်း မိတ်ဆွေလက္ခဏာကို စောင့်ထိန်းကြောင်းနှင့် ကျမ်းဂန် ထုံးစံရှိသည်၊ မဟာမိတ်လက္ခဏာ ထုံးစံရှိသည်အတိုင်း တရုပ်ဥတည်ပြည်သို့ ချီတော်မူမည် အမိန့်တော်ပြန်၍ သူရဲ သူခက် စစ်သည် ဗိုလ်ပါ ခန့်သည်တွင် ၁၁၅၇–ခု တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်နေ့ သွင်းသည့် မေတ္တာစာကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

ခပ်သိမ်းသော မင်းမြတ် မင်းတရားတို့မှာ ပြည့်စုံရသော ရာဇပြကတေ့ ရဇ္ဇင် ခုနစ်ပါးရှိကြောင်းကို အဘိဓာန်စသော ကျမ်းဂန်တွင်—

သာမိ၊ ဘုန်းလက်ရုံး ပညာနှင့် ပြည့်စုံသော ပြည့်ရှင်မင်း။ အမစ္စော၊ မှူးကောင်း မတ်ကောင်း။ သခါ၊ အဆွေခင်ပွန်း မဟာမိတ်မင်းတပါး။ ကောသော၊ ပြည့်စုံသော ကြိုကျ။ဒုဂ္ဂံ၊ ခဲခက်သော မြို့ပြ ကျုံး မြောင်း။ဝိဇိတံ၊ စည်ပင်သာယာသော တိုင်းနိုင်ငံ။ဗလံ၊များပြားသော စစ်သည်ဗိုလ်ပါ။ ဧတေသတ္တ၊ဤ ခုနစ်ပါးတို့သည်။ရဇ္ဇင်္ဂါနိပိ၊ တိုင်းပြည်အင်္ဂါ ရဇ္ဇင်မည်ကုန်သည်လည်း။သိယျုံ၊ဖြစ်ကုန်၏။ ပကတိယောပိစ၊ မင်းတို့၏ ပြည့်စုံမြဲ ရာဇာပြကတေ့ မည်ကုန်သည်လည်း။သိယျုံ၊ဖြစ်ကုန်၏။

ဟူ၍ ဆိုသည်နှင့်အညီ ရာဇပြကတေ့ ရဇ္ဇင် ခုနစ်ပါး ပြည့်စုံသည် ဖြစ်သည်ကို မြော်ထောက်တော်မူလျက် တရုပ်,တရက် ပြည်ကြီးနှစ်ပြည်ကို အစိုးရသော ဥတည်

မင်းကို ရာဇမဟာမိတ် အဖြစ်ဖြင့် ချီးမြှင့် မ,စ တော်မူသည်၊ ဥတည်မင်း အဆက် ဆက် ဆောင်ရွက်မြဲဖြစ်သော ကေရာဇ်မင်းနှင့်သာ တန်သော 'ယုယ္ဓိတန်းဆာ ရာဇ နာရီနှင့်တကွ အထူးထူးအပြားပြားသော ထည်မျိုး အုပ်မျိုး မင်းသုံး မင်းဆောင် များဖြင့် ဥတည်မင်းက ပတ္တမြားအထွတ်ရ မှူး မတ်တို့ကို စေ၍ မဟာမိတ်လက္ခဏာ ဆက်ကပ်လှာသည်ကို ကေရာဇ်မင်းတို့သာ ခံထိုက် ဆောင်ရွက်ထိုက်သော "သီရိ တြိပဝရ မဟာနာဂ သုဓမ္မရာဇာဓိရာဇာ"ဟူသော တဆယ့်ရှစ်လုံးဖွဲ့ နာမ်တံဆိပ် မင်းမြှောက်တန်းဆာ ငါးပါးနှင့်တကွ အထူးထူး အပြားပြားသော ထည်မျိုး အုပ်မျိုး မင်းသုံး မင်းဆောင်များဖြင့် ရေးစု မှူးစု အရာရှိ ဝန်စုရ မှူး မတ်တို့ကို ရာဇသံဖက် ခန့်၍ ပေးကမ်း သနားတော်မူသည်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူး ကုသိုလ်ဆယ်ပါး၊ အကုသိုလ်ဆယ်ပါးတို့ အကျိုး, အပြစ်များကို မာဂဓဘာသာ, သက္ကဋဘာသာ,မြန်မာဘာသာ သုံးရပ်ဖြင့် ရွှေပေအက္ခရာ ရေးမှာတော်မူသည့်အရာ များသည် ကမ္ဘာကျေလည်း ဥဒါန်းမကြေ ဘုန်းလက်ရုံး ပညာတော် ကျော်စော ထင်ရှားအံ့သော အကြောင်းဖြစ်သည်၊ဘေးလောင်းဇော် သီရိဓမ္မာသောကမင်းက ဒေဝါနံပိယတိဿမင်းအား ပေးကမ်းသနားဘူးသည် ဆိုသော ကျမ်းဂန် ထုံးစံနှင့် အညီ အကြည်တော် ဥတည်မင်းအား ထီးဖြူနှင့်တကွ မင်းမြှောက်တန်းဆာ ငါးပါး ပေးသနားတော်မူ၍ ဥတည်မင်း အဆက်ဆက် ရေမြေသေဌ်နင်း မင်းတို့လက္ခဏာနှင့် မပြည့်စုံပဲလျက် အကြည်တော် ဥတည်မင်းမှာ မင်းမြှောက်တန်းဆာငါးပါး ရ၍ ရေမြေသေဌ်နင်း မင်းတို့လက္ခဏာနှင့် ပြည့်စုံလေသည်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူး ကုသိုလ်ဆယ်ပါး, အကုသိုလ်ဆယ်ပါးတို့ အကျိုး, အပြစ်များကို ပေးမှာတော်မူ၍ လည်း တရပ်, တရက် မင်းဆက်ရှည်စွာ ကွယ်ပလေသော ရတနာသုံးပါး ကုသိုလ် အကုသိုလ်တရားများကို အကြည်တော်ဥတည်မင်း ကြားနာရလေသောအရာများ သည်—

၁ မကောင်းမှုမှ တားမြစ်ခြင်း၊
၂ ကောင်းမှု၌ တည်စေခြင်း၊
၃ မကြားနာဘူးသည်ကို ကြားနာစေခြင်း၊
၄ နတ်ရွာခရီး ကို ပြသ ပြောဆိုခြင်း၊

ဟူသော အတ္ထက္ခာယီ မဟာမိတ်လက္ခဏာလေးပါးနှင့်အညီ အကြည်တော် ဥတည်မင်းအား နိဗ္ဗာန်တိုင်အောင် ကျေးဇူးတော်ကို ခံစားလျက် ရာဇမဟာမိတ် ဝတ်ကို ပြုတော်မူသည် မည်သည်။ မင်းမြှောက်တန်းဆာငါးပါး ရ၍ မင်းတို့ လက္ခဏာနှင့် ပြည့်စုံခြင်း,ရဘနာသုံးပါး ကုသိုလ်,အကုသိုလ်တရားများကို ကြားနာ

ရခြင်းများဖြင့် အကြည်တော် ဥတည်မင်းအား လောကီစည်းစိမ်, လောကုတ္တရာ စည်းစိမ်နှစ်ပါးကို ပေးကမ်းသနားတော်မူသည် မည်သည်၊ ယင်းသို့စင် ရာဇမဟာ မိတ် လက္ခဏာနှင့် ပြည့်စုံတော်မူပြီးလျက် အကြည်တော်ဥတည်မင်းမှာ ပြည်ရေး တိုင်းရေး မသာမယာရှိသည်ကို ကိုယ်တိုင်တော် မ,စ ချီးမြှင့်တော်မူမည် အမိန့်တော် ပြန်ထုတ်တော်မူသည်မှာ မဟာမိတ်ဝတ်ကို ပြုကျင့်ရသော အရေး အကြောင်း တပါးတည်းသာမဟုတ် လေးကျွန်းသေဋ္ဌနင်း စကြာမင်းကဲ့သို့ တရားမင်းမြတ်မှာ တိုင်းရေး ပြည်ရေး သာသနာရေး ကုသိုလ်တော်ရေး အရေးအကြောင်း အများ အပြားနှင့် ဖြစ်တော်မူသည်၊ နိုင်ငံတော်အတွင်း ထီးဆောင်း ပဒေသရာဇ်လည်း အများရှိသည်၊ အကြည်တော်ဥတည်မင်းမှာ ယခု အရေးအကြောင်းကို မြော်တင် တော်မူ၍ သင့်ရာ ထီးဆောင်းပဒေသရာဇ်များကို စေပါးတော်မူလျှင် သင့်မည်။

ဟကြောင်းလည်း အကြည်တော် ဥတည်မင်းသည် မင်းမည်ကာသာ မဟုတ်၊ ဘုန်းလက်ရုံး ပညာနှင့် မင်းဖြစ်၍ အရေးအမှု ပေါ်ရှိသမျှကို ပြေငြိမ်းစေနိုင်မည့် အကြောင်းရှိသည်၊ အကြည်တော်ဥတည်မင်းနှင့် မပြေမငြိမ်းမည့် အရေးအမှုကိုသာ တရားမင်းမြတ် မ,စ တော်မူသင့်သည်၊အကြည်တော်ဥတည်မင်းနှင့်သာ ယခု အရေး အမှု ပြေ,မပြေ ငြိမ်း,မငြိမ်းကို မြော်တင်ငုံလင့်တော်မူသော် သင့်မည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ပုံတော်ပက္ခဒိန်

လျှောက်ပါသည် ဆရာတော်ဘုရား—

ပုံတော်မှာ ကျမ်းဂန်နှင့် ညီသည်ဖြစ်၍ ပုံတော်အတိုင်း ဝါဆို ဝါကပ် ဥတု သမယ ကာလနှင့် ပိုင်းခြားသမျှ ဝိနည်း သိက္ခာပုဒ်တော်ကို ကျင့်ဆောင်သင့်ကြောင်းနှင့် ဆရာတော် တို့က မေတ္တာစာ အကြိမ်ကြိမ် ဆက်သွင်းသည်မှာ ရာဇမတ္တဏ် ကျမ်းနှင့် ပုံတော် မည်သည့်အရာ ညီသည်၊မည်သည့်အရာမညီ ကွဲပြားသည်၊ အဘိဓမ္မာ, ဝိနည်း, သုတ္တန်ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် ပုံတော် မည်သည့်အရာ ညီသည်၊ကျမ်းဂန်ပါဠိ, အဋ္ဌကထာ,ဋီကာနှင့် မည်သည့်အရာ မညီ ကွဲပြားသည်၊မာသ သုံးပါးတွင် မည်သည့်မာသ ကျမ်းဂန်နှင့်လျော်သည်၊ လဆန်း လပြည့်၊ လဆုတ် လကွယ် မည်သည့်နေ့ကို ခေါ်ဝေါ်ရမည်

ပက္ခဒိန်နှင့် ပုံတော် ရာဇမတ္တဏ် မည်သည့်အရာ ညီသည်၊ မည်သည့်အရာ မညီကွဲပြားသည်၊ပက္ခဒိန်နှင့် အလုံးစုံမညီ ဖြစ်မည်များကို ကျမ်းဂန် ပါဠိ,အဋ္ဌကထာ, ဋီကာနှင့် တိုက်ဆိုင်၍ သိတော်မူသာအောင် ပါဠိ,အဋ္ဌကထာ,ဋီကာ ပါဠ်,အနက်၊ရာဇမတ္တဏ်ကျမ်း ပါဠ်, အနက်များနှင့် သိတော် မူသာအောင် ဆရာတော်က မေတ္တာစာ ဆက်သွင်းစေ။

**၁၁၅၇–ခု နတ်တော်လဆန်း(၉)ရက်နေ့ မြေနန်းတော်တွင် အမိန့်တော် ထုတ်ပြန်တော်မူသည်ဖြစ်၍ ၎င်းအမိန့်တော်နှင့် မဟာဒါန်ကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့်မေတ္တာစာကား—**

ကုသိုလ်တော် သာသနာရေးကို အကြောင်းပြု၍ အမှန်အကန် ဖြစ်စေတော်မူလိုသောကြောင့် ရာဇမတ္တဏ်ကျမ်းနှင့် ပုံတော် မည်သည့်အရာ ညီသည်၊ မည်သည့်အရာ မညီ ကွဲပြားသည်ကို မေတ္တာစာ ဆက်သွင်းစေ အမိန့်တော်ပါသည်အတိုင်း ရာဇမတ္တဏ်ကျမ်းနှင့် ပုံတော်ကို တိုက်ခိုက်နှိုင်းယှဉ်သော် ပုံတော်တွင် တလလျှင် ရက်. သုံးဆယ်၊ တနှစ်လျှင် ရက်(၃၆၀)ရှိသည့်အရာသည် ရာဇမတ္တဏ်တွင်—

၁ တေ တိံသ တု အဟောရတ္တာ၊ပက္ခာ တေ ဒသ ပဉ္စ စ။
ပက္ခာ ပုဗ္ဗပရာ သုက္က၊ ကဏှာ မာသော တု တေ ဥဘော။

၂ မာသေ ဒွါဒသ ဘိဝဿံ၊သာမျ ပါတရဏာ်ကီတော။
မာသေန အဿာ ဟောရတ္တာ၊ပေတ္တော ဝဿေန ဒေဝဟော။

**အနက်** ၁။ တိံသ၊ သုံးဆယ်ကုန်သော။ တေတု၊ ထိုမှုဟုတ်တို့သည်ကား။ အဟောရတ္တာ၊တနေ့တည၌ဟူသောရက်တခုမည်၏။ တေဒသပဉ္စစ၊ ထိုတဆယ့်ငါးရက်တို့သည်ကား။ပက္ခာ၊ပက္ခတခုမည်၏။ ပုဗ္ဗပရာ၊ရှေ့နောက်ဖြစ်ကုန်သော။ပက္ခာ၊ပက္ခနှစ်ခုတို့သည်။ သုက္ကကဏှာ၊ လဆန်းပက္ခ လဆုတ်ပက္ခမည်ကုန်၏။ တေ ဥဘော တု၊ထိုပက္ခနှစ်ပါးတို့သည်ကား။မာသော၊တလမည်၏။

၂။ ဒွါဒသဘိမာသေ၊ တဆယ့်နှစ်လတို့ဖြင့်။ သာမျ ပါတရဏာ်ကီတော၊ လေးဆယ့်ရှစ်သီတင်းဖြင့် မှတ်အပ်သော။ဝဿံ၊လူတို့၏နှစ်သည်။အဿ၊ဖြစ်၏။မာသေန၊ လူတို့တလဖြင့်။ ပေတ္တော၊ ပိတ္တာနတ်၌ဖြစ်သော။ အဟောရတ္တာ၊ တရက်သည်။

အဿ၊ဖြစ်၏။ ဝဿေန၊ လူတို့၏ နှစ်ဖြင့်။ ဒေဝတော၊ အထက် နတ်ဥ်ဖြစ်သော။ အဟောရတ္တာ၊တရက်သည်။အဿ၊ဖြစ်၏။

ဟူ၍ တလလျှင် ရက်သုံးဆယ်၊ တနှစ်လျှင်(၃၆၀)ဆိုသည်နှင့် ညီသည်၊

ပုံတော်တွင် မာသသုံးပါးနှင့် ပိုင်းခြားသည့်အရာသည် ရာဇမတ္တဏ်တွင်—

သုက္ကာဒိ ဒသံသတိ စန္ဒော၊တိံသ ဒိဝေါတု သာဝနော မာသော။
ရဝိ သင်္ကန္တ သုစိဟနော၊သောရော ပရိနိဂဇ္ဇတေ တဉော။

**အနက်** သုက္ကာဒိ ဒသံသ တိ၊ လဆန်းတရက်ကသည် လကွယ်ရုံရက်ကား။ စန္ဒော၊ စန္ဒြမာသ မည်၏။ တိံသဒိဝေါတု၊ အရက်သုံးဆယ်ကား။သာဝနောမာသော၊ သာဝနမာသမည်၏။ ရဝိသင်္ကန္တသုစိဟနော၊ တနင်္ဂနွေပြောင်းသဖြင့် ကောင်းစွာ မှတ်အပ်သော အခါကို။ တဉော၊ ထိုကာလကို သိသော ဆရာတို့သည်။သောရော၊သောရီမာသမည်၏ဟူ၍။ပရိနိဂဇ္ဇတေ၊ဆိုအပ်၏။

ဟူ၍ ကာလသုံးပါးကိုပိုင်းခြားသည်နှင့် ညီသည်။

ပုံတော်တွင် မိဿကို ပဌမရာသီ ထားသည့်အရာသည် ရာဇမတ္တဏ်တွင်—

အာဒိ မတော မေသ သမာန မုတ္တိ။

**အနက်** အာဒိ၊ အစဖြစ်သော မိဿရာသီကို။ မေသ သမာနမုတ္တိ၊ ဆိတ်နှင့်တူသော ကိုယ်ရှိ၏ ဟူ၍။မတော၊သိအပ်၏။

စသည်ဖြင့် မိဿကို အစရာသီ၊ ပြိဿကို ဒုတိယရာသီ အစဉ်အတိုင်း ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် မိဿကို ကဆုန်၊ ပြိဿကို နယုန် အစဉ်အတိုင်း ပြသည့် အရာသည် ရာဇမတ္တဏ်တွင်—

ကတ္တိကာဒီ ဒွိဘာ မာသာ၊ဖဂ္ဂုနီစ တိဘော မတော။
အန္တော ပန္တော တိဘော ဥေ ယျော၊ကတ္တိကာဒိ ဗျဝတ္ထယာ။

**အနက်** ကတ္တိကာဒီ၊ တန်ဆောင်မုန်း အစရှိကုန်သော။ မာသာ၊ ရှစ်လတို့သည်။ကတ္တိကာဒိ ဗျဝတ္ထယာ၊ကြတ္တိကာနက္ခတ် အစရှိသော အပိုင်းအခြားအားဖြင့်။ ဒွိဘာ၊ နှစ်လုံးနှစ်လုံးသော နက္ခတ်ရှိကုန်၏။ဖဂ္ဂုနီစ၊ တပေါင်းလ

ကိုကား။ တိဘော၊ သုံးလုံးသော နက္ခတ် ရှိ၏ဟူ၍။ မတော၊ သိအပ်၏။ အန္တော ပန္တော၊သီတင်းကျွတ်လပြည့်နှင့် တော်သလင်းလပြည့်ကို။ တိဘော၊ သုံးလုံးသော နက္ခတ်ရှိ၏ ဟူ၍။ဥေ ယျော၊သိအပ်၏။

ဟူ၍ ရာသီအရကို ယူမှတ်စိမ့်သောငှါ ဆိုသည်၊ နက္ခတ်ချသည့် အရာနှင့် ညီသည်။

ပုံတော်တွင် စတုရပါဒ်ကို ထားသည့်အရာသည် ရာဇမတ္တဏ်တွင်—

အဿိန္ဓော ထ ဘရဏျ၊ဗဟုလာ ပါဒေါစ ကိတ္တိတော။
ဝသဘော ဗဟုလာသေသော၊ရောဟိဏျဒွေါစ မိဂသိရဿ။

အနက် မေသာ၊မိဿရာသီကိုကား။အဿိန္ဓော၊ အဿဝဏီနက္ခတ်ရှိ၏ ဟူ၍လည်းကောင်း။အထ၊ထို့မြို့။ ဘရဏျ၊ ဘရဏီနက္ခတ် ရှိ၏ဟူ၍လည်းကောင်း။ဗဟုလာပါဒေါစ၊ကြတ္တိကာနက္ခတ်၏ အစတပါဒ်ရှိ၏ဟူ၍လည်းကောင်း။ ကိတ္တိတော၊ဆိုအပ်၏။ ဝသဘော၊ပြိဿရာသီကိုကား။ ဗဟုလာသေသော၊ကြတ္တိကာ နက္ခတ်၏ အဆုံးသုံးပါဒ်ရှိ၏ ဟူ၍လည်းကောင်း။ ရောဟိဏျော၊စ၊ ရောဟိဏီနက္ခတ် တလုံးရှိ၏ဟူ၍လည်းကောင်း။ မိဂသိရဿ၊ မိဂသီနက္ခတ်၏။ အဒွေါစ၊ အစနှစ်ပါး ရှိ၏ဟူ၍လည်းကောင်း။ကိတ္တိတော၊ဆိုအပ်၏။

စသည်ဖြင့် စတုရပါဒ်နက္ခတ်ကို ချသည်နှင့် ညီသည်။

ပုံတော်တွင် အကြပ်အတာ မရှိ သင်္ကြန်ပြောင်းသည့်အရာသည် ရာဇမတ္တဏ် တွင်—

အယနေ ဒွေ ဝိသုဝေ ဒွေ၊စတဿော ဆဠသီတယော။
စတဿော ဝိဏျုပဇ္ဇော စ၊သင်္ကန္တာ ဒွါဒသ မတာ။

အနက် အယနေ၊အယနသင်္ကြန်သည်။ ဒွေ၊နှစ်ပါး။ ဝိသုဝေ၊ ဝိသုဝသင်္ကြန်လည်း။ ဒွေ၊ နှစ်ပါး။ ဆဠသီတယော၊ ဆဠသီတိသင်္ကြန်တို့သည်။ စဟဿော၊ လေးပါးတို့တည်း။ ဝိဏျုပဇ္ဇော စ၊ ဝိဏျုပဇ္ဇသင်္ကြန် တို့သည်လည်း။ စဘဿော၊ လေးပါးတို့တည်း။ ဣတိပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ သင်္ကန္တာ၊သင်္ကြန်တို့ကို။ဒွါဒသ၊တဆယ့်နှစ်ပါးတို့ဟူ၍။မတာ၊သိအပ်ကုန်၏။

ဟူ၍ သင်္ကြန် တဆယ့်နှစ်ပါးလုံးမှာပင် အကြပ်အတာ မရှိ ပြောင်းခြင်းကို ဆိုသည်နှင့် ညီသည်။

ပုံဟော်တွင် အမိမာသ်တပါးတပါး အသက်ကို နှစ်နှစ်နှင့် ရှစ်လ ရှစ်ရက် ရှစ်နာရီ နှစ်ပါဒ် လေးဗိဇနာ တပြန် ခုနစ်ခရာ သေသတခုသာ ပိုင်းခြားသည့်အရာသည် ရာဇမတ္တဏ်တွင်—

ဂတေ အဒ္ဒိ ဒွယေ သဒ္ဓေါပဥ္စပက္ခေ ဒိနဒွယေ။
ဒိဝဿ သတ္တမေ ဘာဂေါပတတျေကော ဓိမာသကော။

**အနက်** သဒ္ဓေါ၊လခွဲဟူသော ခြောက်လ နှစ်လနှင့်တကွ။ အဒ္ဒိဒွယေ၊ နှစ်နှစ်သည်။ ဂတေ၊ ရောက်လသော်လည်းကောင်း။ ဒိဝဿ၊ တရက်ဟူသော နာရီခြောက်ဆယ်ကို။သတ္တမေ ဘာဂေ၊ခုနစ်ခုနှင့် စား၍ရသော လဒ် နာရီ ပါဒ် ဗိဇနာ ပြန် ခရာ သေသသည်။ဂတေ၊ ရောက်လသော်လည်းကောင်း။ ဧကော အဓိမာသကော၊တခုသော လလွန်သည်။ပတတိ၊ကျ၏။

ဟူ၍ အဓိမာသ်အသက် တွက်ခြေ စားခြေကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် အဓိမာသ် ပြိုဆစ်ရောက်သည်လမှာမှ လထပ် ထားသည့်အရာသည် ရာဇမတ္တဏ်ဋီကာတွင်—

စမ္မော မိဂသိရောစေဝ၊ပဥ္စဘဒ္ဒပဒါ တထာ။
အဋ္ဌသေသော ဝိသာခါစ၊ဒသစ မာဃ မာသကော။

တယော ဒသဿိနိ မာသော၊သောဠသာသဋ္ဌ မာသကော။
အဋ္ဌာရသ ဖဂ္ဂုနီစ၊ နဝ ဒသေန ဘာဇယေ။

**အနက်** စမ္မော၊ စမ္မာဓိမာသ်သည်။ မိဂသိရောစေဝ၊ နတ်တော်လ၌ ပြို၏။ တထာ၊ထိုမှတပါး။ပဥ္စ၊ပဥ္စာဓိမာသ်သည်။ ဘဒ္ဒပဒါ၊တော်သလင်းလ၌ ပြို၏။အဋ္ဌသေသော၊ပသျှုဓိမာသ်သည်။ ဝိသာခါစ၊ကဆုန်လ၌ ပြို၏။ ဒသစ၊ ဒသာဓိမာသ်သည်။ မာဃမာသကော၊ တပို့တွဲလ၌ ပြို၏။ တယောဒသ၊ တေရသာဓိမာသ်သည်။ အဿိနိမာသော၊ သီတင်းကျွတ်လ၌ ပြို၏။ သောဠသ၊ သောဠသာဓိမာသ်သည်။အာသဠ္ဌမာသကော၊ဝါဆိုလ၌ ပြို၏။ အဋ္ဌာရသ၊ အဋ္ဌာရသာဓိမာသ်သည်။ ဖဂ္ဂုနီစ၊ တပေါင်းလ၌ ပြို၏။ နဝဒသေန၊ တဆယ့်ကိုးခုဖြင့်။ ဘာဇယေ၊ စားရာ၏။

ဟူ၍ အဓိမာသ်ပြိုဆစ်လကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် အဓိမာသ်ပင်ပြိုသော်လည်း လပို လလွန် မရှိသည့်အရာသည် ရာဇမတ္တဏ်တွင်—

သင္ကိဘိ ဒိဝသေ မာသော၊ကထိတော ဗာဒရာယနေ။
ပုဗ္ဗမာနံ ပရိစ္စဇ္ဇ၊ မာန မုတ္တရ မိဿတေ။

**အနက်** ဗာဒရာယနေ၊ ဗာဒရာယနဆရာပြုသော ကျမ်း၌။ သင္ကိဘိဒိဝသေ၊ အရက်ခြောက်ဆယ်တို့ဖြင့်။ မာသော၊ တလဟူ၍။ ကထိတော၊ ဟောလေ၏။ တတြ၊ ထိုအရက်ခြောက်ဆယ်တွင်။ ပုဗ္ဗမာနံ၊ရှေးအရက်သုံးဆယ်ကို။ ပရိစ္စဇ္ဇ၊စွန့်၍။ဥတ္တရမာသံ၊နောက်အရက်သုံးဆယ်ကို။ဣဿတေ၊လိုအပ်၏။

ဟူ၍ အဓိမာသ်ပြိုသည်ကာလ လပို လလွန် ပြု၍ နှစ်လအတွက် ရက်ခြောက်ဆယ်ဟု ဗာဒရာယနကျမ်း၌ ဆိုလေသည်ကို လပို လလွန်အတွက် ရှေးရက်သုံးဆယ် မရှိသင့်၊ ရာဇမတ္တဏ်ဆရာ ပယ်သည်နှင့်ရင်း, တနင်္ဂနွေ ၁၂ ရာသီ ပတ်မိလျှင် ဘဂဏတခုဟူ၍ တဆယ့်နှစ်လဖြစ်သော ဘဂဏကို ရေတွက်သည်နှင့်ရင်း ညီသည်။

ပုံတော်တွင် စန္ဒြမာသ နှစ်ဆယ့် တအံသာနောက် နှစ်ဆယ့်နှစ်အံသာအဝင် လိတ္တာလေးဆယ်တွင် ရာသီပြတ်လေရကား လိတ္တာလေးဆယ်မျှဖြင့် တအံသာမဆို လောက်သောကြောင့် ၎င်းနှစ်ဆယ့်နှစ်အံသာနောက် လိတ္တာလေးဆယ်ထွက်သည်၊ အံသာ ဆိတ်သည့်နေ့ နိရံသာ ဟူသည့်အရာသည် ရာဇမတ္တဏ်တွင်—

နိသဒ္ဒေစ ဌိတေ ဘာနု၊နိရံသေ ဒိနဒွယံ။
ပုဗ္ဗေ အဟို့ ကတ္တဗ္ဗံ၊နှာနဒါန ကြိယာဒိကံ။

**အနက်** နိသဒ္ဒေ၊သန်းကောင်အခါ၌။ဌိတေ၊တည်သော။ဘာနု၊တနင်္ဂနွေ၌။ နိရံသေ၊အံသာကင်းသည်။ စေ၊ အကယ်၍။ ဘဝေ၊ဖြစ်အံ့။ ယံဒိနဒွယံ၊အကြင်နှစ်ရက်အပေါင်းသည်။အတ္ထိ၊ရှိ၏။ တသ္မိံ ဒိနဒွယေ၊ထိုနှစ်ရက်အပေါင်းတွင်။ပုဗ္ဗေအဟို့၊ရှေးသောနေ့၌။ နှာနဒါနကြိယာဒိကံ၊ ဦးခေါင်းဆေးခြင်း, အလှူပေးခြင်း ကြိယာစသောအမှုကို။ကတ္တဗ္ဗံ၊ပြုရာ၏။

ဟူ၍ အံသာကင်းသော နိရံသာနေ့၌ သန်းကောင်အခါ ဦးခေါင်းဆေးခြင်း, အလှူပေးခြင်းအမှု ပြုရာသည်ကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် လဆန်းသုံးရက်ကို ဒိန္နက်သ ဟူသည့်အရာသည် ရာဇမတ္တဏ်တွင်—

ကေသ္မိံ သဝနေ အဟ္နိ၊တိထီနံ တိတယံ ယဒါ။
တဒါ ဒိနက္ခယော ဝုတ္တော၊တတြ သာဟသိကံ ဖလံ။

**အနက်** ကေသ္မိံ၊တခုသော။သဝနေ၊သာဝနမာသ၌။အဟ္နိ၊ရက်၌။ တိထီနံ၊ တိထိတို့၏။ တိတယံ၊ သုံးခုအပေါင်းသည်။ ယဒါ၊ အကြင်အခါ၌။ ဘဝေ၊ဖြစ်အံ့။ တဒါ၊ ထိုအခါ၌ကား။ ဒိနက္ခယော၊ ဒိနက္ခယဟူ၍။ ဝုတ္တော၊ဟော အပ်၏။ တတြ၊ ထိုဒိနက္ခယအခါ၌။ သာဟသိကံ၊ တထောင်နှင့်ယှဉ်သော။ ဖလံ၊ အကျိုးသည်။အသ၊ဖြစ်၏။

ဟူ၍ သာဝနမာသ,အံသာ,တိထိ သုံးလုံးမြင်သည့်နေ့တိုင် ဒိန္နက်သနေ့ ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် နတ်အိပ် နတ်နိုးယူသည့်အရာသည် ရာဇမတ္တဏ်တွင်—

အာ ဘာ ကာ သိတပက္ခေသု၊မေတ္တာဿဝဏ ရေဝတီ။
အာဒိ ဝဇ္ဈာ ဝသာနေသု၊သယနာ ဝတ္တပ္ပဗောဓနံ။

**အနက်** အာ ဘာ ကာ သိတပက္ခေသု၊ ဝါဆိုလဆန်းတဆယ့်နှစ်ရက်, တော်သလင်းလဆန်း တဆယ့်နှစ်ရက်, တန်ဆောင်မုန်းလဆန်း တဆယ့် နှစ်ရက်တို့၌။မေတ္တာဿဝဏ ရေဝတီ အာဒိမဇ္ဈာဝသာနေသု၊အနုရာဓနက္ခတ်,သရဝဏ် နက္ခတ်, ရေဝတီနက္ခတ်တို့၏ အစသောပါဒ် အလယ်သောပါဒ် အဆုံးသောပါဒ် တို့၌။ သယနာဝတ္တပ္ပဗောဓနံ၊ ဗိဿဏိုးနတ်၏ အိပ်ခြင်း ပြန်ခြင်း နိုးခြင်းသည်။ ကမေန၊အစဉ်အားဖြင့်။ဘဝတိ၊ဖြစ်၏။

စသည်ဖြင့် ဗိဿဏိုးနတ်အိပ် နတ်နိုး အစရှိသည်ကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တနေ့လျှင် နက္ခတ်တလုံးစီ မထွန်းမလျှံ စန်းသွားသည့်အရာသည် ရာဇမတ္တဏ်တွင်—

သီဟာဂတေ ဒိနကရေ သိတစာရုပက္ခေ၊
ဟယာဒျ ပါဒ မုပသန္ဓိဟိတေ သသင်္ကေ။
ဥတ္တိဋ္ဌတေ သကလဒေဝ ဂဏာဓိ ပုဋ္ဌံ၊
ယာမျန္တတော နိသိ ဗဒြပါဏိ နိသီဒတိ။

**အနက်** ဒိနကရေ၊တနင်္ဂနွေသည်။ သီဟဂတေ၊ သီဟရာသီသို့ရောက်သော်။ သီတစာရုပဂ္ဂေ၊လဆန်းအဖို့၌။သသင်္ကော်၊စန်းသည်။ဟယာဒျပါဒိ၊ သရဝဏ်နက္ခတ်၏ အစသောပါဒ်ကို။ ဥပသန္နိဟိတေ၊ တည်သည်ရှိသော်။ သကလဒေဝဂဏာဓိပဿ၊သိကြားတမ်းခွန်ကို။ ဥတ္တံဋ္ဌတေ၊ ထူရာ၏။ ယာမျန္တတော၊ ဘရဏီနက္ခတ်၌။နိသိ၊ညဉ့်၌။ဗဂြပါဏီ၊သိကြားတမ်းခွန်ကို။နိသီဒတိ၊လှည့်ရာ၏။

ဟူ၍ သီဟရာသီတွင် ဆယ်လုံး တဆယ့်တလုံးနက္ခတ်ကို စီးပြီး နောက် တနေ့ တလုံးစီး၍ မကာရရာသီ နှစ်ဆယ့်နှစ်လုံးနက္ခတ်မှာ စန်းစီးကြောင်းကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တနေ့လျှင် တအံသာစီ မထွန်းမလျှံ တနင်္ဂနွေသွားကြောင်းကို ဆိုသည့်အရာသည် ရာဇမတ္တဏ်တွင်—

ပါဏေဟိ ဆဗ္ဗိ ဝိကလာ၊ဝိကလာနံ သဋ္ဌိဘိ ကလာ။
တာသံ သဋ္ဌျာသာ တံ တိံသ၊ရာသီ မေသာဒယော စ တေ။

**အနက်** ဆဗ္ဗ ပါဏေဟိ၊ ခြောက်ပြန်တို့ဖြင့်။ ဝိကလာ၊ ဝိကလာမည်၏။ ဝိကလာနံ၊ဝိကလာတို့၏။သဋ္ဌိဘိ၊ခြောက်ဆယ်တို့ဖြင့်ကား။ ကလာ၊ ကလာမည်၏။ တာသံ၊ ထိုကလာတို့၏။ သဋ္ဌိ၊ ခြောက်ဆယ်ဖြင့်ကား။ အံသာ၊ တအံသာမည်၏။တံတိံသ၊ထိုအံသာသည်ကား။ ရာသီ၊တရာသီမည်၏။တေစ ရာသယော၊ထိုရာသီတို့ကား။မေသာဒယော၊မိဿ,ပြိဿ အစရှိကုန်သော တဆယ့်နှစ်ပါးသော ရာသီတို့တည်း။

ဟူ၍ တရာသီလျှင် အံသာသုံးဆယ် ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တပို့တွဲလကို ရက်စုံသတ်သည့်အရာသည် ရာဇမတ္တဏ်တွင်—"ဒွါပရာဧဝ မာဃေ"—မာဃေ၊တပို့တွဲလဆုတ်(၁၅)ရက်တိထိကား။ဒွါပရာဧဝ၊ဒွါပရယုတ်သည်လျှင် မည်၏—ဟူ၍ တပို့တွဲလဆုတ်(၁၅)ရက်နေ့ ဒွါပရယုတ်စ၍ ဆန်းသည်ကို ဆိုသည်နှင့် ညီသည်။

ရာဇမတ္တဏ်တွင် ပုံတော်နှင့် ညီညွတ်သည့်အရာကို အမြွက်မျှ ဆိုသည့်အချက် ငါးရပ်။

ပုံတော်တွင် အဓိမာသ် ပြိုဆစ်ရောက်သည့် လမှာသာ လထပ်သည့်အရာသည် ရာဇမတ္တဏ်တွင်—

မိထုနဋ္ဌော ယဒါ ဘာနု၊အမာဝါသီ ဒွယံ လဘော။
ဒွိရာသဋ္ဌော သဝိညေယျော၊ဝိဏ္ဏု သုပတိ ကက္ကဋ္ဌေ။

**အနက်** ယဒါ၊ အကြင်အခါ၌။ မိထုနဋ္ဌော၊ မေထုန်ရာသီ၌ တည်သော။ ဘာနု၊တနင်္ဂနွေသည်။ အမာဝါသီဒွယံ၊လကွယ်နှစ်ထပ်ကို။လဘော၊ ရအံ့။သောမာသော၊ထိုလကို။ဒွိရာသဋ္ဌော၊ဝါဆိုနှစ်လဟူ၍။ ဝိညေယျော၊သိအပ်၏။ အဏ္ဏေ၊ တနင်္ဂနွေသည်။ ကက္ကဋ္ဌေ၊ ကြကဋ်ရာသီသို့ရောက်သော်။ ဝိဏ္ဏု၊ဗိဿဏိုး သည်၊ သုပတိ၊အိပ်၏။

ဟူ၍ ဝါဆိုလတွင်သာ လထပ်ကြောင်းကို ဆိုသည်နှင့် မညီသကဲ့သို့ရှိ သည်၊မညီသည်ကား မဟုတ်၊ ဝါဆိုလတွင် ပြိုသော သောဠသာဓိမာသ်ကို သာ ပဓာနနည်း ညွှန်သည့်နည်းပြပြု၍ ဆိုသောကြောင့် ညီသည်သာ၊ အကယ်၍ သောဠသာဓိမာသ်ကိုသာ ပဓာနနည်း ညွှန်ပြပြု၍ ဆိုလေသည် မယူငြားအံ့ အဓိမာသ်ပြိုဆစ်လကို ဆိုပြီးသော ယခင်စကားနှင့် မညီ ရှေ့, နောက် ဆန့်ကျင်သော ဝိရောဓိဒေါသ မကင်းမလွတ် ရှိလေရာသည်။

ပုံတော်တွင် တိထိမထွန်းမထပ်သည့်အရာသည် ရာဇမတ္တဏ်တွင်—

တိကိ ဒွေခံ ယဒေကသ္မိံ၊ဘဝေဒပိ ကထဉ္စနံ။
သဒ္ဒေ ပုဗ္ဗ တိထိ ဥေ ယျာ၊ဝုဒ္ဓါဒေါ ဥတ္တရာ မတာ။

**အနက်** ယဒါ၊အကြင်အခါ၌။ ကေသ္မိံ အပိ၊ တလ၌လည်း။ ကထဉ္စနံ၊တရံ ရောအခါ၌၊ တိထိဒွေခံ၊ တိထိနှစ်ပါးသည်။ ဘဝေ၊ဖြစ်အံ့။ သဒ္ဒေ၊ ကုဋ္ဌိအပူ၌။ပုဗ္ဗတိထိ၊ရှေးသောတိထိကို။ ဥေ ယျာ၊သိအပ်၏။ ဝုဒ္ဓါဒေါ၊ ဗြိဒ္ဓိအစရှိ သော ကုဋ္ဌိ၌။ဥတ္တရာ၊နောက်သော တိထိကို။မတာ၊သိအပ်၏။

ဟူ၍ တိထိထပ်ကြောင်းကို ဆိုသည်နှင့် မညီသကဲ့သို့ ရှိသည်၊ မညီသည် ကား မဟုတ်၊ ပုံတော်မှာ တရက်တရက်၌ပင် မွန်းလွဲငါးနာရီတွင် ရှေးတိထိ ပျောက်၍ နောက်တိထိသို့ဝင်ရကား တိထိနှစ်လုံးရ၍ သဒ္ဒကုဋ္ဌိ၌ ရှေးတိထိ ကို ဆောင်လေ၊ ဗြိဒ္ဓိစသောကုဋ္ဌိ၌ နောက်တိထိကို ဆောင်လေ အဓိပ္ပါယ် ရသောကြောင့် ညီသည်သာ။

ပုံတော်တွင် ပုဏ္ဏာ၁တိထိ မပြည့်သည့်နေ့ မရှိသည့်အရာသည် ရာဇမတ္တဏ်ငှ်ကာ တွင်—

ဒွါရာသင္ဆေ ယဒါကာလေ၊ပုဏ္ဏမိယံ တိထိ ဘဝေ။
ပန္နရသိ ယဒျာပုဏ္ဏော၊ဒိနာကစုံ ပကပ္ပယေ။

**အနက်** ယဒါကာလေ၊ အကြင်အခါ၌။ ဒွါရာသင္ဆေ၊ ဝါဆိုနှစ်လသည်။ သမ္ပတ္တော၊ရောက်လသော်။ပုဏ္ဏမိယံ၊လပြည့်နေ့၌။ တိထိ၊တိထိသည်။ ပန္နရသိ၊ တဆယ့်ငါးရက်သည်။ ဘဝေ၊ဖြစ်၏။ အပုဏ္ဏော၊ မပြည့်သည်။ ယဒိအသာ၊ အကယ်၍ဖြစ်အံ့။ဒိနာကစုံ၊ရက်ငင်ခြင်းကို။ပကပ္ပယေ၊ကြံရာ၏။

ဟူ၍ ပုဏ္ဏာ၁တိထိမပြည့်လျှင် ရက်ငင်သင့်ကြောင်းကို ဆိုသည်နှင့် မညီ သကဲ့သို့ ရှိသည်၊ မညီသည်ကား မဟုတ်၊တစုံတခုအကြောင်းနှင့် ယိုယွင်း၍ ပုဏ္ဏာ၁တိထိမပြည့်လည်း ရှိရာသောကြောင့် ညီသည်သာ။

## ရာဇမတ္တဏ်နှင့် ပုံတော် မညီမညွတ်သကဲ့သို့ ရှိသည့်အရာကို အမြွက်မျှ ဆိုသည့်အချက် သုံးရပ်။

အဘိဓမ္မာ, ဝိနည်း, သုတ္တန် ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် ပုံတော်တွင် မည်သည့်အရာ ညီသည်၊ မည်သည့်အရာ မညီကွဲပြားသည်ကို မေတ္တာစာ ဆက်သွင်းစေ အမိန့်တော်ပါသည်အတိုင်း အဘိဓမ္မာ,ဝိနည်း,သုတ္တန် ပါဠိ,အဋ္ဌကထာ,ဋီကာများ နှင့် ပုံတော်ကို တိုက်ခိုက်နှိုင်းယှဉ်သော် ပုံတော်တွင် တလလျှင် ရက် သုံးဆံယ်၊ တနှစ်လျှင် ရက်(၃၆၀)ရှိသည့်အရာသည် အဘိဓမ္မာ,ဝိနည်း,သုတ္တန် ပါဠိတော်များ တွင်—

တိံသရတ္တိယော မာသော၊ တေန မာသေန ဒွါဒသ မာသိယော သံဝစ္ဆ ရော။

**အနက်** တိံသရတ္တိယော၊နေ့ညဉ့် သုံးဆယ်တို့သည်။မာသော၊တလမည်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့ သည်။သံဝစ္ဆရော၊တနှစ်မည်၏။

စသည်ဖြင့် တလလျှင် ရက်သုံးဆယ်၊ တနှစ်လျှင် ရက်(၃၆၀) ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တရက် တအိမ်သာလျှင် နာရီခြောက်ဆယ် ရှိသည့်အရာသည် အဘိဓာန်ကျမ်းတွင်—

ဃဋိကာ သဋ္ဌျဟောရတ္တော၊ပက္ခော တေ ဒသပဉ္စ၊။
တေတု ပုဗ္ဗာပရာ သုက္ကာ၊ကာဠာ မာသော တု တေဒုဝေ၊။

**အနက်** သဋ္ဌိဃဋိကာ၊ နာရီခြောက်ဆယ်တို့သည်။ အဟောရတ္တော၊ တရက်မည်၏။ တေဒသပဉ္စ၊ ထိုတဆယ့်ငါးရက်တို့သည်ကား။ ပက္ခော၊ တပက္ခမည်၏။ ပုဗ္ဗာပရာ၊ ရှေ့နောက်ဖြစ်ကုန်သော။တေတု၊ ထိုပက္ခတို့သည်ကား။ သုက္ကကာဠာ၊သုက္ကပက္ခ,ကာဠပက္ခမည်ကုန်၏။တေဒုဝေ၊ထိုပက္ခနှစ်ပါးတို့သည်ကား။ မာသော၊တလမည်၏။

ဟူ၍ တရက်လျှင် နာရီခြောက်ဆယ်ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် မိဿကို ပဌမရာသီ တားသည့်အရာသည် အဘိဓာန်တွင်—

"ရာသိ မေသာဒိကော"—မေသာဒိကော၊ မိဿအစရှိသည်ကား။ ရာသိ၊ ရာသီမည်၏—ဟူ၍ မိဿရာသီကို အဦးအစ ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တရက်လျှင် တလုံးစီ မထွန်းမလျှံ စန်းစီးနက္ခတ်ကို ပြသည့်အရာသည် ပါရာဇိကဏ် အဋ္ဌကထာတွင်—

မိဂသိရမာသဿ ပဌမဒိဝသတော ပဘုတိ။ပ။စာတုဒ္ဒသိ ဒိဝသေ။ပ။
အတ္ထင်္ဂတေ သူရိယေ ရောဟိဏီနက္ခတ္တေန ပထဝိယံ ပတိဋ္ဌတိ။

**အနက်** မိဂသိရမာသဿ၊နတ်တော်လ၏။ ပဌမဒိဝသတော၊လဆန်းတရက်နေ့မှ။ ပဘုတိ၊ စ၍။ စာတုဒ္ဒသိဝသေ၊ လေးရက်မြောက်သနေ့၌။ မဟာဗောဓိံ၊မဟာဗောဓိကို။အာဒါယ၊ယူ၍။ ဥဠာရပူဇံ၊မြတ်သောပူဇော်ခြင်းကို။ ကုရုမာနော၊ပြုလျက်။စာတုဒ္ဒသိဒိဝသေ၊ လဆန်းတဆယ့်လေးရက်နေ့၌။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ ရောဟိဏီနက္ခတ္တေန၊ရောဟိဏီနက္ခတ်ဖြင့်။ ပထဝိယံ၊မြေ၌။ပတိဋ္ဌတိ၊တည်၏။

ဟူ၍ တရက်တလုံး စန်းစီးနက္ခတ် အရေအတွက်နှင့်လျော်စွာ နတ်တော်လဆန်း တဆယ့်လေးရက်နေ့ ရောဟိဏီနက္ခတ်အယှဉ်တွင် မြေ၌ သီဟိုဠ်ကျွန်း မဟာဗောဓိ တည်ကြောင်းကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တနေ့တအံသာစီ မထွန်းမလျှံ တနဂ်နွေသွားကို ပြသည့်အရာသည် အဘိဓမ္မာ,သုတ္တန်,ဝိနည်း ပါဠိတော်များတွင်—

တိံသရတ္တိယော မာသော၊ တေနမာသေန ဒွါဒသမာသိယော သံဝစ္ဆရော။

အနက် တိံသရတ္တိယော၊ညဥ့်,နေ့သုံးဆယ်တို့သည်။ မာသော၊တလမည်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။သံဝစ္ဆရော၊တနှစ်မည်၏။

ဟူ၍ တရာသီလျှင် အံသာသုံးဆယ် စေ့ကာသာ၊ တနှစ်လျှင် အံသာ (၃၆၀)စေ့ကာသာ ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် အငိမာသ်ပြိုသော်လည်း လပို လလွန် မရှိသည့်အရာသည် ယခင် အဘိဓမ္မာ,ဝိနည်း,သုတ္တန် ပါဠိတော်များတွင် တနှစ်လျှင် လပို လလွန် မရှိ၊ (၃၆၀) သာ ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် နှစ်နှစ်နှင့် ရှစ်လ ရှစ်ရက် ရှစ်နာရီ နှစ်ပါဒ် လေးဗိဇနာ တပြန် ခုနစ်ခရာ သေလတခုသာ အဓိမာသ် တပါးတပါး၏ အသက်ကို ဆိုသည့်အရာသည် ဝိနည်းအဋ္ဌကထာတွင်—

“အဍ္ဍာရသသု ဝဿေသု ဆမာသာ ဝစုဋ္ဌိ”—အဍ္ဍာရသသု ဝဿေသု၊ တဆယ့် ရှစ်နှစ်တို့၌။ဆမာသာ၊ခြောက်လတို့သည်။ ဝစုဋ္ဌိ၊ ပွားကုန်၏—ဟူ၍ တဆယ့်ရှစ်နှစ် တွင်သာ အဓိမာသ် လပွားကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် အကြွပ် အတာမရှိ သကြံန်ပြောင်းသည့်အရာသည် အဘိဓမ္မာ, ဝိနည်း,သုတ္တန် ပါဠိတော်များတွင်—

တိံသရတ္တိယော မာသော၊ တေနမာသေန ဒွါဒသမာသိယော သံဝစ္ဆရော။

အနက် တိံသရတ္တိယော၊နေ့,ညဥ့်သုံးဆယ်တို့သည်။ မာသော၊တလမည်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။သံဝစ္ဆရော၊တနှစ်မည်၏။

ဟူ၍ တလလျှင် ရက်သုံးဆယ်စေ့ကာသာ၊ တနှစ်လျှင် ရက်(၃၆၀) စေ့ကာသာ ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် အရုဏ်ဖြင့် နေ့ရက်အံသာကို ပိုင်းခြားသည့်အရာသည် ဇိနာလင်္ကာရဋီကာစသော ကျမ်းဂန်တွင်—

သူရိယဿ ဥဒယတော ယာဝ အတ္ထင်္ဂမနာ ဒိဝါနာမ၊ အတ္ထင်္ဂမနတော ယာဝ ဥဒယာ ရတ္တိနာမ၊ ဧဝံ ရတ္တိဒိဝါ ပညာယိံသု၊ တိံသရတ္တိဒိဝေါ မာသော၊ ဒွါဒသမာသိယော သံဝစ္ဆရောတိ ပညာယတိ။

**အနက်** သူရိယဿ၊ နေ၏။ ဥဒယတော၊ ထွက်သည်မှ။ ယာဝအတ္ထင်္ဂမနာ၊ ဝင်သည်တိုင်အောင်။ ဒိဝါနာမ၊ နေ့မည်၏။ အတ္ထင်္ဂမနတော၊ ဝင်သည်မှ။ ယာဝဥဒယာ၊ ထွက်သည်တိုင်အောင်။ ရတ္တိနာမ၊ ညဉ့်မည်၏။ ဧဝံ၊ ဤသို့။ ရတ္တိဒိဝါ၊ ညဉ့်နေ့တို့သည်။ ပညာယိံသု၊ ထင်ရှားကုန်၏။ တိံသရတ္တိဒိဝေါ၊ ညဉ့်နေ့သုံးဆယ်တို့သည်။ မာသော၊ တလမည်၏။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။ သံဝစ္ဆရော၊ တနှစ်မည်၏။ ဣတိ၊ ဤသို့။ ပညာယတိ၊ ထင်ရှား၏။

ဟူ၍ နေ့ ညဉ့်ဟူသော ရက် အံသာကို နေထွက်အရုဏ်တက်ဖြင့်သာ ပိုင်းခြားသည်နှင့် ညီသည်။

ပုံတော်တွင် သာဝနမာသကို ပဓာနပြု၍ မာသ အရေအတွက် ရက်သုံးဆယ်ပြည့်သည်ကို လပြည့် ဟူသည့်အရာသည် သီလက္ခန်ဋီကာတွင်—

တဒါ ကတ္တိကမာသဿ ပုဏ္ဏတာယ မာသပုဏ္ဏတာ၊ ဝဿာနဿ ဥတုနော ပုဏ္ဏတာယ ဥတုပုဏ္ဏတာ၊ ကတ္တိကမာသလက္ခိတဿ သံဝစ္ဆရဿ ပုဏ္ဏတာယ သံဝစ္ဆရပုဏ္ဏတာ။

**အနက်** တဒါ၊ ထိုအခါ၌။ ကတ္တိကမာသဿ၊ တန်ဆောင်မုန်းလ၏။ ပုဏ္ဏတာယ၊ ပြည့်သည်၏ အဖြစ်ကြောင့်။ မာသပုဏ္ဏတာ၊ လပြည့်မည်၏။ ဝဿာနဿဥတုနော၊ ဝဿာနရတု၏။ ပုဏ္ဏတာယ၊ ပြည့်သည်၏ အဖြစ်ကြောင့်။ ဥတုပုဏ္ဏတာယ၊ ဥတုပြည့်မည်၏။ ကတ္တိကမာသလက္ခိတဿ၊ တန်ဆောင်မုန်းလဖြင့် မှတ်အပ်သော။ သံဝစ္ဆရဿ၊ နှစ်၏။ ပုဏ္ဏတာယ၊ ပြည့်သည်၏ အဖြစ်ကြောင့်။ သံဝစ္ဆရပုဏ္ဏတာ၊ နှစ်ပြည့်မည်၏။

ဟူ၍ တန်ဆောင်မုန်းလပြည့်နေ့၌ လ အရေအတွက် ပြည့်ကြောင်းကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် သာဝနမာသကို ပဓာနပြု၍ နေနှင့်လ ဝေးသည်ကို လဆန်း နီးသည်ကို လဆုတ်ဟူသည့်အရာသည် ပါထေယျအဋ္ဌကထာတွင်—

သူရိယဿ ဥဇုဂမနံ သီဃံ၊ တိရိယဂမနံ ဒန္ဓံ၊ သော ကာဠပက္ခ ဥပေါသထဒိဝသတော ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ။ အထ စန္ဒော လေခါဝိယ ပညာယတိ၊ ပက္ခဿ ဒုတိယာယ သတသဟဿန္တိ၊ ဧဝံ ယာဝ ဥပေါသထဒိဝသာ သတသဟဿံ သတသဟဿံ ဩဟာယ ဂစ္ဆတိ။ အထ စန္ဒော အနုက္ကမေန ဝဍ္ဎိတွာ ဥပေါသထဒိဝသေ ပရိပုဏ္ဏော ဟောတိ။ ပုန ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊ ဒုတိယာယ သတသဟဿန္တိ။ ဧဝံ ယာဝ ဥပေါသထဒိဝသာ သတသဟဿံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ။ အထ စန္ဒော အနုက္ကမေန ဟာယိတွာ ဥပေါသထဒိဝသေ သဗ္ဗသော န ပညာယတိ။

**အနက်** သူရိယဿ၊နေ၏။ ဥဇုဂမနံ၊ အဖြောင့်သွားကား။ သီဃံ၊ လျင်၏။ တိရိယဂမနံ၊ ဖီလာသွားကား။ ဒန္ဓံ၊ နှေး၏။ သော၊ ထိုနေသည်။ ကာဠပက္ခဥပေါသထဒိဝသတော၊ လကွယ် ဥပုသ်နေ့မှ။ ပါဋိပဒဒိဝသေ၊ အထွက်တရက်နေ့၌။ ယောဇနာနံ သတသဟဿံ၊ ယူဇနာတသိန်းတိုင်တိုင်။ စန္ဒမဏ္ဍလံ၊ လဝန်းကို။ဩဟာယ၊စွန့်၍။ ဂစ္ဆတိ၊သွား၏။ အထ၊ ထိုအခါ၌။ စန္ဒော၊လသည်။ လေခါဝိယ ပညာယတိ၊ရေးရေးယောင်ထင်၏။ပက္ခဿဒုတိယာယ၊လဆန်း(၂)ရက်နေ့၌။ သတသဟဿံ၊ တသိန်းတိုင်တိုင်။ စန္ဒမဏ္ဍလံ၊လဝန်းကို။ ဩဟာယ၊စွန့်၍။ ဂစ္ဆတိ၊သွား၏။ဧဝံ၊ဤသို့။ ယာဝဥပေါသထဒိဝသာ၊ လပြည့်ဥပုသ်နေ့တိုင်အောင်။ သတသဟဿံ သတသဟဿံ ဩဟာယ ဂစ္ဆတိ၊ တသိန်း တသိန်းစွန့်၍ သွား၏။ အထ၊ထိုအခါ၌။ စန္ဒော၊လသည်။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဝဍ္ဎိတွာ၊ပွား၍။ ဥပေါသထဒိဝသေ၊ လပြည့်ဥပုသ်နေ့၌။ ပရိပုဏ္ဏော၊ပြည့်သည်။ ဟောတိ၊ ဖြစ်၏။ ပုန၊တဖန်။ပါဋိပဒဒိဝသေ၊လဆုတ်အထွက်တရက်နေ့၌။ယောဇနာနံ သတသဟဿံ၊ ယူဇနာတသိန်းတိုင်တိုင်။ ဓာဝိတွာ၊ပြေး၍။ ဂဏှာတိ၊ ယူ၏။ ဒုတိယာယ၊ လဆုတ် (၂)ရက်နေ့၌။ သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊ တသိန်းတိုင်တိုင် လိုက်၍ယူ၏။ ဣတိဧဝံ၊ ဤသို့။ ယာဝ ဥပေါသထဒိဝသာ၊ လကွယ်ဥပုသ်နေ့တိုင်အောင်။ သတသဟဿံ သတသဟဿံ ဓာဝိတွာ ဂဏှာတိ၊တသိန်းတသိန်း လိုက်၍ယူ၏။ အထ၊ ထိုအခါ၌။စန္ဒော၊လသည်။ အနုက္ကမေန၊အစဉ်အားဖြင့်။ ဟာယိတွာ၊ယုတ်၍။ ဥပေါသထဒိဝသေ၊လကွယ်ဥပုသ်နေ့၌။သဗ္ဗသော န ပညာယတိ၊အခြင်းခပ်သိမ်းမထင်။

ဟူ၍ ကမ္ဘာဦး နေ့လအဝေးအနီးကိုစွဲလျက် လဆန်း လဆုတ် ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် ရတုသုံးပါးကို ပိုင်းခြားသည့်အရာသည် အဘိဓာန်စသော ကျမ်းတွင်—

စတုရော စတုရော မာသာ၊ကတ္တိကာ ကာဠပက္ခတော။
ကမာ ဟေမန္တ ဂိမှာန၊ဝဿာနာ ဥတုယော ဒွိသု။

**အနက်** ကတ္တိကာ ကာဠပက္ခတော၊ တန်ဆောင်မုန်းလဆုတ်ပက္ခမှ။ ကမာ၊ အစဉ်အတိုင်း။ စတုရောစတုရောမာသာ၊ လေးလလေးလတို့သည်။ ဟေမန္တ ဂိမှာနဝဿာနာ၊ ဟေမန္တ ဂိမှာန ဝဿာန ဟုဆိုအပ်ကုန်သော။ ဥတုယော၊ဥတုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။အယံ၊ဤဥတုသဒ္ဒါသည်။ ဒွိသု၊ ဣတ္ထိလိင်၊ ပုလ္လိင်တို့၌။ ဝတ္တတိ၊ဖြစ်၏။

ဟူ၍ ရတုသုံးပါးကို ပိုင်းခြားသည်နှင့် ညီသည်။

ပုံတော်တွင် ရတုခြောက်ပါးကို ပိုင်းခြားသည့်အရာသည် အဘိဓာန်စသော ကျမ်းတွင်—

ဟေမန္တော သိသိရမုတု၊ဆဝါ ဝသန္တောစ ဂိမှဝဿာနာ။
သရဒေါတိ ကမာ မာသာ၊ဒွေဒွေ ဝုတ္တာနုသာရေန။

**အနက်** ဝါ၊တနည်းကား။ ဥတူ၊ဥတုတို့သည်။ဝုတ္တာနုသာရေန၊ ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့်။ကမာ၊အစဉ်အတိုင်း။ ဒွေဒွေမာသာ၊ နှစ်လစီနှစ်လစီ။ ဟေမန္တော၊ဟေမန္တဥတု။ သိသိရံ၊ သိသိရဥတု။ ဝသန္တော၊ ဝသန္တဥတု။ဂိမှ၊ဂိမှဥတု။ဝဿာနာ၊ဝဿာနဥတု။ သရဒေါ၊သရဒဥတု။ ဣတိ၊ဤသို့။ ဆ၊ ခြောက်ပါးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဟူ၍ ရတုခြောက်ပါးကို ပိုင်းခြားသည်နှင့် ညီသည်။

ပုံတော်တွင် အယဉ်နှစ်ပါးကို ပိုင်းခြားသည့် အရာသည် အဘိဓာန်စသော ကျမ်းဂန်တွင်—

ဥတူဟိ တီဟိ ဝဿာနာ၊ ဒိကေဟိ ဒက္ခိဏာယနံ။
ဥတ္တရာယန မညေဟိ၊ တီဟိ ဝဿောယန ဒွယံ။

**အနက်** ဝဿာနာဒိကေဟိ၊ဝဿာနဥတု အစရှိကုန်သော။တီဟိ၊သုံးပါးကုန်သော။ဥတူဟိ၊ဥတုတို့ဖြင့်။ ဒက္ခိဏာယနံ၊ ဒက္ခိဏာယဉ်သွားသည်။ ဟောတိ၊ဖြစ်၏။အညေဟိ၊ တပါးကုန်သော။ တီဟိ၊ သုံးဥတုတို့ဖြင့်။ ဥတ္တရာယနံ၊ ဥတ္တရာယဉ်သွားသည်။ ဟောတိ၊ဖြစ်၏။ အယနဒ္ဒယံ၊ အယဉ်သွားနှစ်ပါးအပေါင်းသည်။ဝဿော၊တနှစ်မည်၏။

ဟူ၍ အယဉ် ႈပိုင်းအခြားကို ဆိုသည်နှင့် ညီသည်။

ပုံတော်တွင် တွက်ရိုး ချက်ရိုးမရှိ ရာသီစဉ် တြင်း နဝင်း နက္ခတ်ပါဒ် အံသာစဉ် အတိုင်းသာ ထားသည့်အရာသည် စူဠသေဋ္ဌိဇာတ် အဋ္ဌကထာတွင်—

> နက္ခတ္တံ သမ္ပဿိတွာ ဣမ မာဟ သက္ကာ စက္ခုမတာ ကုလပုတ္တေန ဣမံ ဥန္ဒုရံ ဂဟေတွာ ဒါရဘရဏံစ ကာတုံ ကမ္မန္တေစ ပယောဇေတုန္တိ။

**အနက်** နက္ခတ္တံ၊နက္ခတ်ကို။ သမ္ပဿိတွာ၊ပညာဖြင့်ရှု၍။ စက္ခုမတာ၊ ပညာစက္ခုရှိသော။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ ဣမံဥန္ဒုရံ၊ ဤကြွက်သေကို။ ဂဟေတွာ၊ယူ၍။ ဒါရဘရဏံစ၊ သား မယား မွေးခြင် ကိုလည်း။ ကာတုံ၊ ပြုအံ့သောငှါ။ ကမ္မန္တေစ၊ အမှုဉ္စလည်း။ ပယောဇေတုံ၊ ယှဉ်အံ့သောငှါ။ သက္ကာ၊တတ်နိုင်လေရာ၏။ဣတိဣဒံဝစနံ၊ဤသို့သောစကားကို။အာဟ၊ဆို၏။

> ဟူ၍ ကြွက်သေတခုကို မြင်လေသော် နက္ခတ်ကို ပညာဖြင့် ရှု၍ ဘုရားႈလောင်း သေဋ္ဌေးဆိုသည် ဟူသောစကားနှင့် ညီသည်၊ နက္ခတ်ကိုရှုက နက္ခတ်ကို စွဲ၍ဖြစ်သော ရာသီ တြင်းနှင့် ပါဒ် အံသာ ဂြိုဟ်နေ ဂြိုဟ်ရပ်များ ကိုလည်း မချွတ် မြင်သည်။

**ပါဠိ,အဋ္ဌကထာ,ဋီကာ သာသနာကျမ်းဂန်နှင့် ပုံတော် ညီညွတ် သည့်အရာကို အမြွက်မျှဆိုသည့်အချက် တဆယ့်ငါးရပ်။**

ပုံတော်တွင် အဓိမာသ် ပြိုဆစ်လမှာမှ လထပ်သည့်အရာသည် ဝိနည်းမဟာဝါ ပါဠိတော်တွင်—

> တေန ခေါ ပန သမယေန ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော ဝဿံ ဥက္ကဍ္ဍိတုကာမော ဘိက္ခူနံ သန္တိကေ ဒူတံ ပါဟေသိ၊ ယဒိ ပန ယျာ ဂမေ ဇုဏှေ ဝဿံ ဥပဂစ္ဆေယျုန္တိ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုန္တိ။

**အနက်** တေနခေါပနသမယေန၊ ထိုသို့သောအခါ၌။ မာဂဓော၊ မဂဓရောဇ်တိုင်းကို အစိုးရသော။ သေနိယော၊ များသော စစ်သည်ရှိသော။ ဗိမ္ဗိသာရော၊ ဗိမ္ဗိသာရအမည်ရှိသော။ ရာဇာ၊ မင်းသည်။ ဝဿံ၊ နှစ်ကို။ ဥက္ကဍ္ဍိတု ကာမော၊ငင်လိုသည်။ဟုတွာ၊ဖြစ်၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကေ၊ အထံသို့။ အယျာ၊အရှင်တို့သည်။အာဂမေ၊လာလတ့်သော။ဇုဏှော၊လဆန်း၌။ဝဿံ၊ဝါသို့။ယဒိ ပနဥပဂစ္ဆေယျုံ၊အကယ်၍ ကပ်ကုန်ငြားအံ့။ သာဓုဝတ၊ကောင်းစွတကား။ ဣတိ၊ ဤသို့။ဒူတံ၊တမန်ကို။ ပါဟေသိ၊ စေလိုက်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤမင်းကြီး စေသောအကြောင်းကို။ အာရောစေသုံ၊ ကြားပေကုန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ ရာဇူနံ၊ မင်းတို့သို့။ အနုဝတ္တိတုံ၊ လိုက်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့။ဘဂဝါ၊မြတ်စွာဘုရားသည်။အဝေါစ၊မိန့်တော်မူ၏။

ဟူ၍ ဝါဆိုလမှာမှ ဝါထပ်ကြောင်းကို ဆိုသည်နှင့် မညီသကဲ့သို့ ရှိသည်၊ မညီသည်ကား မဟုတ်၊ သောဌသာဓိမာသ် ကြိမ်သည်ကိုသာ ဆိုလေသော ကြောင့် စင်စစ် ညီသည်။

ပုံတော်တွင် အဓိမာသ်ပြိုသနှစ် လပို မရှိသည့်အရာသည် ဝိနည်းအဋ္ဌကထာတွင်—

အဋ္ဌာရသသု ဝဿေသု ဆမာသာ ဝဍ္ဎန္တိ။

**အနက်**—အဋ္ဌာရသသု ဝဿေသု၊ တဆယ့်ရှစ်နှစ်တို့၌။ ဆမာသာ၊ ခြောက်လ တို့သည်။ ဝဍ္ဎန္တိ၊ပွားကုန်၏။

ဟူ၍ အဓိမာသ်ပြိုသနှစ် လပိုရှိကြောင်းကို ဆိုသည်နှင့် မညီသကဲ့သို့ ရှိသည်၊ မညီသည်ကား မဟုတ်၊ငင်းဝိနည်းအဋ္ဌကထာမှာ လ မပိုသင့်ပဲလျက် လပို ပြုသည်ကို ပယ်သည်သာ ဖြစ်သောကြောင့် စင်စစ် ညီသည်။

ပုံတော်တွင် လပြည့်နေ့တိုင်း လရေးမပြည့် လကွယ်နေ့တိုင်း လရေး မကွယ်သည့် အရာသည် ပါထေယျအဋ္ဌကထာစသော ကျမ်းဂန်တွင်—

"ဥပေါသထဒိဝသေ ပရိပုဏ္ဏော ဟောတိ"—ဟူ၍ လပြည့်နေ့ လရေးပြည့်သည် ကို ဆိုသည်နှင့်ငင်း။ "ဥပေါသထဒိဝသေ သဗ္ဗသော န ပညာယတိ" ဟူ၍ လကွယ် နေ့၌ လရေး ကွယ်သည်ကို ဆိုသည်နှင့်ငင်း မညီသကဲ့သို့ ရှိသည်၊ မညီသည်ကား မဟုတ်၊ အဋ္ဌာရသာဓိမာသ်ပြိုစ ကမ္ဘာဦးကာလကို စွဲ၍ ငင်းကျမ်းဂန်များတွင် ဆို သောကြောင့် စင်စစ် ညီသည်။

ပုံတော်တွင် ရက်စုံချည်း သတ်သည့်အရာသည် ဝိနည်းအဋ္ဌကထာများတွင်—

တတ္ထ ဟေမန္တ ဂိမှန္တ ဝဿာနာနံ တိဏ္ဏံ ဥတူနံ တတိယ သတ္တမ ပက္ခေသု ဒွေဒွေ ကတွာ ဆစာတုဒ္ဒသိကာ၊ အဝသေသာ အဋ္ဌာရသ ပန္နရသိကာတိ ဧဝံ ကေသံဝစ္ဆရေ စတုဝီသတိ ဥပေါသထာ။

အနက် တတ္ထ၊ထိုဥပုသ်တို့တွင်။ ဟေမန္တဂိမှန္တဝဿာနာနံ၊ ဟေမန္တ, ဂိမှန္တ, ဝဿာန ဟုဆိုအပ်ကုန်သော။တိဏ္ဏံဥတူနံ၊ရတုသုံးပါးတို့၏။တတိယ သတ္တမပက္ခေသု၊တတိယပက္ခ, သတ္တမပက္ခတို့၌။ ဒွေဒွေ၊ နှစ်ပါးတို့ကို။ ကတွာ၊ပြု၍။ ဆစာတုဒ္ဒသိကာ၊ စာတုဒ္ဒသီခြောက်လဥပုသ်တို့ရှင်း၊ အဝသေသာ၊ကြွင်းကျန်ကုန်သော။ အဋ္ဌာရသပန္နရသိကာ၊ ပန္နရသီတဆယ့်ရှစ်ဥပုသ်တို့ရှင်း။ ဧဝံ၊ ဤသို့။ ကေ သံဝစ္ဆရေ၊တနှစ်၌။ စတုဝီသတိဥပေါသထာ၊ နှစ်ဆယ့်လေးဥပုသ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဟူ၍ ခြောက်လ ရက်မစုံဥပုသ်ကို ဆိုသည်နှင့် မညီသကဲ့သို့ ရှိသည်၊ မညီသည်ကား မဟုတ်၊ ဝိနည်းအဋ္ဌကထာများတွင် လဖွဲ့ နှစ်ဖွဲ့ကို မဆို၊ ရဟန်းတို့ပြုသော ဥပုသ်ကိုသာ ဆိုသောကြောင့် စင်စစ် ညီသည်။

ပုံတော်တွင် လပြည့်တိုင်း ပုဏ္ဏမီနက္ခတ် မရသည့်အရာသည် ဗုဒ္ဓဝင်အဋ္ဌကထာတွင်—

မဟာပုရိသော ပန ဥတ္တရာသဠ္ဍနက္ခတ္တေနေဝ မာတုကုစ္ဆိံ ဩက္ကမိ၊ မဟာဘိနိက္ခမနံ နိက္ခမိ၊ ဓမ္မစက္ကံ ပဝတ္တယိ၊ ယမကပါဋိဟာရိယံ အကာသိ၊ ဝိသာခါနက္ခတ္တေန ဇာတော အဘိသမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတောစ၊ မာဃနက္ခတ္တေန သာဝကသန္နိပါတောစ အာယုသင်္ခါရဝေါဿဇ္ဇနဉ္စ အဟောသိ။ အဿယုဇနက္ခတ္တေန ဒေဝေါရောဟနံ၊ အယံ နက္ခတ္တပရိစ္ဆေဒေါ။

အနက် မဟာပုရိသောပန၊ ဘုရားလောင်းသည်ကား၊ ဥတ္တရာသဠ္ဍနက္ခတ္တေနေဝ၊ဥတ္တရာသဠ္ဍနက္ခတ်ဖြင့်သာလျှင်။ မာတုကုစ္ဆိံ၊ မယ်တော်ဝမ်းသို့။ဩက္ကမိ၊သက်၏။မဟာဘိနိက္ခမနံ၊မြတ်သော တောထွက်ခြင်းကို။နိက္ခမိ၊ထွက်၏။ ဓမ္မစက္ကံ၊ဓမ္မစကြာကို။ပဝတ္တယိ၊ဟော၏။ ယမကပါဋိဟာရိယံ၊ ယမိုက်ပြာဋိဟာကို။ အကာသိ၊ပြု၏။ ဝိသာခါနက္ခတ္တေန၊ ဝိသာခါနက္ခတ်ဖြင့်။ ဇာတော၊ဖွား၏။ အဘိသမ္ဗုဒ္ဓေါစ၊ဘုရားလည်း ဖြစ်၏။ပရိနိဗ္ဗုတောစ၊ပရိနိဗ္ဗာန်လည်းပြု၏။မာဃနက္ခတ္တေန၊ မာဃနက္ခတ်ဖြင့်။ သာဝကသန္နိပါတောစ၊ သာဝကအစည်းအဝေးသည်ရှင်း။

အာယုသင်္ခါရဝေါဿဇ္ဇနဥ္စ၊အာယုသင်္ခါရ လွှတ်ခြင်းသည်ငှင်း။ အဟောသိ၊ဖြစ်၏။ အဿယုဇနက္ခတ္တေန၊ အဿဝဏီနက္ခတ်ဖြင့်။ ဒေဝေါရောဟနံ၊ နတ်ပြည်မှ သက်ခြင်း သည်။ အဟောသိ၊ ဖြစ်၏။ အယံ၊ဤသည်ကား။နက္ခတ္တပရိစ္ဆေဒေါ၊နက္ခတ် အပိုင်း အခြားတည်း။

ဟူ၍ ပဋိသန္ဓေနေတော်မူသောအခါ စသည်၌ ပုဏ္ဏမီနက္ခတ် ရကြောင်း ကို ဆိုသည်နှင့် မညီသကဲ့သို့ ရှိသည်၊ မညီသည်ကား မဟုတ်၊ ပဋိသန္ဓေ နေ တော်မူသောအခါ စသည်များမှာ အဓိမာသ်ပြိုစ ကာလ တရံတဆစ် ပုဏ္ဏမီ နက္ခတ် ရသည်ကိုသာ ဆိုသောကြောင့် စင်စစ် ညီသည်၊ လပြည့်တိုင်း ပုဏ္ဏမီ နက္ခတ် ရလေက ပဋိသန္ဓေ နေတော်မူသောအခါ စသည်များမှာ ပုဏ္ဏမီ နက္ခတ် ရကြောင်းကို ဖေါ်ထုတ်၍ ကျမ်းဂန် မဆိုလေရာ၊ ဆို၍လည်း ဆိုကျိုးမရှိလေရာ၊ မဆိုသော်လည်း ပြီးကောင်းတော့သည်။

**ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ သာသနာကျမ်းဂန်နှင့်ပုံတော် မညီမညွတ် သကဲ့သို့ ရှိသည့်အရာကို အမြွက်မျှ ဆိုသည့်အချက် ငါးရပ်။**

မာသသုံးပါးတွင် မည်သည့်မာသ ကျမ်းဂန်နှင့်လျော်သည်ကို မေတ္တာစာ ဆက် သွင်းစေ အမိန့်တော်ပါသည်အတိုင်း ကျမ်းဂန်နှင့် မာသသုံးပါးကို နှိုင်းယှဉ်ဆင်ခြင် သော် တရာသီ တရာသီ၌ နေသွားကို စွဲ၍ ဖြစ်သော သူရိယမာသသည် ဇိနာလင်္ကာရ စသော ကျမ်းဂန်တွင်—

သူရိယဿ ဥဒယတော ယာဝ အတ္ထင်္ဂမနာ ဒိဝါနာမ၊ အတ္ထင်္ဂမနတော ယာဝ ဥဒယာ ရတ္တိနာမ၊ ဧဝံ ရတ္တိဒိဝါ ပညာယိံသု။ တိံသရတ္တိဒိဝေါ မာသော၊ ဒွါဒသမာသိယော သံဝစ္ဆရောတိ ပညာယတိ။

**အနက်** သူရိယဿ၊ နေ၏။ ဥဒယတော၊ ထွက်သည်မှ။ ယာဝ အတ္ထင်္ဂမနာ၊ ဝင်သည်တိုင်အောင်။ ဒိဝါနာမ၊နေ့ မည်၏။ အတ္ထင်္ဂမနတော၊ ဝင် သည်မှ။ယာဝ ဥဒယာ၊ ထွက်သည်တိုင်အောင်။ ရတ္တိနာမ၊ညဉ့်မည်၏။ ဧဝံ၊ ဤသို့။ ရတ္တိဒိဝါ၊ညဉ့်၊နေ့တို့သည်။ပညာယိံသု၊ထင်ရှားကုန်၏။ တိံသရတ္တိဒိဝေါ၊ညဉ့်၊နေ့ သုံးဆယ်သည်။ မာသော၊တလမည်၏။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။ သံဝစ္ဆရော၊တနှစ်မည်၏။ဣတိ၊ဤသို့။ပညာယတိ၊ထင်ရှား၏။

ဟူ၍ နေသွားကို ပဓာနပြု၍လျက် ဆိုသည်နှင့် ညီသည်။

ရှေ့လပြည့်ကသည် နောက်လပြည့်တိုင် ခေါ်ဝေါ်သော သာဝနမာသသည် သာရတ္ထဒီပနီဋီကာစသော ကျမ်းဂန်တွင်—

တတ္ထ ပန ပုဏ္ဏမိတော ပဋ္ဌာယ ယာဝ အပရာပုဏ္ဏမီ၊ တာဝ ဧကော မာသော။

အနက် တတ္ထ ပန၊ ထိုမဇ္ဈိမတိုက်၌ကား။ ပုဏ္ဏမိတော၊ ရှေ့လပြည့်နေ့မှ။ ပဋ္ဌာယ၊အစအပိုင်းအခြားပြု၍။ ယာဝ၊အကြင်မျှလောက်။ အပရာပုဏ္ဏမီ၊နောက်လပြည့်နေ့သည်။အတ္ထိ၊ရှိ၏။ တာဝ၊ထိုမျှလောက်။ ဧကောမာသော၊ တလမည်၏။

ဟူ၍ မဇ္ဈိမဒေသ ဝေါဟာရ လကို ပြသည်နှင့် ညီသည်။

မာသ အရေအတွက် ဆန်းတရက်ကသည် သုံးဆယ်ပြည့်တိုင် နက္ခတ်တလုံးစီ စန်းစီးကို စွဲ၍ ခေါ်ဝေါ်သော စန္ဒြမာသသည် သာရတ္ထဒီပနီဋီကာစသော ကျမ်းဂန် တွင်—

စန္ဒော ဉဇုကံ သဏိကံ ဂစ္ဆတိ၊ သော ဟိ အမာဝါသိယံ သူရိယေန သဒ္ဓိံ ဂစ္ဆန္တော ဒိဝသေဒိဝသေ ထောကံထောကံ ဩဟီယန္တော ပုဏ္ဏမာသိယံ ဥပဍ္ဎုမဂ္ဂတော ဩဟီယတိ၊ တိရိယံ ပန သီဃံ ဂစ္ဆတိ။

အနက် စန္ဒော၊လသည်။ဉဇုကံ၊အဖြောင့်ကား။ သဏိကံ၊နှေးနှေး။ ဂစ္ဆတိ၊ သွား၏။ ဟိ၊ သင့်စွ။ သော၊ ထိုလသည်။ အမာဝါသိယံ၊ လကွယ်နေ့၌။ သူရိယေန၊ နေနှင့်။သဒ္ဓိံ၊တကွ။ဂစ္ဆန္တော၊သွားသည်ရှိသော်။ဒိဝသေဒိဝသေ၊ နေ့တိုင်းနေ့တိုင်း။ ထောကံထောကံ၊ အတန်အတန်။ ဩဟီယန္တော၊ ကျန်ရစ်သည် ဖြစ်၍။ ပုဏ္ဏမာသိယံ၊ လပြည့်နေ့၌။ဥပဍ္ဎုမဂ္ဂတော၊ ခရီးအလတ်မှ။ ဩဟီယတိ၊ကျန် ရစ်၏။ တိရိယံပန၊ဖီလာသွားကား။သီဃံ၊လျင်စွာ။ဂစ္ဆတိ၊သွား၏။

ဟူ၍ စန်းသွားကို စွဲမှတ်လျက် ဆိုသည်နှင့် ညီသည်။

**ကျမ်းဂန်နှင့် မာသသုံးပါး ညီညွတ်သည့်အရာကို အမြွက်မျှသာ ဆိုသည့်အချက် သုံးရပ်။**

လဆန်း လပြည့် လဆုတ် လကွယ် မည်သည့်နေ့ကို ခေါ်ဝေါ်ရမည်ကို မေတ္တာစာ ဆက်သွင်းစေ အမိန့်တော် ပါသည်အတိုင်း နှိုင်းယှဉ် ဆင်ခြင်သော် သာရတ္ထဒီပနီဋီကာ့ ပါထေယျအဋ္ဌကထာစသော ကျမ်းဂန်များတွင်—

သူရိယော ကာဠပက္ခ ဥပေါသထဒိဝသေ စန္ဒေန သဟေဝ ဂန္တွာ တတော ပရံ ပါဠိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ။

အနက် သူရိယော၊ နေသည်။ ကာဠပက္ခဥပေါသထဒိဝသေ၊ လကွယ်ဥပုသ်နေ့၌။ စန္ဒေန၊ လနှင့်။ သဟေဝ၊ တကွသာလျှင်။ ဂန္တွာ၊ သွား၍။ တတော၊ ထိုမှ။ ပရံ၊ နောက်၌။ ပါဠိပဒဒိဝသေ၊ ပါဋိပဒနေ့၌။ ယောဇနာနံ သတသဟဿံ၊ ယူဇနာတသိန်းတိုင်အောင်၊ စန္ဒမဏ္ဍလံ၊ လဝန်းကို။ ဩဟာယ၊ ချန်၍။ ဂစ္ဆတိ၊ သွား၏။

စသည်ဖြင့် လဆန်း လဆုတ်၌ လ,နေ အဝေး အနီး အခွါ အသွားကို ဆိုသည်နှင့် အညီ သာဝနမာသ အဆန်း အဆုတ်တွင်မှ ပုံတော်တွင် လ,နေ အဝေး အနီး အခွါ အသွား သင့်သောကြောင့် သာဝနမာသကို ပဓာနပြု၍ သာဝနမာသနှင့် တိုက်ဆိုင်လျက် အဆန်း အဆုတ်ကို ရွေးချယ်သင့်သည်၊ သာဝနမာသ တအံသာ၊ သူရိယမာသ တဆယ့်ခြောက်အံသာ၊ စန္ဒြမာသ ရှစ်အံသာကစ၍ စင်စစ် လဆန်း၊ သာဝနမာသ တဆယ့်ခြောက်အံသာ၊ သူရိယမာသ တအံသာ၊ စန္ဒြမာသ နှစ်ဆယ့်သုံးအံသာကစ၍ စင်စစ် လဆုတ် ခေါ်ဝေါ်သင့်သည်။

**သီလက္ခန်ဋီကာတွင်—**

တဒါ ကတ္တိကမာသဿ ပုဏ္ဏတာယ မာသပုဏ္ဏတာ။

အနက် တဒါ၊ ထိုအခါ၌။ ကတ္တိကမာသဿ၊ တန်ဆောင်မုန်းလ၏။ ပုဏ္ဏတာယ၊ ပြည့်သည်၏ အဖြစ်ကြောင့်။ မာသပုဏ္ဏတာ၊ လပြည့် မည်သည်။ ဟောတိ၊ ဖြစ်၏။

ဟူ၍ ရက်သုံးဆယ်ပြည့်ကို လပြည့် ဆိုသည်နှင့်အညီ ရက်သုံးဆယ် ပြည့်သည့်နေ့ကို လပြည့် ခေါ်ဝေါ်သင့်သည်၊ သာရတ္ထဒီပနီဋီကာစသော ကျမ်းဂန်တွင်—

သော ဟိ အမာဝါသိယံ သူရိယေန သဒ္ဓိံ ဂစ္ဆန္တော ဒိဝသေ ဒိဝသေ ထောကံထောကံ ဩဟီယန္တော ပုဏ္ဏမာသိယံ ဥပစ္စ္ဆမဂ္ဂတော ဩဟီယတိ။

အနက် သော၊ ထိုလသည်။ အမာဝါသိယံ၊ အမာဝါသီနေ့၌။ သူရိယေန၊ နေနှင့်။သဒ္ဓိံ၊တကွ။ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဒိဝသေဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ထောကံထောကံ၊ အတန်အတန်။ ဩဟီယန္တော၊ကျန်ရစ်သည် ဖြစ်၍။ ပုဏ္ဏမာသိယံ၊ လပြည့်နေ့၌။ ဥပစ္စ္ဆမဂ္ဂတော၊ ခရီးအလတ်မှ။ ဩဟီယတိ၊ ကျန်ရစ်၏။

ဟူ၍ ကမ္ဘာဦးက အင္ဂါရသာဓိမာသ် ပြိုစကာလ အမာဝါသီနေ့၌ လရေး ကွယ်သည်ကို ဆိုသောကြောင့် အမာဝါသီနေ့ကို လကွယ်နေ့ ခေါ်ဝေါ်သင့်သည်။

၎င်းအမာဝါသီနေ့၌လည်း အမာဝါသီနေ့တိုင်း လရေးကွယ်သည်သာ မဟုတ်၊ အဓိမာသ်ပြိုစ ငါးလ, ခြောက်လ, ခုနစ်လ, ရှစ်လတိုင်ရုံသာ စင်စစ် လရေး ကွယ်သည်၊ လရေး ကွယ် မကွယ် နှစ်ပါးရှိသည်ကို ရည်၍လည်း —

ဒိဋ္ဌ စန္ဒာ နိသိဝါလိ၊နဋ္ဌ စန္ဒ ကလာ ကုဟု။

စသည်ဖြင့် ရာဇမတ္တဏ်တွင် နိသိဝါလိလကွယ်,ကုဟုလကွယ် နှစ်ပါးရှိကြောင်းကို ဆိုသည်။

**ပုံတော်တွင် လဆန်း လဆုတ် လပြည့် လကွယ်ကို အမြွက်မျှ ဆိုသည့်အချက် လေးရပ်။**

ပက္ခဒိန်နှင့် ပုံတော် ရာဇမတ္တဏ် မည်သည့်အရာ ညီညွတ်သည်၊ မည်သည့်အရာ မညီကွဲပြားသည်၊ ပက္ခဒိန်နှင့် အလုံးစုံ မညီဖြစ်သည်များကို မေတ္တာစာ ဆက်သွင်းစေ အမိန့်တော်ပါသည်အတိုင်း နှိုင်းယှဉ် ဆင်ခြင်သော် ရာဇမတ္တဏ်နှင့် ပုံတော် ညီညွတ်ကြောင်းကို ယခင်က ဆိုခဲ့သမျှ စကားရပ်သည် ရာဇမတ္တဏ်နှင့် ပက္ခဒိန် မညီမညွတ်သည့် စကားပင် ဖြစ်သည်၊ ပုံတော်နှင့် ပက္ခဒိန်မှာ တဆယ့်နှစ်ရာသီအမည်၊ တြင်း နဝင်း စတုရပါဒ် နက္ခတ်ပါဒ် အံသာ လိတ္တာ အမည်မျှသာ ညီညွတ်သကဲ့သို့ ရှိသည်၊ သရုပ် သဘော သကန်မှာ အလုံးစုံပင် မညီမညွတ် ရှိသည်၊ ရာဇမတ္တဏ်နှင့် ပုံတော် ညီညွတ်သည့်အချက် တဆယ့်ငါးရပ်၊ မညီမညွတ်သကဲ့သို့ ရှိသည့်အချက် သုံးရပ်၊ ပါဋ္ဌိ,အဋ္ဌကထာ,ဋီကာကျမ်းဂန်နှင့် ပုံတော် ညီညွတ်သည့်အချက် တဆယ့်

ငါးရပ်၊ မညီမညွတ်သကဲ့သို့ ရှိသည့်အချက် ငါးရပ်၊ ကျမ်းဂန်နှင့် မသသုံးပါး ညီညွတ်သည့်အချက် သုံးရပ်၊ ပုံတော်တွင် လဆန်း လဆုတ် လပြည့် လကွယ် ခေါ် ဝေါ်သင့်သည့်အချက် လေးရပ်များနှင့် ရာဇမတ္တဏ်နှင့် ပက္ခဒိန် မညီမညွတ်ကြောင်း ပုံတော်နှင့် ပက္ခဒိန် မညီမညွတ်ကြောင်းကို အစွမ်းအလျောက် အထင်ရှိပါသမျှ သွင်းသည်။ တြင်း နဝင်း နက္ခတ် အစီးအယှဉ် နေသွား လသွား ဂြိုဟ်နေ ဂြိုဟ်ရပ် မှစ၍ ဗေဒင်အရာ ဟူသမျှမှာ တရားမင်းမြတ် ဘုန်းပညာတော်ကိုသာ အမှီပြုရသည်၊ လောကီဗေဒင်အရာလည်း သာသနာတော်ရေးနှင့် မလွတ် မကင်းသဖြင့် သာသနာတော်ရေးမှာ အမှီတံကဲ ဖြစ်တော်မူသည့် အရာ အသာခရဏကုသိုလ် ပါရမီတော် ဖြစ်ပွားမည်။

## နေကြုပ် မကြုပ်

**၁၁၅၇–ခု တပို့တွဲလပြည့်နေ့ လကြုပ် မကြုပ်ကို မြေနန်းတော်မှာ ဆွေးနွေးတော်မူသည်တွင် ၅၇–ခု ပြာသိုလဆန်း(၁၅)ရက်နေ့ သွင်းသည့် ဇောတိတတ္တကျမ်း နေကြုပ် လကြုပ် ကိန်းကား—**

ဘတြိ ပါဒန္တရေ ရာဟော၊ကေတော ဝါ သံဋ္ဌိတော ရဝိ။
စတုပါဒန္တရေ စန္ဒော၊တဒါ သမ္ဘာဗျတေ ဂဟော။

အနက် ရာဟောဝါ၊ ရာဟု၏လည်းကောင်း။ ကေတောဝါ၊ကိတ်၏ လည်းကောင်း။ဘတြိပါဒန္တရေ၊ နက္ခတ်သုံးပါဒ်အခြားး၌။ ရဝိ၊တနင်္ဂနွေသည်။ သံဋ္ဌိတော၊ တည်အံ့။ စတုပါဒန္တရေ၊ နက္ခတ်လေးပါဒ်အခြားး၌။ စန္ဒော၊ တနင်္လာသည်။သံဋ္ဌိတော၊တည်အံ့။ တဒါ၊ထိုအခါ၌။ ဂဟော၊ ရာဟုသည်။ သမ္ဘာဗျတေ၊မိ၏ ဖမ်း၏။

တနင်္ဂနွေသုံးပါဒ်သာ ခြားသော် တနင်္လာမှာ လေးပါဒ်သာ ခြားသော် ကြုပ်အံ့။

ယသ္မိံ ရိက္ခေ ရဝိ တသ္မာ၊စတုဒ္ဒသ ဂတော သသိ။
ပုဏ္ဏမာ ပဋိပါ သန္ဓော၊ရာဟုနာ ဂယှတေ သသိ။

အနက် ယသ္မိံရိက္ခေ၊အကြင်နက္ခတ်၌။ရဝိ၊တနင်္ဂနွေစီး၏။တသ္မာ၊ထိုနက္ခတ်မှ။သသိ၊တနင်္လာသည်။စတုဒ္ဒသဂတော၊ တဆယ့်လေးလုံးနက္ခတ်၌ စီးအံ့။ဝေါ၏သို့ စီးသည်ရှိသော်။ပုဏ္ဏမာ ပဋိပါသန္ဓော၊လပြည့်နေ့ အထွက်ဟာရက်နေ့ ရာသီအစပ်၌။သသိ၊လကို။ရာဟုနာ၊ရာဟုသည်။ဂယှတော၊ဖမ်း၏။

တနင်္ဂနွေစီးနက္ခတ်ကသည် တဆယ့်ဆေးလုံးနက္ခတ်၌ တနင်္လာစီးသော် လပြည့်နေ့ဖြစ်စေ တရက်နေ့ဖြစ်စေ ရာသီဖာစပ်၌ လကြပ်အံ့။

ကဏ္ဍပက္ခေ တတိယာယံ၊ မာသိက္ခံ ယဒိဇာယတေ။
တတော တယောဒသေ သူရေ၊ ရာဟုနာ ဂယှတေ ရဝိ။

**အနက်** ကဏ္ဍပက္ခေ၊ လဆုတ်ပက္ခတွင်။ တတိယာယံ၊ သုံးရက်မြောက်သနေ့၌။ မာသိက္ခံ၊ လစဉ်ပုဏ္ဏမိနက္ခတ်သည်။ ယဒိဇာယတေ၊ အကယ်၍ ဖြစ်အံ့။ တတ္ထ၊ ထိုလစဉ်ပုဏ္ဏမိနက္ခတ်မှ။ တယောဒသေ၊ တဆယ့်သုံးလုံးနက္ခတ်၌။ သူရေ၊ တနင်္ဂနွေစီးလသော်။ ရဝိ၊ နေကို။ ရာဟုနာ၊ ရာဟုသည်။ ဂယှတေ၊ ဖမ်း၏။

လဆုတ်သုံးရက်နေ့တွင် ရောက်သော် လ၏ ပုဏ္ဏမိနက္ခတ်ကြိုက်သော် ထိုပုဏ္ဏမိနက္ခတ်တဆယ့်သုံးလုံးနက္ခတ်၌လည်း တနင်္ဂနွေစီးသော် နေကြပ်၏။

ရဝိ ဘောမ ရဝံ သေတု၊ နိပ္ဖန္နံ ဂါယှံ မာဒိသေ။
ဗုဓ သောရီ နဝံသေတု၊ မလိနံ ခုဒ္ဒဝဿနံ။
ဂုရော ရံသက မာသေတု၊ ဒိဿတေ သဝလာဟကော။
သသီ သုက္ကနဝံ့သေတု၊ ဝဿကာလေ မဟဇ္ဇလံ။
အညတြာ ဗျတ္တဘူတာ တော၊ ဒိဿန္တေ ဆာဒိသမ္ဘရာ။

**အနက်** ရဝိဘောမနဝံသေတု၊ တနင်္ဂနွေ၊ အင်္ဂါနဝင်း၌ကား။ နိပ္ဖန္နံ၊ ထင်ရှားစွာ။ ဂါယှံ၊ ဖမ်းခြင်းကို။ အာဒိသေ၊ ညွှန်ရာ၏။ ဗုဓသောရီနဝံသေတု၊ ဗုဒ္ဓဟူး၊ စနေ နဝင်း၌ကား။ ခုဒ္ဒဝဿနံ၊ မိုးဖွဲ့သည်ဖြစ်၍။ မလိနံ၊ မထင်မရှားလွန်းအံ့။ ဂုရောရံသကမာသေတု၊ ကြာသပတေး နဝင်းကြိုက်သော လ၌ကား။ သဝလာဟကော၊ တိမ်တိုက်မြေးလျက်။ ဒိဿတေ၊ ထင်အံ့။ သသီသုက္ကနဝံသေတု၊ တနင်္လာ၊ သောကြာ နဝင်း၌ကား။ ဝဿကာလေ၊ မိုးကာလသော်။ မဟဇ္ဇလံ၊ မိုးထန်စွာရွာအံ့။ အညတြ၊ ဆောင်း၊ နွေ ကာလသော်။ ဆာဒိသမ္ဘရာ၊ တိမ်တိုက် လွှမ်းကုန်လျက်။ အဗျတ္တဘူတာ၊ မထင်မရှားကုန်သည်ဖြစ်၍။ တော၊ ထိုလ နေတို့ကို။ ဒိဿန္တေ၊ မြင်ကုန်အံ့။

တနင်္ဂနွေ၊ အင်္ဂါနဝင်းတွင်ကြပ်သော် ထင်ရှားအံ့၊ ဗုဒ္ဓဟူး၊ စနေနဝင်းတွင် ကြပ်သော် မိုး ဖွဲ့၍ မထင်လွန်း၊ ကြာသပတေး နဝင်းတွင် ကြပ်သော် တိမ်တိုက်မြေးအံ့၊ တနင်္လာ၊ သောကြာနဝင်းတွင် ကြပ်သော် မိုးကာလ မိုးထန်စွာ ရွာအံ့၊ ဆောင်း၊ နွေကာလကား တိမ်တိုက်ကြီးစွာဖုံးလွှမ်းအံ့။

## မိတ္ထီလာကန်တော်သမိုင်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မိတ္ထီလာကန်သမိုင်းကို အိမ်ရှေ့မင်းနှင့် ဆရာတော်ဆီသို့ ပို့၍ ကူးယူကြစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း အဆောင်မြဲ နေမျိုး နန္ဒကျော်သူကို လျှောက် ပို့လှာပါစေသည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၇-ခု တပို့တွဲလဆန်း(၇)ရက်နေ့ သမိုင်းနှင့်တကွ လျှောက်လှာသည်၊ အတွင်းတော်ကပါ မိတ္ထီလာကန်တော်သမိုင်းကား—**

သက္ကရာဇ် ၄၁၆—ခု တန်းခူးလပြည့် စနေနေ့ အရိမဒ္ဒနာ ပေါက္ကံရာမအမည်ရှိသော ပေါက္ကံပြည်ကို အစိုးရသော အနော်ရထာမင်းစောသည် တောင်လယ်ကွင်း တပြင်သို့ စစ်အင်္ဂါလေးပါးနှင့်တကွ ဒေသစာရီ လှည့်တော်မူသည်၊ ကျဲတလင်း ခြောင်းမြေကတူးကန်သို့ ရောက်တော်မူသည် သဘင်နန်းတော်စံတော်မူသည်၊ မိတ္ထီလာကန်ကို စောင့်သော နတ်ကြီးလေးပါးလာ၍ “ရှင်မင်းကြီး ဤတွင် မိတ္ထီလာဟူသော မြို့သည် ဥက္ကာကရာဇ်မင်း လက်ထက်က ရှိသည်၊ ထိုတွင် သုံးလူ့ထွတ်ထား ဂေါတမမြတ်စွာဘုရားသည် ညီတော်အာနန္ဒာနှင့် ရေသပ္ပါယ်တော်မူသောအခါ နဂါးတို့သည် မြတ်စွာဘုရားကိုလည်း သစ်သီးဆွမ်း လှူသည်၊ ထိုနဂါးတို့အား တရားဟောတော်မူသောအခါ ကန်တော်မှာ နတ်လေးပါးသည် ကျွန်ုပ်တို့ပင် တရားတော်ကို နာသည်၊ ထိုနဂါးတို့က သည်ကန်သည် အဘယ်မည်သောကာလက ဖြစ်သနည်း”လျှောက်ရာတွင် “နဂါးမင်းတို့ ငါဘုရား ဘိုးတော် မဟာအဋ္ဌနမင်းသည် သက္ကရာဇ် ၈၆၀ ကို ဖြို၍ အတိုပြုသောအခါ ဇမ္ဗူဒီပါကျွန်းအပြင်၌ ရေကန် (၈၄၀၀၀)၊ ရသေ့တို့ကျောင်း(၈၄၀၀၀)စီရင်သော အရှည်သက္ကရာဇ်ကို အတိုပြုသောအခါ လာလတံ့သော အနှစ် (၈၄၀၀၀)တိုင်အောင် တည်စေသတည်း မိန့်ဘ္ဘာန်တော်မူ၍ ပြုစုသောအခါ ဗြဟ္မာ, သိကြား, နတ်များနှင့်တကွ နဂါးမင်းတို့ လာ၍ အနောတတ္တအိုင်မှ ရေကို ဆောင်ခဲ့ကြ၍ အံသောအခါ နဂါးအံသောရေသည် နှစ်ပေါင်း(၈၄၀၀၀)တည်လတံ့သော ရေကန်ဖြစ်မည်ကို ဗြဟ္မာ,သိကြား, နတ်များတို့ သမုတ်တော်မူသည့် ကန်ပင် ဟောတော်မူသည်” ကျွန်ုပ်တို့က“နတ်တို့

အဘယ်မည်သောဘ၀က ကန်စောင့်နတ် ဖြစ်သည်ကို လျှောက်သည်၊ ဇမ္ဗူဒီပါ ကျွန်းစောင့်နတ်, အခြွေအရံ ဒီဃနတ်၊ ဥတ္တရကုရုကျွန်းစောင့်နတ်, အခြွေအရံ သုခ နတ်၊ ပုဗ္ဗဝိဒေဟကျွန်းစောင့်နတ်, အခြွေအရံ ဘရဘာဘိဂနတ်၊ ဘာရေဂေါ်ဟာ နတ်, အခြွေအရံ ဓမ္မနတ်တို့၏ သား မြေး ဖြစ်ကြောင်းကို ဟောတော်မူရာတွင် ကျွန်ုပ်တို့ နတ်လေးယောက်တို့သည် သရဏဂုံတည်သည်၊ ကန်တော်ကို အရှင်မင်းကြီး ထပ်၍ ပြုစုတော်မူရမည်ကို ရှင်အာနန္ဒာ ဟောသည့်တရား၌ ဘက္ကယ်မင်း ပြုစုတော် မူသည်၊ နောက် ရောဝတီ ရဋ္ဌတမ္ဘာဏီမင်း ပြုစုပြန်မည်ကို ဟောသောတရား ရှိသည်၊ ရှင်မင်းကြီး ပြုစုတော်မူပါ”ဆိုလျှင် အနော်ရထာမင်းစောသည် ထိုရေကန်ကို မမြင် ကန်ရိုးကို မမြင် ကန်ရိုးကိုသာ လျှောက်၍ သွားရသည်၊ ထိုကန်ရိုး ဆုံးသောအရပ် ၌ ရေနှင့် ကြာမျိုးငါးပါး ပြည့်စုံသောရေကို မြင်ရာတွင် ကန်စောင့်နတ်တို့လည်း ရေကန်ပင် ဆိုကုန်သည်၊ ရေကို ကြိုးချ၍ တိုင်းသော် ကြိုးမျှား၌ ကျောက်သည် မြေသို့ ထိသောအခါ ကြိုးရပ်သည်၊ ငင်ဖေ၍ တောင်စေသော် ရေနက်သည်ကား တဆယ့်ရှစ်တောင် နှစ်မိုက် လေးလက်သစ်ရှိသည်။

ထိုကန်ကို ပြုစု ထပ်လုပ်မည့် အမတ်တို့နှင့် တိုင်ပင်တော်မူသည်၊ နတ်သား ငါးယောက်လာ၍ အနော်ရထာမင်းစောအား ထွက်စား နတ်စား ပြုလှာသည်၊ သည်ရေကန်ကို သာဝတ္ထိပြည် အနာထပိဏ်သေဋ္ဌေးလည်း တကြိမ် ပြုစုသည်၊ ရာဇဂြိုဟ်ပြည်ကို အစိုးရသော အဇာတသတ်မင်းလည်း ပြုစုထပ်လုပ်သည်၊ ကာလာ သောကမင်းလည်း ပြုစုသည်၊ သီရိဓမ္မာသောကမင်းလည်း ပြုစုသည်၊ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားများသော နတ်ရေကန်ပင် ဆိုကောင်း၏၊ ရှင်မင်းကြီး ပြုစုတော်မူသော် သာသနာ (၂၃၀၀)ကျော်သော အခါတည်း၊ သည်ရေကန်ကို ပြုစုံလတံ့သော မင်းကား ခပ်သိမ်းသော သတ္တဝါတို့ကို ငြိမ်းအောင်ပြုသော မင်း တည်း၊ ထို အစိုးရသောမင်း ထပ်၍ ပြုစုပြန်မည်ဆို၍ နတ်တို့ သွားလေသည်၊ အနော်ရထာမင်းစောလည်း အားရဝမ်းသာ၍ ရှေး ရေကန်ဟောင်းကို “ငါ ဘုန်း ပါရမီကြောင့် တွေ့သည်” ဟူ၍ ကန်ရိုးတွင် ပေါက်သမျှသော တောချုံသစ်ပင်များ ကို ရှင်းလင်းစေသည်၊ ကန်တော် လေးထောင့်မှာ အစောင့်နတ်တို့ နေသော ကျောက်ဂူလေးလုံးကို တွေ့သည်၊ထိုတွင် ကျောက်အိုးလေးလုံး, ကျောက်တကောင်း လေးလုံး တည်ထားလျက် ရှိသည်၊ ထိုကျောက်ကို ထပ်၍ ကျောက်ချပ် စီသည်၊ ကျောက်နတ်ရုပ်ကို ရွှေစင်အတိမွမ်း၍ နတ်ကြီးလေးပါး ကန်စောင့်နတ် သမုတ်၍ တည်ထောင်တော်မူသည်၊ ယောကျ်ားကောင်း မြင်းကောင်းသည်ဘယောက် နံနက် စောစော လည်စေသည်၊ အချိန်တန်မှ ရောက်သည်၊ဖတ်ဖတ်မောသည်၊မြင်းကိုယ်က တန်းဆာချွတ်လျှင် မြင်းလဲ၍ သေသည်၊ မြင်းစီးသောသူလည်း လူမှန်းမသိ မြော၍

စကားမပြောနိုင်ရှိသည်၊ တောင်စောင့်နတ်တို့ကိုဝင်၍ ကြားသည်၊ ထိုသူ သတိရ၍ စကားပြောနိုင်သည်တွင် "သည်ကန်သည် ဇမ္ဗူဒီပါကျွန်းတွင် တမ်းခွန်ကဲ့သို့ ဖြစ်သည်၊ ရေကန်တော်သို့ သမုဒြာမှ စီးဝင်ကြသော ရေသည် ပုပ္ပါးတောင် ခါးပမ်းတွင်သာ မြောင်းရိုးဖြစ်စေ၍ စီးလာသည်၊ တောင်ကို မထိသာသော ရေဖြစ်သည်" လျှောက်သည်၊ အနော်ရထာမင်းကလည်း သည်ရေကန်တော်သည် မိတ္ထီလာပင် ဖြစ်သည် ဆိုတော်မူသည်၊ မြို့လည်း တလုံး တည်ရမည်၊ နရပတေ့ သီဟပကြွန်ကို မိန့်တော်မူသည်၊ မိတ္ထီလာကန် အလျားကား တာ ၅၀၀၊ အနံ တာ ၅၀၊ ကန်တော် ရေသောက် အရှေ့သို့လားသော် တာ တသောင်း၊ အနောက်သို့ လားသော် တာ တသောင်း၊ တောင်သို့ လားသော် တာ တသောင်း၊ မြောက်သို့ လားသော် တာ တသောင်း၊ မြောင်းမတော် သုံးရာ၊ မြောင်းစဉ် နှစ်ရာ့ငါးဆယ်၊ ပျဉ်တလား အဆီးအကာ ရေလမ်းမှတ်တိုင် သုံးဆယ့်ခြောက်လုံး၊ ခရမှတ်တိုင် လေးလုံး၊မိုးဥတုမှတ်၊ နွေဥတုမှတ်၊ဆောင်းဥတုမှတ်၊သံဥတုမှတ် တိုင်လေးတိုင်၊ရေကြည်သူလေးရွာ၊ ကန်တော်စောင့်နတ်၊ သိကြား၊စတုလောကပါလာ ကန်ရိုးလေးရပ်စောင့် နတ်ကြီးလေးပါးအား စီရင်တော်မူသည်၊ ဝါဝင် ဝါကျွတ် နတ်သဘင်ခံရသည်၊ ကျွဲတရှင်း၊ လူ ၁၊ ဆန်တတင်း၊ ကြေး ၂၅ ကျပ်ကို ပန်းတခက်၊ ရေစင်ခံအိုး ယူ၍ ကန်နား တန်ဆောင်းများမှာ တင်လှာရသည်၊ မြို့သူကြီး လေးယောက်တို့က ပုဆိုးဖြူ၊ မြေတိုင်ကလည်း ပုဆိုးဖြူ လင်ဗန်းနှင့် ထမင်းတချို့ မုန့်ယို အကြွင်းမတင်ရ၊သည်ကန်ရိုး နတ်လေးပါးမှာ ကြေးမှတ် ရေမှတ် ခေါင်းတို့က လင်ဗန်းဖြင့် ထမင်း သားမျိုး ငါးမျိုးအစုံ သစ်သီး သစ်ပွင့် ပန်းညှန့် ပန်းမွှေး တင်ရသည်၊ ရေစင် ခံရသည်၊ကန်ရိုး နတ်ကြီးလေးပါးမှာ ပတ်ဆိုင်း ၄၊ ကြေးဝိုင်းပတ်သွင်း၍ ရေသောက်တွင် နေရသည်၊ တောက နတ်ဝင်မိန်းမတို့ သုံးရက်တိုင်တိုင် က,ရသည်၊ နတ်ဆု ရသမျှ ဆန် ကြေးကို မြို့သူကြီးလေးယောက်က ခြေတိုင် နတ်တိုင်စောင့် ရွာလေးထောင့်နတ်ဝင် ကခံသူတို့ ခွဲဝေ၍ ယူသည်၊ ချောင်းချ၍ စားရအောင် နတ်စု ဝေရသည်။ မိတ္ထီလာ ကန်တော် ရေလွှတ်သောကာလ မြို့သူကြီး မြေတိုင် ရေမှတ်တိုင်စောင့် လေးရွာ ခေါင်းတို့က တညီတညွတ်တည်း နတ်ကြီးများကို တောင်းပန် ပူဇော်၍ လွှတ်ရသည်၊ မြောင်းစောင့် ရေထိန်းတို့က အသီးအသီး မှတ်စာနှင့် မည်သည့် နေ့ရက်ကို ရေယူကြရမည်၊အရှေ့ သောင်းတိုင်၊ အနောက် သောင်းတိုင်၊ မြောက် သောင်းတိုင်၊ တောင် သောင်းတိုင် မြို့ရွာနေ လူတို့က ရေယူလှာရသည်၊ မိတ္ထီလာ ကန်တော်သည် သာသနာတော် ငါးထောင်မက သာသနာတော် ပ သည်တိုင်အောင် အရှည်တည် လတ့်သောမိတ္ထီလာကန်တော် ဖြစ်သည်။

" ဟောင်ဘက် မိတ္ထီလာကန်တော်သမိုင်း "။

ဤမိတ္ထီလာကန်တော်ကို ရောဝတီ,ရင္သတမ္ဘဏီပြည်ကို အစိုးရသော မင်းပြုရမည် ဆိုသော သိုက်သမိုင်းကို မင်းကြီးစွာစော်ကဲ လက်ထက် ကြားတော်မူ၍ အမတ် စည်တပြစ်တို့နှင့် မိတ္ထီလာကန်တော်ကို တိုင်ပင်၍ ပြုစုသည်၊ရှင်အာနန္ဒာ ဟောသော တရားတော်သည် အချိန်ကာလ မကြိုက်၍ ပြုစုသော်လည်း အလွတ်ကျသည်၊ ရှင်အာနန္ဒာ မိန့်တော်မူသည်ကား သာသနာတော် ၂၃၀၀ ရောက်သောကာလ ၁၀—ပါးသော ဗေဒင်ထွက်က နန်းမြရှင်ကောင်းရှင် လက်ထက်မှ မိတ္ထီလာကန်တော် ကို ထပ်၍ ပြုစုတော်မူမည် တရားတော်လာသည်၊ ထိုသို့ ပြုစုသောမင်းကား ပညာ ကြီး၏၊ ပညာရှိတို့ကို နှစ်သက်၏၊ ပညာရှိတို့စကားကို နာယူသည်၊ ဘုရားအယောင်း မင်းကောင်း ဟူလိုသည်။

---

မေတ္တာစာ

ရင်းသမိုင်းအရကို ဆင်ခြင်၍ ၁၁၅၇—ခု တပိုတွဲလပြည့်ကျော်(၁)ရက်နေ့ သွင်းသည့် **မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

မိတ္ထီလာကန်သမိုင်း အဆိုအရကို ဆင်ခြင်သော် အခြေအမြစ် အတိတ်အနာဂတ် အကြောင်းအရာ စုံလင်စွာ ပါရှိသည်၊ ရှေးပညာရှိတို့ အစဉ် ဥဒါန်းထွန်းအောင် ထားသည့် သမိုင်း စင်စစ် ဖြစ်သည်၊ ရင်းသမိုင်းတွင် ဘုရားရှင်ဘိုးတော် မဟာ အဋ္ဌနမင်း လက်ထက် ဇမ္ဗူဒိပ်မြေအပြင်၌ ရေကန် ရှစ်သောင်းလေးထောင် ပြုစု သည်ကာလ မိတ္ထီလာကန်လည်း ရေကန် ရှစ်သောင်းလေးထောင် အဝင်အပါ ကန် ဖြစ်ကြောင်းနှင့် မိတ္ထီလာကန်ဖြစ်စ အတိတ်ကာလကို ဆိုသည်၊ရင်းနောက် ဘက္ကယိ မင်း, ရောဝတီ ရင္သတမ္ဘဏီမင်းနှစ်ပါး ထပ်၍ ပြုစုမည်အကြောင်းနှင့် အနာဂတ် ကာလကို ဆိုသည်၊ အနာဂတ်မင်းနှစ်ပါးတွင် သက္ကရာဇ် ၄၁၆—ခု ကြိမ်ကြိုက်သည် ကာလ မိတ္ထီလာကန်ကို ပြုစုမည်ကို စွဲ၍ ၄ ခုသင်္ချာအရ ဘအက္ခရာ၊ တခုသင်္ချာအရ ကအက္ခရာ၊ ၆ ခုသင်္ချာအရ ယအက္ခရာများနှင့် ခေါဝေါလွယ်အောင် ကသံယုတ် က္က အက္ခရာလောင်း၍ ဘေးလောင်းတော် အနော်ရထာမင်းစောကို ဘက္ကယိမင်း ဟူ၍ မိတ္ထီလာကန်ကို ပြုစုမည် အခါကာလကို သိသာစေခြင်းငှါ သင်္ချာအမည်နှင့် ဆိုသည်။

သာသနာတော် ၂၃၀၀ ကျော်သောအခါ ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အဝမြို့တို့မှ အခြား ရောဝတီမြစ်ကြီးအနား တမ္ဗဒီပတိုင်းမ အချက်အချာ မဟာ

နဂရမြို့ကြီး တည်၍ မိတ္ထီလာကန်ကို ပြုစုလတ္တံ့သော မင်းတရားကို ပြုစုမည်ကာလ သာသနာတော် သက္ကရာဇ်ကို အခြားထုတ်ဖော်ဆိုပြီး ဖြစ်၍ အရပ်အမည်နှင့် ဧရာဝတီ ရဋ္ဌတမ္ဗဏီမင်း ဟူ၍ ဆိုသည်။ ယင်းသို့ ဆိုသောကြောင့် ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အဝပြည်တဲမင်းတို့ကို ဧရာဝတီရဋ္ဌတမ္ဗဏီမင်းဟူ၍ မယူသာ၊ ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အဝပြည်တဲမှ အခြား ဧရာဝတီမြစ်ကြီးအနား တမ္ဗဒီပ တိုင်းမ အချက်အချာ မဟာနဂရမြို့ကြီး တည်၍ သာသနာရေး လောကရေး နှစ်ပါးကို ပြုစုတော်မူသော မင်းတရားကိုသာ ဧရာဝတီရဋ္ဌတမ္ဗဏီမင်းဟူ၍ ယူသင့် သည်၊ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် လည်း ဧရာဝတီမြစ်ကြီးအနား တမ္ဗဒီပတိုင်းမ အချက်အချာ အမရပုရမဟာနဂရ မြို့ကြီးတည်၍ သာသနာရေး လောကရေး နှစ်ပါးကို ပြုစုတော်မူသော တရားမင်း မြတ်ကြီး ဖြစ်တော်မူသည်၊ ဗျာဒိတ် သိုက် သမိုင်းနှင့်အညီ သာသနာတော် ၂၃၀၀ ကျော် အခါ သမယ ကြိုက်တော်မူသည်၊ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ကိုသာ သာသနာတော် နှစ်ထောင့် သုံးရာကျော်သော အခါ မိတ္ထီလာကန်တော်ကို ဧရာဝတီရဋ္ဌတမ္ဗဏီမင်း ထပ်၍ ပြုစုမည်ဟူ၍ သိုက် သမိုင်းတွင် ဆိုခြင်း စင်စစ်ဖြစ်သည်၊ မိတ္ထီလာကန်တော်ကို ပြုစုတော်မူရမည်ဟူ၍ မင်းသားပျိုစဉ်က အိပ်မက်တော် ဆတ်ဆတ် ပြသည့်အရာသည် ကန်တော်စောင့် နတ်လေးပါး, သိကြား, စတုလောကပါလာတို့ ရွှေထီးရွှေနန်း သိမ်းမြန်း၍ သာသနာ ရေး လောကရေး နှစ်ပါးကို ပြုစုတော်မူမည် မြင်၍ ပြခြင်း စင်စစ် ဖြစ်သည်၊ ဘုရား အလောင်းတော် အလီနသတ္တုမင်းသည် ဆည်ကန်ပြုစု၍ ကောက်သုံးပါး ဖြစ်ပွား စေကြောင်း၊ အဘယဒုဋ္ဌဂါမဏိစသော မင်းတို့သည်လည်း ဆည်ကန် ချောင်း မြောင်းပြုစု၍ ကောက်သုံးပါး ဖြစ်ပွားစေကြောင်းများကို ဇာတ်နိပါတ် ကျမ်းဂန် ဆိုသည်၊ တိုင်းပြု ပြည်ပြု သာသနာပြု မင်းတရားတို့ လက္ခဏာရှိသည်ကို သိတော် မူသည်အတိုင်း သိုက် သမိုင်း အိပ်မက် နိမိတ်နှင့် အညီ ဆည်တော် ကန်တော် ပြုစု တော်မူမည့်အရာများသည် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာ သာသနာတော်စီးပွား လောကစီးပွား ဖြစ်ထွန်းမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## မင်းရှင်စော၏ ကန်ချောင်း ဆည်မြောင်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရွှေး ဘေးလောင်းတော် မင်းရှင်စော ပြုစုသည့် ကန်ချောင်း ဆည်မြောင်း ယိုပွင်း တိမ်မြုပ်သည်ကို ပြည်သူ ပြည်သား

သတ္တဝါအပေါင်းတို့ မှီခိုရာဖြစ်အောင် ထပ်၍ ပြုစုတော်မူသည့် မြောင်းတော်ကို အကြည့်အရှု သက္ကရာဇ် ၁၁၅၇-ခု တပိုတွဲလပြည့်ကျော်( ၉ )ရက်နေ့ ထွက်တော်မူသည်တွင် ဆဘာ တောင်စွန်း မြောင်းတာတွင် လုပ်ဆောင်သူ ပြည်သူ ပြည်သားတို့ သောက်ယူလောက်အောင် ရေကြည်ထွက်သည့် အရပ် မြောင်းပေါင်ပေါ်တွင် ကွန်းထောက်နန်းတော် ဆောက်လုပ်၍ ရှိသည်၊ ၎င်းလပြည့်ကျော်(၉)ရက်နေ့ ထွက်တော်မမူမီ နေ့ရက်အရှည် မြောင်းတူး မြောင်းလုပ် လူတို့သောက်ရန် ရေကို တာ တထောင်ကွာ နှစ်ထောင်ကွာမှာ ခပ်ယူ သုံးဆောင်ကြသည်၊ ရွှေဘုန်းတော်မြတ်ကြောင့် အပါးအနီး ရေကြောင်းပေါ်၍ မပင်မပန်း သုံးဆောင်ကြရသည့်အရာသည် နတ်တို့ဖေါ်ပြ၍ ပေါ်ရသည့်အရာ ဖြစ်တော့သည်၊ယခု ကွန်းထောက်ဆောက်လုပ်သည့် ရေထွက်အပေါ်တွင်ပင် နတ်ကွန်းဆောက်လုပ်သင့်မည်၊လွဲ၍ သင့်ရာဆောက်လုပ်သင့်မည်ကို ဆရာတော်မှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ကျိုင်းတော်စွဲမှူး သီရိနေဘ်ရထာကို လျှော်လှာပါစေသည်၊အမိန့်တော် ရှိပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၅၇-ခု တပိုတွဲလပြည့်ကျော်(၁၁)ရက်နေ့ သရက်ကန် နန်းတော်က လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဇာတ်နိပါတ် မဟာဝင်ဝတ္ထု ကျမ်းဂန်များတွင် ဘုရားအလောင်းတော် ဒွါလီန သတ္တုမင်း ဆည် ကန်ပြုစုကြောင်း၊ သီဟိုဠ်ကျွန်း အဘယဒုဋ္ဌဂါမဏိစသော မင်းတို့ ဆည်ကန်ပြုစုကြောင်းများကို ဆိုသည်နှင့်အညီ တိုင်းပြု ပြည်ပြု သာသနာပြု မင်းတရားတို့ လက္ခဏာ ထုံးစံ ရှိသည်အတိုင်း တိုင်းရေး ပြည်ရေး သာသနာရေးများကို မြော်ထောက်တော်မူ၍ တိုင်းသူ ပြည်သူတို့စီးပွား သာသနာတော်မြတ်စီးပွား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာ ဖြစ်ထွန်းအောင် ဆည်ကန် ပြုစုတော်မူသည့်အရာသည် ဗုဒ္ဓတ္ထစရိယ,လောကတ္ထစရိယ ဗောဓိသမ္ဘာရ ကုသိုလ်ပါရမီကိုစင်စစ်ဖြည့်ကျင့်တော်မူသည် မည်သည်၊ဆဘာတောင်စွန်း ဆည်တာ

ကွန်းထောက်နန်းတော်တွင် ၁၁၅၇–ခု တပို့တွဲလပြည့်ကျော် (၉)ရက် ထွက်စံတော်မူသည့်နေ့ အရှည် သုံးဆောင်လောက်အောင် ရေကြောင်း ရေကြည် ပေါ်ထွက်သည်မှာလည်း ယခု ဖြည့်ကျင့်တော်မူသော ဗုဒ္ဓတ္တစရိယ,လောကတ္ထစရိယ ဖောဓိသမ္ဘာရ ကုသိုလ်ပါရမီတော်၊ရှေးရှေး ဘဝက ဖြည့်ကျင့်တော်မူခဲ့သော ကုသိုလ်ပါရမီတော်အကြောင်းခံ၍ တိုင်းပြု ပြည်ပြု သာသနာပြု သာသနဒါယကာ တရားမင်းမြတ်ဘုန်းပါရမီတော်ကြောင့် နတ်နဂါးတို့ ပေါ်ထွက်စေသည့်အရာ စင်စစ် ဖြစ်သည်၊ ဘေးလောင်းတော် သီရိဓမ္မာသောကမင်း လက်ထက် အနဝတတ်အိုင်က နတ်ဘီလူးတို့ ရေကြည် ဆက်ရသည်ကို ဆိုသော ကျမ်းဂန်ထုံးစံလည်း ရှိသည်၊ မိတ္ထိလာကန်ကို ဘုရားရှင်ဘိုးတော် မဟာအဥ္စနမင်း ပြုစုသည်ကာလ အနဝတတ်အိုင်က နဂါးတို့ ရေကို ဆောင်ခဲ့၍ အံသည့် စာဟောင်းစာတမ်း ဆိုသည့်အရာလည်း သည်ကဲ့သို့ နတ်နဂါးတို့ ပေါ်ထွက်စေသည်ကိုပင် ရည်၍ ဆိုခြင်းဖြစ်သည် ဟူ၍ ယူရန်ရှိသည်၊ ကန်စောင့်နတ်ကွန်း ဆောက်လုပ်တော်မူသည်မှာလည်း အကြောင်းအထူးကို စွဲ၍ နတ်အိမ် နတ်ကွန်း ဆောက်လုပ်မြဲ ထုံးစံနှင့်အညီ ရေကြောင်း ရေကြည်ပေါ်ထွက်သည့် ကွန်းထောက်နန်းတော်ရာတွင်ပင် ဆောက်လုပ်တော်မူသော် သင့်မည်။

---

## ကိုင်မားမြို့ သံဃာတော်တို့ ပေးစာ

သက္ကရာဇ် ၁၁၅၇-ခု တန်းခူးလဆန်း( ၃ )ရက်နေ့တွင် သိန္ဓုရဋ္ဌတိုင်း ကိုင်မားမြို့က ရွှေဘဝါးတော်မြတ်အောက် ရှိခိုးလက်ဆောင်တော် ဆက်လှာရောက်သည့် ကိုင်မားစော်ဘွားတွင် ကိုင်မားမြို့သံဃာတို့က ဆရာတော်သို့ ပေးမှာသည့်စာကို ယွန်းသံတော်ခံ ပျော့ပြန်သည် ပေးမှာသည့်စာကား–

### သီရိသုက္ခသူဃတိ အဘိဇေယျ မဟာမင်္ဂလာ။

မြတ်သော သိန္ဓုရဋ္ဌအမည်ရှိသော ကိုင်မားမြို့သည် အဆက်ဆက်သော သိနိုဒ္ဓ သိနေဟမေတ္တာချစ်ကြည်ခြင်းဖြင့် သီရိသေဋ္ဌဘဝအဂ္ဂရာဇာ သီဟဠပြည် ရာမညပြည်တို့ထက် လွန်မြတ်သော မဟာနဂရ ရာဇဓာနီ သီရိဝဓနုဖြစ်သော အင်းဝပြည်ကြီးနှင့် အစဉ်အဆက် ဆင်းသက်၍ မေတ္တာ ချစ်ကြည်ခြင်းဖြစ်ကြပါသည်။ ၎င်းမဟာနဂရ ရာဇဓာနီ အင်းဝပြည်၌ဖြစ်သော အကြောင်းအရာ သတင်းစကားများကို သိန္နီမြို့က အန္တေဝါသိကဖြစ်သူ ရဟန်းသုံးယောက် အင်းဝမြို့သို့ ရောက်လျှင် သီရိသေဋ္ဌဘဝ အဂ္ဂရာဇာ ဖြစ်တော်မူသော မင်းတရားကြီး ဆရာတော်ထံ ရှိခိုးဦးချ ခယဖူးမြင်ပြီး၍

သိန္နီမြို့သို့ ပြန်ရောက်၍ တဖန် ကိုင်မားမြို့သို့ ရောက်လာသောကြောင့် ကြားသိရသည်၊ သီရိသေဋ္ဌာဘိဝံသအဂ္ဂရာဇာ ဖြစ်တော်မူသော မင်းတရားကြီး ဆရာတော်၏ သတင်းစကားကို ၎င်းအန္တေဝါသိက ရဟန်းတို့ထံ ကြားသိရသည့်နေ့မှစ၍ ဝမ်းမြောက်ဝမ်းသာ ရှိပါသည်၊မဟာနဂရ ရာဇဓာနီ အင်းဝပြည်ကြီး၌ သီတင်းသုံး နေတော်မူသော သီရိသေဋ္ဌာဘိဝံသအဂ္ဂရာဇာမင်းတရားကြီး ဆရာတော်က မေတ္တာတော်ကိုလည်း မပြတ် ခံလိုပါသည်၊ ရှေးရှေး အစုအစည်း အဆက်အနွယ် အကြောင်းအရာကိုလည်း သိ့ကြားရအောင် အမိန့်တော် မှာစာ ပေးမှာတော်မူပါလျှင် ရှေကို တပည့်တော်တို့ တစုမှာ တရားကျမ်းဂန် လာရှိသည်အတိုင်း မှာထား မိန့်တော်မူသော အမိန့်တော်ကို နာခံ၍ သာသနာတော် အနှစ်ငါးထောင်ပတ်လုံး အစွန့်ရှည်စွာ ပွင့်လင်း စည်ပင်မည်အကြောင်း သိဿာနုသိဿတို့ကို ကျင့်ဆောင်စေရခြင်း အကျိုး ရှိပါမည်အကြောင်း၊ ၎င်းအမိန့်တော်တွင် ပါသည့်အတိုင်း ဆင်းသက်၍ ကျင့်ဆောင်သော သိဿာနုသိဿ အပေါင်းတို့လည်း ဆရာတော်ထံ ဆည်းကပ်ရပါအောင် သီရိသေဋ္ဌာဘိဝံသအဂ္ဂရာဇာ ဖြစ်တော်မူသော ရေမြေရှင် ဆရာတော်က တရားကျမ်းဂန်ရှိသည်နှင့် အညီ မေတ္တာ ကရုဏာ သက်တော်မူ၍ ကြည့်ရှု မ,စ ပါမည် အကြောင်းကို လျှောက်ပါသည်။

---

## ကိုင်မားမြို့သံဃာသို့ ဆရာတော်၏ ပေးစာ

**၎င်းသိန္နုရဋ္ဌတိုင်း ကိုင်မားမြို့ သံဃာတို့က ပေးမှာသည့်စာကို ရွှေနန်းတော်သို့ သွင်း၍ ရွှေနားတော်ကြား ဖတ်နာတော်မူပြီးလျှင် အမိန့်တော်နှင့် ကိုင်မားမြို့ သံဃာတို့သို့ ဆရာတော်က ပြန်ပေးမှာသည့်စာကား—**

သီရိပဝရ သုခါဘိဝုဍ္ဍ သုဝတ္ထိ ဇေယျ မဟာမင်္ဂလာ။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း အစရှိသော ရတနာအပေါင်းတို့အရှင် ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဆရာတော် အကြောင်းကြားအပ်သော သိန္နုရဋ္ဌတိုင်း ကိုင်မားမြို့ သံဃာတော်အပေါင်းတို့၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော "သီရိပဝရ ဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" နာမံ တံဆိပ်ရှိတော်မူသော ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသည် အမြင်တထောင် ဆောင်သော သိကြားမင်း၏ ပညာအမြင်နှင့် တူသော လောကသုတ, ဓမ္မသုတ ပညာအမြင်တော်ဖြင့် သာသနာတော်ရေးကို မြော်မြင်တော်မူ၍ ပိဋကဓရ,ဝိနယဓရ

ဆရာတော် သံဃာတော်တို့နှင့် ဆွေးနွေး နိုင်းယှဉ်တော်မူလျက် သဗ္ဗညုဘုရား ထင်ရှား ရှိတော်မူစဉ်ကဲ့သို့ တရားကျမ်းဂန်နှင့် အညီ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူသည့် အထူးထူးသော တိုင်းကြီး ပြည်ကြီးတို့၏ အချက် အချာ တမ္ဗဒီပ မဟာရဋ္ဌတိုင်းမအလယ် အမရပုရ မဟာနဂရ ရာဇဓာနီ နေပြည်တော်ကြီး မှာ သာသနာတော်မြတ်ကို သုတ်သင်ပြုစုတော်မူသည်နှင့် တညီတညွတ် သာသနာ တော် စည်ထွန်းအောင် ကမ္ဗောဇ, ဟရိပုဉ္ဇ, ရာမည အစရှိသော တိုင်းကြီး မြို့ကြီး ၅၀ ကျော်၊ ရခိုင်ဓညဝတီ, မေဃဝတီ, ရမ္မဝတီ အစရှိသော ကျွန်းငယ် ၄၀ ကျော်များသို့ ပိဋကတ်အစုံနှင့် ပဥ္စဝဂ္ဂ ဆရာတော် သံဃာတော်တို့ကို အသီးအသီး သာသနာပြု စေလွှတ်တော်မူသည်၊ လင်္ကာဒီပ, သီဟဠဒီပ မည်သော သီဟိုဠ်ကျွန်း သီရိဝဍ္ဎနမြို့ ရာဇာဓိရာဇသီဟမင်းက လက်ဆောင်ပဏ္ဏာ ဆက်သလှာသည်တွင် သာသနာပြုနည်း အခြင်းအရာကို ရွှေမွှမ်းပုရပိုက်ဖြူတွင် မင်အက္ခရာနှင့် ပေးမှာတော်မူ၍ တရားကျမ်းဂန်နှင့် အညီ သာသနာတော်ကို ပြုစုတော်မူသည်၊ သဗ္ဗညုဘုရား ဟောထားတော်မူခဲ့သော ကိုယ်စားတော် ဓမ္မက္ခန္ဓာ ပိဋကတ်တော်သာ သာသနာ တော်မြတ် မူလအခြေအမြစ် ဖြစ်သည်ကို မြော်ထောက်တော်မူ၍ ပိဋကတ်သုံးပုံ နိကာယ် ငါးပါး ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် အစေ့အစုံ တပုဒ် တပါဒမျှ မယိုမယွင်း မလစ်မဟင်းရအောင် ရွှေရေး မင်ရေး ကညစ်ရေး အက္ခရာသုံးပါးနှင့် အစုံများစွာ ပြုစုကိုးကွယ်၍ အရပ်ရပ် လာရောက်သမျှ ရဟန်းသံဃာတို့ကို သင်ကြား စေတော်မူသည်၊ နိုင်ငံတော်အစပ် တရုပ်ပြည်အကြား မိုင်းသာမြို့က ရဟန်းရှင် ကောမုနိတို့ နေပြည်တော်သို့ လာရောက်သည်ကိုလည်း သင်ကြားစေတော်မူ၍ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်, ခုဒ္ဒသိက္ခာကျမ်းဂန်များကို သင်ကြား ဆောင်ရွက်နိုင်ပြီး၊ သိန္ဓုရဋ္ဌတိုင်း ကိုင်မားမြို့ သံဃာတို့မှာလည်း မိုင်းသာမြို့ ရှင်ကောမုနိကဲ့သို့ နေပြည်တော်သို့ လာရောက်ကြသျှင် ပိဋကတ်စာပေ သင်ကြား လေ့ကျက်ရမည် ဖြစ်သည်။

သိန္ဓုရဋ္ဌတိုင်း ကိုင်မားမြို့ သံဃာတို့က ပေးမှာသည့်စာတွင် မှာထားမိန့်ဆိုသည် အတိုင်း နာခံလိုပါကြောင်းနှင့် ပါသည်မှာ သာသနာတော်ရေး သာသနာမှုသည် အလွန် နက်နဲ ခက်ခဲလှသည်၊ တရားကျမ်းဂန်နှင့် အညီ ကျင့်ဆောင်နိုင်အောင် မှာထားကာမျှနှင့် စေ့ငုသေချာနိုင်မည် မဟုတ်၊ ပိဋကတ်စာပေ အစုံအလင် ရှိသရွေ့ သင်ကြား လေ့ကျက် ဆောင်ရွက်မှသာ သာသနာတော် မူလအမြစ် ဖြစ်မည်။

ဇင်းစာကို စက္ကူဖြူတွင် မင်အက္ခရာရေး၍ ရွှေမွှမ်းကျည်နှင့် ၁၁၅၇–ခု တန်းခူးလဆန်း(၈)ရက်နေ့ ကိုင်မားစော်ဘွားတွင် ပြန်ပေးသည်။

## မြေ့စိမ်းခေါင်းမှ ပုလဲ

ဟံသာဝတီမြို့ကျေး ပင်လယ်နားတွင် အလျား အရှည် အလံ တဆယ်ကျော်၊ လုံးပတ် သုံးတောင်ထွာခန့်ရှိသည့် မြွေစိမ်း အသေတခုကို တောသွားမုဆိုးတို့ တွေ့မြင်၍ ရှာဖွေသော် ဦးခေါင်းတွင် ပုလဲရ၍ ဟံသာဝတီမြို့ဝန်က ဆက်သည်၊ ၎င်း ပုလဲအဆင်းကား စိမ်းစိမ်းညိုညို ရှိသည်၊ သဏ္ဍာန်ကား လုံး လုံး လျောင်းလျောင်း ရှိသည်၊ ပုလဲ မှန်မည် မမှန်မည်ကို အ မေးတော် ရှိ၍၊

**၁၁၅၇—ခု တန်းခူးလဆန်း(၁၁)ရက်နေ့ အတွင်းဝန် မင်းကြီးနန္ဒကျော်ထင် သွင်းသည့်စာကား—**

ဟတ္ထိကုမ္ဘံ ဝရာဟ ဒါဠံ၊ဘုဇင် သီသံ ဝလာဟကံ။
ဝေဠုမစ္ဆသိရောသင်္ခေါ၊ သိပ္ပီတိ အဋ္ဌ မုတ္တာယောနိယော။

**အနက်** ဟတ္ထိကုမ္ဘံ၊ ဆင်ဦးကင်း၌ ဖြစ်သောပုလဲ။ ဝရာဟဒါဠံ၊ ဝက်စွယ်၌ ဖြစ်သောပုလဲ။ ဘုဇင်သီသံ၊ မြွေဦးခေါင်း၌ ဖြစ်သောပုလဲ။ ဝလာ ဟကံ၊တိမ်တိုက်၌ဖြစ်သောပုလဲ။ဝေဠု၊ဝါး၌ဖြစ်သောပုလဲ။ မစ္ဆသိရော၊ငါးဦးခေါင်း ၌ဖြစ်သောပုလဲ။ သင်္ခေါ၊ ခရုသင်း၌ဖြစ်သောပုလဲ။ သိပ္ပီ၊ယောက်သွား၌ ဖြစ်သော ပုလဲ။ဣတိ၊ဤသို့။မုတ္တာယောနိယော၊ပုလဲမျိုးတို့သည်။အဋ္ဌ၊ရှစ်ပါးတို့တည်း။

တတ္ထ ဟတ္ထိကုမ္ဘဇာ ပီတဝဏ္ဏာ ပဘာဟီနာ၊ဝရာဟဒါဠဇာ ဝရာဟဒါဠ ဝဏ္ဏာဝ၊ ဘုဇင် သီသဇာ နီလာဒိဝဏ္ဏာ သုဝိသုဒ္ဓါ ဝဋ္ဋလာစ၊ ဝလာဟကဇာ ဘာသုရာ ဒုဗ္ဗိဘာဂရူပါ ရတ္တိဘာဂေ အန္ဓကာရံ ဝိဓမေန္တိယော တိဋ္ဌန္တိ၊ ဒေဝူပဘောဂါ ဧဝ စ ဟောန္တိ။ဝေဠုဇာ ကရကဖလသမာနဝဏ္ဏာ၊န ဘာသု ရာ၊ တေစ ဝေဠု အမနုဿဂေါစရေ ဧဝ ပဒေသေ ဇာယန္တိ၊ မစ္ဆသီသဇာ ပါဠီနပိဋ္ဌိသမာနဝဏ္ဏာ ဝဋ္ဋလာ လဃဝေါစ ဟောန္တိ ပဘာဝိဟီနာစ၊တေစ မစ္ဆာ သမုဒ္ဒမဇ္ဈေယေဝ ဇာယန္တိ၊ သင်္ခဇာ သံခဥဒရစ္ဆဝိဝဏ္ဏာ ကောလဖလပ္ပ မာဏာပိ ဟောန္တိ ပဘာဝိဟီနာ၊ သိပ္ပိဇာ ပဘာဝိသေသယုတ္တာ ဟောန္တိ၊ နာနာသဏ္ဌာနာ။

အနက် တတ္ထ၊ ထိုပုလဲမျိုးရှစ်ပါး တို့တွင်။ ဟတ္ထိကုမ္ဘဇာ၊ ဆင်ဦးကင်း၌ ဖြစ်သော ပုလဲတို့သည်။ ပီတဝဏ္ဏာ၊ ရွှေသောအဆင်းရှိကုန်၏။ ပဘာဟီနာ၊ အရောင်အဝါမရှိလှန်း။ ဝရာဟဒါဌဇာ၊ ဝက်စွယ်၌ဖြစ်သော ပုလဲတို့သည်။ ဝရာဟဒါဌဝဏ္ဏာဝ၊ဝက်စွယ်အဆင်းသာလျှင် ရှိကုန်၏။ဘုဇင်္ဂသီသဇာ၊မြွေဦးခေါင်း၌ဖြစ်သော ပုလဲတို့သည်။ နီလာဒိဝဏ္ဏာစ၊ အစိမ်းအညိုလျှင် အစရှိသောအဆင်းလည်း ရှိကုန်၏။ သုဝိသုဒ္ဓါစ၊ အလွန်လည်း သန့်ရှင်း စင်ကြယ်ကုန်၏။ ဝဋ္ဋလာစ၊ လုံးလုံးလျှောင်းလျှောင်း သဏ္ဌာန်လည်း ရှိကုန်၏။ ဝလာဟကဇာ၊တိမ်တိုက်၌ ဖြစ်သော ပုလဲတို့သည်။ ဘာသုရာ၊ အရောင်အဝါရှိကုန်၏။ ဒုဗ္ဗိဘာဂရူပါ၊ အထူးတူးအပြားပြား အဆင်းသဏ္ဌာန်ရှိကုန်၏။ ရတ္တိဘာဂေ၊ ညဉ့်အဖို့၌။ အန္ဓကာရံ၊ အမိုက်ကို။ ဝိဓမေန္တိယော၊ ဖျောက်ကုန်လျက်။ တိဋ္ဌန္တိ၊တည်ကုန်၏။ ဒေဝူပဘောဂါဝေစ၊ နတ်၏ အသုံးအဆောင်တို့သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ဝေဠုဇာ၊ဝါး၌ ဖြစ်သော ပုလဲတို့သည်။ ကရကဖလသမာနဝဏ္ဏာ၊ သလဲသီးအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ နဘာသုရာ၊ အရောင်အဝါမရှိလှန်း။ တေစဝေဠု၊ ထိုဝါးတို့သည်လည်း။ အမနုဿဂေါစရေဝေပဒေသေ၊ လူတို့ မကျက်စားသော အရပ်၌သာလျှင်။ ဇာယန္တိ၊ရောက်ကုန်၏။ မစ္ဆသီသဇာ၊ ငါးဦးခေါင်း၌ဖြစ်သောပုလဲတို့သည်။ ပါဓိနပိဋ္ဌိသမာနဝဏ္ဏာ၊ငါးဖယ်ကျောက်ကုန်းနှင့်တူသော အဆင်းရှိကုန်၏။ ဝဋ္ဋလာစ၊ လုံးလုံးလျှောင်းလျှောင်း သဏ္ဌာန်ရှိကုန်သည်လည်းကောင်း။ လဃဝေါစ၊ ပေါ့ကုန်သည်လည်းကောင်း။ပဘာဝိဟီနာစ၊အရောင်အဝါ မရှိကုန်သည်လည်းကောင်း။ဟောန္တိ၊ဖြစ်ကုန်၏။တေစမစ္ဆာ၊ ထိုငါးတို့သည်လည်း။ သမုဒ္ဒမဇ္ဈေယေဝ၊ သမုဒြာအလယ်၌သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ သင်္ခဇာ၊ခရုသင်း၌ဖြစ်သော ပုလဲတို့သည်။ သင်္ခဉဒရစ္ဆဝိဝဏ္ဏော၊ခရုသင်းဝမ်းရေ အဆင်းရှိကုန်၏။ ကောလဖလပ္ပမာဏာပိ၊ ဆီးသီးခန့်ပင် ကြီးကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဘာဝိဟီနာစ၊ အရောင်အဝါလည်း မရှိလှန်း။ သိပ္ပိဇာ၊ ယောက်သွား၌ဖြစ်သော ပုလဲတို့သည်။ ပဘာဝိသေသယုတ္တာ၊ အရောင်အဝါအထူးနှင့် ယှဉ်ကုန်၏။ နာနာသဏ္ဌာနာ၊ အထူးထူးသဏ္ဌာန်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့ သာရတ္ထဒီပနီကျမ်း၌ ပုလဲမျိုးရှစ်ပါးတို့ အဆင်းသဏ္ဌာန်ကို ဆိုသည်တွင် မြွေဦးခေါင်း၌ဖြစ်သော ပုလဲကို အစိမ်းအညိုလျှင် အစရှိသော အဆင်းရှိကြောင်း၊ ၎င်းအဆင်းလည်း သန့်ရှင်းစင်ကြယ်ကြောင်း၊လုံးလျှောင်းသော သဏ္ဌာန်ရှိကြောင်းကို ဆိုသည်နှင့်အညီ ယင်း ဟံသာဝတီက ဆက်သော ပုလဲသည် စိမ်းစိမ်း ညိုညို ရှိသည်၊ သန့်ရှင်း စင်ကြယ်သည်၊ လုံးလုံးလျှောင်းလျှောင်းသော သဏ္ဌာန်ရှိသည် ဖြစ်၍ မြွေဦးခေါင်း၌ဖြစ်သောပုလဲ စင်စစ် မှန်သည်၊ ရခဲစွာလျက် ဘုန်းကံတော်

ထူးမြတ်တော်မူ၍ ရသည်၊ ပုလဲရတနာတို့သည် အာနုဘော် ကြီးမြတ်သည်ဖြစ်၍ အမှတ်မဲ့ ထားတော်မမူရာ၊ အကွင်း အခြည် လျော်ရာ ပြု၍ အမြဲမပြတ် သုံးစွဲတော်မူသင့်သည်။

## သတ္တဋ္ဌာနနှင့် ဗောဓိမဏ္ဍိုင်

တကာတော် အတွင်းဝန်တို့ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား—

သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ မဟာဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူ၍ မဟာဗောဓိမဏ္ဍိုင်၌ ပဌမသတ္တာဟ၊ အနိမိသ ဒုတိယသတ္တာဟ၊ ရတနာစင်္ကြံ တတိယသတ္တာဟ အစရှိသည်ဖြင့် နေတော်မူသည်၊ ခုနစ်ပါးသော သတ္တာဟတို့နှင့် မဟာဗောဓိမဏ္ဍိုင် အကွာ အဝေး ခရီး ယူဇနာ တောင် တာ လက်သစ်များနှင့် သတ္တသတ္တာဟ အနေအထား ပုံများကို ကျမ်းဂန်ထုံးစံ လာရှိတိုင်း သိတော်မူသာအောင် ဆရာတော်မှာ အတွင်းဝန်တို့က လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်၊ မဟာဗောဓိမဏ္ဍိုင်မှစ၍ သတ္တသတ္တာဟ အနေအထား အရပ်ဒေသ အကွာ အဝေး ခရီး ယူဇနာ တောင် တာ လက်သစ်များကို ကျမ်းဂန်ထုံးစံ လာရှိတိုင်း ဂါထာ,စုဏ္ဏိယ,အနက်, အဓိပ္ပါယ်များနှင့် သိတော်မူသာအောင် စာသွင်းတော်မူပါမည် အကြောင်းကို မဟာဒါန်ဝန်တွင် ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

၁၁၅၈-ခု တန်ဆောင်မုန်းလပြည့်ကျော်(၁၃)ရက်နေ့ မဟာဒါန်ဝန် လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်တော်မူပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ရှေးမဆွ ဝါမဆိုမိ နေတော်မူသည့် ခုနစ်ရပ်ကို သတ္တဋ္ဌာန ဆိုသည်၊ ၎င်းသတ္တဋ္ဌာနကား—

၁။ မဟာဗောဓိပင်အောက် တလံကွာ အရှေ့မျက်နှာ၌ မြေမှ ဆံတခြည်ခန့်မျှ မပေါ်မတက်သော အပ္ပရာဇိတပလ္လင်ထက် ထက်ဝယ် ဖွဲ့တော်မူလျက် မာရ်စစ်သည်ကို ပယ်ဖျက်ပြီး၍ ဘုရားဖြစ်တော်မူလျှင် ဝိဇယုတ္တရမည်သော ခရုသင်းနှင့် သိကြားမင်း ပူဇော်ခြင်း၊ ထီးဖြူနှင့် ဗြဟ္မာမင်း ပူဇော်ခြင်း၊သားမြီးယပ်နှင့် သုယာမနတ်မင်း ပူဇော်ခြင်း၊ ပတ္တမြားယပ်ဝန်းနှင့် သန္တုသိတနတ်မင်း ပူဇော်ခြင်း၊ ဗေဠုဝပဏ္ဍုမည်သော စောင်းနှင့် ပဉ္စသိခနတ်သား ပူဇော်ခြင်း၊ ရတနာပန်းကုံး ပန်းဆိုင်းစသည်ဖြင့် နတ်အပေါင်းတို့ ပူဇော်ခြင်းကို ခံတော်မူ၍ ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူသည့် **ဗောဓိသတ္တာဟ**။

၂။ ယင်းသို့ အပ္ပရာဇိတပလ္လင်ထက် ဖလသမာပတ် ဝင်စားတော်မူသည်ကို ယနေ့ထက်တိုင်လည်း ပလ္လင်၌ထပ်ခြင်းကိုမစွန့် ပြုဘွယ်ကိစ္စ ရှိသေးယောင်တကားဟု နတ်တို့အား ဖြစ်ကြဲဖြစ်သည်ကို သိတော်မူ၍ ကောင်းကင်သို့ တက်တော်မူပြီးလျှင် ယမိုက်ပြာဋိဟာ ပြတော်မူပြီးမှ ရတနာပလ္လင်က လေးလံကွာ အရှေ့သို့ စဉ်းငယ်ယွန်းသော မြောက်မျက်နှာ၌ ရပ်တော်မူလျက် "ဤပလ္လင်ထက် သဗ္ဗညုတညာဏ်ကို သိအပ်ပြီ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ဖြည့်အပ်သော ပါရမီတို့၏ အကျိုးကို ရရာတည်း"ဟု မဟာဗောဓိပင်နှင့် ရတနာပလ္လင်ကို ခုနစ်ရက်ပတ်လုံး စိမ့်စိမ့်ကြည့်ရှုတော်မူသည့် **အနိမိသသတ္တာဟ**။

၃။ ထိုနောင်မှ ရတနာပလ္လင်နှင့် ရပ်တော်မူရာ အနိမိသအကြား နှစ်လံကွာတွင် အရှေ့ အနောက် ရတနာစင်္ကြံ ဖန်ဆင်းတော်မူ၍ ခုနစ်ရက်ပတ်လုံး စင်္ကြံ ကြွတော်မူသည့် **စင်္ကမနသတ္တာဟ**။

၄။ ထိုနောင် မဟာဗောဓိမှ နှစ်လံကွာ အနောက်မျက်နှာတွင် နတ်တို့ဖန်ဆင်းသော ရတနာအိမ်၌ ရှေးဦးစွာ ဝိနည်းပိဋကတ်ကို၊ ထိုနောင် သုတ္တန်ပိဋကတ်ကို၊ ထိုနောင် အဘိဓမ္မာပိဋကတ်ကို ခုနစ်ရက်ပတ်လုံး သုံးသပ် ဆင်ခြင်တော်မူသည့် **ရတနာဃရသတ္တာဟ**။

၅။ ထိုနောင် မဟာဗောဓိမှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အဇပါလမည်သော ပညောင်ပင်ရင်း၌ ထက်ဝယ် နေတော်မူလျက် တဏှာ၊ အရတိ၊ ရာဂါမည်သော မာရ်မင်းသမီး သုံးယောက်တို့ အထူးထူးအရွယ်၊ အထူးထူးအဆင်းဖြင့် ဖြားယောင်းလာသည်ကို ငဲ့တော်မမူပဲ သမာပတ်ချမ်းသာ ခံစားတော်မူလျက် ခုနစ်ရက်ပတ်လုံး နေတော်မူ၍ ဟုံဟုံကမည်သော ပုဏ္ဏား ပြဿနာမေးသည်ကို ဖြေတော်မူသည့် **အဇပါလသတ္တာဟ**။

၆။ ထိုနောင် မဟာဗောဓိမှ အရှေ့တောင်မျက်နှာနှစ်ဆယ့်ကိုးတာကွာ မုစ္စလိန္ဒာ အိုင်နား ကျည်းပင်ရင်း၌ စကြဝဠာတိုက်လုံးနှံ့အောင် အခါမဲ့ မိုးကြီး စွေသည်တွင် မုစ္စလိန္ဒာနဂါးမင်း အခွေတို့ဖြင့် ခုနစ်ခွေပတ်ရစ်လျက် အထက်၌ ပါးပျဉ်းမိုး၍ အလယ်၌ ဖန်ဆင်းအပ်သော ရတနာပလ္လင်ထက်၌ ခုနစ်ရက်ပတ်လုံး ထက်ဝယ် သမာပတ်ဝင်စားတော်မူ၍ မိုးစဲသောကာလ လုလင်အသွင်ဖြင့် နဂါးမင်း ရှိခိုး ပူဇော်ခြင်းကို ခံတော်မူလျက် ဥဒါန်းကျူးတော်မူသည့် **မုစ္စလိန္ဒသတ္တာဟ။**

၇။ ထိုနောင် မဟာဗောဓိမှ တောင်မျက်နှာ အလံ လေးဆယ်ကွာ လင်းလွန်း ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားတော်မူပြီးမှ သိကြားမင်း လှူသော ကြဇုသီး, ကွမ်းရိုးဒါဏ်ပူ, အနဝတတ်ရေ၊ စာတုမဟာရာဇ် နတ်မင်းလေးယောက် လှူသော သပိတ်လေးလုံးကို အနားရစ်လေးခု ထင်စေလျက် မဇ္ဈိမပမာဏဖြင့် တလုံး တည်း ဓိဋ္ဌာန်အပ်သော ပဲနောက်အဆင်း ကျောက်ညိုသပိတ် ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် အသိတဥ္စနမည်သော ပေါက္ခရဝတီမြို့မှလာသော တဖုဿ,ဘလ္လိက ကုန် သည်ညီနောင်တို့ လှူသော ကြွက်ကျစ်မုန့် ပျားဆုပ်မုန့်များကို ခံတော်မူသည့်— **ရာဇာရတနသတ္တာဟ။**

ဤသို့ ဘုရားဖြစ်တော်မူစ ရှေးဦးမဆွ သတ္တဋ္ဌာန၌ နေတော်မူပြီးမှ ထိုထိုအရပ် မှာ ဝါကပ်တော်မူ၍ ဝါဆိုတော်မူသည်။

---

## ကြေးအုတ်မှ အက္ခရာ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> သက္ကရာဇ် ၁၁၅၈ ခု နတ်တော်လပြည့်နေ့ညဥ့် ကြေးအုတ် ၁၂၀ စေတီတော်ဦးတွင် သိကြားချထားသည်၊ ကြေးအုတ် တွင် အုတ်စေ့ အက္ခရာလေးလုံးနှင့် တံဆိပ်ပါပါသည်၊ အက္ခရာ လေးလုံးအရကို သိတော်မူသာအောင် အနက်, အဓိပ္ပါယ် ကောက်ယူ၍ ဆရာတော်က သွင်းစေ၊ ဘုရားအမိန့်တော်မြတ် ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း သွင်းတော်မူပါမည့် အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော် ဘုရား၊

၁၁၅၈—ခု နတ်တော်လပြည့်ကျော် (၂) ရက်နေ့ မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—

စေတီတော်ဦးတွင် သိကြွားချထားလာသည့် ကြေးအုတ်၁၂၀တွင် **သ သံ ပူ က** ဟူသော အက္ခရာလေးလုံးစီနှင့် လက်ျာတံဆိပ် အုတ်ချပ်အစေ့ပါသည်မှာ အနက်, အဓိပ္ပါယ်အထူးကို ထင်ရှားသိသာစေလို၍ ပါခြင်းဖြစ်သည်၊ **သ န ဒု သော**ဟူသော အက္ခရာလေးလုံးကို ဘုရားသခင်အား ပသေနဒီကောသလမင်းကြီး လျှောက်သည်တွင် သ အက္ခရာကို "သဋ္ဌိဝဿ သဟဿာနိ"၊ န အက္ခရာကို "နတ္ထိ အန္တော ကုတော အန္တော" ဒု အက္ခရာကို "ဒုဇီဝိတမဇီဝိမှာ" သော အက္ခရာကို "သောဟံ နုန ဂ္လတောဂန္တွာ"စသည်ဖြင့် ဖွင့်ပြတော်မူ၍ သေဋ္ဌေးသား လေးယောက်တို့ ဆိုသည့်စကားဖြစ်ကြောင်းကို အနက်,အဓိပ္ပါယ် ယူတော်မူသကဲ့သို့၊ သ သံ ပူ က ဟူသော အက္ခရာလေးလုံးတွင် သ အက္ခရာကို "သက္ကော ဒေဝါနမိန္ဒော ဟံ"၊ သံအက္ခရာကို "သမ္ဗုဒ္ဓဿ ဟိတေသိနော"၊ ပူအက္ခရာကို "ပူဇံ လောဟက္ခဋ္ဌကာယ" က အက္ခရာကို "ကရောမိ ရာဇတုဋ္ဌိယာ"ဟူ၍ လေးပါဒ တဂါထာပြည့်အောင် ဖွင့်ပြ၍ အနက်,အဓိပ္ပါယ် ယူသင့်သည်။

သက္ကော ဒေဝါနမိန္ဒော ဟံ၊သမ္ဗုဒ္ဓဿ ဟိတေသိနော။

ပူဇံ လောဟက္ခဋ္ဌကာယ၊ ကရောမိ ရာဇတုဋ္ဌိယာ။

"ရကာရဝိပုလာပထျာဝတ္တဂါထာ"။

အနက် ဒေဝါနမိန္ဒော၊နတ်များအရှင်ဖြစ်သော။အဟံသက္ကော၊ ငါသိကြားမင်းသည်။ ဟိတေသိနော၊ သတ္တဝါတို့စီးပွား ရှာမှီးတော်မူတတ်သော။သမ္ဗုဒ္ဓဿ၊ သဗ္ဗညုဘုရားအား။ ရာဇတုဋ္ဌိယာ၊ ဆင်ဖြူများသခင် ဘဝရှင်မင်းတရား၏ နှစ်သက်ဝမ်းသာ ဖြစ်စေခြင်းငှါ။ လောဟက္ခဋ္ဌကာယ၊ ကြေးအုတ်ဖြင့်။ ပူဇံ၊ပူဇော်ခြင်းကို။ကရောမိ၊ပြုလာ၏။

ဤသို့ တလုံးတပါဒစီ ဖွင့်ပြ၍ လေးပါဒ တဂါထာဖြင့်သော်လည်း အနက် အဓိပ္ပါယ် ယူရာသည် တလုံးတဂါထာစီ ဖွင့်ပြ၍ လေးဂါထာဖြင့်သော်လည်း အနက်, အဓိပ္ပါယ် ယူရာသည်၊ တလုံး တဂါထာစီ ဖွင့်ပြ၍ လေးဂါထာဖြင့် အနက်, အဓိပ္ပါယ်ယူသော်လည်း တလုံးတပါဒစီ ဖွင့်ပြ၍ ၄ပါဒ တဂါထာဖြင့် အနက်,အဓိပ္ပါယ် ယူသည်နှင့် လိုရင်းအဓိပ္ပါယ် အရသဘောတူ ဖြစ်၍ ၄ပါဒ တဂါထာကိုသာ ဆက်သွင်းသည်၊ ယင်းသို့ အက္ခရာလေးလုံးသာ ဖြစ်လျက် အဆန်းတကြယ် အနက်,အဓိပ္ပါယ် ယူသင့်ကြောင်းကိုလည်း —

အစအက္ခရာကိုသာ ပြသော အာဒိသင်္ကေတ၊
အဆုံးအက္ခရာကိုသာ ပြသော အန္တသင်္ကေတ၊
အစအဆုံး အက္ခရာနှစ်ပါးကိုသာ ပြသော အာဒျန္တသင်္ကေတ၊

နည်းသုံးပါးရှိသည်ကို ဝဇီရဗုဒ္ဓိသင်္ဂဟကျမ်း၌ ဆိုသောကြောင့်၎င်း၊ သ န ဒု သော ဟူသော အစအက္ခရာလေးလုံးကိုပင် တလုံးတဂါထာစီ သမ္ဗုဒ္ဓဘုရား ဖွင့်ပြတော်မူသည်ကို ဓမ္မပဒအဋ္ဌကထာ၌ဆိုသောကြောင့်၎င်း သိရသည်၊ သ သံ ပူ က ဟူသော အက္ခရာလေးလုံးမှာ အနက်,အဓိပ္ပါယ် အထူးကို ထင်ရှားသိစေလို၍ ရေးခဲ့သော အာသောမာဝ စသည်ကဲ့သို့ အက္ခရာတံဆိပ်ဖြစ်သည်၊၎င်းအက္ခရာကို ခြံရံ၍ရေးသော ဗဒ္ဓစက် ဖာရေးအကြောင်းမှာ အက္ခရာကို မန္တေမယုက် သိသာ ခြားနားအောင် ပြခဲ့သော လက်မှတ်လကျာ တံဆိပ်ဖြစ်သည်၊ အက္ခရာတံဆိပ် လကျာတံဆိပ်နှစ်ပါး ခပ်မှတ်သော ကြေးအုတ် ၁၂၀ ဖြင့် တရားမင်းမြတ် ကောင်းမှုတော် ဘုရားရှင်မှာ ပူဇော်၍ နှစ်သက်ဝမ်းသာ ဖြစ်စေခြင်းငှါ အဆွေတော် သိကြားမင်း ညီညာ မ,စ သည် ယူမှတ်တော်မူသင့်သည်။

---

## ယခုအခါ သမုတိသံဃာ ရှိ မရှိ

လျှောက်ပါသည် ဆရာတော်ဘုရား—

ယခုရှိသည့် သံဃာများသည် ယမာန်တွင် လယ်လုပ်,ယာလုပ်, စည်တီး, မီးနှက်, သေရည်သေရက် လေ့လာသောက်စား၍ အထင်အရှား နေထိုင်သူ ပွဲကျောင်း,ဦးထုပ်ဆောင်း, ထီးဖြူ တရပတ်ကိုင် သံဃာတို့ အနွယ်အဆက်ပင်ဖြစ်သည်၊ပွဲကျောင်း ဦးထုပ်ဆောင်း, ထီးဖြူတရပတ်ကိုင် သံဃာတို့ အနွယ်အဆက် မှန်က သမုတိသံဃာ ဖြစ်သည် မယူသာ၊ ယခုကာလ သမုတိ သံဃာ ရှိ မရှိကို ဆရာတော်မှာ လျှောက်ရမည်။

၁၁၅၈ ခု ပြာသိုလပြည့်ကျော်(၇)ရက်နေ့ ဝတ်မြေဝန်, နာရီမှူး စည်သူရာဇာ တို့ကို မင်းကွန်းအရှေ့ဘက် နန်းတော်ကစေ၍ မင်းကွန်းသုဓမ္မာစရပ်တော်မှာ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—

ဘဝများစွာ ဆည်းပူးတော်မူသော ပါရမီပုည သမ္ဘာရရှိတော်မူ၍ သာသနာတော်မြတ်ကို မရက်မစက် သဒ္ဓါကြည်ညိုတော်မူသဖြင့် သာသနာတော်မြတ် သန့်ရှင်း ထွန်းလင်းအောင် ပြုစုသုတ်သင်တော်မူခြင်းငှါ သမုတိသံဃာ သာသနာတော်အခြေအမြစ် ရှိ,မရှိ စိစစ်ဆွေးနွေးတော်မူသည်မှာ ပရမတ္ထသံဃာ မရှိသော်လည်း သမုတိသံဃာရှိမှ သာသနာတော် အစဉ်မပြတ် တည်ထွန်းသည် ယူရန် ရှိသည်၊ သာသနာတော် အစဉ်မပြတ် တည်ထွန်းမှုလည်း သာသနာပြုကျိုး ရှိမည်ဖြစ်၍ သာသနာပြု ပါရမီဖြည့် မင်းတရားဖြစ်သည်နှင့်အညီ သမုတိသံဃာ ရှိ, မရှိ စိစစ်ဆွေးနွေးတော်မူသင့်သည်၊ အခါတပါး မင်းတို့ မစိစစ် မဆွေးနွေးပါသောကြောင့် ဆရာစဉ်ဆက် အာစရိယပရမ္ပရ သိဿာနုသိဿ မထင်မရှား ရှိသည်၊ ဆရာစဉ်ဆက် အာစရိယပရမ္ပရ သိဿာနုသိဿ မထင်ရှားသောကြောင့် ဆရာစဉ်ဆက် အာစရိယပရမ္ပရ သိဿာနုသိဿကို သံဂါယနာ သုံးတန်တင်သည့် အရှင်မဟာကဿပ စသော အနွယ်အဆက်တိုင်အောင် ဆရာတော်တို့က မဆက်နွယ်နိုင်, မပြည့်နိုင် ဖြစ်သည်၊ အရှင်မဟာကဿပစသော အနွယ်အဆက်တိုင်အောင် မဆက်နိုင် မပြည့်နိုင်သော်လည်း မှတ်စဉ် မှတ်စာ တစုံတရာ ရှိပါသမျှ ယူဆနိုင်းယှဉ်တော်မူသာအောင် ဆက်နွယ်ပြည့်သင့်သည်၊ အချင်းခပ်သိမ်း မဆက်မနွယ် မပြမည့်နိုင်သော် ယူဆနိုင်းယှဉ်တော်မူသာမည်မဟုတ် ဖြစ်သည်။ မှတ်စဉ်မှတ်စာ တစုံတရာ ရှိပါသမျှ ယူဆနိုင်းယှဉ်တော်မူသာအောင် ဆက်နွယ် ပြည့်သော် သာသနာတော် ၁၉၇၆၊ ကောဇာ သက္ကရာဇ် ၇၀၄ ရောက်သောအခါ သရေခေတ္တရာပြည်တွင် သဒ္ဓမ္မဋ္ဌိတိမထေရ် တပည့် မဟာသာမိမထေရ် သီဟိုဠ်ကျွန်းသို့ ကူး၍ သီဟိုဠ်ကျွန်းက ဂိုဏ်း,သံဃာနှင့်တကွ ပြန်လည်ခဲ့၍ သရေခေတ္တရာပြည်တွင် သာသနာ ပြုစု နေထိုင်သည်၊ ၎င်းမဟာသာမိမထေရ်တပည့် အတုလဝံသ မထေရ်လည်း စာပေတတ်မြောက်လျှင် သရေခေတ္တရာပြည် အရှေ့ ကွမ်းမစားချောက်တွင် သာသနာ ပြုစု နေထိုင်သည်၊ ၎င်းအတုလဝံသမထေရ်တပည့် မဟာဓမ္မသာမိမထေရ်လည်း စာပေ သင်ကြားပြီးလျှင် သရေခေတ္တရာပြည်တွင် သာသနာ ပြုစု နေထိုင်သည်၊ ၎င်းမဟာဓမ္မသာမိမထေရ် တပည့် ပြည်ဘုရင် သတိုးဓမ္မရာဇာဆရာ အဘိသင်္ကေတမထေရ်လည်း သရေခေတ္တရာပြည်တွင်ပင် သာသနာ ပြုစု နေထိုင်သည်၊ ၎င်းအဘိသင်္ကေတမထေရ်တပည့် မုနိန္ဒဃောသ မထေရ်လည်း သရေခေတ္တရာပြည်မှာ နေသည်ကို အနောက်ဘက်လွန်မင်းတရားပင့်ခဲ့၍ သက္ကရာဇ် ၉၇၀ တွင် ရတနာပုရ အာသို့ ရောက်ပြီးလျှင် ရှမ်းမင်းစလုံ ဘေးကြောင့် ရတနာပုရဘ ဘောင်ငူ ကေတုမတီသို့ရောက်သော တိသာသနဓဇမထေရ်တပည့် ဓမ္မရာဇဂုရုမထေရ်ထံ စာ:ပ သင်ကြား၍ အလွန် ကျမ်းဂန်တတ်မြောက်သည်၊ အသက် (၆၀)ရှိသည်ကာ:လ စစ်ကိုင်းအရပ်တွင် တောဆောက်တည်လျက် သာသနာ ပြုစုနေထိုင်သည်၊ ၎င်းမုနိန္ဒဃောသတပည့် အမြင့်မြို့ မဟာတိဿ

မထေရ်လည်း စာပေသင်ကြားပြီးလျှင် ကျမ်းဂန်တတ်မြောက်၍ ဆားလင်းကြီးတောအရပ်တွင် စာပေပို့သနေထိုင်သည်၊ ၎င်းမဟာတိဿမထေရ်တပည့် ရေမြိန်ရှင်ဂုဏသီရိ၊ ၎င်းရှင်ဂုဏသီရိတပည့် ရေမြိန် ရှင်ကလျာဏဓဇ,ရှင်ဓမ္မဓရ နှစ်ပါးတွင် ရှင်ကလျာဏဓဇကား ပဒုံမြို့ကျေး မောင်းထောင်,ညောင်ကန်ရွာများတွင် စာပေပို့သ နေထိုင်သည်၊ ရှင်ဓမ္မဓရကား ပဒုံမြို့ကျေး ပန်းရင်းရွာတွင် စာပေပို့သနေထိုင်သည်၊ ရှင်ကလျာဏဓဇတပည့် ပဒုံမြို့ကျေး ညောင်ကန် ရှင်ဉာဏ္ဍောဘာသ, ရှင်ကလျာဏစက္က,ရှင်ဝိမလာစာရ,မောင်းထောင် ရှင်ဂုဏာသာရ,ဝန်တုံ ရှင်ဝရဓေသီ, ရှင်စန္ဒသာရ, ကန်းနီမြို့ကျေး မင်းအို ရှင်ဂုဏသီရိတို့လည်း ကျမ်းဂန်သိမြင်သည်၊ သီလဝန္တ ဂုဏဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဝါဒီပုဂ္ဂိုလ်ချည်း ဖြစ်၍ ဆရာတော်တို့ အနွယ်အဆက် အယူဝါဒရှိသည်၊ သံဃာတို့ သာမဏေပြုစဉ် ပဗ္ဗဇ္ဇာစရိယဆရာ၊ ပဉ္စင်းခံသည့် ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာများ ဖြစ်ကုန်သည်။ တရားကို အလေးအမြတ် ပြုကုန်လျက် သိမ်ဟူကာတွင် ကံကြီး ကံငယ် မဆောင်ကုန်၊ ယုံကြည်လောက်အောင် အခြေအမြစ် ရှိသည့် သိမ်တွင်သာ ကံကြီး ကံငယ် ဆောင်လေ့ ရှိကုန်သည်၊ ပွဲကျောင်းနွယ် အတင်နွယ် အများအပြား ရှိသည်ကိုလည်း စာပေ အသင်အကြားကိုမျှမပြု ကြဉ်ဖဲကုန်သည်၊ ၎င်းဆရာတို့အား အာစရိယပါစရိယဖြစ်သော ရှင်မုနိန္ဒဃောသလည်း ၈၀၄—ခု သီဟိုဠ်ရောက် ရှင်မဟာသာမိ အနွယ်အဆက် ရှင်အဘိသင်္ကေတ တပည့် ဖြစ်သည်။

တကြောင်းလည်း သက္ကရာဇ် ၅၃၂—ခုတွင် ပုဂံပြည်မှ သီဟိုဠ်ကျွန်းသို့ ဥတ္တရာဇီဝမထေရ် ကူးသွားသည်တွင် ၎င်းဥတ္တရာဇီဝမထေရ်နှင့် အတူပါတပည့် ဆပဒမထေရ်သည် သီဟိုဠ်ကျွန်းမှ ပြန်လည်သည်ကာလ ပုဂံပြည်တွင် သာသနာ ပြုစုနေထိုင်သည်၊ ၎င်းဆပဒမထေရ် အဆက်အနွယ်ဖြစ်သော မထေရ်တဦးသည် ပုဂံပြည်မှ စစ်ကိုင်းမြို့သို့ ရောက်၍ စာပေပို့သနေထိုင်သည်၊ ၎င်းမထေရ် တပည့် ရှင်တိသာသနဓဇ၊ ၎င်းရှင်တိသာသနဓဇတပည့် ရှင်ဓမ္မရာဇဂုရု၊ ၎င်းရှင်ဓမ္မရာဇဂုရုထံ ရှင်မုနိန္ဒဃောသ စာပေသင်ကြားသည်ဖြစ်၍ ယခင် ဆိုခဲ့ပြီးသော အရုံဝါဒရှိသည့် သံဃာတို့ အာစရိယပါစရိယဖြစ်သော ရှင်မုနိန္ဒဃောသသည် ၅၃၂—ခု သီဟိုဠ်ရောက် ဥတ္တရာဇီဝ, ဆပဒမထေရ်တို့ အဆက်အနွယ် ဖြစ်သည်ဟူ၍လည်း မှတ်စဉ်မှတ်စာ ရှိသည်၊ ၎င်းမှတ်စဉ်မှတ်စာ ရှိသည့်အတိုင်း ယူဆနိုင်းယှဉ်တော်မူသာအောင် အမြွက်မျှ ဆက်သွင်းသည်၊သမုတိသံဃာ ရှိ,မရှိကို အဆက်အနွယ်ဖြင့်လည်း ယူဆ နိုင်းယှဉ်တော် မူသင့်သည်၊ အဆက်အနွယ်ထက် သဘော သကန်မှာသာ အကြောင်းဖြစ်သည်၊ သဘောသကန်မှာ "ဝိနယေ ၎ုတေ သာသနံ ဌိတံ" ဟူ၍ ကျမ်းဂန် အထင်အရှား ရှိသည်နှင့်အညီ ဝိနည်းပညတ်တော် မကွယ်မ၁ ရှိသည်၊

ဝိနည်းပညတ်တော် မကွယ်မပ ရှိသည်အတိုင်းလည်း တရားမင်းမြတ် လက်ထက်တော်တွင် ဥပဇ္ဈာယ်ယူခြင်း,နိဿျည်းခံခြင်းစသည်ဖြင့် သာသနာတော် တည်ထွန်းသည်၊ သဘောသကန်များဖြင့်လည်း သမုတိသံဃာ ရှိ, မရှိ ယူဆနိုင်းယှဉ်တော်မူသင့်သည်။

## ဥပုသ် ပဝါရဏာ ဝါဆိုဝါကပ်

### ဥပုသ် ပဝါရဏာ ဝါဆိုဝါကပ် အခါသမယ ပက္ခဒိန်နှင့် စပ်ဆိုင်သမျှ ကျမ်းဂန်လာရှိသည်ကို မချန်မချင်း ဆရာတော်က စာသွင်းစေ၊ မဟာဒါနိဝန်တွင် မှာတော်မူ၍၊

**၁၁၅၉-ခု ဝါဆိုလပြည့်ကျော်(၁၄)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

သာသနာတော်ရေးကို အကြောင်းပြု၍ အခါသမယကို ဆွေးနွေးဆင်ခြင်တော်မူသာအောင် အခါသမယနှင့် စပ်ဆိုင်သော ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အဘိဓာန်,သင်္ကရိုက်ကျမ်းဂန်စကားရပ်များနှင့် တောင်ဖီလာဆရာတော် အဓိမာသ်အဆုံးအဖြတ်တွင် ထုတ်နုတ်စုထားသည့် ပါဠိ အနက်၊ အင်္ဂုတ္တရ စတုက္ကနိပါတ် ဓမ္မိကသုတ် ပါဠိ အနက်၊ အင်္ဂုတ္တရ သတ္တနိပါတ် အရကသုတ် ပါဠိ အနက်၊ လောကဒီပကသာရ သတ္တမပိုင်း ပါဠိ အနက်များကို အထက်က ဆက်သွင်းပါသည်၊ ယခုလည်း နှိုင်းယှဉ်ဆင်ခြင်တော်မူသာအောင် အခါသမယ ပက္ခဒိန် အနေအသွားနှင့် စပ်ဆိုင်သောကျမ်းဂန်စကားရပ်များကို အစွမ်းအလျောက် တွေ့မြင်ပါသမျှ မချန်မချင်း ထုတ်နုတ် ဆက်သွင်းပါသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

အဂ္ဂိဟုတ္တမုခံ ယညာ၊ သာဝိတ္တီဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။
နက္ခတ္တာနံ မုခံ စန္ဒော၊အာဒိစ္စော တပတံ မုခံ။
ပုည် အာကင်္ခမာနာနံ၊သံဃော ဝေ ယဇတံ မုခံ။
"သုတ္တနိပါတ် သေလသုတ်ပါဠိတော်"။

**အနက်** ယညာ၊ ယဇ်ပူဇော်ခြင်းသည်။ အဂ္ဂိဟုတ္တမုခံ၊ မီးပူဇော်ခြင်းလျှင် အကြီးအကဲရှိ၏။ သာဝိတ္တီ၊ သာဝိတ္တိမည်သောကျမ်းသည်။ ဆန္ဒသော၊ဆန်း၏။မုခံ၊အကြီးအကဲဖြစ်၏။ ရာဇာ၊မင်းသည်။ မနုဿာနံ၊ လူတို့၏။ မုခံ၊

အကြီးအကဲဖြစ်၏။ သာဂရော၊ သမုဒ္ဒြာသည်။ နဒီနံ၊ မြစ်တို့၏။ မုခံ၊ အကြီးအကဲ ဖြစ်၏။

စန္ဒော၊လသည်။နက္ခတ္တာနံ၊ နက္ခတ်တို့၏။ မုခံ၊ အကြီးအကဲဖြစ်၏။ အာဒိစ္စော၊ နေသည်။တပတံ၊အရောင်အဝါ ထွန်းလင်းသမျှ ဝတ္ထုတို့၏။မုခံ၊အကြီးအကဲဖြစ်၏။ သံဃော၊ သံဃာသည်။ ပုညံ၊ကောင်းမှုကို။အာကင်္ခမာနာနံ၊အလိုရှိကုန်သည်ဖြစ်၍။ ယဇတံ၊ယဇ်ပူဇော်ကုန်သောသူတို့၏။ဝေါစင်စစ်။မုခံ၊အကြီးအကဲဖြစ်၏။

ဤသေလသုတ် ပါဠိတော်တွင် လသည် နက္ခတ်တို့၏ အကြီးအကဲဖြစ်၏ ဟူသော စကားအရကို ပြခြင်းငှါ သုတ္တနိပါတ်အဋ္ဌကထာ၌—

> စန္ဒယောဂဝသေန အဇ္ဇ ကတ္တိကာ အဇ္ဇ ရောဟိဏီတိ ပညာယနတော အာလောကကရဏတော သောမဘာဝတော စ နက္ခတ္တာနံ မုခံ စန္ဒောတိ ဝုတ္တံ—ဟူ၍ ဖွင့်သည်။

အနက် စန္ဒယောဂဝသေန၊စန်းနှင့်ယှဉ်သောအစွမ်းအားဖြင့်။ အဇ္ဇ၊ယနေ့။ ကတ္တိကာ၊ ကြတ္တိကာနက္ခတ်။ အဇ္ဇ၊ ယနေ့။ ရောဟိဏီ၊ ရောဟိဏီ နက္ခတ်။ ဣတိဧဝံအာဒိနာ၊ ဤသို့ အစရှိသဖြင့်။ ပညာယနတော စ၊ ထင်ရှားခြင်း ကြောင့်လည်းကောင်း။ အာလောက ကရဏတော စ၊ အလင်းကို ပြုခြင်းကြောင့် လည်းကောင်း။ သောမဘာဝတော စ၊ ချမ်းမြေ့သောအဖြစ်ကြောင့်၎င်း။ စန္ဒော၊ လ သည်။နက္ခတ္တာနံ၊ နက္ခတ်တို့၏။ မုခံ၊ အကြီးအကဲဖြစ်၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊ ဟော တော်မူအပ်၏။

ဤသို့ ဖွင့်သောသုတ္တနိပါတ်အဋ္ဌကထာကား—စန်းယှဉ်နက္ခတ် တနေ့လျှင် တလုံး တလုံးစီဖြစ်သည်၊ စန်းယှဉ်နက္ခတ် တလုံးတလုံးလျှင် တနေ့ တရက် ဖြစ်သည်ကို သိခြင်း၏အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

> သမံ နက္ခတ္တာနိ တာရကရူပါနိ ပရိဝတ္တန္တီတိ ယထာ ကတ္တိကပုဏ္ဏမာယံ ကတ္တိကာနက္ခတ္တမေဝ လဘတိ၊ မိဂသိရပုဏ္ဏမာယံ မိဂသိရနက္ခတ္တမေဝါတိ ဧဝံ ဝသ္သံ ဝသ္သံ မာသေ တံတံ ပုဏ္ဏမိနက္ခတ္တမေဝ လဘတိ။ တထာ သမံ ပရိဝတ္တန္တိ။ "အင်္ဂုတ္တရ စတုက္ကနိပါတ် မဇ္ဈိမကသုတ်အဋ္ဌကထာ"။

အနက် သမံ နက္ခတ္တာနိ တာရကာရူပါနိ ပရိဝတ္တန္တီတိ၊ဟူသည်ကား။ ယထာ၊ အကြင်အခြင်းဖြင့်။ ကတ္တိကပုဏ္ဏမာယံ၊ တန်ဆောင်မုန်းလပြည့်နေ့ ၌။ ကတ္တိကာနက္ခတ္တမေဝ၊ ကြတ္တိကာနက္ခတ်ကိုသာလျှင်။ လဘတိ၊ရ၏။ မိဂသိရ

ပုဏ္ဏမိယံ၊ နတ်တော်လပြည့်နေ့၌။ မိဂသီရနက္ခတ္တမေဝ၊ မိဂသီနက္ခတ်ကိုသာလျှင်။ လဘတိ၊ ရ၏။ ဣတိဝေ၊ ဤသို့။ တသ္မိံ တသ္မိံ မာသေ၊ ထိုထိုနှစ်လ၌။ တံတံပုဏ္ဏမိနက္ခတ္တမေဝ၊ ထိုထိုပုဏ္ဏမိနက္ခတ်ကိုသာလျှင်။ လဘတိ၊ ရ၏။ တထာ၊ ထိုအခြင်းဖြင့်။ သမံ၊ညီညွတ်စွာ။ ပရိဝတ္တန္တိ၊ လှည့်လည်ကုန်၏။

ဤသို့ ဖွင့်ပြသော အင်္ဂုတ္တရစတုက္ကနိပါတ် ဓမ္မိကသုတ် အဋ္ဌကထာကား ထိုထိုပုဏ္ဏမိနေ့တွင် ယထာရဟ ပုဏ္ဏမိနက္ခတ် အရေအတွက် ရသည်ကို သိခြင်း၏အကြောင်း အထောက်အထား သာဓက ဥပဓာ ဖြစ်သည်။

ဇေဋ္ဌမာသဿ ပုဏ္ဏမိယံ ဇေဋ္ဌနက္ခတ္တံ မူလနက္ခတ္တံဝါ ဟောတီတိ အာဟ ဇေဋ္ဌမူလနက္ခတ္တံနာမ ဟောတီတိ။ တသ္မိံ ပန နက္ခတ္တေ ကတ္တဗ္ဗဆဏမ္ပိ တန္နိဿယတ္တာ တမေဝနာမံ လဘတီတိ ဝေဒိတဗ္ဗံ။ "သာရတ္ထဒီပနိဋီကာ"။

**အနက်** ဇေဋ္ဌမာသဿ၊ နယုန်လ၏။ ပုဏ္ဏမိယံ၊ ပုဏ္ဏမီနေ့၌။ ဇေဋ္ဌနက္ခတ္တံဝါ၊ ဇေဋ္ဌနက္ခတ်သော်၎င်း။ မူလနက္ခတ္တံဝါ၊ မူလနက္ခတ်သော်၎င်း။ ဟောတိ၊ဖြစ်၏။ ဣတိမနသိကတွာ၊ ဤသို့နှလုံးပြု၍။ ဇေဋ္ဌမူလနက္ခတ္တံနာမ ဟောတီတိ၊ဟူ၍။ အာဟ၊ဆို၏။ တသ္မိံ ပန နက္ခတ္တေ၊ ထိုနက္ခတ်၌ကား။ ကတ္တဗ္ဗဆဏမ္ပိ၊ ပြုအပ်သောသဘင်သည်လည်း။တန္နိဿယတ္တာ၊ ထိုနက္ခတ်၌ မှီသည်၏အဖြစ်ကြောင့်။ တမေဝနာမံ၊ ထိုဇေဋ္ဌမူလနက္ခတ်သဘင်ဟူသော အမည်ကိုပင်လျှင်။ လဘတိ၊ ရလေ၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ ဖွင့်သော သာရတ္ထဒီပနီဋီကာကား 'ကတ္တိကာ ဒွါဒ္ဒိဝိဘာ မာသာ' စသဖြင့် ရာဇမတ္တဏ်တွင် ပြဆိုသည့်ရာသီ၌ တဆယ့်ရှစ်လုံး၊ တဆယ့်ကိုးလုံး ပုဏ္ဏမိနက္ခတ် ချသည်အတိုင်း နယုန်လတွင် ဇေဋ္ဌမူလပုဏ္ဏမိနက္ခတ် အမှန် ဖြစ်သည်၊ ယထာရဟ ထိုထိုလ၌ ပုဏ္ဏမိနက္ခတ် နှစ်လုံး သုံးလုံးစီ ယူသင့်သည်ကို သိခြင်း၏အကြောင်း အထောက်အထား သာဓက ဥပဓာ ဖြစ်သည်။

အစု စန္ဒာဒိဘာဝေါ ဟိ ရတ္တိယာ ဥပလက္ခဏဝသေန သညာဏံ ဟောတိ။ ယသ္မာ အစ္စော စန္ဒော၊တသ္မာ အဋ္ဌမီ။ယသ္မာ ဦနော၊တသ္မာ စာတုဒ္ဒသီ။ ယသ္မာ ပုဏ္ဏော၊တသ္မာ ပန္နရသီတိ။ "သာရတ္ထဒီပနိဋီကာ"။

**အနက်** ဟိ၊ ထိုစကားသင့်စွ။ အစုစန္ဒာဒိဘာဝေါ၊ လရေးထက်ဝက် အစရှိသော အဖြစ်သည်။ရတ္တိယာ၊ညဉ့်ကို။ဥပလက္ခဏဝသေန၊မှတ်သော အစွမ်းအားဖြင့်။ယသ္မာ၊အကြင်ကြောင့်။ စန္ဒော၊လသည်။ အစ္စော၊ ထက်ဝက်ရှိ၏။

တသ္မာ၊ထိုကြောင့်။အဋ္ဌမီ၊ရှစ်ရက်မြောက်သောနေ့တည်း။ ယသ္မာ၊အကြင်ကြောင့်။ ဥဒိနော၊လရေးမပြည့် ယုတ်၏။ တသ္မာ၊ ထိုကြောင့်။ စာတုဒ္ဒသီ၊ တဆယ့်လေးရက်မြောက်သောနေ့တည်း။ ယသ္မာ၊အကြင်ကြောင့်။ ပုဏ္ဏော၊လရေးပြည့်၏။ တသ္မာ၊ ထိုကြောင့်။ပန္နရသီ၊တဆယ့်ငါးရက်မြောက်သော နေ့တည်း။ ဣတိ၊ ဤသို့။ သညာဏံ၊သိကြောင်း မှတ်ကြောင်းသည်။ဟောတိ၊ဖြစ်၏။

ဤသို့ ဖွင့်သော သာရတ္ထဒီပနီဋီကာကား—အလုံးစုံကွယ်သော ကုဟုအမာဝါသီလဥ္စ လရေး ထက်ဝက်သော် အဋ္ဌမီ၊ လရေး မပြည့် ယုတ်သော် စာတုဒ္ဒသီ၊ လရေး အလုံးစုံပြည့်သော် ပန္နရသီ ဟူ၍ လရေးဖြင့် အမှတ်ပြုဘိသည်ကို သိခြင်း၏ အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။ ဤသာရတ္ထဒီပနီဋီကာကား—

ဒိဋ္ဌစန္ဒာ နိသိဝါလိ၊နဋ္ဌ စန္ဒ ကလာ ကုဟု။

စသည်ဖြင့် ရာဇမတ္တဏ်ဆိုသော အမာဝါသီ နှစ်ပါးတွင် ကုဟုအမာဝါသီကို ရည်၍ ဆိုသည်။

ကလာ သောဠသမော ဘာဂေါ၊ဗိမ္ဗတ္ထု မဏ္ဍလံ ဘဝေ။

**အဘိဓာန်မူလ။**

**အနက်** သောဠသမောဘာဂေါ၊ လ၏ တဆယ့်ခြောက်စိတ် တစိတ်သည်။ ကလာ၊ကလာမည်၏။ မဏ္ဍလံတု၊ လဝန်းသည်ကား။ ဗိမ္ဗံ၊ဗိမ္ဗမည်သည်။ဘဝေ၊ဖြစ်၏။

သောဠသန္နံ ဘာဂါနံ ပူရဏော သောဠသမော ဘာဂေါ စန္ဒဿ ကလာ၊ကလာ သဉ္ဇာနေ၊ကလိယတေ ကောဒိနာ သဉ္ဇာယတေတိ ကလာ။

**အဘိဓာန်ဋီကာ။**

**အနက်** သောဠသန္နံ ဘာဂါနံ၊ တဆယ့်ခြောက်ဖို့တို့၏။ ပူရဏော၊ ပြည့်ကြောင်း ဖြစ်သော။ သောဠသမော၊ တဆယ့်ခြောက်ဖို့ မြောက်သော။ဘာဂေါ၊အဖို့သည်။စန္ဒဿ၊လ၏။ ကလာ၊ကလာမည်၏။ ကလာ၊ကလသဒ္ဒါသည်။သဉ္ဇာနေ၊ ရေတွက်ခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ကောဒိနာ၊ တခုအစရှိသဖြင့်။ကလိယတေ သဉ္ဇာယတေ၊ရေတွက်အပ်၏။ဣတိတသ္မာ၊ထိုကြောင့်။ကလာ၊ကလာမည်၏။

စန္ဒော ခယိ၊ ပါဋိပဒတော ပဋ္ဌာယ ဒိနေဒိနေ ကေမေကာယ ကလာယ
သူရိယဿ အာသန္နဟေတု ခိယနသဘာဝယုတ္တော ဟောတိ။

**အလင်္ကာရဋီကာ။**

**အနက်** စန္ဒော၊လသည်။ခယိ၊လဆုတ်ပက္ခ၌ ဆုတ်ယုတ်ခြင်းသဘော ရှိ၏။ ပါဋိပဒတော၊ ပါဋိပဒနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဒိနေဒိနေ၊ နေ့တိုင်း နေ့တိုင်း။သူရိယဿ၊နေ၏။ အာသန္နဟေတု၊ နီးခြင်းဟူသော အကြောင်းကြောင့်။ ကေမေကာယ၊တခုတခုသော။ ကလာယ၊ကလာ၏။ ခိယနသဘာဝယုတ္တော၊ ဆုတ်ယုတ်သော သဘောနှင့် ယှဉ်သည်။ဟောတိ၊ဖြစ်၏။

ဤသို့ ဖွင့်သော အဘိဓာန်မူလ,အဘိဓာန်ဋီကာ,အလင်္ကာရဋီကာတို့ကား လဝန်း ၌ တဆယ့်ခြောက်ကလာ ရှိသည်တွင် နေနှင့် နီးခြင်းကြောင့် ပါဋိပဒနေ့က စ၍ လဆုတ်ပက္ခ၌ ကလာတခုစီ ဆုတ်ယုတ်သည်၊ ထိုသို့ ဆုတ်ယုတ်သည်ကို စွဲ၍ လဆုတ် ပက္ခ ခေါ်ဝေါ်သင့်သည်၊ထိုကို ထောက်သဖြင့် လဆန်းပက္ခ၌ ကလာတခုစီ တိုးပွား သည်၊ ထိုသို့ တိုးပွားသည်ကို စွဲ၍ လဆန်းပက္ခ ခေါ်ဝေါ်သင့်သည်ကို သိခြင်း၏ အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

သာ ပုဏ္ဏမာ ကေကလာ ဟီနေ စန္ဒေ သတိ အနုမတိနာမ၊အနုမညန္တေ
အနုဇယန္တေ ဒေဝတာဟိ ပိတူဟိ သဟ ယဿံ သာ အနုမတိ၊ ပုဏ္ဏေ ပန
စန္ဒေ သာ ပုဏ္ဏမာ ရာကာနာမ၊ ရာတိ ဒဿနာဝကာသန္တိ ရာကာ။

**အဘိဓာန်ဋီကာ။**

**အနက်** သာပုဏ္ဏမာ၊ထိုပုဏ္ဏမီကား။ စန္ဒေ၊ လရေးသည်။ ကေကလာဟီနေ၊ ကလာတခုယုတ်သည်။ သတိ၊ ရှိသော်။ အနုမတိနာမ၊ အနုမတိ ပုဏ္ဏမီမည်၏။ ယဿံ၊ အကြင်ပုဏ္ဏမီ၌။ ပိတူဟိ၊ပိတရာမည်ကုန်သော။ ဒေဝတာဟိ၊ နတ်တို့နှင့်။ သဟ၊တကွ။ အနုမညန္တေ အနုဇယန္တေ၊ ပူဇော်အပ်ကုန်၏။ တနည်း ကား—ရွှတ် သရဇ္ဈာယ်အပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာ၊ ထိုပုဏ္ဏမီ သည်။အနုမတိ၊ အနုမတိပုဏ္ဏမီ မည်၏။ စန္ဒေ၊ လရေးသည်။ ပုဏ္ဏေပန၊ ပြည့်သည် ရှိသော်ကား။ သာပုဏ္ဏမာ၊ထိုပုဏ္ဏမီသည်။ ရာကာနာမ၊ ရာကာမည်၏။ ဒဿနာဝ ကာသံ၊ရှုဖွယ်ရှိသော အရာအခွင့်ကို။ ရာတိ ဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ထို ကြောင့်။ရာကာ၊ရာကာမည်၏။

ဤသို့ဖွင့်သော အဘိဓာန်ဋီကာကား ရာဇမတ္တဏ်၌ဆိုအပ်သော အမာဝါသီနှစ်ပါး တွင် နိသိဝါလိ အမာဝါသီမှ ထောက်၍ လရေးမပြည့် ကလာယုတ်သော အနုမတိ ပုဏ္ဏမီ၊ ကုဟုအမာဝါသီမှ ထောက်၍ လရေးပြည့်သော ရာကာပုဏ္ဏမီဟူ၍ ပုဏ္ဏမီ နှစ်ပါး ရှိသည်၊ယင်းသည့် ပုဏ္ဏမီနှစ်ပါးမှ ထောက်၍လည်း ရာဇမတ္တဏ်တွင် ဆိုသည် အတိုင်း အမာဝါသီနှစ်ပါး ရှိသည်ကို သိခြင်း၏အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

မာသပုဏ္ဏတာယ ဥတုပုဏ္ဏတာယ သံဝစ္ဆရပုဏ္ဏတာယ ပုဏ္ဏာ သမ္ပုဏ္ဏာ တိ ပုဏ္ဏာ။ **သီလက္ခန်အဋ္ဌကထာ။**

**အနက်** မာသပုဏ္ဏတာယ၊ မာသပြည့်သောအဖြစ်ကြောင့်။ ဥတုပုဏ္ဏတာယ၊ ဥတုပြည့်သော အဖြစ်ကြောင့်။ သံဝစ္ဆရပုဏ္ဏတာယ၊ နှစ်ပြည့်သော အဖြစ်ကြောင့်။ ပုဏ္ဏာ သမ္ပုဏ္ဏာ၊ ထက်ဝန်းကျင်ပြည့်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ပုဏ္ဏာ၊ပုဏ္ဏာမည်၏။

တဒါ ကတ္တိကာမာသဿ ပုဏ္ဏတာယ မာသပုဏ္ဏတာ။ ဝဿာနဿ ဥတုနော ပုဏ္ဏတာယ ဥတုပုဏ္ဏတာ။ကတ္တိကာမာသ လက္ခိတဿ သံဝစ္ဆရဿ ပုဏ္ဏတာယ သံဝစ္ဆရပုဏ္ဏတာ။ **သီလက္ခန်ဋီကာ။**

**အနက်** တဒါ၊ ထိုဘုရားသခင်အထံသို့ အဇာတသတ်မင်း ဆည်းကပ်သော တန်ဆောင်မုန်းလပြည့်နေ့အခါ၌။ ကတ္တိကာမာသဿ၊ တန်ဆောင် မုန်းလ၏။ ပုဏ္ဏတာယ၊ ပြည့်သည်၏ အဖြစ်ကြောင့်။ မာသပုဏ္ဏတာ၊ မာသပြည့် သော အခါသည်။ ဟောတိ၊ ဖြစ်၏။ ဝဿာနဿဥတုနော၊ ဝဿာနဥတု၏။ ပုဏ္ဏ တာယ၊ပြည့်သည်၏ အဖြစ်ကြောင့်။ဥတုပုဏ္ဏတာ၊ပြည့်သောအဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ကတ္တိကာမာသလက္ခိတဿ၊ တန်ဆောင်မုန်းလဖြင့် မှတ်အပ်သော။ သံဝစ္ဆ ရဿ၊နှစ်၏။ ပုဏ္ဏတာယ၊ ပြည့်သည်၏ အဖြစ်ကြောင့်။ သံဝစ္ဆရပုဏ္ဏတာ၊ နှစ်ပြည့် သောအဖြစ်သည်။ဟောတိ၊ဖြစ်၏။

ဥတုသံဝစ္ဆရာနိ စာတိ ဝဿန္တ ဂိမှာဒိကေ ဗဟူ ဥတူစိတ္တသံဝစ္ဆရာဒိကာနိ ဗဟူနိ သံဝစ္ဆရာနိစ။ **အင်္ဂုတ္တရပေတဝတ္ထုအဋ္ဌကထာ။**

အနက် ဥတုသံဝစ္ဆရာနိစာတိ၊ဟူသည်ကား။ ဝဿန္တဂိမှာဒိကေ၊ ဝဿန္တ, ဂိမှ အစရှိကုန်သော၊ ဗဟူ ဥတူစ၊ များစွာသော ဥတုတို့ပတ်လုံးလည်းကောင်း။ စိတ္တသံဝစ္ဆရာဒိကာနိ၊ စိတ္တသံဝစ္ဆရ အစရှိကုန်သော။ ဗဟူနိ သံဝစ္ဆရာနိစ၊ များစွာသော နှစ်တို့ပတ်လုံးလည်းကောင်း။ အက်ုရော၊ အက်ုရနတ်သားသည်။ဒါနံ၊အလှူကို။အဒါသိ၊ပေး၏။

ဤသို့ ဖွင့်သော သီလက္ခန်အဋ္ဌကထာ, ဋီကာ, အက်ုရပေတဝတ္ထုအဋ္ဌကထာတို့ကား မဇ္ဈိမဒေသအလို လပြည့်နေ့၌ မာသအပြည့် ခေါ်ဝေါ်သည်၊ ယထာရဟ လပြည့်နေ့၌ ဥတုသုံးပါး,ရတုခြောက်ပါး ပြည့်သည်၊ ထိုသို့ လကို အစမူ၍ ခေါ်ဝေါ်မှတ်သားသော နှစ်သည် ထိုထိုလ၌ ပြည့်သည်၊ တန်းခူး,ကဆုန်စသော ၁၂ လကို စွဲ၍ စိတ္တသံဝစ္ဆရ, ဝိသာခါသံဝစ္ဆရ စသဖြင့် တဆယ့်နှစ်ပါး ရှိသည်များကို သိခြင်း၏ အကြောင်း အထောက်အထား သာဓက ဥာပက ဖြစ်သည်။

ဇောတိတတ္တကျမ်း၌လည်း—

နက္ခတ္တေန သဟောဒယ၊မတ္တံ ယာတိ သူရမန္တိ။
တဿက်ံ တတြ ဝတ္တဗ္ဗံ၊ဝဿံ မာသ ကမေနေဝ။

ဟူ၍ တရာသီတရာသီ၌ တနှစ်စီ နေသော ကြာသပတေး အနေကို စွဲ၍ စိတ္တသံဝစ္ဆရ,ဝိသာခါသံဝစ္ဆရ စသဖြင့် တဆယ့်နှစ်နှစ် အမည်အရကို ဆိုသည်။

ဥပဝသန္တီတိ မာသဿ အဋ္ဌဝါရေ ဥပေါသထင်္ဂါနိ အဓိဋ္ဌဟန္တိ၊ ပဋိဇာဂရောန္တီတိ ပဋိဇာဂရဏာ ဥပေါသထကမ္မံ နာမ ကရောန္တိ။တံ ကရောန္တော ဧကသ္မိံ အဍ္ဎမာသေ စတုန္နံ ဥပေါသထဒိဝသာနံ ပစ္စုဂ္ဂမနာနုဂ္ဂမန ဝသေန ကရောန္တိ၊ပဉ္စမိံ ဥပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ စတုတ္ထိယံ ဥပေါသထိကာ ဟောန္တိ၊ အနုဂ္ဂစ္ဆန္တာ ဆဋ္ဌိယံ၊ အဋ္ဌမိ ဥပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ သတ္တမိယံ ဥပေါသထိကာ ဟောန္တိ။အနုဂ္ဂစ္ဆန္တာ နဝမိယံ၊ စာတုဒ္ဒသူပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ တေရသိယံ ဥပေါသထိကာ ဟောန္တိ။ပန္နရသူပေါသထံ အနုဂ္ဂစ္ဆန္တာ ပါဋိပဒေ ဥပေါသထိကာ ဟောန္တိ။ **အင်္ဂုတ္တရ တိကနိပါတ် ရာဇသုတ်အဋ္ဌကထာ။**

အနက် ဥပဝသန္တီတိ၊ဟူသည်ကား။မာသဿ၊ဘလတွင်။အဋ္ဌဝါရေ၊ ပကတိ ဥပုသ်(၈)ရက်တို့ ပတ်လုံး။ ဥပေါသထင်္ဂါနိ၊ ဥပုသ်အင်္ဂါတို့ကို။ အဓိဋ္ဌဟန္တိ၊ဆောက်တည်ကုန်၏။ပဋိဇာဂရောန္တီတိ၊ဟူသည်ကား။ ပဋိဇာဂရဏာ

ဥပေါသထကမ္ဘ်နာမ၊ ပဋိဇာဂကရဏ ဥပုသ်အမှုမည်သည်ကို။ ကရောန္တိ၊ ပြုကုန်၏။ တံ၊ထိုပဋိဇာဂကရဏဥပုသ်ကို။ကရောန္တာ၊ ပြုကုန်သည်ရှိသော်။ ကေသံ့ အစုမာသော လခွဲပက္ခတခု၌။စတုန္နံ ဥပေါသထဒိဝသာနံ၊ ပကတိဥပုသ်နေ့ လေးရက်တို့ကို။ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန၊ကြိုသည် ပို့သည်၏ အစွမ်းအားဖြင့်။ ကရောန္တိ၊ ပြုကုန်၏။ ပဉ္စမိဥပေါသထံ၊ ပဉ္စမီဥပုသ်ကို။ ပစ္စုဂ္ဂစ္ဆန္တာ၊ ကြိုကုန်သည်ရှိသော်။ စတုတ္ထိယံ၊ လဆန်း လဆုတ်(၄)ရက်နေ့၌။ဥပေါသထိကာ၊ ဥပုသ်သုံးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုဂ္ဂစ္ဆန္တာ၊ ပို့ကုန်သည်ရှိသော်။ ဆဋ္ဌီယံ၊ လဆန်း လဆုတ်(၆)ရက်နေ့၌။ ဥပေါသထိကာ၊ဥပုသ်သုံးကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏၊ အဋ္ဌမီဥပေါသထံ၊ အဋ္ဌမီဥပုသ်ကို။ပစ္စုဂ္ဂစ္ဆန္တာ၊ ကြိုကုန်သည်ရှိသော်။ သတ္တမိယံ၊ လဆန်း လဆုတ်(၇)ရက်နေ့၌။ ဥပေါသထိကာ၊ဥပုသ်သုံးကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ အနုဂ္ဂစ္ဆန္တာ၊ ပို့ကုန်သည် ရှိသော်။နဝမိယံ၊ လဆန်း လဆုတ်(၉)ရက်နေ့၌။ ဥပေါသထိကာ၊ ဥပုသ်သုံးကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ စာတုဒ္ဒသူပေါသထံ၊ စာတုဒ္ဒသီဥပုသ်ကို။ ပစ္စုဂ္ဂစ္ဆန္တာ၊ ကြိုကုန်သည်ရှိသော်။ တေရသိယံ၊ လဆန်း လဆုတ်(၁၃)ရက်နေ့၌။ ဥပေါသထိကာ၊ဥပုသ်သုံးကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပန္နရသူပေါသထံ၊ ပန္နရသီဥပုသ်ကို။ အနုဂ္ဂစ္ဆန္တာ၊ပို့ကုန်သည်ရှိသော်။ ပါဋိပဒေ၊ လဆန်း လဆုတ် အထွက်တရက်နေ့၌။ ဥပေါသထိကာ၊ဥပုသ်သုံးကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့ဖွင့်သော အင်္ဂုတ္တရ တိကနိပါတ် ရာဇသုတ်အဋ္ဌကထာကား လူတို့ကျင့်သုံးဆောက်တည်သော တလတလတွင် ပကတိ ရှစ်ဥပုသ်၊ ပဋိဇာဂကရဏ တဆယ့်ရှစ်ဥပုသ်များ၌လည်း ရက် ၃၀ ) တလအဖြစ်ဖြင့် ရေတွက်အပ်သည်ကို သိခြင်း၏ အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

အဋ္ဌမေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ။

**အနက်**—အဋ္ဌမေ အရုဏုဂ္ဂမနေ၊ရှစ်ကြိမ်မြောက် အရုဏ် တက်လသော်။ နိဿဂ္ဂိယံ၊စွန့်အပ်သည်။ဟောတိ၊ဖြစ်၏။

ဤသို့ ဆေးမျိုးငါးပါးကို ခုနစ်ရက် တင်းတင်းပြည့်၍ အရုဏ် ရှစ်ကြိမ်တက်မှ မသုံးဆောင်ပဲ စွန့်အပ်ကြောင်းကို ဟောတော်မူသော ပါရာဇိကဏ်ပါဠိတော်သည် နာရီပြည့်မှ တရက်,နှစ်ရက် စသဖြင့် ခေါ်ဝေါ်သင့်သည်ကို သိခြင်း၏အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

ကေတ်သေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ။

**အနက်**—ကေတိ ံသေ အရုဏုဂ္ဂမနေ၊ သုံးဆယ့်တကြိမ် အရုဏ် တက်လသော်။ နိဿဂ္ဂိယံ၊စွန့်အပ်သည်။ဟောတိ၊ဖြစ်၏။

ဤသို့ ချုပ်လုပ်ခြင်းငှါ မလောက်၍ အဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲထားသော သင်္ကန်းကို ရက်(၃၀) တင်းတင်းပြည့်၍ သုံးဆယ့်တကြိမ် အရုဏ်တက်မှ စွန့်အပ်ကြောင်းကို ဟောတော်မူသော ပါရာဇိကဏ် ပါဠိတော်သည် ရက်(၃၀)အတိပြည့်မှ တလခေါ်ဝေါ်သင့်သည်ကို သိခြင်း၏ အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

ယော ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတွာ မဟာပဝါရဏာယ ဇာတော၊ သော တတော ပဋ္ဌာယ ယာဝ ဧကူနဝီသတိမေ ဝဿေ မဟာပဝါရဏာ တံ အတိက္ကမိတွာ ပါဋိပဒေ ဥပသမ္ပာဒေတဗ္ဗော။

**ဝိနည်းမဟာဝါအဋ္ဌကထာ။**

**အနက်** ယော၊အကြင်သူသည်။ ဒွါဒသမာသေ၊ တဆယ့်နှစ်လတို့ ပတ်လုံး။ မာတုကုစ္ဆိသ္မိံ၊ အမိဝမ်း၌။ဝသိတွာ၊သန္ဓေနေ၍။ မဟာပဝါရဏာယ၊ သီတင်းကျွတ်လပြည့်နေ့၌။ ဇာတော၊ဖွား၏။ သော၊ ထိုသူကို။ တတော၊ ထိုဖွားသော သီတင်းကျွတ်လပြည့်နေ့မှ။ ပဋ္ဌာယ၊ စ၍။ ယာဝဧကူနဝီသတိမေ ဝဿေ မဟာပဝါရဏာ၊တဆယ့်ကိုးနှစ်မြောက် သီတင်းကျွတ်လပြည့်နေ့ တိုင်အောင်။ တံ၊ ထိုသီတင်းကျွတ်လပြည့်နေ့ကို။အတိက္ကမိတွာ၊လွန်၍။ပါဋိပဒေ၊အထွက်တရက်နေ့၌။ ဥပသမ္ပာဒေတဗ္ဗော၊ပဉ္စင်းခံအပ်၏။

ဤသို့ တဆယ့်နှစ်လ သန္ဓေနေ၍ သီတင်းကျွတ်လပြည့်နေ့ ဖွားသောသူကို တဆယ့်ကိုးနှစ်မြောက် သီတင်းကျွတ်လပြည့်နေ့ ရောက်လျှင် လပြည့်ကျော် အထွက်တရက်နေ့ အနှစ် နှစ်ဆယ်ပြည့်ရကား ပဉ္စင်းခံအပ်၏ဟူ၍လာသော ဝိနည်းမဟာဝါ အဋ္ဌကထာကား တရက် တနာရီမျှမယုတ်၊တဆယ့်နှစ်လ စင်စစ်ပြည့်မှ တနှစ် နှစ်နှစ် စသဖြင့် ခေါ်ဝေါ်သင့်သည်ကို သိခြင်း၏အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

ပရိနိဗ္ဗာနတောတိ ပရိနိဗ္ဗာနဝဿတော၊တံ အဝမိဘူကံ မုဋ္ဌိတွာ တတော ဥဒ္ဓံ ဒွိန္နံ ဝဿသတာနံ ဥပရိ ဆတ္တိံသမေ ဝဿေတိ အတ္ထော။

**သာရတ္ထဒီပနီဋီကာ။**

အနက် ပရိနိဗ္ဗာနတောတိ၊ဟူသည်ကား။ ပရိနိဗ္ဗာနဝဿတော၊ ပရိနိဗ္ဗာန် လွန်တော်မူသောနှစ်မှ။အဝဓိဘူတာ၊အပိုင်းအခြား အပါဒါန်ဖြစ်၍ ဖြစ်သော။တံ၊ထိုပရိနိဗ္ဗာန် လွန်တော်မူသောနှစ်ကို။မုဥ္စိတွာ၊ အရေအတွက် လွှတ်ခဲ့၍။ တတော၊ ထိုပရိနိဗ္ဗာန် လွန်တော်မူသောနှစ်မှ။ဥဒ္ဓံ၊အလွန်။ ဒွိန္နံ ဝဿယတာနံ၊ အနှစ် နှစ်ရာတို့၏။ဥပရိ၊အထက်ဖြစ်သော။ဆတ္တိံ သမေ ဝဿေ၊သုံးဆယ့်ခြောက်နှစ် မြောက်၌။ ပတိဋ္ဌဟိံ သု၊ တည်ကုန်၏။ ဣတိအယံ၊ဤသည်ကား။ အတ္ထော၊အနက် တည်း။

အဇာပါသတ္တုဿ စတုဝီသတိတိ ပရိနိဗ္ဗာန ဝဿသင်္ခါတံ အဠမံ ဝဿံ မုဥ္စိတွာ ဝုတ္တံ။ **သာရတ္ထဒီပနိဋီကာ။**

အနက် အဇာတသတ္တုဿ စတုဝီသတိတိ ဣဒံဝစနံ၊ဟူသော ဤစကားကို။ ပရိနိဗ္ဗာန ဝဿသင်္ခါတံ၊ပရိနိဗ္ဗာန် လွန်တော်မူသောနှစ် ဟုဆိုအပ်သော။ အဠမံ ဝဿံ၊ ရှစ်ခုမြောက်သောနှစ်ကို။ မုဥ္စိတွာ၊ အရေအတွက် လွှတ်ခဲ့၍။ ဝုတ္တံ၊ဆိုအပ်၏။

ဤသို့ ပရိနိဗ္ဗာန် လွန်သည်မှ သာသနာတော် နှစ်ရာ့ သုံးဆယ့် ခြောက်နှစ်တွင် သီဟိုဠ်ကျွန်း၌ အရှင်မဟာမဟိန္ဒတို့ တည်ကုန်သည် ဟူသောစကား၌ ပရိနိဗ္ဗာန် လွန်တော်မူသောနှစ်ကို မယူပဲ အရေအတွက် လွှတ်၍ နှစ်ရာ့သုံးဆယ့် ခြောက်နှစ် ကို ရေတွက်ရမည်ဟူ၍ငင်း,အဇာတသတ်မင်း နန်းစံ သုံးဆယ့် နှစ်နှစ်တွင် ပရိနိဗ္ဗာန် လွန်တော်မမူမီ ခုနစ်နှစ်နှင့် ပရိနိဗ္ဗာန် လွန်တော်မူသော ရှစ်ခုမြောက်နှစ်ကို မယူပဲ အရေအတွက် လွှတ်၍ ပရိနိဗ္ဗာန် လွန်တော်မူပြီးနောက် အဇာတသတ်မင်း နန်းစံ နှစ်ဆယ့် လေးနှစ်ကို ရေတွက်ရမည်ဟူ၍ငင်း ဆိုသော သာရတ္ထဒီပနိဋီကာကား အဇာတသတ်မင်း တောင်းပန်၍ အရှင်မဟာကဿပ ဖြိုသော သက္ကရာဇ်သည် တခုကြွင်း နှစ်ခုကြွင်း မထားပဲ ပရိနိဗ္ဗာန် လွန်တော်မူသော နှစ်တိုင်အောင် တရာ့ လေးဆယ့် ရှစ်ခု, မဇ္ဈိမသက္ကရာဇ်ကို ပရိနိဗ္ဗာန် လွန်တော်မူသော နှစ်နှင့်တကွ အလျင်ဖြို၍ သက္ကရာဇ်အသစ် ထားသည်၊ ဖြိုသည့်နောက် တနှစ်ပြည့်မှ သက္ကရာဇ် သစ် တခု၊ နှစ်နှစ်ပြည့်မှ နှစ်ခု စသဖြင့် သက္ကရာဇ်သစ် ပွားသည်ကို သိခြင်း၏ အကြောင်း အထောက်အထား သာဓက ဉာပက ဖြစ်သည်။

ပက္ခဒိန် အခါသမယနှင့် စပ်ဆိုင်၍ ကျမ်းဂန်တွင် လာသော အရာသည် အစပ် အလျဉ်း သင့်သမျှသာ လာသည်၊ တိုက်ရိုက်ဆတ်ဆတ် လာသည်လည်း ရှိသည်၊ စကားကျ စကားရ အရိပ်အမြွက်ဖြင့်သာ သိရသည်လည်း ရှိသည်၊ နှိုင်းယှဉ် ဆင်ခြင် မိခဲ့သည်၊ ဆရာတော် သံဃာတော်တို့အဖို့ သာသနာတော်ရေးကို အကြောင်းပြု၍

ဆွေးနွေးနှိုင်းယှဉ်တော်မူပေသည်ကို နှလုံးထားလျက် ဆရာတော်တို့လည်း ကျမ်းဂန်ရှိရာ ရှာဖွေ ကြည့်ရှုသင့်သည်ဖြစ်၍ အတိုင်းထက်အလွန် ရှာဖွေကြည့်ရှုဆဲ ဖြစ်ပါကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## အာပတ် ဖြေ မဖြေ

ဆရာတော်တို့ အာပတ်ဖြေကြသည်မှာ အမေးတော် မရှိမီ ကာလက နေ့စဉ် ည နံနက်ဖြေသည် မဖြေသည်ကို သိသာအောင် မပါသေး၊ သိသာအောင် စာသွင်းစေဦး၊ ကျောင်းသား လူငယ် တပည့် တပန်း မွေးကြသည်မှာ ဘုရားသခင်လက်ထက်တော် လူငယ် တပည့် မွေးသည် မမွေးသည်ကိုလည်း သိတော်မူသာအောင် စာသွင်းစေ။

**၁၁၆၀ပြည့် ကဆုန်လဆန်း(၂)ရက်နေ့ အမိန့်တော်နှင့် မဟာဒါန်ဝန် ဘယနန္ဒမိတ်ကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့် စာကား—**

ဆရာတော်တို့ အာပတ်ဖြေကြသည်မှာ အမေးတော် မရှိမီကာလ နေ့စဉ် ည၊ နံနက် ဖြေသည် မဖြေသည်ကို သိသာအောင် မပါသေး၊ သိသာအောင် စာသွင်းစေဦး အမိန့်တော်ပါသည်အတိုင်း ရှေးအထက်က အာပတ်ဖြေသည့် အကြောင်းအရာကို ပြန်၍ အောက်မေ့ ဆင်ခြင်လျှင် ကိုယ်မှာ အာပတ် ဒုက္ကဋ်ထင်မြင်မှပင် အာပတ်ဖြေသည်။ အနီးအပါး တပည့်များကိုလည်း အာပတ်သင့်မှ အာပတ်ဖြေရမည်၊ အာပတ်မသင့်လျှင် အာပတ်ဖြေစု မရှိ ပြောဟောလေ့ရှိသည်ကို ဆင်ခြင်မိသည်၊ အဝေး အနီး သံဃာတို့ကိုယ်မှာ ၅၇—ခုနှစ်မှပင် တရားမင်းမြတ် ဘုန်းပါရမီတော်ကို အမှီပြု၍ မှတ်ချက် မှတ်စာနှင့် အနှံ့အစပ် ဆင့်ဆို ပြောဟောရပေသည်၊ ကျောင်းသားလူငယ် တပည့်တပန်း မွေးကြသည်မှာ ဘုရားသခင်လက်ထက်တော် လူငယ်တပည့် မွေးသည် မမွေးသည်ကို သိတော်မူသာအောင် စာသွင်းစေ အမိန့်တော်ပါသည်အတိုင်း ဘုရားသခင် လက်ထက်တော်က လူငယ်တပည့် မွေးသည် မမွေးသည်ကို ကျမ်းဂန်ထုံးစံ ဝတ္ထုသက်သေ နှိုင်းယှဉ်ဆင်ခြင်သော် ဘုရားသခင် လက်ထက်တော်က လူငယ်တပည့် မွေးကြောင်းကို ကျမ်းဂန်ထုံးစံ ဝတ္ထုသက်သေ မလာမရှိ၊ လူငယ်တပည့် မမွေးကြောင်းကိုသာ ကျမ်းဂန်ထုံးစံ ဝတ္ထုသက်သေ လာရှိသည်၊ အရှင်အနုရုဒ္ဓါသည် ရှေးအခါ ဗာရာဏသီပြည်တွင် ကောင်းမှုပြုဘက်ဖြစ်

သော သုမနသေဋ္ဌေး၏ အဖြစ်အလာကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှု ဆင်ခြင်တော်မူသော် ဝိဇ္ဈာဋဝီတော တောင်ခြေရင်း မုဏ္ဍနိဂုံတွင် မုဏ္ဍက ဥပါသကာ၏ သား စူဠသုမန ဖြစ်လာသည်ကို မြင်တော်မူ၍ မုဏ္ဍနိဂုံသို့ ကြွတော်မူပြီးလျှင် ဝါတွင်း သုံးလပတ်လုံး ဝါဆိုတော်မူသည်၊ ဝါကျွတ်သည်ကာလ သင်္ကန်း, နှမ်းဆီ, ဆန် စသော ပရိက္ခရာများကို မုဏ္ဍက ဥပါသကာ လှူသည်တွင် ကပ္ပိယကာရက မရှိသောကြောင့် သင်္ကန်း,နှမ်းဆီ,ဆန် စသော ပရိက္ခရာများကို အလိုမရှိ ပယ်တော်မူလျှင် ခုနစ်နှစ်ရွယ် စူဠသုမနသူငယ်ကို ကပ္ပိယကာရကအလို့ငှါ မုဏ္ဍကဥပါသကာပေး၍ ခုနစ်နှစ်ရွယ် စူဠသုမနသူငယ်ကို အရှင်အနုရုဒ္ဓါ သာမဏေ ပြုတော်မူသော် သာမဏေပြုမည် ဆံချသည့်အဆုံးတွင်ပင် ရဟန္တာအဖြစ်သို့ ရောက်သည်၊ အရှင်အနုရုဒ္ဓါ လေနာထသည်ကာလ အနဝတတ်အိုင်၌ နဂါးမင်းကို နှိမ်နင်း၍ အနဝတတ်ရေကို ဆောင်နိုင်သည်၊ ဘုရားသခင် အနဝတတ်ရေနှင့် ခြေတော် ဆေးတော်မူလိုသည် ကာလလည်း ခုနစ်နှစ်ရွယ်လျက် လောင်းအိုး အလုံး(၆၀)ခန့် ရေဝင်သောရွှေအိုးကြီးနှင့် အနဝတတ်ရေကို ဆောင်၍ ပေးနိုင်သည်၊ အလွန် တန်းခိုးအာနုဘော်နှင့် ပြည့်စုံသော စူဠသုမနသာမဏေဟု တင်ရှားစွာ ဖြစ်သည်၊ ဘုရားသခင် အားရတော်မူ၍ ခုနစ်နှစ်ရွယ်ကပင် ပဉ္စင်းအဖြစ်ကို ပေးသနားတော်မူသည်၊ ဤသာသနာတော်တွင်း၌ ခုနစ်နှစ်ရွယ်က ပဉ္စင်းအဖြစ်ကို အသနားတော်ခံရသသူကား သောပါက သာမဏေတပါး၊ ယခုဆိုသော စူဠသုမနသာမဏေတပါး ဤနှစ်ပါးသာတည်း။

ဤသို့ ဓမ္မပဒကျမ်းတွင် စူဠသုမနသာမဏေဝတ္ထု၌ အရှင်အနုရုဒ္ဓါမှာ လူငယ်ကပ္ပိယကာရကမထား သာမဏေပြု၍သာ စေသုံးတော်မူကြောင်းကို လာသည်၊ ဂင်္ဂါ၌ မျော၍ရသော သူငယ်ကို အရှင်မဟာကစ္စည်းထေရ်အား ဒါယိကာမ တယောက် လှူသည်တွင် အရှင်မဟာကစ္စည်းထေရ် ကိုယ်တော်တွင် မမွေး သူကြွယ်တဦးအား ပေး၍ မွေးစေတော်မူသည်ကိုလည်း ဓမ္မပဒကျမ်း ဇဋ္ဋိလဝတ္ထုတွင် လာသည်၊ တိဿမထေရ်အား ကပ္ပိယကာရက မရှိ၍ ခုနစ်နှစ်ရွယ် သူငယ်ကို ဒါယကာတဦး ပေးသည်တွင် လူငယ်မွေး၍ စေသုံးတော်မမူ သာမဏေပြု၍သာ စေသုံးတော်မူကြောင်းကိုလည်း ဓမ္မပဒကျမ်း တိဿထေရဝတ္ထုတွင် လာသည်၊ ဤသို့ စသဖြင့် ဘုရားသခင် လက်ထက်တော်က လူငယ် တပည့်တပန်း မမွေးကြောင်းကို ကျမ်းဂန်ထုံးစံ ဝတ္ထုသက်သေ အများရှိသည်၊ ဘုရားသခင် လက်ထက်တော်က လူငယ် တပည့်တပန်း မွေးကြောင်းကို ကျမ်းဂန်ထုံးစံ ဝတ္ထုသက်သေ မရှိ၊ ရှင်လောင်း ပဉ္စင်းလောင်း ပဏ္ဍုပလာသတို့အား သာမဏေများကဲ့သို့ ပြုစုအပ်ကြောင်း၊ ရဟန်းတို့နှင့် မအပ်သော အမှုအရာရှိလျှင် ဥပါသကာတို့ကို ကပ္ပိယကာရက ထား၍ စေပါးအပ်ကြောင်း၊ အရှင်ပိလိန္ဒဝစ္ဆအား ဗိမ္ဗိသာရမင်းကြီး အာရာမ်စောင့် ၅၀၀ လှူဒါန်းသကဲ့သို့ လှူဒါန်းသော အာရာမ်စောင့်များကို စေပါးခိုင်းခန့်အပ်ကြောင်း၊ စား

ကြွင်းစားတို့အား အကြွင်း စားဘွယ်, ခဲဘွယ် ပေးအပ်ကြောင်းများကို ဝိနည်းကျမ်းဂန်၌လည်း လာသည်၊ ရှာသူ သားငယ်များကို သိမ်းပိုက် မွေးကျွေးသည့်အရာသည် ရဟန်းတို့အား ကြီးစွာ ပလိဗောဓ ဖြစ်သည်ကို အထက်ကလည်း ဆင်ခြင်မိသည်၊ ဓမ္မပမာဏ စင်စစ်ဖြစ်၍ သာသနာတော်ကို ပြုစုလျက် ပါရမီဖြည့်တော်မူထိုက်သော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် အမိန့်တော်ကို နာခံရသည်တွင်လည်း အတိုင်းထက်အလွန် ဆင်ခြင်မိသည်၊ ရှင်, ပဉ္စင်း ပြုလိုသူ တရံတဆစ်ရှိလျှင် နိသျည်းဆရာများကို အပ်၍ ပြသသွန်သင်စေပြီးမှ မကြာမတင် ရှင်ပဉ္စင်းပြုစေသည်၊ အရပ်ရပ် နိဿျည်းဆရာတို့ကိုလည်း ၅၈—ခုနှစ်ကပင် ရှာသူ သားငယ်များသည် ရဟန်းတို့အား ကြီးစွာသော ပလိဗောဓဖြစ်ကြောင်းနှင့် တရားကျမ်းဂန် ပြသ ပြောဆိုသည်။

ရဟန်းတော်များ သုသာန်သို့ လိုက် မလိုက်

လူသေလျှင် အလောင်းရှေ့က ယပ်စွဲလျက် ခြွေရံ၍ သုသာန်သို့ ရဟန်းသံဃာတို့ လိုက်ပို့ကြသည့် အရာသည် မြတ်စွာဘုရား လက်ထက်တော် ယခုကဲ့သို့ ရဟန်းသံဃာတို့ လိုက်သည် မလိုက်သည်၊ ရဟန်းသံဃာတို့ သုသာန်သို့ လိုက်သည်ကို မြတ်စွာဘုရား ဟောတော်မူသော ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းဂန် ရှိသည် မရှိသည်ကို ဆရာတော်တို့က စာသွင်းစေ၊

၁၁၆၀ ပြည့်နှစ် ကဆုန်လဆန်း (၃) ရက်နေ့ အမိန့်တော်နှင့် မဟာဒါန်ဝန် ဘယနန္ဒမိတ်ကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့်စာကား—

လူသေလျှင် အလောင်းရှေ့က ယပ်စွဲလျက် ခြွေရံ၍ သုသာန်သို့ ရဟန်းသံဃာတို့ လိုက်ကြသည့် အရာသည် မြတ်စွာဘုရား လက်ထက်တော် ယခုကဲ့သို့ ရဟန်းသံဃာတို့ လိုက်သည် မလိုက်သည်၊ ရဟန်းသံဃာတို့ သုသာန်သို့ လိုက်သည်ကို မြတ်စွာဘုရား ဟောတော်မူသော ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းဂန် ရှိသည် မရှိသည်ကို ဆရာတော်တို့က စာသွင်းစေ၊ အမိန့်တော် ရှိသည်အတိုင်း မြတ်စွာဘုရားလက်ထက်တော်က ယခုကဲ့သို့ ရဟန်းသံဃာတို့ လူသေလျှင် လိုက်သည် မလိုက်သည်၊ ရဟန်းသံဃာတို့ သုသာန်သို့ လိုက်သည်ကို မြတ်စွာဘုရား ဟောတော်မူသော ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် ရှိသည် မရှိသည်ကို ဆွေးနွေးနိုင်းယှဉ်သော် မြတ်စွာ

ဘုရားလက်ထက်တော်က ယခုကဲ့သို့ ရဟန်းသံဃာတို့ လူသေလျှင် ရှေ့က ယပ်စွဲလျက် ခြေရှိ၍ မလိုက်ပေ၊ လိုက်ကြောင်းကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်လည်း မရှိပေ၊လူသေလျှင် အခြေအရံပြု၍မလိုက်အပ်သည်ကို ပြခြင်းငှါ ဝိနည်းအဋ္ဌကထာ၊ ဋီကာတို့၌—

မတာနံ ပရိဝါရတ္ထံ အာဂစ္ဆန္တူတိ ပက္ကောသန္တိ နဂန္တဗ္ဗံ—မိန့်သည်။

**အနက်** မတာနံ၊ လူသေတို့၏။ ပရိဝါရတ္ထံ၊အခြံအရံအကျိုးငှါ။အာဂစ္ဆန္တူတိ၊ လာပါကုန်ဟူ၍။ ပက္ကောသန္တိ၊ ခေါ်ကုန်အံ့။ နဂန္တဗ္ဗံ၊ မသွားအပ်။

လူသေရှိရာဝင်၍ ရှေ့က ယပ်စွဲလျက် သွားကြသည့်အရာသည် အခြံအရံ စင်စစ်ဖြစ်သည်၊ကမ္မဋ္ဌာန်း ရှုလို၍ သွားအပ်သည်ကို ပြခြင်းငှါ ဝိနည်းအဋ္ဌကထာ၌—

သိဝထိကဒဿနေနစ အသုဘဒဿနေနစ မရဏဿတိံ ပဋိလဘိဿာမာတိ ကမ္မဋ္ဌာနသီသေန ဂန္တုံ ဝဋ္ဋတိ—မိန့်သည်။

**အနက်** သိဝထိကဒဿနေနစ၊ သုသာန်ကို မြင်သဖြင့်လည်းကောင်း။ အသုဘဒဿနေနစ၊ အသုဘအကောင်ကို မြင်သဖြင့်လည်းကောင်း။ မရဏဿတိံ၊မရဏဿတိကို။ လဘိဿာမာတိ၊ ရကုန်အံ့ဟူ၍။ ကမ္မဋ္ဌာနသီသေန၊ကမ္မဋ္ဌာန်းကို အရင်းပြုသဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ကမ္မဋ္ဌာန်းရှုအံ့သည်ကို အရင်းမူ၍ သွားလိုသော် မခေါ်မပင့် ပရိသတ်သို့ မဝင် မထွက် သုသာန်ရှိရာ အခြားသာ သွားအပ်သည်၊ ပင့်ခေါ်၍ ပရိသတ်သို့ ဝင်ထွက်လျက် ရှေ့ကသွားသည်မှာ ကမ္မဋ္ဌာန်း ရှုအံ့သည်ကို အရင်းမူ၍ သွားသည် မမည်။

ရာဇဂြိုဟ်ပြည်တွင် သိရိမာ မည်သော ပြည့်တန်းဆာမ သေလွန်သည့်ကာလ ပြည့်တန်းဆာမ၏အကောင်ကို ပြ၍ အသုဘကမ္မဋ္ဌာန်းကိုဟောသော် အကျွတ်တရား အများရသည်ကို မြင်တော်မူ၍ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း ရဟန်းသံဃာများနှင့် တကွ ဘုရားသခင်ကိုယ်တိုင်တော် သုသာန်သို့ ကြွတော်မူသည်။

သာဝတ္ထိပြည်တွင် ဆတ္တမာဏဝကလုလင် သေလွန်သည့်ကာလ ကြွတော်မူသော် သရဏဂုံ ဆောက်တည်သော အကျိုးအာနိသင်ကြောင့် နတ်ပြည်၌ဖြစ်သော ဆတ္တမာဏဝကသည် ဗိမာန်နှင့်တကွ နတ်ပြည်မှ လာသည်ကို အကြောင်းပြုလျက် ကုသိုလ်ကံ၏ အကျိုးကို ထင်စွာ ဟောကြားလျှင် အကျွတ်တရား အများရသည်ကို မြင်တော်မူ၍ သံဃာများနှင့်တကွ ဘုရားသခင်ကိုယ်တိုင်တော် သုသာန်သို့ ကြွတော် မူသည်။

ဤသို့ စသဖြင့် အကြောင်းရှိမှ မပင့်မခေါ် အသီးအခြား သုသာန်သို့ ကြွတော်မူကြောင်းကို ဓမ္မပဒကျမ်း ဝိမာနကျမ်း စသည်၌လာသည်၊ ဘုရားသခင် လက်ထက်တော်က ယခုကဲ့သို့ ရဟန်းသံဃာတော်တို့ လူသေလျှင် ရှေ့က ယပ်စွဲလျက် ခြွေရံ၍ သုသာန်သို့ မလိုက်၊ လိုက်ကြောင်းကိုလည်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန် မရှိ။

---

## ပဌမ မဇ္ဈိမ ပစ္ဆိမ ဗုဒ္ဓဝစန

လျှောက်ပါသည် ဆရာတော်ဘုရား—

သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် နတ်တော်လပြည့်ကျော်(၁၁) ရက်နေ့ ပိဋကတ်တိုက်စိုး ဓမ္မသီရိကို အောင်စည်းခံ ကွန်းထောက်နန်းတော်သို့ စေ၍ အာဋ္ဌာနာဋိယသုတ်ရင်း ပါဠိအနက်ကို ဆက်သွင်းသည်တွင် ပဌမ ဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန သုံးပါးကို မှတ်သား လွယ်ကျက် ဆောင်ရွက်တော်မူလိုကြောင်းနှင့် အမိန့်တော်ရှိလိုက်၍-

**ငင်းသက္ကရာဇ် ပြာသိုလဆန်း(၂)ရက်နေ့ တိုက်စိုး ဓမ္မသီရိကို အောင်စည်းခံ ကွန်းထောက်နန်းတော်သို့ စေ၍ ဆက်သွင်းသည့် ပဌမဗုဒ္ဓဝစန၊ မဇ္ဈိမဗုဒ္ဓဝစန၊ ပစ္ဆိမဗုဒ္ဓဝစန သုံးပါး ပါဠိ၊အနက်ကား—**

၁ ဘုရားဖြစ်တော်မူသည်မှ စ၍ ပရိနိဗ္ဗာန် ပြုတော်မူသည်တိုင်အောင် ဆင်ခြင်ဟောကြားတော်မူအပ်သော ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော တရားတော်အပေါင်း၌ အစ၊အလယ်၊အဆုံး သုံးပါးဖြင့် သင်္ဂြိုဟ်၍ ကျမ်းဂန်လာသည်နှင့်အညီ ပဌမဗုဒ္ဓဝစန၊မဇ္ဈိမဗုဒ္ဓဝစန၊ပစ္ဆိမဗုဒ္ဓဝစန တရားတော်သုံးပါးကို ကိုးကွယ်လွယ်ကျက် ဆောင်ရွက်တော်မူရန် ဆက်သွင်းသည်။

စိတ်တော်ဖြင့် ဆင်ခြင်တော်မူသော တရားတော်အပေါင်းတွင် ရှေးဦးစွာ ဖြစ်သော ပဌမဗုဒ္ဓဝစနကား—

အနေကဇာတိ သံသာရံ၊သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊တဏှာနံ ခယမဇ္ဈဂါ။

အနက် ဂဟကာရ၊ အို အတ္တဘော တည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျ်ား ပဲခွပ်သမား။တံ၊သင့်ကို။ ဂဝေသန္တော၊ရှာသော ငါသည်။ယေန ဉာဏေန၊အကြင်သဗ္ဗညုတဉာဏ်ဖြင့်။ဒဠုံ၊မြင်အံ့သောငှါ။သက္ကာ၊ တတ်ကောင်း၏။တံ ဉာဏံ၊ထိုသဗ္ဗညုတဉာဏ်ကို။ အနိဗ္ဗိသံ၊မရသည်ဖြစ်၍။ အနေက ဇာတိ၊အဖြစ်များစွာရှိသော။ သံသာရံ၊ သံသရာ၌။သန္ဓာဝိဿံ၊ကျင်လည်ရလေပြီ။ ပုနပ္ပုနံ၊အဖန်တလဲလဲ။ဇာတိ၊ပဋိသန္ဓေနေရခြင်းသည်။ဒုက္ခာ၊ဆင်းရဲ၏။

ဂဟကာရက၊ အို အတ္တဘော တည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျ်ား ပဲခွပ်သမား။တံ၊သင့်ကို။ဒိဋ္ဌော၊ယခုမြင်သည်။ အသိ၊ဖြစ်ပြီ။ပုန၊တဖန်။ ဂေဟံ၊အတ္တဘော တည်းဟူသောအိမ်ကို။ နကာဟသိ၊သင်မပြုရပြီ။ တေ၊ သင်၏။ သဗ္ဗာ၊အလုံးစုံကုန်သော။ဖါသုကာ၊ကိလေသာတည်းဟူသော အိမ်၏ အချင်တို့ကို။ ဘဂ္ဂါ၊ငါချိုးဖဲ့ ဖျက်ဆီးအပ်ကုန်ပြီ။ဂဟကူဋံ၊အဝိဇ္ဇာ တည်းဟူသောအိမ်၏အထွတ် ကို။ဝိသင်္ခတံ၊ငါ ဖျက်ချအပ်ပြီ။စိတ္တံ၊ငါ၏ စိတ်သည်။ ဝိသင်္ခါရဂတံ၊ အာရုံပြုသော အားဖြင့် နိဗ္ဗာန်သို့ ရောက်ပြီ။တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ် သော အရဟတ္တဖိုလ်ကို။အဇ္ဈဂါ၊ငါရပြီ။

ဤကား စိတ်တော်ဖြင့် ဆင်ခြင်တော်မူသော တရားအပေါင်းတွင် ရှေးဦးစွာ ဖြစ်သော ဓမ္မပဒကျမ်း၌လာသော ပဌမဗုဒ္ဓဝစနတည်း။

နှုတ်တော်ဖြင့် မြွက်၍ ဟောကြားတော်မူသော တရားအပေါင်းတွင် ရှေးဦးစွာ ဖြစ်သော ပဌမဗုဒ္ဓဝစနကား—

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

**အနက်** အာတာပိနော၊ ကိလေသာကိုပူပန်စေတတ်သော လုံ့လရှိထသော။ ဈာယတော၊ မကောင်းမှုကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပပြုပြီးထသော။ ခီဏာသဝဿ၊ ရဟန္တာအား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ စင်စစ်သဖြင့်။ ဓမ္မာ၊ သစ္စာလေးပါးတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုသို့ဖြစ်သောအခါ၌။ ယတော၊ အကြင်ကြောင့်။ သဟေတုဓမ္မံ၊ အကြောင်းနှင့် တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို။ ပဇာနာတိ၊ သိ၏။ တတော၊ ထိုကြောင့်။ အဿခီဏာသဝဿ၊ ထိုရဟန္တာအား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ ယုံမှားခြင်းတို့သည်၊ ဝပယန္တိ၊ ကင်းကုန်၏။

အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော။ ဈာယတော၊ မကောင်းမှုကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပပြုပြီးထသော။ ခီဏာသဝဿ၊ ရဟန္တာအား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ စင်စစ်သဖြင့်။ ဓမ္မာ၊ သစ္စာလေးပါး တရားတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုသို့ဖြစ်သောအခါ၌။ အဿခီဏာသဝဿ၊ ထိုရဟန္တာအား။ ယတော၊ အကြင်ကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာ အစရှိသောပစ္စည်းတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ၊ သိ၏။ တတော၊ ထိုကြောင့်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ ယုံမှားခြင်းတို့သည်။ ဝပယန္တိ၊ ကင်းကုန်၏။

အာတာပိနော၊ ကိလေသာကိုပူပန်စေတတ်သော လုံ့လရှိထသော။ ဈာယတော၊ မကောင်းမှုကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပပြုပြီးထသော။ ခီဏာသပဿ၊ ရဟန္တာအား။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ သစ္စာလေးပါး တရားတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တဒါ၊ ထိုသို့ ဖြစ်သောအခါ၌။ သော ခီဏာသဝေါ၊ ထိုရဟန္တာသည်။ အန္တလိက္ခံ၊ ကောင်းကင်ကို။ ဩဘာသယံ၊ အရောင်ဖြင့် ထွန်းသော။ သူရိယော၊ နေမင်းသည်။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမေန္တော၊ ဖျောက်လျက်။ တိဋ္ဌတိဣဝ၊ တည်ဘိသကဲ့သို့။ မာရသေနံ၊ ဆယ်ပါးသောမာရ်စစ်သည်ကို။ ဝိဓူပယံ၊ ဖျက်ဆီးလျက်။ တိဋ္ဌတိ၊ တည်၏။

ဤကား နှုတ်တော်ဖြင့် မြွက်၍ ဟောကြားတော်မူအပ်သော တရားအပေါင်းတွင် ရှေးဦးစွာ ဖြစ်သော မဟာဝါကျမ်း၌လာသော ပဌမဗုဒ္ဓဝစနတည်း။

အလယ်ဖြစ်သော တရားတော်အပေါင်းတွင် ဝိနည်းကျမ်းဦး မဇ္ဈိမဗုဒ္ဓဝစနတော် ကား—

နာဟံ တံ ပြဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ၊ ယမဟံ အဘိဝါဒေယျံဝါ ပစ္စုဋ္ဌေယျံဝါ အာသနေနဝါ နိမန္တေယျံ၊ ယံ ဟိ ဗြာဟ္မဏ တထာဂတော အဘိဝါဒေယျဝါ ပစ္စုဋ္ဌေယျဝါ အာသနေနဝါ နိမန္တေယျ မုဒ္ဓါပိ တဿ ဝိပတေယျ။

**အနက်** ဗြာဟ္မဏ၊အို ဝေရဥ္စပုဏ္ဏား။သဒေဝကေ၊နတ်နှင့်တကွသော။ သမာရကေ၊ မာရ်နှင့်တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာနှင့် တကွသော။ လောကေ၊ သြကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿာယ၊သမုတိနတ်ဖြစ်သောမင်း ကြွင်းသော လူ နတ်နှင့် တကွသော။ ပဇာယ၊ သတ္တလောက၌။ ယံ၊ အကြင်သူကို။ အဘိဝါဒေယျံဝါ၊ ရှိမှုလည်း ခိုးရာ၏။ပစ္စုဋ္ဌေယျံဝါ၊ခရီးမှုလည်း ကြိုဆိုရာ၏။အာသနေနဝါ နိမန္တေယျံ၊ နေရာဖြင့်မှုလည်း ဖိတ်ရာ၏။ တံ၊ ထိုသူကို။ အဟံ၊ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။ ဟိ၊သင့်စွ။ဗြာဟ္မဏ၊ အို ဝေရဥ္စပုဏ္ဏား။ ယံ၊အကြင်သူကို။ တထာဂတော၊ငါဘုရားသည်။အဘိဝါဒေယျဝါ၊ရှိမှုလည်း ခိုးငြားအံ့။ ပစ္စုဋ္ဌေယျဝါ၊ခရီးဦးမှုလည်း ကြိုဆိုငြားအံ့။ အာသနေနဝါ နိမန္တေယျ၊နေရာဖြင့်မှုလည်း ဖိတ်ငြားအံ့။ တဿ၊ထိုသူ၏။ မုဒ္ဓါပိ၊ဦးခေါင်းသည်လည်း။ ဝိပတေယျ၊ ထန်းသီးမှည့်ကဲ့သို့ ပြတ်ကြွေ၍ ကျလေရာ၏။

သုတ္တန်ကျမ်းဦး မဇ္ဈိမဗုဒ္ဓဝစနကား—

မမံဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿဝါ အဝဏ္ဏံ ဘာသေယျုံ၊သံဃဿဝါ အဝဏ္ဏံ ဘာသေယျုံ။ တတြ တုမှေဟိ နအာဃာတော နအပ္ပစ္စယော နစေတသောအနဘိရဒ္ဓိကရဏီယာ။

**အနက်** ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပရေ၊သူတပါးတို့သည်။ မမံဝါ၊ငါ၏မှုလည်း။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသေယျုံ၊ ဆိုကုန်ငြားအံ့။ ဓမ္မဿဝါ၊ တရားတော်၏မှုလည်း။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသေယျုံ၊ ဆိုကုန်ငြားအံ့။ သံဃဿဝါ၊ သံဃာတော်၏လည်း။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသေယျုံ၊ ဆိုကုန်ငြားအံ့။တတြ၊ထိုသို့ ဆိုခြင်းကြောင့်။ တုမှေ၊ သင်တို့သည်။ အာဃာတော၊ ရန်ညိုးဖွဲ့ခြင်းကို။နကရဏီယော၊မပြုအပ်။အပ္ပစ္စယော၊နှလုံးမသာခြင်းကို။ နကရဏီ

ယော၊မပြုအပ်။စေတယော၊စိတ်၏။အနဘိရဒ္ဓိ၊ အမျက်ထွက်ခြင်းကို။ နကရဏီယာ၊ မပြုအပ်။

အဘိဓမ္မာကျမ်းဦး မဇ္ဈိမဗုဒ္ဓဝစနကား—

ကုသလာ ဓမ္မာ၊အကုသလာ ဓမ္မာ၊အဗျာကတာ ဓမ္မာ။

**အနက်** ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော။ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ သံဝိဇ္ဇန္တိ၊ထင်ရှား ရှိကုန်၏။ အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွ မကောင်းကျိုးကိုပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ အဗျာကတာ အဝိပါကလက္ခဏာ၊ အကျိုးမပေးခြင်း လက္ခဏာရှိကုန်သော။ဓမ္မာ၊အဗျာကတတရားတို့သည်။သံဝိဇ္ဇန္တိ၊ထင်ရှားရှိကုန်၏။

ဤကား ပိဋကတ်သုံးပုံ ကျမ်းဦးတရားဖြင့် သဂြိုဟ်၍ အာဒိပေယျာလနည်းဖြင့် ပြအပ်သော မဇ္ဈိမဗုဒ္ဓဝစနတည်း။

ပရိနိဗ္ဗာန် ပြုတော်မူခါနီးကာလ ဟောကြားတော်မူသော ခပ်သိမ်းသောတရား တို့၏ အဆုံးစွန်ဖြစ်သော ပစ္ဆိမဗုဒ္ဓဝစနကား—

ဟန္ဒ ဒါနိ ဘိက္ခဝေ၊အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

**အနက်** ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဟန္ဒ၊ယခု။ ဝေါ၊သင်တို့ကို။ အာမန္တယာမိ၊သိစေအံ့။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ပျက်စီး တတ်သော သဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ သမ္ပာဒေထ၊ ကုသိုလ်တရားနှင့် ပြည့်စုံစေကုန်။

ဤကား အဆုံးစွန်ဖြစ်သော ပစ္ဆိမဗုဒ္ဓဝစနတည်း။

ဤသို့ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အပြားရှိသော တရားအပေါင်း ကို အစ,အလယ်,အဆုံး သုံးပါးဖြင့် သင်္ဂြိုဟ်၍ သံဂါယနာဝင် အဋ္ဌကထာကျမ်းကြီး ကျမ်းခိုင်တို့၌ ပြသော ပဌမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန တရားတော် သုံးပါးကို ကိုးကွယ်လေ့ကျက် ဆောင်ရွက်တော်မူလိုသော သမ္မာဆန္ဒတော် ရှိတော် မူသည်နှင့်အညီ ကိုးကွယ်လေ့ကျက် ဆောင်ရွက်တော်မူရန် ကျမ်းဂန်ရှိသည် အတိုင်း ထုတ်နုတ် ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## အောင်စည်းခံဘုရားမှ ကြေးနီပြား

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

> သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် ပြာသိုလဆန်း (၂)ရက်နေ့ အောင်စည်းခံဘုရား ပဌမပစ္စယာတွင် ရသည့် ကြေးနီပြားကို သာသနာပြု ဆရာတော်မှာ ပြသ လျှောက်ထား၍ ကြေးနီပြားတွင် ပါသမျှ စာအရကို အနက်, အဓိပ္ပါယ်နှင့်တကွ ဆရာတော်က စာသွင်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း အဆောင်တော်မြဲ ရာဇသီရိကို ရရင်း ကြေးနီပြားနှင့် လျှောက်လှာပါစေသည်၊ ကြေးနီပြားတွင် ပါသမျှ စာအရကို အနက်, အဓိပ္ပါယ်နှင့်တကွ ဆရာတော်က စာသွင်းတော်မူပါမည် အကြောင်းကို လျှောက်ထားပါသည် ဆရာတော်ဘုရား။

**၁၁၆၀ ပြည့်နှစ် ပြာသိုလဆန်း(၂)ရက်နေ့ အောင်စည်းခံ ကွန်းထောက်နန်းတော်က လျှောက်လှာသည်တွင် ၎င်းလဆန်း(၃)ရက်နေ့ သွင်းသည့် မေတ္တာစာကား—**

အောင်စည်းခံ ဘုရားတွင် ရသည့် ကြေးနီစာ အနက်, အဓိပ္ပါယ် စကားအရကို နှိုင်းယှဉ်ထောက်ထားသော် သာသနာပြု ပါရမီဖြည့် တိုင်းပြု ပြည်ပြု ဖြစ်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဘုန်းပါရမီတော်ကြောင့် အကြောင်းအရာကို သိတော်မူသာအောင် နတ်,သိကြားတို့ ဆက်သ ညွှန်ပြသည့် အရာ စင်စစ်ဖြစ်သည် မုချအမှန် ယူရန်ရှိသည်၊ သဗ္ဗညုဘုရား ပရိနိဗ္ဗာန်စံယူတော်မူမည့် မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်တွင် နေတော်မူသည့်ကာလ အလုပ်အကျွေးလာသော သိကြားမင်းကို သာသနာတော်ကို စောင်မ ကြည့်ရှုရမည် အမိန့်တော်ရှိ၍ ဒေဝါနံပိယတိဿမင်း, ဒုဋ္ဌဂါမဏိမင်း စသော သာသနာပြု မင်းတရားတို့ကို နတ်သိကြားတို့ စောင်မ ကြည့်ရှုရသည့် ကျမ်းဂန်ထုံးစံ ရှိသည်။

နေမိမင်း,သာဓိနမင်း,ဓမ္မသောဏ္ဍမင်း စသော ပါရမီဖြည့် မင်းဘုရားတို့ကို နတ်သိကြားတို့ စောင်မ ကြည့်ရှုရသည် ကျမ်းဂန်ထုံးစံလည်း ရှိသည်။ ဝိဇယမင်း, ဌေဝရမင်း စသော တိုင်းပြု ပြည်ပြု မင်းတရားတို့ကို နတ် သိကြားတို့ စောင်မ ကြည့်

ရှုကြရသည့် ကျမ်းဂန်ထုံးစံလည်း ရှိသည်၊ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်လည်း မင်းစည်းစိမ်ကိုမျှ မငဲ့မကွက် သာသနာတော် ရေးကိုသာ ငဲ့ကွက်၍ တရားကျမ်းဂန်နှင့် မညီမညွတ်သည်ကို ညီညွတ်အောင်၊ ယိုယွင်း ပျက်စီးသည်ကို မယိုမယွင်း မပျက်မစီးအောင် ကိုယ်တိုင်တော် ကြပ်မလျက် ဘုရားဟော တရားကျမ်းဂန်ရှိတိုင်း သုတ်သင်ပြုစု၍ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့်တော် မူသည်၊ အရာမကသော စေတီ ပုထိုး ကျောင်းကန် စသည်များကို တည်ထားပြင်ဆင် တော်မူ၍ အာမိသာနုဂ္ဂဟဖြင့် ချီးမြှင့်တော်မူသည်၊တိုင်းသူ ပြည်သူ ရှင်လူအပေါင်း ကို ရင်ဝယ်သားကဲ့သို့ သနားကျင်နာတော်မူ၍ မတရားသောအမှုမှ မြစ်တားတော် မူခြင်း၊ ပဉ္စသီ သီတင်းစသော တရားအမှု၌သာ တည်စေခြင်း စသဖြင့် တိုင်းပြည် ပြုစုတော်မူသည်၊ သို့စဉ် သာသနာပြု ပါရမီဖြည့် တိုင်းပြုပြည်ပြု ဖြစ်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ကိုလျက် နတ် သိကြားတို့ မကြည့်ရှု မစောင်မ နေရမည် မဟုတ်၊ စင်စစ် ကြည့်ရှု စောင်မရမည် ဖြစ်သည်၊ ယင်းသို့ မကြည့်ရှု မစောင်မ မနေရာ၊ ကြည့်ရှု စောင်မရာသော ဘုန်းပါရမီတော်ကြောင့် အောင်စည်းခုံ ဘုရားတွင် နတ် သိကြားတို့ ဆက်သည္ဆန်ပြသော ကြေးနီစာတွင်—

၁ ရူပလောကေ ဣဿရိယော၊ပစ္စေကဗုဒ္ဓ နာမကော။
မဟာရာဇိန္ဒ ပတ္တောစ၊တေ ကိမိဝ သဗ္ဗဇနံ။

၂ မဟာအမရပုရေကာ၊ ဒက္ခိဏာဒိသံ ဂစ္ဆတိ။
န ဂစ္ဆန္တော အာရောစေတိ၊သဗ္ဗ ဝေရိဇေယျ ဣစ္ဆံ။

၃ ဌာနမူလဋ္ဌိတံ ဂမိ၊ အမရပုရဥတ္တရေ။
ပဗ္ဗတေ မဏ္ဍလံ နာမ၊ယထာ ဘူတ ဒသ ဥာဏံ။

၄ တိံသ ပုရိသ လက္ခဏံ၊အရိယာ မထေရော ပတ္တော။
သဗ္ဗ ဇနံ ဓမ္မော ဗြူဟိ၊ဣတိ ကမံ မေ ဥ ကွာန။
ရာဇာ ပစ္စေကဗုဒ္ဓါနံ၊ရာမ သုရာမံ ဟာရတိ။

ဟူ၍ ၁လေးဂါထာနှင့် နှစ်ပါဒ ပါဋ္ဌ်,ပါဋ္ဌ် ပါရှိသည်။

**အနက်** ရူပလောကေ၊ ရုပ်နှစ်ဆယ့်ရှစ်ခု အပြည့်အစုံရှိသော ဤလူ့ဘုံ၌။ ဣဿရိယော၊အစိုးရတော်မူသော။ပစ္စေကဗုဒ္ဓ နာမကော၊သူတပါး တို့ထက် ထူးခြားသီးသန့်၍ သိစွမ်းနိုင်သော မြတ်သောပညာရှိ မည်ထိုက်သော မင်းတရားသည်။ မဟာရာဇိန္ဒပတ္တော၊ မြတ်သောမင်းတို့၏ အရှင်အဖြစ်သို့ ရောက်

တော်မူလတံ့။ တေ၊အရှင်မင်းတရားအား။ ကိမိဝသဗ္ဗဇနံ၊သူ့ခပ်သိမ်း အဘယ် တစုံ တခု ပြုနိုင်အံ့နည်း။

၂။ ဇော်၊အတုမရှိသော။ မဟာအမရပုရံ၊ အမရပုရပြည်ကြီးမှ။ ဒက္ခိဏာဒိသံ၊ တောင်အရပ်သို့။ဂစ္ဆတိ၊ ချီသွားတော်မူမည်ကား။ နဂစ္ဆန္တော၊မချီမသွားစေလို၍။ အာရောစေတိ၊ကြားပါ၏။ သဗ္ဗဝေရိဇေယျက္ကဋ္ဌ ၊ရန်ခပ်သိမ်းကို အောင်မြင်တော်မူလိုသော်။

၃–၄။ ဌာနမူလဋ္ဌိတံ၊ဌာနရင်း၌ တည်သော ရွှေပြည်တော်သို့။ ဂမိ၊ပြည် လည်တော်မူပါ။အမရပုရဥတ္တရေ၊အမရပုရရွှေမြို့တော်မှ မြောက်အရပ်ဖြစ်သော။ မဏ္ဍလံ နာမ၊ မဏ္ဍလေးမည်သော။ပဗ္ဗတေ၊တောင်၌။ ယထာဘူတဒဿညာဏ်၊ဟုတ်မှန်တိုင်း သိသော ဆယ်ပါးသောပါရမီညာဏ်သို့ရင်း။ တိံသပုရိသလက္ခဏံ၊ သုံးဆယ်သော ဖြည့်အပ်သော ဘုရားလောင်းတို့၏ လက္ခဏာ ပါရမီသို့ရင်း။ အရိယာမထေရော၊ ရန်သူတို့ မလှုပ်မရှားနိုင် မြဲမြံစွာ။ ပတ္တော၊ ရောက်တော်မူ၍။ သဗ္ဗဇနံ၊လူအပေါင်း အား။ဓမ္မော၊ကုသိုလ်တရားကို။ဖြူဟိ၊ဟောတော်မူလေ။ ဣတိ၊ဤသို့။ မေ၊ငါ၏။ ကမ်၊စကားအစဉ်ကို။ဥ တ္တာန၊သိတော်မူ၍။

၅။ ပဉ္စေကဗုဒ္ဓါနံ၊ သူတပါးတို့ထက် ထူးခြားမြင့်မြတ်သော ပညာ ရှိတော်မူ သော။ရာဇာ၊ အရှင်မင်းတရားသည်။ ရာမသုရာမံ၊ မွေ့လျော်ဘွယ် အာလွန်သာယာ သော ရွှေနန်းတော်သို့။ဟရတိ၊ ဆောင်ယူတော်မူပါ။

ဤကား ကြေးနီစာတွင်ပါသော လေးဂါထာ နှစ်ပါဒ ပါဠိ,အနက်ဖြစ်သည်။ ယင်းသည်အနက်ကိုလည်း ကြံဆ၍ အဓိပ္ပါယ် ရကာမျှနှင့် သမ္ဗန်ရမည် မဟုတ်၊ စာတွင် ပါဠိပါဠိ ပါရှိသည်အတိုင်း ပါဠိနှင့်အနက် အတန်အသင့်သာ သမ္ဗန်ခြင်း ဖြစ်သည်၊ ၎င်းကြေးနီစာတွင်–

မင်းကောင်းဓမ္မရာဇ်၊ပစ္စေကညာဏ်သို့၊ရောက်တော်မူသောအရှင်၊ထင်ထင် ရှားရှား၊ တရားလိုရာ၊ ပြည်တော်သာ၌၊ နေပါမချွတ်၊ သမာပတ်အမြိုက်၊ နိဗ္ဗူတိုက်ကို၊ စိုက်စိုက်ထင်ပြ၊မထေရလျှင်၊ဆောစမကြာ၊ ဟောလတံ့။

မသွားစေခြင်၊ ဂါထာဆင်၊ ပြန်ဝင်အမရ၊ ပြည်ပုရ၊
ကေတုမတီ၊ ခေါ်တွင်ညီ၊ ဌာနီမူလ၊ ပြည် အတ္တ။
သက္ကရာဇ်သဉ်ျာ၊ ထောင် တရာ၊ ဆသာ သုည၊ စွန်းကော။
ဗိဋ္ဌိမိစ္ဆာ၊ မသိပါ၊ မှန်စွာရာဇ၊ ပစ္စေက။
ခုနောက်မကြာ၊ ပေါ်အံ့သာ၊ ခေမာ ပဠ္ဌ၊ သမထေရ။
အဝိဇ္ဇာပစ္စယာ၊ စက်သံသာ၊ အာရာမေထ၊ ဘုန်းတော်ပြ။

ဟူ၍ စကားပြေလင်္ကာ ပါရှိသည်၊ မြဲမြံတည်ကြည်သည်ကို မထေရ်ရဆိုသည်၊ ကိုယ်တော်နေရင်းဌာနကို အတ္တဆိုသည်၊ အတုမရှိ မြတ်သည်ကို ပစ္စေက ဆိုသည်၊ ချမ်းသာငါးပါးကို ခေမာပဥ္စဆိုသည်၊ မွှေ့လျော်ဖွယ်ရှိသည်ကို အာရာမေထ ဆိုသည်၊ အဓိပ္ပါယ်ဖြောင့်မှာ ရွှေပြည်တော်၌ စံပါယ်တော်မူသော ပါရမီဖြည့်၍ တရားအမြိုက် တိုက်တော်မူလတံ့၊ စကြာမင်းတို့စံနေရာ ကေတုမတီပြည်ကြီးနှင့် တူသော နေတော်မူရင်း ရွှေပြည်တော်သို့ ဝင်တော်မူပါ၊ သက္ကရာဇ် ၁၁၆၁ခု ရောက်လျှင် အတုမရှိမြတ်သော ရွှေဘုန်းတော်ပေါ်မည် ဆိုလိုသည်။ ၎င်းကြေးနီစာတွင်—

အ နေဝ် မာ ဂင်္ဂါမျက်မှောက်၊

ဟူ၍ ရေးပြီးလျှင်၊ အ မှာ ၁၊ နေဝ် မှာ ၉၊ မာ မှာ ၅၊ သင်္ချာပြလျက် ပါရှိသည်၊ ၁ ပါသည်အလိုကား ကေသဒ္ဒါသည် မြတ်သည်ကို ဟောတော်မူသောကြောင့် ဘုန်းတော်ကြီးမြတ်မည် ဆိုလိုသည်။ ၉ ပါသည်အလိုကား လောကုတ္တရာတရား ကိုးပါးကို ရမည်အကြောင်း ဖြစ်သည် ဆိုလိုသည်။ ၅ ပါသည်အလိုကား စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံမည်အကြောင်းရှိသည် ဆိုလိုသည်။

၎င်းကြေးနီစာတွင်—

သက္ကရာဇ်၊ မိန့်တွေ့ဟာ၊ ရသူမဝှက်၊ မင်းကိုဆက်။
မဆက်နေလေ၊ ပါယ်လေးထွေ၊ ဆက်ပါပေကာ၊ နိဗ္ဗာန။

ဟူ၍ ပါသည်မှာ သိကြားမင်း ဆက်သည္ဆန်ပြသည်ကို ထင်ရှားသိစေလျက် ရွှေလက်တော်သို့ ရောက်စေလိုသောကြောင့် မှာထားသည့်အရာ ဖြစ်သည်၊ ၎င်းကြေးနီစာတွင် ပါသမျှ ပါဠိ ပါဠိ ဂါထာ စကားပြေလင်္ကာ ဂဏန်းသင်္ချာ အမှာအထားများကို ထောက်၍ အတုမရှိသော သာသနာပြု ပါရမီဖြည့် တိုင်းပြု ပြည်ပြု တရားမင်းမြတ် ဘုန်းပါရမီတော်ကြောင့် နတ်သိကြားတို့ ဆက်သည္ဆန်ပြသည့်အရာ စင်စစ်ဖြစ်သည် မုချကေ န်အမှန်ယူသင့်သည်၊၎င်းကြေးနီစာတွင်ပါသော ပါဠိ ပါဠိ ဂါထာ စကားပြေလင်္ကာ ဂဏန်းသင်္ချာ အမှာ အထားများကို အတုမရှိသော ပညာတော်ဖြင့် ဆွေးနွေးနှိုင်းယှဉ်တော် မူသင့်သည်။

---

ကေတုမတီသို့ လှည့်လည်လိုခြင်း

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

အောင်စည်းခံဘုရားတွင် ကြေးနီပြားနှင့် သိကြားစာဆို၍ ရသည့်စာ အထုပ္ပတ္တိကို သာသနာပြု ဆရာတော်မှာ လျှောက်

ထားလျှင် သာသနာပြုမင်းဖြစ်သည်၊ သိကြား မစသည့် သိကြားစာ ဖြစ်သည့် ပညာတော်ဖြင့် ဆင်ခြင်တွေးတောတော်မူသင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းသည်မှာ စစ်သူကြီး အတွင်းဝန် မှူးတော် မတ်တော်တို့နှင့် နှိုင်းယှဉ် တိုင်ပင်တော်မူလျှင် သိကြားစာအရ အဓိပ္ပါယ်မှာ တိုင်းရေး ပြည်ရေး ချီရေး သွားရေးကို မပါ၊ သိမြင်ကြားသူတို့ အရေးအရာကို ပေါ်လျှော့အောင် ရေးသား၍ သိကြားစာ အယောင် ပြုသ ရေးသားထားသည့်စာသာ ဖြစ်သည်၊ နေပြည်တော်သို့ ရွှေစက်တော် မဖြန့်မလည်သင့်၊ နိုင်ငံတော်အလုံး၌ ရဲမက် မိုလ်ပါ တသိန်းကျော် နှစ်သိန်းကို စည်းကြပ်၍ ရှေ့ချီ နောက်ချီ အသီးသီး ခန့်ထားရှိသည်အတိုင်း မြဲမြံအောင်ကို ထပ်၍ စည်းကြပ်ရမည်၊ ကေတုမတီရောက် ရွှေစက်တော်မြတ် ဖြန့်တော်မူ၍ တိုင်းရေး ပြည်ရေး သာသနာတော်ရေး စစ်ရေး စစ်မှုကို မြော်ထောက်ဆင်ခြင် လုပ်ကြံတော်မူသင့်သည်၊ မှူးတော် မတ်တော်တစု ညီညွတ်သည်အတိုင်း သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် တပို့တွဲလဆန်း(၁၄)ရက်နေ့ အောင်စည်းခံ ကွန်းထောက်နန်းတော်က ကေတုမတီရောက် ရွှေစက်တော်မြတ် ဖြန့်တော်မူမည် ဆရာတော်မှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၀ ပြည့်နှစ် ပြာသိုလဆန်း (၅) ရက်နေ့ အောင်စည်းခံ ကွန်းထောက်နန်းတော်က အဆောင်တော်မြဲ ရွှေတောင်သိင်္ဂုကို စေ၍ ဝန်ကြီး အတွင်းဝန်တို့က လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

အောင်စည်းခံဘုရားတွင် ကြေးနီပြားနှင့် ရသည့်စာ အနက်,အဓိပ္ပါယ် သဘောသကန်ကို ဆင်ခြင်သော် သာသနာပြု တိုင်းပြု ပြည်ပြု ပါရမီဖြည့် အလောင်းအလျာ သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်အား နတ်သိကြားတို့ ဆက်သ ညွှန်ပြထိုက်သော အကြောင်းအရာ ပါသည်ဖြစ်၍ သိကြားမင်း စာပင် စင်စစ် မုချ ယူသင့်ကြောင်းကို မေတ္တာစာ ဆက်သွင်းသည်၊ ၎င်းစာတွင် တိုင်းရေး ပြည်ရေး

ချီရေး သွားရေး မပါ ဆိုသည်မှာ မြတ်သောမင်းတို့၏ အရှင်အဖြစ်သို့ ရောက်တော်မူမည်၊ နေပြည်တော်၌ စံတော်မူလျက်သာ ရန်မာန်ခပ်သိမ်းကို အောင်မြင်တော်မူမည်၊ သက္ကရာဇ် ၁၁၆၁—ခု ရောက်လျှင် အတိုင်းထက်အလွန် အတုမရှိ ရွှေဘုန်းတော်ပေါ်ထွန်းမည် ပါရှိသည့်အရာများသည် တိုင်းရေး ပြည်ရေး ချီရေး သွားရေးပင်ဖြစ်သည် ယူရန်ရှိသည်၊ ၎င်းပါရှိသည့်အရာမျိုးကို စစ်သူကြီး ဝန်ကြီး အတွင်းဝန် မှူးတော် မတ်တော်တို့နှင့် နှိုင်းယှဉ်တိုင်ပင်တော်မူစေလို၍ စာတွင်ပါသော ပါဠိပါဠိဂါထာ စကားပြေလက်ာ ဂဏန်းသင်္ချာ အမှာအထား အရများကို ဆွေးနွေး နှိုင်းယှဉ်တော်မူသင့်ကြောင်းနှင့် မေတ္တာစာ ဆက်သွင်းသည်၊ အထိုက်အလျောက် ဒဏ်ထားခြင်းဟူသော ပဘာဝသတ္တိ၊ အမှုခပ်သိမ်း၌ လုံ့လပြုခြင်းဟူသော ဥဿာဟသတ္တိ၊ ဆွေးနွေး တိုင်ပင်ခြင်းဟူသော မန္တသတ္တိဟူ၍ သတ္တိသုံးပါး၊ မန္တန် မန္တရားရွတ်ခြင်းဟူသော ဇပ္ပန၊ တံစိုးပေးခြင်းဟူသော အနုပ္ပဒါန၊ ထုံးစံ စဉ်ဆက်ဟူသော ပဝေဏီ၊ အသာအယာ ပြောဆိုခြင်းဟူသော သုဘာသိတ၊ ဆွေးနွေး တိုင်ပင်ခြင်းဟူသော မန္တန ဟူ၍ ရန်အောင်ကြောင်းငါးပါး စသည်များကို ဇာတ် နိပါတ်ကျမ်းဂန် ထုံးစံရှိသည်နှင့်အညီ တကာ စစ်သူကြီး ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော်တို့လည်း အရှင်မင်းကြေရာဇ် ဘုန်းပညာတော်ကို အမှီပြု၍ ဆွေးနွေး တိုင်ပင်ခြင်း မန္တသတ္တိ ရှိစေသင့်သည်၊ တိုင်းရေး ပြည်ရေး သာသနာရေးစသော အကြောင်းဟူသမျှ၌ တညီတညွတ်ဖြစ်တတ်သောကြောင့် မာဂဓဘာသာအားဖြင့် အမစ္စ၊ မြန်မာဘာသာအားဖြင့် အမတ် ဟူ၍ ခေါ်ဝေါ်မြဲအစဉ် ကျမ်းဂန်ထုံးစံရှိသည်။

---

## ဆည်ကျိုးကို ပေါင်ခတ်ရာ သိကြား သိ မသိ

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

အစဉ်လုပ်ဆောင်မြဲ သဲဆည် မိုးရေကြောင့် ပျက်သည်ကို ကန်နား ပေါင်ခတ်ပြီးလျှင် ကျောက်အပြည့်ထည့်၍ မြဲမြဲခိုင်လုံစွာ ဆည်ဘိသကဲ့သို့ ဆည်တော်မူသည်ကို သိကြား မသိ အယူတော်ရှိသည်၊ ဆရာတော်အယူ မည်သို့ယူသည်၊ သိသာအောင် သာသနာပြု ဆရာတော်မှာ အတွင်းဝန်တို့က စေ၍ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း အဆောင်တော်မြဲ လက်ဝဲရွှေတောင် ငပွင့် တို့ကို

လျှောက်လှာပါစေသည်၊ ဆရာတော်ဘုရားအယူ မည်သို့ယူသည်ကို သိတော်မူသာအောင် စာသွင်းတော်မူပါမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၀–ပြည့် ပြာသိုလဆန်း(၆)ရက်နေ့ အောင်စည်းခုံ ကွန်းထောက်နန်းတော်က လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ဘုန်းတော်ကြီးသော တရားမင်းမြတ်သည် သမ္မာသမ္ဗောဓိဆုဌ် မြဲမြံစွာ ညွှတ်သောနှလုံး ရှိတော်မူလျက် တိုင်းသူ ပြည်သူ ရှင် လူအပေါင်းကို ရင်ဝယ်သားကဲ့သို့ သနားငဲ့ကွက်တော်မူ၍ တိုင်းသူ ပြည်သူ ရှင်,လူအပေါင်းတို့ စီးပွားချမ်းသာအကျိုးငှါ မင်း သာမညတို့ ခံဆောင်ဝံ့ခဲသော ဖာစဉ် ကျမ်းဂန်ထုံးစံစကားနှင့်အညီ ခရုသင်းသုံးလုံးဖြင့် ဦးထိပ်၌ စိုက်၍ သွန်းသော မုဒ္ဒါဘိသေကကို သာသနာပြု တိုင်းပြုပြည်ပြု ဒေဝါနံပိယတိဿမင်းကဲ့သို့ နှစ်ကြိမ်တိုင်အောင် ခံဆောင်တော်မူ၍ ကာလအရှည် အပြုအပြင် ကင်းသဖြင့် ယိုယွင်းလေသော တိုင်းပြည်ကို မယိုမယွင်းရအောင် အစဉ် လုပ်ဆောင်မြဲ သဲဆည်သည် မိုးရေကြောင့် ပျက်သည်ကို ကန်နားပေါင်ခတ်ပြီးလျှင် ကျောက်အပြည့် တည့်၍ မြဲမြံခိုင်လုံစွာ ဆည်ဘိသကဲ့သို့ သူမတူနိုင်သော ဥဿာဟဝီရိယဖြင့် မြဲမြံခိုင်လုံစွာ ဆည်ထားတော်မူသည်ကို သိကြားမသိ အယူတော်ရှိသည်မှာ သို့စဉ် ဥဿာဟဝီရိယဖြင့် ရေမြေသော်နှင်း မင်း၏ စည်းစိမ်ကိုမျှ မခံစား၊ မမေ့မလျော့ တိုင်းသူ ပြည်သူ ရှင်,လူတို့ စီးပွားချမ်းသာကို ဆောင်ရွက်တော်မူသည်ကို သိကြားမသိ မရှိလေရာ ဆရာတော်အယူရှိသည်၊ သတ္တဝါတို့ စီးပွားချမ်းသာကို ရွက်ဆောင်သော ပါရမီဖြည့် အလောင်းအလျာတို့ အမှုအရာကို ဒါန, သီလ,ဝီရိယဟူသော အကြောင်းကြောင့် နတ် သိကြားတို့ သိမြဲဖြစ်ကြောင်းနှင့် ကျမ်းဂန်ထုံးစံရှိသည်ကို ထောက်ထား၍ သိကြားမသိ မရှိလေရာ အမှန်ယူထိုက်သည်၊ဝေဿန္တရာမင်း၏ အမှုအရာကို ဒါနဟူသောအကြောင်းကြောင့် သိကြားမင်းသိသည်၊နေမိမင်း၏ အမှုအရာကို ဒါန,သီလဟူသောအကြောင်းကြောင့် သိကြာမင်းသိသည်၊ ကလန္ဒက ဖြစ်သော ဘုရားလောင်း၏ အမှုအရာကို ဝီရိယ ဟူသော အကြောင်းကြောင့် သိကြားမင်း သိသည်။

လွန်လေပြီးသောအခါ မြတ်စွာဘုရား အလောင်းတော်သည် သမုဒ္ဒြာတွင် ကလန္ဒကမည်သော ရှဉ့်နက်သတ္တဝါမျိုး၌ ဖြစ်တော်မူသည်၊ သမုဒ္ဒြာရေတက်၍ သမုဒ္ဒြာ၌ သားငယ်ကျလေသည်တွင် သမုဒ္ဒြာရေကို ခန်းအောင်ပွဲ၍ သားငယ်ကို ယူမည် အလွန်ဥဿာဟဝီရိယဖြင့် အမြီးနှင့် ရေကို ခပ်ပက်သည်၊ ဘုရားအလောင်း၏ ဥဿာဟဝီရိယ ဟူသော အကြောင်းကြောင့်

သိကြားမင်းသိ၍ လာပြီးလျှင် သမုဒ္ဒရာရေ မခန်းမကုန်နိုင်ကြောင်းကို ပြော ဆိုသည်ကို ပျင်းရိသောစကားကို ဆိုလာသသူ ဖြစ်သည်၊ အနီးအပါးတွင် မပြောမဆိုလာနှင့် ပယ်လေသော် အလွန်ဉဿာဟဝီရိယရှိသော အလောင်း အလျာ ဖြစ်သည်ဟူ၍ သမုဒ္ဒရာ၌ ကျလေသော သားငယ်ကို သိကြားမင်း ဆယ်ယူပေးရဘူးသည်၊ သုတ်မဟာဝါစသော ကျမ်းဂန်တွင် ဆိုသည်။

ယင်းသို့ ပါရမီဖြည့် အလောင်းအလျာတို့ အမူအရာကို ဒါန, သီလ, ဝီရိယ ဟူ သော အကြောင်းကြောင့် နတ်သိကြားတို့ သိမြဲဖြစ်သည်ကို ကျမ်းဂန်ထုံးစံ ရှိသည် နှင့်အညီ တိုင်းသူ ပြည်သူ ရှင်,လူတို့ စီးပွားချမ်းသာအကျိုးငှါ တိုင်းပြည် မြဲမြံခိုင် လုံစွာ သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဆည်ထားတော်မူသည်ကို သိကြားမသိ မရှိလေရာ အမှန်စင်စစ် ယူထိုက်သည်။ ဒါန, သီလ, ဝီရိယဟူသော အကြောင်းကြောင့် သိသည်ကိုလည်း မကြည့်ရှု မစောင်မ နေသာမည် မဟုတ်၊ မချွတ် ကြည့်ရှုစောင်မမည် ဖြစ်သည်၊နတ်သိကြားတို့ ကြည့်ရှုစောင်မသည်ကိုလည်း ကိုယ်တိုင် အထင်အရှား ပြ၍ သိရသည်သာမဟုတ်၊ အမူအရာ ပြီးပြေသည်ကိုလည်း ထောက်၍ သိရသည်၊ ဝက်ဘာတောင်သို့ ဝေဿန္တရာမင်း ထွက်မည်ကာလ အမတ် တယောက်အား ဝက်ဘာလမ်း မေးသည်ကို အမတ်၏ ကိုယ်တွင်း၌ နတ်တို့ ဝင်၍ ဝက်ဘာလမ်းကို ပြောဆိုသည်၊ ဒုဋ္ဌဂါမဏိအဘယမင်း မဟာစေတီ တည်မည်ကာလ ပိသုကာတို့အား စေတီပုံ ပမာဏကို မေးသည်တွင် မထင်မရှားသော အသွင်ဖြင့် ဝိသုကြုံနတ်သား လာ၍ ရွှေဖလား၌ ရေတွင် ရေပွက် ထစေလျက် စေတီပုံပမာဏကို ပြသည်၊ တက္ကသိုလ်ဆရာထံ ဇီဝက ဆေးအတတ်ကို သင်သည်ကာလ တက္ကသိုလ် ဆရာကိုယ်တွင်း၌ သိကြားဝင်၍ သင်လှာသည် ကျမ်းဂန်ထုံးစံရှိသည်၊ ဘုန်းတော် ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်လည်း မင်းတို့ ပြည့်စုံရာ သော ဒါန,သီလနှင့်တကွ တိုင်းသူ ပြည်သူ ရှင်,လူအပေါင်းတို့ စီးပွားချမ်းသာကို ရွက်ဆောင်ခြင်း၌ သူမတူနိုင်အောင် ဉဿာဟဝီရိယ ရှိတော်မူသည်၊မချွတ် သိကြား သိ၍ စောင်မကြည့်ရှုသည် အယူရှိသင့်သည်။

မေတ္တာစာ

၁၁၆၀ ပြည့်နှစ် ကဆုန်လဆန်း (၃)ရက်နေ့ တောင်ငူမြို့ အနောက်မြောက် သုံးတိုင်ကွာ ရေကြည်ကွန်းထောက် စံနန်းတော်သို့ မဟာဒါန်ဝန် ဝန်စာရေး ငရွှေကို စေ၍ သွင်းသည့်စကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

သဗ္ဗညုဘုရား အလောင်းတော်သည် ကဿပဘုရားသခင် သာသနာတော်တွင်း၌ ဇောတိပါလပုဏ္ဏား လုလင်ဖြစ်၍ တကြိမ်၊ တောင်သူယောကျ်ားဖြစ်၍ တကြိမ်၊ သိကြားမင်းဖြစ်၍ တကြိမ် သုံးကြိမ်တိုင်အောင် မရက်မစက် မြတ်နိုးတနာ သာသနာတော်မြတ်ကို ချီးမြှင့်ပြုစု၍ ပါရမီဖြည့်ကြောင်းများကို ကျမ်းဂန် ထင်ရှားရှိသည်နှင့်အညီ ဘုန်းတော်ကြီးသော တရားမင်းမြတ်လည်း သဗ္ဗညုတညာဏ်၌ အမြဲညွတ်သောနှလုံး ရှိတော်မူလျက် မရက်မစက် မြတ်နိုးတနာ သာသနာတော်မြတ်ကို ချီးမြှင့်ပြုစု၍ ပါရမီ ဖြည့်တော်မူသည်။

ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော။
သော ဝေါ မမစ္စယေန သတ္ထာ။

ဟူသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့်အညီ သဗ္ဗညုဘုရားကိုယ်စားတော်ဖြစ်သော ဓမ္မက္ခန္ဓာ ပရိယတ္တိဓမ္မ သာသနာတော်မြတ်၏ အကြောင်းမူလဖြစ်သည်ကို ဆတ်ဆတ်သိမြင်တော်မူ၍ အမရပုရ မဟာရာဇဓာနီ ရွှေပြည်တော်ကြီး ရတနာပုံ ပိဋကတ်တိုက်တော်ကဲ့သို့ များစွာသော မြို့၊ ကျေးရွာတို့၌ ပိဋကတ်တိုက် တည်ထားတော်မူ၍ အစုံများစွာ ဓမ္မက္ခန္ဓာ ပရိယတ္တိဓမ္မ ပြုစုကိုးကွယ်တော်မူသည်၊ ပရိနိဗ္ဗာန်ပြုတော်မူသည်မှ သာသနာတော် ၂၀၀၀ ကျော်၍ ကာလရှည်လျားသဖြင့် မထင်မရှား ကွယ်ပလေသော် ဒွေမာတိကာဆောင်ခြင်း, ဥဘတောဝိဘင်းဆောင်ခြင်း, နိဿယမုစ္စကအင်္ဂါ, နိဿယာစရိယအင်္ဂါ စသည်များကို မကွယ်မပ အထင်အရှားဖြစ်အောင် နှိုးဆော်ပြသတော်မူသည်၊ ဤအရာများသည် သမ္မာသမ္ဗောဓိဆုတိုင်အောင် အကျိုးအထူးကို ဆောင်နိုင်သော အမြဲ နှလုံးတော်သွင်း၍ အောက်မေ့ဆင်ခြင်ခြင်းငှါထိုက်သော အာစိဏ္ဏကံကုသိုလ် ပါရမီတော်အထူး ဖြစ်သည်၊ သာသနာတော်ရေးကို အကြောင်းပြု၍ တိုင်းပြည် လှည့်လည်တော်မူသည် နောက် ၁၁၆၀ ပြည့် တန်းခူးလပြည့်ကျော်(၁၄)ရက်နေ့တိုင် ရွှေမြို့တော်ကြီး ရတနာပုံတိုက်တော်တွင် မင်ရေး ပိဋကတ်ကျမ်းပေါင်း ၁၃၊ အင်္ဂါပေါင်း ၁၀၃ အင်္ဂါ ၁၀—ချပ်၊ ကညစ်ရေး ပိဋကတ်ကျမ်းပေါင်း ၁၁၁၊ အင်္ဂါပေါင်း ၁၄၆ အင်္ဂါ ၈—ချပ်၊ ဥယျာဉ်တော် ပေ ကညစ်ရေး ကျမ်းပေါင်း ၁၁၉၊ အင်္ဂါပေါင်း ၈၀၉ အင်္ဂါ ၁—ချပ်၊ သုံးစုကျမ်းပေါင်း ၂၄၃၊ အင်္ဂါပေါင်း ၂၄၇၉ အင်္ဂါ ၇—ချပ်၊ ရတနာသိမ်မြို့ ပိဋကတ်တော် ကညစ်ရေး ကျမ်းပေါင်း ၈၅၊ အင်္ဂါပေါင်း ၈၅၉ အင်္ဂါ ၁၁—ချပ်၊ ရတနာသိမ်မြို့ ပိဋကတ်တော် အထက်ရေးပြီး ကျမ်းပေါင်း ၁၅၇၊ အင်္ဂါပေါင်း ၁၅၉ အင်္ဂါ၊ နှစ်စု ရတနာသိမ်မြို့ ပိဋကတ်တော် ကျမ်းပေါင်း ၁၄၂၊

အင်္ဂါပေါင်း ၅၃၅၀ အင်္ဂါ ၁၁ ချပ်များကို ဆရာတော် သံဃာတော်တို့ သေချာလှအောင် အကြိမ်များစွာ တည်းဖြတ်၍ မျဉ်း သစ္စေးအနီ ခြယ်လှယ်ပြီး ပြေပြစ်သည် တရားကျမ်းဂန်နှင့်အညီ နှီးဆော် ပြသတော်မူတိုင်း တရားကို အလေ့ပြု၍ ကျောင်းတော်ကြီး ရှင်အာသဘ,ရှင်ဂုဏသီရိ၊အောင်မြေဘုံကျော် ရှင်သုမန,ရှင်ကေစာရ၊မလည်တိုက် ရှင်ကဝိန္ဒ၊တောင် ရွှေရေးဆောင်ကျောင်း ရှင်ဇိနာလင်္ကာရ၊ သူရဲဝန်ကျောင်း ရှင်ဂုဏာရမ္ဘ သံဃာတော် ခုနစ်ပါး သုဓမ္မာစရပ်တော်တွင် ဥဘတောဝိဘင်းကျမ်းကို ကုကိုလ်တော်ပွား လေ့လာပြန်ဆိုသည်၊ ကိုးကွယ် ပြုစုတော်မူသည်၊ ပိဋကတ်တော် နှီးဆော်ပြသတော်မူတိုင်း ဥဘတောဝိဘင်းကျမ်း ဆောင်ရွက်သည့် သံဃာတော် သာသနာရေး အကြောင်းအရာများကို ကြားသိတော်မူ၍ သမ္မာသမ္ဗောဓိဆုတိုင်အောင် အကျိုးအထူး ရည်မှတ်တော်မူလျက် အာစိဏ္ဏကံကုသိုလ် ပါရမီတော် ဖြစ်ပွားမည်အကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

မေတ္တာစာကို ကြားနာတော်မူပြီးလျှင် အာစိဏ္ဏကံကုသိုလ် ဖြစ်စိမ့်သောငှါ ရွှေစက္ကူထက် မင်အက္ခရာတင်၍ ကိုယ်တော်အနီး ထားတော်မူသည်။

---

## မေတ္တာစာ

**ဇေယျဝဍ္ဎနတိုင်း ကေတုမတီ တောင်ငူပြည်ကြီးရောက်အောင် တိုင်းပြည်လှည့်လည်တော်မူသည်တွင် ၁၁၆၁–ခု ပြာသိုလဆန်း(၈)ရက်နေ့ ဆက်သွင်းသည့် မေတ္တာစာကား—**

ဘုန်းတော်ကြီးသော တရားမင်းမြတ်သည် ဗြဟ္မဒတ္တ, ဓမ္မသောဏ္ဍ, မဟာသုတသောမ,သီရိဓမ္မာသောက အစရှိသော ရှေးရှေးသော မင်းကောင်း မင်းတရားတို့ ကျင့်ဆောင်မြဲ ရာဇဓမ္မ သဘော ထုံးစံရှိသည်နှင့်အညီ သာသနာရေး တိုင်းရေးပြည်ရေးများကို အကြောင်းပြု၍ တိုင်းပြည် လှည့်လည်တော်မူသည်။

၁ အကျိုးဟုတ်သည် မဟုတ်သည်ကို သိနိုင်သော အတ္ထပညာ၊
၂ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိနိုင်သော ဓမ္မပညာ၊
၃ အခါဟုတ်သည် မဟုတ်သည်ကို သိနိုင်သော ကာလပညာ၊
၄ အတိုင်းအရှည် တန်သည် မတန်သည်ကို သိနိုင်သော မတ္တပညာ၊
၅ ပရိသတ်၏ လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိနိုင်သော ပရိသပညာ။

ဟူ၍ အင်္ဂုတ္တရ ပဉ္စနိပါတ်၌ ဟောကြားတော်မူသော ပညာငါးပါးဖြင့် စကြာမင်းသည် တိုင်းပြည်ကို ဆုံးမစီရင်သကဲ့သို့ တိုင်းပြည်ကို ဆုံးမစီရင်တော်မူသည့်အရာများသည် အလျှောင်းအလျာ မင်းကောင်းမင်းတရားတို့ ကျင့်ဆောင်မြဲ သဘောထုံးစံ ရာဇဓမ္မကို ကျင့်ဆောင်တော်မူသည် မည်သည်။

စဇေ ဓနံ အင်္ဂဝရဿ ဟေတု၊အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂံဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊စဇေ နရော ဓမ္မမနုဿရန္တော။

**အနက်** နရော၊သူတော်ကောင်းသည်။အင်္ဂဝရဿ၊ မြတ်သောကိုယ်အင်္ဂါ၏။ ဟေတု၊အကြောင်းကြောင့်။ဓနံ၊ဥစ္စာကို။ စဇေ၊စွန့်ရာ၏။ ဇီဝိတံ၊ အသက်ကို။ရက္ခမာနော၊ စောင့်လိုသောကြောင့်။ အင်္ဂံ၊ မြတ်သော ကိုယ်အင်္ဂါကို။ စဇေ၊စွန့်ရာ၏။ဓမ္မံ၊ ကျင့်ဆောင်မြဲ ထုံးစံသဘောကို။ အနုဿရန္တော၊ အစဉ်မပြတ်အောက်မေ့ ကျင့်ဆောင်လိုသောကြောင့်။ အင်္ဂဉ္စ၊ မြတ်သော ကိုယ်အင်္ဂါကိုလည်းကောင်း။ဓနဉ္စ၊ဥစ္စာကိုလည်းကောင်း။ ဇီဝိတဉ္စာပိ၊ အသက်ကိုလည်းကောင်း။သဗ္ဗံ၊ အလုံးစုံကို။ စဇေ၊ စွန့်ရာ၏။ ဓမ္မံ၊ ကျင့်ဆောင်မြဲ ထုံးစံသဘောကို။ နဝီတိက္ကမေ၊ မလွန်စေရာ။

ဟူ၍ မဟာသုတသောမဇာတ်၌ လာသည်နှင့်အညီ မြတ်သော ကိုယ်အင်္ဂါ ဥစ္စာ အသက်ကိုမှ ငဲ့ကွက်တော်မမူပဲ မင်းကောင်းမင်းတရားတို့ ကျင့်ဆောင်မြဲ သဘောထုံးစံ ရာဇဓမ္မကို မစွန့် မလွန် ကျင့်ဆောင်တော်မူသည့် အရာသည်လည်း ကမ္ဘာမြင့်ရှည် အံ့ဩဖွယ် ဖြစ်မည်။

သရီရဿ ဂုဏာနဉ္စ၊ ဒူရမစ္စန္တမန္တရံ။
သရီရံ ခဏဝိဒ္ဓံသိ၊ ကပ္ပန္တ ဌာယိနော ဂုဏာ။

**အနက်** သရီရဿစ၊ ကိုယ်၏လည်းကောင်း။ ဂုဏာနဉ္စ၊ ဂုဏ်ကျေးဇူးတို့၏လည်းကောင်း။ အန္တရံ၊ အထူးသည်။အစ္စန္တံ၊စင်စစ်။ ဒူရံ၊ဝေး၏။ သရီရံ၊ကိုယ်သည်ကား။ ခဏဝိဒ္ဓံသိ၊ တခဏမျှ ပျက်စီးတတ်၏။ ဂုဏာ၊ဂုဏ်ကျေးဇူးတို့သည်ကား ။ကပ္ပန္တဌာယိနော၊ကမ္ဘာဆုံးသည်တိုင်အောင် တည်တတ်ကုန်၏။

ဟူ၍ ခန္ဓာကား တသက်လျှာသာ ဂုဏ်ကျေးဇူးသာ ကမ္ဘာကြေလည်း ဥဒါန်းမကျေ ဖြစ်ကြောင်းကို မဟာဝံသ,သုဗောဓာလင်္ကာရကျမ်းများ၌ ဆိုသည်။

ယင်းသို့ မင်းကောင်းမင်းတရားတို့ ကျင့်ဆောင်မြဲ သဘောထုံးစံ ရာဇဓမ္မကို မစွန့် မလွန် အံ့ဖွယ်သရဲ ကျင့်ဆောင်တော်မူသည်မှာ တိုင်းရေး ပြည်ရေးကြောင့် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း တိုင်းပြည် လှည့်လည်ပြီးလျှင် မကြာမမြင့် ဗာရာဏသီပြည်သို့ ပြန်၍ တိုင်းပြည်ကို ဆုံးမစီရင်ကြောင်း၊ သာသနာရေးကြောင့် ဓမ္မသောဏ္ဍမင်း တိုင်းပြည် လှည့်လည်ပြီးလျှင် မကြာမမြင့် ဗာရာဏသီပြည်သို့ ပြန်၍ သာသနာရေးကို ပြုစုဆောင်ရွက်ကြောင်း၊တိုင်းရေး ပြည်ရေးကြောင့် မဟာသုတသောမမင်း တိုင်းပြည် လှည့်လည်ပြီးလျှင် မကြာမမြင့် ဣန္ဒပတ္တနဂိုရ်ပြည်သို့ ပြန်၍ တိုင်းပြည်ကို ဆုံးမစီရင်ကြောင်း၊တိုင်းရေး ပြည်ရေး သာသနာရေးကြောင့် သီရိဓမ္မာသောက မင်း တိုင်းပြည်လှည့်လည်ပြီးလျှင် မကြာမမြင့် ပါဋလိပုတ်ပြည်သို့ ပြန်၍ တိုင်းရေး ပြည်ရေး သာသနာရေးကို ဆုံးမစီရင် ပြုစုဆောင်ရွက်ကြောင်းများကို ရာဇောဝါဒ ဇာတ်စသော ကျမ်းဂန်များတွင် ထုံးစံ အထင်အရှားရှိသည်။ အခါလေးမြင့် တိုင်းပြည် လှည့်လည်၍ မကြာမမြင့် နေပြည်တော်သို့ မပြန်မလည်ကြောင်းကို ကျမ်းဂန် ထုံးစံမရှိ၊ နတ်များသေဌ်နင်း သိကြားမင်းသည် ပညာမျက်စိ အမြင်တထောင် ဆောင်ဘိသကဲ့သို့၊ လူများသေဌ်နင်း မင်းတရားတို့လည်း ပညာမျက်စိ အမြင် တထောင် ဆောင်လျက် တိုင်းရေး ပြည်ရေး သာသနာရေးများကို ပြည်တဲလေး မျက်နှာ အခါမပြတ် ဆုံးမစီရင် ပြုစုဆောင်ရွက်အပ်ကြောင်း တိုင်းပြည် တရပ် တစိတ်မျှတွင်သာ အခါလေးမြင့် စံပယ်နေထိုင်သင့်သော သဘောယုတ္တိလည်းမရှိ။

ဒိဋ္ဌေ စဓမ္မေ စ ယော အတ္ထော၊ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ပဏ္ဍိတောတိ ပဝုစ္စတိ။

**အနက်** ဒိဋ္ဌေဓမ္မေ၊ပစ္စုပ္ပန်မျက်မှောက်၌။ ယောအတ္ထောစ၊ အကြင်အကျိုး သည်လည်း။ အတ္ထိ၊ ရှိ၏။ သမ္ပရာယိကော၊ တမလွန်၌ ခံစားအပ်သော။ယောအတ္ထောစ၊အကြင်အကျိုးသည်လည်း။ အတ္ထိ၊ရှိ၏။ အတ္ထာဘိသမယာ၊ ထိုအကျိုးနှစ်ပါးကို ရခြင်းကြောင့်။ ဓီရော၊ ပညာရှိသသူကို။ ပဏ္ဍိတောတိ၊ပညာရှိ ဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။

ဤသို့ ဣတိဝုတ္တက စသောကျမ်းဂန်များ၌ ဟောကြားတော်မူသည်နှင့်အညီ မျက်မှောက်ပစ္စုပ္ပန်၌ ခံစားအပ်သော ဒိဋ္ဌဓမ္မိကအကျိုး, တမလွန်၌ ခံစားအပ်သော သမ္ပရာယိကအကျိုး နှစ်ပါးကို ပညာအမြော်အမြင်နှင့် ပြည့်စုံသော မင်းကောင်း မင်းတရားတို့ ထပ်တူထပ်မျှ ဆောင်ရွက်မြဲ ဖြစ်သည်၊ အခါလေးမြင့် တိုင်းပြည်လှည့် လည်သော်ကား အကျိုးနှစ်ပါးတွင် တပါးကို ဆောင်ရွက်သော်လည်း တပါးကို မဆောင်ရွက်ဖြစ် ရှိ၍ အကျိုးနှစ်ပါးတွင် တပါးကိုဆောင်ရွက်သော်လည်း တပါး

ကိုမဆောင်ရွက်ဖြစ်ရှိ၍ အကျိုးနှစ်ပါး ထပ်တူထပ်မျှ မဖြစ်ရ၊ တိုင်းပြည် လေး မျက်နှာတို့ အချက်အချာ နေပြည်တော်တွင် စံပယ်တော်မူသော်သာ အကျိုး နှစ်ပါး ထပ်တူထပ်မျှ ဖြစ်ရာသည်။

အဘိတ္ထရေထ ကလျာဏေ၊ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရတော ပုညံ၊ပါပသ္မိံ ရမတီ မနော။

**အနက်** ဟိယသ္မာ၊အကြင်ကြောင့်။ပုညံ၊ကောင်းမှုကို။ ကရတော၊ ပြုသော သူအား။ဒန္ဓံ၊ နှန့်နှဲ့ နှေးဆေး၏။ ပါပသ္မိံ၊ မကောင်းမှု၌။ မနော၊ စိတ်နှလုံးသည်။ရမတိ၊မွေလျော်၏။တသ္မာ၊ထိုကြောင့်။ ပါပါ၊မကောင်းမှုမှ။ စိတ္တံ၊ စိတ်နှလုံးကို။ နိဝါရယေ၊တားမြစ်ရာ၏။ ကလျာဏေ၊ကောင်းမှု၌။ အဘိတ္ထရေထ၊ အဆောတလျင် ရှောင်တခင် ဖြစ်စေရာ၏။

ဟူ၍ ကုသိုလ်ကောင်းမှု မည်သည်ကို အဆောတလျင် ရှောင်တခင် ပြုရာသည်ကို ဓမ္မပဒကျမ်း၌ ဟောကြားတော်မူသည်နှင့်အညီ မင်းအိုချမ်းသာ, အောင်စည်းခံ စသော စေတီတော်များကို ရေစက်သွန်းချတော်မူမည့်အရာ အသဒိသစေတီ ဖြစ်သော မင်းကွန်းကောင်းမှုတော်ကြီး တည်ထားတော်မူသည့်အရာကိုလည်း အခါ မမြင့် ပြီးစီး ပြည့်စုံစေရာသည်၊ ယင်းသို့ အခါလေးမြင့် တိုင်းပြည် လှည့်လည်သင့် ကြောင်းကို ကျမ်းဂန်ထုံးစံ သဘောယုတ္တိ အကြောင်းနှစ်ပါးမရှိ အကျိုးနှစ်ပါး ထပ်တူထပ်မျှ မဖြစ်ရာ၊ ကုသိုလ်ကောင်းမှုကို အဆောတလျင် ရှောင်တခင် ပြုရာ သည်များကို အလွန်နက်နဲ သိမ်မွေ့စွာသော ပညာတော်ဖြင့် ရှုမြော်တော်မူလေ့ ရှိသည်အတိုင်း ရေမြေသေဌ်နင်း မင်းတို့ မမေ့အပ်သော အရပ်သုံးပါးတွင် နှစ်ကြိမ် တိုင်အောင် ဦးထိပ်၌ စိုက်၍ ဘိသိက်ခံတော်မူရာ တိုင်းကြီး ပြည်ကြီးတို့ အချက် အချာ အမရပုရ မဟာရာဇဓာနီ နေပြည်တော်၌ စံပယ်တော်မူအံ့သော အခါသမယ သင့်မြတ်မည်။

## လေးအတတ်

ရေမြေသေဌ်နင်း မင်းတို့ လေ့ကျက်ရာသော အနဝဇ္ဇသိပ္ပ ဖြစ်သော လေးအတတ်ကို သင်မှတ် လေ့ကျက်တော်မူသည်၊ လေးအကြောင်းအရာများကို ကျမ်းဂန် မည်သို့ရှိသည် အမေး တော်ရှိ၍—

**၁၁၆၁—ခု တန်းဆောင်းလပြည့်ကျော် (၁၃)ရက်နေ့ စစ်ကိုင်းမင်း အတွင်းဝန် စည်သူရာဇာတွင် သွင်းသည့် မေတ္တာစာကား—**

လောကသုံးပါးကို အကြွင်းမရှိ သိတော်မူ၍ လောကဝိဒူ ဖြစ်တော်မူသော သဗ္ဗညုဘုရား ဟောကြားတော်မူသော ရေမြေသေဋ္ဌနင်း မင်းတို့ လေ့ကျက်မြဲ တတ်မြဲ အနုဝဇ္ဇသိပ္ပ အရေအတွက်ဝင်သော ဓနုသိပ္ပ လေးအတတ် အကြောင်းအရာ အစဉ်ထုံးစံကို ပါဠိတော်,အဋ္ဌကထာ, ဋီကာ သာသနာတော်ကျမ်းဂန် လာရှိသည် အတိုင်း သိတော်မူသာအောင် ပါဠိ အနက် အဓိပ္ပါယ်စုံ ကျမ်းညွှန်း အင်္ဂါညွှန်းနှင့် ထုတ်နုတ် ဆက်သွင်းသည်။

**လေးအပြားကား** စာပမည်သော လေး, ကောဒဏ္ဍမည်သော လေး ဟူ၍ နှစ်ပါး တည်း၊ အလယ်၌ ကိုင်းသော ထမ်းပိုးသဏ္ဍာန်ရှိသော လေး သည် စာပမည်၏၊ လင်းလေးတည်း။ လုံးလျောင်းသော လေးကိုင်းရှိသော လေး သည် ကောဒဏ္ဍမည်၏၊ တူးလေးတည်း။

အာဝုဓံနာမ စာပေါ ကောဒဏ္ဍော။

ပါစိတ်ပါဠိတော်၊ ၈ ကြောင်း၊ ၃ိအင်္ဂါ။

စာပေါတိ မဇ္ဈေ ဝင်္ကကာဇ ဒဏ္ဍသဒိသာ ဓနုဝိကတိ၊ ကော့ဒဏ္ဍောတိ ဝဋ္ဋုလဒဏ္ဍာ ဓနုဝိကတိ။

တေရသကဏ္ဍဋီကာ၊ကိုးကြောင်း၊၈အင်္ဂါ၊ ၎င်းနည်းလာသော ဝိမတိဝိနောဒနီ ဋီကာ၊ ကိုးကြောင်း၊ဒ အင်္ဂါ။

**အနက်**—အာဝုဓံနာမ၊ လေးလက်နက်မည်သည်ကား။ စာပေါ၊ စာပမည်သော လေး။ ကောဒဏ္ဍော၊ ကောဒဏ္ဍမည်သောလေး။

စာပေါတိ၊ စာပလေး ဟူသည်ကား။ မဇ္ဈေဝင်္ကကာဇဒဏ္ဍသဒိသာ၊ အလယ်၌ ကိုင်းသော ထမ်းပိုးသဏ္ဍာန်ရှိသော။ဓနုဝိကတိ၊လေးအထူးတည်း။ ကောဒဏ္ဍောတိ၊ ကောဒဏ္ဍ ဟူသည်ကား။ ဝဋ္ဋုလဒဏ္ဍာ၊ လုံးလျောင်းသော လေးကိုင်းရှိသော။ ဓနုဝိကတိ၊လေးအထူးတည်း။

သင်ဦး လေ့ကျက်ဦးက စွဲကိုင်မြဲ လေးလုပ်ရိုးပမာဏကား ညှို့မတင်မီ လေး တောင်ထွာ၊ ညှို့တင်ပြီး လေးတောင်တည်း။ ၎င်းပမာဏရှိသော လေးကို ဆရာထံ သင်ဦး လေ့ကျက်ဦးက စွဲကိုင်မြဲဖြစ်၍ အာစရိယဓနု ခေါ်ဝေါ်သည်။ မြန်မာ

ဘာသာဖြင့် ကုပ်လုပ်လေး ဆိုသည်၊သင်ပြီး လေ့ကျက်ပြီးကား အစွမ်းအလျှောက် ဗိုလ်တရာ ဗိုလ်တထောင် စသဖြင့် ဗိုလ်နှင့်ချင့်၍ စွဲကိုင်သည်။

အာစရိယမနုနာမ ပကတိဟတ္ထေန နဝဝိဒတ္ထိပမာဏံ၊ ဇိယာယ ပန အာ ရောပိတာယ စတုဟတ္ထပမာဏန္တိ ဝဒန္တိ။

ကင်္ခါဝိတရဏီဋီကာ၊ ခုနစ်ကြောင်း၊ စေအင်္ဂါ။ ၎င်းနည်းလာသော သာရတ္ထ ဒီပနီဋီကာ၊ ဆယ်ကြောင်း၊ မုအင်္ဂါ။

**အနက်**—အာစရိယမနုနာမ၊အာစရိယမနုလေးမည်သည်ကား။ပကတိဟတ္ထေန၊ ကြွပဟေ့အတောင်ဖြင့်။ နဝဝိဒတ္ထိပမာဏံ၊ ကိုးထွာ အတိုင်းအရှည်ရှိ၏။ ဇိယာယ၊ ညို့ကို။ အာရောပိတာယပန၊ တင်ပြီးသော်ကား။ စတုဟတ္ထပမာဏံ၊ လေးတောင် အတိုင်းအရှည်ရှိ၏။ ဣတိ၊ဤသို့။ ဝဒန္တိ၊ဆိုကုန်၏။

၎င်းလေးကိုလည်း သစ်,ဝါး,သားချို, ဆိတ်ချိုများဖြင့် အလိုရှိရာ ယထာရဟ လုပ်သည်၊ ညှိုကိုကား သန္တာကဲ့သို့ နီသောအဆင်းဖြင့် ပြီးစေသည်။

မေဏ္ဍကသိင်္ဂမယံ ပဝါလဝဏ္ဏံ ဇိယံ အာရောပေတွာ အဋ္ဌာသိ။

သရဘင်္ဂဇာတ်၊ရှစ်ကြောင်း၊ဍိအင်္ဂါ။

**အနက်**—မေဏ္ဍကသိင်္ဂမယံ၊ ဆိတ်ချိုလေး၌။ ပဝါလဝဏ္ဏံ၊ သန္တာအဆင်းရှိ သော။ဇိယံ၊ညှိုကို။ အာရောပေတွာ၊တင်၍။အဋ္ဌာသိ၊တည်၏။

မြားကိုကား အတွင်း၌ အခေါင်းဖေါက်၍ လဲဝါဂွမ်း စသည် သိပ်နှက်သော အားဖြင့် ပေါ့အောင် လုပ်သည်၊ ချိပ်ဖြင့် အပြေအပြစ် ပွတ်သည်၊မြားပေါ့မှ အဝေး သို့ ရောက်နိုင်သည်။

လဟုကေန သရေနာတိ အန္တော သုသိရံ ကတွာ တုလာဒီနိ ပူရေတွာ ကတလာခါပရိကမ္မေန သလ္လဟုက ကဏ္ဍေန၊ ဝေံ ကတေဟိ အဋ္ဌဥသဘ သောဠသ ဥသဘာနိပိ ဂစ္ဆတိ။

မူလပဏ္ဏာသအဋ္ဌကထာ၊ ရှစ်ကြောင်း၊ ဇအင်္ဂါ၊ ၎င်းနည်းလာသော အင်္ဂုတ္တရ နဝနိပါတ် အဋ္ဌကထာ၊ ရှစ်ကြောင်း၊ တာအင်္ဂါ၊ ၎င်းနည်းလာသော သဋ္ဌာယတန သုတ်အဋ္ဌကထာ၊ ကိုးကြောင်း၊ ဇေအင်္ဂါ။

**အနက်**—လဟုကေနသရေနာတိ၊ လဟုကေနသရေန ဟူသည်ကား။ အန္တော၊ အတွင်း၌။ သုသိရံ၊ အခေါင်းကို။ ကတွာ၊ပြု၍။ တုလာဒီနိ၊ လဲဝါစသည်တို့ကို။

ပူရေတွာ၊ ပြည့်စေ၍။ ကတလာခါပရိကမ္မေန၊ ပြုအပ်သောချိပ်ဖြင့် ပြေပြစ်ခြင်းရှိသော။သလ္လဟုကကဏ္ဍေန၊ပေါ့သောမြားဖြင့်။ဟိ၊သင့်စွ။ ဇေကတော၊ ဤသို့ပြုသည်ရှိသော်။ အင္ဂုဥသဘသောင္ဂုသဥသဘာနိပိ၊ ရှစ်ဥသဘ, တဆယ့်ခြောက်ဥသဘတိုင်အောင်လည်း။ဂစ္ဆတိ၊သွားနိုင်၏။

ၚင်းမြားတွင် သံစဉ်းသွား စိန်စဉ်းသွား စသည် အလိုရှိရာ တပ်လုပ်သည်။

ဝဇိရဂ္ဂံ နာရာစံ နခပိဋ္ဌေန ပရိဝတ္တေတွာ အင္ဂုသိ။

သရဘင်္ဂဇာတ်၊ရှစ်ကြောင်း၊ဒွိအင်္ဂါ။

**အနက်**—ဝဇိရဂ္ဂံ၊စိန်အဖျားတပ်သော။ နာရာစံ၊ မြားစဉ်းသွားကို။ နခပိဋ္ဌေန၊ လက်သည်းခွံဖြင့်။ပရိဝတ္တေတွာ၊လှည့်၍။အင္ဂုသိ၊တည်၏။

ၚင်းမြားတွင် ငှက်တောင်,သစ်ရွက်စသည် မြားရွက်တပ်လုပ်သည်။

ဒွယံ ဝါဇေ ယံ ကဏ္ဍုပတ္တ မိတျုစ္စတေ၊ပက္ခေန ကတတ္တာ ပက္ခော။

အဘိဓာန်ဋီကာ၊ဆယ်ကြောင်း၊စုံအင်္ဂါ။

**အနက်**—ဒွယံ၊ပက္ခသဒ္ဒါ ဝါဇသဒ္ဒါ နှစ်ပါးသည်။ ဝါဇေ၊မြားရွက်၌။ဝတ္တတိ၊ဖြစ်၏။ ယံ၊အကြင် မြားရွက်ကို။ ကဏ္ဍုပတ္တမိတိ၊ ကဏ္ဍုပတ္တဟူ၍။ဥစ္စတေ၊ဆိုအပ်၏။ ပက္ခေန၊ ငှက်တောင်ဖြင့်။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ပက္ခော၊ ပက္ခ လည်း မည်၏။

လေးအတတ်ကို တဆယ့်နှစ်နှစ်တိုင်အောင် လေ့ကျက်မှ အပြီးတိုင်သည်၊ ဇောတိပါလလုလင်တို့ကဲ့သို့ ဘုန်းပညာ ကြီးသသူတို့မူကား ခုနစ်ရက် လခွဲခန့်မျှဖြင့်လည်း အပြီးတိုင်သည်။

သိက္ခိတောတိ ဒွါဒသဝဿာနိ အာစရိယကုလေ ဥဂ္ဂဟိတသိပ္ပေါ။

မူလပဏ္ဏာသအဋ္ဌကထာ၊ ရှစ်ကြောင်း၊ ဓိ အင်္ဂါ၊ ၚင်းနည်းလာသော အင်္ဂုတ္တရနဝနိပါတ်အဋ္ဌကထာ၊ ရှစ်ကြောင်း၊ တာအင်္ဂါ၊ ၚင်းနည်းလာသော သဠာယတနသံယုတ်အဋ္ဌကထာ၊ ကိုးကြောင်း၊ ဇေအင်္ဂါ။

**အနက်**—သိက္ခိတောတိ၊ သိက္ခိတော ဟူသည်ကား။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တိုင်။ အာစရိယကုလေ၊ ဆရာမျိုးဆရာအိမ်၌။ ဥဂ္ဂဟိတသိပ္ပေါ၊ သင်အပ်, လေ့ကျက်အပ်သော အတတ်ရှိသည်တည်း။

လေးသင်သည် လေ့ကျက်သည် ဟူရာ၌လည်း တကြိမ်ထက်တကြိမ် တစထက်တစ ကြွံခိုင်သော လေးအထူးအပြားကို စွဲကိုင်နိုင်အောင် အလျင်အမြန် တင်နိုင်အောင် လေ့လာခြင်း၊ လက်ဖနှောင့် နှိပ်ဟန်, လက်ချောင်းဆုပ်ဟန်, ခြေနေဟန်ထားဟန်, တင်းတင်းကြပ်ကြပ်ကိုင်ဟန်, ညှို့ငင်ဟန်, မြားတင်ဟန်,မြားဖွဲ့ဟန်များကို သင်မှတ်ခြင်း၊ ရည်တိုင်း မှန်အောင် စက်အမှတ်ကို ပစ်ခြင်းများသည်ပင် လေးသင်သည် လေ့ကျက်သည် မည်သတည်း။

ယထာ မဟာရာဇ ကုသလော ဣဿတ္ထော အန္တေဝါသိကေ ပဌမံ တာဝ ဥပါသနသာလာယ စာပဘေဒ စာပါရောပန ဂဟဏ မုဋ္ဌိ ပဋိပီဠန အင်္ဂုလိ ဝိနာမန ပါဒထပန ဂဟဏ သန္ဓိဟန အာကဍ္ဎန သန္ဓာရဏ လက္ခိယ ဓနုဝိပနေယံ တိဏ ပလာလ မတ္တိကာ ပုဉ္ဇ ဖလက လက္ခဝေဓေ အနုသိက္ခာပေတွာ။

မိလိန္ဒပဉ္ဇာ၊ခြောက်ကြောင်း၊ လာအင်္ဂါ။

အနက်—မဟာရာဇ၊မြတ်သောမင်းကြီး ။ကုသလော၊လိမ္မာသော။ ဣဿတ္ထော၊လေးသမားသည်။အန္တေဝါသိကေ၊လေးသင်တပည့်တို့ကို။ ပဌမံတာဝ၊ရှေးဦးစွာ။ ဥပါသနသာလာယ၊လေးသင်တင်းကုတ်၌။ စာပဘေဒ။ပ။ဓနုဝိပနေယံ၊ လေးအထူးအပြား လေးဟင်ခြင်း လက်ဖနှောင့်နှိပ်ခြင်း လက်ချောင်းဆုပ်ခြင်း ခြေနေခြင်း ထားခြင်း ကြပ်တည်းစွာကိုင်ခြင်း မြားဖွဲ့ခြင်း လေးငင်ခြင်း မြားတင်ခြင်း အမှတ်ပစ်ခြင်းတို့ဖြင့်။ တိဏပလာလမတ္တိကာပုဉ္ဇဖလကလက္ခဝေဓေ၊ မြက်စု ကောက်ရိုးစု မြေစု ပျဉ် လွှား ကာ စက် အမှတ်တို့ကို မှန်ခြင်း ဖေါက်ခြင်း၌။ အနုသိက္ခာပေတွာ၊ အစဉ်မပြတ် သင်စေ၍။ရညော၊မင်းကို။ အာရာဓယတိ၊နှစ်သက်စေ၏။

သင်ပြီး လေ့ကျက်ပြီးကာလလည်း သင်တိုင်း လေ့ကျက်တိုင်း မြဲစိမ့်သောငှါ နည်းစွအဆုံး(၇)ရက်တကြိမ် စက်အမှတ်ကို (၅)ချက်စီ အမှန် ပစ်မြဲတည်း။

သတ္တရတ္တာ ဓနုဂ္ဂဟာ။ **လောကနီတိ။**

ပဉ္စဝါရမေဝ လက္ခဏဝိဇ္ဈနတော ဥသုနော။

ဆန်းဋီကာ၊ခုနစ်ကြောင်း၊ငှါ့အင်္ဂါ။

အနက်—ဓနုဂ္ဂဟာ၊လေးသမားတို့သည်။သတ္တရတ္တာ၊(၇)ရက်မျှ လေးနှင့်ဘင်း မှူ။မလာ၊မစင်မကြယ် အညစ်အကြေး ဖြစ်တတ်ကုန်၏။

ပဥ္စဝါရမေဝ၊ (၅)ချက်သာလျှင်။ လက္ခဏဝိဇ္ဇနတော၊ စက်အမှတ်ကို ပစ်ခြင်းကြောင့်။ဥသုနော၊ဥသုသဒ္ဒါ၏။ ပဥ္စဝါစကဘာဝေါ၊ငါးခုသချ်ာ ဟောသောအဖြစ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

**မြားသွားမြဲပမာဏကား**—အလတ်အားဖြင့် ရေ၌ပစ်သော် တဥသဘ သွားမြဲ၊ ကြည်း၌ရင်း ဖီလာပစ်သော် ကဆယ်ဥသဘ သွားမြဲတည်း၊ အညံ့အားဖြင့် ထိုအောက်လျော့၍သော်လည်း သွား၏၊ အလွန်အားဖြင့် ထိုထက်လွန်၍သော်လည်း သွား၏။

ထလေ အဋ္ဌုသဘံ ယာတိ၊ ဇလေတု ဥသဘံ ပန။

မဟာဝင်စာကိုယ်၊ ခြောက်ကြောင်း၊ ဆံအင်္ဂါ၊ ၎င်းနည်းလာသော ဗုဒ္ဓဝင်အဋ္ဌကထာ၊ ရှစ်ကြောင်း၊ ခအင်္ဂါ။

**အနက်**—ထလေ၊ကြည်း၌။ အဋ္ဌုသဘံ၊ ရှစ်ဥသဘတိုင်တိုင်။ ယာတိ၊သွား၏။ ဇလေတု၊ရေ၌ကား။ ဥသဘံပန၊တဥသဘတိုင်ရုံသာ။ယာတိ၊သွား၏။

ဒ္ဓတ္တိံသသရပါတပ္ပမာဏံ ကေယောဇနံ၊သဟဿသရပါတပ္ပမာဏတော ပဉ္စဝီသတိယောဇနံ။

ထေရာအဋ္ဌကထာ၊ဆယ်ကြောင်း၊ ဌေအင်္ဂါ၊ ၎င်းနည်း အဓိပ္ပါယ်စကားကျနှင့်လာသော မဟာပနာဒဇာတ်၊ရှစ်ကြောင်း၊စအင်္ဂါ။

**အနက်**—ဒ္ဓတ္တိံသသရပါတပ္ပမာဏံ၊ ဖီလာ မြားသုံးဆယ့်နှစ်ပစ် ပမာဏသည်။ ကေယောဇနံ၊ တယူဇနာတည်း။ သဟဿသရပါတပ္ပမာဏတော၊ အစောက် မြားအပစ်တထောင် ပမာဏအားဖြင့်။ပဉ္စဝီသတိယောဇနံ၊နှစ်ဆယ့်ငါးယူဇနာတည်း။

ယူဇနာကို ဥသဘပုံပြုပြီးမှ မြားအပစ်ပမာဏနှင့် စား၍ ဖီလာပစ်ရာ၌ တဆယ်ဥသဘ၊ အစောက်ပစ်ရာ၌ ရှစ်ဥသဘ အသွားကို ယူလေ။

လေးပစ်ရာ၌ ဥသဘဖွဲ့သော တာကား မဇ္ဈိမပုရိသ အတောင်ဖြင့် လေးတောင်တာတည်း၊ ထိုလေးတောင်တာဖြင့် အတာနှစ်ဆယ်သည် တဥသဘမည်၏၊ မဇ္ဈိမပုရိသ၏ တတောင်ထွာ ဖြစ်သတည်း။

မဇ္ဈိမပုရိသာဝသေန စတုဟတ္ထာယ ယဋ္ဌိယာ ဝီသတိယဋ္ဌိယော ဥသဘံ။ ဝိသုဒ္ဓိမဂ်မဟာဋီကာ ကိုးကြောင်း၊ဏီအင်္ဂါ။

**အနက်**—မဇ္ဈိမပုရိသဝသေန၊ မဇ္ဈိမပုရိသ၏ အစွမ်းအားဖြင့်။ စတုဟတ္ထာယ၊ လေးတောင်ရှိသော။ယဋ္ဌိယာ၊တာဖြင့်။ဝီသတိယဋ္ဌိယော၊ အတာနှစ်ဆယ်တို့သည်။ ဥသဘံ၊ဥသဘမည်၏။

**မြားရေးငယ်ကား—**

၁ အက္ခဏဝေဓိ—လျှပ်တပြက်တွင်းပင် အချက်များစွာ ပစ်ခြင်း၊

၂ ဝါလဝေဓိ—ခါးရမ်းသီးအမှတ်ဖြင့် ထားသော သားမြီးကိုမှန်အောင် ပစ်ခြင်း၊

၃ သရဝေဓိ—အလျှင်ပစ်လင့်သောမြားကို နောက်မြားဖြင့် မှန်အောင် ပစ်ခြင်း၊

၄ သဒ္ဒဝေဓိ—အသံကိုလျှောက်၍ မှန်အောင်ပစ်ခြင်း၊ဤသို့မြားရေးငယ် လေးပါးတည်း။

သရဘင်္ဂဇာတ်၊ ရှစ်ကြောင်း၊ ဦးအင်္ဂါ။

**မြားရေးကြီးကား—**

၁ သရလဋ္ဌိ—မြားနွယ်အစဉ် ပစ်ခြင်း၊
၂ သရရဇ္ဇု—မြားကြိုးအစဉ် ပစ်ခြင်း၊
၃ သရဝေဏ်—မြားကို မြားခြင်း မှန်အောင် ပစ်ခြင်း၊
၄ သရပါသာဒံ—မြားပြာသာဒ် ပစ်ခြင်း၊
၅ သရသောပါဏံ—မြားစောင်းတန်း ပစ်ခြင်း၊
၆ သရမဏ္ဍပံ—မြားမဏ္ဍပ် ပစ်ခြင်း၊
၇ သရပါကာရံ—မြားတံတိုင်း ပစ်ခြင်း၊
၈ သရပေါက္ခရဏီ—မြားရေကန် ပစ်ခြင်း၊
၉ သရပဒုမံ—မြားပဒုမာ ပစ်ခြင်း၊
၁၀ သရဝဿံ—မြားမိုး ရွာစေခြင်း၊
၁၁ စက္ကဝိဒ္ဓ—စက်ဝန်းသွားအောင် ပစ်ခြင်း၊
၁၂ သရပဋိဗာဓနံ—မြားကို မြားဖြင့် ဆီးကာခြင်း၊ ဤသို့ မြားရေးကြီး တဆယ့်နှစ်ပါးတည်း။

သရဘင်္ဂဇာတ်၊ ရှစ်ကြောင်း၊ ဥပုအင်္ဂါ။

**လေးအထူးကား**—ဒွိသဟဿထာမမည်သော လေး၊ သဟဿထာမ မည်သော လေးဟူ၍ နှစ်ပါးတည်း၊ ထိုနှစ်ပါးတို့တွင် ချိန် ဝန် ပိုလ်နှစ်ထောင် အားရှိသော လေးသည် ဒွိသဟဿထာမလေး မည်၏၊ ကြံ့ခိုင်လှသောကြောင့် ဒဠှဓနုလည်း မည်၏။

ဒဠှဓနုနာမ ဒွိသဟဿထာမံ ဝုစ္စတိ၊ ဒွိသဟဿထာမံနာမ ယဿ အာ ရောပိတဿ ဇိယာ ဗန္ဓော လောဟသီသာဒီနံ ဘာရော ဒဏ္ဍေ ဂဟေတွာ ယာဝကဏ္ဍပ္ပမာဏာ ဥက္ခိတ္တဿ ပထဝိတော မုစ္စတိ။

မူလပဏ္ဏာသအဋ္ဌကထာ၊ ရှစ်ကြောင်း၊ ခ အင်္ဂါ၊ ၎င်းနည်းလာသော အင်္ဂုတ္တရ နဝနိပါတ်အဋ္ဌကထာ၊ ရှစ်ကြောင်း၊ တ အင်္ဂါ။ ၎င်းနည်းလာသော သဠာယတန သံယုတ်အဋ္ဌကထာ၊ ကိုးကြောင်း၊ ဇေအင်္ဂါ။ ၎င်းနည်းလာသော အဘိဓမ္မာအနု ဋီကာ၊ ခုနစ်ကြောင်း၊ င အင်္ဂါ။

**အနက်**—ဒွိသဟဿထာမံ၊ ပိုလ်နှစ်ထောင်အားရှိသော လေးကို။ ဒဠှဓနုနာမ၊ ကြံ့ခိုင်သောလေးမည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒဏ္ဍေ၊လေးကိုင်း၌။ ဂဟေတွာ၊ ကိုင်၍။ ယာဝကဏ္ဍပ္ပမာဏာ၊ မြားတင်လောက်သော အတိုင်းအရှည်တိုင်အောင်။ ဥက္ခိတ္တဿ၊လေးကို ချိကြွစဉ်။အာရောပိတဿ၊တင်ပြီးသော။ယဿ၊အကြင်လေး၏။ ဇိယာဗန္ဓော၊ ညှို့အလယ်၌ ဖွဲ့သော။ လောဟသီသာဒီနံ၊ ကြေးသလွဲ အစရှိသည် တို့၏။ဘာရော၊တဘာရခန့်ရှိသော ချိန်ဝန်သည်။ပထဝိတော၊ မြေမှ။ မုစ္စတိ၊လွတ်၏ ကြွ၏။တံဓနု၊ထိုလေးသည်။ဒွိသဟဿထာမံနာမ၊ ပိုလ်နှစ်ထောင်အားရှိသော လေး မည်၏။

ဒဏ္ဍေဟိ ဓနုဒဏ္ဍေ ယာဝကဏ္ဍပ္ပမာဏာတိ ဒီဃတော ယတ္တကံ ကဏ္ဍဿ ပမာဏံ၊ တတ္တကေ ဓနုဒဏ္ဍေ ဥက္ခိတ္တမတ္တေ အာရောပိတေသုယေဝ ဇိယာ ဒဏ္ဍေသု သောစ ဘာရော ပထဝိတော မုစ္စတိ။ ဣဒံ ဒွိသဟဿထာမံနာမ ဓနုတိ ဒဋ္ဌဗ္ဗံ။

ဟူသော မူလပဏ္ဏာသဋီကာ၊ အင်္ဂုတ္တရနဝနိပါတ်ဋီကာ၊ သဠာယတနသံယုတ် ဋီကာများနှင့် ညီညွတ်စွာသော အဓိပ္ပါယ်ကား တင်ပြီးသော လေးညှို့အလယ်၌ ပိုလ်နှစ်ထောင်ပမာဏ တဘာရခန့် ချိန်ဝန်ကို ဖွဲ့၍ လေးကိုင်းကို ကိုင်လျက် ချိကြွ သော် လေးညှို့အလယ်နှင့် လေးကိုင်းအလယ် အကြားသည် မြားတင်လောက် အောင် ခွင်လည်း ကျယ်အံ့၊ တဘာရခန့် ချိန်ဝန်လည်း မြေမှ ကြွအံ့၊ လေးညှို့

လေးကိုင်းလည်း မပြတ်မကျိုးမြဲမြံအံ့၊ထိုလေးသည်လျှင် ပိုလ်နှစ်ထောင်အားရှိသော ဒွိသဟဿထာမဒဠှဓနုမည်၏ ဟူလိုသည်။

အကယ်၍ လေးကြမ်းလွန်း သန်လွန်းအံ့ မြားတင်လောက်အောင် ခွင်မကျယ် မိပင် ချိန်ဝန်မြေမှ ကြွရာခဲ့၏၊ အကယ်၍ လေးညွှံ့လွန်း ပျောင်းလွန်းအံ့ မြားတင် လောက်သည်ထက် မက ခွင်ကျယ်မှ ချိန်ဝန် မြေမှ ကြွရာခဲ့၏၊ မြားတင်လောက် အောင် ခွင်ကျယ်သည်နှင့် ချိန်ဝန် မြေမှ ကြွသည့်အရာ တပြိုင်နက် ညီသော်သာ ပိုလ်နှစ်ထောင် အားရှိသော ဒွိသဟဿထာမဒဠှဓနု မည်သတည်း။ ဤလေးကို လင်းလေးယူမှ သင့်သည်ဟု ဇာတကဝိသောဓနေ၌ ဆိုသည်။ တူးလေးယူလည်း သင့် ကောင်းသည်။

လေးအားကို ချင့်ရာ၌ ပိုလ်အရ ပမာဏကား ကျပ်တဆယ်သည် တပိုလ်ဟူ၍ လည်းကောင်း၊ တပ်ဿာသည် တပိုလ်ဟူ၍လည်းကောင်း ဝိနည်းနိသျတို့၌ ဆိုသည်၊ ငါးကျပ်သည် တပိုလ်ဟူ၍လည်းကောင်း၊ ကျပ်လေးဆယ်သည် တပိုလ်ဟူ၍လည်း ကောင်း အဘိဓာန်ဋီကာ၌ ဆိုသည်။ဤသို့ အထူးထူးအပြားပြား ယူဆကြသည်တွင် နှစ်ပဲသည် အက္ခတခု၊ ငါးအက္ခသည် ဓရဏတခု၊ ဓရဏတဆယ်သည် တပိုလ်၊ ဤသို့ တွက်၍ ငါးကျပ်ကို တပိုလ်ဆိုပေသည်။

တဆယ်သည် အက္ခတခု၊ ရှစ်အက္ခသည် ဓရဏတခု၊ ဓရဏတဆယ်သည် တပိုလ်၊ ဤသို့တွက်၍ ကျပ်လေးဆယ်ကို တပိုလ် ဆိုလေသည်။

ပလံနာမ ဒသကာလဠ္ဌတ္တိ ဝဒန္တိ–ဟူ၍ ကာယေဠ္ဌတဆယ်သည် တပိုလ် မည်၏ ဆိုသော ကင်္ခါဝိတရဏီဋီကာ၌လည်း ကာလဠ္ဌအရကို တကျပ်ဟူ၍လည်းကောင်း၊ ငါးမူး ဟူ၍လည်းကောင်း ယူဆကြသည်၊ အဘိဓာန်အတွက်နှင့် ညီသည်မှာသာ အသင့်တည်း။

ပိုလ်တရာသည် တုလာတခု၊တုလာနှစ်ဆယ်သည် ဘာရတခု ဖြစ်ရကား တဘာရ လျှင် ပိုလ်နှစ်ထောင်ဖြစ်၍ ချိန်ဝန် တဘာရကို ချီကြွနိုင်သောလေးသည် ပိုလ်နှစ် ထောင်အားရှိသော လေးမည်သတည်း။ ထိုကြောင့်–

ဒွိသဟဿပလံ လောဟာဒိဘာရံ ဝဟိတုံ သမတ္ထံ ဒွိသဟဿထာမံ။

ဟူ၍ မူလပဏ္ဏာသဋီကာ၊ အင်္ဂုတ္တရနဝနိပါတ်ဋီကာ၊ သဠာယတနသံယုတ်ဋီကာ များ၌ ဆိုလေသည်။ဤသို့ ဒွိသဟဿထာမဓလေး၌ ပထမက္ခရာ ပနှင့် ချိန်ဝန် ပိုလ် နှစ်ထောင်ကို ယူသင့်သည်။

ဤဗိုလ်နှစ်ထောင်အားရှိသော လေးကို ချင့်တွက်သကဲ့သို့၊ ဗိုလ်တထောင်အား ရှိသောလေး၊ ဗိုလ်တရာအားရှိသောလေး၊ ဗိုလ်ငါးဆယ်အားရှိသောလေး စသည် များကိုလည်း ချင့်တွက်ရာသည်။

ယောကျ်ားတထောင်သော တင်နိုင် ချနိုင်သော လေးသည်၎င်း, ယောကျ်ား တထောင် ဆောင်ရွက်ကောင်းသော ချိန်ဝန်ဘာရကို ချိကြွနိုင်သောလေးသည်၎င်း လူဗိုလ်ခြေတထောင် အားရှိသော သဟဿထာမလေး မည်၏။ ထိုလေးကိုကား ဆဒ္ဒန်ဆင်ဆယ်စီး အားရှိသော ပစ္ဆိမဘဝိက ဘုရားလောင်းတို့သာ စွဲကိုင်နိုင်သည်။

တံ ဓနုံ ပုရိသသဟဿံ အာရောပေတိ၊ပုရိသသဟဿံ ဩရောပေတိ။

အင်္ဂုတ္တရ တိကနိပါတ်၊ ရှစ်ကြောင်း၊ ၈ အင်္ဂါ၊ ၎င်းနည်းလာသော ဗုဒ္ဓဝင်အဋ္ဌ ကထာ၊ ရှစ်ကြောင်း၊ ၀ အင်္ဂါ။

**အနက်**—တံဓနုံ၊ ထိုဗိုလ်တထောင် အားရှိသော လေးကို။ ပုရိသသဟဿံ၊ ယောကျ်ားတထောင်သည်။အာရောပေတိ၊ တင်ရ၏။ ပုရိသသဟဿံ၊ ယောကျ်ား တထောင်သည်။ဩရောပေတိ၊ချရ၏။

သဟဿထာမန္တိ ပုရိသသဟဿဗလံ ပုရိသသဟဿေန ဝဟိတဗ္ဗဘာရ သဟံ။

အင်္ဂုတ္တရ တိကနိပါတ်ဋီကာ၊ရှစ်ကြောင်း၊ ၃ အင်္ဂါ။

**အနက်**—သဟဿထာမန္တိ၊သဟဿထာမလေးဟူသည်ကား။ပုရိသသဟဿဗလံ၊ ဗိုလ်ခြေတထောင် အားရှိသောလေးကို၊ပုရိသသဟဿေန၊ဗိုလ်ခြေတထောင်သည်။ ဝဟိတဗ္ဗဘာရသဟံ၊ ဆောင်ရွက်ကောင်းသော ချိန်ဝန်ဘာရကို ချီစွမ်းနိုင်သော လေးတည်း။

ဤသဟဿထာမလေး၌ တတိယကဏ္ဍရာ ဗနှင့် ဗိုလ်ခြေတထောင်ကို ယူ သင့်သည်။

ဤသို့ မင်းတို့တတ်မြဲ လေ့ကျက်မြဲ ဖြစ်သော အနဝဇ္ဇသိပ္ပ အရေအတွက်ဝင် သော ဓနုသိပ္ပ လေးအကြောင်းအရာ အစဉ်ထုံးစံကို သာသနာတော်ကျမ်းဂန် လာ သည်အတိုင်း သိတော်မူသာအောင် မေတ္တာစာ ဆက်သွင်းအပ်သည် သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## ဓမ္မက္ခန္ဓာ ၈၄၀၀၀

လျှောက်ပါသည် ဆရာတော်ဘုရား—

သာသနာတော်မြတ်၏ မူလဘူတဖြစ်သော ပရိယတ္တိဓမ္မ ဟု ဆိုအပ်သော ပိဋကတ်သုံးပုံသည် ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ အရေအတွက် ရှိကြောင်းကို ကျမ်းဂန်လာသည် ဆိုသည်၊ ပိဋကတ်သုံးပုံတွင် မည်သည့်ကျမ်းဂန်၌ ဓမ္မက္ခန္ဓာ မည်မျှရှိသည်ကို အသီးအသီး ရေတွက်၍ ဆရာတော်က သွင်းစေ။

**၁၁၆၂–ခု ဝါဆိုလပြည့်ကျော်(၄)ရက်နေ့ မြေနန်းတော်တွင် အမိန့်တော် မှတ်တော်မူချက်နှင့် အတွင်းဝန်တို့က မဟာဒါန်ဝန်ကို စေ၍ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား-—**

ငါတို့ သဗ္ဗညုဘုရားသည် ဝေနေယျသတ္တဝါတို့အား သနားတွယ်တာတော်မူသဖြင့် ဒီပင်္ကရာ မြတ်စွာဘုရား ခြေရင်းတော်၌ လက်တော်သို့ ရောက်လုဆဲသော သာဝကဗောဓိဆုကို စွန့်ပယ်တော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး စရိယသုံးပါး, စွန့်ကြဲခြင်းငါးပါး, ပါရမီဆယ်ပါးဟူသော သဗ္ဗညုတညာဏ်တော်၏ အဆောက်အဦ ဗောဓိသမ္ဘာရ ဓမ္မအပေါင်းကို ဖြည့်ကျင့်တော်မူ၍ မဟာဗောဓိ ပလ္လင်၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည် တိုင်အောင်သော အဝိဒူရ နိဒါန်း။

ဓမ္မစကြာတရား ဟောတော်မူသည် တိုင်အောင်သော ဒေသနာနိဒါန်း ဟူ၍ နိဒါန်းနှစ်ပါးတို့ဖြင့်ငင်း၊

ဒီပင်္ကရာ မြတ်စွာဘုရားခြေရင်းတော်၌ ဗျာဒိတ်ခံတော်မူသည်မှ ဗောဓိသမ္ဘာရ ဓမ္မအပေါင်းကို ဖြည့်ပြီး၍ တုသိတာနတ်ပြည်၌ ဘုရားဖြစ်အံ့သောအခါကို ငံ့လျက် နေတော်မူသည်တိုင်အောင်သော ဒူရေနိဒါန်း၊

တုသိတာနတ်ပြည်၌ နေတော်မူသည်မှ မဟာဗောဓိမဏ္ဍိုင်၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်တိုင်အောင်သော အဝိဒူရေနိဒါန်း၊

သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ဝေနေယျသတ္တဝါတို့အား တရားအမြိုက် တိုက်ကျွေးအံ့သောငှါ ထိုထိုအရပ်၌ နေတော်မူသည် တိုင်အောင်သော သန္တိကေနိဒါန်း၊

ဟူ၍ နိဒါန်းသုံးပါးတို့ဖြင့်ရှင်း တန်းဆာဆင်အပ်သော ပိဋကတ်သုံးပုံ၊နိကာယ်ငါးပါး၊ အင်္ဂါကိုးပါး သီးသန့်ပိုင်းခြားအပ်သော တရားအပေါင်းကို ဘုရားဖြစ်တော်မူသည်မှ နိဗ္ဗာန် လားတော်မူသည်တိုင်အောင် ရှံခါ ကိုယ်တော်အလျောက်ဆင်ခြင်တော်မူသည်၊ ရှံခါ ဝေနေယျ သတ္တဝါတို့အား ဟောကြားတော်မူသည်၊ ဆင်ခြင် ဟောကြားတော်မူသမျှ တရားအပေါင်းကို တစုံတခု ပြုထိုက်သရွေ့ စုပုံသော ဓမ္မက္ခန္ဓာအစုအားဖြင့် ရေတွက်သော် ၈၄၀၀၀ အရေအတွက်ရှိကြောင်းကို သံဂါယနာဝင် ကျမ်းကြီးတို့၌ တိုက်ရိုက်ဆိုကြောင်းကို သိရသည်၊ အနုသန္ဓေတခုလျှင် ဓမ္မက္ခန္ဓာတပါး၊ အနုသန္ဓေနှစ်ခုလျှင် ဓမ္မက္ခန္ဓာနှစ်ပါး စသဖြင့် အနုသန္ဓေကို ထောက်၍ရှင်း, ပြဿနာတခုလျှင် ဓမ္မက္ခန္ဓာတပါး၊ ဝိသဇ္ဇနာတခုလျှင် ဓမ္မက္ခန္ဓာတပါး စသဖြင့် ပုစ္ဆာ ဝိသဇ္ဇနာကို ထောက်၍ရှင်း, တခုတခုသောတိက်ကို ဝေဖန်ခြင်းသည် ဓမ္မက္ခန္ဓာတပါး၊ တခုတခုသောဒုက်ကို ဝေဖန်ခြင်းသည် ဓမ္မက္ခန္ဓာတပါး စသဖြင့် တိက် ဒုက်ကို ထောက်၍ရှင်း, တခုသော စိတ္တဝါရကို ဝေဖန်ခြင်းသည် ဓမ္မက္ခန္ဓာတပါး စသဖြင့် စိတ္တဝါရကို ထောက်၍ရှင်း, တခုသော ဝတ္ထု၊တခုသော မာတိကာ၊ တခုသော ပဒဘာဇနီ၊ တခုသော အာပတ္တိဝါရ၊ တခုသော အနာပတ္တိဝါရ၊ တခုသော အန္တရာပတ္တိဝါရ၊ တခုသော တိကစ္ဆေဒဝါရ၊ တခုသော သဝေကိစ္စဝါရ၊ တခုသော အတေကိစ္စဝါရသည် ဓမ္မက္ခန္ဓာတပါးစသဖြင့် ဝတ္ထု,မာတိကာ စသည်ကိုထောက်၍ရှင်း တစုတစုပြုထိုက်သရွေ့ အသီးအသီး အပေါင်းအစုပြုသဖြင့် ဓမ္မက္ခန္ဓာကို ရေတွက်ပိုင်းခြားရမည်ဟူ၍ ဓမ္မက္ခန္ဓာ ရေတွက်ပိုင်းခြားနည်းကို သံဂါယနာဝင်ကျမ်းကြီးတို့၌ အထင်အရှား ဆိုသည်။

မည်သည့်ကျမ်းတွင် ဓမ္မက္ခန္ဓာ မည်မျှဟူ၍ကား အစေ့အစုံမဆို၊ အချို့ကျမ်းများမှာ အဖွင့်အဋ္ဌကထာ ဓမ္မက္ခန္ဓာ အရေအတွက်နှင့် ဆိုသောကြောင့် သိသာသည်၊ အချို့ကျမ်းများမှာ အဖွင့်အဋ္ဌကထာ ဓမ္မက္ခန္ဓာအရေအတွက်နှင့် မဆိုသောကြောင့် မသိသာ၊ အနက်,အဓိပ္ပါယ် အဆုံးအဖြတ်၌ အလွန်လိမ္မာ၍ ပါဠိဝါရ အနုသန္ဓေ အနေအထားကို ဆင်ခြင်နိုင်သည့် ပုဂ္ဂိုလ်တို့ ယခင်ဓမ္မက္ခန္ဓာ ရေတွက်နည်းနှင့်အညီ ပါဠိတော် အစဉ်အတိုင်း ရေတွက်သော် လေးနှစ်ကျော် ငါးနှစ်ခန့်ရေတွက်မှ ပြေကုန်နိုင်မည် အကြောင်းရှိသည်။

ပါတိမောက်နှစ်စောင်၊ ဝိဘင်း နှစ်ပါး၊ ခန္ဓကနှစ်ဆယ့်နှစ်ပါး၊ ပရိဝါရ တဆယ့်ခြောက်ပါးဟူသော ဝိနည်းပိဋကတ်တော်။

ဒီဃနိကာယ် ၃၄ သုတ်၊မဇ္ဈိမနိကာယ် ၁၅၂ သုတ်၊သံယုတ္တနိကာယ် ၇၇၆၂သုတ်၊ အင်္ဂုတ္တရနိကာယ် ၉၅၅၇ သုတ်၊ ခုဒ္ဒကနိကာယ်၌ ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း,

ဠတိဝုတ်,သုတ္တနိပါတ်,ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရာ, ထေရီ, ဇာတ်, စူဠနိဒ္ဒေသ, မဟာနိဒ္ဒေသ,ပဋိသမ္ဘိဒါမဂ်,အပဒါန်,ဗုဒ္ဓဝင်,စရိယာပိဋက ဟူ၍ ကျမ်းပေါင်း ၁၅ စောင် ဟူသော သုတ္တန်ပိဋကတ်တော်။

ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ဟူသော အဘိဓမ္မာပိဋကတ်တော်။

ဤပိဋကတ်သုံးပုံ၊ နိကာယ်ငါးပါး၊ အင်္ဂါကိုးခုသည် မကွယ်မပျောက် မယိုမယွင်း သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ကုသိုလ်တော် ဓမ္မက္ခန္ဓာ ရေးသားပြုစု၍ အထင်အရှား ရှိသည်၊ ယခင် ရေတွက်ခဲ့သော ပိဋကတ်သုံးပုံတွင်—

**ဝိနည်းပိဋကတ်၌** ဓမ္မက္ခန္ဓာ ၂၁၀၀၀၊
**သုတ္တန်ပိဋကတ်၌** ဓမ္မက္ခန္ဓာ ၂၁၀၀၀၊
**အဘိဓမ္မာပိဋကတ်၌** ဓမ္မက္ခန္ဓာ ၄၂၀၀၀၊

ဟူ၍ ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၊ရှစ်ကြောင်းရေးစာ၊ ကား အင်္ဂါတွင် ဆိုသည်။

အနညက္ခိ နာန္နနာ၊ရဝေ နာန္နနကာရိ နာ။
နူနဝါဟာ ဝရာ ဝုတ္တာ၊ခန္ဓာ တိပိဋကေ ဝရေ။

**အနက်**—အနညက္ခိ၊ ဝိနည်းပိဋကတ်၌ ဓမ္မက္ခန္ဓာ ၂၁၀၀၀။ နာန္နနရဝေ၊အဘိဓမ္မာပိဋကတ်၌ ဓမ္မက္ခန္ဓာ ၄၂၀၀၀။နာန္နနကာရိ၊သုတ္တန်ပိဋကတ်၌ဓမ္မက္ခန္ဓာ ၂၁၀၀၀။ ဣတိ၊ဤသို့။ဝရေ၊မြတ်သော။တိပိဋကေ၊ပိဋကတ်သုံးပုံ၌။ နာနုန ဝါဟာ၊ ၈၄၀၀၀ ကုန်သော။ ဝရာ၊မြတ်ကုန်သော။ ခန္ဓာ၊ ဓမ္မက္ခန္ဓာတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဟူ၍ ဝဇီရသာရတ္ထသင်္ဂဟကျမ်းတွင် သဒ္ဒါနက်, သချာနက် နှစ်ချက်ရအောင် ဖွဲ့စီသော ဒွတ္တကဗန္ဓအရာ၌ ကိုးကြောင်းရေးစာ၊ကုအင်္ဂါတွင် ဆိုသည်။

ကေဝီသတိ သဟဿာနိ၊ခန္ဓာ ဝိနယပိဋကေ။
ကေဝီသတိ သဟဿာနိ၊တထာ သုတ္တန္တပိဋကေ။

ဒွါစတ္တာလီသဟဿာနိ၊ခန္ဓာ ဘိဓမ္မပိဋကေ။
ဣတိ တံ စတုရာသီတိ၊သဟဿံ ခန္ဓဟော နမေ။

**အနက်**—ဝိနယပိဋကေ၊ဝိနည်းပိဋကတ်၌။ ခန္ဓာ၊ဓမ္မက္ခန္ဓာတို့ကား။ ဧကဝီသတိ သဟဿာနိ၊ ၂၁၀၀၀ တို့တည်း။တထာ၊ထိုအတူ။ သုတ္တန္တပိဋကေ၊ သုတ္တန်ပိဋကတ်၌။ ခန္ဓာ၊ဓမ္မက္ခန္ဓာတို့ကား။ဧကဝီသတိ သဟဿာနိ၊ ၂၁၀၀၀ တို့တည်း။

အဘိဓမ္မေ၊အဘိဓမ္မာပိဋကတ်၌။ခန္ဓာ၊ဓမ္မက္ခန္ဓာတို့ကား။ဒွါစတ္တာလီသဟဿာနိ၊ ၄၂၀၀၀ တို့တည်း။ဣတိ၊ဤသို့။ခန္ဓတော၊ဓမ္မက္ခန္ဓာအားဖြင့်။စတုရာသီတိသဟဿံ၊ ၈၄၀၀၀ အရေအတွက်ရှိသော။တံ၊ထိုပရိယတ္တိတရားတော်ကို။ အဟံ၊ ငါသည်။နမေ နမာမိ၊ရှိခိုးပါ၏။

ဟူ၍ ဝဇီရသာရတ္ထသင်္ဂဟဋီကာ၊ ကိုးကြောင်းရေးစာ၊ ခအင်္ဂါတွင် ဆိုသည်။ သည်ကျမ်းများကို ရည်၍ ရှေးပညာရှိတို့လည်း "ဝိနယေ နူန အာကာရာ" စသဖြင့် ဓမ္မက္ခန္ဓာ ရှိခိုးပဏာမ ဂါထာကို စီရင်လေကုန်သည်။

ဤသို့ ပိဋကတ်သုံးပုံ၌ အသီးအသီး ဓမ္မက္ခန္ဓာ အရေအတွက်ကို ကျမ်းဂန်အများ ရှိသည်၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀ ဆိုသည်မှာလည်း သဗ္ဗညုဘုရား မျက်မှောက်တော် ထင်ရှားရှိသော ပါဠိတော်ကျမ်းဂန်ကိုသာ ရည်၍ ဆိုသည်၊ နိဗ္ဗာန်လားတော်မူ သည်မှ နောက် သာဝကတို့ အသီးအသီး ဟောကြသော ကထာဝတ္ထုကျမ်း, သုဘ သုတ်,မာဓုရိယသုတ်,ဝိမာနဝတ္ထု,ပေတဝတ္ထုတို့တွင် အချို့သောဂါထာစသည်များ ကို ရည်၍ မဆို၊ ထိုအကြောင်းကိုလည်း မဟာပရိနိဗ္ဗာနသုတ်တွင် "ယခုအခါကား ငါတပါးတည်းသာ သင်တို့ကို ဆုံးမသည်၊ငါလွန်တော်မူသောအခါကား ဓမ္မက္ခန္ဓာ ၈၄၀၀၀ ဟူသော ဘုရား ၈၄၀၀၀ ဆုံးမရစ်လတံ့"ဟူ၍ ဟောတော်မူကြောင်းကို ဆိုသောကြောင့် သိရသည်၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကား တရားမင်းမြတ် လက်ထက် တော်တွင် ထင်ရှားရှိ၍၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးပါး၊ အင်္ဂါကိုးစု အလုံးစုံကို အကုန်အစင် ဓမ္မက္ခန္ဓာရေတွက်နည်းဖြင့် ရေတွက်နိုင်လောက်အောင် ဆောင်စွမ်း သိစွမ်းသော ရဟန်းတို့ မရှိပါသောကြောင့်မူကား မည်သည့်ကျမ်းတွင် ဓမ္မက္ခန္ဓာ မည်မျှ ရှိသည်ဟူ၍ တတ်အပ် သိတော်မမူ ရှိသည်၊ မည်သည့်ကျမ်းတွင် ဓမ္မက္ခန္ဓာ မည်မျှ ရှိသည်ဟူ၍ တတ်အပ် သိတော်မမူရသော်လည်း ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကို ရေ တွက်ရာ ဌာနဖြစ်သော ကျမ်းဂန်အစုံအလင် ထင်ရှားရှိသောကြောင့် ဓမ္မက္ခန္ဓာ ၈၄၀၀၀ကို ပူဇော်ကိုးကွယ် ရေးသားပြုစုတော်မူသဖြင့် ဘုရား ၈၄၀၀၀ကို ပူဇော် ကိုးကွယ်တော်မူရသည် မည်ကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## မကိုဋ် သင်းကျစ်တော်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

မင်းဧကရာဇ်တို့တွင် မကိုဋ်နှင့် သင်းကျစ်သာ ရှိသည် ဖြစ်မည်၊ စိုက်ပန်းနှင့်တကွ သင်းကျစ် ရှိသည် မရှိသည်၊ အိမ်ရှေ့မင်းမှစ၍ သားတော်များ သင်းကျစ် ဆောင်သင့်သည် မဆောင်သင့်သည်များကို သိတော်မူသာအောင် ကျမ်းဂန်ထုတ်နုတ်၍ စာဆက်သွင်းမည်အကြောင်းနှင့် သာသနာပြု ဆရာတော်မှာ လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း ကျမ်းဂန်ရှိသည်နှင့်အညီ ထုတ်နုတ်၍ စာဆက်သွင်းပါမည် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၂—ခု ဝါခေါင်လပြည့်ကျော်(၁၀)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—**

ရေမြေသေဋ္ဌနင်း မင်းတို့ ခေါင်းကျင်းဆောင်ရွက်မြဲဖြစ်သည်ကို အကြောင်းပြု၍ မာဂဓဘာသာဖြင့် ကကုဓဘဏ္ဍ၊ မြန်မာဘာသာဖြင့် မင်းမြှောက်တန်းဆာ ဟူ၍ ခေါ်ဝေါ်အပ်သော—

၁ ထီးဖြူ
၂ သင်းကျစ်
၃ သန်လျက်
၄ ခြေနင်း
၅ သားမြီးယပ်

ဟူသော မင်းခမ်းငါးပါးတွင် အရေအတွက်ပါဝင်သော ထိုဘဝ ဘုရားမချွတ်ဖြစ်မည့် ပစ္ဆိမဘဝိက ဘုရားလောင်းတို့အား ကုသိုလ်ကောင်းမှုကို အကြီးအကဲရှေးဦး ရှေးတည်ပြု၍ ကျင့်ဆောင်ခဲ့ဘူးသော ကောင်းမှုအထူးကြောင့် လကျာနားပန်မှ လက်ဝဲနားပန်တိုင် နဖူးပြင်ကို ပြည့်စေလျက် ဖြိုးဖြိုးမောက်မောက် တက်သော ဥဏှိသလက္ခဏာတော်နှင့် ဒြပ်တူပြုလုပ် ဆောင်ရွက်သည်ကို အကြောင်းပြု၍ မာဂဓဘာသာဖြင့် ဥဏှိသဘဏ္ဍ၊ မြန်မာဘာသာဖြင့် သင်းကျစ်ဟူ၍ ခေါ်ဝေါ်အပ်

သော မင်းခမ်း မင်းဘန်းဆာသည် ဇာတ်နိပါတ်ကျမ်းဂန် ယုံးစံအထွက်အဆိုကို ထောက်သော် မကိုဋ်နှင့် သင်းကျစ်သက်သက်, စိုက်ပန်းပါ သင်းကျစ်နှစ်ပါးပင် ရှိသည် ယူရန်ရှိသည်၊ ယခင် ဆိုခဲ့သော ဘုရားဖြစ်မည့်ဘဝ ဘုရားလောင်းတို့ ဥဏှိသလက္ခဏာကို ရည်၍ ရေမြေသေဋ္ဌနင်း မင်းတို့မှာ သင်းကျစ် ပြုလုပ် ဆောင်ရွက်ကြောင်းကို မဟာဝဂ်အဋ္ဌကထာစသော ကျမ်းဂန်များတွင် ဆိုသည်ကိုထောက်၍ မကိုဋ်နှင့် သင်းကျစ်သက်သက် ရှိသည်ကိုလည်း သိရသည်၊ ဘုရားဖြစ်မည့် ဘဝ ဘုရားလောင်းတို့အား မကိုဋ်စိုက်ပန်းနှင့်တကွ ဆင်ယင်ခြင်းဖြင့် တင့်တယ်စွာသော ဥဏှိသလက္ခဏာကို ရည်၍ ရေမြေသေဋ္ဌနင်း မင်းတို့မှာ စိုက်ပန်းပါသင်းကျစ်ပြုလုပ် ဆောင်ရွက်ကြသောကြောင့်ရင်း စိုက်ပန်းပါ သင်းကျစ်ကို အယောဃရဇာတ်, မဟာဟံသဇာတ် စသော ကျမ်းဂန်များတွင် ကဥ္စနမာလသဒ္ဒါဖြင့် ဆိုသည်ကို ထောက်၍ စိုက်ပန်းပါ သင်းကျစ်လည်း ရှိသည်ကို သိရသည်၊ ယင်းသည့် သင်းကျစ်ကိုလည်း အိမ်ရှေ့မင်းမှစ၍ အသနားတော် ခံထိုက်သည့် သားတော် မြေးတော်များ ဆောင်ရွက်ဆင်ယင်သင့်သည်၊ ယင်းသို့ ဆောင်ရွက်ဆင်ယင်သင့်ကြောင်းကိုလည်း အယောဃရ, စန္ဒကုမာရစသော မင်းသားတို့ အထူးထူးအပြားပြား တန်းဆာများဖြင့် ဆောင်ရွက်ဆင်ယင်ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန်များတွင် ဆိုသည်ကို ထောက်၍ရင်း၊ ကပ္ပိလဝတ်ပြည်သို့ လက်ဦးစွာ မြတ်စွာဘုရား ရောက်တော်မူ၍ နှစ်ရက်မြောက်သနေ့ ညီတော် နန္ဒမင်းသားအား—

၁ မကိုဋ်ဆင်မင်္ဂလာ၊
၂ သင်းကျစ်ဖွဲ့မင်္ဂလာ၊
၃ အိမ်သိမ်းမင်္ဂလာ၊
၄ ထိမ်းမြားမင်္ဂလာ၊
၅ အိမ်ရှေ့ထီးနန်းမင်္ဂလာ၊

အားဖြင့် မင်္ဂလာငါးပါးတချက်တည်း ပြုကြောင်းကို မဟာဝဂ်အဋ္ဌကထာတွင် ဆိုသည်ကို ထောက်၍ရင်း သိရသည်၊ အိမ်ရှေ့မင်းမှစ၍ သင်းကျစ် အသနားတော် ခံထိုက်သည့် သားတော် မြေးတော်များမှာ ဆိုဖွယ်မရှိ၊ ပသေနဒီကောသလမင်း၏ အမတ် ဇာနုဿောဏိစသော ပုဏ္ဏားတို့အားလည်း ငွေသင်းကျစ် ဆောင်ရွက်ဆင်ယင်ရကြောင်းကို မဟာဝဂ္ဂသံယုတ် ဇာနုဿောဏိသုတ်၊ မူလပဏ္ဏာသ စူဠဟတ္ထိပဒေါပမသုတ် စသော ကျမ်းဂန်များတွင် ဆိုသည်၊ ဇာနုဿောဏိပုဏ္ဏား ဆင်ယင်သော သင်းကျစ်ကို ၎င်းကျမ်းဂန်များတွင် ငွေသင်းကျစ်ဟူ၍ ဆိုသည်မှာလည်း အထိုက်အလိုက် အရာဌာနအလျောက် ဆင်ယင်ရသည်ကို ရည်၍ ဆိုခြင်းသာ ဖြစ်

သည်၊ ဘုရားဖြစ်မည့်ဘဝ ဘုရားလောင်းတို့ ဥဏှိသလက္ခဏာ သင်းကျစ်ကို ရွှေ အဆင်းရှိသည်ဟူ၍ တေရသကဏ္ဍဋီကာ မဟာဝါအဖွင့်တွင် ဆိုသောကြောင့် ရေ မြေသေဌ်နှင်း မင်းတို့ ဆင်ယင်သော သင်းကျစ်ကိုလည်း ရွှေပြား ရွှေအတိုသာ လုပ်ဆောင်သင့်သည်၊ တေရသကဏ္ဍဋီကာပါဌ်ကား—

ဘဂဝတော ဟိ ဒက္ခိဏကဏ္ဏစူဠိကတော ပဋ္ဌာယ မံသပဋလံ ဥဋ္ဌဟိတွာ သကလနလာဋံ ဆာဒယမာနံ ပူရယမာနံ ဂန္တွာ ဝါမကဏ္ဏစူဠိကာယ ပတိဋ္ဌိတံ သဏ္ဌိတမတာယ သုဝဏ္ဏဝဏ္ဏတာယ ပဘဿရတာယ ပရိပုဏ္ဏတာယစ ရညော ဗန္ဓဥဏှိသပဋ္ဋောဝိယ ဝိရောစတိ။

**အနက်**—ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒက္ခိဏကဏ္ဏစူဠိကတော၊ လကျာ နားပန်တော်မှ။ ပဋ္ဌာယ၊စ၍။ မံသပဋလံ၊ အသားလွှာသည်။ ဥဋ္ဌဟိတွာ၊တက်၍။ သကလနလာဋံ၊နဖူးပြင်အလုံးစုံကို။ ဆာဒယမာနံ၊ဖုံးလွှမ်းလျက်။ ပူရယမာနံ၊ပြည့် စေလျက်။ဂန္တွာ၊ သွား၍။ ဝါမကဏ္ဏစူဠိကာယ၊ လက်ဝဲနားပန်တော်၌။ ပတိဋ္ဌိတံ၊ တည်၏။သဏ္ဌိတမတာယစ၊ အလွန်သိမ်မွေ့ခြင်းကြောင့်လည်းကောင်း။ သုဝဏ္ဏဝဏ္ဏ တာယစ၊ရွှေအဆင်း ရှိခြင်းကြောင့်လည်းကောင်း။ ပဘဿရတာယစ၊ ပြိုးပြိုးပြက် ရှိခြင်းကြောင့်လည်းကောင်း။ ဥပရိပုဏ္ဏတာယစ၊ ထက်ဝန်းကျင် ပြည့်ခြင်းကြောင့် လည်းကောင်း။ ရညော၊မင်းအား။ ဗန္ဓဥဏှိသပဋ္ဋောဝိယ၊ ဖွဲ့သော သင်းကျစ်ပြား ကဲ့သို့။ဝိရောစတိ၊တင့်တယ်၏။

ဤပါဌ်,အနက်ကိုထောက်၍ ရေမြေသေဌ်နှင်း မင်းတို့ သင်းကျစ်လုပ်ရသော အဆင်းသဏ္ဌာန် ဆင်ရသော အရပ်ဌာန အနေအထားများကို သိအပ်သည်။

ဇာနုသောဏီပုဏ္ဏား ဆင်ယင်သော သင်းကျင်ကို အရှည်အလျား လက်ရှစ်သစ် ဟူ၍ ၎င်းကျမ်းဂန်များတွင် ဆိုသည်မှာလည်း အထိုက်အလိုက် အရာဌာန အလျောက် ပသေနဒီကောသလမင်းက အသနားခံရသည်ကို ရည်၍ ဆိုခြင်းသာ ဖြစ်သည်၊ ရေမြေသေဌ်နှင်း မင်းတို့ ဆင်ယင်သော သင်းကျစ်မှာကား အလျား တတောင်၊ အနံ လက်လေးသစ်ပမာဏရှိသည်ဟူ၍ သီလက္ခန်အဋ္ဌကထာ ဗြဟ္မဇာလ သုတ်အဖွင့်တွင် ဆိုသောကြောင့် လကျာနားပန်ကသည် လက်ဝဲနားပန် ဆိုက် လောက်အောင် အလျား တတောင်ပမာဏ၊ နဖူးပြင် ပြည့်လောက်အောင် အနံ လက်လေးသစ်ပမာဏ လုပ်ဆောင်သင့်သည်။ သီလက္ခန်အဋ္ဌကထာပါဌ်ကား—

ရတနမတ္တာယာမံ စတုရင်္ဂုလဝိတ္ထတံ ကေသန္တပရိက္ခေပံ ဒသောတွာ မေဃမုခေ ဝိဇ္ဇုလတံ ဝိယ နလာဋေ ဥဏှိသပဋ္ဋံ ဗန္ဓန္တိ။

**အနက်**—ရတနမတ္တာယာမံ၊ တတောင်ပမာဏ အလျားရှိသော။ စတုရင်္ဂုလ ဝိတ္ထတံ၊အနံလက်လေးသစ်ရှိသော။ဥဿုံသပဋ္ဌံ၊သင်းကျစ်ပြားကို။ ကောသ န္တပဋိရစ္ဆေဒံ ဆံလျှဉ် အပိုင်းအခြားမှ။ ဒသောတ္တာ၊ပြု၍။ မေဃမုခေ၊မိုးတိမ်ဝဋ္ဋ။ ဝိဇ္ဇုလတံဝိယ၊ လျှပ်စစ်နွယ်ကဲ့သို့။နလာဋ္ဌဥဿုံသပဋ္ဌံ၊နဖူးသင်းကျစ်ပြားကို။ဗန္ဓိတ္တွ၊ဖွဲ့စီကုန်၏။

ဤပါဠိ၊အနက်ကို ထောက်၍ ရေမြေသေဋ္ဌနင်း မင်းတို့ သင်းကျစ် အလျား အနံ ပမာဏ စဉ်ဖွဲ့ ဆင်ယင်ရာအရပ်ဌာနများကို သိအပ်သည်၊ ဤသို့ ကျမ်းဂန်ထုံးစံနှင့် အညီ စိုက်ပန်း ပါ မပါ သင်းကျစ်နှစ်ပါးရှိကြောင်း၊ အိမ်ရှေ့မင်းမှစ၍ အသနား တော် ခံထိုက်သည့် သားတော် မြေးတော်များ သင်းကျစ်ဆင်ယင်သင့်ကြောင်း၊ သင်းကျစ်လုပ်ရာသော အဆင်းသဏ္ဌာန် အလျား အနံပမာဏ ဆင်ယင်ရာသော အရပ်ဌာန အနေအထားများကို သိတော်မူသာအောင် မေတ္တာစာ ဆက်သွင်းအပ် သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

---

## ရဟန်းတော်များ ကူးတို့ခ ရွှန် လွှတ်သင့် မလွှတ်သင့်

အတွင်းဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရဟန်းသံဃာတို့ ကြည်းကြောင်း ရေကြောင်း သွားလာ သည့် ကင်းကူးတို့သို့ ရောက်လျှင် အဖိုးအခွန် လွှတ်သင့်သည် မလွှတ်သင့်သည်၊ သံဃိကမြေ ပုဂ္ဂလိကမြေများတွင် သံဃိက မျိုးစေ့ ပုဂ္ဂလိကမျိုးစေ့ စိုက်ပျိုး၍ ဖြစ်သည့် အသီးအနှံ၊ မင်း ဧကရာဇ်တို့ မလှူ ကျောင်း,ဘုရား အာရာမ်ပြု၍ ထားသည့်မြေ အတွင်း စိုက်ပျိုးပေါက်ရောက်သည့် အသီးအနှံများကို အဖိုး အခွန် လွှတ်သင့်သည် မလွှတ်သင့်သည်များကို သိတော်မူသာ အောင် ဆရာတော်မှာ လျှောက်ထား၍ ဆက်သွင်းစေ၊ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည် အတိုင်း လျှောက်လှာပါစေသည်၊ ကျမ်းဂန် မည်သို့ လာသည် ထုတ် နုတ်၍ စာဆက်သွင်းတော်မူပါမည် အကြောင်းကို လျှောက် ပါသည် ဆရာတော်ဘုရား။

**၁၁၆၂—ခု သီတင်းကျွတ်လဆန်း(၁)ရက်နေ့ မဟာဒါန်ဝန် သီရိဇေယျသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ရဟန်းသံဃာတို့ ကြည်းကြောင်း ရေကြောင်း ကင်းကူးတို့ အဖို့အခွန် လွတ်သင့် မလွတ်သင့်၊ သံဃိကမြေ ပုဂ္ဂလိကမြေ မင်းမြေ မင်းကေရာဇ်တို့ မလှူ ကျောင်း, ဘုရားအာရာမ်ပြု၍ ထားသည့် မြေများတွင် စိုက်ပျိုး ပေါက်ရောက်သည့် အသီးအနှံများကို အဖို့အခွန် လွတ်သင့် မလွတ်သင့် ဆင်ခြင်စီစစ် ဆွေးနွေးရန်အကြောင်း ရှိသည်၊ ရဟန်းသံဃာတို့ ဆင်ခြင်စီစစ် ဆွေးနွေးမှု ကပ္ပိယ အကပ္ပိယအဖြစ်ကို နှလုံးမူ၍ ကုက္ကုစ္စသံသယ ကင်းမည်၊ ရေမြေသေင်္ဂနင်း မင်းကေရာဇ်တို့ ဆင်ခြင်စီစစ် ဆွေးနွေးမှုလည်း ပိုင်ထိုက်သည့်အဖို့အစုဖြင့် သာသနာတော်ကို ချီးမြှင့်ခြင်းကုသိုလ်ဖြစ်ပွားမည်၊ ယင်းသို့လျက် ဆင်ခြင်စီစစ် ဆွေးနွေးခြင်းကို မပြု၊ ရဟန်းသံဃာတို့မှာ ကင်းကူးတို့ အဖို့အခွန် သံဃိက ပုဂ္ဂလိက မင်းမြေ ကျောင်းအာရာမ်မြေများတွင် စိုက်ပျိုးပေါက်ရောက်သည့် အသီးအနှံ အဖို့အခွန်များကို လွတ်စေ မလွတ်စေနှင့် အဝမင်းတို့ လက်ထက် အမိန့်တော်ပြန်တမ်းလည်း မရှိ၊ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်မူကား သာသနာတော်မြတ်ကို ချီးမြှင့်၍ ပါရမီဖြည့်တော်မူထိုက်သောကြောင့် အလွန် ဆင်ခြင်မိခဲ့သည်ကိုလည်း တရားကျမ်းဂန်နှင့်အညီ ဆင်ခြင်တော်မူမိသည်။

၁၁၄၇—ခု နှစ်ကပင် ပိုင်တော်မူတိုင်း ပိုင်တော်မူထိုက်သည့် ကင်းကူးတို့ အဖို့အခွန်ဖြင့် သာသနာတော်မြတ်ကို ချီးမြှင့်တော်မူ၍ အမိန့်တော် ပြန်ထုတ်တော်မူသည်၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာ ထာဝရကုသိုလ်တော်ဖြစ်ပွားမည် မချွတ်ဖြစ်သည်၊ ရဟန်းသံဃာတို့ ကင်းကူးတို့ အဖို့အခွန် မလွတ်သင့်၊ ကင်းကူးတို့ အဖို့အခွန် မပေးပဲ ကင်းကူးတို့ကို လွန်သွားသော ရဟန်းအား မိမိပေးရန် ကင်းကူးတို့ အဖို့အခွန်သည် ရွှေစင် ငါးပဲခန့်ထိုက်လျှင် ခြေလှမ်းမြောက်တွင်ပင် ပါရာဇိကသို့ ရောက်ကြောင်းကို "သုင်္ကဃာတံနာမ ရညာ ဌပိတံ ဟောတိ"အစရှိသဖြင့် ပါရာဇိကဏ် ပါဠိတော်တွင် လာသည်၊ ကောက်စပါး ရိတ်သောကာလ ကောက်စပါးအလှူခံ၍ ကင်းထားရာတံခါးကို ရဟန်းမိန်းမတို့ ဝင်လာသည်ကို ကင်းစောင့် ကင်းနေတို့ အဖို့အခွန် တောင်းခံသည်တွင် ကောက်စပါးကို အလှူခံ၍ သုံးဆောင်သော ရဟန်းမိန်းမအား ပါစိတ်အာပတ် ပညတ်တော်မူကြောင်းကို"တေန ခေါ ပန သမယေန ဘိက္ခုနိယော ကဿကာလေ အာမကဓညံ ဝိညာပေတွာ"အစရှိသဖြင့် ဘိက္ခုနီဝိဘင်း ပါဠိတော်တွင် လာသည်။

သံဃိကမြေ ပုဂ္ဂလိကမြေ မင်းမြေမင်းကေရာဇ်တို့ မလှူသည့် ကျောင်း,ဘုရားအာရာမ်မြေများတွင် သံဃာတို့ စိုက်ပျိုးပေါက်ရောက်သည့် အသီးအနှံ အဖို့အခွန်များကိုလည်း ရဟန်းသံဃာတို့ မပေးမနေသင့်၊ မြေကို ပိုင်သည်မှာသာ အကြောင်း

ဖြစ်သည်၊ ရဟန်းသံဃာတို့အား မင်းကရောဇ်တို့ လှူလျှင် ရဟန်းသံဃာတို့ မြေဖြစ်သည်၊ ရဟန်းသံဃာတို့အား မင်းကရောဇ်တို့ မလှူလျှင် မင်းမြေ ဖြစ်သည်၊ မင်းကရောဇ်တို့ ကိုယ်တိုင်ဖြစ်စေ မင်းကရောဇ်တို့ကို ပန်ကြား၍ ဖြစ်စေ မလှူသော ကျောင်းအာရာမ်မြေ, ဘုရားအာရာမ်မြေများလည်း မင်းမြေ စင်စစ် ဖြစ်သည်၊ ရဟန်းသံဃာတို့ ပိုင်ထိုက်သည့်မြေတွင် သံဃိကမြေမှာစိုက်ပျိုးသည့် ပုဂ္ဂလိကအသီးအနှံက သံဃာကို ဆယ်ဖို့တဖို့ အခွန်ပေးသင့်သည်၊ ပုဂ္ဂလိကမြေမှာ စိုက်ပျိုးသည့် သံဃိက အသီးအနှံက ပုဂ္ဂိုလ်ကို ဆယ်ဖို့တဖို့ အဖို့အခွန် ပေးသင့်သည်၊ သံဃိက ပုဂ္ဂလိကမြေတွင် လူတို့ စိုက်ပျိုးသည့် အသီးအနှံက သံဃာ,ပုဂ္ဂိုလ်ကို ဆယ်ဖို့တဖို့ အဖို့အခွန် ပေးသင့်သည်၊မင်းမြေမှာ စိုက်ပျိုးသည့် ပုဂ္ဂလိက သံဃိက အသီးအနှံက မင်းကို ဆယ်ဖို့တဖို့ အဖို့အခွန် ပေးသင့်သည်၊ ယင်းသို့ သံဃိကမြေ ပုဂ္ဂလိကမြေ မင်းမြေများမှာ ရဟန်းသံဃာတို့ စိုက်ပျိုးသည့်အသီးအနှံက ဆယ်ဖို့တဖို့ အဖို့အခွန် ပေးသင့်ကြောင်းကို—

> ဣဒံ၊ ဤသို့ အဖို့အခွန် ပေးခြင်းသည်။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒီပါကျွန်း၌။ ပေါရာဏစာရိတ္တံကိရ၊ မဟာသမ္မတမင်းမှစ၍ ရှေးထုံးအစဉ် ဖြစ်သတတ်။ တသ္မာ၊ ထိုကြောင့်။ ဒသကောဋ္ဌာသေ၊ ဆယ်ဖို့ တဖို့တို့ကို။ ကတွာ၊ပြု၍။ ဧကောကောဋ္ဌာသော၊ တဖို့ကို။ ဘူမိသာမိကာနံ၊ မြေကို ပိုင်ထိုက်သော မြေရှင်တို့အား။ဒါတဗ္ဗော၊ပေးအပ်၏။

ဟူ၍ ဝိနည်းအဋ္ဌကထာတွင် လာသည်။

ယင်းသို့ ကြည်းကြောင်း ရေကြောင်း ကင်းကူးတို့ အဖို့အခွန်၊ သံဃိကမြေ, ပုဂ္ဂလိကမြေ, မင်းမြေ, မင်းကရောဇ်တို့ မလှူသည့် ကျောင်း ဘုရားအာရာမ်မြေများတွင် စိုက်ပျိုးပေါက်ရောက်သည့် အသီးအနှံ အဖို့အခွန်များကို ရဟန်းသံဃာတို့ မပေးမနေသင့်၊ ပေးသင့်သည်ကို ကျမ်းဂန်လာသည်နှင့်အညီ ဆင်ခြင်စီစစ် ဆွေးနွေးတော်မူ၍ တရားမင်းမြတ်အဖို့ ဖြစ်ထိုက်သော ရဟန်းသံဃာတို့နှင့် စပ်သော အဖို့အခွန်ဖြင့် သာသနာတော်မြတ်ကို ချီးမြှင့်တော်မူသော် ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ ကုသိုလ်တော် ဖြစ်ပွားမည်။

---

## မင်းကွန်းစေတီအုတ်ရိုးမှ ရေကြည်ထွက်ခြင်း

တကာတော် အတွင်းဝန်တို့ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား—

သက္ကရာဇ် ၁၁၆၂ ခု တပို့တွဲလဆန်း(၈)ရက်နေ့ မင်းကွန်းစေတီတော်ကြီးတွင် အရှေ့မျက်နှာ ဒုတိယအုတ်ရိုးတွင် နံနက်

တချက်တီးကသည် နေ့နှစ်ချက်တီးကျော် (၄)နာရီခန့်တိုင် အောင်ကြည်လင်ချမ်းမြေ့စွာသော ရေစီးထွက်သည့် အခြင်း အရာကို ဗေဒင်သမားတို့ကို ဆေးမေးတော်မူလျှင် ဗေဒင် သမား ဂုဏစန္ဒ,သုဝံသမြဟ္မာနန္ဒ,စန္ဒိမာတို့က လောကီကျမ်း တွင် အိန္ဒရဒုမဏာမင်းကြီးလက်ထက် ဒွါပရယုတ်ကုန်၍ ကလိ ယုဂ် အစ၌ ဂဇနာထစေတီတော်ကြီးကို တည်သင့်သည်၊ ထို စေတီကို နတ်,ဗြဟ္မာအပေါင်းတို့ မပြတ် ပူဇော်ရာ ဖြစ်မည်၊ ဗြဟ္မာကြီး မိန့်ဆိုတော်မူသည် အတိုင်း ဂဇနာထ စေတီကို ဗြဟ္မာ,နတ်တို့ အထူးထူးသော ရတနာ ပန်း ဆီမီးတန်ဆောင် တို့ဖြင့် အစဉ်ပူဇော်သည်၊ ရေစောင့် ဂင်္ဂါနတ်သမီးတို့လည်း ချမ်းကြည်သော ရေဖြင့် သွန်းလောင်း ပူဇော်ခြင်းကို ပြုကုန် သည်၊ အိန္ဒရဒုမဏာမင်းသည်လည်း ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရ၍ အလွန် သက်တော်ရှည်သည်၊ ထိုအတူ မင်းကွန်း စေတီတော်ကြီးကို ယခု ကလိယုဂ်အခါ၌ တည်ထားပြုစုတော် မူသည်မှာ ခပ်သိမ်းသော နတ်, ဗြဟ္မာတို့ ကြေးကွင်းစသော ရတနာတို့ဖြင့် ပူဇော်သည်၊ ၁၁၆၂ ခု တပို့တွဲလဆန်း(၇)ရက် နေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင်လည်း ဟိမာ လယဝပ္ပထနတ်မင်း သမီး ဂင်္ဂါဒေဝီနတ်သမီးသည် ကောင်း ကင်အရပ်၌ဖြစ်သော မန္ဒာကိဏိ ဂင်္ဂါရေဖြင့် စေတီတော်ကို သွန်းလောင်းပူဇော်သည့် အခြင်းအရာ ဖြစ်ပါသည်၊ ဇမ္ဗူဒိပ် ကျွန်းအလုံးမက အစိုးရတော်မူနိုင်လျက် သက်တော် အလွန် ရှည်တော်မူရာသည် အကြောင်းနှင့် လျှောက်သည် အတိုင်း သာသနာပြု ဆရာတော်မှာ လျှောက်ထားရမည်၊ ဘုရားအမိန့် တော်မြတ်ကို ဦးထိပ်ယက် ဆင်ရွက်ရသည်အတိုင်း မဟာဒါန် ဝန် သီရိဇေယျသူကို လျှောက်လှာပါစေသည်၊ ကျမ်းဂန်ထုံးစံ ရှိသည်များကို ဆရာတော်ဘုရားက စာဆက်သွင်းတော်မူပါ မည်အကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော် ဘုရား၊

**၁၁၆၂—ခု တပို့တွဲလဆန်း(၁၀)ရက်နေ့ လျှောက်လွှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သက္ကရာဇ် ၁၁၆၂—ခု တပို့တွဲလဆန်း(၈)ရက်နေ့ မင်းကွန်းစေတီတော်ကြီး အရှေ့မျက်နှာ ဒုတိယအုတ်ရိုးတွင် နံနက်တချက်တီးကသည် နေ့နှစ်ချက်တီးကျော် (၄)နာရီခန့်တိုင်အောင် ကြည်လင်ချမ်းမြေ့စွာသော ရေယဉ်စီးထွက်သည့်အရာကို ကျမ်းဂန်ထုံးစံရှိသည်အတိုင်း နှိုင်းယှဉ် ဆင်ခြင်သော် ဘုရား ဖြစ်တော်မူသောအခါ ဓမ္မစကြာတရား ဟောတော်မူသောအခါ စသည်များ၌ ရေယဉ် စီးထွက်ကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာစသော ကျမ်းဂန်များတွင် ဆိုသည်နှင့်အညီ ရေယဉ် စီးထွက်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာနိမိတ်သြဘာဖြစ်သည်၊ ကောင်းမြတ်သောမင်္ဂလာနိမိတ်သြဘာ၌သာ ရေယဉ် စီးထွက်ကြောင်းကို ကျမ်းဂန်ထုံးစံ ရှိသည်၊ အမှတ်မဲ့ မင်္ဂလာနိမိတ်သြဘာ မဖြစ်ရာ၌ ရေယဉ် စီးထွက်ကြောင်းကို ကျမ်းဂန်ထုံးစံ မရှိ၊ သီဟိုဠ်ကျွန်းတွင် ဒေဝါနံပိယတိဿမင်း ထူပါရာမစေတီ တည်သောအခါ ရေယဉ် သက်ကြောင်း၊ ဒုဋ္ဌဂါမဏိအဘယမင်း ဟေမမာလာစေတီ တည်သောအခါ ရေယဉ် သက်ကြောင်းများကိုလည်း ဒီပဝင်, မဟာဝင်စသော ကျမ်းများတွင် ဆိုသည်၊ ၎င်းစေတီ တည်သော မင်းတရားတို့လည်း သက်တော်ရှည်၍ ဘုန်းအာနုဘော် ကြီးကြောင်းကို ၎င်းကျမ်းများတွင် ထင်ရှားရှိသည်၊ ၎င်းစေတီများလည်း ယခုထက်တိုင် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ ပူဇော်သက္ကာရပြုရာ ချမ်းသာခြင်း၏ အကြောင်း ဖြစ်ကုန်သည်၊ ယင်းသို့ ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ ယခုစေတီတော်တွင် ရေယဉ် စီးထွက်ခြင်းသည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် သက်တော်ရှည်၍ ဘုန်းအာနုဘော် ကြီးမြင့်တော်မူအံ့သောအကြောင်း၊ ကောင်းမှုတော် စေတီတော်သည်လည်း လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ ပူဇော်သက္ကာရပြုရာ ချမ်းသာခြင်း၏ အကြောင်း မင်္ဂလာနိမိတ်သြဘာ စင်စစ်ဖြစ်သည်၊ ဘုရားလောင်းတို့ ဘုရား ဖြစ်အံ့သော ဘဝတွင် ပဋိသန္ဓေနေသည်ကာလ စသည်များ၌ နိမိတ်သုံးဆယ့်နှစ်ပါး ထင်ရှား ဖြစ်ကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ,သုတ်မဟာဝါအဋ္ဌကထာစသော ကျမ်းဂန်များတွင် ဆိုသည်နှင့်အညီ ဘုန်းပါရမီ ကြီးမြတ်သသူတို့အမှု သတ္တဝါတို့ စီးပွား ချမ်းသာ များအံ့သောအရာ၌ မင်္ဂလာနိမိတ်သြဘာ ထင်ရှားဖြစ်မြဲ ထုံးစံရှိသည်။

စာဘောင်ပြန့်

**ပဥ္စမ ရှင်လောင်း ပဥ္စင်းလောင်းများကို ရှေးမင်းတို့ လက်ထက် ပြန်စေသည့်နည်း ပြန်စေသော် သင့်မည် မသင့်မည်၊ အမေးတော်ရှိ၍ သွင်းသည့် မေတ္တာစာကား—**

အတိဒုလ္လဘတရားဖြစ်သော ဘုရားအဖြစ် သမ္မာသမ္ဗောဓိဆု၌ ညွှတ်သော သမ္မာဆန္ဒတော် ရှိသည်နှင့်အညီ သာသနာတော်မြတ်ကို အဟုတ်အဟုတ် ပြုစု၍ ပါရမီဖြည့်တော်မူသည်၊ ဥပဇ္ဈာယ်, နိဿယည်း မစုံမလင်သော် ပဉ္စင်း မပြုအပ်ကြောင်း၊ ဥပဇ္ဈာယ်,နိဿယည်းကင်းသော ရဟန်းတို့အား အာပတ်ဒုက္ကဋ်မှ မကင်းကြောင်းကို တရားကျမ်းဂန် လာရှိတိုင်း သိမြင်တော်မူ၍ ဥပဇ္ဈာယ်, နိဿယည်း စုံလင်အောင် ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်းဟူသော ဥဘတောဝိဘင်း ဝိနည်းပါဠိတော်ကို တရားမင်းမြတ် လက်ထက်တော်တွင် သိက္ခာဝါ(၁၀)ကျော် ရ၍ မထေရ်မြောက်သော ရဟန်းကြီးတို့ကို ပြန်ဆိုစေသည်၊ သဒ္ဒါ,သင်္ဂြိုဟ်,ညဝါ,နေ့ဝါ တစိုးတစိ ပါဠိပါဠိများကို မြန်မာ, အနက်,အဓိပ္ပါယ်,စကားပြေ လောင်းစွက်၍ အဝမင်းတို့လက်ထက် ရှင်လောင်း ပဉ္စင်းလောင်းများကို ပြန်ဆိုစေသည်၊ မထေရ်မြောက်သောရဟန်းကြီးတို့ကို ဝိနည်းပါဠိတော် ပြန်ဆိုစေခြင်း၊ ရှင်လောင်း ပဉ္စင်းလောင်းများကို သဒ္ဒါ, သင်္ဂြိုဟ်,ညဝါ,နေ့ဝါ တစိုးတစိ ပြန်ဆိုစေခြင်း နှစ်ရပ်တွင် မည်သည်မှာ ကျမ်းဂန် ထုံးစံရှိမည်ကို ဆွေးနွေးနှိုင်းယှဉ်သော် သာသနာတော် ၂၃၆ နှစ် ရှိသောအခါ အရှင်မဟာမဟိန္ဒထေရ် သီဟိုဠ်ကျွန်း၌ သာသနာ ပြုစုတော်မူသည်ကာလ သာသနာတော် တည်ပါတော့မည်လော ဟု ဒေဝါနံပိယတိဿမင်း လျှောက်သည်ကို "သာသနာတော်ကား တည်ကာမတ္တ ရှိပြီ၊ သာသနာတော်၏ အခြေအမြစ် မသက်သေး" ဟု မိန့်တော်မူသည်၊ "အဘယ်အခါမှ သာသနာတော်၏ အခြေအမြစ် သက်မည်" လျှောက်ပြန်သည်တွင် "သီဟိုဠ်ကျွန်းသား ဇာတိဖြစ်သော ရဟန်းသည် ဝိနည်းပါဠိတော်ကို သင်ကြား ဆောင်ရွက် ပြန်ဆိုနိုင်မှ သာသနာတော်၏ အခြေအမြစ် သက်မည်"မိန့်တော်မူ၍ ဝိနည်းပါဠိတော်ကို သင်ကြား ဆောင်ရွက်စေပြီးလျှင် သီဟိုဠ်ကျွန်းသား ဇာတိဖြစ်သော မဟာအရိဋ္ဌရဟန်းကို (၆၀၀၀၀)သော ရဟန်းတို့ အလယ်၌ ဝိနည်းပါဠိတော်ကို သင်ကြား ဆောင်ရွက် ပြန်ဆိုစေသည်ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာ၌ လာသည်ကို ထောက်သော် တရားမင်းမြတ် လက်ထက်တော်တွင်ကဲ့သို့ မထေရ်မြောက်သော ရဟန်းကြီးတို့ကို ဝိနည်းပါဠိတော်ကို ပြန်ဆိုစေခြင်းသာ ကျမ်းဂန်ထုံးစံ ရှိသည်၊ ရှင်လောင်း ပဉ္စင်းလောင်းများကို သဒ္ဒါ,သင်္ဂြိုဟ်, ညဝါ,နေ့ဝါ တစိုးတစိ ပြန်ဆိုစေခြင်းသည် ကျမ်းဂန်ထုံးစံ မရှိ၊ သာသနာတော်စီးပွားကို ထောက်သော်လည်း မထေရ်မြောက်သော ရဟန်းကြီးတို့ကို ဝိနည်းပါဠိတော် ပြန်ဆိုစေခြင်းသာ ဥပဇ္ဈာယ်,နိဿယည်းဖြစ်၍ သာသနာတော် အခြေအမြစ် သက်သောကြောင့် သာသနာတော်စီးပွား များသည်၊ ရှင်လောင်း ပဉ္စင်းလောင်းများကို သဒ္ဒါ,သင်္ဂြိုဟ်, ညဝါ,နေ့ဝါ တစိုးတစိ ပြန်ဆိုစေခြင်းမှာ သာသနာတော် အခြေအမြစ် မသက်သေးဖြစ်၍ သာသနာတော်စီးပွား မများလှန်း ဖြစ်သည်။

ယခုလည်း ရွှေတောင်တိုက် ရှင်ဉာဏစက္က၊ အောင်မြေရှင်ဘုံကျော်တိုက် ရှင်တေဇောသာရ၊ ၎င်းရှင်ဉာဏဓဇ၊ ညောင်ကန်တိုက် ရှင်ပညာသာမိ၊ မဲတီးတိုက် ရှင်သုမန၊ ရှင်ရသတို့ ဥဘတောဝိဘင်းကျမ်းကို သုဓမ္မာစရပ်တော်တွင် ဆရာတော် သံဃာတော်တို့ မျက်မှောက် ပြန်ဆိုဆဲ ဖြစ်သည်၊ သာသနာတော် အခြေအမြစ် သက်၍ သာသနာတော်စီးပွား များခြင်းကြောင့် အသာဓာရဏကုသိုလ်တော် ဖြစ်ပွားအောင် မထေရ်မြောက်သော(၁၀)ဝါရ ရဟန်းကြီးတို့ကို ဥပဇ္ဈာယ်, နိသျည်းအင်္ဂါ ဥဘတောဝိဘင်း ဝိနည်းပါဠိတော်ကို ပြန်ဆိုမြဲ ပြန်ဆိုစေသင့်သည်၊ဆရာတော် အယူရှိပါကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

သည်မေတ္တာစာကို ဆက်သွင်းသည်တွင် ထုတ်ပြန်တော်မူသည့် အမိန့်တော်ကား—

> ပဌမရှင်လောင်းတို့မှာ ရှင်ကျင့်ဝတ်, လိင်, ဒဏ်, သေခိယ, ခန္ဓကဝတ်၊ ပဉ္စင်းလောင်းတို့မှာ ပါတိမောက်နှစ်စောင် ပါဠိ,အနက် နိသျမုတ္တကအင်္ဂါကို ရှေးဦး ပြန်ဆိုစေပြီးမှ အမိန့်တော်ပြန်တမ်းတွင် ဆိုရိုးအတိုင်း ပြန်စေ၊ သက္ကရာဇ် ၁၁၅၃—ခုနှစ် စာပြန်ကို ရပ်စေ၊ ဥဘတောဝိဘင်း နိသျမုတ္တကအင်္ဂါကျမ်းများကိုသာ ပြန်စေ၊ ၁၁၅၃—ခု နယုန်လဆန်း (၂)ရက်နေ့ နားခံတော် ကျော်စွာနော်ရထာပြန် အမိန့်တော်။

## ရှင်သူငယ် အိပ်မက်

**သက္ကရာဇ် ၁၁၆၃—ခု နတ်တော်လဆန်း(၁၀)ရက်နေ့တွင် နောင်တောရွာကျောင်းနေ ရှင်သူငယ် အသက် ဆယ်နှစ်ရွယ်၊ ရှင်မည် နန္ဒိဆိုသူကို မေးလျှောက်သည်တွင် ထွက်ဆိုချက်။**

သက္ကရာဇ် ၁၁၆၂—ခု တပေါင်းလပြည့်ကျော်(၉)ရက်နေ့ည သီလ သီတင်း ဆောက်တည်လျက် အိပ်နေရာ ညဥ့်သန်းကောင်ကျော် အချိန်တွင် ဝတ်ဖြူစင်ကြယ် လက်ဝယ်ပုတီး တောင်ဝှေး စွဲကိုင်လျက် သူတော်အိုတယောက် ကျောင်းထက်သို့ တက်လာ၍ နောင်တောရွာကျောင်းမြောက် တတိုင်ခန့်ကွာ ထုံးကျောက်တောင်တွင် ဆင်ဖြူရှိ၍ ပွဲလမ်းသဘင် ခံနေသည်မှာ ကချေ အတီးအမှုတ် ခြိမ့်ခြိမ့်သဲ ဖြစ်သည်၊ သူတော်အို ပြောဆိုလာသည်၊ ကျောင်းအောက်သို့ ဆင်းသွားပြီးနောက် မိုးသောက်၍ နိုးလျှင် အဖဖြစ်သူ ပေါ် ရှင်နန္ဒိကို ခေါ်၍ မက်သည့်အိပ်မက်အတိုင်း ပြန်ပြောသည်နှင့် ရှင်သူငယ် ရှင်ဘတို့ နှစ်ယောက် ပွဲလမ်းသဘင် ခံနေသည့်အိပ်မက်

ပေးရာ ထုံးကျောက်တောင်သို့ သွား၍ ကြည့်ရှု ရှာဖွေကြသည်တွင် ထုံးကျောက်တောင်ထိပ်မှာ စန္ဒကူးပင်ကြီးတပင် မိုးလျက် သာတောင့် သာယာ နေရာ ရှင်းရှင်းလင်းလင်းတွင် အချိန် တရာကျော် တထောင်ခန့်ရှိသော ကျောက်တလုံးသည် ချောချောမွေ့မွေ့ ပွတ်ထားဘိသကဲ့သို့ ရှိသည်ကို တွေ့သည်နှင့် ၎င်းကျောက်လုံးကို ရှင်သူငယ်သားအဘတို့ လုံ့လအားထုတ် ကုတ်နှင့် ကတီကော်၍ တောင်ပေါ်က အောက် တောင်ခြေရင်းသို့ ချလိုမ့်ပြီးလျှင် ထုံးဖုတ်သူတို့ကို ခေါ်၍ ခွဲစေသည်တွင် ကျောက်လုံးအထဲမှာ ထုပ်ပိုး၍ထားဘိသကဲ့သို့ ဓားငါးစင်းကို ရပါသည်၊ ရသည့် ဓားငါးစင်းအနက် တစင်းဓားမှာ ထုခွဲသည်ကာလ ပေါက်ဆိန်နှောင့် ရိုက်မိ၍ ကျိုးပဲ့ပါသည်၊ ရသည့်ဓားငါးစင်းကိုယူ၍ ဝမ်းမြောက်ဝမ်းသာ ရွာသို့ ပြန်လှာသည်နှင့် ကျောင်းသို့ ရောက်လျှင် လူ့ရှင့်ရဟန်းတို့ကို စုံစမ်းပြသ ပြောဆိုသည်တွင် အရှင်နှင့်သာ ထိုက်တန်သည့်ဓားဆို၍ ပိုင်နောင် ဟိုဟိန်သို့ ပေးပို့ပါသည်၊ ၎င်းပိုင်နောင် ဟိုဟိန်ကလည်း အရှင်နှင့်သာ ရထိုက်သည့် ဓားဖြစ်သည်၊သိန္နီရှင် စော်ဘွား စစ်ကဲ အမတ်တို့ထံ ပို့ဆက်မှ သင့်မည်ဆို၍ သက္ကရာဇ် ၁၁၆၃–ခု တော်သလင်းလဆန်း (၈)ရက်နေ့ သိန္နီမြို့သို့ ပို့ဆက် ရောက်ပါသည်၊ ပို့ဆက် ရောက်သည်နောက်မှ ဓားရသည့် ကျောက်ခွဲရာတွင် ရာဇမှတ် တပင်ကာရံ၍ ထားပါသည် ထွက်ဆိုသည်။

---

## မေတ္တာစာ

### ၎င်းထွက်ဆိုချက် အရနှင့် အမေးတော်ရှိ၍ သွင်းသည့် မေတ္တာစာကား—

သိန္နီမြို့က ဆက်ရောက်သည့် ဓားတော်အကြောင်းအရာကို ကျမ်းဂန်ထုံးစံရှိသည် အတိုင်း နှိုင်းယှဉ်ဆင်ခြင်သော် ဝတ်ဖြူစင်ကြယ်နှင့် သူတော်အိုတယောက် လာ၍ သာမဏေကို အိပ်မက် ပေးသောကြောင့် သာယာသန့်ရှင်းစွာသော တောင်ထိပ်ပြင်တွင် တခဲနက် လုံခြုံစွာသော ကျောက်သေတ္တာနှင့် အညစ်အကြေး အမည်းအသန်းမရှိ အသစ်စက်စက် အရောင်လက်လက် လျှပ်လျှပ်ရှိသော ဓားလေးစင်း ရကြောင်းကို သာမဏေ အစစ်ခံချက်စကားတွင် ဝတ်ဖြူစင်ကြယ်နှင့် သူအိုဆိုသည့် အရာသည် သာသနာစောင့် သိကြားမင်း စင်စစ်ဖြစ်မည် ယူရန်ရှိသည်၊ ယင်းသို့ ယူသင့်ကြောင်းကိုလည်း ဘုရားဖြစ်တော်မူစ သတ္တဋ္ဌာနတွင် အဇပါလဉ္စ နေတော်မူသောအခါ ဘုရားသခင်အထံတော်သို့ သိကြားမင်းလာ၍ သာသနာတော်မြတ်ကို စောင့်မပါမည် ခံဝန်ကြောင်း၊ လေးဆယ့်ငါးဝါစေ့၍ ပရိနိဗ္ဗာန်ပြုမည့်အခါ အထံတော်သို့ လာသော သိကြားမင်းအား သာသနာတော်မြတ်ကို စောင့်မရစ် မိန့်မှာတော်မူကြောင်းများကို ကျမ်းဂန်လာသည်နှင့်အညီ သာသနာတော်မြတ်ကို

သိကြားမင်း စောင်မသင့်သည် ဖြစ်၍ သိရသည်၊ ဘုရားသခင်အထံတော်၌ သာသနာတော်မြတ်ကို စောင်မပါမည် သိကြားမင်း ခံဝန်ချက်၊ သာသနာတော်မြတ်ကို စောင်မရစ် ဘုရားသခင် မိန့်မှာချက် ရှိသော်လည်း သာသနာပြုမင်းတို့ လက်ထက်မှသာ သိကြားမင်း စောင်မသည်၊သာသနာပြု မဟုတ်သောမင်းတို့လက်ထက် သိကြားမင်း မစောင်မ၊ သာသနာပြုဖြစ်သော သီရိဓမ္မာသောကမင်း လက်ထက် ဓာတ်တော်,မွေတော်တို့ကို ယူ၍ ပေးဝေစေခြင်း၊ ဒုဋ္ဌဂါမဏိအဘယမင်း လက်ထက် တောတောင်၌ရှိသော ရတနာတို့ ပေါ်ထွက်စေခြင်း စသဖြင့် သာသနာတော်မြတ်ကို သိကြားမင်း စောင်မသည်ကို ကျမ်းဂန်တွင် ဆိုသည်၊ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည်လည်း သာသနာတော်မြတ်ကို တရားနှင့်အညီ မရက်မစက် မြတ်နိုးတနာ ပြုစုသုတ်သင်တော်မူသည်၊ မင်းသားဖြစ်စဉ်ကပင် သာသနာတော်မြတ်ကို ပြုစုသုတ်သင်လိုသော ဆန္ဒဉဿာဟ မပြတ်ရှိတော်မူသည်၊ ရွှေထီးရွှေနန်း သိမ်းမြန်းတော်မူလျှင် ရဟန်းသံဃာတို့ကို ကပ္ပိယ, အကပ္ပိယအရာများကို သိ,မသိ ကျင့်,မကျင့် ဆွေးနွေးမေးမြန်း၍ ဘေးလောင်းတော် သီရိဓမ္မာသောကမင်း, ကာလာသောကမင်းတို့ကဲ့သို့ သဘာဂ, ဝိသဘာဂ သီးသန့်တော်မူသည်၊ ကပ္ပိယ, အကပ္ပိယအရာများကို သိမှ ကျင့်ဆောင်နိုင်မည် အကြောင်းကို မြော်ထောက်တော်မူ၍ ခုဒ္ဒသိက္ခာ, ပါတိမောက်များကို နှုတ်တက်ဆောင်ရွက်စေတော်မူသည်၊ ဥပဇ္ဈာယ်,နိဿျည်းနှင့် မကင်းရာသည်ကို သိတော်မူ၍ ဥဘတောဝိဘင်းကျမ်းကို အာဂုံ ပြန်စေတော်မူသည်၊ ယင်းသို့ မင်းတပါးတို့ ကြံမိမည်မျှ ခဲခက်စွာသော အခြင်းအရာဖြင့် တရားကျမ်းဂန်နှင့်အညီ သာသနာတော်မြတ်ကို မဆုတ်မနစ် ပြုစုသုတ်သင်တော်မူသည်ကိုလည်း သဗ္ဗညုတညာဏ်ကို မရမီ ဤမျှသာ တန်ပြီဟု အားရမြဲမဟုတ်သော ဘုရားလောင်းတို့ သဘောရှိသည်အတိုင်း ဤမျှတည်းဖြင့် အားရတော်မမူဦးပဲ ဥပုသ်, ပဝါရဏာ, ဝါဆိုဝါကပ် နေ့ရက်အခေါ်အဝေါ်များကို သာသနာကျမ်း ဗေဒင်ကျမ်းများနှင့် စိတ်ဖြာခွဲခြမ်းလျက် အမှန်အကန် ဖြစ်အောင် အားထုတ်တော်မူသည်၊ ယင်းသို့စင် သဗ္ဗညုဆု၌ ညွှတ်သော ဝီရိယ လုံ့လဖြင့် သာသနာတော်မြတ်ကို ပြုစုသုတ်သင်ဘော်မူသည်ကိုလျက် သာသနာစောင့် သိကြားမင်း မချီးမြှင့် မစောင်မ နေသာမည်မဟုတ်၊ မချွတ်စင်စစ် ချီးမြှင့်စောင်မသည် ဖြစ်သည်၊ ယင်းသို့ ချီးမြှင့် စောင်မကြောင်းကိုလည်း ဘေးလောင်းတော် အနော်ရထာမင်းစော ပင့်ဆောင်၍မရသော မဟာမုနိရုပ်ပွားတော်ကို လွယ်လင့်တကူ ပင့်ဆောင်နိုင်ခြင်း၊ ဂန္ဓာလရာဇ်ပြည်က စွယ်တော်ပွား ရောက်ခြင်း၊ သီဟိုဠ်ကျွန်းက မွေတော် ဓာတ်တော် ရောက်ခြင်း၊ သီဟိုဠ်မင်း, ဂန္ဓာလရာဇ်မင်း, ဝေသာလီမင်းစသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများက ပဏ္ဏာကာရ ဆက်သခြင်း၊ ဆင်ဖြူရတနာ များစွာရောက်ခြင်း အစရှိသော အကြောင်းများဖြင့်

ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်အား သိကြားမင်း ချီးမြှင့် မ,စသည်ကို ဆတ်ဆတ်သိကြရသည်။

ယခုလည်း ရှေးရှေးက ဖြည့်ကျင့်တော်မူခဲ့သော ဘုန်းပါရမီတော်နှင့် သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူသော ဘုန်းပါရမီတော်နှစ်ပါး ညီညွတ်သဖြင့် အတုမရှိထက်သန်သောဘုန်းပါရမီတော်ကြောင့် ဓားစကြာရတနာဖြင့် သိကြားမင်း ချီးမြှင့်ခြင်း ဖြစ်သည် အမှန်ယူရန် ရှိသည်၊ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူသည့်အရာ အမှန်အကန်ဖြစ်သည်ကို ရည်၍တကြောင်း၊ဆက်သထိုက်သောသူတို့ကို သိမြင်၍ တကြောင်း၊ သာမဏေကို အိပ်မက်ပေး၍ သိန္နီမြို့ကျေးတွင် သိကြားမင်း ပေးသည် ယူရန်ရှိသည်၊သာသနာပြုဖြစ်သော ဒုဋ္ဌဂါမဏီအဘယမင်းအား မင်းနေပြည်မှ ဝေးသော တော တောင်အရပ်၌ ရတနာတို့ကို သိကြားမင်း ပေးပြသည် ထုံးစံရှိသည်၊ တခဲနက် ကျောက်အတိ လုံခြုံစွာသော ကျောက်သေတ္တာနှင့် လူတို့ လုပ်၍ မဖြစ်နိုင် တံဆိပ်အရေးအသားများဖြင့် အလွန် ဆန်းကြယ်ခြင်း ရှိသည်ကို ထောက်၍လည်း နတ်တို့ လုပ်ဆောင်ဖန်ဆင်းသော ဓားဖြစ်သည် အမှန်ယူရန် ရှိသည်၊ ထူးမြတ်သော ဘုန်းတန်းခိုးအာဏာကို ဖြစ်စေတတ်သော လက်နက်ဖြထူးသည် စကြာမည်ကြောင်းကို အဘိဓာန်ကျမ်းများ၌ ဆိုသည်၊ ဘုန်းတန်းခိုး ကြီးသောမင်းတို့အား ဓားသန်လျက်သည် ရတနာမည်ကြောင်းကို ဇာတ်နိပါတ်၌ ဆိုသည်နှင့်အညီ ထူးမြတ်သော ဘုန်းတန်းခိုး အာဏာကို ဖြစ်စေတတ်သော မြတ်သော မင်းတို့နှင့် ထိုက်တန်သော ဓားတော်များသည် ဓားစကြာရတနာ ဖြစ်ထိုက်သည်၊ သရေခေတ္တရာ ဒွတ္တပေါင်မင်း၊ ဓညဝတီ စန္ဒသူရိယမင်း၊ ပုဂံ ကွမ်းဆော်မင်းတို့အား သိကြားပေးပြသော လှံ,ဓားစကြာရတနာကဲ့သို့ ဓားစကြာရတနာ အဖြစ်ဖြင့် မင်းခမ်းတော်သို့ သွင်း၍ သိမ်းယူတော်မူသင့်သည်။

---

## ဒက္ခိဏာသာခါ ဗောဓိသား

သီဟိုဠ်ရဟန်း ရှင်သုမင်္ဂလ, အလုပ်အကျွေး ကနရှေနှင့် လူသုံးယောက်တို့တွင် ယာပါနံဆိပ်စား သေဋ္ဌေး ဒါမော်ဒရက ဒက္ခိဏာသာခါ ဗောဓိသားကို ဆက်လိုက်သည်တွင် သွင်းသည့် မေတ္တာစကား—

၁၁၆၃—ခုနှစ် သီဟိုဠ်ကျွန်းက ရဟန်း ရှင်သုမင်္ဂလ ဗောဓိပင်ငယ် ဓာတ်တော်များကို နိုင်ငံတော် ဇမ္ဗူဒိပ်ကျွန်းသို့ ဆောင်ယူခဲ့သည်ကို ယာပါနံဆိပ်နေ အင်္ဂလိပ်လူမျိုးတို့က ဆီးတား၍ မဆောင်ခဲ့ရကြောင်းနှင့် ရှင်သုမင်္ဂလကို နေပြည်တော်သို့ လာရောက်သည်တွင် အမိန့်တော်မြတ်နှင့် ယာပါနံဆိပ်စား သေဋ္ဌေးဒါမော်ဒရတို့သို့

ဟံသာဝတီမြို့ဝန်ကစာ ဆရာတော်ကစာ ပေး၍ ရန်ကုန်မြို့နေ အလုပ်အကျွေး ကနရွှေ, သုဘရာ, သတ်ပူ ကလယ်မျိုး လူသုံးယောက်တို့နှင့် ရှင်သုမင်္ဂလ ပြန်သွားသည်၊ ၁၁၆၃–ခု ကဆုန်လဆန်း(၄)ရက်နေ့ ရွှေမြို့တော်သို့ ရှင်သုမင်္ဂလ အလုပ်အကျွေး ကနရွှေ ရောက်လာ၍ ဆေးမေးလျှင် ၁၁၆၁–ခု တပေါင်းလဆန်း(၅)ရက်နေ့ ရန်ကုန်ဆိပ်တော်က အင်္ဂလိပ်လူမျိုး လျှည်ဆိုသူ သင်္ဘောတွင် စီး၍ လိုက်လျှင် နေရက် နားရက်နှင့်တကွ ရက်ပေါင်း(၃၀)ကျော်နှင့် သီဟိုဠ်ကျွန်း ယာပါနံဆိပ်သို့ ရောက်ပါသည်၊ ယာပါနံဆိပ်သို့ ရောက်လျှင် ဟံသာဝတီမြို့ဝန်က စာ၊ဆရာတော်က စာများကို ဆိပ်စားသေဋ္ဌေး ဒါမောဒရတို့ထံတွင် ပြပါသည်၊ အထက်က တြိကနာမလယ်တွင် ထားခဲ့ရသည့် ဗောဓိပင်ငယ် မရှိ၊ သေနှင့်သည်၊ ရှင်သုမင်္ဂလ အဖေါ် ရဟန်း ၁၊ လူ ၁ တို့လည်း ရှင်သုမင်္ဂလ လာရောက်ခဲ့၍ ခန္တီမြို့သို့ ပြန်နှင့်သည်တွင် သေဋ္ဌေး ဒါမောဒရထံသို့ ရှင်သုမင်္ဂလ သွား၍ ဗောဓိပင်ငယ်လည်း မရှိပြီ၊ အဖေါ် ရဟန်း, လူတို့လည်း ပြန်သွားနှင့်သည်၊ ယခု ဇမ္ဗူဒိပ်ကျွန်းသို့ ဆရာပြန်လည်၍ မသင့်သေး ဖြစ်သည်၊ သေဋ္ဌေး ဒါမောဒရတွင် အထက်က ကိုးကွယ်သည့် ဗောဓိသားကို ဇမ္ဗူဒိပ်ကျွန်း အမရပုရမြို့ ဆင်ဖြူများရှင် မင်းတရားကြီး ကိုးကွယ်တော်မူရန် ဆက်ပေးလိုက်၍ နောက်မှ ဗောဓိပင် ဓာတ်တော်များနှင့် ဆရာကိုယ်တိုင် သွားရသော် သင့်မည် ပြောဆိုပြီးလျှင် သေဋ္ဌေး ဒါမောဒရလက်တွင် ကိုးကွယ်သည့် ဗောဓိသားကို ကနရွှေနှင့် အလုပ်အကျွေး လူသုံးယောက်တို့တွင် ပေးအပ်၍ ပြန်လည်ခဲ့ရသည်၊ ဗောဓိသားကို သံသေတ္တာတွင် ထည့်၍ ချိပ်တံဆိပ်ခတ်သည်၊ ဖဲနီမွမ်းမံသည်၊ ရှင်သုမင်္ဂလက သီဟိုဠ်အက္ခရာနှင့် လျှောက်စာ၊ သေဋ္ဌေး ဒါမောဒရက ကြေးအက္ခရာနှင့် လျှောက်စာများကိုလည်း ဆရာတော်သို့ ပေးလိုက်သည်၊ လျှောက်စာအရမှာ "အထက် ထားခဲ့သည့် ဗောဓိပင်ငယ် သေ၍ သီဟိုဠ်ကျွန်းတွင် စစ်မက် ဖြစ်ကြသည်နှင့် ဘဆောတလျှင် မပြန်မလည်ပါရကြောင်း၊ သေဋ္ဌေးဒါမောဒရလက်တွင် ကိုးကွယ်သည့် ဗောဓိသားကို ဆက်လိုက်ပါရကြောင်းများကို ပါသည်"။သီဟိုဠ်ကျွန်းတွင် သီရိဝဍ္ဎနမည်သော ခန္တီမြို့မှာ မင်းမရှိ၊ နောက်သားနှစ်ယောက်တွင် ညီကို အမတ်တို့က မင်းမြှောက်သောကြောင့် အစ်ကိုက အင်္ဂလိပ်လူမျိုးတို့နှင့် ပေါင်းဖေါ်ပြီးလျှင် ညီ မင်းပြုသည်ကို တိုက်၍ စစ်မက်ကြီးစွာ ဖြစ်ကြသည်ကို ကြားသိခဲ့ရပါသည်၊ ရှင်သုမင်္ဂလနှင့် သေဋ္ဌေး ဒါမောဒရတို့က ဆက်လိုက်သည့် ဗောဓိသားနှင့် စာပေများကို ဆောင်ယူ၍ သီဟိုဠ် ရဟန်း ရှင်သုမင်္ဂလ အလုပ်အကျွေး ကနရွှေနှင့် လူသုံးယောက်တို့ ပသီမျိုး ကာတီသတ်ဆိုသူ သင်္ဘောနှင့်စီး၍ ခရီးအကြား နေရက် နားရက်နှင့်တကွ ရက်ပေါင်း(၇၀)ကျော်နှင့် ရန်ကုန်ဆိပ်တော်သို့ ဆိုက်ရောက်ပါကြောင်းကို ထွက်ဆိုသည်၊ ကနရွှေတို့ ထွက်ဆိုချက်မှာ စာပါချက်များကို ထောက်သော် သဗ္ဗညုအဖြစ်ကို အလွန်

ရနိုင်ခဲ့သည်ကို သိ၍ ဘုရားရှင် ဂုဏ်ကျေးဇူး၌ သဒ္ဓါကြည်ညိုခြင်း ပြင်းစွာရှိသော အမျိုးသားတို့သည် သဗ္ဗညုဘုရား ပွင့်ရာ ဗောဓိကို ရှာကြံကိုးကွယ်ကြသည်နှင့်အညီ သီဟိုဠ်ကျွန်း ယာပါနိဆိပ်စား သေဌေး ဒါမော်ဒရလက်တွင် ကိုးကွယ်သော ဒက္ခိဏသာခါ ဗောဓိသားကို အတုမရှိ ဘုန်းတော်ကြီးမြတ်သော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ရွှေဘုန်းတော်ကြောင့် ဆက်ရောက်သည် စင်စစ် ဖြစ်သည်။

ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး လက်ထက် သမီးတော် သင်္ဃမိတ္တာမထေရ်မ ဆောင်၍ သီဟိုဠ်ကျွန်းသို့ ရောက်သော ဒက္ခိဏသာခါ ဗောဓိကို နောက်ကာလ မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီးကြောင်း၊ တဖန် အသစ်ပေါက်ရောက်ကြောင်း ကို သီဟိုဠ်ရဟန်းတို့ ပြောဆိုသည်နှင့်အညီ မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီးသည်တွင် ထိုမှ ဤမှ သဒ္ဓါကြည်ညို ကိုးကွယ်သူတို့ လက်သို့ ဒက္ခိဏသာခါ ဗောဓိသား ရောက်သည်နှင့် ယာပါနိဆိပ်စား သေဌေး ဒါမော်ဒရလက် ရောက်သည့် ဒက္ခိဏသာခါ ဗောဓိသား မှန်သည် ယူရန်ရှိသည်။

---

## မိုးနဲ့စော်ဘွား ဆက်သသည့်ကျောက်

ဘုရားကျွန်တော် မိုးနဲစော်ဘွား စစ်ကဲအမတ်တို့ ရှိခိုး အစီရင်တော်ခံပါသည် ဘုရား—

> သက္ကရာဇ် ၁၁၆၃ ခု ဝါဆိုလပြည့်ကျော် (၁၄) ရက် ဗုဒ္ဓဟူးနေ့ နေ့တချက်တီးကျော် အချိန်တွင် မိုး လေ မဆင်မအုံ့ အမြောက်သံ မိုးကြိုးသံကဲ့သို့ ထူးခြားစွာ ဟိန်းသည်၊ ဟိန်းပြီး လျှင် ကောင်းကင်က မြို့မြောက်တွင် ကျ၍ ရသည့်အရာသည် ခြိမ့်ခြိမ့်အုံးအုံးအသံနှင့် ရသည့်အရာဖြစ်၍ ရွှေဘဝါးတော်မြတ် အောက် ပို့ဆက်ပါမည်အကြောင်းကို ရှိခိုး အစီရင်တော်ခံပါ သည်ဘုရား။
>
> သက္ကရာဇ် ၁၁၆၃ ခု ဝါခေါင်လပြည့်ကျော် (၇) ရက်နေ့ မိုးနဲမြို့စော်ဘွား စစ်ကဲအမတ်တို့က စေသူ ငမြတ်သာဦးကို မေးသော် မိုးနဲမြို့တွင် ၁၁၆၃ ခု ဝါဆိုလပြည့်ကျော်(၁၄)ရက် ဗုဒ္ဓဟူးနေ့ နံနက် တချက်တီးကျော်အချိန် မိုးလေ မဆင်မအုံ့

အမြောက်သံ မိုးကြိုးသံ တော်လည်းသံကဲ့သို့ ခြိမ့်ခြိမ့်အုံ့အုံ့ မြည်ဟိန်းသည့်အသံကို တမြို့လုံး ကြားသိရသည်နှင့် မြို့အရှေ့ မြောက် ငါးရာတွင်းခန့်ကွာတွင် ကောင်းကင်က တချက်တည်း လယ်ကွက်ရေအပြင်တွင် ကျသည်၊ ရေနှစ်ဖြာကွဲ၍ ရေစပ်သို့ ရောက်သည်ကို စော်ဘွားလူ ညီဝန် ခရီးကြိမ်ကြိုက်သည်နှင့် မြင်သောကြောင့် မိုးနဲစော်ဘွားသို့ ပေးအပ်သည်၊ မိုးနဲ စော်ဘွားက မကြားဘူးမြဲ ရသည့် ကျောက်ညို အဆင်း အလျား တမိုက်၊ အနံ လေးလက်သစ်၊ ထု နှစ်လက်သစ်ခန့် တဖက်ကြီးငယ် ချွန်ယောင် ၁၊ ကျောက်ငယ် အလျား လေး လက်သစ်၊ အနံ နှစ်လက်သစ်၊ ထု လက်မတဝက်ခန့်များကို ရွှေဘဝါးတော်မြတ်အောက် ဆက်သရမည် ကျွန်တော်နှင့် လူကိုးယောက်ကို စေလျှင် ၎င်း ၁၁၆၃ ခု ဝါခေါင်လဆန်း (၆)ရက်နေ့ ဆင်းရောက်လှာပါသည်၊ ရွှေမြို့တော်သို့ ဝါခေါင် လပြည့်ကျော်(၆)ရက်နေ့ ဆိုက်ရောက်ပါသည် ထွက်ဆိုသည်၊ မိုးနဲမြို့က ဆက်ရောက်ပါသည့် ကျောက်သည် မိုး လေ မဆင် မအုံ့ အမြောက်သံ မိုးကြိုးသံ တော်လည်းသံကဲ့သို့ မြည်လျက် ရေအပြင်တွင် ကျသည်ကို ရကြောင်းနှင့် မိုးနဲစော်ဘွား စစ်ကဲ အမတ်တို့ အစီရင်ခံစာတွင် ပါသည်၊ ပုဏ္ဏားတို့ကလည်း သာလကြိမ်းကျောက်ဖြစ်ကြောင်းကို ရှိခိုးသံတော်ဦးတင်သည်၊ သာလကြိမ်းကျောက် မှန်မည် မမှန်မည်၊ အကြောင်း အရာ မည်သို့ဖြစ်သည်ကို ဆရာတော်က မေတ္တာစာ ဆက်သွင်းစေ၊ မိုးနဲစော်ဘွား စစ်ကဲအမတ်တို့က ရောက်စာကိုလည်း ရေးကူး ၍ ပေးလိုက်စေ အမိန့်တော်နှင့်—

**၁၁၆၃—ခု တော်သလင်းလဆန်း(၁)ရက်နေ့ မဟာဒါန်ဝန် သီရိဇေယျသူကို မင်းကွန်းနန်းတော်ကစေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

မိုးနဲမြို့က ဆက်ရောက်သည့်ကျောက်မှာ မိုး လေ မဆင်မအုံ့ အမြောက်သံ မိုးကြိုးသံ တော်လည်းသံကဲ့သို့ မြည်လျက် ရေအပြင်တွင် ကျသည်ကို ရကြောင်းနှင့် မိုးနဲစော်ဘွား စစ်ကဲအမတ်တို့ အစီရင်ခံစာပါသည်ကို တောက်သော် ကောင်းကင်

က ထင်ရှားစွာကျသော ဥတုဇကျောက် အမှန်ဖြစ်သည် ယူရန်ရှိသည်၊ ၎င်းကျောက်ကို ပုဏ္ဏားတို့က သာလကြမ်းကျောက် ဖြစ်ကြောင်းနှင့် သံတော်ဦးတင်သည်မှာ ပုဏ္ဏားတို့ ကိုးကွယ်ကြသော သာလကြမ်းကျောက် ဖြစ်မည်မှတ်၍ သံတော်ဦးတင်ခြင်း ဖြစ်သည်၊ သာလကြမ်းကျောက် ဟူသည်ကား ဗြိန္ဒာနတ်သမီး လင်ဖြစ်သော သခ်ကို ဗိဿဏိုးသတ်သည်တွင် ဗြိန္ဒာနတ်သမီး အမျက်ထွက်၍ ဗိဿဏိုးနတ်ကို ကျောက်ဖြစ်လေစေ ကြိမ်ဆဲသောကြောင့် တကြောင်း၊ ဗိဿဏိုးကို စနေဂြိုဟ် ဆယ်နှစ်တိုင်အောင် စားမည်ရှိသည်တွင် စနေဂြိုဟ်ကို ဗိဿဏိုး ကြောက်သောကြောင့် တကြောင်း ဤအကြောင်းနှစ်ပါးဖြင့် ဂန္ဓမာဒနတောင်မှ စီးလာသော ဂန္ဓကီမြစ်ဟွင်း ကျောက်၌ဝင်၍ ကျောက်အဖြစ်ဖြင့် ဗိဿဏိုး ပုန်းအောင်း နေရသည်၊ ဆယ်နှစ်စေ့မှ ကျောက်ကထွက်ဝံ့သည်တွင် "ငါ ပုန်းအောင်းသောဂန္ဓကီမြစ်၌ရှိသော ကျောက်သည် ငါ့ကိုယ်နှင့်အတူ ပူဇော်စရာဖြစ်စေ" ဗိဿဏို ဆိုခဲ့သည်ကို အစွဲအမှတ်ပြု၍ ပုဏ္ဏားတို့ ပူဇော် ကိုးကွယ်ကြသည်၊ ထိုသာလကြမ်းကျောက်သည် "ဂန္ဓကီမြစ်မှာ ရှိသည်၊ စက်ရှစ်ခု၊ စက် လေးခုစသည်အမှတ်နှင့် ဖြစ်သည်၊ပြင်ကပင် စက်မရှိသော်လည်း အတွင်းက စက်ရှိမြဲ ဖြစ်သည်" ဟူ၍ ပူရာဏ်ကျမ်းတွင် ဆိုသည်။

သာလကြမ်းသိလာသုဒ္ဓသ၊ခ်စကြေက သောဘတိ တံ။
သူရာသူရ သဒါသေဗျံ၊တံ ဝန္ဒေ သာဝုံ ဝလ္လဘံ။

ဟူ၍ သာလကြမ်းကျောက်သည် ခရုသင်းစက်ဖြင့် တင့်တယ်ကြောင်းကို ပုဏ္ဏားတို့ ရှိခိုးဂါထာတွင်လည်း ဆိုသည်။
ပိဋကတ်ကျမ်းများတွင် သာလကြမ်းကျောက်ဟူ၍ အရိပ်အမြွက်မျှ မလာမရှိ၊ ဗာဟိရကျမ်း အယူဝါဒသာ ဖြစ်သည်။

ပိဋကတ်ကျမ်းအလိုသော်—

၁ အသံဖြင့် သတိ, သညာကင်း၍ မိန်းမောခြင်းကို ပြုတတ်သော အသညာမည်သော မိုးကြိုး၊
၂ စက်ဝန်းတခု သဏ္ဌာန်ပြု၍ ကျတတ်သော ဝိစက္ကာမည်သော မိုးကြိုး၊
၃ အမှိုက်သဏ္ဌာန်ဖြစ်၍ ကျတတ်သော သတေရာမည်သော မိုးကြိုး၊
၄ ချွန်ချွန်မြည်၍ ကျတတ်သော ဂဂ္ဂရာမည်သော မိုးကြိုး၊
၅ မျက်မှောင်ချီသော မျောက်သဏ္ဌာန်ဖြစ်၍ကျတတ်သော ကပိသီသာမည်သော မိုးကြိုး၊

၆ ရေဉ္စ လူးလည်းသော ငါးသဏ္ဌာန်ဖြစ်၍ ကျတတ်သော မစ္ဆဝိလော လိကာမည်သော မိုးကြိုး၊
၇ အတောင်ဖြန့်သော ကြက်သဏ္ဌာန်ဖြစ်၍ ကျတတ်သော ကုက္ကုဋ္ဌိကာ မည်သော မိုးကြိုး၊
၈ ထွန်ကိုင်းသဏ္ဌာန် ဖြစ်၍ ကျတတ်သော ဒဏ္ဍမဏိကာ မည်သော မိုးကြိုး၊
၉ မိုးမရွာပဲ အလျှံနှင့်တကွ မိုးရေပင်စွတ်သော်လည်း အလျှံမသေ ကျ တတ်သော သုက္ခာသနိမည်သော မိုးကြိုး၊

ဟူ၍ မိုးကြိုးအပြား ကိုးပါး ရှိကြောင်းကို မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်တွင် ဟောတော်မူသည်။

**မှတ်ချက်**—"မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ(၁၆၀)တွင် လာသည်"၊ပါဠိတော်၌ မိုးကြိုး ၉ ပါးမလာ၊ "အသနိယာ ဖလန္တိယာ"ပုဒ်ကို အဋ္ဌကထာဖွင့်ရာ ၌သာ လာသည်၊ ဋီကာနှင့်စပ်၍ အဓိပ္ပါယ်ရေးထားသည်။

ထိုမိုးကြိုးအပြား ကိုးပါးတို့တွင် မိုး လေ မဆင်မအုံ အမြောက်သံ မိုးကြိုးသံ တော်လည်းသံကဲ့သို့ မြည်လျက် ရေအပြင်တွင် ကျသည်ကို သိရကြောင်းနှင့် မိုးနဲ စော်ဘွား စစ်ကဲအမတ်တို့ အစီရင်ခံစာ ပါသည်ကို ထောက်သော် မိုးမရွာပဲ ကျ သော သုက္ခာသနိမည်သော မိုးကြိုးသွား ကျောက်ဖြစ်သည်၊ ကောင်းကင်တိမ်တိုက် ကြား၌ ရှောက်ရှာမိုးသီး ပုလဲများကဲ့သို့ ဥတုဇဖြစ်သော မိုးကြိုးတွင် ပါသော ကျောက်မှန်သည်၊ အလွန် ရခဲစွာလျက် ဘုန်းပါရမီတော်ကြောင့် ရသည် ယူရန် ရှိသည်။

---

## ရွှေဘုံသာ ဘုရားမှ ကြေးနီစာ

၁၁၆၄—ခု နယုန်လဆန်း(၂)ရက်နေ့ ညောင်ရမ်းမြို့ ရွှေဘုံသာဘုရားတွင် သံသေတ္တာနှင့် ကြေးနီစာ နှစ်စောင် ရသည့်အနက် ဂါထာဗန္ဓနှင့် စာတစောင်ကို ရွှေလက်တော်တွင် သိမ်းထားသည်မှာ စာတစောင်အရကား—

မူးကြီး မတ်ရာ အပေါင်း ရှစ်သောင်းလေးထောင်နှင့်တကွ တိုင်းကြီး နိုင်ငံကြီး ကို အစိုးရတော်မူသော သီရိမဟာသောကမင်းကြီးသည် မြတ်စွာဘုရား အမွေကို ခံထိုက်သည်နှင့်အညီ သာသနာတော်ကို သုတ်သင်တော်မူလိုသောကြောင့် မိဿရား,

ညီတော်, သားတော်, မှူးကြီးမတ်ရာတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်တွင် နတ်မင်းကြီးလေးယောက်နှင့်တကွ သိကြားလည်း သိတော်မူ၍ ဝိသုကြုံနတ်သားကို ခေါ်တော်မူ၍ သုဓမ္မာဇရပ်တော်တွင် တိုင်ပင်ပြီးမှ "မြန်မာတို့ တိုင်းနိုင်ငံမှာ သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရား သာသနာတော်ကို ချီးမြှင့်တော်မူလိုသည်ဖြစ်၍ ငါတို့နတ်အပေါင်းတို့သည် ညီညာ၍ ပြုစုကြရမည်ဖြစ်၍ ဝိသုကြုံနတ်သား သင်သွား၍ သာသနာတည်အံ့သော အချိန်တန်ပြီ၊ ငါ စီးဖြန်းသော နှစ်သွယ်သော ဂါထာကို သာသနဒါယကာ ဓမ္မာသောကမင်းသို့ လူတို့၏ အသွင်ကို ယူ၍ သင်ဆောင်ချေ"စေတော်မူလိုက်၏၊ သုဇာတာ နတ်သမီးကလည်း"မိဖုရားအား ဆက်သလိုက်ပေ၏၊ မိဖုရား ညီဘော် သားတော် မှူးမတ်ဗိုလ်ပါ သာသနာ၌ အန္တရာယ်မရှိစေရ သင်သွားချေ" စေတော်မူသည်တွင် နတ်မင်းကြီး လေးယောက်တို့ကလည်း တိဿမင်းအား လေးသွယ်သော ဂါထာတို့ကို တပေါင်းတည်းပြု၍ ဆက်တော်မူသည်၊ ဝိသုကြုံနတ်သားကလည်း သားတော် မဟိန္ဒမင်းသားအား ဆက်ပေးရန် အသီးအသီး ဆောင်ယူ၍ ဆက်သည်တွင် သီရိဓမ္မာသောကမင်းကြီးသည် ဆင်ယာဉ် မြင်းယာဉ် ဗိုလ်ပါအပေါင်းနှင့် ဘိသိက်သွန်း၍ ခံတော်မူသည်တွင် ပါဠိလိပုတ်ပြည်ကြီးကို အမှီပြု၍ သာသနာတော်ကို နတ်,သိကြားနှင့်တကွ အားထုတ်တော်မူသည်၊ သာသနာတော် အညစ်အကြေးမရှိပြီ သန့်ရှင်းစင်ကြယ်သောကြောင့် ဓမ္မာသောကမင်းကြီးသည် ကောင်းချီးဘိသိက် ထပ်၍ ဂါထာတို့ကို သွန်းတော်မူပြီးမှ ရွှေနန်းသိမ်းမြန်း စံပယ်တော်မူသည်တွင် ကြည်းကုဋေ ရေကုဋေ လူ, နတ်, တိရစ္ဆာန်တို့၏ အခွန်အတုတ် ပူဇော်သက္ကာရများကို ခံတော်မူပြီးမှ နတ်တို့သည် နောင် လာလတံ့သော မင်းလောင်းတို့သည် ဆက်ခံ၍ သာသနာကို ပြုစိမ့်သောငှါ မှ,စ တော်မူသည်။

တနေ့သ၌ သီရိဓမ္မာသောကမင်းကြီးသည် အိပ်မက်မြင်တော်မူ၍ အရိဋ္ဌအမတ်ကို ခေါ်တော်မူ၍ မိန့်တော်မူသည် "ငါကဲ့သို့ ပြုစုထိုက်သောမင်း နောင်လာလတံ့ ရှိချိမ့်မည်ဖြစ်၍ နတ်တို့က ဆက်သည့်အတိုင်းကဲ့သို့ ကြေးနီခရာ မိုးကြိုးပါ ပုရပိုက်တွင် ခြောက်သွယ်သောဂါထာကို ရေး၍ ငါ၏ ကိုယ်စားတော် ထည့်၍ သံသေတ္တာနှင့် ဌာပနာရမည်" အမိန့်ရှိတိုင်း စီရင်ပြီးလျှင် ဓမ္မာသောကမင်းကြီးလည်း ရွှေမြင်တော်မူတိုင်း နောင်လာလတံ့သော မင်းတို့"ငါကဲ့သို့ သာသနာကို ကြည်ညိုလေးမြတ်သော ဘုန်းတော်ကြီးသော မင်း နောင် ပေါ်သည်ကာလ ငါတည်ထားပြုစုခဲ့သော အက္ခရာကို ဘုမ္မစိုး ရုက္ခစိုး မြေစောင့် သိကြားတို့သည် ထုတ်၍ အက္ခရာကို ပေးသည်ဖြစ်စေသော၊ နတ်တို့သည် အမြဲစောင့်သည် ဖြစ်စေသော၊ သာသနာတော် တည်ရာအရပ်သို့ ပြောင်းစေသော၊ ငါ ဆောင်သောဂါထာကို ဆောင်သော

မင်းဖြစ်က ငါ့အယူနှင့်တူစေသော၊ ဆင်ယာဉ် မြင်းယာဉ် ဗိုလ်ပါယာဉ်ပြည့်စုံသည် ဖြစ်စေသော၊ သက်တော်ရှည်၍ ဘုန်းတော်ကြီးသည် ဖြစ်စေသော၊ သာသနာကို အားထုတ်နိုင်စေသော"ဤအကြောင်းများကို တိဿမင်း သိ ကြားတော်မူပေ၏။

သက္ကရာဇ် ၂၁၅–ခုတွင် ဂါထာများကို နတ်,သိကြားတို့ဆက်ပေးသည်။

ကြေးနီပုရပိုက်တွင် တဖက်က တကြောင်းတည်း ရေးလျက်ပါသည့် စာကား–ငါ့အား ရေစက်ချ၍ အမျှဝေသည် ဖြစ်စေသော။

**၎င်းကြေးနီစာအရကို အမေးတော်ရှိ၍ သွင်းသည့် မေတ္တာစာကား—**

ညောင်ရမ်းမြို့ ရွှေဘုံသာဘုရားတွင် နတ်တို့ ဖေါ်ပြ၍ ဆက်သော သံသေဋ္ဌာနှင့် ကြေးနီစာအရမှာ ဇမ္ဗူဒီပါ တကျွန်းလုံးကို အစိုးရသော အထက် အောက် တယူဇနာပျံ့နှံ့သော အာဏာရှိသော ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီးသည် ရဟန်းအသွင်ကို ဆောင်သော တိတ္ထိရဟန်းခြောက်သောင်းတို့ကို သန့်ရှင်းစေ၍ တတိယ သံဂါယနာတင်ခြင်းဖြင့် သာသနာတော်မြတ်ကို သုတ်သင်ပြုစုပြီးလျှင် "နောင်အခါ ငါကဲ့သို့ သာသနာတော်မြတ်ကို သုတ်သင်ပြုစုသော မင်းတရားဖြစ်ပါမည်လော"ဟု သာသနာတော်မြတ်ကို ကြည်ညိုခြင်း ပြင်းသော စိတ်နှလုံးဖြင့် အောက်မေ့ ကြံစည်သည်တွင် သာသနာတော် နှစ်ထောင်ကျော် ယခုအခါ ဘုန်း လက်ရုံး အာဏာ ပညာ လုံ့လ ကြီးမြတ်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ဖြစ်၍ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူမည်ကို အိပ်မက်တွင် ထင်မြင်၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား ပြန်ပြော လျှောက်ထားပြီးလျှင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တိုင်ပင်၍ သိကြား,နတ်တို့ ဆက်သော ဘုန်းကြီးသောမင်းတို့နှင့်သာ ထိုက်တန်သော ဂါထာဗန္ဓများကို ကိုယ်နှင့်အတူ ဆောင်ရွက်စေလိုသောကြောင့် နတ်, သိကြားတို့အား မိဋ္ဌာန်တိုင်တည်ထားခဲ့သည်၊ ဤအဓိပ္ပါယ်ကို သိစေခြင်းငှါ ကြေးနီစာတွင် သီရိဓမ္မာသောကမင်းကြီး အိပ်မက် မြင်ကြောင်းကို ဆိုသည်။

ထိုဂါထာဗန္ဓများသည်လည်း စိန္တာမဏိဂါထာ, အကာလဖလဂါထာများကို အဘိုးအနဂ္ဃ ဆိုသကဲ့သို့ အဘိုးအနဂ္ဃ ဖြစ်သည်၊ထိုသို့ အဘိုးအနဂ္ဃဖြစ်သော ဂါထာဗန္ဓများကို တရားမင်းမြတ် ဆောင်ရွက်တော်မူရန် သံသေဋ္ဌာတွင် ကြေးနီစာ အက္ခရာနှင့် အသေအချာ ထားခဲ့ခြင်းသည်လည်း ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် သာသနာတော် နှစ်ထောင်ကျော် ဤအခါတွင် သို့စင် ကွယ်ပလေသော သာသနာတော်မြတ်ကို သမ္မာသမ္ဗောဓိဉာဏ်

အမြဲညွှတ်သော ပြင်းစွာသော လုံ့လဥဿာဟဖြင့် တရားကျမ်းဂန်နှင့်အညီ သုတ်သင်ပြုစုတော်မူမည်ကို မချွတ်မယွင်း မြင်၍ ထားခဲ့ခြင်း ဖြစ်သည်၊ ဤအဓိပ္ပါယ်ကို သိစေခြင်းငှါ ကြေးနီစာတွင် "သာသနာတော်မြတ်ကို သုတ်သင်ပြုစုသည် ဖြစ်စေသော"ဟု သီရိဓမ္မာသောကမင်းကြီး မှာ်ထွန်းမှာထားခဲ့ကြောင်းကို ဆိုသည်။

ထိုသို့ သာသနာတော်မြတ်ကို ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး သုတ်သင်ပြုစုတော်မူသကဲ့သို့ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည်လည်း ကာလအရှည် ကွယ်ပလေသော အဝတ်အရုံ ဥပဇ္ဈာယ် နိဿည်း ဥပုသ် ပဝါရဏာမှစ၍ မတည်မထွန်းသော ကျင့်ဝတ်သိက္ခာပုဒ် ရှိသမျှကို ဖေါ်ပြ တည်ထွန်းစေခြင်း၊ ရဟန်းသံဃာတို့အား အမေ့ အလျော့ မနေရ၊ ပြသ နိူးဆော်တော်မူခြင်းများဖြင့် အားကြီးစွာသော အညစ်အကြေးကို သန့်ရှင်းစေ လျက် သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူသည်၊ ရခဲ ကြိမ်ကြိုက်ခဲလှစွာ သော သဗ္ဗညုဘုရား သာသနာတော်မြတ်သည် အမှတ်မဲ့ မကွယ်မပ ထိုက်၊ "တရား နှင့် ညီသမျှကို သုတ်သင် ပြုစုထိုက်၏၊ တရားနှင့်မညီသည်ကို ထုံးစံမဆိုထိုက်၊ တရား နှင့် ညီမှသာ ထုံးစံဆိုထိုက်၏"ဟု နက်စွာစိုက်သော တုရိုဏ်တိုင်သည် လေဖြင့် မလှုပ် ရှားနိုင် ကြံ့ကြံ့ခိုင်သကဲ့သို့ မြဲမြံခိုင်ခံ့စွာ အရိယာတို့သဘော အယူရှိတော်မူသည်၊ ထိုသို့ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူသော မြဲမြံခိုင်ခံ့သော သဘော အယူရှိသော မင်းတရားကြီးသည် သာသနာတော် နှစ်ထောင်ကျော် ဤအခါတွင် မချွတ် ဖြစ်လမည် မြင်၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တိုင်ပင်ပြီးလျှင် အရိငှမည်သော အမတ်ကြီးကို စေ၍ သံသေတ္တာနှင့် ကြေးနီစာကို ရေးသားထားခဲ့ သည်၊ ဤအဓိပ္ပါယ်ကို သိစေခြင်းငှါ ကြေးနီစာတွင် "ငါနှင့်တူသော အယူရှိသည် ဖြစ်စေသော"ဟု သီရိဓမ္မာသောကမင်းကြီး မှာ်ထွန်းမှာထားခဲ့ကြောင်းကို ဆိုသည်။

ထိုသို့ သာသနာတော်မြတ်ကို သုတ်သင် ပြုစုသော ခိုင်ခံ့ မြဲမြံစွာ သဘောအယူ ရှိသော မင်းတရားကြီးကား နေ့ နံ အားဖြင့် စန္ဒြေသောမ နံ ရှိသော မင်းတရားကြီး သည် အမှတ်မဲ့ သာမည နေ့နံရှိသော မင်းမဟုတ်၊ ထိုစန္ဒြေသောမနံရှိသောမင်းတရား ကြီးသည် သာသနာတော် နှစ်ထောင်ကျော် ဤအခါတွင် ဖြစ်တော်မူလမည်ဟု ပညာရှိတို့အား ထင်ရှားအောင် တစုံတခု အကြောင်းအရာဖြင့် မှတ်သားမြဲဖြစ်၍ စန္ဒြေသောမနံဖြင့် မှတ်သားသည်၊ ဤအဓိပ္ပါယ်ကို သိစေခြင်းငှါ ကြေးနီစာတွင် စန္ဒြေသောမသင်္ကေတဖြစ်သော နှစ်ခုသင်္ချာကို ပြထားသည်။

ကြေးနီစာတွင်ပါသော ဂါထာဗန္ဓတို့ကို သီရိဓမ္မာသောကမင်းကြီး၊ မိဖုရားကြီး၊ အသန္ဓိမိတ္တာ၊ ညီတော် တိဿမင်းသား၊ သားတော် မဟိန္ဒမင်းသားတို့အား သာသနာ

သက္ကရာဇ် နှစ်ရာ့တဆယ့်ငါးနှစ်တွင် နတ်သိကြားတို့ ပေးဆက်သည်၊ ၎င်းသာသနာ သက္ကရာဇ်တွင် သီရိဓမ္မာသောကမင်းကြီး ထီးနန်းသိမ်းမြန်းတော်မူသည်၊ ၎င်းနောက် သုံးနှစ်မြောက် သာသနာသက္ကရာဇ် နှစ်ရာ့ တဆယ့် ရှစ်နှစ်တွင် ဘိသိက်ခံတော်မူသည်၊ ၎င်းနောက် တဆယ့် ရှစ်နှစ်မြောက် သာသနာသက္ကရာဇ် နှစ်ရာ သုံးဆယ့် ခြောက်နှစ်တွင် သာသနာတော်မြတ်ကို သုတ်သင်ပြုစု၍ တတိယသံဂါယနာ တင်သည်၊ ထိုကြောင့် ကြေးနီစာတွင်ပါသော ဂါထာဗန္ဓများကို ဘိသိက်မခံမီ သာသနာသက္ကရာဇ် နှစ်ရာ့ တဆယ့် ငါးနှစ်တွင် နတ်သိကြားတို့ ပေးဆက်သည်၊ဘိသိက်ခံ၍ သံဂါယနာတင်ပြီး သာသနာသက္ကရာဇ် နှစ်ရာ သုံးဆယ့် ခြောက်နှစ်တွင်"နောင်အခါ ငါကဲ့သို့ သာသနာတော်မြတ်ကို သုတ်သင်ပြုစုသော မင်းတရား ဖြစ်ပါမည်လော" ကြံစည်ဆင်ခြင်သနေ့ သာသနာကော် နှစ်ထောင်ကျော် ယခုအခါ ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဖြစ်တော်မူမည်ကို အိပ်မက်တွင် ထင်မြင်၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား လျှောက်ထား ပြန်ပြောပြီးလျှင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တိုင်ပင်၍ စာပေအက္ခရာ ရေးသားထားခဲ့သည် မချွတ်စင်စစ် ယူရန်ရှိသည်၊ ဆိုခဲ့ပြီးသော ထီးနန်းသိမ်းမြန်းသော သက္ကရာဇ်၊ ဘိသိက်ခံသော သက္ကရာဇ်၊ သံဂါယနာ တင်သော သက္ကရာဇ်၊ မိဖုရားကြီး အသန္ဓိမိတ္တာ၊ ညီတော် တိဿ၊ သားတော် မဟိန္ဒတို့ အမည်နာမများသည် ကျမ်းဂန်နှင့် အညီအညွတ် ဖြစ်သည်၊ ဤသို့ သာသနာသက္ကရာဇ် နှစ်ရာ့တဆယ့်ငါးနှစ်တွင် ကြေးနီစာပါ ဂါထာဗန္ဓများကို နတ်တို့ပေးဆက်ကြောင်းကို သိစေခြင်းငှါ ကြေးနီစာတွင် နှစ်ရာတဆယ့်ငါးနှစ် သက္ကရာဇ်ဖြင့် မှတ်ထားသည်။

ထိုသို့ ဆိုခဲ့ပြီးသော ကြေးနီစာ စကားအရဖြင့် ယခုအခါ သာသနာတော် နှစ်ထောင်ကျော်တွင် ဘုန်းလက်ရုံး အာဏာ ပညာ လုံ့လ ကြီးမြတ်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဖြစ်တော်မူ၍ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူမည်ကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တိုင်ပင်၍ ရွှေဘုံသာစေတီတွင် ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး သံသေတ္တာနှင့် ကြေးနီစာ အက္ခရာ ရေးသားထားခဲ့ကြောင်းကို မုချဆတ်ဆတ် ဆိုသည်၊သာသနာတော်မြတ်ကို ကြည်ညိုမြတ်နိုးသော မင်းတရားတို့သည် နောင် သာသနာတော်မြတ်ကို သုတ်သင် ပြုစုလတ္တံ့သော မင်းတရားတို့အား စာပေအက္ခရာ ရေးသားထားမြဲ ဖြစ်သည်၊ သာသနာတော်ပြု ရဟန္တာကြီးတို့လည်း နောင် သာသနာတော်မြတ်ကို သုတ်သင်ပြုစုလတ္တံ့သော မင်းတရားတို့အား သိမြင်မြဲ ဖြစ်သည်၊ ရာဇဂြိုဟ်ပြည်တွင် ဓာတ်တော်အပေါင်းကို ဌာပနာရာ ပါသာဏစေတီ၌ သာသနာ သက္ကရာဇ် နှစ်ရာ

တဆယ့်ရှစ်နှစ် ရောက်သောအခါ **ပိယတိဿမင်းသားသည် "စာအများ၌ ပိယဒါသ ဆိုသည်၊ အသောက ကျောက်စာ၌ ပိယဒဿိ ဆိုသည်"**၊ သီရိဓမ္မာသောကမင်း ဖြစ်၍ ဓာတ်တော်အပေါင်းကို ဖြန့်ချီလတံ့ဟု အရှင်မဟာကဿပမထေရ်နှင့် တိုင်ပင်၍ အဇာတသတ်မင်း စာပေအက္ခရာ ရေးသားထားခဲ့သည်၊ ၎င်းစာပေအက္ခရာကို သီရိဓမ္မာသောကမင်းကြီး မြင်၍ "ငါ ဖြစ်လမည်ကို အရှင်မဟာကဿပမထေရ် သိတော်မူလေစွ"ဟု ဝမ်းမြောက်လှသောကြောင့် လက်ဝဲလက်ကို ခွေ၍ လကျာလက်ဖြင့် မလမ်းပန်းပေါက်ခတ်ကြောင်းကို မဟာဝါအဋ္ဌကထာ၌ ဆိုသည်၊သီဟိုဠ်ကျွန်းတွင် ဟေမမာလာစေတီရာ၌ သာသနာသက္ကရာဇ် ခြောက်ရာ ကျော်သောအခါ ဒုဋ္ဌဂါမဏိအဘယမင်းသည် ဤစေတီကို တည်လတံ့ဟု အရှင်မဟိန္ဒမထေရ်နှင့် တိုင်ပင်၍ ဒေဝါနံပိယတိဿမင်း ကျောက်စာအက္ခရာ ရေးသားထားခဲ့သည်၊ နန်းတော်၌လည်း ရွှေပေအက္ခရာ ရေးသားထားခဲ့သည်၊ ၎င်းစာပေအက္ခရာများကို ဒုဋ္ဌဂါမဏိအဘယမင်း မြင်၍ မဟာစေတီ တည်ထားကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာ၊ မဟာထူပဝင်များ၌ ဆိုသည်။

ဤသို့ ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ ယခုအခါ ဘုန်းလက်ရုံး အာဏာ ပညာ လုံ့လကြီးမြတ်တော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဖြစ်တော်မူ၍ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူမည်ကို ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် မြင်တော်မူကြောင်း၊ ရွှေဘုံသာစေတီတွင် ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး အရိဋ္ဌအမတ်ကို စေ၍ သံသေတ္တာနှင့် ကြေးနီစာအက္ခရာ ရေးသားထားခဲ့ကြောင်းကို စင်စစ်အမှန် သိရသည်၊ ဘေးလောင်းတော် သီရိဓမ္မာသောကမင်း၊ ဒုဋ္ဌဂါမဏိအဘယမင်းတို့ကဲ့သို့ အလွန်ရခဲစွာသော ကိုယ်တော်အဖြစ်ကို ရတော်မူသည်၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး ဓိဋ္ဌာန်မှာထားခဲ့သော ကြေးနီစာအရ ရှိသမျှကို မယိုမယွင်း မကြွင်းမကျန် ပြည့်စုံအောင် နှလုံးထားတော်မူသင့်သည်၊ သာသနာတော်အခြေအမြစ် တရားမင်းမြတ် သနစ်သနာများကို သိသာအောင် တိုင်းသူ ပြည်သူတို့ကိုလည်း နာခံ သိ ကြားစေသင့်သည်။

---

## ဓဇိက်နိုင်း တေးခရ

**၁၁၆၅—ခု တော်သလင်းလဆန်း(၁၃)ရက်နေ့ မဟာဒ္ဒါန်ဝန်တွင် အမိန့်တော် မှတ်ချက်ပါသည်အတိုင်း သွင်းသည့် မေတ္တာစာကား—**

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်—

စစ်ကိုင်းတောရတို့ ဆောက်တည်သည့် အကျင့်သည် ဟုတ်မှန်၍ပင် ကျင့်ဆောင်သည်၊ မဟုတ်မမှန် တရားမညီ ဖြစ်သည်များကို သာသနာပြု ဆရာတော်က မည်သို့ဆိုသည်၊ ယခု ဆရာတော် သံဃာတော်အပေါင်းတို့ ကျင့်ဆောင်သည့်အရာသည် သာသနာအမှန်ပင် ဖြစ်သည်၊ မည်သို့ဖြစ်သည်၊ သာသနာပြု ဆရာတော်က မည်သို့ဆိုသည်၊ သာသနာ၏ အကြောင်းအရာများကို သာသနာပြု ဆရာတော်က မေတ္တာစာ ဆက်သွင်းစေ၊ ၁၁၆၄–ခု တော်သလင်းလဆန်း(၁၃)ရက်နေ့ မဟာဒါန်ဝန်တွင် ပါသည့် အမိန့်တော်မှတ်ချက်အတိုင်း ယခု သံဃာတော်တို့ ကျင့်ဆောင်ကြသည့်အရာ သာသနာ အမှန်ဖြစ်မည် မဖြစ်မည်ကို တရားကျမ်းဂန်နှင့် နှိုင်းယှဉ်ထောက်ထားသော် ဘုန်းတော်ကြီးသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ပစ္စယာနုဂ္ဂဟထက် ဓမ္မာနုဂ္ဂဟအကျိုး ကြီးမြတ်သောအဖြစ်ကို ဆင်ခြင်တော်မူ၍ သီရိဓမ္မာသောကမင်း, ပရက္ကမဗာဟုမင်းတို့ကဲ့သို့ တရားနှင့်အညီ သာသနာတော်မြတ်ကို သုတ်သင် ပြုစုတော်မူသည်၊ သုတ်သင် ပြုစုတော်မူတိုင်း ကျင့်ဆောင်သော သံဃာတော်တို့ ကျင့်ဆောင်သည့်အရာလည်း သာသနာအမှန် ဖြစ်သည်၊ သုတ်သင်ပြုစုတော်မူသော ဖြခြင်းအရာကား—

သာမဏေတို့ ရုံမှု, တင်မှု ဝါဒကွဲပြားကြ၍ ကာလအရှည် သာသနာတော် မငြိမ်မဝပ် ရှိလေသည်ကို ပါဠိ, အဋ္ဌကထာ လာရှိတိုင်း နာခံ မှတ်သားပြီးလျှင် သင့်မသင့် ဆင်ခြင်တော်မူ၍ အယူဝါဒဖြင့် သုတ်သင် ပြုစုတော်မူသော အရာသည် သာမဏေတို့ ရုံ၍ ဆွမ်းခံဝင်သင့်ကြောင်းကို ဟောတော်မူသော ပိဋကစာရိကဝတ်ပါဠိတော်၊ သေခိယဝတ်ကို သာမဏေတို့ ကျင့်ဆောင်သင့်ကြောင်းကို ဆိုသော ဝိနည်းအဋ္ဌကထာများနှင့် တဆံခြည်မျှ မတိမ်း ညီညွတ်သည်၊ ဥပဇ္ဈာယ်,နိဿျည်းမရှိ ကာလအရှည် ကွယ်ပလေသည်ကို ဥပဇ္ဈာယ်,နိဿျည်း မြောက်အောင် ဆောင်ရွက်စေသည်၊ ဥပဇ္ဈာယ်, နိဿျည်း ခံယူစေသည့်အရာသည် ဥပဇ္ဈာယ်မရှိသော ပဗ္ဗင်း, သာမဏေ မခံမပြုအပ်ကြောင်း၊ ဥပဇ္ဈာယ်,နိဿျည်းကင်း၍ နိဿယမုစ္စက မရသော ရဟန်းတို့ မနေမထိုင်အပ်ကြောင်းကို ဟောတော်မူသော မဟာဝါ ပါဠိတော်နှင့် တစုတည်း ညီညွတ်သည်။

သိမ် သမုတ်သောအရာသည် သာသနာတော် အခြေအမြစ်ဖြစ်သည်ကို ဆင်ခြင်တော်မူလျက် ဝိသုံဂါမ ဖြစ် မဖြစ်၊သိမ် မြောက် မမြောက် စီစစ်တော်မူ၍ ရှေးမွို့ရွာနယ်ပယ် အဟောင်းမှ နယ်ပယ်အသစ်ဖြစ်အောင် မုဒ္ဒါဘိသိက်ခံသော မင်းဧကရာဇ်တို့ အသီးအခြား မပိုင်းခြားပဲ အခွင့်ရကာမတ္တသော အရပ်ဒေသကိုပင် ဝိသုံဂါမ ပြု၍ သမုတ်သမျှသိမ်ကို ပယ်စေတော်မူသော အရာသည် မင်း၏ ကမ္ပည်းစာရင်းသို့

တင်၍ ပယ်နယ်အသစ်ဖြစ်အောင် မင်းကေရာဇ်တို့ အလိုရှိတိုင်း အခွန်အတုတ်ဖြင့် အသီးအခြား ပိုင်းခြားသောအရပ်ဒေသသာ ဝိသုံဂါမ ဖြစ်သည်ဆိုသော ဝိနည်းအဋ္ဌကထာ,ဋီကာများနှင့် မယိုမယွင်း ညီညွတ်သည်။

ရဟန်းသံဃာ ရှိသမျှကို သုဓမ္မာစရပ်တော်တွင် စည်းဝေးစေ၍ မတတ် မသိမဟုစသော အခါခပ်သိမ်း နှလုံးပိုက်ထားကောင်းသော အကျင့်သိက္ခာပုဒ်များကို မေးမြန်းစေပြီးလျှင် အသက် ဝါငါးဆယ် ခြောက်ဆယ်တိုင်အောင်မှ မိမိတို့လည်း အဓိဋ္ဌာန်,ဝိကပ္ပနာ, အတိရိက်ကိုမျှ မပြုတတ်၊ တပည့်သားမြေးကိုလည်း တတ်သိအောင် မပြသနိုင်သော အလဇ္ဇီ အဆက်အနွယ် ရဟန်းတို့ကို ဝိသဘာဂ၊ တတ်သိပြသနိုင်သော လဇ္ဇီအဆက်အနွယ် ရဟန်းတို့ကို သဘာဂ၊ သီးသန့် ရှင်းလင်းတော်မူသော အရာသည် ကျင့်လိုသော ရဟန်းဖြစ်မူ သိအောင် သင်ကြားအပ်၏၊မေးမြန်းစုံစမ်းအပ်၏–ဟု ဟောတော်မူသော ပါစိတ်ပါဠိတော်၊ အလဇ္ဇီ တယောက်တည်းသည်ပင် တခဏခြင်း လဇ္ဇီတရာမျှလောက်ကို ပြုတတ်၏ဟု ဆိုသော ဝိနည်းအဋ္ဌကထာများနှင့် မဖေါက်မပြန် ညီညွတ်သည်။

သက္ကရာဇ်သင်းပိုင်တွင် မြောင်းတလုပ်အိမ် အနားပတ်စသော အလွှာဟူသမျှကို ဖြတ်၍ ချုပ်သင့် မချုပ်သင့် ဆွေးနွေးတော်မူ၍ ရဟန်းတို့အား ဖြတ်၍ ချုပ်သင့်သော သတိ,ပညာကို ဖြစ်စေတော်မူသော အရာသည် သက္ကရာဇ်သင်းပိုင်တွင် အလွှာဟူသမျှ၌ ဖြတ်၍ ချုပ်သင့်ကြောင်းကို ဟောတော်မူသော မဟာဝါ, စူဠဝါ ပါဠိ, အဋ္ဌကထာများနှင့် တသမတ်တည်း ညီညွတ်သည်။

ပမာဏမြောက်သော သပိတ်၊ မမြောက်သောသပိတ်ကို ပုံစံပြလျက် ဆွေးနွေးတော်မူ၍ ပမာဏ မမြောက်သော သပိတ်ကို ပယ်စေတော်မူသော အရာသည် ပမာဏ မမြောက်သော် သပိတ်မမည်၊ သပိတ်အဖြစ်ဖြင့် မသုံးဆောင်အပ်ဟု ဟောတော်မူသော ပါစိတ်ပါဠိတော်နှင့် မတိမ်းမယိမ်း ညီညွတ်သည်။

နေ,လ,နက္ခတ် အနေအသွား နှစ် လ နေ့ ရက် အခေါ်အဝေါ်များသည် သာသနာတော်ရေး·လောကရေးနှစ်ပါးနှင့် စပ်ဆိုင်သည်ဖြစ်၍ ပါဠိ,အဋ္ဌကထာစသော သာသနာကျမ်းဂန်, ရာဇမတ္တဏ်စသော ခိုင်ခံ့သော လောကီကျမ်းဂန်များနှင့် ဥပုသ် ပဝါရဏာ ဝါဆိုဝါကပ် မှန် မမှန် ဆွေးနွေးသန့်ရှင်းတော်မူသောအရာသည် ဘုရားသခင် လက်ထက်တော် သောဠသာဇ်မာသ် ကြိမ်သောအခါ ဝါဆိုဝါကပ် နေ့ရက်ကို ဗိမ္ဗိသာရမင်း လျှောက်ကြောင်းကိုဆိုသော မဟာဝါပါဠိတော်၊ပရိနိဗ္ဗာန်လွန်တော်မူသည်နောက် သာသနာသက္ကရာဇ် ၂၃၁—နှစ် ရောက်သောအခါ ရဟန်း

တို့ ဥပုသ် မငြိမ်မဝပ် ရှိသည်ကို သိရိမ္မာသောကမင်း ငြိမ်ဝပ်အောင် ပြုကြောင်းကိုဆိုသော ပါရာဇိကဏ်အဋ္ဌကထာများနှင့် သင့်တင့် ညီညွှတ်သည်။

သင့်သော အာပတ် အရေအတွက်ကို မထောက်မရှု၊ ဝတ္ထုအာပတ်ကို မဖေါ်မပြ၊ 'သဗ္ဗာ အာပတ္တိယော'သာ ဆို၍ ဒေသနာကြားကြသည်ကို ပညာတော်ဖြင့် သဘောသကန် သင့် မသင့် ဆင်ခြင်ဆွေးနွေးတော်မူလျက် ရဟန်းတို့အား သတိပညာကို ဖြစ်စေတော်မူသော အရာသည် အာပတ်တချက်သာ သင့်လျှင် ဧကံ၊ နှစ်ချက်သာ သင့်လျှင် ဒွေ၊ သုံးချက်ကစ၍ သင့်လျှင် သမ္ဗဟုလာ ဟု သင့်သောဝတ္ထုအာပတ်ကို ဖေါ်ပြလျက် ဒေသနာကြားအပ်ကြောင်းကိုဆိုသော ဝိနည်းအဋ္ဌကထာများနှင့် မှန်ကန် ညီညွှတ်သည်။

ရဟန်းတို့မှာ ရွာသူသားငယ်တို့ကို လက်ခံ၍ လူတပည့်အများထားသဖြင့် ပလိဗောဓ ဖြစ်,မဖြစ် သင့်,မသင့် ဆွေးနွေးတော်မူရာတွင် ရဟန်းတို့အား သတိပညာကို ဖြစ်စေတော်မူသော အရာသည် အရှင်အနုရုဒ္ဓါအား အလုပ်အကျွေး တကာကသားငယ်ကို အပ်သည်တွင် သာမဏေပြု၍သာ စေသုံးတော်မူကြောင်း၊ အရှင်မဟာကစ္စည်းအား အလုပ်အကျွေးတကာသေလွန်၍ သားငယ်ကို ရသည်တွင် ကျောင်းမှာမထား အခြားအိမ်မှာ အပ်၍ ထားကြောင်းကိုဆိုသော ဓမ္မပဒအဋ္ဌကထာ၊ ပဥ္စင်းလောင်း,ရှင်လောင်းဖြစ်သော ပဏ္ဍုပလာသကိုသာ သက်န်း သပိတ်စီရင်စဉ် စီရင်ဆဲလက်ခံအပ်သည်ဆိုသော ဝိနည်းအဋ္ဌကထာများနှင့် တချက်တည်း ညီညွှတ်သည်။

သူသေ၏ အခြံအရံကဲ့သို့ ရဟန်းတို့ မသာ လိုက်ကြသည်ကို တရားကျမ်းဂန်နှင့်သင့် မသင့် ညီ မညီ ဆွေးနွေးတော်မူသောအရာသည် သူသေ၏ အခြံအရံ အတင့်အတယ်ပြု၍ မသာ မလိုက်အပ်ကြောင်းကိုဆိုသော ဝိနည်းအဋ္ဌကထာနှင့် မခြားမနား ညီညွှတ်သည်။

ကမ္ဘာဦးက မဟာသမ္မတမင်းမှစ၍ သူခပ်သိမ်းတို့အား ကောက်ခံမြဲ ဖြစ်သော ဒသမဘာဂအတုတ်အခွန်,ကင်းကူးတို့ သူတပါး မသိမ်းမဆည်း မင်းကေရာဇ်သာ ပိုင်ထိုက်သော မြက်,ထင်း,သစ်,ဝါး,အသီး အပွင့်များကို ရဟန်းတို့အား ဓမ္မာနုဂ္ဂဟာဖြင့် ခွင့်ပြုတော်မူသော အရာသည် မြေကို ပိုင်သည့်သူတို့အား ရဟန်းတို့ပင် ဒသမဘာဂအတုတ်အခွန် ပေးထိုက်ကြောင်းကိုဆိုသော ဝိနည်းပါဠိ,အဋ္ဌကထာ၊ ကင်းကူးတို့ကိုမပေး မချေပဲ လွန်၍ ရဟန်းတို့ မသွားထိုက်ကြောင်းကိုဆိုသော ပါရာဇိကဏ်ပါဠိတော်၊ မင်းတို့ ပိုင်ထိုက်သော မြက် ထင်း သစ် ဝါး အသီးအပွင့်များကို မပေးမလှူပဲ ရဟန်းတို့ မယူမသုံးအပ်ကြောင်းကိုဆိုသော ပါရာဇိကဏ် အဋ္ဌကထာများနှင့် မကွဲမပြား ညီညွှတ်သည်။

ဤသို့ အစရှိသဖြင့် သုတ်သင် ပြုစုတော်မူသမျှကို တရားကျမ်းဂန်နှင့် နှိုင်းယှဉ် ထောက်ထားသော် ဂင်္ဂါရေနှင့် ယမုနာရေကို ရောလျှင် အခြားမထင်သကဲ့သို့ ညှစ်သော နို့ရည်ချင်းရောနှောလျှင် အခြား မထင်သကဲ့သို့၊ ဇမ္ဗူရစ်ရွှေစင်ခြင်း စပ်လျှင် အလျှံအဝါ မကွဲမပြား သန့်စင်သကဲ့သို့ သုတ်သင်ပြုစုတော်မူသော အရာ သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များနှင့် မထူးမခြား မကွဲမပြား ညီညွတ် သည်၊ ယင်းသို့ ညီညွတ်သောကြောင့် သုတ်သင်ပြုစုတော်မူတိုင်း ကျင့်ဆောင်သော သံဃာတော်တို့ ကျင့်ဆောင်သည့်အရာလည်း သာသနာအမှန် ဖြစ်သည်။

ပါရာဇိက, သံဃာဒိသိသ် အစရှိသော ရန့်ရင်း ထင်ရှားသော သိက္ခာပုဒ်များကို ကျင့်ဆောင်သည့်အရာမှာ ကျင့်ဆောင်မြဲ ဖြစ်သည်၊ ကွယ်ပျောက်ခဲသည် ဖြစ်၍ အထူးဆိုစု မရှိပြီ။

ဘိက္ခဝေ၊ရဟန်းတို့။ယောနိသော၊အသင့်အားဖြင့်။မနသိကရောတော၊ နှလုံးသွင်းသသူအား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။ ဥ႒ာန္နာ၊ ဖြစ်ကုန်ပြီးသော၊ ကုသလာဓမ္မာ၊ကုသိုလ်တရားတို့သည်။ဘိယျောဘာဝါယ၊ လွန်စွာ ဖြစ်ခြင်း ငှါ။ဝေပုလ္လာယ၊ပြန့်ပြောခြင်းငှါ။သံဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။

ဤသို့ တရားတော်ရှိသည်နှင့် အညီ သံဃာတော်တို့လည်း အမှန်အကန် ကျင့် ဆောင်ရပေသည်ကို အသင့်နှလုံးသွင်းသင့်သည်။ မြောင်းမြေ ပိုင်ကာသာ မပြုပဲ အပတ်တကုတ် အားထုတ်ကျင့်ဆောင်သင့်သည်၊ သို့ကိုမူကား တရားကို နှလုံးသွင်း တတ်သသူ, သူ့ကျေးဇူးကို သိတတ်သသူကို ရခဲသည်ဟု ဟောတော်မူသောကြောင့် အသင့်နှလုံးသွင်း၍ ကျေးဇူးတော်ကို အောက်မေ့လျက် အပတ်တကုတ်ကျင့်ဆောင် မည့်သူ ဖြစ်ခဲသည်၊ အစဉ်အတိုင်း နိသျည်းဆောင်,နိသျည်းခံ စသည်များကို မကျင့် မဆောင် အမှတ်မဲ့နေကြလျှင် ကာလအံရှည် သာသနာတော် မတည်မထွန်းရှိသည်၊ ပိဏ္ဍစာရိက အစရှိသော ဝတ္တရားနှင့်အညီ နိသျည်း,ဥပဇ္ဈာယ်တို့က တပည့်သား မြေးများကို မဆုံးမ မကံမြစ်လျှင် မြို့တွင်း, ရွာတွင်း ဆွမ်းခံ အသွား အလာ မလျှောက်ပတ်၊ ရဟန်းတို့ ပွဲလမ်း အကြည့်အရှု အပြုအလုပ်များ၍ တနေ့တပါး အမှုအကျင့်ပျက်သည်။ ပရိနိဗ္ဗာန် လွန်တော်မူသည်နောက် သုံးလမြောက်၌ အရှင် မဟာကဿပ စသော ရဟန္တာငါးရာတို့ သံဂါယနာတင်လို၍ အဇာတသတ်မင်း အား ပန်ကြားသည်တွင်—

ဘန္တေ၊အရှင်ဘုရားတို့။ မယှံ၊အကျွန်ုပ်၏။ အာဏာစက္ကံ၊ အာဏာစက်သည်။ဟောတု၊ဖြစ်စေ။တုမှာကန္တ၊အရှင်ဘုရားတို့၏လည်း။ဓမ္မစက္ကံ၊ဓမ္မစက်သည်။ဟောတု၊ဖြစ်စေ။ဝိဿဇ္ဇာ၊လွှတ်လွှတ် ရဲရဲဝံ့ဝံ့။သင်္ဂါဟံ၊သံဂါယနာကို။ ကရောထ၊ပြုတော်မူပါကုန်။

ဤသို့ ရဟန္တာကြီးတို့ မျက်မှောက်ကက်ာ ရှိစဉ်ပင် အာဏာစက်ဖြင့် သာသနာတော်မြတ်ကို အဇာတသတ်မင်း စောင်မ စောင့်ရှောက်ရကြောင်းကို ကျမ်းဂန် ထင်ရှားရှိသည်။

ဘိက္ခဝေ၊ရဟန်းတို့။အနုဂ္ဂဟာ၊ သာသနာတော်မြတ်ကို ချီးမြှင့်ခြင်းတို့သည်။ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ကတမေဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။အာမိသာနုဂ္ဂဟောစ၊ပစ္စည်းဖြင့် ချီးမြှင့်ခြင်းလည်းတပါး။ ဓမ္မာနုဂ္ဂဟောစ၊တရားဖြင့် ချီးမြှင့်ခြင်းလည်းတပါး။ဘိက္ခဝေ၊ရဟန်းတို့။ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ၊ ဤချီးမြှင့်ခြင်း နှစ်ပါးတို့သည်။ ယဒိဒံ ဓမ္မာနုဂ္ဂဟော၊ အကြင်တရားဖြင့် ချီးမြှင့်ခြင်းသည်။အတ္ထိ၊ရှိ၏။ တေံသော ဓမ္မာနုဂ္ဂဟော၊ ဤတရားဖြင့် ချီးမြှင့်ခြင်းသည်။အဂ္ဂံ အဂ္ဂေါ၊မြတ်၏။

ဤသို့ အင်္ဂုတ္တရနိကာယ်၌ ဟောတော်မူသောကြောင့်ရင်း, ဤလူ့ပြည်ကသည် ဗြဟ္မာပြည်တိုင်အောင် ပစ္စည်းဝတ္ထုကို စုပုံ၍ ပစ္စည်းဖြင့် ချီးမြှင့်သော်လည်း တနေ့ တရက်မျှ တရားဖြင့် ချီးမြှင့်ခြင်းကို မမှီ မတူလေကုန်ဟူ၍ အဋ္ဌကထာတို့၌ လာသောကြောင့်ရင်း တရားကျမ်းဂန်နှင့်အညီ သာသနာတော်မြတ်ကို တရားဖြင့် ချီးမြှင့် ပြုစုတော်မူသော သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်အား သဗ္ဗညု ဆုတိုင်အောင် အကျိုးအထူးပေးနိုင်သော ပစ္စယာနုဂ္ဂဟထက် လွန်မြတ်သော ဓမ္မာ နုဂ္ဂဟ ကုသိုလ်တော် ဖြစ်ပွားသည်၊ ယင်းသို့ ဖြစ်ပွားသော ဓမ္မာနုဂ္ဂဟ ကုသိုလ်တော် ကိုလည်း ဤမည်သောအရာ၌ ဤမည်သောတရားများဖြင့် သာသနာတော်မြတ်ကို ပြုစုသုတ်သင် ရပေပြီဟု အဖန်တလဲလဲ ဝမ်းမြောက်ဝမ်းသာ ဆင်ခြင် အောက်မေ့ တော်မူလျက် စုတေသည်မှ အခြားမဲ့ဘဝ၌ လောကီအကျိုး အထူး စင်စစ်မချွတ် ပေးတတ်သော အာစိဏ္ဏကံ,အာသန္နကံ ကုသိုလ်တော်ဖြစ်အောင် မပြတ်နှလုံးထား သင့်သည်၊ ဤသို့ ဆိုခဲ့ပြီးသော စကားအမြွက်ဖြင့် သာသနာတော်ရေး အကြောင်း အရာကို ဆင်ခြင်တော်မူသာအောင် မေတ္တာစာ ဆက်သွင်းအပ်သည် သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

## နေ့ခေါ် လခေါ် နက္ခတ် နေ့ လ

တကာတော် ဝန်ရှင်တော်မင်းကြီးတို့ လျှောက်ပါသည် ဆရာတော်ဘုရား—

နေခေါ် လခေါ် နက္ခတ် နေ လ အသွား အလာ အစီး အယှဉ်များကို ပြသတော်မူသည့် ပုံတော်အတိုင်း ပုဏ္ဏားတို့ ဘာသာ ကျင့်ဝတ် သိက္ခာများကို ကျင့်ဆောင်ပါမည့် အကြောင်းနှင့် သုဒ္ဓိယပုဏ္ဏားတို့က ရှိခိုးသံတော်ဦးတင်သည်တွင် သုဒ္ဓိယပုဏ္ဏားတို့ကို ရွေးချယ်ချီးမြှင့်တော်မူ၍ ဆင်ဖြူတော်သိမ်း သဘင်တော်တွင် ဘိသိက်တော် ဆက်စေရမည်၊ ဆရာတော်ကို လျှောက်ထား၍ သင့်မည် မသင့်မည်ကို စာသွင်းစေ၊ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း အမိန့်တော်နှင့် လျှောက်ထားပါစေသည်၊ ပုဏ္ဏားတို့ လျှောက်ချက်နှင့် သင့် မသင့်ကို စာ ဆက်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည်ဘုရား။

**၁၁၆၆—ခု ဝါခေါင်လပြည့်ကျော်(၇)ရက်နေ့ လျှောက်လှသည်တွင် အမိန့်ရှိလိုက်သည်ကား—**

နေခေါ် လခေါ် နက္ခတ် နေ လ အသွားအလာ အစီးအယှဉ်များကို ပြသတော်မူသည့် ပုံတော်အတိုင်း ပုဏ္ဏားတို့ဘာသာ ကျင့်ဝတ်သိက္ခာများကို ကျင့်ဆောင်ပါမည်အကြောင်းနှင့် သုဒ္ဓိယပုဏ္ဏားတို့က ရှိခိုးသံတော်ဦးတင်သည်တွင် သုဒ္ဓိယပုဏ္ဏားတို့ကို ရွေးချယ် ချီးမြှင့်တော်မူ၍ ဆင်ဖြူတော်သိမ်း သဘင်တော်တွင် ဘိသိက်တော် ဆက်စေရမည်၊ဆရာတော်တို့ကို လျှောက်ထား၍ သင့်သည် မသင့်သည်ကို စာသွင်းစေ အမိန့်တော်ရှိသည်အတိုင်း ပုဏ္ဏားတို့ အကြောင်းအရာကို ကျမ်းဂန်လာသည်နှင့် အညီ ဆွေးနွေးနှိုင်းယှဉ်သော် စမ္ပာပြည်၌ သဗ္ဗညုဘုရား နေတော်မူစဉ် စမ္ပာမြို့နေ ပုဏ္ဏားအပေါင်းနှင့်တကွ ခြေတော် ဦးခိုက်လာသော ဗိမ္ဗိသာရမင်း၏ ပုရောဟိတ် စမ္ပာမြို့စား သောဏဒဏ္ဍပုဏ္ဏားကို 'အဘယ်မျှလောက်သော အင်္ဂါဖြင့် ပုဏ္ဏားဟု ပညတ်ထိုက်သနည်း မေးတော်မူသည်တွင်—

၁ အမျိုးအနွယ် သန့်စင်ခြင်း၊
၂ ဗေဒင်ကြီး ဗေဒင်ငယ် တတ်ကုံခြင်း၊
၃ အဆင်းအရည် ကောင်းခြင်း၊

၄ သီလရှိခြင်း၊

၅ ယဇ်ပူဇော်သော ယောက်မကို စွဲကုန်သသူတို့တွင် လက်ဦး နှစ်ယောက်မြောက် ဖြစ်လောက်သော ပညာနှင့်ပြည့်စုံခြင်း၊

ဤသို့သော အင်္ဂါငါးပါးဖြင့် ပုဏ္ဏားဟု ပညတ်ထိုက်ကြောင်းကို လျှောက်သည်။

ဤအင်္ဂါငါးပါးတွင် တပါးစီ တပါးစီ နုတ်၍ အင်္ဂါနှစ်ပါးမျှဖြင့် ပုဏ္ဏားဟု ပညတ်လိုသော် အဘယ်အင်္ဂါဖြင့် ပညတ်ထိုက်မည်နည်း မေးတော်မူပြန်သည်တွင် သီလ,ပညာ အင်္ဂါနှစ်ပါးဖြင့် ပုဏ္ဏားဟု ပညတ်ထိုက်ကြောင်းကို လျှောက်သည်။ ယင်းသို့ သောဏဒဏ္ဍပုဏ္ဏား လျှောက်ချက်အတိုင်း သီလ, ပညာ အင်္ဂါနှစ်ပါးဖြင့် ပုဏ္ဏားဟု ပညတ်ထိုက်သည်ဆိုသော စကားကို သဗ္ဗညုဘုရားလည်း ချီးမွမ်းတော်မူသည်ဟူ၍ သောဏဒဏ္ဍသုတ်၌ လာသည်နှင့်အညီ အမျိုးအနွယ်နှင့် လျော်သော သီလ၊ ဗေဒင်ကျမ်းဂန် သဘောအရနှင့် ယှဉ်သော ပညာ အင်္ဂါနှစ်ပါးသည် မင်းကေရာဇ်တို့ သုံးထိုက်သော ပုဏ္ဏားတို့အင်္ဂါ ဖြစ်သည်။

> ဗေဒဗေဒင် သတ္ထညော၊ ဒဗ္ဗဟောမ ပရာယနော။
> အာသီဝါဒ ပရောနိစ္စံ၊ သောရာဇ ပုရောဟိတော။

ဟူသော သဒ္ဒကရိုက်ဂါထာနှင့်အညီ ဗေဒင် ကြီး ငယ်တတ်ကုံခြင်း, ဟုံး ယဇ်ပူဇော်သောအရာ၌ ကျွမ်းကျင်ခြင်း, အရှင်မင်းကေရာဇ် အကျိုးစီးပွားကိုလိုသော မေတ္တာစိတ်နှင့် ပြည့်စုံခြင်း ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံက ရာဇပုရောဟိတ် မြောက်ထိုက်သည်။

သုဒ္ဓိယပုဏ္ဏားတို့လည်း ပုဏ္ဏားလေးမျိုးအဝင်ဖြစ်၍ သံတော်ဦးတင်ချက်အတိုင်း နေခေါ် ရက်ခေါ် နက္ခတ် နေ လ အသွားအလာ အစီအရင်များကို နားပါးလည်ခြင်း, အမှန်အကန်အတိုင်း ပုဏ္ဏားတို့ဘာသာ ကျင့်ဝတ်သိက္ခာများကို ကျင့်ဆောင်ခြင်းရှိလျှင် တပေါ သုတိ ယောနိ—ဟူသော ပုဏ္ဏားစစ်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသည် မည်သည်၊ ဟိမဝန္တာတော ပဒုမာကြာတိုက်၌ သံသေဒဇဖြစ်သည်ကို ရသေ့ကောက်ယူ၍ မွေးသော ပေါက္ခရသာတိကို တပေါသုတိ ရှိသဖြင့် ပုဏ္ဏားအမျိုး၌ သွင်း၍ ပသေနဒီကောသလမင်း၏ ဥက္ကဋ္ဌမြို့စား ပုရောဟိတ် ပြုကြောင်းကို အမ္ဗဋ္ဌသုတ် အဋ္ဌကထာ၌ လာသည်၊တပေါ်,သုတိ,ယောနိ ဟူသော ပုရောဟိတ်ပုဏ္ဏားတို့ အင်္ဂါသုံးပါးတို့တွင်လည်း သီလကို တပေါ၊ ပညာကို သုတိ၊ အမျိုးကို ယောနိ ဆိုသည်၊ ပုရောဟိတ်ပုဏ္ဏားတို့ အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသည် မှန်လျှင် အမိန့်တော်အတိုင်း ဘိသိက်တော် ဆက်စေသင့်သည်။

---

## ဆင်ဖြူတော်သိမ်း မင်္ဂလာ

ဟကာဝန်ရှင်တော်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

ရတနာဆင်ဖြူတော် သိမ်းတော်မူမည့်အမှုကို ကျမ်းဂန် ထုံးစံ မည်သို့ရှိသည်၊ကျမ်းဂန် စာဟောင်းစာတမ်း ထွက်များ နှင့် ဆွေးနွေးနှိုင်းယှဉ်၍ စာဆက်သွင်းစေ၊ ဘုရားအမိန့်တော် မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်ဖြစ်၍ ကင်းစာရေးကို လျှောက်ထားလှာပါစေသည်၊ ရတနာဆင်ဖြူတော်သည် ထူး မြတ်လှသော ဆင်ဖြူတော်ဖြစ်သည်နှင့်အညီ အမိန့်တော်အရ အတိုင်း စာဆက်သွင်းပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၆ ခု တော်သလင်းလဆန်း(၃)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

ရတနာဆင်ဖြူတော် သိမ်းမည့်အမှုကို ကျမ်းဂန်ထုံးစံ မည်သို့ရှိသည် နှိုင်းယှဉ်၍ ကျမ်းဂန် စာဟောင်း စာတမ်းထွက်များနှင့် ဆက်သွင်းစေ အမိန့်တော်ရှိသည် အတိုင်း ရတနာဆင်ဖြူတော် သိမ်းမည့်အမှုကို ကျမ်းဂန်ထုံးစံနှင့် ဆွေးနွေးနှိုင်းယှဉ် သော်—

၁ ဆင်တော်ထားရန် ဆင်တင်းကုတ်အစီအရင်၊
၂ ဆင်တော် အဆောင်အယောင် အစီအရင်၊
၃ ဆင်တော်ဆင်ရန် တန်းဆာပလာအစီအရင်၊
၄ ဆင်တော် အစောင့်အရှောက် အခြံအရံ အစီအရင်၊
၅ ဆင်တော်ကို ဆောင်ယူသော မြို့လမ်းခရီးအစီအရင်၊
၆ ဆင်တော်ကို ရွှေတော်သို့ ဆောင်ယူသောအစီအရင်၊
၇ ဆင်တော်ကို အဘိသိက်သွန်းသော အစီအရင်၊
၈ ဆင်တော်ကို ဘွဲ့နာမံတပ်သော အစီအရင်၊
၉ ဆင်တော်ကို ချီးမြှောက်သောအစီအရင်၊
၁၀ ခြေတော်တင်ရာသော အစီအရင်၊

ဤဆယ်ပါးသော အစီအရင်ကို ဇာတ်နိပါတ် ကျမ်းဂန်ထုံးစံ ရှိသည်အတိုင်း စီရင်၍ ရတနာဆင်ဖြူတော်ကို သိမ်းတော်မူသင့်သည်၊ ဤဆယ်ပါးသော အစီအရင်တို့တွင်—

ဆင်တော်ထားရန် ဆင်တင်းကုတ်အစီအရင်ကား—

> ပတိဋ္ဌဋ္ဌာနေ၊ တည်ရာတင်းကုတ်၌။ဂန္ဓေနနံ့သာဖြင့်။ပရိဘဏ္ဍံ၊လိမ်းကျံခြင်းကို။ကာရေတွာ၊ပြုစေ၍။ မတ္ထကေ၊အထက်၌။ သုဝဏ္ဏတာရကဝိတာနံ၊ ရွှေကြယ်စီသောဗိတာန်ဖြင့်။ ဗန္ဓာပေတွာ၊ ကြက်စေ၍။ သမန္တာ၊ထက်ဝန်းကျင်မှ၊ စိတြသာဏိံ၊ ဆန်းကြယ်သော တင်းတိမ်ကို။ ပရိက္ခိပါပေတွာ၊ ကာရံစေ၍။ဂန္ဓတေလေနနံ့သာဆီဖြင့်။ဒီပံ၊ဆီမီးကို။ဇာလေတွာ၊ထွန်းညှိစေ၍။ဓုမကဋ္ဌာဟံ၊ အခိုးအမွှေးထုံသောအိုးကို။ ဌပါပေတွာ၊ ထားစေ၍။ စိတ္တတ္ထရဏပီဌေဝ၊ ဆန်းကြယ်သော အခင်းရှိသော အင်းပျဉ်၌သာလျှင်။ ပတိဋ္ဌာပေသိ၊တည်စေ၏။

ဤသို့ ယူဇနာငါးဆယ်ခရီးကို နေ့ခြင်းသွားနိုင်သော ဘဒ္ဒဝတီဆင်မ ထားရန်တင်းကုတ်ကို ကောသမ္ဗီပြည် ဥတေနမင်း လက်ထက် စီရင်သော သတ္တနိပါတ်ဇာတ်ထုံးစံရှိသည်၊ မဟာသုဒဿနမင်း လက်ထက် ဆင်ရတနာထားသော ဆင်တင်းကုတ်ကို ခပ်သိမ်းသောတန်းဆာဖြင့် ဆင်ယင်စီရင်သော သုတ်မဟာဝါအဋ္ဌကထာ ကျမ်းဂန် ထုံးစံလည်းရှိသည်၊ ခပ်သိမ်းသောတန်းဆာဖြင့် ဆင်ယင်သည် ဆိုသောကြောင့် ပြာသာဒ် တန်ဆောင်းစသော တင်းကုတ်များတွင် ရွှေ,ငွေရတနာ ခြယ်လှယ်မွမ်းမံခြင်းစသော စီရင်ရန် ရှိသမျှကို စီရင်သင့်သည်။

ဆင်တော်အဆောင်အယောင် အစီအရင်ကား—

> ကရိသဆဋ္ဌနဋ္ဌာနေ၊ စာဟောင်းစွန့်ရာ၌။ သုဝဏ္ဏကဋ္ဌာဟံ၊ ရွှေဖျဉ်းကို။ ပတိဋ္ဌာပေတွာ၊တည်စေ၍။ ရာဇာရဟံ၊ မင်းအားထိုက်သော။ နာနဂ္ဂရသဘောဇနဥ္စ၊အထူးထူးသောအရသာ အစာကိုလည်း။ ဒါပေသိ၊ပေးစေ၏။

ဤသို့ ဥတေနမင်း လက်ထက် ဘဒ္ဒဝတီဆင်မ အဆောင်အယောင်ကို စီရင်သော ဇာတ်နိပါတ်ထုံးစံရှိသည်၊ မင်းအားထိုက်သော အရသာအစာကို ပေးစေသည် ဆိုသောကြောင့် ဆင်ချေးစွန့်ရန် ရွှေအင်ကဲ့သို့ ရွှေရေသောက်ခွက်, ရွှေစားအင် အစရှိသော အဆောင်အယောင်ကိုလည်း စီရင်သင့်သည်။

**ဆင်တော်ဆင်ရန် တန်းဆာပလာအစီအရင်ကား—**

သဗ္ဗာလင်္ကာရေဟိ၊ခပ်သိမ်းသောတန်းဆာတို့ဖြင့်။ အလင်္ကရိတွာ၊တန်းဆာဆင်၍။ပတိဋ္ဌာပေသိ၊တည်စေ၏။

ဤသို့ ဥတေနမင်း လက်ထက် ဘဒ္ဒဝတီဆင်မ ဆင်ရန် တန်းဆာပလာ စီရင်သော ဇာတ်နိပါတ်ထုံးစံ ရှိသည်၊ ခပ်သိမ်းသော တန်းဆာဆင်ယင်သည် ဆိုသောကြောင့် ဦးကင်းတန်းဆာ, နား, အစွယ်, နှာမောင်း, အမြီးတန်းဆာ, ရွှေကွန်ရက်, ရွှေတမ်းခွန်စသော ဆင်၌ ဆင်ယင်သမျှသော တန်းဆာအပေါင်းကို စီရင်သင့်သည်၊ မဟာသုဒဿနမင်း လက်ထက် ဆင်ရတနာ၌ ရွှေကွန်ရက် ရွှေတမ်းခွန် ဆင်ယင်ကြောင်း၊ ဗာရာဏသီ သုသီမမင်း လက်ထက် ဆင်တော်၌ နှာမောင်းတန်းဆာ, အစွယ်တန်းဆာ,ရွှေကွန်ရက် ဆင်ယင်ကြောင်းများကို ဆိုသောကျမ်းဂန်ထုံးစံလည်း ရှိသည်။

သတသဟဿဂ္ဃနိကော၊ အသပြာတသိန်းထိုက်သော။ ဟတ္ထိံ၊ဆင်ကို။ သတသဟဿဂ္ဃနိကေန၊ အသပြာတသိန်းထိုက်သော။ အလင်္ကာရေန၊တန်းဆာဖြင့်။ အလင်္ကတော၊ တန်းဆာဆင်သည်မှ။ ဟတ္ထိရတနံ၊ ဆင်ရတနာမည်၏။အဿရတနေပိ၊မြင်းရတနာ၌လည်း။ ဧသေဝနယော၊ ဤနည်းလျှင်တည်း။

ဤသို့ ဆင်ရတနာမှာ နည်းစွအဆုံး အသပြာတသိန်းထိုက်အောင် ဆင်ယင်သည်ကိုလည်း သံယုတ်အဋ္ဌကထာ၌ဆိုသည်။

**ဆင်တော် အစောင့်အရှောက်အခြံအရံအစီအရင်ကား—**

အတ္တနာ၊ ဗာရာဏသီမင်းနှင့်။ သမာနပရိဟာရံ၊ တူမျှသော အစောင့်အရှောက် အခြံအရံကို။အကာသိ၊ပြု၏။

ဤသို့ လက်သမားတို့မှ ဝယ်၍ရသော ဆင်ဖြူရတနာကို ဗာရာဏသီ ဗြဟ္မဒတ်မင်း လက်ထက် ဗာရာဏသီမင်း ကိုယ်နှင့် ထပ်တူထပ်မျှ အစောင့်အရှောက်အခြံအရံ စီရင်သော အလီနစိတ္တဇာတ် ထုံးစံရှိသည်၊ ဗာရာဏသီမင်း ကိုယ်နှင့် ထပ်တူထပ်မျှ အစောင့်အရှောက် အခြံအရံ စီရင်သည်ဆိုသောကြောင့် မင်းကေရာဇ် ကိုယ်တော်မှာကဲ့သို့ ရွှေဓားစွဲ ရွှေလှံစွဲစသော သူရဲ သူခက် စစ်အင်္ဂါ အစောင့်အရှောက် အခြံအရံများကို စီရင်သင့်သည်။

**ဆင်တော်ကိုဆောင်ယူသော မြို့လမ်းခရီးအစီအရင်ကား—**

နဂရဉ္စ၊ မြို့ကိုလည်း။ အလင်္ကာရာပေတွာ၊ တန်းဆာဆင်စေ၍။ ဟတ္ထိ သာလဉ္စ၊ဆင်တင်းကုတ်ကိုလည်း။ အလင်္ကာရာပေတွာ၊ တန်းဆာဆင်စေ၍။ ဟတ္ထိသာလံ၊ဆင်တင်းကုတ်သို့။ပဝေသေသိ၊သွင်း၏။

ဤသို့ ဗာရာဏသီ ပြဟ္မဒတ်မင်း လက်ထက် ဆင်ဖြူရတနာကို ဆောင်ယူ သိမ်း မြန်းသည်ကာလ မြို့အလုံးစုံကို တန်းဆာဆင်စေပြီးမှ ဆင်တင်းကုတ်ကို တန်းဆာ ဆင်၍ ဆောင်ယူသိမ်းမြန်းသော ဇာတ်နိပါတ်ထုံးစံရှိသည်၊ မြို့ကို တန်းဆာဆင် သည်ဆိုသောကြောင့် အကာအရံ, ရေပြည့်အိုး, ငှက်ပျောပင်, ကြံပင်, တမ်းခွန် ကုက္ကားတို့ဖြင့် မြို့တံတိုင်း လမ်းခရီးတို့၌ အတင့်အတယ် ပြုခြင်းစသော မြို့၌ ဆင်ယင် ပြုပြင်ဖွယ် ရှိသမျှကို စီရင်သင့်သည်၊ ဤသို့ စီရင်ခြင်းကိုလည်း မြို့ကို တန်းဆာဆင် ခြင်းမည်သည်ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာစသော ကျမ်းဂန်များ၌ဆိုသည်။

**ဆင်တော်ကို ရွှေတော်သို့ ဆောင်ယူသောအစီအရင်ကား—**

နဂရံ၊မြို့ကို။ ပဒက္ခိဏံကာရေတွာ၊ လကျ်ာရစ် လှည့်လည်စေ၍။ ဟတ္ထိ သာလံ၊ဆင်တင်းကုတ်သို့။ပဝေသေသိ၊သွင်းစေ၏။

ဤသို့ ဗာရာဏသီ ပြဟ္မဒတ်မင်း ဗာရာဏသီပြည်ကို လကျ်ာရစ် လည်စေပြီးမှ ဆင်တင်းကုတ်၌ ဆောင်ယူသွင်းထားသော ဇာတ်နိပါတ် ထုံးစံရှိသည်၊ ဤဇာတ် နိပါတ်စကား၌ မြို့ကို လကျ်ာရစ်လည်စေ၍ ဆောင်ယူသည်ဆိုလျှင် မြို့တော်တွင်ရှိ သော နန်းတော်ကိုလည်း လကျ်ာရစ် လည်စေသည်ဆိုသော စကားကျကြောင့်၎င်း, မြို့တော် နန်းတော်ကို လကျ်ာရစ်လှည့်လည်လျက် ရွှေတော်သို့ ဆောင်ယူသင့်သည် အဓိပ္ပါယ်ရသောကြောင့်၎င်း ရွှေမြို့တော် ရွှေနန်းတော်ကို လကျ်ာရစ် လည်စေ လျက် ဆင်တော်ကို ရွှေတော်သို့ ဆောင်ယူသင့်သည်၊မဟာသုဒဿနမင်း လက်ထက် ဆင်ရတနာကို တန်းဆာဆင်၍ အမတ်တို့• ရွှေတော်သို့ ဆောင်ယူသော ကျမ်းဂန် ထုံးစံလည်း ရှိသည်။

**ဆင်တော်ကို ဘိသိက်သွန်းသော အစီအရင်ကား—**

သဗ္ဗာလင်္ကာရေဟိ၊ ခပ်သိမ်းသော တန်းဆာတို့ဖြင့်။ သမလင်္ကရိတွာ၊ ကောင်းစွာ ဆင်ယင်၍။ အဘိသေကံ၊ ဘိသိက်သွန်းခြင်းကို။ ဒတွာ၊ပေး၍။ ဩရုယှံ၊စီးတော်ဆင်ကို။ကတွာ၊ပြု၍။ဥပေသိ၊ထား၏။

ဤသို့ ဗာရာဏသီပြဟ္မဒတ်မင်း လက်ထက် ဆင်ဖြူရတနာကို ဘိသိက်သွန်း၍ သိမ်းမြန်းသော ဇာတ်နိပါတ် ထုံးစံရှိသည်၊ဤဇာတ်စကား၌ ဘိသိက်သွန်းသည်သာ ဆိုသည်၊ မည်သို့ ဘိသိက်သွန်းရမည် မဆိုသော်လည်း သုသီမဇာတ်၌ တို့ဘုရား လောင်း ဆင်တော်မင်္ဂလာပြုသော ပုရောဟိတ်မျိုး၌ ဖြစ်၍ ဒိသာပါမောက္ခဆရာထံ ဗေဒင်သုံးပုံနှင့်တကွ ဆင်ကြန်အတတ်ကို သင်၍ ဗာရာဏသီပြည် သုသီမမင်း၏ ဆင် တော်မင်္ဂလာပြုကြောင်းကို ဆိုသည်နှင့်အညီ အဟုတ်အဟတ် ဗေဒင်ကို သိကျွမ်း သော ပုရောဟိတ်ပုဏ္ဏားတို့သာ ဆင်ရတနာကို ဘိသိက်သွန်းသင့်သည်၊ ၎င်းဇာတ်၌ မည်သို့သော စကားဖြင့် ဘိသိက်သွန်းသင့်သည် မဆိုသော်လည်း မင်းမြှောက် ဘိသိက်သွန်းသောအရာ၊ မိဖုရားမြှောက် ဘိသိက်သွန်းသောအရာများ၌ ထိုသို့သော အရာတို့၌ လျော်သောစကားဖြင့် ဘိသိက်သွန်းရသကဲ့သို့ ဆင်ရတနာကို ဘိသိက် သွန်းသောအရာနှင့် လျော်သောစကားဖြင့် ဘိသိက် သွန်းသင့်သည်။

**ဆင်တော်ကို ဘွဲ့နာမံတပ်သောအစီအရင်ကား—**

> မုဒ္ဓါဘိသိတ္တာ၊ ဦးထိပ်၌ စိုက်သော ဘိသိက်သွန်းခြင်း ရှိကုန်၏။ ကတ နာမဓေယျာ၊တပ်သော ဘွဲ့နာမံ ရှိကုန်၏။

ဤသို့ ဘိသိက်သွန်းလျှင် ဘွဲ့နာမံ တပ်မြဲ ဆိုသော မဟာသုတသောမဇာတ် ထုံးစံရှိသည်။ ဆင်ပုံမျိုးက ဆင်မ ထားလှာ၍ ရသော ဝေဿန္တရာမင်း၏ ဆင်ကို ပစ္စယနာဂ၊ မနုဥ္စယမင်း၏ ဆင်ကို အဉ္စန၊ ပသေနဒီကောသလမင်း၏ ဆင်ဖြူကို ပုဏ္ဍရိက၊ ယူဇနာငါးဆယ် နေ့ခြင်းသွားနိုင်သော ဥတေနမင်း၏ဆင်မကို ဘဒ္ဒဝတီ၊ ဆဒ္ဒန်မျိုးက ဆင်မ ထားလှာ၍ရသော ဒုဋ္ဌဂါမဏိမင်း၏ ဆင်ကို ကဏ္ဍုလ ဘွဲ့နာမံ တပ်သကဲ့သို့ ဆင်ဖြူတော်ကို အဆင်းအရည် အစွမ်းသတ္တိ အနေအထိုင် အကြောင်း အရာနှင့် အထိုက်အလိုက် ဘွဲ့နာမံတပ်သင့်သည်။

**ဆင်တော်ကို ချီးမြှောက်သောအစီအရင်ကား—**

> အတ္တနော၊မိမိ၏။သဟာယဋ္ဌာနေ၊ အဆွေအရာ၌။ ဌပေတွာ၊ ထား၍။ အတ္တနာ၊မိမိနှင့်။ သမာနပရိဟာရံ၊ တူမျှသော အစောင့်အရှောက်ကို။ အ ကာသိ၊ပြု၏။

ဤသို့ ဗာရာဏသီမင်း လက်ထက် လက်သမားတို့မှ ဝယ်၍ရသော ဆင်ဖြူ ရတနာကို ကိုယ်နှင့် ထပ်တူထပ်မျှ အဆွေသဟာယ အရာ၌ ထား၍ ချီးမြှင့်သော ဇာတ်နိပါတ် ထုံးစံရှိသည်။

**ခြေတော်တင်ရာသော အစီအရင်ကား—**

ဩပဂုယှံ၊ တက်စီးခြင်းကို။ ကတွာ၊ ပြု၍။ အတ္တနော၊ မိမိ၏။ သဟာယ ဌာနေ၊ အဆွေသဟာယအရာ၌။ ဌပေသိ၊ ထား၏။

ဤသို့ ဗာရာဏသီမင်း လက်ထက် ခြေတော်တင်ရကြောင်းကို ဆိုသော ဇာတ်နိပါတ် ထုံးစံရှိသည်။ မဟာသုဒဿနမင်းအား ဆင်ဖြူရတနာ ရောက်သည်ကာလ ရတနာလှေကားဖြင့် တက်၍ ခြေတော်တင်ကြောင်းကို လာသော သုတ်မဟာဝါ အဋ္ဌကထာ ထုံးစံလည်း ရှိသည်၊ ဝေဿန္တရာဇာတ်၌လည်း ရတနာလှေကားဖြင့် ပစ္စယနာဂဆင်ထက် တက်၍ ဝေဿန္တရာမင်း ခြေတော်တင်ကြောင်းကို ဆိုသည်၊ ဤကား ဇာတ်နိပါတ် ကျမ်းဂန်ထုံးစံကား ဆယ်ချက်ကို အသီးအသီးထုတ်နုတ်၍ အမြွက်မျှ တရပ်စီတရပ်စီ ဆိုခြင်းဖြစ်သည်။

**အစီအစဉ်ဆိုသော်ကား—**ဆင်တော်ထားရန် ဆင်တင်းကုတ်ကို ရှေးဦးစွာ စီရင်ပြီးလျှင် ဆင်တော် အဆောင်အယောင် အခမ်းအနားကို စီရင်၍ ဆင်တော်ဆင်ရန် တန်းဆာ ပလာတို့ဖြင့် ဆင်ယင်ပြီးမှ ဆင်တော် အခြံအရံ အစောင့်အရှောက်ကို ခြံရံစေ၍ ဆင်တော် ဆောင်ယူရန် မြို့လမ်းခရီးများကို တန်းဆာဆင်ပြီးသော် ရွှေမြို့တော် ရွှေနန်းတော်ကို လကျ်ာရစ်လှည့်၍ ရွှေတော်သို့ ဆင်တော်ကို ဆောင်ရာ၏၊ ပုရောဟိတ်ပုဏ္ဏားတို့ကို ဘိသိက်သွန်းစေရာ၏၊ ဘွဲ့နာမံ တပ်စေရာ၏၊ အဆွေအရာ ထားခြင်း ပေးကမ်းခြင်း စသည်ဖြင့် ချီးမြှင့်ရာ၏၊ ဤသို့ အလုံးစုံကို စီရင်ပြီးမှ ခြေတော်တင်ရာ၏၊ ဤသို့သော အစီအစဉ်ဖြင့် ဘိသိက်သွန်း၍ ခြေတော် တင်ပြီးသော် ဆင်ဖြူတော်ရတနာကို သိမ်းမြန်းတော်မူခြင်း မြောက်၍ ဆင်ဖြူရတနာ လက်တော်သို့ ရောက်သည် မည်သည်။

ဟတ္ထိဿ၊ ဆင်ဖြူရတနာ၏။ အာဂတကာလတော၊ လာရောက်သောအခါမှ။ ပဋ္ဌာယ၊ စ၍။ ရညော၊ မင်းအား။ သကလဇမ္ဗုဒီပရဇ္ဇံ၊ ဇမ္ဗူဒီပါတကျွန်းလုံး၌ မင်းအဖြစ်သည်။ ဟတ္ထဂတမေဝ၊ လက်တော်သို့ ရောက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသို့ အလီနစိတ္တဇာတ်နိပါတ် ထုံးစံရှိသည်နှင့်အညီ ဆင်ဖြူရတနာ လက်တော်သို့ ရောက်သည်ကစ၍ ဇမ္ဗူဒီပါတကျွန်းလုံး လက်တော်သို့ မချွတ် ရောက်သည် မည်သည်၊ ခပ်သိမ်းသော လူတကာတို့ မြင်တိုင်း ဆင်ဖြူအဖြစ်ကို သိစကောင်းသော အရည်အခြင်းနှင့် ပြည့်စုံလျက် ယခု အရပ်လေးတောင်ကျော်ရှိမှ လူတို့ မပြတ် လုပ်

ဆောင်ရာ လယ်ယာအနီးအပါး၌ ထင်ရှားဖြစ်သည့်အရာသည် သာသနာဝေါ်ကို ပြုစုသော ဒုဋ္ဌဂါမဏိမင်း၏ ဘုန်းကံအထူးကြောင့် မြို့ရွာနှင့်ဝေးသော ကဏ္ဍုလမြစ်နား၌ ဆဒ္ဒန်မျိုးက လာ၍ ဆင်သားငယ်ကို ဆင်မထားလှာသကဲ့သို့ တရားမင်းမြတ် ဘုန်းအထူးကြောင့် သာသနာစောင့်နတ် သိကြားတို့စောင်မ၍ ဆဒ္ဒန်မျိုးက လာရောက်သည် စင်စစ်ဖြစ်သည်၊ ကျမ်းဂန်ထုံးစံကို ပညာတော်ဖြင့် ဆင်ခြင်၍ သိမ်းမြန်းတော်မူသင့်သည်။

---

## စာကြည့် စာတည်း သဘော် ဆွမ်းဆန်တော်

တကာတော် ဝန်ရှင်တော်တို့ ရှိခိုးနားတော်လျှောက်ပါသည်ဘုရား—

ဆရာတော် သံဃာတော်တို့မှာ ရှေးမင်းတို့ လက်ထက်ကပင် စာကြည့် စာတည်း ခွဲဝေ၍ ကြည့်ရှု တည်းဖြတ်ကြရသည်၊ လဝတ် ဆွမ်းဆန်လည်း လှူဒါန်းသည်၊ ရွှေလက်ထက်တော်တွင်လည်း ရှေးအစဉ် ရှိသည်အတိုင်း လစဉ်မပြတ် လှူဒါန်းတော်မူသည်ကို ယခု အလှူတော်ဆွမ်းဆန်ကို မခံမယူ နေကြောင်းနှင့် ရွှေနားတော် ကြားတော်မူသည်၊ မည်သည့် အကြောင်းနှင့် မခံမယူသည်ကို သိတော်မူသာအောင် ဆရာတော်တို့က စာသွင်းစေ၊အလှူတော် လဝတ်ဆွမ်းဆန်ကိုလည်း လစဉ် လှူမြဲအတိုင်း အလှူတော်ကို ခံစေ၊ ပိဋကတ် စာပေများကိုလည်း လစဉ် ကြည့်မြဲ တည်းမြဲအတိုင်း ပိဋကတ်တိုက်သို့ ဝင်၍ ကြည့်စေ တည်းစေ၊ ပဍ္စင်းလောင်းတော် ရှင်လောင်းတော်တို့ကိုလည်း သက္ကရာဇ် ၁၁၆ဂ ခုနှစ် မှစ၍ နှစ်စဉ်ပေးစေ၊ သက္ကရာဇ် ၁၁၆၇ ခု ဝါဆိုလပြည့်ကျော်(၁၅)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း အမိန့်တော်အရနှင့် ရာဇသီရိကို စေလွှတ်၍ ရှိခိုးနားတော် လျှောက်ပါစေသည်၊ အမိန့်တော်အရ မေတ္တာစာဆက်သွင်းတော်မူပါမည့် အကြောင်းကို ရှိခိုးနားတော် လျှော်ပါသည်ဘုရား။

၁၁၆၇–ခု ဝါခေါင်လဆန်း(၁၃)ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား—

ဆရာတော် မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်ဘုရားမင်းမြတ်—

သာသနာတော်မူလ ပိဋကတ်တော် အရှည် တည်ထွန်းစေခြင်းငှါ ရှေးမင်းတို့လက်ထက် ထုံးစံရှိသည်အတိုင်း စာကြည့် စာတည်း ပိဋကတ်မှူးဆရာတို့အား လစဉ်နှစ်စဉ် အလှူဝတ် တည်တော်မူသည်၊ မဂဓရာဇ်တိုင်း ပါဋ္ဌလိပုတ်ပြည်ကို အစိုးရသော သီရိဓမ္မာသောကမင်းကြီး လက်ထက် ပိဋကတ်သုံးပုံကို ဆောင်သော ရဟန်းခြောက်သောင်းတို့အား ရေဝတ်, ဒါန်ပူဝတ်, ဆွမ်းဝတ် တည်ကြောင်း၊ ပိဋကတ်သုံးပုံကို ဆောင်သော ရဟန်း ခြောက်သောင်းတို့လည်း ခံယူ သုံးဆောင်ကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာ၌ဆိုသော ကျမ်းဂန်ထုံးစံနှင့်အညီ စာကြည့် စာတည်းဆရာတို့အား တည်တော်မူသောဝတ်ကို စာကြည့် စာတည်းဆရာတို့လည်း ခံယူ သုံးဆောင်ကြသည်၊ ဝိနည်းကို ဆောင်သောဂိုဏ်းကို ရည်၍ လှူလျှင် ဝိနည်းကိုဆောင်သော ရဟန်းသာ သုံးဆောင်အပ်သည်၊ သုတ္တန်ကို ဆောင်သောဂိုဏ်းကို ရည်၍ လှူလျှင် သုတ္တန်ကိုဆောင်သော ရဟန်းသာ သုံးဆောင်အပ်သည်၊ အဘိဓမ္မာကိုဆောင်သောဂိုဏ်းကို ရည်၍ လှူလျှင် အဘိဓမ္မာကို ဆောင်သော ရဟန်းသာ သုံးဆောင်အပ်သည်ဟူ၍ ပစ္စည်းလေးပါးကို ဝေဖန်သုံးဆောင်နည်းကိုဆိုရာ ဝိနည်းအဋ္ဌကထာများနှင့်အညီ စာကြည့် စာကည်းဆရာများကို ရည်၍ တည်တော်မူသော ဝတ်ကို စာကြည့် စာတည်း ဆရာတို့သာ ခံယူသုံးဆောင်အပ်သောကြောင့် စာကြည့် စာတည်း ဆိုင်းလင့်သည်အခိုက် ၁၁၆၆–ခု တော်သလင်းလကစ၍ ၁၁၆၇–ခု ဝါခေါင်လတိုင် မခံမယူ မသုံးမဆောင်ကြပါသည်၊ အငှါးအရမ်း အခစားကဲ့သို့ နှလုံးထားလျက် အထက်က ခံယူသုံးဆောင်ကြသည်လည်း မဟုတ်ပါ၊ ယခု မခံမယူ မသုံးမဆောင်ကြသည်လည်း မဟုတ်ပါ၊ ပိဋကတ်သုံးပုံကို ဆောင်သော ရဟန်းခြောက်သောင်းတို့အား ပိဋကတ်ဆောင်ခြင်းကို အကြောင်းပြု၍ သီရိဓမ္မာသောကမင်းကြီး ဝတ်တည်သကဲ့သို့ စာကြည့် စာတည်းဆရာတို့အား ကြည့်ရှု တည်းဖြတ်ခြင်းကို အကြောင်းပြု၍ ဝတ်တည်တော်မူသည်ဟု နှလုံးထားလျက် အထက်က ခံယူသုံးဆောင်ကြပါသည်၊ ရည်မှတ်တိုင်းသာ အပ်ကြောင်းကို ဝိနည်းအဋ္ဌကထာများ၌လာသည်နှင့်အညီ စာကြည့် စာတည်း ဆိုင်းလင့်သည်အခိုက် မခံမယူ မသုံးမဆောင်ကြပါသည်၊ တည်တော်မူသောဝတ်ကို မခံမယူ မသုံးမဆောင်ခြင်း၌ စာကြည့် စာတည်း ဆိုင်းလင့်သည်မှတပါး အကြောင်းတခြား မရှိပါကြောင်းကို မေတ္တာစာ ဆက်သွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ် ဘုရားမင်းမြတ်။

## သီဟိုဠ်ဒွီပ မဟာဗောဓိ

၁၁၆၇ ခု တပေါင်းလဆန်း (၁)ရက်နေ့ မင်းကွန်းကျောင်းတော်တွင် အမိန့်တော်ရင်းအတိုင်း သာသနာပြုဆရာတော်ဘုရားနှင့် ရွှေပြည်တော် နိသျည်းဆရာတော်ဘစု စစ်ကိုင်းမင်းအတွင်းဝန် နေမျိုးသီဟသူရ၊ဝတ်မြေဝန် ဇေယျရာဇသင်္ကြန်၊ဟရားသူကြီး ရာဇသီရိ၊အဝေးရောက် စာရေး ငသူတို့အစုံအညီ ရန်ကုန်မြို့နေ စကားပြန် ငဖွဲ့ကို ပြန်ဆိုစေ၍ သီဟိုဠ်ရောက် ရှင်မြပဏ္ဏာတိဿ, ရှင်သုဝဏ္ဏဉာဏာတို့ကို မေးသော်ထွက်ဆိုချက်ဘုရား၊

သီဟိုဠ်ကျွန်းက နေပြည်တော်သို့ လာခဲ့သည့်အကြောင်းမှာ သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် ရဟန်းတော်တို့အား သာသနာတော်သို့ သွတ်သွင်းပေးသည့် တကာတော်ရင်း ဖြစ်သည်နှင့်အညီ ဒက္ခိဏသာခါ မဟာဗောဓိပင်ကို စိုက်ပျိုး ကိုးကွယ် ပူဇော်စေခြင်းငှါ ပို့ဆောင်လိုသောကြောင့် လာခဲ့ပါသည်၊ ရဟန်းတို့ နေရပ်မှာ သီဟိုဠ်ကျွန်း သံဃန္တနာဂရမြို့ တောင် (၅)ရက်ခရီးကွာ ရေဟနဇနပုဒ် ဝါလုတရာ ါမရွာ ဖြစ်ပါသည်၊ ၎င်းရွာအလယ်တွင် အမ္ဗဂဟပ်ပိတိ ရေကြောင်းမှာ အထက် ရဟန်းပြုတော်မူလိုက်သည့် ရဟန်း(၇)ပါးနှင့် သံဃာပေါင်း လေးဆယ်ကျော် နေထိုင်ကြပါသည်၊ ရေဟနဇနပုဒ်အရပ် အနီးအဝေးကျေးရွာများတွင်လည်း ကျောင်းသံဃာအများပင် ရှိကြပါသည်၊ရေဟနဇနပုဒ်ကိုရှေးက သီဟိုဠ်မင်း ပိုင်ပါသည်၊ နောက် အော်လန္တေမင်းက ပိုင်ပါသည်၊ ယခုအင်္ဂလိပ်မင်းက ပိုင်ပါသည်၊ယခု ဆောင်ယူခဲ့သည့် ဗောဓိပင်အကြောင်းမှာ ရဟန်းတော်တို့နေသည့် ဝါလုတရဂါမရွာ မြောက် (၁၅)ရက်ခရီးကွာ အနုရာဓမြို့တွင်ရှိသည့် ဗောဓိပင်က ဆောင်ယူခဲ့ပါသည်၊ ၎င်းမြို့တွင်ရှိသည့် ဗောဓိပင်သည် လုံးပတ်ဆယ်တောင်၊အရပ် အတောင်သုံးဆယ်ခန့်ရှိပါသည်၊၎င်းဗောဓိပင်ကို အစဉ်စောင့်မြဲလူအများရှိပါသည်၊ တံတိုင်းခုနစ်ထပ်တွင် သုံးထပ်ပျက်၍ လေးထပ်ကျန်ရှိပါသည်၊ ၎င်းဗောဓိပင်ကို သီဟိုဠ်မင်းမှစ၍ မှူးမတ် သေဌေး သူကြွယ် ဆင်းရဲသား ရဟန်းသံဃာတို့ အလေးအမြတ် အရိုအသေ အစဉ်စွဲလမ်း ပူဇော် ကိုးကွယ်ကြပါသည်၊ ၎င်းဗောဓိပင်ပြင် အခြားအရပ်များမှာလည်း ဗောဓိပင် အများရှိကြပါသည်၊ အခြားဗောဓိပင်များမှာ ပူဇာသက္ကာရ အများမရှိပါ၊ တံတိုင်းအတွင်း ဗောဓိပင်ကိုသာ အများ ရိုသေကိုးကွယ်ကြပါသည်၊ ယခု ရဟန်းတော်တို့ ဆောင်ယူခဲ့သည့်

ဗောဓိပင်သည် ဗောဓိပင်ကို ဆောင်ယူရမည်အကြောင်းနှင့် အင်္ဂလိပ်မင်းကို ပန်ကြား၍ အင်္ဂလိပ်မင်းက စာပေးမှ စာအရနှင့် ဗောဓိပင် အာရာမ်စောင့်တို့မှာ သုံးရက်, လေးရက် ပြောဆိုလျှင် ဗောဓိပင်ကြီးက ပင်ငယ် ရောက်သည့်အမြစ် သည် ရှစ်ခုကို အာရာမ်စောင့်တို့က ပေး၍ ရလျှင် ကောင်းမွန်အောင် ဆောင်ယူ၍ နေရင်း ဝါလုတရဂါမရွာ ကျောင်းသို့ ပြန်ခဲ့ပါသည်၊ ၎င်းကျောင်းတွင် တလမွေးမြူပြီးမှ သပိတ်မှာ မြေသွတ်၍ စိုက်ပျိုး ဆောင်ယူခဲ့ပါသည်၊ ဝါလုတရဂါမ နေရင်းရွာကျောင်းက တန်းခူးလပြည့်ကျော်(၉)ရက် အင်္ဂါနေ့ ဆရာအမ္ဗဂဟတိဿ, ဝါတုရတိဿ,ခေမာတိဿ, သုဝဏ္ဏဉာဏ, ဆရာ ဗြဟ္မဏတိဿ ရဟန်းငါး၊ သာမဏေ ပညာဓိရ,ပါတောဂါမသာမဏေနှင့် လူ လကုရာ,အဝိရေ ပေါင်းကိုး၊ကုန်းကြောင်း(၂)ရက်နှင့် ကောတမ္ဘုဆိပ်သို့ ရောက်ပါသည်၊ ကောတမ္ဘုဆိပ်တွင် (၆)ရက်နေ၍ ကုလားလှေမှာ စီးလိုက်ခဲ့ပါသည်၊ ခုနစ်ရက်နှင့် နာဂပဋ္ဋနမြို့ဆိပ်သို့ ရောက်ပါသည်၊ ၎င်းမြို့မှာ တလနှင့်(၁၅)ရက် နားနေ၍ ၎င်းဆိပ်က ကုန်းကြောင်း တက်သွားလျှင် တမွန်းတည့်နှင့် နာဂရူဆိပ်သို့ ရောက်ပါသည်၊ နာဂရူတွင် နှစ်လနေ၍ သင်္ဘောတွင် စီးလိုက်ခဲ့ပါသည်၊ သုံးရက်နှင့် စိန ၁တ္တံမြို့သို့ ရောက်ပါသည်၊စိနပ္ပတ္တံမြို့ဆိပ်သို့ရောက်လျှင် တလနှင့် (၁၅)ရက် နေသည်ကာလ ပါသည့် ဗောဓိပင်တို့သည် ညှိုးနွမ်း၍ အရွက်ကြွေသည်၊အရိုးသာ ကျန်သည်ကို ဆရာ အမ္ဗဂဟတိဿက ဗောဓိပင် ရန်ကုန်မြို့သို့ အဆောတလျင် ရောက်အောင် သင်္ဘောနှင့် လိုက်နှင့်ပါတော့ ဆိုသောကြောင့် နာဂရူမြို့သား ပသီ ရွက်ဒမ္ဘီသင်္ဘောတွင် ဗောဓိပင်ကို တင်၍ ဗြဟ္မဏတိဿ, ခေမာတိဿ, သုဝဏ္ဏဉာဏ ရဟန်းသုံးပါးနှင့် လူ လကုရာ ပေါင်း လေး စီးလိုက်ခဲ့သည်၊ စိနပ္ပတ္တံမှာ ဆရာ အမ္ဗဂဟတိဿနှင့် ရဟန်း ၂၊သာမဏေ ၂၊ လူ ၁၊ပေါင်း ၅ ကျန်ရှိရစ်ပါသည်၊ စိနပ္ပတ္တံက သင်္ဘောနှင့် စီးလိုက်ခဲ့သည်ကာလ ယူခဲ့ရင်း သပိတ်က ဗောဓိ ရှစ်ပင်ကို သပိတ်မှ ရေစည်ပိုင်းသို့ ပြောင်းလွှဲထည့်စိုက် ဆောင်ယူခဲ့သည်၊ ရက်ပေါင်း (၁၄)ရက်ကြာလျှင် ဗောဓိရှစ်ပင်လုံး သေသည်တွင် နှလုံးစိတ်လက်မသာမယာရှိ၍ ရပ်ရွာ ပြန်လည်မည် ကြံစည်သည်၊ ဗောဓိပင်လည်း သေလေပြီးသည်၊ ပစ်ပေတော့ ကုလားတို့က ဆိုသည်နှင့် မပစ်ရက်၍ အိပ်သည်တွင် ရဟန်းတော် ခေါင်းရင်းက ရဟန်းကြီးတပါး ရပ်လျက် ''သည် ဗောဓိပင် မသေဘူး မပစ်နှင့်''အိပ်မက်မြင်မက်သည်၊ ၎င်းညဉ့်လည်း မိုးရွာသည်၊ မိုးရေ တအိုးကြီး ခံရသည်၊ ရေကို အတန်အတန် သွန်းလောင်း၍ မွေးမြူသည်၊(၇)ရက်တိုင်လျှင် အညွန့်နှင့်တကွ ခုနစ်ပင် ပေါက်လှာပြန်သည်တွင်မှ ဝမ်းမြောက်ဝမ်းသာ ရှိပါရသည်၊ စိနပ္ပတ္တံက ရန်ကုန်မြို့သို့လာသည့် သင်္ဘောလမ်း ရက်ပေါင်း တလ ကြာသည်၊ ရန်ကုန်မြို့သို့ မရောက်မီ ပင်လယ်ကြောင်းလမ်းမှာ ခေမာတိဿရဟန်း သေလွန်သည်၊ ရန်ကုန်မြို့သို့ သီတင်းကျွတ်လပြည့်ကျော်(၁၄)ရက်နေ့ ရောက်၍ သုံးလ နေပြီးလျှင် တပို့တွဲ

လပြည့်ကျော်(၃)ရက်နေ့ ရန်ကုန်မြို့က ထွက်ခဲ့ပါသည်၊ (၃–၄)ရက်နှင့် ရွှေပြည်တော်သို့ တပေါင်းလပြည့်ကျော် (၄)ရက်နေ့ ရောက်ပါသည်၊ ရဟန်းတော်တို့နေရင်း ဝါလုတရဂါမရွာကျောင်းတွင် ဆရာအကြီး သံဃရက္ခိတမထေရ် အဆုံးအမကို ခံယူ၍ ကျင့်ဆောင် နေထိုင်ကြရပါသည်၊ ရဟန်းတော်တို့မှာ ဇမ္ဗူဒိပ်ကျွန်းရွှေပြည်တော်က ရဟန်းပြုပြီးလျှင် ပါတိမောက်ကို သင်ကြား လေ့ကျက်ပါသည်၊ သီဟိုဠ်ကျွန်း ဝါလုတရဂါမရွာသို့ ရောက်လျှင် ဖြဟ္မဇာလသုတ်ကို ဆရာ အမ္ဗဂဟတိဿမထေရ်ထံ သင်ကြားလေ့ကျက်ပါသည်။

သက္ကရာဇ် နေ လ အခေါ်အဝေါ်မှာ သက္ကရာဇ် မည်မျှရှိသည်ကို မမှတ်မိပါ၊ ဗေဒင်သင်ကြားဘူးသူ ဆရာ အမ္ဗဂဟတိဿရောက်မှ ပြောဆိုနိုင်ပါမည်၊ အမ္ဗဂဟတိဿလည်း မြိတ်မြို့သို့ လာရောက်ကြောင်းကို ကြားပါသည်၊ တလခေါ်သည်မှာ အရက်(၃၀)ကို တလခေါ်ပါသည်၊ တနှစ်ကို(၁၂)လ ဖြစ်ပါသည်၊ ဥပုသ်မှာ တလကို နှစ်ဥပုသ်၊ စာတုဒ္ဒသီ, ပန္နရသီ ဆရာတို့ညွှန်ပြရာ ပြုရပါသည်၊ စကားကုန်စင်အောင် မပြန်မပြောနိုင်ပါ၊ သီဟိုဠ်ကျွန်းမှာ ရဟန်းသံဃာတို့ ဆွမ်းဘောဇဉ် သုံးဆောင်ကြသည်မှာ နေအရုဏ်မြင်လျှင် သုံးဆောင်ကြပါသည်၊ ဆွမ်းခံသည်မှာ လက်တဘက်က သပိတ်ပိုက်၍ လက်တဘက်က တရပတ်ကာ၍ ခံပါသည်၊ မသာအသုဘပင့်လျှင် လိုက်ပါသည်၊ ရွာသူသားငယ်တို့ကိုလည်း ကျောင်းတွင် သင်ကြားမွေးမြူပါသည်၊ ရဟန်းတို့မှာ ဒေသနာ 'သဗ္ဗာ အာပတ္တိယော'ဆို၍ ကြားကြပါသည်၊ သာသနာတော်နှစ်ကို မည်မျှ အလွန် အကြွင်း ရှိသည်ကိုလည်း မသိပါ။

---

## မောဓိပင် စိုက်ပျိုးနည်း

တကာတော် ဒိုင်းဝန် လျှောက်ပါသည်ဘုရား—

သီဟိုဠ်ရဟန်းနှစ်ပါး ဆောင်ယူခဲ့သည့် မောဓိပင်ခုနစ်ပင်ကို ရွှေဖျဥ်းခုနစ်လုံးဖြင့် တပင်စီ စိုက်ပျိုး၍ မဟာမုနိဘုရားမှာ နှစ်ပင်,စစ်ကိုင်းမြို့ အောင်မြေလောကဘုရားမှာ တပင်,ရတနာသိဒ်မြို့ ရွှေချက်သိုဘုရားမှာ နှစ်ပင်, မင်းကွန်း ပုထိုးတော်ကြီးဘုရားမှာ နှစ်ပင်,ဆိုင်ရာ ဆင့်ဆို ခန့်ထား၍ ပွဲလမ်းသဘင်စုံနှင့် ကောင်းမွန်အောင် ဆောင်ယူစိုက်ပျိုးစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း ပိဋကတ်

စာပေကျမ်းဂန် ထွက်ရှိသည်နှင့်အညီ ပွဲလမ်းသဘင် စည်ပင် အောင်ခံ၍ ခန့်ထားစိုက်ပျိုးစေရမည် ဖြစ်ပါသည်၊ ဗောဓိပင် စိုက်သည့်နည်း ပိဋကတ် ဇာတ်နိပါတ် ကျမ်းဂန်ထွက်ရှိသည်ကို ရှိခိုးသံတော်ဦးတင်ရအောင် ထုတ်ပေးသနားတော်မူပါမည့်အကြောင်းကို ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၇ ခု တပေါင်းလပြည့်ကျော်(၁၅)ရက်နေ့ ဝတ်မြေစာရေးကို စေ၍ လျှောက်လှာသည်တွင် အမိန့်တော်ရှိလိုက်သည်ကား—**

ဗောဓိပင်စိုက်နည်းကို တေရသနိပါတ် ကာလိင်္ဂဗောဓိဇာတ်ပါဠိတော်၌ ဤသို့ အမိပ္ပါယ်လာသည်—

ဝေနေယျသတ္တဝါတို့ကို သင်္ဂြိုဟ်တော်မူခြင်းငှါ မြတ်စွာဘုရား ဒေသစာရီကြွတော်မူသောအခါ လူတို့ ပူဇော်ရာမရှိ ဖြစ်၍ အရှင်အာနန္ဒာထံသို့ ကပ်၍ သဗ္ဗညုဘုရားအား ပန်ကြားပြီးလျှင် တခုခုသော ပူဇော်ရာကို ဖြစ်ပါစေဟု အနာထပိဏ် သေဌေး လျှောက်သည်၊ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား စေတီအပြားကို လျှောက်ထား၍ သာရီရိက, ပရိဘောဂိက, ဥဒ္ဒိဿကစေတီ သုံးပါးအပြားရှိသည်၊ ငါဘုရား ရှိတော်မူစဉ်ပင် ပရိဘောဂိက, ဥဒ္ဒိဿကစေတီ နှစ်ပါးကို ပြုထိုက်သည်၊ ငါဘုရား သစ္စာလေးပါးကို သိသဖြင့် ပွင့်တော်မူရာဖြစ်သော မဟာဗောဓိသည် ပရိဘောဂိကစေတီပင် ဖြစ်သည် အမိန့်တော် ရှိသည်တွင် မဟာဗောဓိစေတီကို ဆောင်၍ ဇေတဝန်ကျောင်းတော်တွင် စိုက်ပျိုးမည့်အကြောင်းနှင့် လျှောက်ထားလျှင် ဇေတဝန်ကျောင်းတော်တွင် မဟာဗောဓိစေ့ကို စိုက်ပျိုးသော် ငါဘုရားကိုယ်တော် မပြတ် သီတင်းသုံးသကဲ့သို့ ဖြစ်မည် အမိန့်တော်ရှိ၍ အရှင်အာနန္ဒာက အရှင်မဟာမောဂ္ဂလ္လာန်ကို မဟာဗောဓိပင်မှ မဟာဗောဓိစေ့ကို ဆောင်ယူစေပြီးလျှင် ဝိသာခါ, အနာထပိဏ်, ပသေနဒီကောသလမင်းတို့အား အကြောင်းကြား၍ ဇေတဝန်ကျောင်းတော်တံခါးအနီး၌ ဗောဓိပင်စိုက်ရန် တွင်းတူးစေပြီးမှ အပေါက်များစွာဖေါက်သော ရွှေဖျဉ်းကို တွင်း၌ထည့်၍ နံ့သာညွန်ပြောင်းဖြင့် ပြီးစေပြီးသော် အနာထပိဏ်သေဌေးလက်ဖြင့် စိုက်ပျိုးစေသည်၊ ခဏခြင်းပင် ဗောဓိပင် ပေါက်၍ ကြီးပွားသည်၊ ပသေနဒီကောသလမင်းလည်း ရွှေအိုး, ငွေအိုး တဆယ့်ရှစ်လုံးစီ နံ့သာရည် အပြည့် ကြာညို,ကြာဖြူစသော ပန်းအစုံတို့နှင့် စီစဉ်ခင်းကျင်း ပူဇော်သည်၊ ပွတ်တိုင် ရံပြီးလျှင် ရွှေမှုန့်ရောသော သဲဖြူ ကြဲသည်၊ တံတိုင်းဝန်းကျင်

တံခါးမုတ်လေးမျက်နှာ လုပ်သည်၊ မင်းညီ မင်းသား သေဌေး သူကြွယ် ပြည်သူ ပြည်သားတို့ ပူဇော်သက္ကာရ များစွာ ပြုကြသည်၊ မဟာဗောဓိသဘင် ကြီးစွာ ခံသည်–ဟူ၍ ကာလိင်္ဂဗောဓိဇာတ် ပါဠိတော် အဋ္ဌကထာ ပါယ်လာသည်။

သီရိဓမ္မာသောကမင်းကြီး လက်ထက် သီဟိုဠ်ကျွန်းသို့ ဒက္ခိဏသာခါ မဟာဗောဓိကို စေမည်ကာလလည်း ကြီးစွာသော ပူဇာသက္ကာရ သဘင်ပွဲလမ်း အစောင့်အရှောက် အခြံအရံဖြင့် ဆောင်ယူသည်၊ သီဟိုဠ်ကျွန်းသို့ ရောက်သည်ကာလလည်း ကြီးစွာသော ပူဇော်သက္ကာရ သဘင်ပွဲလမ်း အစောင့်အရှောက် အခြံအရံဖြင့် ရောဟိဏီနက္ခတ်အကြိုက်ဘွင် ဒေဝါနံပိယတိဿမင်း စိုက်ပျိုးသည်ဟူ၍ မဟာဝင် များတွင် ဆိုသည်၊ ဘုန်း ပညာ ကြီးမြတ်တော်မူသော တရားမင်းမြတ် ဘုန်း ပညာ တော်ကြောင့် သီဟိုဠ်ကျွန်း အနုရာဓပြည်တွင် တံတိုင်းခုနစ်ထပ်နှင့် သီဟိုဠ်ကျွန်း သားတို့ အစဉ် ကိုးကွယ်ကြသော ဗောဓိပင်က သီဟိုဠ်ရဟန်းတို့ ဆောင်ခဲ့သော ဗောဓိခုနစ်ပင်ကိုလည်း ကာလိင်္ဂဗောဓိဇာတ် ပါဠိတော်, မဟာဝင်ကျမ်းများတွင် လာသောယုံးစံရှိသည်အတိုင်း စိုက်ပျိုးသင့်သည်။

---

## ပိဋကတ်တော် အလွဲအချော်မရှိ ရေးသားရန်

တကာတော် ဒိုင်းဝန် ရှိခိုးနားတော် လျှောက်ပါသည်ဘုရား–

ယခု ရေးတော်မူသည့် ပိဋကတ်တော် ကျမ်းဂန်များတွင် အထွတ်အမြတ် ရောက်တော်မူသည့် နန်းစံ (၂၄)နှစ် ဒသာ မိမာသ်ပွါးဆဲသုဒ္ဓိနိမည်မျှ မည်သည့် ရာသီ မည်သည့် အံသာ နေ့ပိဋကတ်ရှိ စာဟောင်းများသည် အယိုအယွင်း များပြား သည်ဖြစ်၍ ဆရာတော်တို့နှင့် ရဟန်းပညာရှိ လူပညာရှိမည်သူ တို့ကို အမှန်အကန် ပုဒ်မ, သဝေ မကျစေရ တည်းဖြတ် ရေး သာ စေကြောင်းနှင့် လိပ်ကမ္ပည်း စီကုံး၍ ကျမ်းစောင် စေ့ အောင် ရေးမှတ်သားစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ် ထက် ဆင်ရွက်ရသည်အတိုင်း ပိဋကတ်တော်များမှာ ရေး သားထားရန်ကို အမိန့်တော်နှင့်အညီ စီကုံးရေးသား၍ ဆက် သွင်းရန်ကို ကင်းစာရေးတွင် ပေးအပ်လိုက်ပါမည်အကြောင်း ကို ရှိခိုးနားတော် လျှောက်ပါသည်ဘုရား။

**၁၁၆၇ ခု တန်းခူးလပြည့်ကျော်(၅)ရက်နေ့ လျှောက်လှာသည်တွင် သွင်းသည့် မေတ္တာစာကား—**

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရတနာတွင်းများအရှင် ဖြစ်တော်မူသော လုံစကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင်မင်းတရားကြီးသည် သီရိခေတ္တရာ, ရာမည, မဟာဝိဟိက, မစ္ဆဂိရိ, ဟိရိပုဋ္ဌ, ယောနက, ကမ္ဗောဇ, သီဝိ အစရှိသော တိုင်းကြီး ပြည်ကြီးတို့၏ အချက်အချာ သုနာပရန္တ, တမ္ပဒီပဟူသော တိုင်းကြီး နှစ်တိုင်းထက်၌ သရေခေတ္တရာ, ဟံသာဝတီ, ဓညဝတီ, ဒွါရာဝတီ, အယုဒ္ဓယပူရ, မဏိပူရ အစရှိသော ပြည်ကြီးတို့၏ တုတ်ခွန်သွင်းရာ ရတနာပုရ အဝရွှေပြည်တော်ကြီးကို သီရိဓမ္မာသောကမင်းကြီးကဲ့သို့ အတုမဲ့သော ဘုန်း လက်ရုံး အာဏာဖြင့် ရန်သူတကာတို့ကို နှိပ်နင်း၍ အလိုတော် ပြည့်လပြီးသော် စကြာမင်း ဖြစ်အံ့သည်ကို အနှစ်တရာက ကျော်စောသော ဟူသကဲ့သို့ ရာဇကောလာဟလဖြင့် ကျော်စောသော ပညာရှိ အဆက်ဆက် လက်စွဲမှတ်သော သိုက်နိမိတ် ဗျာဒိတ်တော် ရှိသည်အတိုင်း ဧရာဝတီ နဒီရစ်ကွေး မန္တလေးထိပ် မင်းဝန်ရိပ်ထက် ရှစ်သောင်းနှစ်ထောင် တကျိပ်သုံးယောက်သော အာဒိစ္စဝင် မင်းဆက်အစွန့်ရှည်စွာ တည်ထွန်းရာဖြစ်သော ကပိလဝတ်ပြည်ကြီးကဲ့သို့ သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာ အာဒိစ္စဝင် မင်းဆက် တည်ထွန်းရာဖြစ်သော မဟာအမရပုရ ရွှေပြည်ကြီးကို တည်ထောင်တော်မူ၍ ရွှေထီး ရွှေနန်းသိမ်းမြန်းတော်မူ၏၊ ကျမ်းဂန်ထုံးစံနှင့် မယိုမယွင်းစေပဲ ဦးထိပ်၌စိုက်၍ ရေစင်သွန်းသော မုဒ္ဓါဘိသိက်ဖြင့် ဝေဿန္တရာမင်းကြီးကဲ့သို့ နှစ်ကြိမ်မြောက်အောင် ဘိသိက်ခံတော်မူ၏၊ မုဒ္ဓါဘိသိက် အာနုဘော်ဖြင့် ထောက်ပံ့သော ရွှေဘုန်းတော်မြတ်ကြောင့် ဥတည်မင်း, အကျော်မင်း, ဇေဝသာလီမင်း, သီဟိုဠ်မင်းတို့က ဆက်သသော အထူးထူးသော ပဏ္ဏာကာရကို ခံတော်မူခြင်းဖြင့် မဟာမိတ်မင်းပြု၏၊ ပြကတေ့ ခနစ်ပါးနှင့် ပြည့်စုံတော်မူ၏၊မင်းဆက် အထောင်အသောင်းစဉ် လွန်လည်း တရံတဆစ်မျှ ရနိုင်ခဲသော ဇာတ်နိပါတ်ကျမ်းဂန်၌လာသော ဆင်ဖြူအစစ်ကဲ့သို့ ရွှေမှုန်ကြဲဖြန့်သော ငွေကျောက် ငွေတောင်နှင့်တူသော မအံ့သြနိုင်သော မျက်စိ, အစွယ်, အမြီး, ဦးကင်းစသော လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော ဆင်ဖြူရတနာကို ရတော်မူ၏၊ နာရီ ပါဒ်ဗီဇနာ ပြန် ခရာ အစဉ်မပြတ် ရာသီစက်ဖြင့် လှည့်ပတ်သော နက္ခတ် နေ လ အနေအသွား အဆန်း အဆုတ် အဝင် အထွက် ဝိမိစက်စသော ကောင်းကင် ဗေဒင် အရာ၌ ဘုရားဟောကျမ်း ကမ္ဘာ့တန်းဆာကျမ်းများနှင့် ညီညွတ်စွာ သူမတူနိုင်အောင် တတ်ကျွမ်းတော်မူ၏၊ဤသို့ စသော ကြီးမြတ်သော ဘုန်း ပညာနှင့် ပြည့်စုံတော်မူသော ဘိသိက်ခံသောမင်းတို့သာ မင်းစင်စစ်ဖြစ်၍ ဘိသိက်ခံဆုံး၌ တံဆိပ်နာမံ ရမြဲဟူသော

ဇာတ်နိပါတ်ကျမ်းဂန်ထုံးစံနှင့်အညီ အတုမရှိသော ကျက်သရေကိုပွားစေတတ်သော 'သီရိပဝရ ဝိဇယာနန္တ ယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ' ဟူသော တံဆိပ်နာမံကို ရတော်မူသော အသမ္ဘိန္နခတ္တိယ အာဒိစ္စဝံသ အစစ် ဖြစ်တော်မူသော လုံစကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီးသည် လောကသုံးပါး၌ အတုမရှိသော ဘုရားသခင် သာသနာတော်ကို ကြည်ညိုတော်မူလှ၍ ဘုရားဟော ပိဋကတ် ပါဠိတော် မယိုမယွင်း မပျက်မစီး ကာလအရှည် တည်အံ့သောအကြောင်းကို ဆင်ခြင်တော်မူလသော် ဒသာရဟသုတ်၌ ဟောတော်မူသည်အတိုင်း အဆန်းအကြယ် ဖွင့်လုပ်ကြသည့် ကျမ်းဂန်များကိုသာ လေ့လာများ၍ ဘုရားဟော ပိဋကတ်ပါဠိတော်ကို လေ့လာနည်းသောကြောင့် အယိုအယွင်း အပျက်အစီး များသည်ကို သိမြင်တော်မူလျှင် သို့စင် ပါရမီဖြည့်ပြီးမှ ရသော တရားတော် အရှည်မတည် ပျက်စီးလေသည်ကို စုံမက်တော်မူ၍ အနီးအဝေးရဟန်း တရာ့ခြောက်ဆယ့်နှစ်တို့ကို မူအစောင်စောင်နှင့် တိုက်ခိုက် တည်းဖြတ်စေလျက် မူရင်းကို မှန်ကန်အောင် လက်ဦးစွာ ပြင်ဆင်သန့်ရှင်းတော်မူသည်၊ လောကသမုတိနတ် အထွတ်အမြတ် ရောက်တော်မူသည်မှ နန်းစံ နှစ်ဆယ့် လေးနှစ် စမ္ဗပဋ္ဌ ပဿျု၊ အဓိမာသ် သုံးပါးအလွန် ဒသာဓိမာသ်ပွါးဆဲ သုဒ္ဓဒိန်(၃၁၈)ရက်၊ ကုံရာသီ သူရိယမာသ(၁၆)အံသာ၊ သာဝနမာသ တအံသာ၊ စန္ဒြမာသ ရှစ်အံသာ၊ နက္ခတ် (၂၃) လုံး ၂ ပတ်၊ နာရီ တရာ့ရှစ်ဆယ်၊ နေစီး (၂၃)လုံး၊ ၂ ပတ်၊ ၆ နာရီ၊ စန်းစီး (၈)လုံး၊ ၃ ပတ်၊ ၆ နာရီ၊ (၁၃)စိတ်၊၄၁ နာရီ၊ သေသ ၈ ခု၊ လရေး ဆန်းသနေ့ ပြင်ဆင်သန့်ရှင်းပြီးသော် မူရင်းကို မူပြု၍ ပိဋကတ်တော်ရေး လူ(၈၅)တို့ကို သေချာစွာ ရေးသားစေတော်မူသည်၊ ကျမ်းဂန် တတ်ကျွမ်းသော ပညာရှိ မှူးမတ်တို့ကို နေ့စဉ်မပြတ် ကြပ်မတ်စေတော်မူသည်၊ ရွှေမြို့တော်ရှိ ရဟန်း ခြောက်ဆယ့်နှစ်ပါးတို့ကို နန်းတော်ဦးသို့ နေ့တိုင်းဝင်စေ၍ စန္ဒာမုနိဘုရားရှင်အနီး တန်ဆောင်းတော်တွင် သဝေ ပုဒ်မ မကျရအောင် တည်းဖြတ်စေတော်မူသည်၊ ၎င်း ဒသာဓိမာသ် ပွါးဆဲ သုဒ္ဓဒိန်(၃၆၈)ရက်၊ မိဿရာသီ သူရိယမာသ (၁၆)အံသာ၊ သာဝနမာသ တအံသာ၊ စန္ဒြမာသ ရှစ်အံသာ၊ နက္ခတ်တလုံး၊ ပါဒ်ပြည့်နာရီ တရာ့ရှစ်ဆယ်၊နေစီး (၂၇)လုံး၊ ၃ ပတ်၊ (၁၇၆)နာရီ၊ စန်းစီး (၁၄)လုံး တပတ်၊ (၆၆)နာရီ၊ (၁၄) စိတ်၊ နာရီ(၅၀)၊သေသ ၁၀ ခု၊ လရေးဆန်းသနေ့ ရေးသားတည်းဖြတ်၍ ပြီးစီး ပြည့်စုံသည့် ပါဠိတော် ၅၇ ထုပ်၊ကစ္စည်းကျမ်းထုပ်ပေါင်း ၁၉ ထုပ်၊ ကျမ်းပေါင်း ဦးရေ (၂၇)ကျမ်း၊ အင်္ဂါပေါင်း ၇၉၂ အင်္ဂါ–၂ ချပ်၊ဤထုပ်ပေါင်း ကျမ်းပေါင်း အင်္ဂါပေါင်း၌ အကြုံးဝင်သော လုံစကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီး "သီရိပဝရ ဝိဇယာနန္တ ယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ"။ အရှင်မိဖုရားကြီး "သီရိပဝရ မဟာရာဇိန္ဒာမင်္ဂလာ ရတနာဒေဝီ"

မင်း မိဖုရားနှစ်ပါး ကောင်းမှုတော်၊ ဆရာတော်က သွင်းသည့်စာနှင့် တွင်းသင်း မင်းကြီး မဟာသင်ယာစီသည့် စာနှစ်ရပ်ကို ရွှေတော်မှာ ဖတ်နာတော်မူပြီးလျှင် ဆရာတော်က သွင်းသည့်စာအတိုင်း မော်ကွန်းရေးသားစေ အမိန့်တော်ပြန်၍ ၎င်း စာအတိုင်း မော်ကွန်း ရေးသားရသည်။

## သုရဋ္ဌိကမြေ

ဘုရားတပည့်တော် သံတော်ဆင့်တို့ လျှောက်ပါသည် ဆရာတော်ဘုရား—

သာရကောမုဒိဆေးကျမ်း သတ္တမတွဲတွင် သုရဋ္ဌိကမြေ ပါသည်မှာ မည်သည့်မြေ ဖြစ်မည်အကြောင်းနှင့် မြေကိုသိရမည် ဆရာတော်က သွင်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်ဖြစ်၍ သုရဋ္ဌိကမြေအကြောင်းကို စာသွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၇—ခု ဝါခေါင်လဆန်း(၇)ရက်နေ့ ကင်းစာရေး သီရိဇေယျသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သာရကောမုဒိဆေးကျမ်းတွင် သုရဋ္ဌိကမြေဟု ပါသည်မှာ မည်သည့်မြေ ဖြစ်သည်၊ မည်သည့် အကြောင်းနှင့် ၎င်းမြေကို သိရမည် ဆရာတော်က စာသွင်းစေ အမိန့်တော်နှင့် လျှောက်ချက်အတိုင်း သုရဋ္ဌိကမြေ အကြောင်းအရာကို ရှာဖွေကြည့်ရှုလျှင် သင်္ကရိုက်ကျမ်းများတွင် သုရဋ္ဌိကမြေ အထူးလာသည်၊ သာသနာကျမ်းများတွင် အရုဏဝတီမြေ အထူးလာသည်၊ ထိုမြေနှစ်ပါးတွင် သုရဋ္ဌိက မြေ အကြောင်းကို ဒြဗျဂုဏ်ဆေးကျမ်း၌—

> သောရဋ္ဌီ၊သုရဋ္ဌိကမြေသည်။ ကဖ္ဗိတ္တဝိသပ္ပဃ္ဃ၊သလိပ်,သည်းခြေ, ရေယုံနာများကို နိုင်၏။ဝဏသောဓနိ၊အမာပေါက်ကို ပျောက်စေတတ်၏။

ဟူ၍ အကျိုးအသွားလေးပါးဖြင့် အထူးပြုလျက်ဆိုသည်။ ဒြဗျဂုဏ်ဋီကာ၌—

> သုရဋ္ဌဒေသုာတ္တိကာ၊ သုရဋ္ဌအရပ်၌ဖြစ်သောမြေသည်။ သောရဋ္ဌိကာ၊ သုရဋ္ဌိကမြေ မည်၏။

ဟူ၍ အရပ်ဖြင့် အထူးပြုလျက် ဆိုသည်။ ရတနကောသကျမ်း၌—

သောရဋ္ဌ၊သုရဋ္ဌကမြေ။ ဝပ္ပတိ၊ သုရဋ္ဌကမြေ။ မြိဿန၊ သုရဋ္ဌကမြေ။
ရက္ခသီ၊သုရဋ္ဌကမြေ။အတြိတျာ၊သုရဋ္ဌကမြေ။ ပပ္ပတိ၊သုရဋ္ဌကမြေ။

ဟူ၍ အမည်ပရိယာယ် ခြောက်ပါးဖြင့် အထူးပြုလျက် ဆိုသည်။

ထိုစကားတွင် ဒြဗျဂုဏ်ဋီကာ၌—သောရဋ္ဌအမည် ပရိယာယ်ကိုစွဲ၍သာ သုရဋ္ဌ အရပ်၌ဖြစ်သော မြေဟူ၍ ဆိုလေသည်။ ပပ္ပတိအမည် ပရိယာယ်ကိုစွဲ၍ တောင်၌ ဖြစ်သော မြေအထူးဟူ၍လည်း ဆိုသင့်သည်၊ ယင်းသို့ ဆိုသင့်သောကြောင့် ရတန ကောသကျမ်း၌ အရပ်အထူးကိုစွဲ၍ သောရဋ္ဌ အမည်ပရိယာယ်ကို ထုတ်သကဲ့သို့ အရပ်အထူးကို စွဲ၍ ပပ္ပတိအမည် ပရိယာယ်ကိုလည်း ထုတ်ခြင်းဖြစ်သည်၊ ထိုအရပ် အထူးဖြင့် မှတ်သောအမည် ပရိယာယ်နှစ်ပါးတွင် သောရဋ္ဌသဒ္ဒါကား သုရဋ္ဌအရပ် ဟော၊ ဤပစ္စည်းကား ထိုအရပ်၌ဖြစ်သော မြေအထူးဟော၊ ပဗ္ဗတသဒ္ဒါကား တောင်ဟော၊ ဤပစ္စည်းကား ထိုတောင်၌ဖြစ်သော မြေအထူးဟောသည်။ ကြွင်း သော အမည်ပရိယာယ်လေးပါးမှာ ဂုဏ်အထူးကိုသာ စွဲ၍ ဆိုသည်၊ အရပ်ထူးကို စွဲ၍ မဆို၊ အရပ်အထူးကို မှတ်၍ဆိုသော အမည်ပရိယာယ် နှစ်ပါးကို ထောက်၍ သုရဋ္ဌအရပ်၌ရင်း, သင့်တင့်သော တောင်၌ရင်း ဖြစ်သော အကျိုးလေးပါးနှင့် ပြည့်စုံသော မြေအထူးကို အမည်ပရိယာယ် ခြောက်ပါးဖြင့် ခေါ်ဝေါ်အပ်သော သုရဋ္ဌကမြေအထူးဟူ၍ သိအပ်သည်၊ ၎င်းမြေ၏ အဆင်းကို ကျမ်းဂန်များတွင် အထင်အရှား မဆို၊ သုရဋ္ဌဟု အမည်ပရိယာယ်၌ သုရသဒ္ဒါကို နေဟောကြံ၍ နေ အရုဏ်ကဲ့သို့ နီသောအဆင်းရှိသော မြေနီဟူ၍ ဆိုရန်လည်းရှိသည်၊ ပပ္ပတိအမည် ပရိယာယ်၌ ပဗ္ဗတသဒ္ဒါကို အလွှာအထပ်ရှိသော မြေနက်ဟောကြံ၍ နက်သော အဆင်းရှိသော မြေနက်ဟူ၍လည်း ဆိုရန်ရှိသည်၊ ယခင် ဆိုပြီးသော ဒြဗျဂုဏ်ကျမ်း ၌ဆိုသော အကျိုးလေးပါးနှင့် ပြည့်စုံသည်မှာသာ နဂိုရ်အကြောင်းရင်း ဖြစ်သည်၊ သာသနာကျမ်းဂန်၌ အရုဏဝတီမြေကို ဂင်္ဂါမြစ်နား၌ဖြစ်သော မြေနီဟူ၍ ဆိုသော်လည်း ဂင်္ဂါမြစ်နားမှာသာ မဟုတ်၊ အခြားအရပ်မှာလည်း ဆိုသကဲ့သို့ သုရဋ္ဌက မြေကိုလည်း အကျိုးလေးပါးနှင့် ပြည့်စုံလျှင် သုရဋ္ဌအရပ်မှာဖြစ်စေ,အခြားတောင် မှာဖြစ်စေ သင့်မြတ်သော မြေနီ မြေနက်ကိုပင် ယူအပ်သည် အထင်ရှိသည်၊သုရဋ္ဌက မြေ အထူးကို သာသနာကျမ်းဂန်မှာလည်း မဆို၊ ရှိရင်းဆေးကျမ်းများတွင်လည်း မလာ၊ လက်ထက်တော်တွင် တရားမင်းမြတ် ဘုန်းပါရမီတော်ကြောင့် ရောက်သော ရတနကောသ,ဒြဗျဂုဏ်မူလ,ဒြဗျဂုဏ်ဋီကာ,သဿကရိုက်ကျမ်းများကို ကြည့်ရှုသည် တွင်မှ သိမြင်ရသည်ဖြစ်၍ အထင်အဆကိုသာ ဆိုနိုင်သည်။

## ကာသိအရေး

တကာတော် ဒိုင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

အင်္ဂလိပ်လူမျိုးက ပဏာရပ်ခေါ်သည်၊ ရှိန်တူလူမျိုးတို့က ကာသိခေါ်သည်၊ ကာသိမြို့မှာ ရှိန်တူလူမျိုး ရှိကြောင်း, ဂေါတမဘုရားကို ကိုးကွယ်ကြောင်း, ပိဋကတ်စာပေ စေတီဘုရား ရှိမြင်ကြောင်း၊ အမှတ်အသားမှာလည်း သက္ကရာဇ်ကို မမှတ်မသား တဆက် နှစ်ဆက် အစရှိသည်ဖြင့် မှတ်ခြင်း၊ နေ့အဖို့ ညဉ့်အဖို့ကိုလည်း ဧကပဟတ်, ဒွိပဟတ်, တိပဟတ် ဟူ၍ နေ့သုံးယာမ် ညဉ့်သုံးယာမ် ခေါ်ဝေါ် ပြောဆိုကြောင်းများကို ရွှေဘဝါးတော်မြတ်အောက်က ရောက်သူတို့ကို ရှိခိုး သံတော်ဦးတင်သည်တွင် ကာသိမြို့သို့ ပိဋကတ်စာပေ, ဗေဒင်, ဆေးကျမ်း ရှိသည်များကို ရှာယူရေးကူး ဆောင်ယူခဲ့ရမည်၊ ကုန်သည် သင့်ရာစေပါ သွားစေမည်ရှိသည်၊ ဆရာတော်က မည်သည့် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဗေဒင်, ဆေးကျမ်း မပြည့်မစုံ အလိုရှိသည်များကို စာသွင်းစေရမည်၊ ဒိုင်းဝန်က ဆရာတော်ကို လျှောက်၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရပါသည်၊ မည်သည့် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဗေဒင်, ဆေးကျမ်း လိုအပ်သည်ကို သိတော်မူသာအောင် မိန့်တော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၈–ခု တော်သလင်းလဆန်း(၇)ရက်နေ့ ကင်းစာရေး သီရိဇေယျသူကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

ပဏာရပ် ကာသိအရပ်မှာ ဂေါတမဘုရားကို ကိုးကွယ်ကြောင်း၊ ပိဋကတ် စာပေ စေတီဘုရား ရှိမြင်ကြောင်း၊ သက္ကရာဇ်ကို မမှတ်မသား တဆက် နှစ်ဆက် တနှစ် နှစ်နှစ် အစရှိသဖြင့် မှတ်သားကြောင်း၊ ဧကပဟတ်,ဒွိပဟတ်,တိပဟတ်ဟူ၍ နေ့သုံးယာမ်,ညဉ့်သုံးယာမ် ခေါ်ဝေါ်ကြောင်းများကို ရွှေပြည်တော်က ရောက်သူ ကုန်သည်တို့ ရှိခိုးသံတော်ဦးတင်ချက်ကို ထောက်လျှင် ပဏာရပ် ကာသိအရပ်ဆို

သည် အရပ်သည် ဘုရားပွင့်တော်မူရာ အဝှမ်း ၉၀၀၊ မဇ္ဈိမဒေသ အဝင်အပါ မဇ္ဈိမတိုက်ဖြစ်သည် ယူရန်ရှိသည်၊ မာဂဓအလို သာဝတ္ထိကို သာရာဝတီခေါ်သကဲ့သို့ ဗာရာဏသီကို မင်းမြို့မည်နှင့် ပဏ္ဍာအရပ်၊ တိုင်းမည်နှင့် ကာသိခေါ်ခြင်းဖြစ်သည်၊ ယင်းသို့ ခေါ်ကြောင်းကိုလည်း အနောက်ပြည်က ပုဏ္ဏား ဇော်ဂီတို့ ပြောဆိုသော ကြောင့် အထက်ကပင် ကြားသိရသည်၊ မဇ္ဈိမတိုက် မှန်သည်ဖြစ်၍လည်း ယခုထက် တိုင် ဘုရားဂေါတမဟူသော ကျေးဇူးသိမ်မစဲ ပိဋကတ်စာပေ စေတီဘုရား အထင် အရှား အမှတ်အသား အခေါ်အဝေါ် အစဉ်မပျက် မှန်ကန်စွာ ဖြစ်လေသည်၊ သက္ကရာဇ်ကို မမှတ်မသားသည့်အရာ နေ့သုံးယာမ်, ညဥ့်သုံးယာမ် ခေါ်ဝေါ်သည့် အရာများသည် ဘုရားဟောပါဠိတော်, ရသေ့ဟော ဗေဒင်ကျမ်းများနှင့် ညီညွတ် သည်၊ မြန်မာမှုမှာ အတင်အဝင်နှင့် ရသတ်၍ ဗဟိုရ် ခေါ်သကဲ့သို့ ကာသိဘာသာမှု နှင့် ဖအတင်အဝင်မရှိပဲ ရသတ်ကို တသတ်သို့ သွင်း၍ ၁၀ နာရီ တယာမ်ကို ဧက ပဟတ်၊ နှစ်ယာမ်ကို ဒွိပဟတ်၊ သုံးယာမ်ကို တိပဟတ် ခေါ်ကြသည့်အရာလည်း သဒ္ဒါသဘော အသင့်ဖြစ်သည်၊ ၎င်းပဏ္ဍာရပ် ကာသိက ပိဋကတ်, ဗေဒင်ကျမ်း များကို ဆောင်ယူစေမည်မှာ ပိဋကတ်ကို ဝိနည်း, သုတ်, အဘိဓမ္မာအကုန် သံဝဏ္ဏနာ စာပေ ရှိသမျှနှင့်တကွ တိုက်ခိုက်သာအောင် ဆောင်ယူစေသင့်သည်၊ ဗေဒင်ကျမ်း ဆေးကျမ်းများမှာ ရွှေပြည်တော်တွင် မရှိ၍ ဆောင်ယူစေသည်မဟုတ်၊ မူကွဲမူပြား တိုက်ခိုက်၍ ကမ္ဘာ့ဘန်းဆာ အရှည်တည်အောင် ဆောင်ယူစေသည့် အကြောင်း အရာ ထင်ရှားစိမ့်သောငှါ ရွှေပြည်တော်တွင်ရှိသည့် ဗေဒင်, ဆေးကျမ်းများကို အင်း စာရင်းအပ်၍ စာရင်းပါ ပေဒင်ကျမ်း, ဆေးကျမ်းများနှင့် သယ်ကရိုက် ပါဠိ ပဒ ဖွဲ့စီသော စာရင်းလွတ် ဗေဒင်ကျမ်း, ဆေးကျမ်း ရသမျှ ဆောင်ယူစေသင့်သည်၊ ပေးအပ်ရန် အင်းစာရင်းကိုလည်း ဆက်သွင်းသည်။

---

## ယုဒ္ဓယောဂကျမ်း

တကာတော် ဒိုင်းဝန် လျှောက်ပါသည်ဘုရား—

ရတနာသိဒ်ရွှေနန်းတော်ကို လုပ်ဆောင်စီရင်သည့် ပိသု ကာကြီးတွင် ရှိသည့်မှတ်ပုံဆို၍ ကုဋ္ဌ, သပြေ, ရဝေ, ကြင်နီး, စုံပင်လယ်, ဥရုတိုင်, အခေါ်အမှတ်သစ်ရပ်, ထုပ်, လျှောက် စားနည်း ပါသည်၊ ကျမ်းရင်းမှာ ယုဒ္ဓယောဂကျမ်းထွက် အမှာနှင့် ရှိခိုးသံတော်ဦးတင်သည်တွင် ယုဒ္ဓယောဂဆိုသည့်

ကျမ်း ဆရာတော်မှာ ရှိလိမ့်မည်၊ ဆရာတော်ကို လျှောက်စေ၊ အမိန့်တော်ရှိလိုက်သည်၊ယုဒ္ဓယောဂကျမ်းမှစ၍ပိသုကာကျမ်း များကို အလိုတော်ရှိပါသည်၊ သင့်အောင် သွင်းတော်မူပါ မည်အကြောင်းကိုလျှောက်ပါသည်ဘုရား။

**၁၁၆၈ ခု တော်သလင်းပြည့်ကျော်(၃)ရက်နေ့ ရွှေပြည်စိုးကို စေ၍ လျှောက် လှာသည်တွင် အမိန့်တော် ရှိလိုက်သည်ကား—**

ကုဋ္ဌ်,သပြေ,ရဝေ,ကြင်နီး,စုံပင်လယ်,ဥရူတိုင် အခေါ်အမှတ် သစ်ရပ်၊ ထုပ်၊ လျှောက် စားနည်းပါ ယုဒ္ဓယောဂကျမ်းထွက် ရတနာသိခ် ရွှေနန်းတော်ကို လုပ် ဆောင်သည့် ပိသုကာကြီး လက်ရှိ ပုံကို သံတော်ဦးတင်သည်အတိုင်း အိမ်တော် နန်းတော် အစီအရင်ကို ဆိုသော ယုဒ္ဓယောဂကျမ်းကို သင်္ကရိုက်ကျမ်းစုတွင် ကြည့်ရှုရှာဖွေလျှင် ယုဒ္ဓယောဂကျမ်းဟူ၍ ကမ္ပည်းလိပ် အမှတ်မပါရှိ၊ ယုဒ္ဓယာမလ ကျမ်းဟု ကမ္ပည်းလိပ်မှတ် ပါရှိသည်၊ ကျမ်းတွင်လည်း အိမ်တော် နန်းတော် အစီ အရင်ကို မဆို၊ ရာဇမတ္တဏ်, ဇောတိတတ္တ, စိန္တာမဏိကျမ်းများတွင် အိမ်တော် နန်း တော် အစီအရင်ကို ဆိုသည်၊ ၎င်းစိန္တာမဏိကျမ်းများကိုပင် ယုဒ္ဓယောဂကျမ်းဟု ရှေးအခေါ် တွင်ရှိသည်ဖြစ်မည်၊ အိမ်တော် နန်းတော် အစီအရင်ကို ဆိုသမျှ ကျမ်း စကားသည် ရာဇမတ္တဏ်ကျမ်းကို မလွန်နိုင်၊ ဇောတိတတ္တ, စိန္တာမဏိကျမ်းများတွင် ဆိုသော စကားလည်း ရာဇမတ္တဏ်ကျမ်းထက် မထူးပြီ၊ ရာဇမတ္တဏ်ကျမ်းတွင် ဆိုသော ပါဠိ,အနက်အရတိုင်းပင် ဖြစ်သည်၊ ကုဋ္ဌ်, သပြေ, ရဝေ, ကြင်နီး, စုံပင် လယ်, ဥရူတိုင် အခေါ်အမှတ်မှာ မြန်မာဘာသာ အကြောင်းနိမိတ် အထင် အတွင်နှင့် ရှေးဦးသုံးစဉ် ကွန်းစဉ်ခြောက်လုံးကိုစွဲ၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်၊ စုံပင် လယ် အခေါ်အမှတ်တွင် သန္တာန် အခေါ်အမှတ်ပြောင်း၍ ကုဋ္ဌ်, သပြေ, ရဝေ, သဖန်း, ကြင်နီး, ဥရူဟု အချို့စာတွင် ဆိုသည်၊ ရဝေ အခေါ်အမှတ်ကို ကြင်နီး မခေါ် အမှတ်လဲ၍ ဥရူနှင့် စုံပင်လယ်, ကြင်နီးတိုနှင့် ကြင်နီးမ၊ ကုဋ္ဌ်နှင့် သပြေဟု အချို့စာတွင် ဆိုသည်၊ လက်ဝဲတိုင်က စ၍ငင်း, လက်ျာတိုင်ကစ၍ငင်း အစုံအစုံ ရေတွက်ကြသည်၊ ဤသို့ အသီးအသီး အထင်အတွင်ရှိရာ ခေါ်ဝေါ် မှတ်သားကြ သည်၊ သစ်ရပ် ထုပ် လျှောက် စားနည်းများမှာ ရာဇမတ္တဏ်ကျမ်းကြီး ရှိလေပြီး သည်၊ ရာဇမတ္တဏ်ကျမ်းလည်း ကာလအရှည် မပေါ်မထွန်း ရှိလေသည်ကို မဟာ ဓမ္မရာဇ် တရားမင်းမြတ်ကြီး လက်ထက်တော်တွင် ပေါ်ထွန်း၍ အထင်အရှား ဖြစ် သည်၊ ခိုင်ခံ့လှစွာသော ကမ္ဘာ့တန်းဆာကျမ်းကြီးလည်း ဖြစ်သည်။

## ဗေဒင်ကျမ်း ဆေးကျမ်း

တကာတော် ဒိုင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား—

နဝဒီပက ကူးယူခဲ့သည့် ဗေဒင်ကျမ်း,ဆေးကျမ်း,လောကီကျမ်း သီဟိုဠ်က ရောက်သည့် ကျမ်းစုတို့ကို ပြန်၍ ပြီးသည်၊ အတွင်းတော်သို့ သွင်းသည် ပြန်ပြီး၊ အတွင်းတော်သို့ မသွင်းသေး ရှိသည် မပြန်ရသေး၊ မည်သည့်စာ၊ မည်သည့်စာကျမ်းများကို မသိမသာ ပြန်စေသည်လည်း ရှည်ကြာပြီ၊ ယခုတိုင် မပြီး ရှိရမည်မဟုတ်၊ ဘုရားအမိန့်တော်မြတ်ကို ဦး ထိပ်ထက် ဆင်ရွက်ရပါသည်အတိုင်း နဝဒီပက ကူးယူခဲ့သည့် ဗေဒင်ကျမ်း,ဆေးကျမ်း,လောကီကျမ်း,သီဟိုဠ်က ရောက်သည့် ကျမ်းများကိုပြန်၍ အတွင်းတော်သို့ သွင်းသည်၊စာရင်းပြန်ပြီးမသွင်းကျန်စာရင်းမပြန်ရသောစာရင်းများကိုလည်း သွင်းတော်မူပါ၊ မပြန်သေး ကျန်သည်ကို အလျင်အမြန် ပြန်၍ သွင်းတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

**၁၁၆၈—ခု တော်သလင်းလပြည့်ကျော်(၇)ရက်နေ့ ကင်းစာရေးကို စေ၍ လျှောက်လှာသည်တွင် အမိန့် ရှိလိုက်သည်ကား—**

သက္ကရာဇ် ၁၁၄၇—ခု ကာသိကကျေး နဝဒီပ စသောအရပ်များက ရာပြတ် သီရိစွန္ဒရတ်တွင် အမိန့်တော်နှင့် ဆောင်ယူခဲ့သည့် ဗေဒင်ကျမ်း, ဆေးကျမ်းနှင့် သဒ္ဒါ, ဆန်း, အလင်္ကာ, ပူရာဏ်ကျမ်း, တက်ကျမ်းအစုစု လောကီကျမ်း စောင်ရေ ၁၇၈၊ စက္ကူချပ်ရေ ၆၉၄၅ များကို စာပြန်ပုဏ္ဏားတို့နှင့် ဘင်္ဂါလီအက္ခရာကို မြန်မာအက္ခရာ ပုရပိုက်ထက် တင်ပြီးလျှင် ပိဋကတ်ရေးတို့ကို ပေနှင့် ရေးသားစေ၍ တည်းဖြတ်ပြီးမှ ပါရင်းမူ စက္ကူစာနှင့်တကွ ပေရေးစာအင်္ဂါ ၆၂၁-အင်္ဂါ၊ ၃—ရွက်ကို ရွှေလက်တော်သို့ သွင်းသည်။

၁၁၅၄—ခု အဆောင်မြဲ ကာသယည်းတွင် အမိန့်တော်နှင့် ဆောင်ယူခဲ့သည့် ဗေဒင်ကျမ်း, ဒဆေးကျမ်းများနှင့် လောကီကျမ်း စောင်ရေ ၃၃၊ စက္ကူချပ်ရေ ၃၀၇၀ များကိုလည်း ယခင်နည်း ဘင်္ဂါလီအက္ခရာများကို မြန်မာအက္ခရာ ရေးသား တည်းဖြတ်ပြီးမှ ပါရင်းမူ စက္ကူစာနှင့်တကွ ပေရေးစာ အင်္ဂါ ၁၇၃—အင်္ဂါ၊ ၁၀—ရွက်ကို ရွှေလက်တော်သို့ သွင်းသည်။

ရာပြတ် သီရိစွန္ဒရတ်,အဆောင်မြဲ ကာသည်းတို့တွင်ပါသည့် နှစ်စုကျမ်းပေါင်း စောင်ရေ ၂၀၃၊ စက္ကူချပ်ရေ ၁၀၀၁၅၊ ပေရေး အင်္ဂါပေါင်း ၇၉၅—အင်္ဂါ၊ ၁—ရွက်များကိုလည်း လက်ခံဖြင့် မကြွင်းမကျန်စေရ စာရင်း အသေအချာနှင့် အကုန်အစင် သွင်းသည်၊ မသွင်း ကျန်စာ မရှိပြီ၊ ဘင်္ဂါလီအက္ခရာကို မြန်မာအက္ခရာနှင့် မပြန်သေးသည့် စာလည်း မရှိပြီ၊ အနက်မြန်မာမှာလည်း ဆရာစွမ်းနိုင်ပါသမျှ ကျိုးစား အားထုတ်၍ သင်္ကရိုက်ကျမ်း ၁၅ စောင်၊ အင်္ဂါပေါင်း ၁၃၁—အင်္ဂါ၊၁ ရွက် ဝန်ခံပြန်၍ သွင်းသည်၊ နောက်ကိုလည်း အမှီအဖွင့်ပြည့်စုံလျှင် အနက်မြန်မာ ပြန်ဆိုဦးမည်၊ စေ့စပ်နိုင်းယှဉ်လျက်ပင် ရှိသည်၊ အခြားအရာများကိုလည်း လက်ထက်တော်တွင် သင်္ကရိုက်ကျမ်းအများ ရှိကြောင်းကို ပြောဆိုသည်၊ ဗေဒင်ကျမ်း လက်ခံရှိသမျှကိုလည်း ကြည့်ရှုကြရမည်၊ အမိန့်တော်နှင့် အသီးအသီး ပေးအပ်ရဘူးသည်၊ သီဟိုဠ်ရဟန်းတို့တွင်လည်း သီဟိုဠ်ဘာသာနှင့် ဆေးစာ, ဗေဒင်စာများသာ ပါသည်၊ သင်္ကရိုက်ကျမ်းကြီးများ မပါ၊ ပါသမျှကိုပင်လည်း အသုံးတော် ဖြစ်လောက်လျှင် အသုံးတော်ရအောင် သီဟိုဠ်ရဟန်းတို့နှင့် ဆွေးနွေးသည်။

## အမျိုးလေးပါး

အမျိုးလေးပါး အယုတ်, အလတ်, အမြတ် အကြောင်းအရာများကို ဓမ္မကျမ်း,လောကီကျမ်းများက ထွက်ရှိသမျှ စုံလင်အောင် ဆက်သွင်းစေ၊အမိန့်တော်ရှိသည်အတိုင်း အမျိုးလေးပါး အယုတ်,အလတ်,အမြတ် အကြောင်းအရာများကို ဓမ္မကျမ်း,လောကီကျမ်းများက ထုတ်နုတ်၍ ဆက်သွင်းသည်။

ခတ္တိယာ၊မင်းမျိုး။ဗြာဟ္မဏာ၊ပုဏ္ဏားမျိုး။ဝေဿာ၊သူကြွယ်မျိုး။ သုဒ္ဒါ၊ သူဆင်းရဲမျိုး။ဣတိ၊ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဝဏ္ဏာ၊အမျိုးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ "အဂ္ဂညသုတ်ပါဠိတော်"။

ဗြာဟ္မဏာ၊ပုဏ္ဏားမျိုး။ခတ္တိယ၊မင်းမျိုး။ဝေဿ၊သူကြွယ်မျိုး။သုဒ္ဒ၊သူဆင်းရဲမျိုး။ဣတိ၊ဤသို့။ ဗြာဟ္မဏာဒယော၊ ပုဏ္ဏားမျိုး အစရှိကုန်သော။ ဝဏ္ဏာ၊ အမျိုးတို့သည်။သိယုံ၊ဖြစ်ကုန်၏။ "သဒ္ဒါကရိုက်အဘိဓာန် မူလဋီကာ"။

ဤသို့ လေးမျိုးပြားကြောင်းကို ဓမ္မကျမ်း, လောကီကျမ်းများ၌ ဆိုသည်။

ထိုအမျိုးလေးပါးတို့သည် ကမ္ဘာဦးကပင် စ၍ ဖြစ်ပွားသည်၊ ဝိဝဋ္ဋဌာယီမဟာကပ် ပေါ်ထွန်းစကာလ၌ ဗြဟ္မာပြည်မှ ဗြဟ္မာတို့ စုကေ၍ လူ့ပြည်၌ ဥပပါတ်လူ ဖြစ်လာကြသဖြင့် အခါလေးမြင့် ကာလလွန်၍ ဆုံးမစီရင်ရန်ရှိသည်ကို ဆုံးမရင်စိမ့်

သောင့်ါ မဟာသမ္မတမင်းကို ဘိသိက်သွန်း၍ ခတ္တိယဟု သမုတ်သည်တွင်မှ မင်းမျိုး စ၍ဖြစ်သည်၊ တော့တောင် ဝင်၍ မကောင်းမှုကို ဆေးကြော သုတ်သင်သော သူတို့ကို ဗြာဟ္မဏဟု သမုတ်သည်တွင်မှ ပုဏ္ဏားမျိုး စ၍ဖြစ်သည်။ လယ်လုပ်ကုန်သွယ် စသော အိမ်ထောင်မှု ပြုသသူတို့ကို ဝေဿဟု သမုတ်သည်တွင်မှ သူကြွယ်မျိုး စ၍ဖြစ်သည်။ သူ့အမှုကို လုပ်ဆောင်ရသော ဆင်းရဲညှိုးညင်သော အမှုရှိသသူတို့ကို သုဒ္ဒဟု သမုတ်သည်တွင်မှ သူဆင်းရဲမျိုး စ၍ဖြစ်သည်။ ဤသို့ ကမ္ဘာဦးသူတို့ အမှုအရာကို စွဲမှတ်သောအားဖြင့် အစဉ်အတိုင်း အမျိုးလေးပါး ဖြစ်ပွားကြောင်းကို သုတ်ပါထေယျ ဝါ ပါဠိတော် လာရှိသည်။

ကမ္ဘာဦးက ဗြဟ္မာကြီးအား အဖြူ၊ အနီ၊ အရွှေ၊ အညို ခံတွင်းလေးပါး ရှိသည်တွင် ပုဏ္ဏားမျိုးကား ဖြူသောခံတွင်းမှ၊ မင်းမျိုးကား နီသောခံတွင်းမှ၊ သူကြွယ်မျိုးကား ရွှေသောခံတွင်းမှ၊ သူဆင်းရဲမျိုးကား ညိုသောခံတွင်းမှ ဖြစ်သည်။မျက်နှာလေးခုရှိသော ဗြဟ္မာမင်း၏ ခံတွင်းလေးပါးကို စွဲမှတ်သောအားဖြင့် အစဉ်အတိုင်း လေးပါးဖြစ်ပွားကြောင်းကို“ဗြဟ္မာ စတုမုခံစေဝ၊သုက္ကရတ္တပီတနိလံ”စသောဂါထာဖြင့် အချို့လောကီကျမ်းများ၌ လာသည်။

ပုဏ္ဏားမျိုးသည် ဗြဟ္မာမင်း၏ ခံတွင်းမှ၊ မင်းမျိုးသည် လက်ရုံး လက်မောင်းမှ၊ သူကြွယ်မျိုးသည် ပေါင်မှ၊ သူဆင်းရဲမျိုးသည် ခြေမှ ဖြစ်သည်၊ ဗြဟ္မာမင်း၏ အင်္ဂါလေးပါးကို စွဲမှတ်သောအားဖြင့် အစဉ်အတိုင်း အမျိုးလေးပါး ဖြစ်ပွားကြောင်းကို“မုခ ဗာဟူ ရုပါဒေဟိ၊ပုရိသဿဿမေ သဟ”စသောဂါထာဖြင့် အချို့လောကီကျမ်းများ၌ လာသည်။

ဓမ္မကံကျမ်း ပါဠိတော်အလိုကား မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲဟူ၍ အမျိုးလေးပါး အစဉ်၊ လောကီကျမ်း သင်္ကရိုက်အလိုကား ပုဏ္ဏား၊ မင်း၊ သူကြွယ်၊ သူဆင်းရဲဟူ၍ အမျိုးလေးပါးအစဉ်တည်း။ ထိုအမျိုးလေးပါးတို့တွင်—

> ခေတ္တာနံ၊လယ် မြေတို့ကို။ အဓိပတိ၊အစိုးရ၏။ ဓမ္မေန၊ တရားသဖြင့်။ ပရေသံ၊ သူတပါးတို့ကို။ ရဉ္ဇေတိ၊ နှစ်သက်စေတတ်၏။ “ဤသို့လာသော အဂ္ဂညသုတ် ပါဠိတော်”။

> မုဒ္ဓါဘိသိတ္တော၊မုဒ္ဓါဘိသိက်ခံသော မင်းသည်။ ရာဇညော၊ မင်းဇာတိ မည်၏။ရာဇဝံသော၊မင်း၏ အနွယ်သည်။ရာဇဗီဇိ၊မင်းမျိုးမည်၏။

ဤသို့ လာသော အမရကောသ သင်္ကရိုက်ကျမ်းများနှင့်အညီ ရေ့မြေတို့ကို အစိုးရသော တရားသဖြင့် လူတို့ကို စောင့်ရှောက်သော မုဒ္ဓါဘိသိက်ခံသော မင်းနှင့် ထိုမင်း၏ အဆက် အနွယ်အားဖြင့် ဖြစ်ပွားသော အမျိုးသည် မင်းမျိုး မည်၏၊

ရေမြေကို စောင့်ရှောက်ခြင်း၊ တိုင်းနိုင်ငံကို အစိုးရခြင်း၊ လူတို့ကို ဆုံးမကံမြစ်ခြင်းသည် မင်းမျိုးတို့၏ အမှုတည်း။

> ပါပကော၊ယုတ်မာကုန်သော။ အကုသလေဓမ္မေ၊အကုသိုလ်တရားတို့ကို။ ဝါဟေန္တိ၊ဆေးကြောတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗြာဟ္မဏာ၊ ဗြာဟ္မဏမည်ကုန်၏။ "ဤသို့လာသော အဂ္ဂညသုတ်ပါဠိတော်"။
>
> ဒေဟောပ္ပတ္တိ သခ်ါရုပ္ပတ္တိလက္ခဏော၊ အမိဝမ်း၌ ကိုယ်ဖြင့် ဖြစ်ခြင်း၊ စလွယ်တင်သော အကျင့်ဖြင့် ဖြစ်ခြင်းလက္ခဏာတို့ဖြင့်။ ဒွေဇာတိ၊ နှစ်ကြိမ်ဖြစ်ခြင်းတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ဗြဟ္မုနော၊ဗြဟ္မာမင်း၏။မုခါ၊ခံတွင်းမှ။ ဇန္မ၊ဖြစ်ပွားခြင်းသည်။အတ္ထိ၊ရှိ၏။

ဤသို့လာသော အမရကောသ သင်္ကရိုက်ကျမ်းများနှင့်အညီ မကောင်းမှုကို ဆေးကြောတတ်သော သန္ဓေ, စလွယ်အားဖြင့်ဖြစ်ခြင်း နှစ်ပါးရှိသော ဗြဟ္မာမင်း၏ ခံတွင်းမှ ဖြစ်ပွားသည်ဟူ၍ သမုတ်အပ်သော အမျိုးသည် ပုဏ္ဏားမျိုးမည်၏။

မိမိဟုံးပူဇော်ခြင်း, ဗေဒင်သရဇ္ဈာယ်ခြင်း, ပေးလှူခြင်း၊ သူ့ကိုဟုံးပူဇော်စေခြင်း, ဗေဒင်သရဇ္ဈာယ်စေခြင်း, ပေးလှူစေခြင်း ဤခြောက်ပါးသည် ပုဏ္ဏားမျိုးတို့၏ အမှုတည်း။

> ဝိသုကမ္မန္တေ၊ လယ်လုပ် ကုန်သွယ်စသော အိမ်ထောင်မှုတို့ကို။ ပယောဇေန္တိ၊ ယှဉ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဝေဿာ၊ဝေဿမည်ကုန်၏။ "ဤသို့လာသော အဂ္ဂညသုတ်ပါဠိတော်"။
>
> ကသိ၊လယ်လုပ်သသူ။ ပသုပါလျံ၊ နွားမွေးသသူ။ ဝါဏိဇ္ဇံ၊ ကုန်သွယ်သသူ။ ဣတိဣမေ၊ ဤသူတို့ကား။ ဝေဿတ္တယော၊ ဝေဿမျိုး သုံးပါးတို့မည်၏။

ဤသို့လာသော အမရကောသသင်္ကရိုက်ကျမ်းများနှင့်အညီ ကုန်သွယ် လယ်လုပ်အမျိုးသည် သူကြွယ်မျိုးမည်၏၊ လယ်လုပ်ခြင်း, နွားကျွဲမွေးခြင်း, အခိုင်အဖြိုး ကုန်သွယ်ခြင်းများသည် သူကြွယ်မျိုးတို့၏ အမှုတည်း။

> လုဒ္ဒါစာရာ၊ကြမ်းကြုတ်သောအမှုအကျင့်ရှိကုန်၏။ ခုဒ္ဒစာရာ၊ယုတ်နိမ့်သောအမှုအကျင့်ရှိကုန်၏။ဣတိ၊ထိုကြောင့်။သုဒ္ဒါ၊ သုဒ္ဒမည်ကုန်၏။"ဤသို့လာသော အဂ္ဂညသုတ်ပါဠိတော်"။

အဝနဝဏ္ဏ၊မမြတ်သောအမျိုးရှိသသူသည်။သုဒ္ဒေါ၊သုဒ္ဒမည်၏။

ဤသို့လာသော အမရကောသသင်္ကရိုက်ကျမ်းနှင့်အညီ ကြမ်းကြုတ်ယုတ်နှမ်းသော အမှုအကျင့်ရှိသော မင်း,ပုဏ္ဏား,သူကြွယ် အမျိုးသုံးပါးမှ အခြားဖြစ်သော ယုတ်ညံ့သော အမျိုးသည် သူဆင်းရဲမျိုးမည်၏၊ ယခင် ဆိုခဲ့ပြီးသော မင်း,ပုဏ္ဏား, သူကြွယ်မျိုးတို့၏ အမှုကိုထား၍ အခြားဖြစ်သော ခိုင်းခန့်စေပါးရန် လုပ်ဆောင်ရန် ဟူသမျှသည် သူဆင်းရဲမျိုးတို့၏ အမှုတည်း။

အမျိုးလေးပါးတို့၏ အထူးအပြားကို သီလ ပညာ ဂုဏ်ကျေးဇူး အရည်အခြင်း အဆင်းသဏ္ဌာန်စသဖြင့် မပိုင်းခြားသာ၊ အမျိုးလေးပါး၌ပင် သီလ ပညာ ဂုဏ်ကျေးဇူး အရည်အခြင်း အဆင်းသဏ္ဌာန်စသည့် အထူးထူးအပြားပြား ရှိကြသော ကြောင့် အမှုအခင်း အလုပ်အဆောင် အမှုအရာအထူးဖြင့်သာ ပိုင်းခြား၍ ခတ္တိယဝဂ်, ဗြာဟ္မဏဝဂ်, ဝေဿဝဂ်,သုဒ္ဒဝဂ် အဘိဓာန်ကျမ်းများ၌ ဆိုသည်။

လူတို့အပြား၊ဂေါတ်လေးပါးတွင်၊ ပုဏ္ဏားဗေဒင်၊ သင်လေစေ
လျှင်း၊ မင်းကားမြေစိုး၊သူကြွယ်မျိုးမူ၊ ရေမိုးရကြောင်း၊ကုန်သည်
မြောင်းနှင့်၊ လယ်ချောင်းလုပ်စား၊ ဆင်းရဲသားကား၊ သူ့အား
ခယမ်း၊ အမှုထမ်းဟု၊ ခွဲခြမ်းပိုင်းခြား—

ဟူ၍ ရှေးသူဟောင်းတို့ ဆိုလေသည်လည်း တစိတ်တဒေသ အမြွက်မျှသာ ဆိုခြင်းဖြစ်သည်။

ထိုအမျိုးလေးပါးတို့၏ သရုပ်အပြားကား—

ဘိသိက်ခံသော ပဓာနမင်း၊ဘိသိက်မခံသော အပဓာနမင်း နှစ်ပါး၊ပဒေသရာဇ်, ကေရာဇ်,စကြဝတေးမင်းသုံးပါး စသောအားဖြင့် မင်းမျိုးအပြား များစွာရှိသည်။

အင်္ဂုတ္တရပါဠိတော်၌လာသော ပုဏ္ဏားမျိုးငါးပါး၊ဒသဗြာဟ္မဏဇာတ်၌လာသော ပုဏ္ဏားမျိုး ဆယ်ပါး စသောအားဖြင့် ပုဏ္ဏားမျိုးအပြား များစွာရှိသည်။

လယ်လုပ်သော ကဿက၊နွားကျွဲမွေးသော ပသုပါလ၊ကုန်သွယ်သောဝါဏိဇ္ဇက သုံးပါး။ ဂဟပတိသာမည, သေဋ္ဌိ, ဂဟပတိမဟာလသုံးပါး စသောအားဖြင့် သူကြွယ်မျိုးအပြား များစွာရှိသည်။

သူဆင်းရဲမျိုးအပြားကား ကာရုပိသုကာ။မာလာကာရ၊ပန်းသည်။ကုမ္ဘကာရ၊ အိုးထိန်း။လေပကာရ၊ပရံသမား။တန္တဝါယ၊ရက်ကန်းသည်။ တုန္နဝါယ၊ အပ်ချုပ်

သည်။ရင်္ဂဇီဝ၊ပန်းချီသမား။စမ္မကာရ၊သားရေနယ်သမား။ ဝေဏုကာရ၊ ဒေါင်းရွှေ သမား။ပါဒုကာရ၊ ခြေနင်းဘိနပ်သည်။လောဟကာရ၊ပန်းပဲ။သုဝဏ္ဏကာရ၊ပန်းထိမ်။ သံခီကာ၊ပန်းပွတ်သည်။ ခုရီ၊ ဆတ္တာသည်။ နိဗ္ဗေဇက၊ကူဟာသည်။ မာယာကာရ၊ မျက်လှည့်သည်။ * သေလုသ၊ ကျောက်ဆစ်သမား။ နာဠက၊ ဂျမ်းသမား။ နာဠ၊ သဘင်သည်။သာကုဏိကာ၊ငှက်မုဆိုး။မာဂဝိကာ၊ သားမုဆိုး။ ဝါဂုရိက၊ပိုက်မုဆိုး။ ဇာလိက၊ ကွန်မုဆိုး။ ဘတက၊ သူခစား။ ဘာရိက၊ ဝန်ထမ်း။ စေဋက၊ အစေခံ။ စဏ္ဍာလ၊ဒွန်းစဏ္ဍား။ ပုက္ကုသ၊ပန်းစွန့်။ ကိရာတ၊ ကရင်။ သဝရ၊ ချင်း။ မလေစ္ဆ၊ တောင်သူ။ဤသို့ စသောအားဖြင့် သူဆင်းရဲမျိုးအပြား များစွာရှိသည်။

လက်ဦး အမျိုးသုံးပါးတို့ အမှုမှ ကြွင်းကျန်သမျှ အမှုသည် သူဆင်းရဲတို့အမှု ဖြစ်၍ များသောအမှုနှင့် လျော်စွာ များသောအပြား ရှိလေသတည်း။

ဒွန်းစဏ္ဍား ဟူသည်မှာလည်း ပုရသောခေါ၊မြို့ကိုသုတ်သင်ရသော ဒွန်းစဏ္ဍား။ ဝစ္စသောဓက၊ဘင်ပုပ်ကိုသုတ်သင်ရသော ဒွန်းစဏ္ဍား။ မတနိသာရက၊ သူကောင်ကို ထုတ်ပိုးရသော ဒွန်းစဏ္ဍား။သုသာနဂေါပက၊သုသာန်ကိုစောင့်ရသောဒွန်းစဏ္ဍား ဟူ၍ ဒွန်းစဏ္ဍားအပြား လေးပါးရှိကြောင်းကို မဟာဝင်၌ ဆိုသည်။

ဥက္ကဋ္ဌနာမဇာတိ၊ မြတ်သောအမျိုး မည်သည်ကား။ ခတ္တိယဇာတိ၊ မင်းမျိုး။ဗြာဟ္မဏဇာတိ၊ပုဏ္ဏားမျိုးတည်း။

ဤသို့ ပါစိတ်ပါဠိတော် လာသည်နှင့်အညီ အမျိုးလေးပါးတို့တွင် မင်းမျိုး, ပုဏ္ဏားမျိုးသည် အမြတ်၊ သူကြွယ်မျိုးသည် အလတ်၊ သူဆင်းရဲမျိုးသည် အယုတ် အညံ့ ဖြစ်သည်။

ဇနေတသ္မိံ၊ လူအပေါင်းတွင်။ ခတ္တိယော၊မင်းသည်။ သေဋ္ဌော၊မြတ်၏။ ဤသို့ ပါထိယဝဂ္ဂ ပါဠိတော်၌ လာသည်နှင့်အညီ မင်း, ပုဏ္ဏား အမျိုးမြတ်နှစ်ပါးတွင် လည်း ပုဏ္ဏားမျိုးထက် မင်းမျိုးသာ မြတ်သည်၊ "မောက္ခသုဓိ" အစရှိသော လောကီ ကျမ်းများ၌ကား ဗြဟ္မာမင်း၏ ခံတွင်းမှ ဖြစ်ပွားသော အမျိုး ဖြစ်သောကြောင့် ပုဏ္ဏားမျိုးသာ မြတ်သည် ဆိုလေသည်။ သိမ်မွေ့နက်နဲစွာသော ဇာတိပညာတော်

---

မှတ်ချက်—* "နဠေ ဗိလ္လေစ သေလုသော" ဟု ရာဇသအဘိဓာန်၌ ဆိုသောကြောင့် ဥသျှစ်ပင်ဟော, ကချေသည်ဟော နှစ်မျိုးရှိရာတွင် ဤနေရာ၌ ကချေသည်ဟောသာ ဖြစ်သင့်သည်။

ဖြင့် အရှည် မြော်ခေါ်တော်မူလျက် အမျိုးလေးပါး အထင်အရှား မရှိသည်ကို အထင်အရှား ဖြစ်စိမ့်သောငှါ ပိုင်းခြားတော်မူသည့်အရာ နောင်လာလူအပေါင်း တို့ အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည် မည်သည်။

ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ စတုဝဏ္ဏာ၊ အမျိုးလေးပါးတို့ကို။ ဗျတ္တာ၊ ပိုင်းခြားခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ သောပဒေသော၊ ထိုအမျိုးလေးပါး အပိုင်းအခြားမရှိသောအရပ်ကို။ ပစ္စန္တပဒေသော၊ ပစ္စန္တရစ်အရပ်ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ တတောပရံ၊ ထိုမှတပါး အမျိုးလေးပါး အပိုင်းအခြား ရှိသောအရပ်ကား။ ပုညဘူမိ၊ ဘုန်းကံကြီးသောသူတို့ နေရာအရပ်မည်၏။

ဤသို့ အဘိဓာန်ဋီကာများ၌လာသည်နှင့်အညီ တိုင်းပြည်၏ မင်္ဂလာကျက်သရေ ကို ဖြစ်စေသည်လည်း မည်သည်၊ ကမ္ဘာကျေလည်း ဥဒါန်းမကြေ စင်စစ်ဖြစ်မည် အကြောင်းကို မေတ္တာစကား ကြားအပ်ပါသည်။

---

## မင်းလှကျော်စွာပေး မေတ္တာစာ

**ဆရာတော် မေတ္တာစကား ကြားအပ်သည် တကာတော် ဟံသာဝတီမြို့ဝန်မင်း မင်းလှကျော်စွာ—**

ဇမ္ဗူဒီပါ တသောင်းပြင်၌ ရှေးအခါ ထင်ရှားဖြစ်ဘူးသော တိက္ခတ္တုံ တေသဋ္ဌိ နဂရသဟဿ—ခြောက်သောင်း သုံးထောင်စီ သုံးကြိမ်ဖြစ်ပွား၍ သုံးခုဖြင့် မြောက် အပ်သော မြို့မ ခရိုင်ပေါင်း တသိန်း ရှစ်သောင်း ကိုးထောင်၊နဝနဝုတိ ဒေါဏ မုခ သဟဿ—အခွန်အနက်ထွက်သော ကံကြွေး ကျေးလက်ပေါင်း ကိုးသန်း ကိုးသိန်း၊ ဆနဝုတိပဋ္ဋနကောဋိသတသဟဿ—အကြေ အညာ ဆိုက်ရောက်လှာ၍ ဥစ္စာထုပ်ကို ဖြေရာဖြစ်သော သင်္ဘောဆိပ်ပေါင်း ကုဋေ ကိုးသန်း ခြောက်သိန်း၊ ဆပဏ္ဏာသ ရတနာကရ—အမွန်ရတနာတည်ထွန်းရာဖြစ်သော အရပ်ပေါင်း ငါးဆယ့် ခြောက် ဌာနဟူ၍ သုတ္တနိပါတ်ကျမ်း၌ အသီးအသီး မှတ်ထားသည့်အရာတွင် အကျုံးဝင် သော ရာမညတိုင်း ဟံသာဝတီမြို့သည်လည်း မြို့ရွာ ကျေးလက် သင်္ဘောဆိပ် ရတနာ ဖြစ်ရာဌာနတို့နှင့် ပြည့်စုံတော်မူသော သာခကုမာရရာဇာ စသော ဘုန်းတန်ခိုး ကြီးသော အဓိန့်ရှည်စွာ အုပ်စိုးရာ ထီးတစင်းဆောင်း မင်းတို့ နေထိုင်လောက် သော မြို့ကြီး ပြည်ကြီးဖြစ်သည်။ သို့စင် မြို့ကြီး ပြည်ကြီးကို လက်နက်စကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီး မြို့ကွပ်မြို့ဝန် ခန့်ထားတော်မူခြင်း သည်—

တိုင်းထွာကြံသီး၊ ရှေးအတီးနှင့်၊ ရေကြည့်သမား၊ မြို့စွန် စား
လျက်၊ လက်နား လက်စောင်း၊ ကျွန်ကောင်း ငယ်ဘော်၊ မှုထမ်း
ကျော်ကို၊ မျက်ဖျော် လက်နှိပ်၊ ပြည်လယ် သိပ်၍၊ အိပ်လည်း
ငြိမ်စေ၊—

ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုသည်အတိုင်း သိကြားမင်း၏ပညာအမြင်နှင့်တူသော ပညာအမြင်တော်ဖြင့် ရေးကြီး ခွင့်ကျယ်၌ လိမ္မာပွန်းတီးသော ရေကြည့်သမား ဖြစ်သည် တကြောင်း၊ ငယ်ပေါင်း ကြီးဘော် ကျွန်တော်ရင်းအစစ် ဖြစ်သည် တကြောင်း ဤအကြောင်းနှစ်ပါးကို သိမြင်တော်မူ၍ တိုင်းသီး မြို့သီး ဖြစ်သော ကြောင့် ပြည်စွန်းမြို့စွန်းလည်း ဆိုရ မုတ္တမ,မြိတ်,တနင်္သာရီ,ဓားဝယ် ပင်လယ်နား တလျှောက် မြို့ရံ မြို့သီး ရှိသောကြောင့် ပြည်လယ် မြို့လယ် ဆိုရ နှစ်ချက်နှစ်ဌာန သင့်မြတ်သောအရပ်ဒေသ၌ မြို့ကွပ် မြို့ဝန် ခန့်ထားတော်မူခြင်းဖြစ်သည်။

ရှေး ဘဝတွင် ပုဂံမြို့ သရက်ဆက် မင်းကြီးစွာစော်ကဲ လက်ထက် ငယ်ပေါင်း ကြီးဘော် ကျွန်တော်ရင်းဖြစ်သော ငစားမည်ကို တလုပ်မြို့ ရခိုင်မြို့ စစ်ကိုင်းမြို့များ ကို မြို့စား ခန့်ထားပြီးမှ ပုခန်းကြီးမြို့ကို မြို့စား ခန့်ထားတော်မူသည်၊ ရခိုင်ပွား မင်းပြုသည်ကာလ ပင်လယ် လှိုင်းထသည်ကို မြင်ခဲ့ရသည်အတိုင်း ယခု ပုခန်းကြီးမြို့ ကို လှိုင်၏ လှိုင်းတပ်နှင့် အတူရင်း၊ တဖန် ထပ်မံ တည်ထားတော်မူသည်ဟူ၍ရာဇဝင်များတွင် ဆိုသည်။ ငကျွန်မှာ စာမည်မျှသာ မဟုတ်၊ အရေးအကြောင်း ရှိသမျှကို တွေးဆ ဆင်ခြင် သိမြင် လိမ္မာလှသော ကျွန်ကောင်း ကျွန်ရင်း ဖြစ်သည် ဟူ၍ ရှင် လူ မှူး မတ် ပရိသတ်အလယ်တွင် လက်နက်စကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီး အမိန့်တော် ရှိသည်ကိုလည်း အန္ဓဖြန့် အထင် အရှား အကြားအသိ ဖြစ်သည်။

နည်ပြည်၌သာ ရောက်သော မွေးကြိုင် ရနံ့ ပျံ့ပျံ့ကြူသော ကက္ကရုနတ်ပန်းကို လူသာမန်တို့ မဆင်ယင်ရ၊ ထိုက်တန်သူတို့သာ ဆင်ယင်ရသကဲ့သို့ အတုမဲ့သော ဘုန်း လက်ရုံး အာဏာ ပညာ လုံ့လစသော ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော လက်နက်စကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီး အမိန့်တော်မြတ် ထိုက်တန်လှ၍ ဦးထိပ်ထက် ဆင်ရွက်ရသည်၊ အထူးသဖြင့် ချီးမြှင့် ခန့်ထားတော်မူသော ကျေးဇူးတော်ကို ခံစားရသည်၊ ကျေးဇူး,ဂုဏ်စွာတော် နှစ်ပါးကို နှလုံးသည်းပွတ်ကဲ့သို့ ဝမ်းဝယ်အမြဲ ထား၍ အရှင် မင်းကေရာဇ် အကျိုးတော် နှစ်ပါး ခိုင်ဖြိုးကြီးပွားမည်အကြောင်းကို မပြတ် နှလုံးမူသင့်သည်။

၁ ဆရာကောင်းတပည့် ခံရလွယ်၏၊
၂ တပည့်ကောင်းဆရာ ခံရခဲသည်၊
၃ မိဘကောင်းသား ခံရများ၏၊
၄ သားကောင်းမိဘ ခံရခဲသည်၊
၅ အရှင်ကောင်းကျွန် ခံရတန်၏၊
၆ ကျွန်ကောင်းအရှင် ခံရခဲသည်—ဟူ၍ဝှင်း။

၁ ကိုယ်ရေးကို ဆောင်လွယ်၏၊
၂ သူ့အရေးကို ဆောင်ခက်သည်၊
၃ အနည်းအရေးကို ဆောင်နိုင်၏၊
၄ အများအရေးကို ဆောင်ခက်သည်၊
၅ ပစ္စုပ္ပန်ရေးကို ဆောင်တတ်၏၊
၆ တမလွန်ရေးကို ဆောင်ခက်သည်—ဟူ၍ဝှင်း။

ရှေး သူဟောင်းတို့ ဆိုရိုးထုံးစံကို အရိုးစွဲ၍ လိုက်သင့်သည်၊ ဆရာ, မိဘ အရှင်သခင်တို့ အရေး ကောင်းအောင် ပြုလျှင် တပည့်သားမြေး ကျေးကျွန်တို့အရေး အလိုလို ပြီးသည်၊ သူ့အရေး, အများအရေး,တမလွန်အရေးကို ပြီးအောင် ဆောင်လျှင် ကိုယ်အရေး, အနည်းအရေး, ပစ္စုပ္ပန်အရေး မပြုပဲ အလျောက်ပင် ပြီးသည်များကိုလည်း သတိထားသင့်သည်။

ကိုယ်အရေး,အရှင်အရေး နှစ်ပါး၊ တိုင်းပြည်ရေး,သာသနာရေးနှစ်ပါး၊ပစ္စုပ္ပန်အရေး, တမလွန်အရေး နှစ်ပါး ဤအရေးအကြောင်းများတွင် တပါးနှင့်တပါး မကင်း၊ တပါးမပြီးလျှင် တပါး မပြီး၊တပါးပြီးမှ တပါးပြီးသည်ကိုလည်း ပညာဖြင့် ရသင့်သည်။

**အထူးအားဖြင့်ကား**—ကိုယ်အရေးကောင်းမှ အရှင်အရေးကောင်းသည်၊တိုင်းပြည်ရေး ခိုင်လုံမှ သာသနာရေး ခိုင်လုံသည်၊ ပစ္စုပ္ပန်ရေး, တမလွန်ရေး သင့်သည်။ ကိုယ်အရေးဟူသည်ကား ကိုယ်အကြောင်း အကျိုးကို ဆိုသည်၊ အရှင်အရေး ဟူသည်ကား အရှင် အကြောင်း အကျိုးကို ဆိုသည်၊ တိုင်းပြည်အရေး ဟူသည်ကား တိုင်းပြည် အကြောင်းအကျိုးကို ဆိုသည်၊ သာသနာရေးဟူသည်ကား သာသနာတော်မြတ် အကြောင်း အကျိုးကို ဆိုသည်၊ ပစ္စုပ္ပန်ရေး ဟူသည်ကား ပစ္စုပ္ပန် အကြောင်း အကျိုးကို ဆိုသည်၊ တမလွန်ရေး ဟူသည်ကား တမလွန်အကြောင်း အကျိုးကို ဆိုသည်။

ကိုယ်ရေးကို ဆောင်ရွက်ရမည်မှာ ဒါန, သီလ အစရှိသော အရာ၌ ကိုယ်ရှင်ကိုယ်ကို တည်စေသဖြင့် ဆောင်ရွက်ရသည်၊ သူ၏ အကြီးအကဲ ဖြစ်သော သူတို့မူကား—

ခမာ ဇာဂရိ ယုဋ္ဌာနံ၊သံဝိဘာဂေါ ဒယိက္ခဏာ။
နာယကဿ ဂုဏာဧတေ၊ဧဒိတဗ္ဗာ ဝိဘာဝိနာ။

**အနက်**—ခမာ၊သည်းခံခြင်း။ ဇာဂရိယံ၊ နိုးကြားခြင်း။ ဥဋ္ဌာနံ၊ ထကြွ လုံ့လရှိခြင်း။ သံဝိဘာဂေါ၊ ပေးငှ ဝေဖန်ခြင်း။ ဒယာ၊ သနားကြင်နာခြင်း။ ဣက္ခဏာ၊ ပညာဖြင့် အမှုကြီးငယ်ကို ဆင်ခြင်ခြင်း။နာယကဿ၊အကြီးအကဲပြုသသူ၏။ ဧတေ ဂုဏာ၊ ဤဂုဏ်ကျေးဇူး ခြောက်ပါးတို့ကို။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဧဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဤသို့ ဓမ္မနိဓိစသော ကျမ်း၌ဆိုသော သူကြီးကျင့်မှု ဂုဏ်ခြောက်စု စသည်နှင့် ပြည့်စုံအောင် ကိုယ်ရေးကို ဆောင်ရွက်ရာသည်။

အရှင်ရေးကို ဆောင်ရွက်ရမည်မှာ—

**လိုရေးလိုရာ၊ ရှိသောခါ၌၊ ညာတာတစိ၊ မြူလုံးရှိမျှ၊ မရှိလင့်ကောင်း၊ အပ်တချောင်းကို၊ အပေါင်းပြွမ်းပြွမ်း၊ ဦးပဲ့ ထမ်းဟု၊ နှိုင်းဆ ဗိုလ်လူ၊ပမာဟူသည်၊—**

ဟူ၍ ရှေး သူတော်ကောင်းတို့ စပ်ဆိုသည်အတိုင်း အရေး အကြောင်းနှင့် အထိုက်အလိုက် အမှန်အကန် ပြေကုန်လွယ်အောင် အပ်တချောင်းကိုလျက် လူသန်လူစွမ်း ပြွမ်းပြွမ်းဦးပဲ့ ထမ်းသကဲ့သို့ ချွံချွံ ရွတ်ရွတ် ကြပ်ကြပ်စိစိ မြဲမြံသေချာစွာ ဆောင်ရွက်ရာသည်။

သုမတ္တကျီးမင်း၏ စစ်သူကြီးဖြစ်သော သုခုမကျီးအမတ်သည် မိမိအရှင်အား အသက်ကိုနှင်း၍ ဗာရာဏသီမင်း၏ စားတော်ထမင်းဟင်းကို ဆောင်ယူပေးဘူးလေသည်၊ မဟောသဓာအား သိကြားပေးလှာသော ကျေးသားတမန်သည် မိမိအရှင်ကို အသက်စွန့်၍ ကေဝဋ္ဋပုဏ္ဏား ပဉ္စာလရာဇ်မင်း၏ အကြံအစည်ကို သိရအောင် ကြံဆောင်ဘူးလေသည်။ဤသို့စသော ဇာတ်နိပါတ်ထုံးစံများကိုလည်း တိုင်တည်၍လည်း အရှင်ရေးကို ဆောင်ရွက်ရာသည်။

တုလာ ယထာ ပဂ္ဂဟိတာ၊သမဒဏ္ဍ သုဓာရိတာ။
အဇ္ဈိဋ္ဌော န ဝိကမ္ပေယျ၊သရာဇ ဝသတိ ဝသေ။

အနက်—သမဒဏ္ဍာ၊ မျှသော အရိုးရှိသော။ ပဂ္ဂဟိတာ၊ မြောက်ချီအပ်သော။ တုလာ၊ရွှေချိန်ကို။သုဓာရိတာ ယထာ၊ ကောင်းစွာ ချိန်ဘိသကဲ့သို့။ အဇ္ဈိဋ္ဌော၊တစုံ တခု အမှုအရာ ခန့်ထားလိုသော်။ န ဝိကမ္ပေယျ၊ အဂတိလေးပါးဖြင့် မညီမညွတ် မပြုကျင့်ရာ။ သော၊ ထိုသို့ အဂတိလေးပါးဖြင့် မညီမညွတ်မပြုပဲ ရွှေစင် ချိန်ကဲ့သို့ တညီတည္ဘတ်ပြုတတ်သသူသည်။ရာဇဝသတိ၊မင်းအိမ်၌။ဝသေ၊ခစားရာ၏။

ဤသို့လာသော ရာဇဝသတိ ထုံးစံနှင့်အညီလည်း. ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ အဂတိလေးပါး မလားပဲ ချိန်ဝန်ဖြင့် မျှသော အရိုးရှိသော ရွှေစင် ချိန် ကဲ့သို့ ညီညွတ်စွာ အရှင်ရေးကို ဆောင်ရွက်ရာသည်။

တိုင်းပြည်ရေးကို ဆောင်ရွက်ရမည်မှာ—

မေတ္တာခြည်တပ်၊ပညာအပ်ဖြင့်၊ချုပ်စပ်မြေ့မြေ့၊ပြည်တဲစေ့က၊
မွှေမွှေမပြင်း၊ နတ်ခေါင်းညှင်းသို့၊ သားချင်း မြေးဘော်၊ ဆွေစုံ
ပျော်သည်၊—

ဟူ၍ ရှေး သူဟောင်းတို့ စပ်ဆိုသည်အတိုင်း မေတ္တာကို ခြည်ပြု၍ တပ်သော ပညာတည်းဟူသော အပ်ဖြင့် ချုပ်စပ်ထေးဖါ၍ စေ့စေ့မြေ့မြေ့ရှိအောင် သိမ်သိမ် မွှေမွှေ မပြင်းလွန်း မည့်လွန်း နတ်ခေါင်း နတ်ညှင်း တီးသကဲ့သို့ အလတ်ဖြစ်သော အစီအရင်ဖြင့်သာ ဆောင်ရွက်ရာသည်။

သာမျမစ္စော သခါကောသော၊ဒုဂ္ဂစ္ဆ ဝိဇိတံ ဗလံ။
ရဇ္ဇဿင်္ဂါနိ သတ္တေ တော၊သိယုံ ပကတိယောပိစ။

အနက်—သာမိ၊ပြည်ရှင်မင်း။အမစ္စော၊အမတ်။သခါ၊အဆွေခင်ပွန်းမင်းတပါး။ ကောသော၊ကျိုကြ။ဒုဂ္ဂစ္ဆ၊ မြို့၏ ခဲယဉ်းခြင်း။ ဝိဇိတံ၊ နိုင်ငံ။ ဗလံ၊စစ်သည်ဗိုလ်ပါ။ ဧတေသတ္တ၊ ဤခုနစ်ပါးတို့သည်။ ရဇ္ဇဿ၊ ပြည်၏။ အင်္ဂါနိ၊အင်္ဂါတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ပကတိယောပိစ၊ ပြည်၏ဖွဲ့ယ်ရာ သဘောတို့သည်လည်း။ သိယုံ၊ ဖြစ် ကုန်၏။

ဤသို့လာသော ရဇ္ဇင် ခုနစ်ပါးကို နှလုံးထားလျက် ကိုယ်ကို ခန့်ထားသော မြို့ရွာမှ အဝေး အနီး ရေကြောင်း ကြည်းကြောင်း သင့်သမျှ တကျွန်း တနိုင်ငံ မြို့စားသော တပ်ပေါင်းမင်း ထီးဆောင်းမင်းတို့ အရိပ်အချည် အကြောင်းအရာကို သိသာအောင် သတင်းနာ၍ အရှင်မင်းကေရာဇ်နှင့် အပင်းအသင်း အပါအရာ မိတ် သဟာယဖြစ်အောင် ကြံဆောင်သဖြင့်လည်း တိုင်းပြည်ရေးကို ရွက်ဆောင်ရာသည်။

သန္နိပါတော သမဂ္ဂေါစ၊ ပညတ္တံပဋိပဇ္ဇနံ။
သုဝစော အပသယ္ယော ၁စ၊ ဗလိ ဂုတ္တိံစ သတ္တမေ။

**အနက်**—သန္နိပါတော၊အစည်းအဝေးများခြင်း။ သမဂ္ဂေါ၊တညီတညွတ် ထကြွ ဆောင်ရွက်ခြင်း။ပညတ္တိပဋိပဇ္ဇနံ၊ရှေးမင်းတို့ ထားခဲ့သော ထုံးစံအတိုင်း ထားကျင့်ခြင်း။သုဝစော၊သူကြီးသူမတို့ ဆုံးမနာခံခြင်း။အပသယ္ယော၊အမျိုးတို့ကို မသိမ်းမယူ မလုယက်ခြင်း။ဗလိ၊အစဉ်ကိုးကွယ်မြဲ မြို့စောင့် ရွာစောင့် စသော နတ်တို့ကို အစဉ် အတိုင်း ပသခြင်း။ ဂုတ္တိ၊ ရသေ့ ရဟန်းတို့ကို စောင့်ရှောက် လုံခြုံစေခြင်း။ ဣမေ၊ ဤသည်တို့ကား။သတ္တ၊အပရိဟာနိယတရား ခုနစ်ပါးတို့တည်း။

ဤသို့ မဟာပရိနိဗ္ဗာနသုတ်၌လာသော အပရိဟာနိယ တရား ခုနစ်ပါး ပြည့်စုံ စေသဖြင့်လည်း တိုင်းပြည်ရေးကို ရွက်ဆောင်ရာသည်။

သာသနာရေးကို ရွက်ဆောင်ရမည်မှာ—

**ရောက်လှာ ပျော်အောင်း၊ သူတော်ပေါင်းကို၊ မပြောင်းရက် စေ၊လုပ်ကျွေးတွေနှင့်၊ တိုင်းခြေ ရပ်ဝေး၊ မလာသေးသည်၊ ဂုဏ် လေး ကြီးမား၊ သံဃာအားလည်း၊ ကြွသွားပါခဲ့၊ ဖိတ်သကဲ့သို့၊ ဘေးမဲ့စောင့်ကြပ်၊ပစ္စည်းကပ်၍၊စေ့စပ်လိမ္မာ၊စီရင်ရာ၏၊—**

ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုသည်အတိုင်း လာပြီးသော ရဟန်းသံဃာတို့ကို မပြောင်းမခွါရက်အောင်၊ မလာသေးသော ရဟန်းသံဃာတို့ကို ကြွလာပါခဲ့ ခေါ် သကဲ့သို့ ရှိအောင်၊ ရဟန်းသံဃာတို့အား ဘေးရန်မရှိခြင်း၊ ပစ္စည်းပစ္စယ လောက် စေခြင်းဖြင့် ရွက်ဆောင်ရာသည်။

ဒွေ မေ ဘိက္ခဝေ အနုဂ္ဂဟာ၊ ကတမေ ဒွေ၊ အာမိသာနုဂ္ဂဟောစ ဓမ္မာနုဂ္ဂဟောစ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာ နုဂ္ဂဟော။

**အနက်**—ဘိက္ခဝေ၊ ရဟန်းတို့။ အနုဂ္ဂဟာ၊ သာသနာတော်ကို ချီးမြှင့်ခြင်းတို့ သည်။ဣမေဒွေ၊ဤနှစ်ပါးတို့တည်း။ ကတမေဒွေ၊အဘယ်နှစ်ပါးတို့နည်း ဟူမူကား။ အာမိသာနုဂ္ဂဟောစ၊ပစ္စည်းဖြင့် ချီးမြှင့်ခြင်းလည်းတပါး။ ဓမ္မာနုဂ္ဂဟောစ၊ တရား ဖြင့် ချီးမြှင့်ခြင်းလည်းဘပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ၊ ဤ

သာသနာတော်ကို ချီးမြှင့်ခြင်းနှစ်ပါးတို့တွင်။ယဒိဒံ ယော ဓမ္မာနုဂ္ဂဟော၊ အကြင် တရားဖြင့် ချီးမြှင့်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဧတံသော ဓမ္မာနုဂ္ဂဟော၊ ထိုတရားဖြင့် ချီးမြှင့်ခြင်းသည်။အင္ဂံအင်္ဂါ၊မြတ်၏။

ဤသို့ အင်္ဂုတ္တရဒုကနိပါတ်၌လာသော ချီးမြှင့်ခြင်းနှစ်ပါးဖြင့်လည်း သာသနာ ရေးကို ရှက်ဆောင်ရာသည်။ ချီးမြှင့်ခြင်းနှစ်ပါးတွင်—

၁ သဗ္ဗညုဘုရား ဟောကြား ပညတ်တော်မူသော တရားတော်အတိုင်း အမှန်အကန် ကာလအရှည် တည်ထွန်းအောင်ပြုခြင်းသည် တရားဖြင့် ချီးမြှင့်ခြင်းမည်သည်။

၂ ပစ္စည်းလေးပါး, ဒါနဆယ်ပါးများဖြင့် လှူဒါန်း ပူဇော်ခြင်းသည် ပစ္စည်းဖြင့် ချီးမြှင့်ခြင်းမည်သည်။

ဤသို့ လှူဒါန်းပူဇော်ရာ၌လည်း ရှေးဦး ပုဗ္ဗစေတနာသာ ရှိ၍ နောက် အပရ စေတနာမရှိလျှင် ဥစ္စာစည်းစိမ်နှ ံ့ပြည့်စုံသောအကျိုးကိုကား ရ၏၊ထိုဥစ္စာစည်းစိမ် ကို မသုံးဆောင်ရက် နှစ်မြောစုံမက်၍ စည်းစိမ်မခံစားရ၊ ဥစ္စာစောင့်သာဖြစ်သည်၊ ရှေးဦး ပုဗ္ဗစေတနာ, နောက် အပရစေတနာ နှစ်ပါးရှိမှ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံ သော အကျိုးလည်း ရ၏၊ ထိုဥစ္စာစည်းစိမ်ကို လွတ်လွတ်သုံးဆောင်ရက်၍ စည်းစိမ် လည်း ခံစားရ၏၊ ဥစ္စာစည်းစိမ်ရှင် မည်သည်ဟူ၍ မယှကဇာတ်စသည်၌လာသည်။

**တကြောင်းလည်း**—သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယကို အမျှဖြစ်စေအပ်၏၊ "သဒ္ဓါနှင့် ပညာ မမျှ၊ သဒ္ဓါလွန်သော် ပညာနည်းတတ်သည်၊ ပညာလွန်သော်ကား သဒ္ဓါနည်းတတ်သည်။ သမာဓိနှင့် ဝီရိယ မမျှ၊ သမာဓိလွန်သော် ဝီရိယနည်းတတ်သည်၊ ဝီရိယလွန်သော်ကား သမာဓိနည်းတတ်သည်"ဟူ၍၎င်း၊ "သဒ္ဓါလွန်သော် အရာမဟုတ် သည်၌ ကြည်ညိုမိတတ်သည်၊ ပညာလွန်သော် စဉ်းလဲခြင်းသို့ ရောက်တတ်သည်၊ သမာဓိလွန်သော် ပျင်းရိခြင်းဖြစ်တတ်သည်၊ ဝီရိယလွန်သော် ပျံ့လွင့်လှုပ်ရှားတတ် သည်"ဟူ၍၎င်း အင်္ဂုတ္တရကေနိပါတ်၌လာသည်နှင့်အညီ သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့် ဝီရိယကို အမျှဖြစ်စေရာသည်။

ကဥ္စိရပုပ္ပတ္တမည်သော သင်္ဘောဆိပ်၌နေသော မိစ္ဆာဒိဋ္ဌိတို့သည် ပရမီသွာနတ်ရုပ် ကို သဗ္ဗညုဘုရားရှင် ရုပ်တုတော် ရှိခိုးပူဇော်ဟန် ပျဉ်တွင် ရေးသားထား၍ သာ သနာတော်မြတ်ကို နှိပ်နယ်ကြသည်ကို သမ္မာဒိဋ္ဌိတို့မြင်၍ ထိုဆိပ်ကို အစိုးရသော မင်းမှာ အကြောင်းကြားကုန်သည်တွင် ရေးသားသော မိစ္ဆာဒိဋ္ဌိတို့ကို မေးမြန်း

သည်တွင် ယခင် မိစ္ဆာဒိဋ္ဌိတို့ရေးသောအရုပ်ကို ပလ္လင်ထက်တင်၍ တံခါးပိတ်ထားသော် သိရမည် ဆိုကုန်၍ ဆိုတိုင်း ထားလေသော် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပူသဖြင့် သိကြားမင်းသိ၍ သဗ္ဗညုဘုရား ရုပ်တုတော်ကို ပရမီသ္မာနတ်ရုပ်ရှိခိုးဟန် တန်းခိုးဖြင့် ပြန်လယ်စေသည်၊ ဤသို့ သဟာဿဝတ္ထုကျမ်းတွင် လာသော ထုံးစံနှင့်အညီ မိစ္ဆာဒိဋ္ဌိတို့ သာသနာတော်မြတ်ကို နှိပ်နယ်ထိခိုက်သည်ကို ဟန့်တားမြစ်တားခြင်းဖြင့်လည်း သာသနာရေးကို ရွက်ဆောင်ရာသည်။

ပစ္စုပ္ပန်ရေး,တမလွန်ရေးနှစ်ပါးကို ရွက်ဆောင်ရမည်မှာ—

ကိုယ်ရေး,အရှင်ရေး,တိုင်းပြည်ရေး,သာသနာရေး ကုံလုံလျှင် ပစ္စုပ္ပန်ရေးတမလွန်ရေးနှစ်ပါးလည်း ကုံလုံ၍ ပစ္စုပ္ပန်ရေး တမလွန်ရေးနှစ်ပါးကို ရွက်ဆောင်သည် မည်တော့သည်။

**တကြောင်းလည်း**—မဟာရဋ္ဌမြို့၌ နန္ဒိယမည်သော လုလင်သည် အရပ်တပါးသို့ သဘော်လွှင့်သွားသော် ထိုလုလင်၏ မယား၌ သီဝမည်သောအမတ် တပ်မက်၍ သူကောင်၌ ဖုတ်သွင်းသော သူယောင်ကို နန္ဒိယလုလင်ကို သတ်ချေဟု ဖုတ်ဆေးသမားကို သုံးကြိမ်တိုင်အောင် စေလွှတ်စေသည်၊ နန္ဒိယလုလင်သည် သရဏဂုံကို ဆောက်တည်နေသည်၊ ကျောက်တောင်သုံးထပ် ကာဆီးသကဲ့သို့ဖြစ်၍ သူယောင် မဝင်နိုင်လေ၊ လေးကြိမ်မြောက် စေပြန်သည်တွင် သီဝအမတ်နှင့် ဖုတ်ဆေးသမားကို ပြန်၍ သူယောင် သတ်လေသည်။

ဤသို့ သီဟဠဝတ္ထုကျမ်းတွင် ဆိုသည်နှင့်အညီ သရဏဂုံကို ဆောက်တည်ခြင်းသည် ပစ္စုပ္ပန်ရေး တမလွန်ရေးနှစ်ပါးကို ရွက်ဆောင်သည် မည်သည်။သီဟိုဠ်ကျွန်းတွင် သိရိနာဂမင်းသည် မဓုပိဋ္ဌကစေတီကို ဖေါက်ခွဲ၍ စေတီ၌ရှိသော ဥစ္စာကို ယူပြီးလျှင် ထိုဥစ္စာဖြင့် သူရဲသူခက်ရှာ၍ အနုရာဓပြည်ကို လုယူပြီးမှ မင်းပြုသည်၊ မင်းဖြစ်ပြီးနောက် ယခင် ဥစ္စာကို ဘဏ္ဍာစား ပေးပါသော်လည်း ပြစ်မှားမိသောအပြစ် မကြေနိုင်၍ ဝမ်း၌ ဝေဒနာကြီးစွာ ရောက်သဖြင့် ဝမ်းကို အဖေါက်အခွဲခံရလေသည်၊ စုတေဆုံးလည်း အဝီစိငရဲကြီး၌ ဖြစ်လေသည်။ ဤသို့ ၎င်းကျမ်း၌ဆိုသည်နှင့်အညီ သာသနာတော်ကို ပြစ်မှားခြင်းသည် ပစ္စုပ္ပန်ရေး, တမလွန်ရေးနှစ်ပါးကို မရွက်ဆောင်သည် မည်သည်။

စူဠနိဗြဟ္မဒတ်မင်းက ဝိဒေဟရာဇ်မင်းသို့ သမီးကညာ ဆက်မည် စေလာသည်ကာလ မဟောသဓာက သဘောရိုးရိုးမဟုတ် မြုံး၌ အစာထား၍ ငါးထောင်သကဲ့သို့ဖြစ်သည် ဆိုသည်ကို "နင် တောင်သူသား ထွန်တုံးစွန်းတွင် ကြီးပွားသသူ

မင်းရေး မင်းရာကို သိတတ်မည်လော၊ လည်ကို ကိုင်ငင်ထုတ်လေ”ဟု ဝိဒေဟရာဇ်မင်း ဆိုသော်လည်း အရှင့်ကျေးဇူးသစ္စာကို မစွန့်မပယ် အရှင့်အားကို အသက်ကို နှင်း၍ ပဉ္စာလရာဇ်သို့ လက်ဦးစွာ သွားပြီးမှ ကြံစည်ဖွယ်ရှိသမျှကို ပြီးစေ၍ ဝိဒေဟရာဇ်မင်းကို သမီးကညာရအောင်ပြု၍ အရှင်အရေး ပြေကုံစေသည်၊ အရှင်အရေး ပြေကုံသဖြင့်လည်း ကိုယ်ရေးပြီးစီးသည်၊ အရှင်ရေး, ကိုယ်ရေး နှစ်ပါးပြေကုံပြီးသဖြင့်လည်း ပစ္စုပ္ပန်ရေး,တမလွန်ရေးနှစ်ပါးကို ရွက်ဆောင်သည် မည်သည်။

စဇေ ဓနံ အင်္ဂဝရဿဟေတု၊အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂံ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊စဇေ နရော ဓမ္မနုဿရန္တော။

**အနက်**--အင်္ဂရဝဿဟေတု၊ မြတ်သော ကိုယ်အင်္ဂါကို စောင့်ရှောက်လိုသောကြောင့်။ဓနံ၊ဥစ္စာကို။စဇေ၊စွန့်ရာ၏။ဇီဝိတံ ရက္ခမာနော၊ အသက်ကို စောင့်ရှောက်လိုသောကြောင့်။အင်္ဂံ၊ကိုယ်အင်္ဂါကို။ စဇေ၊ စွန့်ရာ၏။ ဓမ္မနုဿရန္တော၊တရားကို အောက်မေ့ စောင့်ရှောက်လိုသောကြောင့်။ ဓနဉ္စ၊ ဥစ္စာကိုလည်းကောင်း။ အင်္ဂဉ္စ၊ ကိုယ်အင်္ဂါကိုလည်းကောင်း။ ဇီဝိတဉ္စာပိ၊ အသက်ကိုလည်းကောင်း။ သဗ္ဗံ၊အလုံးစုံကို။နရော၊သူတော်ကောင်းသည်။စဇေ၊စွန့်ရာ၏။

ဤသို့ မဟာသုတသောမဇာတ်၌လာသော သူတော်ကောင်းတို့ကို လမ်းဟောင်း လမ်းရိုးကို ဖြောင့်ဖြောင့် လိုက်သဖြင့်လည်း ပစ္စုပ္ပန်ရေး, တမလွန်ရေး နှစ်ပါးကို ရွက်ဆောင်သည် မည်သည်။

ဤမျှသောစကားအမြွက်ဖြင့် ဝဇိရစိန်မြို့တည်ရာ ခုရမာလိ, ရွှေမြို့တည်ရာ အဂ္ဂိမာလိ, ငွေမြို့တည်ရာ ဒဓိမာလိ, ပတ္တမြားမြို့တည်ရာ ကုမာသမာလိ, ဝေဠုဝဏ်မြို့ သန္တာမြို့တို့တည်ရာ နဠမာလိစသော အထူးထူးသော ရတနာမြို့တို့၏ တည်ရာ ဖြစ်သော ရတနာအရောင်အဆင်းဖြင့် ထူးပြားသော အမည်ရှိသော မဟာသမုဒ္ဒရာနှင့် တူသော ကျမ်းဂန်အပေါင်းမှ အထူးထူးသော ကိုယ်ရေး,အရှင်ရေး,တိုင်းပြည်ရေး, သာသနာရေး, ပစ္စုပ္ပန်ရေး,တမလွန်ရေး ,ကျင့်ရာကျင့်ကြောင်းထုံးစံဥပဒေကို မှတ်သား ကျင့်ဆောင်စိမ့်သောငှါ အကျဉ်းမျှထုတ်နုတ်၍ မေတ္တာစာ ပေးသည်။

ဘုန်းတော်ကြီးသော လက်နက်စကြာသခင် ဆင်ဖြူများရှင် အသျှင် ဘဝရှင်မင်းတရားကြီး ရွှေထီးရွှေနန်း သိမ်းမြန်း၍ လောကသမုတိနတ် အထွတ်အမြတ် ရောက်တော်မူသနှင့် ရဟန်း(၇)ဝါက စ၍ ရွှေမြို့တော်သို့ရောက်လျှင် ယခုတိုင် ကုသိုလ်တော် သာသနာတော်ရေးကို ရွက်ဆောင်၍ အနှစ်နှစ်ဆယ်ကျော် နေထိုင်သည်။ အဝေး အနီး ရာကြီး ထူးကြီး ခန့်ထားတော်မူသော မှူးမတ်တို့က ဗဟုဿုတ

အရာ စာပေကျမ်းဂန် ထုံးစံဥပဒေများကို မှတ်သား ဆောင်ရွက်လိုကြောင်းနှင့် လျှောက်ထား မေးမြန်းသူကို ရခဲသည်ကို နှလုံးထား၍ အသီတိ မဟာသာဂေက တေဒဂ်အရာ ဗြဟ္မဇာလသုတ်, ဂီဟိဝိနယသုတ်များကို နှုတ်တက်ဆောင်ရွက် လေ့ကျက်လိုကြောင်းနှင့် အကြိမ်များစွာလျှောက်ထားသော သူတော်ကောင်းသဘောကို နှစ်သက်မြတ်နိုးသဖြင့် အကြောင်းတပါးကို မငဲ့မကွက် သမ္မာဆန္ဒသက်သက်ဖြင့်သာ အစဉ်မှတ်သား မေတ္တာစာ အကျဉ်းစီကုံးသည်၊ မေတ္တာစာတွင် ပါသည့်စကားချက်ကို အသက်ထက်ဆုံး သဘောအရိုးစွဲ၍ မှတ်သားဆောင်ရွက်လျှင် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ဆုတောင်းတိုင်း အကျိုးရကြောင်းကို ဒသုတ္တရသုတ် စသည်၌ ဟောတော်မူသည်နှင့်အညီ ပစ္စုပ္ပန်, တမလွန် အလိုဆန္ဒ ဟူသမျှ မချွတ် ပြီးစီး ပြည့်စုံမည်။

ဟံသာဝတီသို့ စုန်သွားခါနီး လျှောက်ထားခဲ့သည့် သုတ်များကို ဆရာတော်ကို မင်းကွန်းမှာ သာသနာတော်ရေးပြောဆိုခိုက် မအားမလပ်၍ မပေးလိုက်ရ၊ ယခုမှ ကမန်အောင် နိသျှည်းဆရာတွင် ဂီဟိဝိနယသုတ် ပါဠိ, အနက်ကို ပေးလိုက်သည်။ သိင်္ဂါလောဝါဒသုတ်ကိုပင် ဂီဟိဝိနယသုတ်ဟူ၍ အဋ္ဌကထာ၌ ဆိုသည်၊ ဗြဟ္မဇာလသုတ်မှာ ကမန်အောင်နိသျှည်းဆရာက သေချာစွာရေးသားပေးရမည် မှာထားပြီး၊ ဟံသာဝတီမြို့ ရန်ကုန်မြို့သည် အကြေ အညာ အဝေး အနီး တတိုင်း တနိုင်ငံ လူမျိုးခြား အများစုဝေးသည့် အရပ်ဖြစ်သည်၊ ရဟန်း, သာမဏေတို့ အနေအထိုင် အသွားအလာ တရားနှင့် ညီညွတ်မှ တောင်ပေါ်တွင် မီးထွန်းသကဲ့သို့ သာသနာတော်မြတ် အရှိန်အစော် တင့်တယ်ရာသည်၊ ကမန်အောင်နိသျှည်းဆရာတို့ ဟံသာဝတီမြို့ ရန်ကုန်မြို့နယ်တွင် ရှိနေသမျှ ရဟန်းတို့ကိုအပ်၍ ဆုံးမဩဝါဒပေးစေရမည်၊ သီဟိုဠ်ကျွန်းက မဟာဗောဓိနှင့် လာရောက်သည့် ရဟန်းနှစ်ပါးတို့လည်း ဆရာ အပေါင်း အဖော်များ ကျန်ရစ်သည်၊ ကြိုဆိုလိုကြောင်းနှင့် မေတ္တာစာ သွင်း၍ ခွင့်ပေးတော်မူသော အမိန့်တော်မှတ်ချက်နှင့် ရန်ကုန်သို့ စုန်သွားလေသည်၊ ရောက်လျှင် တကျွန်း တပြည် ရဟန်းသံဃာဖြစ်သည်ကို ထောက်၍ စောင်မရာသောဝတ်ရှိသည်အတိုင်း စောင်မသင့်သည်၊ သီဟိုဠ်ရဟန်းတို့ကို မပြတ် စောင့်ရှောက် လုပ်ကျွေးသူ ငဖွံ့, ငရွှေတောင်တို့ကိုလည်း သာသနာရေးမှာ အစေအပါး ရသည်ကို ထောက်၍ မှ, စသင့်သည်အကြောင်းများကို ဆရာတော် မေတ္တာစကား ကြားအပ်သည် တကာတော် ဟံသာဝတီမြို့ဝန်မင်း မင်းလှကျော်စွာ။

အမေးဘောဇ်ဖြေ ဦးဦး။

# အက္ခရာစဉ် မာတိကာ


(အ)

အတတ်ပညာအယုတ်အမြတ် ၂၇၇
အထူးထူးသောလက်ဆောင်နှင့်
ရွှေတံဆိပ် ၄၁၁
အဘိဓာန်ကျမ်းစုများ ၁၇၉
အဘိသေကမင်္ဂလာ ၂၈
အဘိသိက်ခံပလ္လင်တော် ၃၃
အဘိသိက်ခံရေသဖန်းပျဉ် ၄၈
အဘိသိက်ခံမဏ္ဍပ် ၅၁
အမျိုးလေးပါး ၆၈၇
အရုဏ်နှင့် ကာလိက ၅၁၂
အလေးတောင်းတင်း ၂၁၀
အလေးတောင်းတင်း တောင်တာ ၃၀၃
အလင်္ကာကျမ်းစုများ ၁၇၈
အသောကာရာမကျောင်းတော် ၃၁၀
အသက်ရှည်ရန် မေတ္တာစာ ၂၂၈

(အာ)

အာဇာနီ အင်္ဂါ (၅)ပါး ၂၆၇
အာပတ်ဖြေ မဖြေ ၆၀၁

(ဣ)

ဣတိဟာသကျမ်းစုများ ၁၇၉
အိမ်ရှေ့မင်းဘွဲ့တံဆိပ်တော် ၆၇
အိမ်ရှေ့မင်းဘွဲ့ဆန်းဂိုဏ်း ၇၀
အိမ်ရှေ့မင်းနှင့်ပြည်တဲရေး ၂၈၁

(ဉ)

ဉတည်ဘွားက ဆက်သသည့်
ရှိကြာမုန့်ဘုရား ၂၉၆
ဥပဇ္ဈာယ်ဆရာ,နိဿျည်းဆရာ ၃၃၆
ဥပုသ်ပဝါရဏာဝါဆိုဝါကပ် ၅၉၁

(အောင်)

အောင်စည်းခုံမှ ကြေးနီပြား ၆၁၀
အောင်ပင်လယ်နန္ဒာကန်
ရွှေလောင်းမြောင်း ၃၀၁
အောင်မြေဘုံကျော်ကျောင်းတော် ၁၉၈

(အံ)

အန္တာဂူဆင်းတုတော် ၄၁၂

(အင်)

အင်းပျဉ်တော် ၃၆

(က)

ကထိန်သင်္ကန်း,မသိုးသင်္ကန်း ၂၇၃
ကာသိအရပ် ၆၈၃
ကေတုမတီသို့လှည့်လည်လိုခြင်း ၆၁၃
ကေသဗီဇနီ ၁၄၅
ကမ္ပည်းကျောက်စာတော် ၁၂၈
ကပ္ပိဋ္ဌိတိလေးပါး သောဋ္ဌသ ၄၃၁
ဂုဏာဃပဗောဇ္ဈင်သုတ် ၅၉
ကောင်းမှုတော်ဘုရားမှ
နတ်ကြီး ၅ ပါး ၄၀၈
ကိုင်ပမားမြို့သံဃာတော်တို့ပေးစာ ၅၇၉
ငှင်းသံဃာသို့ ဆရာတော်ပေးစာ ၅၈၀
ကျောက်စာတော် ၁၃၀
ကျောင်းတော်ပြောင်းသင့်
မပြောင်းသင့် ၁၆၉

ကျောင်းတော်ကမ္ပည်း ၃၁၂
ကျောင်းဘုရား ဝတ်မိုးဝတ်မြေ ၁၂၂
ကျောင်းဘုရားဝတ်မိုးဝတ်မြေ ၁၉၄
ကျောင်းဘုရား ဝတ္ထုကံမိုးမြေ ၂၂၆
ကျိုင်း လုပ်ဆောင်ပုံ ၄၂၃
ကြေးဆင်းတုမှ ပေစာ ၁၉၂
ကြေးအုတ်မှ အက္ခရာ ၅၀၆

(ဂ)

ဂုဏ္ဏရဋ္ဌ စန္ဒဂုဏ္ဏကျော်သူတို့စလှူယ် ၁၅၁

(င)

ငါးပတ်ချောင်းအရှေ့ဘက်တွင်
မွေးမြင်သည့် ဆင် ၃၄၁
ငွေစင် ငွေစစ်ပြုလုပ်ခြင်း ၄၂၀

(စ)

စကုမ္ဗိုကပင့်ဆောင်ခဲ့သည့်
ဆင်းတုတော် ၂၂၀
စလှူယ်တော် ၇၁
စာအောင်သံဃာအားလှူဒါန်းခြင်း ၄၃၁
စာကြည့်စာတည်း လဝတ်
ဆွမ်းဆန်တော် ၆၇၂
စာတော်ပြန် ၆၄၃
စုရေးငန်းရေး ခန့်သင့်မခန့်သင့် ၁၄၉
စက်တော်ရာစက်လက္ခဏာ ၄၅၆
စက်တော်ရာတောင်တာဖွဲ့ပုံ ၅၃၅
စက်ထိုးစက်ပစ်မြင်းခင်းသဘင် ၂၇၉
စစ်ကိုင်းတောရ ၆၅၀
စစ်တကောင်းစားတင်ချက် ၃၁၆
စန်းနှင့်နက္ခတ်အယှဉ်အပူး ၂၀၄
စုဒ္ဒသဘတ် ၇၅

(ဆ)

ဆရာတော်သီတင်းသုံးရန်ကျောင်း ၁၅
ဆရာတော်သံဃာတော်တို့စာရင်း ၄၆၃
ဆိမ်းမြင့်မိုရ်ပူဇော်ပုံ ၂၇၁
ဆိမ်းမြင့်မိုရ်နှင့်မဟာပိန္နဲပွဲ ၃၀၇
ဆေးကျမ်းစု—၁၀၁ ၅၂၁
ဆေးကျမ်း ၅၂၃
၁၂လ ရက်ပေါင်း ၃၆၀ သင်္ကြန် ၃၃၃
ဆင်၏အတိုင်းအတာ ၁၀
ဆင်ကြိုးရှေ့ဂူဘုရားနှင့် သိမ် ၃၀၆
ဆင်တော် ၂၀၄
ဆင်ဖြူတော်တန်းဆာ ၂၀၇
ဆင်ဖြူတော်သိမ်းမင်္ဂလာ ၆၆၆
ဆင်မျိုးဆယ်ပါး ၃
ဆင်မျိုးအပြား (သင်္ကရိုဏ်
အဘိဓာန်လာ) ၂၅၄
ဆည်ကျိုးကိုဘောင်ခတ်ရာ
သိကြားမင်း သိ မသိ ၆၁၅
ဆန်းကျမ်း ၁၇၉
ဆဒ္ဒန္တဇာတ် ၂၁၀

(ည)

ညဥ့်သုံးယာမ် ၅၄၀

(ဌ)

ဌာပနာတိုက်ကမ္ပည်း ၅၂

(တ)

၁၉ သာမဏေကို ပဉ္စင်းခံခြင်း ၄၉၄
တဆယ့်နှစ် တဆယ့်သုံးလပြို၍
ဝါဆိုကပ်သင့်မသင့် ၅၀၂
တရုပ်ပြည်နှင့် မဟာမိတ် ၁၉၃
တရုပ်ပြည်မှ ရွှေပေရာဇသံနှင့်
ဗြဟ္မာရုပ် ၁၉၇
တရုပ်ပြည်မှ ရာဇသံ ၂၀၀
တရုပ်ပြည်သို့ ပေးမှာသည့်ရာဇသံ ၂၀၁
တရုပ်ပြည်မှ လက်ဆောင်လာသူတို့
ထွက်ဆိုချက် ၂၁၆
တရုပ်ပြည်နှင့် သာသနာ ၂၉၇
တရုပ်ပြည်မှ တမန်တို့ကိုစစ်ချက် ၄၁၁
တရုပ်သံတို့ လွှတ်တော်တွင် အတွေ့
ခံသင့် မခံသင့် ၂၁၇
တုရိဏ်တိုင် ၃၉
တုရိဏ်တိုင်ပမာဏ ၄၁
တံခါးတော် တဆယ့်နှစ်ရပ် ၂၇
တမ်းခွန်ကုက္ကား ၁၅၄
တံဆိပ်နာမံတော် ၁၅
တံဆိပ်နာမံတော်အဆုံးအဖြတ် ၁၆၈
တက်ကျမ်းစုများ ၁၇၇
တိုင်းခန်းလှည့်လည်ခြင်း ၁၁၀
တိုင်းခန်းလှည့်လည်ခြင်း ၄၇၇

(ထ)

ထီးဖြူတော် ၃၁
ထီးဖြူနှင့်သမုဒ္ဒဇာထီးလုပ်နည်း ၁၉၀
ထီးဆောင်းပော်မင်္ဂလာ ၁၃၄
ထူးဆန်းသောခြေရာ ၂၉၂
ထူးဆန်းသောသရက်သီး ၄၂၂
ထန်းကျင့်ပင် ၄၉၂

(ဒ)

ဒက္ခိဏသာခါဗောဓိသား ၆၄၀

(ဓ)

ဓမ္မသတ်ကျမ်းစု ၁၀၀
ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ၆၃၂
ဓာတ်တော်ဝေပုံ၊ သံဃါယနာတင်ပုံ ၄၄၇

(န)

နရာယနပါ နလတမှူ ၃၃၉
နာမဇစက်ရှစ်ပါး ၂၈၈
နာမံတံဆိပ်တော် ၄၇၁
နီတိကျမ်း ၁၀၀
နေခေါ် လခေါ် နက္ခတ် နေ လ ၆၆၄
နေ လ နက္ခတ် ယှဉ်သွား ၄၇၂
နက္ခတ်နှင့် စန်း ၂၄
နန္ဒိယာဝဋ္ဋ ကြိုးခြေသဏ္ဍာန်
မင်းခမ်းတော် ၁၂၀

(ပ)

ပဋိညာဉ်စကားရပ် ၁
ပဋ္ဌာနာပြုပုံ ၁၀၄
ပဌမ မဇ္ဈိမ ပစ္ဆိမဗုဒ္ဓဝစန ၆၀၅
ပါဠိပြည်နှင့် ကုသိနာရုံ ၃၂၁
ပိဋကတ်တိုက်တော် ၃၄၃
ပိဋကတ်ကိုအကျအပေါက်မရှိ
ရေးသားရန် ၆၇၀
ပုဂံမြို့မှပုံတော် ၃၄၆
ပုရောဟိတ်မြောက်ထိုက်သူ ၃၀၀
ပုဂ္ဂလိကအလှူတော် ၃၄၄
ပုဂ္ဂလိကကျောင်းအလှူတော် ၄၂၇

ပုဏ္ဏာတိထိနှင့် နန္ဒာတိထိ ၂၀၆
ပုဏ္ဏားတို့ကျင့်နည်းထမ်းရွက်နည်း ၁၅၅
ပုဏ္ဏားတို့အမှုအရာကိုဆိုသည့်စာစု ၅၂၄
ပုံတော်ပက္ခဒိန် ၅၄၉
ပူဇော်ရမည့် လ နေ့ ရက်
(မဟာပိန္နဲနတ်) ၂၇၈
ပဉ္စင်းလောင်း
ရှင်လောင်းရေစက်သွန်း ၃၃၅
ပင်းမင်းသမီး၏ ပဋ္ဌာန်းစရပ်တော် ၄၃၀
ပဏ္ဏာတော် ၄၇၀
ပိုက်ကွန်ရောင်းသူတို့
အကုသိုလ် ဖြစ် မဖြစ် ၁၀၇
ပြာသာဒ်မှအချအင်းပျဉ်တော် ၆၀
ပြာသာဒ်တော်ဒုပိကာ ၄၁၉

(ဖ)

ဖုသျှနက္ခတ်နှင့် သကြံန်တော် ၂၀၄
ဖြစ်တော်စဉ် ၄၃၀

(ဗ)

ဗေဒင်ကျမ်းစုများ ၁၇၅
ဗေဒင်အရေးအကြောင်း ၄၀၁
ဗေဒင်ကျမ်းစု ၅၂၂
ဗေဒင်ကျမ်း ၅၂၃
ဗေဒင်ကျမ်း ဆေးကျမ်း ၆၀၆
ဗောဓိပင်စိုက်ပျိုးနည်း ၆၇၆
ဗောင်းတော်ဆင်ယင်ခြင်း ၂၉၀
ဗြဟ္မဏစာရိတ္တ ၁၃၉
ဗြိဟဇ် ဇောတိတတ္တကျမ်း
ပါဠ် အနက် ၅၄၆

ဘ

ဘဝါးမဏ္ဍိုင် ၄၉၃
ဘာသာပြန် ၉၀
ဘုရားအနေကဇာတင် ၂၉၄
ဘုရားလောင်းဗျာဒိတ်ခံဟန် ၄၂၄
ဘဒ္ဒပီဌပလ္လင်တော် ၄၉

(မ)

မကိုဋ္ဌသင်းကျစ်တော် ၁၃
မကိုဋ္ဌသင်းကျစ်တော် ၆၃၆
မရိမ္မရွှေကူမြေကို လှူထိုက်မလှူထိုက် ၁၉၆
မဟာပိန္နဲနတ် ၉၉
မဟာမုနိဘုရားကြီး ၁၀၆
မဟာပနာဒမင်းပြာသာဒ်တော်
အနံ ၂၁၂
မဟာပိန္နဲနတ် ၂၇၄
မဟာပိန္နဲ ပူဇော်နည်း ၂၇၆
မဟာဒါန်ဝန် ၃၁၃
မဟာဗောဓိညောင်တော် ၅၄၁
မဟာဗောဓိနှင့် တိုင်းကြီး
အကွာအဝေး ၅၄၄
မဟာမိတ်လက္ခဏာ ၅၄၇
မာရဘင် ဥကင် ရာဇပလ္လင် ၁၃၆
မိထွေးတော်ဂေါတမီ ၄၅၄
မိဖုရားကြီး ဘိသိက်ခံသင့် မခံသင့် ၆၂
မင်းအဆက်ဆက် အဘိသေက
မင်္ဂလာ ၉၆
မင်းကေရာဇ်၏ စလွယ်တော် ၉၁
မင်းကွန်းဘုရားဘိနပ်တော် ၃၄၅
မင်းကွန်းစေတီအုတ်ရိုးမှရေကြည်
ထွက်ခြင်း ၆၄၁
မင်းခမ်း မင်းဆောင်တော် ၁၆၂

မင်းရှင်စော၏ ကန်ချောင်း ဆည်မြောင်း ၅၇၇
မင်းလှကျော်စွာပေးမေတ္တာစာ ၆၉၂
မေတ္တာစာ (အာဠာနာဠိယသုတ် နှင့်စပ်လျဉ်းခြင်း) ၂၄၀
မေတ္တာစာ(ဂိုဏ်းအုပ်ဂိုဏ်းထောက် တံဆိပ်နာမံလှူခြင်း) ၇၂၅
မေတ္တာစာ(ဇေယဂုဏ်ဘုရား မြေလှူခြင်း) ၇၇၇
မေတ္တာစာ(သာသနသောဓန ကုသိုလ်တော်နှင့်စပ်လျဉ်းခြင်း) ၄၆၂
မေတ္တာစာ(နေသွား လသွား နေ့ ရက် လနှစ်ရတုနှင့်စပ်လျဉ်းခြင်း) ၄၉၆
မေတ္တာစာ(နေလနက္ခတ်တာရာ တွက်ပုံနှင့် စပ်လျဉ်းခြင်း) ၄၉၈
မေတ္တာစာ(ဗေဒင်ကျမ်းဆေးကျမ်း သဒ္ဒါကျမ်းများအကြောင်း) ၅၂၀
မေတ္တာစာ (ပက္ခဒိန်အကြောင်း) ၅၃၁
မေတ္တာစာ (သာသနာရေးနှင့် ဆက်စပ်သောပက္ခဒိန်အကြောင်း) ၅၃၂
မေတ္တာစာ(မိတ္ထီလာကန်နှင့် စပ်လျဉ်းခြင်း) ၅၇၆
မေတ္တာစာ(သဗ္ဗညုတညာဏ်ကို ရည်စူး၍ပါရမီဖြည့်သင့်ကြောင်း) ၆၁၇
မေတ္တာစာ(တိုင်းခန်းလှည့်လည် ခြင်းနှင့်စပ်လျဉ်းခြင်း) ၆၁၉
မေတ္တာစာ(သိန္နီမြို့ကဆက်သည့် ဓါးနှင့်စပ်လျဉ်းသောအကြောင်း) ၆၄၆
မိတ္ထီလာကန်တော်သမိုင်း ၅၇၃
မိုးနဲစော်ဘွားဆက်သည့်ကျောက် ၆၅၀
မြေကုရှင် ကေစာရ ၃၃၈
မြေစိမ်းခေါင်းမှ ပုလဲ ၅၈၂
မြေတုန်လှုပ်ခြင်း ၁၁၃
မြေပုံဘုရားရုပ်တု ၄၁၀
မြို့စားသစ် ၃၁၁
မြို့ထောင့်စေတီ လေးဆူ ၄၃

(ယ)

ယခုအခါ သမုတိသံဃာ ရှိ မရှိ ၅၈၈
ယုဒ္ဓယောဂကျမ်း ၆၈၄

(ရ)

ရခိုင်ရှစ်ပါးပုဏ္ဏား ၂၉၉
ရဟန်းတော်များ သုသာန်သို့ လိုက် မလိုက် ၆၀၃
ရဟန်းတော်များ ကူးတို့ခွန် လွှတ်သင့် မလွှတ်သင့် ၆၃၉
ရာဇပလ္လင်တော် ၁၄၈
ရာဇပလ္လင်ထီးဖြူတော်လုပ်နည်း ၁၅၄
ရာဇသံနှစ်ရပ်၏အကြောင်း ၂၀၃
ရာဇာဘိသေကအစီအရင် ၅၄
ရာဇာဘိသေကသဘင်၌ဝတ်ဆင်ရန် ၉၈
ရာဇောဝါဒဝဏ္ဏနာမေတ္တာစာ ၁၆၉
ရေတွင်းရေကန်ဆေးခပ်ခြင်း ၁၅၂
ရက်ငင်သင့် မငင်သင့် ၅၀၀
ရက်ပေါင်း(၃၆၀) ၅၀၈
ရှင်သူငယ်အိပ်မက် ၆၄၅
ရွှေကျောင်းတော် သံဃာ ပုဂ္ဂိုလ် အပ် မအပ် ၂၀၅
ရွှေစက်တော် ပမာဏ ၅၃၄
ရွှေဆင်ရုပ် လှူသင့် မလှူသင့် ၁၂
ရွှေတောင်ဝှေးတော် ၁၀၁
ရွှေဘုံသာဘုရားမှ ကြေးနီစာ ၆၅၃

(လ)

လ ကြုပ် မကြုပ် ၅၇၁
လထပ် ရက်ငင် ၂၁၃
လေးအတတ် ၆၂၂
လောကီကျမ်းလောကုတ္တရာကျမ်း
ညီ မညီ ၅၃၆
လက်ဝဲလက်ျာထီးဖြူတော် ၁၀၈
လိုင်မြို့စား မေတ္တာစာ ၁၅၈

(ဝ)

ဝရကာလဏ္ဍေ သာမဏေ ၃၀၈
ဝိသုံဂါမမြေစားပေးရာ
ထိုက် မထိုက် ၁၀၁
ဝေဿဝဏ်နတ်မင်း ၂၀၁

(သ)

သမုတိသံဃာတော် ရှိ မရှိ ၅၈၈
သရက်မြို့မှ ဆင်တော် ၃၄၀
သာသနာတော်ချီးမြှင့်ခြင်း ၆၅
သာသနာပိုင်ဆရာတော်မေတ္တာစာ ၁၆၅
သာသနာပိုင်ဆရာတော်မေတ္တာစာ ၁၇၁
သာသနာပိုင်ဆရာတော်မေတ္တာစာ ၁၉၁
သာသနာရေးနှင့်စပ်လျဉ်းသည့်
မေတ္တာစာ ၂၂၂
သာသနာပြုစေလွှတ်ခြင်း ၃၇
သာသနာတော်ရေး ၁၁၃
သာသနာတော်ပြု ၄၅၇
သိမင်္ဂပန်းရည် ၄၉၁
သီရိပါဒခြေတော်ရာ ၅၁၇
သီရိပါဒစက်တော်ရာနှင့်
မန်းစက်တော်ရာ ၅၁၈
သီရိစ္စန္ဒရတ်နှင့်သားပေါ်စူ ၃၂၃
သီဟိုဠ်ဘာသာမှမြန်မာဘာသာသို့ ၃၁၅
သီဟိုဠ်မှ မဟာဗောဓိ ၆၇၄
သုဓမ္မရာဇာတွင် သွင်းသည့်
မေတ္တာစာ ၂၃၀
သုဓမ္မာစရပ်တော်စာတော်ပြန်ပွဲ ၃၄၂
သုရင်္ဂကမြေ ၆၈၁
သံတမန်တို့၏သံတော်ဦးတင်ချက် ၂၉၃
သက်တော်ရှည်ရန် ၈၇
သကြိုန်တော် ၃၃၀
သကြိုန်တော်ခေါ် ဂြိုဟ်နက္ခတ်
ပူဇော်ပုံ ၄၃၃
သဥ္စာလီနေရာတော် ၂၃
သစ်ခေါက်ဆိုးနှင့် ဝတ်ဖြူ ၁၅၀
သစ္စာပြုပုံ ၅၂၅
သတ္တဋ္ဌာနရုပ်တုတော် ၄၁၂
သတ္တဋ္ဌာနနှင့် ဗောဓိမဏ္ဍိုင် ၅၈၄
သဒ္ဒါကျမ်းစုများ ၁၇၃
သဒ္ဒါဆန်းအလင်္ကာကျမ်းစု ၅၂၂
သဒ္ဒါကျမ်းစု ၅၂၃
သဒ္ဒိယပဏ္ဏားနှင့် ပဏ္ဏားအပြား ၉၂
သိမ်အကြောင်းအရာမေတ္တာစာ ၁၈၃

အက္ခရာစဉ် မာတိကာ ပြီး၏။